မင်းကွန်းဋ္ဌေတောင်တောရ

ပထမ

ဖွဲ့ကျောင်းဆရာတော်ဘုရားကြီး

သည်-

အလွန်တရာနက်နဲ ခက်ခဲလှစွာသော နိဗ္ဗာန်၏အကြောင်း

ခြင်းရာကို ပါဠိ၊အဋ္ဌကထာ၊ဋီကာအဝဝတို့ဖြင့်

ကျနစွာစီရင်တော်မူအပ်သော

# ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗာနဒီပနီကျမ်း။

ရန်ကုန်မြို့။

ဇမ္ဗူ့မိတ်ဆွေပိဋကတ်ပုံနှိပ်တိုက်။

1934

331

# နိဒါန်း။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ အမျိုးကောင်းသား, အမျိုးကောင်း သမီးတို့ အလေးအမြတ် အားကိုးအားထားပြုကြသော လောကုတ္တရာတရား ကိုးပါး တို့တွင် အမြင့်မြတ်ဆုံးဖြစ်သော နိဗ္ဗာန်တရားတော်မြတ်သည် အလွန် နက်နဲ သိမ်မွေ့ထူးကဲ ခက်ခဲဆန်းကြယ်လှသော တရားတော်ဖြစ်သဖြင့် "ငင်း နိဗ္ဗာန်တရားသည် စကားသာရှိ၍ အသားထင်ရှားမရှိ။ နိဗ္ဗာန်ရောက် သူတို့လည်း ပျောက်၍ပျောက်၍ အချည်းနှီးရောက်၍ရောက်၍ ကုန်သွား လေတော့သည်သာ"ဟု လွန်စွာအဟောအပြော များကြသဖြင့် နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးအထူးကို မသိနိုင်ကြသည် ဖြစ်သောကြောင့် နိဗ္ဗာန်ကိုရလို သူများ အလွန်ရှားပါးရုံမက၊ "ယင်းသို့ အဘာဝ, တုစ္ဆ, ရိတ္တ, အဖြစ်သို့ ရောက်၍သွားသော နိဗ္ဗာန်ကို ငါတို့မလိုချင်"ဟု အတွင်ပြောကြားသော သူတို့အားလည်းကောင်း။ "နိဗ္ဗာန်ရောက်သူတို့ ရုပ်,နာမ်,ပျောက်ရုံမျှမက၊ အလုံးစုံအစဉ်သန္တာန်ပျောက်သဖြင့် ဥစ္ဆိန္နဖြစ်၍သွားလေတော့သည်"ဟု ဥစ္ဆေဒဝါဒမကင်း သို့လားသို့သား သံသယ မရှင်းနိုင်သော သူတို့အား လည်းကောင်း။ သိနားလည်စေခြင်းအကျိုး....ယင်းသို့ နိဗ္ဗာန်၏ အခြင်း အရာ, နိဗ္ဗာန်ရောက်သူတို့အခြင်းအရာကို ပြဆိုသော ပါဠိတော် အဋ္ဌ ကထာ ဋီကာ အရပ်ရပ်တို့၏ အလွန်ကွယ်ဝှက်သော အနက်အဓိပ္ပါယ် များကို ဟုတ်တိုင်းမှန်စွာ နေရာကျ ထုတ်ဖော်ပြသဖြင့် ရှုကြည့်သိမြင် ရခြင်း ပရိယတ္တိသာသနာတော်အကျိုး ...ယင်းသို့ နိဗ္ဗာန်၏ဂုဏ်, နိဗ္ဗာန် ရောက်သူတို့၏ဂုဏ်, အလုံးစုံကို အမှန်သိရသဖြင့် နိဗ္ဗာန်ရောက်အောင် အားထုတ်ခြင်း ပဋိပတ္တိ သာသနာတော်အကျိုး....ယင်းသို့ အားထုတ် သဖြင့် နိဗ္ဗာန်ရောက်သူပေါများခြင်း ပဋိဝေဓသာသနာတော်အကျိုး.... ယင်းသို့ ပရိယတ္တိသာသနာတော်, ပဋိပတ္တိသာသနာတော်, ပဋိဝေဓ သာသနာတော်အကျိုး ၃ ပါးတိုးပွါးဖြစ်ထွန်းစေခြင်းကို ရည်သန်တော်မူ၍ **ပထမ ရွှေကျင်ဆရာတော်ဘုရားကြီး**သည် အလွန်ခက်ခဲ နက်နဲသိမ်မွေ့ လှစွာသော နိဗ္ဗာန်အရာဌာန၌ နိဗ္ဗာနကထာ, နိဗ္ဗုတကထာ, နှစ်ရပ်တို့ဖြင့် ကျနစွာစီရင်ဆုံးဖြတ်အပ်သော "ဂမ္ဘီရဂမ္ဘီရမဟာနိဗ္ဗုတဒီပနီ"အမည် ရှိသောကျမ်းကို....ရန်ကုန်မြို့ အထက်လတ္တာလမ်း တိုက်နံပါတ် ၁၂၅နေ ကွယ်လွန်သူ မွေးသည့်ဘခင် ကော့အိတိတ်အလှူထား၍ အမိဖြစ်သူ ဒေါ်သင် သား သူဌေးကော့ဘကြီး သမီးမကြိုကြူးနှင့် သားသမီးတစုတို့က စာအုပ်ရေ (၅၀၀) ရိုက်နှိပ်ဝေငှလှူဒါန်းပါသည်။ ။

နတ်လူ သာဓု သာဓု ခေါ်စေသော်။

# ဂန္ထီဗျူဂန္ထီရမဟာနိဗ္ဗုတဒီပနီကျမ်း။


| မာတိကာ | မျက်နှာနံပါတ် |
|---|---|
| ၁-ပဏ္ဏာသကဏ္ဍ .... .... .... .... | ၁ |
| ၂-သင်္ခေပကဏ္ဍ .... .... .... .... | ၃၁ |
| ၃-ဝိတ္ထာရကဏ္ဍ-နိဗ္ဗာနကထာ .... .... .... | ၇၇ |
| ၄-ဝိတ္ထာရကဏ္ဍ-နိဗ္ဗုတိကထာ .... .... .... | ၂၂၇ |
| ၅-ကောက်နုတ်ချက် .... .... .... .... | ၃၀၅ |
| ၆-မေတ္တာ-အာသိသ .... .... .... .... | ၃၂၃ |
| ၇-နိဂုမ်း-သုတောင်းခန်း .... .... .... | ၃၂၇ |
| ၈-ကိုးကားသောကျမ်းများ .... .... .... | ၃၄၇ |

စိရံ တိဋ္ဌတု သဒ္ဓမ္မော

ZABU MEIT SWE PRESS

# ဂမ္ဘီရဂမ္ဘီရမဟာနိဗ္ဗာဒီပနီကျမ်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမကဏ္ဍ-ပထမတွဲ။

(၁) နမတ္ထု မေ ဂမ္ဘီရဂမ္ဘီရဉာဏာသ၊
ပူဇတ္ထု မေ ဂမ္ဘီရ ဂမ္ဘီရဓမ္မသ။
ဇယတ္ထု မေ အန္တရာယာန္တရာယသ၊
ပူရတ္ထု မေ ဣစ္ဆိတာဣစ္ဆိတသ၊ ။

(၁) ဂမ္ဘီရဂမ္ဘီရဉာဏာသ၊ နက်နဲသောတရား၊ နက်နဲသည်ထက်, နက်နဲသောတရားဟူသမျှကို တစမချန်သယမ္ဘူဉာဏ်ဖြင့် အမှန်သိတော်မူတတ်ထသော။ဝါ၊ နက်နဲသောနိဗ္ဗာန်၊ နက်နဲသည်ထက်, နက်နဲသောပရိနိဗ္ဗုတပုဂ္ဂိုလ်တို့ကိုသိတော်မူတတ်ထသော၊ဝါ၊ နက်နဲသောဉာဏ်၊ နက်နဲသည်ထက်, နက်နဲသောဉာဏ် ရှိတော်မူထသော။ဝါ၊ နက်နဲသောတရားဟူသမျှကိုနက်နက်ကြီးသိတော်မူပေထသော။ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ (ထည့်)။မေ၊ ဂမ္ဘီရ ဖြစ်သောနိဗ္ဗာန်၊ ဂမ္ဘီရဂမ္ဘီရဖြစ်သော ပရိနိဗ္ဗုတပုဂ္ဂိုလ်အရှာကို၊ဆိုဆုံးဖြတ်လတ္တံ့ သောအကျွန်ုပ်၏။ နမော၊ ရိုသေမြတ်နိုး ဦးနှိမ်ကြိုး၍ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေသတည်း။ ။ဂမ္ဘီရ

ဂန္ဓိရဝမ္မသာ၊ နက်နဲသောလောကုတ္တရာတရားရှစ်ပါး၊ နက်နဲသည်ထက်, နက်နဲသောနိဗ္ဗာန်တရားတော်မြတ်အား။ဝါ၊ နက်နဲသော နိဗ္ဗာန်သခင်၊နက်နဲသည်ထက်,နက်နဲသောပရိနိဗ္ဗုတအသျှင်များအား။မေ၊နက်နဲသောနိဗ္ဗာန်၊အလွန်နက်နဲသော ပရိနိဗ္ဗုတအသျှင်များတို့၏သဘောခြင်းရာကို၊ဆိုဆုံးဖြတ်လတ္တံ့သောအကျွန်ုပ်၏။ ပူဇာ၊ရိုသေကော်ရော်၊ ပူဇော်ခြင်းသည်။အထွတ်၊ ဖြစ်ပါစေသတည်း။ ။မေ၊အလွန်နက်နဲသောဉာဏ်ရှိတော်မူသောဘုရား,၊ အလွန်နက်နဲသောတရားတော်များတို့ကို ရှိခိုးပူဇော်ရသော အကျွန်ုပ်၏။ အန္တရာယာန္တရာယသာ၊ အန္တရာယ် အန္တရာယ်ဟူသမျှကို။ဝါ၊ကျမ်းမပြီးအောင်ပူလောင်နှောင့်ယှက်တတ်သော အန္တရာယ်ကြီးငယ် အသွယ်သွယ်ကို။ဇယော၊အောင်ရခြင်းသည်။အထွတ်၊ ဖြစ်ပါစေသတည်း။ ။အဿမေ၊ ထိုပူဇော် ထိုက်သော အရာဌာနကို ပူဇော်ရသဖြင့်၊ အောင်သင့်သော အန္တရာယ် ဟူသမျှကို အောင်ရပြီးသော အကျွန်ုပ်အား။ ဣစ္ဆိတာ ဣစ္ဆိတသာ၊အလိုရှိအပ်တောင့်တအပ်သော လောကီအကျိုး၊ အလိုရှိအပ်သည်ထက်အလိုရှိအပ်သော လောကုတ္တရာတရားအကျိုးဖြင့်။ဝါ၊ အလိုရှိအပ်သောကျမ်းပြီးခြင်းအကျိုး၊အလွန်အလိုရှိအပ်သော နိဗ္ဗာန်ရောက်ခြင်း ပရိနိဗ္ဗုတပုဂ္ဂိုလ်ဖြစ်ရခြင်း အကျိုးဖြင့်။ပူရော၊ ပြည့်ဖြိုးပြည့်စုံခြင်းသည်။ အထွတ်၊ကောင်းကောင်းကြီးဖြစ်ပါစေသတည်း။ ။

## (အာသီသပဏာမ။)

ယခုအခါဇမ္ဗူဒိပ်ကျွန်းအလုံး၌လူရော သျှင်ပါ၊ဂန္ထန္တရ အတန်အရာရှိသောပုဂ္ဂိုလ်တို့နှင့်တကွ။နိဗ္ဗာန အရာ, နိဗ္ဗုတအရာ,နှစ်ပါးတို့၌ လွန်စွာတွေဝေကြသဖြင့်။ နိဗ္ဗာန်, ဟူသည်၊စကားသာရှိ၍ အသားထင်ရှားမရှိ။ နိဗ္ဗာန်ရောက်သူတို့လည်းပျောက်၍,ပျောက်၍, အချည်းနှီးရောက်၍,ရောက်၍,ကုန်သွားလေတော့သည်သာဟု။လွန်စွာ အပြောအဟောများကြသဖြင့်။ နိဗ္ဗာန်၏ဂုဏ်ကျေးဇူးကိုအထူးမသိနိုင်ကြသည်ဖြစ်၍၊ နိဗ္ဗာန်ကိုမြန်မြန်ကြီးရလိုသူလူများ,အလွန်ရှားပါးရုံမျှမက။ယင်းသို့အဘာဝ, တုစ္ဆ,ရိတ္တ,အဖြစ်သို့ရောက်၍ သွားကြရသောနိဗ္ဗာန်ကို၊ငါတို့မလိုချင်ဟု၊ အတွင်ပြောကြားသော လူအချို့ တို့အားလည်းကောင်း၊ နိဗ္ဗာန်ရောက်သူတို့- ရုပ်,နာမ်, ပျောက်ရုံမျှမက။ အလုံးစုံအစဉ်သန္တာန် ပျောက်သဖြင့်၊ဥစ္ဆိန္န,ဖြစ်၍ သွားလေတော့သည်ဟု၊ဥစ္ဆေဒဝါဒ,မကင်း၊ သို့လားသို့လား သံသယမရှင်းနိုင်

သူတို့အားလည်းကောင်း။ သနား ချီးမြှောက်ခြင်းအကျိုး။ ယင်းသို့နိဗ္ဗာန် အခြင်းအရာ, နိဗ္ဗာန်ရောက်သူတို့ အခြင်းအရာ,ကို ပြဆိုသော"ပါဠိအဋ္ဌကထာဋီကာတို့၏အလွန်ကွယ်ဝှက်သော အနက်အဓိပ္ပါယ်များကို"ဟုတ်တိုင်းမှန်စွာနေရာတကျ ထုတ်ဘော်ပြရသဖြင့်။ ပရိယတ္တိသာသနာတော်အကျိုး။ယင်းသို့နိဗ္ဗာန်၏ဂုဏ် နိဗ္ဗာန်ရောက်သူတို့၏ဂုဏ် အလုံးစုံကိုအမှန်သိရသဖြင့်။နိဗ္ဗာန်ရောက်အောင်အားထုတ်ကြခြင်း၊ပဋိပတ္တိသာသနာတော်အကျိုး။ ယင်းသို့အားထုတ်သဖြင့် နိဗ္ဗာန်ရောက်သူပေါ်များခြင်း ပဋိဝေဓသာသနာတော်အကျိုး၄၊။ အလွန်နက်နဲသောနိဗ္ဗာန်, အလွန်နက်နဲသည်ထက်နက်နဲသောပရိနိဗ္ဗုတ,နှစ်ပါးတို့ကို။ ဆိုသုံးဖြတ်ရာဖြစ်သောကြောင့်။ "ဂမ္ဘီရဂမ္ဘီရမဟာနိဗ္ဗုတဒီပနီ" အမည်ရှိသောကျမ်းကို ညွှန်းပြလိုရာ။ ယင်းနိဗ္ဗာန,နိဗ္ဗုတပုဂ္ဂလ,တို့၏၊ဂမ္ဘီရ, အနုတ္တရိယ,အဗ္ဘုတဓမ္မ,ဂုဏဝိသေသ,တို့ကို။ယထာဘူတသဘာဝ,အားဖြင့်ယောမနာပြု၍ပူဇော်ခြင်းပဏာမဝိသေသ, ကိုပြုပြန်ခြင်း၄၊။ဂမ္ဘီရံဂမ္ဘီရံစသော ဂါထာတို့ကို မြွက်ဆိုအပ်သတည်း။ ၎င်းပဏာမ ဂါထာတို့ဖြင့်လည်း။ နိဗ္ဗာန်၏ လက္ခဏာ,နိဗ္ဗာန်ရောက်သူပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ အခြင်းအရာ,ကို လိုရင်း ကျမ်းစာကိုယ်သို့မရောက်မီကပင် အသင့်အလျော် နားလည်နိုင်ကြ ကုန်လတ္တံ့။ ။

သေယျထိဒံ။

(၂) ဂမ္ဘီရံဂမ္ဘီရံဌာနံ၊ဂမ္ဘီရံဂမ္ဘီရံဌာနံ။
ဂမ္ဘီရံဂမ္ဘီရံဌာနံ၊ဂမ္ဘီရံဂမ္ဘီရံဌာနံ။ ။

(ကဗျာဒသမည်သော သဒ္ဒါတအလင်္ကာရ ကျမ်းကြီးမှ လာသော။ အထပ်ထပ် ရွတ်ဆို အပ်သောကြောင့်။ "အာဝုတ္တိ အလင်္ကာရ"လည်း မည်သော။အစုံအစုံရွတ်ဆိုအပ်သောကြောင့်။ "ယမကာလင်္ကာရ"လည်း မည်သော။ တဂါထာလုံး တပုံတည်း ပထမပါဒနှင့်တူစွာသုံးကြိမ်ထပ်၍ ရွတ်ဆို အပ်သောကြောင့်။ "တိပါဒါဘာသ"ဟူ၍လည်း အမည်ရသော။ လေးပါဒလုံးယဂိုဏ်းချည်းဖုံးသောကြောင့်။"ဝတ္တဂါထာ"လည်းမည်သော။ အလွန်ထူးဆန်းသော"ကာရိယအာဒေသ"တို့ဖြင့်ပြီးစေအပ်သောကြောင့်။ "ဖရုသာပဟေဠိအလင်္ကာရ"လည်း မည်သော။လျှို့ဝှက်သော ပုဒ်အနက်တို့ဖြင့် ပြွမ်းသောကြောင့်။"ပဒတ္ထဂူဠ္ဍာလင်္ကာရ" စသည်လည်းမည်သော ဂါထာ)။ ။

(၂) အနက်ကား။ ။ဂန္ထိရံဂန္ထိရံ၊လွန်စွာနက်သော။ဝါ၊နက်သည်ဖြစ်၍။ ။(ပေါတုမန္တပိသေသာန)။ ။အဌာနံ၊ကဝိလူသာမန်တို့၏ အရာမဟုတ်သော။ ။(သမ္ဗန်ကိုဗှက်သောကြောင့်။ ဂုဋ္ဌာလင်္ကာရ ခြောက်ပါးတို့တွင်။ သမ္ဗန္ဓဂုဋ္ဌာလင်္ကာရ)။ ။ဂန္ထိရံဂန္ထိရံဌာနံ၊ ဂန္ထိရဂန္ထိရဌာနဟူသမျှကို။ဂန္ထိရံ၊ဉာဏ်ရှိသူတို့သာ ဖေါက်ခွဲနိုင်၏။ဝါ၊ဉာဏ်ဖြင့်သာခွဲဝေနိုင်၏။ဝါ၊ဉာဏ်ရှိသူတို့သာ ဉာဏ်ဖြင့်သာဝေဘန်နိုင်၏။ အဌာနံ၊ ကြီးကဲလွန်မင်းသောအရာဌာနဟူသမျှသည်။ အဌာနံ၊ သေးသိမ်သောသူတို့အရာမဟုတ်နိုင်။ ။ဂန္ထိရံ၊နက်နဲသောဉာဏ်ရှိသူတို့ ခွဲဝေ၍ ထားခဲ့အပ်သော။ ဝါ၊ထားအပ်သောကြောင့်။ ဂန္ထိရံဂန္ထိရံဌာနံ၊ လွန်စွာ နက်နဲသောအရာဟူသမျှကို။အဂန္ထိရံ၊ ဉာဏ်မရှိသူဉာဏ်နည်းသူတို့မဖေါက်ခွဲနိုင်။ ဂန္ထိရံ၊ ကြီးကျယ်သောဉာဏ်ရှိသူတို့သာဖေါက်ခွဲနိုင်၏။ ။

(ဂံဝုစ္စတိဉာဏံ၊တမေတေသံအတ္ထီတိဂါ။တေဟေဝဘိန္ဒိတဗ္ဗံ၊နာညေဟိတိဂန္ထိရံ။ဂေနဝါဉာဏေနဘိန္ဒိတဗ္ဗံ။ ဂေဟိယေဝဝါ ဂေနေဝဘိန္ဒိတဗ္ဗန္တိ ဂန္ထိရံ။ ။ပဌမ, ဆဌဂန္ထိရ,ဘို့ ဝစနတ္ထ။ ။ဒုတိယဂန္ထိရံဌာနံ,ကို။ ဂန္ထိရံ-အဌာနံပုဒ်ဖြတ်။ ဌ,ဗျည်းနှောင်းရာ၌ အ, ကိုချေ။ ပထမဂန္ထိရ, တစ်မှာ။အတိရေကတ္ထ။နိဂ္ဂဟိတ်လာ။ တတိယ,စတုတ္ထ,တို့မှာဝိသ္သာ။ပဌမ, ဆဌ,တို့မှာ။ ဂံသဒ္ဒုပ-ပဒ,ဘိဒိဓာတ်။ဒ,ကိုရ,ပြု။ ။"ဉာဏ်ရှိသူတို့သာ၊ ဉာဏ်ဖြင့်သာ၊ဉာဏ်ရှိသူတို့ဉာဏ်ဖြင့်သာ"။ ဤသို့တချက်တည်း၌ အနက်များစွာထွက်သောကြောင့်။အဓိကိဿရဝစနေ,ကဲ့သို့ပဒိပ,နည်း။ အဌာနံ၊ ကြီးကဲလွန်မင်းသော၊အရာဌာနဟူရာ၌။အ,ကားဝုဒ္ဓတ္ထ။အဌာနံ၊ သေးသိမ်သောသူတို့အရာမဟုတ်ဟူရာ၌။အ,ကားအပ္ပကတ္ထနှင့်တကွ ပဋိသေဓတ္ထ နှစ်ချက်ထွက်ရကား။ တန္တနည်း၊ နောက်ဆုံးဂန္ထိရံ,၌။ ဝိဓ္ဓတ္ထတချက်။ အဂန္ထိရံအဂန္ထိရံ,ဟု ပုဒ်ဖြတ်ပြန်၍ နှစ်ချက်။ ဤသို့ဂန္ထိရ နှစ်ချက်ကို လေးချက်ရအောင် ထားအပ်သော၊ ဘိန္နာဘိန္နပဒတ္ထသိလေသနည်း။ ။ ဤဂါထာဖြင့် အတုလဂန္ထိရဉာဏ်တော်သခင် ဘုရားသျှင် ဟောကြားထားတော်မူခဲ့သော ဂန္ထိရဖြစ်သောနိဗ္ဗုတိ။ ထိုနိဗ္ဗုတိသို့ ရောက်သောပုဂ္ဂိုလ်တို့၏ဖြစ်ပုံ အခြင်းအရာကို ပညာရှိသာမန်တို့ မဝေဘန်နိုင်ဟူသော အနက်ကိုပြသတည်း။ ထိုသို့ပြသဖြင့်လည်း။ အထက်၌၊ နိဗ္ဗုတိ,နိဗ္ဗုတ, နှစ်ပါးတို့၏အခြင်းအရာများကို ရေးသား ဆုံးဖြတ်လိုသည်ဖြစ်၍၊ မဆုံးဖြတ်မီ ရှေးအဘို့၌။ဂန္ထာရမ္ဘသုံးမျိုးတို့တွင်။ဝတ္ထုပုဗ္ဗက, ထောမနာပုဗ္ဗက

ဂန္ထာဝရမ္ဘအကျိုးငှါ။ နိဗ္ဗုတိဌာန,နိဗ္ဗုတပုဂ္ဂလ,တို့၏အတိဂန္တိရ,ဂုဏ်ကို နေယျတ္ထအားဖြင့် ထောမနာပြုအပ်သတည်း။ ။ဂန္တိဿ။ ဂန္တိရဘာဝဟု သဒ္ဒတ္ထမုတ္တာဝဋ္ဋိ ကျမ်းလာသည် အတိုင်း ဂန္တိရ,ဟု ဤကာရန္တနှင့် လိုသော်လည်း ယမကာလင်္ကာရ,အကျိုး၊ ဝဏ္ဏဂါထာဆန္ဒာနုရက္ခနအကျိုး ငှါ။ဂန္တိရံ,ဟု ဧကာရန္တဖြင့်ဆိုသတည်း)။ ။

(၃) ဇာတံဇာတဥ္စိအဘူတံ၊ ဘူတံဘူတမ္ပိနောကတံ။
ကတံကတံပျသင်္ခါတံ၊ သင်္ခတံသင်္ခတံခတံ။ ။

(ဤဂါထာကား လေးပါဒလုံး- အစအစ၌ယမက,ဖြစ်၍၊ စတုပ္ပဒအာဒိ ယမက,လည်းမည်သော။ ဝဏ္ဏာဘပါးမခြားဘဲ၊ ယမက,ဖြစ်သောကြောင့်၊ အဗျဝဟိတယမက,လည်းမည်သော။လေးပါဒလုံး ယမကချင်းမတူ၊ တပုံစီ သွားသောကြောင့်၊အနေကရူပယမက,လည်းမည်သော။ ရှေ့ပါဒအဆုံးနှင့် နောက်ပါဒအစတို့၏ ထပ်ခါထပ်ခါ ဆက်၍ဆက်၍ သွားသဖြင့်၊ သန္ဒဋ္ဌ အလင်္ကာရ,ဟူ၍၊ ဒဏ္ဍီကျမ်းကြီး၌၊ မိန့်ဆိုအပ်သော။ မြန်မာဘာသာအား ဖြင့်၊ မြင်းဇက်ခွအမည်ရသော။ အလွန်လျှို့ဝှက်နက်နဲသောပဒတ္ထရှိသည် ဖြစ်၍၊ အတ္ထဂုဠှာလင်္ကာရ,လည်းမည်သော။ ယ၊ဇ၊ယ၊ဇ၊ ဂိုဏ်းတို့ဖြင့် မှတ်အပ်သောကြောင့်၊ပထျာ,လည်းမည်သော။ နိဗ္ဗာန်၏ဂုဏ်ကျေးဇူးကို ချီးမွမ်းသောအရာဟု၊ထင်ရှားသိသာလောက်သော ပုဒ်ဝါကျမပါဘဲလျက်၊ နိဗ္ဗာန်အရာကိုရည်၍ ဝှက်ဆိုအပ်သောကြောင့်၊ ပုဒ်အနက် ရှေ့အစွန်း နောက်အစွန်းနှစ်ပါးစုံအားဖြင့် ကွယ်ဝှက်သည်ဖြစ်၍၊ ဥဘယန္တနိဂူဠ္ဟပဟေ ဠိ,မည်သောဂါထာတည်း)။ ။

(၃) အနက်ကား။ ။အဇာတံပိ၊မဖြစ်ပါလျက်လည်း။ ဇာတံ၊ဖြစ်၍ နေထသော။ ဇာတမ္ပိ၊ ဖြစ်ပါလျက်လည်း။ အဇာတံ၊ ဖြစ်သည် မမည် ထသော။ ။(သဘောအားဖြင့်သာဖြစ်၍။ ဥပါဒ်အားဖြင့် မဖြစ်သည်ကို ရည်သည်)။ ။ဇာတံဇာတံ၊ပကတိဖြစ်ဖြစ်သမျှဇာတဝတ္ထုရားမျိုးတို့ထက်၊ လွန်စွာထူးထူးခြားခြားဖြစ်နေထသော။ ။(ဇာတာနံဇာတနံ့ ဇာတံဇာတံ ဝစနတ္ထပြု)။ ။နိဂ္ဂဟိတ်လာ။ ။အဘူတံ၊တရံတဆစ်မဖြစ်ဘူးသေးဘဲ လျက်။ ဘူတံ၊ ခွင့်ကြီးသာသဖြင့် တခါတည်းသာဖြစ်၍ အမြဲတည်နေထ သော။ ဘူတံဘူတံပို့၊အလွန်ထင်ရှားရှိပါလျက်လည်း။ အဘူတံ၊ မထင်ရှား သကဲ့သို့။ ဘူတံ၊ ဖြစ်၍နေရကား။ အဘူတံ၊ သင်္ခတတရားတို့ဖြစ်ပုံနှင့်မတူ

အမှုကွဲပြား အထူးအားဖြင့်ဖြစ်၍နေထသော။ ။(အကာရဝိရုဒ္ဓတ္တ။ ။ အဘူတံ၊ဥပါဒ်အားဖြင့်ဖြစ်ခြင်းမှကင်းထသော။ ဝိရဟတ္တ။ ။ဘိန္နာဘိန္နပဒတ္တသိလေသနည်း)။ ။နောကတံပိ၊ အကြောင်းတရားတို့ ပြုပြင်နိုင်စကောင်းသည့်အရာမဟုတ်သော်လည်း။ နောအကတံ၊ အကြောင်းတရားတို့သည်မပြုပြင်အပ်ဘဲ အလိုလိုဖြစ်လာသည့်လည်းမဟုတ်ထသော။ ။(ဘိန္နာဘိန္နပဒတ္တသိလေသနည်း)။ ။ကတံပိ၊အကြောင်းတရားတို့ ပြုပြင်အပ်သည်ပင်ဖြစ်ပါသော်လည်း။အကတံ၊ပြုအပ်ရာမရောက်ထသော။ ။(အ,ကား ပဋိသေဓတ္တ)။ ။ဝါ။ပကတိပြုပြင်အပ်သော တရားတို့ထက်လွန်လွန်ကဲကဲပြုနိုင်မှုသာဖြစ်ပေါ်လာနိုင်ထသော။ ။(အကာရဝုဍ္ဎတ္တ)။ ။အသင်္ခါတံ- အသင်္ခတံ၊ ဟေတုပစ္စယ၊ အကြောင်းဝေး အကြောင်းနီးဟူသမျှတို့သည်၊ တကွရောက်၍ မပြုပြင်နိုင်ထသော။ သင်္ခတံ-သင်္ခတံ၊ သင်္ခတမှန် ဒုက္ခရှိသည်၊ ရုပ်နာမ်ခန္ဓာဟူသမျှကို။ ခတံ၊ တူးဖြိုဖျက်ဆီးနိုင်သော တရားထူးတရားမြတ်ဖြစ်ထသော။အသင်္ခတံ၊သင်္ခတတရားတို့ထက်ကြီးကဲလွှမ်းမိုးဖြစ်၍နေထသော။ တံအသင်္ခတံ၊ ထိုအသင်္ခတဓာတ် ကိုယ်တော်မြတ်ကို။အသင်္ခတံ၊ဘယ်သူတစုံတယောက်မပြုပြင်နိုင်။ ။

(သင်္ခတံ၌။ပကတိသင်္ခတအတိုင်းတချက်။အသင်္ခတံပုဒ်ဖြတ်၍တချက်၊ တံအသင်္ခတံဟုတချက်။ အသင်္ခတံဟုတချက်အားဖြင့် လေးချက်ရ-ထားအပ်သော ဘိန္နာဘိန္နပဒတ္တသိလေသာလင်္ကာရနည်းတည်း။ ။ဤဂါထာကား။ ။အတ္ထိဘိက္ခဝေအဇာတံအဘူတံ,စသည်ဖြင့် အထက်၌ထုတ်ဆိုလတ္တံ့သော ဥဒါန်းပါဠိတော်ကိုမှီးသည်။ ။ဤဂါထာဖြင့်လည်း။ နိဗ္ဗုတိဂုဏ်ကို ဝိသေသထောမနာပြုအပ်သတည်း။ ။ဤအနက်တို့၏အထောက်သာဓကတို့ကား။အထက်လိုရင်းရောက်သည့်အခါလာလတ္တံ့)။ ။

(၄) အစ္ဆရံဝတနိဗ္ဗုတော၊ ဒွိဂုဏံပိအနာဘဝံ။
နာမေဒိနီ အနာနာပံ၊ နာတေဇနီအနာဝတံ။

(၅) အနာကာသံနဥ္စါနဥ္စံ၊ နာကိဥ္စညံပိနေဘဝံ။
" နာသညံအပတိဋ္ဌမ္ပိ၊ တံတိဋ္ဌာနံသုတိဋ္ဌနံ။

(၆) နိဗ္ဗုတော၊ ဒိုဘေးတကာရှင်း၊ ရန်တကာကင်းရသောအသျှင်နိဗ္ဗာန်။ဝတ-တဝ၊ အသျှင်နိဗ္ဗာန်၏။ ရံဝ-ဝရံ၊ မြတ်လှစွာသော။ ရံ-ရံသိ၊ အရောင်တော်သည်ကား။ အစ္ဆရံဝတ၊ အံ့ဩဘွယ်ကြီးပါတကား၊ ဘဝံ၊

အသျှင်နိဗ္ဗာန်သည်။ ဒွိဂုန္နံပိ၊ ရောင်ပေါင်းရှက်စပ်၊ ဂုနှစ်ရပ်တို့၏လည်း။ ဝါ၊ ဉဏ္ဍဂု,သိတဂု,နှစ်ပါးတို့၏လည်း။ အနာဘာဝံ၊အရောင်ရှိသည်မဟုတ်ပါဘဲလျက်။ ။(အကာရပဋိသေဓတ္ထ)။ ။အနာဘာဝံ၊အရောင်ရှိသည်နှင့်တူ၍ နေတော်မူ၏။ ။(အကာရ သဒိသတ္ထ)။ ။ဝါ၊နေရောင်,လရောင်ရှိသည်ထက်ပင် ဝင်းဝင်းပြောင်၍နေ၏။ ။(အကာရဝုဒ္ဓတ္ထ။ ။ပိုးမြည်မြူးရောင်သည့် နေရောင် လရောင်တွင်း၌ မဝင်မသန်းနိုင်သကဲ့သို့၊ နေရောင်လရောင်တို့ သည်လည်း၊ အသျှင်နိဗ္ဗာန်ရောင်တွင်း၌ မဝင်မသန်းနိုင်ပေဟူလို။ ။ဒွေဂါဝေါရံသိ ဇောတသန္တံ ဒွိဂု။ ။နေ၌ပူရောင်,လ၌ဇရောင်,ရှိသည်ကိုရည်သတည်း။ ဒွိတိပဏ္ဍာဘိကာ္ဓ,ကဲ့သို့။ ပဌွေက ယထာရုပနည်း။ ။အနာဘာဝံ,အနက်နှစ်နည်းတွင်၊ရှေ့နည်း၌ အကာရမှာသဒိသတ္ထ။ နောက်နည်း၌ဝုဒ္ဓတ္ထ။ ။သိလေသနည်း။ ။သိလေသနည်းဟူသော်ကား၊ အနက်များစွာဆက်ဆံသောပုဒ်၌ အနက်တခုကို ထုတ်ဆိုခိုက်၊ အနက်တခုစေးကပ်၍လိုက်သည်ကိုပြသောနည်းတည်း။ ။အလင်္ကာဒီကာသစ်။ ။အဋ္ဌော ရံ ဝတ,၌၊ဝတ,ကို၊တဝ။ရံ ဝ,ကို၊ဝရံ,ဟုပြန်သည်မှာ။ပဋိလောမက္ခရနည်း။ ။ရံ,ကို ရံသိ,ဖွင့်သည်မှာ၊အာဒိသင်္ကေတ,နည်းဘည်း။ ။ဝဇိရဋ္ဌသင်္ဂဟကျမ်းလာ။ ။၎င်းအဋ္ဌော ရံ ဝတပုဒ်တခုထဲ၌။တဝ၊ဝရံ၊ရံသိ အဋ္ဌော ရံ ဝတဟု။အစိတ်အပေါင်းပုဒ်များစွာရအောင်ထားရကားဘိန္နသတ္တိသမဝေတနည်း။ ။အာဘာဇောတသအတ္ထိတိအာဘာဝံ။ နအာဘာဝံအနာဘာဝံ။ဝစနတ္ထပြု)။ ။နိဗ္ဗုတော၊ဒိုဘေးကိုကြောက်တတ်လှသူ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏၊ ပုန်းအောင်းခိုနေရာ ဖြစ်သော နိဗ္ဗာန်ပြည်တော်မြတ်။ ဘဝံ၊ အသျှင်နိဗ္ဗာန်ပြည်တော်မြတ်သည်။ အမေဒိနီ၊ပြည်ရွာတပါး၊ မြို့တခြားတို့ကဲ့သို့၊မြေလည်းမဟုတ် မြေလည်းမရှိပါဘဲလျက်။ အမေဒိနီ၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ တည်ရာဌာနဖြစ်သဖြင့်၊ မြေ မြေရှိသည်ထက်ပင်၊ ကြီးကဲလွန်မင်းစွာတည်ရာဖြစ်၍ နေတော်မူ၏။ အနာနာပံ၊ ရေလည်းမဟုတ် ရေလည်းမရှိပါဘဲလျက်ပင်။ အနာနာပံ၊ တဆယ့်တသိန်း မီးအပေါင်းတို့ကိုတပေါင်းတည်း ငြိမ်းဇေစေနိုင်သည်ဖြစ်၍၊ ရေမဟုတ်ရေမရှိသည်လည်းမမည်။နာတေဇနီ၊မီးလည်းမဟုတ်မီးလည်းမရှိပါဘဲလျက်။ နာတေဇနီ၊တရာ့ရှစ်ပြာရေတဏှာကို လွန်စွာကုန်ခန်းစေနိုင်သဖြင့် မီးမဟုတ်မီးမရှိသည်လည်းမမည်။ အနာဝတံ-အနာဝါတံ၊ အခြားသော ဘုံတည်ရာအရပ်များကဲ့သို့လေပင်မရှိသော်လည်း။ အနာဝတံ- အနာဝါတဲ၊ ခန္ဓာအိမ်ပေါင်း

ကိလေသာ သစ်ပင်ရောင်းတို့ကို တပေါင်းတည်းပျက်အောင် တိုက်ဖျက်နိုင်သည်ဖြစ်၍လေမရှိသည်လည်းမမည်။ ။

(နမေဒိနီအမေဒိနီ။နတ္ထိမေဒိနီတေသာတိအမေဒိနီ၊ အမေဒိနီစအမေဒိနီစာတိအမေဒိနီ။ ။ကေသေသနည်း။ ။ရှေ့အမေဒိနီတို့။ ။မေဒိနီတေသာ အတ္ထိတိမေဒိနီ၊ မေဒိနီတောဝုဇုတရံအမေဒိနီ။ ။နောက်တို့။ ။နအာပေါ အနာပေါ။နတ္ထိအာပေါတေသာတိအနာပေါ။အနာပေါစအနာပေါစအနာပေါ။ အနာပေါယောဝအနာနာပေါ။တံအနာနာပံ။ ။ရှေ့အနာနာပတို့။ ။နအနာပေါ အနာနာပေါ။ ။နောက်တို့။ ။ရှေ့အနာနာပဝယ်၊အကာရတဗ္ဗာဝတ္တာ။နောက် အနာနာပဝယ်။ အကာရပဒိုသေဝတ္တာ။ ၎င်းအနာနာပံတပုဒ်တည်းလျှက်။ နှစ်ချက်ထပ်၍ အနက်နှစ်မျိုး တခါကျတည်းပေးရာ၌။ ဘိန္နသတ္တိသမဝေတနည်း။ ။နာတေဇနီ့၏အနက်နှစ်ချက်တွင်လည်း။မီးမဟုတ်ဟူရာ၌။တေဇနိယောဝအတေဇနီ၊နအတေဇနီနာတေဇနီ။ ။မီးမရှိဟူရာ၌။တေဇနိယောဝ အတေဇနီ။နအတေဇနီအသာတိနာတေဇနီ။ ။မီးလည်းမဟုတ်မီးလည်း မရှိဟူရာ၌။ကေသိသ်။ ။အနဝဇ္ဇအနမတဂ္ဂ, ပုဒ်တို့ဝယ်။ အဝဇ္ဇအမတ, ဟူသောနောက်ပုဒ်တို့ကဲ့သို့။ နာတေဇနီ, ပုဒ်ဝယ်။ အတေဇနီ, ဟူသော နောက်ပုဒ်၌။အအကၡရာမှာတဗ္ဗာဝတ္တာ။ ။ရှေ့နည်းတို့။ ။နောက်နည်း၌ကား။ အကာရပဒိုသေဝတ္တာ။နာတေဇနီတချက်တည်းလျှက်။ နှစ်ချက်ရသည်ကား။ ဘိန္နသတ္တိ။ ။အနာဝါတံ,ပုဒ်အနက်နှစ်ချက်တွင်လည်း။ရှေ့အနက်၌အဝါတ, ဝယ်။အကာရ,ကား။ တဗ္ဗော။ နောက်၌ပဒိုသေ)။ ။

(၅) နိဗ္ဗုတော၊အိုမြေခါတ်ရေခါတ်။ ခါတ်လေးရပ်မရှိပါဘဲလျှက်၊ခါတ်လေးရပ်ရှိသည်ထက်ပင်၊ ပရိနိဗ္ဗုတအသျှင်တို့၏၊စင်စစ်ပုန်းအောင်းရာဖြစ်တော်မူပေသော၊နိဗ္ဗာန်သာခေါင်ဘေးမဲ့တောင်။ဘဝံ၊အသျှင်နိဗ္ဗာန်သာခေါင် ဘေးမဲ့တောင်တော်မြတ်သည်။အနာကာသံ၊ အခြားသောဘုံတည်ရာဌာန ပဗ္ဗတများကဲ့သို့ ကောင်းကင်လည်းမဟုတ်၊ ကောင်းကင်လည်း မရှိပါဘဲ လျှက်။အနာကာသံ၊အဘယ်တပိုးတစိဘေးမထိနိုင်ရာဖြစ်၍။အဇဋာကာသ, ကောင်းကင်ဝနှင့်အတူဖြစ်တော်မူပေ၏။ ။(ရှေ့၌အ,ကာရ,ကားပဒိုသေ ဝတ္တာ။ နောက်၌သဒိသတ္ထ)။ ။နိဗ္ဗုတော၊ အိုမြေ,ရေ,လေ,မီး,လည်းမထင်၊ မိုးကောင်းကင်လည်း မဟုတ်ပါဘဲလျှက်၊ ဘေးကို ကြောက်တတ်လှသူ ပုဂ္ဂိုလ်ဖြူတို့၏စင်စစ်ပျော်စံနေရာဖြစ်တော်မူသော၊ နိဗ္ဗာန်ရွှေနန်းအံ့မခန်း။ တဝံ၊အလွန်ထူးဆန်းအံ့မခန်းသည့်၊ အသျှင်နိဗ္ဗာန်ရွှေမြို့နန်းသည်။ နဒွါနည်၊

အာနုဒ္ဒနှစ်ရပ်၊ ဘုံနှစ်ထပ်လည်းမဟုတ်ပါဘဲလျက်။ ဒွါနုဒ္ဒံ၊ အခြားသေးသောဘုံ
တည်ရာများကဲ့သို့၊ နှစ်ပါးသောအဘိုတို့ဖြင့် အဆုံးမထင်ဖြစ်၍ နေတော်မူ
ပေ၏။ ။(ဥပါဒိဘင်အစွန်းမရှိသည်ကိုယူ၊ ။နဒွါနုဒ္ဒံ့,ပုဒ်တရတည်း၌ နဒွါနုဒ္ဒံ၊
ဒွါနုဒ္ဒံ့,ဟုနှစ်ချက်ထားရသည်ကား။ ဘိန္နသဒ္ဒိသမဝေတာ၊ ။ဒွေအာနုဒ္ဒါနိ
ဒွါနုဒ္ဒံ။ ။ဓွေဘို။ ။နတ္ထိအန္တော ဧတေသာတိအနန္တံ။ဒွိဟိအနန္တံဒွါနန္တံ၊ဒွါနန္တ
မေဝဒွါနုဒ္ဒံ။ဏျပစ္စယော။သွဋ္ဌော။ ။နောက်ဘို)။ ။နိဗ္ဗုတော၊ဒိုအခြား
သောဘုံမြို့ရွာများကဲ့သို့ ခေတ်လေးပါးလည်းမထင်၊ မိုးကောင်းကင်လည်း
မဟုတ်ရ၊ အာနုဒ္ဒဘုံနှစ်မျိုးမှလည်း အလွတ်ဖြစ်လျက်၊ ဝေနေယျတို့၏
ပုန်းအောင်းခိုနေရာမဟုတ်သည်မဟုတ်သော နိဗ္ဗာန်ပြည်ကျော်အစမထင်
ဆုံးမမြင်သည့်ရွှေမြို့တော်။ တုဝံ၊ အသျှင်နိဗ္ဗာန်ပြည်သိမ်းမြို့တော်ကြီးသည်။
နာကိဉ္စည့်၊အာကိဉ္စညဘုံဌာနလည်းမဟုတ်ပါဘဲလျက်။ အာကိဉ္စညံ့၊ အာ
ကိဉ္စညလည်းဖြစ်၍နေတော်မူခဲ့၏။ ။တနည်း။ ။နာကိဉ္စညံ့၊အာကိဉ္စညဘုံ
ဌာနလည်းမဟုတ်ပေသည်ဖြစ်၍။ အာကိဉ္စညံ-အာကိဉ္စနံ၊အဘယ်တပုံတရာ
သေးတွက်တာဖြင့်၊ကြောင့်ကြစရာမရှိဖြစ်တော်မူပေ၏။ ။(နာကိဉ္စညံ့ဘာပုဒ်
တည်းလျက်။နာကိဉ္စညံ့။အာကိဉ္စညံ့နှစ်ချက်ရ။ ။ဘိန္နသဒ္ဒိ)။ ။နိဗ္ဗုတော၊
ဒိုခေတ်လေးပါးရှိရာ၊ ကာမရူပဘုံဌာနတို့၌လည်းမဝင်၊ အောက်အရူပ
ဘုံခွင်တွင်လည်းမသွင်းရ၊ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့စံနေရာလည်း ဖြစ်သော
နိဗ္ဗာန်ရွှေထီး ပြည်တော်ကြီး။တုဝံ၊အသျှင်နိဗ္ဗာန်ပြည်တော်ကြီးသည်။နေတ
ရံ၊ အောက်အရူပသုံးဘုံတို့မှဘပါးသောအရူပဘုံလည်းမဟုတ်ပါဘဲလျက်။
ဝါ၊ဣတရ,လည်းမဟုတ်ပါဘဲလျက်။ဣတရံ၊ဣတရ,ဖြစ်၍နေတော်မူ၏။ ။
တနည်း။ ။နေတရံ၊နေဝသညာ,နာသညာယတန,ဘုံဌာနလည်းမဟုတ်ပါ
ဘဲလျက်၊ ဣတရံ၊ဆိုခဲ့ပြီးအပ် အချပ်ရပ်သော ဘုံတို့မှလည်းတပါးဖြစ်၍
နေတော်မူပေ၏။ ။နိဗ္ဗုတော၊ ဒိုကာမရူပအရူပတွင်၊ ဘက်မဝင်သည့်၊
အသျှင်နိဗ္ဗုတရွှေပြည်တော်မြတ်။တုဝံ၊ အသျှင်နိဗ္ဗုတပြည်တော် မြတ်သည်။
နာသညံ့၊အသညသတ္တ ဘုံဌာနလည်း မဟုတ်ပါဘဲလျက်။အသညံ့၊သညာ
ထူးထွေ နာမ်တရားလည်းမရှိပေသည်ဖြစ်၍။နာသညံ့။သေးကိုကြောက်သူ
တံကဲ့လူတို့မနှစ်သက်ရာလည်းမဟုတ်ပေ။ ။(သဒ္ဒါနိတဗ္ဗံ ဧဝံသေတဗ္ဗံ
ဌွောတိသညံ့။ နသညံ့အသညံ့၊ နအသညံ့နာသညံ့၊ ။ဝစနတ္ထပြု။ ။
နောက်အနက်ဘို။ ။ဉာဉ တ္တိမရဏော နတာသော,ဟုလာသည်ကိုရှု။ ။
ဘိန္နသဒ္ဒိ)။ ။နိဗ္ဗုတော၊ဒိုဘုံသုံးပါး၏ပြင်ဘက်ဘုံသုံးပါးကို လွှမ်း၍တက်

တော်မူသော၊နိဗ္ဗုပြည်ကြီးရွှေနန်းထီး။ဘဝံ၊အသျှင်သူမြတ်ဘုရား၊သူ့ကိုလွန်သော နိဗ္ဗုပြည်တော်မြတ်သည်။ အပတိဋ္ဌမ္ဘိ၊အခြားပြည်ရွာမြို့များစွာတို့ကဲ့သို့၊ မြေပေါ်, ရေပေါ်,ကောင်းကင်ပေါ်,၌ပင်၊ မတည် သော်လည်း။ တံတိဋ္ဌာနံ၊ နိဗ္ဗာန်ပြည်ကျော် အသျှင်မြတ်၌ ပျော်တော်မူကြကုန်သော ပရိနိဗ္ဗုတသခင် အသျှင်ကောင်းတို့၏။သုတိဋ္ဌနံ၊အဘယ်ဘေးဘျမ်း၊ဘယ်လေကြမ်းတို့၊မတိုက်လှမ်းနိုင်၊ အလွန်ခိုင်ခံ့စွာတည်နေရာဖြစ်တော်မူပေ၏။ (တံတိဋ္ဌာနံ,၌။တဒ္ဓမှသဒ္ဒါကို၊သမာသ်၏ အလယ်တွင်၊တံပြုသည်။ တံလေဏာယံလေဏာ,တို့ကဲ့သို့တည်း။ ။တယိတိဋ္ဌန္တိတိတံတိဋ္ဌာ။တေသံ။ ။ သဒ္ဒနီတိကျေစေ။ ။ဤဂါထာတို့ဖြင့် နိဗ္ဗာန်၏အတိဂန္ဓိရ, အတိဝိစိတြ, အစ္စုတဓမ္မ,ဂုဏ်ကိုပြသတည်း။ ။၎င်းဂါထာကိုလည်း။ ။အတ္ထိဘိက္ခဝေ တဒါယတနံယတ္ထနေဝပထဝီ,နအာပေါ,နတေဇော,နဝါယော,နအာကာသာနဉ္စာယတနံ, စသောအထက်၌ ထုတ်ဆောင်ရေးသားလတ္တံ့သော ဥဒါန်းပါဠိတော်ကိုမှီ၍ဆိုသတည်း။ ယင်းသို့ဆိုရသဖြင့်လည်း။ အထက်၌၎င်းပါဠိတော်တို့၏။အနက်အဓိပ္ပါယ်ကို၊ဆိုဆုံးဖြတ်သည်အခါ။သောတုဇနတို့နားလည်လွယ်စေခြင်းအကျိုးရှိသည်လည်းဖြစ်သတည်း)။

(၆) အစ္စုတံဝတ နိဗ္ဗုတော၊ ဘူတေဘူတေဝိနာသိယာ။
ဘူတေဘူတေအနုဿိန္နော၊ဘူတေဘူတေသုသောချိကော။ ။

(၇) နိဗ္ဗုတေနိဗ္ဗုတေဘူတော၊ဘူတေဘူတေဘာဝါဘဝေ။
ဘဝေဘဝေဝိနာသေန္တော၊ဝိနာသေန္တော သုသောချဒေါ။ ။

(၆) နိဗ္ဗုတော၊ ဘေးမျိုးရှောင်တိမ်း ရန်မျိုးငြိမ်းရာဖြစ်သောကြောင့်။ နိဗ္ဗုတော၊နိဗ္ဗုတိ အမည်ရသော။နိဗ္ဗုတော၊ အိုငြိမ်းဖေးခြင်းသဘောဟူသော အသျှင်နိဗ္ဗာန်။တဝံ၊အသျှင်နိဗ္ဗာန်သည်။အစ္စုတံဝတ၊ အံ့လောက်လှပေစွတကား။ဘဝံ၊အသျှင်နိဗ္ဗာန်သည်။ နိဗ္ဗုတော၊နိဗ္ဗာန်စံသွားကြကုန်သော။ ။ (နိဗ္ဗုတော၊တပုဒ်တည်းလျက်။လေးချက်ရဆိလေသနည်း။ပကတိပုဒ်ရင်းမှာ။ နိဗ္ဗုတိ,ဟုဥရသနှင့်လိုသည်။ မုတ္တာဝဋ္ဋိကျမ်း၊ အဘိဓာနဋီကာတို့ကို ရှု။ ထိုသို့ဥရသနှင့်လိုသော်လည်း။ အချို့အရာဝယ် ဆန္ဒာနုရက္ခနာ၊ အချို့အရာဝယ်ကဏ္ဍာသုခဋ္ဌဘို့။ ဥ,ဒီဃနှင့်ရွတ်)။ ။ဘူတေဘူတော၊လူနတ်ဗြဟ္မာသတ္တဝါဟူသမျှတို့ကို။ဘူတော၊ ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို။ ဝိနာသိယာ၊ ပျက်ဆီးဖြတ်တောက်အကုန်ပျောက်စေ၍။ အဘူတော၊ ဘုံသုံးပါး၌ မဖြစ်

ကုန်သော။ဘူတော၊အသျှင်မြတ်ထံဖြစ်လာကြကုန်သော။ဘူတော၊ ရဟန္တာ
အသျှင်တို့ကို။ အနုဿရန္တော၊ အလုံးစုံပြတ်၍မသွားစေဘဲလျက်။ အဘူတော၊
ရုပ်နာမ်ခန္ဓာနှင့်တကွသသတ အားဖြင့် ဖြစ်ရာမဟုတ်သော အသျှင်ထံ၌။
ဘူတော၊ အတိဂန္တိရ အပ္ပမေယျသဘောအားဖြင့် ဖြစ်လာကြကုန်သော။
အဘူတော၊ခန္ဓာငါးသွယ် ကွယ်ကြကုန်ပြီးသော။ဘူတော၊ အတိဂန္တိရအပ္ပ
မေယျနိဗ္ဗုတသဘောအားဖြင့် တကယ်ဟုတ်ဘုန်သော၊ ဘူတော၊ပရိနိဗ္ဗုတ
ရဟန္တာသခင်အသျှင်ဟူသမျှတို့ကို။ သုသောချိကော၊ လွန်စွာတချမ်းသာ
ထဲ ချမ်းသာရအောင်ရှက်ဆောင်တော်မူနိုင်ပေ၏။ ။

(၇) နိဗ္ဗုတော၊ ဘေးခပ်သိမ်းတို့၏ ကင်းငြိမ်းရာဖြစ်သော၊ နိဗ္ဗုတော၊
အိုနိဗ္ဗာန်သခင်ကျေးဇူးရှင်။ဘဝံ၊ အသျှင်မြတ်သည်။ ဘဝါဘဝေ၊ဘဝကြီး
ငယ်၌၊ဘဝါဘဝေ၊ဖြစ်သင့်ရာ၌မဖြစ်၊ မဖြစ်သင့်ရာ၌သာ ဖြစ်ရဘတ်ကုန်
သော၊ ဘူတော၊ ခန္ဓာငါးပါး ရှိကုန်သော။ ။(ဘူတမေတော သံ အဋ္ဌိတိ
ဘူဘာ)။ ။ဘူကော၊ဘုတ်ကြီးသဘွယ်အသွယ်သွယ်လိမ်လည်ဖြားယောင်း
တတ်ကုန်သော။ဘူတော၊ သတ္တဝါတို့ကို၊ဘဝေ၊ သသဘာဒိဋ္ဌိ အယူတို့ကို
လည်းကောင်း။ဝိဘဝေ၊ ဥစ္ဆေဒဒိဋ္ဌိ အယူတို့ကိုလည်းကောင်း။ ။(ဘဝေ
ဝိ၌ ဝိဘဝေပြန်။ ။ဝိပရံ တက္ခရနည်း။ ။ဝဇိရဋ္ဌ ကျမ်းလာ)။ ။
နာသသန္တော၊ဖျက်ဆီးစေလျက်။ဝိနာသေ၊သတ္တဝါတို့ကို ဖျက်ဆီးတဘ်ကုန်
သောဘေးရန်ဟူသမျှဘို့ကို၊နာသေန္တော၊ ဖျက်ဆီးတော်မူပေသည်ဖြစ်၍၊
သုသောချဒေါ၊လွန်မြတ်သော ချမ်းသာကို လွန်စွာပေးတော်မူပေတတ်၏။
(ဝိနာသေန္တော၌။ ဝိနာသေနာသေန္တောနာသေန္တော၊ သုံးချက်ရဘိန္နသတ္တိ
သမဝေတနည်း။ ။သုသောချံ ဒဒါတီတိ သုသောချဒေါ၊ ။နိဗ္ဗုတိ,ဟူသော
ဇုတ္တိလိင်,ကိုငဲ့၍၊ သုသောချိကာ သုသောချဒါ,စသည်ဖြင့်၊ ဇုတ္တိလိင်,နှင့်
ထားသင့်လျက်။ဘဏ္ဍာသုခ,သုချစ္စာရဏ, အကျိုး၌။ ယင်းနိဗ္ဗုတိ,ပုဒ်ကိုမငဲ့
ဘဲသျက်၊ အနက် သဘောကိုသာ ပဓာန ပြုသဖြင့်။ သုသောချိကော,
သုသောချဒေါ, စသည်ဖြင့်။ နိပ္ပန္နပဒ, ထားအပ်သတည်း။ ။နိဗ္ဗုတိ,
ဆိုသင့်လျက် နိဗ္ဗုတော,ဟု ဆိုရာ၌လည်း။ ။သဒ္ဒနီတိကျမ်း၌။ ၊ပြဟ္မ
ရုနာဒိတောဇော်၊ သုတ်ဘည်ပြီ လျှင်။ ကပ္ပံတိဋ္ဌမဟာရနေ၊ ပုတ္တောဥပဇ္ဈ
ဇုသေ၊ဟု ဥဒါဟရဏ်ထုတ်သောကြောင့်ရင်း။ လိင်ကို အထူးမမှာဘ်မူ၍၊
ရုနာဒိတောဟု၊ ဇုကာရဏ္ဍ,ကိုသာ မှတ်သောကြောင့်ရင်း။ ကဗျာဒသ
အလင်္ကာရကျမ်း၌။ အာယတိ,ပုဒ်အရာဝယ် အာလုပ်အရာ၌။အာယတေ,

ဟုလာသောကြောင့်ဗုဒ္ဓင်း။ ယင်းမာဂဓ,သက္ကတ,ကျမ်းနှစ်ရပ်တို့ကိုမှီး၍။ ဝါစာသိလိဋ္ဌ,ကဏ္ဏာသုခ,အကျိုးငှါ။ နိဗ္ဗုတိ,ဟု မဆိုဘဲလျက်။နိဗ္ဗုတေ,ဟုဆိုသတည်း။ ။မဟာမုနေ-ဣသေ-အာယတေ,တို့၌။ အာလုပ်သိ,ကို၉,ပြု။ ဇွေ့ရှ,ကိုချေအပ်သကဲ့သို့။ ဤအတူနိဗ္ဗုတိ,နောင်။ အာလုပ်သိ,ကို၉,ပြု။ တိ,၌ရှ,ကိုချေဟုလိုသတည်း။ ။

(ဂ) သုနိဿိတာသုစလန္တာ၊အနိဿိတာဝနောစလာ။
နောစလာဘောဂန္တံဂန္တန္တိ၊ဃုတရေဃုတရေဘာဝါ။ ။

(ဂ) နိဗ္ဗုတ၊ ဒိုနိဗ္ဗုသာခေါင်ဘေးမဲ့တောင်။ သုနိဿိတာ၊ အမှီကောင်းကိုကောင်းကောင်းကြီး ရကြကုန်သောသူတို့သည်။ သုစလန္တာ၊ လွန်စွာလှုပ်ရှားပျက်ပြားကြရကုန်၏။ အနိဿိတာ၊ မှီရာတွယ်တာရာမရနေကြရကုန်သူတို့သည်သာလျှင်။နောစလာ၊မလှုပ်ရှားနိုင်ကုန်။ နောစလာ၊ မလှုပ်ရှားကုန်သူတို့သည်။ ဘောဂန္တံ-ဘာဝန္တံ၊ဘာဝဆုံးရာဖြစ်တော်မူသော။ ဘောဂန္တံ၊အသျှင်မြတ်ထံသို့။ဂန္တန္တိ၊ရောက်ကြရကုန်၏။ဃုတရေ၊အမှီရကြသည်အတွက် လှုပ်ရှားလျက် ရှိကြကုန်သူတို့သည်။ ဃုတရေ၊ အသျှင်မြတ်ထံမရောက်နိုင်ကြကုန်သည်။ဘာဝါ၊ဖြစ်ကြရကုန်၏။ ။:

(တဏှာအမှီရှိသည် မရှိသည်ကို ဖုက်၍ဆိုသော သံယုတ္တပဟောဋ္ဌိဂါထာ၊ ။အမှီမရသော်သာ လှုပ်ရှားရပါမည် ဖြစ်လျက်။ မှီရသည့်အတွက်ပင် လှုပ်ရှားပြန်ရသည်ဟူရာဝယ်၊ အဘယ်ကို ဆိုပါလိမ့်မည်နည်းဟု။တွေဝေရန်,တွေးတောရန်,ဖြစ်အောင်ဖုက်သည့်ကိုသံယုတ္တပဟောဋ္ဌိဆိုသတည်း။ ။ဤဂါထာကား။နိဿိတဿစလိတံပဟာတိ စသောဥဒါန်းပါဠိတော်ကိုမှီးသည်)။ ။

(၉) ဒုဒ္ဒသံဝတအနတ၊တံပသိဒုက္ခပသိနော။
ဒိဘာရေဖိသုပဿန္တာ၊အရွေန္တိကိစ္စနံသဒါ။ ။

(၉) အနတ၊ ကဲ့ရဲ့အပ်ရာ သေးသိမ်စွာသည် တဏှာပြောလူပုထုဇန်သူယုတ်တို့ မညွှတ်မရောက်နိုင်ရာ ဖြစ်သော။ အနတ၊ ချီးမွမ်းထိုက်ရာ ကြီးကျယ်စွာသည် အရိယာအသျှင် များတို့သာ ညွှတ်နိုင်ရာဖြစ်သော အသျှင်နိဗ္ဗာန်သူမတန်၊ ဘဝံ၊ အသျှင်ဘုရားသည်။ ဒုဒ္ဒသံဝတ၊ ဒုစရိုက်လူ လူမသူတို့မမြင်နိုင်ရာ ဖြစ်စွတကား။ ။(ဒုစ္စရန္တာနဒဿန္တိ

ဌေဿာတိဒုဒ္ဒသံ။ ။ဝစနတ္ထပြု။ ။ဒု,ဿ၏အနက်နှစ်ချက်ရ သိလေသနည်း)။ ။ တံ၊မြင်နိုင်ခဲရာသိမ်မွေ့စွာသောအသျှင်မြတ်ကို။ပဿံ-ပဿန္တာ၊ မြင်ကြကုန်သူတို့သည်။ဒုက္ခပဿိနော၊ အနိစ္စဒုက္ခအနတ္တဟု ဘုံသုံးပါးကို ရှုနိုင်ကြကုန်သည်ရှိသော်။ တံ၊နိရောဓသစ္စာအသျှင်မြတ်ကို။ ပဿံ-ပဿန္တာ၊ မြင်ရကုန်ရကား။ဒုက္ခပဿိနော၊ ဒုက္ခသစ္စာကိုလည်း မြင်ကြကုန်လျက်။ ဒွိတရေပိ၊ ကြွင်းသစ္စာနှစ်ပါးတို့ကိုလည်း။ သုပဿန္တာ၊ မြင်ကြီးမြင်ကြကုန်သည်ဖြစ်၍၊ သဒါ၊ အခါ ခပ်သိမ်း။ ကိစ္စုန်၊ ကြောင့်ကြ ဘွယ်ရာဘေးတကာဟူသမျှကို။အစွေ့နှ၊လွှန်နိုင်ကြရပေကုန်၏။ ။

သိလေသနည်း များစွာတို့ဖြင့်ပြီးသော နိဗ္ဗာန်အရာဝယ်။ပရိယာယ်အလွှန် မြုပ်သောအနတ,သဒ္ဒါဖြင့်ကြံစည်လျှို့ဝှက်၍ထားအပ်သောကြောင့်။ ပရသိတပဟောဠိမည်သောဂါထာဘည်း။ ။ဤဂါထာကိုလည်း။ ဒုဒ္ဒသံ အနတံနာမ။နဟိသစ္စံသုဒဿနံ,စသော၊ အထက်၌ ထုတ်ဆိုလတ္တံ့သော ဥဒါန်းပါဠိတော်ကိုမှီး၍ဆိုသတည်း၊ ။ဤဂါထာဖြင့်လည်း။နိဗ္ဗုတိဌာန,၏ အတိဂမ္ဘိရ,သုဒုဒ္ဒသ, သုနိပုဏ,ဂုဏ် ရှိတော်မူပေသည့် အသျှင်မြတ်တည်းဟူသော နိရောဓသစ္စာတပါးကိုမြင်ရလျှင်။ သစ္စာလေးပါးလုံးကိုပင်မြင်ရ၍၊ ဘေးဒုက္ခဟူသမျှ အစသတ်ကြရပေလိမ့်မည်။ အသျှင်နိဗ္ဗာန်ကို အကျွန်ုပ်တို့ မမြင်ရ၊ မသိကြရသည့် အတွက်။ ဘေးတကာ ရောက်၍ နေကြရပါသည်ဟူသောအဓိပ္ပါယ်ဖြင့်။ နိဗ္ဗာန်၏ဂုဏ်ကျေးဇူးကိုထောမနာပြုအပ်သတည်း။ ။ဤသို့လျှင် ဇာတံဇာတံ,စသောဂါထာတို့ဖြင့်။ နိဗ္ဗာန်ဟူသောနိဗ္ဗုတိဌာန,၏ဂုဏ,ဝိသေသ,တို့ကို ထောမနာပြုပြီး၍၊ ယခုအခါ ၎င်းနိဗ္ဗုတိဌာနသို့ ရောက်သဖြင့် ဘေးခပ်သိမ်း ကွယ်ပျောက် အလွှန်ချမ်းသာခြင်းသို့ ရောက်၍နေတော်မူကြကုန်သော ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ ဂုဏ်အထူးကိုလည်းကောင်း၊ ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏၊ထိုမိဋ္ဌတို့စံနေရာ နိဗ္ဗုတာ,အရပ်၌။ သဿဘာကာရ,လည်း မဟုတ်။ဥစ္ဆေဒါကာရ,လည်း မကျ၊ ယင်းနှစ်ဝတို့မှလွတ်သဖြင့်။ မဇ္ဈိမာကာရ, အဖြစ်၌ တည်လျက်။ ထိုနိဗ္ဗာန်ပြည်တော်ကြီးဝယ်၊ ဘယ်ပုံဘယ်ခြင်းရာဖြင့် စံနေရသည်ဟု မဆိုနိုင်အောင် လွန်စွာနက်နဲသော၊ ဂမ္ဘိရ အပ္ပမေယျ ဒုပ္ပရိယောဂါဟ သဘောဖြစ်၍ ချမ်းမြေ့သာယာ စံနေတော် မူကြသည်၏ အဖြစ်ကို ထောမနာပြုပြန်လိုရကား၊ ဂမ္ဘိရောဝတနိဗ္ဗုတာ စသောဂါထာကိုတက်ဆိုပြန်သဘည်း။ ။

(၁၀) ဂန္ဓိရောဝတနိဗ္ဗုတ၊တ္ဝာဣမှိအဌိနဌိဝါ။
ဇေံသခ်ါ အနုပေတော၊အဌထ္မှိယောဝနိဗ္ဗုတော။ ။

(၁၀) နိဗ္ဗုတ၊အိုးရှိနိဗ္ဗုတသခင် ကျေးဇူးရှင်၊တွံ၊နိဗ္ဗာန်ရွှေဘုံ အမြဲ လှုံ၍နေတော်မူသောအသျှင်ဘုရားသည်။ ဂန္ဓိရောဝတ၊နက်ကြီးနက်တော်မူပေစွတကား။တွံ၊အသျှင်ဘုရားသည်။အဌထ္မှိ၊အသျှင်စံတော်မူရာနိဗ္ဗုဘာ၌။အဌိဝါ၊ ကိုယ်တော်ရှိ၏ဟူ၍လည်းကောင်း။ နဌိဝါ၊ကိုယ်တော်မရှိဟူ၍ လည်းကောင်း။ ဇေံသခ်ါ၊ ဤသို့ခေါ် ဆိုအပ်သောအဖြစ်သို့။ အနုပေတော၊ မရောက်ဘဲလျက်။ အဌထ္မှိယောဝ၊ နိဗ္ဗာန်အောင်ခန်း တကဲ့နန်း၌သာလျှင်။ နိဗ္ဗုတော၊ရန်သူမနှောင့် ဘေးမမှောင့်ဘဲ အမြဲငြိမ်း၍နေတော်မူရပေ၏။

(သဿတ,အရောက်ကိုရည်၍အဌိ။ ဥစ္ဆေဒ,အရောက်ကိုရည်၍နဌိဟု မဆို ထိုက်သည်ကိုသာယူ၊ ။ဤဂါထာကား။မလ္လိကာ္ပဒ်၊မခက်လှစွာ ပုဒ်ဝါကျ အသွားအလာ၊ နေရာအလွန်ကျသဖြင့်၊ ပေါ်ထင်သော အနက်ရှိရကား။ အလင်္ကာရဂုဏ် တို့တွင် အဌထဗျတ္တိဂုဏ်၊ သိဒ္ဓိလက္ခဏ, မျှားမျှား၊ခနိ တကွ,ပါးပါးဖြစ်၍၊ သိမ်မွေ့နူးညံ့စွာ ရွတ်အပ်သော သုခုမာလ, ဂုဏ်ရှိ သော ဂါထာတည်း)။ ။

(၁၁) အဏ္ဏုတံဝတနိဗ္ဗုတ၊သီလေနစသမာဓိနာ။
ဍုမိနာသဒိသောတိတံ၊နသက္ကောတိပမိနိတုံ။ ။

(၁၂) အဇ္ဈေရံဝတနိဗ္ဗုတ၊အဌထ္မှိသုပတိဋ္ဌိတော။
နရောဒေဝေါပျာသချေယျော၊ နရေဒေဝေအဘိဏ္ဏာဒိ။ ။

(၁၃) ဒုဂ္ဂါဟောဝတနိဗ္ဗုတ၊ ဝေနေယျာနဥဉာဏာတော။
အစိန္တေယျာနညာဏေန၊စိန္တေယျာမံဘဝံအဟော။ ။

(၁၁) နိဗ္ဗုတ၊ နိဗ္ဗုသာခေါင် ဘေး မဲ့ဘောင်တော်၌ စံပျော်တော် မူသောအသျှင်ဘုရား။ဘဝံ၊သူမတူတန်သူ့ကိုလွန်၍နေတော်မူသောအသျှင် ဘုရားသည်။အဏ္ဏုတံဝတ၊မဖြစ်ဘူးမြဲ အံ့ဖွယ်လောက်ဖြစ်ဘောင်မူပေ၏၊ ။ (ဤပရိနိဗ္ဗုတပုဂ္ဂိုလ်၏ နိဗ္ဗာန်၌ တည်ငြိမ်၍ နေသည်အဖြစ်၊ ဥဌိနှမဟုတ် သည်၏အဖြစ်ကို ပ်ဋ္ဌိအဌကထာသာဓကများစွာတို့နှင့်တကွ၊ အထက်၌ လာသတ္တံ့)။ ။တံတုဝံ၊ကိလေသာကျွန် ခန္ဓာဝန်ကိုလွန်၍နေတော်မူသော အသျှင်မြတ်ကို။သီလေန၊သီလအရာအားဖြင့်လည်းကောင်း။ သမာဓိနာစ၊

သမာဓိအရာအားဖြင့်လည်းကောင်း။ ဣမိနာ၊ ခန္ဓာငါးဝဒုက္ခရှိသူ ဤနတ်လူ နှင့်။ သဒိသော၊ တူတော်မူ၏။ ဣတိ၊ ဤသို့။ ပမိနိတုံ၊ နှိုင်းရှည့်ခြင်းငှါ။ နသက္ကောတိ၊ မတတ်စကောင်း။ ။

(၁၂) နိဗ္ဗုတ၊ နိဗ္ဗာန်ပြည်တော်ဘေးမဲ့ပျော်တော်မူသောအရှင်မြတ်။ ဘဝံ၊ ဘုံသုံးပါး၏ပြင်ဘက်။ နိဗ္ဗာန်ရွှေနန်းဘက်တော်မူသောအရှင်မြတ်သည်။ အန္တေ့ရံဝတ၊ အံ့မခန်းဘွယ်ကြီးကျယ်လွန်းပေစွတကား။ ဘဝံ၊ အသျှင်မြတ် သည်။ အဋ္ဌမ္ဓိ၊ သုံးဆဲ့တဘုံ ရန်သူပုန်တို့၏ ကုန်ရာချုပ်ရာ ဖြစ်သော။ အဋ္ဌမ္ဓိ၊ နိဗ္ဗာန်ပြည်တော်ကြီး၌။ သုပတိဋ္ဌိတော၊ ဘေးပေါင်းကာဟန့် ရန်မျိုး လှန့်လျက် ကြံ့ကြံ့ကြီး တည်နေတော် မူပြီးသည်ဖြစ်၍။ နရောဒေဝေါတိ၊ လူသောနတ်သောဟူ၍။ အသင်္ချေယျာပိ၊ သင်္ချာတဆိုး ဒုက္ခအိုတွင် စာရင်း မဝင်သော်လည်း။ ဝါ၊ မဝင်ပေရကား။ နရေဒေဝေ၊ ဒုက္ခတသျှိုး နတ်လူမျိုး တို့ကို။ အဘိဏှဝါ၊ လွှမ်းမိုး၍နေတော်မူနိုင်ပေ၏။ ။

(၁၃) နိဗ္ဗုတ၊ အိုနိဗ္ဗုသောင်ကမ်း ဟိုဘက်လှမ်း၍ ဘေးဘျမ်းမငွေ့ ဘဲ အမြဲစံနေတော်မူသောအသျှင်မြတ်။ တဝံ၊ ကြည့်၍မထင်၊ မြော်၍မမြင် အပ်သော အရှင်မြတ်ကို။ ဝေနေယျာနံ၊ ဝေနေယျသတ္တဝါတို့၏။ ဉာဏ တောတု၊ ဉာဏ်အားဖြင့်သော်ကား။ ဒုဂ္ဂါဟော၊ ဘယ်ပုံခြင်းရာ၊ ဘယ်လို ဟာဟု၊ ဘယ်ဝါတယောက်၊ မထောက်လှမ်း မယူစွမ်းနိုင်။ အစိန္တေယျာနံ၊ အစိန္တေယျ ဉာဏ်တော်သခင် ဘုရားသျှင်တို့၏ သာလျှင်။ ဉာဏေန၊ သဗ္ဗညုတဉာဏ်တော်,ပုဗ္ဗေနိဝါသဉာဏ်တော်စသည်ဖြင့်သာ။ စိန္တေယျော၊ ကြံအပ်နိုင်စရာဖြစ်ပေရကား။ မံဘဝံ၊ အကျွန်ုပ်တို့သခင်ကျေးဇူးရှင်သည်။ ။ (သမာသ်အတွင်း၌အမှ,ကိုမံ,ပြု၊ မံလေဏာ,ပုဒ်ကဲ့သို့တည်း)။ ။အဟော၊ ဧရ အံ့ဘွယ်ကြီးဖြစ်တော်မူပေ၏။ ။

(ဤဂါထာဖြင့် အထက်၌ထုတ်ဆောင်အပ်လတ္တံ့ သော နေတ္တိပ်ဋ္ဌတော်။ သဋ္ဌာယတနသံယုတ်ပ်ဋ္ဌတော်။ စူဠနိဒ္ဒေသ။ မဟာနိဒ္ဒေသ။ မဇ္ဈိမပဏ္ဏာသ ပ်ဋ္ဌတော်တို့နှင့်အညီ။ ပရိနိဗ္ဗုတအသျှင်အား။ ဂန္တိရ,စသော ဂုဏ်တို့ဖြင့်။ ထောမနာပြုအပ်သတည်း)။ ။

(၁၄) ထိုရာယတေယတေန္တြမ္မသော၊ နဟိယတေယတောဘဝါနိ။
အမာယတေယတေပျဘုတ်၊ သုခါယတေယတေခယ။ ။

(၁၄) ထိရာယတော၊ ဘယ်နံ့ရောခါ၊ ဘယ်လောက်ပင်ကြာသော်လည်း ဘယ်ဟာတခု မပျက်စီးနိုင်သည်ဖြစ်၍၊ အလွန်ခိုင်ခံ့ မြဲမြံသော နောင်ကာလရှိတော်မူသော နိဗ္ဗုတသခင်ကျေးဇူးရှင်။ ဘဝါနိ၊ အသျှင်မြတ်ဘုရားသည်။ ယတော္ဘိယော၊ မြဲမြံစွာစောင့်စည်းအပ်သော ဈာန္တြေရှိတော်မူသည်ဖြစ်၍ ပျထိရာယတော၊ မပျက်စီးဘဲ အမြဲတည်၍နေတော်မူပေ၏။ ။ (ထိရာယတော, နှစ်ချက်တွင်နောက်၌၊ ထိရ, ပုဒ်နောင်အာယပစ္စည်း,သက်၍၊ တောဒိဘတ်,ဖြင့် ပြီးစေအပ်သော နာမခေတ်။ ပရိနိဗ္ဗုတ, ပုဂ္ဂိုလ်အား။ ပရမတ္ထ,စစ် ဖြစ်သော ဈာန္ဒြေ ငါးပါး ရှိသည် မဆိုအပ် ရကား။ သမာဓိဂုဏာသကော်ရစကား။ တင်စား၍ ဆိုအပ်သတည်း။ ။ထိရော အာယတိအနာဂတကာလော ဧတဿာတိထိရာယတိ။ ။ဘောတိထိရာယတော။ဝိဘတျန်။ ။၎င်းထိရာယတောတပုဒ်တည်း၌။ သမာသ်နာမ် အာသုပ်ပုဒ်။ နာမခေတ်။ အချာတ်ပုဒ်နှစ်ချက်ရ ဘိန္နသတ္တ်)။ ။ဘဝါနိ၊ အသျှင်မြတ်သည်။ နဟိယတော၊ မဆုတ်ယုတ်နိုင်။ ယတေယတော၊ ယင်းသို့သောအကြောင်းကြောင့်။ ဘဝါနိ၊ အသျှင်မြတ်သည်။ အမာယ-အမာယောဝိ၊ မျက်လှည့်ချုပ်သဘွယ်၊ ရုပ်နာမ်ပင်ကွယ်သော်လည်း။ တော၊ ထိုမာယာပမာ ကိုယ်ခန္ဓာ ရှိကုန်သောသူတို့ကို။ ဈာယတော၊ လွှမ်းမိုးနိုင်သည်၊ အဘုတ်၊ ဖြစ်တော်မူပြီ။ ။

(ဈာယတောကား။နောက်ကြိယာကိုငဲ့၍ခေတ်နာမ်)။ ။တော၊ ပရိနိဗ္ဗုတသခင်နိဗ္ဗာန်ဝင်၍နေတော်မူသောအသျှင်မြတ်အား။ သုခါယ-သုခံ၊ ချမ်းသာခြင်းသည်။ အာယတေ-အာယတိံ၊ နောင်ကာလ၌။ ခယံ၊ ကုန်ခြင်းသို့။ အယတေ-နယတော၊ မရောက်နိုင်။ သုခယတော၊ တချမ်းသာထဲချမ်းသာ၍ နေတော်မူပေ၏။ ။(ဤဂါထာကား။ ကဗျာဒသမည်သော အလင်္ကာရကျမ်းမှလာရင်းတည်း။ ၎င်းဋီကာကိုအမှီပြု၍လည်း အနက်ယောဇနာအပ်သတည်း။ ။သုဒ္ဓက္ခရမဏ္ဍောယမကဂါထာ။ ။အမာယ,၌။မာယာဝိယာတိ မာယော။ အတ္တဘာဝေါနတ္ထိမာယောဧတဿာတိအမာယ။ အဝိဘတ္တိက နိဒ္ဒေသနည်း။ ။ဤအလိုအားဖြင့်ပရိနိဗ္ဗုတပုဂ္ဂိုလ်အား။ မျက်လှည့်ရုပ်နှင့်တူသောမာယာဝိက,ဖြစ်သော ကိုယ်ခန္ဓာသာလျှင် မရှိသည်။ အမာယဝိက, ဖြစ်သောသတ္တဝါဟုမဆိုထိုက်သောကြေးမုံမှန်တွင်း၌ တည့်သောအရောင်ကဲ့သို့။နိဘာသာမတ္တ,ဖြစ်သောဂန္တိရသဘာဝ,ကား မရှိဟူ၍မဆိုလို။ ။ ဤကားသက္ကတကျမ်းလာစကားတည်း)။ ။

(၁၅) ဆိန္နောဆိန္နောဆိန္နောဆိန္နော၊ဆိန္နောဆိန္နောသုဂန္ဓိရော။
ဆိန္နောဆိန္နောဆိန္နောဆိန္နော၊ ဆိန္နော၀အတုလာတုလော။ ။

(၁၅) ပရိနိဗ္ဗုတ၊နိဗ္ဗာန်ရွှေမြို့မချုံရောက်ပြီးငြိမ်းကြီးငြိမ်းတော်မူသော အသျှင်မြတ်။ ဘဝံ၊ အသျှင်မြတ်ဘုရားသည်။ ဆိန္နော၊ သတ္တဝါခေါ်ဝေါ် ကြောင်းရုပ်နာမ်ခန္ဓာအပေါင်းပြတ်သွားပါလျက်။ အဆိန္နော၊အစဉ်အဆက် ပြတ်သည်မဟုတ်၊ အစ္ဆိန္နော၊ အလုံးစုံအစဉ်အဆက် မပြတ်ပါဘဲလျက်။ ဆိန္နော၊ နတ်သောလူသောရေတွက်စရာရုပ်နာမ်ခန္ဓာမရှိ ပြတ်သွားသည် သာဖြစ်၏၊ ဆိန္နော၊ ပြတ်ပါလျက်။ အစ္ဆိန္နော၊ မပြတ်ရသည်ဖြစ်၍ရင်း။ အစ္ဆိန္နော၊မပြတ်ပါဘဲလျက်။ ဆိန္နော၊ပြတ်ရသည်ဖြစ်၍ရင်း။ ဘဝံ၊အသျှင် မြတ်သည်။ဂန္ဓိရော၊နက်ကြီးနက်၍နေတော်မူပေ၏။တုဝံ၊အသျှင်မြတ်သည်။ ဆိန္နော၊ဒုစရိုက်ဒုရာဇီဝတို့ကိုဖြတ်နိုင်ပြီးသည်ရှိသော်၊ ဆိန္နော၊ကာမဂုဏ် အနှောင်အဖွဲ့တို့ကိုဖြတ်နိုင်ပြန်ပြီးသောအခါ၀ယ်၊ ဆိန္နော၊ ကာမဝိတက် ဗျာပါဒဝိတက်စသောဝိဘက်တို့ကိုဖြတ်နိုင်ပြန်သည်ဖြစ်၍။ ဆိန္နော၊အလုံးစုံ ကိလေသာတို့ကို ဖြတ်နိုင်ပြန်လေရကား။ ဆိန္နော၊ လူနတ် ခေါ်ဆိုစရာ ကိုယ်ခန္ဓာကို ဖြတ်နိုင် ပြန်ပေသည်ဖြစ်၍။ အတုလာ၀၊ အတုမရှိသော ပရိနိဗ္ဗုတပုဂ္ဂိုလ်နှင့်သာလျှင်။တုလော၊တူတော်မူပေ၏။ ။
(ဆိန္နော နှစ်ခု ပိုလွန်သည်မှာ အဘိန္နပဒတ္ထသိလေသနည်းမှတ်။ ။ ဥဘယဝိပုလာဂါထာ)၊ ။

(၁၆) သဿတောသဿတောဘောဂ္ဂော၊
ဘောဂ္ဂောဘောဂ္ဂော၀သဿတော။
သဿတောသဿတောဘောဂ္ဂော၊
သဿတောအသမာသမော။ ။

(၁၆) ပရိနိဗ္ဗုတ၊ နိဗ္ဗာန်ပြည်ကျော် ပျော်ကြီး ပျော်တော် မူသော အသျှင်မြတ်ဘုရား၊ ဘဝံ၊အသျှင်မြတ်ဘုရားသည်။ သဿတော၊ သဿတ ဖြစ်၍ မရွေ့မပြောင်း အလွန်မြဲကောင်းရာ နိဗ္ဗုတာ၌။ ဥသဿတော၊ သဿတလည်းမဟုတ်ပါဘဲလျက်။ ဘောဂ္ဂော၊ ဂန္ဓိရအပ္ပမေယျသဘော အားဖြင့်ထင်ရှားသည်ဖြစ်၍၊ ဘောဂ္ဂော၊ဖြစ်တော်မူ၏။ ဘောဂ္ဂော၊ဂန္ဓိရ အပ္ပမေယျအားဖြင့် ဖြစ်နေပါလျက်။ အဘောဂ္ဂော၊ သတ္တဝါဟုခေါ်ဝေါ် ကြောင်းရုပ်နာမ်ခန္ဓာနှင့်တကွ မဖြစ်သည်ဖြစ်၍သာလျှင်။ အသဿတော၊

သဿတမသိရသည်ဖြစ်၍။ဝါ၊မသိထိုက်အောင်။ဘောဝန္တော၊ဖြစ်နေတော်မူ
ရကား။ အဘောဝန္တော၊ ကြီးကြီးပွါးပွါး နက်နက်နဲနဲဖြစ်၍ နေတော်မူပေ၏။
သဿတော၊ သဿတဖြစ်ပါလျက်။ဝါ၊ ဂန္တိရအပ္ပမေယျသဘောအားဖြင့်
နိဗ္ဗာန်ဝယ်မြဲ၍နေပါလျက်။ အသဿတော၊ သဿတဟူ၍လည်းမသိရ။
ဘောဝန္တော၊ ဂန္တိရ အပ္ပမေယျ သဘော အားဖြင့် ဖြစ်၍ နေပါလျက်။
အဘောဝန္တော၊ ရုပ်နာမ်ခန္ဓာနှင့်တကွဖြစ်တော်မမူ။ သဿတော၊ သဿတ
ဟူသော နိဗ္ဗာန်၌ တည်နေတော်မူရသော။ ။(သဿတေ ဌိတောတိ
သဿတော။ ။ဝစနတ္ထ)။ ။ဘောဝန္တော၊ အသျှင်မြတ်သည်။ အသမာ၊
အသမ,ဖြစ်၍နေတော်မူသောပရိနိဗ္ဗုတ,အသျှင်များနှင့်သာ။သမော၊တူတော်
မူနိုင်ပေ၏။ ။

(ငါနှင့်ငါသာနှိုင်းစရာဟုဆိုသကဲ့သို့။ပရိနိဗ္ဗုတအသျှင်ချင်းသာနှိုင်းစရာ
ရှိပေတော့သည်ဟူလို။ ။ပါဌ်ထက်အနက်ကား။ ဘောဝန္တော လေးချက်
ပိုရာ၌။ဘိန္နာဘိန္နပဒတ္ထသိလေသနည်းမှတ်)။ ။

(၁၇) ဒွိဂန္တိရေဘိရေသဒါ၊ကထံမတာမတာသိယံ။
ကထံမိဘာမိတာဇဂါ၊ကထံဇဂါဇဂါမတာ။ ။

(လေးပါဒလုံး၌အလယ်အလယ်တွင်ယမကရှိသောသုဒ္ဓက္ခရပါဒစတုက္က
အဗျပေတအနေကရူပမဇ္ဈေယမကဂါထာ)။ ။

(၁၇) ဒွိဂန္တိရေဘိ၊ဂုဏဂန္တိရ, အဇ္ဈာသယဂန္တိရ, နှစ်မျိုးတို့ဖြင့်။
ဂန္တိရာ၊နက်နဲ၍နေတော်မူကုန်သော။ရေ၊အိုနိဗ္ဗုတိ,နိဗ္ဗုတအသျှင်မြတ်များ
တို့။အမတံ၊ မသေရာနိဗ္ဗာန်ကို။ အမတာ၊ အလိုမရှိကြကုန်သည်ဖြစ်၍။
အာမတာ၊အဘန်တလဲလဲ သေနေကြရကုန်သော။ဇဂါ၊ သတ္တဝါတို့သည်။
အမတဥ္စ၊မသေရာနိဗ္ဗာန်အသျှင်မြတ်ကိုလည်းကောင်း။ ၎ အမတေ၊မသေရာ
နိဗ္ဗာန်၌။အမတေ၊မသေဘဲအမြဲနေကြရကုန်သောပရိနိဗ္ဗုတ အသျှင်တို့ကို
လည်းကောင်း။ကထံ၊ဘယ်ပုံဘယ်ခြင်းရာဖြင့် ဖြစ်နေကြကုန်သည်ဟူ၍။
ကထံမတာ၊ အဘယ်အကြောင်းအရာဖြင့်သိကြရကုန်သည်။ အာသိယံ-
အာသိယျုံ၊ ကောင်းကောင်းကြီးဖြစ်နိုင်ပါကုန်အံ့နည်း။အမိတာ၊ နှိုင်းရှည့်စ
ရာရုပ်နာမ်ခန္ဓာမရှိကုန်သည်ဖြစ်၍။အမိတာ၊မနှိုင်းရှည့်အပ်ကုန်သော။ ရေ၊
အိုနိဗ္ဗုတိ,နိဗ္ဗုတအသျှင်များတို့။မိဘာ၊ နှိုင်းရှည့်စရာ ရုပ်နာမ်ခန္ဓာရှိကုန်
သည်ဖြစ်၍။မိတာ၊နှိုင်းရှည့်အပ်ကုန်သော။ဇဂါ၊သတ္တဝါတို့သည်။အမိတေ၊

နှိုင်းရှည့်စရာ ရုပ်နာမ်ခန္ဓာမရှိကုန်သည်ဖြစ်၍။ အမိတေ၊ မနှိုင်းရှည့်အပ်ကုန်သော။အဇဂေ၊ လူနတ်သတ္တဝါဟူ၍ ဒုက္ခထဲတွင်အရေအတွက်မဝင်ကုန်သော။ဘောဂန္တေ၊အသျှင်တို့ကို။ ။(ထည့်ပါ)။ ။ကထံဇဂါ၊အဘယ်သို့သောအခြင်းအရာအားဖြင့်ဖြစ်ခြင်းသို့ရောက်နေကြကုန်သည်ဟူ၍။ ။(ကထံကေနပကာရေနဇာတန္တိ ကထံဇံ။ကထံဇံဂတန ္တိ ကထံဇဂါ)။ ။အာမတာ၊အကျွန်ုပ်တို့ ကောင်းကောင်းကြီးသိနိုင်ပါကုန်အံ့နည်း။(ဘိန္နသတ္တိသမဝေတနည်း။ ပဟောဋ္ဌိအလင်္ကာရနည်းများစွာတို့ဖြင့် ဖွဲ့ထားအပ်သော သံကိဏ္ဏပဟောဋ္ဌိဂါထာ)။

(၁၈) ယာဝတာနုတ္တံပလေန္တိ၊တာဝတာဝဇဂါဇဂါ။
ယာဝတာဇဂါဇဂါဝ၊တာဝတာဝသုဒုက္ခိတာ။ ။

(၁၉) ယာဝဒေဝါဒေဝါဟောတိ၊ယာဝတာပိနရောနရော။
တာဝတာဒုက္ခိတာဟောန္တိ၊ဋ္ဌတရေဋ္ဌတရေဘဝါ။ ။

(၁၈) ယာဝတာ၊ အကြင်ရွေ့လောက်သော ကာလပတ်လုံး။ ဇဂါ၊ သတ္တဝါတို့သည်။အတ္တံ၊နိဗ္ဗာန်သို့။နုပလေန္တိ၊မရောက်နိုင်ကြကုန်။တာဝတာ၊ ထိုမျှလောက်။ဇဂါ၊သတ္တဝါတို့သည်။ဇဂါဝ၊သတ္တဝါစော်နံ သတ္တဝါဟန်ပေါ်ကုန်သည်သာ။ဟောန္တိ၊ဖြစ်ကုန်၏။ယာဝတာ၊ အကြင်ရွေ့လောက်။ဇဂါ၊ သတ္တဝါတို့သည်။ ဇဂါဝ။ သတ္တဝါပုံပေါ်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။တာဝတာ၊ထိုသတ္တဝါစော်နံ သတ္တဝါဟန်ပေါ်ကြသရွေ့ကာလပတ်လုံး။ ဇဂါ၊သတ္တဝါတို့သည်။ သုဒုက္ခိတာဝ၊ လွန်စွာဆင်းရဲကြကုန်သည်သာလျှင်တည်း။ ။

(၁၉) ယာဝ၊အကြင်ရွေ့လောက်။ ဒေဝေါ၊ နတ်ဖြစ်သောသူသည်။ ဒေဝေါ၊နတ်ပုံပေါ်သည်။ ဟောတိ၊ ဖြစ်သေး၏။နရောပိ၊ လူသည်လည်း။ ယာဝတာ၊အကြင်ရွေ့လောက်။နရော၊လူပုံပေါ်သည်။ဟောတိ၊ဖြစ်သေး၏။ တာဝတာ၊ထိုနတ်စော်လူစော်နံ နတ်ဟန်လူဟန်ပေါ်ကြသရွေ့ကာလပတ်လုံး။ဒေဝါနရာ၊နတ်လူဟူသမျှတို့သည်။ ။(ထည့်)။ ။ဒုက္ခိတာ၊ လွန်စွာဆင်းရဲကြကုန်၏။ ဋ္ဌတရေ၊ နတ်စော်လူစော်မနံကုန်သော သူတို့သည်။ ဋ္ဌတရေ၊တချမ်းသာထဲအမြဲချမ်းသာကုန်သည်။ဘဝါ၊ဖြစ်ကြရကုန်၏။

(အထက်၌အကျယ်ထုတ်ဆိုလတ္တံ့သော ၁၁၁ နောပေတိဝေဒဂူ, စသောသဋ္ဌာယတနသံယုတ္တ,သုတ္တနိပါတ်ပါဠိတော်။ အတ္တံပလေတိနဥပေတိသ, 

စသောရုဋ္ဌနိဒ္ဒေသ ပါဠိတော်။ ရူပသဒ္ဒါဒိမုတ္တော့ခေါ်မဟာရာဇ တထာဂတော ဂမ္ဘီရော အပ္ပမေယျော ဒုပ္ပရိယောဂါဟော, စသောသဠာယတန သံယုတ်ပါဠိတော်။ ဂမ္ဘီရော အပ္ပမေယျော အသင်္ချေယျော နိဗ္ဗုတောတွေဝ သင်္ချံ ဂစ္ဆတိ, ဟူသောနေတ္တိပါဠိတော်တို့ကိုမှီး၍နိဗ္ဗာန်ရောက်သူတို့၏ဂုဏ်။ ၎င်းတို့၏ဖြစ်နေပုံအခြင်းအရာတို့ကိုဝှက်၍ဆိုသော သံဂုဋ္ဌာပဟေဠိဂါထာတို့တည်း။ လူစော်နတ်စော်နံ့အောင်။ လူကောင်းနတ်ကောင်းလုပ်နိုင်ကြမှ ချမ်းသာရစရာကောင်းပါလျက်။ လူစော်နတ်စော်နံ့၍လူကောင်းနတ်ကောင်း ဖြစ်သည့်အရေးကြောင့် ဘေးဒုက္ခတွေ့ရသောဟူသည့် အဘယ့်နှယ်ပါ နည်းဟုတွေဝေဘွယ်ဝှက်သောကြောင့်။ ။သံဂုဋ္ဌာပဟေဠိဆိုသတည်း။ ။ ရဟန္တာဖြစ်၍ စုတိကျပြီးနောက် နိဗ္ဗာန်ရောက်ကြမှသာ လူနတ်ဟူသော ရေတွက်ခြင်းကိုလွန်၍။ ချမ်းမြေ့သာယာရှိနိုင်ကြမည်။ ယင်းသို့ဖြစ်ရမည် လည်း အသျှင်နိဗ္ဗုတအဖြစ်သို့ရောက်နိုင်ကြမှသာဖြစ်နိုင်မည်ဟု။ နိဗ္ဗုတ ပုဂ္ဂိုလ်တို့ဂုဏ်ကိုထောမနာပြုသတည်း။ ။ဤသို့လျှင်နိဗ္ဗုတ်, နိဗ္ဗုတ,နှစ် ပါးတို့၏ဂမ္ဘီရဒီဂုဏဝိသေသ, ကိုပြဆိုပြီး၍။ ယခုအခါ။ ၎င်းနှစ်ပါးတို့၏ သဘောသဘာဝအာကာရ,တို့ကိုဝိနိစ္ဆယပြုလိုသည်ဖြစ်၍။ ထိုနိဗ္ဗုတိဋ္ဌာန, နိဗ္ဗုတပုဂ္ဂလ,တို့အား။ ဝပ်တွားရိုကျိုးမြတ်နိုးခြင်းဂါရဝအာသီသ,နှင့်တကွ ပြဆိုခြင်းငှါ။ ဂမ္ဘီရအတ္ထအတ္ထဥ္ဉာ,စသည်ကိုတက်ဆိုပြန်သတည်း)။

(၂၀) ဂမ္ဘီရာအတ္ထအတ္ထဥ္ဉာ၊ နောဝေါသတ္တာနဘာသိတုံ။
နောဝေါဌာနာဝဘာဝဋ္ဌာ၊ နယံပနသုနိဿိတာ။ ။

(၂၁) ပါဠိယံတဒတ္ထဉ္စေဝ၊ နာနာဂဏ္ဌိဗဟုဗ္ဗိဓံ။
အနေကေဟိသုဝိညူဟိ၊ ပုနပ္ပုနာဘိယာစိတာ။ ။

(၂၂) ဘာသိဿာမတံဂမ္ဘီရော ဥဘောဘောဇ္ဇန္တုနုကမ္ပိယာ။
ခမန္တုံဒဒန္တုံမှာကံ၊ ဉာဏံဉာဏံအခေါဘိတံ။ ။

(၂၀-၂၁-၂၂) ဂမ္ဘီရာ၊ ဉာဏ်ကြီးသူတို့ဉာဏ်ကြီးဖြင့်သာ ပေါက်ခွဲနိုင်ရာဖြစ်ကုန်သည်ဖြစ်၍။ ဂမ္ဘီရာ၊ လွန်စွာနက်နဲကုန်သော။ အတ္ထအတ္ထဥ္ဉာ၊ နိဗ္ဗာန်ပြည်တော် နိဗ္ဗုတ်ပျော်ကြကုန်သော အသျှင်နှစ်ပါးတို့။ ဝေါ၊ နက်နဲလှသည့်သခင် အသျှင်နှစ်ပါးတို့ကို။ ဘာသိတုံ၊ သူအများတို့နားလည်ကြရန် ကြံဖန် ဟောပြောခြင်းငှါ။ နော၊ အကျွန်ုပ်တို့သည်။ နသက္ကာ၊ မတတ်

စကောင်းကုန်။ဘဝန္တာ၊ဘဝ၏အဆုံးဖြစ်ကြကုန်သော။ ဘဝန္တာ၊အသျှင် နှစ်ပါးတို့သည်။ နော၊အကျွန်ုပ်တို့၏။ ဘဝန္တာ၊ ကိုးကွယ်ရာအသျှင်များ တို့သည်။ ဘဝန္တာ၊ဖြစ်ပါကုန်လျက်။ နော၊သုတသေးသိမ် ဉာဏ်မှေးမှိန် ကုန်သောအကျွန်ုပ်တို့၏။ အဋ္ဌာနာဝ၊ အရာမဟုတ်သကဲ့သို့ သာလျှင်။ ဘဝန္တာ၊ဖြစ်တော်မူကြကုန်၏။ ပန၊ ယင်းသို့ပင် ဖြစ်ပါကုန်သော်လည်း။ နော၊အကျွန်ုပ်တို့သည်။အနေကေပဟိ၊မြတ်ကုန်သောသူတို့ထက် လွန်မြတ် ကုန်သော။ ။(ဧကတော သေဋ္ဌတော ဝုဍ္ဎာ အဓိကာတိအနေကာ, ဟု ဝစနတ္ထပြု)။ ။အနေကေပဟိ၊ တယောက် နှစ်ယောက် သုံးယောက်မက များပြား လှကုန်သော။ သုဝိညူပဟိ၊ လွန်မြတ်သော ပညာရှိ တို့သည်။ သုဝိညူပဟိ၊နိဗ္ဗာန် နိဗ္ဗာန်ဝင်ကုန်သောသူတို့၏အခြင်းအရာကို ကောင်းစွာ သိလိုကြကုန်သည်ဖြစ်၍။ပုနပ္ပုနံ၊အဘန်ဘန်အထပ်ထပ်။ အဘိယာစိတာ၊ ရှိသေလေးမြတ် တောင်းပန်အင်ကုန်ရကား။ ပဉ္စိယံ၊ ပဉ္စိတော်အစောင် စောင်၌။ နယံ၊ သိရာသိကြောင်းဖြစ်သော။ ပဉ္စိယံနယံ၊ ပဉ္စိနည်းကိုလည်း ကောင်း။တဒတ္ထံ၊ထိုပဉ္စိကိုသိကြောင်းဖြစ်သော။ ။(တံအရိယတေဧတေ နာတိတဒတ္ထော)။ ။တဒတ္ထဉ္စ၊ ထိုပဉ္စိတော်၏အနက်အဋ္ဌကထာဋီကာကို လည်းကောင်း။ဗဟုဝိဓံ၊များသောအပြားရှိသော။ နာနာဂန္ထံ၊ အထူးထူး သောကျမ်းဂန် ကိုလည်းကောင်း။ သုနိသိတာ၊ ကောင်းကောင်းကြီး မှီကုန်လျက်။ဥဘော၊နှစ်ပါးကုန်သော။တံဂန္ထိရေ၊ဂန္ထိရသခင် ကိုယ်တော် အသျှင်တို့ကို။ ။(တုမှေယေဝ ဂန္ထိရတံဂန္ထိရ)။ ။ဘာသိဿာမ၊ သူအများတို့ မှတ်သားစရာ၊ ယထာသတ္တိ ဗျတ္တိယထာ ဟောရပါကုန် တော့အံ့။ဥဘော၊ဘုံသုံးပါးဟူသုံးဘုံသူတို့ထက်အထူးသဖြင့်ဖြစ်၍နေတော် မူကြကုန်သော။ ။(ဥ- ဝိသေသေန ဘဝန္တိတိ ဥဘော)။ ။ဥဘော၊ နိဗ္ဗုတိ,နိဗ္ဗုတ,သခင် အသျှင် နှစ်ပါးတို့သည်။ နုနော၊ အကျွန်ုပ်တို့ကို။ အနုကမ္ပိယ၊ အစဉ်သနားတော် မူကြကုန်သည်ဖြစ်၍။ ခမန္တုံ၊ သည်းခံ သင့်သောအရာကို။ ခမန္တုံ-ခမန္တု၊ သည်းခံတော် •မူကြ ပါကုန်လော့၊ ဉာဏံဉာဏံ၊အသျှင်နှစ်ပါးတို့ဖြစ်ပုံလက္ခဏာ ကြောင်းခြင်းရာကို လွန်စွာ သိနိုင်အောင်။အဉာဏံ၊မသိသင့်သောအမှားအရာကို။ အဉာဏံ၊ မသိမှား မိအောင်။ အဉာဏံ၊ လွန်စွာသိသင့်သောအရာကို။ ဉာဏံဉာဏံ၊ကောင်း ကောင်းကြီးသိရအောင်။အခေါ်ဘိတံ၊ သုတပါးတို့ မချောက်ချားနိုင်ဘွယ်။ ဉာဏံဉာဏံ၊ ဉာဏ်ကြီး ဉာဏ်ကျယ် ဉာဏ်ဆန်းကြွယ်ကို။ အမှာကံ၊

အကျွန်ုပ်တို့အား။ ဒဒန္တု၊ ပေးသနားတော်မူသင့်ပါသည့်အတိုင်း။ ဒဒန္တု-ဒဒန္တု၊ပေးသနားတော်မူကြပါကုန်လော။ ။

(ဒဒန္တု-တခုတည်းလျှက်။ ပုဒ်ကိုမဖျက် အနက်နှစ်ချက် ရသည်ကား။ အဘိန္နပဒဏ္ဍသိလေသာလင်္ကာရနည်းတည်း။ဉာဏံဉာဏံတခုတည်းလျှက်။ ဉာဏံဉာဏံ။ ဉာဏံအဉာဏံ။ အဉာဏံအဉာဏံ,စသည်ဖြင့်။ ပုဒ်အများအနက်အများထွက်ရာတို့၌ ဘိန္နသဒ္ဒိသမဝေတနည်း။ ။ဘိန္နာဘိန္နပဒဏ္ဍ သိလေသာ လင်္ကာရ, နည်းလည်း ဆိုသင့်၏။ ။သေတောခဝတိ, ကဲ့သို့တည်း။ ထိုသေတောခဝတိ,၌လည်း။ သေတော၊ ဖြူသောသဏ္ဍာဝါသည်။ခဝတိ၊ပြေး၏။သာ၊ခွေးသည်။ဠတော၊ဤအရပ်မှ၊ ခဝတိ၊ပြေး၏။ ဤသို့ခဝတိကြိယာနှစ်ချက်နှင့်အနက်မပေးမှားမိအောင်သတိဆောင်။ ။ သေတော၊ဖြူသော။သာ၊ခွေးသည်။ဠတော၊ဤအရပ်မှ။ ခဝတိ၊ ပြေးသွားလေ၏။ဤသို့ခဝတိကြိယာတချက်တည်းဖြင့်အနက်ပေးသော်သာ။ နေရာကျသောအနက်မှတ်။ ။ထိုကြောင့်သဒ္ဒနီတိ၌။ ။အဏ္ဍပဒံသမဝေတေန ဂဟေတဗ္ဗံဟောတိ။ အဏ္ဍပဒံသမဝေတေန ဂဟေတဗ္ဗံနဟောတိ။ တဏ္ဍ ပုရိမပက္ခေသေတောခဝတိတိပယောဂေါ။ ဧတ္တာယမဓိပ္ပါယော။ ကော ဠတောခဝတိ သေတောခဝတိ။ ကတရဝဏ္ဏော ခဝတိ သေတော ခဝတိတိ။ တဏ္ဍသေတောသာဠတောတိဆေဒေါ။ သာဝုစ္စတိသုနခေါ။ သဗ္ဗထာပိသေတောသာဠတောခဝတိတိဝုတ္တံဟောတိ။ ။မိန့်အပ်ပြီ။ ။ ဤသို့လျှင်ဘိန္နသဒ္ဒိသမဝေတ,နည်းဖြင့် အနက်ပေးရာဟူသမျှတို့၌။ပုဒ်ကို ဖျက်၍စိတ်၍ ကြံခြင်းတချို့။မဖျက်ဘဲတချို့ အားဖြင့် ထိုအလုံးစုံကိုပေါင်း၍ တကြိမ်တည်း တဝါကျတည်းပြု၍ ကြိယာတခုဖြင့်ပြီးအောင်အနက်ပေးရသည်ချည်းမှတ်အပ်၏။ နောက်နောက်ရှေ့ရှေ့ဆိုအပ်ပြီး၊ဆိုလတ္တံ့သောအရာတို့၌လည်း။အချို့အချို့ဘိန္နသဒ္ဒိ,နည်း။ အချို့အချို့တို့၌ တန္တ,နည်း။ အချို့အချို့တို့၌ပဒီပ,နည်း။အချို့အချို့တို့၌ဂုဏ်နှစ်ပါးသုံးပါးတို့ဖြင့်အနက်ပေးခဲ့သည့်အရာများကိုလည်း။ ဤကဲ့သို့ အမှာအထား မရှိသော်လည်း သတိများများကြီးထား၍ မှတ်သားယုံကြည် နားထည်အောင်ပြုကြစေကုန်သတည်း။ ။ဤနည်းအတူ အချို့အချို့ အ အက္ခရာနှင့်ယှဉ်သော ပုဒ်အရာတို့၌။ ပဋိသေဓသော သုဒ္ဓ,အနက် သက်သက်တချို့။ ယင်း အနက်တို့ကိုရောလျှက် မိဿက,အနက် တချို့ ဆိုခဲ့သည့် အရာများ ကိုလည်း သတိမမူ ဂူမမြင်မရှိကြစေအပ်။ ။အဋ္ဌတိဝုဓိတဗ္ဗာဝါဒီသု

ဒိဿတိ။ ဝုတ္တဉ္စ ပဋိသေဓေဝုဇ္ဇိတဗ္ဗာဝေ၊ အညတ္ထေသဒိသေ ဝိစ။ ဝိရုဒ္ဓေ ဂရဟေဿသုညေ၊ အကာရော ဝိရဟာပ္ပကေတိ။ ။သဒ္ဒနီတိ။ ။၁၅း။ ထဲ၊ ။ပဋိညာလဏ်မှတပါး။ ပဋိညာတဗ္ဗကျမ်းကို ပြီးစေလိုရကား။ ။ ခန္တိပရမံ,စသည်ကိုတက်သည်)။ ။

(၂၃) ခန္တီပရမံဘပေါတိတိက္ခာ၊
နိဗ္ဗာနံပရမံဝဒန္တိဗုဒ္ဓါ။
နဟိပဗ္ဗဇိတော ပရူပဃာတီ၊
နသမဏောဟောတိပရံဝိဟေဌယန္တော။ ။

(၂၃) တိတိက္ခာ၊သူတပါးတို့ နားမခံသွယ်ချုတ်ချယ်စောင်းမြောင်း မကောင်းပြောဆို ထိုထိုနှိပ်စက်ခံရသည်အရေး၌ ဒေါ့းဝိပါက် ကံကြမ္မာ ဝန်ဆင်းရဲတွင် ကျင်လည်ရသူတို့ ခံရမြဲဓမ္မတာ ဖြစ်ပါသည်ဘကားဟု နှလုံးပြု၍၊ ထိုသူတို့အား ညိုးထားရန်မက် မကွက်မစောင်း စိတ်မပြောင်း စေရ လှလှကြီး သည်းညည်းခံနိုင်ခြင်းဟုဆိုအပ်သော။ ခန္တိ၊ ခန္တိတရား သည်။ ပရမံတပေါ၊ မိမိ သူဘပါး နှစ်ပါးလုံးပင် ကြည်လင် ချမ်းဧးသွယ် အများသူတို့ ချီးမွမ်းနှစ်သက်ဘွယ် အပါယ်စသော ဘေးကင်းဝေးသွယ် တကယ်ကောင်းမြတ်လှသောအကျင့်တည်း။ ဗုဒ္ဓါ၊ပစ္စုပ္ပန် သံသရာ ကျိုး နှစ်ဖြာကို ကောင်းစွာသိမြင်တော်မူကြပေဘုန်သော။ဗုဒ္ဓါ၊ မြတ်စွာဘုရား တို့သည်။ ။(ဝါကျအနက် အတွင်းဇုပ်မဇုပ် နှစ်ပါးဝင်နေသောသိလေ သနည်း)။ ။နိဗ္ဗာနံ၊တဏှာကင်းစင် ရန်တကာဖွဲကြဉ်ရာဖြစ်သော။ ။ (ဝါနတောနိက္ခန္တံ။ဝါနံဝါနိက္ခမတိဇေတဿာတိနိဗ္ဗာနံ)။ ။နိဗ္ဗာနံ၊တဆဲ့တာသီး မီးအပေါင်းတို့၏ ကောင်းကောင်းကြီး ငြိမ်းဧးရာဖြစ်သော။ ။(နိဗ္ဗန္တိ ရာဂဂ္ဂိအာဒယောဧတ္ထာတိနိဗ္ဗာနံ)။ ။နိဗ္ဗာနံ၊နိဗ္ဗာန်ချမ်းသာမြတ်ကို။ ။ (ဇှေးအတိုင်းသိလေသ)။ ။ပရမံ၊မြတ်လှစွာသော ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာမြတ်တို့၏ မပြတ်မွေ့လျော်ရာဖြစ်သဖြင့် စင်စစ်ထူးမြတ်လွန်ကဲ နက်နဲသိမ်မွေ့လှသောဘရားဟူ၍၊ ဝဒန္တိ၊ မိန့်တော်မူကြကုန်၏။ ။ (ပကဋ္ဌာဥတ္တမာရမန္တိဇေတ္ထာတိပရမံ)။ ။ပရူပဃာတီ၊တပါးသူကို ငြိုငြူ နှိပ်စက် ရိုက်နှက်ညှဉ်းဆဲတတ်သော။ပဗ္ဗဇိတော၊ရဟန်းသည်။ပဗ္ဗဇိတော- ပဗ္ဗဇ်ဇ္ဇတောဂဟော၊မိမိ သူတပါး နှစ်ပါးလုံးချမ်းသာအောင် ကျင့်ဆောင် ခြင်းသို့ ရောက်ဘတ်သောကြောင့် ပဗ္ဗဇိတ, ဘွဲ့ချီအပ်သောသူသည်။

နပါိနေ၀ပေါတိ၊မဖြစ်နိုင်တော့သည်သာလျှင်ကတည်း။ သော၊ ထိုကိုယ်အမှုအရာညွှတ်တိမ်း၍ ပထမတံဆိပ်တော်ကြီး နှုတ်သိမ်းအင်ပြီးသောသူသည်။ပရံပိပေဠယန္တော၊သူ့ဘပါးအား နားမချမ်းဘွယ် ချွတ်ချယ်စောင်းမြောင်း မကောင်းဆိုဖြည်တတ်ဖြန့်သည်ရှိသော်။သမဏော၊ဒေါသပဲကြွဥ်မာနဖျဉ်၍ တကယ်ပင်ငြိမ်းစေတတ်သောကြောင့်၊ သမဏမည်ခေါ် ပွဲလုံးကျော်သော ဒုတိယတံဆိပ်တော်ကြီး သည်လည်း။ နပေါတိ၊ပျော်နိုင်, တော်နိုင်ဘော့မည်မဟုတ်။ ။

(တံဆိပ်နှစ်ထပ်သိမ်းနှုတ်အင်ပြီးဟူလိုသတည်း။ ။ရာဇဂုရုံ။ရာဇာဓိရာဇဂုရု မင်းတံဆိပ် နှစ်ထပ်ကို သိမ်းယူ ခံရသော ဆရာတော် ပျက်, ဆရာတော်ဘျက်ဲ့သို့။ ပဗ္ဗဇိတ,သမဏဟူ။တံဆိပ်နှစ်ထပ် အသိမ်းအနှုတ် မခံရအောင်သတိဆောင်ကြရမည် ဟူလိုသတည်း)။ ။

ဤသို့သော ဩဝါဒပါတိမောက် အရာ၀ယ်လာသော၊ နိဗ္ဗာနံပရမံ,၏ အရ။နိဗ္ဗာန်,ဟူသည် အဘယ်ကိုဆိုပါသနည်း။ ။ယင်းနိဗ္ဗာန်ကို အသေအခြာ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့နှင့်တကွ အဘယ်သို့သိရမှတ်ရပါအံ့နည်း။ ။ယင်းနိဗ္ဗာန်ဟူသည်အဘယ်မျှအပြားရှိပါသနည်း။ ။ယင်းနိဗ္ဗာန်သည် အဘယ် မျှလောက်သော ဂုဏ်ထူး ဝိသေသ ရှိပါသနည်း။ ။ယင်းနိဗ္ဗာန်သည် အဘယ်မျှလောက်သော သုခသမ္ပတ္တိရှိပါသနည်း။ ။အဘယ်သို့သောအကြောင်းများနှင့် ပြည့်စုံလျှင်။ယင်းနိဗ္ဗာန်သို့ရောက်နိုင်ပါသနည်း။ ။ယင်းသို့ နိဗ္ဗာန်ရောက်သော သူတို့သည် ထိုနိဗ္ဗာန်၌ ထင်ရှားရှိပါသလော။ မရှိပါသလော။ ။ယင်းနိဗ္ဗာန်ရောက်သူတို့သည် ထိုနိဗ္ဗာန်၌ရှိ၏ဆိုခဲ့သော် သဿတဒိဋ္ဌိ။ မရှိဆိုခဲ့သော်ဥစ္ဆေဒဒိဋ္ဌိဖြစ်၏။ ဤသို့ကထာဝတ္ထုပါဠိတော်,ဗုဒ္ဓနိဒ္ဒေသပါဠိတော်, ၎င်းအဋ္ဌကထာ, စသည်တို့၌လာရကား။ ထိုဒိဋ္ဌိနှစ်ပါးလွတ်အောင် အဘယ်သို့ဆိုရ,ပြောရ, ယူရပါအံ့နည်း။ ။"နိဗ္ဗာနံ ဥပလဗ္ဘတိ နိဗ္ဗာနဿ ပဋိသံဝေဒိဥပလဗ္ဘတိ နပေါဝံ၀တ္တဗ္ဗေ" ဟုကထာဝတ္ထုပါဠိတော်လာတိုင်း။ နိဗ္ဗာန်ကားထင်ရှားရှိ၏၊ နိဗ္ဗာန်ချမ်းသာကိုခံစားရသောသူကားမရှိဆိုသော်။ ထိုနိဗ္ဗာန်ဖြင့်ဝေနေယျသတ္တဝါအပေါင်းတို့အား၊ အဘယ်အကျိုးရှိပါအံ့နည်း။ ။ယင်းဆိုအပ်ခဲ့ပြီးသောပါဠိဖြင့် နိဗ္ဗာန်ကားရှိ၏။ နိဗ္ဗာန်ချမ်းသာကိုခံစားရသူမရှိဆိုသောအချက်။ ။"ဒိဗ္ဗံသုခံဥပလဗ္ဘတိ။ဒိဗ္ဗဿသုခဿပဋိသံဝေဒိဥပလဗ္ဘတိ နပေါဝံ၀တ္တဗ္ဗေ"ဟူသောပါဠိဖြင့်။နတ်ချမ်းသာကားရှိ၏။နတ်ချမ်းသာကို

ခံစားရသူကား မရှိဆိုသောအချက်၊ ဤနှစ်ချက်သည် အဘယ်သို့ထူးပါ
သနည်း။ ။နိဗ္ဗာန်အရာ၌နိဗ္ဗာန်ကိုခံစားရသူမရှိဟူ၍တချက်မျှသာလာသည်။
နတ်ချမ်းသာအရာ၌ နတ်ချမ်းသာကိုခံစားရသူ ရှိသည်တချပ်။ မရှိသည်
တချပ်ဟူ၍နှစ်ရပ်လာခဲ့သည်၊ ယင်းအရာကိုသေချာစွာ ဘယ်သို့ဝေဘန်၍
သိရပါအံ့နည်း။ ။နိဗ္ဗာန်သို့ရောက်သွားသော သူတို့သည်။ ထိုနိဗ္ဗာန်၌
အဘယ်သို့သောအခြင်းအရာအားဖြင့် ဖြစ်နေသည်ဟုဆိုနိုင်စရာမရှိ။ ဒုပ္ပရိ
ယောဂါဟ ဂမ္ဘီရ အပ္ပမေယျဖြစ်၍နေသည်ဟု။ ။“ရူပသင်္ခါဝိမုတ္တော
ခေါမဟာရာဇတထာဂတောဂမ္ဘီရော အပ္ပမေယျော ဒုပ္ပရိယောဂါဟော”
စသည်ဖြင့်၊ သဠာယတနသံယုတ်ပါဠိတော်စသည်တို့၌လာသောကြောင့်၊
ထိုနိဗ္ဗာန်၌ ဂမ္ဘီရ ဒုပ္ပရိယောဂါဟ ဖြစ်၍နေသည်ဖြစ်လျှင်၊ထိုပရိနိဗ္ဗုတ
ပုဂ္ဂိုလ်။ ထိုနိဗ္ဗာန်၌ ရှိနေသည်မှန်၏ဟုမဆိုသင့်လော ဆိုသင့်လော။ ။
နိဗ္ဗာန်ရောက်သည်ဟူရာ၌၊နိဗ္ဗာန်ရှိရာသို့ ပုဂ္ဂိုလ်က ရောက်သွားသလော။
နိဗ္ဗာန်က ပုဂ္ဂိုလ်ရှိရာရောက်၍လာသလော။ ။ပရိနိဗ္ဗာန်ဟူသည်၊ နိဗ္ဗာန်
ဟူသည်၊ အနုပါဒါနိဗ္ဗာန်ဟူသည်၊ အပစ္စယနိဗ္ဗာန်ဟူသည်၊ အမတနိဗ္ဗာန်
ဟူသည်၊အမတမဟာနိဗ္ဗာန်ဟူသည်တို့အထူးအကွဲ အပြားရှိသေးသလော
မရှိလော။ ။နိဗ္ဗာန်ကိုသတ္တဝါတို့အဘယ်အခါရောက်ပါသနည်း။ မဂ်ကို
ရလျှင်ပင်ရောက်သလော။ ပရိနိဗ္ဗာန်ပြုပြီးမှရောက်သလော။ ။နိဗ္ဗာန်သို့
ရောက်သည်။ နိဗ္ဗာန်ကို မျက်မှောက် ပြုသည်။ နိဗ္ဗာန်ကို အာရုံပြုသည်။
ဤသုံးပါးသည်အသို့ထူးပါသနည်း။ ။“အညေခန္ဓာအညံနိဗ္ဗာနန္တိနဟေဝံ
ဝတ္တဗ္ဗေ”ဟူသောစကားဖြင့်ခန္ဓာတခြား, နိဗ္ဗာန်တခြား, မဟုတ်ဟုကထာ
ဝတ္ထုး၌ဟောတော်မူခဲ့သည့်အရာဝယ်၊ ခန္ဓာအခြား, နိဗ္ဗာန်အခြား,မဟုတ်
ခဲ့လျှင်။ခန္ဓာသည်ပင်နိဗ္ဗာန်,၊နိဗ္ဗာန်သည်ပင်လျှင်ခန္ဓာ,မှတ်ရမည်လော။ ။
ခန္ဓာကိုစွဲ၍နိဗ္ဗာန်ဖြစ်သောကြောင့် ခန္ဓာနှင့်နိဗ္ဗာန်တခြားမဟုတ်ဆိုသည်ဟု
ယူခဲ့သော်။ အဘယ်ပုဂ္ဂိုလ်၏ခန္ဓာကိုစွဲ၍အဘယ်ပုံစွဲ၍ဖြစ်ပါသနည်း။ ။
“ဣမသ္မိံယေဝ ကဠေဝရေ ဗျာမမတ္တေ သဝိညာဏကေ သမနကေ။
လောကဉ္စပညာပေမိ လောကသမုဒယဉ္စ။လောကနိရောဓဉ္စလောက
နိရောဓဂါမိနိပဋိပဒဉ္စ” ဟူသော သဂါထာဝဂ္ဂသံယုတ်ပါဠိတော် စသည်
တို့၌။ ဤကိုယ်၌ပင်။လောက၏ချုပ်ရာနိရောဓဟူသောနိဗ္ဗာန်ကို။ ငါပညတ်
တော်မူသည်ဟူသောစကားတော်၏အဓိပ္ပါယ်ကို အဘယ်သို့နေရာတကျ
မှတ်ရပါအံ့နည်း။ ။နိဗ္ဗာန်သို့ရောက်သွားသောသူသည်။ ဗုဒ္ဓနတ်ဟူသော

ပညတ်။ မင်းပုဏ္ဏားစသောပညတ်။ ရူပီအရူပီစသောပညတ်, အစရှိသော
ဆယ်ပါးသောပညတ္တိပထအရာကိုလွန်၍နေသည်ဟု ရှုဋ္ဌနိဒ္ဒေသပါဠိတော်,
စသည်တို့၌ လာသောစကားတော်ကို အဘယ်ကိုရည်၍ ဟောတော်မူ
သနည်း။အလုံးစုံဘယ်ဟာတခုမျှအကြွင်းအကျန်မရှိပျက်စီးပြတ်တောက်၍
သွားသည်ကိုရည်တော်မူ၍ဆိုသလော။ပညတ်အရာကိုသာလွန်၍နေသည်။
အလုံးစုံဥစ္ဆိန္နဖြစ်သည်မဟုတ်ဟူ၍ဆိုလိုသလော။ ဥစ္ဆိန္နအဘာဝဖြစ်လျှင်။
ပညတ္တိပထအရာကို လွန်၍နေသည်ဟူ၍မျှ ဆိုစရာမကောင်းပြီ မဟုတ်
ပါလော။ ။ယင်းသို့ဥစ္ဆိန္န,အဘာဝ,မဟုတ်။ဘာဝ,ဖြစ်ခဲ့သော်။ထိုပရိနိဗ္ဗုတ,
ပုဂ္ဂိုလ်တို့။ ထိုနိဗ္ဗာန်၌ပရမတ်,ဖြစ်၍နေသလော။ ပညတ်,ဖြစ်၍နေသလော။
ပရမတ်,ပညတ်,တို့မှအလွတ်လော။ အသင်္ခတလော, သင်္ခတလော, ယင်း
နှစ်ပါးတို့မှအလွတ်လော။ ။သင်္ခတ,အသင်္ခတ,တရားနှစ်ပါးတို့မှအလွတ်
တစုံတခု အစွန်းအစတရားမရှိပြီဟု ကထာဝတ္ထုပါဠိတော်,၌ ဆိုသည်
မဟုတ်ပါလော။ ။ယင်းသို့ဖြစ်၍ အသင်္ခတသို့သွင်းမည်ဆိုခဲ့သော်။ ။
"ဒွေအသင်္ခတာနိတိနဟောဝိဝတ္တဗ္ဗေ"။ ၎င်းကထာဝတ္ထုပါဠိတော်နှင့်အညီ။
အသင်္ခတဓာတ်နှစ်ရပ်မရှိဆိုသောကြောင့်။နိဗ္ဗာန်,ဟူသောအသင်္ခတဓာတ်,
သို့သွင်းမည်လော။ မသွင်းမည်လော။ ။နိဗ္ဗာန်သို့ရောက်သောသူတို့သာ
နိဗ္ဗာန်ကိုအာရုံပြုနိုင်သည်ဟု မူလဋီကာ၌လည်းလာသည်။ရဟန္တာပုဂ္ဂိုလ်
စုတိပြီးသည်နောက်မှ၊အသင်္ခတဓာတ်နိဗ္ဗာန်သို့ရောက်နိုင်သည်ဟူ၍လည်း
နေတ္တိပါဠိတော်၌လာသည်။ ယင်းစကားနှစ်ရပ်။ အညမညသံသန္ဒန,ဖြစ်ရ
မည်အရေးမခဲလော။ ။နိဗ္ဗာန်ကို မဂ်ဖိုလ်တို့ အာရုံပြုသည်ဟူရာ၌။
ရပြီးသောနိဗ္ဗာန်ကိုအာရုံပြုသလော။ရလတ္တံ့နိဗ္ဗာန်ကိုအာရုံပြုသလော။ ။
ဒုက္ခနိရောဓ,မျှသည် နိဗ္ဗာန်,မဟုတ်၊ ဒုက္ခနိရောဓ,၏အကြောင်းဖြစ်သော
အသင်္ခတဓာတ်,ကို ဒုက္ခနိရောဓ,ဟု တင်စား၍ဆိုကြောင်းနှင့်၊ နေတ္တိအဋ္ဌ
ကထာစသည်လာသောအတိုင်း။ ၎င်းအဋ္ဌကထာတို့အလို။ နိဗ္ဗာန်ကြောင့်
ဒုက္ခချုပ်ရသည် အဓိပ္ပါယ်ထွက်သည်။ ။"တဏှက္ခယာ ဒုက္ခက္ခယော။
ဒုက္ခက္ခယာနိဗ္ဗာနံ"ဟု နေတ္တိပါဠိတော်၌။ ဒုက္ခကုန်သောကြောင့်။ နိဗ္ဗာန်
ဟူသောငြိမ်းဧးခြင်း ဖြစ်သည်ဟူ၍ လာသည်။ ၎င်းပါဠိ အဋ္ဌကထာတို့
အညမညသံသန္ဒနဖြစ်အောင်မခဲလော။ ။နိဗ္ဗာန်ဟူသောအသင်္ခတဓာတ်
သည်။ပရိနိဗ္ဗာန်ပြုကြသူတို့၏ ခန္ဓာကုန်မှ ပေါ်လာဖြစ်လာကြောင်းနှင့်။ ။
"အနုပါဒိသေသာသမ္ပရာယိကာ။ ။သမ္ပရာယိကာတိ ခန္ဓဘေဒတောပရ

ဘာဝေဘာဝါ" ဟူ၍ဣတိဝုတ်ပါဠိတော်,အဋ္ဌကထာ,တို့၌လာသည်အတိုင်း။ နိဗ္ဗာန်ဟူသည်ပရိနိဗ္ဗုတ္တ,ပုဂ္ဂိုလ်ခန္ဓာပျက်မှဖြစ်ပေါ်လာသည်မဟုတ်လော။ ယင်းသို့ပရိနိဗ္ဗုတ္တ,ပုဂ္ဂိုလ်မပေါ်လာမီကပင် ထိုပုဂ္ဂိုလ်စံဝင်စရာ။အစဉ်ထာဝရကမ္ဘာကမ္ဘာဖြစ်၍နေနှင့်သောနိဗ္ဗာန်ဟူသည်ရှိပါသေးသလော။ယင်းသို့ရှိသည်ဆိုခဲ့သော်။ထိုနိဗ္ဗာန်သည်၊ အညတိတ္ထိယဖြစ်သူ စာပြုရေးရှုခယစ်ဆရာဘို့မဟုတ်မမှန်မိစ္ဆာဝါဒပြောဆိုကြသောလောကကိုဘန်ဆင်းတတ်သောထာဝရဘုရားဟူသကဲ့သို့၊ အကြောင်းလုံးလုံးကင်း၍ လျောက်လျှားဘာသာရှိနေသည်ဟု ဆိုရာမရောက်လော။ ။ယင်းသို့ဖြစ်ခဲ့သော်၊ ၎င်းစကားသည်၊အဘူတံ,ဟူသောဥဒါန်းပါဠိတော်၌။"နကာရဏော နဝိနာသသယမေဝဘူဘန္တိ,အဘူတံ" ဟူသောပါဌ်ဖြင့်။ အကြောင်းကင်း၍ ဖြစ်သည်မဟုတ်သောနိဗ္ဗာန်ဟု အနက်ပေးရမည်။၎င်းဥဒါန်းအဋ္ဌကထာ ဖွင့်ဆိုသည်စကားနှင့် ဝိရုဒ္ဓမဖြစ်ပြီလော။ ။၎င်းဥဒါန်းပါဠိတော်၌ အဇာတံ,ဟူသောပုဒ်၏အရ။မဖြစ်သောနိဗ္ဗာန်ဟူရာ၌၊ ဥပါဒ်အားဖြင့် မဖြစ်သည်ကို ရည်၍ အဇာတံ,ဆိုကြောင်းနှင့် နေတ္တိအဋ္ဌကထာဖွင့်ဆိုသည်အတိုင်း။ ဥပါဒ်အားဖြင့်မဖြစ်ဆိုခဲ့သော်။လုံးလုံး မဖြစ်သော အချည်းနှီးကို ဆိုသလော။ဥပါဒ်အထည်ဒြပ်အားဖြင့်သာမဖြစ်သည်။တပုံတရာနက်နဲသော သဘောအခြင်းအရာအားဖြင့်ကားဖြစ်သေး၏ ဆိုလိုသလော။ ။တပုံတရ အခြင်းအရာအားဖြင့်ဖြစ်သောဟူသည်မရှိဆိုခဲ့သော်။ ယင်းနိဗ္ဗာန်သည်အဘာဝတုစ္ဆ,ပင်မဟုတ်ပါလော။ ။"အဇ္ဈိဘိက္ခဝေအဇာတံအဘူတံ"စသည်လာသောဥဒါန်းပါဠိတော် အတိုင်း ယင်းနိဗ္ဗာန်ဟူသည် ထင်ရှားရှိရမည်မဟုတ်ပါလော။ ။ဟုတ်သော် တပုံတရအခြင်းအရာအားဖြင့် ဖြစ်ခြင်းမရှိဘဲလျက်အဘယ်သို့ ထင်ရှားရှိပါအံ့နည်း။ ။ယင်းသို့ ထင်ရှားရှိသည်ဆိုခဲ့သော်အဘယ်၌ ရှိသည်ဟု တခုခုနေရာချထားနိုင်မှရှိရာရောက်ရမည်မဟုတ်လော။ ။ဟုတ်သော် ယင်းနိဗ္ဗာန်ကို အရပ်အားဖြင့်မညွှန်ကြားအပ်ဟု။ မိလိန္ဒပဥှာ, ဝိသုဒ္ဓိမဂ်မဟာဋီကာ, တို့၌လာသောစကားနှင့် သံသန္ဒနဖြစ်အောင်အသို့ကြံဆောင်ရမည်နည်း။ ။ယင်းသည်နိဗ္ဗာန်ကို။ အရပ်အားဖြင့် မညွှန်ပြအပ်ဟူ၍လည်း ၎င်းဝိသုဒ္ဓိမဂ်မဟာဋီကာ,၌လာသည်။ ။"နိဗ္ဗာနမ္ပိခန္ဓပဋိဗဒ္ဓမေဝခန္ဓေဟိဝိသယိကာဘတ္တာတိဝဒန္တိ"ဟု၊ ၎င်းဋီကာ၌ပင်အာစရိယဝါဒလာသည်။ထိုစကားနှစ်ချင်တွင်၊ နောက်စကားအလိုအားဖြင့်နိဗ္ဗာန်ဟူသည်နိဗ္ဗာန်ရောက်သူခန္ဓာကိုယ်ပေါ်လာမှ၊ ပေါ်လာသည်ဆို

ရာရောက်၏၊ ၎င်းစကားသည်။ ။"ဈာမသ္မိံယောဝကဗ္ဗေဝရေ။ပ။လောကနိ
ရောခဗ္ဗေဝပညာပေမိ" ဟူသော သံယုတ်ပါဠိတော်စသည့်နှင့် အညီပင်မ
ဟုတ်ပေလော။ ။ယင်းသို့ဖြစ်ခဲ့သော်နိဗ္ဗာန်ဟူသည်ကို အရပ်အားဖြင့်မ
ညွှန်းပြအပ်ဟူသောစကားသည်၊နိဗ္ဗာန်၏ ဖြစ်ရာအရပ်ဒေသဟု အထူးရှိ
တော့သည်မဟုတ်၊နိဗ္ဗာန်ရသူရောက်သူ၌သာရှိသည်ဟု ဆိုသော် မဆို
သင့်လော၊ဆိုသင့်လော။ ။ယင်းသို့ဆိုသင့်ခဲ့သော်။ယင်းနိဗ္ဗာန်ကို မိမိစွဲရာ
ဖြစ်ရာခန္ဓာ၅ပါးကိုထောက်၍၊သူ၏နိဗ္ဗာန်ငါ၏နိဗ္ဗာန်ဆိုသော်မဆိုသင့်လော။
ဆိုသင့်လော။ ။ယင်းသို့ဆိုသင့်သော်။မဂ်သည်နိဗ္ဗာန်ကို အာရုံပြုသည်
ဟူရာ၌။မိမိနိဗ္ဗာန်ကိုအာရုံပြုသလောသူတပါးနိဗ္ဗာန်ကိုအာရုံပြုသလော။ ။
မိမိနိဗ္ဗာန်ကိုအာရုံပြုသည်ဆိုသော်။ ထိုမိမိနိဗ္ဗာန်ကလည်း ပရိနိဗ္ဗာန်စံမည့်
သူရတိကျပြီးနောက်မှပေါ်လာမည်ဖြစ်၍မပေါ်လာမီကအာရုံပြုနိုင်သလော။
မိမိရလတ္တံ့သောယခုလက်သို့ရောက်လုနီးနီးဥစ္စာရတနာကြီးများကိုရခါနီး
ဆဲဆဲတွင်အာရုံပြုနိုင်သကဲ့သို့မှတ်ရမည်ဆိုသော် မဆိုသင့်သော။ဆိုသင့်
လော၊ ။ယင်းနိဗ္ဗာန်သည်ကာလသုံးပါးမှ လွတ်သည်ဟူရာ၌။ အဘာဝ
ဖြစ်၍လွတ်သလော။ ဘာဝဖြစ်လျက်လွတ်ရမည်ဖြစ်လျှင်။ အဘယ်ပုံခြင်း
ရာဖြင့် ဘာဝဖြစ်လျက် ကာလသုံးပါးမှလွတ်သည် ဆိုနိုင်ပါအံ့နည်း။ ။
ဤသို့အစရှိသည်ဖြင့်အထူးထူးအထွေထွေ ကြံစည်တွေးတောစရာလွန်စွာ
များသဖြင့်အလွန်ခက်ခဲလှသောဤအရာ၌။နိကာယ်ငါးဖြာပါဠိ, အဋ္ဌကထာ,
ဋီကာ,ကျမ်းများစွာတို့ကိုအခါခါလေ့သာကြည့်ရှု၍။ ယထာဘူတ။ ယထာ
သဘာဝဝိနိစ္ဆယ ဖြစ်ပါစေခြင်းငှါ။ကာလရှည်ကြာ နှစ်လများစွာအခါခါ
ကြံစည်စဉ်းစားနှလုံးထားမိသည်အတိုင်း။ အတ္တုက္ကံသန ပရဝမ္ဘနစသည့်
ကင်းကွာသဒ္ဓါရှေ့သွားမေတ္တာအားဖြင့်။"ဂန္ဓာရဂန္ဓာရမဟာနိဗ္ဗုတဒီပနီ"
အမည်ရှိသောကျမ်းကိုညွှန်ပြရေးသားတရားရေဖေးတိုက်ကျွေးလတ္တံ့။ ။
သဒ္ဓါသမ္ပန္န သံသာရဘီရုက ကုလပုတ္တ,ဂဟဋ္ဌ,သမဏ, သီလဝန္တ,ပညာ
ဝန္တ,ဓမ္မာဓိပတေယျ, သာရဇ္ဇန, မှန်သမျှတို့သည်။ အတိဒုလ္လဘကထာ
အလွန်ရခဲစွာသော "ဂန္ဓာရဂန္ဓာရ မဟာနိဗ္ဗုတဒီပနီ"၊ သညီမည်မှန်း၊
ဤသည်ကျမ်းဖြင့်၊ အလွန်နက်နဲခက်ခဲရှုပ်ထွေးလှစွာ၊ဤအရာဝယ်သေချာ
ကွဲပြား၊ခြားနားသိသာ၊ ပညာဝိသဒ၊ သဒ္ဓါဗလဝ၊ အဓိမတ္တဆန္ဒ ရှိကြ
ကုန်သည်ဖြစ်၍။ အလွန်နက်နဲသော ဂန္ဓာရနိဗ္ဗုတိဋ္ဌာန,သို့ ရောက်စွမ်း
နိုင်သော နက်နဲသည်ထက် နက်နဲသော။ ဂန္ဓာရဂန္ဓာရ နိဗ္ဗုတပုဂ္ဂလ,

အဖြစ်သို့။ လျှင်မြန်စွာရောက်သဖြင့်၊ ဘေးဒုက္ခဟူသမျှတို့မှ။ မြန်မြန်ကြီး လွတ်လွယ်ကြပါစေကုန်သတည်း၊ ။ယင်းသို့သွန်ပြရာ၌။ နိဗ္ဗာနကထာ, နိဗ္ဗုတကထာ,အားဖြင့်နှစ်ပါးသောကဏ္ဍတို့ဖြင့်ပြီးသော "ဤဂန္ထိရဂန္ထိရ မဟာနိဗ္ဗုတဒီပနီ"ကျမ်း၌ ရေးဦးစွာ "နိဗ္ဗာနကထာကဏ္ဍ"ကို ဆိုပေလတ္တံ့။ ။ယင်းသို့ဆိုလတ္တံ့သော"နိဗ္ဗာနကထာ,နိဗ္ဗုတိကထာ"၌လည်း။အခ ကျယ်ခလိုက်အကျဉ်းကြိုက်သူတို့အား။ ချီးမြှောက်ခြင်းငှါ။ ဤဆိုလတ္တံ့ သည်ကား၊ ရေးဦးစွာသော "သင်္ခေပကဏ္ဍ"တည်း။ ။"နိဗ္ဗာနကထာ, နိဗ္ဗုတိကထာ,သင်္ခေပကဏ္ဍ"တစ်။ "နိဗ္ဗာနကထာ,နိဗ္ဗုတိကထာ,ဝိတ္ထာရ ကဏ္ဍ"တစ်။ဤ"ပဏ္ဏာသမကဏ္ဍ"တစ်၊"ကျမ်းပြီးအဆုံး နိဂုမ်းဂါထာစု"တစ်။ ပေါင်းလေးတွဲအနက်၊ ။

ပဏ္ဏာသမကဏ္ဍ-ပထမတွဲပြီးပြီ။

# သခေ်ပကဏ္ဍ ကထာ-ဒုတိယတွဲ။

နမတ္ထု အတုလဂန္ဓိရဓမ္မဒေသကဿ။ ။

အတုလဂန္ဓိရဓမ္မဒေသကဿ၊ အတုမထင် ဘက်မမြင်သည့် သုံးခွင်ဝေနေ များကထွေတို့၏ မရေတွက်နိုင် ကြီးခိုင်ဒုက္ခ ဘေးဘယမှ တဝတည်းငြိမ်းချမ်းရာ နိဗ္ဗုတာရွှေနန်း ယင်းရွှေနန်း၌ စံမြန်းရသူ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ သဘောဓမ္မတာ ကြောင်းခြင်းရာကို သေချာဆတ်ဆတ်ကောင်းကောင်းကြီးဟောကြားတော်မူပေတတ်သော လူသုံးရပ်တို့၏ ဦးကိုင် ဓမ္မခရိုင်ထွတ်ထား မြတ်ဘုရားအား။ မေါအတုမရှိမြတ်လှစွာသော နိဗ္ဗုတာရွှေမြို့ ယင်းရွှေမြို့ဝယ် စမ့ယ်တည်နေကြကုန်သော ပရိနိဗ္ဗုတ, ပုဂ္ဂိုလ်တို့၏သဘောခြင်းရာလက္ခဏာကို ကောင်းစွာရေးသား ညွှန်ကြားဆုံးဖြတ်ရလတ္တံ့သော အကျွန်ုပ်၏။ နမော၊ ကျမ်းပြီးခြင်း၏ အန္တရာယ်မတွယ်နိုင်ကြောင်း ကောင်းကောင်းကြီးရှိခိုးခြင်းသည်။ အတ္ထု၊ဖြစ်ပါစေသတည်း။ ။

ပူဇတ္ထု မေ အတုလာတုလဓမ္မဿ။ ။

အတုလာတုလဓမ္မဿ၊အတုမရှိသောဘုရားသျှင်တို့မှ မတုနိုင်သော နိဗ္ဗာန်တရားတော်မြတ်အား။ မေါယင်းနိဗ္ဗာန်၏သဘော၊ ယင်းနိဗ္ဗာန်ဝယ် တင့်တယ်စွာတည်နေကြကုန်သူပရိနိဗ္ဗုတ,ပုဂ္ဂိုလ်တို့၏သဘောလက္ခဏာကို၊ ကောင်းစွာရေးသားပြုပြင် လတ္တံ့သော အကျွန်ုပ်၏။ ပူဇာ၊ ရိုသေကော်ရော် ပူဇော်ခြင်းသည်။ အတ္ထု၊ ကောင်းကောင်းကြီး ဖြစ်ပါစေသတည်း။ ။(အာသီသပဏာမ)။ ။

သဒ္ဓမ္မံ သုမာနေန္တု သုသုခကာမာ။ ။

သုသုခကာမာ၊လောကီလောကုတ္တရာချမ်းသာ, လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို လွန်စွာလိုလားကြကုန်သူတို့သည်။ သဒ္ဓမ္မံ၊ချမ်းသာရာ, ချမ်းသာကြောင်း သူတော်ကောင်း တရားတော်မြတ်ကို။သုမာနေန္တု၊သိလာ

ဖြူဖြူ အလှူရဲရဲ ဘာဝနာတွင်စိတ်ဝင်စွဲသဖြင့် ၊အမြဲကောင်းကောင်းကြီး မြတ်နိုးနိုင်ကြပါစေကုန်သတည်း။ ။

အသဒ္ဓမ္မံ သုဘာဝယန္တု ဒုက္ခဘယာ။ ။

ဒုက္ခဘယာ၊ငရဲဘေးကြီး,ပြိတ္တာဘေးကြီး,တို့မှ ကြောက်ကြကုန်သော သူတို့သည်။အသဒ္ဓမ္မံ၊မဖြောင့်အယူ,သီလမဖြူ,မသူတော်တို့၏ တရားယုတ်မျိုး သဘောဆိုးကို။ သုဘာဝယန္တု၊ မီးနှင့်မသွေ, မြွေနှင့်မခြား, သစ်ကျား, ခြသေ့်အသွင်,ရှောင်ကြဉ်ပဲ့ခွါ,ကောင်းကောင်းကြီး ကြောက်ကြပါစေကုန်သတည်း။ ။

ပုညံ မာဘာယန္တု နိဗ္ဗုတိကာမာ။ ။

နိဗ္ဗုတိကာမာ၊ဘေးတကာကင်းစင် ရန်တကာ ဖဲကြဉ်ရာ နိဗ္ဗုတာကို လွန်စွာလိုလားကြကုန်သူတို့သည်။ ပုညံ၊ နိဗ္ဗူရောက်ကြောင်း, ဒါန,သီလ, ဘာဝနာ,ကုသိုလ်အပေါင်းကို။ မာဘာယန္တု၊ မကြောက်မှားကြပါစေကုန်သတည်း။ ဝါ၊အလှူမရဲ, သီလမမြဲ, ဘာဝနာတွင် စိတ်မစွဲ, ကြောက်အားငေ့အား ပျင်းအား မသဲကြပါစေကုန်သတည်း။ ။

မိဋ္ဌသုခံ မာမာနေန္တု သုသုခကာမာ။ ။

သုသုခကာမာ၊တကယ့်ချမ်းသာ နိဗ္ဗုတာကို လွန်စွာအလိုရှိကြကုန်သူတို့သည်။ မိဋ္ဌသုခံ၊ တသက်လျှာမျှ တဘဝတွက်တာ၊ ဘေးတကာဝန်းအုံ၊ ရန်တကာပေါင်းဆုံသည့်၊ကာမဂုဏ်ချမ်းသာယုတ်၊စက်ဆုပ်ဘွယ်မစင်ပုပ်ကို။ မာမာနေန္တု၊ အဟုတ်ကြီးထင်, တဏှာဝင်မှိုက်၊ လောဘတိုက်၍၊ မိုက်မှားယစ်မူး၊ပျော်မြူး၍မနေမိအောင်၊များများကြီး သတိဆောင်နိုင်ကြပါစေကုန်သဘည်း။ ။(ဤကား သောဘုဇန, ဓမ္မပဋိဂ္ဂါဟက, ပုဂ္ဂိုလ်တို့အား။ ဤသို့ဆိုလိမ့်သော "ဂန္ထိရာဂန္ထိရ မဟာနိဗ္ဗုတကထာဒေသနာ"ကို ရိုသေစွာ နာနိုင်ကြကြောင်း။ ကောင်းကောင်းကြီး ပွါးများ အပ်သော။ အာသီသမေတ္တာဘာဝနာ)။ ။

အဇရံ ဇိရမာနေန၊တပမာနေန နိဗ္ဗုတိံ။
နိမိယုံ ပရမံ သန္တိံ၊ယောဂက္ခေမံ အနုတ္တရံ။ ။

ဇိရမာနေန၊ ဖေါက်ပြန်အိုမင်း ဆွေးမြေ့ပျက်စီးခြင်း သဘောမျိုးဖြင့်။ အဇရံ၊တခါတည်းမျှ၊အိုဘေးသေဘေးမသန်း,ဟောင်းနွမ်းခြင်းမဖေ့, ဆွေးမြေ့ခြင်းမဝင်, အမြဲလျှင်အသစ်စက်စက် တည်နေထသော။ယောဂက္ခေမံ၊

ဘေးတကာပိုင်းအုံ, ရန်တဘာရစ်ခြိုသည့်၊ငါးကာမုံအာရုံကြွားခွ၊ပျော်မွှား ယစ်ရူးချင်တတ်သော တဏှာ,လောဘ, မောဟ,ဟူသမျှတို့၏၊ တဝတည်း ကုန်ရာ၊တဖန်မလာနိုင်မလူနိုင်ရာဖြစ်ထသော။ပရမံ၊တဆဲ့တသီးမီးသောင်း ပြောင်းတို့၏၊ တပေါင်းတည်း ငြိမ်းရာဖြစ်၍ လွန်စွာမြတ်တော်မူထသော။ အနုတ္တရံ၊ လောကသုံးခွင်, ဘုံသုံးပြင်ဝယ်, တုမထင်သော ဘုရားရှင်တို့မှ၊ မတုမဘက်နိုင်ထသော၊ တပမာနေနှ၊ ပူလောင်တတ်သော ဇာတိ,ဇရာ, မီး များစွာမှ၊သန္တံ၊တပေါင်းတည်းငြိမ်းဧးရာဖြစ်တော်မူပေထသော။ နိဗ္ဗုတံ၊ နိဗ္ဗာန်ချမ်းသာမြတ်ကို၊ ဝါ၊ နိဗ္ဗာန်အောင်ခန်း, ဘေးမသန်းသည့်, တကယ့် ရွှေနန်းကို။ တပမာနေနှ၊ ဤယခုဘဝ ပြိုးခြိစွာ ကျင့်ရသော ဒါန, သီလ, ဘာဝနာ, ရတင်, ကုသိုလ်အကျင့်မြတ်ဖြင့်။ နိမိယျံ-စေတာပေယျံ၊ ယခု လက်ငင်းရအောင် တဝတည်းငါလဲလှယ်၍ ဝယ်ယူအံ့။ဤသို့ထေရဂါထာ ပါဠိဒေသနာတော်အရ။သုပိယမထေရ်မြတ်ကိုယ်တော်၏။လက်ရုံးဆန့်တန်း ဥဒါန်းမြွက်ဆိုအပ်သော။ စကားတော်မြတ်ကို ကြပ်ကြပ် နှလုံးသိုကြကုန် သည်ဖြစ်၍။သတ္တဝါဟူသမျှတို့တွင်။ဝါ၊သခ်တနယ်ဝင်ဘုံသုံးခွင်တွင်အတု မထင်သည့်ဘုရားသျှင်တို့ထက်မက အတုမရအလွန်မြတ်လှသည့်၊သခ်တာ, သခ်တဘုရင်, မြတ်နိဗ္ဗာန်သခင်ထံ။ ဧကန်ငါတို့ ရောက်ရပေတော့မည် တကား။အကုဋေမကအဘိုးအနဂ္ဃပတ္တမြားတုံးကို။ ငါးပိတဖုတ်ဟင်းရွက် တခုပ်နှင့်လဲယူရသကဲ့သို့၊ အတုမရှိမြတ်ခေါင်ထိသော။ အသခ်တဓာတ် အဘိုးအနဂ္ဃရတနာတော်မြတ်ကို။ မပြောပလောက်သောဤလောကီဥစ္စာ ပေးလှူရကာမျှဖြင့်ငါရပေတော့မည်တကားဟုနှလုံးပြုသဖြင့်အလှူဒါနထဲ၌။ မနှောရစိတ်မပွဲစေရ။ အလှူရဲရဲ, သီလမြဲမြဲ, ဘာဝနာတွင်စိတ်ဝင်စွဲနိုင်ကြ အောင်များများကြီး သတိဆောင်အပ်, ဆောင်သင့်, ဆောင်ထိုက်လှတော့ သည်။ဆောင်နိုင်ကြပါစေကုန်သတည်း။ ။(တပမာနေနဘာပုဒ်တည်းလျက်။ နှစ်နည်းနှစ်ချက်အနက်ပေးရသည်မှာ။သိလေသာလက်ာရနည်းတည်း)။ ။

"ယာဝတာဘိက္ခဝေဓမ္မာ သခ်တာဝါအသခ်တာဝါဝိရာဂေါတေသံအဂ္ဂ မက္ခာယတိ"။စသောဏ္ဏုတ္တိဝုတ်ပါဠိတော်စသည်တို့ကို။ သတိရှေ့ရှုအောက် မေ့မိသူတို့မှ။တထာဂတ,ထက် နိဗ္ဗာန်,၏မြတ်သည့်အဖြစ်ကိုကြပ်ကြပ်ယုံ ကြည်နိုင်ကြမည်။ ။"ယာဝတာဘိက္ခဝေသတ္တာ အပဒါဝါဒွိပဒါဝါစတုပ္ပဒါ ဝါဗဟုပ္ပဒါဝါတထာဂတောတေသံအဂ္ဂမက္ခာယတိ"။ပါဠိတော်အရသတ္တဝါ ဟူသမျှတို့တွင်။ ဘုရားသျှင်အမြတ်ဆုံးဟူ၍ မှတ်အပ်၏၊ နိဗ္ဗာန်ထက်ပင်

ဘုရားသျှင်မြတ်သည်ဟု အဘိဓာန်ဋီကာ၌လာသည့် စကားအရိပ်ရှိသော် လည်း။ သင်္ခတ, အသင်္ခတ,တရားနှစ်ပါးတို့မှအလွတ်၊ ၃ုံးရမြောက်သော တရားမည်သည် ရှိတော့သည်မဟုတ်ဟူသော ကထာဝတ္ထုပါဠိတော်နှင့် အညီ၊ ဘုရာ ဟူသောပညတ္တိဓမ္မ,သည်လည်း သင်္ခတ,အသင်္ခတ, တရား တွင်မှမလွတ်သောကြောင့်လည်းကောင်း။ သင်္ခတ,အသင်္ခတ, တရားဟူ သမျှတို့တွင်။နိဗ္ဗာန်အမြတ်ဆုံးဟူ၍ ဇာတိဝုတ်ပါဠိတော်၌လာသောကြောင့် လည်းကောင်း။ ယင်းပါဠိတော်နှစ်ချင်ကို။ လွှန်ဝံ့သည်ဖြစ်၍။ ဘုရားသျှင် ထက်ပင် အသင်္ခတဓာတ် နိဗ္ဗာန်ရတနာ, မြတ်သည်ဟု ဆိုလိုက်ရပေ သတည်း။ ဤအကြောင်းမှာ။ဤ"သင်္ခေပကထာ"၌၊ အကျယ်မဆိုသားသေး သောကြောင့်။အထက်"ဝိတ္ထာရကထာ"သို့ရောက်မှ၊ဤထက်ကျယ်ဝန်းစွာ ကထာဝတ္ထု, ဇာတိဝုတ်ပါဠိတော်,အဋ္ဌကထာ, စသည်တို့ကိုအသေအချာ ထုတ်ဆော်ပြလျက်၊ အနက်အဓိပ္ပါယ်များစွာနှင့်တကွ။ ကျမ်းဘတ်ကဗိ ပညာရှိတို့သတိရကြ, သဘောကျကြလောက်အောင် ထုတ်ဆောင်ဦး လတ္တံ့။ ။

"နိဗ္ဗုတိ န္တိ နိဗ္ဗုတသဘာဝံ နိဗ္ဗာနံ"။ နိဗ္ဗုတိ န္တိ၊ နိဗ္ဗုတိ ံ ဟူသည်ကား။ နိဗ္ဗုတသဘာဝံ၊တဏှာ တသိး မီးဟူသမျှတို့မှတဝတည်းငြိမ်းဇေးခြင်းသဘော ရှိသော။ဝ၊ ငြိမ်းဇေးခြင်းသဘောဟုဆိုအပ်သော၊ နိဗ္ဗာနံ၊ အသင်္ခတဓာတ် နိဗ္ဗာန်ရွှေပြည်မြတ်ကို။ ။ဤသို့လာသော ထေရဂါထာ အဋ္ဌကထာပါဠိ အတိုင်း။ တဏှာဘသိး မီးအပေါင်းတို့မှ ကောင်းကောင်းကြီး ငြိမ်းဇေးခြင်း သဘောကိုနိဗ္ဗာန်ရွှေနန်းအခွံမခန်းဟု။ သမာဓိဂုဏာလင်္ကာရစကားမိန့်ကြား ခေါ်ဆိုအပ်သည်မှတ်၊ ။"ပရိနိဗ္ဗာနသဘာဝ သင်္ခါတံ နိဗ္ဗာနံ"။ ။ ပရိနိဗ္ဗာန သဘာဝသင်္ခါတံ၊အလုံးစုံသောဘေးအပေါင်းတို့မှတပေါင်းဘည်း ထက်ဝန်းကျင်ငြိမ်းဇေးခြင်းသဘောဟု ဆိုအပ်သောဘရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သားခေါ်် ဘေးမဲ့တောင်မည်၏။ ။ဤသို့လာသော။ သဒ္ဒါယတန သံယုတ်,ဋီကာအဂိုင်း။ ငြိမ်းဇေးခြင်းသဘောသည် နိဗ္ဗာန်မည်၏ဟု ဆိုခဲ့ သောရှေစကားကိုအထူးအားဖြင့်ယုံကြည်ကြကုန်၊ ။"နိဗ္ဗာနဓာဘူတိစ နိဗ္ဗုတိမတ္တံ"။ ။နိဗ္ဗာနဓာတူတိစ၊နိဗ္ဗာနဓာဘ်ဟူသည်လည်း။နိဗ္ဗုတိမတ္တံ၊ တဏှာဘသိး မီးအပေါင်းတို့မှ တဝတည်း ငြိမ်းဇေးခြင်း သဘောဓာဘ်အစ မျှတည်း။ ။

ဤသို့လာသောသီလက္ခန်ဋီကာ။ ယင်းနည်းတူလာသော နေတ္တိအဋ္ဌ

ကထာပါဠိအတိုင်း။ လူတို့မမြင်နိုင်ရာ။ ပဏ္ဏမြားတောင်ထဲ သမုဒြာထဲ၌ ပဏ္ဏမြားခတ် အစုအခဲ တည်သကဲ့သို့၊ အန္ဓပုထုဇန်တို့ မမြင်နိုင်ရာ။ ပရိနိဗ္ဗုတ, ပုဂ္ဂိုလ်တို့ရှိရာဝယ် အလွန်သိမ်မွေ့ လှစွာ သုဂန္တိရ,သုဒုဒ္ဒသ, သုနိပုဏ, သဘောအရုဖြစ်သော၊ တဆဲ့တသီးမီးအပေါင်းတို့မှငြိမ်းဧးခြင်း ခတ်အရ၊ငြိမ်းဧးခြင်းခတ်သဘောကို။နိဗ္ဗာနခတ်ဆိုသည်။ယင်းပရမတ္ထ နိဗ္ဗာနခတ်သဘောကိုပင်။ဤလောက၌ထင်ရှားသောဘကယ့်တောင်မျိုး၌ တင်စား၍သမာဓိဂုဏာလက်ာရအားဖြင့် နိဗ္ဗာန်သာခေါင်။ လူနှင့်ဝေးသည့် ဘေးခွဲတောင်ဟုခေါ်ဆိုအပ်သတည်း။ ။နိဗ္ဗာန်ဟုဆိုအပ်သော၊ယင်းငြိမ်း ဧးခြင်းသဘောဟူသည်၊အဘယ်၌တည်ပါသနည်းဟုမြွေးအံ့။ငြိမ်းဧးသည့် သူပရိနိဗ္ဗုတ,အသျှင်တို့၌ပင်တည်သည်မှတ်။နတ်ဖြဟ္မာတို့ချမ်းသာသည်၊ ထိုနတ်ဖြဟ္မာတို့ကိုယ်၌ တည်သကဲ့သို့တည်း။ ဤအနက်ကိုပင်ရည်တော် မူ၍။"နိဗ္ဗာနမ္ပိခန္ဓပဋိဗဒ္ဓမေဝ"။ဟု ဝိသုဒ္ဓိမဂ်ဋီကာ၌ မိန့်အပ်သတည်း။ ။ အဖျားရောဂါအပူနာကြီးရောက်သည့်အခါ။ ဆေးသမားကောင်း၏။ ဆေး ကောင်းညွှသခကိုသောက်ရသဖြင့်။အပူခတ်ပျောက်၊ အဧးခတ်ရောက် လာရာ။ယင်းအဧးခတ်ဟူသောသီတတေဇောခတ်သည်ဆိုယောကျ်ား၌ ထင်ရှားရှိသကဲ့သို့။ပရိနိဗ္ဗုတ,ပုဂ္ဂိုလ်အား၊ခန္ဓာငါးဝအပူခတ်လှလှပျောက် သည်အခါ။အသခ်ဘခတ်, ဟူသော ငြိမ်းဧးခြင်းသီတခတ်, နိဗ္ဗာယန ခတ်,ရောက်လာသည်၊ ယင်းသီတခတ်, နိဗ္ဗာယနခတ်,ဟူသောနိဗ္ဗာန သုခသည်။ထိုနိဗ္ဗာန်၌တည်၍နေသူပရိနိဗ္ဗုတ,ပုဂ္ဂိုလ်၌ပင် ထင်ရှားရှိသည်။ အရဟတ္တဖိုလ်,သည်ရဟန္တာပုဂ္ဂိုလ်,၌တည်သည်၊ရဟန္တာပုဂ္ဂိုလ်,သည် လည်း။အရဟတ္တဖိုလ်,၌တည်၍နေသည်ဟုအပြန်အလှန် ဆိုအပ်သကဲ့သို့။ နိဗ္ဗာနသုခ,သည်ပရိနိဗ္ဗုတပုဂ္ဂိုလ်,၌တည်သည်။ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်သည် လည်းထိုနိဗ္ဗာန်၌တည်သည် ဟူ၍ ဆိုအပ်သည်သာတည်း။ ယင်းသို့ဆို အပ်သော်လည်းဌာနိဌာန,မုချ,အားဖြင့်ဆိုအပ်သည်မဟုတ်၊"အာကာသေ သကုဏာပက္ခန္တိ။ နဘောဝန္တေသုဇောဘတိ" စသည်တို့၌ကဲ့သို့ မကောင်း ကောင်းသော၊ ဝိသယာခရ,ဝိသယိ အာဓေယျ,အရောက်ရည်၍ ဆိုအပ် သည်မှတ်၊ ဒေဝသမ္ပတ္တိ,ဟူသော နတ်စည်းစိမ်သည် စည်းစိမ်ရှင်နတ်၌ တည်သည်၊ စည်းစိမ်ရှင်နတ်သည်လည်း။ မိမိ၏ နတ်စည်းစိမ်၌ရှိငြိမ် ချမ်းသာ ခံစားလျက်သာတည်သည် ဆိုအပ်သကဲ့သို့၊ နိဗ္ဗာန် စည်းစိမ် သည်လည်းစည်းစိမ်သခင်ပရိနိဗ္ဗုတ အသျှင်၌ပင်တည်သည်။ ပရိနိဗ္ဗုတ,

အသျှင်သည်လည်း။ မိမိစံစားစရာပေါ်ရောက်လာသောယင်းနိဗ္ဗာန်ရတနာ
၌ပင်တည်သည်ဟုဆိုအပ်သတည်း။ ။အခ္ခဟတ္တမိုလ်,ဟူသောသဉပါဒိ
သေသနိဗ္ဗာန်,၌တည်နေသော ရဟန္တာပုဂ္ဂိုလ်ဟူသည်၊ ပရမတ္ထအားဖြင့်
ထင်ရှားမရှိသော်လည်း။ သမ္မုတိပညတ်အားဖြင့် ထင်ရှားမရှိမဆိုအပ်သ
ကဲ့သို့"အသင်္ခတဓာတ်ဟု ဆိုအပ်သော အနုပါဒိသေသ နိဗ္ဗာန်,၌တည်
ရောက်၍နေသူပရိနိဗ္ဗုတပုဂ္ဂိုလ်, ဟူသည် ပရမတ္ထအားဖြင့် ထင်းရှားမရှိ
သော်လည်းပရမတ္ထမှအလွတ်။ ရူပသင်္ခါရမတ္တ။ပ။ ဝိညာဏသင်္ခါရမတ္တ,
ပုဂ္ဂိုလ်အဖြစ်ဖြင့်။ဆိုနိဗ္ဗာန်၌ထင်ရှားမရှိမဆိုသင့်သည်၏အဖြစ်ကို ကြေန်
မှတ်အပ်၏၊ရူပသင်္ခါရမတ္တ၊ပ။ဝိညာဏသင်္ခါရမတ္တ,ပုဂ္ဂိုလ်ဟူရာ၌လည်း
ခန္ဓာငါးပါးရှိစဉ်ပုဂ္ဂိုလ်အမည်ကိုတင်စား၍၊ဘူတပုဗ္ဗဂတိကနည်းအားဖြင့်
သာဆိုအပ်သည်မှတ်၊အခ္ခဟတ္တဖလဋ္ဌာန်,ပုဂ္ဂိုလ်ဟုဆိုအပ်သောရဟန္တာ
ပုဂ္ဂိုလ်၏တည်ရာအခ္ခဟတ္တမိုလ်တရားသည် ပရမတ္ထအားဖြင့် ထင်ရှား
ကြေန်ရှိသကဲ့သို့။ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့၏ အသီးအသီးတည်နေရာ ယင်း
နိဗ္ဗာယနဓာတ်ဟူသော အသင်္ခတဓာတ်ဟူသည်လည်း ပရမတ္ထအားဖြင့်
ထင်ရှားကြေန်ရှိသည်မှတ်။ အပူဓာတ် ပျောက်သော ယခင်ယောက်ျား
၌။ အဇေးဓာတ် သီတတေဇော ထင်ရှားရှိသကဲ့သို့တည်း။ ။ယင်းသီတ
တေဇောဓာတ်သည်။ထိုယောက်ျား၌။အပူဓာတ် မပျောက်သေးခင်အလွတ်
သက်သက်။တပုံတခုအရပ်၌ ဖြစ်နေနှင့်သောမည်သည် မရှိသကဲ့သို့။ ထို
အသင်္ခတနိဗ္ဗာနဓာတ်သဘောပေါ်ရောက်လာသော ပရိနိဗ္ဗုတ ရဟန္တာအ
သျှင်၌။ခန္ဓာငါးဝဟူသောမီးပူမငြိမ်းမပျောက်သေးခင်။ ထိုပုဂ္ဂိုလ်စံဝင်စရာ
အကြောင်းကင်းသဖြင့်လျောက်လျားဘာသာရှေးဉူးတင်၍ဖြစ်နေနှင့်သော
နိဗ္ဗာန်မည်သည်မရှိမှတ်၊ ။ထိုအပူဓာတ်ပျောက်၍၊အဇေးဓာတ်ရောက်သည်
အခါ။လွှန်၍ချမ်းသာ၍နေသော ယောက်ျားအား၊ ပူလောင်ခြင်းသဘော
ရှိသောဉဏှတေဇောဓာတ်,၏မရှိခြင်းအဘာဝကြောင့်သာ။ ထိုယောက်ျား
ချမ်းသာသည်မဟုတ်။အပူဓာတ်ပျောက်လျှင် ပျောက်ခြင်း ထင်ရှားပေါ်
ရောက်လာသောသီတလသဘာဝ,ဟူသော။သီတတေဇောဓာတ်,၏အစွမ်း
ဖြင့်လည်း၊ထိုယောက်ျားချမ်းသာသကဲ့သို့၊ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့အား။ ခန္ဓာ
ငါးဝဒုက္ခမီးပူ မရှိခြင်းဟူသောအဘာဝ, အစွမ်းဖြင့်သာ ချမ်းသာသည်
မဟုတ်သေး၊ခန္ဓာငါးဝဒုက္ခမီးပူ ပျောက်လျှင်ပျောက်ခြင်း။ ပေါ်ပေါက်၍လာ
သော။ငြိမ်းခြင်းသဘောရှိသောအသင်္ခတဓာတ်၏အစွမ်းဖြင့်လည်း။ ထိုပရိ

နိဗ္ဗုတပုဂ္ဂိုလ်တို့။တစုံတခုသုခနှင့်မတူ။ အလွန်ထူးဆန်းသိမ်မွေ့သောအစ
လသုခ,အစွမ်းအားဖြင့်ချမ်းသာရကြသည်ကေန်မှတ်။ဈာနသမာပတ်,ဖလ
သမာပတ်,ကိုဝင်စား၍ နေသောပုဂ္ဂိုလ်တို့အား။ နိဝရဏကိလေသာတို့၏
မရှိခြင်းအဘာဝမျှဖြင့်သာချမ်းသာသည်မဟုတ်။ထင်ရှားရှိသောဘာဝဖြစ်
သောဈာန်၏အစွမ်း ဖိုလ်၏အစွမ်းဖြင့်လည်းချမ်းသာရ၍ နေသကဲ့သို့။ပရိ
နိဗ္ဗုတအသျှင်တို့အားလည်း ခန္ဓာငါးဝဒုက္ခမရှိခြင်း ဒုက္ခာဘာဝဖြင့်သာ
ချမ်းသာသည်မဟုတ်။ ခန္ဓာငါးဝ ဒုက္ခအိုးကြီးပျောက်လျှင်ပျောက်ခြင်း။
ပေါ်ပေါက်လာသောသိတလသဘာဝ,အားဖြင့် ထင်ရှားရှိသော အသင်္ခတ
ဓာတ်၏အစွမ်းအားဖြင့်လည်း။ ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်တို့လွန်စွာဧးမြချမ်းသာ
ကြရသည်မှတ်။ ။တနည်းလည်းအလွန်ပူပြင်းလှသောနေပူ၏အစွမ်းဖြင့်။
အလွန်ပူအိုက်လှသောယောကျ်ား၏ ဧးမြစွာသောမြစ်ကြီးရေတွင်းသို့ဆင်း
ချိုးရသည့်အခါ။ယင်းနေပူ၏မရှိခြင်း၊ ဥဏှာဘာဝ,ကြောင့်သာ ချမ်းသာ
သည်မဟုတ်၊ ထိုမြစ်ကြီးရေ၏။ဧးမြခြင်းသိတဓာတ်,၏အစွမ်းဖြင့်လည်း။ဧး
မြချမ်းသာခြင်းဖြစ်သကဲ့သို့။အသင်္ခတဓာတ်နိဗ္ဗာန်,သို့ ရောက်သွားသောပ
ရိနိဗ္ဗုတပုဂ္ဂိုလ်,တို့အား။ ကိလေသာ,ခန္ဓာငါးဝ,ဟူသောနေပူ၏မရှိခြင်းအ
ဘာဝမျှဖြင့်သာ။ချမ်းသာသည်မဟုတ်။ဧးမြခြင်းသဘောရှိသောထိုအသင်္
တဓာတ်၏။ဧးမြခြင်းသဘောအစွမ်းအားဖြင့်လည်း။အလွန်လျှင်ချမ်းသာ၍
နေသည်ဟူ၍သိကြကုန်။ ။ထိုဈာနသုခ,ဖလသုခ,ကိုခံစားလျက်.ဈာန်,ဖိုလ်,
ဝင်စား၍နေသောဈာနလာဘီ၊ ဖသသမာပတ္တိ, အသျှင်တို့အား။ ဂုန့်ရင်း
ကြမ်းတန်းသောကာယဝိညာဏ,ကာမာဝစရသုခဝေဒနာ, မရှိဘဲလျက်။
ထိုသိမ်မွေ့သော ဈာနသုခ, ဖလသုခ,ဖြင့် အလွန်သိမ်မွေ့စွာချမ်းသာ၍
နေသကဲ့သို့။ထိုနိဗ္ဗာနသုခ,ဖြင့် ချမ်းသာရ၍ နေသော ပရိနိဗ္ဗုတပုဂ္ဂိုလ်
တို့အားလည်း။ဂုန့်ရင်းကြမ်းတန်းသောလောကီလောကုတ္တရာ။သင်္ခတသုခ
ဝေဒနာ,နှင့်မယှဉ်ဘဲ။ အလွန်သိမ်မွေ့သည်အောက် သိမ်မွေ့ စွာသော
အစလချမ်းသာကိုရ၍ နေတော်မူကြရသတည်း။ ဈာနသုခ, ဖလသုခ,ကို,
ခံစားလို၍။ ဈာန်,ဖိုလ်,ကို ဝင်စားကြသော ပုဂ္ဂိုလ်တို့အား။ ဈာန်ဖိုလ်
မဝင်စားခင် ရှေးဦးတင်၍ ဖြစ်နေနှင့်သော။ ဈာန်ဖိုလ်, ဟူသည် မရှိ။
ထိုဝင်စားသည်အခါမှသာ။ထိုဈာန်ဖိုလ်,တို့ပေါ်၍လာသကဲ့သို့။နိဗ္ဗာနသုခ,
ဟူသည်လည်း။ ပရိနိဗ္ဗုတ,ပုဂ္ဂိုလ် မပေါ်သောခင်။ ရှေးဦးတင်၍ ဖြစ်နေ
နှင့်သည်မဟုတ်။ပရိနိဗ္ဗုတပုဂ္ဂိုလ်ပေါ်ရောက်လာမှသာလျှင်။ အလွန်နူးညံ့

သိမ်မွေ့သော သန္တိသဘာဝ, ပရိနိဗ္ဗာယနသဘာဝ,အားဖြင့်။ ထိုပရိ
နိဗ္ဗုတ, ပုဂ္ဂိုလ်အား ချမ်းသာစေသည် ဖြစ်၍ ပေါ်လာသည်မှတ်။ ။
ဈာန်ဘုရား,မဂ်ဖိုလ်တရား,တို့သည်။ပရမတ္ထအားဖြင့် ထင်ရှားရှိသကဲ့သို့။
နိဗ္ဗာန်ဘုရားသည်လည်း။ ဈာန်မဂ်ဖိုလ် တို့ကဲ့သို့၊ ပရမတ္ထ တရားချင်း
အတူတူဖြစ်၍။ ထင်ရှားရှိသည်သာတည်း။ ဈာန်ဖိုလ်,တရားတို့မှာ။ တရံ
တဆစ်မဖြစ်ဘူးသေးဘဲ။ထိုဝင်စားသည့်အခါမှ တခါတည်းသာ ဖြစ်လာ
ပြီးနောက်။ ခဏတ္တယ,သို့ရောက်သဖြင့်။ လျင်စွာပျောက်၍ သွားသည်။
နိဗ္ဗာယန သိဘာသဘာဝ,ရှိသော၊ ယင်းအသင်္ခတဓာတ် နိဗ္ဗာန်ဟူသော
ပရမတ္ထတရားမှာ။ရှေးအခါတရံတဆစ်မဖြစ်ဘူးသေးဘဲ။ပရိနိဗ္ဗုတပုဂ္ဂိုလ်
ပေါ်လာရာဝယ်၊ ဤတခါတည်းသာ။ အလွန်သိမ်မွေ့စွာ ဖြစ်ပေါ်လာပြီး
နောက်။မပျောက်မပျက်အမြဲတည်၍နေသည်မှတ်။ထို့ကြောင့် သဒ္ဒါယတန
သံယုတ်အဋ္ဌကထာ၌။"အဘူတံအဇာတံဟုတွာအတ္ထီတိအစ္စုတံ" ဟူ၍
မိန့်အင်ပြီ၊ ။ယံ၊အကြင်နိဗ္ဗာန်သည်။အဘူတံအဇာတံ၊ရှေး၌တရံတခါမျှ
မဖြစ်ဘူးသေးဘဲ။ဟုတွာ၊ဤတခါတည်းသာဖြစ်ပေါ်လာသည်ဖြစ်၍။ အတ္ထိ၊
မပျောက်မပျက်အမြဲရှိနေဘည်နေတတ်၏၊ ဣတိ၊ထို့ကြောင့်။ တံ၊ထိုနိဗ္ဗာန်
သည်။အစ္စုတံ၊အစ္စုတမည်၏၊ ။၎င်းအနက်၊ ။တဿဘိက္ခဝေဣဓေဝ
သဗ္ဗဝေဒယိတာနိအနဘိနန္ဒိတာနိသီတိဘဝိဿန္တိ။အယံဘိက္ခဝေအနုပါဒိ
သေသာနိဗ္ဗာနဓာတု၊ ။ဘိက္ခဝေ၊ရဟန်းတို့။တဿ၊ ထိုရဟန္တာဖြစ်လေ
ပြီးသောပုဂ္ဂိုလ်အား။ ဣဓေဝ၊ ဤရဟန္တာဖြစ်သောဘဝ၌ပင်လျှင်။ သဗ္ဗ
ဝေဒယိတာနိ၊ အလုံးစုံသော ဝေဒနာတို့ဖြင့် ကျင်နာခြင်း ဒုက္ခသဘော
ရှိသော ခန္ဓာငါးပါး ဒုက္ခမီးပုံများတို့သည်။ အနဘိနန္ဒိတာနိ၊ တဏှာဖြင့်
တွယ်တာနှစ်သက်စရာမရှိ ချုပ်ကြီးချုပ်ကုန်သည်ဖြစ်၍၊ သီတိ-သီတလီ၊
အလုံးစုံ ကွယ်ပျောက် ငြိမ်းခြင်းသို့ ရောက်ကုန်သည်၊ ဝါ၊ ငြိမ်းသကဲ့သို့
ဖြစ်ကုန်သည်။ယံဘဝိဿန္တိ၊အကြင်ဖြစ်ကုန်လတ္တံ့။ အယံ၊ ဤရဟန္တာ
ပုဂ္ဂိုလ်ခန္ဓာငါးသွယ်ကွယ်ချုပ်သည့်အခါဖြစ်ပေါ်လာလတ္တံ့သော ငြိမ်းခြင်း
သီတဘာဝသဘောသည်။အနုပါဒိသေသာ၊အနုပါဒိသေသမည်သော။နိဗ္ဗာ
နဓာတု၊အသင်္ခတ,ဓာတုမည်သည့်နိဗ္ဗာနဓာတ်မည်၏၊ ။ဤသို့လာသောဣတိ
ဝုတ်ပ္ပါဒ်တော်ဖြင့်လည်း။အသင်္ခတဓာတ်နိဗ္ဗာန်,ဟူသည်။ပရိနိဗ္ဗုတ,ပုဂ္ဂိုလ်
မရောက်မပေါ်သေးခင် ရှေးဦးကပင်၍၊ ဖြစ်နေနှင့်သည်မဟုတ်၊ ပရိနိဗ္ဗုတ,
ပုဂ္ဂိုလ်ခန္ဓာပျက်သည့်အခါမှ ဖြစ်ပေါ်လာသည်ဟူသောအနက်၊ နိဗ္ဗာန်,

ဟူသည် ငြိမ်းချမ်းအေးမြခြင်းသီတိသဘာဝ,ဟူသော ပရိနိဗ္ဗာယနသဘော,
ကိုပင် ဆိုသည်ဟူသော အနက်သည်။ ကောင်းကင်ဝ၌ နေလအသွင်
ကျမ်းဂန်သိမြင်ကြသော ပုဂ္ဂိုလ်အသျှင်တို့အား၊ အလွန်ထင်ရှားသလျှင်
ကတည်း။ ။"အတ္ထိဘိက္ခဝေ တဒါယတနံ၊ယတ္ထ နေဝပထဝီ နအာပေါ
နတေဇော နဝါယော။လ။နစန္ဒိမသူရိယာ"။ ။ဘိက္ခဝေ၊ရဟန်းတို့။ယတ္ထ၊
အကြင်ဘုံတည်ရာအာယတန၌။ နေဝပထဝီ၊ အခြားဘုံများကဲ့သို့မြေကြီး
လည်းမရှိ။နအာပေါ၊ရေလည်းမရှိ။ နတေဇော၊ မီးလည်းမရှိ၊ နဝါယော၊
လေလည်းမရှိ။လ။ နစန္ဒိမသူရိယာ၊ လရောင်, နေရောင်,လည်း မရှိကုန်။
တဒါယတနံ၊ ထိုမြေ, ရေ,လေ,မီး,လည်း မရှိ၊ လရောင်, နေရောင်,လည်း
မထွန်းပြောင်၊ အမိုက်မှောင်လည်းမသန်း၊ပကတိကိုယ်တော်ရောင်အစွမ်း
ဖြင့်၊အတုမရှိထွန်းပြောင်၍နေရာ၊ ထူးဆန်းလှစွာသော ဘုံတည်ရာအာယ
တန၊ တုမရှိသော မြို့နန်းမသည်။ အတ္ထိ၊ပရိနိဗ္ဗုတ, ပုဂ္ဂိုလ်၏တည်စံမွေ့
လျော်ရာအားဖြင့် ထင်ရှားရှိသေး၏။ ။ဤသို့လာသောဥဒါန်းပါဠိတော်ကို
ထောက်သဖြင့်လည်း။နိဗ္ဗာန်,ဟူသည်၊ရုပ်,နာမ်ခန္ဓာ ကွယ်ပျောက်၍ သွား
ခြင်း အဘာဝ,တုစ္ဆ,မျှသာမဟုတ်၊ငြိမ်းအေးခြင်းသဘောအားဖြင့် ထင်ရှား
ရှိသည် ဧကန်မှတ်ကြကုန်။ ။"အတ္ထိဘိက္ခဝေအဇာတံအဘူတံအကတံ
သင်္ခတံ"။ ။ဘိက္ခဝေ၊ ချစ်သားရဟန်းများတို့။ ဇာတံ၊ထင်ထင်ရှားရှား၊
ဥပါဒ်အားဖြင့် သိသိသာသာ ဖြစ်၍လာသောတရားမျိုးမှသာလျှင်။ နအတ္ထိ၊
ထင်ရှားရှိသည် မဟုတ်သေး။ ။(ဇာတိရေကတ္တဘို့၌ထည့်ပါ)။ ။
အဇာတံ၊ ဥပါဒ်အားဖြင့် ရုန့်ကြမ်းစွာမဖြစ်အလွန်နူးညံ့သိမ်မွေ့စွာ ဂမ္ဘီရ
သဘောအားဖြင့် ဖြစ်၍လာသောနိဗ္ဗာန်ဟူသောတရားမျိုးတခုသည်လည်း။
အတ္ထိ၊ ဥပါဒ်အားဖြင့်ဖြစ်ပေါ်လာသောတရားများကဲ့သို့ပင် ထင်ရှားရှိသည်
မှန်၏၊ ဘိက္ခဝေ၊ ရဟန်းများတို့၊ဘူတံ၊ ဥပါဒ်အထည်ဒြဗ်အားဖြင့်ဖြစ်၍နေ
သောတရားမျိုးမှသာလျှင်။ နအတ္ထိ၊ ထင်ရှား ရှိသည်မဟုတ်၊ အဘူတံ၊
ပရမတ္ထအားဖြင့်ထင်ရှားရှိပါသော်လည်း အခြားပရမတ္ထတရားများထက်
ပင် အလွန်လျှင်သိမ်မွေ့စွာဖြစ်၍နေသော တရားမျိုးသည်လည်း။ အတ္ထိ၊
ထင်ရှားရှိသည်ပင်မှန်၏၊ ကတံ၊ ပြုလုပ်၍ဖြစ်သည့်အတိုင်း ပြုလုပ်အပ်ပုံ
နိမိတ်ပေါ်သောတရားမျိုးမှသာလျှင်။ နအတ္ထိ၊ထင်ရှားရှိသည် မဟုတ်သေး။
အကတံ၊အကြောင်းတရားတို့ပြုလုပ်၍ဖြစ်ပေါ်လာသော်လည်း ပြုလုပ်အပ်
ပုံအရိပ်အရောင်မပေါ်လာ အလွန်သိမ်မွေ့စွာ ပေါ်လာသော တရားမျိုး

သည်လည်း။အတ္ထိ၊ ထင်ရှားရှိသည်ပင်ဖြစ်၏၊ သင်္ခတံ၊ အကြောင်းများစွာ
ပြုစီရင်နိုင်မှ ဖြစ်လာရသည့်အတိုင်း၊ ယင်းပြုစီရင်နိုင်မှ ဖြစ်လာပုံပေါ်၍
နေသော တရားများမှသာလျှင်။ နအတ္ထိ၊ ထင်ရှားရှိသည် မဟုတ်သေး။
အသင်္ခတံ၊ ပါရမီအကြောင်းများစွာပြုစီရင်အပ်တိုင်း ပြုစီရင်အပ်ပုံမပေါ်။
သင်္ခတစော်မနံ၊ သင်္ခတပုံဟန်နှင့် အလွန်ကွာဝေး၍နေသော အလွန်နူးညံ့
သိမ်မွေ့သော တရားမျိုးသည်လည်း။ အတ္ထိ၊ သင်္ခတ တရားမျိုးကဲ့သို့ပင်
ပရမတ္ထအားဖြင့် ထင်ရှားရှိသည်မှန်၏။ ။ဤသို့လာသော ဥဒါန်းပါဠိတော်
ဖြင့်လည်း။နိဗ္ဗာန်,ဟူသည်။ အခြားပရမတ္ထတရားများကဲ့သို့ ထင်ရှားဧကန်
ရှိသည်သာ။ သိမ်မွေ့နူးညံ့စွာဖြစ်၍လာသောကြောင့်သာ။ ဖြစ်လာသော်
လည်း ဖြစ်လာမှန်းမသိ။ ပြုပြင်အပ်ပါသော်လည်း ပြုပြင်အပ်ရာ မထင်
သည်။ ထိုသို့ထင်ထင်ရှားရှား ရုန့်ရင်းစွာမဖြစ်လာသည်ကို ရည်တော်မူ၍
သာ။ အဇာတံ, အဘူတံ, စသည်ဖြင့်ဆိုသည်မှတ်ကြကုန်။ ။အလုံးစုံ
ဘယ်ဟာဘာရမျှမဖြစ်ခဲ့လျှင် အဘာဝသာဧကန်ဖြစ်တော့မည်။ထို့ကြောင့်
ဥပါဒ်ဒြဗ်အထင်အရှားရုန့်ကြမ်းစွာ မဖြစ်သည်ကိုသာရည်၍။ အဇာတံ,ဆို
သည်ဟု နေတ္တိအဋ္ဌကထာလာတိုင်း ဥပါဒ်အားဖြင့် ရုန့်ကြမ်းစွာသာ မဖြစ်
လာသည်။ အလွန်နက်နဲသိမ်မွေ့စွာ ဖြစ်လာသော ယင်းနိဗ္ဗာန် သဘော
တရားကား ဧကန်ထင်ရှားရှိ၏မှတ်ကြကုန်။ ။ရုန့်ရင်းသော အတ္တဘော
ရှိသူလူတို့ကိုယ်၌။ နတ်ပူးဝင်လာသည့်အခါ။ အပူးဝင်ခံရသူ လူကိုမြင်ရ
လျက်ပင်၊ပူးဝင်လာသည့် နတ်ကိုမမြင်ရသေး၏ရှင့်။ နတ်ကိုနတ်ချင်းပူးဝင်
သည့်အခါ ပဂေဝ။ ပူးဝင်တတ်, ပူးဝင်အပ် နတ်နှစ်ယောက်လုံးကိုပင်
မမြင်ရ။ထိုကြောင့်။ မိစ္ဆာလူမျိုးအချို့တို့က။ မိမိတို့မမြင်ရသည့်တွက်တာ
ဖြင့်။ ဤလောကမှာ နတ်ဟူသည် မရှိဆိုကြသကဲ့သို့။ နတ်လျှင်နတ်ချင်း
ပူးဝင်သည်ထက် အဆအရာမက အလွန်သိခက်မြင်ခက်လှစွာ။ သုဒုဒ္ဒသ
သုနိပုဏာဖြစ်၍တည်နေသော ပရိနိဗ္ဗုတပုဂ္ဂိုလ်။ထိုပုဂ္ဂိုလ်တို့၏တည်နေရာ
နိဗ္ဗာန်။ ယင်းနှစ်ဌာန်လုံးပင် အလွန်နက်နဲခြင်း ဂမ္ဘီရတာရဖြစ်၍နေသည်ကို။
အန္ဓပုထုဇန်တို့ မသိမမြင်နိုင်ကြသည့် အတွက်ကြောင့်။ နိဗ္ဗာန်,ဟူသည်
လည်း ထင်ရှားမရှိ။ နိဗ္ဗာန်ရောက်သူ,တို့လည်း အလုံးစုံကွယ်ပျောက် ပြတ်
တောက်။ အချည်းနှီးတုစ္ဆ, အဘာဝ, အဖြစ်သို့သာရောက်၍ သွားကြလေ
တော့သည်ဟု။ အယူမှောက်မှား ပြောကြားမိတတ်ကြသည်။ ယင်းသို့
မမှောက်မှားကြရအောင် အထူးသတိဆောင်ကြစေကုန်သတည်း။ ။

နတ်ကိုနတ်ချင်းပူးဝင်သည်အရာလာသည်ကား၊ ဘုရားသျှင်ရှေတော်ပါး၌ စကားကောင်းလျှောက်ထား၍နေသောတာဝတိံသာနတ်သား၌။ ဝသဝတ္တိ မာရ်နတ်ပူး၍အချူးအနှမ်းစကားကြွမ်းဖြင့် ဘုရားသျှင်အားလျှောက်ထားစေ သည်ဟု သဂါထာဝဂ္ဂသံယုတ်ပါဠိတော်လာသတည်း။ ။ဤဥပမာ၌၊အပူး ခင်ခံရသော တာဝတိံသာ နတ်သားကဲ့သို့ နိဗ္ဗာန်ကို မှတ်အပ်၏။ ထို တာဝတိံသာနတ်သား၌ပူးဝင်လာသောဝသဝတ္တိနတ်မင်းကဲ့သို့၊ ထိုနိဗ္ဗာန် ၌တည်ရောက်လာသောပရိနိဗ္ဗုတပုဂ္ဂိုလ်,ကိုမှတ်အပ်၏၊ ဤသို့ပူးဝင်ရာပူး ဝင်တတ်နတ်နှစ်ယောက်လုံး အထင်အရှားရှိလျက်။ပကတိလူတို့မျက်စိဖြင့် မမြင်ရသကဲ့သို့။ထိုအသခ်တခတ်နိဗ္ဗာန်။ထိုနိဗ္ဗာန်၌တည်ရောက်လာသော ပရံနိဗ္ဗုတအသျှင်တို့ကို ပကတိပုထုဇန်တို့မမြင်နိုင်သည်ကို မှတ်အပ်၏။ ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်ဟူသည်အဘယ်နည်းဟူမူကား။ပရံနိဗ္ဗာန်ပြုပြီးနောက် ရူပါဒိသခ်ါ၅မျက္ခ,အဖြစ်၌တည်လျက်။ဂန္ဓိရ,အပ္ပမေယျ,ဒုပ္ပရိယောဂ်ဟ, ဖြစ်၍နိဗ္ဗာန်၌တည်နေသောပုဂ္ဂိုလ်တို့ကိုဆိုသတည်း။ထိုပရိနိဗ္ဗာန်ပြုသဖြင့် ရတိကျ၍သွားကြသောရဟန္တာအသျှင်တို့၏။ထိုရူပါဒိသခ်ါ၅မျက္ခ,အသျှင် ဖြစ်၍ နိဗ္ဗာန်၌နေကြသည်ကို အကြောင်းပြုသဖြင့်လည်း။ ထိုပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့ပြတ်၍ ပျောက်၍မသွား၊တုစ္ဆအဘာဝအဖြစ်သို့ မရောက် ဆိုရ သတည်း။ယင်းအကြောင်းကို။အထက်ပိဋကတ္တာရကထာသို့ရောက်မှ။ ပါဠိအ ဋ္ဌကထာဋီကာသာဓကများစွာတို့နှင့်တကွအကျယ်ဆိုလတ္တံ့။ ။ဤသင်္ခေပက ထာ၌ကားမန္ဒပညာပုဂ္ဂိုလ်တို့။ လက်ဝါးကြီးအုပ်အလွယ်တကူမှတ်နှင့်ကြရုံ မျှပြဆိုအပ်သတည်း။ ။ငင်းအကျဉ်းသင်္ခေပစကားဖြင့်မယုံကြည်နိုင်သော ပညာရှိပုဂ္ဂိုလ်တို့မှာ။ဤအထက်၌ထုတ်ဆိုလတ္တံ့သောသာဓကပါဠိများစွာ တို့ကိုတွေ့မြင်ကြလျှင်ဇေကန်ပင်သဘောကျကြပါကုန်လတ္တံ့။ ။ဆက်ဦးအံ့။ ယင်းသို့နိဗ္ဗာန်ဟူသည်။ထင်ရှားရှိ၏ဆိုသော်လည်း။ပရိနိဗ္ဗုတပုဂ္ဂိုလ်မပေါ် လာမီကဖြစ်၍နေနှင့်သည်မဟုတ်။ ပရိနိဗ္ဗုတပုဂ္ဂိုလ်ပေါ်လာမှသာ ဖြစ်ပေါ် လာသည်ဟူသောရှေးစကားသည်။ ဤဆိုလိမ့်သော ဧကြာရတနာပမာ၊ မီးပွတ်ပမာတို့ဖြင့်။ပြဆိုအပ်သော ရဟန္တာသခင် သျှင်နာဂသိန်စကား။ မိလိန္ဒပဉှာ တရားတို့ဖြင့်လည်း၊ အထူးအားဖြင့် ယုံကြည်ကိုးစားဘွယ်။ လွင်ပြင်ဝယ်ဆင်ပြောင်ကြီးသွားသည်နှယ် တကယ်ထင်ရှားလတ္တံ့။ ။ မြင်းကိုစီးလျက် ထီးမမှန်းမသိဆိုသကဲ့သို့။ဤအလွန်ထင်ရှားစွာဆို၍ထား သောမိလိန္ဒပဉှာစကား။ ဤမိလိန္ဒပဉှာ စကားနှင့်တကွ။ အထူးထူးသော

ပဋ္ဌအဋ္ဌကထာဋီကာတို့ကို ထုတ်ဆောင်ကိုးစား။ သိသာနားလည်လောက်အောင်စကားဆိုထားရေးသားဆုံးဖြတ်အပ်သော။ ဤ "ဂန္ထိရာဂန္ထိရမဟာနိဗ္ဗုတ ဒိပနီကျမ်း" ကိုလည်း။ ကြည့်ရှုလေ့လာလျက်၊ အချက်ကျကျ။ နာနာကြီး မကြံစည်မိ။ သတိမထားခဲ့ကြသဖြင့်၊ နိဗ္ဗာန် ဟူသည်လည်း ထင်ရှားမရှိ။ နိဗ္ဗာန်ရောက်ကြ သူတို့လည်း အလုံးစုံကွယ်ပျောက် ဖြစ်တောက်၍ "အဘာဝ,တုစ္ဆ,အဖြစ်သို့သာရောက်သွားကြရလေ၏၊ ဟူသော ဥစ္ဆေဒ, မိစ္ဆာဝါဒ, လှလှကြီးမပျောက်မရှိကြရအောင်။ များများကြီးသတိဆောင်မိကြပါစေကုန်သတည်း။ ။ဤဆို လတ္တံ့သည်ကား ယင်းမိလိန္ဒပြဿကထာဘည်း။ ။ဘဒန္တေနာဂသေန အတ္ထိ သောပဒေသော ပုရတ္ထိမာယဝါ ဒိသာယဒက္ခိဏာယဝါ ဒိသာယပစ္ဆိမာယဝါ ဒိသာယဥတ္တရာယဝါ ဒိသာယ ဥဒ္ဓံအဓောတိရိယံဝါ။ယတ္ထနိဗ္ဗာနံသန္နိဟိတံဟောတီတိ၊နတ္ထိသောမဟာရာဇပဒေသော ယတ္ထဘံနိဗ္ဗာနံသန္နိဟိတံဟောတီတိ။ ယဒိဘန္တေနာဂသေနနတ္ထိ နိဗ္ဗာနဿသောဩကာသော။ တေနဟိနိဗ္ဗာနံနတ္ထိ၊ ယေသံပိတံနိဗ္ဗာနံသစ္ဆိကတံ။တေသံပိ သစ္ဆိကိရိယာ မိစ္ဆာ။ကိံ ကာရဏာ။ ယေနကာရဏေနတံ ဝက္ခာမိ၊ ယထာဘန္တေနာဂသေနမဟိယာဓညုဋ္ဌာနံခေတ္တံဂန္ဓုဋ္ဌာနံပုပ္ဖံဖလုဋ္ဌာနံရုက္ခောအတ္ထိ၊ ရတနာနံဥဋ္ဌာနံသာဂရောအတ္ထိယောကောစိယံယံဣစ္ဆတိ။ သောတတ္ထဂန္တွာ တံတံအာဟရတိ။ ဧဝမေဝခေါဘန္တေနာဂသေန ယဒိ နိဗ္ဗာနံ အတ္ထိဘဿ နိဗ္ဗာနဿ ဥပ္ပါဒဋ္ဌာနကာသောဣစ္ဆိတဗ္ဗော။ ယသ္မာစ ဘန္တေနာဂသေန နတ္ထိ နိဗ္ဗာနဿ ဥပ္ပါဒဋ္ဌာနကာသော။ တသ္မာဗြူမိနတ္ထိ နိဗ္ဗာနံတိ။ ယေသံပိတံနိဗ္ဗာနံသစ္ဆိကတံ။ တေသံပိသစ္ဆိကိရိယာမိစ္ဆာတိ။ နတ္ထိမဟာရာဇနိဗ္ဗာနဿ နိသ္သိတောကာသော၊ အတ္ထိစတံနိဗ္ဗာနံ။ သမ္မာပဋိပန္နောသင်္ခါရာနံဥဒယဗ္ဗယံသမ္မသမာနောနိဗ္ဗာနံသစ္ဆိကရောတိ။ယထာ မဟာရာဇအတ္ထိသောအဂ္ဂိနာမ။ နတ္ထိတဿအဂ္ဂိဿနိက္ခိတ္တောကာသော။ ဒွေကဋ္ဌာနိဃဋ္ဋေန္တောအဂ္ဂိံအဓိဂစ္ဆတိ။ ဧဝမေဝခေါမဟာရာဇအတ္ထိနိဗ္ဗာနံ။ နတ္ထိနိဗ္ဗာနဿ နိက္ခိတ္တောကာသော၊ သမ္မာပဋိပန္နော ယောနိသောမနသိကာရေနသင်္ခါရာနံဥဒယဗ္ဗယံသမ္မသမာနောနိဗ္ဗာနံသစ္ဆိကရောတိ။ယထာ ပနမဟာရာဇအတ္ထိ တာနိ သတ္တရတနာနိ။သေယျထိဒံ။ စက္ကရတနံ။ ဟတ္ထိရတနံ၊ အဿရတနံ၊မဏိရတနံ၊ ဣတ္ထိရတနံ၊ဂဟပတိရတနံ၊ ပရိဏာယကရတနန္တိ။နစ တေသံရတနာနံနိက္ခိတ္တောကာသောအတ္ထိ။ ခတ္တိယာနံသမ္မာပဋိပန္နာနံပဋိပတ္တိဗလေနတာနိရတနာနိဥပဂစ္ဆန္တိ။ ဧဝမေဝခေါမဟာရာဇ

အတ္ထိနိဗ္ဗာနံ၊ နတ္ထိစေတသာနိဗ္ဗာနသာ နိကွိတ္တောကာသော။ သမ္မာပဋိပန္နော
ယောနိသောမနသိကာရေန သစ်ါရာနံ ဥဒယဗ္ဗယံ သမ္မသမာနောနိဗ္ဗာနံ
သစ္ဆိကရောတိတိ။ ။မိလိန္ဒပဉှာ။ ။၁၃၅။ ၃။ ။ဘန္တေ နာဂသေန၊
နာဂသိန်ဟု၊ကျော်ရှိန်သတင်း၊ပျံ့နှံ့ခြင်းရှိတော်မူသောအသျှင်ဘုရား။ပုရတ္ထိ
မာယဝါ ဒိသာယ၊ အရှေ့အရပ်၌ သော်လည်းကောင်း။ ဒက္ခိဏာယဝါ
ဒိသာယ၊ တောင်အရပ်၌ သော်လည်းကောင်း။ ပစ္ဆိမာယဝါ ဒိသာယ၊
အနောက်အရပ်၌သော်လည်းကောင်း။ဥတ္တရာယဝါဒိသာယ၊မြောက်အရပ်၌
သော်လည်းကောင်း။ ဥဒ္ဓံဝါ၊ အထက်ကောင်းကင်အရပ်၌ သော်လည်း
ကောင်း။အဓောဝါ၊ အောက်မြေထဲအရပ်၌သော်လည်းကောင်း။ တိရိယံဝါ၊
ဘီလာအရပ်၌သော်လည်းကောင်း။ယတ္ထ၊ အကြင်အရပ်၌။နိဗ္ဗာနံ၊ နိဗ္ဗာန်
ဟူသည်။သန္နိဟိတံ၊ စုဝေး၍တည်နေသည်။ ဟောတိ၊ဖြစ်၏၊ သောပဒေ
သော၊ ထိုနိဗ္ဗာန်တည်ရာ အရပ်သည်။ဝါ၊ နိဗ္ဗာန်ရသူ ပေါ်လာခင်ထိုသူ
ရောက်စရာဖြစ်နေတည်နေရှင့်သော နိဗ္ဗာန်တည်ရာအရပ်ဟူသည်။ အတ္ထိ၊
ရှိပါ၏လော။ ဣတိ၊ ဤသို့မိလိန္ဒမင်းကြီးလျှောက်ထားသည်ရှိသော်။ မဟာ
ရာဇ၊မင်းကြီး။ယတ္ထ၊အကြင်အရပ်၌။တံနိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ သန္နိဟိတံ၊
စုဝေး၍တည်နေသည်။ဟောတိ၊ဖြစ်၏၊သောပဒေသော၊ ထိုနိဗ္ဗာန်ရသူပရိ
နိဗ္ဗုတပုဂ္ဂိုလ်မပေါ်လာမီစုဝေး၍ ဖြစ်နေရှင့်သော နိဗ္ဗာန်တည်ရာအရပ်ဟူ
သည်။နတ္ထိ၊မရှိ။ဣတိ၊ဤသို့အသျှင်နာဂသိန်မထေရ် ဖြေဆိုတော်မူရာဝယ်၊
ဘန္တေနာဂသေန၊ နာဂသိန်အသျှင်ဘုရား။ယဒိ၊ အကယ်၍။ နိဗ္ဗာနဿ၊
နိဗ္ဗာန်၏။ သောဩကာသော၊ ထိုစုဝေးတည်နေရာအရပ်သည်။နတ္ထိ၊ မရှိ
သည်ဖြစ်အံ့၊တေနဟိ၊ထိုသို့ဖြစ်ခဲ့လျှင်။နိဗ္ဗာနံ၊နိဗ္ဗာန်ဟူသည်။ နတ္ထိ၊ စကား
သာရှိ၍အသားထင်ရှားမရှိ။ ယေသံပိ၊အကြင်သူတို့သည်လည်း။တံနိဗ္ဗာနံ၊
ထိုနိဗ္ဗာန်ဟူသည်ကို။သစ္ဆိကတံ၊မျက်မှောက်ပြုအပ်သည်ဟူ၏။ တေသံပိ၊
ထိုသူတို့၏လည်း။သစ္ဆိကိရိယာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းဟူသည်။
မိစ္ဆာ၊စကားသာရှိ၍အသားမရှိသဖြင့်အမှားပင်တည်း။ေယနကာရဏေန၊
အကြင်အကြောင်းဖြင့်။တံ၊ ထိုနိဗ္ဗာန်ဟူသည်ထင်ရှားမရှိဟူသော စကား
ကို။ ဝက္ခာမိ၊ အကျွန်ုပ် မိလိန္ဒမင်းကြီး လျှောက်ဆိုပေ၏။ တံကာရဏံ၊
ထိုအကြောင်းသည်။ကိံ၊အဘယ်နည်း ဟူငြားအံ့၊ ဘန္တေနာဂသေန၊အသျှင်
ဘုရားနာဂသိန်။မဟိယာ၊မြေအပြင်၌။ ဓညုဋ္ဌာနံ၊ စပါးတို့၏တည်ရာအရပ်
သည်။ခေတ္တံ၊ လယ်သည်။ အတ္ထိ၊ရှိ၏။ဂန္ဓုဋ္ဌာနံ၊သင်းကြိုင်မွှေးပျံ့ ရနံ့တို့၏

တည့်ရာသည်။ပုပ္ပံ၊ပန်းသည်။အတွက်၊ ရှိ၏။ဖလဥ္စာနံ၊သစ်သီးတို့၏ တည်ရာအရပ်သည်။ရုက္ခော၊သစ်ပင်သည်။အတွက်၏။ ရတနာနံ၊ ရွှေငွေရတနာတို့၏။ ဥ္စာနံ၊တည်ရာအရပ်သည်။သာဂရော၊သမုဒ္ဒရာသည်။အတွက်၏။ ယောကောစိ၊ အမှတ်မရှိတစုံတယောက်သောသူသည်။ယံယံ၊ အကြင်အကြင်ဝတ္ထုကို။ဣစ္ဆတိ၊အလိုရှိ၏။တံတံ၊ ထိုထိုမိမိအလိုရှိရာဝတ္ထုကို။သော၊ ထိုသူသည်၊တတ္ထ၊ထိုအရပ်သို့။ဂန္တွာ၊သွား၍။အာဟရတိ၊ယူဆောင်၏။ ဘဂ္ဂေနာဂသေန၊အသျှင်နာဂသိန်။ ဧဝမေဝ၊ ဤနည်းတူပင်လျှင်။ခေါ၊ စင်စစ်။ နိဗ္ဗာနံ၊နိဗ္ဗာန်ဟူသည်။ ယဒိအတွက်၊ အကယ်၍ထင်ရှားရှိခဲ့ငြားအံ့၊တသ္မိနိဗ္ဗာနသဿ၊ထိုနိဗ္ဗာန်၏။ ဥပါဒါနောကာသော၊ ဖြစ်ခိုရာအရပ်ကို။ ဣစ္ဆိတဗ္ဗော၊ အလိုရှိအပ်၏။ယသ္မာစ၊အကြင့်ကြောင့်ကား။ဘဂ္ဂေနာဂသေန၊သျှင်ပင်နာဂသိန်။နိဗ္ဗာနသဿ၊နိဗ္ဗာန်၏။ ဥပါဒါနောကာသော၊ ဖြစ်မှီရာအရပ်သည်။ နတ္ထိ၊ မရှိခဲ့။တသ္မာ၊ထို့ကြောင့်။နိဗ္ဗာနံ၊နိဗ္ဗာန်ဟူသည်။နတ္ထိ၊အသံသာရှိ၍အဆံမရှိ။ ဝါ၊သတင်းသာရှိ၍သားတစ်မရှိ။ ဣတိ၊ဤသို့ဖြူမိ၊ အကျွန်ုပ်ဆိုပေ၏။ယေသံပိ၊အကြင်သူတို့သည်လည်း။နိဗ္ဗာနံ၊နိဗ္ဗာန်ကို။သစ္ဆိကတံ၊ မျက်မှောက်ပြုအပ်ကြသည်ဟူ၍။တေသံ၊ထိုသူတို့၏၊သာသစ္ဆိကိရိယာပိ၊ထိုမျက်မှောက်ပြုခြင်းဟူသည်လည်း။မိစ္ဆာ၊အမှားပင်တည်း။ဣတိ၊ ဤသို့။ဖြူမိ၊ အကျွန်ုပ်ဆိုပေ၏။ဣတိ၊ဤသို့မင်းကြီးလျှောက်ထား စကားခဲခက် တကဲ့အချက်သာပြန်သည့်ရှိသော်။ မဟာရာဇ၊စကားနိုက်နှဲ့ သူ့ကိုလဲအောင်မေးအားသဲသောမင်းကြီး။နိဗ္ဗာနသဿ၊နိဗ္ဗာန်၏။နိသိတောကာသော၊ ဖြစ်မှီရာအရပ်သည်။ နတ္ထိ၊မရှိသည်လည်းမှန်၏။တံနိဗ္ဗာနံ၊ထိုနိဗ္ဗာန်ဟူသည်။အတ္ထိစ၊အသံရှိသည့်အတိုင်းအဆံရှိသည်လည်းဖြစ်၏။ဝါ၊ သတင်းရှိသည့်အတိုင်း သားတစ်ရှိသည်လည်းမှန်၏၊သမ္မာပဋိပန္နော၊ သီလဖြူစွာ သမ္မာတည်ကြား ဘာဝနာတရားကိုအားထုတ်ကျင့်ကြံနိုင်သောသူသည်၊သင်္ခါရာနံ၊ခန္ဓာငါးပါးသင်္ခါရတရားတို့၏။ဥဒယဗ္ဗယံ၊ဖြစ်ခြင်းပျက်ခြင်းဥပါဒ်ဘင်ကို။ သမ္မသမာနော၊ဟုတ်တိုင်းထင်ထင် ကောင်းစွာမြင်သည်ဖြစ်၍၊ နိဗ္ဗာနံ၊ အသင်္ခတခေါ်တ်နိဗ္ဗာန်ရွှေပြည်မြတ်ကို။သစ္ဆိကရောတိ၊ မျက်မှောက်ထင်ထင်မြင်တွေ့ရလေ၏။ ။(ပရိနိဗ္ဗာန်မပြုသေးခင်။မဂ်မိုလ်မျက်စိဘို့ဖြင့်လှမ်း၍မြင်ရ။ ပရိနိဗ္ဗာန်ပြုသည့်အခါ၊ ထက်ကြပ်တွေ့ရသည်ဟူလို)။ ။မဟာရာဇ၊ မင်းကြီး။သောအဂ္ဂိနာမ၊ ထိုသူကငါကသုံးစွဲကြသောမီးမည်သည်။အတ္ထိ၊ ထင်ရှားရှိ၏။စ၊ထိုသို့ထင်ရှားရှိလျက်။တဿအဂ္ဂိဿ၊ထိုမီး၏။ နိက္ခတ္တောကာသော၊

မီးမဖြစ်သေး, လူမလုပ်သေးမမွေးသေးခင်ရှေးဦးတင်၍ မီးဖြစ်နှင့်ရာတည်
နေရာအရပ်သည်။နတ္ထိယထာ၊မရှိသကဲ့သို့၊ ဒွေကဋ္ဌာနို၊ ထင်းချောင်းနှစ်ခု
တို့ကို။ဟာန္ထေနွှော၊ ပွတ်တိုက်သည်ရှိသော်။ဝါ၊ ပွတ်တိုက်သောသူသည်။
အဂ္ဂိ၊ ထင်းချောင်းနှစ်ချကြားမှ ထွက်ပေါ်လာသောမီးကို။ အဓိဂစ္ဆတိ
ယထာ၊ ရသကဲ့သို့။ မဟာရာဇ၊ မင်းကြီး၊ ဧဝမေဝ၊ ဤနည်းတူပင်
လျှင်။ ခေါ၊ စင်စစ်။ နိဗ္ဗာနံ၊ နိဗ္ဗာန် ဟူသော ပရမတ္ထ တရားသည်။
အတ္ထိ၊ အခြားသော ပရမတ္ထတရားများကဲ့သို့ ထင်ရှား ရှိသည် မှန်၏။
နိဗ္ဗာနသာ၊နိဗ္ဗာန်၏၊နိက္ခမ္မတွော်ကာသော၊ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့ မရောက်လာ
မိဖြစ်၍တည်၍နေနှင့်ရာအရပ်မည်သည်။နတ္ထိ-နအတ္ထိ၊ရှိတော့သည်မဟုတ်။
သမ္မာပဋိပန္နော၊ကောင်းစွာကျင့်နိုင်သောသူသည်။ ဝါ၊ ဝိပဿနာထမ်းသို့
ဖြောင့်တန်းစွာ လိုက်နိုင်သောသူသည်။ ယောနိသော မနသိကာရေန၊
အနိစ္စဒုက္ခအနတ္တဟု အသင့်ဟုတ်တိုင်း နှလုံးသွင်းခြင်းဖြင့်၊ သင်္ခါရာနံ၊
ရုပ်နာမ်ခန္ဓာသင်္ခါရတရားတို့၏၊ ဥဒယဗ္ဗယံ၊ လျှပ်တပြက်ကာလအတွင်း
အကြိမ်ပေါင်းအသောင်းအသိန်းမကအသစ်အသစ်လဲ၍ဖြစ်ချည်ပျက်ချည်
နေသောအရာကို။သမ္မသမာနော၊ငြိးငွေ့ဘွယ်ကြောက်မက်ဘွယ်တကယ်
ဟုတ်တိုင်းထင်မြင်သည်ဖြစ်၍။ ဝါ၊ ထင်မြင်သည်ရှိသော်၊ နိဗ္ဗာနံ၊ တဆဲ့
တသိ မီးအပေါင်းတို့၏ငြိမ်းဌေးရာနိဗ္ဗာန်သာခေါင် တခါရောက်၍တခေါက်
မပြန်ရသည့် ဘေးမဲ့တောင်ကို။ သစ္ဆိကရောတိ၊ မျက်မှောက် ထင်ထင်
မြင်ရရောက်ရလေ၏။ ။(ပရိနိဗ္ဗာန်မပြုသေးခင်မြင်ရ။ ပရိနိဗ္ဗာန်ပြုသည့်
အခါရောက်ရဟူလို)။ ။မဟာရာဇ၊မင်းကြီး။ ပန၊ တပုံလည်း၍တနည်း
ပမာ ဆိုသည် ရှိသော်။ တာနိ သတ္တရတနာနိ၊ ထိုစကြာမင်း တို့၏
သုံးဆောင်ရာရတနာခုနစ်ပါးတို့သည်၊အတ္ထိ၊ထင်ရှားရှိကုန်၏။သေယျထိဒံ၊
အဘယ်ရတနာများနည်းဟူမူကား၊စက္ကရတနံ၊စကြာရတနာ။ ဟတ္ထိရတနံ၊
ဆင်ရတနာ၊အဿရတနံ၊မြင်းရတနာ။မဏိရတနံ၊ ပတ္တမြားရတနာ။ ဣတ္ထိ
ရတနံ၊မိန်းမရတနာ၊ ဂဟပတိရတနံ၊ သူဌေးကြီးရတနာ။ ပရိဏာယက
ရတနံ၊သားကြီးရတနာ။ဣတိ၊ဤရတနာခုနစ်ပါးပင်တည်း။ စ၊ ယင်းသို့စကြာ
• မင်းတို့သုံးဆောင်ရာ ရတနာခုနစ်ပါးဟူသည် ထင်ရှား ရှိသော်လည်း။
တေသံ ရတနာနံ၊ ထိုရတနာတို့၏၊ နိက္ခမ္မတွော်ကာသော၊ စကြာမင်းကြီး
ဖြစ်မည့်သူမပေါ်လာခင် အစဉ်ထား၀ရဖြစ်၍နေတည်နေနှင့်ရာ အရပ်သည်။
နအတ္ထိ၊ ရှိတော့သည်မဟုတ်။ သမ္မာပဋိပန္နာနံ၊ စကြာရတနာ စသည်

ပေါ်လာကြောင်းအကျင့်ကောင်းရှိကုန်သော။ခတ္တိယာနံ၊စကြာမင်းလောင်း
တို့၏၊ ပဋိပတ္တိဗလေန၊ အကျင့်အာနုဘော် အားအစွမ်းကြောင့်၊ တာနိ
ရတနာနိ၊ထိုရတနာခုနစ်ပါးတို့သည်။ဥပဂစ္ဆန္တိ ယထာ၊ စကြာမင်းကြီးထံ
ကပ်ရောက်လာ ပေါ်လာကုန်သကဲ့သို့။ မဟာရာဇ၊ မြတ်သောမင်းကြီး။
ဧဝမေဝခေါ၊ ဤအတူသာလျှင်။ နိဗ္ဗာနံ၊ ဘေးခပ်သိမ်းတို့၏ကင်းငြိမ်းရာ
နိဗ္ဗာန်ရတနာဟူသည်။ အတ္ထိ၊ထင်ရှားရှိသည်မှန်၏။ စ၊ ယင်းသို့ထင်ရှား
ရှိသော်လည်း။ဘာသနိဗ္ဗာနသာ၊ ထိုနိဗ္ဗာန်၏၊ နိက္ခိတ္တောကာသော၊နိဗ္ဗာန်
ရောက်မည့်သူမပေါ်လာခင်ဖြစ်နှင့်ဘည်နေနှင့်ရာ အချပ်မည်သည်၊ နတ္ထိ၊
ရှိတော့သည်မဟုတ်၊ သမ္မာပဋိပန္နော၊ သီလဖြူစင် ဘာဝနာ တွင်တွင်
ပွါးသောပုဂ္ဂိုလ်သည်။ယောနိသောမနသိကာရေန၊ ယထာဘူတဉာဏ်ကို
ရသည်ဖြစ်၍ အသုဘ, အနိစ္စ, ဒုက္ခ,အနတ္တ,သာတည်းဟု အဟုတ်အမှန်
အသင့်အဘင့် နှလုံးသွင်းမှ, သွင်းနိုင်, သွင်းရိုင်, သွင်းရသဖြင့်။သင်္ခါရာနံ၊
တေဘူမိကသင်္ခါရတရားတို့၏။ဥဒယဗ္ဗယံ၊ရေပေါ်ရေထက် ခုရပျက်သည့်
ရေပွက်ပမာ၊ မျက်စိတမှိတ်လောက်ကာလကြာလျှင်၊ အရာအထောင်မက
အသစ်အသစ်ဖြစ်၍ပျက်၍နေသောသဘောကို၊သမ္မသမာနော၊ကောင်းစွာ
မြင်သည်ရှိသော်။ နိဗ္ဗာနံ၊ ဘေးပေါင်းကင်းစင် ရန်ငြိုးကြဉ်ရာ နိဗ္ဗုတာ
သောင်ကမ်း ခေမာနန်းကို၊သစ္ဆိကရောတိ၊ မျက်မှောက်ထင်ထင်တကယ်
မြင်ရစံမြန်းရလေ၏၊ ၊(ပရိနိဗ္ဗာန်မပြုသေးခင် ထင်မြင်ရ။ ပရိနိဗ္ဗာန်ပြုပြီး
အခါစံမြန်းရသည်ဟုလို)၊ ။ယခင်မိလိန္ဒပဉ္ဇာပါဠိတ္ထယောဇနာ။ ။
ဤမိလိန္ဒပဉ္ဇာကျမ်း၌။ ထင်းချောင်းနှစ်ခုကို မပွတ်တိုက်မီ မီးမရှိသေး။
ထင်းချောင်းနှစ်ခုကိုပွတ်တိုက်မှ မီးပေါ်လာသကဲ့သို့၊ နိဗ္ဗာန်ရောက်မည့်သူ
ပရိနိဗ္ဗုတပုဂ္ဂိုလ်မရှိသေးခင်။ ရှေးဦးတင်၍ဖြစ်နေနှင့်သောနိဗ္ဗာန်ဟူသည်
ရှိတော့သည်မဟုတ်၊ ကောင်းစွာကျင့်၍ အရိယာပုဂ္ဂိုလ်အဖြစ်သို့ရောက်
သဖြင့်၊ ရှေးဦးစွာ မိမိရောက်လတ္တံ့သော နိဗ္ဗာန်ကို။ အဝေးကလှမ်း၍
မြော်ဘမ်းနိုင်, အာရုံပြုနိုင်ပြီးလျှင်။ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် ပြုပြီးသည်
အခါမှ၊နိဗ္ဗာန်ရတနာပေါ်လာ၍၊ ထိုပေါ်လာသောနိဗ္ဗာန်ရတနာကို။ ထိုသူ
ရသည်ဟူသောအဓိပ္ပါယ်များကိုလည်းကောင်း၊ စကြာမင်းကြီးဖြစ်မည့်သူ
မပေါ်လာခင် ရှေးဦးတင်၍ ဖြစ်နေနှင့်သော စကြာရတနာဟူသည် မရှိ။
စကြာမင်းကြီးဖြစ်ကြောင်းအကျင့်ကောင်းနှင့်ပြည့်စုံသည့်အခါမှ။ စကြာ
မင်းလောင်းထံအရှေ့လောကဓာတ်မှ စကြာရတနာဖြစ်ပေါ်လာ၍။ မိမိထံ

ရောက်လာသောစကြာရတနာကို။ထိုစကြာမင်း စီးနင်းရသကဲ့သို့။ နိဗ္ဗာန်ရမည့်သူ မပေါ်လာခင် ရှေးဦးတင်၍ ဖြစ်နေနှင့်သော နိဗ္ဗာန်ဟူသည်မရှိ။ ကောင်းကောင်းကြီးပါရမီကိုဖြည့်ကျင့်ပြီးမှ၊ပါရမီအကြောင်းပြည့်ပုံသည့်အခါ၊ ရဟန္တာပုဂ္ဂိုလ်ဖြစ်ပြီးနောက်။ ရတိခြင်းသို့ ရောက်သည့်အခါမှ၊ ထိုပရိနိဗ္ဗုတ ပုဂ္ဂိုလ်၏ တည်ရာ စွဲရာ ဝိသယကဲ့သို့ပြု၍။ ထိုနိဗ္ဗာန်ရတနာဖြစ်ပေါ်လာသည်ဟူသော အဓိပ္ပါယ်များကိုလည်းကောင်း များများကြီးနှလုံးထားမိကြစေကုန်သတည်း။ ။ဆက်ဦးအံ့၊ ဤသို့အောက်၌ ညွှန်ပြအပ်ခဲ့ပြီးသော။ "ဣဓေဝဘိက္ခဝေသဗ္ဗဝေဒယိတာနိ"အစရှိသောဣတိဝုတ်ပါဠိတော်ဖြင့် နိဗ္ဗာန်သရုပ်သဘောကိုလည်းကောင်း။ နိဗ္ဗာန်ဖြစ်ပေါ်လာသည့်အခါကိုလည်းကောင်းပြတော်မူသည်။ "အတ္ထိဘိက္ခဝေတဒါယတနံ" စသောဥဒါန်းပါဠိတော်ဖြင့်။ထိုနိဗ္ဗာန်ဟူသည် ဥပါဒ်အားဖြင့်မဖြစ်လာသော်လည်း ငြိမ်းဇေးခြင်းသဘောအားဖြင့် အလွန်သိမ်မွေ့စွာဖြစ်ပေါ်လာသဖြင့် စင်စစ်ဧကန်အမှန်ထင်ရှားရှိသည်။ ရုပ်နာမ်ခန္ဓာတို့၏ချုပ်ခြင်း။ ကုန်ခြင်းအဘာဝမျှကိုသာ နိဗ္ဗာန်ဆိုသည်မဟုတ်။ပျောက်၍သွားရခြင်းမျှကို နိဗ္ဗာန်ရသည်ဆိုသည်မဟုတ်ဟုပြတော်မူသတည်း။ ။ဤမိလိန္ဒပဥှာဖြင့်ကား။ နိဗ္ဗာန်ထင်ရှားရှိသည်ဆိုသော်လည်း။ နိဗ္ဗာန်ရောက်မည့်သူ မပေါ်လာခင် ရှေးဦးတင်၍ဖြစ်နေနှင့်သော-နေရာအရပ်ဟူသည်မရှိ။ရှေးဦးတင်၍ထင်ရှားဖြစ်နေနှင့်သည်မဟုတ်။နိဗ္ဗာန်ရောက်မည့်သူပေါ်လာမှ ဖြစ်ပေါ်လာသည်ဟူသော အနက်ကို အသျှင်နာဂသိန်မထေရ် ပြတော်မူသတည်း။ ၎င်းသုံးရပ်ကို ပါဠိအနက်အဓိပ္ပါယ်နှင့်တကွ အထပ်ထပ်ကြံစည်စဉ်းစား နှလုံးထားမိကြလျှင်။ နိဗ္ဗာန်အဆုံးအဖြတ်အရာ၌ ကဝိတယောက် မြောက်ကြလတ္တံ့။ ။ထို့ကြောင့် ၎င်းပါဠိသုံးရပ်ကို ဝါစုဂ္ဂတရအောင်ပြုကြပြီးခါ၊ ၎င်းအနက်အဓိပ္ပါယ်တို့ကို အခါခါအထပ်ထပ် ကြံစည်စဉ်းစား နှလုံးထားသဖြင့် သူတပါးတို့အားလည်း။ ယင်းနိဗ္ဗာန်တရားတော် အခြင်းအရာဂုဏ်ဝိသေသများကို ကောင်းစွာပြောဟောပြသ၍။ မန္ဒဗုဒ္ဓပုဂ္ဂိုလ်တို့အား။ နိဗ္ဗာန်တရားကိုလွန်စွာအလိုရှိကြ။နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို။ အထူးအားထုတ်နိုင်ကြအောင် ဟောပြောပြသ ဆုံးမနိုင်ကြပါစေကုန်သတည်း။ ၈။ "သန္တိလက္ခဏံနိဗ္ဗာနံ၊အစ္စုတိရသံ၊အဿာသကရဏရသံဝါ။ အနိမိတ္တပစ္စုပဋ္ဌာနံ"။ ။နိဗ္ဗာနံ၊အသင်္ခတဓာတ် ထူးမြတ်လှသည့် နိဗ္ဗာန်တရားတော်မြတ်သည်။ သန္တိလက္ခဏံ၊ ဘေးတကာကင်းကွာ ရန်တကာ

ချောင်ကွင်း ကိလေသာချနိခပင်းတို့၏ မချဉ်းကပ်မလှုပ်ရှားနိုင်သဖြင့် လွှန်စွာငြိမ်သက်ခြင်း၊ တဆဲ့ဘသီး မီးအပေါင်းတို့မှ ငြိမ်းချမ်းခြင်းလက္ခဏာရှိ၏။ အစွတိခံရသံ၊ ယင်းသို့ငြိမ်သက်ခြင်း ငြိမ်းချမ်းခြင်းသဘောမှ မရွေ့မပြောင်း အမြဲကောင်းကောင်း တည်နေရခြင်း စည်းစိမ်ရှိ၏။ ဝါ၊ တနည်းလည်း၊ အဿာသကရဏာရသံ၊ မိမိထံ တည်ရောက်လာသူ ပရိနိဗ္ဗုတ်ပုဂ္ဂိုလ်အား ဘေးပေါင်းကင်းစင် ရန်မျိုးကြဉ်ကွာ ချမ်းသာရအောင်ပြုနိုင်ခြင်းကိစ္စသတ္တိရှိ၏၊ အနိမိတ္တပစ္စုပဋ္ဌာနံ၊ သင်္ခါရ, သင်္ခတ, တရားတို့ထဲမှ ဘောက်ခွဲ၍ထွက်လာရပါလျက် ယင်းသင်္ခါရ,အရိပ် သင်္ခတ,အရိပ် နိမိတ်မထင်မပေါ်ခြင်းအခြင်းအရာရှိ၏။ ။ဒါနသီလဘာဝနာပါရမီအကြောင်းတရားတို့ကြောင့် ဖြစ်လာသော်လည်း။ ယင်းအကြောင်းတရားတို့ကြောင့်ဖြစ်ပုံဖြစ်ဟန်အကြောင်းနိမိတ်မပေါ်၊ မိမိထင်ရှားပင်ရှိသော်လည်း၊အလွန်သိမ်မွေ့လှသဖြင့်။ ယင်းထင်ရှားရှိပုံအရိပ်နိမိတ်မထွက်။ ငြိမ်းဧးခြင်းသဘောအားဖြင့် ပရိနိဗ္ဗုတပုဂ္ဂိုလ်၏ တည်ရာဝိသယကဲ့သို့ပြု၍ ဖြစ်ပေါ်လာသော်လည်း၊အလွန်လျှင်သိမ်မွေ့စွာဖြစ်လာသဖြင့်,ဖြစ်လာပုံ,ဥပါဒ်ဟူသောဇာတနိမိတ်ခရှိ။မိမိငြိမ်းဧးခြင်းသဘောအားဖြင့် အမြဲသဿတဖြစ်၍တည်နေပါသော်လည်း၊ လွန်စွာမြင်ခက်,အသိခက်,သဖြင့် အမြဲဘည်နေပုံ,တည်နေဟန်, သဿဘ နိမိတ်မပေါ်၊ မိမိထံရောက်လာသော ပရိနိဗ္ဗုတပုဂ္ဂိုလ်အား ချမ်းသာအောင် ပြုပါလျက်လည်း။ ယင်းချမ်းသာအောင် ပြုခြင်း၏။ လွန်စွာသိမ်မွေ့သောကြောင့် ချမ်းသာပုံသုခဝေဒနာဟူသော သုခနိမိတ်အရိပ်မထွက်။မိမိထံရောက်လာသူ။ ပရိနိဗ္ဗုတပုဂ္ဂိုလ်အား တဆဲ့တသီး မီးဟူသမျှမလောင်ရအောင်။ ရွက်ဆောင်စောင့်ရှောက်ခြင်းတာဏသဘော။ ထိုအသျှင်တို့၏ ဘေးမှလွတ်ကြောင်း ပုန်းအောင်းရာ လေဏသဘော။ လည်းလျှောင်း ခိုနေရာ ပရာယန သဘောရှိသော်လည်း။ ယင်းသို့ စောင့်ရှောက်ခြင်းပုန်းအောင်းရာဖြစ်ခြင်း၏။ လွန်စွာသိခက်သိမ်မွေ့ရကား။ လူတို့ကိုယ်၌ ကိုယ်စောင့်နတ်ထင်ရှားရှိလျက်ပင် ထင်ရှားရှိပုံအရိပ်နိမိတ် မထင်သကဲ့သို့၊ ယင်းစောင့်ရှောက်သည့် ပုံဟန်စသည် အရိပ်နိမိတ် ဟူသောတာဏလေဏနိမိတ် မထွက်မပေါ်။ ဤသို့စသောနိမိတ်အကြောင်းမထင်အလွန်လျှင် သိမ်မွေ့နူးညံ့စွာဖြစ်နေခြင်းသည်ပင်လျှင်။ ဤသို့သော တရားမျိုးမှသာ နိဗ္ဗာန်တည်းဟု မှတ်ကြောင်း သိကြောင်း အခြင်းအရာ ဟူသောပစ္စုပဋ္ဌာန်ရှိ၏၊ ဟူလိုသတည်း။ ။ဤသို့လာသော သမ္မောဟဝိနောဒနီ

အဌကထာကြီးနှင့်အညီ၊ နတ်ပြဟ္မာတို့၏ ကိုယ်သည် ထင်ရှားရှိလျက် အလွန်သိမ်မွေ့သည်ဖြစ်၍။ ထိုနတ်ပြဟ္မာတို့ကိုယ်မှ အရိပ်နိမိတ်မထွက် သကဲ့သို့။နိဗ္ဗာန်ဟူက နတ်ပြဟ္မာတို့၏ကိုယ်အောက် အဆအရာမကာ လွန်စွာ သိမ်မွေ့နူးညံ့လှသောကြောင့်။ ထိုနိဗ္ဗာန်ဖြင့် နေပုံအရိပ်နိမိတ် မပေါ် မထွက်သည်ဖြစ်၍။ ထိုနိဗ္ဗာန်ကိုပုထုဇန်တို့မမြင်ရမသိကြရသည်။ နိဗ္ဗာန်ဟူသည့်ထင်ရှားဧကန်ရှိ၏ဟုမှတ်အပ်တော့သည်သာ။ လူတို့အား မှိုင်းမမှုန်းမသိရဘဲ။မှိုင်းမစောင့်ရှောက်၍နေသောကိုယ်စောင့်နတ်များကိုမမြင်ရ။ မှိုင်းမစောင့်ရှောက်မှုန်း မသိကာမျှဖြင့်။ ထိုကိုယ်စောင့်နတ်တို့ မရှိမဆိုရသကဲ့သို့။ မိမိထံရောက်လာသော ပရိနိဗ္ဗုတ ပုဂ္ဂိုလ်အား။ ဘေးတကာကင်းရှင်းရန်တကာကွင်းရအောင် စောင့်ရှောက်ခြင်းတာဏလေဏကိုပြု၍ နေပေသောနိဗ္ဗာန်သခင်ကျေးဇူးရှင်၏။ အလွန်လျှင်သိမ်မွေ့ရကား။ ယင်းအရှင်ကိုသိမြင်စရာအရိပ်နိမိတ်။ အမြဲတည်နေတော်မူသော အရိပ်နိမိတ်စသည်မထင်ကာမျှဖြင့်။ ယင်းနိဗ္ဗာန်ဟူသည်ထင်ရှားမရှိမဆိုသင့်ထင်ရှားဧကန်ရှိ၏။ အလွန်သိခက်မြင်ခက်နက်နဲလှသောကြောင့်သာငါတို့ပုထုဇန်များမမြင်ရသည်မှတ်ကြကုန်။ ရူပါရုံကို မျက်စိ,ဟူသော စက္ခုဖြင့်သာမြင်ရသည်၊သောတဖြင့်မမြင်နိုင်၊သဒ္ဒါရုံကို နား,ဟူသောသောတဖြင့်သာကြားရသည်၊ စက္ခုဖြင့် မကြားနိုင်။ ဤနည်းအတူ နိဗ္ဗာန်ကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်, မျက်စိရမှမြင်နိုင်သည်။ ပုထုဇန်တို့မမြင်နိုင်။ မြင်းမိုရ်တောင်သမုဒ္ဒရာလနေနက္ခတ်တို့ကို။ သူကန်းအန္ဓတို့မမြင်ကာမတ္တဖြင့်။ ထိုမြင်းမိုရ်တောင်စသည်ထင်ရှားမရှိဆိုလျှင်၊အလွန်ပင်မှားကြီးမှားသကဲ့သို့။နိဗ္ဗာန်ကိုလည်းကောင်း။ထိုနိဗ္ဗာန်၌တည်နေသူတို့ကိုလည်းကောင်း။ အန္ဓပုထုဇန်တို့မမြင်ရကာမတ္တဖြင့်ထင်ရှားမရှိမဆိုသင့်မဆိုထိုက်သည်၏အဖြစ်ကိုစင်စစ်သိကြမှတ်ကြကုန်။ အန္ဓပုထုဇန်တို့သည်။ ယင်းပရိနိဗ္ဗုတပုဂ္ဂိုလ်တည်ရာနိဗ္ဗာန်ကိုသာ မမြင်သည်မဟုတ်၊ ရဟန္တာ ပုဂ္ဂိုလ်၌ ဖြစ်ပေါ်လာသော။ အရဟတ္တဖိုလ်ကို ပုထုဇန်သေက္ခတို့ မသိမမြင်နိုင်။ ယင်းသို့ မသိမမြင်သော်လည်း။ အရဟတ္တဖိုလ်သည်။ ထိုရဟန္တာအသျှင်၌။ မရှိမဆိုရသကဲ့သို့တည်း။ ။ယင်းသည့်နိဗ္ဗာန်ထင်ရှားရှိခဲ့သော်အဘယ်၌ရှိပါသနည်းဟူငြားအံ့၊ ပရိနိဗ္ဗာန်ပြု၍သွားသူပရိနိဗ္ဗုတပုဂ္ဂိုလ်ရှိရာ၌ပင်ရှိသည်ဆိုသော်။ ဆိုသင့်သည်သာဖြစ်၏။ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်အား။ငြိမ်းအေးစေသောအားဖြင့်။ ချမ်းသာရအောင် အသာသာကိုပြုတတ်သောကိစ္စသဘောရှိသည်ဟု ယခင်

သမ္မောအဋ္ဌကထာလာသောကြောင့်တည်း။ လျှာကိုချိုမြိန်အောင် ပြုတတ်သောအရသာဩဇာသတ္တိသည်လျှာ၌ပင်တည်သည်ရှိသည်ဆိုအပ်သကဲ့သို့၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်ကို ချမ်းသာအောင် ပြုလျှင်၊ထိုချမ်းသာခြင်း နိဗ္ဗာနသုခသည်၊ ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်၌ပင်ရှိသည်ဟု ပရိယာယ နည်းအားဖြင့်ဆိုသင့်တော့သည်ဖြစ်၏။ ဧင်စစ်မူကား၊ ဒိဗ္ဗသမ္ပတ္တိဟူသော နတ်ချမ်းသာသည်၊ ထိုနတ်တို့၌တည်သကဲ့သို့၊ သုခဝေဒနာနှင့်တကွ ရှုံ့ကြမ်းသောဆင်းရဲနှင့်ရောသောသုခသာလျှင်၊ ထိုပရိနိဗ္ဗုတအသျှင်တို့၌မတည်သည်။ သုခဝေဒနာဟူသော သဲဘဝေဒနာနှင့်မရှက်။ သက်သက် အသခ်တချမ်းသာသည်၊ ထိုပရိနိဗ္ဗုတအသျှင်များအား၊ စောင့်ရှောက်ခြင်းတာဏသဘောအားဖြင့်ဖြစ်၍ကောန်ထင်ရှားရှိသည်မှတ်ကြကုန်။ အရဟတ္တဖိုလ်ဟူသောဖလသမာပတ်ချမ်းသာသည်။ ထိုအရဟတ္တဖိုလ်ပုဂ္ဂိုလ်၌ထင်ရှားတည်သကဲ့သို့မှတ်၊ အရဟတ္တဖိုလ်ကိုသဥပါဒိသေသနိဗ္ဗာန်ဆိုသည့်အရာလည်းရှိကြောင်းနှင့်၊ နေတ္တိအဋ္ဌကထာ လာသည့်အတိုင်း။ ယင်းသဥပါဒိသေသနိဗ္ဗာန်ဟူသောအရဟတ္တဖိုလ်မှာ။ ဥပါဒ်၊ဋ္ဌီ၊ဘင်၊ခဏတ္တယအားဖြင့်ထင်ရှားဖြစ်၍၊ ထိုဥပါဒ်၊ ဋ္ဌီ၊ ဘင်၊ ရုပ်နာမ်ရှိသော ရဟန္တာပုဂ္ဂိုလ်၌တည်ရောက်လာသည်ဖြစ်၍၊ ရောက်တတ်ရောက်ရာနှစ်ပါးလုံးပင်၊ အရိယာအသျှင်တို့အားထင်ရှားသည်၊ ။အသခ်တဓာတ်ဟုဆိုအပ်သောငြိမ်းဧးခြင်းနိဗ္ဗုတိသဘောရှိသောနိဗ္ဗာန်မှာ၊ မိမိလည်း ရှုံ့ကြမ်းသော ဥပါဒ်မရှိဘဲလျက် သိမ်မွေ့နက်နဲ့လှစွာဖြစ်ပေါ်လာ၍။ ဥပါဒ်ထင်ရှားမရှိသော ရူပါဒိသခ်ါရဓမ္မ ပရိနိဗ္ဗုတပုဂ္ဂိုလ်အား စောင့်ရှောက်လျက် အခါခပ်သိမ်းမပျောက်မပျက်အမြဲဘည်နေသည်မှတ်၊ ။ဤအရာဝယ် ပရိယာယ် ပုံဆိုသော် ရုပ်နာမ်ကိုစွဲ၍။ သမုတ်အပ်သောရဟန္တာပုဂ္ဂိုလ်နှင့်။ ရုပ်နာမ်ကိုလွှတ်၍တည်သော ရူပါဒိသခ်ါရဓမ္မအသျှင်တို့နှင့်တူ၏။ ဥပါဒ်အားဖြင့်ပေါ်လာသော၊ အရဟတ္တဖိုလ်ဟူသော သဥပါဒိသေသနိဗ္ဗာန်နှင့်။ ဥပါဒ်အားဖြင့်မဖြစ်။ အလွန်သိမ်မွေ့စွာသော အခြင်းအရာမျိုးဖြင့်ဖြစ်ပေါ်လာသော။ အသခ်တဓာတ် ဟူသော အနုပါဒိသေသ နိဗ္ဗာန်တူ၏ဟု သိကြကုန်။ ။

လူဘဝမှ နတ်ဘဝသို့ရောက်သွားသည်ဟူရာ၌။ လူဘဝခန္ဓာရုပ်နာမ်သည်။ ထိုနတ်ဘဝသို့ မရောက်ခင်။ဤလူဘဝ၌ပင်အလုံးစုံကုန်ပျောက်၍။ နေရစ်သော်လည်း။ ထိုလူဘဝစုတိ၏အခြားမဲ့၌။ ထိုနတ် ပဋိသန္ဓိစိတ်ဖြစ်

သောကြောင့်။ အစဉ်သန္တာန်မပြတ်သည်ဖြစ်၍။ ဧကတ္တသန္တာန နည်းအားဖြင့်ထိုလူသည်ပင်။ ထိုနတ်ဖြစ်သည်ဟု ဆိုအပ်သကဲ့သို့။ ရဟန္တာပုဂ္ဂိုလ်တို့ စုတိကျရောက်သည်အခါ။ ထိုရဟန္တာဘဝရုပ်နာမ်ခန္ဓာအားလုံးချုပ်ပျောက် နေရစ်သော်လည်း။ ထိုရဟန္တာ ခန္ဓာချုပ်ပျောက် စုတိရောက်သည်၏အခြားမဲ့၌။ ရူပါဒိသန္တိမဂ္ဂ အဖြစ်၌။ တည်ရောက်လာသည်ဖြစ်၍၊ ထိုရဟန္တာသည်ပင်။ ထိုရူပါဒိသန္တိမဂ္ဂ အသျှင်ဖြစ်လာသည်ဟု ဆိုထိုက်သည်ကိုစွဲ၍၊ ရဟန္တာပုဂ္ဂိုလ်တို့ စုတိပြီးနောက်။ ရုပ်နာမ်ခန္ဓာချုပ်ငြိမ်းစွာသော ကိုယ်သာကွယ်ပျောက်သည်။ အလုံးစုံအစဉ်ပြတ်သွားသည်ဟူ၍ မဆိုသင့်မဆိုထိုက်သည်ကိုရည်တော်မူ၍၊ ။"ပရိနိဗ္ဗုတော ပုဂ္ဂလော ဥစ္ဆိန္နောတိ နဟောတိ ဝတ္တဗ္ဗော" ဟူသော ကထာဝတ္ထုပါဠိတော်ကိုဟောတော်မူသတည်း။ ထိုရဟန္တာအသျှင်တို့စုတိပြီးနောက်။ ရူပါဒိသန္တိမဂ္ဂ,အဖြစ်သို့ရောက်၍။ နိဗ္ဗာန်၌တည်နေသည့်အခါ။ ရုပ်နာမ်ခန္ဓာ ချုပ်ငြိမ်းစွာသော ကိုယ်ကောင်နှင့် တကွတည်နေခြင်းမရှိသည်ကိုရည်တော်မူ၍။ ။"ပရိနိဗ္ဗုတောပုဂ္ဂလောသဿတောတိနဟောတိဝတ္တဗ္ဗော" ဟု။ ကထာဝတ္ထုပါဠိတော်၌ ဟောတော်မူသည်။ ဤအကြောင်းများကို။ ဤ၌ အကျယ်ဝိတ္ထာရ သာဓကပါဠိအဋ္ဌကထာ များစွာတို့နှင့်တကွ ဆို၍နေက။ ဉာဏ်ခြေမရ ပညာနုလှသော ပုဂ္ဂိုလ်များတို့။ နားလေးနားထွေးကြမည်စိုးသောကြောင့်။ လိုရင်းလက်ဝါးကြီးအုပ်မှတ်နှင့်ကြစေရာ။ စကားပြင်သက်သက် ထုတ်ပြလိုက်သည်။ ပါဌ်အနက်တို့နှင့်တကွ သာဓကပါဠိ, အဋ္ဌကထာ, ဋီကာ, အနု, မဓု,လက်သန်းကျမ်းများစွာတို့ကို ထုတ်ဆောင်၍။အထက်ဝိတ္ထာရကထာသို့ရောက်မှ၊ အလွန်ကျယ်ဝန်းစွာဆိုဦးလတ္တံ့။ ဤ၌ပညာရင့်ပြီး ပုဂ္ဂိုလ်ကြီးများယုံကြည်ဘွယ်ရှိအောင်။ ပါဠိ,အဋ္ဌကထာ, ဋီကာ,အသွယ်သွယ်ထုတ်ဆောင်၍။တကျမ်းနှင့်တကျမ်းနှိုးနှော၍။တကျမ်းတည်း၌သော်လည်း။ အထက်အောက်ပုဗ္ဗာပရာနုသန္ဓိနည်းတို့ဖြင့်။ညှိနှိုင်းပြဆို၍နေခဲ့လျှင်။ပညာငယ်သူလူသျှင်ပုဂ္ဂိုလ်တို့။ နားမလည်နိုင်မမှတ်သားနိုင်ရုံမျှမက။ တာရှည်ကျမ်းဆုံးအောင်မျှမနာနိုင် မကြည့်ရှုနိုင်ဖြစ်လတ္တံ့။ ဒင်းပညာငယ် ပုဂ္ဂိုလ်တို့အလွယ်တကူမှတ်သားစေရာ။ လက်ဝါးကြီးအုပ်အကျဉ်းသင်္ခေပမျှဆိုထားခဲ့လျှင်လည်း။ ကျမ်းဂန်တတ်သိကဝိပုဂ္ဂိုလ်ကြီးတို့။ ယုံကြည်နှစ်သက်ဘွယ်မဖြစ်လတ္တံ့။ ဤအကြောင်းအရာများကိုဆင်ခြင်မိသဖြင့်။ အကျဉ်းကြိုက်အကျယ်ကြိုက်ပုဂ္ဂိုလ်နှစ်မျိုးတို့အား။ ချီးမြှောက်

ခြင်း၄၁။ ဤ"ဂန္ထိရာဂန္ထိရ မဟာနိဗ္ဗုတဒီပနီကျမ်း"ဝယ်"သင်္ခေပကဏ္ဍ, ဝိတ္ထာရ ကဏ္ဍ" အားဖြင့်။ နှစ်ပါးနှစ်ပုံရေးသားအပ်သတည်း။ ။ဤကား စကားချပ်။ ။

နိဗ္ဗာနမ္ပိခန္ဓပဋိဗဒ္ဓမေဝ၊ခန္ဓေဟိဝိသယိကတတ္တာ။ ။နိဗ္ဗာနမ္ပိ၊အသင်္ခတဓာတ်နိဗ္ဗာန်တရားတော်မြတ်သည်လည်း။ခန္ဓပဋိဗဒ္ဓမေဝ၊ ပရိနိဗ္ဗာန်ပြုကြသောရဟန္တာပုဂ္ဂိုလ်တို့၏၊ခန္ဓာကိုယ်နှင့်စပ်သည်သာလျှင်တည်း။ ဝါ၊စပ်၍ဖြစ်လာသလျှင်ကတည်း။ကသ္မာ၊အဘယ်ကြောင့်နည်းဟူမူကား။ တသ္မာ၊ ထိုနိဗ္ဗာန်တရားတော်မြတ်၏၊ ခန္ဓေဟိ၊ ယခုပရိနိဗ္ဗာန်စံတော်မည့်ပရိနိဗ္ဗုတ်ပုဂ္ဂိုလ်ခန္ဓာတို့သည်၊ဝိသယိကတတ္တာ၊ တည်ရာဖြစ်ရာကဲ့သို့ပြုအပ်သည် အဖြစ်ကြောင့်တည်း။ ။ဤသို့လာသောဝိသုဒ္ဓိမဂ်မဟာဋီကာအာစရိယဝါဒကိုထောက်သဖြင့်လည်း။ နိဗ္ဗာန်ဟူသည်ပရိနိဗ္ဗုတ ပုဂ္ဂိုလ်မပေါ်လာမီ အလွတ်သက်သက် ဖြစ်နေနှင့်သောမည်သည်မရှိ။ ပရိနိဗ္ဗုတပုဂ္ဂိုလ်ပေါ်လာမှ။ထိုပုဂ္ဂိုလ်ကိုအရာကဲ့သို့ပြု၍ဖြစ်ပေါ်လာသည်ဟူသောယခင်အောက်စကားကိုယုံကြည်သင့်လှတော့၏။ ။ဤ၌ဗုတိပြီးနောက်ပရိနိဗ္ဗုတပုဂ္ဂိုလ်နှင့်သာရချစပ်သည်ဖြစ်လျက်ဗုတိဆဲပရိနိဗ္ဗုတ္တပုဂ္ဂိုလ်ခန္ဓာနှင့် စပ်သည်ဟုဆိုသည်မှာ။ ထိုပရိနိဗ္ဗုတ္တပုဂ္ဂိုလ်ခန္ဓာမငြိမ်းလျှင် ထိုနိဗ္ဗာန် မပေါ်လာခန္ဓာငြိမ်းမှသာပေါ်လာသောကြောင့် ဆိုသည်ဟုမှတ်၊ ။နိဗ္ဗာနဿအနုပ္ပါဒေ ယေဝပုဂ္ဂလဿနိရောဓော။ ။နိဗ္ဗာနဿ၊အသင်္ခတဓာတ်ပရိနိဗ္ဗာန်ပြုကြသူပုဂ္ဂိုလ်ဖြူတို့၏ပုန်းအောင်းရာတာဏလေဏဖြစ်သောနိဗ္ဗာန်တရားတော်မြတ်၏။အနုပ္ပါဒေယေဝ၊မဖြစ်ပေါ်လာမီကပင်လျှင်။ ပုဂ္ဂလဿ၊ရဟန္တာဟုခေါ်ဆိုအပ်သော ပုဂ္ဂိုလ်ခန္ဓာငါးပါး၏။ နိရောဓော၊ တဘန်မဖြစ်သဖြင့် အကြွင်းခဲ့ချုပ်ပျောက်နှင့်ရ၏၊ ။ဤသို့လာသော။ရင်းဝိသုဒ္ဓိမဂ်မဟာဋီကာကိုထောက်သဖြင့်လည်း။နိဗ္ဗာန်ဟူသည်နိဗ္ဗာန်ရမည့်သူမပေါ်လာခင်ဖြစ်နေ, တည်နေ,ဗုဝေး၍ နေနှင့်သောမည်သည်မရှိ။ မီးငွတ်သူတို့ပေါ်လာမှထင်းချောင်းနှစ်ချောင်းကိုပွတ်တိုက်မှမီးဖြစ်လာသကဲ့သို့။ နိဗ္ဗာန်ရအောင်ကျင့်နိုင်ပြီးသူပေါ်လာမှ၊ဝါ၊ ရဟန္တာပုဂ္ဂိုလ်ဗုဂ်ကျရောက်မှ, ထိုအသျှင်အားစောင့်ရှောက်သောအားဖြင့်၊ယင်းဘာဏလေဏသဘောရှိသော နိဗ္ဗာန်ရတနာဖြစ်ပေါ်လာသည်ဟုမိန့်ဆိုအပ်သော။ ယခင်မိလိန္ဒပဉှာစကားကို။ အထူးအားဖြင့်ယုံကြည်သင့်လှတော့၏၊ ။ဣမသ္မိံယေဝ ကဠေဝရေဗျာမမတ္တေ သသညိမှိ။ သမနကေ။သဝိညာဏကေ။ လောကဉ္စပညပေမိ။ လောက

သမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနိံပဋိပဒဉ္စ။ ။ဒေဝ
ပုတ္တ၊လောက၏ဆုံးရာကိုမေးလျှောက်လာသော ဒိုရေဝတနတ်သား။ ဗျာမ
မတ္တေ၊တလံမျှလောက်သော၊ ဣမသ္မိံ ယေဝကဠေဝရေ၊ ဤရုပက္ခန္ဓာပုဂ္ဂိုလ်
တို့၏ခန္ဓာကိုယ်ကောင်၌ပင်လျှင်။ သသညိမှိ၊ သညာရှိတုန်းအခါက ပင်
လျှင်။သမနကေ၊ ပဉ္စမစိတ်နောက်မရောက်သေးခင်စိတ်ရှိတုန်းအခါကပင်
လျှင်။ သဝိညာဏကေ၊ ရုပက္ခန္ဓာတို့ ပဉ္စမစိတ်တိုင်အောင် ဝိညာဏ်
ရှိတုန်းအခါကပင်လျှင်။ လောကဉ္စ၊လောကဟူသည်ကိုလည်းကောင်း။
လောကသမုဒယဉ္စ၊ လောက၏ ဖြစ်ကြောင်းကိုလည်းကောင်း၊ လောက
နိရောဓဉ္စ၊လောက၏ချုပ်ရာ နိဗ္ဗာန်ဟူသောနိရောဓသစ္စာကိုလည်းကောင်း။
လောက နိရောဓဂါမိနိံပဋိပဒဉ္စ၊ လောကဟူသော ဒုက္ခ၏ချုပ်ရာ နိရောဓ
သစ္စာကိုရကြောင်း အကျင့်ကောင်းကိုလည်းကောင်း။ ပညပေမိ၊ငါဘုရား
ပညတ်တော်မူ၏။ ။ဤသို့လာသော သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်။
စတုက္က အင်္ဂုတ္တိုရ်ပါဠိတော်တို့ဖြင့်။ နိဗ္ဗာန်ဟူသော လောကနိရောဓဟူ
သည်။ ပရိနိဗ္ဗုတ္တပုဂ္ဂိုလ်ခန္ဓာဟူသော လောကကိုလွတ်၍ အလွတ်သက်
သက်အခြားတပါး၌ရှိတော့သည်မဟုတ်။ ဤပရိနိဗ္ဗုတ္တပုဂ္ဂိုလ်ခန္ဓာဟူသော
ကဠေဝရ၌ပင်လျှင်။ အသက်ဝိညာဏ်ရှိတုန်းအခါ၌ပင်လျှင်။ထိုပရိနိဗ္ဗုတ
ပုဂ္ဂိုလ်ခန္ဓာငါးပါးဟူသော လောက၏ချုပ်ခြင်းကို၊ဝါ၊ လောက၏ချုပ်ရာ
နိဗ္ဗာန်ဟူသောနိရောဓသစ္စာကို။ ငါဟောတော်မူသည်ဟု၊ သဗ္ဗညုဘုရား
မိန့်ကြားတော်မူသည်ကို ထောက်သဖြင့်လည်း။ နိဗ္ဗာန်ဟူသည် နိဗ္ဗာန်
ရောက်မည့်သူတို့ မလာရောက်ခင်။ အလွတ်သက်သက် အခြားတပါး၌။
ထိုပုဂ္ဂိုလ်ရောက်စရာ ရဝေးတည်နေနှင့်သောမည်သည်မရှိ၊ စကြာရတနာ
စိုးနင်းမည့်သူ။ စကြာမင်းလောင်း ကောင်းကောင်းကြီးပေါ်လာမှ။ ထိုမင်း
စိုးနင်းစရာ။ စကြာရတနာ ဖြစ်ပေါ်လာရောက် လာသကဲ့သို့၊ နိဗ္ဗာန်စံစား
မည့်သူပေါ်လာမှ။ယင်းနိဗ္ဗာန်ရတနာဖြစ်ပေါ်လာသည်၊ ယင်းနိဗ္ဗာန်စံထိုက်
သူ၌၊ယင်းနိဗ္ဗာန်ရတနာ ဆိုက်ရောက်လာသည် ဟူသော ဝိဇ္ဇာဂ္ဂဝါဒိပ္ပါယ
ဖြင့်လည်းကောင်း။ စကြာရတနာ ဆိုက်လာပေါ်လာအောင်။ စကြာမင်း
လောင်း ဥပုသ်ခုနစ်ရက်သုံးသကဲ့သို့။ နိဗ္ဗာန်ရတနာပေါ်လာအောင်။ နိဗ္ဗာန်
ရလောက်သော ပါရမီအဆောက်အဦ၊ ရှိပြီးသော သီလဝန္တပုဂ္ဂိုလ် တို့။
အသုံးအားဖြင့် ဘာဝနာကို နာနာပွါးကြရမည်ဟူသော ဗျဂ္ဂါဝါဒိပ္ပါယ
ဖြင့်လည်းကောင်း။ မြွက်ဟတော်မူသော။ရှင်းသျှင်နာဂသိန် မထေရ်မြတ်

၏။ မိလိန္ဒပဥှာစကားရပ်ကို။ ကြင်ကြပ်ယုံကြည်သင့်လှတော့သည်။ ဝါ၊ ဤသာဝကပဟော မိလိန္ဒပဥှာစကားရပ်သည်။ ဤဘုရားဟောသဂါထာဝဂ္ဂ သံယုတ်ပါဠိတော်စသည်တို့နှင့် ညီလျော်လှပေသည်ဟု။ အထူးယုံကြည် ကြစေကုန်သတည်း။ ။ဤ၌"သမနန္တရဝိညာဏကေ"ဆိုသော်လည်း။ အသက်ဝိညာဏ်ဟူသည် ထင်ရှားရှိမှသာ။ အသက်ဝိညာဏ်၏ချုပ်ခြင်း နိရောဓ ဟူသောစကား ဖြစ်နိုင်သည်ကိုသာရည်၍ ဆိုသည်။ အသက် ဝိညာဏ်ရှိတုန်းကို နိဗ္ဗာန်ဟူသော လောကနိရောဓပေါ်လာသည် ဆိုလို သည်မဟုတ်။ စင်စစ်မူကား။ ရဟန္တာပုဂ္ဂိုလ်အသက်ဝိညာဏ်ပျောက်မှ။ အနုပါဒိသေသ နိဗ္ဗာန်ရတနာ ဖြစ်ပေါ် လာသည်မှတ်။ ။ဒိဋ္ဌဓမ္မိကာ သဥပါဒိသေသာ နိဗ္ဗာနဓာတု။အနုပါဒိသေသာသမ္ပရာယိကာ။ ။သဥပါဒိ သေသာ နိဗ္ဗာနဓာတု၊ ကိလေသာကုန်ခြင်း ဟူသော သဥပါဒိသေသ နိဗ္ဗာနဓာတ်သည်။ ဒိဋ္ဌဓမ္မိကာ၊ပရိနိဗ္ဗာန်မပြုသေးခင် ဤဘဝ၌ပင်ဖြစ်ပေါ် လာ၏၊ အနုပါဒိသေသာ နိဗ္ဗာနဓာတု၊ အနုပါဒိသေသ အသခ်တဓာတ် နိဗ္ဗာန်ရတနာမြတ်သည်။ သမ္ပရာယိကာ၊ ရဟန္တာပုဂ္ဂိုလ် ခန္ဓာတော် ကွယ်ပြီးမှဖြစ်ပေါ်လာ၏။ ။ဤသို့လာသော ဋီကာပါဌ် ပါဠိတော်။ ။ ဒိဋ္ဌဓမ္မိကာတိဒိဋ္ဌေဝဓမ္မေ ဝ အတ္တဘာဝေ ဘဝါ ဝတ္တမာနာ။ သမ္ပရာယိကာတိ သမ္ပရာယေ ခန္ဓဘေဒတော ပရဘာဂေ ဘဝါ။ ။ဒိဋ္ဌဓမ္မိကာတိ၊ ဒိဋ္ဌဓမ္မိက ဟူသည်ကား။ဒိဋ္ဌေဝဓမ္မေ ဝ အတ္တဘာဝေ၊ဤရဟန္တာဖြစ်သော မျက်မှောက် ထင်ထင်အတ္တဘော၌ပင်လျှင်။ ဘဝါ ဝတ္တမာနာ၊ ဖြစ်ပေါ်လာသော နိဗ္ဗာန ဓာတ်တည်း။သမ္ပရာယိကာတိ၊ သမ္ပရာယိကာဟူသည်ကား။ သမ္ပရာယေ၊ မျက်မှောက် အတ္တဘောမှတပါး ဖြစ်သော။ ခန္ဓဘေဒတော၊ ရဟန္တာ ပုဂ္ဂိုလ်တို့ခန္ဓာတော်ပျက်သည်မှ။ပရဘာဂေ၊အခြားမဲ့နောက်အဘို့၌။ ဘဝါ ဝတ္တမာနာ၊ ဖြစ်ပေါ်လာသော နိဗ္ဗာနဓာတ်တည်း။ ။ဤသို့ လာသော ဋီကာပါဌ်အဋ္ဌကထာများကို ထောက်သဖြင့်လည်း။ အသခ်တဓာတ်အနုပါ ဒိသေသနိဗ္ဗာန်ဟူသည်။ ရဟန္တာပုဂ္ဂိုလ်ခန္ဓာတော် ကွယ်ပြီး နောက်မှ ဖြစ်ပေါ်လာသည်ဟူသော ဓမ္မစကားကို အထူးအားဖြင့်ယုံကြည်ကြစေ ကုန်သတည်း။ ။ရဟန္တာပုဂ္ဂိုလ်ခန္ဓာတော်ကွယ်ပြီးနောက်မှ။ယင်းနိဗ္ဗာန် ရတနာပေါ်လာသည်ဟူခဲ့လျှင်၊ယင်းနိဗ္ဗာန်ရတနာသည်။ အဘယ်ပုဂ္ဂိုလ်၌ ဆိုက်ရောက်လာပါသနည်းဟုမြားအံ့၊ ထိုခန္ဓာကွယ်တော်မူသော ဓိဏာ သဝအသျှင်၌ပင်ဆိုက်ရောက်လာသတည်း၊ ထိုခန္ဓာတော် ကွယ်ပြီးသော

ရဟန္တာအသျှင်သည်ပင်။ ထိုနိဗ္ဗာန် ရွှေပြည်မြတ်၌ တည်စံ နေတော်မူသတည်း။ ။ကာယသက္ခိဘောဒါဓမ္မဗ္ဗော၊သချိုံ့နောပေတိဝေဒဂူ။ ။ ဝေဒဂူ၊ရဟန္တာပုဂ္ဂိုလ်သည်။ကာယသ၊ကိုယ်ခန္ဓာအတွက်ဘောဧ။ ဘေဒါ၊ ပျက်ပြီးသည့်နောက်မှ။ ဓမ္မဗ္ဗော၊ နိဗ္ဗာန်၌ တည်နေတော်မူသည်ဖြစ်၍။ ဝါ၊ တည်နေတော်မူသောအခါဝယ်။ သချို၊လူဟူသောနတ်ဟူသောမင်းပုဏ္ဏား စသည်ဟူသော ရေတွက်ခြင်းသို့။ ဝါ၊ ရေတွက်ထိုက်သည်၏ အဖြစ်သို့။ နဥပေတိ၊မရောက်။ ။ဤသို့လာသော သဒ္ဒါယတနသံယုတ်ပ ငို့တော်။ ။ ဓမ္မဗ္ဗောဘိအသေက္ခဓမ္မေသု၊ နိဗ္ဗာနေဇဝေ ဌိတော။ ။ဓမ္မဗ္ဗောတိ၊ဓမ္မဗ္ဗော ဟူသည်ကား။အသေက္ခဓမ္မေသု၊အသေက္ခပုဂ္ဂိုလ်တို့၏ တရားတို့၌။ ဝါ၊တ နည်းမှုချကား။နိဗ္ဗာနေဇဝေ၊နိဗ္ဗာန်၌သာလျှင်။ ဌိတော၊တည်နေတော်မူသည် ဖြစ်၍။ ။ဤသို့လာသောသဒ္ဒါယတနသံယုတ်အဋ္ဌကထာများကိုထောက် သဖြင့်။ ပရိနိဗ္ဗာန်ပြုသွားကြသော ဘုရားရဟန္တာပုဂ္ဂိုလ်ဟူသမျှပျောက်၍ ပြတ်၍မသွား။ထိုနိဗ္ဗာန်သာခေါင် ဘေးမဲ့တောင်၌၊ သဿတလည်းမဟုတ်, ဥစ္ဆေဒလည်းမကျ။မဇ္ဈိမ္ဗာ.ဘာရဂန္ထိရသဘာဝဖြစ်၍။ အမြဲတည်နေတော် မူသည်။ထိုသို့ဘည်နေတော်မူကြသည့်အခါ။လူဟူ၍နတ်ဟူ၍ ဒုက္ခဘောင် တွင် စာရင်းဝင်သော ဝေါဟာရပညတ်မျိုးဖြင့်။ပညတ်ခေါ်ဝေါ်ခြင်းငှါသာ မထိုက်သတည်းဟုစင်စစ်ယုံကြည်ကြစေကုန်သတည်း။ ။သောအဋ္ဌံ ပလေတိ။နဥပေတိသချိုံ။ ။သော၊ထိုရဟန္တာ ဖြစ်ပြီးနောက် စုတိခြင်းသို့ ရောက်သောသူသည်။အဋ္ဌံ၊နိဗ္ဗာန်သို့။ပလေတိ၊ ရောက်သွားလေ၏။ တဒါ၊ ထိုနိဗ္ဗာန်သို့ရောက်၍ နေသောအခါ၌။ သော၊ထိုနိဗ္ဗာန်သို့ရောက်၍နေသော ရဟန္တာသည်။ သချို၊ လူနတ်စသည်ရေတွက်ခြင်းသို့၊ ဝါ၊ ဒုက္ခအိုးတွင် စာရင်းဝင်သူ နတ်လူစသည် ခေါ်ဝေါ်ထိုက်သောအဖြစ်သို့၊ နဥပေတိ၊ မရောက်။ ။ဤသို့လာသော ဗုဒ္ဓနိဒ္ဒေသ ပ ငို့တော်များကို ထောက်သ ဖြင့်လည်း။ နိဗ္ဗာန်ရောက်သွားကြသူတို့ ခန္ဓာငါးဝ ဒုက္ခအိုးကြီး မရှိငုံမျှ မက။အလုံးစုံပြတ်တောက်အချည်းနှီးတဲ့ရွ အဘာဝသို့ရောက်ကြလေတော့ သည်ဟု မမှတ်ကြကုန်မူ၍။ ထိုပုဂ္ဂိုလ်တို့၊ ထိုမိမိတို့ရောက်ရာ နိဗ္ဗာန်ရွှေ နန်း အုံ့မခန်း၌သာ အမြဲဘည်နေတော် မူကြရသည်။ ထိုအသုခ်တခါတ် နိဗ္ဗာန်ရွှေပြည်မြတ်၌ တည်နေတော်မူကြသည့်အခါ၊ သခ်တဆိုး ဒုက္ခအိုး တွင် စာရင်းဝင်ရသည်။ မနုဿဒေဝစသော ပညတ်မျိုးဖြင့်သာ ခေါ်ဝေါ် ပညတ်ခြင်းငှါ မထိုက်။ ပညတ်အရာကိုလွန်၍ နေတော်မူကြသည်ဟု

ဧကန္တမှတ်ကြကုန်။ ။ဤစကားမှာ။အထက်၌အကျယ်ပြလတ္တံ့ဖြစ်သော်လည်း။ဤ၌စကားစင်လျဉ်းသဖြင့်။အကျဉ်းအမြွက်မျှပြလိုက်သတည်း။ ။ ပရိနိဗ္ဗုတောပုဂ္ဂလော ဥဒ္ဓိန္နောတိ နပဟောဝံ ဝတ္တဗ္ဗေ။ ။ပရိနိဗ္ဗုတော ပုဂ္ဂလော၊ပရိနိဗ္ဗာန်ပြု၍သွားသောပုဂ္ဂိုလ်သည်။ ဥဒ္ဓိန္နော၊ ခန္ဓာငါးဝါ၊မရှိရုံမျှမက၊ အလုံးစုံအစဉ်သန္တာန်ပြတ်၍ပျောက်၍ သွားလေသလော။ ဣတိ၊ ဤသို့သကဝါဒီပုဂ္ဂိုလ်မြတ်က မေးမြန်းအပ်သည်ရှိသော်။ ဧဝံ၊ဤသို့မူကား။ နဝတ္တဗ္ဗေ၊ မဆိုအပ်, မဆိုသင့်, မဆိုထိုက်ပါပေဘုရား။ ဣတိ၊ဤသို့ပရဝါဒီ ဆရာမနေသာ၍ ဖြေဆိုရလေ၏။ ။ဤသို့လာသော ကထာဝတ္ထုပါဠိတော်ကို ထောက်သဖြင့်လည်း။ ပရိနိဗ္ဗာန်ပြု၍ စုတိကျ၍သွားကြသူ ပုဂ္ဂိုလ်ဟူသမျှ၊ အလုံးစုံကွယ်ပျောက်ပြတ်တောက်၊ အချည်းနှီးတုစ္ဆအဘာဝအဖြစ်သို့ မရောက်မသွား ဟူသောအနက်ကို ဧကန္တ သိကြမှတ်ကြကုန်။ ။ ယင်းသို့ ပရိနိဗ္ဗာန်ပြုသွားကြသောပုဂ္ဂိုလ်တို့။ အလုံးစုံအစဉ်ပြတ်တောက်၊ အဘာဝအဖြစ်သို့မရောက်၊နိဗ္ဗာန်၌သာတည်ရောက်၍ နေတော်မူကြသည့်အခါ၊ ထိုအသျှင်တို့ကို လူနတ်စသည်ဟူ၍လည်း၊ မခေါ်ဆိုကောင်း, မခေါ်ဆိုထိုက် ဖြစ်ခဲ့သော်။ ယင်းသို့သော အသျှင်တို့သည်။ ထိုနိဗ္ဗာန်၌ အဘယ်ပုံ အဘယ်ခြင်းရာဖြစ်၍ နေပါသနည်းဟူခဲ့သော်။ ။ရူပသဒ္ဒါဝိမုတ္တောခေါ မဟာရာဇ တထာဂတော ဂမ္ဘီရော အပ္ပမေယျောဒုပ္ပရိယောဂါဟော သေယျထာပိ မဟာသမုဒ္ဒေါ။ ။မဟာရာဇ၊ကောသလမင်းကြီး။ ရူပသဒ္ဒါဝိမုတ္တော၊ရုပ်ကိုစွဲ၍ ခေါ်ဝေါ်အပ်သော လူနတ်စသော မင်းပုဏ္ဏားစသော ပညတ်မျိုးမှလွတ်၍နေသော။ တထာဂတော၊ နိဗ္ဗာန်၌တည်၍နေသော ခီဏာသဝသည်။ ဂမ္ဘီရော၊နက်နဲ၍နေ၏။ အပ္ပမေယျော၊ မနှိုင်းရှည့်စကောင်း။ ဒုပ္ပရိယောဂါဟော၊ ဝေနေယျတို့ဉာဏ်ဖြင့် မထောက်လှမ်းနိုင်။ မဟာသမုဒ္ဒေါ သေယျထာပိ၊ သမုဒ္ဒရာကြီးကဲ့သို့ ဖြစ်၍နေ၏။ ။ ဤသို့ စသည်ဖြင့်လာသော။ သဠာယတနသံယုတ်ပါဠိတော်မြတ်အတိုင်း။ နိဗ္ဗာန်ရောက်၍၊ထိုနိဗ္ဗာန်၌တည်နေကြသောရဟန္တာအသျှင်တို့ ရုပ်ဝေဒနာသညာသင်္ခါရဝိညာဏ်မရှိသဖြင့်၊ထိုရုပ်စသည်တို့နှင့်စပ်သော ပညတ်မျိုးဟူသမျှမှလွတ်၍ နေတော်မူကြရကား။ အဘယ်ပုံအဘယ်ခြင်းရာတို့ဖြင့် ဖြစ်၍နေသည်ဟု။ဝေနေယျတို့ဉာဏ်ဖြင့် မထောက်လှမ်းနိုင်အောင်၊လွန်စွာနက်နဲ၍နေတော်မူကြရသည်ဟူ၍သာမှတ်ကြကုန်။ ။

ဂတိမိဂါနံပဝနံ၊ အာကာသောပက္ခီနံဂတိ။ ဝိဘဝေါဂတိဓမ္မာနံ၊ နိဗ္ဗာနံ

အရဟတော ဂတိ။ ။ပရိဒါပါဠိတော်။ ။သုစိရံပိ ဌတွာပန နိဗ္ဗာနံ အရဟတော ဂတိ ခီဏာသဝဿ အရဟတော အနုပါဒိသေသနိဗ္ဗာနဓာတု ကော်သေနဂတိ ဘိအဌ္ဌေကထာ။ ။ရှင်းပရိဝါ အဋ္ဌကထာ။ ။ပဝနံ၊ တောကြီး ဗိတ်ကာ မြိုင်ကြီးစွာသည်။ မိဂါနံ၊ တောဒွိပေျာ် ရှင် တောသမင်တို့၏။ ဂတိ၊ မှုဆိုးဘေး ကျားဘေးတို့မှ ကင်းဝေးချမ်းသာ ပုန်းအောင်းခိုနေရာအရပ် တည်း၊ အာကာသော၊ ကောင်းကင်သည်။ ပက္ခီနံ၊ ကောင်းကင်ပျော်မြူး သံကျူးရင့်ညောင်း ငှက်အပေါင်းတို့၏။ ဂတိ၊ လက်နက်ထားလှံ ဘေးရန် လွတ်ကြောင်းနေရာကောင်းအရပ်တည်း။ ။ဝိဘဝေါ၊ ပျက်စီးခြင်းသည်၊ ဓမ္မာနံ၊ ဖြစ်လျှင်ပျက်မြဲ မလွဲနိုင်သောသင်္ခါရတရားတို့၏။ ဂတိ၊ သဘော တည်း။ နိဗ္ဗာနံ၊ အနုပါဒိသေသအသင်္ခတဓာတ်နိဗ္ဗာန်သည်။ အရဟတော၊ ရတိကျသွားသော ရဟန္တာအသျှင်များ၏။ ဂတိ၊ မပျောက်မပျက် အမြဲ ရှည်မြင့်စွာ တည်ရာရောက်ရာအရပ်တည်း။ ။ရှင်းပါဠိတော်အနက်။ ။ သုစိရံပိ၊ အဘယ်လောက်မဆို ထိုထိုအလွန်ကြာကြီးကြာအောင်လည်း၊ ဌတွာပန၊ မပျက်မစီးတည်ရာဖြစ်သောကြောင့်ကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အရဟတော၊ ပရိနိဗ္ဗုတခီဏာသဝပုဂ္ဂိုလ်၏၊ ဂတိ၊ မပျောက်မပျက်အမြဲ တည်နေရာတည်း။ အနုပါဒိသေသနိဗ္ဗာနဓာတု၊ အနုပါဒိသေသနိဗ္ဗာနဓာတ် သည်။ ခီဏာသဝဿအရဟတော၊ အာသဝေါကုန်ပြီးနောက်ပတိရောက် သောရဟန္တာပုဂ္ဂိုလ်၏။ ဂတိ၊ သင်္ခတဘေးမှလွတ်ကြောင်းကောင်းကောင်း ကြီးရောက်ရာတည်း။ တနည်းကား။ ခီဏာသဝဿအရဟတော၊ နိဗ္ဗာန် ပျော်ရှင် ရဟန္တာအသျှင်၏ ကော်သေန၊ စင်စစ်အားဖြင့်။ ဂတိ၊ အမြဲတည် နေရာအရပ်တည်း။ ။ရှင်းအဋ္ဌကထာအနက်။ ။ဤပရိဝါ ပါဠိတော်, အဋ္ဌကထာ,တို့၌။ အသင်္ခတဓာတ်နိဗ္ဗာန်၏ ရဟန္တာပုဂ္ဂိုလ်များ၏ ရှည်မြင့်စွာ တည်နေရာဖြစ်သည်ကိုမိန့်ဆိုသောစကားနှင့်။ "အစ္စုတံအစ္စန္တံပဟတွာ အတ္ထိတိအစ္စုတံ"။ ဟူသောယခင်သဒ္ဒါယတနသံယုတ်အဋ္ဌကထာစကား တို့၏။ သမသမ၊ သံသန္ဒနထင်တူထင်မျှ၊ ယင်းနိဗ္ဗာနဓာတ်၏ ထင်ရှားရှိသော အဖြစ်။ အဘာဝတုစ္ဆမဟုတ်သည့်၏အဖြစ် ကိုပြနိုင်သော စကားတော် ချည်းပင်တည်း။ ။ထိုနိဗ္ဗာန်၏၊ ရဟန္တာပုဂ္ဂိုလ်၏ တည်ရာ ရောက်ရာ အားဖြင့် ထင်ရှားရှိသည်ကိုပြသဖြင့်လည်း၊ ပရိနိဗ္ဗုတ ရဟန္တာများ၏။ ထိုနိဗ္ဗာန်၌။ တည်နေသည့်၏အဖြစ်, အဘာဝတုစ္ဆမဟုတ်သည့်၏အဖြစ်, ကိုလည်းပြတော်မူသည်သာတည်း။ ။တည်ရာအရပ်သည် ထင်ရှားရှိ

သကဲ့သို့။ထိုဌာတည်သူလည်းထင်ရှားရှိသင့်တော့သည်သာ။ ၊ ထိုသို့ရှိသော်
လည်း လူဟူသော,နတ်ဟူသော,ပညတ်အားဖြင့်ထင်ရှားမရှိ။ ပညတ္တိပထ
ကိုလွန်၍ တည်နေသည်မှတ်။ ။ဤအနက်ကိုပင်ပြတော်မူလို၍၊ ဤဆို
လတ္တံ့သောသဠာယတနသံယုတ်ပါဠိတော်,၎င်းအဋ္ဌကထာ, ၎င်းဋီကာ,တို့
ကိုမိန့်တော်မူသတည်း။ ။သောပေဒနာပရိညာယ၊ဒိဋ္ဌေဝဓမ္မေအနာသဝေါ။
ကာယဿဘေဒါဓမ္မဋ္ဌော၊သင်္ချံနောပေတိဝေဒဂူ။ ။သဠာယတနသံယုတ်
ပါဠိတော်။ ။ဓမ္မဋ္ဌောတိ အသေက္ခဓမ္မေသု၊ နိဗ္ဗာနေဝါ ဌိတော။ ။
၎င်းအဋ္ဌကထာ။ ။သင်္ချံနုပေတိတိဣဓဒိဋ္ဌေဝဓမ္မေအနာသဝေါတိဣမဿ
ပဒဿဝသေနအတ္ထံဝဒန္တော၊ရတ္တောဒုဋ္ဌောတိသဥပါဒိသေသနိဗ္ဗာနဝသေန
သင်္ချံနုပေတိ၊ ဒိဋ္ဌေဝဓမ္မေအနာသဝေါကာယဿဘေဒါဓမ္မဋ္ဌော မနုဿော
တိဝါဒေဝေါတိဝါသင်္ချံနုပေတိတိအနုပါဒိသေသနိဗ္ဗာနဝသေနာပိအတ္ထော
ဝတ္တဗ္ဗော။ ။၎င်းသဠာယတနသံယုတ်ပါဠိတော်အဘွင့်ဋီကာ။ ။ဝဿ။
ထောချပ်။ ။သော၊ ထိုနေ့ရောညဥ့်ပါအခါမစဲဘာဝနာမြဲနိုင်သောယောဂီ
ပုဂ္ဂိုလ်သည်။ ဝေဒနာ၊ ကျင်နာခြင်းသဘောရှိသော ခန္ဓာငါးပါး ဂုင်နာမ်
တရားအစုတို့ကို။ ပရိညာယ၊ အနိစ္စဒုက္ခအနတ္တဟု ပိုင်းခြားထင်ထင် တ
ကယ် မြင်သော တီရဏပရိညာ, ပဟာနပရိညာ, ဖြင့်။ ဒိဋ္ဌေဝဓမ္မေ၊ ဤ
မျက်မှောက်ဘဝ၌။ အနာသဝေါ၊ အာသဝေါကင်းစင်သည်ဖြစ်၍။ ဓမ္မဋ္ဌော၊
အသေက္ခပုဂ္ဂိုလ်ရဟန္တာတို့၏အရဟတ္တဖိုလ်တရားတို့၌တည်သည်ဖြစ်၍။
ရတ္တောဒုဋ္ဌောတိသင်္ချံ၊ တပ်တတ်သောသူ, ပြစ်မှားတတ်သောသူ, ဟု
ရေတွက်ထိုက်သည့်၏အဖြစ်သို့၊ နောပေတိ၊မရောက်။ ကာယဿ၊ ကိုယ်
ခန္ဓာ၏၊ဘေဒါ၊ပျက်သည်မှနောက်အခြားမဲ့၌။ဓမ္မဋ္ဌော၊နိဗ္ဗာန်၌တည်နေသည်
ရှိသော်။သင်္ချံ၊လူဟူသော,နတ်ဟူသော,ရေတွက်ခြင်းသို့။ဝါ၊ရေတွက်ထိုက်
သည့်၏အဖြစ်သို့။ နောပေတိ၊ မရောက်။ ။ယခင်သဠာယတနသံယုတ်
အဋ္ဌကထာ, ဋီကာ, တို့နှင့် လျော်စွာ။၎င်းသဠာယတနသံယုတ်ပါဠိတော်၏
အတ္ထယောဇနာ။ ၊ ။ဤပါဠိတော်,အဋ္ဌကထာ,ဋီကာ,တို့၌။ ရဟန္တာပုဂ္ဂိုလ်
စုတိပြီးနောက်။ နိဗ္ဗာန်၌တည်ရောက်၍နေသည့်အခါ။ လူဟူသော, နတ်
ဟူသော, ရေတွက်ခြင်းသို့ မရောက်ပြီဟူသောစကားဖြင့်လည်း။ နိဗ္ဗာန်
ရောက်သူတို့ အလုံးစုံ ပျောက်၍ပြတ်၍၊ တုစ္ဆအဘာဝ ဖြစ်သွားသည်
မဟုတ်ဟု ထင်ရှားကြရာ၏။ "ကာယဿဘေဒါ ဓမ္မဋ္ဌော၊ အဘာဝမေဝ
ဂစ္ဆတိ"မဆို။"သင်္ချံနုပေတိ"ဟူ၍သာ ဆိုသောကြောင့်တည်း။ ။၎င်း

သဒ္ဒါယာတနသံယုတ်ပါဠိတော်,အဋ္ဌကထာ,ဋီကာ,စကားတို့သည်လည်း။ ။
သော အတ္တံ ပဋ္ဌေဟိ နုဥပေတိ သဉ္ဇံ။ ။သော၊ထိုဂုတ်ရောက်သွားသော
ရဟန္တာပုဂ္ဂိုလ်သည်။ အတ္တံ၊ အနုပါဒိသေသ အသင်္ခတဓာတ်နိဗ္ဗာန်သို့။
ပဋ္ဌေတိ၊ရောက်သွားလေ၏။ဝါ၊ရောက်သွားသောအခါ၌ဝယ်။ဓာတ်နာမ်။ ။
သဉ္ဇံ၊လူနတ်စသည်,မင်းပုဏ္ဏားစသည်, ဖြင့်ရေတွက်ထိုက်သည်၏အဖြစ်
သို့၊နုဥပေတိ၊မရောက်"။ ။ဤသို့လာသောရှုဋ္ဌနိဒ္ဒေသပါဠိတော်။ ။ဤသို့ပြ
ဆိုအပ်ခဲ့ပြီးသော။ပါဠိတော်များစွာအဋ္ဌကထာတို့ကို ထောက်သဖြင့်။နိဗ္ဗာန်
ရောက်သွားသူ ပရိနိဗ္ဗုတအသျှင်တို့ အသုံးစုံပြတ်တောက် ဥစ္ဆိန္နအဖြစ်သို့
မရောက်သွားသည်၏အဖြစ်။ ထိုပရိနိဗ္ဗုတအသျှင်တို့ မိမိတို့အသီးအသီး
ရောက်ကြရာနိဗ္ဗုတာ၌သာ၊ မအိုမသေအမြဲတည်နေကြသည်၏အဖြစ်ကို
စင်စစ်ယုံကြည်အပ်၏။ ။နိဗ္ဗာနံတသဉ္ဉပါယဘူတာဝိပဿနာတဒုပါယဘူ
တာပဗ္ဗဇ္ဇာတိတိဝိခံပိ နိက္ခမံ။ ။နိဗ္ဗာနံ၊ဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်း
နိဗ္ဗာန်သည်လည်းကောင်း။တဿ၊ ထိုနိဗ္ဗာန်၏။ ဥပါယဘူတာ၊အကြောင်း
ဖြစ်သော။ဝိပဿနာစ၊ ကိလေသာမှထွက်မြောက်ကြောင်းဝိပဿနာဇော
သည်လည်းကောင်း။ တဒုပါယဘူတာ၊ ထိုဝိပဿနာဇော၏ အကြောင်း
ဖြစ်၍ဖြစ်သော။ ပဗ္ဗဇ္ဇာစ၊ ရဟန်းအဖြစ်သည်လည်းကောင်း။ဝါ၊ ရဟန်း
အဖြစ်တည်းဟူသောသဒ္ဓါပညာ ဝီရိယတရားသည်လည်းကောင်း။ ဣတိ၊
ဤသို့။တိဝိခံ၊သုံးပါးအပြားရှိသော။နိက္ခမံ၊နိက္ခမကို။ဝေဒိတဗ္ဗံ၊သိအပ်၏၊ ။
ဤသို့လာသော စရိယာပိဋက အဋ္ဌကထာနှင့်အညီ။ နိက္ခမသုံးပါးတို့တွင်။
ဝိပဿနာနိက္ခမ, ပဗ္ဗဇ္ဇာနိက္ခမ,ဟူသည်။ ပရမတ္ထအားဖြင့်ထင်ရှားရှိသကဲ့
သို့။နိဗ္ဗာနနိက္ခမ၏လည်း။ နိက္ခမချင်းအတူတူဖြစ်၍။ ပရမတ္ထအားဖြင့်ထင်
ရှားရှိသည်အဖြစ်ကိုလည်းကောင်း။ဝိပဿနာနိက္ခမ,ပဗ္ဗဇ္ဇာနိက္ခမ,တို့သည်။
ဝိပဿနာစီးဖြန်းသူ, ရဟန်းပြုသူ,တို့၌ ထင်ရှားရှိသကဲ့သို့နိဗ္ဗာန်ဟူသော
နိက္ခမဟူသည်လည်း။ နိဗ္ဗာန်ရသူပရိနိဗ္ဗုတပုဂ္ဂိုလ်၌။ဝါ၊ပုဂ္ဂိုလ်၏တည်ရာ
ဖြစ်၍။ထင်ရှားရှိသည်၏အဖြစ်ကို။ကောင်းစွာစင်စစ်ယုံကြည်ကြအပ်၏။ ။
ယခုအခါ။ယင်းနိဗ္ဗာန်၏ဂုဏ်ကျေးဇူးကို အသူးသြကြကြည်ညိုကြစေခြင်း
ငှါ။ထိုထိုပါဠိတော်,အဋ္ဌကထာ,တို့မှလာသော၊ နိဗ္ဗာန်ဂုဏ်ကျေးဇူးများစွာ
တို့တွင်။ ကေဒေသဂုဏ်ကျေးဇူးများကို။ အကျဉ်းသင်္ခေပအမြွက်မျှသုတ်
ပြလတ္တံ့။ ။

အသင်္ခတံအန္တံ အနာသဝံ၊သစ္စဉ္စပါရံ နိပုဏံသုဒုဒ္ဒသံ။
အဇဇ္ဇရံဓုဝံအပလောကိနံ၊ အနိဒဿနံနိပ္ပပဉ္စံသန္တံ။ ။
အမတံပဏီတံ သိဝဉ္စခေမံ၊တဏှက္ခယော အစ္ဆရိယံ အဗ္ဘုတံ။
အနီတိကံအနီတိကဓမ္မံ၊နိဗ္ဗာနမေတံသုဂတေန ဒေသိတံ။ ။
အဗျာပဇ္ဈော ဝိရာဂေါစ၊ သုဒ္ဓိမုတ္တိအနာလယံ။
ဒီပံလေဏဉ္စ တာဏဉ္စ၊သရဏဉ္စပရာယဏန္တိ။ ။

သဠာယတနသံယုတ်ပါဠိတော်။ ။ဠိချုပ်။ ။

အနဘန္တိ အာဒိသုတတ္တာ နတိယာ အဘာဝေန အနတံ။ စတုန္နံအာသဝါနံအဘာဝေန အနာသဝံ။ပရမတ္ထသစ္စတာယသစ္စံ။ ဝဋ္ဋသာပရဘာဂဘာဝေန ပါရံ။သဏှဘာဝေန နိပုဏံ။ သုဋ္ဌုဒုဒ္ဒသတာယသုဒုဒ္ဒသံ။ ဇရာယ အဇရိတတ္တာ အဇဇ္ဇရံ။ ထိရဘာဝေန ဓုဝံ။ အပလုဇ္ဇနတာယ အပလောကိနံ။ ။စက္ခုဝိညာဏေန အပဿိတဗ္ဗတ္တာ အနိဒဿနံ။ တဏှာမာနဒိဋ္ဌိပပဉ္စာနံအဘာဝေန နိပ္ပပဉ္စံ။ သန္တဘာဝဋ္ဌေန သန္တံ။ မရဏာဘာဝေန အမတံ။ဥတ္တမဋ္ဌေနပဏီတံ။ သသိရိကဋ္ဌေနသိဝံ။ နိရုပဒ္ဒဝတာယ ခေမံ။ တဏှက္ခယဿ ပစ္စယတ္တာ တဏှက္ခယံ။ ဝိမှာပနိယဋ္ဌေန အစ္ဆရိယာယိတဗ္ဗ ယုတ္တတ္တာ အစ္ဆရိယံ။ အဘူတမေဝဘူတံ ဓာတင်ဟုတွာ အဗ္ဘုတ္တိ အဗ္ဘုတံ။ နိဒုက္ခတ္တာ အနီတိကံ။ နိဒုက္ခသဘာဝတ္တာ အနီတိကဓမ္မံ။ ဝါနာဘာဝေန နိဗ္ဗာနံ။ ဗျာပဇ္ဈာဘာဝေန အဗျာပဇ္ဈံ။ ဝိရာဂါဓိဂမဿ ပစ္စယတ္တာ ဝိရာဂေါ။ ပရမတ္ထသုဒ္ဓိတာယ သုဒ္ဓိ။ တီဟိ ဘဝေဟိ ဝိမုတ္တတာယ မုတ္တိ။ အာလယာနံ အဘာဝေန အနာလယံ။ ပတိဋ္ဌဋ္ဌေန ဒီပံ။ အလ္လီယိတဗ္ဗဋ္ဌေန လေဏံ၊ တာယနဋ္ဌေန တာဏံ။ ဘယ သရဏဋ္ဌေန သရဏံ-ဘယနာသနန္တိ အတ္ထော။ ပရံ အယနံ ဂတိ ပတိဋ္ဌာတိ ပရာယဏံ။ ။သဠာယတနသံယုတ်အဋ္ဌကထာအသင်္ခတသံယုတ်ဖွင့်။ဋ္ဌချုပ်။ ။

အသင်္ခတံ၊ မူလရင်းက သင်္ခတပင်ဖြစ်သော်လည်း အလွန်သိမ်မွေ့လှသဖြင့် သင်္ခတဟု သိကြောင်းမှတ်ကြောင်းလက္ခဏာမှ ကင်း၍နေထသော။ (နသင်္ခတံသင်္ခတလက္ခဏရဟိတန္တိ အသင်္ခတံ ဟူသောသဠာယတနသံယုတ်အဋ္ဌကထာနှင့်အညီတည်း)။ ။အန္တံ၊ဒုက္ခပိုက်မျိုး,တဏှာမျိုးတို့မတိုးမညှပ်မလာနိုင်ရာလည်း ဖြစ်ထသော။ အနာသဝံ၊ ငရဲပြိတ္တာ ဘေးဇရာကို ခါခါဖြစ်စေတတ်သည်ဖြစ်၍ ကြောက်အပ်လှစွာ တဏှာ ဒိဋ္ဌိစသော အာသဝေါညစ်ဆိုးတရားမျိုးတို့မတိုက်ချိုးနိုင်ရာ ဖြစ်ထသော။

သစ္စဉ္စ၊နိဗ္ဗာန်ဟူသော အမည်နာမစကားမျှသာမဟုတ်၊ နိဗ္ဗာန်ဟူသောအမည်ရှိသည်အားလျော်စွာ၊ ငြိမ်းအေးခြင်းပရမတ္ထသဘောအားဖြင့် တကယ်မှန်ကြီးမှန်သည်လည်းဖြစ်ထသော။ပါရံ၊ခန္ဓာကိုယ်ဆိုး ဒုက္ခအိုး၏ပြင်ဘက်ဝဋ်ဆင်းရဲ ရေအယဉ်မှ ထွက်မြောက်ရာ ကမ်းဝကမ်းထိပ်ကြီးလည်းဖြစ်ထသော။နိပုဏံ၊အထည်ဒြပ်ဥပါဒ်မထင်သည်ဖြစ်၍ အလွန်သိမ်မွေ့စွာထသော။သုဒုဒ္ဒသံ၊ ပညာဉာဏ်ဖြင့်သော်လည်း နှိုင်းချင့်ထောက်ဆသိမြင်ရနိုင်စရာလွန်စွာခဲယဉ်းထသော။အဇဇ္ဇရန္တံ၊ ငြိမ်းအေးခြင်းသဘောအားဖြင့်ပေါ်လာပြီးနောက်၊ဘယ်လောက်ပင်ကြာသော်လည်း ဘယ်သည့်ကာလမှ ရင့်အို ပျက်စီးခြင်းလည်း မရှိနိုင်ထသော။ ။(ဇဇ္ဇရသဒ္ဒါ။ ဆွေးမြေ့ ရင့်အိုခြင်းအနက်။ အန္တသဒ္ဒါ ပျက်စီးခြင်း အနက်ဟု ခွဲ၍မှတ်)။ ။ တနည်းကား။အဇဇ္ဇရံ၊ ငြိမ်းအေးခြင်းသိတိဘာဝသဘာဝအားဖြင့် ပေါ်လာပြီးနောက်၊ ကမ္ဘာပျက်မီး ကမ္ဘာပျက်လေကြီး ရေကြီးတို့ဖြင့် သော်လည်း ဘောက်ပြန်တုန်လှုပ်ခြင်းမရှိ ပကတိမြဲမြံစွာ တည်နေထသော။ ။(အန္တပုဒ်မှာတဏ္ဍာဝတ္တ)၊ ။အပလောကိနံ၊ ငြိမ်းအေးခြင်းသဘော ဖြစ်ပေါ်လာပြီးနောက် ဘယ်သည့်ကာလမှ အဘယ်တစုံတခုကြောင့် ပျက်စီးခြင်းမရှိထသော။အနိဒဿနံ၊နတ်မျက်စိဖြင့်သော်လည်း စက္ခုဝိညာဏ်ဖြင့် မမြင်စကောင်းထသော၊ နိပ္ပပဉ္စံ၊ အိုပြန်နာရ သေရဆင်းရဲ ဘောက်လဲခါခါ သံသရာကို ချဲ့ထွင်တတ်သူတဏှာမာနဒိဋ္ဌိတို့ မပြူမလာနိုင်ရာဖြစ်ထသော။ သန္တံ၊တဆဲ့တသီး မီးကြီးငြိမ်းအေးရာလည်းဖြစ်ထသော။အမတံ၊မိမိထံဘည်ရောက်လာသူ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့၏ မအိုမသေ အမြဲတည်စံ နေရာဖြစ်ထသော။ ပဏီတံ၊ မြင်ရရောက်ခသူတို့မရောင့်ရဲနိုင်ဘွယ် တကယ်လွန်မြတ်တော်မူထသော၊ သိဝဥ္စ၊ ကြီးမြတ်သောဂုဏ်ကြက်သရေရှိတော်မူထသော။ ခေမံ၊ ဘေးခပ်သိမ်း ကုန်ငြိမ်းကင်းဝေးရာလည်းဖြစ်ထသော။ တဏှာက္ခယော၊ ဘေးကိုပြုတတ် ကြောက်အပ်လှစွာ ခြောက်တဏှာတို့၏ ကုန်ရာကုန်ကြောင်းလည်းဖြစ်ထသော၊ အစ္ဆရိယံ၊ ဒါန သီလ ဘာဝနာ စသော အကြောင်းတရားတို့နှင့် မကင်းသော်လည်း၊ ယင်းအကြောင်းတရားတို့ကြောင့် ဖြစ်ပုံသခ်တနိမိတ်အရိပ်မထွက်၊ ယင်းသခ်ဘပုံဟန်နှင့်အလွန်ဝေးကွာ လွန်စွာထူးမြတ်သည်ဖြစ်၍၊ အလွန်အံ့ဘွယ်သရဲ အံ့အံ့စလောက်ဖြစ်တော်မူပေထသော။အဗ္ဘုတံ၊ တရံတဆစ် မဖြစ်ဘူးသေးဘဲ တခါထဲသာဖြစ်လာပြီးနောက် မပျောက်မပျက် အမြဲတည်နေသည်လည်း

ဖြစ်ထသော။အနိတိကံ၊အလုံးစုံဆင်းရဲသောဒုက္ခဟူသမျှ ဘယ်ဟာတခုမျှ မရှိထသော။အနိတိကဓမ္မံ၊ဆင်းရဲရှိသောသဘောမျိုးမှ ဆန့်ကျင်ဘက်ကြီး ဖြစ်၍နေထသော၊ ဇတံ-ဇတာဒိသံ၊ ဤသို့ သဘောရှိသော တရားထူး တရားမြတ်ကို။နိဗ္ဗာနံ၊နိဗ္ဗာန်ဟူ၍။သုဂတေန၊မြတ်စွာဘုရားသည်။ဒေသိတံ၊ ဟောကြားတော်မူအပ်ပြီ။သောဓမ္မော၊ထိုနိဗ္ဗာန်တရားသည်။အဇ္ဈာပဋ္ဌောစ၊ ဘေးရန်တွက်တာ ဘယ်ဟာတခု၊ ကြောင့်ကြစရာမရှိသည်လည်းဖြစ်၏။ ဝိရာဂေါစ၊ ဘေးရန်ဖြစ်ကြောင်း ရာဂအပေါင်းမှ ကောင်းကောင်းကြီး ကင်းဝေးရာလည်းဖြစ်၏။ သုဒ္ဓိစ၊ဘေးရန်လာဘွယ် အသွယ်သွယ်သော အညစ်အကြေးမှကင်းဝေးစင်ကြယ်သည်လည်းဖြစ်၏။ မုတ္တိစ၊ ဘေးရန် ထူထပ်ဘုံသုံးရပ်တို့မှလှလှကြီးလွတ်ရာလည်းဖြစ်၏။အနာလယံ၊အလိုလိုဝ အလုံးစုံလှသဖြင့်ဘယ်ဟာတခုမျှမတောင့်တရာလည်းဖြစ်၏။ဒိပံ၊ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့၏ ပုန်းအောင်းရာတည်ရာကျွန်းကြီးသဘွယ်လည်းဖြစ်၏။ လေ ဏံ၊ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ဘေးမှ လွတ်ကြောင်းပုန်းအောင်းခိုနေရာလည်း မှန်၏။တာဏံ၊မိမိ၌တည်ရောက်လာသူပရိနိဗ္ဗုတပုဂ္ဂိုလ်တို့အားဘေးမလာ ရအောင်တကာယ်စောင့်ရှောက်နိုင်သည်လည်းဖြစ်၏။သရဏဥ္စ၊မိမိထံခိုမှီး လာသူပရိနိဗ္ဗုတပုဂ္ဂိုလ်၌ ဘေးမဆိုက်ရအောင်ဘေးတကာကိုကောင်းစွာ ဖျက်ဆီးတတ်သည်လည်းဖြစ်၏။ပရာယဏံ၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏အလွန် အကဲတည်နေရာလည်းလျောင်းရာလည်း ဖြစ်၏။ ဝါ၊ ဘေးကိုကြောက်သူ ပုဂ္ဂိုလ်ဖြူတို့၏ တကယ် ဘေးမှ လွတ်ကြောင်း ကောင်းကောင်းကြီး လည်းလျောင်းတည့်နေရာလည်း စင်စစ်မှန်၏။ ။ဤကား သဒ္ဓါတရား လျှင်လျှားထက်မြက်ကြသူပုဂ္ဂိုလ်ဖြူတို့။ နှုတ်တက်အာဂုမ် ဆောင်ရွက်၍။ နိဗ္ဗာန်ဂုဏ်ကိုအလွန်ယုံကြည်နှစ်သက်ကြစေခြင်းငှါ၊ ယင်းသို့ ယုံကြည် သဖြင့်လည်း။ယင်းနိဗ္ဗာန်ကိုမြန်မြန်ရအောင် အားထုတ်နိုင်ကြစေခြင်းငှါ၊ ၎င်းအဋ္ဌကထာကိုမှီးသဖြင့် ကောင်းကောင်းကြီး ထုတ်ဆောင် ရေးသား အပ်သော။ ယခင်အသင်္ခတသံယုတ်ပါဠိတော်အနက်တည်း။ ။(ဤကား နိဗ္ဗာန်၏ဂုဏ်ကျေးဇူးကိုပြဆိုသောစကားအဖြွက်)။ ။ယခုအခါ နိဗ္ဗာန် ရောက်သွားကြသူ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ဂုဏ်ကျေးဇူးကို အဖြွက်မျှပြဆို လတ္တံ့။ ။

ရူပသင်္ဂြိုဟ်မှတ္တော ခေါ မဟာရာဇ တထာဂတော ဂန္ဓိရောအပ္ပမေ ယျောဒုပ္ပရိယောဂါဟော။သေယျထာပိ မဟာသမုဒ္ဒေါ။ပ။ ဝေဒနာသင်္ခါ

ဝိမုတ္တော ခေါ မဟာရာဇ တထာဂတော ဂမ္ဘီရော အပ္ပမေယျော ဒုပ္ပရိယောဂါဟော သေယျထာပိမဟာသမုဒ္ဒေါ။ သညာသင်္ခါယဝိမုတ္တော ခေါ မဟာရာဇ တထာဂတော ဂမ္ဘီရော အပ္ပမေယျော ဒုပ္ပရိယောဂါဟော သေယျထာပိ မဟာသမုဒ္ဒေါ။သင်္ခါရ သင်္ခါယဝိမုတ္တော ခေါ မဟာရာဇ တထာဂတော ဂမ္ဘီရော အပ္ပမေယျော ဒုပ္ပရိယောဂါဟော သေယျထာပိ မဟာသမုဒ္ဒေါ။ ။ဝိညာဏ သင်္ခါယဝိမုတ္တော ခေါ မဟာရာဇ တထာဂတော ဂမ္ဘီရော အပ္ပမေယျော ဒုပ္ပရိယောဂါဟော။ သေယျထာပိ မဟာသမုဒ္ဒေါ။ ။သဠာယတနသံယုတ်ပါဠိတော်။ ။

ဂမ္ဘီရောတိ အဇ္ဈာသယဂမ္ဘီရတာယ ဂမ္ဘီရော။ ဂုဏဂမ္ဘီရတာယစ။ ။၎င်းသဠာယတနသံယုတ်အဋ္ဌကထာ။ ။တထာဂတောတိ ခီဏာသဝတထာဂတံ သန္ဓာယ ပုစ္ဆတိ။ ၊၎င်းသဠာယတနသံယုတ်ဋီကာ။ ။

မဟာရာဇ၊ ကောသလမင်းကြီး။ရူပသင်္ခါယဝိမုတ္တော၊ ရုပ်ကိုစွဲ၍ဖြစ်သော လူနတ်စသော,မင်းပုဏ္ဏားစသော, ဘုရားပစ္စေကဗုဒ္ဓါစသော, ပညတ်မျိုးမှ လွတ်၍နေသော။ တထာဂတော၊ ပရိနိဗ္ဗုတ ရဟန္တာဖြစ်သော သူသည်။ ဂမ္ဘီရော၊မိမိတည်ရောက်၍နေရာနိဗ္ဗာန်၌၊အတ္ထိနတ္ထိစသည်မဆိုနိုင်မယူနိုင်ဘွယ်၊တကယ်ဒိဋ္ဌိအဇ္ဈာသယအရာအားဖြင့် နက်နဲခြင်းအဘယ်မျှလောက်သော သီလသမာဓိပညာဂုဏ်ရှိသည်မဆိုနိုင်ဘွယ်၊တကယ်ဂုဏ်အားဖြင့် နက်နဲခြင်းဟူသော နက်နဲခြင်းနှစ်ပါးတို့ဖြင့် နက်နဲ၍နေ၏။ အပ္ပမေယျော၊ အမျိုးအနွယ်ဂတိအားဖြင့် အဘယ်လိုတည်းဟု မနှိုင်းယှဉ်နိုင်ဘွယ်ဖြစ်၍နေ၏၊ ဒုပ္ပရိယောဂါဟော၊ ဘယ်ပုံဘယ်ခြင်းရာဘယ်လိုဟာဖြင့် ဖြစ်နေသည်ဟု မထောက်လှမ်းနိုင်ဘွယ် တကယ်ဖြစ်၍နေ၏။ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာပင်လယ်ကြီးကို။ ဒုပ္ပရိယောဂါဟော သေယျထာပိ၊ ကြိုးတာဝါးတို့ဖြင့် မထောက်လှမ်းနိုင်သကဲ့သို့တည်း။ ။မဟာရာဇ၊ ကောသလမင်းကြီး။ဝေဒနာသင်္ခါယဝိမုတ္တော၊ ဝေဒနာကိုစွဲ၍ပညတ်အပ်သော လူနတ်, မင်းမှူးမတ်, ဘုရားပစ္စေကဗုဒ္ဓါ, စသောပညတ်မှလွတ်၍နေသော။ တထာဂတော၊ ပရိနိဗ္ဗုတရဟန္တာသည်။ ဂမ္ဘီရော၊ အဇ္ဈာသယအားဖြင့် နက်နဲခြင်း,ဂုဏ်အားဖြင့် နက်နဲခြင်း,တို့ဖြင့် နက်နဲ၍နေ၏။ အပ္ပမေယျော၊ အမျိုးအနွယ်ဂတိအားဖြင့် ဤသူလိုတည်းဟု မနှိုင်းယှဉ်နိုင်ဘွယ် ဖြစ်၍နေ၏။ ဒုပ္ပရိယောဂါဟော၊ ဤသည့်ခြင်းရာ ဤလိုဟာတည်းဟု ထောက်လှမ်းနိုင်ခြင်းငှါ လွန်စွာခဲယဉ်း၏။ မဟာသမုဒ္ဒေါ သေယျထာပိ၊ သမုဒ္ဒရာကြီးကို

ကြိုးတာဝါးတို့ဖြင့်မထောက်လှမ်းနိုင်သကဲ့သို့ဖြစ်၍နေ၏။ ။(အကြွင်းပါဠိ
တို့ကား အနက်နည်းတူ)၊ ။ဤကားနိဗ္ဗာန်၌တည်ရောက်၍ နေကြသော
ပရိနိဗ္ဗုတ အသျှင်များ၏။ အလုံးစုံ ကွယ်ပျောက် ပြတ်တောက် သွားသော
အဘာဝမဟုတ်။ ထိုမိမိတို့ တည်ရောက်ရာနိဗ္ဗာန်၌။ အပ္ပမေယျဂုဏ်
ဝိသေသတို့ဖြင့်။ မပျောက်မပျက် ချမ်းမြေ့သာယာ ဂန္ဓာရဖြစ်၍ဘည့်စံနေ
ကြရသည်ကို။ ဘုရားသျှင်ကိုယ်တော်တိုင် ဟောပြတော်မူသော သဒ္ဓါ
ယတန သံယုတ်ပါဠိတော်ပါဠိအနက်တည်း။ ဝဋ်ဆင်းရဲမှ ထွက်မြောက်
လိုကြသူပုဂ္ဂိုလ်ဖြူတို့။ ဤပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူးကို ချီးကျူး
ပြဆိုတော်မူသော။ဤသဒ္ဓါယတနသံယုတ်ပါဠိအနက်ကို။နှုတ်တက်အာဂုဏ်
ပြုသင့်လှတော့၏။ ပြုကြပါစေကုန်သတည်း။ ။ဤပါဠိများသည်လည်း။
ဤ၌ "သခေ်ပကထာကဏ္ဍ"ဖြစ်သည်နှင့်လျော်စွာ။ ဉာဏ်နည်းသူတို့အလွယ်
တကူဆောင်ယူနိုင်ကြစေရာလိုရင်းအကျဉ်းမျှသာတည်း။အကျယ်နှင့်တကွ
အလိုရှိသူတို့မှာ။အထက်ဝိတ္ထာရကထာမှယူကြကုန်။ ။

ဂန္ဓာရေတိ၊ နက်နဲသည်ဟူရာ၌။ အဏ္ဏာသသဂန္ဓာရတာယစ၊ ဒိဋ္ဌိ
အဏ္ဏာသယအရာ လွန်စွာနက်နဲသောအဖြစ်ဖြင့်လည်းကောင်း။ဂုဏဂန္ဓာရ
တာယစ၊ သိသသမာဓိဂုဏ်အားဖြင့် ဤသူလိုတည်းဟု မဆိုနိုင်အောင်
ဂုဏ်၏အရာ လွန်စွာနက်နဲသည်၏အဖြစ်ဖြင့်၎င်း။ ဂန္ဓာရော၊နက်နဲ၏။ ။
ယခင် အဋ္ဌကထာအနက်။ ။တထာဂတောတိ၊ တထာဂတဟူရာ၌။
ခီဏာသဝတထာဂတံ၊ ရဟန္တာသတ္တဝါကို။ သန္တာယ၊ရည်၍၊ ပုစ္ဆတိ၊
ကောသလမင်းကြီးမေး၏။ ။၎င်းဋီကာအနက်၊ ။ဤသို့သောပါဠိတော်
အဋ္ဌကထာဋီကာတို့နှင့်အညီ၊ နိဗ္ဗာန်ရောက်သွားကြသူ ပရိနိဗ္ဗုတပုဂ္ဂိုလ်
တို့၏။ အလုံးစုံပြတ်တောက် ပျောက်ပျက်၍မသွား မိမိတို့တည်ရောက်ရာ
နိဗ္ဗုတာအရပ်၌။အဘယ်မျှလောက်ဂုဏ်တို့နှင့်ပြည့်စုံ၍။ အဘယ်ပုံအခြင်း
အရာဖြင့်ထူးကဲဆန်းကြယ်စွာဖြစ်နေကြသည်ဟု၊ ဝေနေယျတို့ဉာဏ်ဖြင့်
မထောက်လှမ်းနိုင်ဘွယ်မဟာသမုဒြာကြီးကဲ့သို့။ တကယ်နက်နဲကြီးကျယ်
စွာမဒိုမသေ အမြဲချမ်းမြေ့သာယာ ငြိမ်းဧးစွာ တည်နေကြရသည်ဟု။
ဧကန္တမှတ်ကြကုန်။ ။

ယခုအခါယင်းနိဗ္ဗာနသုခ၏ဂုဏ်ဝိသေသကိုအဖွင့်မျှပြဆိုလတ္တံ့။ ။
ဒွေမာနိဘိက္ခဝေ သုခါနိ၊ ကတမာနိဒွေ၊ဥပဓိသုခဉ္စ နိရုပဓိသုခဉ္စ ဣမာနိ
ခေါဘိက္ခဝေ ဒွေသုခါနိ။ ဧတဒဂ္ဂံဘိက္ခဝေ ဣမေသံဒွိန္နံသုခါနံယဒိဒံနိရုပဓိ

သုခန္တိ။ ။ဘိက္ခဝေ၊ ငါ၏ချစ်သားရဟန်းများတို့။ သုခါနိ၊ချမ်းသာခြင်းတို့သည်။ဣမာနိဒွေ၊ဤဆိုလတ္တံ့သောနှစ်ပါးတို့တည်း။ကတမာနိဒွေ၊အဘယ်နှစ်ပါးတို့ နည်းဟူမူကား။ ဥပဓိသုခဉ္စ၊ ဒုက္ခတွေဝန်းအုံရာ ခန္ဓာကိုယ်ဆိုးစည်းစိမ်မျိုးအစုံ ကာမဂုဏ်ပျော်မြူး ယစ်ရူးရခြင်း ဟူသော ဥပဓိသုခလည်းကောင်း။နိရုပဓိသုခဉ္စ၊ ခန္ဓာကိုယ်ဆိုးဒုက္ခအိုးပျောက်ကင်းကာမဂုဏ်ယစ်ရူးခြင်းမရှိသဖြင့် အဘယ်တစုံတခု ဘေးမထိနိုင်ရာ နိဗ္ဗာန်ချမ်းသာဟူသောနိရုပဓိသုခလည်းကောင်း။ ဘိက္ခဝေ၊ ချစ်သား ရဟန်းများတို့။ သုခါနိ၊ချမ်းသာတို့သည်။ ဣမာနိဒွေ၊ ဤနှစ်ပါးတို့တည်း။ ဘိက္ခဝေ၊တို့။ ဣမေသံဒွိန္နံသုခါနံ၊ဤခန္ဓာကိုယ်ဆိုးဒုက္ခအိုးနှင့်တကွခံစားရသောသုခ၊ ခန္ဓာကိုယ်ကောင် ဒုက္ခဘောင်မှ လွတ်သောသုခအားဖြင့် သုခနှစ်ဝတို့တွင်။ယဒိဒံ-ယံဣဒံ-နိရုပဓိသုခံ၊ အကြင်ခန္ဓာကိုယ်ဆိုး ဒုက္ခအိုး မထိနိုင်သော နိဗ္ဗာနသုခသည်။ အဂ္ဂံ၊ရှိ၏။ဧတဒေဝ၊ ဤခန္ဓာကိုယ်ဆိုးဒုက္ခအိုးမထိနိုင်ရာ နိဗ္ဗာန်ချမ်းသာ သည်သာလျှင်။ အဂ္ဂံ၊ ခေါင်ကြူး၍ အထူး လွန်မြတ်လှတော့၏။ ။ဤသို့လာသောဒုကအင်္ဂုတ္တရပါဠိတော်ကို ထောက်သဖြင့်။ငါးပါးကာမဂုဏ် အာရုံခြောက်ပါး လိုက်စားပျော်မြူး ယစ်ရူးရသောခန္ဓာကိုယ်ဆိုး ဒုက္ခအိုးကြီး ဘိစီးနှိုင်စက်ရာ လောကီချမ်းသာ ဟူသမျှတို့ထက်။ဆဘက်ထောင်ရာခကလွန်မြတ်လှသောနိရုပဓိနိဗ္ဗာနသုခ၏အလွန်ချမ်းသာလှသည့်၏အဖြစ်။ယင်းသို့စင်လောက်ချမ်းသာရာနိရုပဓိသုခဟူသောနိဗ္ဗာန်ချမ်းသာကိုသာလွန်စွာလိုလားတောင့်တအပ်သည့်အဖြစ်ကိုသနစ်သနားနှင့်တကွ။များများကြီးသတိရှိအပ်လှတော့၏။သတိရှိကြစေကုန်သတည်း။ ။

ဤသို့ခန္ဓာကိုယ်အတ္တဘောဥပဓိကာမဂုဏ်စည်းစိမ်။ ဥပဓိဖြင့်ပျော်မြူးယစ်ရူးရခြင်းမရှိဘဲလျက်။ယင်းနိဗ္ဗာန်ချမ်းသာ၏၊ အလွန်ချမ်းသာသည်၏အဖြစ်ကို။ဥပမာသာဓကဆိုသော်။ပွဲလမ်းသဘင်ကြည့်ရှုရတုန်းအခါထက်ကောင်းမြတ်သောအိပ်ရာထက်ဝယ်။ ချမ်းသာစွာအိပ်၍စက်ပျော်မွေ့၍နေရသောချမ်းသာ၏ လွန်စွာချမ်းသာသည် အဖြစ်ကိုရင်း။ ဘောဇဉ်ခဲဘွယ် စားသောက်ရဆဲအခါ။ စားရဝါးရ အားထုတ်ရသောဆင်းရဲနှင့်ရောသောချမ်းသာထက်။ စားသောက်၍အပြီး ဝကြီးဝ၍အိပ်မွေ့ရာထက်မှိန်းစက်၍နေရသောချမ်းသာ၏လွန်စွာချမ်းသာသည့်၏အဖြစ်ကိုရင်း။စိတ်စေတသိက်စိတ္တဇရုပ်မရှိသဖြင့် မိမိချမ်းသာသည်ကိုပင် ချမ်းသာမှန်း မသိအောင်။ တချမ်းသာထဲချမ်းသာ၍နေသော နိရောဓသမာပတ္တိသုံခကိုရင်း၊ ထောက်

သဖြင့်။ ခန္ဓာကိုယ်ဥပမိရှိသော ချမ်းသာထက်။ဥပမိမရှိသော ချမ်းသာ၏ လွန်မြတ်စွာချမ်းသာသည်၏အဖြစ်ကိုကောင်းစွာယုံကြည်ကြစေကုန်သတည်း။ ။ ဤကား နိဗ္ဗာန်သုခ၏ ပဏီတတရ၏အဖြစ်ကို။ အမြွက်မျှပြဆိုအပ်သော စကားရပ်တည်း။ ။ယခုအခါ။ထိုထိုကျမ်းဂန်၌ ယင်းနိဗ္ဗာန်၏အသင်္ခတ, အပစ္စယ, အဘူတ, အဇာတ, ဆိုသောအရာကိုအမြွက်မျှဆုံးဖြတ်ပြဆိုဦးလတ္တံ့။ ။သင်္ခတဿ သင်္ခတမိတိလက္ခဏာဥ္စ။အသင်္ခတဿအသင်္ခတမိတိလက္ခဏာဥ္စ။သင်္ခတံပန နလက္ခဏံ။လက္ခဏံ နသင်္ခတံ။နစသင်္ခတံဝိနာလက္ခဏံ ပညာပေတုံသက္ကာ။နာပိလက္ခဏံဝိနာသင်္ခတံ။လက္ခဏောနပန သင်္ခတံပါကဋံ ဟောတိ။ ။သင်္ခတဿ၊သင်္ခတတရားအား။သင်္ခတမိတိ၊သင်္ခတတရားဟူ၍။ လက္ခဏာဥ္စ၊ မှတ်ကြောင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ အသင်္ခတဿ၊ အသင်္ခတ တရားအား။ အသင်္ခတမိတိ၊ အသင်္ခတ ဟူ၍။ လက္ခဏာဥ္စ၊ မှတ်ကြောင်းသည်လည်း။ဟောတိ၊ဖြစ်၏။ သင်္ခတံပန၊ သင်္ခတသည်ကား။ နလက္ခဏံ၊ လက္ခဏာမဟုတ်။ လက္ခဏံ၊လက္ခဏာသည်လည်း။ နသင်္ခတံ သင်္ခတမဟုတ်။ သင်္ခတံ၊သင်္ခတကို။ဝိနာ၊ကြဉ်၍။ လက္ခဏံ၊ လက္ခဏာကို။ ပညာပေတုံ၊ပညတ်ခြင်းငှါ။နသက္ကာ၊မတတ်ကောင်း။လက္ခဏံ၊လက္ခဏာကို။ ဝိနာ၊ကြဉ်၍။ သင်္ခတံအပိ၊ သင်္ခတကိုလည်း။ ပညာပေတုံ၊ ပညတ်ခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ပန၊စင်စစ်သော်ကား။ လက္ခဏေန၊ လက္ခဏာ ဖြင့်။သင်္ခတံ၊သင်္ခတတရားသည်။ပါကဋံ၊ထင်ရှားသည်။ဟောတိ၊ဖြစ်၏။ ။ ဤသို့လာသောပဋိသမ္ဘိဒါမဂ် အဋ္ဌကထာကို ထောက်သဖြင့်။ "နသင်္ခတံ သင်္ခတလက္ခဏရဟိတတ္တာအသင်္ခတံ"ဟူသော သဒ္ဒါယာတနသံယုတ်အဋ္ဌကထာ၌။သင်္ခတံသင်္ခတလက္ခဏရဟိတံ၊ ဒါနသီလစသောမူလအကြောင်းရင်းနှင့်မကင်းသဖြင့်။သင်္ခတပင်ဆိုရန်ရှိသော်လည်းအလွန်သိမ်မွေ့သဖြင့်။ သင်္ခတဟု သိရမှတ်ရကြောင်းလက္ခဏာမှ ကင်း၍ နေသည်တည်း။ဣတိ၊ ထိုကြောင့်။အသင်္ခတံ၊အသင်္ခတမည်၏။ဤသို့သောအနက်ကိုသာယုံကြည်စွာမှတ်ကြအပ်၏။ ။"သဘာဝေါဝါ သာမညံဝါ လက္ခဏံ"ဟုလာသော အရာတပါးကိုထောက်၍၊ သင်္ခတလက္ခဏရဟိတံ၊ သင်္ခတသဘောမှကင်းသော ဟူ၍အနက်တပါးမယောင်မှားမိစေအပ်။ "သင်္ခတံပန နလက္ခဏံ"ဟု သင်္ခတနှင့်, လက္ခဏာ၏, အခုတ္တကမ္မဓာရည်း မဖြစ်နိုင်သည်ကို ဆိုသော ရင်းအဋ္ဌကထာကိုနှာနှာထောက်။ ။ထိုကြောင့်နိဗ္ဗာန်ကို။အသင်္ခတဆိုရာ၌။ သင်္ခတလုံးလုံးကြီးမဟုတ်၍၊အသင်္ခတဆိုသည်မဟုတ်။ သင်္ခတအကြောင်း

ရင်းနှင့် မကင်းဖြစ်လာသော်လည်း အလွန်သိမ်မွေ့သဖြင့်၊ သင်္ခတနိမိတ်မထွက်ခဲ့ပေါ် သင်္ခတဟု သိရကြောင်း လက္ခဏာ မထင်ရှားသောကြောင့် သာ။အသင်္ခတဆိုသည်ဟုသိကြကုန်။ ။ဤကိုထောက်သဖြင့် "အပ္ပစ္စယနိဗ္ဗာနံ"ဟူသည်၌လည်း။အကြောင်းမရှိသောနိဗ္ဗာန်ဟု မဆိုလို။အကြောင်းရှိလျက်အကြောင်းရှိပုံကိုသိကြောင်းလက္ခဏာမထင်ရှား။ အလွန်အားဖြင့် သိမ်မွေ့နက်နဲထူးကဲ၍နေသော နိဗ္ဗာန်ဆိုလိုသည်ဟုမှတ်။ တမာပင်အခွ ကြားမှပေါက်ရောက်လာသောသဇင်ပန်းသည်၊ တမာပင်အကြောင်းရင်းခံ ကြောင့် ဖြစ်လာသည် မှန်သော်လည်း။ ယင်းတမာပင်နှင့် အဆင်းအနံ့ အရသာပုံပန်း အလွန်ကွာလှမ်း၍ နေသောကြောင့်။ ဤသဇင်ပန်းသည်, တမာပင်မှပေါက်သည်,တမာပင်ကြောင့်ပင်ဖြစ်လာသည်, တမာပင်ကိုစွဲ၍ ဖြစ်ပေါ်လာသည်ဟုမဆိုနိုင်အောင်။အကြောင်းပုံနှင့်,အကျိုးပုံ,အခြင်းအရာ လွန်စွာကွာဝေး၍နေသကဲ့သို့။ ဒါနသီလဘာဝနာပါရမီ အကြောင်းပစ္စည်း တို့ကြောင့်။ ယင်းနိဗ္ဗာန် ဖြစ်ပေါ်လာရင်းမှန်သော်လည်း။ ထိုအကြောင်း တို့ကြောင့်ဖြစ်ပေါ်လာသည်ဟုမဆိုနိုင်အောင်။အကြောင်းနှင့် အကျိုးနေပုံ ဂုဏ်သကတ်လက္ခဏာလွန်စွာကွာဝေးသောကြောင့်။ ယင်းနိဗ္ဗာန်သည်။ ယင်းအကြောင်းတို့ကြောင့်ဖြစ်သည်ဟုမဆိုရဲနိုင် စာမစွဲနိုင် ဆင်ခြေခဲလဲ နိုင်ပေရကား။ယင်းနိဗ္ဗာန်ကို အပ္ပစ္စယ,နိဗ္ဗာန် ဆိုရသည်မှတ်။ ။နိဗ္ဗာနံပဋိ ဥပ္ပါဒရဟိတံ၊တံဇာတံနာမနဟောတိ။ဇာတိဇရာမရဏာနိဥပ္ပါဒရဟိတာနိ ဇာတိနာမနဟောန္တိ။တေနေဝေတ္ထဇာတာဇာတိသဘာဝေနသုညံ၊ ဇာတံ ဇရာမရဏံသဘာဝေနသုညံ၊ယဒိဥပ္ပါဒရဟိတာသာပိဇာတာန္တိ ဝစနံယုဇ္ဇေ ယျ။တထာဇာတိဇရာမရဏာန္တိ ဝတ္တဗ္ဗံဘဝေယျ။ယသ္မာဥပ္ပါဒရဟိတေသုဇာ တိဇရာမရဏေသုဇာတာန္တိ ဝစနံနယုတ္တံ၊တသ္မာတေသုသဘာဝေနသုညံ။ ။ ဥပ္ပါဒရဟိတံ၊ဥပါဒ်ကင်းသော။ယံနိဗ္ဗာနံ၊အကြင်နိဗ္ဗာန်သည်။အတ္ထိ၊ရှိ၏။တံ၊ ထိုနိဗ္ဗာန်သည်။ဇာတမ္ပိ၊ဖြစ်ပေါ်လာသော်လည်း။ ။ထည့်။ ။ဇာတံနာမ၊ ဖြစ်သည်မည်သည်။ နဟောတိ၊မဖြစ်။ ဇာတိဇရာမရဏာနိ၊ ဇာတိရုပ်, ဇရာရုပ်,မရဏရုပ်,တို့သည်။ဇာတိပိ-ဇာတာနိပိ၊ မိမိတို့သဘောအားဖြင့် ဖြစ်ပေါ် လာကုန်သော်လည်း၊ ဇာတိနာမ၊ ဖြစ်သည် မည်ကုန်သည်။ နဟောန္တိ၊မဖြစ်ကုန်။တေနေဝ၊ထိုကြောင့်သာလျှင်။ဧတ္ထ၊ဤသုံးပါးတို့တွင်။ ဇာတိ၊ဇာတိရုပ်သည်။ဇာတာပိ၊ဖြစ်သော်လည်း။သဘာဝေန၊ မိမိ၏ဥပါဒ် အားဖြင့် ဖြစ်ခြင်းလက္ခဏာမှ။ သုညံ၊ ဆိတ်၏။ ဇရာမရဏံ၊ ဇရာရုပ်,

မရဏာရုပ်,သည်။ဇာတံဇာတံဂိ၊ဖြစ်ပေါ်လာသော်လည်း။ သဘာဝေန၊ မိမိ
တို့၏ဥပါဒ်အားဖြင့်ဖြစ်ခြင်းလက္ခဏာမှ။သုညံ၊ဆိတ်၏။ဇာတိ၊ဤသို့မှတ်အပ်
၏။ ။ယဒိ၊ အကယ်၍။ဥပ္ပါဒရဟိတသာပိ၊ ဥပါဒ်ကင်းသော တရား၏
လည်း။ ဇာတန္တိ ဝစနံ၊ ဇာတံဟူသောစကားသည်။ဝါ၊ တကယ်အားဖြင့်
ဖြစ်၏ဟုဆိုခြင်းသည်။ ယုဇ္ဇေယျ၊သင့်ငြားအံ့။ တထာ၊ ထိုသို့သင့်ခဲ့သည်
ရှိသော်။ဇာတိ၊ဇာတိရုပ်သည်။ ဇာတာ၊ဖြစ်ခဲ့လျှင်။ ဇရာမရဏာနိ၊ ဇရာ
မရဏာဟူ၍။ ဝတ္တဗ္ဗံ၊ ဆိုအပ်သည်။ ဘဝေယျ၊ ဖြစ်ခဲ့ရာ၏၊ ယသ္မာ၊
အကြင့်ကြောင့်။ဥပ္ပါဒရဟိတေသု၊ ဥပါဒ်ခြင်းကင်းကုန်သော။ ဇာတိဇရာ
မရဏေသု၊ ဇာတိရုပ်ဇရာရုပ်မရဏာရုပ်တို့၌။ဇာတန္တိ ဝစနံ၊ဇာတံဟူသော
စကားကို။ဝါ၊ တကယ်ပင်စစ်အားဖြင့် ဖြစ်လာသည်ဟူသော စကားကို။
နဝတ္တံ၊မဆိုအပ်။မဆိုထိုက်။တသ္မာ၊ ထိုကြောင့်။တေသု၊ ထိုဥပါဒ်ကင်းသော
တရားမျိုးတို့၌။ သဘာဝေန၊မိမိတို့ဖြစ်ခြင်းဥပါဒ်ဟူသော သဘောလက္ခ
ဏာမှ။သုညံ၊ ဆိတ်၏။ ။ဤသို့လာသော ပဒီသန္တိ ဒါမဂ် အဋ္ဌကထာနှင့်
အညီ၊ဇာတိရုပ်, ဇရာရုပ်,မရဏာရုပ်,တရားတို့သည်မိမိတို့၏အသီးအသီး
ဥပါဒ် မရှိ သော်လည်း။ နိပ္ဖန္နရုပ်တို့၏ ဖြစ်ခြင်း ဇာတိ သဘော,
ရင့်ခြင်းဇရာသဘော, ပျက်စီးခြင်း မရဏာ သဘော, ဟူ၍၊ ပရမတ္ထ
အားဖြင့် ထင်ရှား ပေါ်လာသကဲ့သို့။ နိဗ္ဗာန် တရားသည်လည်း။ ဥပါဒ်
ဖြစ်ပေါ်အောင် မဖြစ်လာသော်လည်း။ ငြိမ်းခြင်းသဘောဟူ၍ ပရမတ္ထ
အားဖြင့် ထင်ရှားစွာကန် ပေါ်လာသည်သာမှတ်အပ်၏။ ။ချဲ့ဦးအံ့၊ ။
မဟာဘုတ်ရုပ်စသော နိပ္ဖန္နရုပ်တို့၊ ဥပါဒ်အားဖြင့် ဖြစ်လာသည်ရှိသော်။
ထိုရုပ်တို့၏ ဖြစ်စသဘောသည်-ဇာတိရုပ်။ ထိုရုပ်တို့၏ရင့်ခြင်းသဘော
သည်- ဇရာရုပ်။ ထိုရုပ်တို့၏ ပျက်စီးခြင်း သဘောသည်- မရဏာရုပ်
မည်သည်။ ထိုဇာတိ,ဇရာ,မရဏာ,ရုပ်တို့မှာ။ မိမိတို့အသီးအခြား ဥပါဒ်
အားဖြင့်ဖြစ်ခြင်းဟူသည်ရှိတော့သည်မဟုတ်သော်လည်း။ထိုသုံးပါးသော
ရုပ်တရားတို့၏ ဖြစ်စသဘော, ရင့်ခြင်းသဘော, သေခြင်း ပျက်စီးခြင်း
သဘော,ဟူ၍၊ ပရမတ္ထအားဖြင့် တပါးဘမျိုးစိ ထင်ရှားပေါ်လာသကဲ့သို့။
နိဗ္ဗာန်ဟူသောငြိမ်းခြင်းသဘောတရားသည်လည်း။မိမိအသီးအခြား ဥပါဒ်
ဖြစ်အားဖြင့်ဖြစ်ခြင်းမရှိသော်လည်း ရုပ်နာမ်ခန္ဓာတို့၏ ချုပ်ခြင်းကြောင့်။
တဆဲ့တသီးမီးအပေါင်းတို့မှငြိမ်းခြင်းသဘောအားဖြင့် ထင်ရှား ပေါ်လာ
သည်အမှန်ပဲဟူ၍မှတ်။ဇာတိရုပ်,ဟူသည် မိမိအသီးအခြား ဥပါဒ်အားဖြင့်

မဖြစ်သော်လည်း။ နိပ္ဖန္နရုပ်,တို့၏ ဥပါဒ်ခဏာ၌။ ထိုဇာတိရုပ်ဖြစ်ပေါ်လာသည်ပင်ဖြစ်၏။ဇရာရုပ်တရားသည်လည်း မိမိဥပါဒ်ခြင်းမရှိဘဲလျက် နိပ္ဖန္နရုပ်တို့ ဌီခဏာ၌၊ ထိုဇရာရုပ် ဖြစ်ပေါ်လာသည်ပင် ဖြစ်၏။ မရဏာရုပ်သည်လည်းမိမိဥပါဒ်ခြင်းမရှိဘဲလျက်။နိပ္ဖန္နရုပ်တို့ဘင်ခဏာ၌။ ထိုမရဏာရုပ်ဖြစ်ပေါ်လာသည်ပင်ဖြစ်၏။ယင်းနည်းအတူ၊ ငြိမ်းဇေးခြင်းသဘောဟူသော နိဗ္ဗာန်တရားသည်လည်း၊ မိမိဥပါဒ်ထင်ရှား မဖြစ်ဘဲလျက် ရုပ်နာမ်ခန္ဓာအားလုံးချုပ်ပျောက်သည်အခဆုံး၌။ ငြိမ်းဇေးခြင်းသဘောတရားဟု ထင်ရှားပေါ်လာခြင်းသည်အမှန်ပင်ဖြစ်၏။ ။ကမ္ဘာမီးလောင်၍ မြေခတ်ရေခတ်ကုန်ပျောက်သည် အခါ။ အထက် အောက် တပြင်တည်း ဟင်းလင်းအာကာသဖြစ်ပေါ်လာသော်လည်း။ထိုဟင်းလင်းအာကာသ၏ ရုပ်ဒြဗ်မရှိရကား။ဥပါဒ်အားဖြင့်ဖြစ်လာသည်မဆိုသင့်မဆိုနိုင်။ထိုသို့မဆိုသင့်မဆိုနိုင်သော်လည်း။ ထိုဟင်းလင်း အာကာသမဖြစ်ပေါ်လာသည်လည်းမဟုတ်။ ဖြစ်ပေါ်လာသည်ပင်အမှန်ဖြစ်သကဲ့သို့ဘည်း။ ။ဤကား နိဗ္ဗာန်ဘရား၏ ဥပါဒ်အားဖြင့်မဖြစ်သော်လည်း။ ဥပါဒ်ကင်းလျက်ပင်သိမ်မွေ့စွာ ဖြစ်ပေါ်လာသည်အမှန်ဟူရာဝယ်။ ယုံကြည်ဘွယ်သော အထောက်သာဓကပါဠ်ဥပမာစကားချင်တို့တည်း။ ။ဤသို့အောက်၌ ပြဆိုအပ်ခဲ့ပြီးသော သင်္ခတာသ,စသောပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။ဤကောင်းကင်ပေါ်လာပုံ ဥပမာတို့ကို အခါခါအထပ်ထပ်ကြပ်ကြပ်ကြီးနှုလုံးထားမိကြလျှင်၊နိဗ္ဗာန်တရား၏ ဥပ္ပါဒရဟိတဖြစ်သော်လည်း ငြိမ်းဇေးခြင်းသဘောအားဖြင့်ဖြစ်ပေါ်လာရမြဲဖြစ်သည်ဟူသောစကားအရေ။ယင်းနိဗ္ဗာန်၏အသင်္ခတ,အပ္ပစ္စယ,အဇာတ, ဆိုသည်အရေနက်နဲစွာကို၊ သေချာစင်စစ် သဘောကျကြကုန်လတ္တံ့။ ။ ပစ္စယေဟိသမာဂန္တွာကတတ္တာသင်္ခတံ။ ။ပစ္စယေဟိသင်္ဂမ္မကတတ္တာသင်္ခတာနိ။ ။ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။ ။ပစ္စယေဟိ၊ဒါနသီလစသော အကြောင်းတရားတို့သည်၊သမာဂန္တွာ၊ကောင်းစွာထိထိခိုက်ခိုက်လာရောက်ကုန်၍။ကတတ္တာ၊ ပြုပြင်အပ်သောကြောင့်။ သင်္ခတံ၊သင်္ခတမည်၏။ ။ ပစ္စယေဟိ၊ ဒါနသီလစသော အကြောင်းတရားတို့သည်။ သင်္ဂမ္မ၊ ထုပ်ထိပေါင်းထိကပ်ရောက်၍၊ကတတ္တာ၊ပြုအပ်ကုန်သောကြောင့်။ သင်္ခတာနိ၊ သင်္ခတမည်ကုန်၏။ ။ငင်းပြင်သံယုတ်အဋ္ဌကထာစသည်လည်း နည်းတူပင်။ဤအလိုသော်အကြောင်းတရားတို့သည်။ ကောင်းစွာရောက်၍ပြုပြင်အပ်သောကြောင့် သင်္ခတမည်သည်ဆိုသဖြင့်။ အကြောင်းတရားတို့သည်

ကောင်းစွာရောက်၍ ခြပြုနိုင်သောကြောင့်သာ အသင်္ခတဆိုသည်။ အဝေးကြီးကနေ၍ထောက်ပံ့သောအကြောင်းတရားအခြင်းနှင့်မူကား။ ယင်းနိဗ္ဗာန်ကင်း၍မဖြစ်ဆိုလိုသည်။ ဤသို့သောအရာကိုပင် ရည်တော်မူ၍၊ "ကာရဏေနဝိနာသသယမေဝနဘူတန္တိအဘူတံ" ဟု ဥဒါန်းအဋ္ဌကထာ၌မိန့်တော်မူအပ်ပြီ။ ။ယံ၊ အကြင် နိဗ္ဗာန်သည်၊ ကာရဏေန၊ ဒါနသီလ အစရှိသောအကြောင်းပါရမီခံအခြင်းနှင့်။ဝိနာ၊ကင်း၍၊ နဘူတံ၊မဖြစ်ပေါ်လာနိုင်။ ဣတိ၊ ထိုကြောင့်။ တံ၊ ထိုနိဗ္ဗာန်သည်၊ အဘူတံ၊ အဘူတမည်၏။ ။ ၎င်းအနက်၊ ။အကြောင်း တရားတို့ပင် ရှိသော်လည်း၊ ထိုအကြောင်းတရားတို့ နိဗ္ဗာန်ပေါ်လာအောင် အနီးသို့ကပ်ရောက်၍ မပြုပြင်နိုင် မပြုပြင်အပ်။နိဗ္ဗာန်မပေါ်လာခင် ယင်းနိဗ္ဗာန်ပေါ်လာအောင် အဝေးကြီးကသာလှမ်း၍ ထောက်ပံ့သောအားဖြင့် ပြုပြင်အပ်သည်ဖြစ်၍၊ စင်စစ် ပြုပြင်အပ်သည်မဆိုထိုက်သောကြောင့်။ ယင်းနိဗ္ဗာန်ကို အသင်္ခတ ဆိုရသည်ဟူသော အရည်စစ် အဓိပ္ပါယ်ကို မှတ်အပ်၏။ ။အကြောင်းတရားတို့ကပ်ရောက်၍ မပြုပြင်အပ်ဟူရာဝယ် အဓိပ္ပါယ်မှာလည်း၊ ။အကြောင်းတရားတို့သည် ခန္ဓာကို ဥပမာရှိစဉ်။ ရဟန္တာပုဂ္ဂိုလ်တို့ စုတိမကျခင်သာ လိုက်နိုင်သည်။ ရဟန္တာပုဂ္ဂိုလ် စုတိမကျခင် အသက်ထက်ဆုံး ဘုန်းကြီးကံကြီးလပ်ကြီးကျော်စောကြီး သမျှသည်၊ ထိုရဟန္တာ ရှေးကုသိုလ်ပါရမီကံကြောင့်သာဖြစ်သည်ဟု စင်စစ်ဆိုထိုက်၏။ ရဟန္တာပုဂ္ဂိုလ်စုတိပြီးနောက်မှ ပေါ်ရောက်လာသော ထိုနိဗ္ဗာန်ကိုကား၊ ထိုအကြောင်းတရားတို့နှင့် အလွန်ဝေးကွာ၍ တပုံတခန်းစိနေသဖြင့်။ ထိုသို့နိဗ္ဗာန်ပေါ်ရောက်လာအောင် ထပ်ထိလျောက်ထိလိုက်၍ မပြုပြင်နိုင်သောကြောင့်။ ထိုနိဗ္ဗာန်ကို အသင်္ခတဆိုရသည်။ ထိုသို့ထပ်ထိလျောက်ထိလိုက်၍၊ ထိုအကြောင်းတို့ မပြုပြင်နိုင်သော်လည်း။ထိုအကြောင်းတို့နှင့်ကင်း၍ ထိုနိဗ္ဗာန်မဖြစ်ပေါ်လာနိုင်သောကြောင့်လည်း။ ထိုနိဗ္ဗာန်ကို အဘူတဟူ၍လည်း ဆိုရသည်ဟု သေသေချာချာ ကွဲကွဲပြားပြားမှတ်။ ။အဘူတံ၊အကြောင်းတရားတို့နှင့်ကင်း၍ မဖြစ်ပေါ်လာနိုင်သော နိဗ္ဗာန်ဟု အနက်ပေး။ ။ရှေး နသင်္ခတံ သင်္ခတ လက္ခဏာရဟိတန္တိ အသင်္ခတံ, ဟူသောနည်း၌။ သင်္ခတံဝယ်။ သံဥပသာရကို ခါတွဋ္ဌာနုဝတ္တကကြံ၍၊ သင်္ခတံ၊ ပြုပြင်အပ်သည်ဟု အနက်ပေးစေလိုသည်၊ ဤနောက်နည်း၌။ သင်္ခတံဝယ် သံဥပသာရ၏ ခါတွတ္ထပိသေသကအနက်ကိုကြံ၍၊သင်္ခတံ၊အကြောင်းတရားတို့ ထပ်ထိ

လျှောက်ထိကပ်၍ပြုပြင်အပ်သည်ဟူသော အနက်ထူးကိုပေးစေလိုသည်။ ၎င်းသင်္ခတပုဒ်နှင့် နသဒ္ဒါစပ်၍ပြီးသော အသင်္ခတံပုဒ်ကို အနက်ပေးရာ၌ကား။ ရှေးနည်းအလိုအားဖြင့်။ အသင်္ခတံ၊အကြောင်းတရားတို့ ပြုပြင်အပ်သော်လည်း၊ ပြုပြင်အင်ပုံ အရိပ်နိမိတ်လက္ခဏာ မထင်မပေါ်၊ အလွန်ထူးမြတ်သိမ်မွေ့တော်မူလှသော နိဗ္ဗာန်ဟု ပေးစေလိုသည်၊နောက်နည်းအလိုအားဖြင့်။အသင်္ခတံ၊အကြောင်းတရားတွေများစွာကြောင့်ပင်ဖြစ်ပေါ်လာသော်လည်း။ ထိုအကြောင်းတရားတို့အနီးသို့မရောက် အဝေးကြီးကသာ ထောက်ပံ့သောအားဖြင့် ကျေးဇူး ပြုနိုင်သည် ဖြစ်၍။ ထပ်ထိလျှောက်ထိ တကယ်ကျေးဇူးမပြုနိုင်။ကြီးခိုင်ထူးမြတ်လှပေသော နိဗ္ဗာန်ဟု အနက်ပေးစေလိုသည်မှတ်။ဤအသင်္ခတပုဒ်၏အနက်နှစ်နည်းကို အသည်းစွဲအောင်ကျက်မှတ်ကြလျှင်။နိဗ္ဗာန်၏အသင်္ခတမည်သောအချက်၌။ အချက်ကျကျကောင်းကောင်းကြီးနားလည်ကြကုန်လတ္တံ့။ နားလည်ကြပါစေကုန်သတည်း။ ။ပရိနိဗ္ဗာနေ ဉာဏာနိ အရဟတောကာမစ္ဆန္ဒာဒိနံပရိနိဗ္ဗာနံ အပ္ပဝတ္တံ အနုပါဒိသေသပရိနိဗ္ဗာနဉ္စ ပစ္စဝေက္ခန္တဿ တသ္မိံ ကိလေသပရိနိဗ္ဗာနေ ခန္ဓပရိနိဗ္ဗာနေစ ပဝတ္တံ ဉာဏံ။ ။ပရိနိဗ္ဗာနေ ဉာဏာနိ၊ ဉာဏံဟူသည်ကား။ အရဟတော၊ ရဟန္တာပုဂ္ဂိုလ်အား။ ကာမစ္ဆန္ဒာဒိနံ၊ ကာမစ္ဆန္ဒ အစရှိသည်တို့၏။ ပရိနိဗ္ဗာနံ၊ ငြိမ်းခြင်းဟု ဆိုအပ်သော။ အပ္ပဝတ္တံ၊ မဖြစ်ခြင်းကိုလည်းကောင်း။ အနုပါဒိသေသ ပရိနိဗ္ဗာနဉ္စ၊ အနုပါဒိသေသ ပရိနိဗ္ဗာန်ကိုလည်းကောင်း။ ပစ္စဝေက္ခန္တဿ၊ ဆင်ခြင်စဉ်။ တသ္မိံ ကိလေသ ပရိနိဗ္ဗာနေ စ၊ ထိုရဟန္တာပုဂ္ဂိုလ်တို့ ကိလေသာကုန်ခြင်းဟု ဆိုအပ်သော ကိလေသပရိနိဗ္ဗာန်၌လည်းကောင်း။တသ္မိံ ခန္ဓပရိနိဗ္ဗာနေစ၊ထိုရဟန္တာတို့စုတိနောက်ဖြစ်ရောက်လာသောအလုံးစုံသောခပ်သိမ်းတို့မှငြိမ်းဧးခြင်းသဘောဟူသောအနုပါဒိသေသနိဗ္ဗာန်ဟု ဆိုအပ်သောခန္ဓပရိနိဗ္ဗာန်၌လည်းကောင်း။ ပဝတ္တံ၊ဖြစ်သော။ ဉာဏံ၊ဉာဏ်သည်။ ပရိနိဗ္ဗာနေဉာဏံ၊ ပရိနိဗ္ဗာန်၌သိသောဉာဏ်မည်၏။ ။ဤသို့လာသော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာနှင့်အညီ။ ကိလေသာကုန်ခြင်းသည်-ကိလေသပရိနိဗ္ဗာန်မည်၏။ ရဟန္တာပုဂ္ဂိုလ်စုတိနောက်ဖြစ်ရောက်လာသောငြိမ်းဧးခြင်းသဘောဟူသော အနုပါဒိသေသနိဗ္ဗာန်သည်-ခန္ဓပရိနိဗ္ဗာန်မည်၏ ဟူ၍လည်းကောင်း။နိဗ္ဗာန်နှင့်ပရိနိဗ္ဗာန်ဟူသည် အတူတူဟူ၍လည်းကောင်း။ နိဗ္ဗာန်ကိုပစ္စဝေက္ခဏာဇောတို့အာရုံပြုသည်ဟူရာ၌။ယင်းသို့သော ရဟန္တာပုဂ္ဂိုလ်ဖြစ်ပြီးနောက်။

မိမိထံ ပေါ်ရောက်လာမည့် ခန္ဓာငါးပါးဘေးမှငြိမ်းဧးခြင်းသဘောဟူသော အနုပါဒိသေသနိဗ္ဗာန်ကို လှမ်း၍ မြော်တမ်းဆင်ခြင်နှင့်သည်ကိုဆိုသည်။ သူတပါး ရောက်နှင့်ပြီးသော သူတပါး၏ငြိမ်းခြင်းနိဗ္ဗာန်ကို ဆင်ခြင်သည်ကို ဆိုသည်မဟုတ် ဟူ၍လည်းကောင်း သိအပ်၏။ ။သင်္ခါရသီသန္တိ သဗ္ဗသင်္ခတ သင်္ခါရာနံ သိသံ ကောဒို အဝသာနန္တိ အတ္ထော။ ဧတေန အနုပါဒိသေသပရိနိဗ္ဗာနံဝုတ္တံ။ ။သင်္ခါရသီသန္တိ၊ ဟူသည်ကား။ သဗ္ဗသင်္ခတသင်္ခါရာနံ၊အလုံးစုံသော သင်္ခတဟူသောသင်္ခါရတရား ခန္ဓာငါးပါး တို့၏၊ သိသံ၊ထိပ်ဝတည်း။ ကောဒို၊အစွန်ဆုံးတည်း။ အဝသာနံ၊ အဆုံး တည်း။ဣတိအယံ၊ဤသည်ကား၊အတ္ထော၊အနက်တည်း။ ။ဤသို့လာသော ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာနှင့်အညီ။နိဗ္ဗာန်ဟူသည် ရဟန္တာပုဂ္ဂိုလ် ဧတိ ခန္ဓာအခြားမဲ့၌။ ထိုရဟန္တာ ဧတိခန္ဓာဟူသော သင်္ခတ သင်္ခါရတို့၏ အဆုံး၌ ပေါ်ပေါက်လာသော ငြိမ်းဧးခြင်း သဘောတရား အထူးဟု ဆို အပ်သော အနုပါဒိသေသနိဗ္ဗာန်ကိုသာ နိဗ္ဗာန်ရင်း အစစ်ဆိုအပ်သည်ဟု မှတ်ကြကုန်။ ။အဋ္ဌိနိဗ္ဗုတော၊နနိဗ္ဗုတောပုမာ။ ။နိဗ္ဗုတော၊ငြိမ်းဧးခြင်း သဘောဟူသောနိဗ္ဗာန်တရားသည်။အတ္ထိ၊ထင်ရှားရှိသည်မှန်၏။နိဗ္ဗုတော၊ ငြိမ်းခြင်းသို့ရောက်သော။ ဝါ၊ နိဗ္ဗာန်သို့ရောက်သော။ ပုမာ၊ပုဂ္ဂိုလ်သတ္တဝါ ဟူသည်။နဟ၊မရှိ။ ။ဤသို့လာသောရင်းပဋိသမ္ဘိဒါမဂ်အဋ္ဌကထာနှင့်အညီ။ နိဗ္ဗာန်မူကား ထင်ရှားကေန်ရှိ၏။ နိဗ္ဗာန်ရောက်သူ ပုဂ္ဂိုလ်သတ္တဝါ ဟူသည် ကား ထင်ရှားမရှိဟူ၍မှတ်။ ထိုနိဗ္ဗာန်ရောက်သူ ပုဂ္ဂိုလ်သတ္တဝါ ဟူသည် ထင်ရှားမရှိဟူသော်လည်း။ သတ္တဝါ၏အဖြစ်ဖြင့်သာ ထင်ရှား မရှိသည်။ သတ္တဝါဟူသောပညတ်ကိုလွှန်၍နေသော။"ရူပသင်္ခါရဝိမုတ္တ,။ပ။ ဝိညာဏ သင်္ခါရဝိမုတ္တ," ပုဂ္ဂိုလ်ဖြစ်၍ ချမ်းမြေ့သာရာ ထိုနိဗ္ဗာန်၌ တည်ရောက်၍ နေသောပရိနိဗ္ဗုတပုဂ္ဂိုလ်မူကားမရှိဟူ၍မဆိုသင့်။ဆိုလျှင်ဥစ္ဆေဒဒိဋ္ဌိစင်စစ် ဖြစ်တော့မည် ဧကန်မှတ်။ ထိုကြောင့်မှတ်လော။ "ပရိနိဗ္ဗုတောပုဂ္ဂလော ဥစ္ဆိန္နောတိနဟေဝံဝတ္တဗ္ဗေ"ဟု။ကထာဝတ္ထုပ္ပကရဏ်ပြုတော်မူအင်ပြီ။ ။ ပရိနိဗ္ဗုတော ပုဂ္ဂလော၊ နိဗ္ဗာန်ရောက်သွားသော ပုဂ္ဂိုလ်သည်။ ဥစ္ဆိန္နော၊ အလုံးစုံကွယ်ပျောက်ပြတ်တောက်၍သွားသလော။ ဣတိ၊ ဤသို့သကဝါဒီ ပုဂ္ဂိုလ်မြတ် မေးဆိုအပ်သည်ရှိသော်။ ဧဝံ၊ ဤသို့မူကား။ နဝတ္တဗ္ဗေ၊ မဆို သင့်ပါ။ဣတိ၊ ဤသို့ပရဝါဒီဆရာမနေသာ၍ဖြေဆိုရလေ၏။ ။ရင်းကထာ ဝတ္ထုအနက်။ ။ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့ အလုံးစုံ ပြတ်တောက်၍ မသွား

ဖြစ်ခဲ့သော်။ ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်တို့အဘယ်၌တည်နေပါသနည်း။ အဘယ်
သို့ဖြစ်၍နေပါသနည်းဟူ၍မေးအံ့၊ နိဗ္ဗာနံအရဟတောဂတိ, ဟူသော ဝိနည်း
ပရိဝါပါဠိတော်။ကာယဿဘေဒါမ္ဗေဒ္ဓော၊သဉ္ဇ နောပေတိဝေဒဂူ,ဟူသော
သုတ် သဂါထာဝဂ္ဂသံယုတ်ပါဠိတော်တို့နှင့် အညီ။ ရဟန္တာ ပုဂ္ဂိုလ် ရုပ်စုတိ
ပြီးနောက်၊ ရူပသန္တတိဝိရဟိတ္တ,။ပ။ဝိညာဏသန္တတိဝိရဟိတ္တ,ဖြစ်၍နိဗ္ဗာန်၌တည်နေ
ရသည်၊ ထိုသို့နိဗ္ဗာန်၌တည်နေသောအခါ။လူဟူသော,နတ်ဟူသောပညတ်
မျိုးကိုလွန်၍၊ အဘယ်ဘုံတရားမတွေ့နိုင် ချမ်းသာစွာငြိမ်းဇေး၍နေကြ
ရသည်မှတ်အပ်၏၊ ။ဤသို့ရူပသန္တတိဝိရဟိတ္တ,။ပ။ ဝိညာဏသန္တတိဝိရဟိတ္တ,
ပုဂ္ဂိုလ်ဟူသော ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏၊ အဘာဝတည်းမဟုတ်၊ ထိုမိမိတို့
တည်ရောက်ရာနိဗ္ဗုတာ၌။ ဂန္ဓဗ္ဗရအပ္ပမေယျဖြစ်၍ ချမ်းမြေ့သာရာတည်နေ
ကြရသည့် အဖြစ်ကို သေချာစွာ မှတ်ကြဘွယ်ရာ။ အထက်ဝိတ္ထာရ
ကထာသို့ရောက်မှ၊ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်,မဇ္ဈိမပဏ္ဏာသပါဠိတော်,
၎င်းအဋ္ဌကထာ, ဋီကာ, စသည်တို့ဖြင့်ကျမ်းတတ်ကဝိပညာရှိတို့ယုံကြည်
ဘွယ်ရာကျယ်ဝန်းစွာထုတ်ဆိုလတ္တံ့။ ။ဤမျှလောက်ပြဆိုအပ်ခဲ့ပြီးသော
“သင်္ခေပကထာ” စကားအစဉ်ဖြင့်။ နိဗ္ဗုတိသဘာဝံနိဗ္ဗာနံ, ဟူသောထေရ
ဂါထာ အဋ္ဌကထာ။ ပရိနိဗ္ဗာနသဘာဝသင်္ခါတံ နိဗ္ဗာနန္တိ နိဗ္ဗုမေတ္တ ဂန္တဗ္ဗံ,
ဟူသောသဂါထာဝဂ္ဂသံယုတ်ဋီကာ။နိဗ္ဗာနဓာတူတိစနိဗ္ဗုတမေတ္တံ, ဟူသော
သီလက္ခန်ဋီကာ။နိဗ္ဗာနဓာတူတိစနိဗ္ဗာယနမတ္တံ, ဟူသောနေတ္တိအဋ္ဌကထာ။
တဿာတိက္ကဝေ။လ။အယံဘိက္ခဝေအနုပါဒိသေသာနိဗ္ဗာနဓာတု, ဟူသော
ဣတိဝုတ်ပါဠိတော်တို့နှင့်အညီ။ တဆယ့်တသိမ်းမီးအပေါင်းတို့မှငြိမ်းဇေးခြင်း
နိဗ္ဗာယန သိတိဘာဝ သဘောတရားသည်နိဗ္ဗာန်မည်၏ဟူသောအနက်။ ။
အနုပါဒိသေသာ သမ္ပရာယိကာ, ဟူသော ဣတိဝုတ်ပါဠိတော်။သမ္ပရာယိ
ကာတိ သမ္ပရာယေ ခန္ဓဘေဒတော ပရဘာဂေ ဘဝါ, ဟူသော ဣတိဝုတ်
အဋ္ဌကထာတို့နှင့်အညီ၊ အနုပါဒိသေသနိဗ္ဗာန်ဟူက။ ရဟန္တာပုဂ္ဂိုလ်ရုတိ
ခန္ဓာနောက်မှဖြစ်ပေါ်လာသည်ဟူသောအနက်။ ။ဒွေကံ့ဋ္ဌာနိ မဟာရာဇ,
အစရှိသောမိလိန္ဒပဉှာအရ။ ထင်းချောင်းနှစ်ခုကိုမပွတ်တိုက်ခင်မီးမရှိသေး။
ထင်းချောင်းနှစ်ခုကို ပွတ်တိုက်မှ မီးပေါ်လာသကဲ့သို့ရင်း။ စကြာမင်းကြီး
မပေါ်လာခင်စကြာရတနာမရှိသေး။ စကြာမင်းကြီးပေါ်လာမှ ထိုမင်းစီးရာ
စကြာရတနာပေါ်လာသကဲ့သို့ရင်း။ နိဗ္ဗာန်စံမည်သူ ပရိနိဗ္ဗုတပုဂ္ဂိုလ်မပေါ်
လာခင်၊ ထိုပုဂ္ဂိုလ်စံဝင်စရာ ဈေးဦးစွာ ဖြစ်နေနှင့်သောနိဗ္ဗာန်ဟူသည်မရှိ။

နိဗ္ဗာန်စံမည့်သူ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်ပေါ်လာမှ၊ ထိုပုဂ္ဂိုလ်စံစားရာ နိဗ္ဗာန်ရတနာပေါ်လာသည်ဟူသောအနက်၊ ။အဘူတံအဇာတံဟုတွာ အဋ္ဌိတိအဘူတံ,ဟူသော သဒ္ဒါယာတနသံယုတ်အဋ္ဌကထာအရ။နိဗ္ဗာန်မြဲသည်ဆိုသော်သည်း၊ကမ္ဘာကမ္ဘာ့အစဉ်ထာဝရအကြောင်းကင်း၍။အမြဲဖြစ်နေသည်ဟုဆိုသည်မဟုတ်၊ တရံတဆစ်မဖြစ်ဘူးသေးဘဲတခါထဲသာဖြစ်ပေါ်လာပြီးနောက်။မပျောက်မပျက်အမြဲတည်နေသည်ကိုသာရည်၍၊ ယင်းနိဗ္ဗာန်ကိုဓုဝသဿတဆိုသည်ဟူသောအနက်၊ ။သောအဋ္ဌံပစ္စေတိနုဥပေတိသဉ်,ဟူသော ရူဋ္ဌနိဒ္ဒေသပါဠိတော်။ ကာယဿ ဘေဒါ ဓမ္မဒ္ဓေါ၊သဉ်နောပေတိဝေဒဂူ, ဟူသော သဒ္ဒါယာတနသံယုတ် ပါဠိတော်တို့နှင့်အညီ။ ယင်းနိဗ္ဗာန်ရောက်သူဘို့ အလုံးစုံပြတ်တောက် ကွယ်ပျောက်၍သွားသည်မဟုတ်။ မိမိတို့ရောက်ရာနိဗ္ဗာန်၌၊ လူဟူသော,နတ်ဟူသော, မင်းပုဏ္ဏားစသည်ဟူသော, ဘုရားပစ္စေကဗုဒ္ဓါစသည်ဟူသော ပညတ်မျိုးကိုလွန်၍။ ထိုနိဗ္ဗာန်၌ဂန္ဓိရအပ္ပမေယျဖြစ်၍ ချမ်းမြေ့သာယာ တည်စံနေကြရသည်ဟူသောအနက်။ ။နှ သော ပမာဏ မေတိ, ဟူသော ဋ္ဌတိဝုတ်ပါဠိတော်။ အနုပါဒိသေသ နိဗ္ဗာနသဉ်ါတံအဋ္ဌံ ဂတောသော အရဟာဋ္ဌမာယနာမဂတိယာဗွိတော ဤဒိသောနာမဂေါတ္တဝသေနာပိတိ ပမိဏိတုံ အသက္ကုဏေယျော, ဟူသော ဋ္ဌတိဝုတ်အဋ္ဌကထာတို့နှင့် အညီ။ နိဗ္ဗာန်ရောက်သူတို့ထိုနိဗ္ဗာန်၌လားရာဂတိအမျိုးအနွယ်အားဖြင့် ဤသည်ခြင်းရာ ဤလိုဟာဟုမနှိုင်းချည့်နိုင်အောင်အပ္ပမေယျဖြစ်၍ တည်နေသည်ဟူသော အနက်။ ။ရူပသင်္ခါဝိမုတ္တောခေါ်မဟာရာဇ တထာဂတောဂန္ဓိရော, စသော သဒ္ဒါယာတနသံယုတ်ပါဠိတော်နှင့်အညီ။နိဗ္ဗာန်ရောက်သူ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့ရုပ်ဝေဒနာစသည်မရှိသည်ဖြစ်၍၊ ထိုရုပ်ဝေဒနာစသည်နှင့် စပ်သော လူနတ်စသောပညတ်မျိုးမှလွတ်၍နေသဖြင့်၊ ယင်းပရိနိဗ္ဗုတပုဂ္ဂိုလ်တို့ ထိုမိမိတို့ရောက်ရာနိဗ္ဗာန်၌ ဘယ်ပုံဘယ်ခြင်းရာဖြင့် ဖြင်နေသည်။ ဂုဏ်အားဖြင့်အဘယ်သို့သောဂုဏ် အဘယ်မျှလောက်သောဂုဏ်ရှိသည်ဟု မပိုင်းခြားနိုင်မထောက်လှမ်းနိုင်။သမုဒ္ဒရာကြီးကဲ့သို့ တကယ်နက်နဲ၍နေသည်ဟူသောအနက်၊ ၂ ။ယင်းသို့ နက်နဲ၍နေသည်ဆိုသဖြင့်။ယင်းသို့ နက်နဲခြင်းဂန္ဓိရဟူက၊အဘာဝမဟုတ်၊ ဘာဝသာဖြစ်သင့်သဖြင့်။ ယင်းနိဗ္ဗာန်ရောက်သွားကြသောပရိနိဗ္ဗုတပုဂ္ဂိုလ်တို့အလုံးစုံပြတ်တောက် ဉစ္ဆိန္နအဖြင်သို့မရောက်မသွား။ထိုမိမိတို့ရောက်ရာနိဗ္ဗုတာ၌တဆဲ့တသီး မိုးအပေါင်းတို့မှ ကောင်း

ကောင်းကြီးငြိမ်းဖေးသဖြင့်တခါတည်းမျှ ပျက်စီးခြင်းမရှိ။ မအိုမသေ အမြဲ တည်စံ နေကြရသည်ဟူသော အနက်။ ။အသင်္ခတံအနတံ, စသော သံယုတ်ပါဠိတော်အရ။ယင်းနိဗ္ဗာန်၏ အတုမရထူးမြတ်လှသော သင်္ခ စသောဂုဏ်ဝိသေသရှိသည် ဟူသောအနက်။ ။ရူပသင်္ခါဝိမုတ္တောခေါ် မဟာရာဇ, စသော သံယုတ်ပါဠိတော်အရ။ ယင်းသို့ဂုဏ်ထူးဝိသေသရှိ သောနိဗ္ဗာန်၌တည်ရောက်၍နေကြရသူပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ သမုဒ္ဒြာကြီး ပမာလွန်စွာနက်နဲခြင်းဂမ္ဘီရ အပ္ပမေယျ ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံ၍။ ယင်းနိဗ္ဗာန်၌မပျောက်မပျက်မအိုမသေ အမြဲတည်နေကြရသည် ဟူသော အနက်၊ ။ဥပမာနံသုခါနိ,စသောအင်္ဂုတ္တိုရ်ပါဠိတော်အရ။ယင်းပရိနိဗ္ဗုတ ပုဂ္ဂလတို့ စံနေရာနိဗ္ဗာန် ချမ်းသာ၏။ ငါးပါးကာမဂုဏ် အာရုံပျော်မြူး ခန္ဓာကိုယ်ကြီးနှင့်တကွရူးယစ်ရသော ချမ်းသာထက် ဆတက်ထောင်ရာ မက လွန်စွာချမ်းသာလှ၏ ဟူသောအနက်။ ။ဤမျှလောက်ဂုဏ်ရောင် တောက်သော နိဗ္ဗာန်အောင်ခန်း ရွှေမြို့နန်း၌။ ဤမျှစဉ်လောက်နက်နဲသော ပရိနိဗ္ဗုတပုဂ္ဂလအဖြစ်ဖြင့်။ဤမျှစဉ်လောက်ချမ်းသာမြောက်သောနိဗ္ဗာန်သုခ ကိုလျင်မြန်စွာခံစားစံစားကြရအောင်။အထူးကြံဆောင်အားထုတ်ကြသင့် လှတော့၏၊ အားထုတ်ကြရမည်၊ အားထုတ် နိုင်ကြပါစေကုန်သတည်း ဟူသော ဥယျောဇနကဏ္ဍအနက်တို့ကို၊ တကာကျွာလုံး ဝိတ္ထာရဏ္ဏာဓိပ္ပါယဖြင့် ကောင်းကောင်းကြီး ပြဆွမ်းနိုင်သည် ဖြစ်၍၊ အကျယ်မလိုက် အကျဉ်း နှစ်မြိုက်ကြသူ ကြားကြားသမျှ ရဟန်းရှင်လူအပေါင်းတို့ တပေါင်းတည်း အားလုံး သာဓုကာရ ကောင်းချီးညံလျက်။ "ဂန္ဓီရဂန္ဓီရမဟာနိဗ္ဗုတ ဒိပနီကျမ်း"၌။နှစ်ခန်းမြောက်သော "သဒ္ဒါပကာသနီ"အဘိုး။ ဤတွင်နိဂုမ်း အပြီးသတ်လတ်ပြီ၊ ။

ဤသဒ္ဒါပကာသနီမှာ။ အကျယ် မလိုက်၊ အကျဉ်းကြိုက်ကြသူတို့၏ အကျိုးငှါ၊ထုတ်ဆောင်စရာသာဓကပါဠိများစွာတို့ကိုလည်း စုံလင်အောင် မထုတ်ဆောင်ခဲ့။ ထုတ်ဆောင်အပ်သော သာဓကပါဠိတို့ကိုလည်း အစ အဆုံးကုန်စင်အောင်မထုတ်ဆောင်ဘဲ အနည်းငယ်အနည်းငယ်အမြွက် မျှပြဆိုအပ်သတည်း။ ။ဤအကျဉ်းအမြွက်သဒ္ဒါပကာသနီဖြင့်။တင်းမတိမ် အားမရသဘောမကျနှပ်နိုင်ကြသော တိက္ခပညာ, မဟာဉာဏ, ပဏ္ဍိတ ကဝိ,ကျမ်းတတ်ခေါင်ထိပ်ပုဂ္ဂိုလ်အသျှင်တို့မှာ။ အထက်ဒီဃာရကထာသို့ ရောက်မှ အစ အဆုံး ထုတ်ပြလတ္တံ့သော သာဓကပါဠိတော် အမြားမြား။

အဋ္ဌကထာအထပ်ထပ်၊ဋီကာအရပ်ရပ်တို့ကို။အထက်အောက်နှံ့စပ်အောင် ကောင်းကောင်းကြီး မွှေနှောက်။ အခေါက်ခေါက်ကြည့်ရှု။ စိန္တာနုစိန္တနှ ပြုတော်မူကြလျှင်။ဧကန်ပင် ဤအတိုင်းသာ ကောင်းစွာလှလှ သဘောထင် မြင်ကြကုန်လတ္တံ့။ယင်းသို့ထင်မြင်ကြအောင်လည်း။ ဂန္ဓိရကထာ ဒုလ္လဘ ဒေသနာ။ဤအရာကိုအခါခါကြည့်ရှု။အဘန်ဘန်စိန္တာနုစိန္တနှပြုတော်မူကြ ပါစေကုန်သတည်း။ ။ဤသည်လျှင်"ဂန္ဓိရာဂန္ဓိရမဟာနိဗ္ဗုတဒီပနီကျမ်း" ၌ "သင်္ခေပကဏ္ဍကထာသဗ္ဗာကာရေနနိဋ္ဌိတာ။ ။

**သင်္ခေပကထာကဏ္ဍာ-ဒုတိယတွဲပြီးပြီ။ ။**

# ဝိတ္ထာရကဏ္ဍ–အဆိုင်း။

ဤသို့လျှင်"ဂန္ထိရဂန္ထိရမဟာနိဒ္ဒေသဒီပနီကျမ်း"၌၊ "သင်္ခေပကဏ္ဍ, ဝိတ္ထာရကဏ္ဍ" နှစ်ခန်းတို့တွင်။ ရှေးဦးစွာ 'သင်္ခေပကဏ္ဍ" အခန်းကို ညွှန်းဆိုပြီး၍၊ ဤသခအခါ ပိဋကတ် သုံးသွယ်, နိကာယ်ငါးဖြာ, ပါဠိ, အဋ္ဌကထာ, ဋီကာ, တို့မှ ယထာရဟလာသော ကိုးကား စသောက်။ အထောက်သာဓကများစွာတို့ဖြင့် ကြားကြားသမျှ၊ ကျမ်းတတ်ခေါင်ထိ။ ကဝိထင်ပေါ်။ပုဂ္ဂိုလ်ကျော်တို့။ ဉာဏ်ကွန့်မြူးလောက်စဘွယ်၊ အကျယ်ဝိတ္ထာရအားဖြင့် ညွှန်ကြားရေးသား လတ္တံ့သော နိဒ္ဒုဘိကထာ နိဒ္ဒုတ ကထာ ဝိတ္ထာရဒေသနာအခန်းတည်း။

ကထံ၊ ။အတ္ထိ ဘိက္ခဝေ တဒါယတနံ၊ ယတ္ထ နေဝ ပထဝီ န အာပေါ န တေဇော န ဝါယော၊ န အာကာသာနဉ္စာယတနံ န ဝိညာဏဉ္စာယတနံ န အာကိဉ္စညာယတနံ န နေဝသညာနာသညာယတနံ၊ နာယံ လောကော န ပရလောကော န ဥဘော စန္ဒိမသူရိယာ၊ တတြာပါဟံ ဘိက္ခဝေ နေဝ အာဂတိံ ဝဒါမိ၊ န ဂတိံ န ဌိတိံ န စုတိံ န ဥပပတ္တိံ အပ္ပတိဋ္ဌံ အပ္ပဝတ္တံ အနာရမ္မဏမေဝေတံ၊ ဧသေဝန္တော ဒုက္ခဿာတိ။ ။နိဗ္ဗာန သံယုတ္တံ ပဌမဥဒါနံ၊ ။ဒုဒ္ဒသံ အနတံ နာမ၊ န ဟိ သစ္စံ သုဒဿနံ၊ ပဋိဝိဒ္ဓါ တဏှာ ဇာနတော ပဿတော နတ္ထိ ကိဉ္စနံ၊ ။ဒုတိယဥဒါနံ၊ ။ အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ နော စေတံ ဘိက္ခဝေ အဘဝိဿ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ နယိဓ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယေထ။ယသ္မာ စ ခေါ ဘိက္ခဝေ အတ္ထိ အဇာတံ အဘူတံ အကတံ အသင်္ခတံ။တသ္မာ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယတီတိ။ ။တတိယဥဒါနံ။ ။ နိဿိတဿ စလိတံ အနိဿိတဿ စလိတံ နတ္ထိ။ စလိတေ အသတိ ပဿဒ္ဓိ။ ပဿဒ္ဓိယာ သတိ နတိ န ဟောတိ၊ နတိယာ အသတိ အာဂတိဂတိ န ဟောတိ။ အာဂတိဂတိယာ အသတိ စုတူပပါတော န ဟောတိ။စုတူပပါတေ အသတိ နေဝိဓ န ဟုရံ န ဥဘယမန္တရေန။ ဧသေဝန္တော ဒုက္ခဿာတိ၊ ။စတုတ္ထ ဥဒါနံ၊ ။ဥဒါနပါဠိတော်။

တဒါယတနန္တိ ကာရဏံ၊ ဒကာရော ပဒသန္ဓိကရော။ နိဗ္ဗာနံဟိ မဂ္ဂဖလဉာဏာဒီနံ အာရမ္မဏပစ္စယ ဘာဝတော ရူပါဒီနိဝိယ စက္ခုဝိညာဏာဒီနံ အာရမ္မဏပစ္စယဘူတာနိ ကာရဏဘာဝေန အာယတနန္တိ ဝုစ္စတိ။ ဧတ္တာဝတာ ဘဂဝါတေသံဘိက္ခူနံ အသင်္ခတာယ ဓာတုယာ ပရမတ္ထတော အတ္ထိဘာဝံပဝေဒေတိ။ တတြာယံဓမ္မန္ဝယော။ ဣဓမ္မာနံ ဝိဇ္ဇမာနတ္တာ အသင်္ခတာယပိ ဓာတုယာ ဘဝိတဗ္ဗံ တပ္ပဋိပက္ခတ္တာ သဘာဝဓမ္မာနံ၊ ယထာဟိ ဒုက္ခဝိဇ္ဇမာနေ တပ္ပဋိပက္ခဘူတံ သုခံပိဝိဇ္ဇတိယေဝ။ တထာ ဥဏှေ ဝိဇ္ဇမာနေ သီတံပိ ဝိဇ္ဇတိ။ ပါပဓမ္မေသု ဝိဇ္ဇမာနေသု ကလျာဏဓမ္မာပိ ဝိဇ္ဇန္တိဧဝ။ဝုတ္တဉ္စေတံ။ ။ယထာပိဒုက္ခေဝိဇ္ဇန္တေ၊သုခံနာမပိဝိဇ္ဇတိ၊ဧဝံဘဝေဝိဇ္ဇမာနေ၊ ဝိဘဝေါပိဣစ္ဆိတဗ္ဗကော။ ။ယထာပိ ဥဏှေဝိဇ္ဇန္တေ၊ အပရံပိဝိဇ္ဇတိသီတလံ၊ ဧဝံတိဝိဓဂ္ဂိဝိဇ္ဇန္တေ၊ နိဗ္ဗာနံဣစ္ဆိတဗ္ဗကံ။ ။ယထာပိပါပေဝိဇ္ဇန္တေ၊ ကလျာဏမပိဝိဇ္ဇတိ။ ဧဝမေဝဇာတိ ဝိဇ္ဇန္တေ၊ အဇာတိပိဣစ္ဆိတဗ္ဗကန္တိအာဒိ။ ။တတြာတိတသ္မိံ။ ပိသဒ္ဒေါ သမုစ္စယေ။အဟံဘိက္ခဝေယထာသင်္ခါရပဝတ္တေကုတောစိ ကဿစိ အာဂတိံ နဝဒါမိ။ ယထာပစ္စယာယတဓမ္မမတ္တသ္မိံ ဥပ္ပဇ္ဇနတော။ ဇာတသ္မိံပိ အာယတနေ နိဗ္ဗာနေ ကုတောစိအာဂတိအာဂမနံ နေဝဝဒါမိ။ အာဂန္တဗ္ဗဋ္ဌာနတာယ အဘာဝတော။နဂတိန္တိ။ကတ္ထစိဂမနံနဝဒါမိဂန္တဗ္ဗဋ္ဌာနတာယ အဘာဝတော။ နဟိတတ္ထသတ္တာနံထပေတွာဉာဏေန အာရမ္မဏကရဏံ အာဂတိဂတိယောသမ္ဘာဝန္တိ။နာပိဋ္ဌိတိစုတူပပတ္တိယော။ တဒါသယန္တိပိပါဠိ၊တဿတ္ထောဝိအာသယံဂါမန္တရတောဂါမန္တရံဝိယနအာဂန္တဗ္ဗတာသ နအာဂတိ အဂန္တဗ္ဗတာယနဂတိ ပထဝီပဗ္ဗတာဒိဝိယ နပတိဋ္ဌာနတာယ နဋ္ဌိတိ။ အပ္ပစ္စယတာဝ ဥပ္ပါဒါဘာဝေါ တတော အမတသဘာဝတ္တာ စဝနာဘာဝေါ ဥပ္ပါဒနိရောဓာဘာဝတောယေဝ တဒုဘယ ပရိစ္ဆိန္နာယ ဋ္ဌိတိယာအဘာဝတော နဋ္ဌိတိ နစုတိ နဥပပတ္တိ ဝဒါမိ၊ ကေဝလံပနတံ အရူပသဘာဝတ္တာ အပ္ပတိဋ္ဌဉ္စာဝနကတ္ထစိပတိဋ္ဌိတန္တိ အပတိဋ္ဌံ၊ တတ္ထ ပဝတ္တာဘာဝတော ပဝတ္တပဋိပက္ခတောစအပဝတ္တံ၊ အရူပသဘာဝတ္တေပိ ဝေဒနာဒယော ကဿစိအာရမ္မဏဿအနာလမ္ဗနတော ဥပတ္ထမ္ဘ နိရပေက္ခတော အနာရမ္မဏမေဝတံ အာယတနန္တိ နိဗ္ဗာနံ။ အယဉ္စေဝ သဒ္ဒေါအပ္ပတိဋ္ဌမေဝ အပဝတ္တမေဝါတိ ပဒဒွယေနာပိ ယောဇေတဗ္ဗော။ ဧသေဝန္တော ဒုက္ခဿာတိ ယဒိဒံ အပ္ပတိဋ္ဌန္တိ အာဒီဟိဝစနေဟိ ဝဏ္ဏိတံ

ယောပိတံ ယထာဘူတလက္ခဏံနိဗ္ဗာနံ ဩသာဝေ သကလဝဋ္ဋဒုက္ခဿ အန္တော ပရိယောသာနံ၊ တဒပိဂမေဟိ သဗ္ဗ ဒုက္ခ ဘာဝတော ဒုက္ခဿ အန္တောတိ အယမေတဿ သဘာဝေါတိ ဒဿေတိ။ ။

ပထမသုတ္တ ဝဏ္ဏနာ၊ ။တတ္ထ ဒုဒ္ဒသန္တိ သဘာဝ ဂမ္ဘီရတ္တာ အတိ သုခုမ သဏှသဘာဝတ္တာစ အနုပစိတ ဉာဏသမ္ဘာရေဟိ ပဿိတုံ နသက္ကာတိ ဒုဒ္ဒသံ။ အနတန္တိ ရူပါဒိ အာရမ္မဏေသု ကာမာဒိသုစ ဘဝေသုနမနတော တဏှာဘာဝေန ပဝတ္တိတော သတ္တာနဉ္စ တတ္ထနာမန တော တဏှာနတံနာမ။ နတ္ထိဧတ္ထနတန္တိ အနတံ။ နိဗ္ဗာနန္တိ အတ္ထော။ သစ္စန္တိ နိဗ္ဗာနံ။ တံဟိကေနစိပရိယာယေန အသန္တသဘာဝါဘာဝတော ဧကန္တ နေဝသန္တတ္တာ အဝိပရီတဋ္ဌေနသစ္စံ၊ တံနဟိသုဒဿံ နသုခေနပဿိတဗ္ဗံ သုစိရံပိ ကာလံ ပုညဉာဏသမ္ဘာရေ သမာနေန္တေဟိပိ ကသိရေနေဝ သမဓိဂန္တဗ္ဗတော။တထာဟိဝုတ္တံ ဘဂဝတာ ကိစ္ဆေနမေအဓိဂတန္တိ။ပဋိ ဝိဒ္ဓါ တဏှာလောကေ ဇာနတောပဿတော နတ္ထိ သာနတိ တဉ္စနိရောဓ သစ္စံ သစ္စံကိရိယာဘိသမယဝသေန အဘိသမာနေန္တေန ပိဿယတော ကိစ္စတော အာရမ္မဏတောစ အာရမ္မဏံပဋိဝေဓဝသေနစ ပဋိဝိဒ္ဓံယထာ ပရိညာဘိသမယဝသေန ဒုက္ခသစ္စံ ဘာဝနာဘိသမယဝသေန မဂ္ဂသစ္စဉ္စ အသမ္မောဟတော ပဋိဝိဒ္ဓံ ဟောတိ။ ပဟာနာဘိသမယဝသေန အ သမ္မောဟတောစ ပဋိဝိဒ္ဓါတဏှာဟောတိ၊ ဧဝဉ္စသတ္တာရိသစ္စာနိ ယထာ ဘူတံ အရိယမဂ္ဂပညာယ ဇာနတော ပဿတော ဘဝါဒိသု နတ္ထိဘူတာ ကဏှာနတ္ထိတဒဘာဝေ သဗ္ဗဿ ကိလေသဝဋ္ဋဿ အဘာဝတော တတော ကမ္မဝိပါကဝဋ္ဋာနံ အသမ္ဘဝေါယေဝါတိ ဧဝံဘဂဝါ တေသံ ဘိက္ခူနံ အနုပ သေသဝဋ္ဋဒုက္ခဝူပသမဟေတုဘူတံ အမတမဟာနိဗ္ဗာနဿ အာနုဘာဝံ ပကာသေတိ။ ။ဒုတိယသုတ္တဝဏ္ဏနာ။

။တတိယေအထခေါဘဂဝါဧတ မတ္ထံ ဝိဒိတွာတိ တဒါကိရ ဘဂဝါ အနေကပရိယာယေန သံသာရဿ အာဒီနဝံ ပကာသေတွာ တဒုပသမနာဒိဝသေန နိဗ္ဗာနပဋိသံယုတ္တာယ ဓမ္မ ဒေသနာယ ကထာယ တေသံဘိက္ခူနံ ဧတဒဟောသိ။ အယံသံသာရော ဘဂဝတာ အဝိဇ္ဇာဒိဟိ ကာရဏေဟိ ဉာပေတုကာမေန ပကာသိတော။ နိဗ္ဗာနဿပန တဒုပသမဿနကိဉ္စိကာရဏံ။ တယိဒံ အဟေတုကံကထံ သစ္စိကဋ္ဌ ပရမတ္ထေန နုပလဗ္ဘတီတိ။ အထဘဂဝါ တေသံဘိက္ခူနံ ဧတံ ယထာဝုတ္တ ပရိဝိတက္ကသင်္ခါတံ အဇ္ဈတ္တံဝိဒိတွာ။ ဣမံဥဒါနန္တိ တေသံဘိက္ခူနံ

ဝိမတိဝိနောဒနတ္ထဉ္စေဝ ဣဓသံဏာဗြာဟ္မဏာနံ နိဗ္ဗာနံ နိဗ္ဗာနန္တိ ဝါစာဝတ္ထုမတ္တမေဝ နတ္ထိ ပရမတ္ထတော နိဗ္ဗာနံနာမ အနုပလဗ္ဘမာန သဘာဝတ္တာတိ လောကာယတိကာဒီနံ ဝိယ ဝိပ္ပဋိပန္နာနံ ဗဟိဒ္ဓါ စ ပုထုဇ္ဇနဂတိကာနံ မိစ္ဆာဝါဒဘဉ္ဇနတ္ထဉ္စ ဣမံ အမတမဟာနိဗ္ဗာနဿ ပရမတ္ထတော အတ္ထိဘာဝဒီပနံ ဥဒါနံ ဥဒါနေသိ၊ တတ္ထ အဇာတံ အဘူတံ အကတံ အသင်္ခတန္တိ သဗ္ဗာနိ ပဒါနိ အညမညဝေဝစနာနိ။ အထဝါ ဝေဒနာဒယော ဝိယ ဟေတုပစ္စယသမဝါယသင်္ခါတာယ ကာရဏသာမဂ္ဂိယာ နဇာတံ န နိဗ္ဗတ္တန္တိ အဇာတံ၊ ကာရဏေန ဝိနာ သယမေဝ နဘူတံ နပါတုဘူတံ နဥပ္ပန္နန္တိ အဘူတံ။ ဧဝံ အဇာတတ္တာ စ အဘူတတ္တာ စ ယေန ကေနစိ ကာရဏေန ကတန္တိ အကတံ၊ ဇာတဘူတကတဘာဝေါ စ နာမ နာမရူပါနံ သင်္ခတဓမ္မာနံ ဟောတိ၊ နသင်္ခတသဘာဝဿ နိဗ္ဗာနဿာတိ ဒဿနတ္ထံ အသင်္ခတန္တိ ဝုတ္တံ၊ ပဋိလောမတော ဝါ သမေစ္စ သမ္ဘုယျ ပစ္စယေဟိ ကတန္တိ သင်္ခတံ။ တထာ နသင်္ခတံ သင်္ခတလက္ခဏရဟိတန္တိ အသင်္ခတန္တိ။ ဧဝမနေကေဟိ ကာရဏေဟိ နိဗ္ဗတ္တိသဘာဝေ ပဋိသိဒ္ဓေ သိယာ နုခေါ ဧကေနေဝ ကာရဏေန ကတန္တိ အာသင်္ကာယံ နကေနစိ ကတန္တိ ဒဿနတ္ထံ အကတန္တိ ဝုတ္တံ၊ ဧဝံ အပ္ပစ္စယမ္ပိ သမာနံ သယမေဝ နုခေါ ဇာတံ ဘူတံ ပါတုဘူတန္တိ အာသင်္ကာယ တန္နိဝတ္တနတ္ထံ အဘူတန္တိ ဝုတ္တံ။ အယဉ္စေတဿ အသင်္ခတာကာရော ဘူတာကာရော သဗ္ဗေနသဗ္ဗံ အဇာတိဓမ္မတာတိ ဒဿနတ္ထံ အဇာတန္တိ ဝုတ္တံ။ ဧဝမေတေသံ စတုန္နမ္ပိ ပဒါနံ သတ္ထကဘာဝံ ဝိဒိတွာ တယိဒံ နိဗ္ဗာနံ အတ္ထိ ဘိက္ခဝေတိ ပရမတ္ထတော နိဗ္ဗာနဿ အတ္ထိဘာဝေါ ပဝေဒိတောတိ ဝေဒိတဗ္ဗော။ တတ္ထ ဥဒါနေန္တေန ဘဂဝတာ ဘိက္ခဝေတိ အာလပနေ ကာရဏံ ဟေဋ္ဌာဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။ ဣတိ သတ္ထာ အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတန္တိ ဝတွာ တတ္ထ ဟေတုံ ဒဿေန္တော နော စေတံ ဘိက္ခဝေတိ အာဒိမာဟ။ တဿာယံ သင်္ခေပတ္ထော။ ဘိက္ခဝေ ယဒိ အဇာတာဒိသဘာဝါ အသင်္ခတာ ဓာတု နာဘဝိဿ နသိယာ ဣဓလောကေ ဇာတာဒိသဘာဝဿ ရူပါဒိခန္ဓပဉ္စကသင်္ခါတဿ သင်္ခတဿ နိဿရဏံ အနဝသေသဝူပသမော နပညာယေယျ နဥပလဗ္ဘေယျ နသမ္ဘဝေယျ။ နိဗ္ဗာနဉ္စ အာရမ္မဏံ ကတွာ ပဝတ္တမာနာ သမ္မာဒိဋ္ဌိအာဒယော အရိယမဂ္ဂပညာယ အနဝသေသ ကိလေသေ သမုစ္ဆိန္ဒန္တိ။ တေနေတ္ထ သဗ္ဗဿပိ ဝဋ္ဋဒုက္ခဿ အပ္ပဝတ္တိ အပဂမော နိဿရဏံ ပညာယတိ။ ဧဝံ ဗျတိရေကဝသေန နိဗ္ဗာနဿ အတ္ထိဘာဝံ ဒဿေတွာ ဣဒါနိ အန္ဝယ

ဝသေနာပိတ်ဒသေတုံ ယသ္မာစခေါတိအာဒိဝုတ္တံ။တံဝုတ္တတ္ထမေဝ။ ဧတ္ထစ
ယသ္မာအပ္ပစ္စယာဓမ္မာ အသင်္ခတာဓမ္မာ။ အတ္ထိဘိက္ခဝေ တဒါယတနံ ယင်တ္ထ
နေဝပထဝီ။ ဇာဒိပိခေါဠာနံ သုဒုဒ္ဒသံ ယဒိဒံသဗ္ဗသင်္ခါရသမထောသဗ္ဗုပဓိ
နိဿဂ္ဂေါ အသင်္ခတဉ္စဝေါဘိက္ခဝေဓမ္မံဒေသိဿာမိ အသင်္ခတဂါမိနိဉ္စ ပဋိ
ပဒန္တိ အာဒိဟိအနေကေဟိသုတ္တပဒေဟိ အတ္ထိဘိက္ခဝေအဇာတန္တိဇာမိနာ
ပိစ သုတ္တေန နိဗ္ဗာနဓာတုယာ ပရမတ္ထတော သမ္ဘာဝေါသဗ္ဗလောကာံအနုကမ္ပ
မာနေနသမ္မာသမ္ဗုဒ္ဓေန ဒေသိတောတိ။ ။တတိယ သုတ္တ ဝဏ္ဏနာ၊ ။ဇာမံ
ဥဒါနန္တိ တဏှာဝသေနကတ္တစိအနိဿိတဿပဿဒ္ဓကာယစိတ္တဿဝိထိ
ပဋိပန္နဝိပဿနဿ အရိယမဂ္ဂေန အနုဝသေသတော တဏှာပဟာနေန
နိဗ္ဗာနဓိဂမဝိဘာဝနံဇာမံဥဒါနံဥဒါနေသိ။တတ္ထနိဿိတဿစလိတန္တိ ရူပါဒိ
သင်္ခါရေတဏှာဒိဋ္ဌိဟိနိဿိတဿစလိတံ ဧတံမမ ဧသောမေအတ္တာတိ
တဏှာဒိဋ္ဌိဝိပ္ဖန္ဒိတံဟောတိ။ ။အပဟီနတဏှာ ဒိဋ္ဌိကဿဟိ ပုဂ္ဂလဿ
သုခါဒိသုဥပ္ပန္နေသုတာနိအဘိဘုယျဝိဟာရိတုံအသက္ကောန္တဿ မမဝေဒနာ
အဟံဝေဒယာမိတိအာဒိနာ တဏှာဒိဋ္ဌိဂါဟဝသေန ကုသလပ္ပဝတ္တိတော
ဝိတ္တဿ ဇ္ဇာနဿစလနံကမ္ပနံအဝက္ခလိတံဝါဟောတိတိအတ္ထော။ အနိဿိ
တဿစလိတံနတ္ထိတိ ယောပနဝိသုဒ္ဓိပဋိပဒံ ပဋိပဇ္ဇန္တော သမထဝိပဿနာ
ဟိတဏှာဒိဋ္ဌိယောဝိက္ခမ္ဘေတွာ အနိစ္စာဒိဝသေနသင်္ခါရေ သမ္မသန္တော
ဝိဟရတိ။တဿတံအနိဿိတဿယထာဝုတ္တံစလိတံဝိပ္ဖန္ဒိတံဝါနတ္ထိကာရ
ဏဿသုဝိက္ခမ္ဘိတတ္တာ။အာဂတိဂတိ နဟောတိတိ ပဋိသန္ဓိဝသေန ဇာဓ
အာဂတိအာဂမနံစုတိဝသေနဂတိဇာတောပရလောကဂမနံ ပစ္စယာဘာဝေါ
နဟောတိနပ္ပဝတ္တတိ။အာဂတိဂတိယာအသတိတိ ဝုတ္တနယေန အာဂတိ
ယာစဂတိယာစအသတိ။စုတူပပါတော နဟောတိတိ အပရာပရံစဝနူပ
ပဇ္ဇနံနဟောတိနပဝတ္တတိ။ အသတိဟိကိလေသဝဋ္ဋေကမ္မဝဋ္ဋံပစ္ဆိန္နမေဝ။
ပစ္ဆိန္နေစတသ္မိံ ကုတောဝိပိပါကဝဋ္ဋဿသမ္ဘဝေါ။ တေနာဟစုတူပပါတေ
အသတိနေဝိဓနဟုရန္တိအာဒိ။ တတ္ထယံဝတ္တဗ္ဗံ။ တံဟေဋ္ဌာဗာဟိယသုတ္တေ
ဝိတ္ထာရတော ဝုတ္တမေဝ။ တသ္မာတတ္ထဝုတ္တနယေနေဝ ဝေဒိတဗ္ဗာ။ ။
စတုတ္ထဥဒါနဝဏ္ဏနာ။ ။ရင်းညွှန်းအပ်သည့်ဗာဟိယသုတ်အဖွင့်ကိုပြန်၍
ရေးအံ့။ ။တတောတွံဗာဟိယနေဝိဓနဟုရံနဥဘယမန္တရေနာတိယဒါတွံ
ဗာဟိယ တေန ရာဂါဒိနာ တတ္ထ ဒိဋ္ဌာဒိသု ပဋိဗန္ဓော နဘဝိဿသိ။တဒါတွံ
နေဝဇာဓလောကေ နပရလောကေ နဥဘယတ္ထ ဟောသိတိ။ အပရေပန

ဇာခါတိကာမဘဝေါ။ဟုရန္တိ အရူပဘဝေါ။ဥဘယမန္တရေနာတိ ရူပဘဝေါ
ဂဝေတ္တာ။အဝေညဇာခါတိအဇ္ဈတ္တိကာယတနာနိ။ ဟုရန္တိဗာဟိရာယတနာနိ။
ဥဘယမန္တရေနာတိစိတ္တဝေတသိကာတိ။ ဇာခါတိဝါပစ္စယဓမ္မာ။ဟုရန္တိပစ္စ
ယုပ္ပန္နဓမ္မာ။ ဥဘယမန္တရေနာတိ ပဏ္ဏတ္တိဓမ္မာ ဂစ္ဆာတိ ဝဒန္တိ။ တံသဗ္ဗံ
အဋ္ဌကထာသုနတ္ထိ။ ။စတုတ္ထသုတ္တဝဏ္ဏနာ။ ။ဥဒါန်းအဋ္ဌကထာ။ ။
ဤကားခဲ့ယဉ်းလှစွာသောအရာဖြစ်၍။ဂန္ထဂရုဒေါသကိုပမာဏမထား။
ကျမ်းဘတ်ကဒိပညာရှိတို့ ဤဥဒါန်းပါဠိတော်, အဋ္ဌကထာ, နှစ်ရပ် စပ်ဟပ်
နှိုင်းချိန်စရာအလွယ်တကူရအောင် ထုတ်ဆောင်ရေးသားအပ်သောဥဒါန်း
အဋ္ဌကထာပါဠိတည်း။ ။ဧတ္တာဝတာ၊ဤမျှလောက်သော အတ္ထိဘိက္ခဝေ,
အစရှိသောပါဠိတော်ဖြင့်၊ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တေသံဘိက္ခူနံ၊
ထိုနိဗ္ဗာန်တရားဟူသည်အမည်သာရှိ၍၊ပရမတ္ထအားဖြင့် ထင်ရှားမရှိနိုင်ရာ
ဟုယုံမှားကြသော ရဟန်းတို့အား။ အသင်္ခတာယဓာတုယာ၊ အသင်္ခတ
ဓာတ်နိဗ္ဗာန်ဟူသည်၏။ ပရမတ္ထတော၊ အမည်ရှိတိုင်းမဟောက်မပြန်မြဲမြဲ
မှန်ကန်သောသဘောအားဖြင့်။အတ္ထိဘာဝံ၊ထင်ရှားရှိသည်၏ အဖြစ်ကို။ဝါ၊
ရုပ်နာမ်ခန္ဓာချုပ်ပျောက်၍သွားခြင်းမျှမဟုတ်သည်၏အဖြစ်ကို။ပဝေဒေတိ၊
ဟောကြားတော်မူ၏။အတြ၊ထိုနိဗ္ဗာန်ဟူသည် ပရမတ္ထအားဖြင့် ထင်ရှား
ရှိသည်ဟူရာ၌။အယံ၊ဤဆိုလတ္တံ့သည်ကား။ ဓမ္မနယော၊ သဘောတရား
တရနှင့်,သဘောတရားတရချင်းနှိုင်းချိန်ထောက်ဆစရာတည်း။ ဝါ၊ထောက်
ဆနှိုင်းချိန်ပုံဘည်း။ဇာခ၊ဤလောက၌။ဓမ္မာနံ၊ ဖဿ ဝေဒနာ စသောသင်္ခတ
တရားတို့၏။ ဝိဇ္ဇမာနတ္တာ၊ တွေ့ခြင်း ခံစားခြင်း စသော အားဖြင့် ထင်ရှား
ရှိသည်၏အဖြစ်ကြောင့်။အသင်္ခတာယပိဓာတုယာ၊ အသင်္ခတဓာတ်နိဗ္ဗာန်
တရားဟူသည်လည်း။ဝိဇ္ဇမာနတာယ၊ငြိမ်းဧးခြင်းသဘောအားဖြင့်ထင်ရှား
ဧကန်ရှိသည်။ဘဝိဘဗ္ဗံ၊ဖြစ်ပေရာ၏။ ကသ္မာ၊အဘယ့်ကြောင့် သင်္ခတတရား
ထင်ရှားရှိလျှင်ပင်၊ အသင်္ခတတရားလည်းထင်ရှားရှိရမည်နည်းဟူမူကား။
ဓမ္မာနံ၊သဘောတရားဟူသမျှတို့၏။တပ္ပဋိပက္ခတ္တာ၊ ထိုတပါးသောတရား၏
ကပါးသော တရားနှင့် ဆန့်ကျင်ဘက်ချည်းဖြစ်သောကြောင့်တည်း။ ဟိ၊
ပမာပုံခိုင်း၏လောကနှင့်နှိုင်း၍ပြဉးအံ့၊ ဒုက္ခ၊ ဆင်းရဲသည်။ ဝိဇ္ဇမာနေ၊
ထင်ရှားဖြစ်ပေါ်လာသည် ရှိသော်။ တပ္ပဋိပက္ခံ၊ ထိုဆင်းရဲနှင့် ဆန့်ကျင်
ဘက်ဖြစ်သော။သုခံပိ၊ချမ်းသာခြင်းဟူသည်လည်း။ ပိဇ္ဇတိယေဝယထာ၊
ထင်ရှားရှိသည် သာလျှင် ဖြစ်သကဲ့သို့ရင်း။ တထာ၊ထို့ပြင် တပုံကား။

ဥဒေဿ၊အပုသည်။ ဝိဇ္ဇမာနေ၊ထင်ရှားဖြစ်လာသည်ရှိသော်။သိတံပိ၊ အပုမှ
လွတ်ကင်းဖေးမြခြင်းဟူသည်။ ဝိဇ္ဇတိယထာ၊ ထင်ရှားရှိရမြဲ ဖြစ်သကဲ့သို့
ငင်း။ပါပဓမ္မေသု၊ယုတ်မာသောတရားတို့သည်။ ဝိဇ္ဇမာနေသု၊ထင်ရှားရှိကုန်
သည်ရှိသော်။ ကလျာဏဓမ္မာပိ၊ ကောင်းသော တရားတို့ သည်လည်း။
ဝိဇ္ဇန္တိဧဝယထာ၊ ထင်ရှားရှိသည်သာလျှင် ဖြစ်ကုန်သကဲ့သို့ငင်း။ ။
ပ။ ။ဘဝေ၊သတ္တဝါတို့၏,သတ္တဝါ၏အဖြစ်ဖြင့်ဖြစ်ရာဘုံဌာနဘဝဟူသည်။
ဝိဇ္ဇမာနေ၊ ဤလောကထဲ၌ ထင်ရှားရှိသည်ရှိသော်။ ဝါ၊ရှိသောကြောင့်ပင်။
ဝိဘဝေါ၊သတ္တဝါတို့၏,သတ္တဝါ၏အဖြစ်ဖြင့်မဖြစ်ရာ၊ နိဗ္ဗုတာဌာနရှိသည်
၏အဖြစ်ကိုလည်း။ ဣစ္ဆိတဗ္ဗော၊အလိုရှိသင့် ရှိထိုက်လှပေ သလျှင်က
တည်း။ ။ပ။(သတ္တဝါတို့၏ခန္ဓာကိုယ်နှင့်တကွ ဖြစ်ရာဘဝဟူသော။ ဤ
လူ့ဘုံနတ်ဘုံဗြဟ္မာ့ဘုံ ထင်ရှားရှိသကဲ့သို့။ သတ္တဝါတို့၏ ခန္ဓာကိုယ်နှင့်
တကွမဖြစ်ရာ။ ပရိနိဗ္ဗုတပုဂ္ဂလ၏အဖြစ်ဖြင့်တည်နေရာ။ ဝိဘဝဟူသော
နိဗ္ဗုတာအရပ်ဟူသည် ထင်ရှားရှိရမည် ဧကန်မှတ်သင့် မှတ်ထိုက်လှတော့
သည်ဟူလို)။ ။ပ။ ။တဿ၊ထိုတဒါသယ,ဟုရှိသောတနည်းပါဌ်၏။
အတ္ထော၊ အနက်ကား။တံပိအာသယံ၊ ထိုတည်ရာဘုံဌာန ဟူသည်လည်း။
ဂါမန္တံ ရံ၊ရွာတပါးသို့။ဂါမန္တ ရတောဝိယာ၊ရွာတပါးမှလာသကဲ့သို့။နအာဂန္တဗ္ဗ
တာယ၊ သတ္တဝါတို့၏, သတ္တဝါ၏အဖြစ်ဖြင့် လာရာမဟုတ်သည်အဖြစ်
ကြောင့်။အာဂတိံ၊လာရောက်ရာဟူ၍။ နဝဒါမိ၊ငါဟောတော်မမူ။ အဂန္တဗ္ဗ
တာယ၊သတ္တဝါတို့၏,သတ္တဝါ၏အဖြစ်ဖြင့် ရောက်ရာမဟုတ်သောကြောင့်။
ဝါ၊အရပ်တပါးသို့ ပြောင်းသွားရခြင်းမရှိသောကြောင့်။ ဂတိံ၊ရောက်သွား
ရာဟူ၍။နဝဒါမိ၊ငါဟောတော်မမူ။ ပထဝီပဗ္ဗတာဒိဝိယ၊ ဤလောကဘောင်
မြေတောင်စသည်ကဲ့သို့။ နပတိဋ္ဌာနတာယ၊သတ္တဝါတို့၏,သတ္တဝါ၏အဖြစ်
ဖြင့် တည်ရာမဟုတ်သောကြောင့်။ ဌိတိံ၊တည်ရာဟူ၍လည်း။ နဝဒါမိ၊
ငါဟောတော်မမူ။ဝါ၊တနည်းကား၊ အပ္ပစ္စယတာ-အပ္ပစ္စယတာယ၊ ဟေတု
အာရမ္မဏစသောအကြောင်းပစ္စည်းမရှိသည်၏အဖြစ်ကြောင့်။ ဥပ္ပါဒါဘာ
ဝေါ၊ အထည်ဖြစ် ဥပါဒ်မရှိ။ ဝါ၊သရုပ်သကောင် ဖြစ်ပေါ်အောင် ရုန်းကြွမ်း
ထွာဖြစ်ပေါ်လာခြင်းမရှိ။တတော၊ ထိုသို့သေနိုင်စရာ အထည်ဖြစ် ဥပါဒ်မရှိ
သောအားဖြင့်။ ဝါ၊မရှိသည်ဖြစ်၍။ အမတသဘာဝတ္တာ၊ မသေနိုင်သော
သဘောရှိသည်၏အဖြစ်ကြောင့်။ စဝနာဘာဝေါ၊ရွေ့လျောခြင်းမရှိ။ ဥပ္ပါဒ
နိရောဓာဘာဝတောယေဝ၊ ဥပါဒ် သရုပ် အကောင်အထည် ဖြစ်အားဖြင့်

ဖြစ်ခြင်း၊ဘင်္ဂ,အားဖြင့် ချုပ်ခြင်း၏ မရှိခြင်းကြောင့်သာလျှင်။ တဒုဘယ
ပရိစ္ဆိန္နာယ၊ ထိုဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် ပိုင်းခြားအပ်သော။ ဌိတိယာ၊
ရုန့်ကြမ်းစွာသော ဌီခဏ,၏။ဝါ၊အစအဆုံးရှိသော ဌီ,မျိုး၏။အဘာဝတော၊
မရှိခြင်းကြောင့်။ နဋ္ဌိတိ ၊အခိုက်အတန့်အားဖြင့်တည်ခြင်းမရှိဟူ၍။ နစုတိ ၊
ရွေ့လျောခြင်းမရှိဟူ၍။ နဥပပတ္တိ ၊ တဘန်ဖြစ်နေခြင်းမရှိဟူ၍။ဝဒါမိ၊ငါ
ဟောတော်မူ၏။ ။(သက္ကရကထလိကမ္ပိ မန္တကုမ္မိ စရန္တမ္ပိ တိဋ္ဌန္တမ္ပိ,
စသည်ကဲ့သို့။ဟိတ်နှင့်ဗိုလ်မှာယထာရဟာနည်း)။ ။ကေဝလံပန၊စင်စစ်
သော်ကား။ တံ၊ထိုနိဗ္ဗာန်သည်။ အရူပသဘာဝတ္တာစ၊နာမ်သဘောရှိသော
ကြောင့်လည်းကောင်း။ ဝါ၊ ရုပ်ဒြပ်မဟုတ်သောကြောင့် လည်းကောင်း။
အပ္ပစ္စယတ္တာစ၊ဟေတုသဟဇာတစသောပစ္စည်း, အနန္တရစသော ပစ္စည်း
အထောက်အပံ့ မရှိသောကြောင့် လည်းကောင်း။ ကတ္ထစိ၊ တစုံတခု မိမိ
ရှိရာဖြစ်ရာအရပ်၌။နပတိဋ္ဌိတံ၊ စွဲ၍မှီ၍ကပ်၍နှံ၍မတည်။ဣတိ၊ ထိုကြောင့်။
တံ၊ထိုနိဗ္ဗာန်ကို။ အပတိဋ္ဌံ၊ တည်ရာအရပ်မရှိဟူ၍၊ ဝဒါမိ၊ ငါဟောတော်
မူ၏။ တတ္ထ၊ ထိုတစုံတခုသောအရပ်ဌာန၌။ ပဝတ္တာဘာဝတော၊ စွဲ၍မှီ၍
ကပ်၍နှံ၍ ဖြစ်နေခြင်း၏ မရှိခြင်းကြောင့် လည်းကောင်း။ ပဝတ္တပဋိပက္ခ
ဘာဝတော စ၊ အဘန်တလဲလဲ မမြဲသောအားဖြင့် ဖြစ်တတ်သော သင်္ခါရ
တရားတို့မှ ဆန့်ကျင်ဘက်ကြီး ဖြစ်နေသောကြောင့် လည်းကောင်း။ တံ၊ထို
နိဗ္ဗာန်ကို။ အပဝတ္တံ၊ အပဝတ္တတရားဟူ၍။ ဝဒါမိ၊ ငါဘုရားဟောကြား
တော်မူ၏။ တသ္မိံ ၊ ထိုနိဗ္ဗာန်သည်။ အရူပသဘာဝတ္တေပိ၊နာမ်သဘောပင်
ဖြစ်သော်လည်း။ ဝေဒနာဒယောဝိယ၊ဝေဒနာအစရှိသည်တို့ကဲ့သို့။ကဿ
စိ၊တစုံတခုသော။ အာရမ္မဏဿ၊အာရုံကို။ အနာလမ္ဗဏတော၊ အာရုံပြု၍
ဖြစ်သည် မဟုတ်သောကြောင့်။ ဥပတ္ထမ္ဘနနိရပေက္ခတော၊ ထောက်
တည်ရာ ဆွဲငြိရာကို ငဲ့ကွက်ခြင်းမရှိ ပကတိသက်သက် တည်နေသော
ကြောင့်။ ၊(ဝဒါမိ၌စပ်)။ ။အာယတနန္တိ၊ အာယတနဟူ၍။ ဝုတ္တံ၊
ဟောတော်မူအပ်သော။ ဧတံနိဗ္ဗာနံ၊ ဤနိဗ္ဗာန်ကို။ အနာရမ္မဏမေဝ၊ အနာ
ရမ္မဏတရားဟူ၍သာလျှင်။ ဝဒါမိ၊ ငါဟောတော်မူ၏။ ။သမ္ဗန်။ ။
(ပဌမဥဒါနသံဝဏ္ဏနာဂဏ္ဌိပဒတ္ထ)။ ။သုစိရမ္ပိကာလံ၊ အလွန်ကြာမြင့်
စွာသောကာလပတ်လုံးလည်း။ပုညဉာဏသမ္ဘာရေ၊ဒါန သီလ ဘာဝနာ ကု
သိုလ် ဝိပဿနာဉာဏ်အဆောက်အဦတို့ကို။သမာနေန္တေဟိပိ၊ကောင်းစွာ
ယူဆောင် အားထုတ်ကုန်သောသူတို့ သည်လည်း။ ကသိရေနေဝ၊ဘဝ

များစွာ ပင်ပန်းကြီးစွာ အားထုတ်နိုင်မှ သာလျှင်။ သမဓိ ဂန္တဗ္ဗတော၊
ကောင်းစွာရောက်အပ်သောကြောင့်။ တံ၊ထိုနိဗ္ဗာန်သည်။ သုဒဿနံသုဒေန
ပဿိတဗ္ဗံ၊ အလွယ်ဘကူ တွေ့မြင်ရသော တရားချိုးသည်။ နဟိ၊မဖြစ်နိုင်
တော့သည်သာတည်း။ ။(ဒုတိယ ဥဒါန သံဝဏ္ဏနာဂဏ္ဌိပဗ္ဗတ္တ)။ ။
ဤဒုတိယ ဥဒါနသံဝဏ္ဏနာ၌။ပဿတောနတ္ထိသာနတိ,ဟူ၍ လည်းကောင်း။
ပဿတောနတ္ထိကိဥ္စနံ, ဟူ၍လည်းကောင်း၊ စာစောင်များစွာ တပုံစီလာ
သော အချက်တွင်။ ပဿတောနတ္ထိသာနတိ, ဟူသောပါဌ်သို့လိုက်၍ငင်း။
အဋ္ဌကထာ ဆရာတော် ဘွင့်ဆိုတော်မူသော်လည်း။ တဏှာကိုပယ်နိုင်
ပြီးသောသူအားတဏှာမရှိဟု။အဓိပ္ပါယ်တွက်သော ရှေ့ပါဌ်ထက်။ တဏှာ
ကို ပယ်နိုင်ပြီးသော သူအား တရုံတခု ကြောင့်ကြဘွယ်ရာ ဘေးမရှိဟု
အဓိပ္ပါယ် ထွက်သော နောက်ပါဌ်သည်သာလျှင် သာလွန်၍ အဓိပ္ပါယ်
နက်သည်ဟု သဘောကျသောကြောင့်။ ယထာခန္တိ ပါဌ်ပါဠိကို ထုတ်
ဆောင် ရေးသားလိုက်သတည်း။ ။ယခုအခါ ငင်းအဋ္ဌကထာပါဌ်နှင့်
လျော်စွာ။ငင်းဥဒါန်းပါဠိတော်၏ အတ္ထယောဇနာနယကို ပြဆိုလတ္တံ့။ ။
ဤဥဒါန်း ပါဠိတော် အရာဝယ်၊ ဤအဋ္ဌကထာ ဘွင့်နည်းမျှကိုသာမှီး၍။
အနက်ယောဇနာခဲ့လျှင်။ အလွန်သိမ်မွေ့နက်နဲ ထူးကဲ့ ဆန်းကြယ်သော
နိဗ္ဗာန်တရား ဖြစ်သည်နှင့် လျော်စွာ၊ အလွန်နက်နဲ ဆန်းကြယ်သော၊
ဂုဠှာလင်္ကာရ, ပဟေဠိအလင်္ကာရ, ဟူသောအလင်္ကာရနည်းတို့ဖြင့်ဟော
ကြားတော်မူသော ငင်းပါဠိတော်၏ ဒေသကာဓိပ္ပါယ၊ဘုရားအလိုတော်ကျ
အတိုင်း။ ဂန္ထိရတ္ထဝိစိတြတ္ထ မကျနိုင်ရာသောကြောင့်၊ အဋ္ဌကထာနည်း
နှင့်လည်း မဆန့်ကျင်စေရ။ အလင်္ကာရနည်းလည်း ပါကဋဖြစ်၍၊ ဘုရား
အာဘော်တော်နေရာကျ၊ဒုလ္လဘတ္ထယောဇနာနည်းအားဖြင့်ပြ၍၊ ဓမ္မရေဖး
တိုက်ကျွေးလတ္တံ့။ ။ဘိက္ခဝေ၊ မြေရေလေမီး စသည် ထင်ရှားရှိသဖြင့်
သတ္တဝါတို့၏ဘည်ရာ အာယတန ဘုံဌာနဖြစ်မှသာ, ထင်ရှားရှိနိုင်ရာ
သည်၊ နိဗ္ဗာန်ဟူက ယင်းသို့မြေရေလေမီးစသည်မရှိသဖြင့် သတ္တဝါတို့၏
တည်ရာ ပုန်းအောင်းရာအားဖြင့် ထင်ရှားရှိသည် မဟုတ်နိုင်ရာဟု သင်္ကာ
ယံမှား တွေးတောခြင်းများကြကုန်သော ငါ၏ချစ်သား ရဟန်းများတို့။
ယတ္ထ၊ အကြင်ဘုံတည်ရာ အာယတန၌။ နေဝပထဝီ၊ အခြားတည်ရာ
ဘုံဌာနများကဲ့သို့ မြေလည်းမရှိ။ နအာပေါ၊ နဂါးပြည် စသည်များကဲ့သို့
ရေလည်းမရှိ။နတေဇော၊ငရဲပြည်စသည်များကဲ့သို့မီးလည်းမရှိ။ နဝါယော၊

လူ့ပြည် နတ်ပြည် ဗြဟ္မာပြည်စသည်များကဲ့သို့ လေခါတ်လည်းမရှိ။ တဒါ
ယာဘနံ၊ ထိုမြေရေလေမီးမရှိပါဘဲလျက်ပင် အခြားဘုံများကဲ့သို့ တည်နေရာ
အာယာဘနမျိုးသည်။ အတ္ထိ၊ မြေရေလေမီးရှိရာ ဘုံဌာနအာယတနကဲ့သို့
ထင်ရှားရှိသည်ပင်ဖြစ်၏။ တံ၊ ထိုမြေရေလေမီး မရှိဘဲလျက် အခြားဘုံများ
ကဲ့သို့ဘည်နေရာဖြစ်၍ ထင်ရှားရှိသော အာယတနဟူသည်လည်း။ နအာ
ကာသာနဉ္စာယတနံ၊ ပထမအရူပဗြဟ္မာတို့၏ တည်နေရာအာကာသာနဉ္စာ
ယဘနဘုံလည်းမဟုတ်သေး။ နဝိညာဏဉ္စာယဘနံ၊ ဒုတိယအရူပဗြဟ္မာ
တို့၏တည်နေရာ ဝိညာဏဉ္စာယတနဘုံလည်းမဟုတ်သေး။ နအာကိဉ္စညာ
ယဘနံ၊ တတိယ အရူပ ဗြဟ္မာတို့၏ တည်နေရာ အာကိဉ္စညာယတန
ဘုံလည်း မဟုတ်သေး။ နနေဝသညာ နာသညာယဘနံ၊ စတုတ္ထအရူပ
ဗြဟ္မာတို့၏ တည်နေရာ နေဝသညာ နာသညာယဘနဘုံလည်း မဟုတ်
သေး။ နာယံလောကော၊ အခြားသော လူ့ဘုံနတ်ဘုံ စသည်တို့၌ကဲ့သို့
ဤပစ္စုပ္ပန်ဘဝ ဟူသည်လည်းမရှိ။ နပရလောကော၊ အခြားသောလူ့ဘုံ
နတ်ဘုံစသည်များကဲ့သို့ တမလွန်လောကဟူသည်လည်း မရှိ။ နဥဘော
စန္ဒိမသူရိယာ၊ နှစ်ပါးဘုန်သော လနေများတို့လည်း မရှိကုန်။ ဝါ၊ လူ့ရွာ
နတ်ဘုံများကဲ့သို့ နေ လ နက္ခတ် အရောင် မထွန်းပြောင်လာဘဲလျက်ပင်
ဝင်းဝင်းတောက်၍နေ၏။ ။ဗျဂ္ဂျတ္တ။ ။ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်း
များတို့၊ တတြာပိ၊ ထိုမြေရေလေမီးစသည်မရှိဘဲလျက်၊ အာကာသာနဉ္စာ
ယတန စသည်လည်း မဟုတ်ဘဲလျက်၊ အခြားဘုံများကဲ့သို့ တည်ရာ
အာယာဘနဖြစ်၍ ထင်ရှားရှိသော လရောင်နေရောင်မရှိဘဲလျက်၊ ဝင်းဝင်း
ပြောင်၍လည်းနေသော ဘုံတည်ရာအာယာဘန၌လည်း။ အာဂတိံ၊ အခြား
သော ဘုံဘည်ရာ ရွာနိဂုမ်းများ၌ကဲ့သို့ တပြည်တရွာမှ ရောက်လာ
ကြသူရှိ၏ဟူ၍သည်း။ နဝဒါမိ၊ ငါဟောတော်မမူ၊ ဂတိံ၊ ဤဘုံဌာနအာယ
တနသို့ ရောက်ပြီးပြန်သည့်နောက်၊ ရွာဘပါးသို့ ရောက်သွားသူရှိ၏ဟူ၍
လည်း။ နဝဒါမိ၊ ငါဘုရားဟောကြားတော်မမူ၊ ဌိတိံ၊ တည်တည် တံ့တံ့
နေကြသော လူသူရှိ၏ဟူ၍လည်း။ ဝါ၊ လူတို့၏ တည်နေရာ ဟူ၍လည်း။
နဝဒါမိ၊ ငါဟောတော်မမူ။ စုတိံ၊ ဤဘုံဘည်ရာအာယတနသို့ ရောက်လာ
ပြီးသည်နောက်၊ စုတေ့မနေသေလွန်ခြင်းသို့ ရောက်ရသူရှိ၏ဟူ၍လည်း။
နဝဒါမိ၊ ငါဟောတော်မမူ။ ဥပပတ္တိံ၊ အခြားဘုံတည်ရာအာယတနများကဲ့သို့
ဘုံတပါးမှလာ၍ ပဋိသန္ဓေ တည်နေလာသူရှိ၏ဟူ၍လည်း။ ဝါ၊ ပဋိသန္ဓေ

တည်နေရာဟူ၍လည်း။ နဝံဒါမိ၊ငါဟောကြားတော်မမူ၊ ဧတံအာယတနံ၊ ဤသို့စဉ်လေးကာ် ထူးထူးဆန်းဆန်း အံ့ခန်းအောင် ထင်ရှားဖြစ်ပေါ်လာသော ဘုံဌာနတခန်း အောင်မြေနန်းအရပ်သည်။ အပတိဋ္ဌံ၊ အခြားဘုံဌာနများကဲ့သို့ ကိုယ်ခန္ဓာနှင့် တရွာတည်နေရာလည်းမဟုတ်။ အပ္ပဝတ္တံ၊အခြားဘုံဌာနများကဲ့သို့ ကိုယ်ခန္ဓာပါဖြစ်ကြရာလည်းမဟုတ်။ အနာရမ္မဏံ၊ အခြားဘုံတည်ရာများကဲ့သို့ စွဲလမ်းထောက်တည်ရာလည်း မရှိ။ ဧသေဝ- ဧသောဧဝ၊ ဤမျှစဉ်လောက် ပွေလီထူးဆန်း အံ့မခန်းသည့် ရွှေမြို့နန်းသည်သာလျှင်။ဒုက္ခဿ၊ဘထောင့်ငါးရာ ရန်များစွာတို့၏ အခါခါ ညှဉ်းဆဲ နှိပ်စက်အပ်သော ဘေးဒုက္ခ ဟူသမျှ၏။ အန္တော၊အဆုံးအစသတ်တည်း။ ဝါ၊ဆုံးရာသည်။ ဟောတိ၊ဖြစ်၏။ ။ဟုယောဇနာ။ ။ "တဒါယတနန္တိ တံကာရဏံ" အစရှိသည်ဖြင့် အဋ္ဌကထာ ဖွင့်ဆိုတိုင်း အနက်ယောဇနာခဲ့လျှင်။ဘုရားသျှင်၏အာဘော်တော်အရ။ဝိစိတြဏ္ဍဂုဋ္ဌဏ္ဍ မဖြစ်။ဘုရားသျှင်ကား။ ။မာတရံပိတရံ ဟန္တွာ၊ရာဇာနော ဒွေစ ခတ္တိယေ။ ရဋ္ဌံသာနုစရံ ဟန္တွာ၊ အနီဃောယာတိ ဗြာဟ္မဏော။ ။ဟူသော ဓမ္မပဒ ဂါထာများကဲ့သို့။ဝိစိတြဏ္ဍဂုဋ္ဌဏ္ဍဖြစ်စေခြင်းငှါ။ဂုဋ္ဌာလင်္ကာရနည်းပဟေဠိ အလင်္ကာရ နည်းတို့ဖြင့် ဖွက်၍။ ဟောဘော်မူသော အချာဖြစ်သည်။ အဋ္ဌကထာဆရာတို့ကား။ အလင်္ကာရနည်းမျိုးကိုအာရုံပြု၍မဖွင့်။အဓိပ္ပါယ်အရကောက် ပေါ်ရုံမျှသာ ဖွင့်ရိုးအတိုင်း ဖွင့်ကြမြဲဖြစ်သည်။ ယင်းအဋ္ဌကထာဖွင့်တိုင်း။ ထိုမာတရံစသောဂါထာကို အနက်ပြန်ဆိုခဲ့လျှင်။ ဘုရားသျှင် လိုရင်းအာဘော်ကျ ဝိစိတြဏ္ဍဂုဋ္ဌဏ္ဍဖြစ်နိုင်တော့မည်မဟုတ်၊ ။ မာတရံ၊ အမိနှင့်တူသော တဏှာကိုလည်းကောင်း။ ပိတရံ၊ အဘနှင့် တူသော မာနကိုလည်းကောင်း၊ ဤသို့အစရှိသည်ဖြင့် အဋ္ဌကထာ ဖွင့်တိုင်း အနက်ပေးမူ။ အဓိပ္ပါယ်ခလွဲဟူသော်လည်း။ ပညာရှိသူတို့၏ ဟာဒယနှင့် လှလှတိုက်မိ၊ဘုရားသျှင်အာဘော်တော် ထိလှသော ဝိစိတြအနက်မဟုတ် မှတ်ရမည်။ ဝိစိတြဏ္ဍဂုဋ္ဌဏ္ဍ ဖြစ်စေခြင်းငှါ ဟောတော်မူပါလျက်။ ထို ဘုရားသျှင်အာဘော်ထွက်အောင်အနက်မပေးနိုင်လျှင်။ဘုရားသျှင်၏ဝိစိတြ ဂံဘီရဉာဏ်တော်။ တရားတော်၏ ဝိစိတြဏ္ဍဂမ္ဘီရဏ္ဍဂုဏ်တော် မပေါ်ဖြစ်ခဲ့ပေရာ၏။ ။ပုဏ္ဏားတယောက်သည်။ မိခင် ဘခင် အရှင်မင်းနှစ်ယောက်တို့ကိုသတ်၍ ဆင်းရဲကင်းရာ အရပ်သို့ ရောက်လေသည်ဟု စကားဆန်းကြွယ် ပညာရှိတို့ချီးမွမ်းဘွယ် ဖြစ်အောင်။ သမာနရူပပဟေဠိ

အလင်္ကာရနည်းအားဖြင့်။ဟောတော်မူသောအရာကို နှလုံးမထား။ တဏှာမာနဒိဋ္ဌိတို့ကိုပယ်သတ်၍ရဟန္တာအရှင်မြတ်သည် နိဗ္ဗာန်အရပ်သို့ရောက်လေသည်ဟူ၍။ နီတတ္ထအနက်ကိုဆိုခဲ့လျှင်။ ယင်းအနက်ကို လွဲသည်မဆိုသင့်သော်လည်း။ ဂန္ထိရတ္ထအလို့ငှါ။ ဘုရားသျှင်ဖွက်လိုသော လိုရင်းအဘော်တော် မကျဆိုအပ်သကဲ့သို့။ ဤ၌လည်း အဋ္ဌကထာဆရာတော်ဖွင့်တိုင်း။ ယတ္ထအာယတနေ၊ အကြင်အာရုံအကြောင်းဖြစ်သော နိဗ္ဗာန်၌။ နေဝ ပထဝီ၊ ပထဝီဓာတ်လည်းမရှိ။ န အာပေါ၊ အာပေါဓာတ်လည်းမရှိ။ ။ပ။ ။နအာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတနစိတ်လည်းမရှိ။ ။ပ။ ။တဒါယတနံ၊ ထိုအာရုံ အကြောင်း ဖြစ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ဤသို့အနက်ဆိုခဲ့သော်။ ယင်းအနက်ကို လွဲသည်ဟူ၍ မဆိုရသော်လည်း။ ဘုရားသျှင် အဘော်တော် ဂူဠှလင်္ကာရနည်း မကျဟူ၍မှတ်အပ်သလျှင်ကတည်း။ ထိုကြောင့် ယခင်ယောဇနာခဲ့သည် အနက်အတိုင်းသာ။ကသိုဏ်းကွက်ထင်စေသဖြင့်။ အဓိပ္ပါယ်အရကောက်ကိုသာ အဋ္ဌကထာလာတိုင်းမှတ်ကြရမည်။ ။ဤ အတ္ထိ ဘိက္ခဝေ တဒါယတနံ,စသော စကားတော်၌။ အတ္ထိဘိက္ခဝေ တဒါယတနံ။ ယတ္ထ နေဝ ပထဝီ နအာပေါ နတေဇော နဝါယော, တိုင်အောင်သောပါဌ်ဖြင့်။ရှေးဦးစွာ ဂန္ထိရတ္ထဖြစ်စေခြင်းငှါ။ နိဗ္ဗာန်သဘောကိုဖွက်၍ မိန့်ဆိုပြီးသည်နောက် မြေရေလေမီး မရှိရာအရပ် အာယတနဟူသည်။ အာကာသာနဉ္စာယတန, စသော ဘုံများ ဖြစ်လေသလောဟု၊ ဝေနေယျတို့ ထင်မှားဘွယ်ရှိရာသို့ လိုက်၍ နသဒ္ဒါ,ဖြင့် မြစ်သောကြောင့်။ နိဘူဘ ပဟေဠိ လက္ခဏာ,၌ ဝင်၏မှတ်။ ယင်းသို့ သုဏာန္တပုဂ္ဂိုလ်တို့ ယုံမှားဘွယ်ရှိရာ။ အရူပလေးဘုံကို နသဒ္ဒါ,ဖြင့် လေးကြိမ်လေးခါ မြစ်ဆိုပြီး၍။ ဘုံတပါးမှ ဤနိဗ္ဗာန်ဘုံ၌ ပဋိသန္ဓေအားဖြင့် ဖြစ်လာသူ မရှိသည်ကို ရည်တော်မူ၍။ဤနိဗ္ဗာန်သို့ဘုံတပါးမှ ခြေဖြင့်ရောက်လာသူမရှိသည်ကို ဆိုလေသည်ဟုန် ကြံဖန်ယုံမှားရှိစေခြင်းငှါ။ သံမုဠှာပဟေဠိ အလင်္ကာရနည်းအားဖြင့်ဖွက်၍။ နေဝ အာဂတိ,ဟုဆိုသတည်း။ ဤနည်းအတူ။ နိဗ္ဗာန်သို့ရောက်ပြီးမှ ဤလောကဘုံသုံးပါးသို့ မပြန်သွားသည်ကို ရည်တော်မူ၍။ ဌာနတခုမှ ဌာနတခုသို့ မပြောင်း မသွားသော အရာမျိုးကို ဆိုလေသလားဟု ယုံမှား ထင်မှားစေခြင်းငှါ နဂတိ,ဟု ဆိုတော်မူသတည်း။ဤနည်းအတူ၊ နိဗ္ဗာန်၏အခြားပရမတ္ထတရားတို့ကဲ့သို့ ဖြစ်ခြင်း ပျက်ခြင်းကိုရှောင်ရှား၍ တည်သောအခိုက်

အတန့်ငြိမရှိသည်ကိုရည်၍။ ပကတိရွာပေါ်၌ တည်နေခြင်းမရှိသည်ကို ဆိုလေသလောဟုတွေးတောယုံမှားစရာ။နဋ္ဌတိ,ဟုဆိုတော်မူသတည်း။ ။ ဤနည်းအတူ။ ဤနိဗ္ဗာန်၏ငြိမ်းဧးခြင်းသဘောပေါ်လာသည်မှစ၍၊ ပျက်စီးခြင်းမရှိ အမြဲတည်နေသောအရာကို ရည်တော်မူ၍။ ဤလောက ခေါ်ဝေါ်ရိုးဖြစ်သော ရတေခြင်းမရှိသည်ကို ဆိုလေသလောဟု တွေးတောယုံမှားဘွယ် ဖြစ်စေခြင်းငှါ။ နစုတိ,ဟု မိန့်တော်မူသတည်း။ ဤနည်းအတူ။ဤနိဗ္ဗာန်၌ ပဋိသန္ဓေနေရခြင်းမရှိသည်ကို ရည်တော်မူ၍။လောက၌ ဘုံဟူသမျှတို့မှာ ပဋိသန္ဓေ နေကြရချည်း ဖြစ်ပါလျက်။ ပဋိသန္ဓေနေရာမဟုတ်သောဘုံတည်ရာ အာယတနဟူသည် အဘယ်ကိုဆိုပါလိမ့်မည်နည်းဟု ကထံကထီ, ဖြစ်ကြစေခြင်းငှါ။ နဥပပတ္တိ,ဟု မိန့်တော်မူသတည်း။ ကိလေသာအားဖြင့် တည်ရာမဟုတ်သည်ကို ရည်တော်မူ၍၊ သတ္တဝါတို့၏ တည်ရာဌာန မဟုတ်သောဘုံဟူသည်။ ဘယ်သို့ဘယ်ဝါ ဖြစ်ပါလိမ့်မည်နည်းဟု တွေးတောကြစေခြင်းငှါ။ အပတိဋ္ဌံ,ဟု မိန့်တော်မူသတည်း၊ ဤနည်းအတူ။ ရုပ်နာမ်ခန္ဓာကိုယ်နှင့် တကွဖြစ်ရာ မဟုတ်သည်ကိုရည်တော်မူ၍၊ ကစုံတခုအဘယ်အခြင်းအရာအားဖြင့်မျှမဖြစ်ရာဘုံ အာယတနဟူသည် ဘယ်လိုဟာ ဖြစ်ပါလိမ့်မည်နည်းဟု ယုံမှားဘွယ်ရာဖြစ်အောင်။ အပဝတ္တံ,ဟု မိန့်တော်မူသတည်း။ ဘုံဟူသမျှတို့မှာ စွဲလမ်းရာဆွဲကိုင်ရာ အာရုံဝတ္ထုရှိသည်ချည်းဖြစ်ပါလျက်။ ထောက်တည်ရာ စွဲလမ်းရာမရှိသော ဘုံအာယတနဟူသည် ထင်ရှား ရှိသေးသည်ဟု ဟောတော်မူသည်အချက် အလွန်ခဲလှနက်လှချေ၏တကားဟု စကားတခု အံ့သြခြင်းပြုကြစေရန် အနာရမ္မဏံ,ဟု ဟောတော်မူသတည်း။ဤသို့ဂမ္ဘီရတ္ထဖြစ်စေခြင်းငှါ။ အတ္ထဂုဋ္ဌာလင်္ကာရ, ပဟေဠိအလင်္ကာရ, စကားတို့ဖြင့်ဖွက်၍ ဟောတော်မူသည်အရာမှတ်ကြကုန်။ ။မြေရေလေမီးရှိမှသာ။ လနေနက္ခတ်ရှိမှသာ။ သတ္တဝါတို့၏ ကိုယ်ခန္ဓာနှင့်တကွ တည်ရာဖြစ်ရာ ရုတိရာ စသည်ရှိသော ဘုံမှသာ ထင်ရှားရှိသည်မဟုတ်။ မြေရေလေမီး စသည်မရှိသော ဘုံဌာနတခုလည်းရှိသေး၏၊ အခြားဘုံ ထင်ရှားရှိသကဲ့သို့။ ထိုဘုံအာယတနလည်း ထင်ရှားရှိသည်ပင် မှတ်ကြကုန် ဟူလိုသတတ်၊ ။ဗျာချုံ။ ။ဤမျှလောက် လောကဘုံတို့နှင့်မတူ၊ အမူထူးဆန်းသည့် နိဗ္ဗာန်ရွှေနန်းသို့ မြန်မြန်ကြီး ရောက်ကြရအောင် အထူးကြံဆောင်အားထုတ်ကြရမည်။ ဤသို့သောဘုံဘည်ရာဟူသည် ထင်ရှား

ရှိရာ၏လော မရှိရာလောနှင့် အကြံပျော၍ မနေကြနှင့်။ ဧကေန္တ ထင်ရှား
ရှိသည်သာတည်း ဟူလိုသတတ်။ ။ဒုတိယဗျဂ္ဂ။ ။ပထမဥဒါနဂ္ဂ
ယောဇနာဝိပ္ပါသော။ ။ဒုတိယဉ္စ။ ။ဘိက္ခဝေ၊ အခြားတုံတည်ရာ
အာယတနများကဲ့သို့ ယင်းနိဗ္ဗာန်ဟူသော ဘုံ တည်ရာ အာယတနဟူ
သည် ထင်ရှားမရှိနိုင်ရာဟု တွေးတောခြင်းမကောင်းနိုင်ကြကုန်သော ငါ၏
ချစ်သား ရဟန်းများတို့။အနုတ်နာမ၊ မျက်စိဖြင့် မြင်ရမည်ကို မဆိုလင့်ဦး၊
စိတ်ကူးစိတ်အကြံဖြင့် သော်လည်း မညွှတ်မရောက်နိုင်ရာ အချုပ်ခည်
သည်ကား။ ။ဗုက်သည်အတိုင်းအနက်၊ ။ဝါ၊တဏှာ မလာမသိနိုင်ရာ
အချုပ် မည်သည်ကား။ ။ဗုက်သည်ကိုဖေါ်၊ ။ဒုဒ္ဒသံ၊ ပုထုဇဉ်တို့
ဉာဏ်ဖြင့် သိနိုင်မည်အရေး လွန်စွာကွာဝေးခဲ့၏။ ဟိ၊ငါဘုရားဒိန့်ကြား
တော် မူသင့်လှတော့၏။ သစ္စံ၊ အခြားတရားများကဲ့သို့ ဖေါက်ပြန်ပျက်စီး
ခြင်းမရှိ ပကတိမြဲမြဲ မှန်ကန်စွာ တည်နေသော တရားမြတ် မည်သည်။
သုဒဿနံ၊ မြင်နိုင်လွယ်သောတရားမျိုးသည်။ န၊မဟုတ်နိုင်။ ယံ၊ယင်းသို့
သိနိုင်မြင်နိုင်ခဲသော နိရောဓသစ္စာ နိဗ္ဗုတာဘုံနန်းကို။ ။ထည့်ပါ။ ။
ဇာနတော၊ ဖြောင့်တန်းမှန်စွာ နေရာတကျ သိနိုင်ကြသော၊ ပဿတော၊
ဟုတ်တိုင်းထင်ထင် မြင်နိုင်ကြသော သူအပေါင်းအား။ လောကေ၊ သုံးဘုံ
ဘဝ ဤလောက၌။ တဏှာ၊ တွယ်တာမက်မောဒုက္ခဘောင်မှာပျော်အောင်
မျှောတတ်သည့် လောဘတဏှာ သမုဒယသစ္စာကို။ ။နိတ္တ။ ။
ဝါ၊ သမုဒယသစ္စာ, ထိုသမုဒယ၏ အကျိုးဖြစ်သော ဒုက္ခသစ္စာ, ထို
သမုဒယကိုပယ်တတ်သော မဂ္ဂသစ္စာ,ဟူသော သစ္စာသုံးပါးကိုလည်း။ ။
နေသျှတ္တ။ ။ပဋိဝိဒ္ဓ၊ ပယ်ခွါပိုင်းခြား ပွါးသောအားဖြင့် များများကြီး
ကောင်းကောင်းကြီးသိလေ၏၊ တဿ၊ထိုသိမြင်နိုင်ခဲသော နိရောဓသစ္စာ
နိဗ္ဗုတာ နန်းမကို လှလှကြီး ပိုင်သည်အရေးဖြင့် သစ္စာလေးပါးလုံးကိုပင်
မြင်နိုင်သိနိုင်လေပြီးသော ငါ၏သားတော် ငါ့ရဲ့ကျော်အပေါင်းအား။ ။
ထည့်။ ။ကိဉ္စနံ၊မာရ်မင်း၏ရဲကျော် ခြောက်ဘော်တဏှာတို့၏အတွက်
ကြောင့်ကြွစွက်စရာသည်။ နတ္ထိ၊ တစိုးတစိ ဘယ်ဟာတရ ရှိတော့သည်
မဟုတ်။ ။ဤဂါထာကား။ အနတံ,ဟူသောပါဌ်ဖြင့်၊ နိဗ္ဗာန်အမည်ကို
ဗုက်၍ဆိုသော်လည်း။ သစ္စံ,ဟူသောပါဌ်ဖြင့်၊ နိဗ္ဗာန်ပရိယာယ်ကို ပြဆို
ပြန်ရကား။ပဟောဋ္ဌိမဆိုလောက်။ပဋိဝိဒ္ဓါတဏှာလောကေ,ဟူသောပါဌ်ဖြင့်
နေသျှတ္တအားဖြင့် သစ္စာသုံးပါးလုံးကို သိစေသောအရာကို ထောက်သဖြင့်။

အဋ္ဌဂုဏ္ဍာလင်္ကာရဟူ၍ကား ဆိုသင့်ဆိုထိုက်၏။ယခင်အဋ္ဌကထာဘွင့်ကို မှီ၍ အဋ္ဌကထာဘွင့်လောက်လည်း မကျယ်စေရ။ဘုရားအလိုတော်လည်း အလွန်ကျ။ အလွန်ရခဲသော ဒုလ္လဘဋ္ဌ ဤအနက်ကို နှုတ်တက်အာဂုဏ် ရှိကြစေ။ ။ဤဂါထာ ၀ယ်၊ အနုတ္တံဒုဒ္ဒသံနာမ ဟူသောပါဌ်ဖြင့် နိဗ္ဗာန်၏ သုဒုဒ္ဒသ,သုနိပုဏ,ဂမ္ဘီရဋ္ဌ,ကို ပြတော်မူသည်။ ဤဂါထာရှေးထက်ဝက် ဖြင့်လည်း။ နိဗ္ဗာန်ဟူသော အာယတန ဟူသည်ကို အခြားဘုံတည်ရာ အာယတနများကဲ့သို့ မမြင်တဲ့ရမသိတဲ့ရကာမဋ္ဌဖြင့် ထင်ရှားမရှိမှတ် ကြလင့်။ နက်နဲ့လှ၍သော မသိမမြင်ကြရသည်။ ထင်ရှားရှိသည် ဧကန် မှန်၏ဟူသော အနက်ကိုလည်း ပညတ္တိဟာရနည်းအားဖြင့် သိစေတော် မူသတည်း။ပဌိဝိဒ္ဓါ,စသော နောက်ဂါထာဝက်ဖြင့်။နိဗ္ဗာန်ကိုသိမြင်ရခြင်း၏ အကျိုးအာနိသံသကို ပြတော်မူသတည်း။ ယင်းသို့ပြတော်မူသဖြင့်လည်း။ ဤမျှလောက်ဘေးဒုက္ခ ကြောင့်ကြစရာ ဟူသမျှတို့၏ ငြိမ်းဧးရာနိဗ္ဗုတာ အောင်နန်း၌။ဆောလျင်စွာစံမြန်းကြရအောင်။ အထူးကြံဆောင်အားထုတ် ကြရမည်ဟူသော အာဏတ္တိကိုလည်း ပြတော်မူသတည်း။ ။ဒုတိယ ဥဒါနဋ္ဌယောဇနာဝိပ္ပါယော။ ။တတိယနိဗ္ဗာနသံယုတ္တဥဒါနဋ္ဌယောဇနာ ဝိပ္ပါယကိုလည်း။ အလွန်ခက်ခဲ နက်နဲလှသောအရာ ဖြစ်သောကြောင့်။ ၎င်းအဘွင့် အဋ္ဌကထာနှင့် တိုက်ဆိုင်၍ ကြည့်ရှုသဖြင့်။ ကျမ်းတတ် ကဝိ ပညာရှိတို့ အထူးယုံကြည်ဘွယ် ဖြစ်စေခြင်းငှါ။ ၎င်းအဘွင့် ဥဒါန်းအဋ္ဌ ကထာ ယောဇနာနည်းကို ရှေးဦးစွာပြပြီးမှ ပြဆိုလတ္တံ့။ ။အထော်၊ တနည်းကား။ ဝေဒနာဒယောဝိယ၊ ဝေဒနာ အစရှိသော တပါးသော ပရမဋ္ဌတရားတို့ကဲ့သို့။ ဟေတုပစ္စယသမဝါယသင်္ခါတာယ၊အကြောင်း ရင်း အကြောင်းပွါးတို့ ပေါင်းဆုံမိခြင်းဟု ဆိုအပ်သော။ ကာရဏ သာမဂ္ဂိယာ၊ အကြောင်းတရားတို့ ညီညွတ်လှသဖြင့်။ ဝါ။ညီညွတ်လှသော် လည်း။ နဇာတံနနိဗ္ဗတ္တံ၊ ဥပါဒ်ပေါ်အောင်ဖြစ်လာသည်မဟုတ်။ဇာတိတဿာ၊ ထိုကြောင့်။တံ၊ထိုနိဗ္ဗာန်သည်။ အဇာတံ၊ အဇာတမည်၏။ ကာရဏေန၊ ဒါနသီလဘာဝနာမဂ်ဖိုလ်ဟူသော အကြောင်းဝေး အကြောင်းနီးနှင့်။ဝိနာ၊ ကင်း၍။သယမေဝ၊မိမိဘာသာပင်လျှင်။နဘူတံ-နပါတုဘူတံ၊သဘောအား ဖြင့် ထင်ရှားပေါ်လာနိုင်သည်မဟုတ်၊ နဘူတံ-နဥပ္ပန္နံ၊ သဘောအားဖြင့် ဖြစ်လာနိုင်သည် မဟုတ်။ ဇာတိဘဿ၊ ထိုသို့ အကြောင်းနှင့်ကင်း၍ လျောက်လျားဘာသာ မဖြစ်ပေါ်လာနိုင်၊ အကြောင်းရှိမှသာလျှင် ဖြစ်ပေါ်

လာနိုင်သောကြောင့်။ တံ၊ ထိုနိဗ္ဗာန်သည်။ အဘူတံ၊ အဘူတမည်၏။ ဇဝံ၊ ဤဆိုအပ်ခဲ့ပြီးသည့်အတိုင်း။ အဇာတတ္တာ၊ အကြောင်းတရားတို့ကို စွဲ၍ ဥပါဒ်ပေါ်အောင် မဖြစ်သောကြောင့် လည်းကောင်း။ အဘူတတ္တာစ၊ အကြောင်း များစွာနှင့်ကင်း၍ သဘောအားဖြင့်မျှ ဖြစ်ပေါ်လာနိုင်သည် မဟုတ်သောကြောင့်လည်းကောင်း။ ကေနစိကာရဏေန၊ တစုံတခုသော အကြောင်းသည်။နကတံ၊ပြုအပ်သော်လည်း ပြုအပ်သည်မမည်။ ပြုလည်း မပြုနိုင်။ ။အဇာတတ္တာ,ဟူသော ရှေးဟိတ်ကိုငဲ့၍ ပြုအပ်သော်လည်း ပြုအပ်သည်မမည်။ အဘူတတ္တာ,ဟူသော နောက်ဟိတ်ကိုငဲ့၍ ပြုလည်း မပြုနိုင်ဟုဆိုအပ်သတည်း။ ။အဓိပ္ပါယ်ကား။ ။နိဗ္ဗာန်ဟူကာအကြောင်း တရားများစွာတို့ကိုစွဲ၍ပေါ်လာသော်လည်း။ဥပါဒ်အားဖြင့် နိဗ္ဗတ္တိလက္ခဏာ မြောက်အောင် ပေါ်လာသည်မဟုတ်သောကြောင့်။ စင်စစ် ဇာတ ဟူ၍ မဆိုထိုက်၊ ထိုသို့ဇာတဟုမဆိုထိုက်သောကြောင့်။ တစုံတခုအကြောင်း သည်ပြုအပ်သော်ဆည်း ဥပါဒ်ပေါ်အောင်မပြုနိုင်သဖြင့်။ပြုအပ်သည်မဆို ထိုက်ဟုလို။ ။အဇာတတ္တာ, အကတံ,၏ အဓိပ္ပါယ်၊ ။နိဗ္ဗာန်ဟူက အကြောင်း များစွာနှင့်ကင်း၍ ဥပါဒ်အားဖြင့် မဆိုထားဘိ၊ ငြိမ်းဇေးခြင်း သဘောအားဖြင့်ပင်ထင်ရှား၍ပေါ်လာနိုင်သည်ဖြစ်၍။ အကြောင်း များစွာ သည်သာပြုအပ်နိုင်ရကား။ တခုသောအကြောင်းမျှသည် အဘယ်ပြုအပ် နိုင်အံ့နည်း။ မပြုအင်နိုင်သည်သာ ဟူလို။ ။အဘူတတ္တာ, အကတံ,၏ အဓိပ္ပါယ်။ခဲစွ။ခဲကြပါကုန်။ ။ဤအဋ္ဌကထာဝယ်၊အဇာတံ,ကို အနိဗ္ဗတ္တံ, ဘွင့်သဖြင့်။ ဥပါဒ်ဟူသော နိဗ္ဗတ္တနလက္ခဏာပေါ်အောင် မဖြစ်သည်ကို ဆိုသည်။ အဘူတံ,ကို နပါတုဘူတံ, ဘွင့်သဖြင့် အကြောင်းကင်းသည် ရှိသော် ဥပါဒ်အားဖြင့် မဆိုထားဘိ။ငြိမ်းဇေးခြင်း သဘာဝအားဖြင့်ပင်မထင် ရှားနိုင် မ၍ပေါ်လာနိုင်သည်ကိုဆိုသည်မှတ်၊ ။အဒ္ဓါသန္တတိခဏတ္တယ, မျိုးအားဖြင့်ဖြစ်ခြင်းကို နိဗ္ဗတ္တိဆိုကြောင်းနှင့် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ မိန့်မှာအပ်ပြီ။ ဤဥဒါန်းပ်ဋ္ဌတော်အရာ။ ဤအဋ္ဌကထာဘွင့်အရ။ အဇာတ, အဘူတ,ကို သဘောလှလှကျကြ၍ရှိလျှင်။ နိဗ္ဗာန်ဟူက အကြောင်းတရား များစွာတို့ကြောင့်။ ဥပါဒ်အားဖြင့် မဖြစ်သော်လည်း။ ငြိမ်းဇေးခြင်း သဘော အားဖြင့် ထင်ရှား ပေါ်လာရမြဲ ဖြစ်ကြောင်းနှင့် ဥဒါန်း အဋ္ဌကထာ၌ပင် လာသည်ဟု၊ ခိုင်မာရဲဝံ့စွာ ဆိုနိုင်ကြလတ္တံ့။ ။ဥပါဒ်ကင်းလျက်သဘော အားဖြင့် ဖြစ်ပေါ်လာသည်ဟူရာဝယ်၊တစုံတခု တိုက်နံရံ၌ပြတင်းပေါက်

ပေါက်သည်အခါ။ ဥပါဒ်အထည် ဖြစ်မထင်ဘဲလျက်။ ပရိဏ္ဏေဒါကာသ, ပင်းလင်းကောင်းကင် အထင်အရှားပေါ်လာဘိသကဲ့သို့မှတ်။ ။ဘူတဘာဝေါ စနာမ၊ ထင်ရှားစွာ ဖြစ်နေရခြင်းမည်သည်ကား။ ရူပါဒိနံ၊ ရုပ်အစရှိကုန်သော။ သင်္ခတဓမ္မာနံ၊ သင်္ခတတရားတို့အားသာလျှင်။ ဟောတိ၊ ဖြစ်၏။ အသင်္ခတ သဘာဝဿ၊ အသင်္ခတ သဘောသဘာဝရှိသော။ နိဗ္ဗာနဿ၊ နိဗ္ဗာန်အား။ နှ၊ မဖြစ်နိုင်။ ဣတိ၊ဤသို့။ ဒဿနတ္တံ၊ ပြခြင်းငှါ။ အသင်္ခတန္တိ၊အသင်္ခတံဟူ၍။ဝုတ္တံ၊မိန့်တော်မူပြန်၏။ ။ဝါ၊တနည်းကား။ ပဋိလောမတောပိ၊ နောက်ဆုတ်ပြန်သွန် ပဋိလောမနည်း ကြံသောအားဖြင့်လည်း။ ဣဓယေဟိ၊အကြောင်းဝေး အကြောင်းနီးတို့သည်။ သမစ္စ-သံဘုယျ၊ တကွညီညွတ်ကပ်ရောက်လာကြကုန်၍၊ ကတံ၊ ပြုစီရင်အပ်သည် တည်း။ ဣတိ၊ ထို့ကြောင့်။ သင်္ခတံ၊ သင်္ခတမည်၏။ တထာ၊ ထိုသင်္ခတ တရားနှင့်အတူတူပင်။ သင်္ခတဒ္ဓိ၊ အကြောင်းများစွာတို့ ပြုပြင်အပ်သော်လည်း။ (ထည့်ပါ)။ ။တထာ၊ထိုသင်္ခတ တရားနှင့်အတူ။ ။(သိလေသနည်း)။ ။နသင်္ခတံ၊ သင်္ခတသဘောမပေါ်။ သင်္ခတလက္ခဏာရဟိတံ၊ အလွန်သိမ်မွေ့နူးညံ့စွာ ဖြစ်ပေါ်လာသဖြင့် ပြုပြင်၍ ဖြစ်ပုံ အခြင်း အရာ လက္ခဏာမှကင်း၍နေ၏။ ဣတိ၊ထို့ကြောင့်။ အသင်္ခတံ၊အသင်္ခတမည်၏။ ဧဝံ၊ ဤသို့။ အနေကေဟိ၊ များစွာကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်။ နိဗ္ဗတ္တိယသဘာဝေ၊ ဖြစ်စေအပ်ပုံခြင်းရာသဘောလက္ခဏာကို။ ပဋိသိဒ္ဓေ၊ တားမြစ်အပ်သည်ရှိသော်။ ဧကေနဝကာရဏေန၊ တခုတည်းသောအကြောင်းသည်သာလျှင်။ ကတံ၊ ပြုအပ်သည်။ သိယာနုခေါ၊ ဖြစ်လေပါသလော။ ဣတိ၊ဤသို့။ အာသင်္ကာယံ၊ယုံမှားဘွယ်ရှိသည်ရှိသော်။ တံနိဝတ္တနတ္တံ၊ ထိုယုံမှားဘွယ်ကို ပယ်နှစ်ခြင်း အကျိုးငှါ။ အဘူတန္တိ၊ အဘူတံဟူ၍၊ဝုတ္တံ၊ မိန့်အပ်ပြန်၏။ စ၊ရင်းပြင်လည်း။ ဧတဿ၊ဤနိဗ္ဗာန်၏။အယဥ္စအသင်္ခတာကတာဘူတသဘာဝေါ၊ဤများစွာသောအကြောင်းတို့သည် ပြုပြင်အပ်သော်လည်း ပြုပြင်အပ်သည် မမည်သောသဘော၊ တခုတည်းသော အကြောင်းသည်လည်း မပြုနိုင်သောသဘော၊ အကြောင်းကင်း၍လည်း မဖြစ်နိုင်သော သဘောရှိသော တရားသည်လည်း။ သဗ္ဗေနသဗ္ဗံ၊ အချင်းခပ်သိမ်း။ အဇာတိဓမ္မတာ၊ ဖြစ်ပေါ်လာတတ်သော သဘောတရား မဟုတ်။ ။(ဓမ္မတ္တာဟုသံယုဂ်နှင့်ရှိသည်ကားပါဌ်ပျက်)။ ။ဣတိ၊ဤသို့ အသင်္ခတ, အကတ, အဘူတ, သဘောရှိသောနိဗ္ဗာန်၏ အချင်းခပ်သိမ်း

ဖြစ်လာပေါ်လာတတ်သည့်၏မဟုတ်သည့်၏အဖြစ်ကို။ ဒဿနတ္တံ၊ ပြခြင်း ငှါ။ အဇ္ဈာဘတ္တိ၊ အဇ္ဈာတံပဟူ၍၊ ဝုတ္တံ၊ မိန့်တော်မူရပြန်၏။ ။ဤကား အဓိပ္ပါယတ္ထပေါ်အောင် ယောဇနာအပ်သော တတိယ ဥဒါနဝဏ္ဏနာ၏ လိုရင်းဂဏ္ဌိပဗ္ဗယောဇနာတည်း။ ။ဤဥဒါန်းပ်ဋ္ဌိတော်အရာဤအဋ္ဌကထာ၏ ဘွင့်ပုံ အနုလောမနည်းပဋိလောမနည်း နှစ်ရပ်လုံးပင် အကုန်သားခက်ခဲ နက်နဲလှသည့်အရာကို ပညာရှင်တို့ များများကြီး သတိထင်ကြပါစေကုန် သတည်း။ ။ဤအဋ္ဌကထာဘွင့်နှင့်အညီ၊ ဤတတိယဥဒါန်းပါဋ္ဌိတော်ကို ဤသို့ယောဇနာအပ်၏။ ။ဘိက္ခဝေ၊ နိဗ္ဗာန်ဟူသည် အကြောင်းမရှိသည် ဖြစ်၍ ထင်ရှားမရှိရာဟု တွေးတောခြင်း မကောင်းနိုင်ကြသေးသော ငါ၏ ချစ်သားရဟန်းများတို့။ အဇ္ဈာတံ၊ အကြောင်းတရားတို့ကြောင့် ဖြစ်သော် လည်း အကြောင်းတရားတို့ကြောင့် ဖြစ်သည့်လက္ခဏာဥပါဒ်မထင် အလွန် လျှင် နက်နဲသိမ်မွေ့စွာ ဖြစ်လာထသော။ အဘူတံ၊ အကြောင်းတရားတို့ ကြောင့် ဖြစ်ပုံလက္ခဏာ ဥပါဒ်မထင်သော်လည်း အကြောင်းနှင့်ကင်း၍ မိမိဘာသာဖြစ်ပေါ်လာသည် မဟုတ်သသော။ အကတံ၊အကြောင်းတရား တို့ကြောင့် ဖြစ်သော်လည်း အကြောင်းတရားတို့ကြောင့် ဖြစ်သည်မဆို ထိုက်သည်ဖြစ်၍ အကြောင်းတရားတို့ ပြုအပ်သော်လည်း ပြုအပ်သည် မမည် အကြောင်းများစွာတို့နှင့် မကင်းကောင်းသဖြင့် တခုတည်းသော အကြောင်းသည်မပြုပြင်နိုင်ထသော။အသင်္ခတံ၊သင်္ခါရဆိုး ဒုက္ခအိုးတရား များကဲ့သို့ သင်္ခါရလက္ခဏာမထင်ရှားသောနိဗ္ဗာန်တရားသည်လည်း။အတ္ထိ၊ သင်္ခတ တရားမျိုးကဲ့သို့ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ပင်ဖြစ်၏။ ။ (အနုလောမနည်း)။ ။တနည်းကား။ ။ဘိက္ခဝေ၊နိဗ္ဗာန်ဟူက စကား မျှသာ အသားထင်ရှားမရှိ ယုံမှားမိကြကုန်သော ငါ၏ချစ်သား ရဟန်း များတို့။ အသင်္ခတံ၊ အကြောင်းများစွာတို့ အခါခါညီညွတ် ပြုပြင်အပ် သော်လည်း ယင်းအကြောင်းများစွာတို့ ပြုစီရင်အပ်သည်အသွင် သင်္ခတ လက္ခဏာ မထင်ထသော။ အကတံ၊ အကြောင်းများစွာတို့ ပြုစီရင်အပ်ပုံ မပေါ်သော်လည်း တခုသော အကြောင်းသည်မျှ ပြုအပ်သည့်ပုံလည်း မပေါ်ထသော။ အဘူတံ၊အကြောင်းများ အကြောင်းနည်းတို့ ပြုပြင်အပ်ပုံ လက္ခဏာမထင်သော်လည်း ယင်းအကြောင်းတို့နှင့်ကင်း၍ လျောက်လျား ဘာသာဖြစ်လာသည်လည်း မဟုတ်ထသော၊ အဇ္ဈာတံ၊ အချင်းခပ်သိမ်း မဖြစ်လာ ခွင့်ကြီးသာမှ တခါသာ ဖြစ်ပေါ်လာနိုင်ထသော။ တံပဒံ၊ ထို

လက္ခဏာလေးရပ် ဂုဏ်သဘာဝရှိသော နိဗ္ဗုတာအောင်ခန်း ဘေးမသန်း
သည့် ရွှေမြို့နန်းသည်။ အတ္ထိ-သံဝိဇ္ဇတိ၊ ဘေးကိုကြောက်သူ ပရိနိဗ္ဗုတ
ပုဂ္ဂိုလ်တို့ ဘေးမှလွတ်ကြောင်းပုန်းအောင်းခိုနေရာ တာလာ လေဏ ပရာ
ယဏဖြစ်၍ ကောင်းစွာထင်ရှားရှိသည်ဖြစ်၏။ ။(ပဋိလောမနည်း)။ ။
ယခင်အဋ္ဌကထာဘွင့်နှင့် အလွန်သင့်လျော်သော သုဒ္ဓလ္လာဘ ဤအတ္ထကို
သဘောလှလှထားမိကြလျှင်။ နိဗ္ဗာန်ဟူကာပရိနိဗ္ဗုတပုဂ္ဂိုလ် မပေါ်လာခင်
ရှေးဦးတင်၍ ထိုပုဂ္ဂိုလ်တို့ စံဝင်စရာအစဉ်ထာဝရ ဖြစ်နေနှင့်သောမည်
သည်မရှိဟူသောအနက် ပြက်ပြက်ထင်ရှားလတ္တံ့။ ။နသန္တိတံ သန္တိတ
လက္ခဏာရဟိတံ,ဟု၊ ၎င်းအဋ္ဌကထာဘွင့်ကို နာနာသတိ ပြုမိကြလျှင်။
အသန္တိတံ၊ သန္တိတပင်ဖြစ်သော်လည်း သန္တိဘဟုသိကြောင်းမှတ်ကြောင်း
လက္ခဏာမထင်ထသောဟု ပေးအပ်သော အနက်ကိုလည်း။ ဆက်ဆက်
ယုံကြည်ကြလတ္တံ့။ ။နသန္တိတံ၊ပြုပြင်အပ်သည်မဟုတ်။ဤသို့သောအနက်
ကို နှစ်စေလိုသောကြောင့်။ နသန္တိတံ သန္တိတလက္ခဏာရဟိတံ,ဟု ဘွင့်
သတည်း။အသန္တိတ၌ အအက္ခရာပဋိသေဓတ္ထမဟုတ်။ဝိရဟတ္ထဟူလို။ ။
ဤနသန္တိတံ သန္တိတလက္ခဏာရဟိတန္တိ အသန္တိတံ,ဟူသော အဋ္ဌကထာ
နည်းပြ နိဒဿနတ္ထကိုမှီးသဖြင့်။ သန္တိတမှိ သန္တိတလက္ခဏာရဟိတန္တိ
အသန္တိတံ။ ကတမှိကတလက္ခဏာရဟိတန္တိအကတံ။ဘူတမှိဘူတလက္ခဏာ
ရဟိတန္တိအဘူတံ။ ဇာတမှိဇာတလက္ခဏာရဟိတန္တိအဇာတံ, ဟူ၍လည်း
ပြုအပ်သည်ကို ဝိညူတို့သိကြလတ္တံ့။ ။လက္ခဏာရဟိတ,ဟူသည်လည်း
နိမိတ္တရဟိတ,ပင်တည်း။ထို့ကြောင့်။ ၎“သဗ္ဗနိမိတ္တရဟိတံနိဗ္ဗာနံ” ဟူသော
နေတ္တိအဋ္ဌကထာပါဠိ၌။ ။သဗ္ဗနိမိတ္တရဟိတံ၊ ဇာတပင်ဖြစ်သော်သည်း
ဇာတနိမိတ်မပေါ်၊ ဘူတပင်ဖြစ်သော်လည်း ဘူတနိမိတ် အရိပ်မထွက်၊
ကတသန္တိတပင်ဖြစ်သော်လည်း ကတပုံသန္တိတပုံ နိမိတ်လက္ခဏာမထင်၊
ဤသို့စသော အကြောင်းနိမိတ်အလုံးစုံမထင်နိုင်သောတရားသည်။ နိဗ္ဗာနံ၊
နိဗ္ဗာန်မည်၏။ ။ဟူ၍အနက်ပေးသင့်၏မှတ်။ ။ဤအလိုအားဖြင့်ကား။
အဇာတံ၊ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့အားဖြေစေသောအားဖြင့်ဖြစ်ပေါ်လာသော်
လည်း ယင်းဖြစ်ပေါ်ပုံ၏ အလွန်နက်နဲသိမ်မွေ့လှသဖြင့် ယင်းဇာတနိမိတ်
အရိပ်လက္ခဏာမထင်ထသော။ အဘူတံ၊ငြိမ်းဖေးခြင်းသန္တိလက္ခဏာအား
ဖြင့် ထင်ရှားရှိပါလျက်လည်း ယင်းထင်ရှားရှိပုံ ဘူတနိမိတ် အရိပ်မပေါ်
ထသော။ အကတံ၊ ဒါနသီလဘာဝနာအကြောင်းရင်း ဟောတုတို့ပြုအပ်

သော်လည်း ယင်းအကြောင်းပုံနှင့် အကျိုးပုံအလွန်ကွာဝေးသဖြင့် ယင်း
ပြုအင်ပုံ ကတနိမိတ်အရိပ်အယောင်မထင်ထသော။ အသင်္ခတံ၊ ဒါနသီလ
ဘာဝနာ အကြောင်းတရားတို့ ပြုစီရင်အင်သည်ဆိုစရာရှိပါလျက်လည်း
ယင်းပြုပြင်အပ်သည့် သင်္ခတလက္ခဏာမပေါ် သင်္ခတစော်မနံ သင်္ခတပုံ
ဟန်နှင့် အလွန်ကွာဝေး၍နေထသော။ ။ဤသို့လည်းအကျယ်အားဖြင့်
အနက်ပေးသင့်သည်သာ ဖြစ်၏ဟုမှတ်။ ။မနုဿနှင့် မိဂိမ သင့်မြတ်၍
ပေါက်ဖွါးသည့် လူ့ယာကျားသည် အမိသမင်မနှင့် အလွန်ခြားသဖြင့်။
သမင်မကြောင့်ဖြစ်သော လူဟုဆိုနိုင်စရာ ဇာတနိမိတ် အရိပ်အယောင်
မပေါ် မထင်သကဲ့သို့ များစွာသောသင်္ခတဖြစ်သောအကြောင်းရင်းဟေတု
အကြောင်းများပစ္စယတို့ကြောင့် ဖြစ်ပါသော်လည်း ထိုတရားတို့ကြောင့်
ဖြစ်သည်မဆိုနိုင်အောင် အလွန်သိမ်မွေ့ထူးကဲ နက်နဲစွာဖြစ်၍နေသဖြင့်။
သင်္ခတ အကြောင်းတို့ကြောင့်ဖြစ်ပုံလက္ခဏာ ဥပါဒ်ဟူသော ဇာတနိမိတ်
စသည်မထင်သည်ကိုသာရည်၍။အဇာတံစသည်ဖြင့် ဟောတော်မူသည်။
လုံးလုံးကြီး ဘယ်ဟာတခုမျှ မဖြစ်သည်ကိုရည်၍။ အဇာတံ စသည်ကို
ဟောတော်မူသည်မဟုတ်မှတ်ကြကုန်။ ယင်းသို့လုံးလုံးကြီး အဇာတဖြစ်
လျှင် ယင်းနိဗ္ဗာန်ဟူက အဘာဝတုစ္ဆပင်ဖြစ်ရာသောကြောင့်တည်း။ ။
ဇာတသလက္ခဏံဇာတံ၊ ဇာတေနဝိရဟိတံအဇာတံ။ ဘူတသလက္ခဏံ
ဘူတံ၊ဘူတေနဝိရဟိတံအဘူတံ။ ကတသလက္ခဏံကတံ၊ ကတေနဝိရ
ဟိတံအကတံ။သင်္ခတသလက္ခဏံသင်္ခတံ၊ သင်္ခတေနဝိရဟိတံအသင်္ခတံ,
ဟူ၍လည်း ဝိဂြိုဟ်ပြုသင့်သည်သာဖြစ်၏။ နသင်္ခတံသင်္ခတလက္ခဏာရဟိ
တတ္တာ်အသင်္ခတံ,ဟု ယခင်အဋ္ဌကထာဝိဂြိုဟ်ပြုကို နည်းမှီးစရာ ရှိသော
ကြောင့်တည်း။ ။ဤအလိုအားဖြင့်။အဇာတံ၊ဇာတဖြစ်လျက် ယင်းဇာတ
ဟုသိနိုင် မှတ်နိုင်ကြောင်းနိမိတ်လက္ခဏာမှကင်းထသော။ အဘူတံ၊ဘူတ
ဖြစ်လျက် ယင်းဘူတဟုသိကြောင်းမှတ်ကြောင်းနိမိတ်လက္ခဏာမှကင်းထ
သော။အကတံ၊ကတဖြစ်လျက် ယင်းကတဟုသိနိုင်မှတ်နိုင်ကြောင်း နိမိတ်
လက္ခဏာမှကင်းထသော။အသင်္ခတံ၊သင်္ခတဖြစ်သော်လည်း ယင်းသင်္ခတ
ဟုဆိုနိုင်မှတ်နိုင်စရာလက္ခဏာမပေါ်ထသော။ဤသို့လည်းအနက်ပေးသင့်
သည်သာဖြစ်၏။ ။ဤသို့သောဂူဠ္ဌတ္ထအနက်ကိုရည်၍ နိဗ္ဗာန်၏သဏ္ဍာသုခမ
သုဒ္ဓိဿဂုဏ်ပေါ်စေခြင်းငှါ။အဇာတံစသောယင်းပါဠိတော်ကိုဟောတော်
မူရင်းဖြစ်သောကြောင့်တည်း။ ။ယင်းသို့ဂုဏ်ပေါ်အောင်ဟောတော်မူအပ်

သောယင်းအဇာတံစသောပုဒ်တို့၌။အဇာတံ၊ လုံးလုံးကြီးမဖြစ်သော။ အဘူတံ၊လုံးလုံးကြီးမထင်သော၊အကတံ၊ လုံးလုံးကြီးမပြုအပ်သော၊ အသင်္ခတံ၊ လုံးလုံးကြီးမပြုပြင်အပ်သော, ဟူ၍ အနက်ထွက်အောင်ပေးခဲ့လျှင်။ ယင်းနိဗ္ဗာန်ဟူက လုံးလုံးကြီး ဘယ်ဟာတခုမျှ မရှိသောအဘာဝသာ ဖြစ်ခဲ့ရာသဖြင့်။ ဘယ်ဟာတခုဂုဏ်ရှိတော့မည်မဟုတ်။ ထိုကြောင့်ယင်းအဇာတံစသောဂုဏနာမ်ပုဒ်၏ဂုဏဘာဝတ္တပေါ်စေခြင်းငှါ။ရှေးပြဲဆိုအပ်ခဲ့ပြီးသောအနက်အတိုင်းသာ။ ကသိုဏ်းကွက်ကျ မှတ်ကြအပ်၏။ ။လုံးလုံးကြီးဘယ်ဟာတခုမျှ မရှိသော အဇာတအဘာဝသည်လည်းဂုဏ်မရှိ။ ဇာတဘာဝပင်ဖြစ်သော်လည်း။ဂုန့်ကြမ်းစွာဖြစ်သဖြင့်။ ဇာတဘာဝ ပုံလက္ခဏာနိမိတ်ပေါ်ထင်စွာနေကလည်း ဂုဏ်ထူးမရှိ။ ဇာတဘာဝဖြစ်လျက် နူးညံ့သိမ်မွေ့စွာ ဖြစ်သဖြင့်။ ဇာတဘာဝပုံသက္ခဏာနိမိတ်၊ မပေါ်ဘဲနေမှသာဂုဏ်ထူးဝိသေသဖြစ်၏။လူတို့ကိုယ်မှအရိပ်ထွက်သကဲ့သို့အရိပ်ထွက်ရာကိုယ်ဒြပ် ထင်ရှားရှိလျက်၊ အရိပ်မထွက်သော နတ်ဗြဟ္မာတို့ကိုယ်သည်။ လူတို့ကိုယ်ထက်ထူးသောဂုဏ်ထူးဝိသေသရှိသကဲ့သို့တည်း၊ ။ထိုကြောင့်အဇာတံအဘူတံ,ဆိုသော်လည်း ဇာတဘူတလက္ခဏာနိမိတ်အရိပ်မထင်ပေါ်သည်ကိုသာ ဆိုသည်။ လုံးလုံးဘယ်ဟာတခုမျှ မဖြစ်သောကြောင့်။ အဇာတံအဘူတံ, ဆိုသည်မဟုတ်ဟု ဧကန္တမှတ်အပ်၏။ ။အနိဗ္ဗတ္တိသဘာဝတ္တာအဇာတံ။ တတောယေဝအဘူတံ။ ဥဘယေနာပိ ဥပ္ပါဒရဟိတတ္တံဝုတ္တံဟောတိ။ ။အနိဗ္ဗတ္တိသဘာဝတ္တာ၊အထည်ဒြပ်ဥပါဒ်ပေါ်အောင်ဖြစ်စေအပ်သော သဘောမရှိသောကြောင့်။ အဇာတံ၊ အဇာတမည်၏၊ တတောယေဝ၊ထိုသို့သောအကြောင်းကြောင့်သာလျှင်။ အဘူတံ၊အဘူတမည်၏၊ဥဘယေနာပိ၊ အဇာတအဘူတဟူသောနှစ်ပုဒ်လုံးဖြင့်လည်း။ ဥပ္ပါဒရဟိတံ၊ဥပါဒ်ကင်းသည်တည်း။ ဣတိ၊ဤသို့၊ ဝုတ္တံ၊ဆိုလိုသည်။ ဟောတိ၊ဖြစ်၏။ ။ဤသို့လာသောနေတ္တိအဋ္ဌကထာအတိုင်း။အဇာတံ၊ဥပါဒ်အားဖြင့်မဖြစ် ငြိမ်းအေးခြင်းသဘောအားဖြင့်သာဖြစ်ပေါ်လာသော။ အဘူတံ၊ ဥပါဒ်အားဖြင့်မထင် ငြိမ်းအေးခြင်းသဘောအားဖြင့်သာထင်သော။ ။ဤသို့လည်းအနက်ပေးသင့်သည်သာတည်း။ ။ဤသို့လျှင်။ အတ္ထိဘိက္ခဝေ အဇာတံ, စသည်ဖြင့်။နိဗ္ဗာန်ဟူသည်ဥပါဒ်အားဖြင့်မဖြစ်သာသော်လည်း၊ ငြိမ်းအေးခြင်းသဘာဝအားဖြင့်ထင်ရှားဧကန်ပေါ်လာသည်သာတည်းဟုပြတော်မူပြီး၍။ ယင်းသို့ထင်ရှားပေါ်လာသောအဖြစ်ကို။ သနစ်သနာအကြောင်းလက္ခဏာ

နှင့်တကွပြတော်မူခြင်း၌။ နောစေတံဘိက္ခဝေ, စသောနောက်အကြောင်း
ပါဠိတ်စကားကိုမိန့်တော်မူသတည်း။ ။အနက်ကား ။ ။ဘိက္ခဝေ။ ငါ၏
ချစ်သားရဟန်းများတို့၊ အဇာတံ၊ ဥပါဒ်အားဖြင့်ဖြစ်ပေါ်အောင်မဖြစ်သော။
အဘူတံ၊ဥပါဒ်အားဖြင့်အထည်ဖြစ်မထင်သော။အကတံ၊အကြောင်းတရား
တို့ပြုအပ်ပျက် ပြုအင်ပုံအတလက္ခဏာ မထင်ပေါ်သော။ အသင်္ခတံ၊
အကြောင်းဝေးအကြောင်းနီးတို့သည် ပြုပြင်စီရင်အင်သော်လည်း ပြုပြင်
စီရင်အပ်ပုံ သင်္ခတလက္ခဏာမှကင်းသော။ ဝေတံ၊ ဤနိဗ္ဗာန်တရားသည်၊
နောစေအဘဝိဿ နောစေသိယာ၊ အကယ်၍ထင်ရှားမဖြစ်ပေါ်လာငြားအံ့။
ဝေ၊ ဤသို့နိဗ္ဗာန်တရား ထင်ရှားမပေါ်လာခဲ့သော်။ ဇာတဿ၊ ဥပါဒ်ဖြစ်
ပေါ်အောင်ဖြစ်သော၊ ဘူတဿ၊ ဥပါဒ်ဖြစ်အားဖြင့်ထင်သော၊ ကတဿ၊
အကြောင်းတရားတို့ပြုလုပ်အင်တိုင်း ပြုလုပ်အင်ပုံအခြင်းအရာလက္ခဏာ
ပေါ်သော။သင်္ခတဿ၊အကြောင်းတရားတို့ပြုပြင်စီရင်အင်တိုင်းပြုပြင်စီရင်
အင်ပုံလက္ခဏာပေါ်သော၊သင်္ခတဿ၊တေဘူမိကသင်္ခတတရားထဲမှ။ ။
(သိလေသနည်း)။ ။ဣဓနိဿရဏံ၊ဤထွက်မြောက်ခြင်းဟူသည်။နပညာ
ယေထ၊မထင်ခဲ့ရာ၊ယသ္မာစ၊အကြင့်ကြောင့်ကား ဘိက္ခဝေ၊ရဟန်းတို့။ခေါ၊
စင်စစ်။ အဇာတံ၊ ဥပါဒ်ဖြစ်အားဖြင့်မဖြစ် ငြိမ်းအေးခြင်းသဘောအားဖြင့်သာ
ဖြစ်လာသော။ အဘူတံ၊ ဥပါဒ် ဖြစ်အားဖြင့်မထင် ငြိမ်းအေးခြင်း သဘော
အားဖြင့်သာထင်သော။ အကတံ၊ အကြောင်းတရားတို့ပြုအပ်သော်လည်း
ပြုအပ်သည်မမည်သော၊ အသင်္ခတံ၊ အကြောင်းတရားတို့ ပြုစီရင်အပ်
သော်လည်းပြုစီရင်အပ်ပုံ သင်္ခတလက္ခဏာမထင်သော။ ဝေတံ၊ ထိုနိဗ္ဗာန်
တရားသည်။ အတ္ထိ၊ ဥပါဒ်အားဖြင့်ရုန့်ရင်းစွာဖြစ်သောအခြားသောပရမတ္ထ
တရားများကဲ့သို့ ထင်ရှားရှိလာ ပေါ်လာသည်ပင်ဖြစ်၏။ တသ္မာ၊ ထိုသို့
ထွက်မြောက်ရာနိဗ္ဗာန်ဟူသည်ထင်ရှားရှိသောကြောင့်သာလျှင်။ဇာတဿ၊
ဥပါဒ်အားဖြင့်ဖြစ်ပေါ်လာရသော။ ဘူတဿ၊ ဥပါဒ်အားဖြင့်ထင်ရှားသော။
ကတဿ၊အကြောင်းတရားတို့ပြုအပ်သော။သင်္ခတဿ၊ အကြောင်းတရား
တို့ပြုစီရင်အပ်သော၊ သင်္ခတဿ တေဘူမိက သင်္ခါရတရားထဲမှ။ ။
(သိလေသနည်း)။ ။နိဿရဏံ၊ထွက်မြောက်ကြခြင်းသည်။ပညာယတိ၊
နိဗ္ဗာန် ရောက်သွားကြသူ ပရိနိဗ္ဗုတအသျှင်တို့အား ထင်ရှားခဲ့၏။ ။
ရှင်းအနက်။ ။အဓိပ္ပါယ်ကား။ကောင်းပြင်ဘက်ဟူသည် ထင်ရှားရှိသော
ကြောင့်သာ ထောင်ထဲမှထွက်မြောက်ခြင်း ဖြစ်နိုင်သကဲ့သို့။ဝန်ဆင်းရဲမှ

ထွက်မြောက်ရာ နိဗ္ဗာန်ဟူသည် ထင်ရှားရှိသောကြောင့်သာ ဝဋ်ဆင်းရဲထဲမှ ထွက်မြောက်ခြင်းဖြစ်နိုင်သည်၊ ဝဋ်ဆင်းရဲမှထွက်မြောက်သွားကြသူ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့လည်း အများအပြား အထင်အရှားပင် ဖြစ်ကြသည်ဟူလို၊ ။တတိယ ဥဒါနဋ္ဌကထာ။ ။ဤတတိယဥဒါန်းအရာ၌ ဥပ္ပါဒဝသေန အဇာတံအဘူတံအကတံ အသင်္ခတံ့ဆိုအပ်လျက်၊ ဥပ္ပါဒဝသေနကို ဖွက်၍ဆိုသည့်ကို ထောက်သော်။ ဂုဋ္ဌာလင်္ကာရခြောက်မျိုးတို့တွင်။ ကရိယာကိုဖွက်သောကာရကဂုဋ္ဌာလင်္ကာရသို့ဝင်၏၊အဇာတံ၊ အချင်းခင်သိမ်း ဖြစ်လာတတ်သော တရားမျိုးမဟုတ်၊ တရံတခါ ခွင့်ကြီးသာမှ ဖြစ်ပေါ်လာတတ်သောဟု အနက်ပေးစေလိုသော ၎င်းအဋ္ဌကထာပဒိုလောမနည်းအလိုအားဖြင့်။ ပုဒ်အနက်အလွန်မြုပ်သည်ကိုထောက်လျှင်။ ပရမသိတပဟေဠိလင်္ကာရသို့လည်းဝင်၏၊ ။အသင်္ခတံ၊ အကြောင်းများစွာတို့မပြုပြင်အပ်သော၊ အကတံ၊ တခုသောအကြောင်းတရားသည် ပြုအပ်သည်လည်းမဟုတ်သော။ အဘူတံ၊ အကြောင်းကင်း၍ ဖြစ်သည်လည်းမဟုတ်သော။ အဇာတံ၊ အချင်းခပ်သိမ်း ဖြစ်ပေါ်လာဘတ်သော တရားမျိုးမဟုတ်၊ တရံတခါ ခွင့်ကြီးသာမှ ဖြစ်ပေါ်လာနိုင်သော။ ဤသို့နောက်ဆုတ်ပဒိုလောမနည်း အနက်ပေးစေလိုသော အဋ္ဌကထာ အလိုအားဖြင့်၊ :စာစဉ်နည်းအလွန်ရှုပ်သည်ဖြစ်၍၊ ဥက္ကဋ္ဌာပဟေဠိလင်္ကာရသို့လည်းဝင်၏၊ ။ဤတတိယဥဒါန်းပါဠိတော် ၎င်းအဋ္ဌကထာဘွင့်ကို ကြပ်ကြပ်စိစိမိမိကြံနိုင်ကြလျှင်။ နိဗ္ဗာန်ဟူက ထင်ရှားရှိသည် ကေန်မှန်၏ဟူသောအနက်၊ ယင်းနိဗ္ဗာန်၏လည်း အချင်းခပ်သိမ်း အစဉ်ထာဝရ အကြောင်းကင်း၍ဖြစ်နေတတ်သောဘရားမဟုတ်။ပါရမီအကြောင်းခံတွေ့ရံလင်သည်အခါ ခွင့်ကြီးသာမှ ဖြစ်ပေါ်လာတဘ်သော တရားတည်းဟူသောအနက်၊ ယင်းနိဗ္ဗာန်ဟူက ဥပါဒ်အားဖြင့် ဖြစ်ပေါ်အောင်သာ ရှန့်ကြမ်းစွာ မဖြစ်သည့်ငြိမ်းဒေးခြင်း သဘော အားဖြင့် သိမ်မွေ့ နူးညံ့စွာ ဖြစ်လာသော သဘောမျိုးဖြင့်ကား ဖြစ်လာချဦးမည်။ ယင်းသို့ဖြစ်မှသာ အဋ္ဌိဘာဝကေန်ဖြစ်နိုင်မည်ဟူသောအနက်ကို၊ ကျမ်းတတ်ကဗ် ပညာရှိတဆူ ဝိညူမှန်သမျှ ကေန္တသဘောကျကြကုန်လတ္တံ့။ ။ဤသို့လျှင် အဋ္ဌိဘိက္ခဝေ တဒါယဘနံ့စသော ပဋ္ဌမဥဒါန်းဖြင့် မြေရေလေမီးရှိသော လရောင်နေရောင်ရှိသော ဘုံမျိုးမှသာ ထင်ရှားရှိသည်မဟုတ်၊ ယင်းသို့ မြေရေ စသည်ထင်ရှားမရှိသော ဘုံမျိုးသည်လည်း ထင်ရှားရှိပါသေး၏၊

အာကာသာနဉ္စာယတနစသော ဘုံလည်းမဟုတ်ပါသေးဟု နိဗ္ဗုတာပဟောဋ္ဌ အသက်ရှည်ခြင်းမျိုးဖြင့် နက်နက်ကြီးဖွက်ဆိုပြီး၍။ နိဗ္ဗာန်ဟူသည် ပရမတ္ထ အားဖြင့် ထင်ရှားရှိသည်၏အဖြစ်ကို ပြတော်မူပြီးခါ။ ဒုဒ္ဒသံအနုတ္တံနာမ စသော ဒုတိယဥဒါန်းဂါထာဖြင့်လည်း။ ယင်းနိဗ္ဗာန်တရား၏ အလွန်နူးညံ့ သိမ်မွေ့လှသည်သဘောရှိသောအဖြစ်။ ယင်းနိဗ္ဗာန်ကိုရနိုင်သူတို့ အလုံး စုံသော ဘေးဒုက္ခတွက်တာဖြင့် ကြောင့်ကြစရာ ဘယ်ဟာတခုမျှ မရှိ နိုင်သည်၏အဖြစ်ကို မိန့်ဆိုဟောပြတော်မူပြီး၍။ အတ္ထိဘိက္ခဝေ အဇာတံ စသော တတိယ ဥဒါန်းပါဠိတော်ဖြင့်လည်း။ ယင်းသို့ သုဒုဒ္ဒသဖြစ်သော နိဗ္ဗာန်ဟူသည်။ ဥပါဒ်ဌီဘင်အားဖြင့် ထင်ရှားမရှိသောကြောင့်။ အကယ် စင်စစ်ထင်ရှား မရှိနိုင်ရာဟု၊ တွေးတောခြင်းဖြစ်ကြပြန်သော ရဟန်းတို့ အား၊ ယင်းသို့သော ယုံမှားတွေးတောခြင်းကို ပျောက်တော်မူပြန်ခြင်းငှါ။ ဥပါဒ်အားဖြင့် ဌီဘင်ထင်ရှားမရှိသော်လည်း။သဘောအားဖြင့် ထင်ရှားဧကန် ရှိသည်သာဟု မိန့်တော်မူပြီး၍။ယခုအခါ ယင်းနိဗ္ဗာန်၏သရုပ်သဘောကို လည်းကောင်း ယင်းနိဗ္ဗာန်သို့ရောက်နိုင်ကြောင်းကိုလည်းကောင်း ဟောပြ တော်မူပြန်လို၍။ ။နိဿိတဿစလိတံစသောစတုတ္ထဥဒါန်းကိုပြဿွန်း ဖွက်ဆိုတော် မူသတည်း။ ။အနက်ကား။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ဤဓါ၊ဤသောကဲ၌။ ။(ဂမျမာန်)။ ။နိဿိတဿ၊ အမှီတံကဲသဟဲ ရှိသောသူအား။ ။တဏှာ အမှီရှိသည်ကို ဖွက်သည်။ ။စလိတံ၊ တုန်လှုပ်ယိမ်းယိုင် မခိုင်ပျက်ပြားရခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ။ တဏှာနောက်သို့ ကောက်ကောက် လိုက်နေကြသည်အတွက် ဘေးကြီး နက်နက်ထိနေကြသဖြင့် ယင်းနိဗ္ဗာန်နှင့် ဝေးကြရသည်ဟူသောအနက်ကို ဖွက်၍ ဟောတော်မူသတည်း။ ။အနိဿိတဿ၊ အမှီတံကဲသဟဲမရှိ သောသူများအပေါင်းအား။ ။တဏှာနောက်ကို မလိုက်သူကိုဖွက်၍ဆို သည်၊ ။စလိတံ၊လှုပ်ရှားယိမ်းယိုင် မခိုင်ပျက်ပြားခြင်းသည်၊ နတ္ထိ၊မရှိ နိုင်။ ။တဏှာအာရုံမလိုက်စား၊ ဘာဝနာအာရုံလိုက်စားသောယောဂီ ပုဂ္ဂိုလ်တို့အား သမာဓိဘရားချသည်ကို ဖွက်၍ဆိုသတည်း။ ။ဤသို့ စကားအရာ ဆန်းကြယ်စွာ နက်နက်ကြီး ဆိုလို၍၊ ဖွက်သို ဟောထား အပ်သော ပဟေဠိအရေမျိုးဟူသမျှ၌၊ ဖွက်သည်အတိုင်း အနက်ပေးမှ ဒေသကာဝိပ္ပါယကျမ်းပြုဆရာတို့ အလိုကျနိုင်မည်ဟု သိကြကုန်၊ ။ စလိတေ၊ လှုပ်ရှားခြင်းသည်။ အသတိ၊ မရှိခဲ့သော်။ ပဿဒ္ဓိ၊ ငြိမ်သက်

ခြင်းသည်။ဟောတိ၊ဖြစ်၏။ပသဒ္ဒိယာ၊ငြိမ်သက်ခြင်းသည်။ သတိ၊ရှိသည်ရှိသော်။ နတိ၊ ငါးပါးကာမဂုဏ် အာရုံမှောက်မှား တိမ်းပါး ညွတ်သွားခြင်းသည်။ နဟောတိ၊ မဖြစ်နိုင်၊ နဘိယာ၊ တိမ်းပါးမှောက်မှားလဲသွားခြင်းသည်။ အသတိ အသတိယာ၊ မရှိလတ်သော်၊ အာဂတိဂတိ၊ လာရသွားရခြင်းသည်။ နဟောတိ၊ မဖြစ်နိုင်။ ။ပဋိသန္ဓေ မနေရ မသေရသည်ကိုရည်။ ။အာဂတိဂတိ၊ လာရခြင်းသွားရခြင်းသည်။ အသတိ၊ မရှိသည်ရှိသော်။ စုတူပပါတော၊ အဘန်တလဲလဲသေရ ပဋိသန္ဓေနေရခြင်းသည်။ နဟောတိ၊ ဖြစ်နိုင်တော့သည်မဟုတ်၊ စုတူပပါတော၊ အဘန်တလဲလဲ သေရခြင်းပဋိသန္ဓေနေရခြင်းသည်။ အသတိ၊ မရှိခဲ့သော်။ ဣဓ၊ ဤကာမဘုံ၌။ နေဝ၊ မဖြစ်နိုင်တော့သည်သာတည်း။ ဟုရံ၊ထိုရူပဘုံ၌လည်း။ န၊ ဖြစ်နိုင်တော့သည်မဟုတ်၊ ဥဘယံ၊ ကာမရူပဘုံနှစ်ရပ်ကို။ အန္တရေန၊ ကြဉ်၍လည်း။န၊ဘယ်ဘုံမှာမှမဖြစ်နိုင်။ဧသေဝ၊ ဤသုံးဆဲ့တဘုံ ဒုက္ခအံ့ရာ မဖြစ်လာရခြင်းသည်ပင်။ ဒုက္ခဿ၊ ဒုက္ခဟူသမျှ၏၊ အန္တော၊ အဆုံးတည်း၊ ။တနည်းကား။ ။ဧသေဝ၊ ဤဘုံသုံးပါးမှလွတ်သွားရာ နိဗ္ဗူတာအရပ်သည်ပင်လျှင်။ဒုက္ခဿ၊ဒုက္ခဟူသမျှ၏၊အန္တော၊အဆုံးအပိုင်းအခြားတည်း။ ။အဋ္ဌကထာဘွင့်သုံးနည်းတွင် အကောင်းဆုံးနည်း။ ။

စတုတ္ထဥဒါနဋ္ဌကယောဇနာ။ ။ဤစတုတ္ထဥဒါန်းပါဠိတော် ဇေးစကားရပ်တို့ဖြင့် နိဗ္ဗာန်ရောက်ကြောင်းကို ပြတော်မူသည်၊ ငါးပါးကာမဂုဏ်အာရုံလိုက်စားမပြုမှားဘဲ သမထဝိပဿနာကို နာနာခဲ့နိုင်ကြမှ ယင်းနိဗ္ဗာန်ကိုရနိုင်ကြမည်ဟုလိုသည်။ ။ဧသေဝန္တော ဒုက္ခဿဟူသောဤနောက်ဆုံးပါဌ်ဖြင့် နိဗ္ဗာန် သရုပ်သဘောကို နေယျတ္ထအားဖြင့် ပြသတည်း၊ ။

အယံဝုတ္တဘိဘိက္ခဝေ ဒုက္ခနိရောဓောဟူသည်နှင့်အတူတူပင်တည်း၊ ။ယင်းဒုက္ခနိရောဓဟူသည်၌ ဒုက္ခနိရောဓဿ ပဋ္ဌာယ ဒုက္ခနိရောဓောတိ ဝုစ္စတော့ဟု နေတ္တိအဋ္ဌကထာ၊ရင်းနည်းတူမူလဋီကာသာသည်အတိုင်း။ဒုက္ခ၏မရှိခြင်းအဘာဝမျှကိုနိဗ္ဗာန်မဆိုလို။ ဒုက္ခမရှိကြောင်းကောင်းကောင်းကြီးပေါ်လာသောအသင်္ခတဓာတ်ရဘနာမြတ်ကို နိဗ္ဗာန်ဆိုလိုသတည်း။ ။

ဒုက္ခက္ခယာနိဗ္ဗာန်ဟူသောနေတ္တိပါဠိတော်၊ သဠာယတနသံယုတ်ပါဠိတော်တို့နှင့်အညီ၊ နာမ်ရုပ်ဒုက္ခကွယ်ပျောက်မှ အသင်္ခတဓာတ်နိဗ္ဗာန်တရားမြတ်ပေါ်လာသည်၊ ဥမင် လိုဏ်ခေါင်း တူးဘောက် ရာယ် မြေဘော်ကျောက်ခတ်ကုန်မှဝိဝရကာသပေါ်လာသကဲ့သို့တည်း၊ ။ဤအနက်

သဘောကိုရည်တော်မူ၍။ နိဗ္ဗာနသဿအနုပ္ပါဒေယေ၀ပုဂ္ဂလဿနိရောဓော ဟု ဝိသုဒ္ဓိမဂ်မဟာဋီကာ၌ မိန့်အပ်သတည်း။ ။နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ အနုပ္ပါဒေယေ၀၊ မဖြစ်ပေါ်လာမီ ကပင်လျှင်။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ ဝါ၊ ပုဂ္ဂိုလ်ဟုသမုတ်အပ်ရာခန္ဓာငါးဝ၏၊ နိရောဓော၊ အသစ်လည်းမလှောက် အဟောင်းလည်းချုပ်ပျောက်နိုင့်ရခြင်းသည်။ ဟောတိ၊ ဖြစ်ရလေ၏။ ။ ၎င်းအနက်၊ ။ဤ၌နိဗ္ဗာန်မဖြစ်ပေါ်လာမီက ပုဂ္ဂိုလ်ကွယ်ပျောက်နိုင့်ရသည် ဟူရာဝယ်။ ဥမင်လိုဏ်ကြီးတူးဘောက်ရာ၌ ကောင်းကင်ဟင်းလင်းမဖြစ် ပေါ်လာမီ မြေခဲတုံ ကျောက်ခဲတုံ ကုန်နိုင့်ရသကဲ့သို့မှတ်။ ကောင်းကင် ဟင်းလင်းဖြစ်ပေါ်လာရာဝယ်၊ ဥပါဒ် ဒြဗ်အားဖြင့် ပေါ်လာသည် မဟုတ်၊ ဟင်းလင်းအာကာသသဘောအားဖြင့်သာပေါ်လာသကဲ့သို့၊နိဗ္ဗာန်ဖြစ်ပေါ် လာသည်ဟူရာ၌လည်း ဥပါဒ်ဒြဗ်အားဖြင့်ပေါ်လာသည်မဟုတ်၊ငြိမ်းဖေးခြင်း သဘာဝမျှအားဖြင့်သာ ပေါ်လာသည်မှတ်၊ ၎င်းဥမင်လိုဏ်ကြီးအတွင်း၌ ဟင်းလင်းကောင်းကင် တည်၍နေသကဲ့သို့၊ ထိုနိဗ္ဗာန် သဘော ပေါ်လာ ပြီးနောက်၊ ယင်းသဘောအတိုင်း မဘောက်မပြန် တည်၍နေသည်မှတ်။ ယင်းသို့တည်၍ နေသော်လည်း သင်္ခတတရားတို့၏ တည်၍နေခြင်းကဲ့သို့၊ ရင့်ခြင်းဟောင်းခြင်းမရှိပကတိအသစ်စက်စက်အတိုင်းတည်နေသည်မှတ်၊ ဥမင် လိုဏ်ကြီး အတွင်း ဟင်းလင်း ကောင်းကင် တည်သည်မှ စ၍၊ ထိုကောင်းကင်ဟင်းလင်းဟောင်းနွမ်းခြင်းမရှိသကဲ့သို့တည်း။ ။ဤအနက် သဘောကိုပင်ရည်တော်မူ၍၊ တိဏ္ဏံ ခါနိဘိက္ခဝေ အသင်္ခတာနံအသင်္ခတ လက္ခဏာနိ။ အသင်္ခတာနံ ဘိက္ခဝေ ဥပ္ပါဒေါနပညာယတိ၊ ဝယောနပညာ ယတိ၊ ဌိတဿအညထတ္တံနပညာယတိ ဟု ဟောတော်မူသတည်း။ ။ ကထာဝတ္ထုကျမ်းထွက်။ ။ဌိတာနံ၊ တည်၍နေကုန်စဉ်။ ဝါ၊ တည်၍ နေကုန်သောနိဗ္ဗာန်ကောင်းကင်ပညတ်စသောအသင်္ခတတရားမျိုးတို့အား။ အညထတ္တံ၊ ရင့်အိုဟောင်းနွမ်းခြင်းသည်၊ နပညာယတိ၊ မထင်။ ။ အထက်အောက်ဟင့်းလင်း အဇဋာကာသ ဝိဝရာကာသ နိဗ္ဗာန်ဟူသော အသင်္ခတမျိုးတို့သည် မိမိတို့၏သဘော တည်၍နေစဉ် ဘောက်ပြန် ဟောင်းနွမ်းခြင်းမရှိရာ၌ ထင်တူထပ်မျှသာတည်း။ ယင်းသို့သော်လည်း ယင်းကောင်းကင် ဟင်းလင်းစသည်တို့မှာ။ တဘန်ရေမြေ ဝင်လာမိုလာ သည်အခါ ပျက်စီး၍သွားသကဲ့သို့၊ ၎င်းနိဗ္ဗာန်မှာ ကမ္ဘာပျက်မီးကြီးရေကြီး လေကြီးတို့အခါခါလာသော်လည်း။ ဘယ်သည်ကာလမှ ပျက်စီးခြင်းမရှိ

နိုင်။ ။ဤကားကောင်းကင်စသောတပါးသော အသင်္ခတမျိုးတို့နှင့်။နိဗ္ဗာန်ဟူသော အသင်္ခတဓာတ်၏ ထူးခြားကွဲပြားပုံတည်း။ ။ထိုအသင်္ခတတရားမျိုးတို့၌ ဥပါဒ်ဘင်မထင်ဟူရာ၌။အထည်ဒြပ်ပေါ်လာခြင်း အထည်ဒြပ်ပျက်စီးခြင်း မထင်ရှားဆိုလိုသည်။ ဌီ၏ရင့်အိုဘောက်ပြန်ခြင်း မထင်ဟူရာ၌။ ထိုအဇ္ဈာကာသကောင်းကင် ပိဝရကာသကောင်းကင်စသည်တို့ ပေါ်လာကထဲမှစ၍၊ ထိုအရပ်၌မြေတို့ခြင်းစသောအကြောင်းကြောင့် ထိုဟင်းလင်း အာကာသ ပျောက်၍ မသွားမီအတွင်း။ ထိုဟင်းလင်း အာကာသ၏ ဟောင်းနွမ်းရင့်အိုခြင်းမရှိဆိုလိုသတည်း။ ။ဤသို့သော ဌီ၏ဘောက်ပြန်ခြင်း မရှိသည်ကို ရည်တော်မူ၍။ ဌိတဿ အညထတ္တံ နပညာယတိဟု ဟောတော်မူသတည်း။ ။ပဋိဝိဒ္ဓမဂ္ဂသဘာဝ်နံ့ သေခါသေခါနံ့ အရိယပုဂ္ဂလာနံ ပတိဋ္ဌာနဂေါစရနိဝ်သနဋ္ဌာနဋ္ဌေနနိဗ္ဗာနံနဂရန္တိ ဝုစ္စတိ။ ။ပဋိဝိဒ္ဓမဂ္ဂသဘာဝ်နံ၊ ထိုးထွင်း၍သိအပ်သော လောကုတ္တရာတရားရှိကုန်သော။ သေခါသေခါနံ၊သေခအသေခဖြစ်ကုန်သော။ အရိယပုဂ္ဂလာနံ၊ အရိယာပုဂ္ဂိုလ်တို့၏။ ပတိဋ္ဌာန ဂေါစရ နိဝ်သနဋ္ဌာနဋ္ဌေန၊ တည်ရာအာရုံပြုရာနေရာဟူသောအနက်ကြောင့်။ နိဗ္ဗာနံ၊ အသင်္ခတဓာတ်တုမရှိသော နိဗ္ဗာန်ရပ်ကို။ နဂရန္တိ၊နိဗ္ဗာန်မြို့နန်း အဲ့မခန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏၊ ။ဤသို့။ ၁ ဒ်ပေ။ရောအင်္ဂါတွင်လာသောဗုဒ္ဓဝင်အဋ္ဌကထာ၌။ နိဗ္ဗာန်သည် သေခအသေခပုဂ္ဂိုလ်တို့၏ပရိနိဗ္ဗာန်မစံရသေးခင် အဝေးကလှမ်းမြင်၍အာရုံပြုရာ။ ပရိနိဗ္ဗာန်စံရသောအခါ တည်ရာနေရာဟူသော ယထာရပာအနက်ကို ယူအပ်သိအပ်သောကြောင့်လည်း။ယင်းနိဗ္ဗာန်၏ ဇကန်ပရမတ္ထအားဖြင့်ထင်ရှားရှိသည်၏အဖြစ်။ ကိလေသာခန္ဓာနာမ်ရုပ်ချုပ်ပျောက်ကုန်သွားခြင်း အဘာဝမတ္တမဟုတ်သည်၏အဖြစ်ကိုစင်စစ်သိအပ်၏။ ။အယောဃနပာတသော၀၊ ဇလဟောဇာတဝေဒသော။ အနုပုဗ္ဗုပသန္တဿ၊ ယထာနညာယတေဂတိ။ ။ဇေ၀ံသမ္မာဝိမုတ္တာနံ၊ ကာမဗန္ဓောဃတာဒိနံ။ ပညာပေတုံ ဂတိ နတ္ထိ၊ပတ္တာနံ အစလံ သုခံ၊ ။ဇာလဟော၊ အလျှံလင်းလင်း ဝင်းဝင်းတောက်လျက်။အနုပုဗ္ဗုပသန္တဿ၊အစဉ်အတိုင်း ငြိမ်း၍သွားသော။ အယောဃနပာတဿ၊ မီးကျီးရဲရဲ သံတွေခဲမှ ထုချိုက်နှက်စင်ထွက်၍သွားသော။ ဇာတဝေဒသော၊မီးပွါး၏။ ဂတိ၊ ရောက်သွားရာအရပ်သည်။ နပညာယတိယထာ၊ မထင်သကဲ့သို့၊ ဇေ၀ံ၊ ဤအတူ။ ကာမဗန္ဓောဃတာဒိနံ၊ကာမတဏှာအနှောင်အဖွဲ့အစရှိသည်တို့ကို အထူး

သတ်ဖြတ်နိုင်ကုန်သည်ဖြစ်၍။ သမ္မာဝိမုတ္တာနံ၊ဘုံသုံးပါးဟူ မီးပုံထဲမှခွါ၍
လွတ်သွားကုန်ပြီးသည်ရှိသော်။အစလံ သုခံ၊ဇာတိဇရာဗျာဓိမရဏာစသည်
ဘေးဘျမ်း တိုက်လှွမ်းလှုပ်ရှားမရှိ ပကတိတဖေးမြဲထဲ ဖေးမြဲချမ်းသာရာ
နိဗ္ဗုတာအရပ်သို့။ပတ္တာနံ၊တည်ရောက်၍နေကြကုန်သော ပရိနိဗ္ဗုတပုဂ္ဂိုလ်
တို့၏ ဂတိ၊လားရာအရပ်သည်။ဝါ၊နိဗ္ဗာန်သည်။ ပညာပေတုံ ပညာပနံ၊ လူ
ဖြစ်၍နေရာ နတ်ဖြစ်၍နေရာဟု ပညတ်ခေါ်ဆိုစရာသည်၊နတ္ထိ၊မရှိ၊ ။
တနည်းကား၊ ။ဂတိ၊သွားရာဂတိကို။ပညာပေတုံ၊လူဘဝပင်ဖြစ်သည်
နတ်ဘဝပင်ဖြစ်သည်ဟုသိစေခြင်းငှါ၊နတ္ထိ-နဥပလဗ္ဘတိ၊မရအပ်။ ။နိဗ္ဗာန်
ဂတိဘိုပင်ယူ။ ။နိဗ္ဗာနံအရဟာတောဂတိ ဟူသော ပရိဝါပါဠိတော်ကို
ထောက်။ ။ဤသို့လာသောဥဒါန်းပါဠိတော်သည်လည်း၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်
တို့၏ရောက်ရာနိဗ္ဗာန်အရပ်သည် လူဖြစ်၍နေရာ နတ်ဖြစ်၍နေရာဟုပညတ်
စရာမရှိသည်ကိုဆိုသဖြင့်၊ နိဗ္ဗာန်၌လွတ်၍နေကုန်သော ပရိနိဗ္ဗုတအသျှင်
တို့၏၊ လူဟူသောပညတ် နတ်ဟူသော ပညတ်မျိုးမှ လွတ်၍နေသည်
ကိုသည်း ညွှန်းပြအပ်သတည်း။ ။ဤပါဠိတော်ဖြင့်လည်း မီးသည် ငြိမ်း
ပျောက်၍ သွားသကဲ့သို့၊ နိဗ္ဗာန်ရောက်သူတို့ ရုပ်နာမ်ခန္ဓာ ဒုက္ခကောင်ကြီး
ပျက်စီးပြတ်တောက်၍သွားသည်ကိုသာပြဆိုသည်။ထိုသမ္မာဝိမုတ္တပုဂ္ဂိုလ်
တို့ နိဗ္ဗာန်ချမ်းသာ၌ တည်ရောက်၍ ပျောက်သွားပြတ်သွားကြလေတော့
သည်ဟုပြဆိုလိုသည်မဟုတ်၊အကယ်၍ ယင်းသို့ဆိုခဲ့လျှင်။ အတ္ထင်္ဂတဿ
နပမာဏမတ္ထိစသော ရူဋ္ဌမ္ဘိဒ္ဓေသပါဠိတော်။ နသောပမာဏမေတိ စသော
ဣတိဝုတ်ပါဠိတော်။ အတ္ထံပလ္လေတိနဥပေတိသင်္ခံ စသော အထက်ပရိနိဗ္ဗုတ
ကထာ၌ ထုတ်ဆိုလတ္တံ့သောပါဠိတော်တို့နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်တော့
မည်မှတ်။ ။၎င်းပါဠိတော်တို့အနက်အဓိပ္ပါယ်မှာ ယင်းပရိနိဗ္ဗုတကထာ
သို့ရောက်မှ ထင်ရှားလတ္တံ့။ ။ဤဥဒါန်းပါဠိတော်၌လည်း။ ရဟန္တာ
ပုဂ္ဂိုလ်တို့၏ လားရာနိဗ္ဗာန်ဂတိကို လူဘဝဂတိ နတ်ဘဝဂတိစသည်ဖြင့်
ပညတ်စရာမရှိသည်ကိုသာပြသည်။နိဗ္ဗာန်ထင်ရှားမရှိသည်ကိုပြဆိုသည်
မဟုတ်။အကယ်၍ယင်းသို့ဆိုခဲ့လျှင်အတ္ထိဘိက္ခဝေအဇာတံအဘူတံစသော
အောက်၌ ညွှန်းပြအပ်ခဲ့သော ဥဒါန်းပါဠိတော်ချင်းပင် အထက်အောက်
ရှေ့နောက်ဖြောင့်ဖြောင့်ဆန့်ကျင်တော့မည်မှတ်။ ။ကာမဗန္ဓာဒိ ဥပဟန္တွာ၊
ဥပဟနိံ သုတိဝါ၊ကာမဗန္ဓောဘာသတာဒယောဟုဝစနတ္ထပြု။ ။တဏှက္ခယ
ဝိမုတ္တိနောပတိသိဏာသုဝသာစရိမကာဒိညာဏေနပရိနိဗ္ဗာနံဒိယစောဘာသော

ဝိမောက္ခော ဟောတိ။ နဂတဉ္စာနံပညာယတိ။ အပဏ္ဏတ္တိကဘာဝူပဂမော ယေဝဟောတီတိအတ္ထော။ ။တဏှက္ခယဝိရတ္တိနော၊ တဏှာကုန်သဖြင့် အလုံးစုံသောကိလေသာတေးမှလွတ်၍နေသော။ ခီဏာသဝဿ၊ရဟန္တာ ပုဂ္ဂိုလ်အား။ ၊ဟိကားနိပါတ်။ ။စရိမကဝိညာဏေန၊ အဆုံးစွန်သော စုတိစိတ်ဖြင့်။ ပရိနိဗ္ဗာနံဝိယ၊ ပရိနိဗ္ဗာန်ပြုရသကဲ့သို့၊ စေတသော၊စိတ်၏။ ဝိမောက္ခော၊ ကိလေသာမှလွတ်ကြီးလွတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုရဟန္တာပုဂ္ဂိုလ်၏။ ဂတဉ္စာနံ၊ ပရိနိဗ္ဗာန်ပြုပြီးနောက်ရောက်ရာ အရပ်သည်။နပညာယတိ၊လူ့ဘဝနတ်ဘဝစသည်ဖြင့်မထင်။အပဏ္ဏတ္တိက ဘာဝူပဂမောယေဝ၊ လူ့ဘဝ နတ်ဘဝစသည်ဖြင့် ပညတ်စရာမရှိသော အဖြစ်သို့ ရောက်သည်သာလျှင်။ ဟောတိ၊ ဖြစ်လေ၏။ ဣတိအတ္ထော၊ ဤကားအနက်၊ ။ဤသို့လာသောအင်္ဂုတ္တရအဋ္ဌကထာစကားသည်လည်း။ ယခင်ဥဒါန်း ပါဠိတော်နှင့် အဓိပ္ပါယ်နည်းတူသာလျှင်တည်း။ ။အခြား အခြားနေရာတို့၌ ပရိနိဗ္ဗာန်ပြု၍သွားသော ပုဂ္ဂိုလ်များ၏လူဟူ၍ နတ်ဟူ၍ ပညတ်စရာမရှိသည့်အဖြစ်ကို ပြဆိုသည်။ ဤဥဒါန်းပါဠိတော် အင်္ဂုတ္တရ အဋ္ဌကထာတို့၌ကား။ ပရိနိဗ္ဗာန်ပြုသွားကြသူတို့၏ရောက်ရာနိဗ္ဗာန်အရပ်၏ လူ့ဘဝ နတ်ဘဝဟု ပညတ်စရာမရှိသည်ကို ဆိုသည်။ ဤပါဠိတော် အဋ္ဌကထာတို့၌၊ ရောက်ရာအရပ်၏ သဘောကိုပြသဖြင့် ရောက်သူတို့ သဘောကိုလည်း ပြသည်ပင်မည်၏၊ အခြားပါဠိတော် အဋ္ဌကထာတို့၌၊ ရောက်တတ်သူတို့ သဘောကိုပြသဖြင့်လည်း ရောက်ရာအရပ်၏သဘော ကိုလည်းပြသည်ပင်မည်သလျှင်ကတည်း။ ။ပဓာန အပဓာန အားဖြင့်သာ ကွဲပြားသည်မှတ်။ ။သဗ္ဗသင်္ခါရေဟိဗဟိဘူတံနိဗ္ဗာနံ။ ။သဗ္ဗသင်္ခါရေဟိ၊ အလုံးစုံသော တေဘူမိကသင်္ခါရတရားတို့မှ။ ဗဟိဘူတံ၊ ပြင်ဘက်ဖြစ်၍ ဖြစ်သော။နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ ။နိဗ္ဗာန်ဟူသည်သင်္ခါရတရားတို့မှပြင်ဘက် ဟုလိုသည်။ ။သဂါထာဝဂ္ဂ သံယုတ်ဋီကာ။ ။သင်္ခါရတရားတို့မှ ပြင်ဘက်ဟူသည်လည်း၊ပရိနိဗ္ဗုတ္တပုဂ္ဂိုလ်ခန္ဓာနှင့်စင်လျှက် ၎င်းပုဂ္ဂိုလ်ရုတ် ခန္ဓာ၏ပြင်ဘက်၌ ဖြစ်လာသည်ဆိုလိုသတည်း၊ ၎င်းစကားသည်လည်း။ သမ္ပရာယိကာတိ သမ္ပရာယေ ခန္ဓဘေဒတောပရဘာဂေ ဘဝါ ဟူသော ဋီကာဝုတ်အဋ္ဌကထာနှင့်အညီပင်တည်း။ ။ဧသေဝန္တော ဒုက္ခဿာတိ အယမေဝ ဒုက္ခဿ အန္တော ပရိစ္ဆေဒေါ။ နိဗ္ဗာနန္တိ အတ္ထော။ ။ဥဒါန်း အဋ္ဌကထာစသည်။ ။ဧသေဝန္တော ဒုက္ခဿာတိ၊ဟူသည်ကား။အယမေဝ၊

ဤသုံးပါး၌ရှိသော သုခဒုက္ခ ဟူသမျှချုပ်ကွယ်ရခြင်း သည်ပင်လျှင်။ ဒုက္ခသ၊ခန္ဓာငါးဝဘေးဒုက္ခ၏အဆုံး၊ သုံးရာတည်း။ပရိနိဗ္ဗုတ်ခေါ်ပိုင်းခြား ရာဘည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ဇာတိအထွေထွေ၊ ဤကားအနက်။ ။ပင်လယ် သမုဒ္ဒရာ၏ အဆုံးအပိုင်းအခြား ထိုမှာဘက်ကမ်း ဟူသည်ထင်ရှား ရှိသကဲ့သို့။ ဝဋ္ဋဒုက္ခ၏အဆုံးအပိုင်းအခြား နိဗ္ဗာန်ဟူသည် တမည်တမျိုး အားဖြင့်ထင်ရှားရှိ၏။ ဝဋ်ဆင်းရဲ၏ဆုံးခြင်း ကုန်ခြင်း အဘာဝမျှဟုတ် ဟူလို၊ ။နိဗ္ဗာနသံဝတ္တနိကာဓိသာကဗောဓိပက္ခိယ၊ ။နိဗ္ဗာန သံဝတ္တနိကာ၊နိဗ္ဗာန်ကိုဖြစ်စေတတ်ကုန်သော။ဓိသာကဗောဓိပက္ခိယ၊လောကီ ပုဗ္ဗဘာဂ ဗောဓိပက္ခိယ လောကုတ္တရာဗောဓိပက္ခိယဟူသော ဓိသာကဗောဓိပက္ခိယတို့ကို။ ကထိတာ၊ဟောတော်မူအပ်ကုန်ပြီ၊ ။သမထဝိပဿနာဟူသောပုဗ္ဗဘာဂ ဗောဓိပက္ခိယ၊ မဂ်စိတ်ဥပ္ပါဒ်၌ယှဉ်သော လောကုတ္တရာဗောဓိပက္ခိယ နှစ်ပါးတို့သည် နိဗ္ဗာန်ကို ဖြစ်စေနိုင်သည်ဆိုသဖြင့်။ ယင်းနိဗ္ဗာန်ဟူက ဗောဓိပက္ခိယဟူသော အကြောင်းနှင့်ကင်း၍ လျောက်လျားဘာသာမဖြစ်နိုင်ဟူလို၊ ။မဟာဝဂ္ဂ သံယုတ်ဋီကာ၊ ။ဤအရာဝယ်နိဗ္ဗာန်ကိုဖြစ်စေတတ်သည်ဟူရာ၌။ပစ္စည်း ပစ္စယုပ္ပန်ရချအားဖြင့်ဖြစ်စေသည်ကိုမဆိုလို။ရင်းဗောဓိပက္ခိယအကြောင်းတို့နှင့် မကင်းကောင်းသည်ကိုသာရည်၍ဆိုသည်မှတ်။ဤသို့သောအကြောင်းကိုပင် ရည်၍။ကာရဏေနဝိနာသယမေဝနဘူဘန္တိ အဘူတံဟု။ ယခင်အောက်က ထုတ်ပြအပ်ခဲ့ပြီးသော ဥဒါန်းအဋ္ဌကထာပါဌ်ကို မိန့်ဆိုသည်မှတ်။ ။ အချို့သော ကျမ်းများ၌။ ဤ နိဗ္ဗာန သံဝတ္တနိက ပုဒ်၌ နိဗ္ဗာန်၏ အရကို အရဟတ္တဖိုလ်ဟူသော သဉပါဒိသေသနိဗ္ဗာန်ကို ဘွင့်ဆိုသည့်အရာများ လည်းပိုးစဉ်းရှိ၏။ ထိုအဘွင့်တို့မှာရချပစ္စည်းပစ္စယုပ္ပန်မျိုးကို ရည်၍ဘွင့် သည်မှတ်။ ။နာမဓေယျာတိစတ္တာရောအရူပိနောခန္ဓာနိဗ္ဗာနဉ္စ။ ။နာမဓေယျာတိ၊ နာမ်တရားတို့ဟူသည်ကား၊စတ္တာရော၊လေးပါးကုန်သော။ အရူပိနောခန္ဓာ၊ နာမ်ခန္ဓာတို့ လည်းကောင်း။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်လည်းကောင်းတည်း။ ။ နိဗ္ဗာန်သည် နာမ်ဘရားဖြစ်၍ အကြောင်းရှိမှသာ ဖြစ်သည်လည်းမှန်၏။ ထင်ရှားရှိသည်လည်း မှန်၏ဟူလို။ ။နေယျတ္ထ။ ။မူလယမိုက်အဋ္ဌ ကထာ။ ။ညှ၊ ။နိဗ္ဗာနပဒန္တိ နိဗ္ဗာနသင်္ခါတံဓမ္မကောဋ္ဌာသံ။ ။ နိဗ္ဗာနပဒန္တိ၊နိဗ္ဗာနပဒံဟူသည်ကား။နိဗ္ဗာနသင်္ခါတံ၊နိဗ္ဗာန်ဟုဆိုအပ်သော။ ဓမ္မကောဋ္ဌာသံ၊ ငြိမ်းဇေးခြင်းသဘောတရားတချအဖုက်ို။ ။နိဗ္ဗာန်ဟူက၊ ငြိမ်းဇေးခြင်း သဘောတရား တချဖြစ်၍၊စင်စစ်ထင်ရှားရှိ၏ဟု ဆိုနိုင်ရန်

သာဓက။ ။ခန္ဓဝဂ္ဂသံယုတ်ဋီကာ။ ။ဘောချပ်။ ။နိဗ္ဗာနံသသင်္ခတာ
မတဘာဏလေဏာဒိသဘာဝမေဝသသင်္ခဘာဒိသဘာဝဝသေန အကြွာ
တတ္တာ သွက္ခာတန္တိ ဝုတ္တံ။ ။သသင်္ခတာမတ တာဏလေဏာဒိသဘာဝ
မေဝ၊ဖြစ်ပြီးသည့်နောက်မပျောက်မပျက်မြဲ၍နေသောသဘော၊ မအိုမသေ
နေရသောသဘော၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ပုန်းအောင်း လည်းလျောင်းရာ
စသောသဘောရှိသည်သာလျှင်ဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သသင်္ခတာဒိ
သဘာဝ ဝသေနဝ၊ သသင်္ခဘ အစရှိသော သဘောရှိသည်၏ အစွမ်း
အားဖြင့်သာလျှင်။ အကြွာတတ္တာ၊ ဟောတော်မူအပ်သောကြောင့်။သွက္ခာ
တန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ။အကြောင်းကင်းလျက် အစမရှိကမ္ဘာကမ္ဘာ
ဖြစ်၍ အမြဲနေသည်ကို သသင်္ခဘ ဆိုသည်မဟုတ်။ ငြိမ်းအေးခြင်း သန္တိ
သဘာဝအားဖြင့်ဖြစ်လာပြီးနောက်မပျောက်မပျက်မအိုမသေနေရသည်ကို
ရည်၍ သသင်္ခတအမတဆိုသည်။ဤပါဠိဖြင့်လည်း နိဗ္ဗာန်ဟူက ထင်ရှား
ရှိသော သဘာဝဓမ္မဘာရစင်စစ်မှန်၏။ ထင်ရှားမရှိသော အဘာဝတုစ္ဆ
မဟုတ်ဟု ကေန်သိရန်။ ။ဝိသုဒ္ဓိမဂ်။ ။နိဗ္ဗာနပဒမစ္စုတန္တံ နိဗ္ဗာနပဒံ
တာဏပဒံလေဏပဒံသရဏပဒံအဘယပဒံ။အစ္စုတန္တံ နိစ္စံဓုဝံသသင်္ခတံ။ ။
နိဗ္ဗာနပဒမစ္စုတန္တိ၊ဟူသည်ကား။ နိဗ္ဗာနပဒံ၊ငြိမ်းအေးခြင်းသဘောတခုအရာ။
တာဏပဒံ၊မိမိထံ၌ တည်ရောက်လာသူ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့ကို စောင့်
ရှောက်တတ်သည် သဘောတခုအရာ။ လေဏပဒံ၊ ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်
တို့၏ ပုန်းအောင်းရာနေရာဘခုအရာ။ သရဏပဒံ၊ ကိုးကွယ်ရာအရပ်တခု
အရာ။ အဘယပဒံ၊ ဘေးပေါင်းကင်းစင် ရန်မျိုးကြဉ်ရာအရပ်တခုအရာ။
အစ္စုတန္တံ၊ အစ္စုတဟူသည်ကား။ နိစ္စံ၊ဖြစ်ပြီးသည်နောက် သင်္ခါရတရား
တို့ကဲ့သို့ ပျောက်သွားခြင်း ရွေ့လျောခြင်းမရှိသောနိဗ္ဗာန်။ ဓုဝံ၊မယိမ်း
မယိုင်ခိုင်ခံ့စွာတည်သောနိဗ္ဗာန်၊သသင်္ခတံ၊ရွေ့ပါးခြင်းမရှိမိမိစောင့်ရှောက်
ရာ ပရိနိဗ္ဗုတပုဂ္ဂိုလ်၌ပင်တမြဲထဲမြဲ၍နေသောနိဗ္ဗာန်။ ။ဤပါဠိဖြင့်လည်း
နိဗ္ဗာန်ဟူသည် အဘာဝမဟုတ်ဟုကေန်သိရန်။ ။ရူဋ္ဌနိရုတ္တိပါဠိတော်။ ။
၁၁။ ခေါ်။ ။

နိဗ္ဗာနံ အာရမ္မဏာဓိပတိပစ္စယတာယ အတ္တနိ အနဝဇ္ဇဓမ္မေ နာမေ
တိဘိ။ ။နိဗ္ဗာနံ၊နိဗ္ဗာန်သည်။ အာရမ္မဏာဓိပတိပစ္စယတာယ၊ အလေး
အမြတ်အာရုံပြုရာအကြောင်းပစ္စည်းဖြစ်သည်၏အဖြစ်ဖြင့်။ အတ္တနိ၊မိမိ၌။
အနဝဇ္ဇဓမ္မေ၊ အပြစ်ကင်းသော ကုသိုလ်မဂ်ဖိုလ်တရားတို့ကို။ နာမေတိ၊

ညွတ်စေတတ်၏၊ဝါ၊အာရုံပြုစေတတ်၏။ ။ဤပါဠိသည်လည်း။ရှေးနည်းအတိုင်း နိဗ္ဗာန်ထင်ရှားကြောင်းရှိသည့်အဖြစ် တုစ္ဆအဘာဝမဟုတ်သည့်၏အဖြစ်ကို ပညတ္တိဟာရနည်းအားဖြင့် သိစေနိုင်သောပါဠိပင်တည်း။ ။

သုတ်ပါထေယျအဋ္ဌကထာ။ ။

သန္တံ နိဗ္ဗုတိံ။ ။သန္တံ၊သန္တံ ဟူသည်ကား။နိဗ္ဗုတိံ၊ငြိမ်းအေးခြင်းသဘောဟုဆိုအပ်သောနိဗ္ဗာန်ကို။ ။မဟာနိဒ္ဒေသပါဠိတော်။ ။သန္တိလက္ခဏံ နိဗ္ဗာနံ ဟု ဘွင့်သော သမ္မောအဋ္ဌကထာသည် ဤပါဠိတော်နှင့်ညီလျော်လှပေစွ။ ။နိဗ္ဗုတိန္တိ နိဗ္ဗုတသဘာဝံ နိဗ္ဗာနံ ဟူသောထေရဂါထာအဋ္ဌကထာပါဠိလည်း ဤသမ္မောအဋ္ဌကထာပါဠိတော်တို့နှင့်ညီလှပေစွ။ ။ပရိနိဗ္ဗာနသဘာဝသင်္ခါတံနိဗ္ဗာနံ ဟူသော ဤသဠာယတနသံယုတ်ဋီကာစကားလည်း၊ရင်းအဋ္ဌကထာပါဠိတော်တို့နှင့်ညီလျော်လှပေစွ။ ။ထိုကြောင့်ရူပသင်္ခါရဝိရတ္တ။လ။ ဝိညာဏသင်္ခါရဝိရတ္တ ဖြစ်၍တည်သော ပရိနိဗ္ဗုတပုဂ္ဂိုလ်၏တည်ရာဖြစ်၍ ထင်ရှားရှိသော ငြိမ်းအေးခြင်းသဘာဝပရိနိဗ္ဗာနသဘာဝကို နိဗ္ဗာန်ဆိုအပ်သည်ဟု ဧကန်မှတ်ကြကုန်။ ။

ပါရံဝုစ္စတိနိဗ္ဗာနံ။ယောသောသဗ္ဗသင်္ခါရသမထောသဗ္ဗုပဓိနိဿဂ္ဂေါတဏှက္ခယော ဝိရာဂေါနိရောဓောနိဗ္ဗာနံ။ သောပါရင်္ဂတော ပါရပတ္တောအန္တံဂတောအန္တပတ္တောကောဋိဂတောကောဋိပတ္တော။ ။နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ ပါရံ၊ ကမ်းတဘက်ဟူ၍၊ ဝုစ္စတိ၊ဆိုအပ်၏။ ယောသော၊ ယင်းနိဗ္ဗာန်ဟူသည်လည်း။ သဗ္ဗသင်္ခါရသမထော၊ အလုံးစုံသော သင်္ခါရ တရားတို့၏။ ဝါ၊ တရားတို့မှ ငြိမ်းခြင်း သဘောတည်း။ ဝါ၊ ငြိမ်းရာ ချုပ်ရာတည်း။ သဗ္ဗုပဓိနိဿဂ္ဂေါ၊ အလုံးစုံသော ဥပဓိဟူသောကိလေသာခန္ဓာငါး၀ ဘေးဒုက္ခတို့ မလိုက်မလာနိုင်ရာ စွန့်ခွါရာအရပ်တည်း။ တဏှက္ခယော၊တဏှာကုန်ရာတဏှာမလာနိုင်ရာအရပ်တည်း။ ဝိရာဂေါ၊ ရာဂကင်းကွာရာအရပ်တည်း။ နိရောဓော၊ ရုပ်နာမ်ခန္ဓာဘေးကြီးဖြေရာတို့၏ချုပ်ရာ အရပ်တည်း။ နိဗ္ဗာနံ၊ တဆဲ့တသီး မီးအပေါင်းတို့၏ငြိမ်းရာအရပ်တည်း။ သော၊ ထိုဘုံသုံးပါးမှလွတ်သွားသောသူသည်။ပါရင်္ဂတော၊သင်းသို့သောနိဗ္ဗာန်ဟူသောကမ်းတဘက်သို့ရောက်သွားရ၏။ ပါရပတ္တော၊ ယင်းသည်ကမ်းသို့ရောက်လေ၏။ အန္တံဂတောအန္တပတ္တော၊ ခန္ဓာငါး၀ဘေးဒုက္ခ၏ဆုံးရာ နိဗ္ဗုတာအရပ်သို့ရောက်ရလေ၏။ ကောဋိဂတောကောဋိပတ္တော၊ ခန္ဓာငါး၀သင်္ခတတရားတို့၏အပိုင်းအခြားအစွန်အဖျားအလွတ်နားသို့ ရောက်ရလေ၏။ ။

ဤ၌။အန္တံ့ ဂတောအန္တပတ္တောကောဋိ ဂတောကောဋိပတ္တော ဟူသောပါဠိ တို့ဖြင့်။ နိဗ္ဗာန်ဟူသည်သတ္တဝါတို့၏ရောက်သွားရာ အလွတ်သက်သက်၌ တည်နေသောအရပ်တခုမဟုတ်၊ ခန္ဓာငါးဝဘေးဒုက္ခ၏ အဆုံးအစွန်ဖြစ်၍ တည်နေသော အန္တကောဋိကို ဆိုသည်ဟု ပြသည်၊ ဤမဟာနိဒ္ဒေသ ပါဠိတော်၌ခန္ဓာတို့၏ ကောဋိအန္တကို နိဗ္ဗာန်ဆိုသည်စကား။ အညေခန္ဓာ အညံ့နိဗ္ဗာနန္တိနဟောဝံဝတ္တဗ္ဗေဟူသောကထာဝတ္ထုပါဠိတော်၌ ခန္ဓာတခြား နိဗ္ဗာန်တခြား မဆိုရဟူသောစကား။ ဝိသုဒ္ဓိမဂ်မဟာဋီကာ၌၊ နိဗ္ဗာနမ္ပိခန္ဓ ပဋိဗဒ္ဓမေဝ ဟူသောစကားတို့သည် အဓိပ္ပါယ်ညီအားဖြင့် တသားတည်း ထပ်တူအပ်မျှသောတည်းဟုသိကြကုန်။ ။

ပရိနိဗ္ဗာနံယော သဗ္ဗသင်္ခါတောဟိ ဝိဝေကတ္တာဝိဝေကော။ ။ပရိနိဗ္ဗာနံ ယောဝ၊ တဆဲ့ဘသိုးမီးတို့မှငြိမ်းကြီးငြိမ်းခြင်းသဘောသည်ဥ။ဝါ၊ ငြိမ်းရာ ဖြစ်သော အသင်္ခတခါတ် နိဗ္ဗာန်ရပ်သည်သာလျှင်။ သဗ္ဗသင်္ခတောဟိ၊ အလုံးစုံသောသင်္ခါရတရားတို့မှ၊ ဝိဝေကတ္တာ၊ဆိတ်ရာ မရှိရာဖြစ်သော ကြောင့်။ဝိဝေကော၊ဝိဝေကမည်၏၊ ။ဒုကနိပါတ်အင်္ဂုတ္တိုရ်အဋ္ဌကထာ။ ။ ၁ပ်။ ညော်၊ ။နိဗ္ဗာန်နှင့် ပရိနိဗ္ဗာန်ဟူသည် အတူတူသာဟုသိရန်။ ။ ပရိနိဗ္ဗာနသဘာဝသင်္ခါတံ နိဗ္ဗာနံ ဟူသော အောက်က ထုတ်ပြအပ်ခဲ့ပြီး သင်္ဂဟာယဘနသံယုတ်ဋီကာစကားသည်ဤအဋ္ဌကထာနှင့်ညီလျော်လှပေ၏။

အပစ္စယပရိနိဗ္ဗာနဿာတိအနုပါဒိသေသနိဗ္ဗာနံသန္ဓာယဝဒတိ။ ပစ္စယ ဝသေနအနုပ္ပန္နံအသင်္ခတံအမတဓာတုမေဝ။ ။အပစ္စယပရိနိဗ္ဗာနဿာတိ၊ အပစ္စယ ပရိနိဗ္ဗာန်ဟူသည်ကို။ အနုပါဒိသေသ နိဗ္ဗာနံ၊ အနုပါဒိသေသ နိဗ္ဗာန်ကို၊သန္ဓာယ၊ရည်၍၊ ဝဒတိ၊ဟောတော်မူ၏။ ပစ္စယဝသေန၊ဟေတု သဟာဇာတစသောအကြောင်း၏အစွမ်းဖြင့်၊ အနုပ္ပန္နံ၊ဖြစ်သည်မဟုတ်သော။ အသင်္ခတံ၊သင်္ခတတရားတို့၏ဆန့်ကျင်ဘက်ဖြစ်သော။ အသင်္ခတံ၊သင်္ခတ တရားတို့ထက် ကြီးကဲလွှမ်းမိုး၍နေသော၊ အသင်္ခတံ၊ သင်္ခတလက္ခဏာ သင်္ခတနိမိတ်အရိပ်မထွက်သော။အမတဓာတုမေဝ၊အမတဓာတ်ကိုပင်လျှင်။ အာဟ၊ မိန့်ဆိုတော်မူ၏၊ ။သမ္မုန်၊ ။အဋ္ဌအင်္ဂုတ္တိုရ်အဋ္ဌကထာ။ ။ ၄ပ်။ ညော်၊ ။အဝိဇ္ဇာပစ္စယာသင်္ခါရာစသော ပဋိစ္စသမုပ္ပါဒ်အကြောင်း ဟေတုပစ္စည်းစသောပဋ္ဌာန်းပစ္စည်းတို့ဖြင့်ပစ္စည်းတပ်မခံရသည်ကိုရည်၍ အပစ္စယဆိုသည်၊ ဒါနသီလဘာဝနာ၊မဂ်ဖိုလ်အကြောင်းတို့နှင့်ကင်း၍ဖြစ် သည်ဟုဆိုလိုသည်မဟုတ်။ အကယ်၍ယင်းသို့ဆိုလိုခဲ့လျှင်၊ ကာရကောနှ

ဝိနာသသယမေဝနဘူတန္တိ အဘူတံဟု အောက်ကညွှန်းပြခဲ့အပ်သော ဥဒါန်းအဋ္ဌကထာနှင့်ဝိရုဒ္ဓဖြစ်တော့အံ့။ ။ဒုက္ခဿန္တံကရိဿထာတိ ပရိနိဗ္ဗာနံ ပါပုဏိဿထ၊ ။ဒုက္ခဿန္တံ ကရိဿထာတိ၊ ဟူသည်ကား။ ပရိနိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပုဏိဿထ၊ ရောက်ကြကုန်လတ္တံ့။ ။အဋ္ဌနိပါတ်အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ။ဤသို့အပ်ခဲ့ပြီးသည်တို့ကို ထောက်၍၊ နိဗ္ဗာန်ဟူသည် ပရိနိဗ္ဗာန်ဟူသည် အပစ္စယနိဗ္ဗာန်ဟူသည် အသင်္ခတဓာတ်ဟူသည် အထူးမရှိသိကြကုန်။ ။

ဥပဓိသမ္မဒေဝဝိယန္တိ ဧတ္ထာတိဥပဓိသင်္ခယော။နိဗ္ဗာနံ။ ။ဧတ္ထ'ဤနိဗ္ဗာန်၌။ ဥပဓိ၊ ကိလေသုပဓိခန္ဓုပဓိတို့သည်။ ဝါ၊ ဘေးအပေါင်းတို့၏ကပ်ရောက်၍တည်ကြောင်းဘည်ရာဖြစ်သောကြောင့် ဥပဓိမည်သော ကိလေသာကိုယ်ခန္ဓာတို့သည်၊ ဝိယန္တိ၊ကုန်ရကုန်၏၊ ဣတိ၊ဤသို့သောအကြောင်းကြောင့်။ တံ၊ထိုနိဗ္ဗာန်သည်၊ဥပဓိသင်္ခယော၊မည်၏။နိဗ္ဗာနံ၊နိဗ္ဗာန်ကိုခေါ်၏။ ။စတုက္ကအင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ။၁၀၁။ဒီ။ ။

ဣမသ္မိံ ကာလေပရိနိဗ္ဗာနေ အနာဂတေမေတ္တေယျသမ္မာသမ္ဗုဒ္ဓကာလေ နပရိနိဗ္ဗာယိဿာမိဘိဝိသုဒ္ဓသီလောပိပဋိပတ္တိံ နပူရေတိ။ ။ဣမသ္မိံ ကာလေ၊ ဤဂေါတမမြတ်စွာ သုံးဆုံကျော်သည့် ဘုရားကိုယ်တော် လက်ထက်၌။ ပရိနိဗ္ဗာနေ၊ နိဗ္ဗာန်ဝင်လိုက်သည် ရှိသော်။ အနာဂတေ၊ ပွင့်တော်မူလာလတ္တံ့သော၊ မေတ္တေယျ သမ္မာသမ္ဗုဒ္ဓကာလေ၊ မေတ္တေယျ ဘုရားသျှင်ကိုယ်တော်မြတ်လက်ထက်၌။နပရိနိဗ္ဗာယိဿာမိ၊ ပရိနိဗ္ဗာန်မစံရလတ္တံ့။ဝါ၊ မေတ္တေယျဘုရားသျှင်ကို မဖူးမြင်ရလတ္တံ့။ ဣတိ၊ ဤသို့နှလုံးပြု၍။ ဝိသုဒ္ဓသီလောပိ၊စင်ကြယ်သောသီလရှိသောပုဂ္ဂိုလ်သည်လည်း။ ပဋိပတ္တိံ၊နိဗ္ဗာန်ဝင်ခန်းဝိပဿနာစီးဖြန်းခြင်းအကျင့်ကို၊နပူရေတိ၊မဖြည့်။ ။ဤကိုထောက်သဖြင့်လည်း ရဟန္တာတို့သေသည်ပတေသည်ဟူသည်တခြား၊ ပရိနိဗ္ဗာန်ပြုသည် ဟူသည် တခြားဟုသိရန်။ ။ဤစကားသည်မှန်စွ။ အကယ်၍ ပရိနိဗ္ဗာန်ပြုသည်ဟူသောစကားနှင့် သေသည်ပတေသည်ဟူသောစကား အတူတူသာ ဖြစ်ငြားအံ့၊ အရိမေတ္တေယျဘုရားလက်ထက်တော်၌ နိဗ္ဗာန်မစံရလတ္တံ့ဟုမဆိုမူ၍ အရိမေတ္တေယျဘုရားလက်ထက်တော်၌ ငါမသေရလတ္တံ့ဟူ၍ ဆိုသော်လည်း သင့်ရာ၏၊ ယင်းသို့ မူလည်း မဆိုသင့်။ ဤအကြောင်းမှာဤသက်အကျယ်အထက်၌လာပြီးလတ္တံ့။ ။ပဉ္စအင်္ဂုတ္တိုရ်အဋ္ဌကထာ။ ။

နိဿရဏဗိဝေကောနာမ သဗ္ဗနိမိတ္တရဟိတံ နိဗ္ဗာနံ။ ။နိဿရဏ ဗိဝေကောနာမ၊ တောဘူမိကဝဋ်ဒုက္ခမှ ထွက်မြောက်ရာဟူသော ခန္ဓာငါးဝ တို့မှဆိတ်ရာဗိဝေကဟူသည်ကား။သဗ္ဗနိမိတ္တရဟိတံ၊အလုံးစုံအရိပ်နိမိတ် ကင်းသောနိဗ္ဗာန်။ဝါ၊အလုံးစုံသောအကြောင်းရှိလျက် အကြောင်းရှိပုံနိမိတ် အရိပ်မထင်၊ ထင်ရှားရှိလျက် ထင်ရှားရှိပုံနိမိတ် အရိပ်မပေါ်၊ ရဟန္တာ ပုဂ္ဂိုလ်တို့ ခန္ဓာကိုယ် ကွယ်သည်အခါ ထိုအသျှင်တို့ ပုန်းအောင်းရာ တည်နေရာဖြစ်ပေါ်လာသော်လည်း ဖြစ်ပေါ်လာပုံ ဓာတနိမိတ်အရိပ်မပေါ်၊ ထိုဂရိနိဗ္ဗာန်ပြည်သွားကြသူတို့၏စဉ်စစ်ခိုကိုးရာတာကာလေတာသရဏာဖြစ်ပါ လျက် ယင်းသို့ဖြစ်ဟန်ကိုင်ရကြောင်းအရိပ်နိမိတ်မပေါ်မထွက်၊ အလွန် ချမ်းသာရာဖြစ်ပါလျက် ချမ်းသာပုံသုခဝေဒနာဟူသော သုခနိမိတ်မထင်၊ သင်္ခာသင်္ခါရတရားတွင်းမှ ထွင်းဖောက်၍ ပေါ်လာသော်လည်း ယင်း သင်္ခာသင်္ခါရတရားတို့မှ ထွင်းဖောက်၍ ဖြစ်ပေါ်လာပုံ သင်္ခာသင်္ခါရ အရိပ်နိမိတ်မထင် သင်္ခတစော်မနံ၊ သင်္ခါရပုံပာန်နှင့် အလွန်ကွာဝေး၍ နေသော။ နိဗ္ဗာန်၊ နိဗ္ဗာန်တည်း။ ။၎င်းအနက်။ ။မစင်ကြွယ်သော ကျောက်စရစ် မြေတောင်ထဲမှထွက်သော အဘိုးအနဂ္ဃပတ္တမြားရတနာ။ မစင်ကြွယ်သောမြေကြီးထဲမှခွဲ၍ဖြစ်ပေါ်လာသော အလွန်သန့်ရှင်းအဆင်း နီမြန်းလှပသောဗုန္တဂေါပကဟုဆိုအပ်သောပိုးနီကောင်။ဝါ ဆစ်ထဲမှဖြစ်ပေါ် လာသောပုလဲစသည်တို့သည်။ ထိုမိမိတို့ဖြစ်ကြောင်းဖြစ်ရာ ဌာနသဘော တို့မှ လွန်စွာဝေးကွာ၍နေသဖြင့် ထိုအရပ်တို့မှဖြစ်ပေါ်လာပုံ အရိပ်နိမိတ် မထင်၊ နတ်ဗြဟ္မာတို့ကိုယ်သည် လူတို့ကိုယ်အောက်အလွန်သိမ်မွေ့လှ သောကြောင့် လူတို့အနီးရောက်သော လူတို့အား ပူးဝင်လာသော်လည်း ကောင်း စကားဆိုလာသော်လည်းကောင်း အနီး၌တည်၍ဘေးမရောက် အောင် လူတို့အားမှိုင်းမလာသော်လည်းကောင်း အဘယ်တခုမှ ယင်းသို့ သောအဖြစ်ကို သိရကြောင်းအရိပ်နိမိတ် မထွက်မထင်သကဲ့သို့ နိဗ္ဗာန် ဟူကာအတုမရှိ နက်နဲသိမ်မွေ့လှသောကြောင့်။ ယင်းနိဗ္ဗာန်၏အခြင်းအရာ တစုံတခုအရိပ်အမြွက်မျှ မပေါ်ထင်နိုင်ဖြစ်၍နေသည်ကိုရည်၍။ သဗ္ဗနိမိတ္တ ရဟိတံနိဗ္ဗာနံဟု ၎င်းအဋ္ဌကထာဆရာဘွင့်ဆိုသည်မှတ်။ ။သမ္မောအဋ္ဌ ကထာ။ ။၎င်းအဋ္ဌကထာပါဠိဖြင့်။နတ်တို့ကိုယ်မှ နတ်ကိုင်မြင်ကြောင်း အရိပ်မထွက်မထင်သော်လည်းထိုနတ်တို့ကြောန်ထင်ရှားရှိသကဲ့သို့။နိဗ္ဗာန်၏

ဖြစ်ကြောင်းဓာတ်နိမိတ်စသည်မထင်သော်လည်း ထိုနိဗ္ဗာန်ဧကန်ထင်ရှား ရှိသည်သာဟူသောအနက်ကိုပြလိုရင်းမှတ်။ ။

အနုပါဒါပရိနိဗ္ဗာနဓာတုယာတိ ကိဉ္စိမ္မံအဂဟေတွာအနဝသေသေတွာ ပရိနိဗ္ဗာနဓာတုယာ။ အပစ္စယပရိနိဗ္ဗာနဓာတုယာတိ အတ္ထော။ ။အနုပါဒါ ပရိနိဗ္ဗာနဓာတုယာတိ၊ ဟူသည်ကား။ကိဉ္စိမ္မံ၊တစုံတခုသော ရုပ်နာမ်တရား ကို။ အဂဟေတွာ၊ မစွဲလမ်းမူ၍၊ အနဝသေသေတွာ၊ မကြွင်းကျန်စေမူ၍။ ပရိနိဗ္ဗာနဓာတုယာ၊ ထက်ဝန်းကျင်အလုံးစုံအပြီး ငြိမ်းကြီးငြိမ်းခြင်းအကျိုး၌။ အပစ္စယ ပရိနိဗ္ဗာနဓာတုယာ၊ ပဋိစ္စသမုပ္ပါဒ် ပစ္စည်းဟူသော ပြဓာန်းသော ထင်ရှားသော အကြောင်းပစ္စည်း ပဋ္ဌာန်းပစ္စည်းဟူသော ဟေတုမျိုး၊ အာရမ္မဏမျိုး၊အနန္တရမျိုး၊သဟဇာတမျိုး၊ ကမ္မမျိုး၊ ဥပနိဿယမျိုး၊ ပုရေ ဇာတမျိုးဟူသော အမျိုးမျိုးသောပစ္စည်းတို့ကျေးဇူးမပြုနိုင်သောအသင်္ခတ ဓာတ်ဟူသောနိဗ္ဗာန်အကျိုး၌။ဣတိအတ္ထော၊ဤကားအနက်။ ။ဝဋ္ဋဝါ ဟူ သော မြည်းခဝမ်းထဲ၌ သိန္ဓဝဟူသော အလွန်မြတ်သော အာဇာနည်မြင်း ပေါက်ဘွားမည် ရှိသည်အခါ၊ အမျိုးယုတ်သော မိမိ၏ဇေဂုစ္ဆဖြစ်သော နိမိတ္တအင်္ဂဇာတမှ၊ အလွန်မြတ်လှသော သိန္ဓောမြင်းကိုထွက်ပေါ် စေခြင်း ၌၊ မသင့်မလျော် မတော်မတတ်နိုင်သဖြင့် လေးဘက်ကားရား လည်း၍ သွားသည်အခါ၊လူများတို့က ဝမ်းပိုက်ကိုဖေါက်ခွဲ၍ ဆွဲထုတ်ယူရသဖြင့်။ ထိုမြည်းမသည် ထိုမိမိကိုစွဲ၍ဖြစ်သော သိန္ဓောမြင်းပေါက်ဘွား ပေါ်ထွက် လာအောင် ကျေးဇူးမပြုနိုင်သကဲ့သို့။ ဒါန သီလ ဘာဝနာ ပါရမီ ကုသိုလ် သမ္ဘာရ ဟူသော အကြောင်းရင်းဟေတု။ မဂ်ဖိုလ်ဝိမုတ္တိ၊ ဝိမုတ္တိဉာဏ ဒဿနဟူသောအကြောင်းချား ပစ္စယတို့ကိုစွဲ၍လည်းကောင်း၊ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်ခန္ဓာကို ဝိသယကဲ့သို့ပြု၍ လည်းကောင်း၊ ယင်းအကြောင်းတွေ ပြည့်စုံမှ၊ ယင်းနိဗ္ဗာန် ဖြစ်ပေါ်ရသော်လည်း။ ယင်းသင်္ခတ တရားတို့ လုံးလုံးကြီး ကွယ်ပျောက်သည်အခါမှ ပေါ်လာသည်ဖြစ်၍။ ထိုသင်္ခတ ဆိုးယုတ် တရားနှုတ်ဟူသောမြည်းမသည်။အလွန်မြတ်လှ နက်နဲသိမ်မွေ့ လှသော နိဗ္ဗာန်ဟူသော သိန္ဓဝမြင်းဖြစ်ပေါ်လာအောင် ကျေးဇူးမပြုနိုင် သည်ကိုရည်၍။ ယင်းနိဗ္ဗာန်ကို အပစ္စယနိဗ္ဗာန်ဆိုသည်။ ယင်းအပစ္စယ နိဗ္ဗာန်ဟူသည်နှင့် အနုပါဒါပရိနိဗ္ဗာန်ဟူသည် ဤအရာ၌အတူတူပင်တည်း ဟူလိုသတည်း။ ။သာရတ္ထဒီပနီမှုကာ။ ။နိဗ္ဗာန်ရတနာဖြစ်ပေါ်လာခါ နီး၌။ ယင်းနိဗ္ဗာန် ရောက်လာမည့်သူ ခန္ဓာငါးဝ ကွယ်ချုပ်ရခြင်းသည်။

သိန္တောမြင်းဘွားချိန်တန်၍ ဘွားခါနီး၌။ ယင်းသိန္တောမြင်းကို လွယ်နေရသော မြည်းမ ရတောချသည့်နှင့် တူ၏။ မိမိ၏အကြောင်းရင်းခံဖြစ်သော သစ်ဘ တရားတွေလုံးလုံးကွယ်မှ နိဗ္ဗာန်ရတနာဖြစ်လာခြင်းသည်။ မိမိကို လွယ်နေရသောအကြောင်းရင်းခံ၊မြည်းမရုတ်ကျမှသာ သိန္တောမြင်းမျက်နှာ မြင်ရပေါ်လာရသည့်နှင့်တူ၏မှတ်။ ။

နိဗ္ဗာနသ္သ အနုပ္ပါဒေယေ၀ ပုဂ္ဂလဿ နိရောဓော။ ဝိသုဒ္ဓိမဂ်မဟာဋီကာ။ ။နိဗ္ဗာနဿ၊နိဗ္ဗာန်ဟူသော အာဓာနည်မြင်းမြတ်၏။ အနုပ္ပါဒေယေဝ၊မဖြစ်ရောက်လာ မပေါက်ဘွားလာမီကပင်လျှင်။ ပုဂ္ဂလဿ၊နိဗ္ဗာန်ရောက်မည့်ပုဂ္ဂိုလ်ဟူသောမြည်းမ၏၊နိရောဓော၊ခန္ဓာငါးသွယ် ဒုက္ခအိုးကြီး ကွယ်ပျောက်နှင့်ရခြင်းသည်။ဟောဘိ၊ဖြစ်၏၊ ။ဤအရာနှင့်တော်အောင် အနက်ပေး။ ။ယင်းဝိသုဒ္ဓိမဂ်ဋီကာစကားသည်။ အနုပါဒိသေသသမ္ဗရာယိကာဟူသောဋ္ဌတိဝုတ်ပါဠိတော်နှင့်သင့်လျော်လှပေသလျှင်ကတည်း။ ။ အနုပါဒိသေသာ၊ အသစ်ဘဓေတ်ဟူသော ငြိမ်းဇေးခြင်း သန္တိလက္ခဏာ ရှိသော အနုပါဒိသေသ နိဗ္ဗာနဓာတ်သည်။ သမ္ဗရာယိကာ၊ နိဗ္ဗာန်ရောက် မည့်သူခန္ဓာကွယ်ပြီးနောက်မှဖြစ်ပေါ်လာ၏။ ဟု အနက်ယောဇနာ။ ။ ယင်းယောဇနာသည်လည်း။ သမ္ဗရာယိကာတိ သမ္ဗရာယေ ခန္ဓဘေဒတော ပရဘာဂေဘဝါ။ ။သမ္ဗရာယိကာတိ၊ဟူသည်ကား၊သမ္ဗရာယေ၊တမလွန် ဟုဆိုအပ်သော၊ခန္ဓဘေဒတော၊ နိဗ္ဗာန်ရောက်မည့်သူ ခန္ဓာကွယ်ပျောက် သည်မှ၊ ပရဘာဂေ၊ တပါးသောအခြားမဲ့အခါ၌။ ဘဝါ၊ ဖြစ်ပေါ်လာသော နိဗ္ဗာနဓာတ်ဘည်။ ။ဤသို့သာသော ယင်းဋ္ဌတိဝုတ်အဋ္ဌကထာနှင့်လည်း အညီတည်း။ ။အပဿန္တာနံပိ နိဗ္ဗာနံပိ နိဗ္ဗာနဒဿနမ္ပိ ကာလမေဃ အဝတ္ထာဒိတံပိယ ကဋ္ဌာဟော အဝကုဇ္ဇိတပတ္တောဝိယ နိစ္စံတမောစေဝ အန္ဓကာရောစဟောတိ။ သတဥ္စသပ္ပုရိသာနံ ပညာဒဿနေနပဿန္တာနံ နိဗ္ဗာနံ အာလောကောဝိယ ဝိဝဋံ ဟောတိ။ ။နိဗ္ဗာနမ္ပိ၊ နိဗ္ဗာန်သည် လည်းကောင်း။နိဗ္ဗာနဒဿနမ္ပိ၊နိဗ္ဗာန်ကိုမြင်ရသည့် မဂ်မိုလ်ဟူသောမျက်စိ သည်လည်းကောင်း။ ကာလမေဃအဝတ္ထာဒိတံပိသ၊ မိုဃ်းတိမ်ပုင်ဖုံးအုပ် သည့် သကဲ့သို့ရင်း။ ကဋ္ဌာဟော၊အိုးဖျဉ်းဖြင့်။ အဝကုဇ္ဇိတပတ္တောဝိယ၊ မှောက်ဖုံး၍ ထားအပ်သောခွက်ကဲ့သို့ရင်း။ အပဿန္တာနံ၊ ပညာမျက်စိဖြင့် မကြည့်နိုင်ကုန်သူ တို့အား။ နိစ္စံ၊အမြဲ။ တမောစေဝ၊ ရှေးဦးအခိုက်ခိုက်၍ လာသည် လည်းကောင်း။ အန္ဓကာရောစ၊ နောက်တလဲလဲ မဲ၍လာသည်

လည်းကောင်း။ဟောတိ၊ဖြစ်ရလေတော့၏။ စ၊အထူးအားဖြင့်ကား၊ သတံ၊ နိဗ္ဗာန်ကိုမြင်ရအောင် အခါခါသတိဆောင်နိုင်ကုန်သော။ ပညာဒသနေန၊ မဂ်ပညာ ဖိုလ်ပညာဟူသောမျက်စိဖြင့်။ ပဿန္တာနံ၊ကြည့်ရှုနိုင်ကုန်သော။ သပ္ပုရိသာနံ၊မဂ္ဂဋ္ဌာန် ဖလဋ္ဌာန်သခင်သူတော်သျှင်တို့အား။နံနိဗ္ဗာနံ၊ထိုနိဗ္ဗာန်သည်။ ။နံတပုဒ်ဘည်းကို အနက်နှစ်ခါယူဆိုသည်ကား ဘိန္နသတ္တိ၊ ၎ ။ အာလောကောဝိယ၊ လရောင် နေရောင်အလင်းကဲ့သို့။ ဝိဝဋံ၊ ထင်းထင်း ဖွင်းဖွင်းပွင့်သည်။ဟောတိ၊ဖြစ်၏၊ ။ဤသို့လာသောသဋ္ဌာယတနသံယုတ် အဋ္ဌကထာပါဌ်ဖြင့်လည်း။ယင်းနိဗ္ဗာန်ရောက်မည်သူ ပရိနိဗ္ဗုတပုဂ္ဂိုလ် ခန္ဓာ ကွယ်သည်အခါမှ ဖြစ်ပေါ်လာသော အသစ်တခုတ်နိဗ္ဗာန်ဟူသည်ကို အန္ဓပုထုဇနိတို့မမြင်နိုင်ဘိ အကန်းအတိဖြစ်ကြသော်လည်း၊ ယင်းနိဗ္ဗာန် ကို မြင်ခွင့်ရကြောင်း မဂ်ဖိုလ်ပညာမျက်စိကောင်းဖြင့်။ မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် အသျှင်တို့ ကွင်းကွင်း ထင်ရ မြင်ရ သဖြင့်။ ယင်းသို့ မြင်အပ်သည့်နိဗ္ဗာန် သည် ထိုပရိနိဗ္ဗုတအသျှင်တို့ ငြိမ်းနေရာဝယ် ကေန်ငင်စစ် ထင်ရှားရှိ၏ ဟူသောအနက်ကို ပညတ္တိဟာရနည်းဖြင့် သိစေတော်မူသတည်း။ ။ ပညတ္တိဟာရနည်း ဟူသည်ကား။ ဤကိုဆိုသဖြင့် ဟိုကိုလည်းသိစေနိုင် သည့် နည်းဟူလိုသည်။ အဝုတ္တသိဒ္ဓိနည်းလည်းဆိုသင့်၏။ ။

နိဗ္ဗာနေအနာဂတေပိ အတ္ထုပနိုသန္ဓိဒါသိယာ၊ ပစ္စုပ္ပန္နာရမ္မဏာတိပိ အတိဘာရမ္မဏာတိပိ အနာဂတာရမ္မဏာတိပိနဝတ္တဗ္ဗာ။ ။အနာဂတေပိ၊ နိဗ္ဗာန်ရမည်သူ ခန္ဓာကွယ်ပြီးနောက်မှ ဖြစ်ရောက်လတ္တံ့သည်လည်း ဖြစ် သော။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ အတ္ထုပနိုသန္ဓိဒါ၊ အတ္ထုပနိုသန္ဓိဒါဉာဏ်သည်။ သိယာဟောတိ၊ ဖြစ်၏။ သာ၊ ထိုဖြစ်ရောက်လတ္တံ့သော နိဗ္ဗာန်ကိုအာရုံ ပြုသောအတ္ထုပနိုသန္ဓိဒါဉာဏ်ကို။ပစ္စုပ္ပန္နာရမ္မဏာတိပိ၊ပစ္စုပ္ပန်လျှင်အာရုံ ရှိသည်ဟူ၍လည်းကောင်း။ အတိတာရမ္မဏာတိပိ၊ အတိတ်တရားလျှင် အာရုံရှိသည် ဟူ၍လည်းကောင်း၊ အနာဂတာရမ္မဏာတိပိ၊ အနာဂတ် တရားလျှင် အာရုံရှိသည် ဟူ၍ လည်းကောင်း။ နဝတ္တဗ္ဗာ၊ မဆိုသင့် မဆိုထိုက်၊ ။ဤသို့လာသောပနိုသန္ဓိဒါမဂ်အဋ္ဌကထာ အဘိဓမ္မာဝတာရ သံဝဏ္ဏနာ မည်သော ဋီကာကြီးတို့နှင့်အညီ။ အတ္ထုပနိုသန္ဓိဒါဉာဏ်၏ ပရိနိဗ္ဗာန် စံသူ ခန္ဓာကွယ်သည် နောက်မှ ဖြစ်ရောက် လာလတ္တံ့သော အနာဂတ် နိဗ္ဗာန်ကိုအာရုံပြုနှင့်သော်လည်း။ ထိုနိဗ္ဗာန်၏ဥပါဒ်ဖြစ်အားဖြင့် ထင်ရှားဖြစ်လတ္တံ့မဟုတ်သည်ဖြစ်၍အနာဂတ်စစ်မဆိုထိုက်သောကြောင့်၊

ယင်းနိဗ္ဗာန်ကို အာရုံပြုနိုင်သော အတ္တပဋိသမ္ဘိဒါဉာဏ်ကို အနာဂတာ ရမ္မဏာဟု မဆိုထိုက်သကဲ့သို့။ ယင်းသို့ အနာဂတ်အရာကဲ့သို့ ဖြစ်သော နိဗ္ဗာန်ကို အာရုံပြုနိုင်ကြသော မဂ်ဖိုလ်တို့ကိုလည်း အနာဂတာရမ္မဏာစစ် မဆိုသင့်သည်၏အဖြစ်ကိုလည်းသိကြကုန်။ ။

အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယိတိ ပရိနိဗ္ဗာနမေဝ ပရိနိဗ္ဗာနဿ ပရိနိဗ္ဗာနန္တရတော ဝိသေသနတ္တံ ကရဏာဘာဝေနဂတ္တံ။ ယာယယာ နိဗ္ဗာနဓာတုယာ အဓိဂတာယ ပစ္ဆိမစိတ္တံ အပ္ပဋိသန္ဓိကံ ဇာတံ။ သာတဿ အပဋိသန္ဓိဂုပသမဿ ကရဏာဘာဝေနဂတ္တာ။ ။အနုပါဒိ သေသာယနိဗ္ဗာနဓာတုယာပရိနိဗ္ဗာယိတိ၊ ပရိနိဗ္ဗာယိဟူသည်၌။ ပရိနိဗ္ဗာန မေဝ၊အသခ်ာတဓာတ်ပရိနိဗ္ဗာန်ကိုပင်လျှင်။ ပရိနိဗ္ဗာနဿ၊ ယင်းအသင်္ခတ ခန္ဓပရိနိဗ္ဗာန်၏။ ပရိနိဗ္ဗာနန္တရတော၊ ကိလေသပရိနိဗ္ဗာန်ဟူသောပရိနိဗ္ဗာန် တပါး၌။ ဝိသေသနတ္တံ၊ ထူးစေခြင်းငှါ။ ကရဏာဘာဝေန၊ ဝိသေသနတ္တ ကရဏာသတ္တိအဖြစ်ဖြင့်။ ဂတ္တံ၊ ဆိုအပ်၏။ဝါ၊ တနည်းကား။ ယာယနိဗ္ဗာန ဓာတုယာ၊ အကြင်အသင်္ခတဓာတ်နိဗ္ဗာန်သို့။ အဓိဂတာယ၊ ရောက်သည် ရှိသော်။ တနည်းကား။ ယာယနိဗ္ဗာနဓာတုယာ၊ အကြင်အသင်္ခတဓာတ် နိဗ္ဗာန်ရတနာမြတ်သည်။အဓိဂတာယ၊သင်္ခါရဆိုး ဒုက္ခအိုးကို လွှမ်းမိုးဘိစီး ပေါ်ကြီးပေါ်ရောက်လာသည်ရှိသော်။ ပစ္ဆိမစိတ္တံ၊ပရိနိဗ္ဗာန်စံတော်မူမည်သူ ပုဂ္ဂိုလ်မြတ်တို့၏မရဏာသန္နဇောဘဝင်တို့နောက်ဖြစ်သော နောက်ဆုံးစုတိ စိတ်သည်။ အပ္ပဋိသန္ဓိကံ၊ ဘဝတပါး လွင့်သွားစရာ ပဋိသန္ဓေသစ် ပေါ်လာအောင် အနန္တရ ပစ္စယသတ္တိဖြင့် ကျေးဇူးမပြုနိုင် လက်မှိုင်ချရ ခြင်းသည်။ဇာတံ၊ဖြစ်ရလေ၏။သာ၊ထိုအသင်္ခတပရိနိဗ္ဗာနဓာတ်ကို။ တဿ၊ ထိုပစ္ဆိမစိတ်၏။ အပ္ပဋိသန္ဓိဂုပသမဿ၊ တဘန်ပဋိသန္ဓေကိုဖြစ်စေခြင်းမရှိ အလုံးစုံအေးအပေါင်းငြိမ်းခြင်း၏၊ ကရဏာဘာဝေန၊ အကြောင်းကာရက- ကရဏာသတ္တိအဖြစ်ဖြင့်၊ ဂတ္တာ၊ မိန့်ဆိုတော်မူအပ်၏။ ။ဤသို့လာသော မူလဋီကာပါဌ်ဖြင့်။ သမင်ကိုကိုက်အံ့သောငှါ လိုက်၍လာသော သစ်ကျား သည် ခရီးလမ်းအကြားတွင် ခြသေ့်မင်းဝင်ရောက်လာမည့်အဟုန် ခြသေ့် သံကိုကြားသဖြင့် သမင်ကိုမလိုက်မကိုက်နိုင်သကဲ့သို့။ အသင်္ခတဓာတ် ကေန်ဆတ်ဆတ်ပေါ်လာတော့မည်ကြောင့်။ ရဟန္တာတို့ပစ္ဆိမစိတ်သည် နောင်ဘဝသစ် ပဋိသန္ဓေသစ်ကို မပေါ်လာစေနိုင်၊ မပေါ်လာအောင် တတ်နိုင်သည်။ ယင်းပဋိသန္ဓေသစ်ကို မပေါ်လာစေရာ၌ ရဟန္တာတို့စုတိ

စိတ်သည် ကဋ္ဌား။အသင်္ခတဓာတ်သည် ကရိဏ်းဖြစ်သည်ဖြစ်၍၊ကရိဏ်းဟူကလည်းကဋ္ဌားမရှိလျှင် ကဋ္ဌားကဲ့သို့ ဖြစ်နိုင်သည်ဖြစ်သောကြောင့်။ အသင်္ခတဓာတ် နိဗ္ဗာန်ရတနာဖြတ်ပေါ်လာ၍ပင် ပဋိသန္ဓေသစ်ဘဝသစ် မဖြစ်လာနိုင်သည်ဟူ၍ မှတ်ကြကုန်။ ။ဤသို့လျှင် အသင်္ခတဓာတ် နိဗ္ဗာန်သည် ဘဝသစ်ဒုက္ခမလာနိုင်ကြောင်း ချုပ်ကြောင်း ဖြစ်သည်ဟု အဓိပ္ပါယ်ရသောဤမူလဋီကာစကားသည်။ ဒုက္ခနိရောဓဒုက္ခအဘာဝမျှကို နိဗ္ဗာန်မဆိုသင့်။ ဒုက္ခနိရောဓပစ္စယဖြစ်သောအသင်္ခတဓာတ်ကိုသာ နိဗ္ဗာန်ဆိုရသည်။ ဒုက္ခနိရောဓပစ္စယဆိုလိုလျက် ပစ္စယသဒ္ဒါကိုချေ၍ဒုက္ခနိရောဓ ဆိုသည်ဟူသော အဓိပ္ပါယ်ကိုဘွင့်ဆိုသော နေတ္တိအဋ္ဌကထာစကားနှင့် ညီလျော်လှပေသလျှင်ကတည်း။ ။ဤအကြောင်းမှာ ဤထက်အကျယ် နောက်ဝယ်သာဦးလတ္တံ့။ ။ပဋ္ဌန္နံခန္ဓာနံနိရောဓောနိရောဓိသံနိဗ္ဗာနံ။ ပဋ္ဌန္နံ ခန္ဓာနံနိရောဓောလေဏံနိဗ္ဗာနံ။ ။ဟူ၍လာသော ပဋိသမ္ဘိဒါမဂ်ပါဠိတော် ၌လည်း။ ။ပဋ္ဌန္နံခန္ဓာနံ၊ခန္ဓာငါးပါးတို့၏၊နိရောဓော၊ချုပ်ခြင်း၏အကြောင်း ဖြစ်သောအသင်္ခတဓာတ်သည်၊နိရောဓိသံ၊ ဝဋ္ဋဒုက္ခခန္ဓာငါးဝဟူသောမာရ မိသသင်္ခါနှင့်မစပ်မယှက်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ။အကြွင်းကား အနက်လွယ်ပြီ၊ ။ဤသို့အနက်ပေးမှ။ ဒုက္ခနိရောဓပစ္စယကိုဒုက္ခနိရောဓ ဆိုသည်ဟုဘွင့်သောယခင်နေတ္တိအဋ္ဌကထာနှင့်ညီလျော်မည်မှတ်။ ။

ဒုက္ခသစ္စဿဥပ္ပါဒေါပညာယတိ။ ဝယောပညာယတိ။ ဌိတဿ အညထတ္တံ ပညာယတိ။ပ။ နိရောဓသစ္စဿ ဥပ္ပါဒေါနပညာယတိ။ ဝယော နပညာယတိ၊ဌိတဿအညထတ္တံနပညာယတိ။ ။ဒုက္ခသစ္စဿ၊ဒုက္ခသစ္စာ၏၊ဝါ၊ဒုက္ခသစ္စာထိုက်သော လောကီခန္ဓာငါးပါး၏။ ဝါ၊အား။ ဥပ္ပါဒေါ၊ဖြစ်စ ဟူသော ဥပါဒ်သည်။ ပညာယတိ၊ သတိပညာရှိသူတို့အား ထင်ရှား၏။ ဝယော၊ ဖြစ်ပြီးသည်နောက်ဘင်ခဏသို့ ရောက်သဖြင့် ပျောက်ပျက်၍ သွားခြင်းသည်။ ပညာယတိ၊ ယောဂီပုဂ္ဂိုလ်တို့အား ထင်ရှား၏။ ဌိတဿ၊ ဘင်ခဏသို့မရောက်သေးခင် တည်တံ့၍နေသော ဇုပ်နာမ်တရား၏။ အညထတ္တံ၊ဥပါဒ်တို့နှင့်မတူ အမူထူးခြား ရင့်အိုရ၍ သွားခြင်းသည်။ ပညာယတိ၊ ထာမဂတဝိပဿနာရှိသော ယောဂီပုဂ္ဂိုလ်တို့အားထင်ရှားရှိ၏။ပ။နိရောဓ သစ္စဿ၊နိဗ္ဗာန်ဟူသော နိရောဓသစ္စာအား။ ဥပ္ပါဒေါ၊ဥပါဒ်စသည်။နပညာ ယတိ၊ဘယ်တယောက်သောသူတို့အားမထင်။ဝယော၊ဘင်ဟူသောပျက်စီး ခြင်းသည်။ နပညာယတိ၊မထင်။ဌိတဿ၊တည်တံ့၍နေသော ယင်းနိရောဓ

သစ္စာ၏။ အညထတ္တံ၊ ရင့်သွေးအိုမင်း ဟောင်းနွမ်းခြင်းအားဖြင့် တခြားတပုံ ဖြစ်သော အဖြစ်သည်။ နပညာယတိ၊မထင်။ ။ဤသို့သာသော ပဒိုသတ္တိ ဒါခဂ်ပ်ဋ္ဌတော်။ ။

ယသ္မာပနသယနဥပ္ပါဒေါပညာယတိ။ နဝယောပညာယတိ။ နဌိတဿ အညထတ္တံ၊ တသ္မာနဇာယတိ နဇီရတိ နမိယျတိတိ ကတွာအမတန္တိ ဝုစ္စတိ။ ။ဟူ၍လာသော ခန္ဓကပါဠိအဋ္ဌကထာ။ ။တိကထိမာနိဘိက္ခဝေ အသင်္ခတဿ အသင်္ခတလက္ခဏာနိ။ ဥပ္ပါဒေါ နပညာယတိ။ ဝယော နပညာယတိ။ ဌိဿဿအညထတ္တံနပညာယတိ၊ ဟူ၍လာသော တိက အင်္ဂုတ္တရပ်ဋ္ဌစသည်တို့၌။ နိဗ္ဗာန်တရားအား ဥပ်ဒ်ဘင်သာ မထင်သည်ကို ဆိုသည်။ဌီမထင်သည်ကိုကားမဆို။ ဌီ၏ရင့်ခြင်းဘောက်ပြန်ခြင်းမရှိသည်ကို ဆိုသဖြင့်လည်း နိဗ္ဗာန်၏မဘောက်မပြန် မအိုသော ထင်ရှားတည်၍နေသည်၏ အဖြစ်ကို မှတ်အင်၏။ ။ဤအဋ္ဌကထာ၌ နဇာယတိ ဆိုသော်လည်း သင်္ခတတရားများကဲ့သို့ ရှန့်ကြမ်းစွာဥပါဒ်ဖြစ်အားဖြင့် မဖြစ်သည်ကိုသာချည်၍ နဇာယတိဟုဆိုသည်။ လုံးလုံးကြီးမဖြစ်သည်ကို ဆိုသည်မဟုတ်၊ အကယ်၍ လုံးလုံးကြီးမဖြစ်လျှင် အဘာယ်တခုမရှိ အဘာဝ ဖြစ်ခဲ့ရာ၏။ ။သခင်ပြဆိုအပ်ခဲ့ပြီးသော အဇာတံအဘူတံဟူသောဥဒါန်း ပါဠိတော်၏ အဋ္ဌကထာ၌။ အဘူတံ၊ အကြောင်းကင်း၍ လျောက်လျှား ဘာသာဖြစ်သည် မဟုတ်ဟုဘွင့်သဖြင့်။ အကြောင်းရှိမှ ဖြစ်သည်ဆိုရာ ရောက်သည်။အဇာတံ၌လည်း အခါခပ်သိမ်းဖြစ်သာသည်မဟုတ်ဟူသော အနက်ကိုဘွင့်သဖြင့် တရံတခါသာ ဖြစ်တတ်သည် ဆိုရာရောက်သော ကြောင့်။ နိဗ္ဗာန်ဟူက အကြောင်းပြည့်စုံ၍ အခွင့်ကြီး သာသည့်အခါ ပရိနိဗ္ဗုတ္တ အသျှင်တို့၏ ခန္ဓာကွယ်လျှင် ကွယ်ခြင်း နက်နဲသော ဂမ္ဘီရ သဘောအားဖြင့်ဖြစ်၍နေသော ရုပသင်္ဂြိုဟ်ရတ္တ ရဟန္တာအသျှင်တို့ ဖေးမြခြင်း သဘောဖြစ်အောင်စောင့်ရှောက်သောအားဖြင့် ဖြစ်ပေါ်လာရမြဲမှတ်။ နိစ္စဓုဝသဿတဟူ၍ ဆိုရာ၌သည်။ ဤနည်းအတူပင်• ဖြစ်ပေါ်လာပြီးမှ မပျောက်မပျက် တည်နေသည်ကို ဆိုသည်။ လုံးလုံးမဖြစ်ပေါ်လာဘဲနှင့် မြဲ၍နေသည်ဆိုလျှင် ဝဥ္ဈာပုတ္တောဟုဆိုသကဲ့သို့ သမ္ဘပ္ပလာပ အနက်ဒြဗ် မရ အဘာဝပင်ဖြစ်ခဲ့ရာ၏၊ ယင်းနိဗ္ဗာန်ဟူသည်၏လည်း အဘာဝမဟုတ် သည်အဖြစ်ကိုပြခြင်းငှါ။ အတ္ထိဘိက္ခဝေတဒါယတနံ စသည်ဖြင့်အောက်၌ ညွှန်းပြအပ်ခဲ့ပြီးသော ဥဒါန်းပါဠိတော်ကို ဟောတော်မူသည်မှတ်။ ။

(သဒ္ဒနီတိအလို ဝဋ္ဋာ။ ကောက္ခရကောသအလို ဝဋ္ဋ၂ာ။ သဿကရိုက်ကျမ်းများအလိုလည်း ဝဋ္ဋ၂ာပင်လိုသည်မှတ်)။ ။ထလေတိဠ္ဌတိပြာဟ္ဂဏောတိ ပြာဟ္ဂဏော ဒီပေတိဠ္ဌတိ။တာဏောတိဠ္ဌတိ။လေဏောသရဏော ပရာယဏော တိဠ္ဌတိ၊ နိဗ္ဗာနေတိဠ္ဌတိ။ ။ထလေတိဠ္ဌတိပြာဟ္ဂဏောတိ၊ ဟူသည်၌။ ပြာဟ္ဂဏော၊ကိလေသာကိုပယ်ခွါနိုင်ပြီးသော ရဟန္တာသည်။ ဒီပေ၊နိဗ္ဗာန်တည်းဟူသောကျွန်း၌။ တိဠ္ဌတိ၊တည်ရ၏။ တာဏော၊ မိမိထံရောက်လာသူ ပရိနိဗ္ဗုတပုဂ္ဂိုလ်များကို ဘေးမရောက်အောင် ကွယ်ကာစောင့်ရှောက်ပေတတ်သည့်အရပ်၌။ တိဠ္ဌတိ၊တည်၍နေရ၏။ လေဏော၊ပုန်းအောင်းရာအရပ်၌။ တိဠ္ဌတိ၊ ၏။ သရဏော၊ ကိုးကွယ်ရာ အရပ်၌။ တိဠ္ဌတိ၊ ၏။ ပရာယဏော၊ ထည်းလျောင်းရာအရပ်၌။တိဠ္ဌတိ၊ တည်နေရ၏။နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ တိဠ္ဌတိ၊ တည်နေရ၏။ ။ဤသို့လာသော မဟာနိဒ္ဒေသပဠိတော်မြွက်၌။ ဒီပေ တာဏောလေဏောသရဏောပရာယဏော နိဗ္ဗာနေတိဠ္ဌတိ။ ဆိုသည့်အတိုင်း ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ တည်ရာဟူသည်၊ ထင်ရှားရှိသည်သာကြောန်။ အကယ်၍မရှိခဲ့လျှင်၊ရင်းလေဏောတိဠ္ဌတိစသောစကားတော်သည်အနက်ဖြစ်ကင်းသော သဒ္ဒပ္ပလာပ စကားမျှသာဖြစ်ခဲ့ရာ၏။ ။ဤ၌နိဗ္ဗာနေတိဠ္ဌတိဆိုသော်လည်း။ယင်းနိဗ္ဗာန်၊ယင်းနိဗ္ဗာန်၌တည်နေသော ပရိနိဗ္ဗုတပုဂ္ဂိုလ်၏ ခန္ဓာအထည်ဖြဒ်မရှိဂမ္ဘီရသဏ္ဍာနမသဘာဝအားဖြင့်သာတည်နေသည်ဖြစ်၍၊ ရုပ်အားဖြင့် ဌာနဌာနီမဆိုထိုက်၊အာကာသေသကုဏာပက္ခန္ဒိတ္ဝာ၊ ဝါတာဝါသန္တိ၊ စသည်ကဲ့သို့ ဝိသယာဓာရသာမှတ်အပ်၏၊ ။အနုပါဒိ သေသာယာတိဥပါဒိဝိရဟိတာယ။ နိဗ္ဗာနဓာတုယာတိအမတမဟာနိဗ္ဗာနဓာတုယာ။ဥဒိနတ္တံဝါတိဥဒိနဘာဝေါပရိပုဏ္ဏာဘာဝေါတိအတ္ထော။ ။အနုပါဒိ သေသာယာတိ၊ဟူသည်၌။ဥပါဒိဝိရဟိတာယ၊ တဏှာဖြင့်စွဲလမ်းရာဖြစ်၍ ဥပါဒိမည်သောခန္ဓာငါးပါးမရှိရာ ကွယ်ပျောက်ရာဖြစ်သော၊ နိဗ္ဗာနဓာတုယာတိ၊ နိဗ္ဗာနဓာတုယာ ဟူသည်ကား၊ အမတမဟာနိဗ္ဗာနဓာတုယာ၊ အိုခြင်း သေခြင်းမရှိ မြတ်ခေါင် ထိသည့် နိဗ္ဗာနဓာတ်၏။ ဥဒိနတ္တံဝါတိ၊ ဟူသည်ကား။ ဥဒိနဘာဝေါ၊ ယုတ်လျော့ခြင်း ရှိသည်၏အဖြစ်။ ပရိပုဏ္ဏာဘာဝေါ၊ပြည့်ခြင်း၏မရှိသောအဖြစ်တည်း ဣတိအတ္ထော၊ဤကားအနက်။ ။ ဤသို့ဖွဲ့ချပ်အဂ်ါ မဟာနိဒ္ဒေသအဋ္ဌကထာ၌လာသော အမတမဟာနိဗ္ဗာန်ဟူသည်မှာ၊ ပရိနိဗ္ဗုတ္တပုဂ္ဂိုလ်တို့၏ခန္ဓာ၌ အသီးအသီး ဝိသယကဲ့သို့ဖြစ်၍ တည်သော။ဝါ၊အသီးအသီးသောပရိနိဗ္ဗုတရဟန္တာ၏တည်နေရာဖြစ်သော။

ဝါ၊ထိုပရိနိဗ္ဗာန်ပြုပြီး၍ ရူပသန္တတိမရုတ္တာ။ပ။ ဝိညာဏသန္တတိမရုတ္တာအဖြစ်ဖြစ်ခြင်း တည်သော အလွန်နက်နဲသောဂမ္ဘီရသဘောရှိသော ရဟန္တာအသျှင်အား တဆဲ့တသီးမီးမရှိရအောင် စောင့်ရှောက်၍တည်သော ပစ္စတ္တဝိသေသတ္တ နိဗ္ဗာနဓာတ်ကိုမလို။ ထိုထိုအများနှင့်ဆက်ဆံသော ငြိမ်းဖေးခြင်း သာမန် သဘောကိုရည်၍မဟာနိဗ္ဗာနဓာတ်ဆိုသည်ဟုမှတ်ရမည်။ ဂေါသဒ္ဒါသည် သွားဘတ်သည့် သဘောလက္ခဏာရှိသော နွားအများနှင့် ဆက်ဆံသော အနက်ရှိသော မဟာဇာတ်ဟောဂေါသဒ္ဒါ။ ဝဒန္တပုဂ္ဂိုလ်ရည်ညွှန်းဆိုရာ နွားဖြဗ်ကိုဟောသောဝိသေသဒဗ္ဗတ္တဂေါသဒ္ဒါဟူ၍နှစ်ပါးရှိသကဲ့သို့ဘည်း။ ဤကဲ့သို့ အများနှင့် ဆက်ဆံသော မဟာသာမည နိဗ္ဗာန်ကိုရည်၍သာ။ ဉီနတ္တံဝါပုရတ္တံဝါနပညာယတိဟု။သမာဓိဂုဏာလင်္ကာရအားဖြင့်သမုဒြာနှင့် တင်စား၍ဆိုသောအရာဖြစ်သောကြောင့်။ ယင်းပုံနှင့်သင့်လျော် စပ်ဟပ် မိအောင်ဆိုသည့်ပရိယာယစကားမျိုးသာ မှတ်အပ်သတည်း။ ထိုကြောင့် ဉီနတ္တံဝါ စသောပါဠ်ကိုမှီး၍ ကမ္ဘာကမ္ဘာ အမြဲတည်၍နေသော အကြောင်း ကင်း၍ ထာဝရ ဖြစ်နေသော သူအများတို့၏ တပေါင်းတည်း ရဝေး၍ ရောက်ရာဖြစ်သော ဟခုတည်းသောနိဗ္ဗာန်ဟူသည်ရှိတော့သည်ဟုမထင် မယောင်မှားကြစေကုန်သတည်း။ ။

အတ္တနော သမာဓာနတ္တာယ အတ္တပရိနိဗ္ဗာန ပရပရိနိဗ္ဗာနပဝတ္တတ္တာ ယာတိဒုမ္ဗိဓေနာပိဉာဏေနအတ္တနောပရိနိဗ္ဗာနတ္တာယ၊ ။အတ္တနော၊မိမိ၏။ သမာဓာနတ္တာယ၊ မဘောက်မပြန် မြဲမြံစွာတည်နေရခြင်းအကျိုး၄ါ။ အတ္တ ပရိနိဗ္ဗာနပရပရိနိဗ္ဗာနပဝတ္တတ္တာယ၊ မိမိ၏နိဗ္ဗာန်သူတပါးတို့နိဗ္ဗာန်ဖြစ်လာ ခြင်း၄ါ။ဣတိ၊ဤသို့၊ ဒုမ္ဗိဓေနာပိ၊နှစ်ပါးလည်းဖြစ်သော။ ဉာဏေန၊ဉာဏ်ဖြင့်။ အတ္တနောပရိနိဗ္ဗာနတ္တာယ၊မိမိနိဗ္ဗာန်စံရခြင်းအကျိုး၄ါပင်တည်း။ ။ဤသို့ မဟာနိဒ္ဒေသအဋ္ဌကထာ။ ၁၁။ ၌ဆဲအင်္ဂါတွင်လာသည်အတိုင်း။ အတ္တနော နိဗ္ဗာန ပရဿနိဗ္ဗာန ဆိုသင့်သည်ကိုလည်း အမြဲသတိရှိကြကုန်။နိဗ္ဗာန် ဟူသည် ပရိနိဗ္ဗာန်ဟူသည် အထူးမရှိသည်များကိုလည်း။ ကိုးကားရာ သာဓကတို့နှင့်တကွအောက်ကဆိုခဲ့ပြီးသလျှင်ကတည်း။ ။

သဗ္ဗဒါ ဝေ သုခံ သေတိ၊ဗြာဟ္မဏော ပရိနိဗ္ဗုတော။
ယော န လိမ္ပတိ ကာမေသု၊သီတိဘူတော နိရူပဓိ။ ။

ယော၊အကြင်သူသည်။ ကာမေသု၊ကာမဂုဏ်တို့၌။ နလိမ္ပတိ၊ မကပ်ငြိ

မလိမ်းဘုံ။ ဗြာဟ္မဏော၊ အလုံးစုံသော ပါပဓမ္မ အကုသလတို့ကိုလည်း ပယ်ခွါတွန်းချ အပပြုနိုင်သည်ဖြစ်၍၊ပရိနိဗ္ဗုတော၊ ကိလေသာမီး ငြိမ်းကြီး ငြိမ်းရ၏၊ သော၊ထိုသူသည်။ နိရုပဓိ၊ အလုံးစုံသောကိလေသာ ကုယ်ခန္ဓာ ဒုက္ခကောင်ကြီး ဥပဓိမီး မရှိသည်ဖြစ်၍၊ သီတိ ဘူတော၊ တဆဲ့တသီး မီးအပေါင်းတို့၏ ကောင်းကောင်းကြီးငြိမ်းခြင်းသဘောရှိသော။ဝါ၊သဘော ဟုဆိုအပ်သော အသင်္ခတဓာတ် နိဗ္ဗာန်မြတ်သို့ ရောက်သည် ဖြစ်၍။ ဝေါ၊ စင်စစ်ဧကန်အနည်းငယ်မျှဒုက္ခမဆက်ဆံဘဲ။သဗ္ဗဒါ၊ အချင်းခပ်သိမ်းသုခံ၊ တချမ်းသာထဲချမ်းသာစွာ၊သေတိ၊ နိဗ္ဗုသာခေါင် ဘေးမဲ့တောင်၌တည်နေ ရ၏၊ ။ဤသို့သဂါထာဝဂ္ဂသံယုတ်ပါဠိတော်။ဝင်းရအင်္ဂါတွင်လာသည်နှင့် အညီ။နိဗ္ဗုတော၌နိပုဗ္ဗဝုဓာတ်၏အရ ငြိမ်းခြင်း သီတဘာဝသဘောကို နိဗ္ဗာန်ဆိုသည်ဟုသိရန်။ ၎င်းပါဠိတော်သည်လည်း။ ။ဆဟိဘိက္ခဝေ ဓမ္မေဟိသမန္နာဂတော အဘဗ္ဗောသီတိဘာဝံသစ္ဆိကာတုံ။ ။ဘိက္ခဝေ၊ ရဟန်းများတို့။ ဆဟိ၊ခြောက်ပါးကုန်သော၊ ဓမ္မေဟိ၊တရားတို့နှင့်။သမန္နာ ဂတော၊ပြည့်စုံသောသူသည်။ သီတိဘာဝံ၊ငြိမ်းခြင်းသဘောရှိသောနိဗ္ဗာန် ကို။ဝါ၊ တဆဲ့ဘသီးမီးအပေါင်းတို့မှ ငြိမ်းခြင်းသဘောဟူသော နိဗ္ဗာန်ကို။ သစ္ဆိကာတုံ၊မျက်မှောက်ပြုခြင်းငှါ။ အဘဗ္ဗော၊မထိုက်။ ။ဤသို့လာသော ဆက္ကအင်္ဂုတ္တိုရ်ပါဠိတော်နှင့်လည်း အညီပင်တည်း။ ။ဣဓဘိက္ခဝေ တဿဝေဒယိတာနိ အနဘိနန္ဒိတာနိ သီတိဘဝိဿန္တိ။ အယံဘိက္ခဝေ အနုပါဒိသေသာနိဗ္ဗာနဓာတု။ဟုလာသောအနက်အဓိပ္ပါယ်နှင့်တကွစကား ဆိုင်ရာဆိုင်ရာညွှန်းခဲ့ပြီးညွှန်းအပ်လတ္တံ့သောဣတိဝုတ်ပါဠိတော်နှင့်လည်း တထပ်တည်းပင်သင့်လျော်လှသလျှင်ကတည်း။ ။

သီတိဘူတော၊သီတိဘာဝံ၊သီတိဘဝိဿန္တိ၊ပါဌ်သုံးရပ်တို့မှ သီတဟူ သောပုဒ်၏အရ အညတ္ထဗဟုဗ္ဗီဟိအားဖြင့် ယထာရဟာနိဗ္ဗာန်ကိုသာ ယူ ရသောကြောင့်။ ယင်းပါဌ်သုံးရပ်တထပ်တည်းနှီးနှောလှသည်ဟုလို။ ။ သိက္ခေနိဗ္ဗာနမတ္တနောတိ အတ္တနောရာဂဿ နိဗ္ဗာပနာယ။ပ။ဥပသမာယ နိဗ္ဗာနာယပဋိနိဿဂ္ဂါယ။ ။သိက္ခေနိဗ္ဗာနမတ္တနောတိ၊ ဟူသောဘုရား အမိန့်တော်မြတ်၌။ အတ္တနော၊ မိမိ၏။ ရာဂဿ၊ ရာဂမီးကို။ နိဗ္ဗာပနာယ၊ ငြိမ်းစေခြင်းငှါ။ ပ။ ဥပသမာယ၊ အထူးသဖြင့် ငြိမ်းစေခြင်းငှါ။ နိဗ္ဗာနာယ ပဋိနိဿဂ္ဂါယ၊အသင်္ခတဓာတ်နိဗ္ဗာန်အလို့ငှါ။ သိက္ခေ၊ မပျင်းမရိ မဆုတ် မနစ် မငြီးမငွား ကြိုးစား၍ကျင့်ကြရာ၏။ဇာတိ၊ဤသို့သော အလိုကော်ကို

သိအပ်၏။ ။ဤသို့ မဟာနိဒ္ဒေသပါဠိတော်။ ၁၁။ ဒွေအင်္ဂါတွင် လာသည်များကို ထောက်သဖြင့်လည်း။ ငြိမ်းအေးခြင်းသဘောကို နိဗ္ဗာန်ဆိုသည်အရာ။ မိမိ၏နိဗ္ဗာန်၊ တပါးသောသူ၏နိဗ္ဗာန် ဆိုသင့်သည်အရာများကို နောက်ကဆိုခဲ့သည်အတိုင်း ယုံကြည်သင့်လှတော့၏။ ဝါ၊ ယုံကြည်ကြစေကုန်သတည်း။ ။

နိဗ္ဗာနံဟိပရမတ္ထတော တတောဥတ္တရိအဥ္ဈာနတ္ထိ။ ။နိဗ္ဗာနံ၊နိဗ္ဗာန်သည်။ ပရမတ္ထတော၊မဖောက်မပြန် စင်စစ်မှန်၍ အမြဲနေသောကြောင့်။ တတော၊ထိုနိဗ္ဗာန်ထက်၊ ဥတ္တရိ၊လွန်ကဲသော။ အဥ္ဈာ၊ သခ်တာသခ်တအနက်သဘောသည်။ နတ္ထိ၊ ရှိတော့သည်မဟုတ်၊ ။ဤသို့ ဋ္ဌကဝတ်အဋ္ဌကထာ၊ ၅၁ပေ။ စေအင်္ဂါတွင် လာသည့်စကားသည်လည်း၊ နိဗ္ဗာန်ဟူက သခ်တာသခ်တ ဘုရင်ဖြစ်၍ ဘုရားထက်ပင် မြတ်၍နေသည်ဟု အောက်ကညွှန်းပြခဲ့သည့်ပါဠိအဋ္ဌကထာတို့နှင့်ညီလှပေသချင်ကတည်း။

ရဝန္တိနိဗ္ဗာနသောဝအမိဝစနံ ဘာဝိတုံအရဟာတိ၊ တံဟိဓာတိဇရာဗျာဓိမရဏာသောကာဒိတော မုစ္စိတုကာမေဟိ ဝေိဘဗ္ဗံဂန္တဗ္ဗန္တိရဝံ၊ဥပ္ပါဒဝယာဘာဝေနဝါ နိစ္စသဘာဝတ္တာ ဓဝတိ ထိရံ သဿတံ ဘာဝတီတိ ရဝံ။ ။ရဝန္တိ၊ရဝံဟူသောအမည်သည်။ နိဗ္ဗာနသောဝ၊နိဗ္ဗာန်၏သာလျှင်။ အမိဝစနံ၊အမည်သည်။ဘာဝိတုံ၊ဖြစ်ခြင်းငှါ။ အရဟာတိ၊ထိုက်၏။ဟိ၊မှန်၏။ တံ၊ထိုနိဗ္ဗာန်ကို။ဝါ၊သည်။ဓာတိဇရာဗျာဓိမရဏာသောကာဒိတော၊ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း စိုးရိမ်ခြင်း အစရှိသည်မှ၊ မုစ္စိတုကာမေဟိ၊ လွတ်လိုကုန်သူတို့သည်။ ဝိဘဗ္ဗံဂန္တဗ္ဗံ၊ ရောက်အပ်၏၊ ဣတိ၊ ထိုကြောင့်။ရဝံ၊ရဝမည်၏။ဝါ၊တနည်းကား။ ဥပ္ပါဒဝယာဘာဝေန၊ဖြစ်ခြင်း ပျက်ခြင်း မရှိသည်၏ အဖြစ်ဖြင့်။ နိစ္စသဘာဝတ္တာ၊ မြဲသောသဘောရှိသောကြောင့်။ ဓဝတိထိရံသဿတံဘာဝတိ၊မြဲမြံဘည်တံ့ခိုင်ခန့်တတ်၏။ ဣတိ၊ထိုကြောင့်၊ ရဝံ၊ရဝမည်၏။ ။ဤသို့လာသော သဒ္ဒနီတိနှင့်အညီ။ နိဗ္ဗာန်ဟောရဝံဟူသောပုဒ်၌။ ရဓာတ်။ ၎င်းရဓာတ်၏ သဿတဘာဝ အနက်ဟောကို မှတ်အပ်၏။ ။သဿတ ဆိုသော်လည်း ပရိနိဗ္ဗုတပုဂ္ဂိုလ်ရောက်စရာ ပကတိအစဥ်ထာဝရ ကမ္ဘာကမ္ဘာ အမြဲတည်နေနှင့်သည်ကို ဆိုသည်မဟုတ်။ ငြိမ်းအေးခြင်းသဘော ပေါ်လာပြီးနောက် မပျောက်မပျက် အမြဲဘည်သည်ကို ယူရမည်ဟု အောက်ကညွှန်းပြခဲ့ပြီးသည်အတိုင်းသာယူအပ်၏။ယင်းသို့ယူမှသာ။ အဘူတံအဓာတံဟုတွာ

အတ္တိတိအာဘုတံဟု ယခင်ညွှန်းပြခဲ့သည့်သဠာယတနသံယုတ်အဋ္ဌကထာ နှင့် သင့်လျော်ညီညွတ်မည်မှတ်။ ။

ဒိဋ္ဌသစ္စောယေဝဟိပုဗ္ဗေနိဝါသာနုဿတိဉာဏေနနိဗ္ဗာနံဝိဘာဝေတိ၊ နအဒိဋ္ဌသစ္စော။ တံပနဉာဏံခန္ဓေဝိယ ခန္ဓပဋိဗဒ္ဓေပိဝိဘာဝေတီတိ နိဗ္ဗာန ရမ္မဏာခန္ဓဝိဘာဝနေန နိဗ္ဗာနမ္ပိ ဝိဘာဝေတိ။ ။ဧဝံအနာဂတံသဉာဏောပိ ယောဇေတဗ္ဗံ။ ။ဒိဋ္ဌသစ္စောယေဝ၊ မြင်အပ်ပြီးသောသစ္စာရှိသောအရိယာ ပုဂ္ဂိုလ်သည်သာလျှင်။ ပုဗ္ဗေနိဝါသာနုဿတိဉာဏေန၊ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်ဖြင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဝိဘာဝေတိ၊ ထင်စွာပြနိုင်၏။ အဒိဋ္ဌသစ္စော၊ သစ္စာလေးပါးကို ပိုင်းခြားထင်ထင် မမြင်ရဘူးသော ပုထုဇန်ဈာနလာဘီ အဘိညာဏ်ရပုဂ္ဂိုလ်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ နဝိဘာဝေတိ၊ မပြနိုင်။ တံပန ဉာဏံ၊ ထိုအရိယာပုဂ္ဂိုလ်တို့ရအပ်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်သည် ကား။ ခန္ဓေဝိယ၊ အတိတ်ခန္ဓာတို့ကဲ့သို့။ ခန္ဓပဋိဗဒ္ဓေပိ၊ အတိတ်ခန္ဓာနှင့်စပ်သ မျှတို့ကိုလည်း။ ဝိဘာဝေတိ၊ ထင်စွာပြနိုင်၏။ ဣတိ၊ ဤသို့အတိတ်ခန္ဓာကိုထင် စွာပြနိုင်သဖြင့်၊ အတိတ်ခန္ဓာနှင့်စပ်သမျှကိုပင်ပြနိုင်သောကြောင့်။ နိဗ္ဗာန ရမ္မဏာခန္ဓဝိဘာဝနေန၊ နိဗ္ဗာန်ကိုအာရုံပြုသောမဂ်ဖိုလ်ပစ္စဝေက္ခဏာခန္ဓာတို့ ကို ထင်စွာပြနိုင်သဖြင့်။ နိဗ္ဗာနမ္ပိ၊ အတိတ်ခန္ဓာနှင့်စပ်သော နိဗ္ဗာန်ကိုလည်း။ ဝိဘာဝေတိ၊ ထင်စွာပြနိုင်၏။ ။ဧဝံ၊ ဤအတူ။ အနာဂတံသဉာဏောပိ၊ အနာ ဂတံသဉာဏ်၌လည်း။ ယောဇေတဗ္ဗံ၊ ယှဉ်အပ်၏။ ။ဤသို့အနုဋီကာ။ ၁၁။ ခအင်္ဂါတွင် လာသည်အတိုင်း။ ပရိနိဗ္ဗာန်စံဝင်ကြကုန်ပြီးသော သူတို့၏ အတိတ ခန္ဓာနှင့်စပ်၍နေသော နိဗ္ဗာန်ကို ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် သိနိုင်၏။ ပရိနိဗ္ဗာန် မပြုကြရသေး ပြုလတ္တံ့ဖြစ်နေသူတို့၏ ခန္ဓာနှင့်စပ်၍ ဖြစ်လတ္တံ့သောနိဗ္ဗာန်ကိုကားအနာဂတံသဉာဏ်ဖြင့်သိရ၏မှတ်ဟုလို။ ။ ၎င်းအနုဋီကာစကားသည်။ နိဗ္ဗာနေ အနာဂတေပိ အတ္တပဋိသမ္ဘိဒါသိယာ။ နဝတ္တဗ္ဗာပစ္စုပ္ပန္နာရမ္မဏာတိပိ အတီတာရမ္မဏာတိပိ အနာဂတာရမ္မဏာ တိပိ။ ဤသို့အောက်၌ညွှန်းပြခဲ့ပြီးသော ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၊ အဘိ ဓမ္မာဝတာရ သံဝဏ္ဏနာဋီကာစကားတို့နှင့်ညီညွတ်လှသည်သာတည်း။ ။ ထိုစကားကိုထင်စွာပြဦးအံ့၊ အနာဂတ်ဖြစ်သောနိဗ္ဗာန်ကို အတ္တပဋိသမ္ဘိဒါ ဉာဏ် အာရုံပြုနိုင်သည်ဆိုသောဋီကာစကား။ အနာဂတံသဉာဏ်သည် အနာဂတ်ခန္ဓာနှင့်စပ်သောနိဗ္ဗာန်ကိုအာရုံပြုနိုင်သည်ဆိုသောဋီကာစကား။ ဤဋီကာနှစ်ရပ်သည်အညမညဝိရုဒ္ဓမဖြစ်သည်သာတည်း။ ။ဤအဋ္ဌကထာ

ဋီကာနှစ်ရပ်ကိုထောက်သဖြင့်လည်း၊နိဗ္ဗာန်ဟူက အတိတ်ခန္ဓာနှင့်စပ်၍ နေသောနိဗ္ဗာန်ကိုအတိတ် အနာဂတ်ခန္ဓာနှင့်စပ်၍နေသောနိဗ္ဗာန်ကိုအနာဂတ်ဟုဆိုရန်ရှိ၏။ထိုသော်လည်း ဥပါဒ်အားဖြင့်ဂျန့်ကြွမ်းစွာဖြစ်ခြင်းမရှိ အလွန်သိမ်မွေ့စွာနူးညံ့စွာဖြစ်သဖြင့်၊ဖြစ်ပေါ်လာသော ပစ္စုပ္ပန်ဟုမဆိုထိုက်သည်ဖြစ်၍၊ဖြစ်ပြီးဖြစ်လတ္တံ့ဖြစ်သော်လည်းစင်စစ်အတိတ်အနာဂတ်ဟူ၍လည်းမချမဆိုထိုက်မဆိုသင့်သည်ကိုရည်သဖြင့်။နဝတ္တဗ္ဗာပစ္စုပ္ပန္နာရမ္မဏာတိပိ။ ပ။အနာဂတာရမ္မဏာတိပိကို မိန့်သတည်း။ ။ယတ္ထအာသတ်ာ၊တတ္ထပဋိသေဓော ဟု သဒ္ဒလက္ခဏာလာသည့်အတိုင်း၊ ပစ္စုပ္ပန် စသည်ဆိုရန်အကြောင်းတစိတ်ရှိသောကြောင့် ယင်းလျဉ်းပါးဘွယ်ကိုပယ်လို၍နဝတ္တဗ္ဗံဟုဆိုရသည်မှတ်။ ။အပြာဟ္ဗတောဒအနုသောာစသည်ကဲ့သို့တည်း။ ။

ယေစိဝ ပဇဟန္တိ ကာမရာဂံ၊ဘဝရာဂါနုသယဉ္စ မောဟံ။
န စ တေ ပုန ဥပေန္တိ၊ပရိနိဗ္ဗာနဂတာ သီတိဘူတာ။ ။

ယေ၊ အကြင်သူတို့သည်။ ဣဓ၊ ဤခန္ဓာကိုယ်၌။ ကာမရာဂံ၊ ကာမတဏှာကို၊ ပဇဟန္တိ၊ စွန့်နိုင်ကုန်၏။တေ၊ထိုကာမဂုဏ်ငါးပါး၌တပ်ခြင်းကိုစွန့်နိုင်ကုန်သူတို့သည်။ ဘဝရာဂါနုသယဉ္စ၊ ဘဝရာဂါနုသယကိုလည်းကောင်း။ မောဟဉ္စ၊ မောဟကိုလည်းကောင်း၊ ပဟာယ၊ ပယ်နိုင်ပြန်ကုန်သည်ဖြစ်၍။ ပရိနိဗ္ဗာနဂတာ သီတိဘူတာ၊ငြိမ်းခြင်း နိဗ္ဗာန်သို့ရောက်ကုန်သည်ဖြစ်၍၊ဝါ၊ငြိမ်းချမ်းခြင်းဟူသော အသခ်တဓာတ်နိဗ္ဗာန်၌တည်နေကုန်သည်ဖြစ်၍၊ ပုန၊တဖန်၊ဂဗ္ဘသေယျ၊ပဋိသန္ဓေနေရခြင်းသို့၊ နဥပေန္တိ၊ မကပ်ရကုန်။ ။ဤသို့ ဓမ္မသင်္ဂဟပါဠိတော်။ ခံအင်္ဂါတွင် လာသော စကားတော်မြတ်သည်။သီတိဘဝိဿန္တိ၊သီတိဘာဝံသန္တိကာတုံ၊ သီတိဘူတော၊ ဤသို့လာသော ဣတိဝုတ်ပါဠိတော် အင်္ဂုတ္တိုရ်ပါဠိတော်စသည်တို့နှင့်တပြေးဘည်း။ ငြိမ်းခြင်းသဘောသည် နိဗ္ဗာန်မည်၏ဟု ပြနိုင်သောပါဠိချည်းတည်း။ ။

ဘဝနိရောဓောတိနိဗ္ဗာနံဟု ဥပရိပဏ္ဏာသအဋ္ဌကထာ၌လာသောစကားသည်လည်း၊ ဘဝ၏ချုပ်ခြင်းကိုနိဗ္ဗာန်ဆိုလိုသည်မဟုတ်။ ဘဝ၏ချုပ်ရာ၊ ဤသိတသဘာဝလက္ခဏာရှိသော အသခ်တဓာတ်ကိုဆိုသည်မှတ်။ ။

ဘဝေါနိရုဇ္ဈတိဧတ္ထာတိဘဝနိရောဓော။ • ။ဝစနတ္ထပြု။ ။ဘဝ၏ချုပ်ရာဟူသည်လည်း။ထိုထိုရဟန္တာတို့ပရိနိဗ္ဗာန်ပြုရာ ရတိကျုံရာအရပ်ဝယ် ဖြစ်

ပေါ်လာရောက်လာသောဖေးမြခြင်းသိတိဘာဝလက္ခဏာရှိသော။ ဝါ။ငြိမ်းဖေးခြင်းဟူသော အသဘာခါတ်ပင်တည်း။ ။တတ္ထသဉပါဒိသေသနိဗ္ဗာနပတ္တိယာ ကိလေသေနနိဒ္ဒုက္ခတာ။ အနုပါဒိသေသနိဗ္ဗာနပတ္တိယာ ဝိပါကဒုက္ခေနနိဒ္ဒုက္ခတာ။ ။တတ္ထ၊ထိုနိဗ္ဗာန်နှစ်ပါးတို့တွင်။သဉပါဒိသေသနိဗ္ဗာနပတ္တိယာ၊ ကိလေသာကုန်ခြင်း မရှိခြင်းဟူသော သဉပါဒိသေသနိဗ္ဗာန်၊ အရဟတ္တဖိုလ်ဟူသော သဉပါဒိသေသ နိဗ္ဗာန်သို့ ရောက်ခြင်းကြောင့်။ ကိလေသေန၊ကိလေသာဖြင့်။ နိဒ္ဒုက္ခတာ၊ မဆင်းရဲနိုင်သည်အဖြစ်သည်။ ဟောတိ၊ ဖြစ်၏၊ အနုပါဒိသေသနိဗ္ဗာနပတ္တိယာ၊ အသဘာတခါတ်ဟူသော အနုပါဒိသေသနိဗ္ဗာန်သို့ရောက်ခြင်းကြောင့်၊ ဝိပါကဒုက္ခေန၊ အဘိသင်္ခါရဟူသောကံ၏အကျိုးဖြစ်သော၊ ပဋိသန္ဓေအဘန်တလဲလဲနေရခြင်းဟူသော ဝိပါက် နာမက္ခန္ဓာနှင့် စပ်၍ဖြစ်သော အသုံးစုံသော ခန္ဓာငါးပါး ဒုက္ခဖြင့်။ နိဒ္ဒုက္ခတာ၊ ဆင်းရဲမှ နိုင်ခြင်းသည်။ ဟောတိ၊ ၏။ ။ဤမဏ္ဍိမပဏ္ဏာသဋီကာ။ခဝ်၊ခဲအင်္ဂါတွင်လာသည့်အရ။သဉပါဒိသေသနိဗ္ဗာန်သို့ရောက်သည်ဟူရာဝယ်၊အရဟတ္တဖိုလ်ရသည့်သူပုဂ္ဂိုလ်က။အလွတ်သက်သက်အရပ်တပါး၌ တည်နေသော သဉပါဒိသေသနိဗ္ဗာန် ဟူသည်သို့ ရောက်သည်မဟုတ်။ထိုသဉပါဒိသေသနိဗ္ဗာန်ဟူသောအရဟတ္တဖိုလ်က။ရဟန္တာပုဂ္ဂိုလ်သန္တာန်သို့ရောက်လာသည်ကိုပင်ရဟန္တာပုဂ္ဂိုလ်သဉပါဒိသေသနိဗ္ဗာန်သို့ ရောက်သည်ဟု ဆိုအပ်သကဲ့သို့။ အနုပါဒိသေသနိဗ္ဗာန်သို့ ရောက်သည်ဟူရာ၌လည်း။ ပရိနိဗ္ဗုတပုဂ္ဂိုလ်က။ အလွတ်သက်သက် အရပ်တပါး၌ တည်နေသော အနုပါဒိသေသနိဗ္ဗာန် ဟူသည်သို့ ရောက်သည်မဟုတ်၊ ထိုအနုပါဒိသေသနိဗ္ဗာန်က၊ ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်အား စောင့်ရှောက်သောအားဖြင့်။ ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်၏တည်ရာဖြစ်၍ ပေါ်ရောက်လာသည်ကိုပင် ဆိုသည်ဟု သိအပ်၏။ သင်္ခတသဘောရှိသော အရဟတ္တဖိုလ်ဟူသော သဉပါဒိသေသ နိဗ္ဗာန်သည်။ သင်္ခတသဘောရှိသော ရဟန္တာ၏ ခန္ဓာသန္တာန်၌ ရောက်လာသည်အခါ၊ ဥပါဒ်အားဖြင့်ထင်ရှားရောက်လာသည်။ အသင်္ခတသဘောရှိသော အနုပါဒိသေသနိဗ္ဗာန်မူကား၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်အား စောင့်ရှောက်သောအားဖြင့် ပေါ်ရောက်လာသည့်အခါ၊ အလွန်နက်နဲနူးညံ့သိမ်မွေ့စွာ ရောက်လာသည်ဖြစ်၍၊ ဥပါဒ်ဖြစ်အားဖြင့် ဖြစ်ပေါ်လာသည်ဟု မဆိုလောက်ချုံမျှသောသူးသည်၊ပုဂ္ဂိုလ်သန္တာန်နှင့်စပ်၍ ဖြစ်ရောက်လာခြင်းမူကား အတူတူသာမသမသာတည်းဟုသိကြကုန်။ဤအနက်

သဘောကိုပင်ရည်၍။ နိဗ္ဗာနံဝိဓဇ္ဈပဋိဗဒ္ဓမေဝ ဟု ယခင်အနက်နှင့်တကွ ညွှန်းပြအပ်ခဲ့ပြီးသောဝိသုဒ္ဓိမဂ်ဋီကာသျှင်မိန့်အပ်သတည်း၊ ။ထို့ကြောင့် ယင်းအသင်္ခတဓာတ်နိဗ္ဗာန်ဟူသည်။ အကြင်အကြင်အခါ၌ အကြင် အကြင်ရဟန္တာပုဂ္ဂိုလ်တို့ပရိနိဗ္ဗာန်ပြု၏၊ ထိုထိုအခါ၌ ထိုထိုပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့နှင့်စပ်၍ ထင်ရှားရှိသည်။ ထိုပရိနိဗ္ဗုတသခင် နိဗ္ဗာန်ဝင်သွားကြ သူတို့လည်း၊ ထိုမိမိတို့နှင့်စပ်၍ ဖြစ်ရောက်လာသော အသင်္ခတဓာတ် နိဗ္ဗာန်မြတ်၌ တည်စံနေကြရသည်ဟုမှတ်အပ်၏၊ ယင်းသို့နိဗ္ဗာန်ဟူသည် ပရိနိဗ္ဗုတပုဂ္ဂိုလ် ပရိနိဗ္ဗာန်စံနေရာအရပ်တိုင်းမှာပင် ရှိနေသည့်သဘောကို ရည်တော်မူ၍၊ ပုဂ္ဂလိကဝိသာဝိသုဟိအသင်္ခတဝိသယံနိဗ္ဗာနံနတ္ထိဘိနဝတ္တဗ္ဗံ ဟု မူလပဏ္ဏာသအဋ္ဌကထာ၊ ဟောဒအင်္ဂါ၌ မိန့်အပ်သတည်း၊ ။ပုဂ္ဂလိက ဝိသာဝိသု၊ အရှေ့အရပ်အစရှိသည်တို့တွင်။ အသင်္ခတဝိသယံ၊ ဤမည်သော အရပ်၌၊ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်၊ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့၊ နဝတ္တဗ္ဗံ၊ မဆိုသင့်။ ။ ဤကားရင်းအဋ္ဌကထာယောဇနာ၊ ။ပရိနိဗ္ဗုတပုဂ္ဂိုလ်ဟူက ထိုထိုအရပ် ရှစ်မျက်နှာတို့၌ ပရိနိဗ္ဗာန်စံဝင်ကြဘူးသည်သာဖြစ်၍၊ နိဗ္ဗာန်သည်လည်း ထိုထိုအရပ်၌ ထိုပရိနိဗ္ဗာန်စံသူတို့နှင့်စပ်၍ ရှိရသည်ချည်း ဖြစ်ရကား၊ အသင်္ခတဝိသယံ နိဗ္ဗာနံနတ္ထိဘိ နဝတ္တဗ္ဗံ ဟု ရင်းအဋ္ဌကထာဆရာ မိန့်ဆို တော်မူသည်မှတ်၊ ။ဤအဋ္ဌကထာစကားသည်လည်း၊ ။ဇာမသိဒ္ဓိယော ဝ ကထဉ္စဝ ရေဇျာမဓမ္မေသာသညိ၌ သမနကောလောကဓမ္မ ပ လောကနိရောဓ ဓမ္မ ဟူသောအောက်၌ညွှန်းပြအပ်ခဲ့ပြီးသောသဂါထာဝဂ္ဂသံယုတ်ပါဠိတော် စတုက္ကင်္ဂုတ္တရပါဠိတော်နှင့် သင့်လျော်သည်သာဖြစ်၏၊ ထိုစကားသည်မှန် ၏၊ ထိုပါဠိတော်တို့၌၊ လောကနိရောဓဟူသောနိဗ္ဗာန်ဟူသည် အခြား တပါး၌ဖြစ်သည်ရှိသည်ဟူ၍ ငါဘုရားပညတ်တော်မမူ၊ ပရိနိဗ္ဗုတပုဂ္ဂိုလ် ခန္ဓာဘည်းဟူသော ဤလောက၌ပင် ငါပညတ်တော်မူသည်ဟုဟောတော် မူသဖြင့်ပင်။ ယင်းနိဗ္ဗာန်ဟူသော လောကနိရောဓသည် မည်သည့်အရပ် အမှတ်မရှိ ယင်းလောက ဟူသော ခန္ဓာငါးဝချုပ်ကြရာ ပရိနိဗ္ဗုတ ရဟန္တာ အသျှင်တို့ တည်ရာ၌ပင်၊ ယင်းပရိနိဗ္ဗုတရဟန္တာကို တည်ရာ ဝိသယကဲ့သို့ပြု၍ဖြစ်နေသည်ဟူသောအနက်ကို၊ အဓိပ္ပာယ်သိဥ္စနည်းအားဖြင့် ပြအပ်သောကြောင့်၊ ယင်းပရိနိဗ္ဗုတပုဂ္ဂိုလ်ဟူကသည်း အမှတ်မရှိ အရပ် ဆယ်မျက်နှာ၌ပင် အသီးအသီး ပရိနိဗ္ဗာန်စံသူကြသည်ဖြစ်သောကြောင့်၊ နိဗ္ဗာန်ဟူကသည်း နိဗ္ဗာန်ရောက်သူနှင့်သာစပ်၍ဖြစ်ရသောကြောင့်၊ ယင်း

အသုကာဒိသာသံနိဗ္ဗာနံနတ္ထိတိ နဝတ္တဗ္ဗံ ဟူသော အဋ္ဌကထာစကားသည်။ ဤင်းသဂါထာဝဂ္ဂသံယုတ်ပါဠိတော်စသည်တို့နှင့်လည်းလျော်လှပေသည်ဟု သိအပ်သတည်း။ ။

သဗ္ဗသင်္ခါရတော ဗဟိဘူတံနိဗ္ဗာနံ ဟူသော ဥပရိပဏ္ဏာသဋီကာ။ တာသံပရာဘဝေ နိဗ္ဗာနေတိဋ္ဌေယျ ဟူသော နေတ္တိအဋ္ဌကထာစသည် တို့၌။နိဗ္ဗာန်ဟူက တောဘူမိက သင်္ခါရတရားတို့မှ ပြင်ဘက်အပဖြစ်သည် ဟူရာ၌လည်း။ ဘုံသုံးပါး၏အထက်အောက် အဇ္ဈတ္တကာသကောင်းကင်၌ တည်သည်ဆိုလိုသည်မဟုတ်၊ဤခန္ဓာငါးပါးဟူသော သင်္ခါရ၏ပြင်ဘက် အပဆိုလိုသည်၊ခန္ဓာငါးပါး၏ပြင်ဘက်ဟူသည်လည်း၊ ထိုအနုပါဒိသေသ နိဗ္ဗာန်သည်။ပရိနိဗ္ဗုတ္တပုဂ္ဂိုလ်တို့၏သန္တာန်ကိုတည်ရာဝိသယကဲ့သို့ပြု၍ဖြစ် ပေါ်လာသော်လည်း။ အရဟတ္တဖိုလ်ဟူသော သဥပါဒိသေသနိဗ္ဗာန်သည် ရဟန္တာပုဂ္ဂိုလ်သန္တာန်၌ ဟဒယဝတ္ထုကိုမှီ၍စွဲ၍ဖြစ်ရသကဲ့သို့၊ ပရိနိဗ္ဗုတ္တ ပုဂ္ဂိုလ်သန္တာန်၌ ရုပ်အားဖြင့်စွဲမှီ၍တည်သည်မဟုတ်ရကား။ ထိုပရိနိဗ္ဗုတ္တ ပုဂ္ဂိုလ်အတွင်း၌ဖြစ်သည်မဆိုသိုက်သည်ဖြစ်၍၊ထိုခန္ဓာငါးဝသင်္ခါရတို့၏ ပြင်ပ၌ဖြစ်သည်ဆိုလိုသည်ဟုမှတ်၊ ။နဘူးချုံပင်ပေါ်၌တက်၍နွယ်သော ဆွဲနွယ်ပန်းကို နဘူးချုံကိုစွဲ၍မှီ၍ ပေါက်လာသော်လည်း၊ နဘူးချုံနှင့်အမှု အရာမတူဇာတ်မတူသည်ဖြစ်၍ ထိုနဘူးချုံ၏ အတွင်းသားဟုမဆိုထိုက်။ နဘူးချုံ၏ပြင်သားပြင်ပဟူ၍သာဆိုအပ်သကဲ့သို့တည်း။ ။

နိဗ္ဗာနဓာတုဟိ အညာသုပဘာဝန္တတာရောဂါသုဓောတိဝန္တတာရောဂါ ပရိသုဒ္ဓတာရောဂါပဏ္ဍာရတာရောဂါနတ္ထိ။ ။နိဗ္ဗာနဘော၊နိဗ္ဗာန်ထက်။သုပဘာ ဝန္တတာရောဂါ၊ အလွန်အရောင် ရှိသည်လည်းဖြစ်သော။ သုဓောတိဝန္တ တာရောဂါ၊အလွန်ထွန်းလင်းခြင်းရှိသည်လည်းဖြစ်သော၊ ပရိသုဒ္ဓတာရောဂါ၊ အလွန်သန့်ရှင်း သည်လည်းဖြစ်သော၊ ပဏ္ဍာရတာရောဂါ၊ အလွန် ဖြူစင် သည်လည်းဖြစ်သော။အညော၊တပါးသော။ဓမ္မော၊တရားသည်။နတ္ထိ၊မရှိ။ ။ ဤသို့ မူလပဏ္ဏာသ အဋ္ဌကထာ။ ပောဉ်အင်္ဂါတွင် လာသည်နှင့်အညီ။ ယင်းသို့သော ဒါနသီလဘာဝနာစသော အကြောင်းရင်း အကြောင်းဝေး၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ဟူသော အကြောင်းနီးတို့ကြောင့် ထိုနိဗ္ဗာန် တရားဖြစ်ပေါ်လာသော်လည်း၊ထိုအကြောင်းတို့သည် နိဗ္ဗာန်မပေါ်လာမီက ကွယ်ပျောက်ဘုန်သည်ဖြစ်၍။ထိုအကြောင်းပစ္စယတို့မှ ဟေတုအာရမ္မဏ ဥပနိဿယစသောပစ္စည်းမျိုးတို့ဖြင့်ကျေးဇူးပြုမခံရသောကြောင့်၊အပ္ပစ္စယ

အမည်ရသော ယင်းနိဗ္ဗာန်သည် ထိုအကြောင်းသစ်တ တရားတို့နှင့်ခတူ အမှုကွဲပြား အလွန်ထူးခြားသောအားဖြင့် ဖြစ်ပေါ်လာသည်ဖြစ်၍၊ ယင်း နိဗ္ဗာန်ထက်အရောင်ရှိသော ဖြူစင်သန့်ရှင်းသော တရားမည်သည် မရှိ၊ဟု ဆိုသည့်အတိုင်း။ ယင်းပရိနိဗ္ဗုတအသျှင်တို့၏တည်နေရာ၌။ ငြိမ်းဖေးခြင်း ပရိနိဗ္ဗာယနသီတလသဘောရှိသော။ဝါ၊သဘောဟုဆိုအပ်သော အတုမရှိ အခါခပ်သိမ်းဝင်းဝင်းတောက်၍နေသောနိဗ္ဗာန်ဟူသည် စင်စစ်ကြောန်အမှန် ထင်ရှားရှိ၏၊ထိုသို့ဝင်းဝင်းပြောင်ပြောင်အရောင်တလက်လက်ထွက်သော အားဖြင့်ထင်ရှားရှိသော်လည်း အလွန်နက်နဲထူးဆန်းသော သိမ်မွေ့နူးညံ့ လှသော ˢ အရောင်ဖြစ်၍သော အန္ဓပုထုဇန်တို့ မမြင်မသိနိုင်ကြ ရှိရသည်။ လက်ညှိုးတချောင်းထောင်ကာမျှဖြင့် စကြဝဠာကုဋေတသိန်းလင်းရသော ဖြဟ္မာမင်းကြီးတို့၏ ကိုယ်ရောင်ကိုယ်ဝါကို လူများတို့ ပကတိသက်သက် မမြင်နိုင်။ထိုဖြဟ္မာတို့ကမြင်စေလိုသောစိတ်ဖြင့်ကိုယ်တိုင်ထင်ရှားပြမှသာ မြင်နိုင်သည်ကိုထောက်သဖြင့်၊ ထိုဖြဟ္မာတို့ ကိုယ်ရောင်ထက် အလွန် သိမ်မွေ့သောအရောင်ဖြစ်၍သော မမြင်မသိနိုင်ကြရသည်။ ထိုနိဗ္ဗာန်သည် ဝင်းဝင်းတောက်အရောင်နှင့်တကွ စင်စစ်ကြောန်ထင်ရှားရှိ၏ဟုမှတ်။ ။

ယံကိဉ္စိရာနသုခံဝါ မဂ္ဂသုခံဝါဖလသုခံဝါအတ္ထိ၊ နိဗ္ဗာနံဘတ္တပရမံ၊ နတ္ထိ တတောဥတ္တရိတရံသုခန္တိ။ ။ယံကိဉ္စိ၊အမှတ်မရှိသော၊ရာနသုခံဝါ၊ရာန် ချမ်းသာသည်လည်းကောင်း။မဂ္ဂသုခံဝါ၊ မဂ်ချမ်းသာသည်လည်းကောင်း၊ ဖလသုခံဝါ၊ဖိုလ်ချမ်းသာသည်လည်းကောင်း။အတ္ထိ၊ရှိ၏။တတ္ထ၊ထိုချမ်းသာ တို့ထက်၊ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာသည်။ ပရမံ၊မြတ်၏။ တတော၊ ထိုနိဗ္ဗာန် ချမ်းသာထက်။ ဥတ္တရိတရံ၊လွန်မြတ်သော။ သုခံ၊ချမ်းသာဟူသည်။ နတ္ထိ၊ မရှိ။ ။ဤသို့လာသော ဥပရိပဏ္ဏာသပါဠိတော်နှင့်အညီ။ ရာန်မဂ်ဖိုလ် ချမ်းသာထက်မက နိဗ္ဗာန်ချမ်းသာ၏အလွန်ချမ်းသာသည်အဖြစ်ကို စင်စစ် မှတ်အပ်၏၊ ထိုကြောင့် ဝင်းဝင်းတောက်လျက် အမြဲထင်ရှားတည်သော ရာနသုခမဂ္ဂသုခ ဖလသုခတို့ထက်မက ဖေးမြချမ်းသာရာ အတုမရှသော နိဗ္ဗာန်ချမ်းသာမြတ်ကို မြန်မြန်ရအောင်။ ယင်းသို့သောနိဗ္ဗာန်ကို မြန်မြန် မျက်မှောက်ပြုတဲ့ကြရအောင်။ ရှက်ဆောင်ကြိုးကုတ် အားထုတ်သင့်လှ ကြတော့သည်။အားထုတ်နိုင်ကြပါစေကုန်သတည်း။ ။

နိဗ္ဗာနသစ္ဆိကိရိယာနာမဂ္ဂအေရဟာတ္တဖလံအဓိပ္ပေတံ။တံပိဟိပဋိဂတိ ဌာနဝါနသည်ိတာယတဏှာယ နိက္ခန္တတ္တာနိဗ္ဗာနန္တိ ဝုစ္စတိ။ ဟဿပတ္တိံ၊

ပစ္စဝေက္ခဏာဝါ သန္တိကိရိယာ။ ဣတရဿပန နိဗ္ဗာနဿ အရိယသစ္စ
ဒဿနေန သန္တိကိရိယာသိဒ္ဓါ။ ။နိဗ္ဗာနဿ သန္တိကိရိယာနာမ၊ နိဗ္ဗာန်ကို
မျက်မှောက်ပြုခြင်း မည်သည်ကား။ ဣဓ၊ မင်္ဂလသုတ် ဤတပုဒ်အရာ၌။
အရဟတ္တဖလံ၊အရဟတ္တဖိုလ်ကို။အဓိပ္ပေတံ၊ အလိုရှိအပ်၏။ဟိ၊ဆိုသင့်စွ။
တံပိ၊ထိုအရဟတ္တဖိုလ်ကိုလည်း။ပဉ္စဂတိဌာနဝါနသညိတာယ၊ ဂတိငါးပါး
တို့၏ ဖြစ်ကြောင်း တည်ကြောင်း ဝါနသုံးပါးအပေါင်းဟု ဆိုအပ်သော။
တဏှာယ၊ တဏှာမှ၊ နိက္ခန္တတ္တာ၊ ထွက်မြောက်ရာထွက်မြောက်ကြောင်း
ဖြစ်သောကြောင့်၊ နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍၊ ဝုတ္တံ၊ ဆိုအပ်၏။ တဿ၊
ထိုအရဟတ္တဖိုလ်ဟူသော သဉပါဒိသေသနိဗ္ဗာန်သို့၊ ပတ္တိဝါ၊ ရောက်ခြင်း
သည်လည်းကောင်း။ပစ္စဝေက္ခဏာဝါ၊ဆင်ခြင်နိုင်ခြင်းသည်လည်းကောင်း၊
သန္တိကိရိယာနာမ၊ မျက်မှောက်ပြုသည်မည်၏၊ ဣတရဿပန၊နိဗ္ဗာနဿ၊
အသင်္ခတဓာတ်ဟူသောအနုပါဒိသေသနိဗ္ဗာန်၏ကား။အရိယသစ္စဒဿနေ
နေဝ၊အရိယသစ္စာနဒဿနံဟူသောပုဒ်၏အရ နိရောဓသစ္စာကိုမြင်ခြင်းဖြင့်
ပင်လျှင်။သန္တိကိရိယာ၊မျက်မှောက်ပြုခြင်းသည်၊သိဒ္ဓါ၊ပြီးလေတော့၏။ ။
ဤသို့လာသော ခုဒ္ဒကပါဌအဋ္ဌကထာပါဠ်နှင့်အညီ၊ နိဗ္ဗာန်ကိုမျက်မှောက်
ပြုသည်ဟူရာ၀ယ်၊ အရဟတ္တဖိုလ်ဟူသော သဉပါဒိသေသ နိဗ္ဗာန်ကို
မျက်မှောက်ပြုသည်အရာ၌၊ထိုအရဟတ္တဖိုလ်ကိုရခြင်းပစ္စဝေက္ခဏာဇော
တို့ဖြင့် အာရုံပြုခြင်းတို့ကိုဆိုသည်၊ အနုပါဒိသေသနိဗ္ဗာန်ကိုမျက်မှောက်
ပြုသည်ဟူရာ၌၊ ထိုနိဗ္ဗာန်ကို မဂ်ဖိုလ်တို့ဖြင့် မြင်နိုင်အာရုံပြုနိုင်သည်ကို
ဆိုသည်ဟုမှတ်။ ။

ဣဒမက္ခာတံသက္ကာယနိဿရဏန္တိ ဣဒံအရဟတ္တမဂ္ဂေနစ ဖလေနစ
နိဗ္ဗာနံဒိသွာဌိတဿဘိက္ခုနောပုနသက္ကာယော နတ္ထိတိဥပ္ပန္နံ အရဟတ္တဖလ
သမာပတ္တိစိတ္တံသက္ကာယနိဿရဏန္တိ အက္ခာတံ။ ။ဣဒမက္ခာတံသက္ကာယ
နိဿရဏန္တိ၊ ဟူသည်ကား။ အရဟတ္တမဂ္ဂေနစ၊ အရဟတ္တမဂ်ဖြင့်
လည်းကောင်း။ ဖလေနစ၊အရဟတ္တဖိုလ်ဖြင့်လည်းကောင်း။ နိဗ္ဗာနံ၊နိဗ္ဗာန်
ကို။ဒိသွာ၊မြင်၍၊ ဌိတဿ၊တည်သော။ဘိက္ခုနော၊ ရဟန်းအား။ ပုန၊တဖန်။
သက္ကာယော၊ငါတည်းဟူသော မာနသက္ကာယသည်။ နတ္ထိ၊မရှိ၊ ဣတိ၊ဤသို့
သက္ကာယကိုပယ်နိုင်သောအခါ၌။ ဥပ္ပန္နံ၊ဖြစ်လာသော။ အရဟတ္တဖလ
သမာပတ္တိစိတ္တံ၊ ဤအရဟတ္တဖိုလ်စိတ်ကို။ သက္ကာယနိဿရဏန္တိ၊ ငါဟူ
သောမာနသက္ကာယမှ လုံလုံကြီးထွက်မြောက်ပြီဟူ၍။အက္ခာတံ၊ဟောတော်

မှုအင်ပြီ။ ။ဤသို့သုတ်ပါဠေယျအဋ္ဌကထာ၊ဆံအင်္ဂါတွင်လာသည်ကို
ထောက်သဖြင့်လည်း။ အရဟတ္တမဂ်အရဟတ္တဖိုလ်ရကာမျှဖြင့် နိဗ္ဗာန်ကို
ရသည်မဆိုရသေး။ ပရိနိဗ္ဗာန်ပြုပြီးမှ ရလတ္တံ့သောနိဗ္ဗာန်ကို အာရုံပြုနိုင်
မြင်နိုင်ရုံမျှသာ ရှိသေးသည်ဟူ၍ သိကြကုန်။ ၊အဘ္ဘိဘာဝါဘာဝေန
အနုပကာရကာနမေဝ အဘ္ဘိဘာဝေန ဥပကာရကတာယ အဘ္ဘိပစ္စယ
ဘာဝေါတိနတ္ထိနိဗ္ဗာနဿသဗ္ဗဒါဘာဝိနော အဘ္ဘိပစ္စယတာ အဝိဂတပစ္စယ
တာစ။ ။အဘ္ဘိဘာဝါဘာဝေန၊ထင်ရှားဖြစ်ပြီးသောတရားတို့၏ ထင်ရှား
မရှိခြင်း ချုပ်ခြင်းသို့ ရောက်လေခြင်းကြောင့်။ ဝါ ရောက်သောအခါဝယ်၊
အနုပကာရကာနမေဝ၊ တစုံတခုကျေးဇူးမပြုတတ်ကုန်သော တရားတို့၏
သာလျှင်။ဝါ၊မိမိမရှိသည်အခါကျေးဇူးမပြုနိုင်မိမိရှိတုန်းအခါ၌သာကျေးဇူး
ပြုနိုင်ကုန်သော တရားမျိုးတို့၏သာလျှင်။ အဘ္ဘိဘာဝေန၊ အဘ္ဘိသတ္တိဖြင့်။
ဥပကာရကတာယ၊ကျေးဇူးပြုတတ်သည်၏အဖြစ်၏။ အဘ္ဘိပစ္စယဘာဝေါ၊
အဘ္ဘိပစ္စည်းဖြစ်နိုင်ကြောင်းသည်၊ ဟောတိ၊၏။ဣတိတသ္မာ၊ထိုသို့ထင်ရှား
ဖြစ်လာတတ်သော တရားမျိုးတို့၏ မိမိဖြစ်ပြီးသည်နောက် ပျောက်ချုပ်၍
သွားလျှင် ကျေးဇူးမပြုနိုင်၊ မိမိရှိတုန်းအခါမှသာ ကျေးဇူးပြုနိုင်သော
ပစ္စည်းမျိုးကိုသာ အဘ္ဘိပစ္စည်း ဆိုရသည်၏ အဖြစ်ကြောင့်။ သဗ္ဗဒါ
ဘာဝိနော၊မိမိထင်ရှားဖြစ်လာပြီးနောက် ဘယ်သည့်ကာလမှ ပျောက်ပျက်
ခြင်းမရှိ အမြဲဖြစ်နေလေ့ရှိသော၊ နိဗ္ဗာနဿ၊နိဗ္ဗာန်၏။အဘ္ဘိပစ္စယတာ၊အဘ္ဘိ
ပစ္စည်းဖြစ်စရာအကြောင်းသည်။ နတ္ထိ၊မရှိ။ အဝိဂတပစ္စယတာစ၊အဝိဂတ
ပစ္စည်းဖြစ်စရာအကြောင်းသည်လည်း။ နတ္ထိ၊မရှိ။ ။ဖြစ်ပြီးသည်နောက်
ပျောက်ချုပ်၍ သွားတတ်သော တရားမျိုးတို့၏၊ မချုပ်သေးခင် ကျေးဇူး
ပြုတတ်သည့် တရားကိုသာ အဘ္ဘိပစ္စည်းခေါ်ရသည်။ ထင်ရှားပေါ်လာ
ပြီးနောက် မပျောက်မပျက် အမြဲသဿတဖြစ်နေသည့်တရားမျိုးကို အဘ္ဘိ
ပစ္စည်းမဆိုသင့်သောကြောင့်။ ငြိမ်းဧးခြင်း သဘာဝအားဖြင့် ထင်ရှား
ပေါ်လာပြီးနောက် မပျောက်မပျက် အချင်းခပ်သိမ်းတည်နေသော နိဗ္ဗာန်
တရား၏ ယင်းအဘ္ဘိပစ္စည်းနှင့်မဆိုင်သည်ဖြစ်၍ မိမိကိုအာရုံပြု၍ဖြစ်သော
မဂ်ဖိုလ်စသည်တို့အား အဘ္ဘိပစ္စည်းတပ်သည်ဟု မဆိုထိုက်ဟူလို။ ။
ဤသို့လာသော အဘိဓမ္မတ္ထဝိဘာဝနီဋီကာကိုထောက်သဖြင့်လည်း။နိဗ္ဗာန်
ဟူသည်၏ထင်ရှားရှိသည်၏အဖြစ်၊ ငြိမ်းဧးခြင်းသဘောအားဖြင့်ထင်ရှား

ပေါ်လာပြီးနောက် အချင်းခပ်သိမ်း မပျက်မစီးအမြဲတည်နေသည်၏အဖြစ်ကို စင်စစ်သိအပ် ယုံကြည်အပ်လှတော့၏။ ။

ဘဝနံဘာဝေါ၊ ဝိဇ္ဇမာနတာ ဌာနန္တိ အတ္ထော။ သမ္ဘဒါဝေဘာဝေါ ဝိဇ္ဇမာနဘာဌိဘိ နကာဒါဗိတိသမ္ဘဒါဘာဝေါ။ သောဇတေဿအတ္ထိ၊သမ္ဘဒါဘဝနံ သိလံဝါတိ သမ္ဘဒါဘာဝီ။ ။ဘဝနံ၊ ဖြစ်ခြင်း။ ဘာဝေါ၊ ဖြစ်ခြင်း။ ဝိဇ္ဇမာနတာဌာနံ၊ ထင်ရှားရှိသောအားဖြင့်တည်နေခြင်းတည်း။ ဣတိအတ္ထော၊ ဤကားအနက်၊ သမ္ဘဒါဧဝ၊အခါခပ်သိမ်းသာလျှင်၊ ဘာဝေါ၊ ဖြစ်ခြင်း၊ ဝိဇ္ဇမာနတာဌိတိ၊ ထင်ရှားရှိသောအဖြစ်ဖြင့် တည်ခြင်းတည်း။ နကာဒါစိ၊တရံတခါမျှဘည်သည့်မဟုတ်။(ဗျတိရိက်လှန်)။ဣတိ၊ထို့ကြောင့်။သမ္ဘဒါဘာဝေါ၊ သမ္ဘဒါဘာဝမည်၏။ဧတဿ၊ထိုနိဗ္ဗာန်အား။သော၊ထိုအခါခပ်သိမ်းထင်ရှားရှိသောအားဖြင့် တည်နေခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဝါ၊ တနည်းကား။ ဧတဿ၊ ထိုနိဗ္ဗာန်အား။ သမ္ဘဒါ၊သိမ်း။ ဘဝနံ၊ ဖြစ်ခြင်းဟုဆိုအပ်သော။ သိလံ၊အလေ့သည်။အတ္ထိ၊ရှိ၏။ဣတိ၊ထို့ကြောင့်၊သမ္ဘဒါဘာဝီ၊မည်၏။ ။ ဤသို့လာသောမဏိမဉ္ဇူ။ဖြင့်လည်း။ယင်းဆိုအပ်ခဲ့ပြီးသောအနက်ကိုထင်စွာပြသည်သာလျှင်ဖြစ်၏။ယင်းသို့သော အဘိဓမ္မတ္ထဝိဘာဝနီမဏိမဉ္ဇူ။ကျမ်းတို့၌။နိဗ္ဗာန်တရား၏ထင်ရှားအမြဲတည်၍နေသည်ဟုရာ၌လည်း။ ပရိနိဗ္ဗုတ ပုဂ္ဂိုလ် မရောက်သာခင် ထိုပုဂ္ဂိုလ် တည်ရောက် လာစရာ ဘာသာလျောက်လျား အကြောင်းကင်း၍ ဖြစ်နေ နှင့်သည်ကို ဆိုသည်မဟုတ်။ ပရိနိဗ္ဗာန်စံမည့်ပုဂ္ဂိုလ်ပေါ်လာမှ ထိုပုဂ္ဂိုလ်အားဘေးပေါင်းကင်းစင် ရန်မျိုးကြည်အောင် ကွယ်ကာစောင့်ရှောက်သော အားဖြင့် ထင်ရှား ပေါ်လာပြီးနောက်၊ မပျောက်မပျက် အမြဲတည်နေသည်ကိုသာ ဆိုသည်ဟုမှတ်အပ်၏။ ။ယင်းသို့သောအဓိပ္ပါယ်ကိုယူမှသာလျှင်။ အဘူတမေဝဘူတံဇာတံဟုတွာအတ္ထီတိအဇ္ဈတံ။ ။အဘူတမေဝ၊ တရံတဆစ်မဖြစ်ဘူးသေးဘဲလျက်။ဘူတံဇာတံ၊ဖြစ်ပေါ်လာသည်။ဟုတွာ၊ဖြစ်၍။ အတ္ထိ၊အထင်အရှားအမြဲတည်နေသည်တည်း။ဣတိ၊ ထိုသို့တရံတဆစ်မဖြစ်ဘူးသေးဘဲဖြစ်ပေါ် လာပြီးနောက် မပျောက်မပျက် အမြဲတည်နေသောကြောင့်။ တံ၊ ထိုနိဗ္ဗာန်သည်။အဇ္ဈတံ၊အဇ္ဈတမည်၏။ ။ဤသို့အောက်၌ထုတ်ပြအပ်ခဲ့ပြီးသော သဒ္ဒါယတနသံယုတ်အဋ္ဌကထာနှင့်ညီနိုင်မည်မှတ်။ ။

တဒုဘာယပရိက္ခိန္နာယဌိတိပါဝစအဘာဝတောနဌိတိ။ ။တဒုဘာယပရိက္ခိန္နာယ၊ ထိုဥပါဒ်ဘင်ဖြင့် ပိုင်းခြားအပ်သော။ ဌိတိယာစ၊ ဌီ၏လည်း။

အဘာဝတော၊ မရှိခြင်းကြောင့်။ နဝိဇ္ဇတိ၊ ဝိဇ္ဇမရှိ။ ။ဤသို့လာသောဥဒါန်း
အဋ္ဌကထာပါဌ်၌ နိဗ္ဗာန်ဟူသည် ဖြစ်ခြင်းပျက်ခြင်းဖြင့် ပိုင်းခြားအပ်သော
ပျက်ခြင်းကို ရှေးရှု၍နေသော ဩဠာရိကဘာဝ မရှိသည်ကိုသာ ပြသည်။
လုံးလုံးကြီးအဘာယ်ဂန္တိရ သဘောတရမျှတည်ခြင်းမရှိသည်ကို ဆိုသည်
မဟုတ်၊ အကယ်၍ထိုသို့ဆိုခဲ့လျှင် ယင်းသည် နိဗ္ဗာန်အဘာဝဖြစ်ခဲ့ရာ၏။
အဘာဝဟုဆိုရာရောက်ခဲ့ရာ၏၊ အကယ်၍ဤသို့ဆိုလိုလျှင်လည်း၊ အဘူတ
မေဝ ဘူတံဇာတံဟုတွာ အတ္ထီတိ အဘူတံ- ဟူသော ယခင်အဋ္ဌကထာ
စကားနှင့်အညမညဝိရုဒ္ဓဖြစ်ခဲ့ရာ၏၊ ၊သဗ္ဗဒါဘာဝိနောဟူသောယခင်
အဘိဓမ္မာဝိဘာဝနီဋီကာစကား၌။ အယူမှားသဖြင့်နိဗ္ဗာန်ဟူသည်အစဉ်
ထာဝရအခါခပ်သိမ်းကမ္ဘာကမ္ဘာအမြဲဖြစ်နေသည်ကိုပြဆိုသည်ဟုယူမှား
ခဲ့လျှင်။ ၎င်းဋီကာစကား၏၊ တံပနသဗ္ဗေနသဗ္ဗံအဇာတိဓမ္မတာတိဒဿနတ္ထံ
အဇာတတ္တာဝုတ္တံဟူသောဥဒါန်းအဋ္ဌကထာနှင့်ဝိရုဒ္ဓဖြစ်တော့အံ့၊ ထိုကြောင့်
ယင်းသို့မယောင်မှားမိစေရ။ နိဗ္ဗာန်ဟူသည်အချင်းခပ်သိမ်း ပျောက်လျှား
ဘာသာဖြစ်လာတတ်သည့်တရားမဟုတ်။ ပါရမီအကြောင်းခံသန္တာန်ရှိသူတို့
သန္တာန်၌ဖေးမြခြင်းသဘောအားဖြင့်ပေါ်လာပြီးနောက်မပျောက်မပျက်အမြဲ
တည်နေသည်ဟူ၍ အောက်ကပြဆိုအပ်ခဲ့ပြီးသည့်အတိုင်းသာ ကသိုဏ်း
ကွက်ကျမှတ်ကြကုန်။ ။ထိုထိုလျှဉ်းပါးသွယ်ရှိရာရှိရာတို့၌ လိုက်၍လိုက်၍
ပြဆိုရသဖြင့် ပုနရုတ္တိဒေါသဝိတ္ထာရဒေါသကဲ့သို့ဖြစ်သည်အရာ၌လည်း
ကချဏာယောဂါယံဒေါသောဟုနှလုံးပြု၍ပညာရှိကဝိတို့သည်းခံကြည့်ရှုကြ
ပါစေကုန်သတည်း။ ။

ယဿာ ဝါ အဓိဂမာယ၊ သဗ္ဗကိလေသာနံ ခယော ဘဝေ။
နိဗ္ဗာနမိတိ နိဒ္ဒိဋ္ဌံ၊ နိဗ္ဗာနကုသလေန တံ။ ။

ဝါ၊ တနည်းကား။ ယဿာ၊ အကြင်နိဗ္ဗာနဓာတ်ကို။ အဓိဂမာယ၊ ရအပ်
သည်ရှိသော်။ သဗ္ဗကိလေသာနံ၊ ကိလေသာခပ်သိမ်းတို့၏။ ခယော၊ ကုန်ရ
မပေါ်လာရခြင်းသည်။ ဘဝေ၊ ဖြစ်၏။ တံ၊ ထိုကိလေသာတို့၏မလာနိုင်ရာ
ကုန်ကြီး ကုန်ရာ ဖြစ်သော ဓာတ်သဘော တရားကို။ နိဗ္ဗာနမိတိ၊
အသင်္ခတဓာတ်နိဗ္ဗာန်ဟူ၍။ နိဗ္ဗာနကုသလေန၊ နိဗ္ဗာန်အရာလိမ္မာတော်မူသော
မြတ်စွာဘုရားသည်။ နိဒ္ဒိဋ္ဌံ၊ ညွှန်းပြတော်မူအပ်၏။ ။ဤသို့သောအဘိဓမ္မာ

ဝတာခ အဋ္ဌကထာနှင့်အညီ၊ ကိလေသာတို့၏ ကုန်ခြင်း အဘာဝမျှကို အနုပါဒိသေသနိဗ္ဗာန်မဆို။ ကိလေသာတို့၏ကုန်ရာ သိတသဘာဝရှိသော အသင်္ခတဓာတ်ကိုသာ အနုပါဒိသေသနိဗ္ဗာန်ဆိုသည်မှတ်။ ။

ခယမတ္တံ နနိဗ္ဗာနံ၊ဂန္ထိရာဒိသ ဝါစတော။
အဘာဝဿ ဟိ ကုမ္မာနံ၊လောမဿေဝ အဝါစတာ။ ။

ခယမတ္တံ၊ ရုပ်နာမ်ခန္ဓာ ကိလေသာတို့၏ ကုန်ခြင်းအဘာဝမျှသည်။ နနိဗ္ဗာနံ၊ နိဗ္ဗာန်မဟုတ်။ ကသ္မာ၊ အဘဲ့ကြောင့်နည်းဟူမူကား။ အဿ၊ ထိုနိဗ္ဗာန်၏၊ဂန္ထိရာဒိဿ၊နက်နဲခြင်းအစရှိသောဂုဏ်ကို။ ဝါစတော၊ ဂန္ထိရံ ဒုဒ္ဒသံအစချံ စသည်ဖြင့်ဟောတော်မူခြင်းကြောင့်တည်း။ ဟိ၊ဥပမာကား။ ကုမ္မာနံ၊လိပ်တို့၏။ အဘာဝဿ၊ လုံးလုံးမရှိသော၊ လောမဿ၊ အမွေး၏။ အဝါစတာဣဝ၊ အမွေးဖြူသော အမွေးနက်သော စကားတလုံးဖြစ်အောင် ဆိုဘွယ်မရှိသောအဖြစ်ကဲ့သို့။ အဘာဝဿ၊ လုံးလုံးမရှိသော နိဗ္ဗာန်ကို။ အဝါစတာ၊ ဂန္ထိရံဒုဒ္ဒသံစသည်ဖြင့် ဆိုဘွယ်မရှိနိုင်သော အဖြစ်သည်။ ဘဝေ၊ ဖြစ်ရာ၏။ ။ဤသို့လာသော သဒ္ဒသံခိပ် စကားသည်လည်း။ ဤအဘိဓမ္မာဝတာရစကားနှင့်တသားတည်းပင်တည်း၊ ။နိဗ္ဗာနံသုခုမရူပ ဂတိကန္တိ ဝိညာယတိ။ ။နိဗ္ဗာနံ၊နိဗ္ဗာန်ကို၊သုခုမရူပဂတိကန္တိ၊ဇုဋ္ဌိဘာဝ ပုမ္ဘာဝ ဇီဝိတိန္ဒြိယ စသောသိမ်မွေ့သိခက်သော သုခုမရုပ်နှင့်အလားတူ၏ ဟူ၍၊ဝိညာယတိ၊သိအပ်၏။ ။ဤသို့လာသော အနုဋီကာနှင့်အညီ၊သုခုမရုပ် တို့သည်အလွန်သိမ်မွေ့သိနိုင်ခဲစွာဖြစ်၍ အပရိနိဗ္ဗုတ္တပုဂ္ဂိုလ်တို့၏ အဇ္ဈတ္တ သန္တာန်၌ တည်သကဲ့သို့။ နိဗ္ဗာန်ဟူသည် ပရိနိဗ္ဗုတ္တပုဂ္ဂိုလ်တို့၏ ဗဟိဒ္ဓ သန္တာန်၌ အလွန်နက်နဲ့သိမ်မွေ့စွာ ရှိနေသည်ဟူ၍ မှတ်ကြကုန်၊ ။

ကာရဏောဖလောပစာရံကတွာ နိရောဓပစ္စယောနိရောဓောတိဝုတ္တော။ ။ကာရဏော၊ခန္ဓာငါးပါးချုပ်ကြောင်းဖြစ်သောနိဗ္ဗာန်၌။ဖလောပစာရံကတွာ၊ ခန္ဓာငါးပါး ချုပ်ခြင်းတည်းဟူသောအကျိုး၌ တင်စားခြင်းကိုပြု၍၊ တံဖလံ၊ ထိုခန္ဓာငါးပါးတို့၏ တဝတည်းချုပ်ခြင်းတည်းဟူသောအကျိုးကို။ နိရောဓောတိ၊နိရောဓဟူ၍၊ဝုတ္တော၊ဆိုအပ်၏၊ ။နိရောဓဆိုသော်လည်း ချုပ်ခြင်းဖလကို မယူအပ်။ချုပ်ကြောင်း ကာရဏဖြစ်သော နိဗ္ဗာန်ကိုယူရမည် ဟူလို။ ။ဤသို့လာသော မူလဋီကာစကားသည်လည်း။ နိရောဓပစ္စယော နိရောဓောတိဝုတ္တော ဟူသောပါဌ်ဖြင့်။ နိရောဓပစ္စယဆိုလိုလျက် နိရောဓ

ဟုဆိုကြောင်းနှင့်ယခင်သွန်းပြအပ်ခဲ့ပြီးသောနေတ္တိအဋ္ဌကထာနှင့်ညီလျော်လှပေစွ။ ။

အဘာဝေါဖေဘသ္မိံရောဓသာတိနိရောဓော၊ ။ဘေသ္မိံ၊ထိုနိဗ္ဗာန်၌။ ရောဓဿ၊ ရုပ်နာမ်ခန္ဓာဒုက္ခအိုးကြီးဖြစ်လာခြင်း၏၊ အဘာဝေါ၊ မရှိခြင်းသည်။ဟောတိ၊ဖြစ်၏၊ ဣတိ၊ထိုကြောင့်။ နိရောဓော၊နိရောဓမည်၏။ ။ ဤသို့မူလဋီကာ တနည်းလာသောအလိုအားဖြင့်။ နိရောဓသဒ္ဒါသည်ပင် နိဗ္ဗာန်ကို ရချဲဟောနိုင်သည်ပင်ဖြစ်၍ ဖလူပစာရ မဟုတ် မှတ်အပ်၏။ ။ ယခင်နည်း၌ကြောင်ပါးကြီးဗိဋ္ဌာရပေါ်လာတော့မည်အဟန် ကြောင်ပါးသံကြားကာမျှဖြင့် မူသိကာတို့ မလာဝံ့နိုင် ထွက်ပြေးနှင့် ပျောက်နှင့်ရသဖြင့်။ အသံပေးသော ဗိဋ္ဌာရသည် မူသိကတွေ့ မပေါ်နိုင်လာကြောင်း ဖြစ်သည် ဆိုအပ်သကဲ့သို့။ ဒါနသီလဘာဝနာဝိပဿနာစောမဂ်ဖိုလ် ပရိနိဗ္ဗုတခန္ဓာ ဟူသောအကြောင်းသမ္ဘာရတွေ့ပုံလာသဖြင့်။နိဗ္ဗာန်ရတနာဟူသောအလွန်ငြိမ်းခြင်းဧးမြခြင်း သိဘာဘာဝ သန္တိလက္ခဏာရှိသော နိဗ္ဗာန်ဟူသော ပရမတ္ထတရား ထင်ရှားရောက်လာတော့မည် ရှိသည်အခါ။ ခန္ဓာငါးပါး အသစ်မဖြစ်လာနိုင် စင်းလုံးယိုင်၍သွားနှင့်ရသောကြောင့်။ ယင်းနိဗ္ဗာန်ကို ခန္ဓာငါးဝတို့၏ချုပ်ကြောင်း ကွယ်ပျောက်ကြောင်း မပေါ်လာနိုင်ကြောင်း ဆိုရသည်မှတ်။ ။နိဗ္ဗာန်ပေါ်လာလိုသောကြောင့်ခန္ဓာငါးဝအသစ်မလာ ကွယ်ရသည်။ ခန္ဓာကွယ်သောကြောင့် နိဗ္ဗာန်ပေါ်လာသည်ဟု နသော ဘဂေါ်ပမာကဲ့သို့လည်းမှတ်။ ။

အနုပ္ပါဒေါဝေနိရောဓောအနုပ္ပါဒနိရောဓော။ အာယတိံဘဝါဒီသုအပ္ပဝတ္တိ၊နပနဘင်္ဂေါ။ ။အနုပ္ပါဒေါ၊အသစ်တဘန်မဖြစ်ခြင်းသည်ပင်လျှင်။ နိရောဓော၊ချုပ်ကွယ်သည်မည်၏၊ ဣတိ၊ထိုကြောင့်။ အနုပ္ပါဒနိရောဓော၊ မည်၏၊အာယတိံဘဝါဒီသု၊နောင်ဘဝစသည်တို့၌၊ အပ္ပဝတ္တိ၊အသစ်မဖြစ်ခြင်းကိုရ၏။ နပနဘင်္ဂေါ၊ ဘင်ဂဂိုမရ။ ဝါ၊ဘင်ခဏကို ဤအရာ၌ နိရောဓ မဆို။ ။ဤသို့လာသောယင်းမူလဋီကာအတိုင်း၊ရုပ်နာမ်ခန္ဓာအသစ်မလာခြင်းကို နိရောဓဆိုသည်။ ဘင်ခဏကိုဤအရာ၌ နိရောဓဆိုသည် မဟုတ်။ နိရောဓပစ္စယော နိရောဓောတိဝုစ္စော့ဟူသည်၌လည်း ဤအတိုင်းသာ တည်းဟုသိကြကုန်။ ။ဆက်ဦးအံ့၊အောက်၌သွန်းပြအပ်ခဲ့ပြီးသော ဒါန သီလ ဘာဝနာ ဝိပဿနာ မဂ်ဖိုလ် ပရိနိဗ္ဗုတ္တပုဂ္ဂိုလ် ရုတိခန္ဓာ ဟူသော အကြောင်း သမ္ဘာရတွေ့ပြည့်ပုံမှ အသစ်တခါတ် နိဗ္ဗာန်ရတနာမြတ် ပေါ်

လာသည်ဟူရာ၀ယ် သာဓကအဘယ်ပါနည်းဟူငြားအံ့။ ။ကာရဏေန
ဝိနာသယမေဝနဘူတန္တိအဘူတံ။ ။ကာရဏေန၊ အကြောင်းနှင့်။ဝိနာ၊
ကင်း၍။ သယမေဝ၊ဘာသာပင်လျှင်။ နဘူတံ၊ ဖြစ်ပေါ်လာသည်မဟုတ်။
ဣတိ၊ထိုသို့အကြောင်းကင်း၍လျောက်လျားဘာသာ မဖြစ်ပေါ်လာနိုင်သော
ကြောင့်။ ဝါ၊ အကြောင်းများစွာစုံမှသာ ဖြစ်ပေါ်လာနိုင်သောကြောင့်၊ တံ၊
ထိုနိဗ္ဗာန်သည်။အဘူတံ၊အဘူတမည်၏။ ။ဤသို့အောက်၌ညွှန်းပြအပ်ခဲ့
ပြီးသောဥဒါန်းအဋ္ဌကထာသည်ပင်သာဓကတည်း။ ။

သီလာဒိဂုဏသံယုတ္တဿဟိကဒန္နဘတ္တမတ္တမ္ပိ ပဥ္စရတနမတ္တာယ
ဘူမိယာ ပဏ္ဏသာလမ္ပိကတွာ အနေကာနိ ကပ္ပသဟဿာနိ ဒုဂ္ဂတိဝိနိ
ပါတတောရက္ခတိ။ ပရိယောသာနေ အမတာယ ဓာတုယာ ပရိနိဗ္ဗာန
ပစ္စယောဟောတိ။ ။သီလာဒိဂုဏသံယုတ္တဿ၊ သီလအစရှိသောဂုဏ်
နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား။ ဒိန္နံ၊ပေးလှူအပ်သော။ ကဒန္နဘတ္တမတ္တမ္ပိ၊
တယောက်ချိုမျှသော ဆွမ်းသည်လည်းကောင်း။ ပဥ္စ ရတန မတ္တာယ၊
ငါးတောင်မျှ အတိုင်းအရှည်ရှိသော။ ဘူမိယာ၊ မြေ၌။ ပဏ္ဏသာလံ၊ သစ်
ရွက်မိုးသောကျောင်းငယ်ကို၊ ကတွာ၊ ဆောက်လုပ်၍၊ ဒိန္နံ၊ လှူအပ်သော
အလှူဒါန သည်လည်းကောင်း။ အနေကာနိ၊ များစွာကုန်သော။ ကပ္ပ
သဟဿာနိ၊ အထောင်မကသောကမ္ဘာတို့ပတ်လုံး။ ဒုဂ္ဂတိဝိနိပါတတော၊
အပါယ်လေးဝဒုဂ္ဂတိဘဝသို့မကျရအောင်။ ရက္ခတိ၊ စောင့်ရှောက်နိုင်၏။
ပရိယောသာနေ၊ အဆုံး၌။ အမတာယဓာတုယာ၊ အမတနိဗ္ဗာနဓာတ်ဖြင့်။
ပရိနိဗ္ဗာနပစ္စယော၊ နိဗ္ဗာန်ငြိမ်းစံမြန်းရခြင်း၏အကြောင်းသည်။ဟောတိ၊
ဖြစ်၏။ ။ဤသို့ မူလပဏ္ဏာသအဋ္ဌကထာ။ ဧအင်္ဂါတွင် လာသည်ကို
ထောက်သဖြင့်လည်း ဒါနစသော အကြောင်းပါရမီတို့ကြောင့်သာ နိဗ္ဗာန်
ရတနာဖြစ်ပေါ်လာနိုင်သည်ဟူ၍သိကြကုန်။ ။

ဒါနစသောပါရမီတို့သည်နိဗ္ဗာန်သို့ရောက်ကြောင်းသာဖြစ်သည်။နိဗ္ဗာန်
ဖြစ်ကြောင်းမဟုတ်ဟု ဆိုခဲ့ငြားအံ့။ ယင်းသို့ ပရိနိဗ္ဗုတပုဂ္ဂိုလ်မပေါ်လာမီ
ထိုပုဂ္ဂိုလ်ရောက်စရာ ဘာသာအလျောက် အမြဲဖြစ်နေနှင့်သော နိဗ္ဗာန်
ဟူသည်ရှိတော့သည်မဟုတ်ဟု နောက်ကအဘန်တန်ပြခဲ့ပြီးသောသာဓက
ပါဠိတို့အတိုင်း စိတ်စေတသိက်ချုပ်နိဗ္ဗာန်ဟူသော ပရမတ္ထတရားလေးပါး
လုံးသည်။ အကြောင်းရှိမှ ထိုအကြောင်းကိုပြုသူ ပုဂ္ဂိုလ် သန္တာန်ဝယ်
အကယ်စင်စစ်ဖြစ်ပေါ်လာရသည်ချည်းအတူတူသာမှတ်ကြကုန်။ယင်းသို့

ပေါ်လာသော်လည်း မန်ကျည်းပင်၌မန်ကျည်းပွေးသည် ထိုမန်ကျည်းပင်
အကြောင်းရင်းခံသဖြင့် ထိုမန်ကျည်းပင်နှင့် စင်၍ဖြစ်ပေါ်လာသော်လည်း
ထိုမန်ကျည်းပင် အတွင်းသားနှင့်မစပ်၊ အပေါ်ရံ၌သာ ကင်လျက်တည်
သောကြောင့်။ ထိုမန်ကျည်းပွေးသည် ထိုမန်ကျည်းပင်ပြင်ပ၌တည်သည်
ဆိုအပ်သကဲ့သို့၊ နိဗ္ဗာန်ဟူသည်လည်း ထိုပရိနိဗ္ဗာန်စံမည့်ရဟန္တာပုဂ္ဂိုလ်
ရတိကျသည်အခါ။ ထိုရဟန္တာရတိခန္ဓာနှင့်စပ်သဖြင့်ပေါ်လာသော်လည်း
ထိုရဟန္တာ၏ကိုယ်နှင့်မချုမစပ်။ ထိုခန္ဓာကိုယ်၏အစား ရုပ်၊ဒိသင်္ခါရ၊ဝိညာဉ်
အဖြစ်သို့ ရောက်သည်အခါမှ ထိုနိဗ္ဗာန်ရတနာ ဖြစ်လာသောကြောင့်။
ထိုနိဗ္ဗာန်သည် ထိုသူ၏အတွင်း၌ တည်သည်မဆိုထိုက်သဖြင့်။ ထိုခန္ဓာ
ပြင်ဘက်၌ တည်သည်ဟူ၍ ဆိုအပ်သတည်း။ ။ဤသို့သော အနက်
သဘောကိုရည်တော်မူ၍၊ ယင်းနိဗ္ဗာန်ကို ဧဟိဒ္ဓါမြွာဟူသောမာတိကာ
ပုဒ်၌အရကောက်သင့်သည်ကို အဋ္ဌကထာတို့၌ ဆိုအပ်သည်မှတ်။ ။
ယင်းသို့ဖြစ်လျှင် မဂ်ဖြစ်သည်အခါ ယင်းနိဗ္ဗာန် မပေါ်လာသေးရကား။
ယင်းသို့သောမဂ်သည် နိဗ္ဗာန်ကိုအာရုံပြု၍ ဖြစ်သည်ဟူရာ၌ အဘယ်သို့
အာရုံပြုပါသနည်းဟူမြားအံ့၊ မဂ်လေးပါးကိုရသော ပုဂ္ဂိုလ်တို့ ရဟန္တာ
ဖြစ်ပြီးသည်နောက် ရတိကျရောက်သည့်အခါ၊ ယင်းငြိမ်းဖေးခြင်းကိရိယာ
ဟူသော သန္တိသဘာဝ အသင်္ခတနိဗ္ဗာန်ရတနာ ပေါ်လာလတ္တံ့သည်ကို
တွေဝေခြင်းမရှိ။ ထိုးထွင်း၍ သိနှင့်သည်၏အစွမ်းအားဖြင့် ထိုနိဗ္ဗာန်ကို
ထိုမဂ်တို့အာရုံပြုသည်။ မျက်မှောက်ရှေးရှု ပြုသည်ဟု ဆိုအပ်သတည်း။
ထိုကြောင့် မဏိမပဏ္ဏာသဋီကာ၌။ ။ဝိပဿနာ ဧတံသန္တံ ဧတံပဏီ
တန္တိ အသင်္ခတာယဓာတုယာ စိတ္တံဥပသံဟာရတိ။ မဂ္ဂေါ ပရိနိဗ္ဗာနသန္တိ
ကိရိယာဘိသမယဝသေန အဘိသမေန္တော တတ္ထ လဗ္ဘမာနေ သဗ္ဗေ
ဝိသေသေအာသမ္မောဟတောပဋိဝိဇ္ဈန္တေ့ာတတ္ထ စိတ္တံဥပသံဟာရတိ။ဟူ၍
မိန့်အပ်သတည်း။ ။ဝိပဿနာ၊ဝိပဿနာရှုသောပညာသည်၊ ဧတံ၊ဤငါ
ရလတ္တံ့နိဗ္ဗာန်သည်။ သန္တံ၊ငြိမ်သက်လှ၏။ ဧတံ၊ဤငါရလတ္တံ့နိဗ္ဗာန်သည်။
ပဏီတံ၊ မြတ်လှပေ၏။ ဣတိ၊ ဤသို့သော အခြင်းအရာ အားဖြင့်၊ စိတ္တံ၊
မိမိသမ္ပယုတ် စိတ်ကို။ အသင်္ခတာယ ဓာတုယာ၊ အသင်္ခတ ဓာတ်၌။
ဥပသံဟာရတိ၊ အာရုံပြုနိုင်အောင်ရှေးရှုဆောင်၏။ မဂ္ဂေါ၊ အရိယာမဂ္ဂင်
ရှစ်ပါးသည်။ ဝါ၊ မဂ်လေးပါးသည်။ ပရိနိဗ္ဗာန သန္တိကိရိယာဘိသမယ
ဝသေန၊ ရဟန္တာဖြစ်ပြီးသည့်နောက် ရတိရောက်သည့်အခါဖြစ်လာသော

ပရိနိဗ္ဗာန်ဟုဆိုအပ်သော ငြိမ်းဧးခြင်းကိရိယာကို ထိုးထွင်း၍ သိသည်၏
အစွမ်းအားဖြင့်။ အဘိသမေန္တော၊ ထိုးထွင်း၍ သိသည်ဖြစ်၍။ တတ္ထ၊
ထိုပရိနိဗ္ဗာန်ဟုဆိုအပ်သောသန္တိကိရိယာသဘောဟူသောအသင်္ခတဓာတ်
နိဗ္ဗာန်၌။ လဗ္ဘမာနေ၊ ရသင့်ရထိုက်ကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန်သော။
ဝိသေသေ၊ နိဗ္ဗာန်၏ဂုဏ်အထူးတို့ကို။ အသမ္မောဟတော၊ မတွေဝေသော
အားဖြင့်။ပဋိဝိဇ္ဈန္တော၊တဘာန်ထိုးထွင်း၍သိသည်ဖြစ်၍။တတ္ထ၊ထိုနိဗ္ဗာန်၌။
စိတ္တံ၊မိမိသမ္ပယုတ်စိတ်ကို။ဥပသံဟရတိ၊ အာရုံပြုနိုင်မှန်းတန်းနိုင်အောင်
ရှေးရှုဆောင်၏။ ။ဤကား ဋီကာပါဠ်၏အနက်။ ။ဤကိုထောက်
သဖြင့်လည်း မဂ်သည်နိဗ္ဗာန်ကိုအာရုံပြုသည်ဟူ ရာ၌။သူတပါးတို့ပရိနိဗ္ဗာန်
ဟူသောနိဗ္ဗာန်ကိုအာရုံပြုသည်မဟုတ်။မိမိမှီရာ ပုဂ္ဂိုလ်၌ရောက်လတ္တံ့သော
ပရိနိဗ္ဗာန်ကိုသာအာရုံပြုသည်ဟု နှလုံးမိမိ များများကြီးသတိရှိကြစေကုန်
သတည်း။ ။ဋီကာ၌ အတ္တပရိနိဗ္ဗာန်,ပရပရိနိဗ္ဗာန်ဟုတိုက်ရိုက်မလာ
သော်လည်း။ သမာဓတ္တာယာတိ အတ္တနော သမာဓိအတ္ထာယ အတ္တပရိ
နိဗ္ဗာနတ္ထာယ ပရပရိနိဗ္ဗာနတ္ထာယစသည်ဖြင့်။ အောက်၌ညွှန်းပြအပ်ခဲ့ပြီး
သောမဟာနိဒ္ဒေသအဋ္ဌကထာအတိုင်း။အတ္တပရိနိဗ္ဗာန်ကိုသာ ဤ၌ လိုအပ်
၏ ဟူ၍မှတ်။ ။ဤဋီကာ၌။ ပရိနိဗ္ဗာနသန္တိကိရိယာဘိ သမယဝသေနကို
လှလှကြီးထောက်ဆမိကြလျှင်၊ငြိမ်းဧးခြင်းသန္တိကြိယာဖြစ်ပေါ်လာသည်
ကိုပင် နိဗ္ဗာန်သို့ရောက်သည်ဟုဆိုရသောအဖြစ်။မဂ်ဖိုလ်တို့နိဗ္ဗာန်ကိုအာရုံ
ပြုသည်ဟူရာ၌လည်း ယင်းရဟန္တာပုဂ္ဂိုလ်စုတိနောက် ပေါ်ရောက်လာ
လတ္တံ့သော နိဗ္ဗာန်ဟုဆိုအပ်သောပရိနိဗ္ဗာနသန္တိကြိယာကိုယင်းမဂ်ဖိုလ်
တို့မြော်တမ်း၍ အာရုံပြုနိုင်သည်ကိုပင် ဆိုသတည်းဟု အသည်းစွဲမိကြ
လတ္တံ့။ ။ဤအရာဝယ် ပရိယာယ်ဥပမာသော်ကား။သတ္တဝါတို့ သေခါနီး
အခါ မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇောတို့သည်၊နောင်ဘဝ ခံစားရတ္တံ့
သော နတ်ဘဝ,နတ်ဥယျာဉ်,နတ်ရေကန်,နတ်ဗိမာန်,ဟူသော ဂတိနိမိတ်
ကို အာရုံပြုနိုင်သကဲ့သို့မှတ်။ဤကားသာသနူပမာတည်း။ ။ယခုစားရခါနီး
သုခဘုတ်ထမင်းပွဲကြီး ရောက်လာပြီဟု နား၌ ဆတ်ဆတ် ကြားရသည်
အခါ၊ မျက်စိဖြင့်ပင် ထိုထမင်းပွဲကြီးကို မကြည့်မမြင်ရသေးသော်လည်း
မြင်ရဘိသကဲ့သို့။ ထိုသုခဘုတ် ထမင်းပွဲကြီး၌ စိတ်အဖြေးဝိုက်နိုင် အာရုံ
ပြုနိုင်သကဲ့သို့လည်းမှတ်။ဤကား လောကူပမာတည်း။ ။ဤသို့ပြဆိုအပ်
ခဲ့ပြီးသော မဇ္ဈိမပဏ္ဏာသဋီကာစကားသည်လည်း။ နိဗ္ဗာနေအနာဂတေပိ

စသော ယခင် ညွှန်းပြအပ်ခဲ့ပြီးသော အဘိဓမ္မာဝတာရ သံဝဏ္ဏနာ ဋီကာ စကားနှင့်အဓိပ္ပါယ်သွားတသားတည်းပင်ဟုသိကြကုန်။ ထိုဋီကာ နှစ်စောင်ကို တိုက်၍ကြံကြကုန်။ ထိုဋီကာတို့သည်လည်း။ ရူပေဝေဘိဂ္ဂဝေ သဗ္ဗဝေဒယိဘာနိစသော အထက်၌ ညွှန်းပြလတ္တံ့သော ဇာတိဂုတ်ပါဠိတော်၌။ ရဟန္တာပုဂ္ဂိုလ်: ခန္ဓာကွယ်ချုပ်ပြီးသည့်အခါ ဖြစ်ရောက်လာလတ္တံ့သော ဇေးမြခြင်းသီတိဘာဝသဘောသည် အနုပါဒိသေသ နိဗ္ဗာန်မည်သည်ဟု လာသောစကားတော်။ သမ္မုရာယိကာတိ သမ္မုရာယေခန္ဓဘေဒတော ပရဘာဂေဘာဝ်ဟူသော ၎င်းအဋ္ဌကထာတို့နှင့်လည်းသံသန္ဒနဖြစ်လှပေစွ။ ၎င်းဋီကာနှစ်စောင်တို့နှင့်တကွ ၎င်းဇာတိဂုတ်ပါဠိအဋ္ဌကထာများကို အခါခါ အထပ်ထပ် ကြည့်ရှုမိကြံစည်မိကြလျှင်။ ဤယခုဆိုအပ်ခဲ့ပြီးသော ဂန္ထိရ ကထာစကားရပ်ကို ကျမ်းတတ်ကဝိတို့ ကြပ်ကြပ်ကြီး ဧကန်ယုံကြည်ကြ ကုန်လတ္တံ့။ ။

ကတာ မဓမ္မာအနိဒဿန အပ္ပဋိဃာ။ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော ယဉ္စရူပံ အနိဒဿနအပ္ပဋိဃံ ဓမ္မာယတန ပရိယာပန္နံ အသင်္ခတာစဓာတု"ဣမေဓမ္မာ အနိဒဿန အပ္ပဋိဃာ။ ။ဓမ္မ သင်္ဂဏီပါဠိတော်။ ။၁၁.၈၀.၊ ။ဤဓမ္မသင်္ဂဏီပါဠိတော်အရ အသင်္ခတဓာတ် နိဗ္ဗာန်၏ မြင်လည်းမမြင်ကောင်း၊ ထိခိုက်ကောင်းသောဘာရေးလည်းမဟုတ် သည်ဖြစ်၍၊ အနိဒဿနအပ္ပဋိဃာဓမ္မာဟူသော မာတိကာပုဒ်၌ သွင်းအပ် ကြောင်းကိုဘုရားသျှင်ဟောတော်မူသည်ကိုထောက်သဖြင့်ယင်းနိဗ္ဗာန် ဟူ သည် မမြင်ကောင်းမထိခိုက်ကောင်းသောတရားဖြစ်၍သာ မမြင်ရ မတွေ့ မထိခိုက်ရသည် တမည်မျှသာ။စင်စစ်မှုကားယင်းနိဗ္ဗာန်၏ ထိုထိုပရိနိဗ္ဗာန် ပြုကြသူတို့၏ ပရိနိဗ္ဗာန်စံယူကြရာနေရာအရင်ဆယ်မျက်နှာ၌ပင် ထိုထိုပရိ နိဗ္ဗုတပုဂ္ဂလ၏တည်ရာဖြစ်၍ ထင်ရှားတည်ရှိသည်ဟု မူလပဏ္ဏာသအဋ္ဌ ကထာ ဝိသုဒ္ဓိမဂ်ဋီကာစသောသာကေတို့ဖြင့် အောက်၌ပြဆိုအင်ပြီးသည့် အတိုင်းယုံကြည်သင့်လှတော့၏၊ ။ယထာဇာန္တိယဗဒ္ဓံ ပရပုဂ္ဂလသန္တာနေ ဗဟိဒ္ဓါတိဂုဇ္ဇမာနမ္ပိ တဿအတ္တနောသန္တာနပရိယာပန္နတ္တာနိယကဇ္ဈတ္တမ္ပိ ငံဟောတိ၊ဇေဝံနယေနကေနစိပရိယာယေနနိဗ္ဗာနံအဇ္ဈတ္တံဟောတိ။ ။ဇာန္တိယ ဗဒ္ဓရူပံ၊ ဇာန္တိယဗဒ္ဓရုပ်သည်။ ဝါ၊ အသက်ရှိသောသတ္တဝါတို့၏ ရုပ်သည်။ ပရပုဂ္ဂလသန္တာနေ၊တပါးသောပုဂ္ဂိုလ်၏သန္တာန်၌။ ဗဟိဒ္ဓါတိ၊ဗဟိဒ္ဓါဟူ၍။ ဂုဇ္ဇမာနမ္ပိ၊ဆိုအပ်သော်လည်း။ တဿ၊ထိုရုပ်၏၊ အတ္တနောသန္တာနပရိယာ

ပန္နတ္တာ၊ မိမိသန္တာန်၌ အကျုံးဝင်သည်၏အဖြစ်ကြောင့်။ နိယကဇ္ဈတ္တမ္ပိ၊ နိယကဇ္ဈတ္တသည်လည်း။ဟောတိယတာ၊ဖြစ်သေးသကဲ့သို့၊ ဧဝံ၊ဤအတူ။ နိဗ္ဗာနံ၊နိဗ္ဗာန်သည်။ယေနကေနစိပရိယာယေန၊ တစုံတခုသောပရိယာယ်ဖြင့်၊အဇ္ဈတ္တံ၊အတွင်းသန္တာန်သည်၊နဟောတိ၊မဖြစ်နိုင်။ ။ဤသို့လာသော အဋ္ဌသာလိနီအဋ္ဌကထာနှင့်အညီ၊ နိဗ္ဗာန်ဟူကတစုံတခုသောအခြင်းအရာ ပရိယာယအားဖြင့် အဇ္ဈတ္တမည်သည် မဖြစ်နိုင်၊ ဗဟိဒ္ဓတရား စင်စစ် ဖြစ်သော်လည်း။ပရိနိဗ္ဗုတပုဂ္ဂလကိုလွှတ်၍အလွတ်သက်သက်အပသန္တာန် မှာ ဘာသာအလျောက်၊ဖြစ်နေသော မည်သည်မရှိ။ ပရိနိဗ္ဗုတပုဂ္ဂလ၏ တည်ရာဝိသယဖြစ်၍ ထိုထိုပရိနိဗ္ဗာန် ပြုကြသော ရဟန္တာအသျှင်တို့၏ စုတိကျရောက်ရာနိဗ္ဗာန်စံရာအရပ်၌ပင် ထင်ရှားရှိသည်ကြောင်မှတ်အပ်၏။ ဤအနက်သဘောကို ရည်တော်မူ၍။ အညံရူပံ၊ အညံနိဗ္ဗာနံ၊ အညော ပုဂ္ဂလောတိ နဟောဝံဝတ္တဗ္ဗေ။ ကထာဝတ္ထု ပါဠိတော်ကို ဟောတော်မူ သတည်း။ ။ရူပံ၊ပရိနိဗ္ဗာန်ပြုသောပုဂ္ဂိုလ်၏ရုပ်ဟူသည်။အညံ၊တပါးလော၊ နိဗ္ဗာနံ၊ ထိုပုဂ္ဂိုလ်၏စံရာနိဗ္ဗာန်ဟူသည်။ အညံ၊ တခြားလော။ ပုဂ္ဂလော၊ ပရိနိဗ္ဗာန်ပြုသောပုဂ္ဂိုလ်ဟူသည်။ အညော၊တပါးတခြားလော။ ဣတိ၊ဤသို့ ပုစ္ဆာထုတ်အပ်သည်ရှိသော်။ ဧဝံ၊ ဤသို့။ နဝတ္တဗ္ဗေ၊ မဆိုသင့်မဆိုထိုက်။ ဣတိ၊ဤသို့ဝိသဇ္ဇနာပြုအပ်၏။ ။ဤကား ၎င်းအနက်။ ။တောတောင် သစ်ပင်စသောဗဟိဒ္ဓတရားတို့သည်။ ပုဂ္ဂိုလ်သန္တာန်ကိုလွှတ်၍ အလွတ် သက်သက်၌ ဗဟိဒ္ဓဖြစ်နေ တည်နေသကဲ့သို့။ နိဗ္ဗာန်ဟူသောဗဟိဒ္ဓတရား မှာ၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်ကိုလွှတ်၍ အလွတ်သက်သက် ဗဟိဒ္ဓ၌တည်သည် မဟုတ်ဟူလိုသတတ်။ ။ဗျဂ္ဃိဿ။ ။

နိဗ္ဗာနေ အနာဂတေပိ အဇ္ဈတ္တပဋိသမ္ဘိဒါသိယာ၊ နဝတ္တဗ္ဗာ အတီတာ ရမ္မဏာတိပိ အနာဂတာရမ္မဏာတိပိ ပစ္စုပ္ပန္နာရမ္မဏာတိပီတိ အဇ္ဈတ္တပဋိ သမ္ဘိဒါယနိဗ္ဗာနာရမ္မဏတာဝုတ္တာ။ဒွေ့စအဇ္ဈတ္တာတိသခ်ေပတော ဟောတု ဖလသေဿတံအဓိဝစနံ၊ ဟောတုဖလံဟိ ယသ္မာဟောတုံအနုသာရေန အရိ ယတိအဓိဂမိယတိသမ္ပာပုဏီယတိ၊ တသ္မာအဇ္ဈတ္တာတိဝုစ္စတိ။ ဓမ္မောတိ သခ်ေပတော ပစ္စယသေဿတံအဓိဝစနံ။ သောဟိယသ္မာတံတံအဒ္ဓံဓေရတိ ပဝတ္တေတိ သမ္ပာပုဏိတုံဝါဓေရတိ၊ တသ္မာဓမ္မောတိဝုစ္စတိ။ ။အနာ ဂတေပိ၊ အနာဂတ်သည်းဖြစ်သော။ နိဗ္ဗာနေ၊နိဗ္ဗာန်၌။ အဇ္ဈတ္တပဋိသမ္ဘိဒါ၊ အဇ္ဈတ္တပဋိသမ္ဘိဒါဉာဏ်သည်။ သိယာ၊ဟောတိ၊ဖြစ်၏။ အတီတာရမ္မဏာ

တိပိ၊ အတိတ်နိဗ္ဗာန်ကို အာရုံပြုသည်ဟူ၍ လည်းကောင်း။ အနာဂတာရမ္မဏာတိပိ၊ အနာဂတ်နိဗ္ဗာန်ကိုအာရုံပြုသည်ဟူ၍လည်းကောင်း။ ပစ္စုပ္ပန္နာရမ္မဏာတိပိ၊ ပစ္စုပ္ပန်နိဗ္ဗာန်ကိုအာရုံပြုသည်ဟူ၍လည်းကောင်း။ နဝတ္တဗ္ဗာ၊ မဆိုသင့်။ ဣတိ၊ ဤသို့။ အတ္တပဋိသမ္ဘိဒါယ၊ အတ္တပဋိသမ္ဘိဒါဉာဏ်၏။ နိဗ္ဗာနာရမ္မဏတာ၊ နိဗ္ဗာန်လျှင်အာရုံရှိသည်၏အဖြစ်ကို။ ဝုတ္တာ၊ မိန့်အပ်ပြီ၊ ဧတ္ထစ၊ ဤနိဗ္ဗာန်ဟူသော အရောဝယ် လာသော အတ္တဓမ္မ အရာ၌လည်း။ အတ္ထောတိဧတံနာမံ၊ အတ္ထောဟူသော ဤအမည်သည်ကား။ သင်္ခေပတော၊ အကျဉ်းအားဖြင့်။ ဟေတုဖလဿ၊ အကြောင်း၏အကျိုး၏။ အဓိဝစနံနာမံ၊ အမည်တည်း။ ဟိ၊ မှန်၏။ ဟေတုဖလံ၊ အကြောင်း၏အကျိုးကို၊ ။ ဝုစ္စတိ၌စပ်။ ။ယသ္မာ၊ အကြင့်ကြောင့်။ ဟေတုံ၊ အကြောင်းကို။ အနုသာရေန၊ အစဉ်လျှောက်သဖြင့်။ အရိယတိ အဓိဂမိယတိ သမ္ပာပုဏီယတိ၊ ရောက်အပ်၏။ တသ္မာ၊ ထိုကြောင့်။ အတ္ထောတိ၊ အတ္တဟူ၍။ ဝုစ္စတိ၊ ၏။ ဓမ္မောတိဧတံ၊ ဓမ္မဟူသော ဤအမည်သည်။ သင်္ခေပတော၊ အကျဉ်းအားဖြင့်။ ပစ္စယဿ၊ အကြောင်း၏။ အဓိဝစနံ၊ အမည်တည်း။ ဟိ၊ မှန်၏။ သော၊ ထိုအကြောင်းကို။ ။ ဝုစ္စတိ၌စပ်။ ။ယသ္မာ၊ အကြင့်ကြောင့်။ တံတံအတ္ထံ၊ ထိုထိုသို့သောအကျိုးကို။ ဒဒါတိ ပဝတ္တေတိ၊ ဖြစ်စေတတ်၏။ ဝါ၊ တနည်းကား။ တံတံအတ္ထံ၊ ထိုထိုသို့သောအကျိုးသို့။ သမ္ပာပုဏီတုံ၊ ရောက်ခြင်းငှါ။ ဒဒါတိ၊ ဆောင်တတ်၏။ တသ္မာ၊ ထိုကြောင့်။ ဓမ္မောတိ၊ ဓမ္မဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ဤသို့၊ ၆။ ထောအင်္ဂါတွင်လာသော အဘိဓမ္မာဝတာရသံဝဏ္ဏနာ ဋီကာကြီးတို့ စကားသည်လည်း။ ယခင်အောက်က ပြအပ်ခဲ့ပြီးသော မဏိဒီပမူလဋီကာတို့ အတိုင်း။ နိဗ္ဗာန်ဟူက အကြောင်းတို့သည် ဖြစ်စေအပ်သောအကျိုးတည်း ဟူသောအနက်ကိုပြနိုင်သောစကားပင်တည်းဟုသိ။ ။ထို့ကြောင့် ဒါနသီလ ဘာဝနာ မဂ်ဖိုလ် တရားတို့သည် နိဗ္ဗာန်ကို ဖြစ်စေတတ်သော အကြောင်း။ နိဗ္ဗာန်သည်ကား ထိုအကြောင်းတို့သည် ဖြစ်စေအပ်သော အကျိုးပင်ဆိုသင့်၏ဟုပါဠိအဋ္ဌကထာသာဓကနှင့်တကွ ဧင်းပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ, မဏိဒီပဋီကာ, မူလဋီကာ, အဘိဓမ္မာဝတာရသံဝဏ္ဏနာဋီကာ-ဆရာတော်မြတ်တို့ မိန့်အပ်သော စကားကျအဓိပ္ပါယ်အတိုင်း ယုံကြည်အပ်သည်သာ မှတ်အပ်၏။ ဧင်းအဋ္ဌကထာဋီကာတို့ စကားသည်လည်း။ ကာရဏောနုဝိနာသယမေဝ နဘူတန္တိ အဟူတံ ဟူသော ဥဒါန်းအဋ္ဌကထာနှင့်လည်း သံသန္ဒန ဖြစ်လှပေသလျှင်ကတည်း။ ။ဧင်းဥဒါန်းအဋ္ဌကထာ

စကားသည်လည်း။ ။ဣမေခေါပန သတ္တ ဗောဇ္ဈင်္ဂါ။ပ။ဘာဝိဘာဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ ဟူ၍လာသော သတ္တဂုံတ္တရပါဠိတော်၌။ ဗောဇ္ဈင်ခုနစ်ပါးတို့၏ နိဗ္ဗာန်အလို့ငှါ ဖြစ်၏ဟု မိန့်တော် မူအပ်သော အာဟာရဘာသိတ ဘုရားစကားတော်နှင့်လည်း ညီလျော်လှပေ၏။ ။ထို့ကြောင့်ထိုနိဗ္ဗာန်ကို အပစ္စယအသင်္ခတဆိုရာ ဟူ သမျှဘ်ရှု၍။ လုံးလုံးအကြောင်းကင်းသောကြောင့် အပ္ပစ္စယ အသင်္ခတမည့် သည်ဟု မမှတ်ကြကုန်မူ၍၊ နိဗ္ဗာန်တရားဟူက အလွန်သိမ်မွေ့စွာသော သဏှသုခုမတရဖြစ်သဖြင့်။ အလွန်ရှုန့်ရင်းသော တပါးသော ရုပ်ဝေဒနာ သညာသင်္ခါရဝိညာဏ်ဟူသောသင်္ခတတရားတို့ကဲ့သို့၊ ဟေတုသဟဇာတ စသောပစ္စည်းပစ္စယုပ္ပန်မဆိုထိုက်သည်ကိုသာရည်၍၊ အပစ္စယအသင်္ခတ ဆိုရသည်ဟု အောက်ကဆိုခဲ့ပြီးသောအတိုင်း ဧကန္တယုံကြည်ကြကုန်။ ။ ယင်းသို့ ယုံကြည်ကြသဖြင့်လည်း အသီးအသီး ကိုယ်စီကိုယ်င အား ထုတ်ကြသော မိမိတို့၏ဒါနသီလဘာဝနာစသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသောနိဗ္ဗာန်ရတနာမြတ်၏။ထိုထိုသူတို့အသီးအသီးရအပ်သော နိဗ္ဗာန် အားလျော်စွာ သူ၏နိဗ္ဗာန် ငါ၏နိဗ္ဗာန် ဆိုသင့်တော့သည်သာဟု သာဓကပါဠိတို့နှင့်တကွ၊ စကားစပ်ရာစပ်ရာတို့၌ ပြအင်ပြီးပြအင်လတ္တံ့ သည်များကိုလည်း အထူးယုံကြည်ကြ စေကုန်သတည်း။ ။ယင်းသို့ ဖြစ်သော် သူ၏နိဗ္ဗာန် ငါ၏နိဗ္ဗာန်ဆိုသင့်သောယင်းနိဗ္ဗာန်ဟူသည် တပါး တည်းသာလော, အများရှိသေးသလော ဟူငြားအံ့၊ မုချအားဖြင့်မူကား အသင်္ခတဓာတ်နိဗ္ဗာန်အားဖြင့်တပါးတည်းသာ။ငြိမ်းခြင်းသာမညလက္ခဏာ တူသည်ကို စွဲ၍ ဆိုသော်ကား ဝဇိရဗုဒ္ဓိ ကျမ်းလာ အာရမ္မဏနိဗ္ဗာန်, အာရမ္မဏိကနိဗ္ဗာန်အားဖြင့် ကျမ်းတပါးလာ ကိလေသာမီးတို့မှငြိမ်းခြင်း နိဗ္ဗာန်၊အလုံးစုံသောခန္ဓာဒုက္ခမီးတို့မှငြိမ်းခြင်းနိဗ္ဗာန်၊ ဤဘဝ၌ဖြစ်လာသော နိဗ္ဗာန်၊နောင်တမလွန်၌ဖြစ်လာသည့်နိဗ္ဗာန်၊ သဉပါဒိသေသနိဗ္ဗာန်၊ အနုပါဒိ သေသနိဗ္ဗာန်-စသည်အပြားရှိ၏။ ဤသို့သော အကြောင်းအရာများသည် ဤဆိုလတ္တံ့သောဋီကာဝိတ်ပါဠိတော် အဋ္ဌကထာစသည်တို့ဖြင့် ထင်ရှား လတ္တံ့။ ။

ဒွေမာဘိက္ခဝေနိဗ္ဗာနဓာတုယော။ကတမာဒွေ။ သဉပါဒိသေသာစနိဗ္ဗာန ဓာတုအနုပါဒိသေသာစနိဗ္ဗာနဓာတု။ ကတမာစဘိက္ခဝေသဉပါဒိသေသာ နိဗ္ဗာနဓာတု။ ဣဓဘိက္ခဝေဘိက္ခုအရဟံဟောတိ ခီဏာသဝေါဝုသိတဝါ

ကတကရဏီယော ဩဟိတဘာရော အနုပ္ပတ္တသဒတ္ထော ပရိက္ခီဏဘဝ
သံယောဇနော သမ္မဒညာဝိမုတ္တော။ တဿ တိဋ္ဌန္တေဝ ပဉ္စိန္ဒြိယာနိ။ ယေသံ
အဝိဃာတတ္တာ မနာပါမနာပံ ပစ္စနုဘောတိ။ သုခဒုက္ခံ ပဋိသံဝေဒိယတိ။ တဿ
ယော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ ။အယံ ဝုစ္စတိ ဘိက္ခ
ဝေ သဥပါဒိသေသာ နိဗ္ဗာနဓာတု။ ကတမာ စ ဘိက္ခဝေ အနုပါဒိသေသာ နိဗ္ဗာန
ဓာတု။ ဣဓ ဘိက္ခဝေ ဘိက္ခု အရဟံ ဟောတိ ခီဏာသဝေါ ဝုသိတဝါ ကတ
ကရဏီယော ဩဟိတဘာရော အနုပ္ပတ္တသဒတ္ထော ပရိက္ခီဏဘဝသံယော
ဇနော သမ္မဒညာဝိမုတ္တော။ တဿ ဣဓေဝ ဘိက္ခဝေ သဗ္ဗဝေဒယိတာနိ အနဘိ
နန္ဒိတာနိ သီတိဘဝိဿန္တိ။ အယံ ဝုစ္စတိ ဘိက္ခဝေ အနုပါဒိသေသာ နိဗ္ဗာန
ဓာတု။ ဣမာ ခေါ ဘိက္ခဝေ ဒွေ နိဗ္ဗာနဓာတုယောတိ။ ဧတမတ္ထံ ဘဂဝါ အဝေါ
စ။ တတ္ထေတံ ဣတိ ဝုစ္စတိ။ ။ဒွေ ဣမာ စက္ခုမတာ ပကာသိတာ၊ နိဗ္ဗာနဓာတူ အနိဿိ
တေန တာဒိနာ။ ဧကာ ဟိ ဓာတု ဣဓ ဒိဋ္ဌဓမ္မိကာ၊ သဥပါဒိသေသာ ဘဝနေတ္တိ
သင်္ခယာ။ အနုပါဒိသေသာ ပန သမ္ပရာယိကာ၊ ယမှိ နိရုဇ္ဈန္တိ ဘဝါနိ သဗ္ဗသော။ ။
ယေ ဧတဒညာယ ပဒံ အသင်္ခတံ၊ ဝိမုတ္တစိတ္တာ ဘဝနေတ္တိသင်္ခယာ။ တေ ဓမ္မ
သာရာဓိဂမာ ခယေ ရတာ၊ ပဟံသု တေ သဗ္ဗဘဝါနိ တာဒိနောတိ။ ။အယံပိ
အတ္ထော ဝုတ္တော ဘဂဝတာ ဣတိ မေ သုတန္တိ။ ။ဝုတ္တံ ဟေတံ ဘဂဝတာ၊
ဝုတ္တမရဟတာတိ မေ သုတံ။ ။ဣတိဝုတ်ပါဠိ။ ။

တဿ တိဋ္ဌန္တေဝ ပဉ္စိန္ဒြိယာနီတိ တဿ အရဟတော စရိမဘဝဟေတု
ဘူတံ ကမ္မံ ယာဝ န ခီယတိ တာဝ တိဋ္ဌန္တိယေဝ။ စက္ခာဒီနိ ပဉ္စိန္ဒြိယာနိ အဝိ
ဃာတတ္တာတိ၊ အနုပ္ပါဒနိရောဓဝသေန အနိရုဒ္ဓတ္တာ။ မနာပါမနာပန္တိ ဣဋ္ဌာနိဋ္ဌံ
ရူပါဒိဂေါစရံ။ ပစ္စနုဘောတီတိ ဝိန္ဒတိ ပဋိလဘတိ၊ သုခဒုက္ခံ ပဋိသံဝေဒေတီတိ
ဝိပါကဘူတံ သုခဒုက္ခံ ပဋိသံဝေဒေတိ ဝေဒယတိ ပဋိလဘတိ။ ဧတ္တာ
ဝတာ ဥပါဒိသေသံ ဒဿေတွာ ဣဒါနိ သဥပါဒိသေသနိဗ္ဗာနဓာတုံ ဒဿေတုံ
တဿ ယောတိအာဒိ ဝုတ္တံ။ တတ္ထ တဿာတိ တဿ ဥပါဒိသေသဿ သတော
အရဟတော။ ယော ရာဂက္ခယောတိ ရာဂဿ ခယော ခီဏာကာရော
အဘာဝေါ အစ္စန္တမနုပ္ပါဒေါ။ ဧသ နယော သေသေသုပိ။ ဧတ္တာဝတာ ရာဂါဒိ
ခယော သဥပါဒိသေသာ နိဗ္ဗာနဓာတူတိ ဒဿိတံ ဟောတိ၊ ဣဓေဝါတိ ဣမသ္မိံ
ယေဝ အတ္တဘာဝေ။ သဗ္ဗဝေဒယိတာနီတိ သုခါဒယော သဗ္ဗာ ဝေဒနာ အဗျာကတ
ဝေဒနာ။ ကုသလာကုသလဝေဒနာ ပန ပုဗ္ဗေဝ ပဟီနာတိ၊ အနဘိနန္ဒိ
တာနီတိ တဏှာဒီဟိ အနဘိနန္ဒိတာနိ။ သီတိဘဝိဿန္တီတိ အစ္စန္တဝူပသမေန

သင်္ခါရဒရထပဋိပဿဒ္ဓိယာသီတလီဘာဝိဿန္တိ၊အပ္ပဋိပဿဒ္ဓိကနိရောဓေန
နိရုဇ္ဈိဿန္တီတိအတ္ထော။နကေဝလံဝေဒယိတာနိယေဝ။သဗ္ဗေပိခီဏာသဝ
သန္တာနေ ပဉ္စက္ခန္ဓာ နိရုဇ္ဈိဿန္တိ။ ဝေဒယိတသီသေန ဒေသနာကတာ။
ဂါထာသု စက္ခုမတာတိ ဗုဒ္ဓစက္ခု ဓမ္မစက္ခု ဒိဗ္ဗစက္ခု ပညာစက္ခု သမန္တ
စက္ခူတိ ပဉ္စဟိစက္ခုမတာ။ အနိဿိတေနာတိတ တဏှာဒိဋ္ဌိနိဿယဝသေန
ကိဉ္စိ ဓမ္မံ အနိဿိတေန။ရာဂဗန္ဓနာဒိဟိဝါနဗန္ဓေန။တာဒိနာတိ ဆဠင်္ဂုပေက္ခာ
ဝသေန သဗ္ဗတ္ထဣဋ္ဌာဒီသု ဧကသဘာဝတာသင်္ခါတေနတာဒိလက္ခဏေန
တာဒိနာ။ဒိဋ္ဌဓမ္မိကာတိဣမသ္မိံအတ္တဘာဝေဘဝါဝတ္တမာနာ။ဘဝနေတ္တိသင်္
ခယာတိဘဝနေတ္တိယာတဏှာယ ပရိက္ခယာ။သမ္ပရာယိကာတိ သမ္ပရာယေ
ခန္ဓဘေဒတော ပရဘာဂေဘဝါ။ ယမှိဘဝါနီတိယသ္မိံ အနုပါဒိသေသနိဗ္ဗာ
နေ။ ဘဝါနီတိလိင်္ဂဝိပလ္လာသေနဝုတ္တံ။ ဥပပတ္တိဘဝါ သဗ္ဗသောအနဝသေသာ
နိရုဇ္ဈန္တိနပ္ပဝတ္တန္တိ။တေတိတေဧဝံဝိမုတ္တစိတ္တာ။ ဓမ္မသာရာဓိဂမာတိဝိမုတ္တိ
သာရတ္တာ ဣမဿဓမ္မဝိနယဿဓမ္မေသုသာရဘူတဿအရဟတ္တဿ အဓိ
ဂမာ။ ခယေတိရာဂါဒီနံခယဘူတေနိဗ္ဗာနေ။ ရတာအဘိရတာ။ အထ
ဝါနိစ္စဘာဝတောစသဘာဝဓမ္မေသု သာရတ္တာဓမ္မသာရံ နိဗ္ဗာနံ။ ဝုတ္တဉှေတံ၊
ဝိရာဂေါသေဋ္ဌောဓမ္မာနံ ဝိရာဂေါ သော တေသံ အဂ္ဂမက္ခာယတီတိ။တဿ
ဓမ္မသာရဿအဓိဂမဟေတုခယေသဗ္ဗသင်္ခါရပရိက္ခယေ အနုပါဒိသေသ
နိဗ္ဗာနေရတာ။ ပဟံသူတိပဇဟိံသု။ တေတိနိပါတမတ္တံ။ သေသံဝုတ္တနယ
မေဝ။ ။သတ္တမသုတ္တံ။ ။ဣတိဝုတ်အဋ္ဌကထာ။ ။၇။ ။

ဤဣတိဝုတ်ပါဠိတော်အဋ္ဌကထာတို့၌ ရာဂစသော ကိလေသာမီးတို့၏
ကုန်ခန်းခြင်း ဒိဋ္ဌာကာရ ကိလေသာတို့၏ အဘာဝကို သဥပါဒိသေသ
နိဗ္ဗာနဓာတ်ဟူ၍မိန့်တော်မူသည်၏အဖြစ်ကို ဆတ်ဆတ်သိအပ်၏။ ။
သဥပါဒိသေသာနိဗ္ဗာနဓာတုဝိဇ္ဇာ။ ။ဟူသော နေတ္တိပါဠိတော်။ ။
သဥပါဒိသေသာနိဗ္ဗာနဓာတူတိ အရဟတ္တဖလံအဓိပ္ပေတံ။ တဉ္စပညာပဓာ
နတ္တာအာဟသဥပါဒိသေသနိဗ္ဗာနဓာတုဝိဇ္ဇာတိ။ ။ဟူသော နေတ္တိအဋ္ဌ
ကထာပါဠိတို့၌ကား အရဟတ္တဖိုလ်ကိုလည်း သဥပါဒိသေသနိဗ္ဗာန် ဆို
တော်မူသည်ဟု မှတ်သိအပ်၏။ ။နိရောဓောပိဧကောပိဓောအသင်္ခတဓာတု
ဘာဝတော။ ပရိယာယေန ပန ဒုဝိဓော သဥပါဒိသေသ အနုပါဒိသေသ
ဝသေန၊ ။သမ္မောဟဝိနောဒနီအဋ္ဌကထာ။ ။ပရိယာယဝသေနဘေ
ဒေါပိဘေဒေါယေဝါတိကတွာသဥပါဒိသေသာဒိဘေဒေါဝုတ္တော။ ။အနု

ဋီကာ၊ ။ဤသမ္မောအဋ္ဌကထာအနုဋီကာပါဌ်တို့၌ အသင်္ခတဓာတ်တပါး ကိုပင် ပရိယာယအားဖြင့် သဥပါဒိသေသအနုပါဒိသေသနိဗ္ဗာန်ဆိုသည်၏ အဖြစ်ကို သိအပ်၏။ ။အာသဝါဒိဏာတိ ဇုမိနာ တောယဂမနဒဿန သမ္ဗန္ဓိယာ အာသဝက္ခယသညိတာယ ပဌမာနိဗ္ဗာနဓာတု ပုစ္ဆိတာ။ နဋ္ဌိ ပုနဘဝေါတိဇုမိနာ ဒုတိယာနိဗ္ဗာနဓာတုပဋ္ဌိ။ ။သုတ္တနိပါတ် အဋ္ဌကထာ ပောမဝတသုတ်ဘွင့်။ ။ရှု။ ။ဤသုတ္တနိပါတ်အဋ္ဌကထာ၌ အာသဝက္ခယ သညိတာယကိုထောက်သဖြင့် အာသဝေါတရားတို့၏ ကုန်ခြင်းဟုသမုတ် အပ်သောကိလေသာတို့၏ အဘာဝကို သဥပါဒိသေသနိဗ္ဗာန်ဆိုသည်၏ အဖြစ်ကိုသိသာ၏။ ။အသေသံပရိနိဗ္ဗုတ္တိတိအချဟတ္ထမဂ္ဂေနအသေသံ ရာဂဂ္ဂိအာဒိ နိဗ္ဗုပေတွာ သဥပါဒိသေသာယ နိဗ္ဗာနဓာတုယံ ဌိတာ။ ပ။ စရိမကစိတ္တနိရောဓေန အနုပါဒိသေသာယနိဗ္ဗာနဓာတုယာအသေသံ ပရိ နိဗ္ဗုတ္တံ။ ။ဇုတိဝုတ်အဋ္ဌကထာ။ ။ဏဲ။ ။ဤဇုတိဝုတ်အဋ္ဌကထာပါဌ် ၌လည်း၊ သဥပါဒိသေသာယနိဗ္ဗာနဓာတုယံဌိတာဆိုသည်ကိုထောက်သ ဖြင့်၊ ပရိနိဗ္ဗာန်မပြုသေးခင် အသင်္ခတဓာတ်၌ တည်ခြင်းမရှိရကား၊ ယခင် အတိုင်း ကိလေသာတို့၏ကုန်ခြင်း ခိဏာကာရအဘာဝအချဟတ္ထဖလတို့ ကို သဥပါဒိသေသနိဗ္ဗာန်ဆိုသည်ဟုသိအပ်၏။ ။ဥပါဒါနေဟိဥပါဒိယ တီတိဥပါဒိ၊ ဥပါဒါနက္ခန္ဓပဉ္စကံ။ တံနိဿရဏာဘူတံနိဗ္ဗာနံ၊ တဿ ပူပသမော တံသန္တိတိကတွာ တဿ ယာဝပန္တိမစိတ္တံ တာဝသေသတံ တဘောပရံ အနဝသေသံ တဒ္ဒ ဥပါဒါယ သဥပါဒိသေသနိဗ္ဗာနဓာတု အနုပါဒိသေသ နိဗ္ဗာနဓာတူတိဒွိဓာဝေါဟာရိယတိ။ ။ဝိသုဒ္ဓိမဂ်ဋီကာ၊ ။ယူ။ ။ရှင်း အတိုင်း မူလဋီကာ၊ ။ချူ။ ။တဿကိလေသဂူပသမံဥပါဒိသေသဒ္ဒ ဥပါဒါသပညာပနီယတ္တာ သဟဥပါဒိသေသေနပညာပိယတီတိ သဥပါဒိ သေသံ။ယောစဿ သမုဒယပဟာနေန ဥပဘာတာယတံကမ္မဖလစရိမက စိတ္တတောဥဒ္ဓံပဝတ္တိက္ခန္ဓာနံ အနုပ္ပါဒနတော ဥပ္ပန္နာနဉ္စအတ္ထင်္ဂမနတော ဥပါ ဒိသေသာဘာဝေါ တံဥပါဒါယ ပညာပနီယတော နတ္ထိဧတ္ထ ဥပါဒိသေ သောတိ အနုပါဒိသေသံ။ ။ဝိသုဒ္ဓိမဂ်၊ ။ထံ၊ ။ဤဝိသုဒ္ဓိမဂ်၌ ရဲဟန္တာပုဂ္ဂိုလ်၏ကိလေသာငြိမ်းခြင်းကိုစွဲ၍ နိဗ္ဗာန်ဟု၊ ခန္ဓာငါးပါး ကြွင်း ကျန်ရစ်သေးသည်ကိုစွဲ၍ သဥပါဒိသေသဟု၊ နှစ်ရပ်စပ် သဥပါဒိသေသ နိဗ္ဗာန်ဟူ၍ပညတ်အပ်သည်ဟူသောစကားဖြင့်။ ကိလေသာတို့၏ကုန်ခြင်း မရှိခြင်း အဘာဝကို သဥပါဒိသေသ နိဗ္ဗာန် ဆိုသည်ဟု ပြသည်သာ

တည်း။ ။ယာခင်ဝိသုဒ္ဓိမဂ်ဋီကာ မူလဋီကာတို့၌ကား၊ ခန္ဓာငါးပါးမှထွက်မြောက်ခြင်း, ခန္ဓာငါးပါးမီးပူငြိမ်းဧးခြင်း, သန္တိဘာဝကိုစွဲ၍ နိဗ္ဗာန်ဟု၊ ရဟန္တာဖြစ်ပြီးသည်နောက် စုတိစိတ်မရောက်မခြင်း ထိုရဟန္တာ၏ ခန္ဓာငါးပါးကြွင်းသေးသည်ကိုစွဲ၍ သဉပါဒိသေသဟု၊နှစ်ခုစပ် သဉပါဒိသေသ နိဗ္ဗာန်မည်သည်ကို ဆိုသဖြင့်။ ပုဂ္ဂိုလ်၏ သဉပါဒိသေသ အမည်ကို ထို ပုဂ္ဂိုလ်၏ငြိမ်းဧးခြင်းသန္တိလက္ခဏာရှိသော နိဗ္ဗာန်၌ တင်စား၍ အသခ်တဓာတ်ကိုပင်၊ သဉပါဒိသေသအမည်အားဖြင့် ပညတ်အပ်သည်ဟူသော အနက်ကိုပြသည်ဟုသိအပ်၏။ ။တတ္ထသဉပါဒိသေသာယ နိဗ္ဗာနပတ္တိယာ ကိလေသဒုက္ခေန နိဒ္ဒုက္ခတာ။ အနုပါဒိသေသ နိဗ္ဗာနပတ္တိယာ ဝိပါကဒုက္ခေန နိဒ္ဒုက္ခတာ၊ ။မဏ္ဍိမပဏ္ဏာသဋီကာ၊ ။၈၁။ ။၍မဏ္ဍိမပဏ္ဏာသဋီကာ၌လည်း။ ယာခင်ဇာတိဝုတ်ပ ဌိတော်။ ယောရောဂက္ခယောတိ။ပ။ ဇဗ္ဗာဝတာ ရာဂါဒိခယော သဉပါဒိသေသ နိဗ္ဗာနဓာတူတိ ဒဿိတံ ဟောတိ-ဟူသောဇင်းဇာတိဝုတ်အဋ္ဌကထာအတိုင်း၊ကိလေသာတို့၏ငြိမ်းခြင်းမရှိခြင်း အဘာဝကို သဉပါဒိသေသနိဗ္ဗာန်ဆိုသည်၏အဖြစ်ကိုသိအပ်၏။ ။နိဗ္ဗာနန္တိ စေတ္ထ အရဟတ္တဖလံအဓိပ္ပေတံ။တံဟိ ကိလေသနိဗ္ဗာနန္တေ ဇာတတ္တာနိဗ္ဗာနံနာမ။ ။နေတ္တိဋီကာ။ ။၁၅၈။ ။၍နေတ္တိဋီကာ၌လည်းအရဟတ္တဖိုလ်ကို သဉပါဒိသေသနိဗ္ဗာန် ဆိုရသော အရာလည်း ရှိ၏ဟူသော အနက်ကိုပင် ပြသတည်း။ ။နိဗ္ဗာနပဂ္ဂေကိစ္စာပိအသခ်တာယဓာတုယာနိပ္ပရိယာယေန ဝိဘာဂေါနတ္ထိ။ ပရိယာယေနပန သောပါဒိသေသနောပါဒိသေသဘာဝေန နိဒ္ဒိသိတဗ္ဗံ။ ။နေတ္တိအဋ္ဌကထာ။ ။၈၀။ ။၍နေတ္တိအဋ္ဌကထာအလိုအားဖြင့်ကား။ အသခ်တဓာတ်တပါးကိုပင် သဉပါဒိသေသနိဗ္ဗာန်အနုပါဒိသေသနိဗ္ဗာန်ဟု ဆိုအပ်သော အရာလည်း ရှိသေး၏ဟူသော အနက်ကို ပြသတည်း။ ။ဒုဝိဓာဟိနိဗ္ဗာနဓာတု သဉပါဒိသေသာစ အနုပါဒိသေသာစ။ တတ္ထဉပါဒိယတိ အဟံမမာတိဂ္ဂဟိတံ ဂဏှိယတီတိဉပါဒိ၊ ခန္ဓပဉ္စကသေတံ အဓိဝစနံ။ ဉပါဒိယေဝသေသော ဉပါဒိသေသော အဝသိဋ္ဌောတိ ဉပါဒိသေသော၊ သဟဉပါဒိသေသေနဝတ္တတီတိ သဉပါဒိသေသော။ နတ္ထေတ္ထ ဉပါဒိသေသောတိအနုပါဒိသေသော။ ။မဟာနိဒ္ဒေသအဋ္ဌကထာ။ ။ တာ။ ။၍မဟာနိဒ္ဒေသအဋ္ဌကထာ၌။ဒုဝိဓာဟိနိဗ္ဗာနဓာတု ဟု ဗုဒ္ဓအားဖြင့် နိဗ္ဗာနဓာတ်နှစ်ပါးကွဲသည်အရာကိုဆိုသဖြင့်။ ။နိရောဓော ဇေကဝိဓော ယေဝ စသော ယာခင်ထုတ်ပြအပ်ခဲ့ပြီးသောသမ္မောဟဝိနောဒနီအဋ္ဌကထာ

စကားမှတပြား။ ။ဒွေမာဘိက္ခဝေနိဗ္ဗာနဓာတုယော စသော ပါဠိအားဖြင့် သဥပါဒိသေသနိဗ္ဗာနဓာတ် အနုပါဒိသေသနိဗ္ဗာနဓာတ် နှစ်ပါးကွဲပြားသည် ကိုပြဆိုတော်မူသောဣတိဝုတ်ပါဠိတော်ကိုဆောင်၍။ ကိလေသာတို့၏ကုန်ငြိမ်း ခြင်း ခီဏာကာရကိလေသာဘာဝကိုပင် သဥပါဒိသေသနိဗ္ဗာနဓာတ်ဟု မိန့်ဆိုအပ်သည်ဟု သိအပ်၏။ ။ဥပါဒိယတိ ကာမုပါဒါနိဟီတိဥပါဒိ၊ ပဉ္စက္ခန္ဓာသေတံအဓိဝစနံ၊ ဥပါဒိယေဝသေသော ဥပါဒိသေသော၊ တေန သဟဝတ္တတီတိ သဥပါဒိသေသာ၊သာဧဝနိဗ္ဗာနဓာတူတိ သဥပါဒိသေသ နိဗ္ဗာနဓာတု၊ ။ကာရဏပရိယာယေနာတိ သဥပါဒိ သေသာဒိ ပဒေသေန ပညာပနေကာရဏဘူတဿ ဥပါဒိသေသာဘာဝါဘာဝဿ လေသေန။ ။ အဘိဓမ္မတ္ထသင်္ဂဟဋီကာသစ်။ ။ဝတ္တမာနပိ ဥပါဒိယတီတိ ဥပါဒိ ဝုတ္တိ ပဉ္စုပါဒါနက္ခန္ဓာ။ ကိလေသပရိနိဗ္ဗာနဟေတုဘူတာ သဟ ဥပါဒိသေသေန သေသေနခန္ဓေနာတိ သဥပါဒိသေသာ၊ နိဗ္ဗာနဓာတု။ ခန္ဓပရိနိဗ္ဗာနဟေတု တာယ ခန္ဓသေသ ဥပါဒိသေသေန ဝိရဟိတတ္တာ အနုပါဒိသေသာတိ။ ဧဝံကာရဏဝေါဟာရေန ဒွိဓာနိဗ္ဗာနဓာတု ဘာသိတော။ ။အဘိဓမ္မတ္ထ သင်္ဂဟဋီကာဟောင်း။ ။ရင်းဋီကာနှစ်စောင်တို့၌၊ ကာရဏပရိယာယေန ဟူသော အဘိဓမ္မတ္ထသင်္ဂဟကို ဖွင့်ဆိုရင်းဖြစ်၍ ပရိယာယ်အကြောင်း အမြွက်အားဖြင့်သာ သဥပါဒိသေသအနုပါဒိသေသနိဗ္ဗာနဓာတ်ခေါ်ဆိုအပ် သည်ကိုဆိုသဖြင့် အသင်္ခတဓာတ်တပါးတည်းကိုပင် ပရိနိဗ္ဗာန်မပြုသေးခင် ရဟန္တာ ပုဂ္ဂိုလ် ခန္ဓာငါးပါး အကြွင်း ရှိသေး သောကြောင့် ထိုရဟန္တာ ပုဂ္ဂိုလ်၏သဥပါဒိသေသအမည်ကို ထိုရဟန္တာပုဂ္ဂိုလ် ရောက်လတ္တံ့သော ငြိမ်းဖေးခြင်း သန္တိသဘာဝ ဟူသော နိဗ္ဗာန်၌ တင်စား၍ ထိုနိဗ္ဗာန်ကိုပင် သဥပါဒိသေသ ခေါ်ဆိုအပ်သည်ဟု ယခင်ဝိသုဒ္ဓိမဂ်မဟာဋီကာမူလဋီကာ တို့အတိုင်းသာဆိုတော်မူလိုကြသည်ကိုသိအပ်၏။ ။သဥပါဒိသေသာတိ ကိလေသေဟိအဝသိဋ္ဌပဉ္စက္ခန္ဓသဟိတာ၊ ဣဒံဟိပဉ္စက္ခန္ဓသင်္ခါတေနအရိယ ပုဂ္ဂလေနသစ္ဆိကတ္တမ္ပိ သန္တာယဝုတ္တံ၊ တာဒိသာနံ ခန္ဓာနံ နိရုဇ္ဈနံ သန္တာယ အနုပါဒိသေသ နိဗ္ဗာနဓာတူတိ ဝုတ္တံ၊ ။အဘိဓမ္မတ္ထသင်္ဂဟလက်သန်း ဋီကာသင်္ခေပဝဏ္ဏနာ။ ။ဤသင်္ခေပဝဏ္ဏနာ၌လည်း၊ရဟန္တာပုဂ္ဂိုလ်တို့၏ ပရိနိဗ္ဗာန်မပြုခင် ခန္ဓာငါးအင် ရှိသေးသောကြောင့် ရအပ်သော သဥပါဒိ သေသအမည်ကို၊ ထိုပုဂ္ဂိုလ်တို့အာရုံပြုအပ်သောအသင်္ခတဓာတ်နိဗ္ဗာန်၌ တင်စား၍။ ထိုနိဗ္ဗာန်ကို သဥပါဒိသေသနိဗ္ဗာန် ဆိုလိုသောဟုသိ၏။ ။

အနုပါဒိသေသနိဗ္ဗာန်ဟူသည်၌လည်း။ ထိုအသင်္ခတဓာတ်၌ခန္ဓာမရှိသည်ကိုရည်၍ခန္ဓာအကြွင်းမရှိဆိုလိုသည်မဟုတ်။ ထိုနိဗ္ဗာန်ကိုရသူ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ခန္ဓာအကြွင်းမရှိခြင်းကိုထိုပရိနိဗ္ဗာန်၌တင်စား၍။ထိုပရိနိဗ္ဗာန်ကိုခန္ဓာအကြွင်းမရှိဟု ဥပစာရအားဖြင့်ဆိုအပ်သည်ဟူ၍မှတ်။ ။အဘဲ့ကြောင့်နည်းဟူမူကား၊ အသင်္ခတဓာတ် နိဗ္ဗာန်ဟူသည်၏ ပကတိကပင် ခန္ဓာငါးပါးရှိသည်မဟုတ်သည်ဖြစ်၍၊ ထိုနိဗ္ဗာန်၌ ခန္ဓာငါးပါး အကြွင်းရှိမရှိကိုအနည်းငယ်မျှလျဉ်းပါးဘွယ်မရှိ လုံးလုံးကြီးမဆိုမဆိုင်သောကြောင့်တည်း။ ဝါ၊ ရဟန္တာပုဂ္ဂိုလ် ခန္ဓာအကြွင်းရှိစဉ်ရသောနိဗ္ဗာန်၊ ခန္ဓာအကြွင်း မရှိမှရသောနိဗ္ဗာန်ဟုပုဂ္ဂိုလ်နှင့်သာစပ်၍။ ထိုနိဗ္ဗာန်နှစ်ပါး ကွဲပြားရင်းဖြစ်သောကြောင့်တည်း။ ။ဤယုတ္တိသာဓက အာဂမသာဓကမှာ၊ယာခင်ဝိသုဒ္ဓိမဂ်စသည်ကိုလည်း၍ရှု။ ။ဤသို့ကိလေသာတို့၏ကုန်ခြင်း အဘာဝဟူသောသဥပါဒိသေသနိဗ္ဗာန်၊ အရဟတ္တဖိုလ်ဟု ဆိုအပ်သော သဥပါဒိသေသနိဗ္ဗာန်၊ အသင်္ခတဓာတ်ဟု ဆိုအပ်သော သဥပါဒိသေသနိဗ္ဗာန်အားဖြင့်သဥပါဒိသေသနိဗ္ဗာန်သုံးမျိုးကို။ ထိုထိုပ ဋီအဋ္ဌကထာဋီကာတို့၌ လျော်ရာလျော်ရာ ယထာရဟ မိန့်ဆိုအပ်သည့်အတိုင်း မှတ်အပ်၏၊ ထိုသုံးပါးတို့တွင် ကိလေသာတို့၏ကုန်ငြိမ်းခြင်း အဘာဝကို သဥပါဒိသေသနိဗ္ဗာန်ဆိုရာ၌။ ကိလေသာ ကုန်ခြင်းသို့ ရောက်လာသော ရဟန္တာပုဂ္ဂိုလ်၏ကိလေသာမှကြွင်းရစ်သေးသော ခန္ဓာငါးပါးရှိသည့်အမည်ကို။ထိုရဟန္တာပုဂ္ဂိုလ်၏ ကိလေသာကုန်ငြိမ်းခြင်း၌တင်စား၍။ ထိုကိလေသာကုန်ခြင်းကိုသဥပါဒိသေသနိဗ္ဗာန်ဆိုသတည်း။အရဟတ္တဖိုလ်ကို သဥပါဒိသေသနိဗ္ဗာန်ဆိုရာ၌။ အရဟတ္တဖိုလ်ကိုရသောအခါ ကိလေသာမှတပါး ခန္ဓာငါးပါးအကြွင်းရှိရစ်သေးသော ရဟန္တာပုဂ္ဂိုလ်၏ သဥပါဒိသေသအမည်ကို။ထိုပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်၌တင်စား၍။ထိုအရဟတ္တဖိုလ်ကို သဥပါဒိသေသနိဗ္ဗာန်ဆိုရသတည်း။ အသင်္ခတဓာတ်ကိုပင် သဥပါဒိသေသနိဗ္ဗာန်ဆိုရာ၌။ ရဟန္တာဖြစ်ပြီး၍ ပရိနိဗ္ဗာန်မပြုမီ ခန္ဓာငါးပါးအကြွင်းရှိသေးသောရဟန္တာပုဂ္ဂိုလ်၏ သဥပါဒိသေသ အမည်ကို၊ ထိုရဟန္တာပုဂ္ဂိုလ် အာရုံပြုရာအသင်္ခတဓာတ်နိဗ္ဗာန်၌တင်စား၍ သဥပါဒိသေသနိဗ္ဗာန်ဆိုသတည်း။ ။ ၎င်းသုံးပါးလုံးပင် တဗ္ဗောဟာရူပစာရချည်းတည်း။ ။တဿဝေါဟာရေ ဥပစာရောတိတဗ္ဗောဟာရူပစာရော။ ။တဿ၊ ထိုရဟန္တာပုဂ္ဂိုလ်၏။ ဝေါဟာရေ၊ ခန္ဓာငါးပါးအကြွင်းရှိသည်ဟူသော သဥပါဒိသေသအမည်၌။

ဥပစာရော၊ထိုရဟန္တာပုဂ္ဂိုလ်၏ကိလေသာငြိမ်းခြင်း၊ ထိုရဟန္တာပုဂ္ဂိုလ်၏
အခရဟတ္တဖိုလ်၊ ထိုရဟန္တာပုဂ္ဂိုလ်၏အာရုံပြုရာ အသင်္ခတဓာတ်နိဗ္ဗာန်ကို
ပင် သဥပါဒိသေသဟုဘင်စားအပ်သည်တည်း။ ဣတိ၊ထို့ကြောင့်၊ကမ္ဗာ
ဟာရူပစာရော၊မည်၏။ ။ယထာခုဟာအနုဟ်။ ။အရဟတ္တဖိုလ်ကို
သဥပါဒိသေသ နိဗ္ဗာန်ဆိုရာဝယ် ထိုအရဟတ္တဖိုလ်၌ ခန္ဓာရှိသည်ကို
အကြောင်းပြု၍၊မချအားဖြင့်သဥပါဒိသေသနိဗ္ဗာန်မဆိုသင့်ပါလော ဟူငြား
အံ့၊ထိုအရဟတ္တဖိုလ်ခန္ဓာလေးပါး၏ တဏှာဥပါဒါန်တို့ဖြင့်စွဲလမ်းရာမဟုတ်
သည်ဖြစ်၍ ဥပါဒိမမည်ရကား သဥပါဒိသေသမဆိုရသတည်းဟူပေ။ ။
ဥပါဒိယတိတိဥပါဒိ၊ ဝိပါကက္ခန္ဓာကဋတ္တာစရူပံ။ ဥပါဒိယေဝသေသံဥပါဒိ
သေသံ။ တံနတ္ထိတေသာတိအနုပါဒိသေသာ။ ။နေတ္တိအဋ္ဌကထာ။ ။
အနုပါဒိသေသာယနိဗ္ဗာနဓာတုယာတိ ဥပါဒိသတေကမ္မကိလေသေဟိတိ
ဥပါဒိ၊ ဝိပါကက္ခန္ဓာကဋတ္တာစရူပံ။သောပနဥပါဒိကိလေသာဘိသင်္ခါရမန္တူ
မာရ နိဒ္ဒမနေန နိဗ္ဗာနပတ္တိယံ အနေသသတော။ ဣဓ ခန္ဓမစ္စုမာရနိဒ္ဒမနေန
ဩသဌေဒ္ဓာနသေသိတောတိ အသယံ အနုပါဒိသေသာ နိဗ္ဗာနဓာတု။ ။
သာရတ္ထဒီပနီဋီကာ။ ။ကား။ ။ဤနေတ္တိအဋ္ဌကထာသာရတ္ထဒီပနီဋီကာ
တို့၌ ဥပါဒိ၏အခရကို ဝိပါကက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့ကိုသာ ကောက်
သော်လည်း။ကြွင်းသောကြိယာခန္ဓာစိတ္တဇရုပ်၊ရဟန္တာပုဂ္ဂိုလ်၏ဥတုဇရုပ်
တို့ကိုမြစ်လို၍မဟုတ်။ ဥပလက္ခဏာနည်း ပဓာနနည်းအားဖြင့်သာ ဆိုအပ်
သည်မှတ်။ရဟန္တာပုဂ္ဂိုလ်တို့ လောကီခန္ဓာငါးပါးလုံးသည်ပင် ကိလေသာ
တို့၏စွဲလမ်းရာအာရုံ၏အဖြစ်ကိုမလွန်နိုင်သောကြောင့်တည်း။ ထို့ကြောင့်
မဟာနိဒ္ဒေသအဋ္ဌကထာစသည်တို့၌ ဤအရာဝယ်၊ ပဉ္စက္ခန္ဓေသတံ အဝိ
ဝစနံ စသည်ဖြင့် မိန့်ဘော်မူကြကုန်သတည်း။ ။ဤသာရတ္ထဒီပနီဋီကာ
အလိုအားဖြင့် အဘယ်သည် သဥပါဒိသေသနိဗ္ဗာန်မည်သည်ဟု သပ္ပ်
မေးပါ မသိသာသော်သည်း။ နိဗ္ဗာနပတ္တိယံ၊ ကိလေသာကုန်ခြင်းဟူသော
သဥပါဒိသေသနိဗ္ဗာန်သို့ ရောက်သည့်အခါ၌။ ။တနည်း။ ။အရဟတ္တဖိုလ်
ဟူသော သဥပါဒိသေသနိဗ္ဗာန်သို့ရောက်သောအခါ၌။ ။တနည်း။ ။
အသင်္ခတဓာတ်ဟူသောနိဗ္ဗာန်ကို အာရုံပြုသောအားဖြင့်သာ ရောက်နိုင်
သောအခါ၌။ ။တနည်း။ ။ဤသုံးနက်လုံးပင်လျှော်သည်ချည်းဖြစ်သော
ကြောင့် ဆိုအပ်ခဲ့ပြီးသော သဥပါဒိသေသနိဗ္ဗာန်သုံးမျိုးလုံးနှင့်ပင်ဆက်ဘံ
၏မှတ်။ ။သဥပါဒိသေသနိဗ္ဗာန်သုံးမျိုးဆိုသော်လည်း။ ကိလေသာတို့၏

ကုန်ခြင်း ခီဏာကာရ အဘာဝတပါးသာ မချအားဖြင့်ရသည်။ ကြွင်း နှစ်ပါးတို့မှာ အရာအားလျော်စွာ ဥပစာရအားဖြင့်တင်စား၍သာ ရအပ်သည်မှတ်။ ။တိဏ္ဏံပရိနိဗ္ဗာနာနံကိလေသပရိနိဗ္ဗာနံ ခန္ဓပရိနိဗ္ဗာနံဓာတုပရိနိဗ္ဗာနန္တိ။ တတ္ထကိလေသပရိနိဗ္ဗာနံ ဗောဓိပလ္လင်္ကေအဟောသိ။ ခန္ဓပရိနိဗ္ဗာနံ ကုသိနာရာယံ။ ဓာတုပရိနိဗ္ဗာနံ အနာဂတေဘဝိဿတိ။ ။ဧကင်္ဂုတ္တရအဋ္ဌကထာ။ ။ဤ၌လည်းကိလေသပရိနိဗ္ဗာန်ဟူသည် ကိလေသာတို့၏ ကုန်ခြင်း အဘာဝ ဟူသော သဥပါဒိသေသ နိဗ္ဗာန်ကို ဆိုသည်။ ခန္ဓပရိနိဗ္ဗာန် ဟူသည် ရဟန္တာပုဂ္ဂိုလ် စုတိကျ၍ ခန္ဓာငါးပါး အဟောင်းလည်းပျောက် အသစ်လည်းမရောက်လာသဖြင့် ဖြစ်ပေါ်လာသော သီတိဘာဝဟူသော အနုပါဒိသေသနိဗ္ဗာန်ကို ဆိုသည်ဟူ၍မှတ်။ ။အနုတ္တရံသီတိဘာဝံ သန္တိကာတုန္တိ ဧတ္ထ နိဗ္ဗာနံအနုတ္တရောသီတိဘာဝေါနာမ။ ။ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။ ။ပရိနိဗ္ဗာန်နှင့်နိဗ္ဗာန်ဟူသည်လည်း အတူတူသာဘည်း။ထိုကြောင့်။ပရိနိဗ္ဗာနသဘာဝသင်္ခါတံနိဗ္ဗာနန္တိ နိဒ္ဒေသဂဏ္ဌိဖွံ့ဟူ၍ သဠာယတနသံယုတ်ဋီကာ၌ မိန့်အပ်၏။ ။ပရိနိဗ္ဗာနတ္ထာယာတိအတ္တပရိနိဗ္ဗာန ပရပရိနိဗ္ဗာနတ္ထာယ စသည်ဖြင့် မူလပဏ္ဏာသအဋ္ဌကထာတို့၌လည်း မိန့်အပ်ပြီ။ ပရိနိဗ္ဗာန်ပြုခြင်း၌ ဆိုရာ၌လည်း။ နိဗ္ဗာန်စံခြင်း၌နိဗ္ဗာန်ကိုယူခြင်း၌ဆိုလိုသည်မှတ်။ ။

ဤဆိုအပ်ခဲ့ပြီးသော ပါဠိတို့၏အနက်ကို ဉာဏ်ကြီးသူတို့ သိလောက်ထင်လောက် ကြသော်လည်း။ မသိနိုင်ကြ သိလိုလှသူတို့အား ချီးမြှောက်ခြင်း၌။ ဂန္ထဝိတ္ထာရဒေသကိုအနာဒရပြု၍အချို့အရာ၌ အဖြွက်မျှအနက်သမ္ဗန်ပြဆိုဦးအံ့။ ။ဘိက္ခဝေ၊ချစ်သားရဟန်းတို့။နိဗ္ဗာနဓာတုယော၊နိဗ္ဗာနဓာတ်တို့သည်။ ဣမာဒွေ၊ ဤဆိုလတ္တံ့သော နှစ်ပါးတို့တည်း။ ကတမာဒွေ၊ အဘယ်နှစ်ပါးတို့နည်းဟူမူကား။သဥပါဒိသေသာ၊ သဥပါဒိသေသအမည်ရသော။ နိဗ္ဗာနဓာတုစ၊ နိဗ္ဗာနဓာတ် လည်းကောင်း။ အနုပါဒိသေသာ၊ အနုပါဒိသေသအမည်ရသော။ နိဗ္ဗာနဓာတုစ၊ နိဗ္ဗာနဓာတ်လည်းကောင်း။ ဣတိဣမာဒွေ၊ဤနှစ်ပါးတို့တည်း။ ဘိက္ခဝေ၊တို့။ ကတမာစ၊ အဘယ်သည်လျှင်လည်း။ သဥပါဒိသေသာ နိဗ္ဗာနဓာတု၊ သဥပါဒိသေသ နိဗ္ဗာနဓာတ်မည်သနည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤငါဘုရားသာသနာတော်၌။ ဘိက္ခု၊ သံသရာဘေးကို ရှုတတ်သော။ ဘိက္ခု၊ ရဟန်းသည်။ ဘိက္ခု၊ မိမိခန္ဓာသူတပါးတို့ခန္ဓာတို့၌ အနိစ္စ ဒုက္ခ အနတ္တ သညာထင်သဖြင့် အလွန်လျှင်

ဘေးကြီးသဘွယ် ကြောက်မက်ဘွယ်ဟု ဘသာနုပဿနာအားဖြင့် ရှုလေ့
ရှိသည်ဖြစ်၍၊ ။ဘိက္ခုသဒ္ဒါဘရတည်းလျက် အသူးထူးသော အနက်
ထွက်ရာတွင်တနက်ပေးခိုက်ကြွင်းအနက်ဘို့သည်းလိုက်၍စေးကင်ငြိတွယ်
ရကား သိလေသနည်းတည်း၊ ။အလက်ဘိုရီကာသစ်ကိုရှု။ ။ဒိဏာသဝေါ၊
အရဟတ္တမဂ်ဖြင့်ကုန်ပြီးသော အာသဝေါရှိထသော။ ။ဗဟုဗ္ဗီဟိ။ ။ဝါ၊
အာသဝေါတို့ကိုပဋိပဿမ္ဘနပဟာနသတ္တိဖြင့်အငွေ့အသက်မျှမချန်အလုံးစုံ
ကုန်စေတတ်သော။ ။အာသဝေခေပေတီအာခေပယိဏ္ဍာတိဘ်ခိဏာသဝေါ။ ။
ကိဘန္တဒုတိယာတပ္ပုရိသ်သမာသ်၊ ။ဝုသိတဝါ၊ သုံးအပ်ပြီးသောအရိယ
မဂ်တည်းဟူသော အကျင့်ထူးအကျင့်မြတ်ရှိထသော။ ။အဿတ္တိ၊ ။
ကတကရဏီယော၊ ပြုအပ်ပြီးသော အရဟတ္တဖိုလ်ဟူသော ရပါန်းကိစ္စ
ရှိပြီးထသော။ ။စတုတ္ထိဗဟုဗ္ဗီဟိ။ ။ဝါ၊ဘန်ရည်ခေါင်းတုံး ဆွမ်းပြုသုံး၍
လူလုံးပြကြရသူ တကယ်လူဘို့ ပြုသင့်ပြုထိုက်သော အရဟတ္တဖိုလ်မှုကို
တကယ်ပြုနိုင်ပေထသော။ ။တတိယာဗဟုဗ္ဗီဟိ။ ။ဩဟိတဘာရော၊
သွန်အပ်စွန့်အပ်ပြီးသော ကာမဂုဏ်ညွှန် သံသရာဝန် ရှိပြီးထသော၊ ။
စတုတ္ထိ။ ။ဝါ၊တဏှာခန်သူ သံသရာဝန်ဟူသမျှကိုယ်စွန့်နိုင်ပြီးထသော။ ။
တတိယာ၊ ။အနုပ္ပတ္တသဒတ္ထော၊ဝိသုဒ္ဓိခုနစ်ခွင် မဂ်လေးအင်တံ့ဖြင့်အစဉ်
အတိုင်းရောက်လာသော မြတ်သော အရဟတ္တဖိုလ်ဟူသော အကျိုးထူး
ရှိထသော၊ ။စတုတ္ထိဗဟုဗ္ဗီဟိ။ ။ဝါ၊အရဟတ္တဖိုလ်ဟူသောအကျိုးထူး
အကျိုးမြတ်သို့ ရောက်နိုင်ပေထသော၊ ။ပဒတ္ထံအနုပ္ပတ္တောတိ အနုပ္ပတ္တ
ပဒတ္ထောဟု ဝစနတ္တပြု။ ။နိပ္ပရိယာယက်တန္တ။ ။ရှေ့နည်း၌အနုသဒ္ဒါကား
အနုက္ကမအဋ္ဌဝါစိဝတွတ္တဝိသေသက။နောက်၌ဝတွတ္ထာနုဝတ္တက၊ ။အရ
တပါးအခြားကျမ်းတို့၌၊ သဒတ္ထောဟုရှိသည်။ဤပ်ဋ္ဌဘော်၌ ပဒတ္ထောဟုရှိ
သည်၊ ။အနုပ္ပတ္တောပဒတ္ထံပကတ္တ ဒုဂုဏ္ဍံပေါတိ။ကကာရဿဒကာရော
ကတော၊ ။ငင်းအဋ္ဌကထာ။ ။ပရိက္ခီဏဘဝသံယောဇနော၊အရဟတ္တ
မဂ်ဖြင့်ကုန်ခန်းစေအပ်ပြီးသော ဘဝသံယောဇဉ် ရှိထသော။ ။စတုတ္ထိ
ဗဟုဗ္ဗီဟိသမာသ်၊ ။ဝါ၊ဘဝသံယောဇဉ်တို့ကိုကုန်ခန်းစေနိုင်ထသော။ ။
·ဘဝသံယောဇနာနိပရိက္ခီဏေတိ ဘဝသံယောဇနက္ခယော။ ။ကိတန္တ
သမာသ်၊ ။သမ္မ-သမ္မာ၊မဘောက်မပြန် ခါခလှန်ဘဲ ကောင်းမွန်သေချာစွာ၊
အညာ-အညာယ၊ မဂ်လေးဘန်ဖြင့်လေးကြိမ်လေးဘန်သိပြီး၍၊ ဝိမုတ္တော၊
ကိလေသာဗိုး တကဲ့သော ကြိုးမှလွတ်ကြိုးလွတ်၍နေထသော။ဘနည်းကာ၊

သမ္မဒဿာဝိရတ္တော- သမ္မာအညာယဝိရတ္တော၊ မဘောက်မပြန် အမှန်
ကောင်းကောင်းကြီး·သိသဖြင့် ကိလေသာရန်သူလက်မှကောင်းကောင်းကြီး
လွတ်၍သွားသော။ အရဟံ၊ ရဟန္တာပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်လေ၏။
ဘိက္ခဝေ၊ ချစ်သား ရဟန်းများတို့။ တဿ၊ ထိုရဟန္တာ ဖြစ်လေပြီးသော
ပုဂ္ဂိုလ်အား။ ပဉ္စိန္ဒြိယာနိ၊ စက္ခုစသော ဣန္ဒြေငါးပါးတို့သည်။ တိဋ္ဌန္တေဝ၊
နိဗ္ဗာန်ရွှေဘုံ မဝိုလှုံရသေးသဖြင့်။ ဝါ၊ ပရိနိဗ္ဗာန်မစံရသေးသဖြင့် ထင်ရှား
တည်ကုန်သေးသလျှင်ကတည်း။ ယေသံ၊ယင်းသို့သော မျက်စိနားစသော
ဣန္ဒြေငါးပါးတို့၏။အဝိဃာတတ္တာ၊ဖြစ်သေးရှိသေးသောကြောင့်။မနာပါမနာပံ၊
နှစ်လိုဘွယ် မနှစ်လိုဘွယ်သောအာရုံငါးပါးကို။ ပစ္စနုဘောတိ၊သုံးဆောင်
ရသေး၏၊ သုခဒုက္ခံ၊ ချမ်းသာဆင်းရဲနှစ်ပါးကို။ ပဋိသံဝေဒိယတိ၊ ခံစား
ရသေး၏။ ။ဣအာဂုမ်နှင့်ပင် ယှဉ်သော်လည်း။ သီလံရက္ခိတောဒေဝ
ဒတ္တောကဲ့သို့ ကတ္တားဟောနိုင်၏မှတ်။ ။တဿ၊ ထိုကိလေသာကုန်ပြီး
နောက် ကြွင်းရစ်သေးသော စက္ခုသောတစသော ခန္ဓာဟူသော ဥပါဒိ
ရှိသော ရဟန္တာပုဂ္ဂိုလ်၏၊ ယောရာဂက္ခယော၊ အကြွင်ရာဂ၏ ကုန်
ခြင်းသည်။ ယောဒေါသက္ခယော၊ အကြွင်ဒေါသ၏ကုန်ခြင်းသည်။ ယော
မောဟက္ခယော၊အကြွင်မောဟ၏ကုန်ခြင်းသည်။အတ္ထိ၊ရှိ၏။ အယံ၊ဤခန္ဓာ
ငါးပါးဟူသော ကိလေသာမှကြွင်းရစ်သော ဥပါဒိရှိသေးသော ရဟန္တာ
ပုဂ္ဂိုလ်၏ ရာဂ ဒေါသ မောဟ ကုန်ခြင်းကို။ သဥပါဒိသေသာ၊ သဥပါဒိ
သေသအမည်ရသော။ နိဗ္ဗာနဓာတု၊ နိဗ္ဗာနဓာတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏၊
ဘိက္ခဝေ၊ ရဟန်းတို့၊ ကတမာစ၊ အဘယ်သည်လျှင်။ အနုပါဒိသေသာ၊
အနုပါဒိသေသ အမည်ရသော၊ နိဗ္ဗာနဓာတု၊ နိဗ္ဗာနဓာတ် မည်သနည်း။
ဘိက္ခဝေ၊တို့၊ ဣဓ၊ဤငါဘုရားသာသနာတော်၌၊ ပ။ခီဏာသဝေါ၊ ကုန်ပြီး
သော အာသဝေါရှိသော။အရဟံ၊ရဟန္တာပုဂ္ဂိုလ်သည်၊ ဟောတိ၊ ဖြစ်၏။
ဘိက္ခဝေ၊တို့၊ တဿ၊ထိုရဟန္တာပုဂ္ဂိုလ်အား။ ဣဓေဝ၊ ဤဘဝ၌ပင်လျှင်။
သဗ္ဗဝေဒယိတာနိ၊ အလုံးစုံသော အဗျာကတဝေဒနာတို့သည်။ အနဘိနန္ဒိ
တာနိ၊တဏှာစသည်တို့ဖြင့်နှစ်သက်စရာမရှိကုန်သည်ဖြစ်၍။ ။ဝေဒနာ
ကို အရင်းပြုသဖြင့်ဖြစ်သော အလုံးစုံသော ခန္ဓာငါးပါးကိုယူ။ ။ငင်းဣတိ
ဝုတ် အဋ္ဌကထာအလို၊ ။သဗ္ဗဝေဒယိတာနိ၊ ကျင်နာခြင်းသဘောရှိ
သော အလုံးစုံသော ခန္ဓာငါးပါးတို့သည်။ ။သဂါထာဝဂ္ဂသံယုတ်အဋ္ဌ
ကထာစသည်တို့၏အလို။ ။အနဘိနန္ဒိတာနိ၊ တဏှာစသည်တို့၏ နှစ်

သက်ရာဖြစ်ရာမဟုတ် ချုပ်ကြီးချုပ်ကုန်သည့်ဖြစ်၍။ သိတိ-သီဘာလီ၊ဖေးမြ ကုန်သည်။ ယံဘာဝိဿန္တိ၊ အကြင်ဖြစ်ကုန်လတ္တံ့။ အယံ၊ဤသို့ရဟန္တာ ပုဂ္ဂိုလ်ခန္ဓာငါးပါး ချုပ်သွားကုန်ပျောက်သည်အခါ ဖြစ်ရောက်လာလတ္တံ့ သော ဖေးမြခြင်းသိတိဘာဝသဘောဘရေးကို။ အနုပါဒိသေသာ၊ အနုပါဒိ သေသအမည်ရသော။ နိဗ္ဗာနဓာတု၊ နိဗ္ဗာနဓာတ်ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ ဘိက္ခဝေ၊တို့။ ဣမာခေါ၊ ဤသည်တို့ပင်လျှင်။ ဒွေ၊ နှစ်ပါးကုန်သော။ နိဗ္ဗာန ဓာတုယော၊နိဗ္ဗာနဓာတ်တို့တည်း။ ဣတိ၊ဤသို့၊ ဧတမတ္ထံ၊ဤသို့သောအနက် သဘောကို။ ဘဂဝါ၊မြတ်စွာဘုရားသည်။ အာဝေါစ၊ဟောတော်မူ၏၊ ဣတိ၊ တို့ကြောင့်။ ဒွေဣမာစက္ခုမတာပကာသိတာ၊ နိဗ္ဗာနဓာတုအနိဿိတေန တာဒိနာ။ ဧကာဟိဓာတု ဣဓ ဒိဋ္ဌဓမ္မိကာ၊ သဉပါဒိသေသာ ဘဝနေတ္တိ သင်္ခယာ။ပ။တာဒိနောတိ၊ဒွေဣမာ။ပ။တာဒိနောဟူ၍၊ဣဒံ၊ဤသို့သောစကား ကို။ဝုစ္စတိ၊ဆိုသင့်ဆိုထိုက်၏။ ။ဤကား သင်္ဂါယနာတင်မထေရ်သျှင်တို့ စကားတည်း။ ။

အနက်ကား။ ။စက္ခုမတာ၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော။ အနိဿိတေန၊ တဏှာဒိဋ္ဌိစသည်တို့ကို မမှီသော၊ပါ၊တဏှာဒိဋ္ဌိစသည်တို့ ၏ ကပ်မှီလာနိုင်ရာ မဟုတ်သော၊ တာဒိနာ၊လောကဓံတရား ရှစ်ပါးတို့ ကြောင့်၊ သာတာသာဘမထင်၊ဥန္နတာဝနတမဝင်၊ တာဒိအသျှင်ဖြစ်တော် မူသော။ ။လာဘေယာဒိသော အလာဘေပိတာဒိသော။ အလာဘေ ယာဒိသော လာဘေပိတာဒိသောတိတာဒိ။ ။သတ္ထာရာ၊မြတ်စွာဘုရား သည်။ ။ဂမျမာန်။ ။ဒွေ၊နှစ်ပါးကုန်သော။ ဣမာနိဗ္ဗာနဓာတုယော၊ ဤနိဗ္ဗာနဓာတ်တို့ကို။ ပကာသိတာ၊ ဟောတော်မူအပ်ကုန်၏။ ဟိ၊ယင်း နှစ်ပါးတို့၏အထူးအဘာယ်နည်း ဟူမူကား။ ဧကာ၊တပါးသော။ သဉပါဒိ သေသာ၊ သဉပါဒိသေသအမည်ရသော။ ဘဝနေတ္တိသင်္ခယာ၊ဘဝတဏှာ ကုန်ခြင်းဟုဆိုအပ်သော။ နိဗ္ဗာနဓာတု၊ နိဗ္ဗာနဓာတ်သည်။ ဣဓဒိဋ္ဌဓမ္မိကာ၊ ပရိနိဗ္ဗာန်မပြုသေးခင် ဤဘဝ၌ပင်ဖြစ်ပေါ်လာ၏။ အနုပါဒိသေသာ၊ အနု ပါဒိသေသအမည်ရသော။ နိဗ္ဗာနဓာတု၊နိဗ္ဗာနဓာတ်သည်။ သမ္ပရာယိကာ၊ ပရိနိဗ္ဗုတ် ရဟန္တာပုဂ္ဂိုလ်၏ ခန္ဓာပျက်သည်မှနောက်၌ ဖြစ်ပေါ်လာ၏။ ယမှိ၊ယင်းသို့သော အနုပါဒိသေသ နိဗ္ဗာနဓာတ်၌။ ဘဝါနိ-ဘဝါ၊ဉပါဒိ သေသဟု ဆိုအပ်သော ဘဝတို့သည်။ ပါ၊ ဉပပတ္တိဘဝဟု ဆိုအပ်သော ခန္ဓာ ငါးပါး အကြွင်း တို့သည်၊ သဗ္ဗသော၊ အချင်း ခပ်သိမ်း။ နိရုဇ္ဈန္တိ၊

အနုပ္ပါဒနိရောဓဖြင့်တဘန်မထနိုင်အောင်ချုပ်ကြီးချုပ်ကြလေကုန်၏။ ။ ဘဝနေတ္တိသင်္ယာ၊ ဘဝတဏှာကို ကုန်စေနိုင်ကုန်သော။ ယေ၊အကြင် ရဟန္တာ ပုဂ္ဂိုလ်တို့သည်။ အသင်္ခတံ၊ အသင်္ခတဟု ဆိုအပ်သော။ ဇတံပဒံ၊ ထိုနိဗ္ဗာန်ကို။ အညာယ၊ အာရုံပြုသောအားဖြင့် သိမြင်ကြ ကုန်သည်ဖြစ်၍၊ဝိမုတ္တစိတ္တာ၊ကိလေသာတို့မှလွတ်သော အရဟတ္တဖိုလ် သမာဓိစိတ်ရှိကုန်၏။ဝါ၊ကိလေသာတို့မတွယ်တာနိုင်ကြအံ့မှိုင်မရလက်လွှတ် လိုက်ရသောသမာဓိရှိကုန်၏။ တေ၊ ထိုဝိမုတ္တစိတ္တသခင် ရဟန္တာအသျှင် တို့သည်။ ဓမ္မသာရံ၊အရဟတ္တဖိုလ်စစ်တရားနှစ်ကို။ အဓိဂမ္မ၊ရကြပေကုန် သည်ဖြစ်၍၊ဝါ၊ရကြကုန်သည်ဖြစ်သောကြောင့်။ခယေ၊ကိလေသာကုန်ခြင်း ဟူသောသဉပါဒိသေသနိဗ္ဗာန်၌။ ရတာ၊ တပ်စွန်းပြစ်မှားခြင်းမရှိ ပကတိ ဖေးမြချမ်းသာ မွေ့လျော်ကြ ကုန်ပြီးသည်ရှိသော်။ တာဒိနော၊ တာဒိသခင် ဖြစ်တော်မူကြကုန်သော။ တေ၊ ထိုသဉပါဒိသေသနိဗ္ဗာန ၌ပျော် ပုဂ္ဂိုလ် ကျော်တို့သည်။သဗ္ဗဘဝါနိ၊အလုံးစုံသောဘဝတို့ကို၊ ပဟာယ၊အသင်္ခတမှန် နိဗ္ဗာန်စံပြီးပယ်ကြီးပယ်နိုင်ကြပြန်ကုန်၏။ ။အဋ္ဌကထာရှေးနည်း။ ။ တနည်းကား။ တေ၊ ထိုဝိမုတ္တသခင် ရဟန္တာအသျှင်တို့သည်။ ဓမ္မသာရံ၊ အနုပါဒိသေသနိဗ္ဗာနခေတ်တရားမြတ်ကို။ အဓိဂမ္မ၊ ကောင်းစွာလှလှရကြ ကုန်သည်ဖြစ်၍။ဝါ၊ရကြပေကုန်သောကြောင့်။ ခယေ၊ခန္ဓာငါးဝ ဘေးဒုက္ခ ကုန်ရာ အနုပါဒိသေသ နိဗ္ဗာန်၌။ ရတာ၊ တဆဲ့တသီး ဘေးကြီးလွတ်ကွာ ကောင်းစွာ မွေ့လျော် ကြရကုန်သည် ဖြစ်၍။ တာဒိနော၊ တာဒိအသျှင် ဖြစ်တော် မူကြကုန်သော။ တေ၊ ထိုအသင်္ခတမှန် နိဗ္ဗာန်ဝင်ပျော် ရဟန္တာ မထေရ်ကျော်တို့သည်။ သဗ္ဗဘဝါနိ၊ ဒုက္ခဝန်းအုံ အလုံးစုံသောဘဝတို့ကို။ ပဟာယ၊စွန့်တော်မူကြရပေကုန်၏။ ။အဋ္ဌကထာနောက်နည်း။ ။တေတိ နိပါတမတ္တံ ဟု နောက်သုံးတေသဒ္ဒါ၏ နိပါတမတ္တကို အဋ္ဌကထာ ဘွင့်ဆို သော်လည်း။အနုတ္တကဓာလင်္ကာရဒေါသကင်းစေလိုသဖြင့်။ရင်းတေသဒ္ဒါနှင့် တကွပင်သော်လည်း အဓိပ္ပါယ်လျော်အောင် ကြံဆောင် ယောဇနာအပ် သတည်း။ ။တနည်းကား။တေ၊ထိုဝိမုတ္တစိတ္တသခင်ရဟန္တာအသျှင်တို့သည်။ ဓမ္မသာရံ၊ အရဟတ္တဖိုလ် တရားမြတ်ကို။ အဓိဂမ္မ၊ ရှေးဦး မျက်မှောက် ရောက်ကြ ရကြကုန်ပြီးသည်ဖြစ်၍။ ခယေ၊ ကိလေသာကုန်ခြင်းဟူသော သဉပါဒိသေသနိဗ္ဗာန်၌။ရတာ၊မွေ့လျော်ကြကုန်ပြီးသည်ရှိသော်။ဓမ္မသာရံ၊ အသင်္ခတခေတ်နိဗ္ဗာန်တရားမြတ်ကို။အဓိဂမ္မ၊တဘန်ရကြပြန်ရကား။ခယေ၊

အလုံးစုံသော ဘေးဒုက္ခ ကုန်ရာ အနုပါဒိသေသ နိဗ္ဗာနဓာတ်၌။ ရတာ၊ ဘေးတကာလွတ်ကွင်း ရန်တကာ၄ှင်းသဖြင့် လွန်မင်းစွာ မွေ့လျော်ကြရ ပြန်ကုန်သည်ဖြစ်၍။ တာဒိနော၊တာဒိသခင်ဖြစ်တော်မူကြကုန်သော၊ တေ၊ ထိုနှစ်ယောက်မတန် နှစ်နိဗ္ဗာန်ဝယ် စမွယ်တော်မူကြကုန်ပြီးသော အသျှင် တို့သည်။ သဗ္ဗဘဝါနိ၊ဘဝကြီးငယ်ဟူသမျှတို့ကို။ပဟံသု၊ စွန့်ကြီးစွန့်တော် မူနိုင်ကြပေကုန်၏။ ။ယခင်အဋ္ဌကထာ နည်းနှစ်ချက်ကို တချက်တည်း ပေါင်းယူ၍ အဘိန္နပဒဋ္ဌသိလေသာလက်ာရနည်းယောဇနာအပ်သတည်း။ ။ အယံပိအဋ္ဌော၊ ဤနိဗ္ဗာနဓာတ် နှစ်ပါးတို့၏ ထူးခြားကွဲလွဲသော အနက် သဘောအကြောင်းအခြင်းအရာကိုလည်း။ဘဂဝတာ၊မြတ်စွာဘုရားသည်။ ဝုတ္တောဧဝ၊ ဟောတော်မူအပ်သည်ဟူ၍၊ မေ၊ အကျွန်ုပ်အာနန္ဒာသည်။ သုတံ၊ဓမ္မသေနာပတိသခင်အသျှင်သာရိပုတြာထံမှကြားလိုက်ပါ၏။ ဣတိ၊ ဤသို့ကိုယ်တိုင်မကြား တဆင့်ကြားဖြစ်သောကြောင့်၊ ။ဝုတ္တံဟောတိ ဘဂဝတာ,ဝုတ္တမရဟာတာတိမေသုတန္တိ၊သုတံဟူ၍၊ဝုတ္တံ၊အကျွန်ုပ်အာနန္ဒာ လျှောက်ဆိုအပ်ပါသတည်း။ ။ဤကား ဣတိဝုတ်ပ်ဋ္ဌိတော်အနက်။ ။ အဋ္ဌကထာနက် မခဲယဉ်းလှ။ ။ငင်း အဋ္ဌကထာပါဌ် အချို့နှင့် တကွ ၎င်းနောက် ထုတ်ပြခဲ့သော ပါဌ်ပါဋ္ဌိတို့အရာ အတော်ခဲယဉ်းစရာ ရှိသော် လည်း၊ကျမ်းတတ်ကဝိတို့သိနိုင်လောက်ရာသည်ဟုနှုလုံးပြုသဖြင့်။ဂန္ထဂရု ဒေါသဘ သကြောင့်အပြည့်အစုံအကုန်ယောဇနာမပြုရသတည်း။ ။

ဤဣတိဝုတ်ပ်ဋ္ဌိတော်ဝယ်။ ။ဣဓေဝဘိက္ခဝေသဗ္ဗဝေဒယိတာနိသီတိ ဘဝိဿန္တိ။ အယံဘိက္ခဝေ အနုပါဒိသေသာနိဗ္ဗာနဓာတု-ဟူသောပါဌ်၌။ အယံ၊ ဤရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန် ပြုသောအခါ ဖြစ်ရောက်လတ္တံ့သော ဇေးမြခြင်းသီတိဘာဝသဘောသည်ဟုအနက်ပေးရာ၌လည်း။သီတိဟူသော နာမ်ပုဒ်ဝယ် သီတဟူသောအန္တတ္ထကိုလည်းကောင်း၊ ဘဝိဿန္တိဟူသော အာချာတ်ပုဒ်ဝယ် အနာဂတ်ဗာဟုတ် နှစ်ပါးလုံးကို လည်းကောင်း။ အယံ သဒ္ဒါဖြင့်သုံးသပ်သည်ဖြစ်၍။ ၎င်းအယံသဒ္ဒါသည်အနုဘူတပိသယဘည်း။ ဖြစ်ရောက်လာလတ္တံ့သော ဇေးမြခြင်း သဘောသည် နိဗ္ဗာန်ဟု ဆိုသော်။ ထိုနိဗ္ဗာန်ဟူသည် ကာလဝိမုတ် ဖြစ်ပါလျက် အနာဂတပက္ခသို့ ဝင်သည် ဆိုရာမရောက်ပြီလော ဟူငြားအံ့။ ဖြစ်လတ္တံ့ ဟူသော်လည်း ဥပါဒ်ဖြစ် အားဖြင့် ဖြစ်လတ္တံ့ မဟုတ်။ ဇေးမြခြင်း သီတိဘာဝသန္တိသဘာဝမတ္တသာ ဖြစ်လတ္တံ့ ဖြစ်၍ အနာဂတ်ဟု စင်စစ်မဆိုထိုက်။ အနိဗ္ဗတ္တိ သဘာဝတ္တာ

အဇာတံ၊ အဇာတတ္တာယေဝအဘူတံ၊ ဥဘယေနာပိဥပ္ပါဒရဟိတန္တိ ဝုတ္တံ ဟောတိ။နေတ္တိအဋ္ဌကထာလာတိုင်းဥပါဒ်အားဖြင့်ထင်ရှားမဖြစ်ငြိမ်းအေးခြင်း သဘာဝအားဖြင့်သာဖြစ်ပေါ်လာရကား။ နိဗ္ဗတ္တိဟူသောပစ္စုပ္ပန်လက္ခဏာ မရှိသောကြောင့် ပစ္စုပ္ပန် မဆိုထိုက်သည် ဖြစ်၍သာ အတိတ်အနာဂတ် ဟူ၍သည်းမဆိုထိုက်သဖြင့် ယင်းနိဗ္ဗာန်ကို ကာလဝိမုတ်ဆိုသည်မှတ်။ ။ စင်စစ်မူကား။နိဗ္ဗာန်သဘောမဖြစ်လာမီက ထိုနိဗ္ဗာန်သည် အနာဂတ်ပက္ခ သို့ပင်ဝင်၏၊ ယင်းနိဗ္ဗာန်ကိုအာရုံပြု၍ဖြစ်သော မဂ်ဖိုလ်အဘိညာဉ်စိတ်တို့ ကိုလည်း အနာဂတ် အာရုံကို အာရုံပြုသည်ပင် ဆိုဘွယ်ရှိ၏။ ယင်းသို့ သော်လည်း ထိုနိဗ္ဗာန်၏ အလွန်နူးညံ့သိမ်မွေ့သည်ဖြစ်ရကား။ အကောင် အထည်ဝတ္ထုဒြဗ်ဥပါဒ်အားဖြင့် ထင်ရှားဖြစ်လတ္တံ့မဟုတ်သည်ဖြစ်၍၊ ထို နိဗ္ဗာန်ကို အနာဂတ်စစ် မဆိုထိုက်သဖြင့်။ ထိုနိဗ္ဗာန်ကို အာရုံပြုသော စိတ္တုပ္ပါဒ်တရားတို့ကိုလည်း အနာဂတာရမ္မဏစစ်မဆိုထိုက်၊ ထို့ကြောင့် အဘိဓမ္မာဝတာရ သံဝဏ္ဏနာ မည်သော ဋီကာ ကျမ်းကြီး၌။ နိဗ္ဗာနေ အနာဂတေပိ အဇ္ဈုပနိသန္တိ ဒါသိယာ။ နဝတ္တဗ္ဗာ အတီတာရမ္မဏာတိပိ အနာဂတာရမ္မဏာတိပိ ပစ္စုပ္ပန္နာရမ္မဏာတိပိ-ဟူ၍မိန့်အင်ပြီ၊ ၎င်းပါဠိမှာ ရှေး၌အနက်ပေးခဲ့ပြီ။ ။ဤ၌နိဗ္ဗာန်ကို အနာဂတ်ဆိုရာဝယ်၊ထိုပဋိသမ္ဘိဒါ ပတ္တ ရဟန္တာပုဂ္ဂိုလ် စုတိကျပြီးခါ ဖြစ်ပေါ်လတ္တံ့သော ငြိမ်းအေးခြင်း ပရိနိဗ္ဗာနသန္တိကိရိယာဘာဝဟူသောနိဗ္ဗာန်ကိုရည်၍ ဆိုအပ်သည်ဟုသိ။ ထို့ကြောင့် မဏိမဉ္ဇူသာဋီကာ၌။ ။မဂ္ဂေါပနပရိနိဗ္ဗာနသန္တိကိရိယာဘိ သမယဝသေနတတ္ထလဗ္ဘမာနေဝိသေသေအသမ္မောဟဝသေနပဋိဝိဇ္ဈန္တော တတ္ထစိတ္တံဥပသံဟရတိ-ဟူ၍ မိန့်အင်ပြီ၊ ။မဂ္ဂေါပန၊ မဂ်သည်ကား။ ပရိနိဗ္ဗာနသန္တိကိရိယာဘိသမယဝသေန၊ ပရိနိဗ္ဗာန်ဟုဆိုအပ်သောငြိမ်းအေး ခြင်းကိုထိုးထွင်း၍သိသောအစွမ်းအားဖြင့်။ တတ္ထ၊ထိုငြိမ်းအေးခြင်းပရိနိဗ္ဗာန် ဟုဆိုအပ်သောနိဗ္ဗာန်၌။လဗ္ဘမာနေ၊ရလတ္တံ့ကုန်သော၊ ဝိသေသေ၊ဂုဏ်အ ထူးတို့ကို။အသမ္မောဟဝသေန၊မတွေဝေသည်၏အစွမ်းဖြင့်။ပဋိဝိဇ္ဈန္တော၊ ထိုးထွင်းမြင်သိသည်ဖြစ်၍၊ တတ္ထ၊ထိုနိဗ္ဗာန်အာရုံ၌။စိတ္တံ၊မိမိသမ္ပယုတ်စိတ် ကို။ဥပသံဟရတိ၊အာရုံပြုနိုင်အောင်ရှေးရှုဆောင်၏။ ။ဤပါဠိဖြင့်မဂ်သည် နိဗ္ဗာန်ကိုအာရုံပြုသည်ဟူရာ၌။ရဟန္တာဖြစ်၍စုတိကျရောက်သောအခါဖြစ် ပေါ်လာလတ္တံ့သော ငြိမ်းအေးခြင်းကိရိယာသဘောရှိသောနိဗ္ဗာန်ကို မတွေ ဝေသောအားဖြင့် သိနှင့်သည်ကိုမှချပြသည်၊ထိုသို့ပြသဖြင့် မဂ်နှင့်တပြိုင်

နက်လာသော အတ္တူပနိုသန္တိဒါ သည်လည်း ယင်းအနာဂတ် ဖြစ်သော နိဗ္ဗာန်ကိုပင် အာရုံပြုသည်ဟူသော အနက်ကိုလည်း။ အဝုတ္တသိဒ္ဓိနည်း ပညတ္တိဟာရနည်းအားဖြင့်ပြသည်သာမှတ်။ ။ဆက်၍ဆိုဦးအံ့။ တဿ ဘိက္ခုနော ရူဓေဝသမ္ဘဝေဒယိတာနိအနဘိနန္ဒိတာနိသီတိဘဝိဿန္တိ။ အယံ ဝုတ္တိဘိက္ခုဝေအနုပါဒိသေသာနိဗ္ဗာနဓာတု ဟူသော ဤရှုတိဝုတ်ပါဠိတော်၌၊ အယံသဒ္ဒါ၏အဓွဲကို အဓ္ဓကထာဘာရာ မဘွင့်ဆိုသော်လည်း။ သီတိ သိဘာဝိဘာဝိဿန္တိ။ အပ္ပနိုသန္တိကနိရောဓနိရုဇ္ဈိဿန္တိတိအတ္တော ဟူသော ဓွေသံဝဏ္ဏနာမူပုံကိုထောက်သဖြင့်။ အယံ၊ ဤရဟန္တာပုဂ္ဂိုလ်ခန္ဓာ ငါးဝချုပ်ခြင်းကို။ ဝါ၊ ချုပ်ကြောင်းကို။ ဤသို့အနက်ပေးလိုသည်ထင်၏။ ၎င်းအနက်သည်။ ပဥ္စန္နံခန္ဓာနံ အပ္ပဝတ္တိ ဝသေန နိဗ္ဗာနံ ကထိတံ ဟူ၍လည်းကောင်း၊ ဒုက္ခနိရောဓောနိဗ္ဗာနံ ဟူ၍လည်းကောင်း၊ လာသောပါဌ်တို့နှင့် ညီညွတ်သည်သာတည်း။ ယင်းသို့သော်လည်း ၎င်းအနက်၏ အဘယ်သည် အနုပါဒိသေသနိဗ္ဗာန်မည်သည်ဟု အနုပါဒိသေသနိဗ္ဗာန် သချပ်လှလှမပေါ်သောကြောင့်။ အယံ၊ ဤရဟန္တာပုဂ္ဂိုလ်ခန္ဓာကွယ်ပျောက် သည်အခါ ဖြစ်ပေါ်လာလတ္တံ့သော ငြိမ်းဧးခြင်း သီတိဘာဝသဘော တရားကိုဟူ၍ သချပ်ပေါ်အောင် ဘုရားသျှင်၏အာဘော်နှင့်သင့်လျော်စွာ အနက်ပေးသဘည်း။ ။ဤရှုတိဝုတ်ပါဠိတော်၌။ သီတိဘဝိဿန္တိ ဟူ သောပါဌ်သည် ပရိနိဗ္ဗာယိဿန္တိ ဟူသောပါဌ်နှင့် အနက်သဘောအတူ ပင်တည်း။ ယင်းပရိနိဗ္ဗာယိဿန္တိ၌လည်း။ ပရိနိဗ္ဗာယိဿန္တိ၊ ငြိမ်းကုန် လတ္တံ့။ ဝါ၊ ငြိမ်းဧးခြင်း သဘောဟူသော နိဗ္ဗာန်စံခြင်းကို ပြုကုန်လတ္တံ့။ ဝါ၊ မအိုမသေ အမြဲစံနေရာ နိဗ္ဗုတာသို့ ရောက်ကုန်လတ္တံ့ဟူ၍ အနက် ပေးသော်သည်း ပေးသင့်၏။ ယင်းပရိနိဗ္ဗာယိဿန္တိ၌။ ပရိတော နိတော ရှိသော ဝါဓာတ်၏အရကို၊ ငြိမ်းဧးခြင်း သဘောဟူသော နိဗ္ဗာန်ကိုပင် ကောက်ရ သကဲ့သို့၊ ဤသီတိဘဝိဿန္တိ၌လည်း သီဘာဝအရကို၊ ငြိမ်းဧးခြင်းသဘောဟူသော နိဗ္ဗာန်ကိုပင် ကောက်ယူသင့်၏။ ။ထို့ ကြောင့်၊ ဤ-တဿ ဘိက္ခုနော။ပ။ အယံ ဝုတ္တိ အနုပါဒိသေသာ နိဗ္ဗာန ဓာတု ဟူသော ရှုတိဝုတ်ပါဠိတော်ဖြင့်။ ရဟန္တာပုဂ္ဂိုလ်တို့ စုတိကျ ရောက်သည်အခါဖြစ်ပေါ်လာသော တဆဲ့ဘသိး မီးအပေါင်းတို့မှ ငြိမ်းဧး ခြင်းသီတိဘာဝသဘောတရားသည် အနုပါဒိသေသနိဗ္ဗာန်မည်၏ဟူသော အနက်ကို နိတတ္ထ။ယင်းနိဗ္ဗာန်၏လည်း ရဟန္တာပုဂ္ဂိုလ်စုတိကျရောက်ခန္ဓာ

ကွယ်ပျောက်သည့်အခါမှ။ထိုရဟန္တာပုဂ္ဂိုလ်၏ပုန်းအောင်းရာတည်ရာဖြစ်၍ ဖြစ်ပေါ်လာသည်ဟူသောအနက်ကို နေယျထူအားဖြင့်ပြ၏။ထို့ကြောင့် အကြင်အကြင်အရပ်၌အကြင်အကြင်ရဟန္တာပုဂ္ဂိုလ်တို့ရုတိကျရောက်၏။ ထိုထိုအရပ်၌ ထိုထိုပရိနိဗ္ဗုတရဟန္တာတို့၏တည်ရာ ပုန်းအောင်းရာဖြစ်၍ ဖြစ်ပေါ်လာသောထိုနိဗ္ဗာန်သည် ထိုအရပ်၌ပင် ထင်ရှားရှိသည်ဟု ဖေးကညွှန်းပြခဲ့ပြီးသည့်အတိုင်းအထူးယုံကြည်အပ်၏။ ။ဤသို့ရဟန္တာပုဂ္ဂိုလ်တို့ ရုတိကျရောက်သည့်အခါ မိမိထံဖြစ်ပေါ်လာသောနိဗ္ဗာန်၌ ထိုရဟန္တာတို့ တည်နေသည်ကိုရည်တော်မူ၍။ နိဗ္ဗာနံအရဟတောဂတိဟူ၍ ဟောတော်မူသည်မှတ်။ ။ပရိဝါပါဠိတော်။ ။ဇာတိဝတ်ပါဠိတော်၌ ရဟန္တာပုဂ္ဂိုလ် ရုတိ ကျရောက်သည့်အခါ ဖြစ်ပေါ်လာသော ငြိမ်းအေးခြင်း သိတိဘာဝ သဘောသည် အနုပါဒိသေသ နိဗ္ဗာန်မည်၏ဟုဆိုသဖြင့်။ ထိုရဟန္တာတို့ ရုတိကျရောက်ရာ အရပ်၏လည်း အမှတ်မရှိ အရပ်ဆယ်မျက်နှာ၌ပင်ဖြစ်သင့်သောကြောင့်။ ။ပုရတ္ထိမဒိသာဒိသု အသုကဒိသာယံ နိဗ္ဗာနံနတ္ထိတိ နဝတ္တဗ္ဗံ ဟူ၍လာသော မူလပဏ္ဏာသအဋ္ဌကထာစကားသည် ဤဇာတိဝတ်ပါဠိတော်နှင့် ညီညွတ်သည် သာတည်း။ ။ဤပါဠိတော် အဋ္ဌကထာတို့သည်လည်း။ဣမသ္မိံယေဝကဠေဝရေသသညိမှိသမနကေသဝိညာဏကေ လောကဉ္စ ပညပေမိ၊ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနိပဋိပဒဉ္စ၊ ဟူ၍ဟောတော်မူအပ်သော သဂါထာဝဂ္ဂသံယုတ် စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော်တို့နှင့်လည်းညီလျော်ပေစွ။ ။အဘဲ့ကြောင့်နည်း။ ဤပါဠိတော်တို့၌ လောကနိရောဓဟု ဆိုအပ်သော နိဗ္ဗာန်ကို။ ထိုနိဗ္ဗာန် ရောက်သူပရိနိဗ္ဗုတ္တပုဂ္ဂိုလ် ခန္ဓာဟူသော လောက၌ပင်၊ ငါပညတ်တော်မူသည် ဟူသော အနက်ကိုပြသဖြင့်၊ ထိုပရိနိဗ္ဗုတ္တ ပုဂ္ဂိုလ်ဟူကလည်း ဘယ်အရပ်မဆိုအရပ်ဆယ်မျက်နှာ၌ပင်ဖြစ်သင့်သောကြောင့်တည်း။ ။ နိဗ္ဗာနမ္ပိခန္ဓပဋိဗဒ္ဓမေဝခန္ဓေဟိဝိသယိကတတ္တာတိဝဒန္တိ ဟူသောဝိသုဒ္ဓိမဂ်ဋီကာ စကားသည်လည်း။ ဆိုအပ်ခဲ့ပြီးသော ပါဠိတော် အဋ္ဌကထာတို့နှင့် သင့်လျော်လှသည်သာဘည်း။ ။အဘဲ့ကြောင့်နည်း။ဤဋီကာ၌ နိဗ္ဗာန်သည် ခန္ဓာနှင့်ပင်စပ်၍ ဖြစ်သည်ဟူသော စကားဖြင့်၊ နိဗ္ဗာန်ဟူသည် ပရိနိဗ္ဗုတ္တ ပုဂ္ဂိုလ်ခန္ဓာနှင့် စပ်၍ ဖြစ်သည်ဟူသော အနက်ကိုပင် ပြသောကြောင့်။ ထိုပရိနိဗ္ဗုတ္တ ပုဂ္ဂိုလ်ဟူကလည်း အရပ်ဆယ်မျက်နှာ၌ပင် ဖြစ်သင့်သော ကြောင့်တည်း။ ။ဤပါဠိတော်ဋီကာတို့၌ နိဗ္ဗာန်သည် ခန္ဓာ၌ပင်ဖြစ်သည်၊

ခန္ဓာနှင့်စပ်၍ နေသည်ဟူရာ၌လည်း။ခန္ဓာနှင့်မချမစပ်၊ခန္ဓာငြိမ်းခြင်းနှင့်သာ မချစပ်သည်၊ ခန္ဓာမငြိမ်းမပျောက်လျှင် နိဗ္ဗာန် မပေါ် မရောက်လာသော ကြောင့်တည်း။ဝါ၊ခန္ဓာငြိမ်းပြီးသည်နောက် နိဗ္ဗာန်၌တည်ရောက်၍နေသော ပရိနိဗ္ဗုတ ပုဂ္ဂိုလ်နှင့်သာ မချစပ်သည် ဖြစ်လျက် ခန္ဓာနှင့် စပ်သည်ဟုဆို သည်မှာ တဒ္ဓိဟာရူပစာခအားဖြင့်သာဆိုသည်ဟုမှတ်။ ။ဤလည်း ကျမ်းတတ် ပညာရှိတို့ သတိအထူးထားကြရန် ဂန္ထိရ ဉာဏ ဝေါစရ တရပ်တည်း။ ။

အနုတ္တရယောဂက္ခေမံ့ အနုတ္တရိယံ၊အနုတ္တရိယာယိဘုံယုတ္တန္တီ့ အဝေဿ။အဘူတ ပုဗ္ဗံဘူတံ့ အတ္ထုတံ။ ။ဥပရိပဏ္ဏာသအဋ္ဌကထာ။ ။ဘာ။ ။အနုတ္တရိယံ၊ အံ့ညြခြင်း၌ထိုက်လှပေသောနိဗ္ဗာန်။ ။အတ္ထုတံ၊ရှေး၌တရံတဆစ်မဖြစ်လာ ဘူးဘဲ ဤတခါတည်းသာဖြစ်ပေါ်လာပေသောနိဗ္ဗာန်။ ။ဟူ၍အနက်ပေး။ ။ အတ္ထုကြဟု ဥရသနှင့်လိုသည်ကို သဒ္ဒနီတိ၌ဆိုသည်။ရင်းအတ္ထုတသဒ္ဒါ၏ အနုတ္တရိယတ္ထ အဘူဘပုဗ္ဗတ္ထအားဖြင့်အနက်နှစ်ပါးရှိသည်ဟု ယင်းသဒ္ဒနီတိ၌ လာသည်အတိုင်း၊ ယင်းအနက်နှစ်ပါးတို့တွင် ဤအရာ၌ အဘူတပုဗ္ဗတ္ထဟု သိလေ။ ။ဇာဒ်လောကနိဿရဏန္တိ ဇာဒ်နိဗ္ဗာနံလောကတောနိဿဋ္ဌတ္တာ လောကနိဿရဏန္တိ ဝုစ္စတိ။ ။အင်္ဂုတ္တရအဋ္ဌကထာ။ ။မူ။ ။တွင်းလိုဏ်ဂူ တူးဘောက်၍ မြေခဲတ်ကုန်ပျောက်သဖြင့် ဟင်းလင်းအာကာသသဘော ပေါ်ပေါက်လာရာ၊ ထိုအာကာသကိုမြေခဲတ်မှကျွတ်လွတ်၍ ဖြစ်သည်ဆို အပ်သည်။ ဤနည်းအတူ အရဟတ္တမဂ် အရဟတ္တဖိုလ်ပန္တိမစိတ်တို့ဖြင့်၊ ကိလေသာဘရား ခန္ဓာငါးပါး မြေခဲတ်ကုန်ပျောက်သည်ဖြစ်၍၊ ထိုငြိမ်းဖေး ခြင်းသဘောပေါ်ပေါက်လာသည့်အခါ။ထိုနိဗ္ဗာန်ကိုထိုလောကချုပ်နာမ်ခန္ဓာ ဝဋ်တွင်းမှကျွတ်သွတ်လေပြီ ဆိုအပ်သည်ဟူလို။ ။ပရိနိဗ္ဗာယတိတိ အနုပါဒိသေသာယပရိနိဗ္ဗာနေနနိဗ္ဗာယတိ။ ။ရင်းအင်္ဂုတ္တုရ်အဋ္ဌကထာ။ ။ဓေ။ ။ ရင်းပါဌ်ဖြင့် ပရိနိဗ္ဗာန်ဟူသည်နှင့် အနုပါဒိသေသပရိနိဗ္ဗာန်ဟူသည်အတူတူပင် တည်းဟု ဆိုခဲ့သော ရှေးစကားကို သန္နိဋ္ဌာန်ကျမှတ်ရန်။ ။အပစ္စယ ပရိနိဗ္ဗာနေန၊ ဒါနသီလ ဘာဝနာ စသော အကြောင်းတရားတို့နှင့် မကင်း ကောင်းသော်လည်း ထိုအကြောင်းတရားတို့သည်တကွရောက်၍ မပြုပြင် နိုင်သဖြင့် အကြောင်းရှိသည် မဆိုထိုက် မဆိုအပ် ထူးမြတ်လှစွာသော ထက်ဝန်းကျင်ဘေးအပေါင်းဘို့မှ ငြိမ်းဖေးခြင်းသဘောဟူသော အသင်္ခတ ဓာတ် နိဗ္ဗာန်ဖြင့်၊ နိဗ္ဗာယတိ၊ ငြိမ်းကြီးငြိမ်း၏။ ။ဗျာချီအနက်။ ။

နတ္ထိဇွေဿသံသာရစာရကာသဒ်ါတောဒုက္ခယောခေါ၊ ဇောသ္မိံ ဝါအဓိဂကော သံသာရ စာရကာသဒ်ါတဿ ဒုက္ခယောခဿ အဘာဝေါတိပိ ဒုက္ခနိရော ခေါ၊အနုပ္ပါဒနိရောဓပစ္စယတ္တာဝါ။ ။နေတ္တိအဋ္ဌကထာ။ ။ဆေဝ်။ ။ ဇွေဿ၊ဤနိဗ္ဗာန်၌။ သံသာရစာရကာသဒ်ါတော၊ သံသရာစောင့်ထောင်မှူးဟု ဆိုအပ်သော။ ဒုက္ခယောခေါ၊ ဝဋ္ဋဒုက္ခဟူသော ခန္ဓာငါးပါး သူရဲသည်။ နတ္ထိ၊မရှိ။ ဣတိတသ္မာ၊ထို့ကြောင့်။ ဒုက္ခနိရောခေါ၊ ဒုက္ခနိရောဓမည်၏။ဝါ၊ တနည်းကား။ဇောသ္မိံ၊ထိုနိဗ္ဗာန်ကို။အဓိဂတော၊ရအပ်သည်ရှိသော်။သံသာရ စာရကာသဒ်ါတဿ၊ သံသရာစောင့်ထောင်မှူးဟု ဆိုအပ်သော။ ။ ထောင်မှူးသည် ထောင်သားတို့ကို ထောင်တွင်းမှ မထွက်ပြေးရအောင် စောင့်ရှောက်သကဲ့သို့၊ သံသရာထောင်ထဲမှ မထွက်ရအောင် ပြုတတ် သော။ ဝါ၊ထောင်မှူးသည် ထောင်သားတို့ကို ထောင်ဖြင့်ဖွဲ့တတ်သကဲ့သို့။ သံသရာ၌ဖွဲ့ထားတတ်သော ကိလေသဒုက္ခစသော အလုံးစုံသောဒုက္ခကို သံသရာထောင်မှူးဟုဆိုသတည်း။ ။စာရကသဒ္ဒါ၏ပါလကတ္ထဗန္ဓတ္ထကို၊ သဒ်ဒါရိက်ဗဂ်ါလီရေး မုတ္တာဝလီအဘိဓာန်ကျမ်းကြီး၌ဆိုသတည်း။ ။ ဒုက္ခယောခဿ၊ ကိလေသဒုက္ခစသော ခန္ဓာငါးပါးဟူသော ဒုက္ခသူရဲ၏။ အဘာဝေါ၊ မရှိခြင်းသည်။ ဟောတိ၊ဖြစ်၏၊ ဣတိတသ္မာ၊ ထို့ကြောင့်။ ဒုက္ခ နိရောခေါ၊ဒုက္ခနိရောဓမည်၏။ ။ယကို ရပြုဟုလို။ ။တနည်းကား၊ သံသရာထောင်ဖြင့် ဖွဲ့သားအပ်သော ရာဇဝတ်ကောင်ဟု ဆိုအပ်သော ခန္ဓာငါးပါးဒုက္ခ၏ဖြစ်ရာမဟုတ်သောကြောင့် ဒုက္ခနိရောဓမည်၏။ ဤသို့ အနက်ပေးသော်လည်း သင့်သည်ပင်။ ဤအလိုအားဖြင့်ကား ယကို ရပြု ဘွယ်မရှိ ပကတိအတိုင်းပင်မှတ်။ ။ငင်းပါဌ်ဖြင့် ဒုက္ခမရှိရာကို နိဗ္ဗာန် ဆိုသည်၊ ဒုက္ခ၏ချုပ်ခြင်းအဘာဝမျှကို နိဗ္ဗာန်ဆိုသည်မဟုတ်ဟုသိရန်။

ပဉ္စန္နံခန္ဓာနံအပဝတ္တိဝသေနနိဗ္ဗာနံကထိတံ။ ။ပဉ္စန္နံခန္ဓာနံ၊ ဒုက္ခဟူ သမျှတို့၏ တာဝတည်းခိုဝင်နေရာ ခန္ဓာငါးပါးတို့၏၊အပဝတ္တိဝသေန၊ မဖြစ် လာသည်၏ အစွမ်းအားဖြင့်။ ဝါ၊ပဋိသန္ဓေ မနေလာနိုင်သည့်အစွမ်းဖြင့်။ ပဝတ္တံ၊ ပရိနိဗ္ဗုတ္တပုဂ္ဂိုလ်ခန္ဓာကွယ်သည်အခါဖြစ်ပေါ်လာသော၊ နိဗ္ဗာနံ၊ တဆဲ့တသိမ်းအပေါင်းတို့မှ ကောင်းကောင်းကြီးငြိမ်းဇေးခြင်းသဘောကို။ နိဗ္ဗာနံ၊နိဗ္ဗာန်ဟူ၍၊ကထိတံ၊ဟောတော်မူအပ်၏။ ။သိလေသနည်း။ ။ ဤသို့လာသော သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာနှင့်အညီ၊ နိဗ္ဗာန်ဟူသည် နိဗ္ဗာန်ရမည့်သူ ပရိနိဗ္ဗုတ္တပုဂ္ဂိုလ်တို့၏ခန္ဓာကွယ်ပျောက်သည်အခါ၊တဘန်

ပဋိသန္ဓေသစ် ဒုက္ခအဖြစ်မတွယ်လာရအောင် ဟန့်ဆီးတားမြစ်နိုင်သော အစွမ်းဖြင့်၊ ၎င်းပရိနိဗ္ဗုတ္တပုဂ္ဂိုလ်ကို သိမ်းမြန်း ပိုက်ထား စောင့်ရှောက် ကိုးကွယ်ရာပြု၍ ဖြစ်ပေါ်လာသော သိတိဘာဝဟုဆိုအပ်သော ငြိမ်းဧးခြင်း သဘောအားဖြင့်စင်စစ်ထင်ရှားရှိသောအသင်္ခတဓာတ်ကို၊ နိဗ္ဗာန်ဓါတ်ဟု သဓာဓိဂုဏာလင်္ကာရ စကား ပြောကြား ခေါ်ဆိုအပ်သည့်ဟူ၍လည်း သိကြကုန်။ ။အယံဒုက္ခနိရောဓောတိအယံသဗ္ဗသင်္ခတနိဿဋာအသင်္ခတာ ဓာတုယထာဝုတ္တဿဒုက္ခဿအနုပ္ပါဒနိရောဓပစ္စယတ္တာဒုက္ခနိရောဓော။ ။ အယံဒုက္ခနိရောဓောတိ၊ အယံဒုက္ခနိရောဓောဟူသည်ကား။ သဗ္ဗသင်္ခတ နိဿဋာ၊အလုံးစုံသောဒုက္ခတည်ရာ သင်္ခါရနယ်ဝင် သင်္ခတတရားမျိုး ဟူသမျှ လှလှကြီးကျွတ်လွတ်သော။ အသင်္ခတာ၊အကြောင်းတရားနှင့် မကင်းကောင်းသဖြင့် ထိုအကြောင်းတရားတို့ ပြုပြင်အပ်သော်လည်း ဥပါဒ်ဖြစ် မပေါ်သဖြင့် ပြုပြင်အင်ရာမထင် အလွန်လျှင် သိမ်မွေ့လှသည် ဖြစ်၍ အသင်္ခတ နာမထူးလည်း ဘွဲ့တော်ချည်အပ်သော။ အယံဓာတု၊ ဤသည့် အပိုင်းအခြဲ အစုအတွဲ မကွဲနိုင်ရာ ထူးမြတ်စွာ ဓာတ်တော်မြတ်သည်။ ယထာဝုတ္တဿ၊အောက်၌ဆိုခဲ့တိုင်းသော။ ဒုက္ခဿ၊ မြင်းမိုရ်နှင်းပြိုင် ကြီးနိုင်လှစွာ သမုဒြါရေမကများပြားလှသော ဒုက္ခအပေါင်း၏၊အနုပ္ပါဒနိရောဓ ပစ္စယတ္တာ၊တဘန်အသစ် မဖြစ်လာရ အမြစ်မူလနှင့်တကွ လှလှကြီးချုပ်ရာ ချုပ်ကြောင်းဖြစ်သောကြောင့်။ ဒုက္ခနိရောဓော၊တဗ္ဗောဟာရူပစာရအားဖြင့် တင်စား၍ ဒုက္ခနိရောဓမည်ရသတည်း။ ။ဤသို့ဆယ်ကြောင်းပေ။ ဂိအင်္ဂါ တွင်လာသော နေတ္တိအဋ္ဌကထာပါဠိနှင့်အညီ၊ ဒုက္ခနိရောဓဟုဆိုအပ်သော ပကတိလုံးလုံးမရှိ ပျောက်၍သွားသော အဘာဝကိုနိဗ္ဗာန်ဆိုသည်မဟုတ်။ နေရှိန်ကြောက်လာသောကြောင့်ဆီးနှင်းပေါက်ပျောက်ရသကဲ့သို့ရင်း။မိုဃ်း ကြီး သည်းထန်စွာရွာခါနီးတွင်မိုဃ်းသက်လေကြီးလာသည်အခါ တမိုဃ်း ချုံးပူသောနေရှိန်ပျောက်ရသကဲ့သို့ရင်း။ အသင်္ခတဓာတ် နိဗ္ဗာန်တရားမြတ် ဆတ်ဆတ်ပေါ်လာတော့မည်ရှိသည်အခါ၊ ယင်းပရိနိဗ္ဗုတ္တပုဂ္ဂိုလ်တို့ ခန္ဓာ မီးပူတဘန်မလှုနိုင် ဘဝသစ်သို့မရောက်နိုင်အောင် စင်းလုံးယိုင်သွား ပျက်ပြားရသဖြင့်။ယင်းသို့ပျက်ပြားချုပ်ပျောက်ရကြောင်းဖြစ်သော ငြိမ်းဧးခြင်း သဘောဟူသောအသင်္ခတဓာတ် ကိုယ်တော်မြတ်ကိုဒုက္ခနိရောဓပစ္စယဟု ဆိုရန် ရှိသော်လည်း။ ပစ္စယသဒ္ဒါကို ချေသော အားဖြင့် ဒုက္ခနိရောဓဟု နာမတံဆိပ် ကွပ်နှိပ်အပ်သော အရာများကိုလည်း အထူးသိကြကုန်။ ။

အသင်္ခတဓာတ်သည်ကား ဒုက္ခချုပ်ကြောင်းကာရဏ၊ဒုက္ခချုပ်ရခြင်းကား ဖလဟုမှတ်။ ။ခြသေ့်မင်းပင် မလာသေးသော်လည်း လာတော့မည်ဟန် ဟိန်းဟောက်သံပေးကာမျှဖြင့် မြေခွေးသိင်္ဂါလအပေါင်းတို့ တပေါင်းတည်း ထွက်ပြေးရှင့်ကြရသည်နှင့်အတူ။ ။နိဗ္ဗုတိသခင် သခ်ီတာသခ်ီတဘုရင် ထွက်တော်မူလာမည်ပြင်ဆင်ခိုက်တွင်။ငါးအင်ခန္ဓာမြေခွေးအပေါင်းတဘန် အသစ်မလူနိုင်အောင်တပေါင်းတည်းပျက်စီးရှင့်ကြရသည်ဟုလိုသတင်။ ။ တဏှက္ခယာဒုက္ခက္ခယော၊ဒုက္ခက္ခယာနိဗ္ဗာနံ။ ။တဏှက္ခယာ၊ဒုက္ခများစွာ ဘေးဇရာကို အခါခါစိမ့်တတ်သည့် တဏှာသုံးတန် ကိုယ်တွင်း ရန်တို့ မကြွင်းမကျန် ကုန်လေခြင်းကြောင့်။ဒုက္ခက္ခယော၊ နာမ် ရုပ် ဒုက္ခ ကုန်ရခြင်းသည်။ ဟောတိ၊ ဖြစ်၏၊ ဒုက္ခက္ခယာ၊ ဒုက္ခအပေါင်း တပေါင်းတည်း ကုန်လေခြင်းကြောင့်။ နိဗ္ဗာနံ၊ တဏှာတောထဲမှ ထွက်မြောက်၍လာတော် မူရသော။ ။ဝါနတောနိက္ခန္တတ္တာ နိဗ္ဗာနံ။ ပြု။ နိဗ္ဗာနံ ဝစနတ္ထ။ ။နိဗ္ဗာနံ၊ တဏှာဟုသမျှကို တဝတည်းနှင်ထုတ်နိုင်ထသော၊ ။ဝါနံနိက္ခာပေတီတိ နိဗ္ဗာနံ။ ။နိဗ္ဗာနံ၊ဘေးရန်ခပ်သိမ်းတို့ကိုတပေါင်းတည်းငြိမ်းစေနိုင်ထသော။ ။ နိဗ္ဗာပေတိသဗ္ဗဘယာနီတိနိဗ္ဗာနံ။ ။နိဗ္ဗာနံ၊တဆဲ့တသီး မီးအပေါင်းတို့၏ ကောင်းကောင်းကြီးငြိမ်းရာဖြစ်တော်မူထသော။ ။နိဗ္ဗန္တိရာဂဂ္ဂိအာဒယော ဧတ္ထာတိနိဗ္ဗာနံ။ ။နိဗ္ဗာနံ၊ တဏှာဟူသမျှတို့၏ လှလှကြီးထွက်ပြေးရာ ဖြစ်ထသော။ ။ဝါနာနိနိက္ခမန္တိ ဧတ္ထာတိနိဗ္ဗာနံ။ ။နိဗ္ဗာနံ၊သင်တိုင်းစွပ် အကျီ အင်္ကျီ ညီအောင် ချုပ်စပ်တတ်သောသူတို့ကဲ့သို့၊ ဝိညာဏ်နာမ်ရုပ် သင္ဃာယတန စသည်များစွာ သတ္တဝါပုံဟန် သတ္တဝါစော်နံအောင် စိမ့် ချုပ်စပ်တတ်သောအဝိဇ္ဇာသင်္ခါရတို့၏မချုပ်မလုပ်နိုင်ရာဖြစ်ထသော။ ။ နဝါနန္တိ နသိဗ္ဗန္တိဝါနာ ဝါနန္တာဧတ္ထာတိ နိဗ္ဗာနံ။ ။နိဗ္ဗာနံ၊ဝါနရှိသူ ပုထုဇန် လူတို့၏ တခါတည်းမှ မပြုမလာနိုင်ရာ ဖြစ်ထသော။ ။ဝါနမေတသံ အတ္ထီတိဝါနာ၊ ဝါနာနဝါယန္တိ ဧတ္ထာတိနိဗ္ဗာနံ။ ။နိဗ္ဗာနံ၊ ဝါနမရှိသူတို့၏ မလာနိုင်ရာလည်းမဟုတ်ထသော။ ။နိဥပသာရကို ဝါနပုဒ်နှင့်တွဲ၍တချက်, မတွဲဘဲလျက် တချက်ရသောကြောင့်။တန္တနည်းလည်းရောသော။ဝါ၊နိဗ္ဗာန ပုဒ်တခုတည်းလျက် နဝါနာ ဟူသောအနက်, နဝါယန္တိ ဟူသောအနက်, နှစ်ချက်ကို တပြိုင်တည်း ပြနိုင်သောကြောင့်။ ပဒိပနည်းလည်း ရောသော နိဒ္ဒေသသဒ္ဒါတည်း။ ။နိဗ္ဗာနံ၊ နိဗ္ဗုသာခေါင် ဘေးမဲ့တောင်သည်။ နိဗ္ဗာနံ၊ မြဲမြံခိုင်ခံ့ တည်တံ့လှစွာ အမြဲဖြစ်၍ကာ၏။ ။နိယတံ ဟုတ္တွာ နိယမဝသေန

ဝါနံ ပဝတ္တနန္တိ နိဗ္ဗာနံ၊ ။အက္ခရ ပဒ ဗျဉ္ဇန အာကာရ နိရုတ္တိ နိဒ္ဒေသအားဖြင့် ခြောက်မျိုးပြားသော မဟာနိဒ္ဒေသ နေတ္တိပါဠိတော်တို့မှလာသော သဒ္ဒါခြောက်ပါးတို့တွင်၊ နိဒ္ဒေသအရာ၌ဝင်သောဝစနတ္ထပိဿေသတို့တည်း။ ။ နိဗ္ဗစနံ နိရုတ္တိ။ နိဗ္ဗစနဝိတ္ထာရော နိဒ္ဒေသော။ ။နေတ္တိအဋ္ဌကထာကို ရှု၊ ။ တဏှက္ခယာဒုက္ခက္ခယော၊ ဒုက္ခက္ခယာနိဗ္ဗာနံ၊ ။ဤသို့သာသော နေတ္တိပါဠိတော်နှင့်အညီ။ ဒုက္ခက္ခယာနိဗ္ဗာနံ အရ ဒုက္ခကုန်မှ နိဗ္ဗာန်ဖြစ်လာသည် ဟူ၍သိကြကုန်။ ။ဒုက္ခနိရောဓဿပစ္စယတ္တာ ဒုက္ခနိရောဓော ဟူသော ယခင်နေတ္တိအဋ္ဌကထာပါဌ်၏အရ။ နိဗ္ဗာန်ကြောင့်ဒုက္ခကုန်ရသည်ဟူသော အနက်။ ဒုက္ခက္ခယာ နိဗ္ဗာနံဟူသော ဤနေတ္တိပါဠိတော်၏အရ။ ဒုက္ခကုန်သောကြောင့် နိဗ္ဗာန်ဖြစ်ပေါ်လာရသည်ဟူသောအနက်အားဖြင့် ပါဠိအဋ္ဌကထာဆန့်ကျင်သကဲ့သို့သောအရာများကိုလည်း စင်စစ်ဆန့်ကျင်သည်ဟု မမှတ်ဘဲလျက်။ နိဗ္ဗာန် ပေါ်လာလိုသောကြောင့် နိဗ္ဗာန်၏ ဆန့်ကျင်ဘက် နာမ်ရုပ်ဒုက္ခဟူသမျှ ထွက်ပြေးနှင့်ရသည်၊ ဒုက္ခဟူသမျှ ထွက်ပြေးရသောကြောင့် ဒုက္ခငြိမ်းခြင်းနိဗ္ဗာန်ဖြစ်သည်။ နေရောင်ကြောင့် အမိုက်ပျောက်ရသည်။ အမိုက်မှောင်ပျောက်သောကြောင့် အလင်းရောင် တောက်သည်။ နေထွက်လို၍ အရုဏ်တက်ရသည်။ အရုဏ်တက်သောကြောင့် နေထွက်ရသည် ဟူသော သူရိယုဂ္ဂမနူပမာ။ ကံကုန်သဖြင့် ရတေလိုသောကြောင့် အနာကြီးပေါက်လာရသည်။ အနာကြီးပေါက်သောကြောင့် ရတေရသည် ဟူသော နာသာဘဂေါပမာ။ ကျမ်းဝယ်လာသော အရာများကဲ့သို့သာ မှတ်သဖြင့်။ ပါဠိအဋ္ဌကထာ အပြန်အလှန် အညမညသံသန္ဒနသာတည်းဟု မှတ်ကြကုန်။ ။ဤနေတ္တိ ပါဠိတော်လာ ဒုက္ခက္ခယာ နိဗ္ဗာနံ ဟူသော စကားတော်မြတ် ဖြင့်လည်း။ ရဟန္တာ ပုဂ္ဂိုလ်တို့ မရတိခင် ထိုရဟန္တာ ပုဂ္ဂိုလ်တို့စံဝင်နေစရာဘာသာထာဝရဖြစ်၍နေနှင့်သောနိဗ္ဗာန်ဟူသည်မရှိ ဟူသော အနက်ကိုလည်း ပညတ္တိဟာရနေတ္တိနည်းအားဖြင့် သိစေတော်မူသည်။ ။လောကဿန္တန္တိ လောကဿ အန္တဘူတံနိဗ္ဗာနံ၊ ။ဤသို့ သာရတ္ထဒီပနီဋီကာ။ပျိုအင်္ဂါတွင်လာသည်နှင့်အညီ။နိဗ္ဗာန်ဟူသည်ရဟန္တာ ပုဂ္ဂိုလ်တို့၏ ခန္ဓာကွယ်ပျောက် အသစ်ခန္ဓာမရောက်လာခြင်းဟု ဆိုအပ်သော လောက၏ဆုံးရာ၌ ပရိနိဗ္ဗုတ သောကလွတ်ပြီး ပုဂ္ဂိုလ်သီးကို ကျောက်ထီးပမာ စောင်ရန်းကာသို့ စောင့်ရှောက်လာသော အစွမ်းအား ဖြင့်ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်အားငြိမ်းဧးခြင်းကိုဖြစ်စေလျက်၊ ဖြစ်ပေါ်လာသော

အနုလောမိကသတ္တိယုတ္တ ရတနာတော်မြတ်ကိုပင်ဆိုသတည်းဟု သိအပ်သော ကြောင့်သည်းကောင်း။ ။နိဗ္ဗာနမ္ပိပဟိခန္ဓေ ပဋိစ္စပညာပနတော်သရီရဆ္ဖ ယေဝ ပညပေတိ။ ဤသို့လာသော သာရတ္ထဒီပနီဋီကာပါဠိနှင့်အညီ။ နိဗ္ဗာန် ဟူသည် အလွတ်သက်သက် ဖြစ်လိုရာ၌ ဖြစ်နေသည့်တရားမျိုး မဟုတ်။ ပရိနိဗ္ဗုတ္တရဟန္တာပုဂ္ဂိုလ်တို့ကိုယ်ခန္ဓာကိုစွဲ၍သာလျှင် ထိုခန္ဓာကွယ်သည် အခါ ဖြစ်ပေါ်လာသော တရားထူးဝိသေသဟူ၍ သိအပ်သောကြောင့် လည်းကောင်း။ ။နိဗ္ဗာနသသအနုပ္ပါဒေယေဝပုဂ္ဂလဿနိရောဓောဟူသော ဝိသုဒ္ဓိမဂ် မဟာဋီကာပါဠိနှင့်အညီ။ နိဗ္ဗာန်ဟူသည် ပရိနိဗ္ဗုတ္တပုဂ္ဂိုလ်ခန္ဓာ ကွယ်သည့်အခါ ထိုပုဂ္ဂိုလ်ကို စောင့်ရှောက်သောအားဖြင့် ဖြစ်ပေါ်လာ သည်ဟုသိအပ်သောကြောင့် လည်းကောင်း၊ ။အနိမိတ္တကတ္တာသဗ္ဗနိမိတ္တ ရဟိတံနိဗ္ဗာနံ ဟူသော ကထာဝတ္ထုအဋ္ဌကထာ ပါဠိအင်္ဂါတွင်လာသည် အတိုင်း နိဗ္ဗာန်ဟူသည် ထိုပရိနိဗ္ဗုတ္တပုဂ္ဂိုလ် ခန္ဓာကွယ်သည့်အခါ ထို ပုဂ္ဂိုလ်အား တာဏလေဏပရာယဏဖြစ်၍ ငြိမ်းအေးခြင်းသဘောအားဖြင့် ဖြစ်ပေါ်လာသော်လည်း၊ အထည်ဒြပ်ဥပါဒ်အားဖြင့်မဖြစ် အလွန်သိမ်မွေ့ နူးညံ့စွာ ဖြစ်ပေါ်လာသည်ဖြစ်၍၊ ယင်းသို့ဖြစ်ပေါ်လာသည်ကို သိသာ လောက်အောင် အထောက်သာဓက အခြင်းအရာနိမိတ် အရိပ်အမြွက် မထွက်မပေါ်။ ၎င်းပရိနိဗ္ဗုတပုဂ္ဂိုလ်ကိုအလွန်ချမ်းသာအောင်စောင့်ရှောက် ၍ နေတော်မူပါသော်လည်း အလွန်သိမ်မွေ့သောအားဖြင့် စောင့်ရှောက် တော်မူသည်ဖြစ်၍ စောင့်ရှောက်ပုံအခြင်းအရာကို သိသာလောက်အောင် အရိပ်နိမိတ်မထွက်။ ဤသို့အစရှိသည်ဖြင့် အောက်ကပြခဲ့ပြီးသည့်အတိုင်း အလုံးစုံသောနိမိတ်အရိပ်မပေါ်မထွက်သောကြောင့်သာ ဖြစ်ပေါ်လာမှန်း မသိရသည်။စင်စစ်အားဖြင့်ကား ထင်ရှားမြင်ရသောသူတို့ကိုယ်၌ နတ်တို့ ပူးဝင်လာသည့်ကိုမျှ မသိကြရသေး၏ရှင့်။ ထင်ရှားမမြင်ရ မသိရ အလွန် နက်နဲ၍နေသော ရူပါဒိသင်္ခါရဝိမုတ္တအဖြစ်၌ တည်၍နေသော ပရိနိဗ္ဗုတ ပုဂ္ဂိုလ်၌ဆိုက်လာပေါ်လာသော ထိုနိဗ္ဗာန်အခြင်းအရာကို အဘယ်သိနိုင် မြင်နိုင်ပါတော့အံ့နည်း။ မသိပင်မသိသော်လည်း အရူပဘုံ၌ အရူပဗြဟ္မာ တို့ကို မသိမမြင်စေကာ၊ ထိုအရူပဗြဟ္မာတို့ မိမိတို့တည်ရာဌာန၌ ရှိသည် ဧကန်ဟုသိအပ်သကဲ့သို့။ထိုပရိနိဗ္ဗုတရူပါဒိသင်္ခါရဝိမုတ္တ ရဟန္တာအသျှင်၌ ထိုရဟန္တာအသျှင်ကိုစောင့်ရှောက်၍နေတော်မူသော ထိုအသင်္ခတဓာတ် နိဗ္ဗာန်ဟူသည် စင်စစ်ဧကန်ရှိ၏ဟု သိအပ်သည်၏အဖြစ်ကြောင့်။ယင်းသို့

ရှိလျှင်လည်း ထိုနိဗ္ဗာန်သည် ထိုမိမိစောင့်ရှောက်ရာပရိနိဗ္ဗုတပုဂ္ဂိုလ်၌ပင်
ရှိ၏ဟူ၍ ဆိုသင့်သောကြောင့်။ ငါတို့ဘုရားသျှင်စံတော်မူရာ နိဗ္ဗာန်သည်
ပရိနိဗ္ဗာန်စံတော်မူသော ထိုဘုရားသျှင်၌ရှိသည်ဟူ၍ဆိုအပ်သတည်း။ ။
ဘုရားသျှင်စံတော်မူရာနိဗ္ဗာန်သည် ယခုရှိပါ၏လောမေးသော်။ ။အဘူတံ
အဇာတံဟုတွာအတ္ထိတိအဘုတံ ဟူသော သဒ္ဒါယတနသံယုတ်အဋ္ဌ
ကထာ။ ။အတ္ထိဘိက္ခဝေအဇာတံ စသော ဥဒါန်းပါဠိတော်စသည်တို့နှင့်
အညီ။ထိုဘုရားသျှင်၏နိဗ္ဗာန်သည် ဘုရားသျှင်ကိုယ်တော်ပရိနိဗ္ဗာန်စံသည်
မှစ၍ ဘုရားသျှင်အား တဆဲ့တသီးမီးမလောင်လာရအောင်စောင့်ရှောက်
တော်မူလျက် အစ္စရိယ အဗ္ဘုတ သုဓောတိတတရ သုပဘာဝန္တတရ
အားဖြင့် ဖြစ်ပေါ်လာပြီးနောက် ယခုထက်ထိမပျက်မစီးထင်ရှားရှိပါ၏ဟု
ဖြေအပ်၏။ ။ဤသို့သာမညဖြေဆိုသော် နေရာအများနှင့်ဆက်ဆံရကား
သာမညဟူသော ဧကတ္တတာ ဖြစ်၏။ ဘုရားသျှင်၏နိဗ္ဗာန် ကုသိနာရုံ
ပြည်တော်၌ရှိသည်ဆိုသော် သီးသီးခြားခြားဝေမတ္တတာဖြစ်၏။ ယင်းသို့
ကုသိနာရုံပြည်၌ရှိသည်ဆိုသော်လည်း ဧကတ္တတာဖြစ်သေး၏။ မလ္လာမင်း
တို့၏အင်ကြင်းဥယျာဉ်တော်၌ရှိသည်ဆိုသော် ဝေမတ္တတာဖြစ်၏၊ယင်းသို့
ဆိုသော်လည်း ဧကတ္တတာဖြစ်သေး၏။အင်ကြင်းပင်ပျိုအစုံတို့၏အကြား၌
ရှိ၏ဆိုသော် ဝေမတ္တတာဖြစ်လာ၏၊ ယင်းသို့ဆိုသော်လည်း ဧကတ္တတာ
ဖြစ်သေး၏၊ ဘုရားသျှင်ခန္ဓာတော် ကွယ်သည့်အခါ ရူပါဒိသင်္ခါရမုတ္တ
ပုဂ္ဂိုလ်အဖြစ်၌တည်၍ နေတော်မူသော ထိုဘုရားသျှင်၌ရှိသည်။ဝါ၊ ဘုရား
သျှင် တည်ရာဖြစ်၍ ထင်ရှားရှိ၏ဆိုသော် ဝေမတ္တတာဖြစ်သတည်း။ ။
နေတ္တိပါဠိတော်ကျမ်းလာ သောဠသဟာရနည်းတို့တွင် အဓိဋ္ဌာနဟာရ
သံဝဏ္ဏနာနည်း။ ။ဤ၌ ရူပါဒိသင်္ခါရမုတ္တပုဂ္ဂိုလ်အဖြစ်ဆိုသော်လည်း
ပုဂ္ဂိုလ်အစစ်မမည်။ ဘူတပုဗ္ဗဂတိက နည်းအားဖြင့်သာ ပုဂ္ဂိုလ်ဆိုရသ
တည်း။ ဤသို့သောနည်းကို ရည်တော်မူ၍သာ။ ။ရူပသင်္ခါရမုတ္တော
ခေါ်မဟာရာဇတထာဂတော စသည်ဖြင့်သဠာယတနသံယုတ်ပါဠိတော်၌
ဟောတော်မူသည်မှတ်။ ။ငင်းရူပါဒိသင်္ခါရမုတ္တတထာဂတဟူသည်
ပရိနိဗ္ဗုတ္တပုဂ္ဂိုလ်တို့ခန္ဓာပျက်သည်မှနောက် နိဗ္ဗာန်၌တည်ရောက်၍ ဂမ္ဘီရ
အပ္ပမေယျသဘောအဖြစ်၌ တည်နေသော ခီဏာသဝ အသျှင်တို့ကိုဆို
သတည်း။ ။ဤအကြောင်းများကို နောက်ပရိနိဗ္ဗုတကထာသို့ရောက်မှ
ဤထက်အကျယ်အသွယ်သွယ်သော ပါဠိအဋ္ဌကထာဋီကာသာခကေတို့နှင့်

တက္ကပြခဆိုလတ္တံ့။ ။သံသာရဒုက္ခဋ္ဌိတေဟိလေတဗ္ဗတောလေဏံ၊တတော ရက္ခဏတောတာဏံ။အင်္ဂဏာဘာဝေနအနင်္ဂဏံ၊ နိဒ္ဒေါသတာယအကာစံ။ ရာဂါဒိမလာဘာဝေနဝိမလံ၊ စတူဟိဩဃေဟိ အနဇ္ဈောတ္ထရဏီယတော ဒီပေါ၊ သံသာရဒုက္ခဂူပသမသုခတာယသုခံ။ ပမာဏကရဓမ္မာဘာဝတော အပ္ပမာဏံ။သံသာရသမုဒ္ဒေအနေသသိဒနဋ္ဌာနတာယပတိဋ္ဌာ။ရာဂါဒိကိဉ္စနာ ဘာဝေနအကိဉ္စနံ၊ ။တံ၊ထိုနိဗ္ဗာန်သည်။ သံသာရဒုက္ခဋ္ဌိတေဟိ၊ သံသရာ ဝဋ်ဒုက္ခဖြင့် အနှိပ်စက်ခံရကုန်သောသူတို့သည်။ ဝါ၊တို့၏။ လေတဗ္ဗတော၊ ပုန်းအောင်းခိုမှီးရာ ဖြစ်သောကြောင့်။ လေဏံ၊ လေဏမည်၏။ တတော၊ ထိုသံသရာဝဋ်ဒုက္ခမှ။ရက္ခဏတော၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်များကိုစောင့်ရှောက် တတ်သောကြောင့်။တနည်းကား၊တတော၊ထိုသံသရာဝဋ်ဆင်းရဲအနှိပ်စက် ခံရဘူးသော ပရိနိဗ္ဗုတပုဂ္ဂိုလ်များမှ။ ရက္ခဏတော၊ သံသရာဒုက္ခ တဘန် မလာရအောင်မှုယောခင်းမှန်သွားအပေါင်းတို့ကိုစောင့်သကဲ့သို့စောင့်ရှောက် တတ်သောကြောင့်။ တာဏံ၊ တာဏမည်တော်မူ၏။ အင်္ဂဏာဘာဝေန၊ ကိလေသာမှု မပြုမသန်းနိုင်ရာဖြစ်သောကြောင့်။အနင်္ဂဏံ၊အနင်္ဂဏမည်၏။ နိဒ္ဒေါသတာယ၊ နာမ်ရုပ်ဒုက္ခဟူသော အညစ်အကြေး အကာအမြေးတို့၏ မရှိခြင်းကြောင့်။ အကာစံ၊ အကာစမည်တော်မူ၏။ တံ၊ ထိုသို့သောဂုဏ် ကျေးဇူးတို့ဖြင့် ချီးကျူး၍ မကုန်နိုင်သော နိဗ္ဗာန်သခင် ကျေးဇူးရှင်သည်။ ရာဂါဒိမလာဘာဝေန၊ရာဂ ဒေါသ မောဟ စသည်များစွာ အညစ်အကြေး တကာဟူသမျှတို့၏ မရှိခြင်းကြောင့်။ဝိမလံ၊ဝိမလဟုအနွတ္ထတံဆိပ်ကွပ်နှိပ် အပ်တော်မူ၏။စတူဟိဩဃေဟိ၊လေးပါးသောဩဃတို့သည်။အနဇ္ဈောတ္ထ ရဏီယတော၊ မလွှမ်းမိုးနိုင်သောကြောင့်။ ဒီပေါ၊ပရိနိဗ္ဗုတရဟန္တာသခင် အသျှင်များတို့၏ အမြဲခိုမှီးရာ ကျွန်းကြီးသဘွယ်ဖြစ်တော်မူပေ၏။သံသာရ ဒုက္ခဂူပသမသုခတာယ၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ သံသရာဒုက္ခမှ လှလှကြီး ငြိမ်းအေးချမ်းသာရာ ဖြစ်တော် မူသောကြောင့်။ သုခံ၊ သုခ မည်တော်မူ၏။ ပမာဏကရဓမ္မာဘာဝတော၊နှိုင်းရှည့်စရာဒုက္ခများစွာတို့ကို ပြုတတ်သော သင်္ခတတရားတို့၏ မရှိခြင်းကြောင့်။တံ၊ထိုနိဗ္ဗာန်သည်။အပ္ပမာဏံ၊တုဘက် မပြု သူမတူတန်ဖြစ်၍ နေတော်မူ၏။ သံသာရသမုဒ္ဒေ၊ သံသရာဟူသော သမုဒ္ဒရာ၊ သမုဒ္ဒရာဟူသောသံသရာ၊ သံသရာသမုဒ္ဒရာ၊ သမုဒ္ဒရာသံသရာ၌။ အနေသသိဒနဋ္ဌာနတာယ၊ မိမိ စောင့်ရှောက်အပ်သော ပရိနိဗ္ဗုတသခင် အသျှင်တို့၏ မနစ်နိုင်ရာအရပ်ဖြစ်သောကြောင့်။ ပတိဋ္ဌာ၊ ပတိဋ္ဌာဟု နာမ

ထူးလည် အနုတ္တ ဘွဲ့ချည်တော် မူအပ်၏။ ရာဂါဒိကိဉ္စနာဘာဝေန၊ ရာဂ စသည်တို့၏ အတွက် ကြောင့်ကြ ဗွက်စရာ ဘယ်ပါတရ မရှိသည်၏ အဖြစ်ကြောင့်။ အကိဉ္စနံ၊ အကိဉ္စနဟု နာမထင်ပေါ် အနုတ္တ ကျော်တော်မူ ပေ၏။ ။ဤသို့ နေတ္တိအဋ္ဌကထာ၊ ဈာနအင်္ဂါတွင် လာသည်အတိုင်း။ ယင်းသို့သော တဏှာ လေဏှာစသော ဂုဏ်တော်အပေါင်းတို့၏ တည်ရာ နိဗ္ဗာန်ဟူသည် ထင်ရှားစင်စစ်ရှိသည်၏အဖြစ်။ စောင့်ရှောက်တတ်သော နိဗ္ဗာန်ဟူသည် ထင်ရှားရှိသဖြင့်လည်း စောင့်ရှောက်အပ်သော ပရိနိဗ္ဗုတ ပုဂ္ဂိုလ်ဟူသည် ထင်ရှားမရှိမဆိုထိုက်သည်၏အဖြစ်။ပုန်းအောင်းရာစင်စစ် ဖြစ်တော် မူသော နိဗ္ဗာန်ဟူသည် ထင်ရှားရှိသဖြင့် ထိုပုန်းအောင်းရာ၌ ပုန်းအောင်း၍အမြဲနေသော ရုပ်ဒိသင်္ခါရဝိမုတ္တပုဂ္ဂလဟူသည် ထင်ရှားမရှိ မဆိုနိုင်သည်အဖြစ်ကို နှစ်နှစ်နောနောသဘောကျကြကုန်။ ။နိဗ္ဗာနမေဝ အတ္ထိ၊ နနိဗ္ဗုတောပုမာ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စသည်တို့၌လာသောစကား မှာလည်း။ပုမာဟုဆိုအပ်သောပရိသပုဂ္ဂလသတ္တဇီဝအဖြစ်ဖြင့်မရှိသည်ကို သာရည်၍ ဆိုသည်။လုံးလုံးနိဗ္ဗာန်စံသူမရှိသည်ကိုရည်၍ဆိုသည်မဟုတ်။ ယင်းသို့နိဗ္ဗာန်စံသူလုံးလုံးကြီးမရှိဆိုခဲ့လျှင်။ကာယသဘောဒါမွေဋ္ဌော၊သဉ္ဇိ နောပေဘိဝေဒဂူ-စသော သဋ္ဌာသတန သံယုတ်ပါဠိတော် စသည်တို့နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်တော့အံ့၊ ။ယင်းရုပါဒိသင်္ခါရဝိမုတ္တဖြစ်၍ နိဗ္ဗာန်၌ တည်သော အကြောင်းကို နောက်မှအကျယ်ဆိုလတ္တံ့။ ။နိဗ္ဗာနောဂဓ ဂါမိနန္တိ၊ နိဗ္ဗာနဿ အန္တောဂါမိနံမဂ္ဂံ။ဗြဟ္မစရိယဉ္စ နိဗ္ဗာနံအာရမ္မဏံကရိတွာ နိဗ္ဗာနဿအန္တောယေဝ ဝတ္တတိ။ ။နိဗ္ဗာနောဂဓဂါမိနန္တိ၊ ဟူသည်ကား။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏၊ အန္တောဂါမိနံ၊ အတွင်းသို့ ရောက်စေနိုင်သော။ မဂ္ဂံ၊ မဂ်ကို။ဟိ၊ဆိုသင့်စွ။ ဗြဟ္မစရိယံ၊ မဂ်တည်းဟူသောအကျင့်သည်။ နိဗ္ဗာနံ၊ ပရိနိဗ္ဗာန်စံသည်အခါဖြစ်ရောက်လာလတ္တံ့သောဧးမြခြင်းသဘောဟူသော နိဗ္ဗာန်ကို။အာရမ္မဏံကရိတွာ၊အာရုံတပ်တတ်ပြုနိုင်သည်ဖြစ်၍။နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။အန္တောယေဝ၊အတွင်း၌ပင်လျှင်။ဝတ္တတိ၊ဖြစ်၏။နဗဟိဒ္ဓါ၊လွင်ပ၌ ဖြစ်သည်မဆိုသင့်ဟူလို၊ ။စတုက္ကအင်္ဂုတ္တရအဋ္ဌကထာ။ ။

ဧဝံ ဝိဟာရီ အာတာပီ၊အဟောရတ္တ မတန္ဒိတော။
ဘာဝယံ ကုသလံ ဓမ္မံ၊ယောဂက္ခေမဿ ပတ္တိယာ။ ။
အပ္ပမာဒရတော ဘိက္ခု၊ပမာဒေ ဘယဒဿိဝါ။
အဘဗ္ဗော ပရိဟာနာယ၊နိဗ္ဗာနဿေဝ သန္တိကေ။ ။

ယောဂက္ခေမသာ၊ ယောဂကုန်ရာနိဗ္ဗာန်သို့။ ပတ္တိယာ၊ ရောက်ခြင်းငှါ။ ဇဝံဝိဟာရီ၊ ဤသို့နေလေ့ရှိသည်ဖြစ်၍။ အာတာပီ၊ လုံ့လရှိသည်ဖြစ်၍။ အပေါ့ရက္ခုံ၊နေ့ညဥ့်မပြတ်။အတန္ဒိတော၊မပျင်းမရိ။ ကုသလံဓမ္မံ၊ကုသိုလ်တရားကို။ ဘာဝယံ ဘာဝယန္တော၊ တိုးပွါးစေလျက်။ ပမာဒေ၊ မေ့လျော့ပေါ့ဖျင်း နေမိခြင်း၌။ဘယဒဿိဝါ၊ပဋ္ဌပြန်ကျိုး တမလွန်ကျိုး အကျိုးနှစ်ပါး ပျက်ပြားဆုတ်ယုတ်တတ်သဖြင့် ကြောက်အပ်စွာသောဘေးကြီးဟုရှုသော့ ရှိသည်ဖြစ်၍၊ အပ္ပမာဒရတော၊အပ္ပမာဒတရားကိုပွါးများခြင်း၌မွေ့လျော် နိုင်သော။ ဘိက္ခု၊ရဟန်းသည်။ ပရိဟာနာယ၊ ဆုတ်ယုတ်ပျက်စီးခြင်းငှါ။ အဘဗ္ဗော၊ မထိုက်နိုင်သည်ဖြစ်၍။ နိဗ္ဗာနဿ၊သုခပယ်ချိုး ဒုက္ခမျိုးတတ်သည့် တဏှာမျိုးမှ လွတ်မြောက်ရာဖြစ်သော။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ သန္တိကေဝ၊ အနီး၌သာလျှင်။ ဝါ၊ထံတော်ပါး၌သာလျှင်။ သန္တိကေ၊နီးနီး ရောက်၍ကပ်၍နေရလေ၏။ ။စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော်။ ။

ဤသို့လာသောအင်္ဂုတ္တိုရ်ပါဠိတော်၌ နိဗ္ဗာန်၏အတွင်း နိဗ္ဗာန်၏အနီး ဟူသည်လည်း။ထာဝရအစဉ် ထင်ရှားတည်၍နေနှင့်သောနိဗ္ဗာန်၏အတွင်း အနီးအရပ်ဟူသည် အခြားမရှိ၊ ဝဋ္ဋာနုဂါမိနိဝိပဿနာကို မဂ်ဖိုလ်၏အနီး ဆိုအပ်သကဲ့သို့၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ကိုလည်း နိဗ္ဗာန်၏အနီး နိဗ္ဗာန်၏အတွင်း ဆိုအပ်သတည်း။ အဘဲ့ကြောင့်နည်း ဟူမူကား။ ထို အရဟတ္တမဂ် အရဟတ္တဖိုလ် ဖြစ်သည်ရှိသော် ပရိနိဗ္ဗာန်စံရတော့မည် ဧကန်ဖြစ်သောကြောင့်ကည်း။ ။တနည်းကား။သီလာပုတ္တကဿသရီရံ ကဲ့သို့၊နိဗ္ဗာန်နှင့်နိဗ္ဗာန်၏အနီးဟူသည်အတူတူ အထူးအခြားမရှိ အဘေဒ ဘေဒူပစာရဟူ၍လည်း ဆိုသင့်၏။ ။ပရိနိဗ္ဗာန် စသည်ဟူရာ၌လည်း နိဗ္ဗာန်၌စံနေရသည်ဟူလိုသည်။ ။နိဗ္ဗာန်နှင့် ပရိနိဗ္ဗာန်ဟူသည်အတူတူ ပင်တည်း၊ ။ပရိနိဗ္ဗာနသဘာဝသခ်ါတံနိဗ္ဗာနန္တိ နိဒ္ဒေသေတ္ထဂန္ထိဗ္ဗံ။ ။ သဋ္ဌာယတန သံယုတ်ဋီကာ။ ။အနေဇော သန္တိ မာရဗ္ဘ၊ စက္ခုမာ ပရိနိဗ္ဗုတော-အစရှိသော ထိုထိုပါဠိတော်တို့၌ ပရိနိဗ္ဗုတော ဟူသောပါဌ် ဖြင့်။ နိဗ္ဗာန်သို့သွားပြီ၊ နိဗ္ဗာန်၌တည်နေပြီ၊ နိဗ္ဗာန်စံ၍ နေတော်မူပြီဟု နိဗ္ဗာန်သို့ရောက်သွားသည်ကို ပဓာနဝါစကသတ္တိဖြင့်ပြသည်။ ရတေတော် မူပြီဟူသော အနက်မှာ ဒိပနတ္တ။ ဘေးခပ်သိမ်း ကင်းငြိမ်း၍ ချမ်းမြေ့ သာယာ နေတော်မူလေပြီ ဟူသော အနက်ကား ပကာသနတ္ထဟု သိကြ ကုန်။ ။နိဗ္ဗာန်သို့ရောက်သည်ဟူရာ၌လည်း။ နိဗ္ဗာန်ရှိရာ ပုဂ္ဂိုလ်ကသွား

ရသည်မဟုတ်။ ပုဂ္ဂိုလ်ရှိရာ နိဗ္ဗာန် ရောက်လာသည်ကိုပင် ဆိုသည်။
အရဟတ္တဖိုလ်သို့ရောက်သည်ဟူရာ၌။ ၊အရဟတ္တဖိုလ်ရှိနှင့်ရာ ပုဂ္ဂိုလ်က
ရောက်သွားသည်မဟုတ်။ ပုဂ္ဂိုလ်သန္တာန်ဝယ် အရဟတ္တဖိုလ် ပေါ်လာ
သည်ကိုပင်ဆိုသကဲ့သို့တည်း။ ။အနုပါဒိသေသာသမ္ပရာယိကာ။သမ္ပရာ
ယိကာတိသမ္ပရာယေခန္ဓဘေဒတောပရဘာဂေဘဝါ။ ။ဤသို့လာသော
ဇာတိဝုတ် ပါဠိတော်အဋ္ဌကထာတို့ဖြင့်။ အနုပါဒိသေသနိဗ္ဗာန် ဟူသည်
ရဟန္တာပုဂ္ဂိုလ် ခန္ဓာပျက်သည်အခါမှ ဖြစ်ပေါ်လာသည်ဟု မိန့်ဆိုအပ်
သည်အတိုင်း။ အောက်က အကျယ်ပြခဲ့ပြီးသော်လည်း ဤတွင်လည်း
စကားစပ်ပြန်သဖြင့် တထပ်သတိရကြရုံမျှအကျဉ်းသင်္ခေပ ပြလိုက်ပြန်
သတည်း။ ။ဆက်ဦးအံ့။ အောက်အကျဉ်းသင်္ခေပကထာ၌ပြအပ်ခဲ့ပြီး
သော မိလိန္ဒပဉှာစကားအတိုင်း။ပွတ်ကျည်ပွတ်ခုံ နှစ်ပါးရုံပွတ်တိုက်သည်
အခါမှ မီးပေါ်လာသည်နှင့်အတူရင်း။ စကြာမင်းကြီးရှိရာ စကြာရတနာ
ဆိုက်ရောက်လာသည်နှင့်အတူရင်း။ ရဟန္တာပုဂ္ဂိုလ်များခန္ဓာတော်ကွယ်
သည်အခါမှ နိဗ္ဗာန်ရတနာပေါ်လာသည်ဟူ၍မှတ်ကြကုန်၊ ။ခန္ဓာတော်
ကွယ်မှ နိဗ္ဗာန်ရတနာပေါ်လာခဲ့သော်။ ထိုနိဗ္ဗာန်ရတနာဖြင့် ထိုရဟန္တာ
ပုဂ္ဂိုလ်များအား အဘယ်အကျိုးရှိပါအံ့နည်းဟူငြားအံ့၊ ရဟန္တာပုဂ္ဂိုလ်
ခန္ဓာကွယ်ပြီးနောက် ရူပါဒိသင်္ခါရဝိမုတ္တပုဂ္ဂိုလ်အရာဝယ်ဘည်၍၊ ထိုရူပါဒိ
သင်္ခါရဝိမုတ္တအဖြစ်ဖြင့် ထိုနိဗ္ဗာန်ချမ်းသာကိုစံစား၍ နေတော်မူကြရသည်
မှတ်။ ။ဤအကြောင်းမှာသဠာယတနသံယုတ်ပါဠိတော်အဋ္ဌကထာစသည်
တို့ဖြင့် အထက်နိဗ္ဗုတကထာအရာသို့ရောက်မှလွန်စွာထင်ရှားလတ္တံ့။ ။
အယံဒုက္ခနိရောဓောတိအယံသဗ္ဗသင်္ခတနိဿဋ္ဌာအသင်္ခတဓာတု။ယထာ
ဝုတ္တဿ ဒုက္ခဿ နိရောဓပစ္စယတ္တာ ဒုက္ခနိရောဓော။ ။နေတ္တိအဋ္ဌ
ကထာ။ ။အယံဒုက္ခနိရောဓောတိ၊ ဟူသည်ကား။သဗ္ဗသင်္ခတနိဿဋ္ဌာ၊
အလုံးစုံသော တေဘူမက သင်္ခါရ တရားတို့မှ ထွက်လွတ်၍ လာသော။
အသင်္ခတဓာတု၊အသင်္ခတဓာတ်သည်။ ယထာဝုတ္တဿ၊ဆိုခဲ့တိုင်းသော။
ဒုက္ခဿ၊တဆဲ့တသီးမီးပူဒုက္ခ၏။နိရောဓပစ္စယတ္တာ၊ တဘန်အသစ်မလာဘဲ
အမြဲချုပ်ပျောက်ခြင်း၏အကြောင်းဖြစ်သောကြောင့်။ ဒုက္ခနိရောဓော၊ ဒုက္ခ
နိရောဓမည်၏။ ။ဒုက္ခနိရောဓဿပစ္စယာဒုက္ခနိရောဓော။ ။ဥတ္တရပဒ
လောပသမာသ်ဆိုလိုသည်။ ။မှိုကြက်တောင်ကိုဖြစ်စေတတ်သောသတ္တိ
အာနုဘော်ရှိသောမြေခါတ်ထဲ၌၊ထိုမြေနှင့်မစပ်မယှက် ထိုမြေနှင့်မတူ အမှု

ထူးခြားဖြစ်ပေါ်လာသောမှိုကြက်တောင်၏သဘော။ ဝိနှဲ့ပင်၌၊ထိုဝိနှဲ့သီးကို ဖြစ်စေတတ်သောအာနုဘော်ရှိသောဝိနှဲ့သားထဲမှခွဲ၍ ပေါ်ထွက်လာသော ဝိနှဲ့သီး၏သဘော။ နွားနို့ရည်ကိုဖြစ်စေတတ်သောအာနုဘော်ရှိသောနွားမ ကိုယ်ထဲမှထွက်၍လာသောနွားနို့ရည်သဘော။ ပတ္တမြားတောင်၌ပတ္တမြား ကိုဖြစ်စေတတ်သောအာနုဘော်ရှိသောမြေဓာတ်မြေကြမ်းကြီးထဲမှ၊ထိုမြေ တို့နှင့်မတူ အလွန်ထူးမြတ်သောအရောင်အဆင်းရှိသောထိုမြေတို့နှင့်မစပ် မယှက် သက်သက်ပေါ်ထွက်လာသော အတိုးအနှ ပတ္တမြား ရတနာ၏ သဘောများကဲ့သို့၊ နိဗ္ဗာန်ရတနာကိုဖြစ်စေနိုင်သော အလွန်မြိုးမြ၍ ကျင့် အပ်သော အကြောင်းပါရမီဟူသော သင်္ခတတရားထဲမှ။ ထိုသင်္ခတတရား တို့နှင့်အနည်းငယ်မျှမတူ ထိုတရားတို့နှင့်မစပ်မယှက် သက်သက်ကေဝလ ဖြစ်၍ထွက်ပေါ်လာသော အလွန်ထူးမြတ်သော အသင်္ခတဓာတ်ကို နိဗ္ဗာန် ရတနာဆိုသည်ဟူလိုသတတ်။ ။ပတ္တမြားတောင်၌မြေနီးတောင်ငွေ့မြေသိ ဩဇာသတ္တိတို့နှင့်မကင်း ထိုပတ္တမြား ရတနာ ဖြစ်ပေါ် လာသောကြောင့် ထိုမြေတောင် ဓာတ် သတ္တိအနီးသည်။ ထိုပတ္တမြားရတနာကို ပြုပြင်အပ် သည်ဟုဆိုဘွယ်ရှိသော်လည်း။ ထိုမြေဓာတ်နှင့် ထိုပတ္တမြားရတနာဓာတ် နေပုံ နေဟန် အလွန်ကွာဝေးသဖြင့်၊ ထိုမြေကြီး တောင်ငွေ့ တို့သည် ထိုပတ္တမြားမြတ်ကို ပြုပြင်အပ်သည်ဟု စဇ်စစ်ဆိုနိုင်စရာလက္ခဏာမထင် သကဲ့သို့၊ပါရမီသမ္ဘာရ ဒါနသီလဘာဝနာ မဂ်ဖိုလ်ဩဇာသတ္တိတို့နှင့်မကင်း ထိုနိဗ္ဗာန်ရတနာပေါ်လာသော်လည်းထိုအကြောင်းသင်္ခတတရားတို့နှင့်မတူ အလွန်ထူးမြတ်လှသဖြင့်။ထိုသင်္ခတတရားတို့သည်ပြုပြင်၍ဖြစ်လာသည်ဟု မဆိုဝံ့မဆိုသိုက်သောကြောင့် ယင်းနိဗ္ဗာန်ကို အသင်္ခတဆိုရသည်မှတ်။ ။ ဘာဝနိရောဓောတိနိဗ္ဗာနံ။ ။ဥပရိပဏ္ဏာသအဋ္ဌကထာ။ ။ဘာဝတို့၏ ချုပ်ရာကိုနိဗ္ဗာန်ဆိုသည်ဟူလို။ ။ဗဟိမုခေါတိ သဗ္ဗသင်္ခါရတော ဗဟိ ဘူတံနိဗ္ဗာနံ။ ။ဥပရိပဏ္ဏာသဋီကာ။ ။သင်္ခါရတရားတို့နှင့် မစပ်မယှက် သက်သက် သင်္ခါရတရားတို့၏အဆုံးပြင်ဘက်၌တည်နေသော ငြိမ်းခြင်း သဘောသည် နိဗ္ဗာန်မည်သည် ဟူလိုသတတ်။ ။တိဿန္နံဝိဒုက္ခတာနံ နိဗ္ဗုတိဘာဝတောနိဗ္ဗာနံ။ ။ဝိသုဒ္ဓိမဂ်မဟာဋီကာ။ ။ရဟန္တာတို့ပရိနိဗ္ဗာန် ပြုသည့်အခါ ကာယိကဒုက္ခ စေတသိကဒုက္ခ ဒုက္ခဒုက္ခဟူသော ဒုက္ခသုံးပါး တို့၏။ ဝါ၊ ကာမဒုက္ခ ရူပဒုက္ခ အရူပဒုက္ခဟူသော ဝဋ္ဋဒုက္ခ သုံးပါးတို့၏ ငြိမ်းဖေးခြင်းဟူသော သိဘိဘာဝ နိဗ္ဗာယနသဘောဖြစ်လာသည်ကို နိဗ္ဗာန်

ရတနာ ပေါ်လာသည် ဆိုသည် ဟူလိုသတတ်။ ။ယသ္မာ အဝိဇ္ဇာဒီနံ နိရောဓေနာမဝိဏာကာရောပိဝုတ္တတိအရဟတ္တမ္ပိနိဗ္ဗာနမ္ပိတိ။ ။ယသ္မာ၊ အကြင်ကြောင့်၊ အဝိဇ္ဇာဒီနံ၊ အဝိဇ္ဇာ အစရှိသည် တို့၏၊ နိရောဓေနာမ၊ ချုပ်ခြင်းမည်သည်ကား။ ဝိဏာကာရောပိ၊ အဝိဇ္ဇာစသည်တို့၏ ကုန်သွား ခြင်းအဘာဝအခြင်းအရာကိုလည်းကောင်း။အရဟတ္တမ္ပိ၊အရဟတ္တဖိုလ်ကို လည်းကောင်း၊ နိဗ္ဗာနမ္ပိ၊နိဗ္ဗာန်ကိုလည်းကောင်း၊ ယထာရဟံ၊ ထိုက်သည် အားလျော်စွာ။ ဝုတ္တတိ၊ဆိုအပ်၏။ ။ဤသို့ဒုကနိပါတ်အင်္ဂုတ္တရအဋ္ဌကထာ။ ဒီအင်္ဂါတွင် လာသောစကားသည်လည်း။ ။အရဟတ္တံ အရဟတ္တန္တိ အာဝုသော သာရိပုတ္တ ဝုစ္စတိ။ ကတမံနုခေါ အရဟတ္တန္တိ။ ယောခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ ဣဒံဝုစ္စတိ အရဟတ္တံ၊ ။နိဗ္ဗာနံနိဗ္ဗာနန္တိအာဝုသောသာရိပုတ္တဝုစ္စတိ။ကတမံနုခေါနိဗ္ဗာ နန္တိ။ယောခေါအာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ ဣဒံဝုစ္စတိနိဗ္ဗာနံ၊ဟူ၍လာသောသဠာယတနသံယုတ်ပါဠိတော်စကားများနှင့် ထပ်တူထင်မျှပင်တည်း။ ။ရာဂေါအနိယိတ္ထ ခွေ့ာတိရာဂက္ခယော။ ။ အရဟတ္တဖိုလ်ရစေ။ ။ရာဂေါခီယတိ ခွေ့ာတိရာဂက္ခယော။. ။နိဗ္ဗာန် ရစေ။ ။ရာဂဿခယော ရာဂက္ခယော။ ။ခီဏာကာရကိုရစေ၊ ။ ခွေ့၊ဤနိဗ္ဗာန်၌၊ရာဂေါ၊ရာဂသည်။ အရဟတ္တမဂ္ဂဝသေန၊မိမိကိုအာရုံပြု၍ ရာဂကိုသတ်သောအရဟတ္တမဂ်၏အစွမ်းအားဖြင့်။ခီယတိ၊ကုန်ရ၏။ဣတိ၊ ထိုသို့ရာဂကုန်ရာဖြစ်သောကြောင့်။ဝါ၊ရာဂကိုကုန်စေတတ်သောအရဟတ္တ မဂ်အား အာရမ္မဏူပနိဿယသတ္တိဖြင့်ကျေးဇူးပြုတတ်သောကြောင့်။ တံ၊ ထိုနိဗ္ဗာန်သည်၊ ရာဂက္ခယော၊ ရာဂက္ခယ မည်တော်မူ၏၊ ။ဤသို့သော ဝစနတ္ထနှင့်လျော်စွာ။ အရဟတ္တမဂ် ခဏ၌ပင် ရာဂကုန်ဆဲ ဖြစ်သည်။ အရဟတ္တဖိုလ်ခဏ ရာဂကုန်ပြီးဖြစ်သည်။ နိဗ္ဗာန်သို့ရောက်မှ ရာဂကုန် သည်မဟုတ်။ဝါ၊နိဗ္ဗာန်ဖြစ်ပေါ်လာမှ ရာဂကုန်သည်မဟုတ်။ ငွေ၏အညစ် အကြေးခဲကြေးစသည်တို့ကုန်မှ ငွေဖြူဘော်စင်ကျသကဲ့သို့။ ကိလေသာ အညစ်အကြေး ဟူသောခဲသံ ခန္ဓာကိုယ်အညစ်အကြေးဟူသော ကြေးနီ ခံကြေးဝါ ကုန်မှ၊ နိဗ္ဗာန် ငွေဖြူဘော်စင် ဖြစ်ပေါ်လာရောက် လာသည် မှတ်ကြကုန်။ ။

ယဋ္ဌခေါအာဝုသော နစာယတိနဇီယျတိနမိယျတိနစဝတိနဥပပဇ္ဇတိ။ နာဟံတံဂမနေန လောကဿန္တံ ဉာတေယျံ ဒိဋ္ဌေယျံ ပတ္တေယျန္တိ ဝဒါမိ။

နစာဟံအာဝုသော အပတွာဝလောကဿန္တံ ဒုက္ခဿ အန္တကိရိယံဝဒါမိ။ အပိစာဝုသော ဣမသ္မိံယေဝဗျာမမတ္တေကဠေဝရေ သသညိမှိ သမနကေ လောကဉ္စပညပေမိ လောကသမုဒယံလောကနိရောဓံလောကနိရောဓ ဂါမိနိံပဋိပဒန္တိ။ ။ဂမနေန နပတ္တဗ္ဗော၊ လောကဿန္တော ကုဒါစနံ။နစ အပတွာ လောကဿန္တံ၊ဒုက္ခာ အတ္ထိ ပမောစနံ၊ ။လောကန္တိ ဒုက္ခသစ္စံ။ လောကသမုဒယန္တိ သမုဒယသစ္စံ။လောကနိရောဓန္တိ နိရောဓသစ္စံ၊လောက နိရောဓဂါမိနိံပဋိပဒန္တိ မဂ္ဂသစ္စံ။ ။

အာဝုသော၊လောက၏အဆုံးရာ နိဗ္ဗုတာအရပ်ကိုး မေးလျှောက်လာသော အိုဒါယကာရောဟိတနတ်သား ယတ္ထခေါ၊အကြင်နိဗ္ဗာန်အရပ်၌။ နဇာယတိ၊ ဇာတိဘေးကြီးလည်းမရှိ။နဇီယျတိ၊ဇရာဘေးကြီးလည်းမဝင်နိုင်၊နမိယျတိ၊ သေဘေးကြီးလည်းမလာနိုင်။ နစဝတိ၊ ဘုံဘပါးသို့လည်း မရွှေ့ပြောင်းရ။ နဥပပဇ္ဇတိ၊ ဘုံတပါးက ပဋိသန္ဓေ ကပ်နေလာရာလည်း မဟုတ်။ အဟံ၊ ငါဘုရားသည်။ လောကဿ၊ လောက၏။ အန္တံ၊အဆုံးဟုဆိုအပ်သော။ တံဌာနံ၊ထိုအရပ်ကို။ ဝါ၊ထိုမအိုမသေအမြဲနေရာဖြစ်သော နိဗ္ဗာန်အရပ်ကို။ ဂမနေန၊ခြေဖြင့်။ ဂန္တွာ၊သွား၍။ ဉာတေယျံ၊သိထိုက်၏ဟူ၍၊ ဒိဋ္ဌေယျံ၊မြင်ထိုက်၏ဟူ၍၊ ပတ္တေယျံ၊ ရောက်ထိုက်၏ဟူ၍၊ နဝဒါမိ၊ ဟောတော်မမူ။ အာဝုသော၊ဒါယကာနတ်သား။အဟံ၊ငါဘုရားသည်။လောကဿ၊ လောက ၏။ တံအန္တံ၊ထိုအဆုံးသို့၊ အပတွာ၊မရောက်သရွေ့။ ဒုက္ခဿ၊ ၏။ အန္တ ကိရိယံ၊အဆုံးကိုပြုနိုင်၏ဟူ၍၊နစဝဒါမိ၊ဟောတော်မမူသလျှင်ကတည်း။ ။ အာဝုသော၊ အိုရောဟိတနတ်သား။ အပိစ၊ စင်စစ်သော်ကား။ ဗျာမမတ္တေ၊ တလံမျှလောက်သော။ သသညိမှိ၊ သညာရှိသော။ သမနကေ၊ စိတ်ရှိသေး သော။ ဣမသ္မိံယေဝကဠေဝရေ၊ ဤခန္ဓာကိုယ် အတ္တဘောနှင့်ပင်လျှင်။ လောကဉ္စ၊ ဒုက္ခသစ္စာကိုလည်းကောင်း။ လောကသမုဒယဉ္စ၊ သမုဒယ သစ္စာကိုလည်းကောင်း။ လောကနိရောဓဉ္စ၊နိရောဓသစ္စာကိုလည်းကောင်း။ လောကနိရောဓဂါမိနိံ ပဋိပဒဉ္စ၊ မဂ္ဂသစ္စာကို လည်းကောင်း။ ပညပေမိ၊ ငါပညတ်တော်မူ၏၊ ။ဂမနေန၊ ခြေဖြင့်သွားသဖြင့်။လောကဿ၊ ဒုက္ခ သစ္စာဟူသော လောက၏။ အန္တော၊အဆုံးသို့။ ကုဒါစနံ၊ တရံတဆစ်မျှ။ နပတ္တဗ္ဗော၊ မရောက်နိုင်။ လောကဿန္တံ၊ လောက၏အဆုံးသို့။ အပတွာ၊ မရောက်မချင်း။ ဒုက္ခာ၊ဆင်းရဲမှ၊ ပမောစနံ၊လွတ်နိုင်ခြင်းသည်။ နစအတ္ထိ၊ ရှိလည်းမရှိ။ ။ဤသို့လာသော ဝေဟုက္ကအင်္ဂုတ္တိုရ်ပါဠိတော်စသည်။ ။

လောကန္တိ၊ဟူသည်ကား။ ဒုက္ခသစ္စံ၊ဒုက္ခသစ္စာ။လ။ပဋိပဒန္တိ၊ကား။မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာ။ ။

ဤသို့လာသောစတုက္ကအင်္ဂုတ္တိုရ်ပါဠိတော်။ရင်းအဋ္ဌကထာလာတိုင်း။ ။ နိဗ္ဗာန်ဟူသည် ပရိနိဗ္ဗုတ္တ ပုဂ္ဂိုလ် ခန္ဓာကိုယ်ကိုလွှတ်၍ အလွတ်သက်သက် ဖြစ်လာသောမည်သည်မရှိ။ ပရိနိဗ္ဗုတ္တ ပုဂ္ဂိုလ်ခန္ဓာနှင့်စပ်သဖြင့်သာ ဖြစ်ပေါ် လာသည်ဟူ၍ နောက်က ပြဆိုခဲ့ပြီးသည် အတိုင်း အထူးယုံကြည်ကြ ကုန်၊ ။နိဗ္ဗာနံပဟိအတပ္ပကဋ္ဌေန အမတသဒိသတ္တာအမတံ။နာဿမတံ မရဏံဝယောအတ္ထီတိအမတံ။ ။နိဗ္ဗာနံ၊နိဗ္ဗာန်သည်။အဘပ္ပကဋ္ဌေန၊မြင်ရ ရောက်ခတွေ့ရသူတို့မရုန်းနိုင်ရောင့်ရဲမပြေနိုင်စကောင်းသော အနက်အား ဖြင့်။ အမတသဒိသတ္တာ၊ အမြိုက်သုဓာနှင့်တူသောကြောင့်။ အမတံ၊အမတ မည်၏။ အဿ၊ ထိုနိဗ္ဗာန်အား။မတံ မရဏံ ဝယော၊ ပျက်စီးခြင်းသည်။ နအတ္ထိ၊မရှိ။ဣတိ၊ထိုကြောင့်။အမတံ၊မည်၏။ ။ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။ ။ ၁၆၁ည့ူ။ ။အမတ၊အမြိုက်သုဓာသဖွယ်ဖြစ်သောနိဗ္ဗာန်။ ။အမတံ၊သေကြေ ပျက်စီးခြင်းမရှိသောနိဗ္ဗာန်၊ ။ဤသို့အောက်ကအနက်ပေးခဲ့ရာ၌သာဝကေ ဘို့။ ။နိရောဓောတိနိဗ္ဗာနံ၊ နိဗ္ဗာနဉ္စိအာဂမ္မဒုက္ခံနိရုဇ္ဈတိတိနိရောဓောတိ ဝုစ္စတိ။ ။ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။ ။အနက်လွယ်၏။ ။ဤအဋ္ဌကထာပါဌ်၌ ဒုက္ခ၏ ချုပ်ရာ ဟူရာဝယ် အဓိပ္ပါယ်ကား၊ သမုဒ္ဒါရေ ပင်လယ်ကြီးသည် ကမ်းထိပ်ကမ်းစသို့ရောက်သည့်အခါ ရေဆုံးရသည်ဖြစ်၍။ယင်းကမ်းထိပ် ကမ်းစသည် ရေပင်လယ်ကြီး ဆုံးရာဟူ၍ ဆိုအပ်သကဲ့သို့၊ သတ္တဝါတို့ အနမတဂ္ဂ သံသာရမှစ၍ ထိုထိုဘဝကျင်လည် မျောသွားကြရာ ယထာ ဗလ ယထာသတ္တိအစွမ်းရှိသမျှ ကုသိုလ်ပါရမီတရားတို့ကို အားထုတ်၍ အလုံးစုံ ပါရမီ အကြောင်း ပြည့်ဖုံသဖြင့် အောက်မဂ် အောက်ဖိုလ်ရ ကြပြီးသည်နောက်။ရဟန္တာပုဂ္ဂိုလ်ဖြစ်၍စုတိစိတ်ရောက်သည်တိုင်အောင် သမုဒ္ဒါ ရေအပြင်နှင့် တူ၏။ စုတိစိတ်၏ အခြားမဲ့၌ ဖြစ်ပေါ်လာသော အသင်္ခတဓာတ် နိဗ္ဗာန်ရပ်သည် သမုဒ္ဒါ ရေအဆုံး ကမ်းထိပ်ကမ်းစနှင့် တူ၏။ ။တနည်းမှာလည်း။တောမီးကြီးစွာအနောက်အရပ်က အရှေ့အရပ်သို့ လောင်၍ မရပ်မဆိုင်းသွားလေရာဝယ်၊အရှေ့အရပ်က ချောင်းရေကြီးစီး၍ လာရာထိုများစွာသောရေဓာတ်သို့ရောက်လျှင်တောမီးပျောက်ငြိမ်းရသည့် အခါ။ ထိုရေဓာတ်သည် ဤတောမီးငြိမ်းရာဟူ၍ ဆိုအပ်သည်နှင့် အတူ။ တောမီးကြီး အရှေ့အရပ်သို့ မပြတ်မစဲ လောင်၍ သွားတုန်း အခါကဲ့သို့

ထိုပုဂ္ဂိုလ်ခန္ဓာငါးပါး ဘဝမခြားဖြစ်သွားရသည်နှင့်တူ၏။ မီးလောင်ရာသို့
အရှေ့အရပ်က ချောင်းရေကြီး စီး၍ လာသည်နှင့် အသခ်တဓာတ် နိဗ္ဗာန်
ပေါ်လာသည်နှင့်တူ၏။ ။တနည်း။ အပူကြီးပြင်းစွာတက်၍ ဖျားသည့်
ယောက်ျား။ဆေးသမားကောင်း၏ဆေးအစွမ်းဖြင့် အချမ်းအေးသိတဓာတ်
ပေါ်လာသည့်အခါ အပူဓာတ်ငြိမ်းရသကဲ့သို့၊ အတုလဆေးသမား ဘုရား
သျှင်၏ အတုလဖြစ်သော အသခ်တဓာတ် ဆေးတော်မြတ် ဆတ်ဆတ်
ပေါ်လာသည့်အခါ။ခန္ဓာငါးဝအပူဒုက္ခပျောက်ရလေသည်။ဤသို့သောအရာ
များကိုရည်၍ အသခ်ဘဓာတ်နိဗ္ဗာန်ကို ဒုက္ခ၏ချုပ်ရာဆိုသည်။ လူ့ပြည်မှ
သေ၍ ရောက်သွားရာ နတ်ပြည်စသော ဘုံတည်ရာ တခြားအလွတ်၌
ရှိသကဲ့သို့။ရဟန္တာပုဂ္ဂိုလ်ဘို့ရတေပြီးသည်နောက် ရောက်သွားရာနိဗ္ဗာန်
အရပ်ဟူသည် တခြားအလွတ်ဝယ်ရှိတော့သည်မဟုတ်။ ထိုရဟန္တာရတိ
ကျရာဝယ်ဖြစ်ပေါ်လာသော ထိုရဟန္တာကိုယ်နှင့် တစပ်တည်းကဲ့သို့ဖြစ်၍
တည်ရောက် လာသော အသခ်တဓာတ်ကိုပင် ထိုရဟန္တာ ဒုက္ခချုပ်ရာ
ဆိုသည်ဟူ၍မှတ်။ ။

တဥ္စနိဗ္ဗာနပဒံမရဏာဘာဝေန ပဏီတဘွေနဝါ အမတံ။ သင်္ခတသခ်ါရုပ
သမနတောသန္တံ။တဏှာသခ်ါတဝါနာဘာဝတောနိဗ္ဗာနံ။စဝနာဘာဝတော
အစ္စုတံ။ ။သုတ္တသင်္ဂဟအဋ္ဌကထာ။ ။တဥ္စနိဗ္ဗာနပဒံ၊ ထိုနိဗ္ဗာန်အရပ်
ဟူသည်လည်း။မရဏာဘာဝေနဝါ၊ သေကြေပျက်စီးခြင်းမရှိ သတ္တဝါတို့၏
သေနိုင်ရာ မဟုတ်သောကြောင့် လည်းကောင်း။ ပဏီတဘွေနဝါ၊ လွန်စွာ
မြတ်သောအနက်ကြောင့်လည်းကောင်း။အမတံ၊အမတမည်၏။သင်္ခတသခ်ါရု
ပသမနတော၊ အလုံးစုံသော ခန္ဓာငါးဝ သခ်ါရနယ်ဝင်ဟူသမျှတို့၏တဝ
တည်းငြိမ်းရာဖြစ်သောကြောင့်။ ဝါ၊သခ်ါရဒုက္ခ ဟူသမျှကို တဝတည်း
ငြိမ်းအေးစေနိုင်သောကြောင့်။ သန္တံ၊ သန္တမည်တော်မူ၏။ တဏှာသခ်ါတ
ဝါနာဘာဝတော၊တဏှာဟူသောဝါနမရှိရာဖြစ်သောကြောင့်။ နိဗ္ဗာနံ၊နိဗ္ဗာန်
တံဆိပ် ဘွဲ့တော်ကြီးဖြင့်ကွပ်နှိပ်အပ်၏။စဝနာဘာဝတော၊ပရိနိဗ္ဗုတပုဂ္ဂိုလ်
ထံဝယ် တကယ်ငြိမ်းအေးခြင်းဟူသော မိမိသဘောဖြစ်သည်မှစ၍ ဘယ်
သည့်အခါမှ ရွေ့လျော ပျောက်သွားခြင်းမရှိ၊ ထိုပရိနိဗ္ဗုတ ပုဂ္ဂိုလ်အား
တအေးမြထဲသာအမြဲအေးမြ၍နေစေသောအားဖြင့်အမြဲဘည်၍နေသောကြောင့်။
အစ္စုတံ၊အစ္စုတဟုနာမတရပ် တံဆိပ်ထပ်တော်မူအပ်၏။ ။ၤငင်းအဋ္ဌကထာ
အနက်။ ။အစ္စုတန္တိ နိစ္စံရုဝံသာဿတံအဝိပရိဏာမဓမ္မန္တိ နိဗ္ဗာနံအစ္စုတံ။ ။

ရူပ္ပနိရုတ္တိပါဠိ။ ။အစ္စုတန္တိ၊ အစ္စုတဟူသည်ကား။ ယံနိဗ္ဗာနံ၊ အကြင်နိဗ္ဗာန်သည်။ နိစ္စံ၊ ဘင်ခဏအားဖြင့် ပျက်စီးခြင်းမရှိ ပကတိမြဲ၍နေ၏။ ဓုဝံ၊ မြေကြီးမြင်းမိုရ် တို့မျှမက ခိုင်ခံ့မြဲမြံတောင်မူ၏၊ သဿတံ၊ အဇဋာကာသ ကောင်းကင်ကဲ့သို့အမြဲတည်၍နေ၏၊ အဝိပရိဏာမဓမ္မံ၊ အဘယ်ဘာရုံတခု ဘောက်ပြန်ခြင်းသဘောမရှိ။ ဣတိ၊ ထိုကြောင့်။ တံနိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ အစ္စုတံ၊အစ္စုတမည်၏၊ ။ဧဝံအနက်၊ ။ယောသောသဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိနိဿဂ္ဂေါ ဘဏ္ဍက္ခယော ဝိရာဂေါနိရောဓော နိဗ္ဗာနံ၊ ။ဟူသော မဟာနိဒ္ဒေသပါဠိတော်။ ။အနက်လွယ်ပြီ။ ။ဤသို့သောပါဠိအဋ္ဌကထာ တို့နှင့်အညီ။ ဘေးခပ်သိမ်းတို့မှငြိမ်းခြင်းသန္တိသဘောရှိသော မပျက်မစီး အမြဲတည်နေသော တဏှာမလာနိုင်ရာ, အလုံးစုံသော သင်္ခါရတရားတို့၏ ငြိမ်းရာ, ခန္ဓူပဓိစသောဥပဓိလေးပါးတို့မလိုက်နိုင်ရာ, စွန့်ပစ်ရာ,ချုပ်ကြီး ချုပ်ရာ, ငြိမ်းဇေးခြင်းသဘောကို နိဗ္ဗာန်ဆိုသည်ဟုသိ။ ယင်းဥပဓိဘရားတို့ မလိုက်နိုင်ရာချုပ်ကြီးချုပ်ရာဟူသည်လည်း အသင်္ခတဓာတ်ဟူသောဇေးမြစွာသောနိဗ္ဗာယနသီတသဘာဝကိုဆိုသတည်း။ဧရာဝတီမြစ်ရေကြီးသည် တောမီးကြီး၏မလောင်နိုင်ရာ ဆိုအပ်သကဲ့သို့။ ဇေးမြခြင်း သီတလသဘော သန္တိသဘောရှိသောအသင်္ခတဓာတ်ဟူသောမြစ်ရေကြီးထဲသို့ ခန္ဓာဂါးဝ ဘေးဒုက္ခမီးကြီးတို့မလိုက်နိုင်ဟုလိုသည်။ ။တနည်းလည်း။ရိဃ်းဘိမ်ကြီး ထဲမှ ရိဃ်းရေရွဲရွဲကြီးကျလာသည့်အခါ တောမီးကြီးစွာငြိမ်း၍သွားသည် ရှိသော်။ထိုသရဲဆဲဆဲကျ၍လာသောရိဃ်းကြီးသည် ထိုတောမီးကြီးငြိမ်းရာ ငြိမ်းကြောင်းဖြစ်သကဲ့သို့၊ ထိုတောမီးသည် ရိဃ်းရေကြီးအတွင်းဘည်နေ သူတို့သို့မလိုက်နိုင် မလောင်နိုင်သကဲ့သို့၊ ဇေးမြခြင်း သီဘသီဘသသဘော ရှိသော၊ ဝါ၊သဘောဟုဆိုအပ်သော အသင်္ခတဓာတ်ရိဃ်းကြီးကျရောက် လာသဖြင့်။ ထိုရိဃ်းကြီးတွင်း၌တည်နေကုန်သော ပရိနိဗ္ဗုတအသျှင်များ တို့သို့ ထိုခန္ဓာဂါးဝ တောမီးမလိုက်နိုင်မလောင်နိုင်။ ထိုခန္ဓာဂါးဝ တော မီးကြီးသည် ထိုပရိနိဗ္ဗုတ အသျှင်တို့ကို လက်မှ လွှတ်လိုက်ရသည် ဟူလိုသတည်း။ ။ဥပဓယော နိသဇ္ဇန္တိ ဧတ္ထ ဧတေန ဝါတိ ဥပဓိ နိဿဂ္ဂေါ။ ။ဝစနတ္ထပြု။ ။ဧတ္ထ၊ဤအသင်္ခတဓာတ်ဟူသော သီတလ ဓာတ်ထဲ၌။ ဝါ၊ တနည်းကား၊ ဧတေန၊ ဤအသင်္ခတဓာတ်ရိဃ်းရေကြီးကျ ရောက်ခြင်းဖြင့်။ ဥပဓယော၊ ခန္ဓာစသောဥပဓိလေးပါးတို့သည်။နိသဇ္ဇန္တိ၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်များသို့ မလိုက်နိုင် လက်မှိုင်ချ၍ စွန့်ကြရကုန်၏၊ ဣတိ၊

ထိုကြောင့်။ နံ၊ထိုနိဗ္ဗာန်သည်၊ ဥပဓိနိဿဂ္ဂေါ၊ ဥပဓိနိဿဂ္ဂမည်၏၊ ။ ၎င်းအနက်။ ။ထိုနိဗ္ဗာန်သည်ဥပဓိတို့၏စွန့်လွှတ်လိုက်ရာဟူသည်၌လည်း။ ထိုနိဗ္ဗာန်သည် ထိုရဟန္တာ ရုပ်နာမ် ခန္ဓာ-ဥပဓိမီး၏ အငြိမ်းတပေါင်းတည်း ငြိမ်းဖေးရာ ဖြစ်သည်ကိုရည်၍ဆိုသည်။ ရဟန္တာပုဂ္ဂိုလ် ခန္ဓာစုတိတခြား။ စုတိပြီးသည့်နောက် ထိုရဟန္တာပုဂ္ဂိုလ်ရောက်ရာ အလွတ်သက်သက်၌ တည်နေရှင့်သော နိဗ္ဗာန်ဟူသည်တခြား မရှိ။ထိုရဟန္တာစုတိ၏အခြားမဲ့၌ ချက်ခြင်း ပေါ်ရောက်လာသော သန္တိသဘာဝ နိဗ္ဗာယနသဘော၏ ထို ရဟန္တာ၌ ပေါ်လာသည်၊ ထိုရဟန္တာပုဂ္ဂိုလ် စုတိခန္ဓာနှင့် တစပ်တည်း တစဉ်တည်းဖြစ်၍လာသည်၊ ထိုရဟန္တာပုဂ္ဂိုလ်၏ စုတိခန္ဓာလည်းတခြား။ ထိုစုတိပြီးနောက် ထိုရဟန္တာပုဂ္ဂိုလ်ရောက်ရာအချပ်တပါး၊အခြားအလွတ် သက်သက်၌တည်နေရှင့်သော နိဗ္ဗာန်လည်းတပါးဟူ၍ မမှတ်ကြအပ်။မမှတ် ကြလင့်။ ထို့ကြောင့်။ ဝါ.ထိုသို့သောအနက်သဘောကိုပြတော်မူလို၍ပင်။ အညေခန္ဓာအညံ့နိဗ္ဗာနန္တိ နဟေဝံ ဝတ္တဗ္ဗေဟူ၍ ကထာဝတ္ထုပါဠိတော်ကို ဟောတော်မူသတည်း။ယင်းသို့ ရဟန္တာတို့၏စုတိအခြားမဲ့၌ ယင်းနိဗ္ဗာန် ၏ တစပ်တည်းဖြစ်ပေါ်လာသောအဖြစ်ကိုဝိထိထိုး၍ပြသော်လည်းပြသင့် သည်သာတည်း။ ။

ဘွင် ဘွင် ဘွင် ဘွင် ဘွင် န ဒ မ ဇော ဇော ဇော ဇော ဇော စု နိ
ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo *
၁ ၂ ၃ ၄ ၅

ဤသို့ပြအပ်၏။

ဤသို့နိဗ္ဗာနဝိထိ၌ မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇောငါးချက်တို့သည်။ စုတိနောက်ပေါ်ရောက်လာသောနိဗ္ဗာန်ကို အာရုံပြုသည်ဟူ၍မှတ်။ ဤကို ရည်တော်မူ၍၊ အနေဇောသန္တိမာရဗ္ဘ၊ စက္ခုမာ ပရိနိဗ္ဗုတော- ဟူ၍ ဘုရားသျှင် ပရိနိဗ္ဗာန်ပြုလျှင်ပြုခြင်း အသျှင်အနုရုဒ္ဓါ ရဟန္တာသခင်မြွက် မြွက်ကြားတော်မူသတည်း။ ။ဤနိဗ္ဗာနဝိထိဟူသည်ကို ရှေးဆရာတို့ ချရိုးပြရိုးမရှိသည်ကား၊ ဝိထိဟူသည် ရုပ်နာမ်ခန္ဓာ ဥပါဒ်အားဖြင့် တစဉ် တည်း ဖြစ်သွားခြင်းအရာဖြစ်၍။ နိဗ္ဗာန်ဟူက ယင်းဥပါဒ်အားဖြင့်ဖြစ်သော ရုပ်နာမ်ခန္ဓာတွင်း၌ မဝင်သောကြောင့်သာ နိဗ္ဗာန်ကိုထည့်၍ဝိထိမထိုးမပြ ခြင်းမျှသာတည်း။ ယင်းရဟန္တာတို့စုတိနောက်၌ နိဗ္ဗာန်ရတနာမပေါ်လာ၍ မဟုတ်၊ ထိုစုတိနောက်တစပ်တည်းကဲ့သို့ပင် ပေါ်လာသည်မှတ်။ ဤကို

ရည်၍၊ နိဗ္ဗာနမ္ပိ ခန္ဓပဋိဗဒ္ဓမေဝ ဟူသော ဝိသုဒ္ဓိမဂ်ဋီကာ၌ မိန့်ဆိုအပ်သ
တည်း။ ၎င်းဝိသုဒ္ဓိမဂ်ဋီကာစကားသည်လည်း။ ၊အနုပါဒိသေသာသမ္ပရာ
ယိကာ ဟူသော ဣတိဝုတ်ပါဠိတော်။ ။သမ္ပရာယိကာတိသမ္ပရာယေ
ခန္ဓဘေဒတော ပရဘာဂေ ဘဝါ ဟူသော ၎င်းဣတိဝုတ်အဋ္ဌကထာတို့နှင့်
သံသန္ဒနဖြစ်ပေ၏မှတ်။ ။ပဥ္စန္နံခန္ဓာနံနိရောဓောနိဗ္ဗာနံ။သုတ်မဟာဝါအဋ္ဌ
ကထာ။ ၊ဤအဋ္ဌကထာ၌လည်း ဥပဓိနိသဂ္ဂကိုပင်နိဗ္ဗာန်ဆိုလိုသည်။
ခန္ဓာငါးပါးတို့၏ ချုပ်ရာဟူသည်နှင့် ဥပဓိတို့သည် စွန့်အပ်ရာ ဟူသည်
နည်းတူပင်မှတ်၊ ။သုသုခံ ဝတနိဗ္ဗာနံ၊ ယတ္ထဇေဝရူပံဒုက္ခံနသံဝိဇ္ဇတိ။ ။
ဥဒါန်းပါဠိတော်။ ။ဒုက္ခ၏အဘာဝမျှကို နိဗ္ဗာန်မဆို။ဒုက္ခ၏မရှိရာကို နိဗ္ဗာန်
ဆိုသည်ဟုသိရန်။ ။ဥပဓိဝိဝေကောနိဗ္ဗာနံ၊ ။အင်္ဂုတ္တရဋီကာ။ ။ဥပဓိ
ငါးပါးတို့၏ ဆိတ်ရာကို နိဗ္ဗာန် ဆိုလိုသတည်း။ ။ပရိနိဗ္ဗုတရဟန္တာ
ပုဂ္ဂိုလ်၏ ခန္ဓာကွယ်လျှင်ကွယ်ခြင်း ငြိမ်းခြင်းနိဗ္ဗာန်သဘောဖြစ်လာသည်
ကိုရည်၍။ ဥပဓိဝိဝေကောနိဗ္ဗာနံဆိုသည်မှတ်။ ။ပဥ္စက္ခန္ဓဝိဝိတ္တတာယ
အဝိဂ္ဂဟံဟုတွာဂယှတီတိအနိမိတ္တပစ္စုပဋ္ဌာနံ။ ။ဝိသုဒ္ဓိမဂ်ဋီကာ။ ။
သာ၊ ။ခန္ဓာငါးပါးမှ ဆိတ်သည်၏အဖြစ်ဖြင့် ကိုယ်ကောင် အထည်
ဒြပ် မဟုတ်သည်ဖြစ်၍ ငြိမ်းအေးခြင်း သဘောအားဖြင့်သာ ယူအပ်သိအပ်
သောကြောင့်။ယင်းနိဗ္ဗာန်ကို အနိမိတ္တပစ္စုပဋ္ဌာန်ရှိသည်ဟုလိုသတတ်။ ။
နွေမာနိ ဘိက္ခဝေ သုခါနိ။ ကတမာနိဒွေ၊ ဥပဓိ သုခဥ္စ နိရုပဓိ သုခဥ္စ။
ဣမာနိဘိက္ခဝေဒွေသုခါနိ။ ဧတဒဂ္ဂံဘိက္ခဝေ ဣမေသံဒွိန္နံသုခါနံ ယဒိဒံနိရု
ပဓိသုခံ၊ ။ဒုကအင်္ဂုတ္တရနိကာယပါဠိတော်။ ။ဒု။ ။ဤ၌လည်း
ဥပဓိငါးပါးမရှိရာကိုပင် နိဗ္ဗာန်ဟု ဟောတော်မူသည်အရာပင်တည်း။ ။
ပယောဇနမ္ပိ သာဝရဏာသာဝရဏဝသေန ဒုဗ္ဗိဓံ။ တတ္ထသာဝရဏံ
အနုပါဒါပရိနိဗ္ဗာနံ ဝိရတ္တိရသတ္တာ ဘဂဝတောဒေသနာယ။ ။အင်္ဂုတ္တိုရ်
အဋ္ဌကထာ။ ။ဤ၌လည်း အသင်္ခတဓာတ် နိဗ္ဗာန်ဟူသည်နှင့်၊ အနုပါဒါ
ပရိနိဗ္ဗာန်ဟူသည်အတူတူသာတည်း။ ။နိဗ္ဗာနဂတောတိတဏှာဝါနတော
နိက္ခန္တံနိဗ္ဗာနံ မဂ္ဂေနဂတော။ နိဗ္ဗာနပတ္တောတိ တမေဝဖလေနပတ္တော။ ။
မဟာနိဒ္ဒေသအဋ္ဌကထာ။ ။ဿာ။ ။ဤ၌ပရိနိဗ္ဗာန်မပြုရသေးခင်ကိုရည်၍
ဆိုသောအရာတည်း။ ပရိနိဗ္ဗာန်မပြုသေးမီ နိဗ္ဗာန်သို့ရောက်သည်ဆိုသော
အရာဟူသမျှ၌၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကိုအာရုံပြုနိုင်သည်ကို
ရည်၍ဆိုသတည်း။ ။ပရိနိဗ္ဗာန်ပြုရသည့်အခါနိဗ္ဗာန်သို့ရောက်သည်ဟူရာ

၌ကား။ မချစင်စစ်ငြိမ်းခြင်းနိဗ္ဗာန်သဘောသည် ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်အား ငြိမ်းစေသောအားဖြင့်ရောက်လာဖြစ်လာသည်ကိုရည်၍ဆိုသည်မှတ်။ ။ ဆယဟိဘိက္ခဝေဓမ္မဟိသမ္ပန္နာဂတော အဘာဝေဒ္ဓာသီတိဘာဝံ သန္တိကာတုံ။ ကတမေဟိဆယဟိ။ ဣဓဘိက္ခဝေ ဘိက္ခုယသ္မိံသမယေစိတ္တံ နိဂ္ဂဟေတဗ္ဗံ၊ တသ္မိံသမယေစိတ္တံ နနိဂ္ဂဏှာတိ။ ယသ္မိံသမယေ စိတ္တံပဂ္ဂဟေတဗ္ဗံ၊ တသ္မိံ သမယေစိတ္တံ နပဂ္ဂဏှာတိ။ ယသ္မိံသမယေ စိတ္တံ သံပဟံသိတဗ္ဗံ၊ တသ္မိံ သမယေစိတ္တံ နသံပဟံသတိ။ယသ္မိံသမယေစိတ္တံအဇ္ဈုပေက္ခိတဗ္ဗံ၊ တသ္မိံ သမယေစိတ္တံ နအဇ္ဈုပေက္ခတိ။ ဟီနာဓိမုတ္တိကောစဟောတိ သက္ကာယာဘိ ရတောစ။ ဣမေဟိ ခေါ ဘိက္ခဝေ ဆယဟိဓမ္မေဟိ သမ္ပန္နာဂတော ဘိက္ခု အဘဗ္ဗောအနုတ္တရံသီတိဘာဝံသန္တိကာတုံ။ ။ဆက္ကင်္ဂုတ္တရပါဠိ၊ ။အနုတ္တရံ သီတိဘာဝ န္တိ ဖြေ့နိဗ္ဗာနံအနုတ္တရောသီတိဘာဝေါနာမ။ ။ပဒိုသန္တိ ဒါမင်္ဂ အဋ္ဌကထာ။ ။ဤ၌လည်း သီတိဘာဝဟူသည် တဆဲ့တသီးမီးငြိမ်းငြိမ်းခြင်း နိဗ္ဗာန်သဘောကိုပင်ဆိုသတည်း။ ၊ကိလေသာဘိသန္တာပါဝတ္တိသန္တာပံ ခန္ဓပဝတ္တိသန္တာပံ၊တမေဝါပဋ္ဌသုပိဂတိသုဂတံဂမနံတေသနုတ္တိတိအဂတော သဥပါဒိသေသအနုပါဒိသေသနိဗ္ဗာနပဝတ္တိယာ။ ။ဣတိဝုတ်အဋ္ဌကထာ။ ။ ဤ၌သဥပါဒိသေသနိဗ္ဗာနအနုပါဒိသေသနိဗ္ဗာနပဝတ္တိယာဟူသောပါဌ်ဖြင့်။ အရဟတ္တဖိုလ် ဟူသော သဥပါဒိသေသ နိဗ္ဗာန်ကဲ့သို့ အသခ်တဓာတ် ဟူသော အနုပါဒိသေသ နိဗ္ဗာန်၏ ဖြစ်ပေါ်လာခြင်းကို ဆိုသဖြင့်။ နိဗ္ဗာန် ဟူသည် ပုဂ္ဂိုလ် သန္တာန်ကိုလွတ်၍ အလွတ်သက်သက် ပကတိထာဝရ တည်နေနိုင်သော မည်သည် မရှိ။ နိဗ္ဗာန် ဖြစ်ကြောင်း အဆောက်အဦနှင့် ပြည့်စုံသောပုဂ္ဂိုလ်ပေါ်လာမှ။ ထိုပုဂ္ဂိုလ်ကို အရာဝိသယကဲ့သို့ပြု၍ငြိမ်းငြိမ်း ခြင်းသီတိဘာဝသဘောဖြစ်ပေါ်လာသည်ကိုရည်၍၊ နိဗ္ဗာန်ရှေးနှန်း စံမြန်းရ သည်ဟု သမာဓိဂုဏာလင်္ကာရစကားဖြင့် တင်စား၍ဆိုအပ်သတည်း။ ။

ယထာစ ဥဏှသံဖုဋ္ဌော သီတံပတ္ထေတိ။ ဧဝမေဝါယံ သံသာရဝဋ္ဋေ ကောဒသဂ္ဂိသန္တာပသန္တတ္တောယောဂါဝစရောကောဒသဂ္ဂိဝူပသမနံနိဗ္ဗာနံ ပတ္ထေတိ။ ။ဝိသုဒ္ဓိမဂ်။ ။ဥဏှသံဖုဋ္ဌော၊နေပူမီးပူတို့ဖြင့်နှိပ်စက်အပ်သော။ ပုရိသော၊ယောကျ်ားသည်။ သီတံ၊ အပူလွတ်ကင်းငြိမ်းခြင်းကို။ ပတ္ထေတိ ယထာ၊ လွန်စွာ တောင့်တဘိသကဲ့သို့။ ဧဝမေဝ၊ ဤနည်း အတူသာလျှင်။ သံသာရဝဋ္ဋေ၊သံသရာဝဋ်ဆင်းရဲ၌။ကောဒသဂ္ဂိသန္တာပသန္တတ္တော၊ဇာတိ ဇရာမရဏ စသည်တသီး ဆဲတမီးတို့ဖြင့် ပူလောင်သော။ အယံယောဂါ

ဝစရော၊ ဤယောဂါဝစရပုဂ္ဂိုလ်သည်။ ဖောဒသင်္ဂဟပသမနံ၊တဆဲ့တသီးမီးတို့မှ ငြိမ်းအေးခြင်းသဘောဟုဆိုအပ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပစ္စက္ခတိ၊ ရအောင်တောင့်တ၏၊ ။ဤ၌ ဖောဒသင်္ဂဟပသမနံနိဗ္ဗာနံဟူသောစကားသည်လည်းကောင်း။ယခင်ဆက္ကဂိုတ္တရသိတိဘာဝသုတ်၌လာသော သိတိဘာဝံသန္တိကာတုံ၌ သိတိဘာဝဟူသော စကားသည် လည်းကောင်း။ ယခင်အောက်၌ညွှန်းပြအပ်ခဲ့ပြီးသော။ ကတမာစတိက္ခဝေအနုပါဒိသေသာ နိဗ္ဗာနဓာတု။ပ။ သိတိဘဝိဿန္တိဟု လာသော ဣတိဝုတ် ပါဠိတော်သည် လည်းကောင်း။ အညမည သံသန္ဒနဖြစ်လှပေသတည်း။ ထို့ကြောင့် နိဗ္ဗာန်ဟူသည် အညတိတ္ထိယတို့ ပြောဆိုမှားသော ထာဝရဘုရားဟူသကဲ့သို့။ အကြောင်းကင်း၍အစဉ်ထာဝရတည်နေနှင့်သောမည်သည်မရှိ။ ပရိနိဗ္ဗုန္တ ရဟန္တာပုဂ္ဂိုလ်၏ ခန္ဓာကွယ်ပျောက်သောအခါမှသာ တဆဲ့တသီးမီးတို့မှ ငြိမ်းအေးခြင်းသဘော ဖြစ်ပေါ်လာသည်ကို နိဗ္ဗာန်သို့ရောက်သည်ဟုဆိုအပ်သတည်း။ ။ဤကိုရည်တော်မူ၍၊ ။ကာယဿဘေဒါ ဓမ္မဋ္ဌော၊ သဉ္ဇနေသပတိဝေဒဂူ-ဟူသောသဂ္ဂါထာယတနသံယုတ်ပါဠိတော်။အနုပါဒိသေသာ သမ္မဝရာယိကာ ဟူသော ဣတိဝုတ် ပါဠိတော်တို့ကို ဟောတော် မူအပ်သတည်း။ ။ပမာဒေန သဗ္ဗကိလေသေဟိ သဗ္ဗဒုစ္စရိတေဟိ သဗ္ဗေဟိ ပရိဿယေဟိ သဗ္ဗာသဝေဟိ သဗ္ဗဘဝေဟိ သဗ္ဗသန္တာပေဟိ သဗ္ဗာကုသလာဘိသင်္ခါရေဟိ နိဗ္ဗာနံ ခုဝံ နိစ္စံ သဿတံ အဝိပရိဏာမဓမ္မံ၊ ။ ရှုဋ္ဌနိဒ္ဒေသပါဠိ၊ ။ဓမ္မသေနာပတိသခင် အသျှင်သာရိပုတြာအမိန့်။ ။ ပမာဒေန၊ မေ့လျော့ခြင်း သံမောဟမှ။ သဗ္ဗကိလေသေဟိ၊ အလုံးစုံသော ကိလေသာတို့မှ၊ သဗ္ဗဒုစ္စရိတေဟိ၊ အလုံးစုံသော ဒုစ္စရိတတို့မှ။ သဗ္ဗေဟိ ပရိဿယေဟိ၊ အလုံးစုံသောကိုယ်တွင်းကိုယ်ပ ဘေးဥပဒ်ရန်တို့မှ။ သဗ္ဗာသဝေဟိ၊အလုံးစုံသောအာသဝေါဘေးရန်တို့မှ။သဗ္ဗဘဝေဟိ၊အလုံးစုံသော ဘဝတို့မှ။သဗ္ဗသန္တာပေဟိ၊အလုံးစုံသောပူပန်ခြင်းတို့မှ။သဗ္ဗာကုသလာဘိသင်္ခါရေဟိ၊ အလုံးစုံသောအကုသိုလ်အဘိသင်္ခါရမာရ်ဘေးတို့မှ၊ နိဗ္ဗာနံ၊ ငြိမ်းအေးခြင်း သဘောဟူသော နိဗ္ဗာန်သည်။ ။သဒ္ဒတ္ထ ပညတ္တနှစ်နက် ထွက်သော သိလေသနည်း။ ။ခုဝံ၊ ငြိမ်းအေးခြင်းဟူသော သဘော ဖြစ်ပြီးသည်နောက် မပျောက်မပျက်အမြဲတည်၍နေ၏။ နိစ္စံ၊ အခါမစဲ အမြဲငြိမ်းအေးခြင်းဖြစ်၍နေ၏။ သဿတံ၊ အခါခပ်သိမ်း မပျက်မစီး အမြဲတည်၍နေ၏။ အဝိပရိဏာမဓမ္မံ၊ငြိမ်းအေးခြင်းမှဘောက်လဲဘောက်ပြန်ခြင်းသဘောမရှိ။ ။

ဤမျှလောက် ဂုဏ်ရောင်တောက်သောနိဗ္ဗာန်သို့ အဘယ်သူမရောက်လိုဘဲ ရှိပါတော့အံ့နည်း။ မြန်မြန်ရောက်အောင် ခဲကြရမည် ဟူလိုသတတ်။ ။ အန္တန္တံ နိဗ္ဗာနံ ဟုဝိမတိဝိနောဒနီဋီကာစသည်တို့၌လာတိုင်း။ အန္တဂတော၊ သံသရာဝဋ်အဆုံး နိဗ္ဗာန်သို့ ရောက်သည်ဟူ၍လာသော မဟာနိဒ္ဒေသနှင့် အညီ။ ရုပ်နာမ်ခန္ဓာတို့၏ အဆုံးအစသတ်မှဖြစ်ပေါ်လာသော တဆဲ့တသီး မီးတို့၏ တပေါင်းတည်းငြိမ်းဇေးခြင်း သီတိဘာဝ နိဗ္ဗုတသဘောတရားကို နိဗ္ဗာန်ဆိုရသည်။အစ အလယ်နှင့် ကင်း၍ အဆုံးချည်းသက်သက် ဖြစ်၍ နေနှင့်သော နိဗ္ဗာန်ဟူသည်မရှိမှတ်။ ။သဥပါဒိသေသာ နိဗ္ဗာနဓာတုတိ ဝိဇ္ဇာ။ ။နေတ္တိပါဠိတော်။ ။သဥပါဒိသေသာနိဗ္ဗာနဓာတုတိ အရဟတ္တ ဖလံအဓိပ္ပေတံ။တဥ္စပညာပနေန္တ အာဟ သဥပါဒိသေသာနိဗ္ဗာနဓာတုတိ ဝိဇ္ဇာတိ။ ။၎င်းနေတ္တိအဋ္ဌကထာပါဠိတို့နှင့်အညီ အရဟတ္တဖိုလ်ဟူသော သဥပါဒိသေသ နိဗ္ဗာန်ဖြစ်ပေါ်လာသည့်အခါ ဥပါဒ်ဌီဘင်နှင့်တကွ ဖြစ်ပေါ် လာသည်။ ။ဣဓေဝတိက္ခဝေ သဗ္ဗဝေဒယိတာနိ အနဘိနန္ဒိတာနိသီတိ ဘဝိဿန္တိ။ အယံဝုစ္စတိဘိက္ခဝေ အနုပါဒိသေသာ နိဗ္ဗာနဓာတု ဟူသော ဣတိဝုတ်ပါဠိတော်နှင့်အညီ။ကျင်နာခြင်းဝေဒနာသဘောရှိသောခန္ဓာငါးပါး တို့၏ အဟောင်းလည်းချုပ်ပျောက်အသစ်လည်းမရောက်သဖြင့်လောင်စာ မရှိလျှင်လောင်တတ်သောမီးမလာနိုင်သကဲ့သို့၊ လောင်စာသဖွယ်ရုပ်နာမ် ကွယ်သည်ဖြစ်၍တဆဲ့တသီးမီးအပေါင်းတို့မှလှလှကြီးငြိမ်းဇေးခြင်းဟူသော သီတိဘာဝသဘောဟုဆိုအပ်သော အနုပါဒိသေသနိဗ္ဗာန်ရတနာပေါ်လာ သည့်အခါ။ ဥပါဒ်အားဖြင့် အထည်ဒြပ်မပေါ်မထင် အလွန်လျှင်သိမ်မွေ့ နူးညံ့လှစွာသော သုဒုဒ္ဒသ, သုနိပုဏ, သုဂမ္ဘီရ, နိဗ္ဗာယနသဘောဖြစ်၍ ဖြစ်ပေါ်လာသတည်း။ ။ဤသို့သဥပါဒိသေသနိဗ္ဗာန်အနုပါဒိသေသနိဗ္ဗာန် နှစ်ပါးလုံးပင် ထိုသူသန္တာန်၌ ဥပါဒ်ဒြပ်အားဖြင့် ထင်ရှားဖြစ်၍ပေါ်လာခြင်း၊ ဥပါဒ်ဒြပ်မထင် အရိပ်နိမိတ်မမြင်ရဘဲလျက် သိမ်မွေ့စွာပေါ်လာခြင်းဟူ၍ ဖြစ်ပေါ်လာခြင်း ဩဠာရိကသုခုမာကာရသာကွဲပြားသည်။ ဖြစ်ပေါ်လာ ခြင်းကား အတူတူသာမှတ်ကြကုန်။ ။အရဟတ္တဖိုလ်ဟူသော သဥပါဒိ သေသနိဗ္ဗာန်မှာ ခန္ဓာကိုယ် မကွယ်မီ ဤဘဝပေါ်လာသည်။ ပေါ်လာ ပြီးနောက်လည်းဘင်ခဏအားဖြင့်ချုပ်ပျောက်၍သွားသည်။အနုပါဒိသေသ နိဗ္ဗာန်မှာ ခန္ဓာကွယ်ပျောက်ပြီးမှပေါ်လာသည်၊ပေါ်လာပြီးနောက်မပျောက် မပျက်အမြဲတည်၍ နေသတည်း။ ။တီဏိမာနိဘိက္ခဝေ အသင်္ခတဿ

အသင်္ခတလက္ခဏာနိ။ ကတမာနိတီဏိ၊ ဥပ္ပါဒေါနပညာယတိ၊ ဝယော
နပညာယတိ၊ဌိတဿအညထတ္တံနပညာယတိ၊ ။ဘိက္ခဝေ၊ချစ်သားရဟန်း
များတို့။ အသင်္ခတဿ၊ အသင်္ခတဓာတ်ဟုဆိုအပ်သော နိဗ္ဗာန်တရား၏။
လက္ခဏာနိ၊ဤကားအသင်္ခတဓာတ်နိဗ္ဗာန်တည်းဟုသိကြောင်းမှတ်ကြောင်း
လက္ခဏာတို့သည်။ တီဏိ၊ ဤသုံးပါးတို့တည်း။ ကတမာနိတီဏိ၊
အဘယ်သုံးပါးတို့နည်း။ ဥပ္ပါဒေါ၊ သင်္ချိုင်အထည်ဖြစ်ဥပါဒ်သည်။ နပညာ
ယတိ၊မထင်။ဝယော၊ပျက်စီးခြင်းဘင်သဘောသည်။ နပညာယတိ၊မထင်။
ဌိတဿ၊တည်၍နေသော အသင်္ခတတရား၏။အညထတ္တံ၊အဘယ်လောက်
ပင်ကြာသော်လည်းဟောင်းနွမ်းခြင်းရင့်အိုခြင်းမရှိပကတိအသစ်စက်စက်
သာနေသဖြင့် တပါးသော အခြင်းအရာ၏ဖြစ်ခြင်းသည်။ နပညာယတိ၊
မထင်။ ။ဤသို့တိကအင်္ဂုတ္တိုရ်ပါဠိ၌စသည်နှင့်အညီ၊ နိဗ္ဗာန်ဟူက ဥပါဒ်
ဘင်သာမရှိသည်၊ ဌီကားရှိ၏။ထိုဌီ၏လည်း သင်္ခတတရားတို့၏ ဌီကဲ့သို့
ရင့်ခြင်း ဟောင်းနွမ်းခြင်း ပျက်စီးခြင်း မည်သည်မရှိ၊ ပကတိအသစ်
စက်စက် အမြဲသဿတဖြစ်၍ တည်နေသည် ဟူလို။ ။ဤ၌ ဌီတိနပညာ
ယတိ မဆိုဘဲလျက် ဌိတဿအညထတ္တံနပညာယတိ ဆိုသည်ကိုထောက်
၍ နိဗ္ဗာန်၌ ဌီမရှိမဆိုသင့်သည်ကိုသိ။ ။ဤပါဠိတော်များကိုထောက်သ
ဖြင့်လည်း။ တဒုဘယပရိစ္ဆိန္နာယ ဌီတိယာ အဘာဝတောနဌီတိ ဟူသော
ဥဒါန်းအဋ္ဌကထာ၌ ဖြစ်ခြင်းပျက်ခြင်းနှစ်ပါးဖြင့် ပိုင်းခြားအပ်သော ဌီမရှိ
ဆိုသောအရာဝယ် ဖြစ်ပြီး၍ ပျက်စီးရဦးလတ္တံ့ဖြစ်သော ရှုန့်ရင်းသော
ဌီမရှိသည်ကိုသာရည်၍ဆိုသည်။ ပျက်စီးခြင်း သဘော မရှိသော ဌီမရှိ
သည်ကိုရည်၍မဆိုဟုသိကြကုန်။ ။

ပစ္စယပဋိဗဒ္ဓတာယ သပစ္စယော။ ပစ္စယေဟိ သမာဂမ္မ ကတတ္တာ
သင်္ခတော၊ ဥပ္ပတ္တိတွာနိဗ္ဗာနဘာဝတော အသင်္ခတော။ သဒါအဘာဝ
တော ဥပ္ပတ္တိကာရဏသင်္ခါတဿနိမိတ္တဿအတ္တိဘာယသနိမိတ္တံ။နိဗ္ဗာနံ
ဝုတ္တပကာရာဘာဝတော အပ္ပစ္စယံ အသင်္ခတံ သဿတံ အနိမိတ္တံ။ ။
ကထာဝတ္ထုအဋ္ဌကထာ။ ။၁၀။ ။၄၊။ ။အပ္ပစ္စယံ၊အကြောင်း
တရားတို့ကြောင့်ပင်ပေါ်လာသော်လည်း ထိုအကြောင်းတို့နှင့်မတူအလွန်
ကွဲပြားသဖြင့် အကြောင်းတခြား အကျိုးတပါးကဲ့သို့ ဖြစ်နေသည်ဖြစ်၍။
ဝါ၊မိမိအကြောင်းတရားတို့ချုပ်ပြီးသည်နောက်မှပေါ်ပေါက်လာသည်ဖြစ်၍
မိမိအကြောင်းတရားတို့နှင့်မစပ်မယှက်နေသောနိဗ္ဗာန်။ ။အအက္ခရကား၊

ဝိဇ္ဇတ္တာ။ ၊ပစ္စယေဟိဝိဇ္ဇန္တံအပ္ပစ္စယံ-ဟု ဝစနတ္ထပြု။ ။အသင်္ခတံ၊ အကြောင်းတရားတို့ ပြုပြင်၍ ဖြစ်သော်လည်း ထိုအကြောင်း တို့သည် ဟေတုသဘာဝသာ ဖြစ်သောပစ္စယသတ္တိတို့ဖြင့် တကွရောက်၍ ပြုပြင်နိုင် စကောင်းသည်မဟုတ်သဖြင့် ပြုပြင်၍သာဖြစ်သည်ဟု ဆိုနိုင်ဘွယ်မထင် သောနိဗ္ဗာန်။ သဿတံ၊ ဖြစ်ပြီးသည်နောက် မပျောက်မပျက် အမြဲတည်၍ နေသောနိဗ္ဗာန်။အနိမိတ္တံ၊ဖြစ်ကြောင်းနိမိတ်ရှိသော်လည်း အကြောင်းပုံနှင့် အကျိုးပုံဟန်အလွန်ဝေးသဖြင့် အကြောင်းရှိပုံအရိပ်နိမိတ်မပေါ်ထင်သော နိဗ္ဗာန်။ ၊ယခင်အဋ္ဌကထာဘွင့်ကိုဖြိုးသည့်အနက်။ ။အဘူတမေဝ ဘူတံဇာတံဟုတွာအဘူတိတိအဘူတံ။ ။အဘူတမေဝ၊တရံတဆစ်မဖြစ် ဘူးသေးဘဲသာလျှင်။ ဘူတံဇာတံ၊ ရဟန္တာပုဂ္ဂိုလ်တို့ ပရိနိဗ္ဗာန်ပြုသည့် အခါ တကြိမ်တည်းသာဖြစ်ပေါ်လာသည်။ ဟုတွာ၊ ဖြစ်ပြီး၍။ ဝါ၊ ဖြစ်ပြီး သည်နောက်။ အဘူတိ၊ မပျောက်မပျက်အမြဲတည်ရှိ၍နေသည်တည်း။ ဣတိ၊ ထိုသို့တရံတဆစ် မဖြစ်ဘူးသေးဘဲ ဖြစ်ပေါ်လာပြီးနောက် မပျောက်မပျက် အမြဲဘည်ရှိ၍နေသောကြောင့်။တံ၊ထိုငြိမ်းဧးခြင်းသိတိဘာဝဟူသောနိဗ္ဗာန် တရားသည်။အဘူ၊ တံ၊အဘူတမည်၏။ ။သဒ္ဒသာတနုသံယုတ်အဋ္ဌကထာ။ ။ ဤသို့သော ပါဠိ အဋ္ဌကထာတို့ကို ထောက်သဖြင့်လည်း။ နိဗ္ဗာန်ဟူသည် အကြောင်းပါရမီတို့နှင့်ကင်း၍လျောက်လျားဘာသာကမ္ဘာကမ္ဘာအမြဲဖြစ်နေ သောမည်သည်မရှိ။ အကြောင်းပါရမီပြည့်စုံသည့်အခါ အရဟတ္တမဂ်အရ ဟတ္တဖိုလ်သို့ ရောက်ပြီးသည့်နောက် ခန္ဓာတော်ကွယ်ပျောက်လျှင်ပျောက် ခြင်း၊ထိုရဟန္တာပုဂ္ဂိုလ်ကို ဘဝတပါး ဂတိတခြား မလာမရောက်ရအောင် စောင့်ရှောက်မှိုင်းမ တာဏလေဏသဘောအားဖြင့်ဖြစ်၍ဖြစ်ပေါ်လာသော သဘောတရားဟူ၍မှတ်။ ။တယိဒံမဂ္ဂသမင်္ဂိနာပတ္တဗ္ဗဘာဝတောအသာ ဓာရဏံ။ပုရိမာယကောဋိယာ အဘာဝတောအပ္ပဘဝံ။ မဂ္ဂဘာဝေ ဘာဝ တော အပ္ပဘဝံတိစေ။နမဂ္ဂေနအနုပ္ပါဒနီယတော။ ပတ္တဗ္ဗမေဝေတံဟိမဂ္ဂေန နုဥပ္ပါဒေတဗ္ဗံ။ တသ္မာအပ္ပဘဝမေဝ။ အပ္ပဘဝတ္တာအဇရာမရဏံ။ ပဘဝ ဇရာမရဏာနံအဘာဝတောနိစ္စံ။ ။ဝိသုဒ္ဓိမဂ်။ ။ထံ။ ။ဤသို့လာသော ဝိသုဒ္ဓိမဂ်ပါဠိ၌ ပုရိမာယကောဋိယာအဘာဝတောအပ္ပဘဝံ ဟု ဆိုကာ မှုဖြင့်။ နိဗ္ဗာန်ဟူသည် အစမထင်၊ သံသရာက အကြောင်းပဘဝကင်း၍ ကမ္ဘာကမ္ဘာအစဉ်ထာဝရကပင်ဖြစ်နေနှင့်သည်။ ထိုသို့ဘာသာအကြောင်း ကင်း၍ ဖြစ်နေနှင့်ပြီးသော နိဗ္ဗာန်ရှိရာသို့ ပုဂ္ဂိုလ်တို့က နောက်မှသွားကြ

ရောက်ကြရသည်ဟု ဗိုးစဉ်းယုံမှားဘွယ်ရှိသည့်အတိုင်း မန္ဒပညာပုဂ္ဂိုလ်
အချို့တို့ ယုံမှားကြသကဲ့သို့ မယုံမှားမိကြအောင် အထူးသတိဆောင်ကြ
ကုန်။ ။ငင်းဝိသုဒ္ဓိမဂ်ပါဠိဖြင့် နိဗ္ဗာန်ဟူသည်အကြောင်းအမွန်ပဘာဝမရှိ။
ပကတိကမ္မာကမ္ဘော လျောက်လျှားဘာသာ ဖြစ်နေနိုင်သည် ဟူသော
အနက်ကိုမပြ၊စင်စစ်မူကား အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်၊ သင်္ခါရ
ကြောင့် ဝိညာဉ်ဖြစ်သည် စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး
တရားတို့ကဲ့သို့။ နိဗ္ဗာန်သည် အဘယ်တရားကြောင့်ဖြစ်သည်ဟု ထိထိ
ခိုက်ခိုက်မချဆိုရာ၍ရှိသည်ကိုသာ ပြသတည်း။ ။ဒါနကြောင့်သီလ၊
သီလကြောင့် ဘာဝနာ၊ဘာဝနာကြောင့်မဂ်ဖိုလ်၊မဂ်ဖိုလ်ကြောင့်နိဗ္ဗာန်ဖြစ်
ပေါ်လာရသည်ဟု နိဗ္ဗာန်၏အကြောင်းပဘာဝကိုထုတ်ဆိုရန်ရှိသော်လည်း။
ထိုအကြောင်းတရားတို့သည် ထိုနိဗ္ဗာန်ကိုဥပါဒ်အထည်ဖြစ်ပေါ်အောင် မပြု
ပြင်နိုင်သဖြင့် ထိုနိဗ္ဗာန်သည်ထိုအကြောင်းတို့ကြောင့်ဖြစ်လာသည်ဟုမဆို
လောက်သည်ကိုရည်၍သာ ထိုနိဗ္ဗာန်ကိုအပ္ပဘာဝဆိုသတည်း။ ။အပ္ပဘာဝ
တာစသအပ္ပစ္စယတာယဒဋ္ဌဗ္ဗာ။ ။ငင်းဝိသုဒ္ဓိမဂ်ဋီကာ။ ။အဿ၊ထိုနိဗ္ဗာန်
၏။ အပ္ပဘာဝတာစ၊ အကြောင်းအမွန်မရှိဆိုသည် အရာကိုလည်း။ အဿ၊
ထိုနိဗ္ဗာန်၏။ အပ္ပစ္စယတာယ၊ အဝိဇ္ဇာပစ္စယာသင်္ခါရာ စသည်တို့ကဲ့သို့
အကြောင်းပစ္စယကို ထုတ်ဆိုစရာမရှိသောကြောင့်။ ဝါ၊ မရှိသော အဖြစ်
အားဖြင့်။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။ ။ငင်းဋီကာပါဠိဖြင့် နိဗ္ဗာန်အားကျေးဇူးပြု
တတ်သော အဝိဇ္ဇာအစရှိသောအကြောင်းပစ္စည်းထုတ်ဆိုစရာ မချအစစ်
မရှိသည်ကိုသာရည်၍အပ္ပဘာဝတာကိုဆိုသည်။အချင်းခပ်သိမ်းအကြောင်း
အမွန်ပဘာဝနှင့်ကင်း၍ ကမ္ဘာကမ္ဘော ဖြစ်နေသည်ကို ရည်၍ဆိုသည်မဟုတ်
ဟူသော အနက်ကိုပင် ပြတော်မူသတည်း။ ။ဝေပုလ္လသာခေါင် ပတ္တမြား
တောင်၏အတွင်း ဖြစ်ပေါ်လာသော ပတ္တမြားရတနာသည် များစွာသော
ဘောင်ငွေ့ရေငွေ့မြေငွေ့တို့သတ္တိတို့နှင့်မကင်းဖြစ်လာသော်လည်း။အဘယ်
သို့သောမြေ၏သတ္တိကြောင့်၊အဘယ်သို့သောရေ၏သတ္တိကြောင့်၊အဘယ်
သို့သော အငွေ့ကြောင့်၊ အဘယ်အခြေပါဒကြောင့်၊ ဤပတ္တမြားရတနာ
ဖြစ်ပေါ်လာသည်ဟုအကြောင်းမထင်နိုင်သကဲ့သို့ များစွာသောအကြောင်း
ပါရမီတွေပြည့်ပုံသောကြောင့် ထိုပြည့်ပုံသောပုဂ္ဂိုလ်သန္တာန်ဝယ် ရှုဘွယ်
မငြီး နိဗ္ဗာန်ရတနာကြီး ဖြစ်ပေါ်လာရာ။ ထိုအကြောင်းတို့ကြောင့် ဖြစ်ပေါ်
လာသည်ဟုဆိုနိုင်စရာအရိပ်နိမိတ်မထင် ဖြစ်၍နေသတည်း။ ။တမာပင်

အခွကြားခွဲ့ပေါက်သောအလွန်အဆင်းအနံ့နှင့်ပြည့်စုံသောသဇင်ပန်းသည်။ တမာမျိုးစေ့ တမာပင်တို့၏ သတ္တိမူလရင်းနှင့်မကင်းမူ၍ ဖြစ်သော်လည်း ထိုတမာမျိုးစေ့ တမာပင် အဆင်း အနံ့ အရသာတို့မှ လွန်စွာကွာဝေး၍ နေသဖြင့်၊ ထိုတမာစေ့တမာပင်တို့ကြောင့် ထိုသဇင်ပန်းဖြစ်သည်ဟုဆိုနိုင် ဆိုနိုင်စရာအရိပ်နိမိတ်မထင်သကဲ့သို့။ ဒါန သီလစသော သစ်တတရားတို့ အကြောင်းရင်းခံ၍ ထိုနိဗ္ဗာန်ရတနာ ပေါ်လာသော်လည်း။ ထိုသစ်တဆိုး ဒုက္ခမျိုးတို့နှင့်ဘယ်ဟာတရ နှိုင်းချိန်စရာမရှိ ထိုဒါနစသော သစ်တတရား တို့ဖြင့်ပြီးသည်၊ ထိုတရားတို့ကြောင့်ပင်ဖြစ်လာသည်ဟုဆိုနိုင်စရာ အရိပ် နိမိတ်မထင်သောကြောင့်။ ထိုနိဗ္ဗာန်ကို၊ သဗ္ဗနိမိတ္တရဟိတံ နိဗ္ဗာနံဟူ၍ သမ္မောအဋ္ဌကထာ၌ မိန့်ဆိုသတည်း။ ။နတ်တို့ကိုယ်သည် ကိုယ်ဒြဒ် ထင်ရှားရှိလျက် လူတို့ကိုယ်ထက် သိမ်မွေ့သောကြောင့် လူတို့ကိုယ်မှ အရိပ်ထွက်သကဲ့သို့နတ်တို့ကိုယ်မှကိုယ်ရိပ်ပုံကို သိကြောင်းအရိပ်မထွက်။ ထိုအတူ ထိုနိဗ္ဗာန်၏ဖြစ်ကြောင်းပါရမီသစ်တတရား များစွာရှိသော်လည်း ထိုသစ်တပါရမီတို့ကြောင့် ဖြစ်ပေါ်လာသည့် အရိပ်နိမိတ်မပေါ်၊ သစ်တ စော်မနံ၊သစ်တပုံဟန်နှင့် အလွန်ဝေးကွာအလွန်သိမ်မွေ့စွာဖြစ်၍နေသည် ဟူ၍မှတ်။ ။

ယေစိဓ ပဇဟန္တိ ကာမရာဂံ၊ဘဝရာဂါနုသယဉ္စ ပဟာယ မောဟံ။
န စ တေ ပုန ရုပေန္တိ ဂဗ္ဘသေယျံ၊ပရိနိဗ္ဗာနဂတာ သီတိဘူတာ။ ။

သုတ္တသင်္ဂဟပါဠိ။ ။ခံ။

ဣဓ၊ ဤငါဘုရား သာသနာတော်၌။ ယေ၊ အကြင်ငါ၏ သားတော် အနုဇာတ တပည့်ကျော်တို့သည်။ ကာမရာဂဉ္စ၊ ကာမဂုဏ်မီး တကဲ့ ဘေးကြီးကို ချမ်းသာကြီးမှတ် တင်စွန်းတတ်သည့် ကာမရာဂ ရန်သူကြီး ကိုလည်း။ပဇဟန္တိ၊ပယ်စွန့်နိုင်ကုန်၏။ ဘဝရာဂါနုသယဉ္စ၊ထက်သုံးတလျှိုး ဒုက္ခမျိုးမှန် ဖြဟ္မာ့ဘုံနှစ်တန်ဘို့၌ ဘဝင်မြိုက်တတ်သည့်ဘဝရာဂါနုသယ ကိုလည်းကောင်း။ မောဟဉ္စ၊ ဤဖြဟ္မာ့ဘုံသည် အကောင်းဆုံး အမြတ်ဆုံး ဖြစ်ရာ၏ဟု တွေဝေတတ်သောအဝိဇ္ဇာနုသယကိုလည်းကောင်း။ပဟာယ၊ ပယ်နိုင်ကြပေကုန်သည်ဖြစ်၍။ ဝါ၊ ပဟာယ ပဇဟန္တိ၊ ပယ်နိုင်ကုန်ပြန် သည်ဖြစ်အံ့။တေ၊ထိုငါ၏ရဲကျော် ငါ၏တပည့်တော်ရင်းချန်သမျှတို့သည်၊ ပုန၊ တဘန်။ဂဗ္ဘသေယျံ၊ အမိဝမ်းခေါင်း ကိန်းအောင်းသန္ဓေ တဘန်စွဲနေရ

ခြင်းသို့။နဥပေန္တိ၊မရောက်ရကုန်။ပရိနိဗ္ဗာနဂတာ၊နိဗ္ဗာန်သို့သာရောက်ကြရကုန်၏။ သိဘိဘူတာ၊ တဆဲ့တသိး မီးအပေါင်းတို့မှ ကောင်းကောင်းကြီးငြိမ်းဖေးခြင်းဟူသော သီဘိဘာဝနိဗ္ဗာနဓာတ်သို့ ကောင်းစွာလှလှ ရောက်ကြရကုန်၏။ ။ငင်းအနက်၊ ။ဤ၌လည်း သိတိဘဝိသန္တိ ဟူသောဇာတိဝုတ်ပါဠိတော်။ သိတိဘာဝံသန္တိကာတုံဟူသော ဆက္ကအင်္ဂုတ္တရ ပါဠိတော်တို့အတိုင်း။သိတိဘာဝသဘောကိုပင်နိဗ္ဗာန်ဆိုသတည်း။ ။

ဟတွာ ရတိဉ္စ အရတိဉ္စ၊သိတိဘူတံ နိရူပဓိံ။
သဗ္ဗလောကာဘိဘုံ ဝီရံ၊တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

မဇ္ဈိမပဏ္ဏာသပါဠိတော်။ ။ဓေ။

ရတိဉ္စ၊ မမွေ့လျော်သင့်ရာ ကာမဂုဏ်ထဲ မွေ့လျော် အားသဲခြင်းကိုလည်းကောင်း။အရတိဉ္စ၊ မွေ့လျော်သင့်ရာ ဘာဝနာထဲ မမွေ့လျော်နိုင်ဘဲ ပျင်းအားသဲခြင်းကိုလည်းကောင်း၊ဟတွာ၊မရဏာသတိကမ္မဋ္ဌာန်း သံဝေဂလက်နက်ဓွမ်းတို့ဖြင့် တိုက်ဖျက်ညှဉ်းပန်း သတ်ဓွမ်း နိုင်ကုန်သည်ဖြစ်၍။ သဗ္ဗလောကာဘိဘုံ၊အလုံးစုံသော ဒုက္ခတသျှီးလူ့ဘုံမျိုးကို လွှမ်းမိုးနိုင်သည်ဖြစ်၍။ နိရူပဓိံ၊ ကိလေသုပဓိ ခန္ဓုပဓိ စသည်မရှိသော။ သိတိဘူတံ၊ တဆဲ့တသိး မီးတို့မှ ငြိမ်းဖေးခြင်းဟူသော နိဗ္ဗာန်သို့ ရောက်ပြီးသော၊ တံဝီရံ၊ ထိုပညာရှိကို။ဗြာဟ္မဏံ၊ဗြာဟ္မဏာစစ်ဟူ၍။အဟံဗြူမိ၊ငါဟောတော်မူ၏။ ။ ငင်းအနက်။ ။ဤ၌လည်း သိတိဘာဝကိုပင် နိဗ္ဗာန်ဆိုသည်မှတ်။ ။

ယသ္မာပနာသ နဥပ္ပါဒေါပညာယတိ၊နဝယော၊နဌိတဿအညထတ္တံ။ တသ္မာတံနဇာယတိ နဇီယျတိနမိယျတိတိကတွာ အမတန္တိ ဝုစ္စတိ။ ။

ချုဒ္ဒကပါဌအဋ္ဌကထာပါဌ်။ ။ယသ္မာပန၊ အကြင်ကြောင့်ကား။ အဿ၊ ထိုနိဗ္ဗာန်၏၊ ဥပ္ပါဒေါ၊သချပ်သကောင်အထည်ဒြဗ်ဥပါဒ်ပေါ် လာခြင်းသည်။ နပညာယတိ၊ မထင်။ ဝယော၊ ပျက်စီးခြင်းဘင်ခဏာသည်။ နပညာယတိ၊ မထင်။ ဌိတဿ၊ တည်၍နေသောဖေးမြခြင်းသိတိဘာဝ ဟူသော နိဗ္ဗာန်၏။ အညထတ္တံ၊တည်ကာတဲမှစ၍ ဖေါက်လဲဖေါက်ပြန်ခြင်းရှိသောအဖြစ်သည်။ နပညာယတိ၊မထင်။တသ္မာ၊ထိုဥပါဒ်ဘင်မထင်မရှိ ဌီသာရှိသော်လည်း ထိုဌီ၏ရင့်၍သွားခြင်း ဖေါက်ပြန်ခြင်း မထင်သောကြောင့်။ တံ၊ ထိုနိဗ္ဗာန်ကို။ နဇာယတိ၊ဖြစ်လည်းမဖြစ်။ နဇီယျတိ၊အိုလည်းမအို၊ နမိယျတိ၊သေလည်းမသေ။ဣတိကတွာ၊ဤသို့နှလုံးပိုက်တော်မူ၍။ အမတန္တိ၊အမတဟူ၍။ဝုစ္စတိ၊

ဆိုအပ်၏။ ။၎င်းအနက်။ ။ဤခုဒ္ဒကပါဌအဋ္ဌကထာပါဌ်ကို ယောက်
သဖြင့်လည်း သိတိဘာဝဟူသော ငြိမ်းခြင်းနိဗ္ဗာန်သဘောဟူသည့်၊ဥပါဒ်
ဘင်အားဖြင့် သချပ်သကောင်ဒြဗ်မထင် အလွန်လျှင် ငြိမ်းခြင်း သဘော
အားဖြင့်ဖြစ်ပြီးသည့်နောက် မဒိုမရင့် မသေမကြေ အမြဲတည်နေသည်
ဟူ၍ မှတ်အပ်၏။ ။အနန္တံ္တ။အနန္တရဟိတံ၊ နိစ္စန္တိ၊အထွေ။ ။
ဥပရိပဏ္ဏာသဋီကာ။ ။အနန္တံ၊ အနန္တံ၊အနန္တဟူသည်ကား။အနန္တရဟိတံ၊ဥပါဒ်
ဘင်ဟူသော အစွန်းအစကင်းသောနိဗ္ဗာန်။ နိစ္စံ၊ငြိမ်းခြင်းသဘောအားဖြင့်
တည်လာပြီးနောက် မပျောက်မပျက် အမြဲတည်၍ နေသော နိဗ္ဗာန်။ ဣတိ၊
ဤကား။အထွေ၊အနက်တည်း။ ။၎င်းအနက်။ ။ပရိယန္တဘာဝရဟိ
တတ္တာအနန္တံ့ဝုစ္စတိနိဗ္ဗာနံ။ ။ပရိဝါရအဋ္ဌကထာ။ ။၁၁၈၊။ ။ပရိယန္တ
ဘာဝရဟိတတ္တာ၊ ဥပါဒ်ဘင် ဟူသော အစွန်းအစမှ ကင်းသောကြောင့်။
နိဗ္ဗာနံ၊နိဗ္ဗာန်ကို။အနန္တံ၊အနန္တဟူ၍၊ဝုစ္စတိ၊ဆိုအပ်၏။ ။၎င်းအနက်။ ။
ဋ္ဌာနံ ခေါ ဌာနံဒုဒ္ဒသံ၊ယဒိဒံသဗ္ဗသင်္ခါရသမထော သဗ္ဗုပဓိနိဿဂ္ဂေါ တဏှက္ခ
ယော ဝိရာဂေါနိရောဓော နိဗ္ဗာနံ။ ။မူလပဏ္ဏာသပါဠိတော်။ ။ည။ ။
သဗ္ဗသင်္ခါရသမထော၊အလုံးစုံသောသင်္ခါရတရားဟူသမျှတို့မှငြိမ်းခြင်း
သဘောဟုဆိုအပ်သော။ သဗ္ဗုပဓိနိဿဂ္ဂေါ၊အလုံးစုံသော ကိလေသာခန္ဓာ
ငါးပါးစသော ဥပဓိဟူသမျှတို့ မလိုက်နိုင်ရာစွန့်ပစ်ရာလျှောရရာဖြစ်သော။
ဝါ၊အလုံးစုံသောဥပဓိတို့ကိုစွန့်ပစ်ပယ်ခွါအလွတ်သက်သက်ဖြစ်လာသော။
တဏှက္ခယော၊ တဏှာဟူသမျှတို့၏ ကုန်ရာဖြစ်သော။ ဝိရာဂေါ၊ရာဂဟူ
သော ရန်သူတို့၏ မပြုမသင်နိုင်ရာဖြစ်သော၊ နိရောဓော၊ ဘေးဟူသမျှတို့၏
လှလှကြီးချုပ်ရာ မပေါ်လာနိုင်ရာဖြစ်သော။ ယဒိဒံ-ယံဣဒံနိဗ္ဗာနံ၊ အကြင်
နိဗ္ဗာန်သည်။အတ္ထိ၊ရှိ၏။ဋ္ဌာနံ ခေါ ဌာနံ၊ဤသို့စင်လောက် ဂုဏ်ရောင်တောက်
သောနိဗ္ဗာန်ဟူသည်။ဒုဒ္ဒသံ၊မြင်နိုင် သိနိုင် ရောက်နိုင်ခဲ၏။ ။၎င်းအနက်။ ။
ယဥ္စနိဗ္ဗာနံမရဏာဘာဝေနပဏီတတ္တေနဝါအမတံ။ သဗ္ဗသင်္ခါရဂူပသမနု
တောသန္တိ။ တဏှာသင်္ခါတဝါနာဘာဝတော နိဗ္ဗာနံ။ စဝနာဘာဝတော
အစ္စုတံ။ ။သုတ္တသင်္ဂဟအဋ္ဌကထာ။ ။ယဥ္စနိဗ္ဗာနံ၊ယင်းသို့သောနိဗ္ဗာန်
သည်လည်း။ မရဏာဘာဝေနဝါ၊ သေခြင်းမရှိ သေရာလည်းမဟုတ်သော
ကြောင့်၎င်း။ ပဏီတတ္တေနဝါ၊မြတ်လှစွာသော အနက်သဘောကြောင့်၎င်း။
အမတံ၊အမတမည်၏။ သဗ္ဗသင်္ခါရဂူပသမနတော၊ လောကီလောကုတ္တရာ
အလုံးစုံသောသင်္ခါရတို့မှငြိမ်းရာငြိမ်းခြင်းဟူသောအနက်သဘောကြောင့်။

သန္တိ၊ သန္တိလည်းမည်တော်မူ၏။ တဏှာသင်္ခါတဝါနဘာဝတော၊ တဏှာ
ဟူသောဘုံသုံးပါး၌ချုပ်စပ်ဖွဲ့ထားတတ်သူရန်သူဟူသမျှတို့ မပြုမရှိနိုင်ရာ
ဖြစ်သောကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာနဟု အနွတ္ထတံဆိပ် ကွပ်နှိပ်တော်မူအပ်
၏။ စဝနာဘာဝတော၊ မိမိငြိမ်းအေးခြင်းသဘောဖြစ်သည်မှစ၍ ဘယ်သည့်
ကာလမှ ရွေ့လျောပျက်စီးခြင်း မရှိသောကြောင့်။ အစ္စုတံ၊ အစ္စုတဟု
နာမဘွဲ့တော် သုံးဘုံလွှမ်း၍ကျော်တော်မူ၏။ ။၎င်းအနက်။ ။အနန္တန္တံ
အန္တရဟိတံ၊ နိစ္စန္တံအစ္စုတံ။ သဗ္ဗတောပဘန္တိ ကိလေသန္ဓကာရာဘာဝ
တော သမန္တတော ပဘာသရံ။ ။ဥပရိပဏ္ဏာသဋီကာ။ ။အနန္တန္တံ၊
ဟူသည်ကား။ အန္တရဟိတံ၊ အဆုံးကင်းသည်တည်း၊ နိစ္စံ၊ ပရိနိဗ္ဗုတ
ရဟန္တာအသျှင်တို့သန္တာန်၌ မိမိငြိမ်းအေးခြင်းသဘောတည်လာသည်မှစ၍
မပျက်မစီးအမြဲတည်နေသောနိဗ္ဗာန်၊ ဇာတိအယံ၊ ဤသည်ကား။ အစ္စုတံ၊
အနက်တည်း။ သဗ္ဗတောပဘန္တိ၊ ဟူသည်ကား။ ကိလေသန္ဓကာရ
ဘာဝတော၊ ကိလေသာအမိုက်တိုက် မတွယ်မဝင်လာနိုင်သည်၏ အဖြစ်
ကြောင့်။ တံ၊ ထိုနိဗ္ဗာန်သည်။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ပဘာသရံ၊
ရောင်တလက်လက် ပြိုးပြိုးပြက်၍နေ၏။ ။၎င်းအနက်။ ။ဗဟိမုခေါတိ
သဗ္ဗသင်္ခါရတော ဗဟိဘူတံ နိဗ္ဗာနံ ဥဒ္ဒိဿ ပဝတ္တဉာဏာဘိမုခေါ။ ။
ဥပရိပဏ္ဏာသ ဋီကာ။ ။ညော်။ ။ဗဟိမုခေါတိ၊ ဟူသည်ကား။
သဗ္ဗသင်္ခါရတော၊ အလုံးစုံသော သင်္ခါရတရားမှ။ ဗဟိဘူတံ၊ အပဖြစ်၍
ဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဥဒ္ဒိဿ၊ ရည်၍။ ပဝတ္တဉာဏာဘိ မုခေါ၊
ဖြစ်သောဉာဏ်လျှင်အမှူးအဦးရှိသည်ဖြစ်၍။ ။၎င်းအနက်။ ။ဤဋီကာ၌
သင်္ခါရတို့၏ပြင်ဘက်၌ ဖြစ်သည်ကို နိဗ္ဗာန် ဆိုသော စကားနှင့်။ တာသံ
ပရာဘဝေ နိဗ္ဗာနေတိဋ္ဌေယျ ဟူ၍ အောက်၌ပြအပ်ခဲ့ပြီးသော နေတ္တိအဋ္ဌ
ကထာစကားနှင့် အညမညသံသန္ဒန ဖြစ်လှပေသတည်း။ ။ဂတိဟူသမျှ
တို့၏ပြင်ဘက်ဟူသည်နှင့် သင်္ခါရတရားတို့၏အပဟူသည် အတူတူသာ
မှတ်အပ်သောကြောင့်တည်း။ ။ရေထွက်ဘတ်သောတောင်ထဲမှပေါ်ထွက်၍
တက်လာသော ရေတမ်းခွန်သည် တောင်ခိုးမြေခတ် သတ္တိတို့နှင့်မကင်း
ပေါ်ထွက်၍လာသော်လည်း၊ မြေဘုံရေတခြားဖြစ်၍ ထိုရေသည်ထိုမြေမှ
အပဆိုအပ်သကဲ့သို့။ ဒါန သီလ ဘာဝနာ မဂ်ဖိုလ်ဟူသော သင်္ခတတရား
အကြောင်းရင်းခံ၍ ထိုနိဗ္ဗာန်ရတနာ ရေသဘော ထွက်ပေါ်လာသော်လည်း၊
ထိုဒါနစသော သင်္ခတတရားတို့နှင့်မတူ အလွန်အမှုထူးပြားတပါးတခြားကြီး

ဖြစ်၍နေသောကြောင့်၊ ထိုမိမိ၏အကြောင်းဖြစ်သော သင်္ခတတရားတို့နှင့် မပေါင်း မနှော မစပ် မယှက် သက်သက်ကေဝလဖြစ်၍၊ ဖေါ်ပြခြင်း သိတိဘာဝဟူသော နိဗ္ဗာန်ရတနာ မြွှေခမာ၌ ထိုပရိနိဗ္ဗုတ ပုဂ္ဂိုလ်အပေါင်း ကောင်းကောင်းကြီးတည်၍ ချမ်းမြေ့သာယာ နေတော် မူကြရသည်ဟူလိုသတတ်။ ။သီလာဒိဂုဏယုတ္တာသဟိကဍ္ဍုဘိက္ခာပိ ပဉ္စရတနမတ္တာယ ဘူမိယာပဏ္ဏသာလခ္ဓိကတွာဒိန္နံ အနေကာနိ ကပ္ပသဟဿာနိ ဒုက္ခဇံပိနိပါဘတော ရက္ခတိ။ပရိယောသာနေစ အမတာယ ဓာတုယာ ပစ္စယောတိ။ ။မူလပဏ္ဏာသအဋ္ဌကထာ။ ။၈။ ။သီလာဒိဂုဏယုတ္တာသ၊သီလအစရှိသော ဂုဏ်ကျေးဇူးတို့နှင့် ယှဉ်သောပုဂ္ဂိုလ်အား။ ဒိန္နာ၊ လှူအပ်သော။ ကဍ္ဍုဘိက္ခာပိ၊တယောက်ချိုးမျှလောက်သောဆွမ်းသည်လည်းကောင်း။ပဉ္စရတနမတ္တာယ၊ ငါးတောင်မျှလောက်သော။ ဘူမိယာ၊ မြေပေါ်၌။ ပဏ္ဏသာလံပိ၊ သစ်ရွက်မိုးသောသစ်ခက်ကျောင်းကိုလည်း၊ ကတွာ၊ ဆောက်လုပ်၍၊ ဒိန္နံ၊ လှူအပ်သော အလှူသည် လည်းကောင်း။ အနေကာနိ၊ များစွာကုန်သော။ ကပ္ပ သဟဿာနိ၊ ကမ္ဘာအထောင်တို့ ပတ်လုံး။ဒုက္ခတိ ဝိနိပါတတော၊ဒုဂ္ဂတိဘုံသို့မကျရအောင်။ ရက္ခတိ၊ စောင့်ရှောက်နိုင်၏။ စ၊ သည်သာမကသေး။ ပရိယောသာနေ၊ သုဂတိဘုံ လူနတ်ချမ်းသာကို ခံလို့ပြီးသောအဆုံး၌။ တံ၊ ထိုဒါနကုသိုလ်သည်၊အမတာယဓာတုယာ၊အသင်္ခတ နာမထူးမြတ် မသေနိုင်သည့် အမတဓာတ်၏။ ဝါ၊ နိဗ္ဗာန်ရွှေနန်း စံမြန်းရခြင်း၏။ ပစ္စယော၊ အကြောင်းသည်။ဟောတိ၊ဖြစ်၏။ ။ရင်းအနက်။ ။ဤအနည်းငယ်မျှသော ဒါနမျှကိုပင် နိဗ္ဗာနပစ္စယဖြစ်သည်ဟုဆိုသည်ကိုထောက်သဖြင့်။ နိဗ္ဗာန်ကို အပဿသအသင်္ခတဆိုသောအရာတို့၌၊ ရချဉပနိဿယစသောပစ္စည်းမဖြစ်သည်ကိုသာရည်၍ဆိုသည်။ စင်စစ်မူကား ဒါန သီလ စသော အကြောင်းများစွာတို့နှင့် ကင်း၍ ထိုနိဗ္ဗာန် ရတနာကြီး မပေါ်လာနိုင်ဟု အပြီးမှတ်ကြကုန်။ ။ဝိဝဋ္ဋူပနိဿယံ ဒါနံဒေန္တော သမာပတ္တိယော နိဗ္ဗတ္တေန္တော အနုက္ကမေနအမတံနိဗ္ဗာနံပဋိလဘတီတိ။ ။မူလပဏ္ဏာသအဋ္ဌကထာ။ ။ စသာ။ ။ဝဋ်ဆင်းရဲကင်းရာနိဗ္ဗုတာကို ဘောင်တ၍ပြုသော ဒါနမှသာ နိဗ္ဗာန်ရောက်ကြောင်းဖြစ်သည်။ ဤတရသည် နိဗ္ဗာန်ရောက်ကြောင်းနိဗ္ဗာန်ရကြောင်းမဟုတ်ဟူလိုသည်။ဤ၌ နိဗ္ဗာန်ရကြောင်းဟူသည်လည်း။ စကြာမင်းကြီးဖြစ်ခါနီး ဥပုသ်ရနစ်ရက်သုံးပြီးမှ စကြာရတနာကံရသည်ဆိုရာ၌။ ဈေးရှိနှင့်ပြီး စကြာရတနာကြီးကို ရသည်မဟုတ်။ မိမိဘုန်းကံပြည့်ရုံသည်

အတွက် အသစ်စက်စက် အရှေ့လောကဓာတ်မှစကြာရတနာဖြစ်ပေါ်လာ၍ စကြာမင်းကြီးထံ ရောက်လာသည်ကိုပင် ထိုမင်းစကြာရတနာ ရသည်ဟု ဆိုအပ်သကဲ့သို့၊ ဒါန သီလ ဘာဝနာ မဂ်ဖိုလ်အကြောင်းအဆောက်အဦး ပြည့်စုံ၍ ပရိနိဗ္ဗုတ ပုဂ္ဂိုလ် အဖြစ်သို့ ရောက်သည့်အခါ။ တဆဲ့တသီး မီးအပေါင်းတို့မှ ငြိမ်းအေးခြင်း သန္တိလက္ခဏာရှိသော သိတိဘာဝ နိဗ္ဗုတ သဘာဝဟုဆိုအပ်သောနိဗ္ဗာန်ရတနာဖြစ်သည်။ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်စံစား စရာဖြစ်ပေါ်လာသည်။ ယင်းသို့ ဖြစ်ပေါ်လာသည်ကိုပင် ထိုအသျှင်နိဗ္ဗာန် ရသည်ဟုဆိုသည်မှတ်ကြကုန်။ ။နိဗ္ဗာနာယာတိဝါအနုပါဒိသေသနိဗ္ဗာ နာယ။ ဥပသမာယာတိဟိ သဥပါဒိသေသနိဗ္ဗာနံဂဟိတံ။ ။မူလပဏ္ဏာသ ဋီကာ၊ ။နိဗ္ဗာနာယာတိ၊နိဗ္ဗာနာယဟူသည့်ကား။အနုပါဒိသေသနိဗ္ဗာနာယ၊ ရဟန္တာဖြစ်၍ ကိလေသာ ကုန်ပြီးနောက် ကြွင်းကျန်ရစ်သော ခန္ဓာငါးပါး တို့ပါ ငြိမ်းအေးရာဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ဖြစ်ပေါ်လာခြင်းငှါ။ ။ ဝါကားဝိကပ္ပနတ္ထ။ ။ဥပသမာယာတိဣမိနာ၊ ဟူသောပါဌ်ဖြင့်။ သဥပါဒိ သေသနိဗ္ဗာနံ၊ ကိလေသာမှကြွင်းကျန်ရစ်သော ခန္ဓာငါးပါးဟူသော ဥပါဒိ ရှိသေးသော ရဟန္တာပုဂ္ဂိုလ်၏ ကိလေသာငြိမ်းခြင်းဟူသောနိဗ္ဗာန်ကို။ ဝါ၊ အရဟတ္တဖိုလ်ဟူသောနိဗ္ဗာန်ကို။ဂဟိတံ၊ယူအပ်၏။ ။ဟိကားဒဠှတ္ထ။ ။ ၎င်းအနက်၊ ။ဤမူလပဏ္ဏာသဋီကာ၌ကားအသင်္ခတဓာတ်ကိုသဥပါဒိသေသ နိဗ္ဗာန်မဆိုလို။ ကိလေသာငြိမ်းခြင်းသဘာဝကို။ ဝါ၊အရဟတ္တဖိုလ်ကိုသာ သဥပါဒိသေသနိဗ္ဗာန်ဆိုလိုသည်၏အဖြစ်ကိုသိအပ်၏။ ။ကတမေဒွေဓမ္မာ အဘိညေယျာ။ ဒွေဓာတုယော သင်္ခတာစဓာတု အသင်္ခတာစဓာတု။ဣမေ ဒွေဓမ္မာအဘိညေယျာ၊ ။သုတ်ပါထေယျ ပါဠိတော်။ ။ဆို၊ ။ဤပါဠိတော် ၌လည်း အသင်္ခတဓာတ်နိဗ္ဗာန်ကို သင်္ခတဓာတ်ကဲ့သို့ အဘိညေယျတရား တခု၏အဖြစ်ဖြင့် ဟောတော်မူသောကြောင့်။ အသင်္ခတဓာတ်နိဗ္ဗာန် ဟူ သည် ခန္ဓာနာမ်ရုပ်တို့၏ချုပ်ပျောက်ခြင်းအဘာဝမျှကိုသာဆိုသည်မဟုတ်၊ ခန္ဓာငါးပါးတို့၏ ချုပ်ပျောက်သော အဆုံး၌ ဖြစ်ပေါ်လာသော နိဗ္ဗုတိ သဘာဝမျှအားဖြင့်ထင်ရှားစင်စစ်အရောင်တလက်လက်ဖြစ်၍တည့်သော အတုလဂမ္ဘီရ ရတနာတော်မြတ်ကို နိဗ္ဗာန်ဆိုသည် မှတ်ကြကုန်၊ ။ အနာဂါမိဿ အာယုနောမဇ္ဈံ အတိက္ကမိတွာ အန္တရာဝကိလေသပရိနိဗ္ဗာနံ အရဟတ္တံ ပတ္တော အန္တရာပရိနိဗ္ဗာယီနာမ။ မဇ္ဈံ ဥပဟစ္စ အတိက္ကမိတွာ ပတ္တော ဥပဟစ္စပရိနိဗ္ဗာယီနာမ။အသင်္ခါရေန အပ္ပယောဂေန အကိလမန္တော

သုခေနပတ္တောအသင်္ခါရပရိနိဗ္ဗာယီနာမ။ ။သုတ်ပါထေယျအဋ္ဌကထာ။ ။
ဤ၌။ ကိလေသပရိနိဗ္ဗာနံ အရဟတ္တံပတ္တော ဟူသည်ကို ထောက်သဖြင့်
ကိလေသပရိနိဗ္ဗာန် ဟူသည် အရဟတ္တဖိုလ်ကို ဆိုသည်ဟု သိအပ်၏။
ကိလေသ ပရိနိဗ္ဗာန် ဟူသည်လည်း အောက်၌ ညွှန်းပြအပ်ခဲ့ပြီးသော
ပရိယာယအားဖြင့် ရအပ်သော သဥပါဒိသေသနိဗ္ဗာန် သုံးမျိုးတို့တွင်၊
ဤအရာ၌ အရဟတ္တဖိုလ်ဟူသောသဥပါဒိသေသနိဗ္ဗာန်ပင်တည်းမှတ်။ ။
အနုပါဒါ ပရိနိဗ္ဗာနဿပန ပရိနိဗ္ဗာယမာနဿ အရဟတော အာရမ္မဏ
ဘာဝေနပသိဒ္ဓိမတ္တံ၊နဥပ္ပတ္တိ။တဿအပ္ပစ္စယတ္တာတိဒဋ္ဌဗ္ဗံ။ ။မဏိဒီပ။ ။
၁ဘ်။ ။ခေါ။ ။အနုပါဒါပရိနိဗ္ဗာနဿပန၊ အသင်္ခတဓာတ်ဟူသောအနု
ပါဒါပရိနိဗ္ဗာန်၏ကား။ ပရိနိဗ္ဗာယမာနဿ၊ပရိနိဗ္ဗာန်ပြုသော။အရဟတော၊
ရဟန္တာပုဂ္ဂိုလ်၏။ အာရမ္မဏဘာဝေန၊ အာရုံ၏အဖြစ်ဖြင့်။ ပသိဒ္ဓိမတ္တံ၊
ပြီးကာမျှတည်း။ဥပ္ပတ္တိ၊ဥပါဒ်အားဖြင့်ရုပ်ဖြစ်ပေါ်လာခြင်းသည်။န၊မဖြစ်။ ။
ဤ၌ အသင်္ခတဓာတ်နိဗ္ဗာန်၏ ဥပါဒ်အားဖြင့်မဖြစ်ခြင်းကိုသာရည်၍၊နဥပ္ပတ္တိ
ဆိုသည်။ လုံးလုံးအားဖြင့် မဖြစ်ခြင်းကိုရည်၍ဆိုသည်မဟုတ်။ အကယ်၍
လုံးလုံးအားဖြင့် အဘာယ်တရမျှမဖြစ်သည်ကိုဆိုခဲ့လျှင်။ ယင်းနိဗ္ဗာန်သည်
အဘာယ်ဟာတရမဟုတ် အဘာဝဖြစ်ခဲ့ရာ၏။ ယင်းသို့ဖြစ်ကလည်း၊အတ္ထိ
ဘိက္ခဝေအဇာတံ စသော ဥဒါန်းပါဠိတော်။ ။အနုပါဒိသေသာသမ္ပရာ
ယိကာ။ ။သမ္ပရာယိကာတိသမ္ပရာယေခန္ဓဘေဒတောပရဘာဂေဘာဝါ။
ဤသို့သော ဣတိဝုတ်ပါဠိတော်အဋ္ဌကထာ စသည်တို့နှင့် ဖြောင့်ဖြောင့်
ဆန့်ကျင်ရာ၏မှတ်။ ။ဘဝတွေဝံ။ ကိန္နာမအတ္ထရူပံနိဗ္ဗာနန္တိဇာနိတဗ္ဗံ။
နနုရာဂါဒိခယန္တေဇာတတ္တာတိဝုတ္တတ္တာအဘာဝမတ္တံ ရာဂါဒိနံခယနမတ္တံဝါ
နိဗ္ဗာနန္တိ။ဝုစ္စတေ၊သဗ္ဗေသံသင်္ခတဓမ္မာနံပဋိပက္ခဘူတံသင်္ခတသမ္မုတိသဗ္ဗာ
ရမ္မဏဝိဒူရံ သမုစ္ဆေဒ ပဟာနာ ကာရဿ အရိယမဂ္ဂဉာဏဿ သတ္တိ
ကာတဗ္ဗာရမ္မဏဘူတံ ယံ အတ္ထရူပံ။ သာအသင်္ခတဓာတုနိဗ္ဗာနန္တိပညာ
ယတိ။ ။ပဋ္ဌာနသာရ။ ။၁ဘ်။မဲ။ ။ဇံ၊ဤနိဗ္ဗာန်ဟူသည် အချင်းခပ်သိမ်း
မပြိုမကွဲ အမြဲတည်နေသည်ဟူ၍ အသင်ပရိဟာရဆရာဆိုတိုင်း။ဘဝတု-
ဟောတု၊ ဟုတ်ပါစေတော့။ ကိန္နာမအတ္ထရူပံ၊ အဘယ်သို့သော အနက်
သဘောမည်သည်ကို။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ဇာနိတဗ္ဗံ၊ သိအပ်သနည်း။
ရာဂါဒိ ခယန္တေ၊ ရာဂစသည်ကုန်သောအဆုံး၌။ ဇာတတ္တာတိ၊ဖြစ်သော
ကြောင့်ဟူ၍။ဝုတ္တတ္တာ၊ဟိတ်ပါဌ်ကိုထုတ်ဆိုခဲ့သောကြောင့်။အဘာဝမတ္တံ၊

ရာဂ စသည်တို့၏ မရှိခြင်းအဘာဝမျှသည်။ နိဗ္ဗာနံနန္ဒု၊ နိဗ္ဗာန်မည်သည်
မဟုတ်ပါတုံလော။ဝါ၊တနည်းကား။ရာဂါဒီနံ၊ရာဂစသည်တို့၏။ ခယာနမတ္တံ၊
ကုန်ခြင်းမျှသည်၊နိဗ္ဗာနံနနု၊နိဗ္ဗာန်မည်သည်မဟုတ်ပါတုံလော။ဣတိ၊ဤကား
စောဒနာဘွယ်စကားတည်း။ ဝုတ္တေ၊ဝင်းစောဒနာဘွယ်ကို ပယ်ဖြေပြီးအံ့။
သဗ္ဗညုသံသဗ်တခမ္မာနံ၊အလုံးစုံကုန်သောသခ်တတရားတို့၏၊ ပဋိပက္ခဘူတံ၊
အနိစ္စ အဓုဝ ဝိပရိဏာမ စသော သဘောတို့မှပြန်သော နိစ္စ ဓုဝ အဝိပရိ
ဏာမ စသော သဘောရှိသည်ဖြစ်၍ဖြစ်သော။သခ်တသမ္ဗုတိသစ္စာရမ္မဏ
ဝိဒူရံ၊သင်္ခတသမုတ် မဟာဂ္ဂုတ်နယ်ခင် ချာန်ငါးအင်တို့၏ ပဋိဘာဂနိမိတ်
အာရုံဟူသော သမ္မုတိသစ္စာအာရုံမှ ဝေးကြီးဝေးသော။ ဝါ၊ မဟာဂ္ဂုတ်
သမ္မုတိသစ္စာများကဲ့သို့ ကိလေသာကို ဝိက္ခမ္ဘနသတ္တိမျှဖြင့်ပယ်တတ်ရုံမျှ
မကသောအာရုံဖြစ်သော၊သမုစ္ဆေဒပဟာနကာရဏ၊ကိလေသာဟုန်ရန်
သူပုန်ကို မဖြုံပယ်ဖြတ်နိုင်သော။အရိယမဂ္ဂဉာဏာသ၊အရိယာမဂ်ဉာဏ်၏။
သစ္စိကာတဗ္ဗာရမ္မဏဘူတံ၊ မျက်မှောက်ပြုအပ်သောအာရုံဖြစ်၍ဖြစ်သော။
ဝါ၊ ကိလေသာဒီးပူ ရန်သူတို့ကို အကုန်ပြုအောင် ပယ်သတ်နိုင်ကြောင်း
ကောင်းမြတ်သော အာရုံဖြစ်၍ဖြစ်သော။ ယံအတ္တရူပံ၊ အကြင်အနက်
သဘောသည်၊ အတ္တိ၊ မဂ်လေးတန်တို့၏ဆွဲရာဒိရာအားဖြင့် ထင်ရှားရှိ၏။
သာအသခ်တခာတု၊ ထိုအကြောင်းပါခုမိတ်ပြုပြင်အပ်သော်လည်း ပြုပြင်
အပ်ရာမထင်သဖြင့် အသခ်တ နာမထင်ပေါ် သုံးဘုံကျော်တော် မူသော
နိဗ္ဗုတိသခင် အသျှင်ဓာတ်တော်မြတ်သည်၊ နိဗ္ဗာနံ၊ နိဗ္ဗာန် မည်၏၊ ။
ကိလေသာကို ဝိက္ခမ္ဘနသတ္တိဖြင့် ပယ်နိုင်အောင် ကျေးဇူးပြုတတ်သော
ကသိုဏ်းပညတ်ပဋိဘာဂနိမိတ်အာရုံများပင်၊ ထိုကသိုဏ်းနှင့် ပုဂ္ဂိုလ်၏
သညာအားဖြင့် ထိုပုဂ္ဂိုလ်အား ထင်ရှား ရှိတုံသေး၏၊ ထိုအာရုံထက်ပင်
လွန်ကဲစွာထောင့်ငါးရာကိလေသာတို့ကိုအကုန်အစင်အပြီးတိုင်ပယ်သတ်
နိုင်အောင်၊ထိုမဂ်လေးတန်တို့အား အာရမ္မဏူပနိဿယသတ္တိဖြင့်ကျေးဇူး
ပြုတတ်သောအသခ်တဓာတ်နိဗ္ဗာန်အာရုံဟူသည်အဘာဝသို့လျှင်အဘာဝ
တုစ္ဆ ရိတ္တဖြစ်နိုင်ပါအံ့နည်း။ကေန်စင်စစ်ဘာဝသဘ္ဘာဝမာနဟူ၍သာမှတ်လေ
လော့ဟုလိုသည်၊ ။ဝင်းပဉ္စာနသာရဒီပနီကျမ်းလည်း နေတ္တိအဋ္ဌကထာကို
မှီးသည်။ ဝင်းနေတ္တိ အဋ္ဌကထာကို မှီး၍လည်း ဝင်းကျမ်း၏ အဓိပ္ပါယ်
မြုပ်သည်ကိုပေါ်အောင် ထုတ်ပြလိုက်သတည်း။ ။နေတ္တိအဋ္ဌကထာ
ပါဠ်ကား ကျယ်လွန်းလှစွ။ ။

တသိဒ်သနို့ကြောဏ်၊အစ္စုတ်ရသ်၊အသသာသကဏောရသ်၊အနိမိတ္တပစ္စုပ္ပန်နိပ္ပဉ်ပစ္စုပ္ပန်ပ်နှင့်ဤ်နိုဂ်နသသ သသဒိယာထံဒိယအနုပဿနာဒိယသသသော ခေ နဉ္စဥ်ယေနဉသက္ကိုသသေးသုပ္ပတ္တေဟ်သဒ်နဉပဉ္စပနိပ္ပတ္တိသဝ်ဒိုနဉ္စဉ်ဂေနစေသသပဏ်၊ညာဏနပသရသံလောကုတ္တရစိတ္တံဒိယသဉ္စာနအနုပသတ္တိသသသာနုပ္ပတိနဝတ္ထုနှ၊နဟိယံဗာဟုရက္ခနာနဉ္စလာဘနို့တံနုပ္ပတ္တိဝတ္ထုနှံ၊အာဒိစနိဒ္ဒာနံနုပ္ပတ္တိနဝတ္ထုနှံ။ ကသ္မာ၊ပနိပ္ပတ္တိယာဝစ္ဆာဘာဝ်ပစ္စနသော အသတိဟိ နိဒ္ဒါနေ သမ္မာဒိဋ္ဌိပုရေစာကာယ ပိသာဒိခဋ္ဌတ္တသာသဝ်ပါဟ ဘမ္မာပနိပ္ပတ္တိယာဝစ္ဆာဘာဝ် အာပစ္စတ်။နစာသံ ဝစ္ဆာ၊နိဒ္ဒါနိပ်ပနိသော။ နပနိပ္ပတ္တိယာဝစ္ဆာဘာဝ်ပတ္တိ၊အဘာဝပါကတ္တာ ရုတ် ဝေ၊န၊အတိတာနာဂေဘာဝေ ဗ်နိဒ္ဒါနပ္ပတ္တိယာအဘာဝသော၊ ဝတ္ထုမာနာနံ အဘာဝေ်နိဒ္ဒါနနို့ဝေ။ န၊ဂတသံအဘာဝါသမ္မာသော။ အဘာဝေစ အဝတ္ထုမာနဘာဝ်ပစ္စနသော၊ ဝတ္ထုမာနကြွ နိသဒိတမဂ္ဂကြွောဏေသဝ်ဒိသေသနိဒ္ဒါနတေပုပ္ပတ္တိသာအဘာဝဒေါသသောတ်။ တဒါက်လေသနံအဝတ္ထုမာနက္ကာနဒေါသောရုတ်ဝေ။ န၊အရိယမဂ္ဂသနိရတ္ထကဘာဝ်ပစ္စနသော။ ဧဝံဟိအရိယမဂ္ဂေတာပုဂ္ဂမိက်လေသာနသန္တတိအရိယမဂ္ဂသ နိရတ္ထကဘာဝ်အာပစ္စတ်၊ တသ္မာအကာရဏာမေတံ။ ယောဒေါ်အာဒုသောရာဂကွောယာတ်အာဒိဝေနယော ခယောနိဒ္ဒါနနို့ဝေ။ န၊ အခုဟတ္တသာပ် ခယမတ္တာပစ္စနသော။ တဒ္ဒိဟိ ယောဒေါ်အာဒုသောရာဂကွောယာတ်အာဒိနာနယေနနိဒ္ဒိဋ္ဌံ၊ ကိလေသက္ခယာ နိဒ္ဒါနသသ ရုတ္တရကာလာဒိပတ္တိဒေါသသော၊ ဧဝံဟိသတိနိဒ္ဒါနံ ရုတ္တရကာလံသဝ် လက္ခဏံ သမ္မာဒ်ယာမနိရပ္ပေကွာဗိဂမနိယတာဝစ္ဆ အာပစ္စတ်။ သဝ်ဟ လက္ခဏောယဝေ သဝ်ပရိယာပန္နံ။ သဝ်ပရိယာပန္နတ္တာ ပုဂ္ဂိုဒိဟိ အဂ္ဂိဟိအာဒ်တ္တံ၊ အာဒိတ္တတ္တာဒုက္ခပ္ပတ်အာပစ္စတ်။ ယသ္မာခယာပတ္တာယ နတ်ပ္ပာပဝတ္တိနာမဟောတ်၊ တသ္မာဘဿနိဒ္ဒါနဘာဝေ နဒေါသောရုတ်ဝေန၊ တာဒိသသ ခယသ အဘာဝသော။ ဘာဝေဂိစသဒုက္ခပ္ပကာရဒေါသာနတ်ဝတ္တနသော အရိယမဂ္ဂသစ နိဒ္ဒါနဘာဝ်ပစ္စနသော။ အရိယမဂ္ဂါဟိဒေါသေဓ်ယာတ်၊ တသ္မာခယောတ် ဝုတ္တံ။ တသောစပန္နာယ နတ်ပ္ပာဒေါသနံ ပစ္စတ္တံ အနုပ္ပတ္တိနိရောဓသဝ်ပါက သပဉ္စ ခယသ ပရိယာယနဉပနိဿယသတ္တာ ယသဉပနိဿယယောဟောတိ တဒုပစာရေန ခယောတိဝုတ္တံ။ ။ဒိသုဋ္ဌိမင်။

ဤဝိသုဒ္ဓိမဂ်စကားကို အမှီပြု၍လည်း နိဗ္ဗာန်၏ အခြင်းအရာကို သိလေဦး။ ။အနက်ကား။ ။တယိဒံ-တံဣဒံနိဗ္ဗာနံ၊ထိုနိဗ္ဗာန်သည်။သန္တိလက္ခဏံ၊ ဇာတိအစရှိသောမီးတို့မှ လွန်စွာဝေးသည်ထက် ဝေးသည်ဖြစ်၍ အလွန် ဖေးမြငြိမ်းချမ်းခြင်း လက္ခဏာရှိ၏။ ဝါ၊ ငြိမ်းဖေးခြင်းသည်ပင်လျှင် ထိုနိဗ္ဗာန် တည်းဟု သိကြောင်းမှတ်ကြောင်းရှိ၏။ အစ္စုတိရသံ၊ မိမိ၏ငြိမ်းဖေးခြင်း သဘောမှ အချင်းခပ်သိမ်း မရွေ့မစွန့်ခြင်းသတ္တိနှင့်ပြည့်စုံ၏။ ။အစ္စုတိ ရသန္တိ အစ္စုတိသမ္ပတ္တိကံ။ ။မူလဋီကာ။ ။ဝါ၊တနည်းကား။အဿာသ ကရဏရသံ၊ ဘေးကိုကြောက်၍ မိမိထံတည်ရောက်လာသော ပရိနိဗ္ဗုတ ပုဂ္ဂိုလ်များအား ဘေးမှကွယ်ကာချမ်းသာရအောင် ပြုတတ်ပြုနိုင်ခြင်းကိစ္စ ရှိ၏။အနိမိတ္တပစ္စုပဋ္ဌာနံ၊ အကြောင်းတို့ပြုပြင်၍ပင်ဖြစ်သော်လည်း အလွန် သိမ်မွေ့စွာ ဖြစ်သဖြင့် အကြောင်းတရားတို့သည် ပြုပြင်၍ ဖြစ်သည်ဟု သိလောက်စရာသခ်ိတလက္ခဏာသခ်ိတနိမိတ်မထင်၊ ငြိမ်းဖေးခြင်းသဘော အားဖြင့် ဖြစ်ပေါ်လာသော်လည်း ။ယင်းဖြစ်ပုံကိုသိကြောင်းဥပါဒ်ဟူသော ဇာတနိမိတ်အရိပ်မပေါ်၊အလွန်သိမ်မွေ့သောဌီသဘောအားဖြင့်ထင်ရှားရှိ ပါသော်လည်းယင်းထင်ရှားရှိပုံကိုသိကြောင်းရှန့်ရင်းသောဌီဟူသောဘူတ နိမိတ်မရှိ၊ ဤသို့အစရှိသောအသုံးစုံသောနိမိတ်မရှိခြင်းသည်ပင်လျှင် ထို နိဗ္ဗာန်ဟုသိရကြောင်းအခြင်းအရာရှိ၏။ဝါ၊တနည်းလည်း။နိပ္ပပဥ္စပစ္စုပဋ္ဌာနံ၊ သံသရာစက်ရဟတ်အစပြတ်ခြင်းအကျိုးပစ္စုပဋ္ဌာန်ရှိ၏။ ။ဗျဂ္ဂျိုဿ။ ။ဇေဝံ၊ ဤသို့သခ်ိတနိမိတ်စသည်မရှိသည်ရှိသော်။နိဗ္ဗာနံ၊နိဗ္ဗာန်ဟူသည်။နတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားမရှိရာ။ကသ္မာ၊အဘဲ့ကြောင့်နည်းဟူမူကား။ တဿ၊ ထိုနိဗ္ဗာန်ဟူသည်၏။ သသဝိသာဏံဝိယ၊ ယုန်၏ဦးချိုဟူသော စကား ကဲ့သို့။ အနုပလဗ္ဘနီယတော၊ စကားသာထင်၍ ဝတ္ထုအထည်ဒြပ်အားဖြင့် ထင်ရှားမရအပ်သောကြောင့်တည်း။ ဣတိစေ၊ဤသို့တစုံတယောက် ဥဏ်ာ မပေါက်သူတို့ ဆိုခဲ့ငြားအံ့။န၊အသင်စောဒကဆိုတိုင်းမဟုတ်။ကသ္မာ၊အဘဲ့ ကြောင့်နည်းဟူမူကား။တဿ၊ ထိုနိဗ္ဗာန်၏။ဥပါယေန၊ နိဗ္ဗာန်ရကြောင်း အ ကျင့်ကောင်းဖြင့်။ ဥပလဗ္ဘနီယတော၊ကိုယ်တိုင်ထက်ကြပ်ကောင်းကောင်း ကြီး ရအပ်ရထိုက်သောကြောင့်တည်း။ ဟိ၊ ယင်းသည့်စကား မမှန်လား။ တံ၊ ထိုဘေးခပ်သိမ်း ကင်းငြိမ်းဖေးမြခြင်းဟူသော နိဗ္ဗာန်ကို။ တဒနုရူပ ပဋိပတ္တိယာ၊ထိုနိဗ္ဗာန်အားထိုက်တန်လောက်သော အကျင့်ကောင်းဖြင့်။ဥပ လဗ္ဘတိ၊မဂ်ဖိုလ်သခင် နိဗ္ဗာန်ဝင်သော အသျှင်ကောင်းတို့ ကောင်းကောင်း

ကြိး ရကြအပ်၏၊ ကိမိဝ၊ ဥပမာအဘယ်ကဲ့သို့နည်း ဟူမူကား။ ပရေသံ၊ သူတပါးတို့၏၊ လောကုတ္တရစိတ္တံ၊ အလွန်သိခက်သော မဂ်ဖိုလ်စိတ်ကို။ စေတောပရိယဉာဏေန၊တယောက်သောသူ၏ စေတောပရိယအဘိညာဉ်ဖြင့်။ဥပလက္ခတိဝိယ၊အာရုံပြုရာအားဖြင့်ထင်ရှားရအပ်သကဲ့သို့တည်း။ ။ စေတောပရိယ အဘိညာဉ် တည်းဟူသော နည်းကောင်းလမ်းကောင်းဖြင့် အာရုံပြုအပ် ရအပ်သော သူတပါးတို့၏ အလွန်နက်သော အလွန်သိခက်သော လောကုတ္တရာစိတ်ဟူသည် ပရမတ္ထအားဖြင့်ထင်ရှားရှိသကဲ့သို့။ဒါန သီလဘာဝနာအကြောင်း မဂ်ဖိုလ်လမ်းကောင်းတို့ဖြင့် ရှာနိုင်လှမှ အနိုင်ရသောနိဗ္ဗာန် ဟူသည်လည်း အချည်းနှီးအဘာဝမျှမဖြစ်သင့်၊ ပရမတ္ထအားဖြင့်ထင်ရှားကေန်ရှိသည်မှန်၏ဟုလိုသတတ်။ ။အရည်စစ်ဗျာျိတ္တ။ ။ တသ္မာ နအနုပလဗ္ဘနီယတော၊ ထိုသို့နိဗ္ဗာန်ဟူသည်၏ ပရမတ္ထအားဖြင့်ထင်ရှားမရစကောင်းသည် မဟုတ်သောကြောင့်။ နတ္ထိဘိ၊ နိဗ္ဗာန်ဟူသည် ယုန်၏ဦးချိုဟူသကဲ့သို့စကားသာထင်၍ အသားမဖြင်မရှိဟူသောစကားကို။ နဝတ္တဗ္ဗံ၊အသင်စောဒက အကြံရတိုင်း မဆိုသင့်။ဟိ၊ သင့်စကားကို ပယ်လှည်းသောငါ၏စကားမလွဲနိုင်။ယံ၊အကြင်တရားကို။ ဗာလပုထုဇ္ဇနာ၊ ဗာလဖြစ်သူပုထုဇ္ဇန်လူတို့သည်။ နဥပလဘန္တိ၊ မရကုန်။ တံ၊ထိုပုထုဇ္ဇန်ဗာလတို့ မရအပ်သော တရားကို။ နတ္ထိဘိ၊ပုထုဇ္ဇန်ဗာလတို့ မရကာမျှဖြင့် ယင်းသည့်တရားမရှိပါတကားဟူ၍။ နဝတ္တဗ္ဗံ၊ ဆိုသင့်ဆိုထိုက်တော့မည်မဟုတ်။ ။အပိစ၊တနည်းတပုံကား။ နိဗ္ဗာနံ၊နိဗ္ဗာန်ဟူသည်။နတ္ထိ၊စကားသာရှိ၍ အသားဝတ္ထုပရမတ္ထအားဖြင့် ထင်ရှားမရှိ။ဣတိ၊ဤသို့၊ နဝတ္တဗ္ဗံ၊ အသင်စောဒကမဆိုအပ်။ ကသ္မာ၊အဘယ့်ကြောင့်နည်း။ ပဋိပတ္တိယာ၊နိဗ္ဗာန်ရကြောင်း သူတော်တကာကျင့်ကြရသောအကျင့်ကောင်း၏။ဝဉ္ဈဘာဝါပတ္တိတော၊အမြုံ၏အသွင် အချည်းနှီးပင် ကျိုးမထင်သောအဖြစ်သို့ရောက်ခြင်းကြောင့်တည်း။ဟိ၊ငါဖြေဆိုအပ်သောအကြောင်းဟိတ်သည် တကယ်ချိတ်မိသောဟိတ်ပင်တည်း။ နိဗ္ဗာနေ၊ဘေးခပ်သိမ်းတို့၏ငြိမ်းဇေးခြင်းနိဗ္ဗာန်သဘောဟူသည်။ အသတိ၊ပရမတ္ထအားဖြင့်ထင်ရှားမရှိခဲ့သော်။ သမ္မာဒိဋ္ဌိပုရေဇာတာယ၊ သမ္မာဒိဋ္ဌိ ရှေ့၌ ဖြစ်ခြင်းရှိသော။ ဝါ၊ ရှေ့သွားဖြစ်သော သမ္မာဒိဋ္ဌိရှိသော။ သီလာဒိခန္ဓတ္တယသင်္ဂါတာယ၊သီလအစရှိသော တရားအစုသုံးပါးဟုဆိုအပ်သော။ဝါ၊သီလ သမာဓိ ပညာဟုဆိုအပ်သော။သမ္မာပဋိပတ္တိယာ၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း၏။ ဝဉ္ဈဘာဝေါ၊

အကြောင်းသာရုံ ကျိုးမကြိုသဖြင့် မြဲသောအဖြစ်သည်။ အာပဇ္ဇတိ၊ဖြစ်ခဲ့ ရာ၏၊အယံ၊ဤကိုယ်နှင့်အသက် ငဲ့ကွက်မရှိ သေရမသိကျင့်ရသော သီလ သမာဓိ ပညာ ရှေ့သွား အကျင့်များသည်။ နဝဋ္ဋ၊ အကြောင်းသာကြို ကျိုးမသုံ၍ မြဲလည်းမမြဲသင့်၊ကသ္မာ၊အဘယ့်ကြောင့်မမြဲသည်ကို သိရပါသ နည်း။နိဗ္ဗာနပါပနတော၊နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းသူတို့ နိဗ္ဗာန် သို့ရောက်ကြသောကြောင့်။ နဝဋ္ဋ၊မမြဲသည်ကိုသိရပါသတည်း။ ဣတိ၊ ဤသို့ပရိဟာရဆရာ ငါဖြေဆိုသည်ရှိသော်။ နိဗ္ဗာနံ၊နိဗ္ဗာန်ဟူသည်။ နတ္ထိ၊ ထင်ရှားမရှိ။ဣတိ၊ဤသို့၊ဝုတ္တေပိ၊ဆိုသော်လည်း။ ၊ထည့်၊ ။ပဒိပတ္တိယာ၊ အကျင့်၏။ ဝဋ္ဋဘာဝါပတ္တိ၊မြဲသောအဖြစ်သို့ရောက်ခြင်းသည်။ န၊မဖြစ် နိုင်ပါ။အဘာဝေါပကတ္တာ၊ထိုအကျင့်ဖြင့် အဘာဝဟူသောနိဗ္ဗာန်သို့ရောက် ခြင်းကြောင့်တည်း။ ဣတိစေ၊ ဤသို့ဘတန် စောဒကဘက်ပြန်ငြားအံ့။ န၊ ယင်းသို့လည်း စောဒကမဘက်သင့်၊ ကသ္မာ၊အဘယ့်ကြောင့်နည်းဟူမူကား။ အတီတာနာဂတာ ဘာဝေပိ၊ အတိတ်တရားတို့၏ လွန်ခဲ့ပြီး ချုပ်ပြီးဖြစ်၍ ထင်ရှားမရှိခြင်း အနာဂတ်တရားတို့၏မလာသေး မဖြစ်သေးသည် ဖြစ်၍ ထင်ရှားမရှိခြင်း၌လည်း။ နိဗ္ဗာနပတ္တိယာ၊ နိဗ္ဗာန်သို့ရောက်ခြင်းဟူသည်၏၊ အဘာဝတော၊မရှိခြင်းကြောင့်တည်း။ ။ဂုပ်နာမ်တရားတို့ချုပ်ပျောက်ခြင်း အဘာဝသည် နိဗ္ဗာန်အကယ်၍တည်းမည်ငြားအံ့၊အတိတ်အနာဂတ်ဖြစ်၍ ထင်ရှားမရှိခြင်းသည်လည်းနိဗ္ဗာန်ပင်မည်ခဲ့ရာ၏၊ယင်းသို့လည်းမမည်နိုင်ခဲ့ ဟူလိုသတတ်။ ။ဝတ္တမာနာနံ၊ဖြစ်ဆဲဖြစ်ကုန်သောခန္ဓာတို့၏။အဘာဝေါ၊ မရှိခြင်းချုပ်ခြင်းသည်။ နိဗ္ဗာနံ၊နိဗ္ဗာန်ပင်တည်း။ ဣတိစေ၊ဤသို့နှုတ်မဆိတ် လိုဆိုပြန်ငြားအံ့။ န၊ သင်စောဒက ကြံရာမရ ဆိုလိုရာဆိုတိုင်း မသင့်။ တေသံ၊ ထိုဝတ္တမာနခန္ဓာတို့၏။ အဘာဝါသမ္ဘဝတော၊ အဘာဝ၏မဖြစ် သင့်သောကြောင့်တည်း။ အဘာဝေစ၊ ဝတ္တမာနခန္ဓာတို့၏ အကယ်ဘာဝ အဘာဝဖြစ်ဘိသော်လည်း။အဝတ္တမာနာပဇ္ဇနတော၊ ဝတ္တမာနခန္ဓာမဟုတ် နိုင်သောအဖြစ်သို့ရောက်ခြင်းကြောင့်။ န၊ ဝတ္တမာနခန္ဓာတို့၏ အဘာဝကို နိဗ္ဗာန်ဆိုလိုသောသင့်စကား လားလားမသင့်။ စ၊ဤမျှလောက်သာ သင့် စကား၌ အပြစ်ဆိုက်သည်မဟုတ်ပါသေး။ ဇဝံ၊ ဤသို့ဖြစ်ဆဲဖြစ်သောခန္ဓာ တို့၏မရှိခြင်းကိုနိဗ္ဗာန်ဆိုလိုသည်ရှိသော်။ဝတ္တမာနက္ခန္ဓနိဿိတမဂ္ဂက္ခဏေ၊ ဖြစ်ဆဲဖြစ်သော ခန္ဓာကိုမှီသော အရဟတ္တမဂ်ခဏသည်။ အဓိဂတေပိ၊ ရောက်လာသည်ရှိသော်လည်း။သောပါဒိသေသနိဗ္ဗာနပတ္တိယာ၊ကိလေသာ

ကုန်ခြင်း ဟူသော သဥပါဒိသေသ နိဗ္ဗာန်သို့ ရောက်ခြင်း၏၊ အဘာဝ
ဒေါသတော၊ မရှိခြင်းဟူသောအဖြစ်သို့ရောက်သောကြောင့်။နှ၊ဖြစ်ဆဲခန္ဓာ
တို့၏မရှိခြင်းကိုနိဗ္ဗာန်ဆိုသောအသင်၏စကား အများစင်စစ်ဖြစ်၍ မသင့်။
ဇဝံ၊ ဤသို့ငါပရိဟာရဆရာ ဆိုသည့်ရှိသော်။ တဒါ၊ ထိုဖြစ်ဆဲဖြစ်သော
ခန္ဓာကို မှီလျက် အရပာတ္တမဂ် ပေါ်လာသော အခါ၌၊ ကိလေသာနံ၊
အလုံးစုံသော ကိလေသာ ခန္ဓာတို့၏၊ အဝတ္တမာနတ္တာ၊ ဖြစ်ဆဲ မဟုတ်
သောကြောင့်။ နဒေါသော၊ ဖြစ်ဆဲဖြစ်သော ခန္ဓာတို့၏ မရှိခြင်းကို နိဗ္ဗာန်
ဆိုသောငါ၏စောဒကစကား၌အပြစ်မဆိုက်ပါသေး။ဝါ၊အပြစ်မဆိုလောက်လှ
ပါသေး။ဣတိစေ၊ဤသို့မရှက်နိုင်လို ဆိုမိဆိုရာ သင်စောဒကဆိုပြန်ငြားအံ့။
နှ၊ယင်းစကားလည်း အများဇကန်ဖြစ်၍ မသင့်။ကသ္မာ၊ အဘယ့်ကြောင့်နည်း။
အရိယမဂ္ဂဿ၊အရိယမဂ်၏။ နိရတ္ထကဘာဝါပဇ္ဇနတော၊ အကျိုးမရှိသော
အဖြစ်သို့ရောက်ခြင်းကြောင့်တည်း။ဟိ၊ကိလေသာတို့၏ဖြစ်ဆဲမဟုတ်သော
အဘာဝကို သဥပါဒိသေသ နိဗ္ဗာန်ဆိုလိုသည့်ရှိသော် အရိယမဂ်ဖြစ်ကျိုး
မနပ်ဆိုရာရောက်သည်ဟူသောငါ၏စကားသည် များများကြီးမှန်၏။ ဇဝံ၊
ဤသို့ကိလေသာတို့၏ ဖြစ်လာဆဲမဟုတ်သောအဘာဝကို သဥပါဒိသေသ
နိဗ္ဗာန်ဆိုလိုသည့်ရှိသော်။အရိယမဂ္ဂတော၊အရိယမဂ်မှ။ ပုဗ္ဗေပိ၊ရှေးသမထ
ဝိပဿနာကုသိုလ်ဇောဖြစ်လာတုန်းအခါ၌သည်း။ ကိလေသာ၊ ကိလေသာ
တို့သည်။နသန္တိ၊ဖြစ်လာသည်မရှိကုန်။ဣတိတသ္မာ၊ ထိုသို့ကိလေသာတို့၏
ဖြစ်ဆဲမဟုတ်ဟူသော အသင်လိုအပ်သော နိဗ္ဗာန်၏ အရိယမဂ် မဖြစ်ခင်
ကပင်ဖြစ်နှင့်လေပြီးဖြစ်သောကြောင့်။အရိယမဂ္ဂဿ၊ကိလေသာကိုပယ်စရာ
ဖြစ်ပေါ်လာရသော အရိယမဂ်၏၊ နိရတ္ထကဘာဝေါ၊ ဖြစ်ပေါ်လာကျိုးမရှိ
သောအဖြစ်သည်။အာပဇ္ဇတိ၊ဖြစ်ခဲ့ရာ၏၊ တသ္မာ၊ထိုကြောင့်။ဇတံ၊ဤယုတ္တိ
ယုတ္တာမထင် ဆိုချင်မက်မော ဆိုအားသဲသော အသင် စောဒကစကား
အဆေါင်းသည်။ အကာရဏံ၊ ဆိုလောက်သောအကြောင်းမရှိ။ ဝါ၊ဆိုစရာ
အကြောင်းပင်မဟုတ်။ ဣတိ၊ဤသို့ငါပရိဟာရဆိုသည့်ရှိသော်။ ယောခေါ်
အာဝုသော ရာဂက္ခယောတိ အာဒိဝစနတော၊ ယောခေါ် အာဝုသော
ရာဂက္ခယော ဤသို့အစရှိသော ဇမ္ဗုခါဒကသုတ်ကို မိန့်ဆိုတော် မူခြင်း
ကြောင့်၊ခယော၊ရာဂစသည်တို့၏ကုန်ခြင်းချုပ်ခြင်းဘင်ခဏသည်။နိဗ္ဗာနံ၊
အသင်္ခတခတ်နိဗ္ဗာန်ပင်တည်း။ဣတိစေ၊ဤသို့မရှက်ဆေးခြေ တပုံလော၍
စောဒကဆိုပြန်လေငြားအံ့။ ဝါ၊ အကယ်၍ဆိုဦးမည်လော။ နှ၊ ဇင်းစကား

ကိုလည်းမဆိုသင့်။ကသ္မာ၊အဘယ့်ကြောင့်နည်းဟူမူကား။ အရဟတ္တဿာပိ၊ အရဟတ္တဖိုလ်အားလည်း။ဝါ၊၏လည်း။ ခယမတ္တာပဒ္ဓနတော၊ ရာဂစသည့် ကုန်ခြင်းမျှသာ ဟူသောအနက်သို့ ရောက်ရသောကြောင့်တည်း။ ဟိ၊ ရောက်ရသည် မှန်၏။ တဉ္ဇိ၊ ထိုအရဟတ္တ ဖိုလ်ကိုလည်း၊ ယောခေါ အာဝုသော ရာဂက္ခယောတိ အာဒိနာ၊ ရာဂက္ခယော ဤသို့အစရှိသော။ နယေန၊နည်းဖြင့်။ နိဒ္ဒိဋ္ဌံ၊ အသျှင်သာရိပုတြာမထေရ်သည်ပင်ညွှန်းတော်မူ အပ်၏၊ ကိဉ္စာပိယေျာ၊ ဤမျှလောက်စကားဖြင့်ပင် ထိုစောဒကကို ပယ်နိုင် လောက် သော်လည်း ဗိုးစဉ်းစကား အလွန်အားဖြင့် ဖြေကြား ဦးအံ့။ နိဗ္ဗာနဿ၊နိဗ္ဗာန်၏၊ဣတ္တရကာလာဒိပတ္တိဒေါသတော၊တိုသောကာလရှိခြင်း အစရှိသည်သို့ရောက်သော အပြစ်ဒေါသကြောင့်။ တံ၊ ထိုကိလေသာတို့ ကုန်ခြင်းခယမျှကိုနိဗ္ဗာန်ဆိုသောစောဒကဆရာစကားသည်။ န၊မသင့်။ဟိ၊ မသင့်သည်မှန်၏။ဧဝံသတိ၊ဤသို့ရာဂစသောကိလေသာတို့၏ကုန်ခြင်းမျှကို နိဗ္ဗာန်ဆိုခဲ့သည်ရှိသော်။ နိဗ္ဗာနံ၊နိဗ္ဗာန်သည်။ ဣတ္တရကာလံ၊ ရာဂစသည် တို့ကုန်ခြင်းဘင်ခဏအားဖြင့်တိုသောကာလရှိသောအဖြစ်သို့ရင်း။သင်္ခတ လက္ခဏံ၊ရာဂကုန်ခြင်းစသည်တို့၏သင်္ခတတရားဖြစ်၍ သင်္ခတလက္ခဏာ ရှိသောအဖြစ်သို့ရင်း။သမ္မာဝါယာမနိရပေက္ခာဓိဂမနီယဘာဝဉ္စ၊ကောင်းစွာ အားထုတ်ခြင်းဟူသော သမ္မာဝါယာမမဂ္ဂင်ကို မငဲ့ဘဲမရှိဘဲလျက်ပင် ယင်း နိဗ္ဗာန်ကိုရအပ်သည့်၏ အဖြစ်သို့ရင်း။ အာပဇ္ဇတိ၊ရောက်ခဲ့ရာ၏။ သင်္ခတ လက္ခဏတ္တာယေဝစ၊သင်္ခတလက္ခဏာရှိသောကြောင့်သာလျှင်လည်း။သင်္ခတ ပရိယာပန္နံ၊သင်္ခတတရားတို့၌ အကျုံးဝင်ခဲ့ရာ၏၊ သင်္ခတပရိယာပန္နတ္တာ၊ သင်္ခတတရားတို့၌ အကျုံးဝင်သောကြောင့်။ ရာဂါဒိဟိ၊ ရာဂအစရှိကုန် သော။ အဂ္ဂိဟိ၊မီးတို့ဖြင့်။အာဒိတ္တံ၊ ရဲရဲတောက်ရာ၏။ အာဒိတ္တတ္တာ၊ ရဲရဲ တောက်သောကြောင့်။ ဒုက္ခဉ္စာတိ၊ ချမ်းသာရာမထင် ဆင်းရဲရာသာပင် တည်းဟူ၍လည်း။ အာပဇ္ဇတိ၊ဆိုရာရောက်ခဲ့ရာ၏။ ဣတိ၊ ဤသို့ပရိဟာရ ဆရာ ငါဆိုသည်ရှိသော်။ ယသ္မာ၊အကြင်ကြောင့်။ ခယာ၊ ရာဂစသည် တို့၏ကုန်ခြင်းမှ၊ ပဋ္ဌာယ၊စ၍။ ဘိယျော၊အလွန်များစွာ။ ပဝတ္တိနာမ၊ ဒုက္ခ ဖြစ်ချခြင်းမည်သည်။ နဟောတိ၊ မဖြစ်။ တသ္မာ၊ ထိုကြောင့်။ တေသံ၊ ထို ကိလေသာ ကုန်ခြင်းခယ၏၊ နိဗ္ဗာနဘာဝေ၊ နိဗ္ဗာန်မည်သော အဖြစ်၌။ နဒေါသော၊ အပြစ်မရှိ။ ဣတိစေ၊ ဤသို့ဆိုပြန်ငြားအံ့။ န၊ယင်းစကားလည်း မသင့်သေး။ကသ္မာ၊အဘယ့်ကြောင့်နည်းဟူမူကား။တာဒိသဿ၊ထိုသို့ဒုက္ခကို

များများကြီးမဖြစ်နိုင်သည့်သဘောရှိသော။ခယသ။ခယဿ။အဘာဝတော၊ မရှိသောကြောင့်တည်း။ ဘာဝေပိစ၊ အကယ်၍ရှိသော်လည်း။ အဿ၊ ထိုကိလေသာ ကုန်ခြင်းဟူသော ခယ၏။ဝုတ္တပ္ပကာရဒေါသာနတိဝတ္တနတော၊ ဆိုအပ်ခဲ့ပြီးသော ဇာတ္တရကာလသင်္ဘာလက္ခဏာ စသည်အပြားရှိသော အပြစ်ဒေါသကို မလွန်နိုင်သောကြောင့်တည်း။ စ၊ သည်သာမကသေး။ အရိယမဂ္ဂဿ၊ အရိယမဂ်၏။ နိဗ္ဗာနဘာဝါပတ္တိနတော၊ နိဗ္ဗာန်မည်သော အဖြစ်သို့ရောက်ရသောကြောင့်၊ တံ၊ထိုကိလေသာတို့၏ကုန်ခြင်းခယကို နိဗ္ဗာန်ဆိုသော စောဒကစကားသည်။ နျမသင့်နိုင်။ ဟိ၊ဆိုသင့်စွ၊အရိယ မဂ္ဂေါ၊ အရိယမဂ်သည်။ ဒေါသေ၊ကိလေသာတို့ကို။ ခီဏောတိ၊ ကုန်စေ တတ်၏။ တသ္မာ၊ဆိုကြောင့်။ သော၊ထိုအရိယမဂ်ကို။ ခယောတိ၊ခယဟူ၍။ ဝုတ္တတိ၊ဆိုအပ်၏။ ။ကိလေသာတို့၏ကုန်ခြင်းဟူသောအဘာဝကိုရည်၍ စောဒကဆရာကဆိုသော်လည်း၊ ခယဟူသောသာမညစကားကို လေသ အဖွက်ရှာ၍၊ ကိလေသာကိုကုန်စေတတ်သောကြောင့် ခယမည်သည်ဟူ သော ပေါတုကတ္တုသာဓနကြံသဖြင့်စကားကပ်ဆို၍နှိပ်ပြန်သတည်း။ ။ တဒေတာစ၊ထိုကိလေသာတို့ကိုဘာဘန်မဖြစ်စေမူ၍ ကုန်စေသောအခါမှ။ဝါ၊ အရိယမဂ်ဖြစ်သောအခါမှ။ပဋ္ဌာယ၊စ၍။ဘိယျော၊အလွန်များစွာ။ဒေါသာနံ၊ ဒုက္ခဟူသောအပြစ်ဒေါသတို့၏။ ပဝတ္တိ၊ဖြစ်ခြင်းသည်။နျမရှိ။ဇာတိတသ္မာ၊ ထိုသို့စောဒကဆရာစကား၌အပြစ်များစွာရောက်သောကြောင့်။ အနုပ္ပတ္တိ နိရောဓသင်္ခါတသခယဿ၊ တဘာန်မဖြစ်သဖြင့် အလုံးစုံ ခန္ဓာငါးပါးဒုက္ခ တို့၏ ကုန်ခြင်းဟူသောခယ၏။ ပရိယာယေန၊ သုတ္တန်ပရိယာယ်အားဖြင့်။ ဥပနိဿယတ္တာ၊မှီရာဖြစ်သောကြောင့်။ ယဿ၊ အကြင်ခယ၏။ ဥပနိဿ ယော၊မှီရာသည်။ ဟောတိ၊ဖြစ်၏၊ တဒုပစာရေန၊ ထိုမှီတတ်သောခယ၏ အမည်ကိုမှီရာနိဗ္ဗာန်၌တင်စားသောအားဖြင့်။ခယောတိ၊ရာဂက္ခယစသည် ဟူ၍၊ဝုတ္တံ၊အသျှင်သာရိပုတြာမထေရ်မြတ်မိန့်တော်မူအပ်သတည်း။ ။ နိဗ္ဗာန် ရောက်လာသည့်အခါ အလုံးစုံသော ကိလေသာခန္ဓာ ဘေးဒုက္ခ မရောက်လာနိုင်သောကြောင့်။ ထိုဘေးဒုက္ခကုန်ခြင်းသည် နိဗ္ဗာန်ကိုမှီ၍ ဖြစ်သည်ဟု သုတ္တန်ပရိယာယ်အားဖြင့်ဆိုအပ်သည်ဖြစ်၍ ထိုမှီတတ်သော ခယ၏အမည်ကို မှီရာနိဗ္ဗာန်၌တင်စား၍၊ မှီရာနိဗ္ဗာန်ကို ခယဟုဆိုသည်။ ခယဟုဆိုသော်လည်း ကုန်ပျောက်သွားခြင်းအဘာဝကို မယူအပ်။ ကုန် ပျောက်ရာ အသင်္ခတဓာတ်ကိုယူရမည်ဟုလိုသတတ်၊ ။ကသ္မာ၊ အဘဲ့

ကြောင့်။ သဠုပေနေ၀၊ခယုပနီသသည်သည် နိဗ္ဗာန်မည်၏ဟု နိဗ္ဗာန်သရုပ်ကို တဲ့တဲ့ဆိုသောအားဖြင့်၊ နဝတ္တဗ္ဗံ၊ဆိုတော်မမူအပ်သနည်း။ဇာတိစေ၊ဤသို့ဆိုငြားအံ့၊ အဘိသုခမတ္တာ၊ ယင်းနိဗ္ဗာန်၏ အလွန်သိမ်မွေ့သောကြောင့်။ သဠုပေန၊အားဖြင့်။ နဝတ္တဗ္ဗံ၊မဆိုအပ်သတည်း။ ။ဤကား ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ရခဲ့သောယောဇနာနည်းတည်း။ ။

အဓိပ္ပါယ်အကျဉ်းကား၊ ။နိဗ္ဗာန်ဟူသည်ထင်ရှားမရှိ၊ရုပ်နာမ်ခန္ဓာပျောက်ချုပ်၍သွားသော လုံးလုံးကြီးအသစ်မဖြစ်လာသော အဘာဝမျှကို နိဗ္ဗာန်ဆိုသည်မဟုတ်လောဟု စောဒကဆရာကဆိုသာရာ၊ယင်းစကားကို မဆိုသင့်။ အကယ်၍ဆိုခဲ့လျှင် နိဗ္ဗာန်ရခြင်းငှါအားထုတ်ရသော ဒါနသီလစသော ကုသိုလ်တို့၏အကျိုးမရှိ၊ နိရတ္ထကဖြစ်၍သွားလေသော အဖြစ်သို့ရောက်ခြင်းကြောင့်တည်းဟု ပရိဟာယ်ဆရာက ဖြေဆိုရာ၀ယ်၊ ယင်းသို့အဘာဝအဖြစ်သို့ ရောက်ရခြင်းသည်ပင် ထိုဒါနသီလစသော ပါရမီကုသိုလ်တို့၏အကျိုးမဟုတ်ပါလော စောဒကတက်ပြန်ရာ၀ယ်၊အကယ်၍ ရုပ်နာမ်ခန္ဓာမရှိခြင်းအဘာဝသည် နိဗ္ဗာန်မည်ခဲ့ငြားအံ့။အတီတခန္ဓာ အနာဂတခန္ဓာတို့၏ ထင်ရှားမရှိခြင်းအဘာဝသည်လည်း နိဗ္ဗာန်မည်သည်ပင်ဖြစ်ခဲ့ရာ၏။ယင်းသို့ဖြစ်လျှင် ဟိုရှေးကြီးအခါကပင် သတ္တဝါဟူသမျှ နိဗ္ဗာန်ရကြသည်ချည်းဖြစ်ခဲ့ရာ၏၊ ထိုကြောင့် အဘာဝမျှကို နိဗ္ဗာန်ဆိုသည်ဟု မဆိုသင့်ကြောင်းနှင့် ပရိဟာယ်ဆရာ ဖြေဆိုရာ၀ယ်၊ ယင်းသို့ အတိတ်အနာဂတ် တရားတို့ ထင်ရှားမရှိသော အဘာဝကို နိဗ္ဗာန်မည်သည်ဟု ငါမဆိုလို၊ဖြစ်ပေါ်လာဆဲသော၀တ္တမာနတရားတို့၏ မဖြစ်လာခြင်းပျောက်၍သွားခြင်းအဘာဝကိုသာ နိဗ္ဗာန်ငါဆိုပါသည်ဟူ၍ စောဒကဆရာ ဆိုလာပြန်ရာ၀ယ်၊ယင်းသို့ဖြစ်ဆဲဖြစ်သော ခန္ဓာတို့၏ချုပ်ပျောက်၍သွားခြင်းအဘာဝကိုနိဗ္ဗာန်ဆိုလိုခဲ့ငြားအံ့၊ထိုဖြစ်ဆဲဖြစ်သောမဂ်ဝိတ္တုပ္ပါဒ်ခန္ဓာမချုပ်ပျောက်မီ။က ကိလေသာကုန်ခြင်းဟူသော သဥပါဒိသေသနိဗ္ဗာန်ဟူသည် ထင်ရှားမဖြစ်သေးဟုဆိုရာ ရောက်ခဲ့ရာ၏။ ဖြစ်လည်းဖြစ်သည်သာဖြစ်၏၊ ထိုကြောင့် ဖြစ်ဆဲ၀တ္တမာနခန္ဓာတို့၏ ချုပ်ပျောက်ခြင်း အသစ်မရောက်လာခြင်း အဘာဝကို နိဗ္ဗာန်မဆိုသင့်ဟု ပရိဟာယ်ဆရာ ဖြေဆိုပြန်ရာ၀ယ်၊ ထိုသို့ မဂ်ဝိတ္တုပ္ပါဒ်ဖြစ်ဆဲအခါ ကိလေသာတို့မရှိသဖြင့် ထိုမရှိခြင်းကိုပင် သဥပါဒိသေသနိဗ္ဗာန် ဖြစ်လာပြီး မဆိုသင့်ပါလောဟု စောဒကတက်ပြန်ရာတွင်။ ယင်းသို့ ကိလေသာတို့ ဖြစ်ဆဲဥပါဒ်ဆဲမဟုတ်သမျှကို

သဥပါဒိသေသနိဗ္ဗာန်ဆိုခဲ့ပြန်လျှင်၊ ကိလေသာတို့ကိုပယ်ခြင်း၌ မဂ်လေး ပြားပြက်လသောအောင်အားထုတ်ခြင်း အရိယာမဂ်ဖြစ်ခြင်း၏အကျိုး မရှိခဲ့ရာ၊ ထိုကြောင့် ကိလေသာတို့မပြက်ဂျု မဥပါဒိသာရုံမျှတို့ သဥပါဒိသေသနိဗ္ဗာန်၊ ပြက်ဆဲပြက်သောခန္ဓာတို့၏ချုပ်ခြင်းမရှိခြင်း အဘာဝမျှကို အနုပါဒိသေသ နိဗ္ဗာန်ဟုဆိုအံ့စရာ ဆိုနိုင်စရာ အဘယ်ဟာဘာဝ အကြောင်းမရှိ အကြောင်းမဟုတ် ဆိုချင်မက်မော မဆိုပါနှင့်ဟု ပရိဟာရဆရာက နာနာကြီး ပိတ်ဆီးနှိုင်ဆိုပြန်ရာ၏ဝယ်၊ ။ယောဂေါခါအာဂသောဂေဂဏ္ဍယော၊ပ၊ ဧရာဒံ ဝုတ္တတိနိဗ္ဗာနံ ဟု အာဂျင်သာရီပုတြာမထေရ်သည်ပင် မိန့်ဆိုတော်မူသောကြောင့်။ ကိလေသာတို့၏ အကြွင်းခဲ့ကုန်ပျောက် အသစ်မရောက်ခြင်း ဟူသောကိလေသာက္ခယသည်ပင်အသစ်တခါတ်ဟူသောနိဗ္ဗာန်မည်သည် မဆိုသင့်ပါလောဟု တပုံလော၍စောဒကတက်ပြန်သည့်အခါ။ယင်းသို့ဖြစ်လျှင်၊ယောဂေဂဏ္ဍယော၊ပ။ ဧရာဒံဝုတ္တတိအရဟတ္တံဟူ၍လည်းအာဂျင်သာရီပုတြာပင်မိန့်တော်မူသောကြောင့်၊ အရဟတ္တဖိုလ်ဟူသည်လည်း အခြားမဟုတ် ကိလေသာတို့၏ကုန်ခြင်း ခယကိုပင်ဆိုသည်ဟု ဆိုရမရောက်ခဲ့ပြီးလောဟု ပရိဟာရဆရာမိန့်ဆိုသည့်အခါ။ထိုစောဒကဆရာ ဆိုရပ်ခဲ့သီး ကျိကြည့်ကြောင်ကြည့် ဧရာဗြိမ်ရ အမူမသာ ဝန်လည်းမချဖြစ်၍နေသည့်အခါ၊ယင်းစောဒကကိုနိုင်သည်ထက်နိုင်ရအောင်၊ ကိဥ္စတိယျော တက်၍ ကြောလိုသောပရိဟာရဆရာက ယင်းသို့ကိလေသာတို့၏ ကုန်ခြင်းချုပ်ခြင်းခယဟူသောအဘာဝကိုနိဗ္ဗာန်ဆိုခဲ့လျှင်၊ ထိုကိလေသာကုန်ခြင်းခယဟူက ဘင်ခဏမျှသာဖြစ်၍ နိဗ္ဗာန်ဟူသည်မရှည်မကြာတိုသောခဏသာ ဖြစ်ခဲ့ရာ၏၊ ထိုခဏ၏လည်းသင်္ခါရမျိုးဖြစ်၍သင်္ခတနယ်ဝင်ပင်ဖြစ်ခဲ့ရာ၏၊ သင်္ခတနယ်ဝင်ဖြစ်က ဒုက္ခအိုးကြီးသာဖြစ်ရာ၏၊ ယင်းသို့နိဗ္ဗာန်ဟူသည် ဒုက္ခမရှိငြိမ်းရမည်ဖြစ်ပါလျက် ခယချုကိုနိဗ္ဗာန်ဆိုလိုသောအသင်စောဒက အလိုအားဖြင့် နိဗ္ဗာန်ဟူက ဒုက္ခအိုးကြီး မီးကြီးရဲရဲ လောင်ရဦးတော့မည် အဓိပ္ပါယ်ရောက်ခဲ့ရာ၏ဟု ပရိဟာရဆရာဆိုပြန်ရာ၏ဝယ်။ ကိလေသာ ကုန်ခြင်း ခယဖြစ်သည်နောက်ပရိနိဗ္ဗာန်ပြုတော့ခါနီးသဖြင့် ဒုက္ခများများ ကြီးခံနေစရာမရှိသောကြောင့်၊ ယင်းသို့ ကိလေသက္ခယကိုနိဗ္ဗာန်ဆိုသော်လည်း အပြစ်မရှိလှပါသေးဟု ဆိုပြန်သည့်အခါ။ ထိုသို့ဒုက္ခအိုးကြီးအပြီး ငြိမ်းစေနိုင်သောခယ၏မရှိခြင်းကြောင့်၊အကယ်၍ရှိခဲ့လျှင်လည်းဒုက္ခအိုးပင် ဖြစ်ရာသောကြောင့်၊ မဂ်သည်လည်း ကိလေသာကို ကုန်စေတတ်သည်

ဖြစ်၍ ခယမည်ထိုက်သဖြင့် မဂ်သည်ပင် နိဗ္ဗာန်မည်ခဲ့ရာသောကြောင့်၊ ယင်းသို့ကိလေသက္ခယအဘာဝကိုနိဗ္ဗာန်မဆိုသင့်။ ရှင်နာဂသေနမဖြစ်ခြင်းဟူသော အနုပ္ပါဒနိရောဓခယ၏ မှီရာအကြောင်းဖြစ်သော ပရိနိဗ္ဗုတ္တပုဂ္ဂိုလ်ခန္ဓာနှင့်စပ်လျဉ်း၍ဖြစ်ပေါ်လာသောငြိမ်းအေးခြင်းသိတိဘာဝနိဗ္ဗာယနသဘောရှိသောအသင်္ခတဓာတ်၏ခယဟူသောအမည်ကိုထိုနိဗ္ဗာန်ကြောင့်ကိလေသာတို့ကုန်ပျောက်ရသောခယ၌တင်စား၍၊ထိုကိလေသက္ခယကိုပင်ဥပစာရအားဖြင့် ခယဆိုသည် မှတ်လေဟူလိုသတည်း။ ။ဤကားရင်းဝိသုဒ္ဓိမဂ်၏ဝိတ္ထာရအဓိပ္ပါယ်တည်း။ ။

ယောခေါ အာဝုသော ရာဂက္ခယောတိ နိဗ္ဗာနံ အာဂမ္မရာဂေါ ခီယတိ၊ တသ္မာ နိဗ္ဗာနံ ရာဂက္ခယောတိ ဝုစ္စတိ။ ဒေါသမောဟေသုပိ ဧသေဝ နယော။ ယောပန ဇမ္ဗုခါဒကသုတ္တေန ကိလေသက္ခယမတ္တံ နိဗ္ဗာနန္တိ ဝဒေသျ။ သော ဝတ္တဗ္ဗော ကသ္မာ ကိလေသာနံ ခယော ကိံ အတ္တနော ဥဒါဟု ပရေသန္တိ။ အဒ္ဓါ အတ္တနော တိ ဝက္ခတိ၊ တတော ပုစ္ဆိတဗ္ဗော ဂေါတြဘုဉာဏဿ ကိံ အာရမ္မဏန္တိ။ ဓာနမာနေ၊ နိဗ္ဗာနန္တိ ဝက္ခတိ၊ ကိံ ပန ဂေါတြဘုဉာဏက္ခဏေ ကိလေသာ ခီဏာ ဥဒါဟု ခီယန္တိ ခီယိဿန္တီတိ။ ခီဏာတိ ဝါ ခီယန္တီ ဝါ နဝတ္တဗ္ဗာ ခီယိဿန္တီတိ ပန ဝတ္တဗ္ဗာ။ ကိံ ပန တေသု ကိလေသေသု အခီဏေသု ယေဝ ဂေါတြဘုဉာဏံ ကိလေသက္ခယံ အာရမ္မဏံ ကရောတီတိ။ အဒ္ဓါ ဇေံဝ ဝတ္တေ နိရုတ္တ ရောဘာဝိဿတိ။ မဂ္ဂဉာဏေနာပိ စေတံ ယော ဓေတဗ္ဗံ။ မဂ္ဂက္ခဏေပိ ဟိ ကိလေသာ နခီဏာ ခီယန္တီတိ ပန ဝုစ္စတိ။ နစ အခီဏေသု ယေဝ ကိလေသေသု ကိလေသက္ခယော အာရမ္မဏံ ဟောတိ၊ တသ္မာ သမ္ပဋိစ္ဆိတဗ္ဗမေတံ။ ယံ အာဂမ္မ ရာဂါဒယော ခီယန္တိ တံ နိဗ္ဗာနံ၊ တံ ပနေ တံ ရူပိနော ဓမ္မာတိ အာဒိသု ဒုကေသု အရူပိနော ဓမ္မာတိ သင်္ခတိ တတ္တာ န ကိလေသက္ခယမတ္တမေဝါတိ၊ ။သဋ္ဌာယတနသံယုတ်အဋ္ဌကထာ။ ။၆။ ။

တေသု ကိလေသေသု၊ ထိုကိလေသာတို့သည်။ အခီဏေသု ယေဝ၊ မကုန်မီကပင်လျှင်။ ဂေါတြဘုဉာဏံ၊ ဂေါတြဘုဉာဏ်သည်။ ကိလေသက္ခယံ၊ ကိလေသာ ကုန်ခြင်းဟုဆိုအပ်သော နိဗ္ဗာန်ကို။ အာရမ္မဏံ ကရောတိ ကိံ၊ အာရုံပြုပါသလော။ ။ကိလေသေသု၊ ကိလေသာတို့သည်။ အခီဏေသု ယေဝ၊ မကုန်မီကပင်လျှင်၊ ကိလေသက္ခယော၊ ကိလေသာကုန်ခြင်းဟူသော နိဗ္ဗာန်သည်။ အာရမ္မဏံ၊ မဂ်၏အာရုံသည်။ နစ ဟောတိ၊ ဖြစ်လည်းမဖြစ်နိုင်။ ။ရင်းအဋ္ဌကထာဂဏ္ဌိပဒအနက်။ ။အဓိပ္ပါယ် အကျဉ်းကား။

ယောခေါ အာဝုသော ရာဂက္ခယော စသော သဠာယတနသံယုတ်ပါဠိတော်၌၊ ရာဂက္ခယော၊ ရာဂကုန်ခြင်းသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏ဟူ၍ အနက်မပေးအပ်။ ။ရာဂက္ခယော၊ ရာဂ၏ကုန်ရာသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ဤသို့အနက်ပေး၍ ရာဂ၏ကုန်ခြင်း အဘာဝကို နိဗ္ဗာန်မဆိုအပ်။ ရာဂကုန်ရာကိုသာ နိဗ္ဗာန်ဟု ဆိုအပ်သတည်း။ ။အကြင်တစုံတယောက်သော ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်က ၎င်းသုတ်ကိုစွဲ၍ ရာဂက္ခယောဟူသောပုဒ်၌၊ ရာဂေါ ခီယတိဧတ္ထာတိ ရာဂက္ခယော ဟု ဝစနတ္ထမကြံ။ ရာဂဿခီယနံ ရာဂက္ခယော ဟု ဝစနတ္ထကြံ၍၊ ရာဂ၏ကုန်ခြင်းမဲ့ခြင်း အဘာဝမျှကို နိဗ္ဗာန်ဆိုသည်ဟု အကယ်၍ဆိုငြားအံ့၊ ထိုဝိတဏ္ဍဝါဒီပုဂ္ဂိုလ်ကို ဤသို့ဆိုအပ်၏။ ရာဂ၏ကုန်ခြင်းမျှကို နိဗ္ဗာန်ဆိုလိုခဲ့သော်။ အဘယ်သူ၏ရာဂကုန်ခြင်းနည်း၊ မိမိ၏ရာဂကုန်ခြင်းလော၊ သူတပါးတို့၏ရာဂကုန်ခြင်းလောဟု မေးစိစစ်အပ်၏။ ယင်းသို့မေးအပ်သည့်အခါ မိမိရာဂကုန်ခြင်းကိုဆိုသတည်းဟု စင်စစ်ဆိုလတ္တံ့။ အဘယ့်ကြောင့်နည်း။ သူတပါးရာဂကုန်ခြင်းနိဗ္ဗာန်သို့မိမိမရောက်နိုင် မသိမဆိုင်သောကြောင့်တည်း။ ထိုနောင်မှ ထိုဝိတဏ္ဍဝါဒီပုဂ္ဂိုလ်အား ဂေါတြဘူဉာဏ်သည် အဘယ်ကိုအာရုံပြုသနည်းဟုမေးလေဦး။ ယင်းသို့မေးရာသူသိပါလျှင်နိဗ္ဗာန်ကိုပင်အာရုံပြုသည်ဟုဆိုလတ္တံ့။ ယင်းသို့ဆိုသောအခါ ဂေါတြဘူဉာဏ်ဖြစ်သောအခိုက်၌ကိလေသာတို့ကုန်ပြီလော ကုန်ဆဲလော ကုန်လတ္တံ့လောဟုမေးလေဦး။ ယင်းသို့မေးသည့်အခါ ကုန်လတ္တံ့သာတည်းဟုဆိုလတ္တံ့။ ယင်းသို့သောအခါ ယင်းသို့ဂေါတြဘူဉာဏ်အခိုက်၌ကိလေသာကုန်လတ္တံ့သာ ဖြစ်၍ ယခု မကုန်သေးဖြစ်လျှင်။ ယင်းဂေါတြဘူသည် ကိလေသာမကုန်မီကပင် ကိလေသာကုန်ခြင်းဟူသော နိဗ္ဗာန်ကို အဘယ်သို့ အာရုံပြုနိုင်ပါအံ့နည်း မေးအပ်သည်ရှိသော်။ ထိုဝိတဏ္ဍဝါဒီပုဂ္ဂိုလ်သည် ဆိုရာမဲ့သီးဖြစ်လတ္တံ့။ တနည်းလည်း မဂ်ဉာဏ်ဖြစ်ခြင်းကို ထောက်သဖြင့်လည်း ယင်းဝိတဏ္ဍဝါဒီပုဂ္ဂိုလ်ကို သို့ဆိုအပ်၏။ မဂ်ဉာဏ်ဖြစ်သောခဏ၌ ကိလေသာတို့ကုန်ပြီး မဟုတ်၊ ကုန်ဆဲမျှသာတည်း။ ထို့ကြောင့်ကိလေသာမကုန်မီကပင်ကိလေသာကုန်ခြင်းဟူသောနိဗ္ဗာန်သည် မဂ်၏အာရုံမဖြစ်နိုင်။ ယင်းသို့ဖြစ်၍ အကြင်တရားသို့ အာရုံပြုသောအားဖြင့် ရောက်၍အရဟတ္တမဂ်ဖြင့်ကိလေသာကုန်၏။ ထိုကိလေသာကုန်ရာသဘောတရားကိုနိဗ္ဗာန်ဟုငါဆိုအပ်ခဲ့ပြီးသောအတိုင်းဝန်ခံအပ်၏။ ယင်းကိလေသာတို့ ကုန်ရာဟူသောနိဗ္ဗာန်သည်။ အရူပိနောခမ္မော ဟူသော မာတိကာပုဒ်

အရကောက်၌ အတွင်းဝင်သောကြောင့် အဘာဝမဟုတ် ဘာဝဧကန်
သဘာတည်း မှတ်အပ်၏ ဟုလိုသတည်း။ ။ရင်းသဒ္ဒါယဘာန သံယုတ်
အဋ္ဌကထာပါဌ်ဒွာနုရူပအဓိပ္ပါယ်၊ ။ဤသို့စောဒနာသောခနာနည်းမျိုးဖြင့်
သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ ဤထက်ပင်အကျယ်လာသေး၏။နားလေး
ကြမည့်ကြောင့်မရေးဝံ့ပြီ။ ။

နိဗ္ဗာနဿအရိယမဂ္ဂဖလာနံအာရမ္မဏတ္တာ မဂ္ဂဖလာနဉ္စကိလေသာနံ သမုစ္ဆိန္ဒနပဋိပဿဒ္ဓနတော သမုစ္ဆိန္ဒနေစတိဝိဿဇ္ဇနပရိဝဂ္ဂဿအပ္ပဝတ္တနတော အဇာတာဒိကံနိဗ္ဗာနံအတ္ထိယေဝါတိဒဋ္ဌဗ္ဗံ။ ။နေတ္တိဝိဘာဝနီ။ ။
နိဗ္ဗာန်တရား၏ အရိယမဂ်ဖိုလ်တို့၏အာရုံဖြစ်သောကြောင့်၊အရိယမဂ်ဖိုလ်တို့၏လည်း ယင်းနိဗ္ဗာန်ကိုပင်အာရုံပြု၍ ကိလေသာတို့ကိုဖြတ်ရငြိမ်းစေရသောကြောင့်၊ ယင်းသို့ဖြတ်ရာ၌လည်း ဝဋ်သုံးပါး၏မဖြစ်လာခြင်းချုပ်လေခြင်းကြောင့်၊ နိဗ္ဗာန်ဟူသည် ထင်ရှားရှိသင့်သည်သာတည်း။ ထင်ရှားမရှိလျှင် ယင်းထင်ရှားမရှိသောနိဗ္ဗာန်ကို အကြောင်းထား၍ ဆိုအပ်ခဲ့ပြီးသောအကျိုးတရားတို့မဖြစ်ပွါးနိုင်ရာသောကြောင့်တည်းဟုလိုသည်။ ။ရင်းနေတ္တိဝိဘာဝနီပါဌ်အဓိပ္ပါယ်။ ။ဤနေတ္တိဝိဘာဝနီစကားသည်လည်း ဤထက်အကျယ်လာသောနေတ္တိအဋ္ဌကထာကိုမှီ၍ဆိုအပ်သောစကားတည်း။ ။

ဇရာယအဇရိတတ္တာ အဇဇ္ဇရံ။ ထိရဋ္ဌေန ဓုဝံ။ အပလုဇ္ဇနဋ္ဌေန အပလောကိတံ။ စက္ခုဝိညာဏေနအပဿိတဗ္ဗတ္တာ အနိဒဿနံ။ တဏှာမာနဒိဋ္ဌိပပဉ္စာနံအဘာဝေန နိပ္ပပဉ္စံ၊ သန္တဘာဝေန သန္တံ။ မရဏာဘာဝေန အမတံ။ ဥတ္တမဋ္ဌေန ပဏီတံ။ သသိရိကဋ္ဌေန သိဝံ။ နိရုပဒ္ဒဝတာယ ခေမံ။ တဏှက္ခယဿပစ္စယတ္တာ တဏှက္ခယံ။ ဝိမှာပနီယဋ္ဌေန အစ္ဆရိယတဗ္ဗယုတ္တကန္တိ အစ္ဆရိယံ။ အဘူတမေဝဘူတံဇာတံဟုတွာအတ္ထိတိ အဗ္ဘုတံ။ နိဒ္ဒုက္ခတ္တာ အနီတိကံ။ နိဒ္ဒုက္ခသဘာဝတ္တာ အနီတိကဓမ္မံ။ ဝါနာဘာဝေန နိဗ္ဗာနံ၊ ဗျာပဇ္ဇာဘာဝေန အဗျာပဇ္ဇံ။ ဝိရာဂါဓိဂမဿ ပစ္စယတော ဝိရာဂေါ။ ပရမတ္ထသုဒ္ဓိတာယ သုဒ္ဓိ။ တိဟိဘဝေဟိဝိမုတ္တိတာယ ဝိမုတ္တိ။ အာလယာနံအဘာဝေန အနာလယံ၊ ပတိဋ္ဌာနဋ္ဌေန ဒီပံ။ အလ္လီယိတဗ္ဗဋ္ဌေန လေဏံ။ တာယနဋ္ဌေန တာဏံ။ ဘယသရဏဋ္ဌေန သရဏံ၊ ဘယနာသနန္တိ အတ္ထော။ ပရံအာယနံ ဂတိပတိဋ္ဌာတိ ပရာယဏံ။ ။သဒ္ဒါယတနသံယုတ်အဋ္ဌကထာ။ ။ရ။ ။

အဇဇ္ဇရံ၊ဇရာဘေးဖြင့် ဆွေးမြေ့အိုမင်း ဟောင်းနွမ်းခြင်းမရှိနိုင်သော နိဗ္ဗာန်။ ဓုဝံ၊ငြိမ်းဖေးခြင်းသဘောမှ ဘောက်ပြန်တုန်လှုပ်ခြင်းမရှိ ပကတိ

မြဲမြံခိုင်ခံ့သောနိဗ္ဗာန်။အပလောကိတံ၊မိမိသည်လည်းပျက်စီးခြင်းမရှိ မိမိသို့ ရောက်လာသူတို့၏လည်း ပျက်စီးနိုင်စရာမဟုတ်သောနိဗ္ဗာန်။ အနိဒဿနံ၊ စက္ခုဝိညာဉ်ဖြင့် မမြင်စကောင်းသောနိဗ္ဗာန်။ ။ဤကား ဤအဋ္ဌကထာ အလို၊ ။ဘနည်းကား၊ အနိဒဿနံ၊ စက္ခုဝိညာဉ်ဖြင့် မမြင်စကောင်း သော်လည်း မဂ်ဉာဏ်ဖိုလ်ဉာဏ် မျက်စိဖြင့် မမြင်စကောင်းသည် မဟုတ် သော နိဗ္ဗာန်။ ။အနိဒဿနမ္ပိအနိဒဿနံနပေါတီတိအနိဒဿနံ၊ ။ အအက္ခရာ၏ အနက်သုံးချက်ထွက်ရာ၌ တန္တနည်း။ နိဒဿနသဒ္ဒါတခု ကြံရာ၌ ဧကသေသနည်း။ ။နိပ္ပပဉ္စံ၊တဏှာ မာန ဒိဋ္ဌိ ဟူသော ပပဉ္စ တရားမရှိရာဖြစ်သော နိဗ္ဗာန်၊ သန္တံ၊ တဆဲ့တသီးမီးကြီးငြိမ်းရာ ဖြစ်သော နိဗ္ဗာန်၊ အမတံ၊ မိမိလည်းမသေနိုင် မိမိထံသို့ ရောက်လာသူတို့၏လည်း မသေနိုင်ရာဖြစ်သော နိဗ္ဗာန်၊ ပဏီတံ၊ဆိုအပ်ခဲ့ပြီးသော ဂုဏ်တို့ကြောင့် မြတ်သှစွာသောနိဗ္ဗာန်။ သိဝံ၊ကြီးမြတ်သောကြက်သရေရှိသောနိဗ္ဗာန်။ ။ သိရီအဿအတ္ထီတိသိဝံ။ ။ဝစနတ္ထ။ ။ခေမံ၊ဘေးပေါင်းကင်းစင် ရန်မျိုး ကြဉ်သောနိဗ္ဗာန်။ တဏှာက္ခယံ၊တဏှာကုန်စေတတ်သော အရဟတ္တမဂ် အား အာရမ္မဏပစ္စည်းတပ်သည်ဖြစ်၍ တဏှာကုန်စေတတ်သည် မည် သော နိဗ္ဗာန်။အစ္ဆရိယံ၊အံ့ဘွယ်သရဲ အံ့ဖွဲစလောက်သောနိဗ္ဗာန်။အဗ္ဘုတံ၊ တရံတဆစ် မဖြစ်စဘူး အထူးဖြစ်ပေါ်လာပြီးနောက် မပျောက်မပျက် အမြဲဘည်၍ နေသော နိဗ္ဗာန်။ ။ဘူတ၏ အနက် သုံးချက် ထွက်သော တန္တနည်း။ ။အနီတိကံ၊ ဆင်းရဲဘေးဒဏ် ရန်မာရ်ကင်းရာဖြစ်သော နိဗ္ဗာန်။နိဗ္ဗာနံ၊ခပ်သိမ်းသောဘေးဒုက္ခတို့၏အကြောင်း တဏှာရာဂအပေါင်း တို့၏ ကောင်းကောင်းကြီးကုန်ရာမရှိရာဖြစ်သော နိဗ္ဗာန်၊ အဗျာပဇ္ဈံ၊ တရံ တခု ဘေးရန်မှုကြောင့် ကြောင့်ကြပူပန်စရာမရှိသောနိဗ္ဗာန်။ ဝိရာဂေါ၊ ဘေးရန်တွေ့ကြောင်း ရာဂအပေါင်းတို့၏ ကင်းဝေးရာဖြစ်သော နိဗ္ဗာန်။ သုဒ္ဓိ၊မဘောက်မပြန် မှန်သောအားဖြင့် စင်ကြယ်သန့်ရှင်းသော နိဗ္ဗာန်။ ဝိမုတ္တိ၊ ဘဝသုံးပါးတို့မှ လွတ်ရာဖြစ်သောနိဗ္ဗာန်။ အနာလယံ၊ တွယ်တာ ခြင်းတဏှာတို့၏ မသိလာနိုင်ရာဖြစ်သောနိဗ္ဗာန်။ ဒီပံ၊ သဘောပျက်ပြား ရေဝယ်မျောသွား သဘောသား တို့၏ မှီခိုရာ ကျွန်းကြီးသဘွယ်ကဲ့သို့၊ သံသရာဝယ် ထောက်တည်ရာမရ မျောသွားကြသူ ဝေနေယျတို့၏ မှီခိုရာ တည်ရာဖြစ်သောနိဗ္ဗာန်။ လေဏံ၊မိုးစွတ်နေပူ ရန်သူနှိပ်စက် ထွက်ပြေး ရသူတို့၏ပုန်းအောင်းရာကျောက်ဂူလိုဏ်ကြီးကဲ့သို့၊သံသရာဒုက္ခ နှိပ်စက်

လှသူ ဝေနေလျှတို့၏ ပုန်းအောင်းခိုနေရာဖြစ်သောနိဗ္ဗာန်။ တာဏံ၊ ခန္ဓာဝန်ဒုက္ခတို့ဖြင့် နှိပ်စက်ကုန်သူတို့ကို မနှိပ်စက်ရအောင် စောင့်ရှောက်ကာယ်ဆယ် ကိုးကွယ်ရာဖြစ်ပေတတ်သောနိဗ္ဗာန်။ သရဏံ၊ ဘေးဒုက္ခဟူသမျှတို့ကို မှုမှုကြေအောင် ဖျက်ဆီးပေတတ်သောနိဗ္ဗာန်။ ဝါ၊ သရဏံ၊ ဇာတိဇရာစသောဘေးတို့ကို ဖျက်ဆီးတတ်သည်ဖြစ်၍၊ သရဏံ၊ နိဗ္ဗုတပုဂ္ဂိုလ်တို့၏ ကိုးကွယ်ရာဖြစ်သောနိဗ္ဗာန်။ပရာယဏံ၊သံသရာဧရးတကယ်ဘေးမှပြေးသွားခိုနေရာ လွန်စွာမှန်လှပေသောနိဗ္ဗာန်။ ။အဋ္ဌကထာသံဝဏ္ဏနာနူရူပ-သဒ္ဒါယတန သံယုတ်ပါဠိတော်အနက်။ ။ဤပါဠိတော်အဋ္ဌကထာတို့ဖြင့်လည်း ယင်းနိဗ္ဗာနဓာတ်၏ ပရမတ္ထအားဖြင့်ထင်ရှား ရှိသည်၏အဖြစ်ကို အဝုတ္တသိဒ္ဓိနည်း, ပညတ္တိဟာရသံဝဏ္ဏနာ နေတ္တိနည်းတို့ဖြင့်ပြအပ်သည်သာဖြစ်၏။ ပရမတ္ထအားဖြင့် ထင်ရှားမရှိလျှင် ယင်းသို့သောအဇ္ဈာရုံစသောပါဌ်တို့၏ ဆိုအပ်ခဲ့ပြီးသောအနက်တို့ထင်ရှားမရှိရာရောက်သည်ဖြစ်၍သမ္မပ္ပလာပစကားမျှသာ ဖြစ်ခဲ့ရာသောကြောင့်တည်း။ ။

အနိမိတ္တန္တိ သဗ္ဗနိမိတ္တရဟိတံနိဗ္ဗာနံ။ ။ကထာဝတ္ထုအဋ္ဌကထာ။ ။ဈာ။ ။သင်္ခတနိမိတ္တာဘာဝတောခန္ဓာအနိမိတ္တာ။သင်္ခါရနိမိတ္တာဘာဝတောနိဗ္ဗာနံ၊ ။ဋီကာ၊ ကထာဝတ္ထုအဋ္ဌကထာ။ ။ဆ၊ ။သင်္ခတနိမိတ္တာဘာဝတော၊ မိန်းမယောကျ်ား ပုဂ္ဂိုလ်သတ္တဝါဟုဆိုစရာအကြောင်းနိမိတ်အရိပ်အမြွက်မရှိသောကြောင့်။ခန္ဓာ၊ခန္ဓာငါးပါးတို့သည်။အနိမိတ္တာ၊အနိမိတ္တမည်ကုန်၏။သင်္ခါရနိမိတ္တာဘာဝတော၊ ဒါနသီလဝိပဿနာမဂ်ဖိုလ်ဟူသော သင်္ခါရအကြောင်းရင်းကြောင့်ဖြစ်သော်လည်း၊ထိုဖြစ်ခြင်းပျက်ခြင်းနှင့်မကင်းသောသင်္ခါရနယ်ဝင်ဟုဆိုစရာ ဘယ်ဟာဘာရ အရိပ်နိမိတ် မရှိသောကြောင့်။ နိဗ္ဗာနံ၊နိဗ္ဗာန်သည်။အနိမိတ္တံ၊အနိမိတ္တမည်၏။ ။နောက်ပါဠိတ္တ။ ။ပထဝီအတ္ထိ ပထဝီ ပထဝီတော သမာပန္နဿသ ဝိပရိတော အတ္ထိတိ အာမန္တာ။ နိဗ္ဗာနံ အတ္ထိ နိဗ္ဗာနံ နိဗ္ဗာနတော သမာပန္နဿသ ဝိပရိတံ ဟောတီတိ နဟေဝံဝတ္တဗ္ဗေ။ ။ကထာဝတ္ထုပါဠိတော်။ ။ပထဝီကသိုဏ်းပညတ်ပဋိဘာဂနိမိတ်ကိုထင်ရှားရှိသည်ဆိုအင်လျက်၊ထိုပထဝီကသိုဏ်းပညတ်ကို ပထဝီပထဝီဟု အာရုံပြုသဖြင့် ဈာန်ဝင်စားသောသူအား ဘောက်လဲဘောက်ပြန် ဖြစ်သည် ဆိုအပ်သည်မဟုတ်လောဟု ပရဝါဒီပုဂ္ဂိုလ်ကမေးသည့်အခါ။ ပထဝီကသိုဏ်းဟူသည် ထိုပုဂ္ဂိုလ်၏သညာအားဖြင့်သာထင်ရှားရှိ၍၊ အလုံးစုံသူတို့အားထင်ရှားရှိသည်မဟုတ်နိုင်ရကား အာမန္တာ

ဟုသကာဝါဒီပုဂ္ဂိုလ်က ဝန်ခံခြင်းကိုစွဲ၍ထောက်၍။ ယင်းနည်းအတူ နိဗ္ဗာန် ဟူသည့် ထင်ရှားရှိသည်ပင်ဖြစ်သော်လည်း၊ ထိုနိဗ္ဗာန်ကို နိဗ္ဗာန်ဟုအခရုံ ပြုသဖြင့် ဖိုလ်ကိုဝင်စားသောသူအား၊ ဘောက်လဲဘောက်ပြန် ဖြစ်သည် မဆိုရလောဟုပရဝါဒီပုဂ္ဂိုလ်က မေးမြန်းပြန်၍ ဆတ်သည့်အခါ။ ဤသို့မှုကား မဆိုသင့်ဟု သကာဝါဒီပုဂ္ဂိုလ်ပယ်ဖြေတော်မူသတည်း။ ။ရင်းကထာဝတ္ထု ပါဠိဖြင့်လည်း နိဗ္ဗာန်ထင်ရှား ရှိသည်ဟူရာဝယ် ပထဝီကသိုဏ်း ပညတ် ထင်ရှားရှိသည့်အရာကဲ့သို့ သာမန်တစိတ်အားဖြင့်ရှိသည်မဟုတ်၊ အလုံးစုံ အားဖြင့် ထင်ရှားဧကန်ရှိသည်ဟူလို။ တနည်း။ ပထဝီကသိုဏ်းပညတ် ထင်ရှားရှိသည်ဆိုသည်မှာ၊ ထိုပုဂ္ဂိုလ်၏သညာ၏အလျောက်သာ ထင်ရှား ရှိသည်၊ တကာယ်အလုံးစုံ မဘောက်မပြန် ထင်ရှားရှိသည်မဟုတ်၊ နိဗ္ဗာန် ထင်ရှားရှိသည် ဟူရာ၌ကား၊ ယင်းသို့မဟုတ်ပါ ဟူလိုသတတ်။ ထင်ရှား ရှိသော်အဘယ်၌ရှိပါသနည်းမေးရန်။ ။ရုခနိမိတ္တံ န္တိ ရုခပဋိဗိမ္ဗံ၊ တံဟိ ပရိသုဒ္ဓံ အာဒါသမဏ္ဍလံ ပဋိစ္စပညာယတိ။ ကိံ ပနတံသြလောကယတော သကရုခံပညာယတိ၊ ဥဒါဟုပရရုခန္တိ။ ယဒိသကရုခံဘဝေယျ၊ ပရံရုခါ ဟုတွာပညာယေယျ။ အထပရသာဘဝေယျ၊ ဝဏ္ဏာဒီဟိ အသဒိသံဟုတွာ ပညာယေယျ။ တသ္မာနတံအတ္တနောနပရဿ။ အာဒါသမ္ပန နိဿာယ နိဘာသ ရူပံနာမပညာယတီတိဝဒန္တိ။ အထယံဥဒကေပညာယတိ၊ တံကေနကာရ ဏေနာတိ။ မဟာဘူတာနံပိသုဒ္ဓတာယ။ ။ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ။ ။ ဗြ ။ ဂ။ ။ကြေးမုံမှန်ထဲ၌ထင်သောမျက်နှာရိပ်သည် ထိုကြည့်သောသူ၏ အရိပ်လော၊ သူတပါး၏အရိပ်လော၊ အကယ်၍ကြည့်သောသူ၏အရိပ်ဖြစ်အံ့။ ထိုကြည့်သောသူထံသို့ မျက်နှာလှည့်၍မနေရာ။ သူတယောက်လာ၍ရှေ့က နေသောအရိပ်ဆိုရမည်လည်း ထိုကြည့်သောသူနှင့် အဆင်းသဏ္ဌာန်မတူ သည်ဖြစ်ရာ၏။ ထိုကြောင့် ထိုအရိပ်သည် ကြည့်သောသူ၏ အရိပ်လည်း မဟုတ်၊ တပါးသူ၏အရိပ်လည်းမဟုတ်။ ကြေးမုံမှန်ကိုမှီ၍ထင်သောအရိပ် အရောင်မျှသာတည်း။ ဤသို့ဆရာကြီးတို့ ဆိုကြကုန်သည်ဟု အဋ္ဌကထာ ဆရာ ဆိုတော် မူသည့်အချက်တွင်။ အကြံ အလွန်မခက်ကြ ပါလော။ ထိုကြည့်သောသူ လက်လှုပ်ခြေလှုပ်တိုင်း ထိုအရိပ်လည်း လှုပ်ရှားလျက် ရှိသောကြောင့် ထိုသူ၏ အရိပ်ပင်တည်းဟု ဆိုစရာပင် ရှိသည်။ ။ ထိုကြည့်သော သူ၏ထံ မျက်နှာ လှည့်၍ နေသည် ကိုသာ ဘယ်တွက် ဘယ်ခြင်းရာဖြင့် ဖြစ်ပါလိမ့်မည်နည်းဟူ၍သာ ကြံစည်ဘွယ် ရှိသည်။

ထိုကြေးမုံမှန်၏ သတ္တိသဘောဓမ္မတာ မျိုးသာတည်း။ ကြံစည်ရသော် မတော်လိမ့်လော တော်လိမ့်လော ဤသို့အကြံအစည်အလွန်ခက်ခဲနက်နဲ၍ နေခဲ့သည်။ ထိုအရိပ်သည်လည်း ထင်ရှားရှိသည်ပင်ဖြစ်သည်။ အဘယ်၌ မရှိလျှင် စက္ခုဝိညာဉ်ဖြင့်မမြင်နိုင်။ ယင်းသို့ရှိသော်လည်း ထိုအရိပ်သည် ထိုကြေးမုံမှန်တွင်း၌ အဘယ်အရင်ကိုမှီ၍ အဘယ်တွင်ကပ်၍ အဘယ်ပုံ နေသနည်းဟူ၍မကြံနိုင်ရာ။ ယင်းသို့ မကြံနိုင်သော်လည်း ထိုအရိပ်သည် ထင်ရှားမရှိဟူ၍မဆိုနိုင် မဆိုထိုက်သကဲ့သို့၊ နိဗ္ဗာန်ဟူသည်ထင်ရှားရှိသည် ဆိုရာဝယ် အဘယ်တွင်ရှိသနည်းဟု ကြံစည်အပ်၏။ ယင်းသို့ကြံစည်သော် ပရိနိဗ္ဗုတ ပုဂ္ဂိုလ်၌ ငြိမ်းအေးခြင်း သဘောဖြစ်၍ ထင်ရှားရှိသည် ဆိုရန် ရှိသော်လည်း၊ ဘယ်ပုံဘယ်ခြင်းရာဖြင့်ဖြစ်၍ ထင်ရှားရှိနေသည်ဟု မဆို နိုင်အောင် လွန်စွာနက်နဲခက်ခဲ၍နေသည်။ ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်ကိုလွှတ်၍ အလွတ်သက်သက်၌လည်း ထိုနိဗ္ဗာန်ဟူသည် မရှိသည်ကိုရည်၍သည်း။ အညောခန္ဓာ အညံ့နိဗ္ဗာနံ အညောပုဂ္ဂလောတိ နဟေဝံဝတ္တဗ္ဗေ ဟု အောက် ၌ ညွှန်းပြအပ်ခဲ့သော ကထာဝတ္ထုပါဠိတော်ကို ဟောတော်မူပြီးသည် အတိုင်း။ နိဗ္ဗာနဉ္စ ခန္ဓပဋိဗဒ္ဓမေဝ ခန္ဓေဟိ ဝိသယိဘာဝတ္တာတိ ဝဒန္တိ ဟူ သောဝိသုဒ္ဓိမဂ်ဋီကာအာစရိယဝါဒနှင့်လည်းအညီ၊ နိဗ္ဗာန်ဟူသည် ပရိနိဗ္ဗာန် ပြု၍ သွားတော်မူကြကုန်သော ရဟန္တာအသျှင်တို့၌ပင် ထိုပရိနိဗ္ဗုတ ရဟန္တာအသျှင်တို့၏တည်ရာဖြစ်၍ ထင်ရှားရှိသည်ဆိုမှ သင့်နိုင်ရာသည်။ ထင်ရှားရှိသည်ဟူ၍လည်းဆိုခဲ့၊ အဘယ်၌ရှိသည်ဟူ၍လည်း နေရာမချ မပြနိုင်ခဲ့လျှင်။ ပရဝါဒီဆိုရာဆိုတိုင်း နိဗ္ဗာန်ဟူက အဘာဝသာဖြစ်မြဲဖြစ်ခဲ့ ရာသောကြောင့်တည်း။ ။ယင်းပရိနိဗ္ဗုတရဟန္တာတို့ဟူသည် အဘယ် နည်း။ ပရိနိဗ္ဗာန်ပြုကတည်းကပင် ထိုပုဂ္ဂိုလ်တို့ပြတ်၍သွားခဲ့ပြီ မဟုတ် ပါလောဟူငြားအံ့၊ န၊ ပြတ်၍မသွားဟူ၍ဆို။ အကယ်၍ပြတ်သွားသည်ဆိုခဲ့ လျှင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ကြောင်းနှင့် ကထာဝတ္ထု၊ နိဒ္ဒေသ မဓ္ဈိမပဏ္ဏာသ ပါဠိတော်အဋ္ဌကထာ စသည်တို့၌ ဆိုအပ်သောကြောင့်ရင်းတည်း။ ။ ၎င်းအကြောင်းကို နောက် ပရိနိဗ္ဗုတကထာသို့ ရောက်မှ ထုတ်ဆောင်၍ အကျယ်ဆိုလတ္တံ့။ ။

ရူပဓမ္မာနံပန ရူပဓမ္မေဟိ နိဗ္ဗာနေနဝါ နိဗ္ဗာနဿစ ရူပေန သဒ္ဓိံ သမ္ပ ယောဂေါနာမနတ္ထီတိ ဇေကုပ္ပါဒါဒိသဘာဂတာယ အဘာဝတော။ တေသံ သမ္ပယောဂံ နိဝါရေန္တေန သာဇေဝဇေကုပ္ပါဒါဒိတာဇေတသံသဘာဂတာတိ

တဒဘာဝတော ဝိပ္ပယောဂေါတိနိဝါရိတော။ ။ခါတုကထာအဋ္ဌကထာဘွင့်
မူလဋီကာ။ ။ရုပ်တရားတို့၏ ရုပ်တရားတို့နှင့်လည်းကောင်း၊ ရုပ်တရား
တို့၏ နိဗ္ဗာန်နှင့်လည်းကောင်း၊ နိဗ္ဗာန်၏လည်း ရုပ်တရားနှင့်လည်းကောင်း
သမ္ပယုတ်မဖြစ်ဟူရာ၌ ဧကုပ္ပါဒအစရှိသော လက္ခဏာလေးပါး ဟူသော
သမ္ပယောဂအင်္ဂါတို့၏မရှိခြင်းကြောင့် ရုပ်နှင့်ရုပ်ချင်းသမ္ပယုတ်မဖြစ်။ ရုပ်
နှင့် နိဗ္ဗာန်လည်း သမ္ပယုတ်မဖြစ်ဟူ၍ အဓိပ္ပါယ်လာသည်။ ဤအရာ၀ယ်
အဘာယ်ရုပ်နှင့်အဘာယ်နိဗ္ဗာန်ကိုရည်၍သမ္ပယုတ်မဖြစ်သည့်ကိုဆိုသနည်း။
နိဗ္ဗာန်မရသူတို့၏ခန္ဓာတို့နှင့် နိဗ္ဗာန်၏သမ္ပယုတ်ဝိပ္ပယုတ်ဖြစ်မဖြစ်၌ လုံးလုံး
လျှဉ်းပါးဘွယ်မရှိ။ နိဗ္ဗာန်ရသူတို့၏ရုပ်ခန္ဓာနှင့် နိဗ္ဗာန်၏သာလျှင် အတူ
တကွဖြစ်သကဲ့သို့ရှိသောကြောင့် လျှဉ်းပါးဘွယ်ရှိသတည်း။ ထိုကြောင့်
ရူပဓမ္မာနံ ဟု သာမညဆိုသော်လည်း ပရိနိဗ္ဗာန်ပြုသည့်အခါ ထိုပရိနိဗ္ဗုတ္တ
ပုဂ္ဂိုလ် ရုပ်တရားတို့နှင့်သာ ထိုပုဂ္ဂိုလ်အား ဘေးခပ်သိမ်းတို့မှ ကင်းငြိမ်း
အောင် ရှက်ဆောင်စောင့်ရှောက်သောအားဖြင့် ဖြစ်ပေါ်လာသော ငြိမ်းဇေး
ခြင်း သိတိဘာဝဟု ဆိုအပ်သောနိဗ္ဗာန်တရားသည် သမ္ပယုတ်လော ဝိပ္ပ
ယုတ်လောဟု ဝေနေယျတို့ ဗိုးစဉ်းလျှဉ်းပါးဘွယ်ရှိရကား၊ ထိုပရိနိဗ္ဗုတ္တ
ပုဂ္ဂိုလ်ရုပ်တရားတို့ကိုသာ ရည်၍ ဆိုသည်ဟု သိအပ်၏။ ။အညံ့ရူပံ
အညံ့နိဗ္ဗာနန္တိ နဟောဝံ ဝတ္တဗ္ဗေ။ ။ကထာဝတ္ထုပါဠိတော်။ ။ဤ၌
ရုပ်တခြား နိဗ္ဗာန်တခြားလောဟု ပရဝါဒီဆရာကမေးသောခါ။ ဤသို့မဆို
သင့်ဟု ပယ်ဖြေတော်မူသော သကဝါဒီဆရာ၏ စကားတော်သည်လည်း။
ဤပရိနိဗ္ဗုတ္တရဟန္တာပုဂ္ဂိုလ်၏ရုပ်နှင့် ထိုရုပ်ခန္ဓာကို အရာကဲ့သို့ပြု၍ဖြစ်ပေါ်
လာသောအသခ်တခါတ်နိဗ္ဗာန်ကိုပင်ရည်၍ဟောတော်မူအပ်သည့်စကား
သာတည်း။ နိဗ္ဗာန်ကိုမမြင်ရ နိဗ္ဗာန်သို့မရောက်ရသေးသော အန္ဓဗာလ
ပုထုဇန်တို့၏ ရုပ်ခန္ဓာနှင့် နိဗ္ဗာန် မဆိမဆိုင်လှ၍ လျှဉ်းပါးဘွယ်အနည်းငယ်
မျှ မရှိသင့်သောကြောင့်တည်း။ ။ဤကထာဝတ္ထုပါဠိတော်၌ ရုပ်တခြား
နိဗ္ဗာန်တခြား မဆိုရဟူရာ၀ယ်၊ ရုပ်သည်ပင်နိဗ္ဗာန် နိဗ္ဗာန်သည်ပင်ရုပ် ဆို
လိုသည်မဟုတ်၊ ရုပ်နှင့်တစပ်တည်းကဲ့သို့ စပ်နေသည့် ရုပ်ကို ထွတ်၍
အလွတ်သက်သက်ဖြစ်လာသည်မဟုတ်ဟုလိုသတည်း။ ။ဝေါသဂ္ဂပရိ
ဏာမိဘန္တိ ဧတ္ထ ဒွေဝေါသဂ္ဂါ ပရိစာဂဝေါသဂ္ဂေါ ပက္ခန္ဒနဝေါသဂ္ဂေါစ။ တတ္ထ
ဝိပဿနာ တဒင်္ဂဝသေနကိလေသေစေဝ ခန္ဓေစပရိစ္စဇတိတိ ပရိစာဂဝေါ
သဂ္ဂေါ။ မဂ္ဂေါအာရမ္မဏဝသေနနိဗ္ဗာနံပက္ခန္ဒတိတိပက္ခန္ဒနဝေါသဂ္ဂေါ။ ။

သုတ်ပါထေယျအဋ္ဌကထာ။ ။ဆံ။ ။ဤဒွိမဂ်သည်အာရုံပြုသောအားဖြင့် နိဗ္ဗာန်သို့ စီးဝင်တတ်သောကြောင့် ပက္ခန္ဒနဝေါသဂ္ဂမည်၏။ ဤသို့ဆိုအပ်သည်ကိုထောက်၍လည်း မဂ်ဖိုလ်ကိုရကာမတ္တဖြင့် အသင်္ခတဓာတ်နိဗ္ဗာန်ကို ရပြီဟူ၍မမှတ်အပ်။အာရုံပြုနိုင်ကာမတ္တသာမှတ်အပ်၏။ ။ဈာဒမက္ခာတံ သက္ကာယဿ နိဿရဏန္တိ ရုဒ်အရဟတ္တမဂ္ဂေနစဖလေနစ နိဗ္ဗာနံဒိသွာ ဌိတဿဘိက္ခုနော ပုနသက္ကာယောနတ္ထိတိဉပ္ပန္နံ အရဟတ္တဖလသမာပတ္တိစိတ္တံသက္ကာယဿနိဿရဏန္တိအက္ခာတံ။ ။သုတ်ပါထေယျအဋ္ဌကထာ။ ။ဆော၊ ။ဤပါဠ်ဖြင့်လည်းအရဟတ္တမဂ်အရဟတ္တဖိုလ်သို့ရောက်သော်လည်း အသင်္ခတဓာတ်နိဗ္ဗာန်သို့မရောက်သေး။ထိုအရဟတ္တမဂ်အရဟတ္တဖိုလ်ဖြင့် နိဗ္ဗာန်ကိုမြင်ရုံမတ္တသာရှိသေးသည်ဟုသိရန်။ ။ဤပါဠ်ကိုထောက်သဖြင့် သောတာပန်သကဒါဂါမ်အနာဂါမ်တို့သော်လည်းငါဟူသောမာနသက္ကာယကို အနုံ့အသက်နှင့်တကွ လုံးလုံးကြီးမပယ်နိုင်သေး။ ရဟန္တာပုဂ္ဂိုလ် ဖြစ်မှသာ ပယ်နိုင်သည်ဟု သိရန်။ ။အသ္မိတိ အသ္မိမာနော။ အယမဟာသ္မိတိ ပဝတ္တသုခနွေသု အယံနာမအဟံအသ္မိတိ။ ဝတ္တာဝတာအရဟတ္တံ ဗျာကတံ ဟောတိ။ပ၊အသ္မိမာနသမုဂ္ဃါတောတိအရဟတ္တမဂ္ဂေါ။ အရဟတ္တမဂ္ဂဖလဝသေနဟိနိဗ္ဗာနေဒိဋ္ဌေပုနအသ္မိမာနောနတ္ထိတိ အရဟတ္တမဂ္ဂေါ အသ္မိမာနသမုဂ္ဃါတောတိဝုတ္တော။ ။သုတ်ပါထေယျအဋ္ဌကထာ။ ။ဆား။ ။ ၎င်းပါဠ်ဖြင့်လည်းရှေ့နည်းတူအရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ရောက်ခါမျှဖြင့်နိဗ္ဗာန်ကို မြင်ရုံမျှသာရှိသေးသည်ဟုသိရန်။ ။၎င်းပါဠ်ကိုထောက်၍လည်း ရဟန္တာဖြစ်မှသာ ငါ,ငါ၏ဥစ္စာ, ဟူသော မာနသက္ကာယသဘောလုံးလုံးကြီးပျောက်နိုင်သည်ဟုသိရန်၊ ။

ယင်းနိဗ္ဗာန်ကိုမြင်သည်ဟူရာ၌ အဘယ်ကိုမြင်သနည်း။ဖြစ်ပြီးရှိပြီးသောနိဗ္ဗာန်ကိုမြင်သလော။မဖြစ်သေးမရှိသေးသည့်နိဗ္ဗာန်ကိုမြင်သလော။ရှိပြီးကိုမြင်သည်ဆိုသော်။ ။သမ္ပရာယိကာတိသမ္ပရာယေခန္ဓဘေဒတောပရဘာဂေ ဘဝါ၊ဟူသော၎င်းဋီကာဝတ်အဋ္ဌကထာ။ ။သာဝကောခါသဉပါဒိသေသော အနုပါဒိသေသံနိဗ္ဗာနဓာတုံ အနုပါ့ပုဏာတိ ဿတိတိနေတံဌာနံဝိဇ္ဇတိဟူသော နေဣတ္တိပါဠ်တော်။ ။ကာယဿဘေဒါဓမ္မဋ္ဌော၊သဉ္စ နောပေတိဝေဒဂူ။ ။ သဋ္ဌာယဘနသံယုတ်ပါဠ်တော်စသည်တို့၌ ခန္ဓာပျက်သည်အခါမှ နိဗ္ဗာန်ဖြစ်ပေါ်လာသည်ဆိုသောကြောင့်၊ခန္ဓာမပျက်မီယင်းနိဗ္ဗာန်မရှိသေးရကား ရှိပြီးသောနိဗ္ဗာန်ကိုမြင်သည်ဆိုရမည်လည်းအခက်၊မရှိသေးသည့်နိဗ္ဗာန်ကို

ဖြစ်သည် ဆိုရမည်လည်း တခက် မဟုတ်ပါလော ဟူငြားအံ့။ မခက်။ အဘဲ့ကြောင့်နည်းဟူမူကား။ အရဟတ္တဖိုလ်ကို ရသည့်အခါ အကယ်၍ အရဟတ္တဖိုလ်ကိုမရလျှင် နောင်ဘဝသစ် ဖြစ်ပေါ်လာလတ္တံ့သော မိမိ ခန္ဓာငါးပါးတို့၏ တဘာန်မဖြစ်လာသဖြင့်၊ ချုပ်ကြီးချုပ်၍ ငြိမ်းဇေးတော့မည် သဘောကို ထင်မြင်လိုက်သည်ကိုပင် နိဗ္ဗာန်ကို အာရုံပြုသည် ဆိုအပ် သောကြောင့်တည်း။ထိုကြောင့်မူလော။အရဟတ္တဖိုလ်ကိုရပြီးသည့်နောက်။ ခိဏာမေဇာတိ၊ဂုသိတံဗြဟ္မစရိယံ၊ နာပရံဣတ္ထတ္တာယာတိပဇာနာတိဟူ၍ ထိုထိုပါဠိတော်များစွာတို့၌လာသတည်း။ ။၎င်းပါဠိဖြင့်နိဗ္ဗာန်ကိုအာရုံပြု၍ ဆင်ခြင်ရာ ပစ္စဝေက္ခဏာဉာဏ်အရာကိုပြသည်ဟုအဋ္ဌကထာကျမ်းလာ သည်နှင့်အညီ။ပစ္စဝေက္ခဏာဉာဏ်ဖြင့်နိဗ္ဗာန်ကိုအာရုံပြုသည်အခြင်းအရာ ကိုသာယူရမည်မဟုတ်ပါလောဟူငြားအံ့။ မနောဒွါရဝဇ္ဇန်းဖြင့် သာမည ပြုအပ်သောအာရုံကို ဇောခနစ်ချက်ဖြင့် အသေအချာ အာရုံပြုရာဝယ်၊ ဇော၏ အာရုံအရာဟူသမျှကို မနောဒွါရဝဇ္ဇန်း အာရုံ ပြုနိုင်သည်မည် သကဲ့သို့၊ မနောဒွါရဝဇ္ဇန်း အရာကဲ့သို့ဖြစ်သော မဂ်ဖိုလ်ဖြင့် နိဗ္ဗာန်၏ သဘောသာမညကို အာရုံပြုလိုက်ပြီးသည်နောက် ပစ္စဝေက္ခဏာဝီထိဖြင့် ခိဏာမေဇာတိ စသည်အခြင်းအရာအားဖြင့် အသေအချာအာရုံပြုပုံကို ပြသောစကားတော်တည်းဟူ၍မှတ်။ အနာဂတံသ အဘိညာဉ်စိတ်ဖြင့် အနာဂတ်အာရုံကိုသာမညထင်လိုက်ပြီးသည်နောက်ပစ္စဝေက္ခဏာဉာဏ် ဒေသနာဉာဏ်တို့ဖြင့် ထိုအာရုံအခြင်းအရာကိုတဘာန်ထပ်မံ၍အသေအချာ ဆင်ခြင်ပြန်သကဲ့သို့ရင်း။ ။စစ်သည်တဘက်ရန်အမျက်ကိုတိုက်မြို့သော ဥပရာဇာမင်းလောင်းသည် စစ်သည်တဘက်ကို လှလှကြီးအောင်ပြီးသည် အဆုံး၌ ငါသည် ယခုအခါထီးဖြူရိပ်ငြိမ်နန်းစည်းစိမ်ကို စံစားရပေတော့ မည်ဟု မိမိစံစားပုံနှင့်တကွ လက်ဝါးကြီးအုပ် သာမည ရှေးဦးတကြိမ် နန်းစည်းစိမ်ကိုအာရုံပြုလိုက်သကဲ့သို့၊အနုပါဒိသေသာသမ္ပရာယိကာ။ ။ ဣတိဝုတ် ပါဠိတော်။ ။သမ္ပရာယိကာတိ သမ္ပရာယေ ခန္ဓဘေဒတော ပရဘာဂဘဝါ။ ။၎င်းဣတိဝုတ်အဋ္ဌကထာ။ ။နိဗ္ဗာနသသအနုပ္ပါဒယောဝ ပဂ္ဂလသနိရောဓောဟူသော ဝိသုဒ္ဓိမဂ်မဟာဋီကာတို့လာတိုင်း ပရိနိဗ္ဗာန် ပြု၍ခန္ဓာပျက်ခါမှပေါ်လာဖြစ်လာလတ္တံ့သော မိမိအစဉ်သန္တာန်၌ လွန်စွာ ငြိမ်းဇေးလတ္တံ့သော နိဗ္ဗာန်သဘောကို မဂ်ဖိုလ်တို့ဖြင့် သာမညသိလိုက် မြင်လိုက်အာရုံပြုလိုက်ပြီးသည်နောက်၊ပစ္စဝေက္ခဏာဝီထိတို့ဖြင့် အကြိမ်

ကြိမ်အထင်ထပ် အသေအချာ ယင်းမိမိရလတ္တံ့သောနိဗ္ဗာန် ချမ်းသာကို အာရုံပြုသတည်းဟူ၍မှတ်အပ်၏။ ။ဤအရာ၀ယ်အောက်၌သွန်းပြအပ်ခဲ့ပြီးသော၊ပရိနိဗ္ဗာနသန္တိကံရိယာဘိသမယ၀သေန စသော မဏ္ဍိမပဏ္ဏာသဋီကာစကားသည်၊ဤထက်ပင်နီတတ္ထအားဖြင့်ထင်ရှားသေး၏၊ ထိုအောက်စကားကိုမမှတ်မိမရှုမိခဲ့လျှင်၊ ထိုအောက်စကားကို အရင်းအမြစ်လည်၍ရှုကြလေဦး။ ။ယင်းသို့ဖြစ်သည်ရှိသော်။ နိဗ္ဗာနံထပေတွာသင်္ခတမ္မာသိယာအတီတာပိသိယာအနာဂတာပိသိယာပစ္စုပ္ပန္နာပိ၊ နိဗ္ဗာနမ္ပနန၀တ္တဗ္ဗံ အတီတန္တိပိ အနာဂတန္တိပိ ပစ္စုပ္ပန္နန္တိပိ။ ။ဤသို့ ဝိဘင်းပါဠိတော်၌ ဟောတော်မူသောကြောင့်၊နိဗ္ဗာန်ဟူသည် ကာလသုံးပါးမှအလွတ် ကာလဝိမုတ်ဖြစ်သင့်ပါလျက်၊ယင်းနိဗ္ဗာန်သည် အနာဂတ်ပက္ခသို့ဝင်သည်ဆိုရာမရောက်ပြီလောဟူငြားအံ့၊ ဤဝိဘင်းပါဠိတော်၌ လည်းကောင်း၊ အခြားပါဠိအဋ္ဌကထာတို့၌လည်းကောင်း၊နိဗ္ဗာနံ ကာလဝိမုတ္တံ ဟောတိ ဟူ၍ မုချဒေသနာအားဖြင့် ဟောတော်မမူ။ န၀တ္တဗ္ဗံအတီတန္တိဝါ စသည်ဖြင့်ပရိယာယ ဒေသနာအရာ န၀တ္တဗ္ဗသဒ္ဒါဖြင့်သာ ဟောတော်မူသည်ကိုထောက်သဖြင့်၊ ယင်းနိဗ္ဗာန်၏ ဥပါဒ်ဌီဘင်အားဖြင့် ထင်ရှားမဖြစ်လာသော်လည်း အလွန်နူးညံ့သိမ်မွေ့သော သိတိဘာ၀သဘောအားဖြင့် ရဟန္တာပုဂ္ဂိုလ်တို့ ပရိနိဗ္ဗာန်ပြုသည့်အခါ ဖြစ်ရောက်လာလတ္တံ့သောယင်းနိဗ္ဗာန်၏ယင်းသို့မဖြစ်သေးမီ အနာဂတ်ဖြစ်လာသည့်အခါ ပစ္စုပ္ပန်ဆိုခွန်ရှိသော်လည်း၊ ဥပါဒ်ဌီဘင်ပေါ်လာသောအခါဖြစ်သည်မဟုတ်သောကြောင့် စင်စစ်အားဖြင့် ဖြစ်လတ္တံ့ဖြစ်ဆဲ ဖြစ်ပြီးမဆိုထိုက်သည်ကိုရည်၍၊ န၀တ္တဗ္ဗသဒ္ဒါဖြင့်ဟောတော်မူသည်ဟူ၍သိအပ်၏၊စန္ဒ သူရိယ မေရု ပဗ္ဗတဟူသောပညတ်တို့သည်။ သနေနက္ခတ်မြင်းမိုရ်မပေါ်လာမီက ယင်းစန္ဒသူရိယမေရုပဗ္ဗတအမည်တို့သည် ဖြစ်လာလတ္တံ့ဟူ၍လည်းကောင်း၊ ယင်းပညတ်ပေါ်လာစအခါ ယင်းပညတ်ဖြစ်လာဆဲဟူ၍လည်းကောင်း၊ ပေါ်လာပြီးအခါ ယင်းအမည်ပညတ် ဖြစ်လာပြီဟူ၍ လည်းကောင်း ဆိုသင့်လျက် ဥပါဒ်ဌီဘင်သရုပ်သကောင်အထည်ဒြဗ်အားဖြင့် ပေါ်လာသည်မဟုတ်သောကြောင့်၊ ယင်းပညတ်ကို ကာလသုံးပါးမှအလွတ် န၀တ္တဗ္ဗတရေးဟူ၍သာ ဆိုအပ်သကဲ့သို့တည်း၊ ။

တဿ ဘိက္ခဝေ ဣဓေဝ သဗ္ဗဝေဒယိတာနိ အနဘိနန္ဒိတာနိ သီတိဘဝိဿန္တိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အနုပါဒိသေသာ နိဗ္ဗာနဓာတု ဟူ၍

အောက်ကညွှန်းပြခဲ့ပြီးသော ဋ္ဌတိဝုတ်ပါဠိတော်အတိုင်း၊ သိတိဘာဝီသန္တိ ဟူသောပါဠိဖြင့်ဖေးမြခြင်းဖြစ်လတ္တံ့ ဟူ၍ နိတတ္ထပင်ဟောတော်မူသည်။ ။ အယံဝုတ္တတိဘိက္ခဝေအနုပါဒိသေသာနိဗ္ဗာနဓာတု ပါဠိဖြင့် ဖြစ်လတ္တံ့သော ဖေးမြခြင်း သိတိဘာဝသဘောသည် အနုပါဒိသေသနိဗ္ဗာနဓာတ်မည်သည် ဟူ၍ နိကတ္ထပင်ဟောတော်မူသည်။ ဤသို့သောနိတတ္ထပါဠိတော်ကိုထောက်သဖြင့်။ ယင်းနိဗ္ဗာန်သဘော မဖြစ်လာသေးမီ ဖြစ်လတ္တံ့ပင် ဇကန်ဆိုအပ်တော့သည်။ ဥပါဒိအားဖြင့် အထည်ဒြဗ်ပေါ်အောင် ဖြစ်လတ္တံ့မဟုတ်သော ကြောင့်သာ အနာဂတ်စစ် မဆိုရသည်။ ။နိဗ္ဗာနသဿအနုပ္ပါဒေယေဝ ပုဂ္ဂလဿနိရောဓော ဟု ပြအပ်ခဲ့ပြီးသော ဝိသုဒ္ဓိမဂ်မဟာဋီကာ အတိုင်း နိဗ္ဗာန်မဖြစ်မီက ပုဂ္ဂိုလ်ချုပ်နှင့်ရသည်ဆိုသော စကားဖြင့်လည်း။ ယင်း နိဗ္ဗာန်မဖြစ်သေးမီအခါဖြစ်လတ္တံ့ပင် ဆိုသင့်သည်။ ယထာဝုတ္တကာရဏာ ကြောင့် အနာဂတ်စစ်သာမဆိုရသည်တမည်သာဇကန်မှတ်။ ထို့ကြောင့်။ ဝါ၊ထိုအနက်သဘောကိုပင်ရည်တော်မူ၍ အဘိဓမ္မတ္ထဝိကာသနီမည်သော အဘိဓမ္မာဝတာရသံဝဏ္ဏနာဋီကာကျမ်း၌။ နိဗ္ဗာနေအနာဂတေဝိအတ္ထပဒိ သမ္ဘဒါသိယာ၊ နဝတ္တဗ္ဗာအတိဘာရမ္မဏာတိပိ အနာဂတာရမ္မဏာတိပိ ပစ္စုပ္ပန္နာရမ္မဏာတိပိ ဟူ၍မိန့်အင်ပြီ။ ။အနာဂတေပိ၊အနာဂတ်လည်း ဖြစ်သော။ဝါ၊မဖြစ်ပေါ်လာသေးသည်လည်းဖြစ်သော၊ နိဗ္ဗာနေ၊နိဗ္ဗာန်အာရုံ ၌၊ အတ္ထပဒိသမ္ဘိဒါ၊အတ္ထပဋိသမ္ဘိဒါဉာဏ်သည်။ သိယာဟောတိ၊ဖြစ်၏။ တထာပိ၊ထိုသို့အနာဂတ်ဖြစ်သောနိဗ္ဗာန်အာရုံ၌အာရုံပြု၍ဖြစ်သော်လည်း။ သာ၊ ထိုအနာဂတ်ဖြစ်သော နိဗ္ဗာန်အာရုံ၌ အာရုံပြု၍ဖြစ်သော အတ္ထပဋိ သမ္ဘိဒါဉာဏ်ကို၊ထည့်ပါ။အတိတာရမ္မဏာတိပိ၊အတိတ်တရားလျှင်အာရုံ ရှိ၏ဟူ၍လည်းကောင်း။ အနာဂတာရမ္မဏာတိပိ၊ အနာဂတ်တရားလျှင် အာရုံရှိ၏ဟူ၍လည်းကောင်း။ပစ္စုပ္ပန္နာရမ္မဏာတိပိ၊ပစ္စုပ္ပန်တရားလျှင် အာ ရုံရှိ၏ဟူ၍လည်းကောင်း။နဝတ္တဗ္ဗာ၊မဆိုသင့်။ ။ငုင်းအနက်။ ။ဤအဘိဓမ္မတ္ထ ဝိကာသနီဋီကာ၊၆-ပေ၊ဆောအင်္ဂါတွင်လာသည်ကိုထောက်သဖြင့်လည်း။ နိဗ္ဗာန်ဟူက မချအနာဂတ်စစ်ပင်မဆိုထိုက်သော်လည်း။ မဖြစ်သေးမီအခါ ဖြစ်လတ္တံ့ဟူ၍ပရိယာယအားဖြင့်ဆိုသင့်ဆိုထိုက်သည်အဖြစ်ကို ဇကန်သိ ကြကုန်။ ။သို့ဖြစ်လျှင် ယင်းနိဗ္ဗာန်သည် နိစ္စသဿတဟူ၍လာသော စကားတို့နှင့် မဆန့်ကျင်လောဟူငြားအံ့၊ မဆန့်ကျင်။ အဘဲ့ကြောင့်နည်း။ သင်္ခတတရားတို့ကို အနိစ္စဆိုရာ၌ ဖြစ်ပြီးသည်နောက်ချုပ်ပျောက်၍ သွား

သောကြောင့် အနိစ္စဆိုအပ်သည်။ အသစ်တတရေးကိုနိစ္စသဿတဆိုရာ၌ ဖြစ်ပြီးသည်နောက် မပျောက်မပျက်အမြဲတည်နေသည်ကိုရည်၍ ဆိုအပ်သောကြောင့်တည်း။ ။ထို့ကြောင့်။ အဘူတမေဝဘူတံဇာတံ ဟုတွာ အပ္ပတ္တိအဗ္ဘုတံ ဟူ၍ သဥ္ဓာယတနသံယုတ်အဋ္ဌကထာ၌မိန့်အင်ပြီ၊ ။ တံ၊ထိုငြိမ်းအေးခြင်းသိတိဘာဝသဘောဟုဆိုအပ်သောနိဗ္ဗာန်သည်။အဘူတာမေဝ၊ ရှေ့၌တရံတဆစ်မဖြစ်ဘူးသေးဘဲသာလျှင်။ ဘူတံဇာတံ၊ ရဟန္တာပုဂ္ဂိုလ်တို့ပရိနိဗ္ဗာန်ပြုရာ ဤတခါသာဖြစ်ရောက်လာသည်။ ဟုတွာ၊ ဖြစ်၍။ အပ္ပတ္တိ၊ မပျောက်မပျက်အမြဲတည်၍နေသည်တည်း။ ဣတိ၊ထိုကြောင့်။ တံ၊ ထိုနိဗ္ဗာန်သည်။အဗ္ဘုတံ၊အဗ္ဘုတမည်၏။ ။အဗ္ဘုတံ၊တရံတဆစ်မဖြစ်ဘူးသေးဘဲတခါ၊တည်းသာဖြစ်လာပြီးနောက် အမြဲတည်ရှိ၍နေသောနိဗ္ဗာန်ဟု အနက်ပေးစေလိုသတည်း။ ။ဤ၌ဝင်းအဗ္ဘုတသဒ္ဒါသည်၊အဘူတအနက် ဘူတအနက် ဟုတွာအနက် အပ္ပတ္တိအနက် ဤလေးချက်ကို တပြိုင်နက်ပြနိုင်သောကြောင့် ပဒိပနည်းအားဖြင့်ပြီးသော သဒ္ဒါတည်း။ ။ဤအရာကိုအောက်ကလည်းတကြိမ်ဆိုခဲ့ပြီးသော်လည်း။ ဤပဒိပနည်းအမှာနှင့်တကွမပြခဲ့ရသောကြောင့်ငင်း။ နိဗ္ဗာန်ဟူသည်၏ ဖြစ်လာပေါ်လာပြီးမှ အမြဲတည်နေသည်ဆိုရာ၌ လွန်စွာကိုးစားရာ ပါဌ်ဖြစ်သောကြောင့်ငင်း။ ပညာရှိတို့ သတိကြပ်ကြပ် ရကြစေခြင်းငှါ ဤတွင်လည်း တကြိမ်ထပ်လိုက်ပြန်သည်။ ။သဒ္ဒကဝိပညာရှိတို့ကြပ်ကြပ်သတိရှိကြစေကုန်သတည်း။ ။

နဟိအညေဓမ္မာဝိယနိဗ္ဗာနံ၊တံပနအတိဂမ္ဘီရတ္တာအပစ္စေက္ခနအာလမ္ဗိတုံနသက္ကာ။ ။မူလဋီကာ။ ။၁၁။ထူ။ ။ဤမူလဋီကာ၌ နိဗ္ဗာန်သို့မရောက်သောသူသည် ယင်းနိဗ္ဗာန်ကိုအာရုံမပြုနိုင်ဟူ၍ မိန့်ဆိုအပ်သော စကားများမှာ၊ ပရိနိဗ္ဗာန် ပြုပြီးသည်နောက် အသစ်တခုတ်သို့ ရောက်သည်ကို မဆိုလို။ ပရိနိဗ္ဗာန် မပြုသေးခင် သဥပါဒိသေသ နိဗ္ဗာန်သို့ ရောက်သည်ကိုရည်၍ ဆိုသည်မှတ်။အကာသ်၍ အနုပါဒိသေသနိဗ္ဗာန်သို့ရောက်သည်ကိုပင်ရည်၍ ဆိုသည်ဟု ယူခဲ့သည်ရှိသော်။ ။သာဝကောခေါ သဥပါဒိသေသော အနုပါဒိသေသံနိဗ္ဗာနဓာတုံအနုပါပုဏိသတိတိ နေတံဌာနံဝိဇ္ဇတိဟူသော နေတ္တိပါဠိတော်။ နိဗ္ဗာနသသ အနုပ္ပါဒေယေဝပုဂ္ဂလဿ နိရောဓောဟူသော ဝိသုဒ္ဓိမဂ်ဋီကာ။ ဒုက္ခက္ခယာနိဗ္ဗာနံဟူသော သဠာယတနသံယုတ်ပါဠိတော်နေတ္တိပါဠိတော်တို့နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်လတ္တံ့သောကြောင့်တည်း။ ။နိဗ္ဗာနံအာရမ္မဏံကတွာပဝတ္တနဘာဝေါယေဝ နိဗ္ဗာနဂမနံနာမ

ဟောတိ။နုဇတတောအညံကိဉ္စိနိဗ္ဗာနဂမနံနာမအတ္ထိ။ ။မဏိဒီပ။ ။၁၁။
ဓ။ ။ဤ၌မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့်နိဗ္ဗာန်ကိုအာရုံပြုသည်မှတပါး တပုံ
တခုနိဗ္ဗာန်သို့ ရောက်သောဟူသည် မရှိ ဆိုသောအရာကိုလည်း သဉပါဒိ
သေသနိဗ္ဗာန်ကိုပင်ရည်၍ဆိုသည်မှတ်။ အနုပါဒိသေသနိဗ္ဗာန်ကိုပင်ရည်၍
ဆိုသည်ဟုယူခဲ့သော်။ ယခင်ဆိုအပ်ခဲ့ပြီးသော၊ အနုပါဒိသေသာသမ္မာရာ
ယိကာဟူသော ဣတိဝုတ် ပါဠိတော်။ သမ္ပရာယိကာတိ သမ္ပရာယေခန္ဓ
ဘေဒတောဘာဝါ။ ၎င်းဣတိဝုတ်အဋ္ဌကထာတို့နှင့်ဇင်စစ်ဆန့်ကျင်တော့မည်
ဖြစ်သောကြောင့်တည်း။ ထိုစကားသည်မှန်၏။ ၎င်းဣတိဝုတ် ပါဠိတော်
အဋ္ဌကထာတို့၌ ပရိနိဗ္ဗာန်မပြုသေးခင် ဤဘဝ၌ပင် သဉပါဒိသေသနိဗ္ဗာန်
ဖြစ်လာသည်၊ ပရိနိဗ္ဗာန် ပြုပြီးသည်အခါမှ အနုပါဒိသေသ နိဗ္ဗာန်ဖြစ်လာ
သည်ဟု နိကဋ္ဌ မိန့်တော်မူကြောင်းကို ပါဌ်အနက် အဓိပ္ပာယ်တို့နှင့်တကွ
အောက်၌အတန်တန်အထပ်ထပ်ပြအပ်ပြီးသလျှင်ကတည်း။ ယင်းသို့စကား
စပ်ဆိုင်တိုင်းစပ်ဆိုင်တိုင်း အထပ်ထပ်ဆိုခဲ့သည့်အရာများတွင်၌ ကျမ်းဂန်
မြင်သိပညာရှိတို့က ပုနရုတ္တိ နိရတ္ထကဒေါသဖြင့် အပြစ်ဘင်ဘွယ်ရှိသော်
လည်း၊ ဤနိဗ္ဗာန်အရာ၌ အလွန်တွေဝေစရာ လျှဉ်းပါးစရာ ယောင်မှားစရာ
ပါဠိပါဌ်ပဒေသများစွာရှိသောကြောင့်။ ထိုတွေဝေဘွယ်ရာရှိသမျှကိုအခါခါ
လိုက်၍ပယ်ဖြေရသဖြင့်။ ယင်းသို့ပယ်ဖြေရာ၌လည်း အာဂမယုတ္တိကိုပြ၍
ပယ်ဖြေဦးမှ အောက်ကစကားကို မမှတ်ခဲ့မိ သတိမရ သံမုဋ္ဌမန္ဒပုဂ္ဂိုလ်တို့
ယုံကြည်နိုင်စရာရှိသောကြောင့်။ ယင်းပုဂ္ဂိုလ်တို့ယုံကြည်ဘွယ်ရာဖြစ်စေ
ခြင်းငှါ။ ရှေးထုတ်ပြအပ်ခဲ့ပြီးသောသာဓကပါဌ်တို့ကိုလည်း လျှဉ်းပါးစရာ
စကားအရာရောက်တိုင်းရောက်တိုင်းထုတ်ပြရပြန်ပေသည်ဟုနှလုံးပြုတော်
မူကြကုန်သဖြင့်။ ယင်းသို့သောပုနရုတ္တဒေါသ ပိဋ္ဌာရဒေါသ ထင်မြင်စရာ
ရှိသော အရာများတို့၌။ သတိဝေပုလ္လသခင် ပညာရှင်တို့ အဋ္ဌုပေက္ခန
သည်းခံကြည့်ရှုတော်မူကြပါစေကုန်သတည်း။ ။

ဆက်ဦးအံ့။ နိဗ္ဗာန်သို့ ရောက်သည် ဟူရာ၌ အာရုံပြုသောအားဖြင့်
ရောက်ခြင်း၊ တည်နေရသောအားဖြင့်ရောက်ခြင်းဟူ၍ နှစ်ပါးအပြားရှိ၏။
ထိုနှစ်ပါးတို့တွင် ပရိနိဗ္ဗာန်မစံရသေးခင် အာရုံပြုသောအားဖြင့်သာရောက်
နိုင်သည်။စံနေရသောအားဖြင့်မရောက်နိုင်။ပရိနိဗ္ဗာန်ပြုသောအခါတည်နေ
ရသောအားဖြင့်သာရောက်နိုင်သည်။ အာရုံပြုသောအားဖြင့် ရောက်သည်
မဟုတ်။ အာရုံပြုသောအားဖြင့် နိဗ္ဗာန်သို့ ရောက်သည့်အခါ။ သတ္တဝါ၏

အဖြစ်ကို မလွန်မီသာရောက်သည်။ တည်နေရသောအားဖြင့် နိဗ္ဗာန်သို့ ရောက်သည်အခါ၊ သင်္ခါ၏အဖြစ်ကို လွန်မှသာရောက်သည်။ ထိုနှစ်ပါး တို့တွင်သင်္ခါ၏အဖြစ်ကိုမလွန်မီနိဗ္ဗာန်သို့ရောက်သည်ကိုရည်တော်မူ၍။ နိဗ္ဗာနံ အာရမ္မဏံကတွာ စသော ပါဠိဖြင့် နိဗ္ဗာန်ကိုအာရုံပြုသည်မှတပါး နိဗ္ဗာန်ရောက်သည် မည်သည် မရှိဟူသော စကားကို ၎င်းမဏိဒီပဆရာ မိန့်တော်မူသည်ဟုမှတ်၊ အကယ်၍သင်္ခါ၏အဖြစ်ကိုလွန်၍မှ နိဗ္ဗာန်သို့ ရောက်သောမည်သည်မရှိဆိုခဲ့လျှင်။ ကာယသက္ခိဘောဒါဓမ္မာ၊သန္တံ နော ပေတိဝေဒဂူ စသော သဂ္ဂါထာဝဂ်သံယုတ်၊အင်္ဂုတ္တိုလ်ဥပ္ပတိသန္တံ စသော ရူပနိဒ္ဒေသပါဠိတော်စသည်တို့နှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်တော့ လတ္တံ့။ ၎င်းပါဠိတော်များကို အထက်ပရိနိဗ္ဗုတကထာသို့ရောက်မှ အနက် အဓိပ္ပါယ်အကျယ်အားဖြင့်ဆိုလတ္တံ့။ ။သင်္ခါ၏အဖြစ်ကိုလွန်မှနိဗ္ဗာန် သို့ ရောက်ရသည်ဆိုသော် ထိုပုဂ္ဂိုလ် အဘယ်သို့ဖြစ်၍ နိဗ္ဗာန်၌တည်ရ ရောက်ရပါသနည်း ဟူငြားအံ့၊ ရူပသတ္တမရတ္တောခါမဟာရာဇ တထာ ဂတောဂန္တိရော စသည်ဖြင့် အထက်၌ဆိုလတ္တံ့သော သဂ္ဂါထာဝဂ် သံယုတ်ပါဠိတော် စသည်တို့နှင့်အညီ၊ ရူပသတ္တမရတ္တ။ပ။ဝိညာဏသင်္ခါ ဝိမုတ္တ၊ပရိနိဗ္ဗုတအသျှင်ဖြစ်၍၊ အဘယ်လိုအခြင်းအရာဟု မဆိုနိုင်ဘွယ် တကာယ်နက်နဲ၍ နေသောအားဖြင့် နိဗ္ဗာန်၌တည်ရောက်၍ နေသည်ဟုသိ။ ပရိနိဗ္ဗုတာ ပရိနိဗ္ဗာယိံသု စသည်ဖြင့်လာသော ထိုထိုပါဠိတော်အဋ္ဌကထာ တို့၌လည်း အလုံးစုံငြိမ်းပျောက် ပြတ်တောက်၍ သွားသည်ကို ဆိုသည် မဟုတ်၊ ထိုရဟန္တာပုဂ္ဂိုလ်တို့ မအိုမသေအမြဲတည်နေရာ အသင်္ခတဓာတ် နိဗ္ဗာန်ချပ်၌ ချမ်းမြေ့သာယာ တည်နေရသည် ဆိုလိုသည်ဟု ဧကန္တ မှတ်ကြကုန်။ ။

နိဗ္ဗာယန္တိဓီရာယထာယံပဒီပေါ။ ။နိဗ္ဗာနံ သန္တိ ။ ...

နိဗ္ဗာယန္ကိရိယာရခေနနိဗ္ဗာနံဂစ္ဆတိ၊ ။နိဗ္ဗာယန္ကိရိယာရခေန၊ငြိမ်းဖေး ခြင်းကိရိယာကို အကြောင်းအဦးပြုသဖြင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကိုပင်။ ဂစ္ဆတိ၊ မိန့်တော်မူအပ်၏၊ ။ဝိသုဒ္ဓိမဂ်ဋီကာ။ ။ဇ္ဇ၊၁၃ချပ်။ ။ဤဋီကာအလိုကား ပရိနိဗ္ဗာယတိ၌ ပရိဇ္ဈေးနိဇ္ဈေးရှိသောဓါတ်၏ ငြိမ်းခြင်းကိရိယာဟောခြင်း ကို အရင်းပြုသဖြင့် ယင်းငြိမ်းခြင်း သဘောရှိသော နိဗ္ဗာန်ကိုပင်ယူရမည်။ ပရိနိဗ္ဗာယတိ၊နိဗ္ဗာန်သို့ရောက်လေ၏ဟူ၍ ဆိုလိုသည်ဟုလိုသတည်း၊ ။ ထို့ကြောင့် ဤဋီကာပါဌ်ဖြင့်ပင် ယခင်စကားကိုယုံကြည်သင့်လှတော့၏၊ ။ ဥပါဒိယတေ ကမ္မကိလေသေဟီတိ ဥပါဒိ၊ ဝိပါကက္ခန္ဓာ ကဋတ္တာစရူပံ။

သောပနဥပါဒိကိလေသာဘိသင်္ခါရနိရောဓနိဗ္ဗာနပစ္စယံအနေသသေဿ။
ရူဝ ခန္ဓမစ္စုမာရနိရောဓနေန ဩသေဿ နိသေသိတောတိ အယံအနုပါဒိ
သေသာနိဗ္ဗာနဓာတု။ နိဗ္ဗာနဓာတူတိစနိဗ္ဗုတိမတ္တံ။ ဧတ္ထ မ္ဟ ုတလက္ခဏော
စာယံကာရဏာနိဒ္ဒေသော။ ၊ကမ္မကိလေသေဟိ၊ကံကိလေသာတို့သည်။
ဥပါဒိယတေ၊ဖြစ်စေအပ်၏။ ဣတိ၊ထိုကြောင့်။ ဥပါဒိ၊ဥပါဒိမည်၏။ သောပန
ဥပါဒိ၊ ထိုဥပါဒိမည်သော ခန္ဓာငါးပါးကိုကား။ ကိလေသာဘိသင်္ခါရနိရောဓ
ထနေန၊ အရဟတ္တမဂ်ဖြင့် ကိလေသမာရ် အဘိသင်္ခါရမာရ်ကို နှိပ်နင်းသ
ဖြင့်။ နိဗ္ဗာနပစ္စယံ၊ အာရုံပြုကာ နိဗ္ဗာန်သို့ရောက်ရသောအခါ၌။ အနေသ
သေဿ၊မကြွင်းနိုင်သေး၊ ရူဝ၊ဤခန္ဓပရိနိဗ္ဗာန်စံရသောအခါ၌။ ခန္ဓမစ္စုမာရနိရောဓ
ထနေန၊ခန္ဓမာရ်မစ္စုမာရ်ကိုနှိပ်နင်းသဖြင့်။ ဩသေဿ၊စွန့်အပ်ပြီ၊ နိသေ
သိတော၊အကြွင်းမရှိစေအပ်ပြီ၊ ဣတိ၊ထိုကြောင့်။ အယံ၊ဤအသင်္ခတဓာတ်
နိဗ္ဗာန်သည်။ အနုပါဒိသေသာ၊ အနုပါဒိသေသမည်သော။ နိဗ္ဗာနဓာတု၊
နိဗ္ဗာနဓာတ်မည်၏၊ နိဗ္ဗာနဓာတူတိစ၊ နိဗ္ဗာနဓာတ်ဟူသည်လည်း။ နိဗ္ဗုတိ
မတ္တံ၊ ငြိမ်းဧးခြင်း သဘောမျှသာတည်း။ ဧတ္ထ မ္ဟ ုတလက္ခဏောစ၊ ဧတ္ထ မ္ဟ ုတ
လက္ခဏာအနက်၌သာလျှင်၊ အယံကာရဏာနိဒ္ဒေသော၊ ဤကာရဏဝိဘတ်ကို
ညွှန်းခြင်းတည်း။ ။တနည်းကား။စ၊အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ
ပရိနိဗ္ဗာယိ ဟူသော ဤသီလက္ခန်ပါဠိတော်ဝယ် ကာရဏဝိဘတ်၏အနက်
ကို ပြဆိုဦးအံ့၊အယံကာရဏာနိဒ္ဒေသော၊ဤကာရဏာနိဒ္ဒေသသည်၊ဧတ္ထ မ္ဟ ုတ
လက္ခဏော၊ပရိနိဗ္ဗာန်စံခြင်းဟူသောအထူးသို့ ရောက်သောပုဂ္ဂိုလ်ကို ဤသို့
သော အခြင်းအရာဖြစ်၍ပရိနိဗ္ဗာန်စံသည်ဟု မှတ်ကြောင်းဖြစ်သောအနက်
၌၊ ဝတ္တတိ၊ ဖြစ်၏။ ။သီလက္ခန်ဋီကာ။ သာရတ္ထဒီပနီ ဋီကာ၌လည်း
ရှင်းနည်း။ ။ဤဋီကာတို့အလိုအားဖြင့်၊ ဘိန္နေနသီသေန စသည်ကဲ့သို့။
အနုပါဒိသေသာယနိဗ္ဗာနဓာတုယာ၊အနုပါဒိသေသနိဗ္ဗာနဓာတုဟု ဆိုအပ်
သော ငြိမ်းဧးခြင်းသဘောရှိသည်။ ဟုတွာ၊ဖြစ်၍၊ ပရိနိဗ္ဗာယတိ၊ ငြိမ်းကြီး
ငြိမ်းတော်မူရလေ၏။ ။ဤသို့ ဗဟုဗ္ဗိဟိအတွင်းဝင်သောအားဖြင့် အနက်
ယောဇနာအပ်၏။ ။ဤဋီကာတို့၏ အလိုအားဖြင့်၊ အနုပါဒိသေသာယ
နိဗ္ဗာနဓာတုယာ ဟူသောပုဒ်၏အရလည်း ပရိနိဗ္ဗုတပုဂ္ဂိုလ်၊ပရိနိဗ္ဗာယတိ
၏အရလည်း ၎င်းပရိနိဗ္ဗုတပုဂ္ဂိုလ်ချည်းသာရအပ်၏။ ။ချဲဦးအံ့၊အနုပါဒိ
သေသာယနိဗ္ဗာနဓာတုယာဟူသော ဗဟုဗ္ဗိဟိသမာသ်ပါကျအတွင်း ဝင်
သော သဒ္ဒါသည် ငြိမ်းဧးခြင်းသဘောဟုဆိုအပ်သောနိဗ္ဗာန်ကိုအကြောင်း

ပစ္စတ္တနိမိတ်ပြုသဖြင့် ထိုငြိမ်းအေးခြင်းသို့ရောက်သော ပရိနိဗ္ဗုတပုဂ္ဂိုလ်ကို ဟောသည်။ ပရိနိဗ္ဗာယတိ ဟူသော ပုဒ်သည်လည်း နိဗ္ဗာယတိ၌ နိပုဗ္ဗ ဝါဓာတ်၏အရ ငြိမ်းအေးခြင်း ကြိယာသဘာဝဟူသော နိဗ္ဗာန်ကိုအကြောင်း ပစ္စတ္တနိမိတ်ပြု၍ ထိုနိဗ္ဗာန်သို့ရောက်သော။ ဝါ၊ ထိုနိဗ္ဗာန်၌ တည်သော ပရိနိဗ္ဗုတပုဂ္ဂိုလ်ကိုပင်ဟောသတည်းဟူလို။ ။

အနုပါဒိသေသာယနိဗ္ဗာနဓာတုယာတိပရိနိဗ္ဗာနသုံ ပရိနိဗ္ဗာနန္တိ ရတော ဝိသေသနတ္တံကရဏဘာဝေနဝုတ္တံ။အထဝါ ယာယနိဗ္ဗာနဓာတုယာ ပစ္ဆိမ စိတ္တံအပ္ပဋိသန္ဓိကံဇာတံ။ သာအသင်္ခတဓာတုကရဏဘာဝေနဝုတ္တာ။ ။ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာတိ၊ ဓာတုယာဟူသည်ကား။ ပရိနိဗ္ဗာနသုံ၊ခန္ဓပရိနိဗ္ဗာန်၏။ ပရိနိဗ္ဗာနန္တိ ရတော၊ ကိလေသပရိနိဗ္ဗာန်မှ။ ဝိသေသ နတ္တံ၊အထူးပြုခြင်းငှါ။ကရဏဘာဝေန၊ ဝိသေသနတ္ထကရိဏ်းဝိဘတ်ဖြင့်။ ဝုတ္တံ၊ မိန့်အပ်၏။ အထဝါ၊ တနည်းကား။ ယာယနိဗ္ဗာနဓာတုယာ၊ အကြင် နိဗ္ဗာနဓာတ်ဖြင့်။ ပစ္ဆိမစိတ္တံ၊ စုတိကျသော ရဟန္တာပုဂ္ဂိုလ်၏ နောက်ဆုံး စုတိစိတ်သည်။အပ္ပဋိသန္ဓိကံ၊နောင်ဘဝပဋိသန္ဓေသစ်ကိုမဖြစ်စေနိုင်သည်။ ဇာတံ၊ဖြစ်၏။ သာအသင်္ခတဓာတု၊ ထိုအသင်္ခတနိဗ္ဗာနဓာတ်ကို။ ကရဏ ဘာဝေန၊ ကရဏကာရကတ္ထကရိဏ်းဝိဘတ်ဖြင့်။ ဝုတ္တာ၊ မိန့်အပ်၏။ ။ မူလဋီကာ။ ။ဤမူလဋီကာရှေ့နည်းအလို၌ ဝိသေသနတ္ထကရိဏ်းဝိဘတ်ဖြင့် ကိလေသပရိနိဗ္ဗာန်ကိုနှစ်စေ၍ ခန္ဓပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုသည်ကိုသိစေ သည်ဟူလို။ ။နောက်နည်းအလို၌ ရဟန္တာ ပုဂ္ဂိုလ် စုတိစိတ်နောက် ချက်ခြင်း ရောက်လာလတ္တံ့သော အသင်္ခတဓာတ် နိဗ္ဗာန်၏သတ္တိကြောင့်။ ထိုစုတိ စိတ်နောင် ပဋိသန္ဓေစိတ် ဝင်မြဲတိုင်း မဝင်လာနိုင်သည် ဖြစ်၍။ ထိုအသင်္ခတဓာတ်၏ ရဟန္တာပုဂ္ဂိုလ်တို့ တဆဲ့တသီးမီး ငြိမ်းကြီးငြိမ်းခြင်း အား ကြိယာကာရကတမသတ္တိဖြင့် ကျေးဇူးပြုနိုင်သည်ကို သိစေခြင်းငှါ။ ကရဏကာရကတ္ထ၌ ကရိဏ်းဝိဘတ် သက်သည်ဟု ပြတော်မူသည် ဟူလို။ ။ပုထုဇန်သေက္ခပုဂ္ဂိုလ်တို့၏စုတိစိတ်နောင် ပဋိသန္ဓေစိတ်ဝင်၍ ဖြစ်သကဲ့သို့။ ရဟန္တာပုဂ္ဂိုလ်တို့ စုတိစိတ်နောင် ပဋိသန္ဓေစိတ်မဝင်နိုင်။ ပဋိသန္ဓေစိတ်၏အစား အသင်္ခတဓာတ် နိဗ္ဗာန်ဝင်၍ ဖြစ်လာသည်ဟူလို။ ယင်းသို့အသင်္ခတဓာတ်ဝင်၍ ဖြစ်လာလိုသောကြောင့်လည်း ထိုစုတိစိတ် နောင်ပဋိသန္ဓေစိတ်မဝင်နိုင်သည်။ခြသေ့်မင်းရှေ့ယုန်သားငယ်မသန်းလာဝံ့ သကဲ့သို့တည်း။ ။နိဗ္ဗာနဓာတူတိစ နိဗ္ဗာယနမတ္တံ၊ နအသင်္ခတဓာတု။

ဍာဏ္ဍဿ။ဘာလကွဏော စာယံ ကရဏာနိဒ္ဒေသော။အနုပါဒိသေသာယနိဗ္ဗာန
ဓာတုယာ၊ အနုပါဒိသေသနိဗ္ဗာနဓာတုဟုတွာ ဍာဿတိတိအထွော ဟူ၍
လာသော နေတ္တိပိဘာဝနီအလိုအားဖြင့် ငြိမ်းဇေးခြင်းသဘောရှိသည်ဖြစ်၍
သံသရာဘေးကြီးမှလွတ်သွားလေ၏ဟူလိုသတတ်။ ။ဤနေတ္တိပိဘာဝနီ၌
နိဗ္ဗာနဓာတုသဒ္ဒါဖြင့် ငြိမ်းခြင်းကြီးသာသာမည့ကိုသာယူရမည်။အသင်္ခတ
ဓာတ်ကို ဤအရာ၌မယူနှင့်။ ပရိနိဗ္ဗာယတိ၌ နိပုဗ္ဗဝါဓာတ်၏အရကိုလည်း
ဘေးမှလွတ်ငြိမ်းခြင်းကြီးယာသာမည့ကိုသာ ယူရမည်။ အသင်္ခတဓာတ်
နိဗ္ဗာန်ကိုဤအရာ၌မယူသင့်ဟူလိုသတတ်၊ ။ဤနေတ္တိပိဘာဝနီစကားလည်း
သူ၏ဝတ္တိဿာအားလျော်စွာပရိယာယနည်းမျိုးအာ ဖြင့်စကားဘပုံဆိုသည်
ကိုမသင့်မယူသာပေ။ ။ဤနေတ္တိပိဘာဝနီ၌။ အနုပါဒိသေသာယနိဗ္ဗာန
ဓာတုယာပရိနိဗ္ဗာယတိ ဟူသောပါဠိဖြင့် ငြိမ်းဇေးခြင်း သဘောရှိသည်ဖြစ်၍
သံသရာမှလွတ်သွားလေသည်ဟူသောအနက်ကိုမချပြသဖြင့် ငြိမ်းဇေးခြင်း
သဘောရှိသော အသင်္ခတဓာတ်နိဗ္ဗာန်သို့ ရောက်သွားလေသည်ဟူသော
အနက်ကိုလည်း။ အဝုတ္တသိဒ္ဓိ နည်းအားဖြင့် ပြနိုင် သောကြောင့်တည်း။
ဓွေရိကာ သုံးစောင် တို့ဖြင့်ကား။ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ
ပရိနိဗ္ဗာယတိ ဖြင့် ငြိမ်းဇေးခြင်းသဘောရှိသော။ ဝါ၊ သဘောဟုဆိုအပ်သော
အသင်္ခတဓာတ် နိဗ္ဗာန်သို့ရောက်လေသည်။ ဝါ၊ အသင်္ခတဓာတ်နိဗ္ဗာန်၌
တည်လေသည် ဟူသောအနက်ကို မချနိတတ္တအားဖြင့် ပြသည် ဟူလို
သတတ်။ ထိုကြောင့် ရဟန္တာတို့ ပရိနိဗ္ဗာန်စံသည်ဟူသော စကားလည်း
တခြား၊ရဟန္တာတို့စုတိကျသည်ဟူသောစကားလည်းတပါးဟုသိကြကုန်။
ရဟန္တာတို့ စုတိကျသည် ဟူသောစကားမှာ၊ ရဟန္တာတို့ သေလေပြီ
ဟူသော အများနှင့်ဆက်ဆံသော သေခြင်းဟူသော အမင်္ဂလာ စကား။
ရဟန္တာတို့ပရိနိဗ္ဗာန်စံတော်မူသည်ဟူသောစကားမှာ၊ရဟန္တာအသျှင်တို့
မဒိုမသေ အမြဲနေရသော အသင်္ခတဓာတ် နိဗ္ဗာန်ရွှေပြည်မြတ်၌ မဒို
မသေ အမြဲ စံနေတော်မူကြရသည်ဟု ဆိုလိုသော မင်္ဂလာ စကားဟု
ကွဲကွဲပြားပြားသိကြကုန်။ ။ရာဇာကာလင်္ကတော ကား အမင်္ဂလာစကား။
ရာဇာဒေဝံဂတော ကား မင်္ဂလာစကားဟု ထူးခြားသကဲ့သို့တည်း။ ။
ရာဇာ ဒေဝံဂတော၌ကား ထိုမင်းသည် နတ်ပြည်သို့ ရောက်သည်လည်း
ရှိ၏၊ မရောက်သည်လည်းရှိ၏။ ပရိနိဗ္ဗုတော ဆိုရာ၌ကား ဧကန်စင်စစ်
ထိုရဟန္တာနိဗ္ဗာန်သို့ရောက်သတည်း။ ။ဤသို့လည်းအထူးသိလေဦး။ ။

ဤစကားသည်လည်းယောဇုယျသာ။သမ္ဗေဝနိက္ခိပိဿန္တိ၊ဘူတာလောကာ သမုဿယံ။ယတ္ထတောဒိသောသတ္ထာ၊ သမ္ဗုဒ္ဓေါပရိနိဗ္ဗုတော-အစရှိသော သံဝေဂကထာအရာ၌ ပရိနိဗ္ဗုတောလာသည်ကိုထောက်သဖြင့်၊ ရုတ်ကျ ရောက်ရသည်ကို ပဓာနပြု၍ဆိုအပ်သော အရာလည်းထင်သောကြောင့် တည်း။ဤနည်းအတူ၊နိဗ္ဗာယိံသုသာသာဝကာ စသည်ဖြင့်လာသောဗုဒ္ဓဝင် ပါဠိတော် စသည်တို့၌လည်း သံဝေဂ ကထာ အရာဝယ် လာသည် ဖြစ်၍၊ အတည်မကျ ရုတ်ချခြင်းဟူသော အနက်ကိုပင် ပဓာနအားဖြင့် ယူအပ်၏။ နိဗ္ဗာန်စံမြန်းကြရကုန်၏ဟူသောအနက်မှာ အပဓာနသာဖြစ်သတည်း။ ။

နိဗ္ဗာနံအတ္ထိတိ အာမန္တာ။ ။နိဗ္ဗာနံအတ္ထိတိ အတ္ထိသိယာနိဗ္ဗာနံ သိယာ နောနိဗ္ဗာနန္တိ။ အာဇာနာဟိနိဂ္ဂဟံ၊ ဟဉ္စိ နိဗ္ဗာနံအတ္ထိတိ အတ္ထိသိယာနိဗ္ဗာနံ သိယာနောနိဗ္ဗာနန္တိ။ တေန နိဗ္ဗာနံနောနိဗ္ဗာနံ နောနိဗ္ဗာနံနိဗ္ဗာနန္တိ။ ယံတတ္ထ ဝဒေသိဝတ္တဗ္ဗေခေါ နိဗ္ဗာနံအတ္ထိတိအတ္ထိသိယာနိဗ္ဗာနံ သိယာနောနိဗ္ဗာနန္တိ။ နောဥဝတ္တဗ္ဗေ နိဗ္ဗာနံနောနိဗ္ဗာနံနောနိဗ္ဗာနံနိဗ္ဗာနန္တိ မိစ္ဆာ။နောစေပန ဝတ္တဗ္ဗေ နိဗ္ဗာနံနောနိဗ္ဗာနံနောနိဗ္ဗာနံနိဗ္ဗာနန္တိ။ နောစဝတရေဝတ္တဗ္ဗေ နိဗ္ဗာနံအတ္ထိတိ အတ္ထိသိယာနိဗ္ဗာနံသိယာနောနိဗ္ဗာနန္တိ။ယံတတ္ထဝဒေသိဝတ္တဗ္ဗေခေါ နိဗ္ဗာနံ အတ္ထိတိအတ္ထိသိယာနိဗ္ဗာနံသိယာနောနိဗ္ဗာနန္တိ။ နောစဝတ္တဗ္ဗေ နိဗ္ဗာနံနော နိဗ္ဗာနံနောနိဗ္ဗာနံနိဗ္ဗာနန္တိ မိစ္ဆာ။ ။ကထာဝတ္ထုပါဠိတော်။ ။

နိဗ္ဗာနံ၊နိဗ္ဗာန်ဟူသည်။အတ္ထိ၊ထင်ရှားရှိပါ၏လော။ဣတိ၊ဤသို့ပရဝါဒီဆရာ မေးအပ်သည်ရှိသော်။ အာမန္တာ၊ ရှိပါ၏။ နိဗ္ဗာနံအတ္ထိတိ၊နိဗ္ဗာန်ထင်ရှားရှိ၏ ဆိုရာ၌။ဝါ၊ဆိုသော်လည်း။နိဗ္ဗာနံ၊နိဗ္ဗာန်သည်။ သိယာ၊ရံခါသာလျှင်။အတ္ထိ၊ ထင်ရှား ရှိလာဖြစ်လာ၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ သိယာ၊ ရံခါသော်ကား။ နောအတ္ထိ၊ ထင်ရှားရှိလာဖြစ်ပေါ်လာသည်မဟုတ်။ ဣတိ၊ ဤသို့သကဝါဒီ ပုဂ္ဂိုလ်မိန့်ဆိုအပ်သည်ရှိသော်။ တံ၊အသျှင်သကဝါဒီသခင်ထိုထိပ်တင်ကို။ နိဂ္ဂဟံ၊ မဝံ့မစား အားငါးမနာ နှိပ်ပါရအံ့သည့် အရာကို။ အာဇာနာဟိ၊ ဝန်ခံတော်မူပါလော့။ဟဉ္စိ၊အကယ်၍လျှင်။နိဗ္ဗာနံအတ္ထိတိ၊နိဗ္ဗာန်ထင်ရှားရှိ၏ ဆိုသော်လည်း။ အတ္ထိသိယာနိဗ္ဗာနံသိယာနောနိဗ္ဗာနန္တိ၊ ယင်းနိဗ္ဗာန် တရံ တခါသာထင်ရှားရှိလာ၏၊ ယင်းသည်နိဗ္ဗာန်တရံတခါကား ထင်ရှားရှိလာ ဖြစ်ပေါ်လာသည်မဟုတ်ဟူ၍။ဝဒေယျ၊ဆိုခဲ့ငြားအံ့၊ တေန၊ထိုသို့ဆိုသဖြင့်။ နိဗ္ဗာနံ၊နိဗ္ဗာန်သည်။နောနိဗ္ဗာနံ၊နိဗ္ဗာန်မဟုတ်၊ နောနိဗ္ဗာနံ၊နိဗ္ဗာန်မဟုတ်သော တရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ဖြစ်ခဲ့၏။ ဣတိ၊ ဤသို့အသျှင်သကဝါဒီဆိုရာ

ရောက်၏။ (အနုလောမပါပနာ)။ အထ၊ ထိုသို့ဖြစ်လျက်။ တတ္ထ၊ ထိုနှစ်ချက်တို့တွင်။ခေါ၊စင်စစ်။ နိဗ္ဗာနံအတ္ထိတိအတ္ထိသိယာနိဗ္ဗာနံသိယာနောနိဗ္ဗာနန္တိ၊ နိဗ္ဗာနံအတ္ထိ၊လ။နိဗ္ဗာနံ ဟူသော စကားကိုသာ။ ဝတ္တဗ္ဗေ၊ဆိုသင့်၏။ နိဗ္ဗာနံ နောနိဗ္ဗာနံ နောနိဗ္ဗာနံ နိဗ္ဗာနန္တိ၊ နိဗ္ဗာနံ။လ။နိဗ္ဗာနံဟူသော နောက်စကားကို။ နောစဝတ္တဗ္ဗေ၊မဆိုအပ်သည်သာလျှင်ဖြစ်၏၊ ဣတိ၊ဤသို့၊ ယံဝစနံ၊အကြင်စကားကို။ ဝဒေသိ၊ အသျှင်သကဝါဒီဆိုခဲ့အံ့၊ တံ၊ ထိုစကားသည်။ မိစ္ဆာ၊ အမှားပင်တည်း။ဝါ၊စကားနှစ်ချက် အဓိပ္ပါယ်ရ အတူတူပင်ဖြစ်လျက် ရှေ့အချက်ကိုသာဝန်ခံ၍ နောက်အချက်ကို ဝန်မခံသဖြင့် အမှားစင်စစ်တည်း။ (အနုလောမရောပနာ)။ ပန၊ထိုသို့မဟုတ်ခဲ့လျှင်။ နိဗ္ဗာနံနောနိဗ္ဗာနံနောနိဗ္ဗာနံ နိဗ္ဗာနန္တိ၊နိဗ္ဗာနံသည် နိဗ္ဗာနံမဟုတ်၊နိဗ္ဗာနံမဟုတ်သောတရားသည် နိဗ္ဗာန်မည်၏ဟူသောစကားကို။ နောစေဝတ္တဗ္ဗေ၊ အကယ်၍မဆိုလို ဝန်မခံလိုငြားအံ့။ ရေ၊ အိုအသျှင်သကဝါဒီဆရာ။ ဝတ၊စင်စစ်။ နိဗ္ဗာနံအတ္ထိတိအတ္ထိသိယာနိဗ္ဗာနံ သိယာနော နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ထင်ရှားရှိ၏ ဆိုသော်လည်း ရံခါသာ နိဗ္ဗာန်ရှိသည်၊ ရံခါနိဗ္ဗာန်မရှိဟူသော စကားကိုလည်း။ နောစဝတ္တဗ္ဗေ၊မဆိုသင့်တော့သည်သာမဟုတ်ပါလော။(ပဋိလောမပါပနာ)။အထ၊ ထိုသို့ဖြစ်လျက်။ တတ္ထ၊ထိုအဓိပ္ပါယ်သွားတသားတည်းဖြစ်သင့်သောစကားနှစ်ချက်တို့တွင်။ ခေါ၊စင်စစ်။နိဗ္ဗာနံအတ္ထိတိ အတ္ထိသိယာနိဗ္ဗာနံသိယာနော နိဗ္ဗာနန္တိ၊နိဗ္ဗာနံဟူသော ရှေ့စကားကိုသာလျှင်။ ဝတ္တဗ္ဗေ၊ ဆိုသင့်၏။ နိဗ္ဗာနံ နောနိဗ္ဗာနံ နောနိဗ္ဗာနံ နိဗ္ဗာနန္တိ၊ နိဗ္ဗာနံ။လ။နိဗ္ဗာနံဟူသော နောက်အချက်ကိုကား။ နောစဝတ္တဗ္ဗေ၊မဆိုသင့်သည်သာဖြစ်၏။ဣတိ၊ဤသို့။ယံဝစနံ၊အကြင်စကားကို။ ဝဒေသိ၊ အသင်သကဝါဒီ ဆိုခဲ့ငြားအံ့။ တံပိ၊ ထိုစကားသည်လည်း။မိစ္ဆာ၊စကားနှစ်ချက် အဓိပ္ပါယ်တချက်တည်းထွက်လျက်ရှေ့အချက်ကို ပယ်လှန်၍ နောက်အချက်ကို မပယ်လှန်သောကြောင့် အမှားစင်စစ်ပင်တည်း။(ပဋိလောမရောပနာ)။ ။ငင်းကထာဝတ္ထုပ်ဋ္ဌတော်၏ အလွန်သင့်လျော်ကောင်းမြတ် ဝါရဂ္ဂတပြုစအပ်လှသော သုဒ္ဓလ္လဘဏ္ဍတည်း။ ။

အဓိပ္ပါယ်အကျဉ်းကား။ ။နိဗ္ဗာန်ထင်ရှားရှိပါသလောဟုပရဝါဒီက မေးရာ၊ထင်ရှားရှိပါ၏။ ယင်းသို့နိဗ္ဗာန်ထင်ရှားရှိသည်ဆိုသော်လည်းအစဉ်ထာဝရ ယင်းနိဗ္ဗာန်ရှိ၍နေသည်မဟုတ်၊ တရံတခါသာနိဗ္ဗာန်ရှိသည် ဖြစ်လာသည်ဟု သကဝါဒီဆရာ မိန့်ဆိုသည်။ ယင်းသို့ဆိုခြင်းသည်လည်း နိဗ္ဗာန်ဟူကအချင်းခပ်သိမ်းဖြစ်လာတတ်ပေါ်လာတတ်သောတရားမဟုတ်။

တရံတခါအခွင့်ကြီးသာမှသာပေါ်လာပြီးနောက်မပျောက်မပျက်အမြဲတည်နေသည်ဟုဆိုလိုသတည်း။ ယင်းသကဝါဒီစကားသည်။ ။နသဗ္ဗေနသဗ္ဗံ ဓာတန္တိအဓာတုံ ဟု ဝစနတ္ထုပြ ဥဒါနအဋ္ဌကထာ။ အဘူတံအဓာတုံ ဟုတွာအတ္ထိတိအဘုတံ ဟူသော သဠာယတနသံယုတ်အဋ္ဌကထာနှင့် အညီပင်တည်း။ ။ယင်းသို့ သကဝါဒီဆရာက နိဗ္ဗာန်ရှိ၏ဆိုသော်လည်း၊ တရံတခါသာရှိသည်၊ တရံတခါ မရှိဆိုသောအချက်ကို မနှစ်သက်၍။ ယင်းသို့ဖြစ်က နိဗ္ဗာန်သည် နိဗ္ဗာန်မဟုတ်၊ နိဗ္ဗာန်မဟုတ်သောတရားသာ နိဗ္ဗာန်ဟု အသင်သကဝါဒီ ဆိုရရောက်၏ဟု ပရဝါဒီဆရာက ဆိုလေသတည်း။ ။ယင်း ပရဝါဒီဆရာကား နိဗ္ဗာန်ဟူသည် အဇ္ဈောကာသ အထက်ကောင်းကင် အောက်ကောင်းကင်ကြီးများကဲ့သို့ အစဉ်ထာဝရ အမြဲရှိမှသာ နိဗ္ဗာန်ရှိသည်ဆိုသင့်ရာ၏။အစဉ်ထာဝရအမြဲမရှိသော်။ယင်း နိဗ္ဗာန်ကို ထင်ရှားရှိသည်မဆိုသင့်ဟု အဘော်ထားသတည်း။ ယင်းသို့ မိမိအာဘောဂရှိသည်အတိုင်း အပြစ်တင်လို၍။ ယံတတ္တဝဒေသိ စသည်ကို တက်ဆိုသတည်း။ ။နိဗ္ဗာန်ထင်ရှားရှိ၏ဆိုသော်လည်း တရံတခါသာရှိသည်၊ တရံတခါကားမရှိမဖြစ်ဟုဆိုလိုသည်ဖြစ်လျှင်၊နိဗ္ဗာန်ဟူက အမြဲထင်ရှားရှိနေရမည် ဖြစ်သောကြောင့်၊ ယင်းသို့အမြဲတည်နေသော နိဗ္ဗာန်ကား နိဗ္ဗာန်မဟုတ်၊ နိဗ္ဗာန်မဟုတ်သောတရားသာနိဗ္ဗာန်ဟုဆိုရဝန်ခံရရောက်လျက် မရောက်ဟု အသင်သကဝါဒီဆိုခဲ့ခြင်းအံ့၊ အသင့်စကားအမှားပင်တည်း။ ထိုသို့မဟုတ် နိဗ္ဗာန်သည် နိဗ္ဗာန်မဟုတ်၊ နိဗ္ဗာန်မဟုတ်သောတရားသာ နိဗ္ဗာန်ဟုမဆိုလိုလျှင်လည်း၊ နိဗ္ဗာန်ရံခါသာရှိသည် ရံခါမရှိဟူသောစကားကိုလည်း မဆိုလိုရာပင်ရောက်တော့၏။ ထိုသို့ရောက်လျက်မရောက်ဆိုခဲ့လျှင်ငင်းစကားလည်းအမှားစင်စစ်ပင်တည်းဟုပရဝါဒီဆရာဆိုပြန်ခြင်းငှါ၊နောစေပန စသောစကားကိုတက်ဆိုပြန်သတည်း။ ။ပရဝါဒီဆရာက နိဗ္ဗာန်ထင်ရှားရှိသည်မှန်လျှင် အစဉ်ထာဝရကမ္ဘာကမ္ဘာ အမြဲရှိနေမှသာ နိဗ္ဗာန်ဟူသည်ရှိရမည်။ တရံတခါသာဖြစ်လာပြီးနောက်မှ မပျောက်မပျက် အမြဲထင်ရှား ဖြစ်နေသည်မဆိုသင့်ဟု အဘော်ထားသတည်း။ ယင်းသို့ အဘော်ထားသော်လည်း ငင်းထားတိုင်းမဟုတ်၊တရံတခါအခွင့်ကြီးသာမှဖြစ်လာပြီးနောက်မပျောက်မပျက်အမြဲထင်ရှားရှိသည်သာ ဧကန်တည်းဟု သကဝါဒီဆရာဆိုလိုသည်။ ယင်းဆိုလိုသောစကားကို တရံတယောက် ပရဝါဒီပုဂ္ဂိုလ် များက မဘားမြစ်သင့် သည်သာဟု

ပြလိုသော မူလဋီကာဆရာသျှင်က။ ။အတီတံအတ္တိတိဝဒန္တသာပရဝါဒီသာယံဒေါသောယထာအာပန္နတိ။ နတထာနိဗ္ဗာနံ အတ္တိတိဝဒန္တသာ သကဝါဒီသာဝစနံ ပဋိဗာဟေတဗ္ဗံ ဟု မိန့်ပြအပ်သတည်း။ ။အတီတံ၊ လွန်လေပြီးသော အတိတ်သင်္ခါရတရားသည်။ အတ္တိ၊ ထင်ရှားရှိသေး၏။ ဣတိ၊ ဤသို့။ ဝဒန္တသာ၊ ဆိုသော။ ပရဝါဒီသာ၊ပရဝါဒီပုဂ္ဂိုလ်အား။ အယံ ဒေါသော၊ ဤပယ်လှန်တားမြစ်အပ်သောအပြစ်သည်။ အာပန္နတိယထာ၊ ရောက်သကဲ့သို့။ တထာ၊ထိုအတူ။ နိဗ္ဗာနံ၊နိဗ္ဗာန်သည်။ အတ္တိ၊ထင်ရှားရှိ၏။ ဣတိ၊ဤသို့၊ ဝဒန္တသာ၊ဆိုသော။ သကဝါဒီသာ၊သကဝါဒီပုဂ္ဂိုလ်၏။ ဝစနံ၊ စကားကို။နပဋိဗာဟေတဗ္ဗံ၊မတားမြစ်အပ်မတားမြစ်သင့်။ ။ဋင်းမူလဋီကာ အနက်။ ။ဤပါဠိတော်၌။ နိဗ္ဗာနံအတ္တိတိအာမန္တာ စသောစကားတော်၏ အချည်စစ် အဓိပ္ပါယ်မှာ။ နိဗ္ဗာန်ဟူသည် အစဉ်ထာဝရ ကမ္ဘာကမ္ဘာ အကြောင်းကင်း၍ဖြစ်နေသောတရားမဟုတ်။ အကြောင်းပါရမီတွေစုံလင်မှ တရံတခါ အခွင့်ကြီးသာ၍ ဖြစ်ပေါ်လာပြီးနောက် မပျောက်မပျက်အမြဲ တည်၍နေသည်။ ယင်းသို့ဖြစ်လာပြီးနောက် မပျောက်မပျက်အမြဲတည်နေ သည်ကို ရည်၍သာ ယင်းနိဗ္ဗာန်ကို ဓုဝ သဿတ ဆိုရသည် ဟူလို သတတ်။ ။ဤကား အလွန်နက်နဲခက်ခဲလှစွာသောကထာဝတ္ထုပါဠိတော် စကားအချပ်ရပ်တို့တွင် အထူးသဖြင့် ခက်ခဲနက်နဲလှစွာသော ဤနိဗ္ဗာနံ အတ္တိတိအာမန္တာ စသောစကားတော်မှ ထုတ်ဘော်၍ရအပ်သောဒုလ္လဘာ ဓိပ္ပါယကို တိက္ခကဝိ ဂန္ထိရဉာဏ ပုဂ္ဂိုလ်တို့မှသာ သဘောထိထိမိနိုင် ရာသည်၊မိအောင်ကြံဆောင်အားထုတ်ကြပါကုန်။ ။

အတီတေပိဟိ ဝေဒနာ ဝေဒနာယေဝ။လ။ ဝိညာဏံ ဝိညာဏမေဝ။ အနာဂတေပိ ပစ္စုပ္ပန္နေပိ။လ။ နိဗ္ဗာနံ သဒါပိ နိဗ္ဗာနမေဝ။ ။အတီတေပိ၊ ဖြစ်ပြီးသည်နောက်အတိတ်ကာလ ရောက်သော်လည်း။ ဝေဒနာ၊ ခံစား တတ်သောကြောင့် ဝေဒနာအမည်ရသော တရားသည်။ ဝေဒနာယေဝ၊ သဘောရင်းအတိုင်းဝေဒနာပင်မည်သလျှင်ကတည်း။ပ။ပစ္စုပ္ပန္နေပိ၊ပစ္စုပ္ပန် ၌လည်း။ ဝေဒနာ၊သည်။ ဝေဒနာယေဝ၊ ဝေဒနာမည်သည်လျှင်တည်း။ပ။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်၊သဒါပိ၊ အခါခပ်သိမ်းလည်း၊ ဝါ၊ ဖြစ်ပြီး, ဖြစ်လတ္တံ့, ဖြစ်ဆဲ, အားဖြင့် ကာလသုံးပါးလုံး၌လည်း၊နိဗ္ဗာနမေဝ၊ ငြိမ်းဧးခြင်းသဘော ရှိသည်သာလျှင်တည်း။

ဤသို့သုတ်ပါထေယျအဋ္ဌကထာ၊စာ,အင်္ဂါတွင်လာသောစကား၌။နိဗ္ဗာန်

ဟူသည်အခါခပ်သိမ်းကမ္ဘာကမ္ဘာအကြောင်းကင်း၍ဖြစ်နေသောဘရားဟု မထင်မှားမိကြရအောင်။ယာရအနက်ယောဇနာအတိုင်းငြိမ်းဧးခြင်းသဘော ရှိသောနိဗ္ဗာန်ဟူက ကာလသုံးပါးလုံး၌ပင် ငြိမ်းဧးခြင်းသဘောအတိုင်းသာ လျှင်ဖြစ်၏၊ဝေဒနာစသောဘရားတို့သည် ကာလသုံးပါးလုံးတို့၌ ခံစားခြင်း သဘောစသောမိမိတို့သဘောတရားကိုမလွန်နိုင်။သဘောရင်းအတိုင်းသာ ဖြစ်ကြသကဲ့သို့ဘည်း ဟူသောအနက်ကိုသာ ရင်းအဋ္ဌကထာဆရာတော် ပြတော်မူအပ်သည်၊နိဗ္ဗာန်ဟူက အစဥ်ထာဝရ အခါခပ်သိမ်းအကြောင်း ကင်း၍ဖြစ်နေသောတရားဟု ပြတော်မူသည်မဟုတ်၊ အကယ်၍ ယင်းသို့ ပြဆိုခဲ့လျှင်။ အဘူတံအဇာတံဟူတွာအဘွိတိ အဘူတံ ဟူသော ယခင် သင္ဂြာဟဘာနသံယုတ်အဋ္ဌကထာ။သမ္မောဟဝိနောဒနီအဇာတိမ္ဟတာဘိဒဿနဋ္ဌံ အဇာဘဏ္ဍ်ဝဏ္ဏံ ဟူသော ဥဒါန်းအဋ္ဌကထာတို့နှင့် ဝိရုဒ္ဓ ဖြစ်တော့မည် ကြောကန်မှတ်။ ။

အဘူတံ၊ တရံတဆစ်မဖြစ်ဘူးသေးဘဲ ဖြစ်လာ ပေါ်လာပြီးနောက် မပျောက်မပျက် အမြဲတည်နေသောနိဗ္ဗာန်။ ။အဇာတံ၊ အချင်းခပ်သိမ်း ဖြစ်လာဘတ်သည် မဟုတ်၊ တရံတခါ ခွင့်ကြီးသာမှ ဖြစ်ပေါ်လာသော နိဗ္ဗာန်။ ။ဤသို့အနက်ပေးရမည်ဟူလို၊ ။ယခင်အဋ္ဌကထာနှစ်ချပ်တို့၏ အနက်အဓိပ္ပါယ်၊ ။ယင်းသို့ဖြစ်ပေါ်လာသော်လည်းဥပါဒ်အားဖြင့်ဖြစ်ပေါ် လာသည် မဟုတ်၍သာ အဇာတဆိုရသည်။ လုံးလုံးကြီးအဘာယ်သဘော တရမျှမဖြစ်ပေါ်လာသည်မဟုတ်။အကယ်၍ယင်းသို့အဘာယ်သဘောဘရမျှ မဖြစ်လာခဲ့လျှင် ယင်းသည်နိဗ္ဗာန် အဘာဝ ကောန်ဖြစ်ခဲ့ရာ၏။ ဤနည်းအတူ အသင်္ခတဟူရာ၌လည်းအကြောင်းပစ္စည်းတရားတို့ဥပါဒ်ဖြစ်ပေါ်လာအောင် မပြုပြင်နိုင်၍သာ အသင်္ခတဆိုရသည်။ အဘာယ် သဘောဘရမျှ ပေါ်သာ အောင်မပြုပြင်အပ်သောကြောင့် အသင်္ခတဆိုသည်မဟုတ်။

နဥပ္ပါဒေါပညာယတိတိ အာဒိဟိ ဥပ္ပါဒဇရာဘင်္ဂါနံအဘာဝေါဝုတ္တော။ ဥပ္ပါဒါဒိနဥ္စအဘာဝေနအသင်္ခတန္တိ ပညာယတိ။ ။တိကနိပါတ်အင်္ဂုတ္တရ အဋ္ဌကထာ၊ ။၆၂။ဗိ။ ။ဥပါဒ် ဘင် မရှိသောကြောင့်သာ အသင်္ခတ ဆိုရသည်။လုံးလုံးကြီးမပြုပြင်အပ်သောကြောင့်အသင်္ခတဆိုရသည်မဟုတ် ဟူလို။ ။ဤအဋ္ဌကထာနိဒဿနနည်းပြကိုထောက်သဖြင့် ဥပါဒ်အထည် ဒြဗ်အားဖြင့်မထင်၍သာ အသင်္ခတ အဇာတ အဘူတ အကတ ဆိုရသည်။ လုံးလုံးကြီး သင်္ခတ ဇာတ ဘူတ ကတ မဟုတ်သောကြောင့် အသင်္ခတ

အဇာတ အဘူတ အကတ ဆိုသည်မဟုတ်ဟုသိအပ်၏။ ။ကေတိ သဘူမိယံဟိသုခံပရိယန္တံနာမနိဗ္ဗာနမေဝ၊နိဗ္ဗာနေဟိပဋိသန္ဓိဝသေနပုနဗ္ဘဝေါနာမနတ္ထိ။ ။ဤသို့လာသောအနာဂတဝင်ပါဠိတော်၌ နိဗ္ဗာန်ဝယ် ပဋိသန္ဓေ၏အစွမ်းအားဖြင့်တဘန်ဖြစ်ရခြင်းမည်သည်မရှိဆိုသဖြင့်။ပဋိသန္ဓေနေခြင်းမှတပါးသော အခြင်းအရာအားဖြင့်ကား ဖြစ်ရာမဟုတ် မဆိုသင့်ဟူသောအနက်ကိုဗျတိရေကနည်းအားဖြင့်ပြတော်မူသည်ပင်ဖြစ်၏။ ၎င်းပါဠိတော်သည်ကား၊ ။နိဗ္ဗာနံအရဟတောဂတိ ဟူသော ပရိဝါရပါဠိတော်။ ။ကာယဿဘေဒါဒေဝမနုဿာ၊ သဉ္ဇံ နောပေတိဝေဒဂူ ဟူသော သဠာယတနသံယုတ်ပါဠိတော်။ ။အတ္ထံပလေတိနဥပေတိ သင်္ချံ စသော ဗုဒ္ဓနိဒ္ဒေသပါဠိတော်။ ။ရူပသင်္ခါဝိမုတ္တောခေါမဟာရာဇတထာဂတောဂမ္ဘီရောစသော သဠာယတနသံယုတ်ပါဠိတော်စသည်တို့နှင့်ညီလျော်လှပေစွ။ ။

ဤဆိုလတ္တံ့သည်ကား အောက်၌ထုတ်ပြအပ်ခဲ့ပြီးသောပါဠိအဋ္ဌကထာဋီကာတို့မှအရည်စစ်အဆီညှစ်၍ရအပ်သုံးဖြတ်အပ်သော တပါးသောစိတ်စေတသိက်ရုပ်တို့၏နိဗ္ဗာန်တရားနှင့် တစိတ်အားဖြင့် ထပ်တူထပ်မျှသဒိသဖြစ်ပုံဘည်း။ ။စိတ်စေတသိက်ရုပ်တို့ကို သူ၏သန္တာန်၌ဖြစ်သောစိတ်စေတသိက်ရုပ်၊ ငါ၏သန္တာန်၌ဖြစ်သော စိတ် စေတသိက် ရုပ် ဟုဆိုအပ်သကဲ့သို့၊နိဗ္ဗာန်ကိုလည်း သူ၏နိဗ္ဗာန် ငါ၏နိဗ္ဗာန် ဆိုအပ်သည်သာဖြစ်၏။ ။သူ၏အကြောင်း ငါ၏ အကြောင်းအားလျော်စွာ ထိုသူတို့၌ပင် ထိုစိတ်စေတသိက်ရုပ်တရားဖြစ်လာသကဲ့သို့။ ထိုထိုသူတို့အသီးအသီးဖြည့်ကျင့်အပ်သောပါရမီ အကြောင်းအားလျော်စွာ ထိုထိုသူတို့ထံ၌ပင် ထိုနိဗ္ဗာန်ဖြစ်ပေါ်လာသည်သာဖြစ်၏။ ။စိတ်စေတသိက်ရုပ်တရားတို့သည် ထိုထိုသူတို့ကိုလွတ်၍ အလွတ်၌ မတည်သကဲ့သို့၊ နိဗ္ဗာန်သည်လည်း ထိုထိုပရိနိဗ္ဗုတပုဂ္ဂိုလ်ကိုလွတ်၍ အလွတ်သက်သက်၌မတည်။ ။အရဟတ္တဖိုလ်ကိုလည်း သဥပါဒိသေသ နိဗ္ဗာန်ဆိုအပ်သည့် အရာရှိသည်ဟု နေတ္တိအဋ္ဌကထာစသည်၌လာသည်အတိုင်း။ ။သဥပါဒိသေသနိဗ္ဗာန်သို့ ရောက်သည်ဟူရာ၌ ပုဂ္ဂိုလ်ကအရဟတ္တဖိုလ်ရှိရာသွားရောက်ရသည်မဟုတ်သကဲ့သို့၊ အနုပါဒိသေသ နိဗ္ဗာန်သို့ ရောက်သည် ဟူရာ၌လည်း ပုဂ္ဂိုလ်ကအနုပါဒိသေသနိဗ္ဗာန်ရှိရာ သွားရောက်ရသည်မဟုတ်။ ။အရဟတ္တဖိုလ်ရတနာပေါ်လာချိန်ရောက်သောပုဂ္ဂိုလ်၌ အရဟတ္တဖိုလ်ပေါ်လာသကဲ့သို့၊ နိဗ္ဗာန်ရတနာ ပေါ်လာချိန် ရောက်သော ရဟန္တာ၌ အနုပါဒိသေသနိဗ္ဗာန်ရတနာ

ပေါ်လာသည်။ ။ကိလေသာ မကုန်သေးခင် အရဟတ္တဖိုလ် ဟူသော သဥပါဒိသေသနိဗ္ဗာန်မပေါ်လာနိုင်သကဲ့သို့။ ရုပ်နာမ်ခန္ဓာကိုယ်မကုန်သေးခင် အနုပါဒိသေသနိဗ္ဗာန်မပေါ်လာနိုင်။ ။ယောကောစိသင်္ခတာသင်္ခတဓမ္မာအတ္တသအဘာဝတော အနတ္တာနာမ ဟူသော ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာနှင့်အညီ။ နိဗ္ဗာန်တရားသည်လည်း အခြားသောစိတ်စေတသိက်ရုပ်တို့ကဲ့သို့ပင် တိတ္ထိတို့ကြံဆအပ်သောအတ္တမဟုတ်သောကြောင့် အနတ္တမည်၏။ ။ဤကား အခြားသောပရမတ္ထတရားတို့နှင့်နိဗ္ဗာန်တရား တစိတ်အားဖြင့်တူမျှပုံ။ ။

ဤဆိုလတ္တံ့သည်ကား အခြားသောပရမတ္ထတရားတို့နှင့်နိဗ္ဗာန်တရားထူးခြားပုံ။ ။တပါးသော စိတ် စေတသိက် ရုပ် တရားတို့မှာ သူ၏စိတ်စေတသိက်ရုပ်, ငါ၏စိတ်စေတသိက်ရုပ်, ဆိုအပ်သကဲ့သို့။နိဗ္ဗာန်ကိုလည်း သူ၏နိဗ္ဗာန်, ငါ၏နိဗ္ဗာန်, ဆိုအပ်သော်လည်း တပါးသောစိတ်စေတသိက်ရုပ်တို့မှာ ထိုသူတို့သန္တာ၌ဖြစ်၍နေစဉ်သာဖြစ်ပေါ်လာရသည်။ နိဗ္ဗာန်မှာ ထိုသူတို့သန္တာပညတ်ကိုလွှတ်၍နေသည်အခါမှသာဖြစ်ပေါ်လာသည်။ ။တပါးသောစိတ်စေတသိက်ရုပ်ပရမတ္ထတရားတို့မှာ ထိုထိုသူတို့အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသည်ကိုစွဲ၍ ဖြစ်သည်အတိုင်း သင်္ခတနိမိတ်လက္ခဏာပေါ်၍နေသဖြင့် သင်္ခတတရားပင်ဆိုအပ်သည်။ နိဗ္ဗာန်မှာ ထိုထိုသူတို့ ပြုအပ်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာခြင်း မှန်သော်လည်း ယင်းသို့ဖြစ်ပေါ်လာပုံ၏အလွန်သိမ်မွေ့နက်နဲရကား။ ထိုအကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာပုံသင်္ခတနိမိတ်မပေါ်မထင်သဖြင့် ထိုနိဗ္ဗာန်ကို သင်္ခတမဆိုသင့်မဆိုထိုက်။ ။တပါးသောစိတ်စေတသိက်ရုပ်ပရမတ္ထတရားတို့မှာ ထိုထိုမိမိတို့ဖြစ်ရာဖြစ်ရာ၌ ဖြစ်ချည်ပျက်ချည် အတည်မကျသင်္ခါရဒုက္ခ ဘေးဘယကို ဖြစ်စေလျက် ဖြစ်ပေါ်လာသည်။ နိဗ္ဗာန်မှာ ထိုထိုမိမိရောက်ရာ ပရိနိဗ္ဗုတအသျှင်များအား ဘေးကင်းချမ်းသာ လွန်စွာမြဲစေလျက်မပျက်မစီးနိစ္စဓုဝသဿတဖြစ်၍အမြဲတည်နေလာသည်။ ။တပါးသောစိတ်စေတသိက်ရုပ်တရားတို့မှာ ထိုမိမိတို့ရောက်ရာ သတ္တဝါသန္တာန်၌ ဥပါဒ်ဌီဘင်အားဖြင့် ခဏတ္တယဖြစ်၍ဖြစ်၍နေရသည်။ နိဗ္ဗာန်မှာ ထိုထိုသူတို့ရုပ်နာမ်ပျောက်၍ပရိနိဗ္ဗုတပုဂ္ဂိုလ်အဖြစ်၌တည်နေသည်အခါ။ ထိုထိုရူပါဒိသင်္ခါရဝိရတ္တရဟန္တာအသျှင်တို့၌။ ဝါ၊ထိုအသျှင်တို့၏ တည်ရာဖြစ်၍ ဥပါဒ်ဘင်ဟူသည်မရှိ၊သိမ်မွေ့စွာတည်နေသောဌီ၏အစွမ်းအားဖြင့်

အသစ်စက်စက်ကဲ့သို့ ဘယ်သည့်ကာလမှပျက်စီးခြင်းမရှိ အမြဲတည်၍နေသည်။ ။အရဟတ္တဖိုလ်ဟူသော သဥပါဒိသေသနိဗ္ဗာန်မှာ ဤဘဝခန္ဓာရှိစဉ်ပေါ်လာသည်။ အနုပါဒိသေသနိဗ္ဗာန်မှာ ဤဘဝခန္ဓာပျက်သည့်အခါမှပေါ်လာသည်။ ။သဥပါဒိသေသနိဗ္ဗာန်မှာ ဥပါဒိဩဘင်အားဖြင့်ပေါ်လာသည်။ အနုပါဒိသေသ နိဗ္ဗာန်မှာ ဥပါဒိဘင်မရှိ သုဒုဒ္ဒသ သုနိပုဏာ ဌိတိသဘာဝအားဖြင့်သာပေါ်လာသည်။ယင်းအရဟတ္တဖိုလ်ဟူသောသဥပါဒိသေသနိဗ္ဗာန်မှာ ထိုရဟန္တာခန္ဓာငါးပါးရှိတုန်းအခါတွင်သာ တည်တံ့နိုင်သည်။ အနုပါဒိသေသနိဗ္ဗာန်မှာ ထိုရဟန္တာတို့ စုတိပြီးနောက် ရူပါဒိသင်္ခါဝိရတ္တပုဂ္ဂိုလ်အဖြစ်ဝယ်တည်နေသည်မှစ၍ ဘယ်သည့်ကာလမှ ပျက်စီးခြင်းမရှိ အမြဲတည်နေသည်။ ။သဥပါဒိသေသနိဗ္ဗာန်မှာ သင်္ခါရသင်္ခတနယ်ဝင်ဖြစ်၍ အနိစ္စဒုက္ခဖြစ်သည်။ အနုပါဒိသေသနိဗ္ဗာန်မှာ ဝိသင်္ခါရအသင်္ခတနယ်ပင်ဖြစ်၍ နိစ္စသုခဖြစ်သည်။ ။တပါးသောပရမတ္ထတရားတို့မှာ ထိုပုဂ္ဂိုလ်တို့ရှိရာ အရပ်ဆယ်မျက်နှာ၌ ထိုထိုပုဂ္ဂိုလ်တို့၌ စွဲကပ်၍တည်သည်။ နိဗ္ဗာန်မှာ ထိုထိုအရပ်ဆယ်မျက်နှာ၌ ထိုထိုပရိနိဗ္ဗုတပုဂ္ဂိုလ်တို့ရှိရာတည်သော်လည်းထိုထိုအရပ်ထိုထိုပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၌စွဲ၍ကပ်၍မတည်။ ။သဥပါဒိသေသနိဗ္ဗာန်နှင့်တကွတပါးသောပရမတ္ထတရားတို့မှာ မပျက်စီးရအောင် မဆင်းရဲရအောင် ဘယ်သည့်နတ်ပြဟ္မာဘုရားတို့သော်မှ မတတ်နိုင်သည်ဖြစ်၍ မပျက်စီးစေလိုသူတို့၏အလိုသို့ မလိုက်သောကြောင့် အဝသဝတ္တနအနတ္တ။မပျက်စီးရအောင် ဘယ်သူတယောက်မျှ မစီရင်နိုင် အစိုးပိုင်သူမရှိ အသာမိကအနတ္တ။ အနုပါဒိသေသနိဗ္ဗာန်မှာ မိမိ၏အလွန်ဖြေမြဲချမ်းသာခြင်း သိတိဘာဝ သန္တိသဘာဝ နိဗ္ဗာယနသဘာဝ သုပရိသုဒ္ဓ သုပဘာဝတ္တ အစ္စန္တသုခသဘောမှ ရွေ့လျော့ပျက်စီးစေလိုသူတို့ အလိုသို့မလိုက်သောကြောင့် အဝသဝတ္တနအနတ္တ။ယင်းနိဗ္ဗာန်၏ယင်းနိစ္စ သုခ စသော အတုလဂုဏ်ဝိသေသကို ပျက်စီးအောင် ဘယ်သူတစုံတယောက်မျှမတတ်နိုင်မစီရင်နိုင်အစိုးပိုင်သူမရှိပကတိချမ်းသာဖြေမြဲ၍အမြဲတည်နေသောကြောင့်အသာမိကအနိဿရိယအနတ္တ။ ။စိတ်စေတသိက်ရုပ်ဟူသောအနတ္တတရားတို့မှာ အဖြစ်အာဒိနဝအားဖြင့် ဝိပဿနာရှုအပ်သည်။ နိဗ္ဗာန်ဟူသောအနတ္တတရားမှာ ဂုဏ်အားဖြင့် ဥပသမာနုဿတိ၏အာရုံဖြစ်သည်။ ။ဤကား တပါးသောပရမတ္ထတရားတို့နှင့်နိဗ္ဗာန်ဟူသောပရမတ္ထတရား၏အလွန်ထူးခြားကွဲလွဲပုံတည်း။ ။

ဤသို့လျှင် ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗုတဒီပနီ ကျမ်းဝယ် ဤမျှလောက်ပြအပ်ခဲ့ပြီးသော ပါဠိ,အဋ္ဌကထာ,ဋီကာ,အာဂမ,သာဓက,စကားအစဉ်ဖြင့် ငြိမ်းအေးခြင်း ပရိနိဗ္ဗာယနသဘောတရားသည်နိဗ္ဗာန်မည်၏ဟူသောအနက်။ ယင်းငြိမ်းအေးခြင်း သဘောဘရားသည် ပရမတ္ထအားဖြင့် ထင်ရှား ရှိ၏။ ပျောက်၍ပြတ်၍သွားသော အဘာဝမျှကို နိဗ္ဗာန်ဆိုသည်မဟုတ်ဟူသောအနက်။ ယင်းငြိမ်းအေးခြင်းသဘောဟူသောနိဗ္ဗာန်သည်လည်း ငြိမ်းခြင်းသို့ရောက်သူ ပရိနိဗ္ဗုတပုဂ္ဂိုလ်နှင့်စပ်၍ပင် ထင်ရှားပေါ်လာသည် ဟူသောအနက်၊ ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်တို့သည်လည်း ထိုမိမိတို့ထံ၌ ဆိုက်ရောက်လာသောနိဗ္ဗာန်၌ပင်တည်နေကြသည်။ ပျောက်၍ပြတ်၍သွားသည်မဟုတ်ဟူသောအနက်။ နိဗ္ဗာန်ရောက်သည်ဟူရာ၌ သူတပါးတို့ ရောက်နှင့်ပြီးရာနိဗ္ဗာန်သို့ နောက်နောက်သူတို့ထပ်၍ ရောက်သည်မဟုတ်။ မိမိတို့ဘုန်းကံပါရမီအစွမ်းဖြင့် မိမိတို့ထံ အသီးအသီးဖြစ်ပေါ်လာသော နိဗ္ဗာန်ရတနာ၌အသီးအသီးတည်စံနေကြသည်ဟူသောအနက်။ နိဗ္ဗာန်ရှိရာသို့ ပုဂ္ဂိုလ်ကသွားရောက်ရသည်မဟုတ်၊ ပုဂ္ဂိုလ်ရှိရာ နိဗ္ဗာန်ရတနာ ဆိုက်ရောက်လာသည်ဟူသောအနက်။ ယင်းသို့ ဆိုက်ရောက်လာရာ၌ ဥပါဒ်ဖြစ်အားဖြင့်ထင်ရှားစွာဖြစ်လာသည်မဟုတ်၊ အလွန်သိမ်မွေ့သောသုနိပုဏ, သုဒုဒ္ဒသ, သုဂမ္ဘီရ,သဘောအားဖြင့် ဖြစ်ရောက်လာသည်ဟူသောအနက်၊ ယင်းသို့ဖြစ်ရောက်လာပြီးနောက်မှမပျောက်မပျက်အမြဲတည်နေသည်ကိုသာရည်၍ယင်းနိဗ္ဗာန်ကို နိစ္စဓုဝသဿတဆိုသည်။ သူအများတို့ တပေါင်းတည်းရောက်ကြစရာကန္တာကန္တာအကြောင်းကင်း၍ အစဉ်ထာဝရဖြစ်နေနှင့်သောနိဗ္ဗာန်ပြည်ဟူသည်မရှိဟူသောအနက်၊ ထိုနိဗ္ဗာန်၏ထိုထိုရဟန္တာတို့စုတိကျရောက်ရာဝယ် အရပ်ဆယ်မျက်နှာတွင်အဘယ်အရပ်တွင်မျှနိဗ္ဗာန်မရှိမဆိုသင့်ဟူသောအနက်၊မဂ်ဖိုလ်ရကာမတ္တဖြင့်အသင်္ခတဓာတ်နိဗ္ဗာန်သို့မရောက်သေး။ရဟန္တာတို့စုတိကျရောက်ပြီးအခါမှယင်းနိဗ္ဗာန်သို့ရောက်ရသည်ဟူသောအနက်။ နိဗ္ဗာန်ကိုအာရုံပြုသည်ဟူရာ၌လည်း သူတပါးတို့တည်ရောက်၍နေရာနိဗ္ဗာန်ကိုအာရုံပြုသည်မဟုတ်။မိမိမိမိတို့စုတ်ပြီးနောက်ရောက်လာလတ္တံ့သောငြိမ်းအေးခြင်း ပရိနိဗ္ဗာယနသဘောကို အာရုံပြုသည်ဟူသောအနက်၊ ယင်းမိမိစုတ်ပြီးနောက်မှ ဖြစ်ရောက် လာလတ္တံ့သောငြိမ်းအေးခြင်းနိဗ္ဗာန်ကို အာရုံပြုသောစိတ်တို့ကိုလည်း ယင်းနိဗ္ဗာန်၏ ဥပါဒ်အားဖြင့် ဖြစ်လတ္တံ့မဟုတ်သောကြောင့် အနာဂတာရမ္မဏစိတ်မဆိုထိုက်

ဟူသောအနက်။ ယင်းနိဗ္ဗာန်၏ဥပါဒ်ဒြပ်အားဖြင့်မဖြစ်သော်လည်း ငြိမ်းဧးခြင်းသဘာဝမွေ့အားဖြင့်ထင်ရှားပေါ်လာသည့်မှန်၏ဟူသောအနက်။ ယင်းနိဗ္ဗာန်သုခထက်မြတ်သော သုခမည်သည်မရှိဟူသောအနက်။ ယင်းနိဗ္ဗာန်ထက်မြတ်သော သစ်တာအသစ်တတရားဟူသည် တပုံတခုမရှိဟူသောအနက်။ ယင်းနိဗ္ဗာန်သို့ရောက်ကြခသူဟူသမျှတို့ နိဗ္ဗာန်၌မပျောက်မပျက်မဒိုမသေ အမြဲချမ်းသာစွာတည်နေကြခသည်ဟူသောအနက်တို့ကိုကောင်းကောင်းကြီးပြဆိုဆုံးဖြတ်အပ်သော နိဗ္ဗာနကထာဝိဗ္ဗာခကဏ္ဍသည် ပြဆိုအပ်ခဲ့ပြီးသောပိဋကတ္တယပါဠိအဋ္ဌကထာဋီကာသာဓကတို့ဖြင့်အခေါ်ဘိဝိနိစ္ဆယဖြစ်၍ပညာရှိသူတော်ကောင်းအပေါင်းတို့သာဓုကာရံကောင်းချီးညံ့အောင်အောင်စည်ခတ်တီး အောင်သံဟီး၍ ဤတွင်အပြီးသတ်သတ်ပြီ။ ။

ဝိဉ္ဉာခကဏ္ဍ နိဗ္ဗာနကထာ ပြီး၏။

# ဝိတ္ထာရကထာ–နိဗ္ဗုတိကထာ။

ဤသို့လျှင် ဂမ္ဘီရဂမ္ဘီရမဟာနိဗ္ဗုတဒီပနီမည်သောကျမ်း ဝိတ္ထာရအခန်း၌ နိဗ္ဗာနကထာ, နိဗ္ဗုတိကထာ, နှစ်ပါးတို့တွင် နိဗ္ဗာန်၏အခြင်းအရာ လက္ခဏာကို ပြဆိုရာပြဆိုကြောင်းဖြစ်သော နိဗ္ဗာနကထာကဏ္ဍကို ပြဆိုပြီး၍။ ယခုအခါ ယင်းနိဗ္ဗာန်သို့ရောက်၍နေကြကုန်သော ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ အခြင်းအရာတို့ကို ပြဆိုရာပြဆိုကြောင်းဖြစ်သော နိဗ္ဗုတိကထာကဏ္ဍကို ထုတ်ဆိုရေးသား တရားရေဖေး တိုက်ကျွေးလတ္တံ့။ ။

**သေယျထိဒံ။**

အထခေါအာယသ္မာဖဂ္ဂုနောယေနဘဂဝါ၊ တေနုပသင်္ကမိ။ ဥပသင်္ကမိတွာဧကမန္တံနိသီဒိ။ ဧကမန္တံနိသိန္နောခေါအာယသ္မာဖဂ္ဂုနော ဘဂဝန္တံ ဧတဒဝေါစ။ အတ္ထိနုခေါဘန္တေတံစက္ခု၊ ယေနစက္ခုနာအတီတေဗုဒ္ဓေပရိနိဗ္ဗုတေဆိန္နပပဉ္စေဆိန္နဝဋုမေ ပရိယာဒိန္နဝဋ္ဋေ သဗ္ဗဒုက္ခဝီတိဝတ္တေပညာပယမာနောပညာပေယျ။ အတ္ထိနုခေါဘန္တေတံသောတံ။တံဃာနံ။သာဇိဝှါ။လ။အတ္ထိနုခေါဘန္တေသောကာယော။အတ္ထိနုခေါဘန္တေသောမနော၊ ယေနမနေန အတီတေဗုဒ္ဓေပရိနိဗ္ဗုတေဆိန္နပပဉ္စေ ဆိန္နဝဋုမေ ပရိယာဒိန္နဝဋ္ဋေ သဗ္ဗဒုက္ခဝီတိဝတ္တေပညာပယမာနော ပညာပေယျာတိ။ နတ္ထိခေါဖဂ္ဂုနတံစက္ခု၊ ယေနစက္ခုနာ အတီတေ ဗုဒ္ဓေ ပရိနိဗ္ဗုတေ ဆိန္နပပဉ္စေဆိန္နဝဋုမေ ပရိယာဒိန္နဝဋ္ဋေသဗ္ဗဒုက္ခဝီတိဝတ္တေပညာပယမာနောပညာပေယျ။ နတ္ထိခေါ ဖဂ္ဂုနတံသောတံ၊ ယေနသောတေန။လ။နတ္ထိခေါဖဂ္ဂုနတံဃာနံ။ပ။ နတ္ထိခေါ ဖဂ္ဂုနသာဇိဝှါ။ပ။နတ္ထိခေါ ဖဂ္ဂုန သောကာယော။ပ။နတ္ထိခေါ ဖဂ္ဂုန သောမနော၊ ယေနမနေန အတီတေဗုဒ္ဓေပရိနိဗ္ဗုတေ ဆိန္နပပဉ္စေ ဆိန္နဝဋုမေ ပရိယာဒိန္နဝဋ္ဋေသဗ္ဗဒုက္ခဝီတိဝတ္တေပညာပယမာနောပညာပေယျာတိ။ ။
သဠာယတနသံယုတ်ပါဠိတော်ဖဂ္ဂုနသုတ်။ ။

အနက်ကား။ ။အထခေါ၊ထိုသို့သာဝတ္ထိတွင်ခေါ် နေပြည်ကျော်ဝယ် ဘုရားသျှင်သီတင်းသုံးနေတော်မူသောအခါ၌။ အာယသ္မာဖဂ္ဂုနော အသျှင်

ဖဂ္ဂုန္နမထေရ်သည်။ ယေန၊အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။
အတ္ထိ၊ရှိတော်မူ၏။ တေန၊ထိုဘုရားသျှင်ရှိတော်မူရာအရပ်သို့။ ဥပသင်္ကမိ၊
ကပ်လေ၏၊ ဥပသင်္ကမိတွာ၊ကပ်လေပြီး၍။ ဧကမန္တံ၊တင့်အပ်လျောက်ပတ်
သောအရပ်၌။နိသီဒိ၊နေလေ၏။ဧကမန္တံ၊တင့်အပ်လျောက်ပတ်သော အရပ်
၌။ နိသိန္နော၊ နေလေပြီးသော။ အာယသ္မာဖဂ္ဂုနော၊ အသျှင်ဖဂ္ဂုန္နမထေရ်
သည်။ဘဂဝန္တံ၊ဘုရားသျှင်ကို။ဧတံ၊ဤသို့သောစကားကို။အဝေါစ၊နားတော်
လျှောက်ကြားတင်ထားလေ၏။ ဘန္တေ၊မြတ်စွာဘုရား။ အတီတေ၊လွန်လေ
ကုန်ပြီးသော။ ပရိနိဗ္ဗုတေ၊နိဗ္ဗာန်ရွှေနန်းစံမြန်းနေကြကုန်သော။ ဆိန္နပပဉ္စေ၊
ပြတ်ပြီးသောတဏှာမာနဒိဋ္ဌိဟူသော ပပဉ္စတရားသုံးပါးရှိကုန်သော။ ဆိန္န
ဝဋုမေ၊ပြတ်ပြီးသောသံသရာခရီးခဲရှိကုန်သော၊ ပရိယာဒိန္နဝဋ္ဋေ၊ကုန်ခန်း
ပြီးသောဝဋ်ဆင်းရဲရှိကုန်သော။သဗ္ဗဒုက္ခဝီတိဝတ္တေ၊အလုံးစုံသော ဝဋ်ဒုက္ခ
ကို လွန်၍နေတော်မူကြကုန်သော။ ဗုဒ္ဓေ၊ မြတ်စွာဘုရားတို့ကို၊ ယေန
စက္ခုနာ၊အကြင်မျက်စိတော်ဖြင့်။ ပညာပယမာနော၊ ဘုရားဟုပညတ်ခေါ်
ဆိုလိုသောသူသည်။ပညာပေယျ၊ပညတ်ခေါ်ဆိုရာ၏။ တံစက္ခု၊ထိုဘုရား
ဟုပညတ်ခေါ်ဆိုကြောင်းဖြစ်သောချက်စိတော်မြတ်သည်။အတ္ထိနုခေါ၊ရှိပါ
သေးသလော။ပ။ယေနသောတေန၊ အကြင်နားတော်ဖြင့်။ပ။ယေနဃာနေန၊
အကြင်နှာခေါင်းတော်ဖြင့်။ပ။ယာယဇိဝှါယ၊အကြင်လျှာတော်ဖြင့်။ပ။ယေန
ကာယေန၊အကြင်ကိုယ်ဖြင့်။ပ။ယေနမနေန၊အကြင်စိတ်တော်ဖြင့်။ပ။ပညာ
ပေယျ၊ဘုရားဟူ၍ပညတ်ရာ၏။သောမနော၊ထိုဘုရားဟူ၍ ခေါ်ဝေါ်ပညတ်
ကြောင်းဖြစ်သောစိတ်သည်။ အတ္ထိနုခေါ၊ ရှိပါသေးသလော။ ဣတိ၊ ဤသို့
ဖဂ္ဂုန္နရဟန်းလျှောက်ထားသည်ရှိသော်။ ဖဂ္ဂုန၊ ချစ်သားဖဂ္ဂုန။ အတီတေ၊
လွန်လေကုန်ပြီးသော။ ပရိနိဗ္ဗုတေ၊ နိဗ္ဗာန်ရွှေနန်းစံမြန်း၍ နေကြကုန်သော။
ဆိန္နပပဉ္စေ၊ ပြတ်ပြီးသော ပပဉ္စတရား ရှိကုန်သော။ ဝါ၊ သံသရာကိုချဲ့ထွင်
တတ်သောဘဏှာမာနဒိဋ္ဌိတို့ကိုဖြတ်တောက်နိုင်ကုန်ပြီးသော။ ဆိန္နဝဋုမေ၊
အဘည်မကျ ပြေးသွားရရာ သံသရာခရီး တကယ့်ဘေးကြီးကို ဖြတ်နိုင်
ကုန်ပြီးသော၊ ပရိယာဒိန္နဝဋ္ဋေ၊ကုန်ခန်းပြီးသောဝဋ်ဒုက္ခရှိကုန်သော။ သဗ္ဗ
ဒုက္ခဝီတိဝတ္တေ၊ အလုံးစုံသောဝဋ်ဆင်းရဲကို လွန်မြောက်တော်မူကြကုန်ပြီးသော။
ဗုဒ္ဓေ၊ဘုရားသျှင်တို့ကို။ ယေနစက္ခုနာ၊အကြင်စက္ခုဖြင့်။ပညာပယမာနော၊
ပညတ်ခေါ်ဝေါ်လိုသောသူသည်။ ပညာပေယျ၊ ပညတ်ခေါ်ဆိုရာ၏၊ တံ
စက္ခု၊ ထိုစက္ခုသည်။ နတ္ထိ၊ မရှိ။လ။ တံသောတံ၊ ထိုသောတသည်။ နတ္ထိ၊

မရှိ။လ။တံ စသာနံ၊ ထိုစသာနသည်။ပ။ သာ ဖိဂ္ဂါ၊ ထိုလျှာသည်။ပ။ သော ကာယော၊ထိုကိုယ်သည်။ပ။သောမနော၊ ထိုစိတ်သည်။နတ္ထိ၊မရှိ။ဣတိ၊ဤသို့ ဘုရားသျှင်မိန့်ကြားတော်မူ၏၊ ။

ဤသို့ဟောကြားတော်မူအပ်သော သဠာယတနသံယုတ်ပါဠိတော်ဖြင့်။ ပရိနိဗ္ဗာန်စံ၍နေကြကုန်သော ဘုရားပစ္စေကဗုဒ္ဓါသာဝကတို့အား၊ ဘုရား ပစ္စေကဗုဒ္ဓါအစရှိသည်ဖြင့် ခေါ်ဝေါ်ကြောင်းဖြစ်သော မျက်စိနားနှာခေါင်း စသော ရုပ်နာမ်တရားတို့ မရှိသည်ကိုသာ ပြတော်မူသည်။ အလုံးစုံ ပြတ်တောက်အချည်းနှီးအဘာဝအဖြစ်သို့ရောက်သွားသည်ကိုပြဆိုတော် မူသည်မဟုတ်။အကယ်၍ယင်းသို့ပြတော်မူသည်ဆိုခဲ့သော်။ထိုဘုရားသျှင် စသည်တို့ရုတ်ပြီးနောက် အဘာယ်နိဗ္ဗာန်၌မျှ မဖြစ်ပြီ။ အဘာယ်နိဗ္ဗာန်သို့ ရောက်သောမည်သည်မရှိ။အလုံးစုံပြတ်တောက်၍သွားသည်ဆိုရာရောက်ခဲ့ တော့မည်။ယင်းသို့ဆိုခဲ့လျှင်လည်း။ရဟန္တာပုဂ္ဂိုလ်များသေသွားပြီးနောက် တဘာန်မဖြစ်ရောက်လာပြီလောဟူ၍ ပသေနဒီကောသလမင်းကြီး ဘုရား သျှင်အားလျှောက်ကြားရာ။ ဤသို့ရဟန္တာပုဂ္ဂိုလ်များ သေသွားပြီးနောက် မဖြစ်လာပြီ ဟူ၍ ငါဟောတော်မမူ။ ဤသို့သော အခြင်းအရာအားဖြင့် ဘုရားသျှင်ဟောကြားတော်မူအပ်သောရင်းသဠာယတနသံယုတ်ပါဠိတော် ကောသလရာဇ ပုစ္ဆာသုတ်နှင့် ရှေ့နောက် ပုဗ္ဗာပရဝိရုဒ္ဓဒေါသ ဧကန္တ ဖြစ်တော့သတ္တံ့။ ရင်းပြင်လည်း ယင်းနည်းတူပင်လျှင် ဝစ္ဆပရိဗိုဇ်လျှောက် ထားရာ ဘုရားသျှင်ဖြေကြားတော်မူအပ်သော မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ ယင်းနည်းတူပင်ဥပသိဝပုစ္ဆာလျှောက်ထား၍ ဘုရားသျှင်ဖြေကြားတော် မူအပ်သောသုတ္တနိပါတ်သပါဠိတော်စသည်တို့နှင့်ငင်စစ်ဝိရုဒ္ဓဖြစ်တော့လတ္တံ့။ ။ ဤဆိုလတ္တံ့သည်တို့ကား ယင်း သဠာယတနသံယုတ် ပါဠိတော် မဇ္ဈိမ ပဏ္ဏာသပါဠိတော် အဋ္ဌကထာဋီကာစသည်တို့တည်း။ ။

အထခေါ ရာဇာပသေနဒီကောသလော ခေမာယာဘိက္ခုနိယာဘာသိတံ အဘိနန္ဒိတွာ အနုမောဒိတွာ ဥဋ္ဌာယာသနာ ခေမံဘိက္ခုနိံ အဘိဝါဒေတွာ ပဒက္ခိဏံကတွာပက္ကာမိ။ အထခေါရာဇာပသေနဒီကောသလော အပရေန သမယေန ယေနဘဂဝါ၊ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံအဘိဝါ ဒေတွာဧကမန္တံနိသီဒိ။ဧကမန္တံနိသိန္နောခေါရာဇာပသေနဒီကောသလော ဘဂဝန္တံ ဧတဒဝေါစ။ ကိံနုခေါ ဘန္တေ ဟောတိ တထာဂတော ပရံ မရဏာတိ။ အဗျာကတံ ခေါ ဧတံမဟာရာဇ ဟောတိ တထာဂတော

ပရံမရဏာတိ။ ကိံပန ဘန္တေ နဟောတိ တထာဂတော ပရံမရဏာတိ။ တံပိခေါ မဟာရာဇ အဗျာကတံ နဟောတိတထာဂတောပရံမရဏာတိ။ ကိံနုခေါ ဘန္တေ ဟောတိစ နစဟောတိ တထာဂတော ပရံမရဏာတိ။ အဗျာကတံခေါတံမဟာရာဇမယာ ဟောတိစနစဟောတိတထာဂတော ပရံမရဏာတိ။ ကိံပနဘန္တေ နေဝဟောတိ နနဟောတိ တထာဂတော ပရံမရဏာတိ။ တံပိခေါ မဟာရာဇ အဗျာကတံ မယာ နေဝ ဟောတိ နနဟောတိ တထာဂတော ပရံမရဏာတိ။ ကိံနုခေါ ဘန္တေ ဟောတိ တထာဂတော ပရံမရဏာတိ ဣတိပုဋ္ဌောသမာနော တံ မဟာရာဇ အဗျာကတံ မယာ ဟောတိ တထာဂတော ပရံမရဏာတိ ဝဒေတိ။ လ။ ကိံပန နေဝဟောတိနနဟောတိတထာဂတောပရံမရဏာတိ ဣတိပုဋ္ဌော သမာနော တံပိခေါမဟာရာဇအဗျာကတံမယာ နေဝဟောတိနနဟောတိ တထာဂတော ပရံမရဏာတိဝဒေတိ။ ကောနုခေါ ဘန္တေ ဟေတု ကော ပစ္စယော ယေနေတံအဗျာကတံ ဘဂဝတာတိ။ တေနဟိ မဟာရာဇ တညေဝ ဧတ္ထပဋိပုစ္ဆိဿာမိ။ ယထာတေခမေယျ၊ တထာနံဗျာကရေယျာသိ။ တံကိံ မညသိ မဟာရာဇ အတ္ထိ တေကောစိ ဂဏကောဝါ မုဒ္ဒိကောဝါ သင်္ချာယကောဝါ။ ယောပဟောတိဂင်္ဂါယဝါလုကံ ဂဏေတုံ ဧတ္တကာနိဝါလုကာ နိဣတိဝါ။ လ။ ဝါလုကာသတသဟဿာနိ ဣတိဝါတိ။ နောဟေတံ ဘန္တေ။ အတ္ထိပန တေ ကောစိဂဏကောဝါ မုဒ္ဒိကောဝါ သင်္ချာယကောဝါ။ ယောပဟောတိ မဟာသမုဒ္ဒေဥဒကံဂဏေတုံ ဧတ္တကာနိဥဒကာဠှကာနိဣတိဝါ။ လ။ ဧတ္တကာနိ ဥဒကာဠှက သတသဟဿာနိဣတိ ဝါတိ။ နောဟေတံ ဘန္တေ။ တံကိဿ ဟေတု။ မဟာဟိဘန္တေသမုဒ္ဒေါ ဂမ္ဘီရောအပ္ပမေယျောဒုပ္ပရိယောဂါဠှော။ ဧဝမေဝခေါမဟာရာဇ ယေနရူပေန တထာဂတံ ပညာပယမာနော ပညာ ပေယျ၊ တံရူပံတထာဂတဿပဟီနံဥစ္ဆိန္နမူလံတာလာဝတ္ထုကတံအနဘာဝံ ကတံ အာယတိံ အနုပ္ပါဒဓမ္မံ၊ ရူပသင်္ခါယဝိမုတ္တောခေါ မဟာရာဇ တထာ ဂတောဂမ္ဘီရောအပ္ပမေယျောဒုပ္ပရိယောဂါဠှော သေယျထာပိ မဟာရာဇ သမုဒ္ဒေါ၊ ဟောတိတထာဂတော ပရံမရဏာတိပိ နဥပေတိ။ နဟောတိ တထာဂတော ပရံမရဏာတိပိ နဥပေတိ၊ ဟောတိစနစဟောတိ တထာ ဂတောပရံမရဏာတိပိနဥပေတိ။ နေဝဟောတိနနဟောတိ တထာဂတော ပရံမရဏာတိပိနဥပေတိ။ လ။ အစ္ဆရိယံဘန္တေ အဗ္ဘုတံဘန္တေ ယတြဟိနာမ သတ္ထုစေဝသာဝကဿစ အတ္ထေနအတ္ထော ဗျဉ္ဇနေနဗျဉ္ဇနံ သံသန္ဒိဿတိ

သမေဿတိ နဝိရောဓယိဿတိ ယဒိဒံ အဂ္ဂပဒသ္မိံ။ ကေမိဒါပဟံဘန္တေ သမယံခေမံဘိက္ခုနိံ ဥပသင်္ကမိတွာ ဧတမတ္ထံ အပုစ္ဆိံ။ သာပိမေအယျာ ဧတေဟိ ပဒေဟိ ဧတေဟိ ဗျဉ္ဇနေဟိ ဧတမတ္ထံ ဗျာကာသိ သေယျထာပိ ဘဂဝါ။ အစ္ဆရိယံ ဘန္တေ အဗ္ဘုတံ ဘန္တေ ယတြဟိနာမ သတ္ထုစေဝ သာဝိကာယစ အတ္ထေနအတ္ထော ဗျဉ္ဇနေနဗျဉ္ဇနံ သံသန္ဒိဿတိသမေဿတိ နဝိရောဓယိဿတိ ယဒိဒံအဂ္ဂပဒသ္မိံ။ဟန္ဒဒါနိဘန္တေဂစ္ဆာမ ဗဟုကိစ္စာ ဗဟုကရဏီယာတိ။ ယဿဒါနိတွံမဟာရာဇကာလံမညသီတိ။ အထခေါ ရာဇာပသေနဒိကောသလော ဘဂဝတောဘာသိတံ အဘိနန္ဒိတွာ အနုမောဒိတွာ ဥဋ္ဌာယာသနာ ဘဂဝန္တံ အဘိဝါဒေတွာ ပဒက္ခိဏံ ကတွာ ပက္ကာမီတိ။ ။သဠာယတနသံယုတ်ပါဠိတော်။ ။၄၂။ ။

ယေနရူပေနတထာဂတန္တိ ယေနရူပေန ဒီဃောရဿောသာမောဩဒါတောတိ သတ္တသင်္ခါတံ တထာဂတံ ပညာပေယျ။ တံရူပံတထာဂတဿ ပဟီနန္တိ တံဝတ္ထုပ္ပကာရံ ရူပံ သမုဒယပ္ပဟာနေန သဗ္ဗညုတထာဂတဿ ပဟီနံ၊ ရူပသင်္ခါယဝိမုတ္တောတိအာယတိံ ရူပဿအနုပ္ပတ္တိယာ ရူပကောဋ္ဌာသေနာပိ ဝေရူပေါနာမဘာဝိဿတီတိ ဝေါဟာရဿပဋိပဿဒ္ဓတ္တာ ရူပပဏ္ဏတ္တိယာပိ ဝိမုတ္တော။ ဂမ္ဘီရောတိ အဇ္ဈာသယဂမ္ဘီရတာယစ-ဂုဏဂမ္ဘီရတာယစ ဂမ္ဘီရော။တဿဧဝံဂုဏဂမ္ဘီရဿသတောသဗ္ဗညုတထာဂတဿ ယံဥပါဒါယ သတ္တသင်္ခါတောတထာဂတောတိ ပညတ္တိဟောတိ။ တဒဘာဝေန တဿာပညတ္တိယာ အဘာဝံပဿန္တဿ သတ္တသင်္ခါတော ဟောတိ တထာဂတော ပရံမရဏာတိ ဣဒံပိဝစနံ နဥပေတိ နယုဇ္ဇတိ။ နဟောတိတထာဂတောပရံမရဏာတိအာဒိဝစနံပိ နဥပေတိ နယုဇ္ဇတီတိ အတ္ထော။ ။သဠာယတနသံယုတ်အဋ္ဌကထာ။ ။

တထာဂတောတိ ခီဏာသဝတထာဂတံသန္ဓာယပုစ္ဆတိ။ ခီဏာသဝေါစယေအရဟတ္တဖလဘာဝိတေခန္ဓေဥပါဒါယ သတ္တပညတ္တိဟောတိ။ တေသု ခန္ဓေသု သတိ ခီဏာသဝဿ ဝေါဟာရေန ပညာပေတုံ သက္ကာဘဝေယျ။အသန္တေသု သက္ကာ။တသ္မာပရမ္မရဏာတိဝုတ္တေ ဧတံ အဘာဝါ အဗျာကတမေတန္တိ ဝုတ္တံ၊ ယဒိပိဧဝံ သဘာဝတော နဟောတိ တထာဂတော ပရမ္မရဏာတိ ပုဋ္ဌော ဧသ အာမာတိ ပဋိဇာနိတဗ္ဗော သိယာ။ တထာပိ သက္ကာ သတ္တသင်္ခါတဿ ပုဂ္ဂလဿ ပဋိက္ခိပိတုန္တိ ဧဝမ္ပိတိ အာဒိဝုတ္တံ။ ။သဠာယတနသံယုတ်ဋီကာ။ ။

ယခုအခါ ရင်းထုတ်ပြအင်ခဲ့ပြီးသော သဋ္ဌာယတနသံယုတ်ပါဠိတော် အဋ္ဌကထာ ဋီကာတို့၏အနက်ကို မပြဆိုခဲ့လျှင်။ ထိုပါဠိတော် အဋ္ဌကထာ ဋီကာတို့၏။ အလွန်ခက်ခဲသောအနက်အဓိပ္ပါယ်များကို နေရာကျအနက် သမ္ဘန်နိုင် အဓိပ္ပါယ်ယူနိုင်ကြမည်အရေး အလွန်ကွာဝေး၍နေမည်ကြောင့် ဂန္ထပိတ္တာရဒေါသကို ဂရုမထား ရေးသားဦးလတ္တံ့။ ။ဤပါဠိတော်အဋ္ဌကထာဘို့၏ အနက်အဓိပ္ပါယ်ကို သေချာစွာနားလည်ကြမှ၊ရဟန္တာပုဂ္ဂိုလ်တို့ရဟိုပြီးနောက် ပျောက်၍ပြတ်၍မသွား၊ ရူပါဒိသခ်ါ၊ဝိမုတ္တအသျှင်များဖြစ်၍ နိဗ္ဗာန်၌တည်နေကြသည်၊ဘယ်ပုံဘယ်နည်းဖြစ်၍တည်နေကြသည်ဟူ၍လည်း ဝေနေယျတို့ ဉာဏ်ဖြင့် မဆိုနိုင်အောင် မထောက်လှမ်းနိုင်အောင် လွန်စွာနက်နဲ၍နေတော်မူကြသည်ဟူသောစကားကို အထူးအားဖြင့် ယုံကြည်ကြနိုင်မည်ဖြစ်၍။ ဤပြဆိုလတ္တံ့သော ယင်းသဋ္ဌာယတနသံယုတ်ပါဠိတော် အဋ္ဌကထာဋီကာတို့၏ အနက်ယောဇနာနည်း အဓိပ္ပါယ်ယူနည်းများကို အထူးအားဖြင့် သဘောကျကြအောင် မပျင်းမရိ သတိ[illegible]ဆောင်နိုင်ကြပါစေကုန်သတည်း။ ။

[illegible]ထခေါ်၊ထိုသာဝတ္ထိခေါ် ရှုပြည်ကျော်ဝယ် သီတင်းသုံးနေတော်မူ[illegible]အခါ၌။ရာဇာပသေနဒီကောသလော၊ ပသေနဒီကောသလမင်းကြီးသည်။ ခေမာယဘိက္ခုနိယာ၊ ခေမာဘိက္ခုနီမသည်။ ဘာသိတံ၊ဟောပြောအင်သော ရဟန္တာပုဂ္ဂိုလ်သေသည်မှနောက်ဖြစ်သေး၏ဟူ၍ ငါမဟော၊ မဖြစ်ဟူ၍လည်းငါမဟော၊ ဤသို့အစရှိသောတရားစကားတော်ကို။ အဘိနန္ဒိတွာ၊နှစ်သက် ရှင်လန်းခဲ့ပြီး၍။အနုမောဒိတွာ၊ဝမ်းမြောက်ဝမ်းသာခဲ့ပြီး၍။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ထခဲ့ပြီး၍။ ခေမံဘိက္ခုနိံ၊ ခေမာဘိက္ခုနီမကို။ အဘိဝါဒေတွာ၊ရှိခိုးဝပ်ချခဲ့ပြီး၍။ပဒက္ခိဏံ၊နောက်ဆုတ်ကိုယ်ပစ်လက်ယာရစ်လှည့်ပြန်သည်ကို။ ကတွာ၊ပြုပြီး၍။ ပက္ကမိ၊ ဖဲ့သွားခဲ့လေ၏။ အထခေါ်၊ ထိုသို့ဖဲသွားပြီးသည့်နောက်မှလျှင်။အပရေနသမယေန၊တပါးသောအခါ၌။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ထိုဘုရားရှိတော်မူရာအရပ်သို့။ဥပသင်္ကမိ၊ကပ်လေ၏။ဥပသင်္ကမိတွာ၊ ကပ်လေပြီး၍။ ဘဂဝန္တံ၊မြတ်စွာဘုရားကို။ အဘိဝါဒေတွာ၊ရှိသေ့စွာ်နွှး ရှိခိုးဦး၍။ဧကမန္တံ၊တင့်အပ်လျောက်ပတ် အပြစ်ခြောက်ပါးကင်းသောအရပ်၌။နိသီဒိ၊နေလေ၏။ ဧကမန္တံ၊တင့်အပ်လျောက်ပတ်သောအရပ်၌။ နိသိန္နော၊ နေထိုင်ပြီးသည် ရှိသော်။ ရာဇာ ပသေနဒီ ကောသလော၊ ပသေနဒီ

ကောသလမင်းကြီးသည်။ ဘဂဝန္တံ၊ ဘုရားသျှင်ကို။ ဧတံဝစနံ၊ ဤသို့သော
စကားကို။ အဝေါစ၊ နားတော်သွင်းသား လျှောက်ကြားလေ၏၊ ဘန္တေ၊
ရှင်ဘုန်းတော်သျှင်၊ တထာဂတော၊ ရဟန္တာဖြစ်သောသူသည်။ ပရံမရဏာ၊
သေသည်မှနောက်၌။ နုခေါ၊ စင်စစ်လျှင်။ ဟောတိကိံ၊ ဖြစ်ပါသေးသလော။
ဣတိ၊ ဤသို့လျှောက်ထားသည်ရှိသော်၊ မဟာရာဇ၊ မင်းကြီး။ ဧတံ၊ ဤသို့သော။
ဟောတိတထာဂတောပရံမရဏာတိ၊ ရဟန္တာပုဂ္ဂိုလ်သေပြီးသည့်နောက်
ဖြစ်သေး၏ဟူသောစကားကို၊ အဗျာကတံ၊ ငါဟောကြားတော်မမူ။ ဣတိ၊
ဤသို့ဘုရားသျှင်မိန့်ကြားတော်မူသောအခါဝယ်၊ ဘန္တေ၊ မြတ်စွာဘုရား။
ပန၊ ထိုသို့မဟုတ်လျှင်။ တထာဂတော၊ ရဟန္တာပုဂ္ဂိုလ်သည်။ ပရံမရဏာ၊
သေသည်မှနောက်၌။ နဟောတိကိံ၊ မဖြစ်ပါဘဲ အမြဲပျောက်၍ သွားပါ
သလော။ ဣတိ၊ ဤသို့ကောသလမင်းကြီး တဘန် လျှောက်ထားပြန်သည်
ရှိသော်။ မဟာရာဇ၊ မင်းမြတ်။ မယာ၊ သည်။ ဧတံပိခေါ နဟောတိတထာ
ဂတောပရံမရဏာတိ၊ ဤရဟန္တာပုဂ္ဂိုလ်သေပြီးသည့်နောက် ပျောက်၍
သွားလေပြီ မဖြစ်ဟူသောစကားကိုလည်း။ အဗျာကတံ၊ ဟောကြားတော်
မမူ။ ဣတိ၊ ဤသို့ဘုရားသျှင်ကတဘန်မိန့်ကြားတော်မူပြန်သောအခါဝယ်၊
ဘန္တေ၊ ရှင်ဘုန်းတော်သခင် ထိပ်ခေါင်တင်။ နုခေါ၊ ယင်းသို့မဟုတ်ခဲ့လျှင်။
တထာဂတော၊ ရဟန္တာသခင် ပုဂ္ဂိုလ်သျှင်သည်။ ပရံမရဏာ၊ သေသည်မှ
နောက်၌။ ဟောတိစနဟောတိစ၊ အချို့လည်းဖြစ်သေး၏ အချို့လည်းမဖြစ်
မှတ်ရပါမည်လော။ ဣတိ၊ ဤသို့တဘန် လျှောက်ထား ပြန်သည်ရှိသော်။
မဟာရာဇ၊ မင်းကြီး။ ဧတံပိခေါ၊ လ။ ပရံမရဏာတိ၊ ဤရဟန္တာပုဂ္ဂိုလ်သေပြီး
သည့်နောက် အချို့လည်းဖြစ်၏ အချို့လည်းမဖြစ်ဟူသောစကားကိုလည်း။
အဗျာကတံ၊ ငါဟောကြားတော်မမူ။ ဣတိ၊ ဤသို့ဘုရားသျှင်က တဘန်
မိန့်ကြားတော်မူပြန်သည်ရှိသော်။ ဘန္တေ၊ မြတ်စွာဘုရား။ ပန၊ ထိုသို့
ဟောတော်မမူခဲ့လျှင်။ တထာဂတော၊ ရဟန္တာဖြစ်သော ပုဂ္ဂိုလ်သည်။
ပရံမရဏာ၊ သေပြီးသည့်နောက်၌။ နေဝဟောတိ နနဟောတိ၊ ဖြစ်သည်
လည်းမဟုတ် မဖြစ်သည်လည်းမဟုတ် မှတ်ရပါမည်လော။ ဣတိ၊ ဤသို့
လျှောက်ထားပြန်သောအခါဝယ်။ မဟာရာဇ၊ ကောသလမင်းကြီး။ မယာ၊
ငါဘုရားသည်။ ဧတံပိခေါနေဝဟောတိ နနဟောတိ တထာဂတော ပရံ
မရဏာတိ၊ ဤရဟန္တာပုဂ္ဂိုလ် သေပြီးသည်နောက် ဖြစ်သေးသည်လည်း
မဟုတ် မဖြစ်သည်လည်းမဟုတ်ဟူသော စကားကိုလည်း။ အဗျာကတံ၊

ဟောကြားတော်မမူ။ ဣတိ၊ ဤသို့ဘုရားသျှင် မိန့်ကြားတော်မူပြန်သည် ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသောမြတ်စွာဘုရား။ ကိံနုခေါ၊ အဘယ် ကြောင့်လျှင်။ဟောတိတထာဂတောပရံမရဏာတိ၊ရဟန္တာပုဂ္ဂိုလ်သေပြီး သည်နောက်ဖြစ်ပါသေးသလောဟူ၍။ပုဗ္ဗောသမာနော၊မေးလျှောက်ပါသည် ရှိသော်။ ဝေံမဟာရာဇ ဟောတိ တထာဂတော ပရံမရဏာတိ၊ ဤသို့ ရဟန္တာ ပုဂ္ဂိုလ် သေသည်မှနောက် ဖြစ်သေး၏ ဟူသော စကားကို။ အဗျာကတံ၊ ငါဟောကြားတော်မမူအပ်။ ဣတိ၊ဤသို့။ ဝဒေတိ၊ ဆိုတော် မူ၏။ ပ။ ဘန္တေ၊ ရှင်ဘုန်းတော်သျှင်။ ယေန၊ အကြင်အကြောင်းကြောင့်။ တံ၊ ထိုလေးချက် အမေးကို။ ဘဂဝတာ၊ မြတ်စွာ ဘုရားသည်။ အဗျာ ကတံ၊ ဟောကြားတော်မမူအပ်။သောဟေတု၊ ထိုအကြောင်းရင်းသည်။ ကောနုခေါ၊ အဘယ်ပါနည်း။ သောပစ္စယော၊ ထိုအထောက်အပံ့သည်။ ကောနုခေါ၊ အဘယ်ပါနည်း။ ဣတိ၊ ဤသို့ကောသလမင်းကြီး စစ်ဆေးပြန် လျှောက်သည်ရှိသော်၊ မဟာရာဇ၊ မင်းမြတ်။ တေနဟိ၊ထိုသို့သိလိုရေးနှင့် စစ်ဆေးပြန်သောကြောင့်။ ဧတ္ထ၊ ဤအရာ၌။တံယေဝ၊ သင်မင်းမြတ်ကို သာလျှင်။ ပဋိပုစ္ဆိဿာမိ၊ ပြန်မေးဦးအံ့။ ယထာ၊ အကြင်အခြင်းအရာဖြင့်။ တေ၊သင်အား။ ခမေယျ၊ နှစ်သက်၏။ တထာ၊ ထိုအခြင်းအရာဖြင့်နံ၊ ထိုငါ မေးအပ်လတ္တံ့သည်ကို။ဗျာကရေယျာသိ၊ဖြေကြားဦးလော့။ ၊မဟာရာဇ၊ ကောသလမင်းကြီး။ တံ၊ ထိုငါမေးတော်မူလိမ့်သောအရာကို။ ကိံမညသိ၊ အသို့အသင်အောက်မေ့ဘိသနည်း။ တေ၊ သင်မင်းကြီးအား။ ကောစိ၊ တစုံ တယောက်သော။ ဂဏကောဝါ၊ ဟူးရားကိုးကြောင်း အပေါင်းဂဏန်း တတ်သောသူသည်လည်းကောင်း။ မုဒ္ဒိကောဝါ၊ လက်ချိုး အရေအတွက် ကောင်းသောသူသည်လည်းကောင်း။သင်္ချာယကောဝါ၊ သစ်ပင်ကိုမြင်ကာ မျှဖြင့်ရွက်ပေါင်းမည်မျှရှိ၏စသည်ဖြင့်ရေတွက်ခြင်းအရာသင်္ချာတတ်သော သူသည်လည်းကောင်း။ အတ္ထိကိံ၊ ရှိသည် မဟုတ်လော။ သော၊ ထိုသို့ ဂဏန်းသင်္ချာအရေအတွက်ကောင်းသောသူလူများအပေါင်းသည်။ဂင်္ဂါယ၊ ဂင်္ဂါမြစ်ကြီး၌။ ဝါလုကံ၊ သဲပုကို။ ဧတ္တကာနိဝါလုကာနီတိဝါ၊ ဤမျှလောက် သောသဲတို့ဟူ၍ လည်းကောင်း။ လ။ ဧတ္တကာနိ ဝါလုကသတသဟဿာ နိတိဝါ၊ဤမျှလောက်သဲအသိန်းတို့ဟူ၍လည်းကောင်း။ ဂဏေတုံ၊ရေတွက် ခြင်းငှါ။ ပဟောတိကိံ၊ စွမ်းနိုင်ပါမည်လော။ ဘန္တေ၊ မြတ်စွာဘုရား။ ဧတံ၊ ဤသို့စွမ်းနိုင်မည့်အရာသည်။ နော၊ မသင့်ပါ။ တေ၊ သင်မင်းကြီးအား။ဂဏ

ကောဝိ၊ ဂဏန်းတတ်သောသူသည်လည်းကောင်း။ မုဒ္ဒိကောဝိ၊ လက်ချိုး
အခရေအတွက် ကောင်းသော သူသည်လည်းကောင်း။ သင်္ချာယကောဝိ၊
သင်္ချာတတ်သော သူသည်လည်းကောင်း။ အတ္ထိ၊ ရှိသည်မဟုတ်ပါလော။
သော၊ ထိုသူများအပေါင်းသည်။ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌။ ဥဒကံ၊
ရေကို။ ဧတ္တကာနိဥဒကာဠှကာနီတိဝါ၊ ဤမျှလောက်ရေကွမ်းစားတို့ ဟူ၍
ငင်း။လ။ ဧတ္တကာနိ ဥဒကာဠှကသတသဟဿာနီတိဝါ၊ ဤမျှလောက်ရေ
ကွမ်းစား အသိန်းတို့ဟူ၍ လည်းကောင်း။ ဂဏေတုံ၊ ရေတွက်ခြင်းငှါ။
ပဟောတိကိံ၊ စွမ်းနိုင်ပါမည်လော။ ဘန္တေ၊ ရှင်ဘုန်းတော်သျှင်။ ဧတံ၊ဤ
သမုဒ္ဒရာရေအရကိုရေတွက်ခြင်းငှါ စွမ်းနိုင်မည့်အရာသည်။ နော၊ မသင့်ပါ
ဘုရား။ တံ၊ထိုမသင့်ခြင်းသည်။ကိဿဟေတု၊အဘယ့်ကြောင့်နည်း။ ဘန္တေ၊
မြတ်စွာဘုရား။ သမုဒ္ဒေါ၊သမုဒ္ဒရာသည်။မဟာ၊ကြီးကျယ်လှပါ၏။ဂမ္ဘီရော၊
နက်လှပါ၏။ အပ္ပမေယျော၊ ကြီးစသည်တို့ဖြင့် မနှိုင်းချည့်နိုင်စကောင်းပါ။
ဒုပ္ပရိယောဂါဟော၊ တာဝါးစသည်တို့ဖြင့် မထောက်လှမ်းနိုင်စကောင်းပါ။
မဟာရာဇ၊ မင်းကြီး။ ဧဝမေဝခေါ၊ ဤနည်းအတူငင်းလျှင်။ ယေနရူပေန၊
အကြင်နှစ်ဆဲ့ရှစ်ခု ရုပ်အစုဖြင့်။တထာဂတံ၊ရဟန္တာကို။ပညာပယမာနော၊
ရှည်သောသူ မည်းနက်သောသူ အစရှိသည်ဖြင့် ခေါ်ဝေါ်ပညတ်သော
သူသည်။ ပညာပေယျ၊ပညတ်ရာ၏။ တံရူပံ၊ထိုသတ္တဝါဟုခေါ်ဝေါ်ပညတ်
ကြောင်း ရုပ်တရားအပေါင်းကို။ ဝါ၊ ရုပ်၌သတ္တဝါဟု ထင်မှားတတ်သော
သညာ တဏှာ မာန ဒိဋ္ဌိ အပေါင်းကို။ပဟီနံ၊ပယ်တော်မူအပ်ပြီ။ဥစ္ဆိန္နမူလံ၊
ဖြတ်အပ်ပြီးသော အဝိဇ္ဇာဟူသော အမြစ်မူလရှိပြီ။ တာလာဝတ္ထုကတံ၊
လည်ဆစ်ပြတ်ပြတ်ထန်းပင်ငုတ်ကဲ့သို့ ပြုအပ်ပြီ။အနဘာဝံ၊တဘန်အသစ်
လူ၍မဖြစ်နိုင်အောင်။ ကတံ၊ ပြုတော်မူအပ်ပြီ၊ အာယတိံ၊ နောင်ဘဝ၌။
အနုပ္ပါဒဓမ္မံ၊ ဖြစ်လာနိုင်ဘွယ်သဘောမရှိရအောင်။ ကတံ၊ပြုတော်မူအပ်ပြီ။
မဟာရာဇ၊ရဟန္တာပုဂ္ဂိုလ်တို့ သေပြီးသည့်နောက် ဖြစ်လေဦးမည် မဖြစ်
မည်ကို မေးလျှောက်သာသောဒါယကာမင်းကြီး။ ခေါ၊စင်စစ်၊ ရူပသင်္ခါ
ဝိမုတ္တော၊ရုပ်ဟူသောပညတ်မှလွတ်၍နေသော။ဝါ၊ရုပ်နှင့်စပ်သော လူနတ်
သတ္တဝါဟူသောပညတ်မှ လွတ်၍နေသော။ ထထာဂတော၊ ဒိဏ္ဏာသဝ
ပုဂ္ဂိုလ်သည်၊ဂမ္ဘီရော၊ မိမိလွတ်၍နေရာနိဗ္ဗာန်၌ ရှိ၏မရှိဟူ၍မဆိုနိုင် မယူ
နိုင်အောင် ဒိဋ္ဌိဗျာသယအရာအားဖြင့်နက်နဲခြင်း၊ ဤမျှလောက်သောဂုဏ်
ရှိ၏ဟူ၍မဆိုနိုင်စရာဂုဏ်၏အရာအားဖြင့် နက်နဲခြင်းတို့ဖြင့် နက်နဲ၍နေ၏။

အပ္ပမေယျော၊ အမျိုးအမည်အားဖြင့် ဤသူလိုတည်းဟု နှိုင်းရှည့်စရာမရှိ ဖြစ်၍နေ၏၊ ဒုပ္ပရိယောဂါဟော၊ဤသည့်ခြင်းရာ ဤလိုဟာဟု ဝေနေယျတို့ ညာဏ်ဖြင့်သက်ဝင်နိုင်ခဲ၏။ မဟာသမုဒ္ဒေါသေယျထာပိ၊ မဟာသမုဒြါရေ အစုကဲ့သို့ဖြစ်၍နေ၏။ တဿ၊ ထိုသို့သတ္တဝါဟုခေါ်ဝေါ်ကြောင်း ရုပ်တရားတို့၌ သတ္တဝါဟု မှတ်တတ်သော သက္က သညာ တဏှာ မာန ဒိဋ္ဌိတို့ကို ပယ်တော်မူပြီးသည့်အဖြစ်၊ ရုပ်နှင့်စပ်သော သတ္တဝါဟူသော ပညတ်မှ လွတ်၍နေသော ရူပသင်္ခါရမုတ္တပုဂ္ဂိုလ်၏အလွန်နက်နဲ၍နေသည်၏အဖြစ် ကြောင့်။ ။တဿကား ဂမျမာန်။ ။တထာဂတော၊ ရဟန္တာပုဂ္ဂိုလ်သည်။ ပရမ္မရဏာ၊ သေသည်မှနောက်၌။ ဟောတိ၊ဖြစ်သေး၏။ ဣတိပိဝစနံ၊ဤသို့ ငါဘုရားဟောကြားတော်မူသော်လည်း။ နဉပေတိ နယုဇ္ဇတိ၊မသင့်နိုင်။ဝါ၊ ရူပသင်္ခါရမုတ္တ ပုဂ္ဂိုလ်၏ သတ္တဝါဟု ခေါ်ဝေါ်ကြောင်း ရုပ်မရှိသဖြင့် သတ္တဝါဟူသောပညတ်မရှိဖြစ်၍နေသည်ကိုမြင်တော်မူသော ငါဘုရားနှင့် တော်တန်သောစကားပင်မဟုတ်။ ။အဓ္ဓကထာကိုမှီသောအနက်။ ။ တထာဂတော၊ ရဟန္တာပုဂ္ဂိုလ်သည်။ ပရမ္မရဏာ၊ သေသည်မှနောက်၌။ နဟောတိ၊ မဖြစ်။ ဣတိပိဝစနံ၊ ဤသို့ ငါဟောကြားတော်မူသော်လည်း။ နဉပေတိ နယုဇ္ဇတိ၊ မသင့်နိုင်။ ဝါ၊ သက္က သညာ တဏှာ မာန ဒိဋ္ဌိ တို့ကို ပယ်ပြီးသော သဗ္ဗညုသခင် ငါဘုရားသျှင်နှင့် တော်တန်သော စကားပင် မဟုတ်။ တထာဂတော၊ ရဟန္တာပုဂ္ဂိုလ်သည်။ ပရမ္မရဏာ၊ သေသည်မှ နောက်၌။ ဟောတိစ နစဟောတိ၊ဖြစ်သူလည်းဖြစ်၏ မဖြစ်သူလည်းမဖြစ်။ ဣတိပိဝစနံ၊ ဤသို့ငါဟောတော်မူသော်လည်း။ နဉပေတိ နယုဇ္ဇတိ၊မသင့် မလျော် ငါဘုရားနှင့်မတော်။တထာဂတော၊ရဟန္တာပုဂ္ဂိုလ်သည်။ ပရမ္မရဏာ၊သေသည်မှနောက်၌၊နေဝဟောတိနနဟောတိ၊ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်၊ ဣတိပိဝစနံ၊ ဤသို့ငါဟောတော်မူသော်လည်း။ နဉပေတိ နယုဇ္ဇတိ၊မသင့်။ဝါ၊ရူပသင်္ခါရမုတ္တပုဂ္ဂိုလ်၏ သတ္တဝါဟု ခေါ်ဝေါ် ကြောင်းရုပ်မရှိသဖြင့်သတ္တဝါဟူသောပညတ်မရှိပညတ်အရောက်ကိုလွန်၍နေ သည်ကိုငါသိတော်မူလျက်ဖြစ်၍မသင့်နိုင်။ ။ဝေဒနာသင်္ခါရမုတ္တ သညာ သင်္ခါရမုတ္တ သင်္ခါရသင်္ခါရမုတ္တ ဝိညာဏသင်္ခါရမုတ္တ ပုဂ္ဂိုလ်အရာတို့ကို ပေယျာလအတွင်းသွင်းထားအပ်သတည်း၊ငင်းတို့လည်း ဤရူပသင်္ခါရမုတ္တ ပုဂ္ဂိုလ်အရာနှင့်နည်းတူပင်တည်း၊ ။ဘန္တေ၊မြတ်စွာဘုရား။ အစ္စရိယံ၊ အံ့ဘွယ်ရှိစွ။ ဘန္တေ၊မြတ်စွာဘုရား။ အဗ္ဘုတံ၊မဖြစ်ဘူးမြဲဖြစ်စွ။ကဿ၊ အ

ဘယ်ကြောင့်နည်းဟူမူ။ယတြဟိနာမ ယသ္မာကာရဏာ၊ အကြင်ကြောင့်။
သဗ္ဗုစေဝ၊ကိုယ်တော်သခင် ဘုရားသျှင်၏လည်းကောင်း။သာဝိကာယစ၊
ခေမာဘိက္ခုနီသခင် တပည့်တော်အသျှင်မ၏ လည်းကောင်း။ အင္ဂေန၊
မိန့်ကြားတော်မူအပ်သောအနက်နှင့်။ အင္ဂော၊ မိန့်ကြားတော်မူအပ်သော
အနက်ချင်းသည်လည်းကောင်း။ ဗျဉ္ဇနေန၊ ပြဿနာတော်မူအပ်သော သုတ်
ဒေသနာသဒ္ဒါနှင့်။ ဗျဉ္ဇနံ၊ ပြဿနာတော်မူအပ်သောသုတ်ဒေသနာသဒ္ဒါချင်း
သည်လည်းကောင်း။ သံသန္ဒိဿတိ၊နှိုးနှောလှပေ၏။ သမေဿတိ၊ညီညွတ်
လှပေ၏။ နဝိရောဓေဿတိ၊ မဆန့်ကျင်ပါပေဘုရား။ယဒိဒံ၊ ယင်းသို့မဆန့်
ကျင်သောအရာဟူသည် အဘယ်နည်း ဟူမူကား။ အဂ္ဂပဒသ္မိံ အဂ္ဂပဒံ၊
ရဟန္တာပုဂ္ဂိုလ်တို့သေပြီးသည့်နောက် ဖြစ် မဖြစ် စသည်နှင့်စပ်လျဉ်းသော
ကောင်းမြတ်သော ပ်ဋ္ဌအစဉ်၌အရာပင်လျှင်တည်း။ ။ဘန္တေ၊မြတ်စွာ
ဘုရား။ အဟံ၊အကျွန်ုပ်သည်။ ဧတမ္ပိ၊ဤအကျွန်ုပ်မေးလျှောက်သည်အရာ၌။
ဧကံသမယံ၊ တပါးသောအခါ၌။ ခေမံဘိက္ခုနိံ၊ ခေမာတွင်ထ ဘိက္ခုနီမ
အထံသို့။ဥပသင်္ကမိတွာ၊ချဉ်းကပ်၍။ ဧတမတ္ထံ၊ဤရဟန္တာပုဂ္ဂိုလ်တို့ပုတေ
ပြီးသည့်နောက် ဖြစ် မဖြစ် စသည်နှင့်စပ်လျဉ်းသောအကြောင်းခြင်းရာကို။
အပုစ္ဆိံ၊ မေးလျှောက် ဘူးပါ၏။ သာပိအယျာ၊ ထိုအသျှင်မသည်လည်း။
ဧတေဟိပဒေဟိ၊ ဤကိုယ်တော်မြတ်ဘုရား ဟောကြားတော်မူအပ်သော
ပုဒ်ပဒတို့ဖြင့်။ဧတေဟိဗျဉ္ဇနေဟိ၊ဤအသျှင်ဘုရားမိန့်ကြားတော်မူအပ်သော
ဝါကျစကားရပ်တို့ဖြင့်။ ဧတမတ္ထံ၊ ဤကိုယ်တော်မြတ်မိန့်တော်မူအပ်သော
အနက်ကိုပင်။ ဘဂဝါသေယျထာပိ၊ အသျှင်ဘုရားကဲ့သို့ပင်။ ဗျာကာသိ၊
ဖြေကြားပါပေ၏။ပ။ သဗ္ဗုစေဝ၊ ဘုရားသျှင်၏လည်းကောင်း။ သာဝိကာ
ယစ၊တပည့်တော်မ၏လည်းကောင်း။အင္ဂေန၊ဟောကြားတော်မူအပ်သော
အနက်နှင့်။ အင္ဂော၊ အနက်ချင်း။ ဗျဉ္ဇနေန၊ သဒ္ဒါနှင့်။ ဗျဉ္ဇနံ၊ သဒ္ဒါချင်း။
သံသန္ဒိဿတိသမေဿတိ၊ နှိုးနှောညီညွတ်လှပါပေ၏။ပ၊ ဘန္တေ၊ မြတ်စွာ
ဘုရား။မယံ၊အကျွန်ုပ်တို့သည်။ဟန္ဒ ဒါနိ၊ယခုအခါ၌။ဂစ္ဆာမ၊ခြေတော်ရုံနား
ဦးထိပ်ထား၍ပြန်သွားရပါကုန်အံ့။ ဗဟုကိစ္စာဗဟုကရဏီယာ၊ ပြုရန်ကိစ္စ
များပြားလှပါကုန်သေးသည်ဘုရား။ဧတိ၊ဤသို့ကောသလမင်းကြီးလျှောက်
ထားရာဝယ်၊ မဟာရာဇ၊မင်းမြတ်၊ ဒါနိ၊ယခုအခါ၌။ယဿ၊ယင်းသို့သော
သွားခြင်း၏။ကာလံ၊အချိန်ကာလကို။မညသိ၊သင်သာသိတော့အောက်မေ့

တော့လော့၊ဇာတိ၊ဤသို့မြတ်စွာဘုရားမိန့်ကြားတော်မူ၏။ ။အကြွင်းကား
လွယ်ပြီ၊ ။သဒ္ဒါယတနသံယုတ်ပါဠိတော်အနက်တည်း။
ယခုအခါဝင်းအဋ္ဌကထာ၏အလွန်ခက်ခဲသောအနက်ကို ပြဆိုပေအံ့။ ။
ယေနရူပေနတထာဂတန္တိ၊ ယေနရူပေနတထာဂတံဟူသည်ကား။ ယေန
ရူပေန၊ အကြင်နှစ်ဆဲ့ရှစ်ခုရုပ်တရားအစုဖြင့်။ ဒီဃော၊ ရှည်သောလူနတ်
စသည်တည်း။ ရဿော၊ ပုသောယောကျ်ားမိန်းမစသည်တည်း။ သာမော၊
ရွှေသောရဟန်းပုဏ္ဏား စသည်တည်း။ ဩဒါတော၊ ဖြူသောမင်းသူဌေး
သူကြွယ် စသည်တည်း။ ဇာတိ၊ ဤသို့။ သတ္တသညံ၊ သတ္တဝါဟုဆို
အပ်သော။ တထာဂတံ၊ ရဟန္တာကို။ ပညာပေယျ၊ ပညတ်ခေါ်ဆိုရာ၏။
တံရူပံ တထာဂတဿပဟီနန္တိ၊ ဟူသည်ကား။ ဝဏ္ဏပ္ပကာရံ၊ ဆိုအပ်ခဲ့
ပြီးသောလူရှည်လူပုစသည်ခေါ်ဆိုကြောင်းအပြားရှိသော။တံရူပံ၊ ထိုနှစ်ဆဲ့
ရှစ်ခုရုပ်အစုကို။ သမုဒယပ္ပဟာနေန၊ ထိုရုပ်၏ဖြစ်ကြောင်း ကိလေသာ
အပေါင်းကိုပယ်သဖြင့်။ သဗ္ဗညုတထာဂတဿ၊ သဗ္ဗညုဟုဆိုအပ်သော
တထာဂတသည်။ဝါ၊ တထာဂတဟုဆိုအပ်သော သဗ္ဗညုငါဘုရားသည်။
ပဟီနံ၊ပယ်တော်မူအပ်ပြီ။ရူပသင်္ခါ၊ဝိမုတ္တောတိ၊ဟူသည်ကား။ အာယတိံ၊
ဤယခုနိဗ္ဗာန်သို့ရောက်နေပြီးသည်မှနောက်၌။ ။ဤအာယတိံ၏အနက်ကို
ဤဘဝမှနောက်၌ဟုအနက်မပေးမိ,မယောင်မိအောင်သတိဆောင်ကြလေ။
ခက်ဆစ်ကြီးတခုမှတ်။ ။ရူပဿ၊ ရုပ်၏။အနုပ္ပတ္တိယာ၊ တရံတဆစ်မဖြစ်
ပေါ်လာမရောက်လာသဖြင့်။ရူပကောဋ္ဌာသေနာပိ၊ ရုပ်အစုမှလည်းကောင်း။
ဇဝရူပေါ်ပိနာမ၊ ဤသို့သဘောရှိသောသူ မည်သည်လည်း။ ဘဝိဿတိ၊
ဖြစ်ဦးလတ္တံ့။ ဇာတိ၊ဤသို့။ဝေါဟာရဿ၊ဝေါဟာရပညတ်၏။ပဋိပဿဒ္ဓတ္တာ၊
ငြိမ်းပြီးသောကြောင့်။ ရူပ ပဏ္ဏတ္တိယာပိ၊ ရုပ်ဟူသော ပညတ်မှလည်း
ကောင်း။ ဝါ၊ ရုပ်နှင့်စပ်သော လူနတ်စသော ပညတ်မှ လည်းကောင်း။
ဝိမုတ္တော၊လွတ်ကြီးလွတ်၍နေ၏။ဂန္ထိရောတိ၊ဝင်းရူပသင်္ခါဝိမုတ္တပုဂ္ဂိုလ်၏
နက်နဲ၍နေသည်ဟုရာ၌။ အဇ္ဈာသယဂန္ထိရတာယစ၊ ဝင်းရုပ်ဟူသော။ဝါ၊
ရုပ်နှင့်စပ်သော ပညတ်မှလွတ်၍နေသော ရဟန္တာသခင်၏ ထင်ရှားရှိ၏
ထင်ရှားမရှိ စသည်ဖြင့် ဆိုနိုင်ယူနိုင်စရာမရှိသည်ဖြစ်၍ ဒိဋ္ဌဇ္ဈာသယအရာ
အားဖြင့် နက်နဲသည်၏အဖြစ်ကြောင့်လည်းကောင်း။ ဂုဏဂန္ထိရတာယစ၊
အဘယ်သို့သောဂုဏ်အဘယ်မျှလောက်သောဂုဏ်ရှိသည်ဟု ဆိုနိုင်စရာ
မရှိသည်ဖြစ်၍ဂုဏ်အားဖြင့်နက်နဲသည်၏ အဖြစ်ကြောင့်လည်းကောင်း။ဝါ၊

အဖြစ်အားဖြင့်လည်းကောင်း၊ ဂန္တိရော၊ ဂန္တိခမည်၏၊ဝါ၊နက်နဲ၍နေ၏။ဖြဝံ၊ ဤရုပ်ဟူသော ပညတ်မှလွတ်၍နေသောပုဂ္ဂိုလ်၏ ဂုဏ်အဖြာသယာနှစ်ပါး တို့ဖြင့်နက်နဲ၍နေသည်ဟုဆိုခဲ့ပြီးသည့်အတိုင်း။ဂုဏာဂန္တိခသ၊ဂုဏ်အား ဖြင့်နက်နဲတော်မူသည်။ သတော၊ဖြစ်ပါလျက်၊ဝါ၊ဖြစ်တော်မူသော။ တဿ သဗ္ဗညုတထာဂတဿ၊ ထိုရူပသင်္ခါဝိမုတ္တပုဂ္ဂိုလ်၏ဖြစ်နေပုံ အလုံးစုံကို သိတော်မူသောငါဘုရား၏။ ။ဋ္ဌာဒ်ပိဝစနံ၌စပ်။ ။ယံ၊အကြင်ရုပ်တရား ကို။ဥပါဒါယ၊စွဲ၍။သတ္တသင်္ခါတော၊သတ္တဟုဆိုအပ်သော။တထာဂတောတိ ပညတ္တိ၊ တထာဂတဟူသောပညတ်သည်။ ဝါ၊ သတ္တဝါဟုခေါ်ဝေါ်ခြင်း ပညတ်သည်။ဟောတိ၊ဖြစ်၏။ တဒဘာဝေန၊ထိုသတ္တဝါဟုခေါ်ဝေါ်ပညတ် ကြောင်း ရုပ်အပေါင်းမရှိသဖြင့်။ တဿပညတ္တိယာ၊ ထိုသတ္တဝါဟူသော ပညတ်၏။ အဘာဝံ၊လုံးလုံးကွယ်ပျောက် မရှိခြင်းသို့ရောက်၍နေသည်ကို။ ပဿန္တဿ၊မြင်တော်မူပါလျက်၊ ဝါ၊ရူပသင်္ခါဝိမုတ္တပုဂ္ဂိုလ်၏ သတ္တဝါဟု ခေါ်ဝေါ်ပညတ်ကြောင်း ရုပ်အပေါင်း မရှိသည်ဖြစ်၍ သတ္တဝါဟူသော ပညတ်မရှိဖြစ်နေဘိသည်ကို ငါအသိကြီးဖြစ်ပါလျက်။ သတ္တသင်္ခါတော၊ သတ္တဟုဆိုအပ်သော။ အယံတထာဂတော၊ဤတထာဂတသည်။ ပရမ္မရ ဏာ၊သေသည်မှနောက်၌။ ဟောတိ၊ သတ္တ၏အဖြစ်အားဖြင့် ဖြစ်သေး၏။ ဋ္ဌာဒ်ပိဝစနံ၊ဤသို့ဟောကြားတော်မူခြင်းသည်။နဥပေတိ နယုဇ္ဇတိ၊ငါဘုရား နှင့် မသင့်မလျော်။ နဟောဘိတထာဂတောပရမ္မရဏာတိ အာဒိဝစနမ္ပိ၊ ရဟန္တာပုဂ္ဂိုလ်သည် စုတေ့သည်မှနောက် လုံးလုံးကြီးပျောက်သွားလေပြီ မဖြစ်ပြီ ဤသို့စသော စကားတော်ကို ငါဆိုတော်မူရမည့် အချက်သည် လည်း၊ နဥပေတိ နယုဇ္ဇတိ၊မသင့်မလျော် ငါနှင့်မတော်။ ။ငါသိလျက်နှင့် မတော်သည့်စကားကို ငါမိန့်မြွက်၍မတော်နိုင်ဟုလိုသတည်း။ ။ဤကား ၎င်းအဋ္ဌကထာအနက်။ ။

သိတော်မူပုံအခြင်းအရာကား။ ရဟန္တာပုဂ္ဂိုလ်တို့ နိဗ္ဗာန်၌တည်ရောက် ၍ နေသည့်အခါ သတ္တဝါဟုခေါ်ဝေါ်ကြောင်း ရုပ်နာမ်အပေါင်း မရှိသည် ဖြစ်၍။ သတ္တဝါဟူသော ပညတ်ကိုလွန်၍တည်နေသည်ကို သိမြင်တော်မူ သတည်း။ယင်းသို့သိတော်မူလျက်နှင့် ရဟန္တာပုဂ္ဂိုလ်စုတေသည်မှနောက် ဖြစ်သေး၏ဟုဆိုသော်။ထိုရဟန္တာသည် ထိုနိဗ္ဗာန်၌ သတ္တဝါ၏အဖြစ်ဖြင့် ရုပ်နာမ်နှင့်တကွ တည်နေ ဖြစ်နေ အမြဲနေသည်ဟု ဆိုရာရောက်သည်။ ယင်းသို့သော သဿတအယူစကားကို၊ငါဘုရားဆိုတော်မူ၍မသင့်ဟုလို

သတတ်။ ။ဟောဝတိဝါရ အဓိပ္ပါယ်။ ။ပဌမ။ ။ဤနည်းအတူ ရဟန္တာပုဂ္ဂိုလ်တို့ အနုပါဒိသေသ နိဗ္ဗာန်၌ တည်ရောက်၍ နေသည်အခါ။ သတ္တဝါဟုခေါ်ဝေါ်ကြောင်း ရုပ်နာမ်အပေါင်းမရှိသဖြင့်၊ သတ္တဝါဟူသော ပညတ်မျှသာမရှိသည်။ ထိုသူလုံးလုံး ပြတ်သွားသည် မဟုတ်သည်ကို ငါသိတော်မူလျက်နှင့်ပင် ရဟန္တာသတ္တဝါသည် စုတေသည်မှနောက် ပျောက်လေပြီ၊ လုံးလုံးကြီးမဖြစ်ပြီဟူ၍ ဥစ္ဆေဒ အယူဝါဒ အရာကို ငါ ဟောတော်မူသော်လည်း မသင့်ဟုလိုသတတ်၊ ။ဤအရာ၌ ရဟန္တာ ပုဂ္ဂိုလ်,ရဟန္တာသတ္တဝါ, ဟူသည်မှာ အတူတူပင် ပရိယာယ်မျှသာထူးသ တည်း။ဘူတပုဗ္ဗဂတိကနည်းသုံးချက်မှတ်၊ ။နဟောဝတိဝါရအဓိပ္ပါယ်၊ ။ ဒုတိယ၊ ။ဤနည်းအတူ ရဟန္တာပုဂ္ဂိုလ်စုတေပြီးနောက် အနုပါဒိသေသ နိဗ္ဗာနဓာတ်၌ တည်၍နေသည်အခါ။ သတ္တဝါခေါ်ဝေါ်ကြောင်း ရုပ်နာမ် အပေါင်းမရှိသဖြင့်၊ လူနတ်သတ္တဝါဟူသောပညတ်မျိုးမရှိ။ ပညတ်ဟူသမျှ ကိုလွန်၍နေသည်အခါ ထိုသူထိုနိဗ္ဗာန်၌ရှိလည်းရှိ၏။ရှိလည်းမရှိ။ ဤသို့မျှ လည်း မဆိုနိုင်အောင် လွန်စွာနက်နဲ၍နေသည်ကို ငါသိတော်မူလျက်၊ ဤ ဘဝကရဟန္တာပုဂ္ဂိုလ်စုတေပြီးနောက် ဖြစ်လည်းဖြစ်၏၊ဖြစ်သည်းမဖြစ်ဆို ခဲ့လျှင်၊ထိုရဟန္တာသည် ထိုနိဗ္ဗာန်၌ရှိလည်းရှိ၏၊ ရှိလည်းမရှိဆိုရာရောက် သောကြောင့်၊ ယင်းသို့ ဧကစ္စသဿတဝါဒအဖြစ် ရောက်မည့် စကားကို လည်း ငါဘုရား ဆိုတော်မူ၍ မသင့်ဟုလိုသတတ်။ ။ဟောတိစ,နစ ဟောတိဝါရအဓိပ္ပါယ်၊ ။တတိယ။ ။ဤနည်းအတူ ရဟန္တာပုဂ္ဂိုလ် စုတေပြီးနောက် နိဗ္ဗာန်၌တည်ရောက်၍နေသည်အခါ လူနတ်စသည် ဘုရား ပစ္စေကဗုဒ္ဓါစသည် ခေါ်ဝေါ်ပညတ်ကြောင်း ရုပ်နာမ်အပေါင်း မရှိသည် ဖြစ်၍။သင်းသို့သောသတ္တပညတ်ကိုလွန်၍ရူပါဒိသင်္ခါရမုတ္တဖြစ်၍နေသည် အခါ။ထိုရဟန္တာထိုနိဗ္ဗာန်၌ရှိသည်လည်းမဟုတ်၊မရှိသည်လည်းမဟုတ်ဟု မဆိုသင့်အောင် လွန်စွာနက်နဲ၍နေသည်ကိုငါသိတော်မူလျက်ပင်၊ရဟန္တာ ပုဂ္ဂိုလ်စုတေသည်မှနောက် ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဆိုခဲ့လျှင်။ ထိုရဟန္တာ ထိုနိဗ္ဗာန်၌ရှိသည်လည်းမဟုတ်၊ မရှိသည် လည်းမဟုတ် ဆိုရာရောက်သောကြောင့်။ယင်းသို့သောအမရာဝိက္ခေပဝါဒ အရာကိုလည်းငါဘုရားမိန့်တော်မူ၍မသင့်ဟုလိုသတတ်။ ။နေဝဟောတိ, နနဟောတိဝါရအဓိပ္ပါယ်၊ ။စတုတ္ထ။ ။အဋ္ဌကထာ၌ ပဌမဝါရအဓိပ္ပါယ် မျှလောက်သာ ထင်ရှားသည်။ ကြွင်းသုံးဝါရအဓိပ္ပါယ်ကို အာဒိသဒ္ဒါဖြင့်

ညွှန်းသွားသောကြောင့်မထင်ရှား။ ထိုသို့မထင်ရှားသောအရာ၌ ဆိုလတ္တံ့သောနေ့ဘွဲ့ပါဠိတော် မဏ္ဍိမပဏ္ဏာသပါဠိတော်အဋ္ဌကထာတို့ကိုမှီး၍ ဆိုအပ်ခဲ့ပြီးသောအဓိပ္ပါယ်တို့ကို ပြဆိုနိုင်ပါသတည်း။ ။ထိုစကားသည်မှန်၏။ ထိုနေ့ဘွဲ့ပါဠိတော်၌။ ရူပသခ်ယေ ဝိမုတ္တောခေါတထာဂတော အဂ္ဂိတိပိ နုဥပေတိ နဂ္ဂိတိပိနုဥပေတိ စသောစကား။ မဏ္ဍိမပဏ္ဏာသ ပါဠိတော်၌၊ ရူပသခ်ါဝိမုတ္တောခေါဝစ္ဆတထာဂတော ဂမ္ဘီရော အပ္ပမေယျော ဒုပ္ပရိယောဂါဟော ဥပပဇ္ဇတီတိနုဥပေတိနုပပဇ္ဇတီတိနုဥပေတိဟူသောစကား။ ကထာဝတ္ထုပ္ပါဠိတော်၌။ပရိနိဗ္ဗုတောပုဂ္ဂလောဥတ္တိံနွှောတိ နဟောဝံဝတ္တဗ္ဗေဟူသောစကား။ဣတိဝုတ်ပါဠိတော်၌။နသောပမာဏမေတိ စသောစကား။ ရူဋ္ဌနိဒ္ဒေသပါဠိတော်၌။ အတ္ထံပလေတိနုဥပေတိသခ်ံ စသောစကား။ သဠာယတနသံယုတ်ပါဠိတော်၌။ ကာယဿဘေဒါမြွှ ဇီဝိတပရိယာဒါနာ၊ သဗ္ဗာနီဝေဒယိတာနိ ... ဝေဒဂူ ဟူသောစကား။ နေ့ဘွဲ့အဋ္ဌကထာ၌။ တာသံပရာယဂေနိဗ္ဗာနေ တိဋ္ဌေယျာတိအတ္ထော ဟူသောစကားအလုံးစုံတို့သည်။နိဗ္ဗာန်ရောက်သူတို့အလုံးစုံပျောက်၍မသွား။နာမ်ရုပ်မျှသာပျောက်သွားသည်ဖြစ်၍။ နာမ်ရုပ်ကိုမှီ၍ဖြစ်သော သတ္တပညတ်ကိုလွန်သဖြင့်၊ ထိုရဟန္တာ ထိုနိဗ္ဗာန်၌ရှိ၏မရှိ စသည်ဖြင့် ဝေနေယျတို့ဉာဏ်ဖြင့် ထောက်လှမ်းနိုင်ဘွယ်မရှိ။ ရူပဒိသခ်ါ ဝိမုတ္တအဖြစ်သို့ရောက်၍ ဂမ္ဘီရအပ္ပမေယျဖြစ်၍ တည်နေသည်ကို ပြဆိုနိုင်သော အထောက်သာဓက ပါဠိတို့ချည်းတည်း။ ။ဤပါဠိတော်တို့၌ ရူပသခ်ါဝိမုတ္တ ဝေဒနာသခ်ါဝိမုတ္တ သညာသခ်ါဝိမုတ္တ သခ်ါရသခ်ါ ဝိမုတ္တ ဝိညာဏသခ်ါဝိမုတ္တ တထာဂတဟုလာသောအရာကို။ ပရိနိဗ္ဗာန် မပြုသေးခင် သဥပါဒိသေသ ရဟန္တာကို ဆိုသည်ဟူ၍ အချို့သူများယောင်မှားတတ်ကြ,ဆိုတတ်ကြသည်။ ယင်းသို့ဆိုခဲ့လျှင် ပရိနိဗ္ဗာန်မပြုသေးခင်ကပင် ခန္ဓာငါးပါးမှလွတ်၍နေသည်၊ လူနတ်စသောသတ္တပညတ် ဘုရားပစ္စေကဗုဒ္ဓါစသောပညတ်မှလွတ်၍နေသည် ဆိုရာရောက်ခဲ့၏။ ယင်းသို့ဆိုခဲ့လျှင်။ ကာယဿဘေဒါမြွှ၊သဗ္ဗာနီဝေဒယိတာနိ ဝေဒဂူ ဟူသော ရဟန္တာပုဂ္ဂိုလ် ခန္ဓာပျက်ပြီးသည်နောက် နိဗ္ဗာန်၌တည်ရောက်၍ နေသည့်အခါ၊ လူနတ်စသော ပညတ်အရေအတွက်သို့ မရောက်ပြီဟုလာသော သဠာယတနသံယုတ်ပါဠိ၊ အတ္ထံပလေတိ နုဥပေတိသခ်ံ စသော ရူဋ္ဌနိဒ္ဒေသစသော များစွာသောပါဠိတော်တို့နှင့် ဝိရုဒ္ဓဖြစ်ခဲ့တော့မည်။ ပရိနိဗ္ဗာန်မပြုသေးခင်ကပင်ခန္ဓာငါးပါးနှင့်စပ်သောသတ္တပညတ်မှလွတ်၍အနုပါဒိသေသနိဗ္ဗာန်သို့

ရောက်ပြီဟူ၍လည်း ဆိုရာရောက်ခဲ့တော့မည်။ ယင်းသို့ဆိုခဲ့လျှင်လည်း။ သာဝကောခေါ သဉပါဒိသေသော အနုပါဒိသေသနိဗ္ဗာနဓာတုံ အနုပါပုဏိ သသတိတိနေတံဌာနံဝိဇ္ဇတိဟူသောနေတ္တိပါဠိတော်နှင့်ဝိရုဒ္ဓဖြစ်ခဲ့တော့မည်။ သည်သာမက။ဤသဋ္ဌာယတနသံယုတ်ပါဠိတော်၌။ရူပသဉ်္ဂါဝိရဇ္ဇော ခေါ မဟာရာဇ တထာဂတော ဂန္ထိရော အပ္ပမေယျော ဒုပ္ပရိယောဂါဟော သေယျထာပိမဟာသမုဒ္ဒေါ။ ဟောတိ တထာဂတော ပရမ္မရဏာတိပိ နုဉပေတိ။ နဟောတိတထာဂတော။ပ။နုဉပေတိ ဟူသောပါဠိ၌ ရူပသင်္ခါ ဝိမုတ္တ တထာဂတအရကို သတ္တဝဟုယူခဲ့လျှင်၊ ရူပါဒိသင်္ခါဝိမုတ္တ ဂန္ထိရ ဖြစ်သော သတ္တဝရဟန္တာပုဂ္ဂိုလ်၌သာ ရတော့သည်မှနောက် ဖြစ်၏ မဖြစ် စသည်ဖြင့်ဆို၍မသင့်သည်။ ယင်းသို့ဂန္ထိရမဟုတ်သောပုထုဇနတို့၌ကား သေသည်မှနောက်ဖြစ်၏ဟူသောသဿတအစရော၊မဖြစ်ဟူသောဥစ္ဆေဒဝါဒ အရာစသော အခြင်းအရာအားဖြင့် ဆိုထိုက်သေး၏ဟု ဆိုရာရောက်ခဲ့ တော့မည်။ ယင်းသို့ဆိုခဲ့လျှင်လည်း သာမညပုထုဇ္ဇန တထာဂတတို့အား လည်း သေပြီးသည်နောက် ဖြစ်မဖြစ်စသောသဿတာကာရ, ဥစ္ဆေဒါ ကာရ, ဧကစ္စသဿတာကာရ,အမရာဝိက္ခေပိကာကာရ, အားဖြင့်လေးပါး လုံးနှင့်ပင် မဆိုသင့်ကြောင်းကိုလာသော စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော်,မဇ္ဈိမ ပဏ္ဏာသပါဠိတော်,ပဋိသမ္ဘိဒါမဂ်ပါဠိတော်, စသည်တို့နှင့် စင်စစ်ဝိရုဒ္ဓဖြစ်ခဲ့ တော့မည်။ ။ယင်းသို့ ရူပသင်္ခါဝိမုတ္တောခေါ တထာဂတော ဂန္ထိရော စသော ရှေ့စကားနှင့်၊ ဟောတိတထာဂတော စသော နောက်စကားကို၊ တပေါင်းတည်းအရတူ သတ္တဝရဟန္တာကိုသာယူခြင်း၌ ဆိုအပ်ခဲ့ပြီးသော အပြစ်ဒေါသတို့နှင့်မကင်းသောအပြစ်၏ အလွန်ထင်ရှားရကား။ ယင်းသို့ မယူဘဲလျက် ယင်းရူပသင်္ခါဝိမုတ္တောစသောရှေ့စကားကိုဟိတ်၊ ဟောတိ တထာဂတောစသော နောက်စကားကိုဟိတ်၏ဖိုလ်ပြု၍။ ယခင်ယောဇနာ ခဲ့သည်အတိုင်းသာ ၎င်းပါဠိတော်ပါဌ်အနက်ကို နာနာကျက်မှတ် သဘော လင်းအောင်ခါခါထင်၍ကြံကြလေ။ ယခင်ယောဇနာ၍ပြခဲ့သော ၎င်းသဠာ ယတနသံယုတ်အဋ္ဌကထာပါဌ်အနက်ကိုလည်း ကသိုဏ်းကွက်ကျအောင် ဝါရဂ္ဂတပြုကြပြီးခါ အဘန်ဘန်အထပ်ထပ် အဋ္ဌယုတ္တိ ရှိမရှိကို မိမိရရ ကြံမိကြလျှင် ဧကန်ပင်သဘောကျကြကုန်လတ္တံ့။ ယင်းသို့သဘောကျ ကြသည့်အခါ ရူပသင်္ခါဝိမုတ္တ ဝေဒနာသင်္ခါဝိမုတ္တ။ပ။ ဝိညာဏသင်္ခါ ဝိမုတ္တ ဂန္ထိရတထာဂတဟူသည် သတ္တဝရဟန္တာကို ဆိုသည်မဟုတ်။

သဒိဝရဟန္တာပုဂ္ဂိုလ်ရတိပြီးသည်နောက် နိဗ္ဗာန်၌တည့်ရောက်၍ ခန္ဓာငါးပါးမရှိသဖြင့် ထိုခန္ဓာနှင့်စပ်သောပညတ်မှလွတ်၍နေသော ဓိဏာသဝအသျှင်တို့ကိုပင်ဆိုပေသည်ဟုသဘောစင်စစ်ကျကြကုန်လတ္တံ့။ ။

ယခုအခါ အောက်၌ထုတ်ပြအပ်ခဲ့ပြီးသောသဋ္ဌာယဘာနုသံယုတ်ဋီကာအနက်ကိုပြဆိုလတ္တံ့။ ။တထာဂတောတိ၊တထာဂတဟူသောစကားကို။ ဓိဏာသဝတထာဂတံ၊ ရဟန္တာသတ္တဝါကို။ သန္ဓာယ၊ ရည်၍၊ ပုစ္ဆတိ၊ ကောသလမင်းကြီးမေးသတည်း။ ။ရဟန္တာသတ္တဝါသေသည်မှနောက်ဖြစ်မဖြစ်စသည်ဖြင့်မေးလျှောက်သည်။ သတ္တဝါသာမညကို မေးလျှောက်သည်အရာ မဟုတ်ဟူလို။ ။ဓိဏာသဝေါစ၊ ရဟန္တာသည်လည်း။ အရဟတ္တဖလဘာဒိတော၊ အရဟတ္တဖိုလ်ဖြင့် ထုံမွှန်းအပ်ကုန်ပြီးသော။ ခန္ဓေ၊ ခန္ဓာငါးပါးတို့ကို။ ဥပါဒါယ၊ စွဲ၍၊ သတ္တပညတ္တိ၊ တထာဂတဟူသော သတ္တပညတ်သည်။ဟောတိ၊ဖြစ်၏၊ တေသုခန္ဓေသု၊ထိုသတ္တဝါဟုခေါ်ဝေါ်ကြောင်းဖြစ်သော ခန္ဓာတို့သည်။ သတိ သန္တေသု၊ ရှိကုန်သည် ရှိသော်။ ဓိဏာသဝသမ္ဘိစ၊ဓိဏာသဝ ဟူသော ပညတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ဣတိ၊ဤသို့။ ဝေါဟာရေန၊သတ္တပညတ် ဓိဏာသဝပညတ်အားဖြင့်။ ပညာပေတုံ၊ပညတ်ခြင်းငှါ။ သက္ကာ၊တတ်ကောင်းသည်။ ဘဝေယျ၊ဖြစ်ရာ၏၊ ခန္ဓေသု၊ယင်းသို့သောခန္ဓာတို့သည်၊ အသန္တေသု၊မရှိကုန်သည်ရှိသော်။ နသက္ကာ၊မတတ်စကောင်း။တသ္မာ၊ထိုသို့သတ္တဝါဟုခေါ်ဝေါ်ပညတ်ကြောင်း ရုပ်နာမ်ခန္ဓာ မရှိသည်အခါ သတ္တဝါဟူသော ပညတ် ရဟန္တာဟူသော ပညတ်မရှိနိုင်ရကား။ ပရမ္မရဏာတိ၊ ရဟန္တာသတ္တဝါ သေသည်နောက်ဟူ၍။ ဝုတ္တဋ္ဌာ၊မေးအပ်သည်ဖြစ်သောကြောင့်။ ဇတံ၊ဤရဟန္တာသတ္တဝါ သေသည်မှနောက်ဖြစ်လာသေး၏။ဖြစ်လာပြီးသောစကားကို၊အဗျာကတံ၊ ငါဟောကြားတော်မမူ။ဣတိ၊ဤသို့၊ဝုတ္တံ၊သျှင်တော်မြတ်ဘုရား ကောသလမင်းကြီးအားမိန့်ကြားတော်မူအပ်ပြီ။နဟောတိတထာဂတောပရမ္မရဏာတိ၊ ဟူ၍။ပုဋ္ဌာယ၊မေးအပ်သောပုစ္ဆာ၌။အာမာတိ၊ဟုတ်၏ဟူ၍၊ ပဋိဇာနိတဗ္ဗံ၊ ဝန်ခံအပ်သည်။ သိယာ၊ ဖြစ်ငြားအံ့။ သဘာဝတော၊ ရဟန္တာပုဂ္ဂိုလ် သေသည်မှနောက် ဤလောက၌ဖြစ်ရောက်လာရိုးမရှိသောသဘောအတိုင်း အားသာလျှင်။ ယဒိပိဟောတိ၊အကယ်၍ကားဖြစ်၏။ တထာပိ၊ထိုသို့ဖြစ်သော်လည်း။ သတ္တသမ္ဘိဘာဿ၊ သတ္တဝါဟူသောအရာကို။ ပုစ္ဆိတတ္တာ၊ မေးအပ်သောကြောင့်၊ ပဋိက္ခိပိတုံ၊ပယ်ခြင်းငှါ။ သက္ကာ၊တတ်ကောင်း၏။

ဇူတိ၊ ဤသို့နှုလုံးပိုက်တော်မူ၍။ ဧတမ္ဘိတိအာဒိ၊ ဧတဒ္ဒိဤသို့အစရှိသော
စကားကိုလည်း။ဝုတ္တံ၊မိန့်တော်မူအပ်ပြီ။ ။
သတ္တဝါအရာကိုမေးအပ်သောကြောင့် ရဟန္တာပုဂ္ဂိုလ်၏လည်း စုတိ
ပြီးနောက် ဤလောကထဲ၌တစုံတခုသောအခြင်းအရာအားဖြင့်ဖြစ်ခြင်းမရှိ၊
နိဗ္ဗာန်၌လည်း သတ္တဝါ၏အဖြစ်ဖြင့်ဖြစ်ခြင်းမရှိသောကြောင့်၊ နဟောတိ
တထာဂတောပရမ္မရဏာတိအစရှိသည်ဖြင့်မေးအပ်သောပုစ္ဆာတို့ကို ဝန်
မခံသော်လည်း၊အသင့်ပင်ဟုနှုလုံးပြုတော်မူ၍၊ဧတဒ္ဒိ စသည်ကိုမိန့်ဆိုတော်
မူသည်ဟုလိုသတတ်။ ။ဤ၌လိုရင်းအဓိပ္ပါယ်တည်း။ ။ဤမှတပါး
ရင်းသတ္တသဉ္ဉါတသပုစ္ဆိတတ္တာ၌ သတ္တဝါဟူ၍ မေးအပ်သောကြောင့်၊
ပရမတ္ထအားဖြင့် သတ္တဝါဟူသည်မရှိသောကြောင့် ဤသို့သောအဓိပ္ပါယ်
ကို မယူအပ်။အကယ်၍ယူခဲ့လျှင် ရဟန္တာမှတပါး အခြားသတ္တဝါအရာ
တို့နှင့် ထူးခြားနိုင်တော့မည်မဟုတ်။ ထို့ကြောင့်၊ဆိုအပ်ခဲ့ပြီးသည်အတိုင်း
သာ အဓိပ္ပါယ်ကိုယူအပ်၏။ ။ဆက်ဦးအံ့။ ။ဤသဋ္ဌာယတနသံယုတ်
ကောသလရာဇသုတ္တာ၌။ဘာထာဂတောဟု သာမညသဒ္ဒါနှင့်မေးသော်လည်း။
ရဟန္တာပုဂ္ဂိုလ်ကိုရည်၍ မေးသည်ဟု ဘုရားသျှင်သိတော်မူသောကြောင့်။
ယေနရူပေနဘထာဂတံ။ပ။ အာယတိံ အနုပ္ပါဒဓမ္မံ ဟူသော အကြောင်း
ဟိတ်ဘပါး။ ရူပသဉ္ဉါဒိခန္ဓာခေါ်မဟာရာဇ တထာဂတော ဂမ္ဘီရော
စသော အကြောင်းဟိတ်ဘပါး။ယင်းသို့သောဟိတ်နှစ်ပါးကြောင့် မင်းကြီး
ပုစ္ဆာကို ဝန်မခံသည်။ သတ္တဝါဟူသော တထာဂတသဉ္ဉာကို ငါ
ပယ်တော်မူပြီးသောကြောင့်လည်းကောင်း။ရုပ်ဟူသောပညတ်မှ။ဝါ၊ရုပ်နှင့်
စပ်သော လူနတ်စသောပညတ်မှလွတ်၍ နိဗ္ဗာန်၌တည်သောရဟန္တာ၏
အလွန်နက်နဲသည်ဖြစ်၍၊ထိုရဟန္တာသိုနိဗ္ဗာန်၌ရှိ၏မရှိစသည်ဖြင့်ဝေနေယျ
တို့ဉာဏ်ဖြင့် မထောက်လှမ်းနိုင်ဘွယ် တကယ်နက်နဲ၍ နေသောကြောင့်
လည်းကောင်း။ ယင်းသို့သော အကြောင်းနှစ်ပါးတို့ကြောင့် ရဟန္တာ
သတ္တဝါသေသည်မှနောက်၌ ဖြစ်သေး၏ မဖြစ် စသည်ဖြင့် ငါဟောတော်
မူ၍မသင့်ဟု ဘုရားသျှင်ပယ်တော်မူသည်ဟုလို။ ။ဟောတိခေါ်ဘာန္တေ
တထာဂတော ပရံမရဏာ စသည်ဖြင့်လာသော မဇ္ဈိမပဏ္ဏာသပါဠိတော်
မာလုကျတေရပုစ္ဆာ၌ကား။ပုထုဇန်သေက္ခရဟန္တာမဆို သတ္တဝါသာမည
ကိုမေးသည်ဟုဘုရားသျှင်သိတော်မူသည့်အတိုင်း။ယခင်ဆိုအပ်ခဲ့ပြီးသော
အကြောင်းဟိတ်နှစ်ပါးကိုမိန့်ဆိုတော်မမူဘဲ။ ဧဝံအဗျာကတံမာလုကျပုတ္တ

စသည်ဖြင့်သာ မိန့်ကြားတော်မူသတည်း။ ၎င်းမာလုကျပုတ္တပုစ္ဆာလေးချက်တွင်ပဌမပုစ္ဆာ၌ ဤဘဝမှအတ္တဟူသောအသက်ဝိညာဏ်ဟုဆိုအပ်သော သတ္တဝါသည် နောင်ဘဝသို့လိုက်၍ပြောင်း၍ သွားသလောဟု သဿတအယူအားဖြင့်မေးသည်၊ ဒုတိယပုစ္ဆာ၌ ဤဘဝမှ ရုပ်ကိုယ်ခန္ဓာသည် ဤဘဝတွင်ပင်ပျက်စီးပုပ်ဆွေး၍ နောင်ဘဝသို့ မပြောင်းမလိုက်သကဲ့သို့ အသက် ဝိညာဏ်ဟုဆိုအပ်သော အတ္တဟူသော သတ္တဝါသည်လည်း ဤဘဝမှနောက်ပြတ်တောက်၍သွားသလောဟု ဥစ္ဆေဒဝါဒအရာအားဖြင့် မေးသည်။ တတိယဝါဒ၌ ဤဘဝမှအတ္တဟူသောအသက်ဝိညာဏ်သတ္တဝါ သည် နောင်ဘဝသို့ပြောင်းရွှေ့လိုက်သွားသူလည်းအချို့ရှိသလော၊ အချို့ လည်း ယင်းသို့မလိုက်ဘဲ ပျောက်ပျက်ပြတ်တောက်၍ သွားပါသလောဟု ဧကစ္စသဿတ အရာအားဖြင့် မေးသည်၊ စတုတ္ထဝါဒ၌ ဤဘဝမှအသက် ဝိညာဏ် ဇီဝအတ္တဟု ဆိုအပ်သော သတ္တဝါသည် သေသည်မှနောက် ဘဝတပါးပြောင်းသွားသည်လည်း မဆိုသင့်။ ပြောင်းသွားသည် မဟုတ် ဟူ၍လည်း မဆိုသင့်ပါ သလောဟု အမရာဝိက္ခေပိက ဒိဋ္ဌိဝါဒအားဖြင့် မေးသတည်း။ ၎င်းဒိဋ္ဌိအရာလေးပါးလုံးကိုပင်ငါမဟော၊ ငါအယူတော်မရှိဟု ပယ်တော်မူခြင်း၌။ ဧတံပိအဗျာကတံမာလုကျပုတ္တ စသည်ဖြင့် မိန့်တော်မူ ပြီး၍။ ယင်းသို့မဟောခြင်း၏အကြောင်းကိုပြတော်မူခြင်း၌။ ကသ္မာစေတံ မာလုကျပုတ္တအဗျာကတံ စသည်ဖြင့် ငါဟောတော်မူက လေးပါးဒိဋ္ဌိစွဲငြိ ကပ်သွားသဖြင့် ဝေနေယျတို့ သုခချမ်းသာ မရမရ ဖြစ်ကြမည်အနေ ကြောင့် ငါဟောတော်မမူသည်ဟု မိန့်တော်မူသတည်း။ ။ဤကောသလ ရာဇပုစ္ဆာ၌ကား။ တထာဂတောတိခီဏာသဝဘာထာဂတံသန္ဓာယပုစ္ဆတိ။ ၎င်းမိုကာလာတိုင်း ရဟန္တာသတ္တဝါ သေသည်မှနောက်ဟူ၍ ရဟန္တာနှင့် စပ်၍လည်းကောင်း သတ္တဝါနှင့်စပ်၍လည်းကောင်း မေးအပ်သောကြောင့် ရဟန္တာနှင့်စပ်၍ မေးသောအချက်၌၊ ရူပသင်္ခါရဝိမုတ္တဖြစ်၍ နိဗ္ဗာန်၌တည် နေသောရဟန္တာ၏မိမိတည်ရာနိဗ္ဗာန်၌ ရှိ၏မရှိစသည်ဖြင့် ဝေနေယျတို့ ဉာဏ်ဖြင့် မထောက်လှမ်းနိုင်ဘွယ် တကယ်နက်နဲ၍ နေသောကြောင့်။ ရှေးဘဝက ရဟန္တာသေ၍ ထိုနိဗ္ဗာန်၌ ဖြစ်သော မဖြစ်သောဟူ၍ ငါဟော တော်မူခြင်းငှါမသင့်ဆိုလိုသတတ်။ ။တထာဂတောဟု၊ သတ္တဝါနှင့်စပ်၍ မေးသောအချက်၌။ တံရူပံ တထာဂတဿပဟီနံ စသည်ဖြင့် မိန့်တော်မူ အပ်သော ရှေ့ဟိတ်အရ။ ငါဘုရားအား တထာဂတသညာဟူသောသတ္တ

သညာကိုပယ်တော်မူပြီးသောကြောင့်။ရဟန္တာသတ္တဝါဟုသတ္တဝါနှင့်စပ်၍ ငါဟောတော်မူခြင်းငှါမသင့်ဟုလိုသတတ်။ ။ရဟန္တာပုဂ္ဂိုလ်သေသည် မှနောက် ရုပ်နှင့်စပ်သောပညတ်မှလွတ်၍နေသဖြင့်၊ ထိုသူထိုနိဗ္ဗာန်၌ ရှိ၏ ဟူ၍မဆိုသင့်ဟူရာဝယ်။သဿတဝါဒနှင့်ဆက်ဆံသောအတ္ထိသဒ္ဒါဖြင့်သာ မဆိုသင့်သည်။ကာယဿဘေဒါဓမွေ့ဒ္ဓါ၊သင်္ချံနောပေတိဝေဒဂူ ဟူသော ယခင်သဒ္ဒါယဘနသံယုတ်ပါဠိတော်။ဣတာသံပရာဘာဂေ နိဗ္ဗာနေတိဒ္ဓေသျ ဟူသောနေတ္တိအဋ္ဌကထာ။နိဗ္ဗာနံအရဟတောဂတိဟူသောပရိဝါပါဠိတော် တို့နှင့်အညီ၊ထိုနိဗ္ဗာန်၌ ရဟန္တာအသျှင်တို့ဘည်နေသည်ဟူ၍ကား စင်စစ် ဆိုသင့်ဆိုထိုက် လှတော့၏မှတ်။ ။ဤဆိုအပ်ခဲ့ပြီးသော သဒ္ဒါယတန သံယုတ်ပါဠိတော်, အဋ္ဌကထာ,ဋီကာစသည်တို့ကို အထူးသဖြင့်ယုံကြည် မှတ်သား သဘောထင်ရှား ဖြစ်စေခြင်းငှါ၊ ယင်းနည်းတူလာသော မဇ္ဈိမ ပဏ္ဏာသပါဠိတော်,အဋ္ဌကထာ,ဋီကာတို့ကိုထုတ်ဆိုပေအံ့။ ။ငင်းပါဠိတော် ကို အရင်း နိဒါန်းနှင့် တကွရေးသားက ဂန္ထဂရု ဘယကြောင့် လိုရင်း ပါဌ်ကိုသာရေးသားပေအံ့။ ။

ဧဝံဝိမုတ္တစိတ္တော ပန ဘောဂေါတမ ဘိက္ခု ကုဟိံ ဥပပဇ္ဇတီတိ ဣတိ ပုဋ္ဌော သမာနော ဥပပဇ္ဇတီတိခေါ ဝစ္ဆ နုပေတီတိ ဝဒေသိ။ တေနဟိဘော ဂေါတမ နဥပပဇ္ဇတီတိ ဣတိပုဋ္ဌော သမာနော နဥပပဇ္ဇတီတိပိခေါ ဝစ္ဆ နုပေတီတိ ဝဒေသိ။ တေနဟိဘောဂေါတမ ဥပပဇ္ဇတိစ နစဥပပဇ္ဇတီတိ ဣတိပုဋ္ဌော သမာနော ဥပပဇ္ဇတိစ နစဥပပဇ္ဇတီတိခေါ ဝစ္ဆ နုပေတီတိ ဝဒေသိ။ တေနဟိဘောဂေါတမ နေဝဥပပဇ္ဇတိနနဥပပဇ္ဇတီတိဣတိပုဋ္ဌော သမာနော နေဝဥပပဇ္ဇတိနနဥပပဇ္ဇတီတိခေါ ဝစ္ဆ နုပေတီတိ ဝဒေသိ။ ဧတ္ထာဟံဘောဂေါတမအညာဏံပရိယာဒိ၊ ဧတ္ထသမ္မောဟံပရိယာဒိ၊ယာပိ ဘောတော ဂေါတမဿ ပုရိမေနကထာသလ္လာပေန အဟုပသာဒမတ္တာ၊ သာပိမေဧတရဟိအန္တရဟိတာတိ။ အလံဟိတေဝစ္ဆအညာဏာယ၊အလံ သမ္မောဟာယ၊ ဂမ္ဘီရောဟယံဝစ္ဆဓမ္မော၊ ဒုဒ္ဒသော ဒုရနုဗောဓော သန္တော ပဏီတော အတက္ကာဝစရော နိပုဏော ပဏ္ဍိတဝေဒနီယော။ သောတယာဒုဇ္ဇာနော အညဒိဋ္ဌိကေန အညခန္တိကေန အညရုစိကေန အညတြယောဂေန အညတြာစရိယကေန။ တေနဟိဝစ္ဆတညေဝေတ္ထ ပဋိပုစ္ဆိဿာမိ၊ယထာတေခမေယျ၊တထာနံဗျာကရေယျာသိ။တံကိံမညသိ ဝစ္ဆ၊သစေတေပုရတော အဂ္ဂိဇလေယျ၊ ဇာနေယျာသိတွံအယံမေပုရတော

အဂ္ဂိဇလတီတိ။ သစေမေ ဘောဂေါတမ ပုရတော အဂ္ဂိဇလေယျ၊ ဇာနေ
ယျာဟံ အယံမေပုရတော အဂ္ဂိဇလတီတိ။ သစေပနတံဝစ္ဆဧဝံပုစ္ဆေယျ
ယောတေပုရတောအဂ္ဂိဇလတိ၊ အယံအဂ္ဂိ ကိံပဋိစ္စဇလတီတိ။ ဧဝံပုဋ္ဌော
တွံဝစ္ဆကိန္တိ ဗျာကရေယျာသီတိ။ သစေမံဘောဂေါတမ ဧဝံပုစ္ဆေယျုံ
ယောတေပုရတောအဂ္ဂိဇလတိ၊ အယံအဂ္ဂိ ကိံပဋိစ္စဇလတီတိ။ ဧဝံပုဋ္ဌော
အဟံဘောဂေါတမဧဝံဗျာကရေယျံ ယောမေပုရတောအဂ္ဂိဇလတိ၊ အယံ
အဂ္ဂိတိဏကဋ္ဌုပါဒါနံပဋိစ္စဇလတီတိ။ သစေဝစ္ဆပုရတော သောအဂ္ဂိနိဗ္ဗာ
ယေယျ၊ ဇာနေယျာသိတွံ အယံမေပုရတော အဂ္ဂိနိဗ္ဗုတောတိ။ သစေမေ
ဘောဂေါတမပုရတောသောအဂ္ဂိနိဗ္ဗာယေယျ၊ ဇာနေယျာဟံ အယံမေ ပုရ
တော အဂ္ဂိနိဗ္ဗုတောတိ၊ သစေတံဝစ္ဆဧဝံပုစ္ဆေယျုံ ယောတေပုရတော
အဂ္ဂိနိဗ္ဗုတော၊ သောအဂ္ဂိဣတောကတမံဒိသံဂတော ပုရတ္ထိမံဝါဒက္ခိဏံဝါ
ပစ္ဆိမံဝါ ဥတ္တရံဝါတိ။ ဧဝံ ပုဋ္ဌော တွံ ဝစ္ဆ ကိန္တိ ဗျာကရေယျာသီတိ။ န
ဥပေတိဘောဂေါတမ၊ ယဉှိဘောဂေါတမအဂ္ဂိတိဏကဋ္ဌုပါဒါနံပဋိစ္စဇလတိ၊
တဿစ ပရိယာဒါနာ အညဿစ အနုပဟာရာ အနာဟာရော နိဗ္ဗုတော
တွေဝသင်္ချံဂစ္ဆတီတိ။ ဧဝမေဝခေါ ဝစ္ဆ ယေနရူပေနတထာဂတံပညာ
ပယမာနောပညာပေယျ၊ တံရူပံတထာဂတဿ ပဟီနံ ဥစ္ဆိန္နမူလံ တာလာ
ဝတ္ထုကတံအနဘာဝံကတံအာယတိံ အနုပ္ပါဒဓမ္မံ။ ရူပသင်္ခါဝိမုတ္တောခေါ
ဝစ္ဆတထာဂတော ဂမ္ဘီရော အပ္ပမေယျော ဒုပ္ပရိယောဂါဟော သေယျ
ထာပိမဟာသမုဒ္ဒေါ။ ဥပပဇ္ဇတီတိနဥပေတိ၊နဥပပဇ္ဇတီတိ နဥပေတိ၊ ဥပ
ပဇ္ဇတိစနစဥပပဇ္ဇတီတိ နဥပေတိ၊ နေဝဥပပဇ္ဇတိနနဥပပဇ္ဇတီတိ နဥပေ
တိ။ ယာယ ဝေဒနာယ တထာဂတံ ပညာပယမာနော ပညာပေယျ။ သာ
ဝေဒနာတထာဂတဿ ပဟီနာဥစ္ဆိန္နမူလာ တာလာဝတ္ထုကတာ အနဘာဝံ
ကတာ အာယတိံအနုပ္ပါဒဓမ္မာ။ ဝေဒနာသင်္ခါဝိမုတ္တောခေါဝစ္ဆ တထာ
ဂတော ဂမ္ဘီရော အပ္ပမေယျော ဒုပ္ပရိယောဂါဟော သေယျထာပိမဟာ
သမုဒ္ဒေါ။ဥပပဇ္ဇတီတိနဥပေတိ၊နဥပပဇ္ဇတီတိနဥပေတိ၊ ဥပပဇ္ဇတိစနစဥပ
ပဇ္ဇတီတိ နဥပေတိ၊ နေဝဥပပဇ္ဇတိနနဥပပဇ္ဇတီတိ နဥပေတိ။ ယာယ
သညာယ တထာဂတံပညာပယမာနော ပညာပေယျ။ သာသညာတထာ
ဂတဿပဟီနာ ဥစ္ဆိန္နမူလာတာလာဝတ္ထုကတာ အနဘာဝံကတာအာယ
တိံ အနုပ္ပါဒဓမ္မာ။သညာသင်္ခါဝိမုတ္တောခေါဝစ္ဆ တထာဂတောဂမ္ဘီရော
အပ္ပမေယျော ဒုပ္ပရိယောဂါဟော သေယျထာပိ မဟာသမုဒ္ဒေါ။ ဥပ

ပဇ္ဇတီတိ နဥပေတိ၊ နဥပပဇ္ဇတီတိ နဥပေတိ၊ ဥပပဇ္ဇတိစနစဥပပဇ္ဇတီတိ
နဥပေတိ၊ နေဝဥပပဇ္ဇတိနနဥပပဇ္ဇတီတိ နဥပေတိ။ ယေဟိသင်္ခါရေဟိ
တထာဂတံပညာပယမာနောပညာပေယျ၊ တေသင်္ခါရာ တထာဂတဿ
ပဟီနာ ဥစ္ဆိန္နမူလာ တာလာဝတ္ထုကတာ အနဘာဝံကတာ အာယတိံ
အနုပ္ပါဒဓမ္မာ။ သင်္ခါရသင်္ခါဝိမုတ္တောခေါဝစ္ဆ တထာဂတော ဂမ္ဘီရော
အပ္ပမေယျောဒုပ္ပရိယောဂါဟော သေယျထာပိမဟာသမုဒ္ဒေါ။ဥပပဇ္ဇတီတိ
နဥပေတိ၊ နဥပပဇ္ဇတီတိ နဥပေတိ၊ ဥပပဇ္ဇတိစနစဥပပဇ္ဇတီတိနဥပေတိ၊
နေဝဥပပဇ္ဇတိ နနဥပပဇ္ဇတီတိ နဥပေတိ။ ယေနဝိညာဏေန တထာဂတံ
ပညာပယမာနောပညာပေယျ၊ တံ ဝိညာဏံ တထာဂတဿ ပဟီနံ ဥစ္ဆိန္န
မူလံတာလာဝတ္ထုကတံ အနဘာဝံကတံ အာယတိံအနုပ္ပါဒဓမ္မံ။ဝိညာဏ
သင်္ခါဝိမုတ္တောခေါဝစ္ဆတထာဂတောဂမ္ဘီရော အပ္ပမေယျော ဒုပ္ပရိယော
ဂါဟော သေယျထာပိမဟာသမုဒ္ဒေါ။ဥပပဇ္ဇတီတိနဥပေတိ၊နဥပပဇ္ဇတီတိ
နဥပေတိ၊ ဥပပဇ္ဇတိစနစဥပပဇ္ဇတီတိ နဥပေတိ၊ နေဝဥပပဇ္ဇတိ နနဥပ
ပဇ္ဇတီတိ နဥပေတီတိ။ ဧဝံဝုတ္တေဝစ္ဆဂေါတ္တောပရိဗ္ဗာဇကော ဘဂဝန္တံ
ဧတဒဝေါစ၊ သေယျထာပိဘောဂေါတမ ဂါမဿဝါ နိဂမဿဝါ အဝိဒူရေ
မဟာသာလရုက္ခော၊ တဿ အနိစ္စတာ သာခါပလာသံ ပလုဇ္ဇေယျ၊ တစ
ပပဋိကာပလုဇ္ဇေယျ၊ဖေဂ္ဂုပလုဇ္ဇေယျ။ သောအပရေနသမယေနအပဂတ
သာခါပလာသော အပဂတတစပပဋိကော အပဂတဖေဂ္ဂုကော သုဒ္ဓေ
သာရေပတိဋ္ဌိတော။ဧဝမေဝဘောတောဂေါတမဿပါဝစနံအပဂတသာခါ
ပလာသံ အပဂတတစပပဋိကံ အပဂတဖေဂ္ဂုကံ သုဒ္ဓေသာရေ ပတိဋ္ဌိတံ။
အဘိက္ကန္တံဘောဂေါတမ။ပ။ဥပါသကံမံဘဝံဂေါတမောဓာရေတုအဇ္ဇတဂ္ဂေ
ပါဏုပေတံသရဏင်္ဂတန္တိ။ ။မဇ္ဈိမပဏ္ဏာသပါဠိတော်။ ။ဆိ၊

ပန၊ လျှောက်ထားပါရစေဦးဘုရား။၎ဘောဂေါတမ၊ အသျှင်ဂေါတမ၊
ဧဝံဝိမုတ္တစိတ္တော၊ ဤသို့ကိလေသာတို့မှလွတ်ပြီးသောစိတ်ရှိသော။ ဘိက္ခု၊
ရဟန္တာပုဂ္ဂိုလ်သည်။ ကုဟိံ ဥပပဇ္ဇတိတိ၊ သေပြီးသည့်နောက်အဘယ်၌
ဖြစ်၍နေပါသေးသနည်းဟု။ ဣတိ၊ ဤသို့။ ပုစ္ဆာ၊ မေးလျှောက်အပ်သည်။
သမာနော၊ ဖြစ်သည်ရှိသော်။ ဝစ္ဆ၊ ဝစ္ဆပရိဗိုဇ်၊ခေါ၊ စင်စစ်။ဥပပဇ္ဇတိ၊
ထိုရဟန္တာ ပုဂ္ဂိုလ် သေပြီးသည့်နောက် ဖြစ်သေး၏။ ဣတိပိ၊ ဤသို့
ငါဟောတော်မူသော်လည်း။နဥပေတိ နယုဇ္ဇတိ၊ မသင့်မတော် မလျော်နိုင်။
ဣတိ၊ဤသို့။ဝဒေသိ၊မိန့်တော်မူ၏။ဘောဂေါတမ၊ အသျှင်ဂေါတမ။တေနဟိ၊

ထိုသို့ဖြစ်ဘိပြီးကား။ နဥပပဇ္ဇတီတိ၊ ရဟန္တာ ပုဂ္ဂိုလ် စုတေပြီ နောက် အဘယ်သို့မျှ မရောက်မဖြစ်သလောဟု၊ ဣတိ၊ ဤသို့၊ ပုစ္ဆာသမာနော၊ မေးလျှောက်ပါသော်လည်း။ ဝစ္ဆ၊ ဝစ္ဆ။ ခေါ၊ စင်စစ်၊ နဥပပဇ္ဇတီတိ၊ ရဟန္တာ ပုဂ္ဂိုလ်စုတေပြီးနောက် အဘယ်သို့မျှ မရောက်မဖြစ်၊ ဣတိ၊ ဤသို့ငါဟော တော်မူသော်လည်း။ နဥပေတိ-နယုဇ္ဇတိ၊ မသင့်မတော်မလျော်နိုင်။ ဣတိ၊ ဤသို့။ ဝဒေသိ၊ အသျှင်ဘုရားမိန့်ကြားတော်မူ၏။ ဘောဂေါတမ၊ အသျှင် ဂေါတမ။ တေနဟိ၊ ယင်းသို့ဆိုဘိပြီးကား။ ဥပပဇ္ဇတိစ နစဥပပဇ္ဇတီတိ၊ ရဟန္တာပုဂ္ဂိုလ်သေပြီးသည့်နောက်ဖြစ်သူလည်းဖြစ်၏မဖြစ်သူလည်းမဖြစ် မှတ်ရပါမည်လောဟု၊ ဣတိပုစ္ဆာသမာနော၊ ဤသို့အကျွန်ုပ်လျှောက်ထား ပြန်ပါသော်လည်း။ ဝစ္ဆ၊ အချင်းဝစ္ဆ။ ဥပပဇ္ဇတိစနစဥပပဇ္ဇတီတိ၊ ရဟန္တာ ပုဂ္ဂိုလ်စုတေပြီးနောက် ဖြစ်သူလည်းဖြစ်၏ မဖြစ်သူလည်းမဖြစ်ဟု၊ ဣတိ၊ ဤသို့ငါဟောတော်မူသော်။ နဥပေတိ-နယုဇ္ဇတိ၊ မသင့်မတော်မလျော်နိုင်။ ဣတိ၊ ဤသို့၊ ဝဒေသိ၊ မိန့်တော်မူ၏။ ဘောဂေါတမ၊ အသျှင်ဂေါတမ။ တေနဟိ၊ ထိုသို့မဟုတ်ခဲ့လျှင်။ နေဝ ဥပပဇ္ဇတိ နနဥပပဇ္ဇတီတိ၊ ရဟန္တာပုဂ္ဂိုလ်သေပြီး သည့်နောက် ဖြစ်သည်လည်းမဟုတ်မဖြစ်သည်လည်းမဟုတ်မှတ်ရပါမည် လောဟု။ ဣတိပုစ္ဆာသမာနော၊ ဤသို့အကျွန်ုပ်မေးလျှောက် ပြန်ပါသည် ရှိသော်။ ဝစ္ဆ၊ ဝစ္ဆပရိဗ္ဗိုဇ်၊ ခေါ၊ စင်စစ်။ နေဝဥပပဇ္ဇတိနနဥပပဇ္ဇတိ၊ ရဟန္တာ ပုဂ္ဂိုလ် စုတေပြီးသည့်နောက် ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်၊ ဣတိပိ၊ ဤသို့ငါဘုရား ဟောကြားတော်မူသော်လည်း၊ နဥပေတိ နယုဇ္ဇတိ၊ မသင့်မတော်မလျော်နိုင်။ ဣတိ၊ ဤသို့၊ ဝဒေသိ၊ အသျှင်ဘုရား မိန့်ကြားတော်မူခဲ့၏။ ဘောဂေါတမ၊ ဂေါတမနွယ်တော်သုံးဘုံကျော်တော် မူသောအသျှင်ဘုရား။ ဧတ္ထ၊ ဤအသျှင်ဘုရားမိန့်ကြားဖြေဆိုတော်မူသော စကားလေးချက်လုံး၌ပင်။ အဟံ၊ အကျွန်ုပ်သည်၊ အညာဏံ၊ မသိနိုင်နားမလည် နိုင်ခြင်းသို့၊ ပရိယာဒိ၊ အဘန်တလဲလဲ ရောက်ပါ၏။ ဧတ္ထ၊ ဤရဟန္တာ ပုဂ္ဂိုလ်တို့ စုတေ ပြီးနောက် ဖြစ်သေး မဖြစ်သေး စသည်ဖြင့် အကျွန်ုပ် မေးလျှောက်အပ်သောအရာလေးချက်ကိုဖြေဆိုတော်မူသောအသျှင်ဘုရား စကားတော် လေးချက်လုံး၌ပင်။ သမ္မောဟံ၊ ဘယ်ကိုရည်ထား ဘယ်ကို မိန့်ကြားသည်ဟု မတွေးတော မကြံစည်နိုင် ကြံမှိုင် တွေဝေ ခြင်းသို့။ ပရိယာဒိ၊ ထက်ဝန်းကျင်မှအပြားအားဖြင့်ရောက်ပါ၏။ ဣဟ၊ ဤအကျွန်ုပ် မေးလျှောက်အပ်သော အရာလေးချက်လုံး၌ပင်။ ဘောတောဂေါတမဿ၊

အသျှင်ဂေါတမ၏ ပုရိမေန၊ ရှေ့ဖြစ်သော။ကထာသလ္လာပေန၊ အသျှင်ဘုရား
မိန့်ကြားဖြေဆိုတော်မူသောစကားလေးချက်သုံးခွပင်။ မေ၊ အကျွန်ုပ်အား။
အသမဏ္ဍော၊ နားမလည်နိုင်မတွမ်းနိုင်သည်။ အဟု၊ ဖြစ်ခဲ့၏။ ။အဟုမ
သမဏ္ဍောပါဠိ၌ရှိ၏၊ အဟုမျှသမဏ္ဍောရှိသော်သာသင့်၏။ ။ဧတရဟိ၊
ဤယခုအခါ၌။သာပိကထာ၊ ထိုဖြေကြားတော်မူအပ်သောစကားလေးရပ်
လုံးသည်လည်း။ မေ၊ အကျွန်ုပ်အား။ အန္တရဟိတာ၊ကွယ်ကြီးကွယ်ခဲ့ပြီ။ဝါ၊
စိတ်နှင့်မတွေ့ ညာဏ်မဝှေ့သဖြင့် မေ့ကြီးမေ့ခဲ့ပြီ၊ ဍုတိ၊ ဤသို့ဝစ္ဆပရိဗိုဇ်
လျှောက်ကြားအပ်သည်ရှိသော်။ ဝစ္ဆ၊ ဝစ္ဆပရိဗိုဇ်။တေ၊ သင့်အား။အညာ
ဏာယ၊မသိခြင်းငှါ။အလံ၊ထိုက်လှတော့၏။သမ္မောဟာယ၊တွေဝေခြင်းငှါ။
အလံ၊ ထိုက်လှတော့၏။ ဝစ္ဆ၊ အချင်းဝစ္ဆ။ အယံဓမ္မော၊ ဤငါဘုရား
တရားတော်သည်။ ဝါ၊ ရဟန္တာပုဂ္ဂိုလ်တို့ ရတေပြီးသည့်နောက် ဖြစ်သေး
မဖြစ်သေးနှင့်စပ်သော ဤတရားသည်၊ ဂမ္ဘီရော၀-ဂမ္ဘီရောဇော၊ အလွန်
နက်သည်သာဖြစ်၏။ ဝစ္ဆ၊ အချင်းဝစ္ဆ။ ဍုဟ၊ ဤအသင်လျှောက်ထား
အပ်သောအရာ၌။သောဓမ္မော၊ထိုရဟန္တာပုဂ္ဂိုလ်ပုတေပြီးနောက် ဖြစ်မဖြစ်
နှင့်စပ်သောဘရားတော်အရာသည်။ ဒုရနုဗောဓော၊ အလွန်သိနိုင်ခဲသည့်
အရာဘည်။ သန္တော၊ ငြိမ်သက် လှသော အရာဘည်။ ပဏီတော၊
မြတ်လှသောအရာတည်။ အတက္ကာဝစရော၊ ဝေနေယျတို့ အလွန်ကြံနိုင်
ခဲသောအရာဘည်။ နိပုဏော၊ သိမ်မွေ့နူးညံ့လှစွာသောအရာတည်။ပဏ္ဍိတ
ဝေဒနီယော၊ တကယ့်ပညာရှိတို့သာ သိစွမ်းနိုင်သောအရာဘည်။ သော
ဓမ္မော၊ထိုတကယ့်ပညာရှင်တို့သာသက်ဝင်နိုင်ရာနက်နဲသိမ်မွေ့လှစွာသော
တရားတော်အရာကို၊အညဒိဋ္ဌိကေန၊ငါဘုရားသာသနာတော်မှတပါးသော
အယူရှိသော။ အညခန္တိကေန၊ သာသနာတော်မှ တပါးသောအယူကို
နှစ်သက်လေ့ရှိသော။အညရုစိကေန၊သာသနာတော်မှဘပါးသော အယူကို
နှစ်ခြိုက်လေ့ရှိသော၊ တသာ၊ ဝစ္ဆဂေါတ္တ အမည်ရသော အသင်ပရိဗိုဇ်
သည်။ ယောဂေန၊ ငါဘုရားသာသနာဝယ် ရှပ်နာမ်ခန္ဓာနှင့် စပ်သော
ဝိပဿနာတရားများကို ကြိုးစားအားထုတ်ခြင်းကို၊ အညတြ၊ကြဉ်ထား၍။
အာစရိယကေန၊ရဟန္တာပုဂ္ဂိုလ်တို့ ခန္ဓာပျက်ကြွေပုတေပြီးနောက် ဖြစ်လာ
သေး၏ မဖြစ်လာပြီ စသည်နှင့်စင်သောအရာဝယ် ကောင်းစွာညွှန်းပြအပ်
သော ဆရာကောင်းတို့နည်းကောင်းနည်းမြတ်ကို။ အညတြ၊ကြဉ်ထား၍။
ဒုဇ္ဇာနော၊ မသိနိုင်။ ဝါ၊သိနိုင်မည့်အရေးလွန်စွာကွာဝေး၏။ ဝစ္ဆ၊ ဒိုဝစ္ဆ

ပရိဗိုဇ်၊တေနဟိ၊ထိုသို့ဖြစ်တပြီးကား။ ဝွေ၊ဤအသင်မေးအပ်သောအရာ၌။ တဒေ၀၊အသင့်ကိုပင်လျှင်။ ပဋိပုစ္ဆိဿာမိ၊ငါပြန်မေးတော်မူအံ့။ ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ တေ၊ သင်အား။ ၀ါ၊ သင်သည်။ ခမေယျ၊ နှစ်သက်ရာ၏။ တထာ၊ ထိုအခြင်းအရာအားဖြင့်။ နံ၊ ထိုငါမေးလိမ့်သော အရာကို၊ ဗျာကရေယျာသိ၊သင်ဖြေကြားလော့၊ ၀စ္ဆ၊၀စ္ဆပရိဗိုဇ်.တံ၊ထို ငါမေးတော်မူလိမ့်သောအရာကို။ ကိံ မညသိ၊အသို့အောက်မေ့ဘိသနည်း။ သစေ၊အကယ်၍။ တေ၊သင်၏။ ပုရတော၊ရှေ့မှ၊ အဂ္ဂိ၊မီးသည်။ ဇလေယျ၊ တောက်ငြားအံ့၊ အယံအဂ္ဂိ၊ဤမီးသည်။ မေ၊ငါ၏။ ပုရတော၊ရှေ့မှ.ဇလတိ၊ တောက်၍နေ၏။ ဣတိ၊ ဤသို့၊ တွံ၊ သင်သည်။ ဇာနေယျာသိ၊ သိရာသည် မဟုတ်လော။ ဣတိ၊ဤသို့မေးတော်မူသည်ရှိသော်။ ဘောဂေါတမ၊အသျှင် ဂေါတမ။ သစေ၊အကယ်၍။ မေ၊အကျွန်ုပ်၏။ပုရတော၊ရှေ့မှ။အဂ္ဂိ၊မီးသည်။ ဇလေယျ၊တောက်ငြားအံ့၊အယံအဂ္ဂိ၊ဤမီးသည်။ မေ၊ငါ၏။ ပုရတော၊ရှေ့မှ။ ဇလတိ၊ တောက်၍နေ၏၊ ဣတိ၊ဤသို့။ အဟံ၊အကျွန်ုပ်သည်။ ဇာနေယျံ၊ သိရာပါ၏၊ဣတိ၊ဤသို့ဝစ္ဆပရိဗိုဇ်လျှောက်ထားရာ၀ယ်။ ၀စ္ဆ၊အို၀စ္ဆ။တံ၊ သင့်ကို။ ဧဝံ၊ဤသို့။ သစေပနပုစ္ဆေယျုံ၊အကယ်၍သူတပါးတို့ မေးကြကုန် ငြားအံ့၊ တေ၊သင်၏၊ ပုရတော၊ရှေ့မှ။ယောအဂ္ဂိ၊အကြင်မီးသည်။ ဇလတိ၊ တောက်၏၊ အယံအဂ္ဂိ၊ထိုမီးသည်။ ကံ၊အဘယ်ကို၊ ပဋိစ္စ၊စွဲ၍၊ ဇလတိ၊ တောက်သနည်း၊ ဣတိ၊ဤသို့မေးကုန်ငြားအံ့၊ ၀စ္ဆ၊၀စ္ဆပရိဗိုဇ်၊ဧဝံပုဋ္ဌော၊ ဤသို့ သူတပါးတို့ မေးအပ်သည်ရှိသော်။ တွံ၊သင်သည်၊ ကိန္တိ ဗျာကရေ ယျာသိ၊ အသို့ဖြေကြားရာသနည်း။ ဣတိ၊ ဤသို့ဘုရားသျှင်အမေးတော် ရှိသောအခါ၀ယ်၊ ဘောဂေါတမ၊ အသျှင်ဂေါတမ။ သစေ၊ အကယ်၍။မံ၊ အကျွန်ုပ်ကို။ ဧဝံ၊ဤသို့။ ပုစ္ဆေယျုံ၊မေးကုန်ငြားအံ့၊ တေ၊သင်၏။ပုရတော၊ ရှေ့မှ။ယောအဂ္ဂိ၊အကြင်မီးသည်။ဇလတိ၊တောက်၏၊အယံအဂ္ဂိ၊ထိုမီးသည်။ ကံ၊အဘယ်ကို၊ ပဋိစ္စ၊စွဲ၍၊ ဇလတိ၊တောက်သနည်း။ ဣတိ၊ဤသို့မေးကုန် ငြားအံ့၊ ဧဝံပုဋ္ဌော၊ဤသို့မေးပြန်အပ်သည်ရှိသော်။ ဘောဂေါတမ၊အသျှင် ဂေါတမ။အဟံ၊အကျွန်ုပ်သည်၊ ဧဝံ၊ဤသို့။ဗျာကရေယျံ၊ဖြေကြားပါအံ့။မေ၊ ငါ၏၊ပုရတော၊ရှေ့မှ၊ယောအဂ္ဂိ၊အကြင်မီးသည်။ဇလတိ၊တောက်၏၊ အယံ အဂ္ဂိ၊ ထိုမီးသည်။ တိဏကဋ္ဌုပါဒါနံ၊ မြက်ထင်းလောင်စာကို။ ပဋိစ္စ၊ စွဲ၍၊ ဇလတိ၊တောက်၏၊ ဣတိ၊ဤသို့၊ ဗျာကရေယျံ၊ဖြေကြားပါအံ့။ ဣတိ ဤသို့ ၀စ္ဆပရိဗိုဇ်လျှောက်ထားသည်ရှိသော်။၀စ္ဆ၊အချင်း၀စ္ဆမည်သောပရိဗိုဇ်၊

သစေ၊အကာယ်၍၊ ပုရတော၊ရှေ့မှ၊သောအင်္ဂါ၊ထိုမီးသည်။နိဗ္ဗာယေယျ၊ငြိမ်းငြားအံ့။အယံအင်္ဂါ၊ဤမီးသည်။မေ၊ငါ၏။ ပုရတော၊ရှေ့မှ။ နိဗ္ဗုတော၊ငြိမ်းခဲ့ပြီ။ ဣတိ၊ဤသို့။တွံ၊သင်ပရိဗိုဇ်ဝစ္ဆသည်။ ဇာနေယျာသိ၊သိရာသည်မဟုတ်ပါလော။ဣတိ၊ဤသို့ဘုရားသျှင်မေးတော်မူသည်ရှိသော်။ဘောဂေါတမ၊ဂေါတရသေ့အနွယ်မှ ဖြစ်တော်မူသော အသျှင်ဘုရား။ မေ၊အကျွန်ုပ်၏။ ပုရတော၊ရှေ့မှ။သောအင်္ဂါ၊ထိုမီးသည်။ သစေနိဗ္ဗာယေယျ၊အကာယ်၍ ငြိမ်းငြားအံ့၊အယံအင်္ဂါ၊ဤမီးသည်။မေ၊ငါ၏။ပုရတော၊ရှေ့မှ၊နိဗ္ဗုတော၊ငြိမ်းသွားလေ၏။ ဣတိ၊ဤသို့၊အဟံ၊အကျွန်ုပ်သည်၊ဇာနေယျံ၊သိပါလအံ့။ဣတိ၊ဤသို့ဝစ္ဆပရိဗိုဇ်လျှောက်ထားသည်ရှိသော်။ ဝစ္ဆ၊အိုဝစ္ဆ။တံ၊သင့်ကို။ အညေ၊သူတပါးတို့ကား၊ဇေံ၊ဤသို့။ပုစ္ဆေယျုံ၊မေးကုန်ငြားအံ့။ တေ၊သင်၏၊ပုရတော၊ရှေ့မှ၊ နိဗ္ဗုတော၊ ငြိမ်းလေပြီးသော၊ သောအင်္ဂါ၊ ထိုမီးသည်။ ဣတော၊ ဤအရပ်မှ၊ ကတမံဒိသံ၊ အဘယ်အရပ်သို့။ ဂတော၊ သွားလေသနည်း။ ပုရတ္ထိမံဝါဒိသံ၊ အရှေ့အရပ်သို့မူသည်း။ ဂတော၊သွားသလော။ပ။ဥတ္တရံဝါဒိသံ၊မြောက်အရပ်သို့မူလည်း။ဂတော၊သွားသလော။ဣတိ၊ဤသို့။ပုစ္ဆေယျုံ၊မေးကုန်ငြားအံ့၊ ဝစ္ဆ၊ဝစ္ဆ။ ဇေံပုဋ္ဌော၊ ဤသို့မေးအပ်သော။တွံ၊သင်သည်။ ကိန္တိ၊အသို့၊ဗျာကရေယျာသိ၊ဖြေကြားအံ့နည်း၊ ဣတိ၊ဤသို့ဘုရားသျှင်ကမေးတော်မူလတ်သည်ရှိသော်။ ဘောဂေါတမ၊ ဂေါတမ မြတ်စွာ ဘုရား။ နဥပေတိ၊ယင်းသည့်စကား ပြန်ကြားဖြေဆိုခြင်းငှါမသင့်။ ဟိ၊ အကျွန်ုပ်စကားမသင့်ပြီလားဘုရား။ သောအင်္ဂါ၊ ထိုမီးသည်။ ယံတိဏကဋ္ဌုပါဒါနံ၊ အကြင်မြက်ထင်းလောင်စာကို။ ပဋိစ္စ၊ စွဲ၍။ ဇလတိ၊ တောက်၏။ တဿစ၊ ထိုမီး လောင်စာ ၏လည်း။ ပရိယာဒါနာ၊ ကုန်ကျွမ်း လေခြင်းကြောင့်။ အညဿစ၊ တပါးသောလောင်စာ၏လည်း။ အနုပဟာရာ၊အထောက်အပံ့မရှိခြင်းကြောင့်၊ အနာဟာရော၊ မီးလောင်စာ အထောက်အပံ့ကင်းသည်ဖြစ်၍။ နိဗ္ဗုတောတွေဝ၊ ငြိမ်းလေ၏ဟူ၍သာလျှင်။သင်္ချံ၊ ရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ရောက်၏။ဣတိ၊ဤသို့ဝစ္ဆပရိဗိုဇ်လျှောက်ထားရာဝယ်။ ဝစ္ဆ၊ဝစ္ဆအမည်ရှိသောအို ပရိဗိုဇ်၊ ခေါ၊စင်စစ်၊ ဇေဝမေဝ၊ ဤအတူသာလျှင်။ ယေန ရူပေန၊အကြင်ရုပ်ဖြင့်။ တထာဂတံ၊ သတ္တဝါကို။ ပညာပယမာနော၊လူရှည်လူပုလူမည်းလူဖြူစသည်ဖြင့်ပညတ်လိုသောသူသည်။ပညာပေယျ၊ပညတ်ရာ၏။တံရူပံ၊ ထိုတထာဂတဟုခေါ်ဝေါ် ပညတ်ကြောင်းဖြစ်သောရုပ်ကို။ [illegible]ဂတဿ၊ငါဘုရားသည်။ပဟီနံ၊ အကြောင်းသမုဒယကိုပယ်သဖြင့်

ပယ်တော်မူအင်ပြီ၊ဥစ္စိန္နမူလံ၊ဖြတ်အင်ပြီးသော အဝိဇ္ဇာ တဏှာ ကံ သင်္ခါရ
အရင်းရှိပြီ။ဝါ။အဝိဇ္ဇာ တဏှာ ကံ သင်္ခါရ ဟူသော ရုပ်ဖြစ်ကြောင်းအမြစ်
မူလကို လှလှကြီး ငါဖြတ်တော်မူအင်ပြီ။ တာလာဝတ္ထုကတံ၊ လည်ဆစ်
ပြတ်တောက် တဘန်မပေါက်မရောက်နိုင်သောထန်းပင်ငုတ်ကဲ့သို့ပြုအင်ပြီ။
အနဘာဝံ၊ အသစ်လျှ၍မပေါက်နိုင်အောင်။ ကတံ၊ ငါပြုအင်ပြီ။ အာယတိံ
အနုပ္ပါဒဓမ္မံ၊ နောင်ဘဝမဖြစ်နိုင်သောသဘောရှိအောင်။ ကတံ၊ ငါပြုတော်
မူအင်ပြီ။ဝဇ္ဇ၊ဝဇ္ဇပရိဒိုဇ၊ ရူပသင်္ခါ-ရူပသင်္ခါယ၊ရုပ်ဟူသောပညတ်မှ။
ဝါ၊ ရုပ်နှင့်စပ်သော လူနတ်စသောပညတ်မှ၊ ဝိမုတ္တော၊ လွတ်ကြီးလွတ်၍
နေသော၊ တထာဂတော၊ ပရိနိဗ္ဗုတာရဟန္တာပုဂ္ဂိုလ်သည်။ ။ဉါဏ်ဓိတထာ
ဂတကား ဘူတပုဒ္ဒဂတိကနည်း။ ။ဂမ္ဘီရော၊မိမိစံနေရာနိဗ္ဗာန်၌ရှိ၏ဟူ၍
လည်းကောင်းမရှိဟူ၍လည်းကောင်းဒိဋ္ဌသညာသယပြုနိုင်စရာမရှိသည်ဖြစ်၍
အဏ္ဏသသအားဖြင့် နက်နဲ့ခြင်း, အဘယ်မျှလောက် သ်လသမာမိဂုဏ်ရှိ
သည်ဟုမဆိုနိုင်အောင် ဂုဏ်အားဖြင့်နက်နဲခြင်းတို့ဖြင့် လွန်စွာနက်နဲခြင်း
ရှိ၏.အပ္ပမေယျော၊တပုံတယောက်နှိုင်းချည့်စရာဥပမာမရှိဖြစ်၍နေ၏။ ဒုပ္ပရိ
ယောဂါဟော၊ အလွန်ဉာဏ်ဖြင့်သက်ဝင်နိုင်ခဲ၏၊ သေယျထာပိ၊ ဥပမာ
သော်ကား၊ မဟာသမုဒ္ဒေါသေယျထာပိ၊ မဟာသမုဒြာပင်လယ်ကြီးကဲ့သို့
ဖြစ်၍နေ၏။ တနည်းကား။ မဟာသမုဒ္ဒေါသေယျထာပိ၊ သမုဒြာပင်လယ်
ကြီးကိုထိုးဝါးကြိုးတာတို့ဖြင့်မထောက်လှမ်းနိုင်သကဲ့သို့။ဒုပ္ပရိယောဂါဟော၊
ဝေနေယျတို့ဉာဏ်ဖြင့် လွန်စွာသက်ဝင်နိုင်ခဲ၏။ ဝါ၊ မသက်ဝင်မထောက်
လှမ်းနိုင်။ ။ဘုရားသျှင်တို့ဉာဏ်အရာသာ ဟူလို။ ။လ။ ။ယာသယ
ဝေဒနာယ၊အကြင်ဝေဒနာဖြင့်။အ။ယာသာသညာယ၊အကြင်သညာဖြင့်။လ။
ယေဟိသင်္ခါရေဟိ၊ အကြင်သင်္ခါရတို့ဖြင့်။လ။ ယေနဝိညာဏေန၊အကြင်
ဝိညာဏ်ဖြင့်။ တထာဂတံ၊ ရဟန္တာပုဂ္ဂိုလ်ကို၊ ပညာပယမာနော၊ ပညတ်
ခေါ် ဆိုလိုသောသူသည်၊ ပညာပေယျ၊ စိတ်ထက်သောသူ စိတ်ကောင်း
သောသူ စသည်ဖြင့် ခေါ်ဆိုပညတ်ရာ၏၊တံဝိညာဏံ၊ ထိုဝိညာဏ်စိတ်ကို။
တထာဂတဿ၊ငါဘုရားသည်၊ ပဟီနံ၊အကြောင်းသမုဒယကိုပယ်သဖြင့်
ပယ်တော်မူအင်ပြီ ပ၊ ဝဇ္ဇ၊ အိုဝဇ္ဇ ပရိဗိုဇ၊ ဝိညာဏသင်္ခါဝိမုတ္တော၊
ဝိညာဏ်နှင့်စပ်၍ ခေါ်ဝေါ်အပ်သောပညတ်မျိုးဟူသမျှမှ လွတ်၍နေသော။
သောဘုထာဂတော၊ ထိုသတ္တဝါသည်၊ ဝါ၊ ထိုနိဗ္ဗာန်၌ လွတ်၍နေသော
သူသည်။ ဂမ္ဘီရော၊ နက်ကြီးနက်၍နေ၏။လ။ မဟာသမုဒ္ဒေါသေယျထာပိ၊

မဟာသမုဒ္ဒရာကြီးကဲ့သို့ ဖြစ်၍နေ၏။ တနည်းကား။ မဟာသမုဒ္ဒရာသေယျ ထာပိ၊သမုဒ္ဒရာပင်လယ်ကြီးကိုကြိုးတာဝါးတို့ဖြင့်မတိုင်းထွာမထောက်လှမ်း နိုင်သကဲ့သို့ ယင်းဝိညာဏသင်္ခါရမုတ္တ တထာဂတ၏ဖြစ်နေပုံ အခြင်း အရာကိုဝေနေယျတို့ ဉာဏ်ဖြင့် မတိုင်းထွာမထောက်လှမ်းနိုင်စရာ ဖြစ်၍ နေ၏၊ ။တသ္မာ၊ထိုသို့ငါဘုရားအားလည်းသတ္တသညာဟူသောတထာဂတ သညာကို ပယ်တော် မူပြီးသည်၏အဖြစ်, ဝိညာဏသင်္ခါရမုတ္တ ပုဂ္ဂိုလ် ၏လည်း လွန်စွာနက်၍နေသည်အဖြစ်ကြောင့်။ သော၊ ထိုဝိညာဏသင်္ခါ ရမုတ္တတထာဂတသည်။ ဥပပဇ္ဇတိ၊ မိမိတည်ရောက်ရာနိဗ္ဗာန်၌ဖြစ်၍နေ၏။ ဣတိပိ၊ ဤသို့ငါဟောတော်မူသော်လည်း။ နဥပေတိ၊ သသဿတဒိဋ္ဌိအယူ သူထင်ခွင့်ကြောင့်မသင့်နိုင်။ပ။ နဥပေတိ၊ အမရာဝိက္ခေပိကအယူအားဖြင့် သူဘပါးထင်မှားဘွယ်ရှိသောကြောင့် မသင့်နိုင်။ တသ္မာ၊ ထိုသို့ငါဘုရား အားလည်း ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ကို စွဲ၍ဖြစ်သော တထာဂတဟူသော သတ္တသညာကို ပယ်တော်မူပြီးသည့်အဖြစ်, ရုပ်၊ဒိ သင်္ခါရဝိမုတ္တပုဂ္ဂိုလ်၏လည်း အလွန်နက်နဲ၍ နေသည်၏ အဖြစ်ကြောင့်။ ဖေံဝိမုတ္တစိတ္တော၊ ဤသို့ကိလေသာမှလွတ်ပြီးသောစိတ်ရှိသော ရဟန္တာ ပုဂ္ဂိုလ်သည်။ ဥပပဇ္ဇတိ၊ နောင်ဘဝအဘယ်၌ဖြစ်သတ္တံ့၊ဣတိ၊ဤသို့ ငါ ဟောတော်မူသော်လည်း။နဥပေတိ၊မသင့်။နုပပဇ္ဇတိ၊ နောင်အခါအဘယ် မှာမှမဖြစ်လတ္တံ့ ဣတိပိ၊ဤသို့ငါဟောတော်မူသော်လည်း။နဥပေတိ၊မသင့်။ ဥပပဇ္ဇတိစ နစဥပပဇ္ဇတိ၊ ထိုရဟန္တာနောင်အခါဖြစ်လတ္တံ့သူလည်းအချို့ မဖြစ်သတ္တံ့သူလည်း အချို့။ ဣတိ၊ ဤသို့ ငါဟောတော်မူသော်လည်း။ နဥပေတိ၊မသင့်။နေဝဥပပဇ္ဇတိနနုပပဇ္ဇတိ၊ ထိုရဟန္တာနောင်အခါဖြစ်လေ ဦးမည်လည်း မဟုတ် မဖြစ်လေဦးမည်လည်း မဟုတ်။ ဣတိ၊ ဤသို့ ငါဟောတော် မူသော်လည်း၊ နဥပေတိ၊ မသင့်နိုင်၊ ။တသ္မာ၍စ၍ ဤတိုင်အောင်သောပါဠိတို့ကား ပါဠိသေသတည်း။ဝါ၊ဂမျမာန်။ ။

အဓိပ္ပါယ်ကား။ ဝိမုတ္တစိတ္တသင်္ခါဝရဟန္တာပုဂ္ဂိုလ် စုတေပြီးနောက် ဖြစ်လေဦးမည် မဖြစ်လိမ့်မည် အကြောင်းနှင့်စပ်၍ ဋ္ဌပရိဒိဗ်လျှောက်ထား ရာဝယ်။ ဤသို့ ထိုဝိမုတ္တစိတ္တ ရဟန္တာသည် နောင် ဖြစ်လေဦးမည် ငါဟောတော်မူသော်လည်း မသင့်။ မဖြစ်သတ္တံ့ဟောတော်မူသော်လည်း မသင့်။ ဤသို့စသည်ဖြင့် ဘုရားသျှင် မိန့်တော်မူသည့်အခါ။ အဘယ် အကြောင်းကြောင့် ဘုရားသျှင် ဤသို့မိန့်တော်မူပါလိမ့်နည်း၊ အဘယ်သို့

ဖြစ်လေမသိဟု ထိုဝဋ္ဋပရိဒိဂ်ာတွေဝေခြင်းသို့ရောက်သဖြင့်။ မိမိမသိနိုင် နားမလည်နိုင်ကြောင်း တွေဝေကြောင်းကို ဘုရားရှင်အားလျှောက်ထား ပြန်သည်အခါ၊ အိုဝဋ္ဋပရိဒိဂ်ာ ဤအရာ၌ အသင်တွေဝေခြင်းငှါ သင့်လှ တော့၏၊ ဤသို့သော ဝိမုတ္တစိတ္တရဟန္တာပုဂ္ဂိုလ်ဗုတ်ပြီးနောက် ဖြစ်လေ ဦးမည် မဖြစ်လိမ့်မည် စသည်နှင့်စပ်၍ သိရမည့်အရာ လွန်စွာခက်ခဲ၏။ လွန်စွာ သိနိုင်ခဲသောအရာဖြစ်၏၊ အသင်ကဲ့သို့ အညဒိဋ္ဌိက ငါဘုရား သာသနာမှအပအယူရှိသူကိုမဆိုထားဘိ၊ ဤသာသနာတော်ဝင်ဖြစ်သူတို့ သော်လည်း ဤအရာဝယ် လွန်စွာကြံနိုင်ခဲသိနိုင်ခဲ၏။ ပညာကြီးလှသူတို့၏ အရာသာဖြစ်၏၊ သမထဝိပဿနာ တရားများကို ကြိုးစား အားထုတ် အာစရိယရင်္ခနည်းကောင်းရသူတို့မှတပါးသိနိုင်ခဲလှတော့၏။ အိုဝဋ္ဋပရိဒိဂ်ာ အသင်၏ရှေ့မှ တောက်၍နေသောမီးကို သင်မြင်သည့်အခါ၊ ဤမီးသည် ငါ၏ရှေ့၌တောက်၍နေ၏ဟုသင်သိလိမ့်မည်မဟုတ်ပါလောဟု ဘုရားသျှင် မေးတော်မူပြန်သည့်အခါ။ ဤသို့သိပါလိမ့်မည်အသျှင်ဘုရားဟု နားတော် လျှောက်ရတွင်။ ဤသင်၏ရှေ့တွင် ငြိမ်း၍သွားသောထိုမီးကို အဘယ် အရပ်သို့ ဤမီးသွားသနည်းဟု သူတပါးတို့မေးခဲ့ပြန်လျှင် အသင်အဘယ် ကဲ့သို့ဆိုအံ့နည်းဟု ဘုရားသျှင်မေးတော်မူပြန်သည့်အခါ။ ဤသို့မေးခြင်း သည် မသင့်ပါ။ ဤမီးသည် လောင်စာမရှိသဖြင့် ငြိမ်းလေတော့သည်သာ ဘုရားဟု ဝဋ္ဋပရိဒိဂ်ာ လျှောက်ပြန်သည်ရှိသော်။ ဤနည်းအတူပင်ဝဋ္ဋ ဤဘဝရဟန္တာပုဂ္ဂိုလ် ဗုတ်ပြီးနောက် အဘယ်ဘဝသို့ရောက်မရောက် စသည်ဖြင့် ဆိုစရာဥပါဒါန်ဖြဒ်မရှိ။ ထိုရဟန္တာပုဂ္ဂိုလ်၏ ဥပါဒါန်ခန္ဓာမီး ငြိမ်းကြီးငြိမ်းလေပြီးသည့်နောက်၊ ဥပါဒါန်ခန္ဓာနှင့်စပ်၍ ခေါ်ဝေါ်ပညတ် အပ်သော လူနတ်စသော ပညတ်မျိုးမှလွတ်လျက်။ ရူပါဒိသင်္ခါရမှတ္တ အဖြစ်သို့ရောက်၍ နိဗ္ဗာန်၌ လွတ်နေသော ရဟန္တာ၏ အလွန်နက်နဲခြင်း ဂမ္ဘီရအပ္ပမေယျဒုပ္ပရိယောဂါဟ ဖြစ်၍နေသဖြင့်၊ ထိုနိဗ္ဗုတရဟန္တာအား မိမိလွတ်၍နေရာနိဗ္ဗာန်၌ ရှိ၏ မရှိ စသည်ဖြင့်ဟောတော်မူခြင်းငှါ မသင့် သောကြောင့်။ ဤဘဝဝိမုတ္တစိတ္တသဗ္ဗဝရဟန္တာပုဂ္ဂိုလ် နောင်ဖြစ်လေ ဦးမည် မဖြစ်လိမ့်မည် စသည်ဖြင့် ငါဟောတော်မူ၍မသင့်မှတ်လေလော့။ သည်သာမဟုတ်၊ ငါဘုရားအားလည်း ဥပါဒါန်ခန္ဓာတို့၌ သတ္တဝါဟု အယူ မရှိ။ သတ္တသညာတဏှာမာနဒိဋ္ဌိတို့ကိုပယ်ပြီးဖြစ်သောကြောင့်။ ရူပါဒိသင်္ခါ ဝိမုတ္တသတ္တဝါသည် ထိုနိဗ္ဗာန်၌ ရှိ၏ မရှိ စသည်ဖြင့် သတ္တဝါဟူသော

စကားကိုပင် ငါဆိုတော်မူ ယူတော်မူရင်းလည်းမရှိဟုလိုသတတ်။ ဤသို့ ငါဘုရားအားလည်း သဗ္ဗညုတဉာဏ်ဟူသော တထာဂတဉာဏ်ကိုပယ်ပြီး သောကြောင့်လည်းကောင်း။ ရူပါဒိသင်္ခါရမုတ္တပုဂ္ဂိုလ်၏ ထိုမိမိရောက်ရာ နိဗ္ဗာန်၌ ရှိ၏ မရှိ စသည်ဖြင့် ငါဟောတော်မူခြင်းငှါ မသင့်သောကြောင့် လည်းကောင်း။ ယင်းသို့သောအကြောင်းနှစ်ပါးကြောင့် ဤဘဝဝိမုတ္တစိတ္တ သဇ္ဇိဝရဟန္တာသည် နောင်အဘယ်၌ဖြစ်လေဦးမည်, မဖြစ်လိမ့်မည်စသည် ဖြင့် ငါဟောတော်မူ၍ မသင့်မှတ်လေလော့ဟုလိုသည်။ ။အကယ်၍ ရူပါဒိသင်္ခါရမုတ္တဖြစ်၍ နိဗ္ဗာန်၌တည်နေသော နိဗ္ဗုတရဟန္တာအား ထိုမိမိ လွတ်၍နေရာနိဗ္ဗာန်၌ရှိ၏ဟူ၍ဆိုသင့်သည်ဖြစ်အံ့။ ဤဘဝဝိမုတ္တစိတ္တသဇ္ဇိဝ ရဟန္တာပုဂ္ဂိုလ် စုတိပြီးနောက် ဖြစ်ဦးလတ္တံ့ဟူ၍ ငါဟောတော်မူသော် သင့်လျော်ရာ၏၊ အကယ်၍ရူပါဒိသင်္ခါရမုတ္တဖြစ်၍ နိဗ္ဗာန်၌တည်နေသော နိဗ္ဗုတရဟန္တာအားထိုမိမိတည်၍နေရာနိဗ္ဗာန်၌မရှိဟုငါဟောတော်မူခြင်းငှါ သင့်လျော်ခဲ့လျှင်။ ဤဘဝဝိမုတ္တစိတ္တသဇ္ဇိဝရဟန္တာစုတိပြီးနောက် အဘယ် ၌မှမဖြစ် အဘာဝဖြစ်လေတော့သည်ဟု ငါဟောတော်မူသော်သင့်လျော် ပါ၏။ ယခုမူကား ယင်းသို့ရှေ့စကား နှစ်ပါးလုံးစသည်ကိုပင် ငါဘုရား ဟောကြားတော်မူခြင်းငှါ မသင့်သောကြောင့်။ နောက်စကား နှစ်ပါးလုံး စသည်ကိုလည်း ငါဘုရားဟောကြားတော်မမူသည်ဟုလိုသတတ်။ ။ ဤကားဗျာချုပ်နှင့်တကွ ပိဏ္ဍတ္ထအဓိပ္ပါယ်တည်း။ ။ဤဂဏ္ဌိရဋ္ဌာဓိပ္ပါယ်မှာ ကျမ်းတတ်ခါင်ထိကာဒိကြီးတို့မှ စိန္တာနှုစိန္တနအဘန်ဘန်ကြံစည်စဉ်းစား နိုင်ကြမှသာ သဘောထင်နိုင်ကြလတ္တံ့။ ။ခဲ၈။ ။ဤမဇ္ဈိမပဏ္ဏာသ ပါဠိတော်လာ ဝစ္ဆပရိဗိုဇ်အား ဘုရားဖြေကြားတော် မူသောအချက်။ ယခင် သဠာယတနသံယုတ်ပါဠိတော်လာ ကောသလမင်းကြီးအား ခေမာ ဘိက္ခုနီရဟန္တာထေရီမ ဖြေကြားအပ်သောအချက်။ ဤအတူသဠာယတန သံယုတ်ပါဠိတော်လာ ကောသလမင်းကြီးအား ဘုရားသျှင် ဖြေကြားတော် မူသည့်အချက်။ စူဠနိဒ္ဒေသပါဠိတော်လာ ဥပသိဝပုဏ္ဏားအား နိဗ္ဗာန်ရောက် သူတို့ ပျောက်၍သွား, မသွားစသည်နှင့်စင်၍ မေးလျှောက်ရာ ဘုရားသျှင် ဖြေကြားတော်မူသောအချက်။ နသောပမာဏမေတိ စသော ဂါထာ ပါဠိတော်လာ နိဗ္ဗာန်သို့ရောက်သောရဟန္တာအရာကိုဖွင့်ဆိုသော၊ အနုပါဒိ သေသနိဗ္ဗာနသင်္ခါတံအတ္ထံဂတော သောအရဟာ ရူပါဒိနာမဂောတ်ယာ ဋ္ဌိတော ဖေဒိသော နာမဂေါတ္တဝသေနာပိတိ ပဒိဏိတုံနသက္ကုဏေယျော

စသည်ဖြင့် ဖွင့်ဆိုသော ဇာတိဝုတ်အဋ္ဌကထာ။ ရူပသမ်ယေ ဝိမုတ္တော တထာဂတော အတ္ထိဘိဝိနဉပေတိ စသော နေတ္တိပ်ါဠိတော်။အတ္ထံပလေတိ နဉပေတိသင်္ခံ စသော ရုဋ္ဌနိဒ္ဒေသပ်ါဠိတော်။ ကာယဿဘေဒါမဒ္ဓန္တော၊ သချံနောပေတိဝေဒဂူ ဟူသော သဋ္ဌာယတနသံယုတ်ပ်ါဠိတော်။ ၎င်း၌ပင်လာသော ဖေဂ္ဂုနသုတ်ပ်ါဠိတော်။ ၎င်း၌ပင်လာသော ယမကဘိက္ခုသုတ်ပ်ါဠိတော်။ ပရိနိဗ္ဗုတော ပုဂ္ဂလော အတ္ထတ္ထတ္ထမှိနတ္ထတ္ထမှိ စသည်လာသော ကထာဝတ္ထုပ်ါဠိတော် စကားရပ်အလုံးစုံတို့သည်။ ပရိနိဗ္ဗာန်စံနေကြသော ပုဂ္ဂိုလ်တို့ အလုံးစုံပြတ်တောက် အဘာဝတုစ္ဆအဖြစ်သို့ မရောက်မသွားသည်ကိုပြဆိုရာ၌ထင်တူထပ်မျှအညမညသံသန္ဒနဖြစ်လှပေတော့သည်ဟု နိသံသယမှတ်ကြကုန်။ ။ဤကား ပါဠိနှင့်ပ်ါဠိတော်ချင်း ပ်ါဠိနှင့်အဋ္ဌကထာဂန္ထန္တရ သံသန္ဒနာကာရ စကားချပ်။ ။ဤဂန္ထန္တရသံသန္ဒနာကာရများမှာ ဤယခု နိဒဿနအားဖြင့် ပြဆိုအပ်ပြီးသော ပ်ါဠိတော် အဋ္ဌကထာပါ၌ အရပ်ရပ်ကို အထင်ထပ် နှံ့စပ်အောင် တိုက်ဆိုင်ကြည့်ရှု ဝိနည်းသုတ္တန္တ မဟာဝိရ ကျမ်းတတ်ခေါင်ထိအသျှင်မြတ်ကြီးတို့သာ သဘောထိနိုင်မိနိုင်ကြရာသတည်း။ ။

ဇေ်ံဝုတ္တေ၊ဤသို့ဟောတော်မူသည်ရှိသော်။ ဝစ္ဆဂေါတ္တော၊ဝစ္ဆဂေါတ္တ အမည်ရသော။ ပရိဗ္ဗာဇကော၊ ပရိဗိုဇ်သည်။ ဘဂဝန္တံ၊ ဘုရားသျှင်ကို။ ဇေ်ံ၊ဤသို့သောစကားကို။အဝေါစ၊နားတော်လျှောက်လေ၏။ဘောဂေါတမ၊ ဂေါတမ နွယ်တော် ဘွဲ့မည်ကျော်ဖြင့် ထင်ပေါ်ခြင်း ရှိတော် မူသော အသျှင်ဘုရား။ ။ဂေါတဿအပစ္စံဂေါတမော။ ဂေါတပုဒ်၊ မပစ္စည်း။ ။ သေယျထာပိ၊ ပုံဆိုသည် ရှိသော်။ ဂါမဿဝါ၊ ရွာ၏ လည်းကောင်း။ နိဂမဿဝါ၊ နိဂုမ်း၏လည်းကောင်း။ အဝိဒူရေ၊ အနီး၌။ ယောမဟာသာလ ရုက္ခော၊အကြင်အင်ကြင်းပင်ကြီးသည်။အတ္ထိ၊ရှိ၏။ တဿ၊ထိုအင်ကြင်းပင်ကြီး၏။ အနိစ္စတာ-အနိစ္စဘာဝယ၊ နိစ္စမဟုတ်နိုင်သောကြောင့်။ မနုဿာ၊ လူတို့သည်။သာခါပလာသံ၊အခက်အရွက်ကို။ပလုဇ္ဇေယျုံ၊ချတ်ချိုင်ဖျက်ဆီးကုန်ရာ၏၊ တစပပဋိကာ၊ အခွံ အခေါက် အပွေးတို့ကို၊ ပလုဇ္ဇေယျုံ၊ ခွါယူဖျက်ဆီးကြကုန်ရာ၏။ ဖေဂ္ဂုံ၊အကာကိုလည်း။ ပလုဇ္ဇေယျုံ၊ချတ်ခွါဖျက်ဆီးကြကုန်ရာ၏။ သော၊ ထိုအင်ကြင်းပင်ကြီးသည်။ အပရေန သမယေန၊ တပါးသောအခါ၌။ အပဂတသာခါပလာသော၊ ကင်းသောအခက်အရွက်ရှိသည်ဖြစ်၍။အပဂတတစပပဋိကော၊ ကင်းသောအခေါက်အပွေးရှိသည်

ဖြစ်၍၊ အပဂတဖေဂ္ဂုကော၊ကင်းသောအကာရှိသည်ဖြစ်၍၊သုဒ္ဓေသာရေ၊
အနှစ်သက်သက်၌။ ပတိဋ္ဌိတော၊တည်လေ၏။ ဧဝမေဝ၊ ဤအတူသာလျှင်။
ဘောတောဂေါတမဿ၊ ဂေါတမဟု ဂေါတ္တမည်တွင် ကိုယ်တော်သျှင်၏။
ပါဝစနံ၊ စကားတော်သည်။ အပဂတသာခါပလာသံ၊ အခက်အရွက်အပို
အချိမရှိ။ အပဂတတစပပဋိကံ၊ အပွေး အခေါက် အမြောက် အပင့်မပါ။
အပဂတဖေဂ္ဂုကံ၊အကာအလျှမ်းစကားသွမ်းမှကင်းလှပေ၏။သုဒ္ဓေသာရေ၊
လိုရင်းတရား အနှစ်သက်သက်၌။ ပတိဋ္ဌိတံ၊ မယိမ်းမယိုင် ခိုင်ခိုင်ကြီး
တည်တော်မူပေ၏။ ဘောဂေါတမ၊ ဂေါတမနွယ်တော်ႏသုံးဘုံကျော်သော
အသျှင်ဘုရား။အဘိက္ကန္တံ၊အကာမဘက် အနှစ်သက်သက် မိန့်တော်မြွက်၍
တကယ်နှစ်သက်ဘွယ် ရှိလှပေ၏။ပ။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။မံ၊
အကျွန်ုပ်ကို။ ဥပါသကံ၊ ရတနာသုံးပါး ဆည်းကပ်တတ်သူ ဥပါသကာ
လူတယောက်ဟူ၍။ဓာရေတု၊မှတ်တော်မူပါဘုရား။ ။ယခင်မဇ္ဈိမပဏ္ဏာသ
ပါဠိအနက်။ ။

အောက်၌ ညွှန်းပြအပ်ခဲ့ပြီးသော သဠာယတန သံယုတ်ပါဠိတော်နှင့် နည်းတူပင်ဖြစ်၍၊ ၎င်းသဠာယတန သံယုတ် အဋ္ဌကထာဘွင့်နှင့် အညီ၊ ဂန္ထိရ၏အရကို အဇ္ဈာသယဂန္ထိရနှင့်တကွ ယောဇနာသတည်း။ ။

ဤပါဠိတော်၌ အစ္စိယထာ စသော ပါဌ်ဖြင့် မီးလျှံနှင့် ပုံကပ် သည်ကို ထောက်လျှင်၊ နိဗ္ဗာန်ရောက်သွားသူ အလုံးစုံပျောက်၍သွားသည်ဆိုတော်မူရာမရောက်လောဟူငြားအံ့။ မရောက်။ အဘယ်ကြောင့်နည်းဟူမူကား။ ရူပသင်္ခါ ဝိမုတ္တော.ပ.၊ ဂန္ထိရော ဟူ၍သာ ဟောတော်မူသည် အဖြစ်။ ရူပသင်္ခါဝိမုတ္တော အဘာဝံဂစ္ဆတိ ဟူ၍ ဟောတော်မမူသည်၏အဖြစ်ကြောင့်တည်း။ ထို့ကြောင့် လေတိုက်ခတ်အပ်သောမီးလျှံသည် အချင်းခပ်သိမ်းငြိမ်းပျောက်၍ သွားသကဲ့သို့။ ပရိနိဗ္ဗုတရဟန္တာပုဂ္ဂိုလ်၏ရုပ်နာမ်သည် အသစ်တဖန်မဖြစ် အချင်းခပ်သိမ်း ငြိမ်းပျောက်၍ သွားသည်ဟူသော အနက်ကိုသာ ပြတော်မူလိုသည်ဟူ၍ မှတ်အပ်၏။ ထိုရဟန္တာ အလုံးစုံပြတ်တောက်ပျောက်၍သွားလေတော့၏ဟူသောအနက်ကိုပြတော်မူသည်မဟုတ်မှတ်အပ်၏။ အကယ်၍ ယင်းသို့ပြတော်မူလိုခဲ့လျှင် ယင်းရူပါဒိသင်္ခါဝိမုတ္တ၏ဂန္ထိရအဖြစ်ကိုဟောတော်မမူရာသောကြောင့်တည်း။ ရုပ်နာမ်လည်းငြိမ်းပျောက်၊ အလုံးစုံလည်းမပျောက်ဖြစ်ခဲ့သော်။ အဘယ်သို့သောအခြင်းအရာဖြစ်၍နေပါသနည်းဟူငြားအံ့။ ဂန္ထိရောအပ္ပမေယျော

ဒုပ္ပရိယောဂါဟော သေယျထာပိ မဟာသမုဒ္ဒေါ ဟူသော ဤပါဠိတော်အဘိုင်း။ မဟာသမုဒ္ဒါရေကို ကွမ်းစားခွက်ဖြင့် မခရေတွက်နိုင်၊ တာဝါးတ္ဖြင့် မထောက်လှမ်းနိုင်သကဲ့သို့ ဝေနေယျတို့ဉာဏ်ဖြင့် မချင့်တွက်နိုင် ဉာဏ်ခမိနိုင် အလွန်နက်နဲသော အခြင်းအရာဖြစ်၍ နေသည်ဟူ၍သာ မှတ်အပ်သတည်း။ ။

အနုပါဒါဝိမုတ္တောတိ စတုဟိ ဥပါဒါနေဟိ ကိဉ္စိဓမ္မံအနုပါဒိယိတွာ ဝိမုတ္တော။ နဥပေတိတိနယုဇ္ဇတိ။ ဇြတ္တစနဥပပဇ္ဇတိတိ ဣဒံအနုဇာနိတဗ္ဗံ သိယာ။ ယသ္မာပန ဇိဝံဝုတ္တေသောပရိဗ္ဗာဇကောဥစ္ဆေဒံဂဏှေယျ၊ဥပပဇ္ဇတိတိပနသဿတမေဝ။ဥပပဇ္ဇတိစနဥပပဇ္ဇတိစာတိဧကစ္စသဿတံ၊နေဝဥပပဇ္ဇတိနနဥပပဇ္ဇတိတိအမရာဝိက္ခေပံ။ တသ္မာအယံအပ္ပတိဋ္ဌာအနာလမ္ဗေဟောတု သုခပ္ပဝေသနဋ္ဌာနံ မာလဘတူတိ အနနုညာယဌတွာ အနုညံ့ပိပဋိက္ခိပိ။ပ။ ဂမ္ဘိရောတိဂုဏဂမ္ဘိရော။ အပ္ပမေယျောတိပမာဏံ ဂဏှိတုံနသက္ကုဏေယျော။ ဒုပ္ပရိယောဂါဟောတိဒုဩဂါဟော ဒုဇ္ဇာနော။ သေယျထာပိမဟာသမုဒ္ဒေါတိယထာမဟာသမုဒ္ဒေါဂမ္ဘိရောအပ္ပမေယျော ဒုဇ္ဇာနော။ဧဝမေဝခိဏာသဝေါပိတံအာရဗ္ဘဥပပဇ္ဇတိတိအာဒိသဗ္ဗံနယုဇ္ဇတိ။ ကထံ၊ ယထာပရိနိဗ္ဗုတံအဂ္ဂိံအာရဗ္ဘပုရတ္ထိမဒိသံဂတောတိ အာဒိ သဗ္ဗံနယုဇ္ဇတိ၊ ။မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ။ ။ဈော။ ။

ကိဉ္စိဓမ္မန္တိ ရူပဓမ္မံဝါအရူပဓမ္မံဝါ။ အနုပါဒိယိတွာတိ အဂဟေတွာ။ နဥပေတိတိ အယုတ္တံ အာဟ နယုဇ္ဇတိဘိ၊အနုဇာနိတဗ္ဗံ သိယာ အနုပါဒါ ဝိမုတ္တဿကိဉ္စိပိဥပ္ပတ္တိယာအဘာဝတော။ ဇိဝံဝိမုတ္တစိတ္တောနဥပပဇ္ဇတိတိ ကာမဥ္စေတံသဘာဝပဝေဒနံ၊ ပရိဗ္ဗာဇကော ပန ဥစ္ဆေဒဝါဒိနောပိ အယံ သတ္တော အာယတိံ နဥပပဇ္ဇတိတိ ဝဒန္တိ သမဏောပိ ဂေါတမော တထာ ဝဒတိတိ ဥစ္ဆေဒဘာဝေ သော ပဝတ္တေယျာတိ၊ ။မဇ္ဈိမပဏ္ဏာသဋီကာ။ ။ဈော။ ။

အနုပါဒါဝိမုတ္တောတိ၊ဟူသည်ကား။စတုဟိ၊လေးပါးကုန်သော၊ဥပါဒါနေဟိ၊ကာမုပါဒါန်စသော ဥပါဒါန်တရားတို့ဖြင့်။ ကိဉ္စိဓမ္မံ၊တစုံတခုသော ရုပ်နာမ်ခန္ဓာတရားကို၊ အနုပါဒိယိတွာ၊ မစွဲလမ်းမူ၍၊ ဝိမုတ္တော၊ ဘေးခပ်သိမ်းမှလွတ်ကြီးလွတ်၍နေ၏၊ နဥပေတိတိ၊ ဟူသည်ကား။ နယုဇ္ဇတိ၊ မသင့်၊ ဇြတ္တစ၊ ဤနဥပပဇ္ဇတိ အစရှိသောပါဠိ၌လည်း၊ နဥပပဇ္ဇတိတိဣဒံ၊ ဟူသော ဤစကားသည်၊ အနုဇာနိတဗ္ဗံ၊ ခွင့်ပြုထိုက်သောစကားသည်။

သိယာ၊ဖြစ်ရာ၏၊ကသ္မာ၊အဘယ့်ကြောင့်နည်းဟူမူကား။အနုပါဒါဒိဝိရတ္တဿ၊
ရုပ်နာမ်တရားတို့၌ စွဲလမ်းခြင်းမရှိ နိဗ္ဗာန်၌ လွတ်ကြီးလွတ်၍ နေသော
ရဟန္တာ ပုဂ္ဂိုလ်အား။ ကိဉ္စိပိ၊ တစုံတခုသော ရုပ်နာမ် တရား၏လည်း။
ဥပ္ပတ္တိယာ၊ဖြစ်ခြင်း၏၊ အဘာဝတော၊ မရှိခြင်းကြောင့်တည်း။ ။ဣကာ
ဟိတ်ထည့်။ ။ပန၊ယင်းသို့ခွင့်ပြုထိုက်သော်လည်း။ယသ္မာ၊အကြင်ကြောင့်။
ဧဝံ၊ ဤသို့၊ ဝုတ္တေ၊နဥပပဇ္ဇတိဟု ခွင့်ပြုဟောကြားတော်မူသည်ရှိသော်။
သောပရိဗ္ဗာဇကော၊ထိုပရိဗိုဇ်သည်။ဥစ္ဆေဒံ၊ဥစ္ဆေဒဒိဋ္ဌိအယူကို။ ဂဏှေယျ၊
ယူခဲ့ရာ၏။ပန၊ထိုပြင်။ဥပပဇ္ဇတိတိ၊ဟူ၍။ဝုတ္တေ၊ဟောတော်မူသည်ရှိသော်။
သဿတမေဝ၊ သဿတဒိဋ္ဌိအယူကိုပင်လျှင်။ ဂဏှေယျ၊ ယူခဲ့ရာ၏။
ဥပပဇ္ဇတိစနဥပပဇ္ဇတိစ၊ ဖြစ်သည်လည်းရှိ၏၊ မဖြစ်သည်လည်းရှိ၏။ ဝါ၊
ဖြစ်လည်းဖြစ် ဖြစ်လည်းမဖြစ်။ဧဝံ၊ဤသို့။ဝုတ္တေ၊ဟောတော်မူသည်ရှိသော်။
ဧကစ္စသဿတံ၊ဧကစ္စသဿတဒိဋ္ဌိအယူကို။ ဂဏှေယျ၊ ယူခဲ့ရာ၏၊ နေဝ
ဥပပဇ္ဇတိနနဥပပဇ္ဇတိတိ၊ဖြစ်သည်လည်းမဟုတ်၊မဖြစ်သည်လည်းမဟုတ်
ဟူ၍၊ ဧဝံဝုတ္တေ၊ ဤသို့ဟောခဲ့ပြန်သည်ရှိသော်။အမရာဝိက္ခေပိကံ၊အမရာ
မည်သောငါး၏အတိုင်း ငါးစင်ရိုင်း၏အလား သူတပါးတို့ဘမ်း၍ မမိ
နိုင်အောင် ကြံဆောင် ပြောဆိုသေ့ ရှိခြင်းဟူသော အမရာဝိက္ခေပိက
ဒိဋ္ဌိအယူကို။ ဂဏှေယျ၊ ယူခဲ့ရာ၏။ တသ္မာ၊ထို့ကြောင့်။ အယံ၊ဤပရိဗိုဇ်
သည်။ အပ္ပတိဋ္ဌော၊ မိစ္ဆာဝါဒထောက်တည်ရာမရသည်။ အနာလမ္ဗော၊
ဆွဲခိုရာမရသည်။ ဟောတု၊ဖြစ်စေတော့၊ သုခပ္ပဝေသနဋ္ဌာနံ၊ မိစ္ဆာဉာဏ်
သက်ဝင်လွယ်ခွင့်ကို။ မာလဘတု၊ မရစေနှင့်တော့။ ဣတိ၊ ဤသို့နှလုံးသွင်း
တော်မူသည်ဖြစ်၍၊ အနနုညာယ၊ ခွင့်မပြုခြင်း၌။ ဌပေတွာ၊ တည်တော်မူ၍။
အနုညံပိ၊ ခွင့်ပြုရမည့်အရာကိုလည်း။ ပဋိက္ခိပိ၊ ပယ်တော်မူ၏။ပ။ဂမ္ဘီ
ရောတိ၊နက်နဲသည်ဟူသည်ကား။ သော၊ထိုသတ္တဝါဟူ၍ပညတ်ကြောင်း
ခန္ဓာငါးပါးမှ လွတ်၍နေသော ပရိနိဗ္ဗုတ ရဟန္တာပုဂ္ဂိုလ်သည်။ ဂုဏ
ဂမ္ဘီရော၊ သီလဂုဏ်သမာဓိဂုဏ်စသောဂုဏ်တို့ဖြင့် အလွန်နက်နဲ၍နေ၏။
အပ္ပမေယျောတိ၊ ဟူသည်ကား။ သော၊ ထိုရုပ်နာမ်နှင့်စပ်သောပညတ်မှ
လွတ်၍နေသော ပရိနိဗ္ဗုတ ရဟန္တာအသျှင်ကို။ ပမာဏံဂဏှိတုံ၊ တစုံ
တယောက်သောလူနတ်စသည်တို့နှင့် နှိုင်းချင့်ခြင်းငှါ။ နသက္ကုဏေယျော၊
မတတ်စကောင်း။ ဒုပ္ပရိယောဂါဟောတိ၊ ဟူသည်ကား။ ဒုဩဂါဟော၊
မသက်ဝင်နိုင်။ ဒုဇ္ဈာနော၊ သိနိုင်ခဲ၏၊ သေယျထာပိ မဟာသမုဒ္ဒေါတိ၊

ဟူသည်ကား။ မဟာသမုဒ္ဒေါ၊ မဟာသမုဒြာသည်။ ဂမ္ဘိရော၊ နက်သည်။ အပ္ပမေယျော၊ မချင့်တွက်နိုင်သည်။ ဒုဇ္ဈောဂါဟော၊ သိနိုင်ခဲသက်ဝင်နိုင်ခဲသည်။ ဟောတိ၊ သည်သာလျှင်ဖြစ်သကဲ့သို့လျှင်။ ဧဝမေဝ၊ ဤအတူလည်းကောင်း။ နိဗ္ဗာနသဝေါပိ၊ ရဟန္တာပုဂ္ဂိုလ်သည်လည်း။ တံ၊ ထိုစုတိပြီးနောက်နိဗ္ဗာန်ရောက်သဖြင့်ရုပါဒိသမ္ဘာရဝိမုတ္တဖြစ်၍နေသောအရာကို။ အာချက္ခုံ၊ အကြောင်းပြု၍။ ဥပပဇ္ဇတီတိအာဒိသမ္ဗန္ဓံ၊ ဥပပဇ္ဇတိစသောစကားလေးရပ်အလုံးစုံသည်။ ဝါ၊ မိမိရောက်ရာ နိဗ္ဗာန်၌အမြဲဖြစ်၍နေ၏, ဖြစ်၍မနေ, ဖြစ်လည်းဖြစ်၏ ဖြစ်လည်းမဖြစ်, ဖြစ်၍ နေသည်လည်းမဟုတ် မဖြစ်ဘဲ နေသည်လည်း မဟုတ်, ဟူသော စကားလေးချပ်လုံးသည်ပင်။ နယုဇ္ဇတိ၊ ငါဟောတော်မူခြင်းငှါမသင့်။ ကထံ၊ အဘယ်သို့ မသင့်သနည်းဟူမူကား။ ပရိနိဗ္ဗုတံ၊ ငြိမ်းလေပြီးသော၊ အဂ္ဂိံ၊ မီးကို။ အာချက္ခုံ၍၊ ပုစ္ဆိတ္ဗံဒိသံ၊ အရှေ့အရပ်သို့၊ ဂတော၊ သွားလေ၏၊ ဣတိအာဒိသမ္ဗန္ဓံ၊ ဤသို့အစရှိသော အလုံးစုံသည်။ နယုဇ္ဇတိယထာ၊မသင့်နိုင်သကဲ့သို့တည်း။ ။ယခင်အဋ္ဌကထာပါဌ်အနက်။

ဤ၌ ငြိမ်းပြီးသော မီးကဲ့သို့ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်၏ ရုပ်နာမ်အလုံးစုံ ကွယ်ပျောက်သည်ဟူသောအဓိပ္ပါယ်ကိုသာယူအပ်၏၊ထိုရဟန္တာအသျှင်အစဉ်သန္တာန် ပြတ်၍သွားသည်ကို ဆိုသတည်းဟု မယောင်မှားအပ်။ အကယ်၍ယင်းသို့ပြတ်သွားသည်ကိုဆိုလိုလျှင် သမုဒြာကဲ့သို့ဂမ္ဘီရဖြစ်၍ နေသည်ဟုဟောတော်မမူသင့်သောကြောင့်တည်း။

အပ္ပမာဏာသသဘာဝဂုဏာဘာဝ ဂုဏဂမ္ဘိရော။ ဤဒိသာဝေတသ ဂုဏာတိ ပရိယောဂါဟိတုံ အသက္ကုဏေယျတာယ ဒုပ္ပရိယောဂါဟော ဒုဇ္ဈောဂါဟော။ဝေတ္တကာနိဥဒကာဠှကသတာနီတိအာဒိနာနိယမေတုံ:နသက္ကာတိ အပ္ပမေယျော။ ဧဝမေဝ ယထာမဟာသမုဒ္ဒေါ ဂမ္ဘိရော အပ္ပမေယျော ဒုဇ္ဈောဂါဟော ဧဝံခီဏာသဝေါပိဂုဏဝသေန။တဿ္မာယံရူပါဒိ ဂဟေတွာ ရူပီတိ အာဒိဝေါဟာရောဘဝေယျ။ပရိနိဗ္ဗုတဿပန္တဒဘာဝါတထာပညာပေတုံ နသက္ကာ။ဘဝေါတံအာချက္ခုံဥပပဇ္ဇတီတိအာဒိသမ္ဗန္ဓံနယုဇ္ဇေယျ။ ယထာပန ဝိဇ္ဈာနေ၀ေ ဓာတဝေဒေါ ဗျာတွေန္တပုရိသေနနိယျာနေ ပုစ္ဆိတ္ဗာဒိဒိသံ ဂတောတိဝုတ္တေယျ။နိဗ္ဗုတော၊ဇိံခိဏာသဝေါပိတိဒသောန္တော၊ဝေမေဝ ခီ အာဒိမာဟ။ ။ဝင်းမဏ္ဍိပဏ္ဏာသဋီကာ၊ ။၁၀၁၊ယ။ ။

အပ္ပမာဏာယ၊ အတိုင်းမသိနိုင်များလှသောဂုဏ်။ သဘာဝဂုဏာတာယ၊ ရုပ်ဝေဒနာစသည်တို့မရှိသဖြင့် ထိုရုပ်ဝေဒနာစသည်တို့ကို စွဲ၍ဖြစ်သော

ပညတ်မှလွတ်၍နေသောသဘာဝဂုဏ်ရှိသောအဖြစ်ဖြင့်။ဝါ၊အဖြစ်ကြောင့်။ သော၊ထိုရူပသညာဝိမုတ္တ။ပ။ဝိညာဏသညာဝိမုတ္တခီဏာသဝအသျှင်သည်။ ဂုဏဂန္ဓိရော၊ ဂုဏ်အားဖြင့် နက်နဲ၏။ ဇေတဿ၊ ထိုရူပသညာ ဝိမုတ္တ။ပ။ ဝိညာဏသညာဝိမုတ္တဖြစ်၍ နေသောပုဂ္ဂိုလ်အား။ ဝါ၊ ပုဂ္ဂိုလ်၏။ ဂုဏာ၊ ဂုဏ်တို့သည်။ ။ဤဒိသာ၊ ဤသို့သဘောရှိကုန်၏။ ဣတိ၊ဤသို့၊ ပရိယောဂါဟိတုံ၊ဝေနေယျတို့၏ဉာဏ်ဖြင့်သက်ဝင်ခြင်းငှါ။ အသက္ကုဏေယျတာယ၊ မတတ်နိုင်စကောင်းသောကြောင့်။ သော၊ ထိုရူပသညာဝိမုတ္တ။ပ။ဝိညာဏသညာဝိမုတ္တ ရဟန္တာပုဂ္ဂိုလ်သည်။ ဒုပ္ပရိယောဂါဟော၊ ဒုပ္ပရိယောဂါဟမည်၏။ ဒုဇ္ဇာနော၊ ဤပုံဤခြင်းရာ ဂုဏ်ရှိ၏ဟု သိအပ်နိုင်ခဲ၏။ ဇွေကာနိ ဥဒကာဋ္ဌကာသတာနိ၊ဤမျှလောက်ရေကွမ်းစားအရေတို့ဟူ၍။ ဣတိအာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ နိယမေတုံ၊မှတ်ခြင်းငှါ။ နသက္ကာ၊ မတတ်စကောင်း။ ဣတိတသ္မာ၊ထိုကြောင့်။သော၊ထိုသမုဒ္ဒရာပင်လယ်ကြီးသည်။အပ္ပမေယျော၊ အပ္ပမေယျမည်၏။ ဧဝမေဝခေါ၊ ဟူသည်ကား။ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်။ ဂမ္ဘီရောယထာ၊ နက်သကဲ့သို့။ အပ္ပမေယျောယထာ၊ မနှိုင်းချည့်အပ်သကဲ့သို့။ ဒုဇ္ဇာနောယထာ၊ သိနိုင်ခဲသကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ခီဏာသဝေါပိ၊ရဟန္တာပုဂ္ဂိုလ်သည်လည်း။ ဂုဏဝသေန၊ဂုဏ်၏အစွမ်းအားဖြင့်။ဂမ္ဘီရော၊နက်၍နေ၏၊အပ္ပမေယျော၊မနှိုင်းချည့်နိုင်စရာဖြစ်၍နေ၏၊ဒုဇ္ဇာနော၊ဘယ်ပုံခြင်းရာ ဘယ်လိုဟာဟု သိနိုင်ခဲရာဖြစ်၏။ ။ဤဓ ခီဏာသဝေါဟုသာမညဆိုသော်လည်း၊ ရင်းစကား၏လဒ္ဓဂုဏ်ကိုဆိုသော တသ္မာစသောနောက်ဝါကျ၌၊ ပရိနိဗ္ဗုတဿာနဟူ၍အထူးထုတ်ဆိုလတ္တံ့သောကြောင့်၊ ပရိနိဗ္ဗုတရဟန္တာကိုရည်၍ ဆိုသည်ဟုသိ။ ။တသ္မာ၊ ထိုသို့ခီဏာသဝပုဂ္ဂိုလ်၏ ဂုဏ်၏အစွမ်းအားဖြင့်နက်နဲခြင်းမနှိုင်းချည့်နိုင် မသိနိုင်စရာဖြစ်၍နေခြင်းကြောင့်။ ယံရူပါဒိံ၊ အကြင်ရုပ် အစရှိသည်ကို။ ဂဟေတွာ၊စွဲယူ၍။ရူပီတိအာဒိဝေါဟာရော၊ရုပ်ရှိသောသတ္တဝါအစရှိသော ဝေါဟာရပညတ်သည်၊ ဘဝေယျ၊ဖြစ်ရာ၏။ ပန၊ထိုသို့ဖြင့်ရာသော်လည်း။ ပရိနိဗ္ဗုတဿ၊နိဗ္ဗာန်ရွှေနန်းစံမြန်း၍နေသူပရိနိဗ္ဗုတအသျှင်အား။တဒဘာဝါ၊ ထိုသို့သတ္တဝါဟုပညတ်ကြောင်း ရုပ်နာမ်အပေါင်းမရှိခြင်းကြောင့်။ တထာ၊ ထိုရုပ်ရှိသောလူနတ်စသောသတ္တဝါဟူသောခေါ်ဝေါ်ပညတ်ခြင်းအားဖြင့်။ ပညာပေတုံ၊ ပညတ်ခြင်းငှါ။ နသက္ကာ၊ မတတ်စကောင်း။ တတော၊ ထိုသို့ နိဗ္ဗာန်ရွှေနန်းစံမြန်း၍နေသူ ပရိနိဗ္ဗုတရဟန္တာပုဂ္ဂိုလ်၏ ရုပ်စသည်မရှိသ

ဖြင့် ရူပီသတ္တဝါစသည်ဖြင့်ပညတ်စရာမရှိသောကြောင့်။တံ၊ထိုပရိနိဗ္ဗုတ ပုဂ္ဂိုလ်၏ သတ္တဝါဟု ပညတ်စရာ မရှိသည်အရာကို။ ဝါ၊ ရုပ်စသည်နှင့် စပ်သောသတ္တပညတ်မှလွတ်၍နေသောအရာကို၊အာရဗ္ဘ၊အကြောင်းပြု၍၊ တဿ၊ ထိုရဟန္တာပုဂ္ဂိုလ်အား။ ဝါ၊ ရုပ်စသည်ကိုစွဲ၍ဖြစ်သော သတ္တ ပညတ်မှလွတ်၍နေသော အသျှင်အား။ ဥပပန္နတိတိ အာဒိသဗ္ဗံ၊ ထိုသူ ထိုနိဗ္ဗာန်၌ဖြစ်၍နေ၏ဖြစ်၍မနေ ဤသို့အစရှိသောအလုံးစုံသည်၊နယုဇ္ဇတိ၊ မသင့်ရာ။ ။ငုင်းမိုကာအနက်။ ။

သတ္တဝါဟု ခေါ်ဝေါ်စရာ ရုပ်နာမ်ခန္ဓာလည်းမရှိ၊ ရုပ်နာမ်ခန္ဓာမရှိ သော်လည်း ဘယ်ဟာတခုမျှမရှိသည်လည်းမဟုတ်ဖြစ်၍၊ ထိုပရိနိဗ္ဗုတ ပုဂ္ဂိုလ် ထိုနိဗ္ဗာန်၌ရှိ၏မရှိ၊ ဖြစ်၍နေ၏မနေ၊ ဤသို့အစရှိသည်ဖြင့်ဆိုရမည် အချက်အလွန်ခက်ခဲနက်နဲ၍နေသည်ဟုလိုသတတ်၊ ။ထိုပရိနိဗ္ဗုတရုပ်၊ဒိ သန္တိဝိမုတ္တ ရဟန္တာသည် သတ္တပညတ်၏တည်ရာရုပ်နာမ်ခန္ဓာပင်မရှိ သော်လည်း၊ ဂမ္ဘီရအပ္ပမေယျသဘောဖြစ်၍တည်နေသည်ကိုရည်သဖြင့်၊ ဥပပန္နတိဟုဟောတော်မူခဲ့လျှင်၊ယင်းသို့သောသန္တာယဘာသ်တဂမ္ဘီရတ္ထ အရာကို ထိုဝစ္ဆပရိဗိုဇ်၏ နားမလည်နိုင် ဉာဏ်မမှီနိုင်သဖြင့်၊ အကယ်၍ ထိုပရိနိဗ္ဗုတရဟန္တာ ထိုနိဗ္ဗုတာ၌ဖြစ်၍ရှိနေသေးသည်ဖြစ်လျှင် ရုပ်နာမ် ခန္ဓာနှင့်တကွဖြစ်နေရမည်။ ;ရုပ်နာမ်ခန္ဓာမှတပါးအဘယ်ဖြစ်စရာရှိပါတော့ အံ့နည်း။ထိုရုပ်နာမ်နှင့်တကွ ထိုနိဗ္ဗာန်၌မပြိုမကွဲအမြဲသဿတဖြစ်နေပြီဟု သဿတဒိဋ္ဌိအရာအားဖြင့် ထိုဝစ္ဆပရိဗိုဇ်အထင်မှားဘွယ်ရှိသောကြောင့် ဥပပန္နတိဟူ၍ဟောကြားဖြေဆိုတော်မူသော်လည်း မသင့်မတော်မလျော် နိုင်သည်မှတပါး။အဘယ်ပုံအခြင်းအရာအားဖြင့်ဖြစ်နေသည်ဟု ဝေနေယျ တို့၏ဉာဏ်ဖြင့်မပိုင်းခြားနိုင်အောင်အလွန်နက်နဲ၍နေသောဂမ္ဘီရအပ္ပမေယျ သဘောတခုအားဖြင့်ဖြစ်နေသော်လည်း၊ရုပ်နာမ်ခန္ဓာအားဖြင့်ဖြစ်နေသည် မဟုတ်သည်ကိုရည်၍၊ နုပပန္နတိဟု ဟောတော်မူခဲ့လျှင်လည်း။ ယင်းသို့ သော သန္တာယဘာသိတဂမ္ဘီရတ္ထအရာကို ထိုဝစ္ဆပရိဗိုဇ်နားမလည်နိုင် ဉာဏ်မမှီနိုင်သဖြင့်။ယင်းသို့ထိုပရိနိဗ္ဗုတပုဂ္ဂိုလ် ထိုနိဗ္ဗာန်၌ရုပ်နာမ်အားဖြင့် ဖြစ်၍မနေသည်မှန်ခဲ့လျှင်။ရုပ်နာမ်မှတပါး ဘယ်ဟာတခုဖြစ်စရာရှိပါတော့ အံ့နည်း။ ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်နိဗ္ဗာန်ရောက်လျှင်။ ဝါ၊ ရုပ်ကျပြီးသည်အခါ ဘယ်ဟာတခုမကျန် အလျှင်းကွယ်ပျောက်ပြတ်တောက်၍ သွားလေပြီဟု အသျှင်ဂေါတမ မိန့်တော်မူလိုထေသလားဟု ဥစ္ဆေဒဒိဋ္ဌိ အရာအားဖြင့်

ထိုဝစ္ဆပရိဗိုဇ်၏ယုံမှားဘွယ်ရှိသောကြောင့်၊ နုပပဇ္ဇတီဟုဟောကြားဖြေဆို တော်မူသော်လည်းမသင့်နိုင်။ ဂမ္ဘီရသဘောတရားအားဖြင့်ဖြစ်နေသည်ကို ရည်တော်မူ၍ ဥပပဇ္ဇတီတိစဟု, ရုပ်နာမ်ခန္ဓာ ဒုက္ခအရေအားဖြင့် မဖြစ်ဘဲ နေသည်ကိုရည်တော်မူ၍ နုပပဇ္ဇတီတိစဟု,ဤသို့နှစ်ချက်ရဟောတော်မူခဲ့ပြန် လျှင်လည်း။ ယင်းသို့သောသဏ္ဍာယဘာသိတဂမ္ဘီရဋ္ဌအရာကို။ ထိုဝစ္ဆ ပရိဗိုဇ်နားမလည်နိုင်ဉာဏ်မမီနိုင်သဖြင့်၊ယင်းသို့ဖြစ်လည်းဖြစ်၏,ဖြစ်လည်း မဖြစ်,မှန်ခဲ့လျှင်။ ပရိနိဗ္ဗုတပုဂ္ဂိုလ်အချို့လည်း နိဗ္ဗာန်၌ရုပ်နာမ်အားဖြင့် ဖြစ်၏။ အချို့လည်းရတ်ကျရောက်ကတဲကပင် ပြတ်ကြီးပြတ်၍ အလုံးစုံ ဘယ်ဟာတရမျှမကျန် အစဉ်သန္တာန် ကွယ်ပျောက်လေတော့၏၊ ဤသို့ ဧကစ္စသဿတဒိဋ္ဌိ အရာအားဖြင့် ထိုဝစ္ဆပရိဗိုဇ် ယုံမှားဘွယ်ရှိသော ကြောင့်။ ယင်းသို့ဥပပဇ္ဇတိစနုပပဇ္ဇတိစဟူ၍ ဟောကြားဖြေဆိုတော်မူ သော်သည်းမသင့်မလျော်မတော်နိုင်ချေ။တပုံတရာဂမ္ဘီရသဘောအားဖြင့် ဖြစ်နေသော်လည်း၊ ရုပ်နာမ်အားဖြင့်ဖြစ်သည်မဟုတ်သည်ကို ရည်တော် မူ၍ နေဝဥပပဇ္ဇတီဟု, ဂမ္ဘီရအပ္ပမေယျသဘောတရားအားဖြင့် ဖြစ်နေ သည်ကိုရည်တော်မူ၍ နစနုပပဇ္ဇတီဟု,ဟောတော်မူခဲ့လျှင်လည်း။ယင်းသို့ သောသဏ္ဍာယဘာသိတအတိဂမ္ဘီရဋ္ဌအရာကို ထိုဝစ္ဆပရိဗိုဇ်နားမလည် ငြဲ မရိပ်မိနိုင်ဘဲ ဉာဏ်မမှီသဖြင့်။ ယင်းသို့နေဝဥပပဇ္ဇတိနစနုပပဇ္ဇတီဟု အဆုံးဂေါ်ဘမဆိုသော အရာသည်။ နေဝဟောတိ နနဟောတိ တထာ ဂတော ပရမ္မရဏာတိ ဟု ဆိုလေ့ရှိကြသော အမရာဝိက္ခေပိက မိစ္ဆာဒိဋ္ဌိ လူများကဲ့သို့နှစ်ဘက်သောအစွန်းဖြင့် သူဘမ်း၍မမိနိုင်ဘွယ် စကားသွယ် စကားကပ်အားဖြင့် အဆုံးဂေါ်ဘမ မိန့်တော်မူလေသလားဟု အမရာ ဝိက္ခေပိကဒိဋ္ဌိအရာအားဖြင့် ထိုဝစ္ဆပရိဗိုဇ်ယုံမှားဘွယ် ရှိသောကြောင့်။ နေဝဥပပဇ္ဇတိ နစနုပပဇ္ဇတီဟု ဟောတော်မူသော်လည်း မသင့်မလျော် မတော်နိုင်ဟူလိုသတည်း။ ။ဗျာကြိုဏ်အဓိပ္ပါယ်။ ။ပရိနိဗ္ဗုတပုဂ္ဂိုလ်၏ ရုပ်နာမ်မရှိသဖြင့်သတ္တပညတ်ကိုလွန်၍နေသောကြောင့်။ဝါ၊သတ္တပညတ်မှ လွတ်၍နေသဖြင့် အလွန် နက်နဲလှစွာ ဖြစ်၍နေသောကြောင့်။ ဆိုအပ်ခဲ့ ပြီးသော စကားလေးရပ်လုံးကိုပင် မိန့်ဆိုဟောကြားတော် မူသော်လည်း။ ထိုဝစ္ဆပရိဗိုဇ်မှစ၍ အများသတ္တဝါတို့နားမလည်နိုင်ဉာဏ်မမီနိုင်ကြသဖြင့် ဆိုအပ်ခဲ့ပြီးသောမိစ္ဆာဒိဋ္ဌိလေးပါးအရာသို့ သက်ဝင်ကြမည်ကိုဘုရားသျှင် မြင်တော်မူသောကြောင့်။ယင်းလေးပါးလုံးကိုပင်ဘုရားသျှင်ဟောတော်မမူ

သည် ဟူလို သတည်း။ ။ပိဏ္ဍတ္ထ။ ။အောက်၌ ညွှန်းပြအပ်ခဲ့ပြီးသော သဒ္ဓါဿဘနသံယုတ်ပါဠိတော် ကောသလမင်းကြီးပုစ္ဆာလေးချက်၌။ ဇေံပိ မယာအဗျာကတံဟုဖြေကြားမိန့်ဆိုတော်မူသောစကားလေးရပ်လုံး၌လည်း အဓိပ္ပါယ်အရကောက်ဤအတိုင်းသာဟုသိကြကုန်။ ။

ယထာပန ဝိဇ္ဈမာနောဇေဝ ဓာတဝေဒေါ ဗျဂ္ဂနပုဂ္ဂိုလ်သေန နိယျမာနော ပုရတ္ထိမာဒိဒိသံ ဂစ္ဆတိ ဝုတ္တေသျ၊ နနိဗ္ဗုတော၊ ဇေံဝိဿာသဝေါ ဗီတိ ဒသေသွေ့ဇေဝမေဝ နိဗ္ဗာနံအာဒိမာဟ။ ။မဏ္ဍိပဏ္ဏာသဋီကာ။ ။

ပန၊ပရိနိဗ္ဗုတပုဂ္ဂိုလ်၏အခြင်းအရာကို ဥပမာဖြင့်ပြဆိုဦးအံ့။ ဗျဂ္ဂနနှ၊ လိမ္မာသော၊ ပုရိသေန၊ ယောကျာ်းသည်။ နိယျမာနော၊ ဆောင်ယူသွားအပ်သော။ ဝိဇ္ဈမာနော၊ ထင်ရှားတောက်လျက် တည်သော၊ ဓာတဝေဒေါ ဇေ၊ မီးရှူးမီးတိုင်ကိုသာလျှင်။ ပုရတ္ထိမာဒိဒိသံ၊ အရှေ့အစရှိသောအရပ်သို့။ ဂစ္ဆတိ၊ သွား၏ဟူ၍။ဝုတ္တေသျယထာ၊ဆိုအပ်သကဲ့သို့။နိဗ္ဗုတော၊ငြိမ်းလေပြီးသောမီးကို၊ ပုရတ္ထိမာဒိဒိသံ၊ အရှေ့အစရှိသောအရပ်သို့၊ ဂစ္ဆတိ၊ သွား၏ဟူ၍၊ နဝုတ္တေသျယထာ၊ မဆိုအပ်သကဲ့သို့၊ ဇေံဝ၊ထိုအတူ။ ဝိဿာသဝေါပိ၊ ခန္ဓာဝန်ကြီး ချုပ်နှောင်မီးမှ ငြိမ်းပြီးကင်းပြတ် ပုဂ္ဂိုလ်မြတ် ကိုလည်း။ဝေဒိတဗ္ဗော၊သိအပ်၏။

ဋီကာပါဌ်ဖြင့်လည်း ပရိနိဗ္ဗုတပုဂ္ဂိုလ် ချုပ်နှောင်ခန္ဓာ ငြိမ်းပျောက်၍ သွားရာ၊ အဘယ်အရပ်၌ ချုပ်နှောင်ခန္ဓာနှင့်တကွ ဖြစ်၏ရောက်၏ဟု မဆို ထိုက်သည်ကို ပြလိုရင်းတည်း။ စင်စစ်နိဗ္ဗာန်သို့ မရောက်ဟု ဆိုလိုသည် မဟုတ်၊ ။အကယ်၍ နိဗ္ဗာန်သို့မရောက် နိဗ္ဗာန်၌မဖြစ်ဟုဆိုလျှင်။ကာယသဿ ဘေဒါ ဓမ္မဒ္ဓော၊သစ္စ်ံ နောပေတိဝေဒဂူ ဟူ၍၎င်း၊ နိဗ္ဗာနံအရဟာတောဂတိ ဟူ၍၎င်း လာသော သဒ္ဓါယတနသံယုတ်ပါဠိတော်စသည်တို့နှင့်ဖေကနိပင် ဆန့်ကျင်လတ္တံ့။ ။ဇေံ၊ဤသို့။ ဒသေသွေ့၊ပြလိုသည်ဖြစ်၍။ဇေဝမေဝ နိဗ္ဗာန့် အာဒိံ၊ ဇေဝမေဝံဝိဿာသဝေါပိ တံအာရဗ္ဘဥပပန္နတိ အစရှိသောစကား တော်ကို။အာဟ၊မိန့်တော်မူပြီ။ ။ဤကားယခင်ဋီကာပါဌ်ကြွင်းအနက်၊ ။

ဤဝိဿာသဝေါပိတံအာရဗ္ဘ ဥပပန္နတိ စသော သဒ္ဓါယတနသံယုတ် အဋ္ဌကထာပါဌ်၌။ဝိဿာသဝေါပိ၊သည်လည်း။တံ၊ထိုရူပါဒိသဉ်ာ ဝိမုတ္တဖြစ်၍ နေပြီးသည်အရာကိုဟူ၍အနက်ပေးခဲ့သည်မှာ၊သဗ္ဗိဝ ချုပာ ဗ္ဗာပုဂ္ဂိုလ်ပတ် ပြီးနောက်.နိဗ္ဗာန်၌တည်၍နေပြီးသည့်ကိုရည်၍ အနက်ပေးဆိုအပ်သည်။ ။ ဝိဿာသဝေါပိ၊သည်လည်း။တံ၊ထိုနိဗ္ဗာန်သို့ရောက်သောအခါချုပ်နှောင်ခန္ဓာ

မရှိသဖြင့် ထိုရုပ်နာမ် ခန္ဓာနှင့်စပ်သော ပညတ်မျိုးမှ လွတ်လတ္တံ့သော အရာကို။ အာဒရန္တာ၊ ၍၊ ဤသို့အနက်ပေးသော်လည်း သင့်လျော်သေး၏၊ ဤဒုတိယအနက်မှာ၊ ဖေ့ံဝိမုတ္တာစိတ္တောဘိကန္တုံကုဟိ ဥပပန္နတိ စသည်ဖြင့် ကုဟိ သဒ္ဒါနှင့်တကွ ဝစ္ဆပရိဗိုဇ်မေးလျှောက်ခြင်းနှင့်သင့်လျော်၏။ ယခင် ပထမအနက်မှာ၊ ရူပသင်္ခါဝိမုတ္တော ခေါ ဝစ္ဆ တထာဂတော ဂန္ထိရော အပ္ပမေယျော ဒုပ္ပရိယောဂါဟော ဥပပန္နတိတိပိ နဥပေတိ စသည်ဖြင့် ဘုရားသျှင် ဖြေကြားတော်မူသောစကားတော်နှင့်သင့်လျော်၏။ ထိုစကား သည်မှန်၏၊ ဘုရားသျှင်အဖြေတော်၌ ဥပပန္နတိစသည်ဖြင့်သာ မိန့်တော် မူသည်။ ကုဟိ သဒ္ဒါနှင့် မိန့်တော်မမူ။ ထိုကြောင့် ရဟန္တာပုဂ္ဂိုလ်စုတိ ပြီးနောက် အဘယ်ဘဝ၌ ဖြစ်လေဦးမည်ဟူ၍မဆိုသင့်။ နိဗ္ဗာန်၌သာဒေါ မသေချမ်းသာစွာစံနေကြရသည်ဟုမှတ်လေ။ ။

အတ္တဂ်တဿ နရူပပမာဏံအတ္ထိ၊ နဝေဒနာပမာဏံအတ္ထိ၊ နသညာ ပမာဏံအတ္ထိ။ နသင်္ခါရပမာဏံအတ္ထိ။ နဝိညာဏပမာဏံအတ္ထိ၊ယေနနံဝဇ္ဇံ ဘဂဝါဒိနာ။ ဤသို့လာသော အောက်၌ အကျယ်ညွှန်းပြ အပ်ခဲ့ပြီးသော ဗုဒ္ဓနိဒ္ဒေသပါဠိတော်အရ။နိဗ္ဗာန်ဟုဆိုအပ်သော အတ္တသို့ရောက်၍နေသော ပုဂ္ဂိုလ်အား ဘုရားပစ္စေကဗုဒ္ဓါစသည်ဟု နှိုင်းရှည့်ခေါ်ဆိုပြောကြားစရာ ရုပ်ဝေဒနာစသည်မရှိဆိုသောစကားနှင့်လည်း။ဤပရိနိဗ္ဗုတဿ ပန တဒ ဘာဝါ တထာ ပညာပေတုံ နသက္ကာ ဟူသော ယခင်မဇ္ဈိမပဏ္ဏာသဋီကာ စကားသည် အလွန်ညီညွတ်လှပေသလျှင်ကတည်း။အဘယ်ကြောင့်နည်း ဟူမူကား။ဘုရားပစ္စေကဗုဒ္ဓါစသည်ဖြင့်ခေါ်ဆိုပညတ်နိုင်စရာ ရုပ်ဝေဒနာ စသည်တို့မရှိဆို သဖြင့်၊ထိုရုပ်ဝေဒနာစသည်တို့သာမရှိသည်။ထိုရဟန္တာ ပျောက်ပျက်၍သွားသည်မဟုတ်ဟူသောအနက်၏၊ အဓိပ္ပာယ်ဒ္ဓိနည်းအား ဖြင့်ဖြစ်သင့်သောကြောင့်တည်း။ ။ထိုစကားသည်မှန်စွ။ဘယ်ဟာဘာခုမျှ မရှိသောအဘာဝသက်သက်ကို။နှိုင်းရှည့်စရာ ရှိသော မရှိသောဟု စကား တခုဖြစ်အောင်ဆိုသင့်ပြောသင့်တော့သည် မဟုတ်။ ။ထိုကြောင့်။ ။ ခဿမတ္တံ နနိဗ္ဗာနံ၊ ဂန္ထိရာဒိဿ ဝါစတော။ အဘာဝဿ ဟိ ကုမ္မာနံ၊ လောမဿေဝအဝါစတာ။ ။ဟူ၍ သစ္စသံခိပ်၌ မိန့်အင်ပြီ၊ ။ခယမတ္တံ၊ ရုပ်နာမ်ခန္ဓာကုန်ငြိမ်းကာမျှသည်၊နနိဗ္ဗာနံ၊ နိဗ္ဗာန်မဟုတ်။ ကသ္မာ၊ အဘယ် ကြောင့်နည်းဟူမူကား။တဿ၊ထိုနိဗ္ဗာန်၏၊ ဂန္ထိရာဒိဿ၊ နက်နဲခြင်းအစရှိ သည်ကို။ဝါစတော၊ဂန္ထီရံသုနိပုဏံဒုဒ္ဒသံအဇရံ အစရှိသည်ဖြင့် ပါဠိတော်

တို့၌ဟောတော်မူသောကြောင့်တည်း။ဟိ၊ ၎င်းစကားလက်ဝါးဖြေပုတ်အမှန်
ဟုတ်၏။ အဘာဝသာ၊ဘယ်ဟာတခုမျှမရှိသောအဘာဝကို။ အဝါစတာ၊
နက်နဲသောမနက်နဲသော စသည်ဖြင့်စကားတလုံးဖြစ်အောင် ပြောဆိုဘွယ်
မရှိသောအဖြစ်သည်။ဟောတိ၊ဖြစ်၏။ကဿပိယ၊ အဘယ်၏သို့နည်းဟူမူ
ကား။ကုမ္မာနံ၊လိပ်တို့၏။ အဘာဝသာ၊ တခါမျှမရှိဘူးသော။ လောမဿ၊
အမွေးဟူသည်၏။အဝါစတာဣဝ၊အမွေးတိုလော အမွေးရှည်လော အဖြူ
လော အနက်လော စသည်ဖြင့် စကားတလုံးဖြစ်အောင် ပြောဆိုဘွယ်
မရှိဘိသကဲ့သို့တည်း။ ။၎င်းအနက်။ ။ဤ၌ဂန္ထိရစသည်ဖြင့်ဟောတော်
မူအပ်သော နိဗ္ဗာန်၏ အဘာဝ မဆိုသင့်သကဲ့သို့၊ ဂန္ထိရ စသည်ဖြင့်
ဟောတော်မူအပ်သော ရုပ်ဒိသန်ိဝိမုတ္တပရိနိဗ္ဗုတရဟန္တာအသျှင်တို့၏။
အဘာဝအချည်းနှီးမျှသာမဆိုသင့်ပေသည် အဖြစ်ကိုလည်း၊ အဝုတ္တသိဒ္ဓိ
နည်းအားဖြင့် ပြတော်မူသည်သာတည်း။ နိဗ္ဗာန်သဘာဝ နိဗ္ဗာန်ရောက်
သူကားအဘာဝဟု မဆိုသင့်သော အနက်ကိုလည်း ပညတ္တိဟာရနည်း
အားဖြင့် သိစေတော်မူသည်လည်း ဖြစ်၏။ ၊ယင်းသို့ ပရိနိဗ္ဗုတပုဂ္ဂိုလ်
တို့အား ရုပ်နာမ်တရားလည်းမရှိ အဘာဝလည်းမဟုတ်ရ မမှတ်ရ ဆို
ခဲ့သော်။ရုပ်နာမ်မရှိလျှင် ရုပ်နာမ်မှတပါး ဘယ်ဟာတခုရှိပါတော့အံ့နည်း။
ရုပ်နာမ်မရှိက အဘာဝသာမဟုတ်ပါလောဟူ၍လည်း မတွေးတောကြရာ။
အရူပဘုံ၌အနာဂါမ်ရဟန္တာပုဂ္ဂိုလ်တို့သည် အကယ်၍ နိရောဓသမာပတ်
ကိုဝင်စားသည် ဖြစ်အံ့၊ ထိုအရူပဘုံ၌ ပကတိဘုံ သဘာဝ အားဖြင့်
ရုပ်တရားမရှိသည်အပေါ်တွင်နိရောဓသမာပတ်ကိုဝင်စားတော်မူကြလျှင်
နာမ်တရားလည်းမရှိပြန်၊ ထိုသို့ရုပ်နာမ်နှစ်ပါးမရှိသော်လည်း ထိုပုဂ္ဂိုလ်တို့
ပရိနိဗ္ဗာန်မစံရသေးသောကြောင့်။ ထိုအသျှင်တို့ ထိုအရူပဘုံ၌ မရှိဟူ၍
မဆိုရ။ ရှိသော် အဘယ်လိုရှိသည်ဟု ပညတ်တင်၍ မဆိုမပြစွမ်းနိုင်။
၎င်းပုဂ္ဂိုလ်တို့ ခနစ်ရက်အတွင်း၌ ပရိနိဗ္ဗုတပုဂ္ဂိုလ်ကဲ့သို့ဖြစ်၍နေရာသည်
အကြောင်းကို။ ။ယဒိအရူပေနိရောခံသမာပဇ္ဇေယျ၊ စိတ္တစေတသိကာနံ
အညဿစ ကဿစိ အဘာဝတော အပညတ္တိကောဘဝေယျ အနုပ္ပါဒိ
သေသာယ နိဗ္ဗာနဓာတုယာပရိနိဗ္ဗုတသဒိသော ဟု ဝိသုဒ္ဓိမဂ် ဋီကာ။ဇ်။
ဌအင်္ဂါတွင် လာသည်ကို ထောက်သဖြင့်လည်း ရုပ်နာမ် မရှိကာမျှဖြင့်
အဘာဝမဆိုသင့်သည်အဖြစ်ကို စင်စစ်သိကြကုန်။ ၊၎င်းဋီကာပါဌ်ဖြင့်
အရူပဘုံ၌အကယ်၍နိရောဓသမာပတ်ကို ဝင်စားခဲ့လျှင်၊ထိုပုဂ္ဂိုလ်ယင်းသို့

ဝင်စားခိုက် ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့ကဲ့သို့ဖြစ်၍ နေသည်ဟူသော အနက်ကို နိတတ္ထအားဖြင့်ပြသည်။ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့သည်အရူပဘုံ၌နိရောဓသမာပတ်ကိုဝင်စား၍နေရာသည်အခိုက်နှင့်တူသည်။ ထိုပုဂ္ဂိုလ်တို့လုံးလုံးပျောက်၍မသွားဟူသောအနက်ကိုလည်း ပရိဝတ္တနာဟာရနည်းအားဖြင့် ပြတော်မူသတည်း။ ။အရူပေ၊အရူပဘုံ၌။နိရောဓံ၊ နိရောဓသမာပတ်ကို။ယဒိသမာပဇ္ဇေယျ၊ အကယ်၍ဝင်စားငြားအံ့၊ စိတ္တစေတသိကာနံ၊ စိတ်စေတသိက်တို့၏ဒုင်း။အညသာ၊တပါးသော။ကာယသိစ၊တပုံတခုသော ရုပ်နာမ်ခန္ဓာ၏လည်းကောင်း။အဘာဝတော၊မရှိခြင်းကြောင့်။သော၊ ထိုပုဂ္ဂိုလ်သည်။အနုပါဒိသေသာယနိဗ္ဗာနဓာတုယာ၊အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့်။ ပရိနိဗ္ဗုတသဒိသော၊ပရိနိဗ္ဗာန်စံ၍ နေသောသူနှင့် တူသည်ဖြစ်၍။ အပညတ္တိကော၊ ဘယ်ပုံ ဘယ်ခြင်းရာ ဘယ်လိုဟာဟု ပညတ် တင်နိုင်စရာ မရှိသည်။ ဘဝေယျ၊ဖြစ်ရာ၏။ ။ဒုင်းဋီကာအနက်။ ။ဤဋီကာပါဌ်အနက်ကိုအောက်၌ ပြအပ်ခဲ့ပြီးသော်လည်း ဤတွင်တထပ် စကားစင်၍ ကြင်ကြပ်ကြီးသဘော ထင်ကြအောင် ထုတ်ဆောင်လိုက်ပြန်သတည်း။ ။ဤသို့ ပြဆိုခဲ့ပြီးသော များစွာသော ပါဠိ အဋ္ဌကထာ ဋီကာတို့၌ အပြန်ပြန် အလှန်လှန်ကြံစည် စဉ်းစား နှုလုံးထားမိကြသဖြင့် ရဟန္တာပုဂ္ဂိုလ်စုတိကျပြီးနောက် အလုံးစုံ ကွယ်ပျောက်အချည်းနှီးအဘာဝသို့ရောက်၍သွားသည်မဟုတ်ပေ။ အရူပဘုံသို့ရောက်သော ရဟန္တာပုဂ္ဂိုလ်တို့ အကယ်၍ နိရောဓသမာပတ်ကို ဝင်စားသည်ဖြစ်အံ့။ရုပ်နာမ်လည်းမရှိ အလုံးစုံပြတ်တောက်ပျက်စီးအချည်းနှီးအဘာဝလည်းမဟုတ်။ ထိုအရူပဘုံ၌ ခုနစ်ရက်ပတ်လုံး နိဗ္ဗာန်ရောက် သလောက်ပင် နာမ်ရုပ်ဒုက္ခဟူသမျှမှချမ်းသာချ၍နေရာသကဲ့သို့ နိဗ္ဗာန်၌ တည်ရောက်ကြသူ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်ဟူသမျှ နိဗ္ဗာန်ရောက်သည်မှစ၍ ရုပ်နာမ်လည်းမရှိ အချည်းနှီးအဘာဝလည်းမဟုတ်။ ရုပ်နာမ်နှင့် စပ်သော ဒုက္ခဟူသမျှကို ဘယ်ဟာတခုမျှခံစားရ၊ အတုမရှိ အစလနိဗ္ဗာနသုခဖြင့် တချမ်းသာတဲ့ဘဝမြဲတဲ့အမြဲချမ်းသာ၌မြဲ၍နေရသည်။ယင်းပရိနိဗ္ဗုတပုဂ္ဂလဝိသေသဂန္ထိရတရအဖြစ်သို့လျှင်မြန်စွာရောက်ကြရအောင် ခဲသင့်လှပေတော့သည်ဟူ၍အထူးသတိရှိကြစေကုန်သတည်း။ ။

ယင်းသို့ရုပ်နာမ်ခန္ဓာလည်းမရှိ၊ ထိုပုဂ္ဂိုလ် ကွယ်ပပျောက်သွားသည်ဟူ၍လည်းမဆိုရသော်။ ထိုပရိနိဗ္ဗုတပုဂ္ဂိုလ် အဘယ်ပုံ အဘယ်အခြင်းအရာဖြစ်၍နိဗ္ဗာန်၌တည်နေပါသနည်းဟူငြားအံ့။ ။သော နနုမတိ ရူပေသု

နနမတိသဒ္ဒေသု ဂန္တေသု ရသေသု ဖေါဋ္ဌဗ္ဗေသု ဓမ္မေသု။ ခယာရာဂဿ ဒေါသဿမောဟဿ ယေနရူပေန တထာဂတံ ပညာပယမာနောပညာ ပေယျ။တဿရူပဿခယာဝိရာဂါနိရောဓာစာဂါပဋိနိဿဂ္ဂါ ရူပသင်္ခယေ ဝိမုတ္တောတထာဂတောအတ္ထိတိပိနဉပေတိ၊နတ္ထီတိပိနဉပေတိ၊ အတ္ထိစနတ္ထိ စာတိပိနဉပေတိ၊နေဝအတ္ထိနနတ္ထီတိပိ နဉပေတိ။ အထခေါဂမ္ဘီရောအပ္ပ မေယျောအသင်္ချေယျော နိဗ္ဗုတောတွေဝသင်္ချံဂစ္ဆတီတိ။ ။ဟူ၍နေတ္တိ ပါဠိတော်လာတိုင်းမှတ်ကြအပ်၏။ ။သော၊ထိုရဟန္တာ ဖြစ်လေပြီးသော ပုဂ္ဂိုလ်သည်။ရူပေသု၊ရူပါရုံတို့၌။ နနမတိ၊တဏှာ မာန ဒိဋ္ဌိအားဖြင့်မမှား မညွတ်။ပ။ ဓမ္မေသု၊ ဓမ္မာရုံတို့၌။နနမတိ၊ တဏှာ ဒိဋ္ဌိ မာနတို့၏ ဂတိ ညွတ်တိမ်း မယိမ်းမယိုင်။သော၊ ထိုငါးပါးကာမဂုဏ် အာရုံခြောက်ပါး မလိုက်စားသောရဟန္တာပုဂ္ဂိုလ်သည်။ ။နောက်မှလိုက်၊နဉပေတိ၌စပ်။ ။ ရာဂဿ၊ရာဂ၏။ခယာ၊ကုန်ခြင်းကြောင့်။ပ။မောဟဿ၊ မောဟ၏။ခယာ၊ ကုန်ခန်း ကွယ်ပျောက်ခြင်းကြောင့်။ ။နဉပေတိ၌စပ်။ ။ယေန ရူပေန၊ အကြင်ရုပ်ဖြင့်။ဝါ၊အကြင်ရုပ်မချုပ်မပျောက်သေးသောကြောင့်။ တိဋ္ဌန္တံဝါ တထာဂတံ၊ ရပ်သောသတ္တဝါဟူ၍သည်းကောင်း။ စရန္တံဝါတထာဂတံ၊ သွားသောသတ္တဝါဟူ၍လည်းကောင်း။ပညာပယမာနော၊ ပညတ်ပြောဆို လိုသော သူသည်။ ပညာပေယျ၊ ပညတ်ပြောဆိုရာ၏။ တဿရူပဿ၊ ထိုသတ္တဝါဟု ခေါ်ဝေါ်ပညတ်ကြောင်းရုပ်၏၊ ခယာ၊ ပရိနိဗ္ဗာန်ပြုသဖြင့် ရုပ်ဟောင်းရုပ်သစ်မရှိကုန်ခန်းခြင်းကြောင့်။ဝိရာဂါ၊ ကင်းလေခြင်းကြောင့်။ နိရောဓာ၊ တဘန်မဖြစ်သဖြင့်ချုပ်လေခြင်းကြောင့်။စာဂါ၊စွန့်သွားလေခြင်း ကြောင့်။ပဋိနိဿဂ္ဂါ၊တဘန်မလာအပြီးတိုင်စွန့်ခွါသွားလေခြင်းကြောင့်။ ။ ရူပသင်္ခယေဝိမုတ္တော၌စပ်။ ။ရူပသင်္ခယေ၊ရုပ်၏ကုန်ရာအသင်္ခတဓာတ် နိဗ္ဗာန်၌။ဝိမုတ္တော၊ ဘေးတကာ လွတ်ကင်း ရန်တကာရှင်း၍ လွတ်ခြင်း ကြီးလွတ်၍နေသော တထာဂတော၊ပရိနိဗ္ဗုတရဟန္တာဖြစ်သောသူသည်။ ။ အတ္ထိစသောလေးချက်လုံး၌စပ်။ ။အတ္ထိ၊မိမိလွတ်၍နေရာနိဗ္ဗာန်၌ရှိသေး၏။ ဣတိပိ၊ဤသို့သည်း။နဉပေတိ-နဂဏှာတိ၊သဿတအာ ဖြင့်မမှားမယူ။နတ္ထိ၊ ထိုမိမိလွတ်၍နေရာနိဗ္ဗာန်၌မရှိ။ဣတိပိ၊ဤသို့လည်း။ နဉပေတိ-နဂဏှာတိ၊ ဉစ္ဆေဒဒိဋ္ဌိအားဖြင့်ယောင်မှား၍မယူ။ အတ္ထိစ-နတ္ထိစ၊ထိုနိဗ္ဗာန်၌ ထိုသူ ရှိ လည်းရှိ၏၊ ရှိလည်းမရှိ။ ဝါ၊ ရှိသူလည်းရှိ၏ မရှိသူလည်းမရှိ။ဣတိပိ၊ဤသို့ လည်း။နဉပေတိ-နဂဏှာတိ၊ဧကစ္စသဿတဒိဋ္ဌိလျှမျှားကဲ့သို့ ယူမှားခြင်း

ကိုမပြု။ နေဝအတ္တိ-နနတ္ထိ၊မိမိလွတ်၍နေရာနိဗ္ဗာန်ဝယ် ထိုသူရှိသည်ဟူ၍
လည်းမဆိုရ မရှိဟူ၍လည်းမဆိုရ။ဣတိပိ၊ဤသို့လည်း။နဉပေတိနဂစ္ဆတိ၊
အမရာဝိက္ခေပိကဒိဋ္ဌိလူများကဲ့သို့ ငါးစင်ရိုင်းနှယ်သူဘမ်းဘွယ်ခက်အောင်
မယူမဆို။အထခေါ၊စင်စစ်သော်ကား။ ၊ဇိဝံဉပေတိဟူသော ပါဠိသေသ
ဋ္ဌစပ်။ ။သော၊ထိုရုပ်၏ကုန်ရာနိဗ္ဗာန်၌ လွတ်ခြင်းကြီးလွတ်၍ နေသော
ပရိနိဗ္ဗုတ ရဟန္တာအသျှင်သည်။ ။သချံ ဂစ္ဆတိ၌ စပ်။ ။ဂန္တိရော၊
တိမ်ကောခြင်း အကြောင်း ကိလေသာ အပေါင်း မရှိသည်ဖြစ်၍ အလွန်
နက်နဲ၏။ ။ဤကား ဤနေတ္တိ အဋ္ဌကထာ ဘွင့်နှင့် အညီ။ ။ဂန္တိရော၊
သိလ သမာဓိ စသောဂုဏ် အတ္ထိနတ္ထိစသော အဏ္ဏာသယအရာတို့ဖြင့်
အဘယ်လိုဟုဆိုနိုင်စရာမရှိအလွန်နက်နဲ၍နေ၏။ ။သဋ္ဌာယတနသံယုတ်
ဋ္ဌကတိဝတ်အဋ္ဌကထာဘွင့်တို့နှင့် အညီ။ ။အပ္ပမေယျော၊ အမျိုးအနွယ်စ
သောအရာတို့၌ ဤသူလိုတည်းဟု နှိုင်းစရာမရှိ ဖြစ်၍နေ၏။ ။ဣတိဝုတ်
အဋ္ဌကထာ ဘွင့်နှင့်အညီ။ ။အသင်္ချေယျော၊လူဟူ၍ နတ်ဟူ၍မင်းပုဏ္ဏား
စသည်ဟူ၍ မရေတွက်အပ် မရေတွက်ထိုက်။ ။သင်္ခံ နဉပေတိစသော
ပါဠိတော်၏အဘွင့် နိဒ္ဒေသအဋ္ဌကထာ စသည်တို့နှင့် အညီတည်း။ ။
သော၊ ထိုရူပသင်္ခယနိဗ္ဗာန၌ လွတ်ကြီးလွတ်၍နေသောဒိဏာသဝသခင်
ဂန္တိရအပ္ပမေယျအသျှင်သည်။ နိဗ္ဗုတော၊ အတ္ထိနတ္ထိ စရှိလေးဖြာ အဏ္ဏာ
သယအရာကို လွန်သဖြင့် အလွန်ငြိမ်း၍ နေ၏၊ ဣတိ ဇိဝံ၊ ဤသို့သာလျှင်။
သချံ၊ရေတွက်အပ်သည်၏အဖြစ်သို့။ဂစ္ဆတိ၊ရောက်၏။ ဣတိဇိဝံ၊ ဤသို့
သာလျှင်။သော၊ထိုရဟန္တာဖြစ်ပြီးသောပုဂ္ဂိုလ်သည်။ဂစ္ဆတိ၊ဟုတ်တိုင်း
ထင်ထင် ဒိဋ္ဌစင်၍ လွန်လျှင်ဖြောင့်မတ် ကောင်းကောင်းကြီး ယူတတ်
ယူနိုင် ယူပိုင် ယူဖြစ်လေတော့၏။ ။ဂမျမာနဘည်း။ ။အကြွင်းအနက်
နည်းတူ။ ။

အဓိပ္ပါယ်အကျဉ်းကား။ရဟန္တာဖြစ်လေပြီးသော ပုဂ္ဂိုလ်သည် ရာဂ
ဒေါသ မောဟ ကုန်ပျောက်သည်ဖြစ်၍ သူဘပါးတို့ကဲ့သို့ငါးပါးကာမဂုဏ်
အာရုံခြောက်ပါးလိုက်စားခြင်းမရှိသည်ဖြစ်၍ သတ္တဝါဟု ခေါ်ဝေါ်ကြောင်း
ရုပ်နာမ်ကုန်ပျောက် နိဗ္ဗာန်ရောက်ပြီးသော ပရိနိဗ္ဗုတ ရူပါဒိသင်္ခယဝိမုတ္တ
ပုဂ္ဂိုလ်၊ ထိုနိဗ္ဗာန်၌အတ္ထိနတ္ထိစသည်ဖြင့် ယူမှားတတ်ကြသောပုဂ္ဂိုလ်များ
ကဲ့သို့၊ သဿတဒိဋ္ဌိစသော အယူလေးပါးမကပ်မငြိ၊ ထိုပရိနိဗ္ဗုတရူပါဒိ
သင်္ခါဝိမုတ္တပုဂ္ဂိုလ်သည် ထိုမိမိလွတ်၍နေရာနိဗ္ဗာန်၌ ဂန္တိရ အပ္ပမေယျ

အသင်္ခေယျနိဗ္ဗုတဖြစ်၍ ချမ်းမြေ့သာယာ နေရလေတော့သည်ဟူ၍သာ ဟုတ်တိုင်း ထင်ထင် သိမြင် ယုံကြည်ခြင်းသို့ ရောက်ကြလေ ဟူလို သတတ်။ ။ပဌမဂ္ဂါထ္ထ။ ။သဋ္ဌာယတနသံယုတ်ပဠိတော်ဝယ် ကောသလ မင်းကြီးပုစ္ဆာတွင်။ ရူပသင်္ခါဝိမုတ္တော ခေါ် မဟာရာဇ တထာဂတော ဂမ္ဘီရော အပ္ပမေယျော ဒုပ္ပရိယောဂါဟော စသည်ဖြင့် ဘုရားသျှင် ဟောတော်မူတိုင်းသာ ဒုဟာမရှိ နိသံသယ ဖြစ်လေတော့၏ ဟူလို သတည်း။ ။ဒုတိယပဏ္ဏတ္ထ။ ။နိဗ္ဗာန်ရောက်သွားကြသော ပရိနိဗ္ဗုတ ရဟန္တာပုဂ္ဂိုလ်ဟူသမျှသည် အလုံးရုံကွယ်ပျောက် ပြတ်တောက်ခြင်းသို့ ရောက်လေတော့သည်ဟုမယူမှားကြလေနှင့်။ ယူမှားကြလျှင်ဥစ္ဆေဒဒိဋ္ဌိနှင့် ငြိကြမိကြလိမ့်မည်။ထိုနိဗ္ဗာန်၌ရုပ်နာမ်ခန္ဓာနှင့်တကွအမြဲထင်ရှားရှိနေသည် ဟူ၍လည်း မယူကြနှင့်။ ယူမှားကြလျှင် သဿတဒိဋ္ဌိတောင်ကြီး ဘိမိ ကြလိမ့်မည်။ ထိုပရိနိဗ္ဗုတ ပုဂ္ဂိုလ်သည် ထိုနိဗ္ဗာန်၌ အဘယ်ခြင်းရာ ဘယ်လိုဟာဟု ဝေနေယျဘို့ဉာဏ်ဖြင့် မထောက်လှမ်းနိုင်ဘွယ် တကယ် နက်ကြီးနက်၍နေသော ဂမ္ဘီရ အပ္ပမေယျ အသင်္ခေယျ သဘော ဖြစ်၍ ဘေးခပ်သိမ်းမှ လွတ်ငြိမ်းချမ်းသာနေတော်မူကြရသည်ဟူ၍သာ မှတ်ယူ ကြရမည် ဟူလိုသတတ်။ ။တတိယဗျဂ္ဂိထ္ထ။ ။

သောဘတိ ဇေ၀ံဝိမုတ္တစိတ္တောခီဏာသဝေါ။ရူပသင်္ခယေဝိမုတ္တောတိရူပါနံ သင်္ခယသင်္ခါတေနိဗ္ဗာနေဝိမုတ္တော။ အတ္ထိတိပိနဥပေတိဘိ သဿတော အတ္တာစ လောကောစာတိ တဏှာဒိဋ္ဌိဥပါယေန နဥပေတိနဂဏှာတိ။ နတ္ထိဘိအသဿတောတိ။အတ္ထိနတ္ထီတိ ဇေကစ္စံ သဿတံ ဇေကစ္စံ အသဿ တန္တိ။ နေ၀အတ္ထိနနတ္ထီတိ အမရာဝိက္ခေပ၀သေန။ဂမ္ဘီရောတိ ဥတ္တာန ဘာ၀ပဟာတုနံ ကိလေသာနံ အဘာ၀ေနဂမ္ဘီရော။ နိဗ္ဗုတောတိအတ္ထီတိ အာဒိနာဥပဂမနကိလေသာနံ ဂူပသမေနပရိနိဗ္ဗုတောသိတိဘူတော။ ။ ဂင်းနေ့ဘွိအဋ္ဌကထာ။ ။၁၅၂။ညီ။ ။

သောဘတိ၊ သောဟူသည်ကား။ ဇေ၀ံ၊ ဤဆိုအပ်ခဲ့ပြီးသောအတိုင်း။ ဝိမုတ္တစိတ္တော၊ ကိလေသာမှ လွတ်ပြီးသောစိတ်ရှိသော၊ ခီဏာသဝေါ၊ ရဟန္တာပုဂ္ဂိုလ်သည်။ ရူပသင်္ခယေဝိမုတ္တောတိ၊ ဟူသည်ကား။ ရူပါနံ၊ ရုပ်တရားတို့၏၊သင်္ခယသင်္ခါတေ၊စင်စစ်အမြစ်နှင့်တကွ ကုန်ရာဟုဆိုအပ် သော၊နိဗ္ဗာနေ၊အနုပါဒိသေသနိဗ္ဗာန်ဓာတ်၌။ ဝိမုတ္တော၊ တဆဲ့ဘသီးမီးတို့မှ လွတ်ကြီးလွတ်၍နေသော။ ။တထာဂတော၌စပ်။ ။အတ္ထိတိပိနဥပေတိ၊

ဟူသည်ကား။ အတ္တာ စ၊ ဤဘဝမှထိုဘဝ ထိုဘဝမှ ထိုထိုဘဝသို့
ပြောင်းကာ ပြောင်းကာ လိုက်သွား ရွေ့သွား တတ်သော တကိုယ်လုံး၌
အုပ်ချုပ်၍တည်သော အညတိတ္ထိယတို့ကြံဆအပ်သော အတ္တဟူသည်
လည်းကောင်း။ လောကောစ၊လောကသည်လည်းကောင်း။ သဿတော၊
ထိုနိဗ္ဗာန်၌ရောက်၍မြဲ၍နေ၏။ဣတိ၊ဤသို့၊ တဏှာဒိဋ္ဌိဥပါဒါနေန၊ တဏှာ၏
ကပ်ခြင်း ဒိဋ္ဌိ၏ကပ်ခြင်းဖြင့်။ နဥပေတိ-နဂစ္ဆာတိ၊ မကပ်မယူ။ နတ္ထိဘိ၊
ဟူသည်ကား။အသဿတော၊ဤရဟန္တာပုဂ္ဂိုလ် ထိုနိဗ္ဗာန်၌ မမြဲမရှိ။ဣတိ၊
ဤသို့ဥစ္ဆေဒါကာရအားဖြင့်၊နဥပေတိ-နဂစ္ဆာတိ၊မယူ၊ ။နိဗ္ဗာန်၌လွတ်၍
နေသူသည်းတခြား၊ ရှေးဘဝရဟန္တာလည်း ရုပ်ကျကတဲကပင်ပြတ်သွား
လေပြီးဖြစ်၍ တခြားစီဟုမယူ၊ ပရိနိဗ္ဗာန်ပြု၍သွားသော ရဟန္တာသည်ပင်
ရူပသင်္ခါယနိဗ္ဗာန၌ လွတ်၍နေသည်။ ရူပသင်္ခါယနိဗ္ဗာန၌ လွတ်၍နေသူ
သည်ပင် ပရိနိဗ္ဗာန်ပြု၍သွားသော ရဟန္တာပင်တည်းဟူ၍ သိနိုင်မြင်နိုင်
လေတော့သည်ဟူလို၊ ။အတ္ထိနတ္ထိတိ၊ ဟူသည်ကား။ ကေစိ၊ပရိနိဗ္ဗာန်
စံသွားကြသူအချို့သည်။သဿတံ၊ထိုနိဗ္ဗာန်၌မြဲ၍နေ၏။ ကေစိ၊ပရိနိဗ္ဗာန်
စံသွားကြသော ရဟန္တာအချို့သည်။ အသဿတံ၊မမြဲ၊ ဝါ၊ပရိနိဗ္ဗာန်ပြု
ကတဲကပင်ပျောက်၍ ပြတ်၍သွားသဖြင့် ထိုနိဗ္ဗာန်၌ မရောက်မတည်မရှိ။
ဣတိ၊ ဤသို့ ကေစိသဿတ အခြင်းအရာအားဖြင့်လည်း။ နဥပေတိ-
နဂစ္ဆာတိ၊မကပ်မယူ။နေဝအတ္ထိနနတ္ထိတိ၊ဟူသည်ကား။ အမရာဝိက္ခေပ
ဝသေန၊ ငါးစင်ရိုင်းနှယ် သူမတွယ်နိုင်အောင် ဆိုလေ့ရှိသော အမရာ
ဝိက္ခေပဝါဒ၏အစွမ်းအားဖြင့်။ ဝါ၊ပရိနိဗ္ဗာန်ပြု၍သွားသော ရဟန္တာသည်
ထိုရဟန္တာဘဝက အတ္တနှင့်တကွ ထိုနိဗ္ဗာန်၌ ရှိ၏ဟူ၍လည်း ငါမဆို
မရှိဟူ၍လည်းငါမဆိုဟုဆိုလေ့ရှိသောအခြင်းအရာအစွမ်းအားဖြင့်လည်း။
နဥပေတိ-နဂစ္ဆာတိ၊မကပ်မယူ၊ ။ပရိနိဗ္ဗာန်ပြု၍သွားကြသူအပေါင်းသည်
ရူပသင်္ခါယနိဗ္ဗာန၌လွတ်၍အမြဲနေကြသည်ဟူ၍လည်းငါမဆို။ ပရိနိဗ္ဗာန်
ပြုကတဲကပင်ပြတ်သွားလေပြီ၊ ထိုနိဗ္ဗာန်၌လွတ်သွားနေသောသူဟူသည်
မရှိဟူ၍လည်း ငါမဆို။ ဤသို့ရှုပ်ယှက်ခတ် ရောက်တတ်ရာ ပြောကြား
တတ်သူ ပုထုဇန်လူအချို့တို့ကဲ့သို့ ထိုရဟန္တာပုဂ္ဂိုလ် အဆို အယူ မရှိ
ဟူလိုသတည်း။ ။ဂန္ထိရောတိ၊ ဂန္ထိရဟူသည်ကား။ ဥတ္တာနဘာဝ
ပဟတုန္နံ၊ တိမ်ကောခြင်း၏ အကြောင်း ဖြစ်ကုန်သော။ ကိလေသာနံ၊
ကိလေသာတို့၏။အဘာဝေန၊မရှိသဖြင့်။ ဂန္ထိရော၊နက်နဲ၏၊ နိဗ္ဗုတောတိ၊

နိဗ္ဗုတောဟူသည်ကား။ အတ္ထိတိအာဒိနာ၊ ထိုရူပသဉ်ယဝိမုတ္တရဟန္တာပုဂ္ဂိုလ်သည် ထိုမိမိလွတ်၍နေရာ နိဗ္ဗာန်ဌာနရှိ၏ စသည်ဖြင့်။ ဥပဂမနကိလေသာနံ၊ ကပ်တတ်ကုန်သော တဏှာဒိဋ္ဌိစသော ကိလေသာတို့၏။ ဂူပသမေန၊မကပ်လာနိုင်ရာငြိမ်းရာဖြစ်သဖြင့်။ပရိနိဗ္ဗုတော၊ငြိမ်းကြီးငြိမ်း၍နေလေ၏။ဝါ၊နိဗ္ဗာန်စံ၍နေရလေ၏။သိတိဘူတော၊ တဆဲ့တသီး မီးအပေါင်းတို့မှ မြေခြင်းဟူသော နိဗ္ဗာန်သို့ ရောက်ရလေ၏။ ။နေတ္တိအဋ္ဌကထာ အနက်။ ။

ဤနေတ္တိအဋ္ဌကထာအဘွင့်ကို အသေအချာ မဟူးမစမ်းမိလျှင် ပါဠိတော်၌ ဂန္ဓိရနိဗ္ဗုတ အရာကိုလည်းကောင်း ရူပသဉ်ဂြိဝိမုတ္တ အရာကိုလည်းကောင်း သဗ္ဗိဝရဟန္တာပုဂ္ဂိုလ်ကိုဆိုသည် နိဗ္ဗိဝဖြစ်သောရဟန္တာကိုဆိုသည်မဟုတ်ဟု ယောင်မှားတတ်ကြသည်။ဆိုသတ္တံ့သောယုဘ္တိကိုထောက်မိလျှင်ယောင်မှားဘွယ်မရှိ၊အဘယ်ယုတ္တိနည်းဟူမူကား။အကယ်၍ သဒိဝရဟန္တာပုဂ္ဂိုလ်၏ ဂန္ဓိရဘာဝကို ဆိုလိုငြားအံ့၊ ရူပသဉ်ယေဝိမုတ္တောတထာဂတော အတ္ထိတိပိနဥပေတိ စသော စကားတို့ကို အသျှင်ကစ္စည်းအထူးဆိုဘွယ်မရှိ။ခယာရာဂဿ ဒေါသဿ မောဟဿ၊ပ။ဂန္ဓိရော စသည်ကိုသာ ဆိုရာ၏။ ထိုရဟန္တာသည် ရာဂ ဒေါသ မောဟကုန်ခြင်းကြောင့် ဂုဏ်အားဖြင့် နက်နဲ၏၊ ကိလေသာမီး ငြိမ်းသဖြင့် နိဗ္ဗုတလည်းဖြစ်၏။ဤသို့သောအဓိပ္ပါယ်မျှလောက်ကိုသာ ပြလိုချင်းဖြစ်ရာသောကြောင့်တည်း၊စင်စစ်မူကား ဤမျှကိုသာမဆိုဘဲလျက် ရူပသဉ်ယေဝိမုတ္တောစသောစကားတို့ကိုဆိုပြန်ခြင်းကြောင့် သဗ္ဗိဝရဟန္တာပုဂ္ဂိုလ်၏ နက်နဲခြင်းကို ပြလို၍ ၎င်းစကား အလုံးစုံကို ဆိုသည်မဟုတ်။ နိဗ္ဗိဝရူပသဉ်ယဝိမုတ္တရဟန္တာ၏ ဂန္ဓိရကိုပြလို၍သာ၊ ရူပသဉ်ယေဝိမုတ္တောစသောစကားတို့ကို ဆိုသတည်းဟု သိသာသတည်း။ ဤသို့ယူမှလည်း ယခင်အောက်၌ပြဆိုအပ်ခဲ့ပြီးသော၊ ရူပသဉ်ဂြိဝိမုတ္တော ခေါ မဟာရာဇ တထာဂတော ဂန္ဓိရော အပ္ပမေယျော စသော သဋ္ဌာယတနသံယုတ်ပါဠိတော်၊မဇ္ဈိမပဏ္ဏာသပါဠိတော်။နသောပမာဏမေတိ စသော ဋ္ဌတိဝုတ်ပါဠိတော်။ အတ္ထင်္ဂဿနပမာဏမတ္ထိ စသော ရုဋ္ဌနိဒ္ဒေသပါဠိတော်။ ။ အထေါ်အနုပါဒိသေသနိဗ္ဗာနသဉ်ါတံအတ္ထံဂတော၊သောအရဟာပမာဏကရနံကိလေသာနံ အဘာဝေန နာမဂေါတ္တဝသေနာပိ ဇဒိသောနာမာတိပမိဏိတုံ အသက္ကုဏေယျော စသော ဋ္ဌတိဝုတ်အဋ္ဌကထာ စကားရပ်

တို့နှင့် သံသန္ဒန ဖြစ်နိုင်မည့် အရေးကိုလည်း ထောက်တွေးမိကြ စေကုန်သတည်း၊ ။ထိုစကားသည်မှန်၏၊ထိုသဠာယတနသံယုတ် မဇ္ဈိမပဏ္ဏာသပါဠိတော်တို့၌ရူပသင်္ခါဝိမုတ္တော တထာဂတောနှင့် ဤနေတ္တိပါဠိတော်ရူပသင်္ခယဝိမုတ္တော တထာဂတဟူသည် စကားပရိယာယ်မျှသာခြားသည်။ အဓိပ္ပါယ်ကား အတူတူပင်တည်း။ရုပ်နှင့်စပ်သောပညတ်မှလွတ်၍နေသူဟူသည်နှင့် ရုပ်၏ကုန်ရာနိဗ္ဗာန်၌လွတ်၍နေသူဟူသည် စကားဆိုပုံ ပရိယာယ်မျှသာ ကွဲပြား၍ နိဗ္ဗာန်၌ တည်ရောက်၍ နေသော ပရိနိဗ္ဗုတ ပုဂ္ဂိုလ်ရချည်း အတူတူသာဖြစ်သောကြောင့်တည်း။ ။ဗုဒ္ဓနိဒ္ဒေသပါဠိတော်၌။ အတ္ထင်္ဂတဿ န ပမာဏမတ္ထိ စသောစကား။ န သော ပမာဏမေတိ။ ဣတိဝုတ်ပါဠိတော်ကို သံဝဏ္ဏနာပြုသော ဣတိဝုတ်အဋ္ဌကထာ၌။ အနုပါဒိသေသနိဗ္ဗာနသင်္ခါတံ အတ္ထံဂတော စသော စကားတို့သည် ထင်တူထင်မျှ နိဗ္ဗာန်ရောက်၍ နေသော ပရိနိဗ္ဗုတပုဂ္ဂိုလ်၏ တစုံတယောက် နိဗ္ဗာန်မရောက်သေးသူတို့နှင့် မနှိုင်းရှည့်အပ်ဖြစ်၍နေသည်အရာကို ပြသောစကားချည်းပင်တည်း။ ဤဗုဒ္ဓနိဒ္ဒေသပါဠိတော် ဣတိဝုတ်ပါဠိတော် ၎င်းအဋ္ဌကထာတို့၌ အသင်္ခတဓာတ် အနုပါဒိသေသနိဗ္ဗာန်ရောက်၍နေသူတို့၏။ တစုံတယောက်သူတို့နှင့် မနှိုင်းရှည့်နိုင်၊ နှိုင်းရှည့်စရာ အပ္ပမာဏ အပ္ပမေယျဖြစ်၍နေသည်ကို တိုက်ရိုက်နီတတ္ထပြသည်အရာကိုထောက်သဖြင့်။ အပ္ပမာဏ အပ္ပမေယျ ဟူသည်နှင့် ဂမ္ဘီရဒုပ္ပရိယောဂါဟဟူသည် အတူတူပင်ဖြစ်သောကြောင့်၊ သဠာယတန သံယုတ် ပါဠိတော် မဇ္ဈိမပဏ္ဏာသပါဠိတော်လာ ရူပသင်္ခါဝိမုတ္တော တထာဂတောဟူသောစကား။နေတ္တိပါဠိတော်လာ ရူပသင်္ခယဝိမုတ္တော တထာဂတောဟူသောစကားတို့၌ ဂမ္ဘီရအပ္ပမေယျ၏အဖြစ်ကို ဆိုရာ၌လည်း။ ယခင် ဣတိဝုတ် ဗုဒ္ဓနိဒ္ဒေသပါဠိတော် စသည်တို့နှင့်နည်းတူ ပရိနိဗ္ဗုတပုဂ္ဂိုလ်များကိုပင်ဆိုသည်ဟု စင်စစ်သိအပ်လှတော့၏။ အတ္ထံပလေတိ နဥပေတိသင်္ခံ ဟူသော ဗုဒ္ဓနိဒ္ဒေသပါဠိတော်။ ကာယဿ ဘေဒါ ဓမ္မဋ္ဌော၊ သင်္ခံ နောပေတိ ဝေဒဂူ စသော သဠာယတနသံယုတ်ပါဠိတော်။ ရူပသင်္ခယဝိမုတ္တော တထာဂတော။လ။အသင်္ချေယျော ဟူသော နေတ္တိပါဠိတော်တို့သည်လည်း။ နိဗ္ဗာန်၌တည်ရောက်၍နေသော ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ လူဟူသော နတ်ဟူသော သတ္တဝါအရေအတွက်အားဖြင့်သာမရေတွက်စကောင်းသည်။အလုံးစုံကွယ်ပျောက်ပြတ်တောက်ဥစ္ဆိန္နအဖြစ်သို့ကားမရောက်ဟူသည်ကိုထင်တူထင်မျှပြနိုင်သောပါဠိတော်

တို့ချည်းဖြစ်ကုန်၏။ ထိုပါဠိတော်သုံးရပ်တို့နှင့်လည်း ယခင်ဆိုအပ်ခဲ့ပြီးသော ရူပသတ္တကြိယာဝီမံသာ စသော သဒ္ဓါယတနသံယုတ် မဇ္ဈိမပဏ္ဏာသ ဇာတိဝဂ်ပါဠိတော် ၎င်းအဋ္ဌကထာတို့သည် ထပ်တူထပ်မျှ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့၏ ဥစ္ဆိန္နအဖြစ်သို့မရောက်၊ ဂန္ဓဗ္ဗရအပ္ပမေယျအခြင်းအရာအား ဖြင့် ဖြစ်နေကြသည်ကို ပြနိုင်သည်ချည်းဖြစ်၍၊ ၎င်းပါဠိတော်အဋ္ဌကထာ တို့ အညမညသံသန္ဒနချည်းသာဟုသိကြကုန်။၎င်းပါဠိတော်တို့နှင့်လည်း။ ။ ယံရူပံဥပါဒါယသတ္တောသင်္ခါတောဘထာဂတောတိ ပညတ္တိဟောတိ။ တဒ ဘာဝေနတဿာပညတ္တိယာအဘာဝံပဿန္တောသ စသည်ဖြင့် အောက်၌ ညွှန်းပြအပ်ခဲ့ပြီးသော သဒ္ဓါယတန သံယုတ် အဋ္ဌကထာ။ ။ဒိဋ္ဌော သဝေ ပိ တံအာရဗ္ဘဥပပဇ္ဇတိဘိအာဒိသဗ္ဗံနယဇ္ဈတိ စသည်ဖြင့် ယခင် ထုတ်ပြအပ်ပြီးသော မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ။ ။ပုဂ္ဂလောဥပလဗ္ဘတိ စသော ဇွဲကထာဝတ္ထုပါဠိတော်၊ ပရိနိဗ္ဗုတော ပုဂ္ဂလော ဥစ္ဆိန္နောတိ နဟောဝံဝတ္တဗ္ဗေ ဟူသော နောက်ကထာဝတ္ထုပါဠိတော် အလုံးစုံတို့သည်။ ပရိနိဗ္ဗုတအသျှင်တို့ အလုံးစုံပြတ်တောက် အဘာဝတုစ္ဆရိတ္တ အဖြစ်သို့ မရောက်သွားသည်ကိုထပ်တူထပ်မျှအညမညသံသန္ဒနဖြစ်၍ပြဆိုနိုင်သော သာဓကပါဌ်တို့ချည်းမှတ်အပ်၏။ မှတ်ကြကုန်၊ မှတ်ကြလေ၊ ၎င်းပါဌ်တို့၏ အနက်အဓိပ္ပါယ်ကိုလည်း အောက်ကအကျယ်ပြအပ်ပြီးသလျှင်ကတည်း။

၎င်းပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ အလုံးစုံပြတ်တောက်ပျောက်ပျက်၍ မသွား သောအဖြစ်သည် ဤဆိုလတ္တံ့သောကထာဝတ္ထုပါဠိတော်အကျယ်စကား တို့ဖြင့်လည်း လွန်စွာထင်ရှားဖြစ်ဦးလတ္တံ့၊ ။ဤပါဠိတော်၌ အနက်ကို မြွက်၍ရေးလိုက်သည်။ ။ပရိနိဗ္ဗုတောပုဂ္ဂလော အတ္ထတ္ထမှိ နတ္ထတ္ထမှိတိ။ အတ္ထတ္ထမှိတိ ပရိနိဗ္ဗုတောပုဂ္ဂလော သဿတောတိ နဟောဝံဝတ္တဗ္ဗေ။ နတ္ထတ္ထမှိတိ ပရိနိဗ္ဗုတောပုဂ္ဂလော ဥစ္ဆိန္နောတိ နဟောဝံဝတ္တဗ္ဗေ ဟူ၍လာ သော ကထာဝတ္ထုပါဠိတော်နှင့်လည်း ဤနေတ္တိပါဠိတော်သည်။ ယမကေ ဒသကေ ဂဝေါ်ဒကသံသန္ဒန ဖြစ်သကဲ့သို့တည်း။ ။၎င်းပါဠိတော်၏ အနက်ကား။ ။ပရိနိဗ္ဗုတော ပုဂ္ဂလော၊ နိဗ္ဗာန်ရွှေနန်း စံမြန်း၍နေသော အသျှင်သည်။ အတ္ထမှိ၊မိမိစံရာနိဗ္ဗာန်တွင်း၌။ အတ္ထိ၊အကယ်၍စင်စစ်ရှိပါသ လော။အတ္ထမှိ၊မိမိရောက်ရာနိဗ္ဗုတာ၌၊နတ္ထိ၊နိဗ္ဗာန်သို့ရောက်လျှင်ရောက်ခြင်း အလုံးစုံကွယ်ပျောက်ပြတ်တောက်၍သွားသလော၊ ဣတိ၊ဤသို့ဝိစာရဏာ၊ သကာဝါဒီပုစ္ဆာ ပရဝါဒီပဋိညာ, ပရဝါဒီပုစ္ဆာ သကာဝါဒီပဋိညာ,နည်းဖြင့်

ရှေ့အောက်ကငါပေါ်ဟောကြားစီစစ်ခဲ့သောစီစစ်နည်းမျိုးကို။ ကာတဗ္ဗာ၊ပြုအပ်၏၊ဝါ၊ပြုပေလတ္တံ့။ထည့်။ ။ပရိနိဗ္ဗုတောပုဂ္ဂလော၊သည်။အတ္ထတ္ထမှိ၊နိဗ္ဗာနန္ဒိ။ အတ္ထိ၊ အကယ်တစ်ရှိပါသလော။ ဣတိ၊ ဤသို့ သကဝါဒီဆရာမေးလာအပ်သည်ရှိသော်။ အာမန္တာ၊ အကယ်စင်စစ်ရှိပါ၏။ ဣတိ၊ ဤသို့ပရဝါဒီဆရာဖြေကြားဝန်ခံရာဝယ်၊ ပရိနိဗ္ဗုတောပုဂ္ဂလော၊ပရိနိဗ္ဗာန်စံသွားသောပုဂ္ဂိုလ်သည်။ အတ္ထတ္ထမှိ၊နိဗ္ဗာနန္ဒိ။ သဿတော၊ရုပ်နာမ်နှင့်တကွ သတ္တဇီဝအတ္တအားဖြင့်မြဲ၍နေသလော။ဣတိ၊ဤသို့သကဝါဒီပုဂ္ဂိုလ်မြတ်က အတ္ထိဟူသောသာမညအားဖြင့် ဖြေဆိုသော စကားကျအလိုက် မေးပြန်သည်ရှိသော်။ ဧဝံ၊ဤသို့သော်ကား။ နဟိဝတ္တဗ္ဗေ၊မဆိုသင့်။ ဣတိ၊ဤသို့ပရဝါဒီဆရာ ဆိုရလေ၏။ ။ပရိနိဗ္ဗုတောပုဂ္ဂလော၊သည်။ အတ္ထတ္ထမှိ၊ နိဗ္ဗာနန္ဒိ။ နတ္ထိ၊ မရှိပါသလော။ ဣတိ၊ ဤသို့ ပရဝါဒီဆရာ မေးပြန်သည်ရှိသော်။ အာမန္တာ၊မရှိ။ ဣတိ၊ ဤသို့ သကဝါဒီဆရာဖြေဆိုရာဝယ်၊ ပရိနိဗ္ဗုတောပုဂ္ဂလော၊ သည်။ ဥစ္ဆိန္နော၊ အသုံးစုံကွယ်ပျောက်၍သွားသလော။ ဣတိ၊ ဤသို့ပရဝါဒီဆရာမေးပြန်သည်ရှိသော်။ ဧဝံ၊ ဤသို့မူကား။နဟိဝတ္တဗ္ဗေ၊မဆိုသင့်။ ဣတိ၊ဤသို့သကဝါဒီဆရာဖြေဆိုပြန်သတည်း။

သကဝါဒီဆရာက ရုပ်နာမ်ခန္ဓာနှင့်တကွမရှိသည်ကိုရည်၍ မရှိဆိုစေလိုသောစိတ်ဖြင့်၊ ပရိနိဗ္ဗုတောပုဂ္ဂလော အတ္ထတ္ထမှိ ဟု မေးရာ။ ပရဝါဒီဆရာကရုပ်နာမ်နှင့်တကွမရှိသော်လည်းဂမ္ဘီရအပ္ပမေယျ ဒုပ္ပရိယောဂါဟအားဖြင့် တစုံတခုအခြင်းအရာဖြစ်၍ရှိနေသည်ကိုရည်သဖြင့် အာမန္တာဟုဝန်ခံရာဝယ်၊ တဖန် သကဝါဒီဆရာက ရုပ်နာမ်နှင့်တကွ မြဲနေသည်ကိုရည်၍၊ ပရိနိဗ္ဗုတော ပုဂ္ဂလော သဿတောတိ ဟု မေးပြန် ရာဝယ်။ ယင်းသို့သော သဿတဝါဒကိုဝန်မခံလို၍။ နဟေဝံ ဝတ္တဗ္ဗေ ဟု ပရဝါဒီဆရာဆိုရပြန်လေ၏။ ။တဖန်ထိုပရဝါဒီဆရာကပင်ပရိနိဗ္ဗုတပုဂ္ဂိုလ်သည်ရုပ်နာမ်နှင့်တကွ ထိုနိဗ္ဗာန်၌ မရှိသော်လည်း။ ရူပသင်္ခါဝိမုတ္တော ခေါ်မဟာရာဇ တထာဂတော ဂမ္ဘီရော အပ္ပမေယျော ဒုပ္ပရိယောဂါဟော ဟူသော သဠာယတနသံယုတ်ပါဠိတော် စသည်တို့အရ။ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်၏ နိဗ္ဗာန်၌ ဂမ္ဘီရဖြစ်နေသည်ကို ထောက်၍၊ ဂမ္ဘီရဟူ ကတစုံတခုသောအခြင်းအရာအားဖြင့်ရှိရမည်။အဘယ်တစုံတခုမျှမရှိသောအရာကို ဂမ္ဘီရအပ္ပမေယျဟုဟောတော်မမူသင့်နှလုံးပြုသဖြင့်။ထိုတစုံတရာဂမ္ဘီရသဘောတခုရှိရာသည်ကိုရည်၍ ရှိစေလိုသောနှလုံးထားဖြင့်။ပရိနိဗ္ဗုတောပုဂ္ဂလော

နတ္ထတ္ထမှီတိ ဟု ပရဝါဒီဆရာမေးမြန်းရာဝယ်၊ ရုပ်နာမ်ခန္ဓာ မရှိသည်ကို ရည်၍ သကဝါဒီဆရာက အာမန္တာဟု ဖြေဆိုသည်ရှိသော်။ တဖန်ပင် ပရဝါဒီ ဆရာက ပရိနိဗ္ဗုတ ပုဂ္ဂိုလ်၏ ရူပါဒိသင်္ခါဝိမုတ္တဖြစ်၍ ဂမ္ဘီရ အပ္ပမေယျ ဖြစ်နေသည်ဟု သဠာယတန သံယုတ်ပါဠိတော် စသည်တို့၌ ဟောတော်မူပါလျက်ကိုပင် ထိုစကားတော်ကိုပယ်လှန်၍အလုံးစုံဘယ်ဟာ ဘယ်အခြင်းအရာ တခုမျှ မရှိဆိုဝံ့ပါမည်လော ဟူသော နှုလုံးထားဖြင့်။ ပရိနိဗ္ဗုတော ပုဂ္ဂလော ဥစ္ဆိန္နောဟု လှန်မေးသည်တွင်။ ယင်းသို့ ပရဝါဒီ စိတ်ရည်မှန်း၍မေးမြန်းသည်အတိုင်းဝန်မခံလိုရကား။ နဟေဝံ ဝတ္တဗ္ဗေ ဟု သကဝါဒီပုဂ္ဂိုလ်ဖြေဆိုရပြန်လေသတည်းဟုလိုသည်။ ။ပိဏ္ဍတ္ထ။ ။

ပရိနိဗ္ဗုတပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ရှိနေသည်ဆိုသော်လည်း ဂမ္ဘီရအပ္ပမေယျ ဒုပ္ပရိယောဂါဟဖြစ်၍ တစုံတခုသော အခြင်းအရာအားဖြင့်သာ ရှိသည်။ ရုပ်နာမ် ခန္ဓာနှင့်တကွကား ရှိသည် မဟုတ်ပေဟု ဆိုသော် သဿတဒိဋ္ဌိ လွတ်၏။ ပရိနိဗ္ဗုတ ပုဂ္ဂိုလ် ထိုနိဗ္ဗာန်၌ မရှိဆိုသော်လည်း သတ္တဝါဟု ဆိုလောက်စရာရုပ်နာမ်ခန္ဓာမရှိသည်ကိုရည်၍ဆိုပါသည်။ တစုံတခုဂမ္ဘီရ အခြင်းအရာအားဖြင့်ဘယ်ဟာတခုမျှမရှိဟုမဆိုပါ။ ဤသို့ဆိုသော်ဥစ္ဆေဒဒိဋ္ဌိ လွတ်၏ဟုလိုသတည်း။ ။သကဝါဒီပရဝါဒီနှစ်ပက္ခလုံး၏ဗျဉ်ဇတ္ထ။ ။

ဤသို့သောအဓိပ္ပါယ်များကို ဤကထာဝတ္ထုအဋ္ဌကထာဝယ် ဤပရိနိဗ္ဗုတ ကထာအရာ၌ ပြည့်စုံစွာမဘွင့်သော်လည်း။ ရှေ့ဦးအစ သစ္စိကဋ္ဌပရမတ္ထ ပုဂ္ဂလအရာဝယ် အကျယ်ဘွင့်ပြတော်မူအပ်သောဆလဝါဒနယမုခစသော အလုံးစုံအဋ္ဌကထာစကားကိုလည်းကောင်း၊ ပုဂ္ဂလော ဥပလဗ္ဘတိ စသော ရင်းပါဠိတော် သွားပုံအစဉ်ကိုလည်းကောင်း မှီရာကိုယ်ပြု၍ ယခင်နေတ္တိ ပါဠိတော်အဋ္ဌကထာ သဠာယတန သံယုတ်ပါဠိတော် အဋ္ဌကထာစသည် တို့ကို အမှီ လက်ကိုင်ပြု၍ ဆိုနိုင် ပါသတည်း၊ ဤပရိနိဗ္ဗုတ ကထာ၌။ ပရိနိဗ္ဗုတော ပုဂ္ဂလော။ပ။ နဟေဝံ ဝတ္တဗ္ဗေ ဟူသော စကားသည်လည်း အပြည့်အစုံစကားမဟုတ်၊ အောက်၌ ဆိုအပ်ခဲ့ပြီးသော ပါဠိသွားပုံတို့ကို အမှီပြုသဖြင့် နည်းရလောက်ပြီဟု နှလုံးပြုတော်မူ၍ နယမုခနိဒဿနနည်း အားဖြင့်အကျဉ်းသံခိတ္တပြထားတော်မူသောပါဠိသာဖြစ်သည်။ အောက်၌ ပြအပ်ခဲ့ပြီးသောပါဠိတော်သွားပုံကိုအမှီပြု၍ ရင်းနည်းအတိုင်း ပါဠိသွားပုံ ပါဌ်စီထားအပ်သော်ကား။ ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာတိ အာမန္တာ အစရှိသော အစပါဠိအစဉ်ကိုမှီ၍ သကဝါဒီပုစ္ဆာပရဝါဒီပဋိညာ

အားဖြင့်ဖြီးသောအနုလောမပစ္စက၊ ပရိတ္တဒုက္ခုသတကဝါဒီပဋိညာအားဖြင့် ပြီးသောပဋိကမ္မစတုက္က၊ ပရိတ္တဒုက္ခုသတကဝါဒီပဋိညာအားဖြင့် ပြီးသော ပဋိလောမပစ္စက၊ သကဝါဒီပုစ္ဆာပရဝါဒီပဋိညာအားဖြင့်ပြီးသော ပဋိကမ္မ စတုက္က၊ ပရဝါဒီနာသကဝါဒီနောနိဂ္ဂဟစတုက္က၊ သကဝါဒီနာ ပရဝါဒီနော နိဂ္ဂဟာကာရဒဿနဖြစ်သောဥပနယနစတုက္က၊တံနိဂမနစတုက္က။ ။ဤသို့ သကဝါဒီပုစ္ဆာပက္ခ၌ရှစ်ပါရ။ ။ဤနည်းအတူပရဝါဒီပုစ္ဆာပက္ခ၌ရှစ်ပါရအားဖြင့် သောဋ္ဌသပါရတိုင်အောင် ထုတ်ဆို ရေးသားအပ်သလျှင်ကတည်း။ ။ ယင်းသို့ သော်လည်း ၎င်းအတိုင်း ရေးသားက ဝိတ္ထာရတရ ဖြစ်သွား မည်ကြောင့် သောဘ႒ာနတို့နည်းရလောက်ရုံ အဖွက်မျှသာပြဆိုရေးသား လတ္တံ့။

ပရိနိဗ္ဗုတောပုဂ္ဂလော အတ္ထတ္ထမှိတိ အာမန္တာ။ ပရိနိဗ္ဗုတောပုဂ္ဂလော သဿတောတိ နဟေဝံဝတ္တဗ္ဗေ။ အာဇာနာဟိနိဂ္ဂဟံ၊ ဟဉ္စိပရိနိဗ္ဗုတော ပုဂ္ဂလော အတ္ထတ္ထမှိတိ။ တေနဝတရေဝတ္တဗ္ဗေ ပရိနိဗ္ဗုတော ပုဂ္ဂလော သဿတောတိ။ ယံတတ္ထဝဒေသိ ဝတ္တဗ္ဗေခေါ် ပရိနိဗ္ဗုတော ပုဂ္ဂလော အတ္ထတ္ထမှိတိ။နောစဝတ္တဗ္ဗေ ပရိနိဗ္ဗုတောပုဂ္ဂလောသဿတောတိ မိစ္ဆာ။ နောစေပနဝတ္တဗ္ဗေ ပရိနိဗ္ဗုတောပုဂ္ဂလောသဿတောတိ၊ နောစဝတရေ ဝတ္တဗ္ဗေ ပရိနိဗ္ဗုတောပုဂ္ဂလောအတ္ထတ္ထမှိတိ။ ယံတတ္ထဝဒေသိ ဝတ္တဗ္ဗေ ခေါပရိနိဗ္ဗုတောပုဂ္ဂလောအတ္ထတ္ထမှိတိ။နောစဝတ္တဗ္ဗေပရိနိဗ္ဗုတောပုဂ္ဂလော သဿတောတိ မိစ္ဆာ။ ။သကဝါဒီပုစ္ဆာ ပရဝါဒီပဋိညာ အနုလောမ ပစ္စကံ။ ။ပရိနိဗ္ဗုတော ပုဂ္ဂလော နတ္ထတ္ထမှိတိ အာမန္တာ။ ပရိနိဗ္ဗုတော ပုဂ္ဂလော ဥစ္ဆိန္နောတိ နဟေဝံဝတ္တဗ္ဗေ။ အာဇာနာဟိပဋိကမ္မံ။ဟဉ္စိပရိနိဗ္ဗုတော ပုဂ္ဂလော နတ္ထတ္ထမှိတိ၊တေနဝတရေဝတ္တဗ္ဗေ ပရိနိဗ္ဗုတောပုဂ္ဂလော ဥစ္ဆိန္နောတိ၊ယံတတ္ထဝဒေသိဝတ္တဗ္ဗေခေါပရိနိဗ္ဗုတောပုဂ္ဂလောနတ္ထတ္ထမှိတိ။ နောစဝတ္တဗ္ဗေ ပရိနိဗ္ဗုတောပုဂ္ဂလောဥစ္ဆိန္နောတိ မိစ္ဆာ။နောစေပနဝတ္တဗ္ဗေ ပရိနိဗ္ဗုတောပုဂ္ဂလော ဥစ္ဆိန္နောတိ။ တေနဝတရေနောဝတ္တဗ္ဗေခေါပရိနိဗ္ဗုတော ပုဂ္ဂလောနတ္ထတ္ထမှိတိ။ ယံတတ္ထဝဒေသိ ဝတ္တဗ္ဗေခေါပရိနိဗ္ဗုတော ပုဂ္ဂလောနတ္ထတ္ထမှိတိ၊ နောစဝတ္တဗ္ဗေ ပရိနိဗ္ဗုတောပုဂ္ဂလော ဥစ္ဆိန္နောတိ မိစ္ဆာ၊ ။ပရဝါဒီပုစ္ဆာသကဝါဒီပဋိညာပဋိကမ္မစတုက္က။ ။ဤသို့အစ ရှိသည်ဖြင့် အကျယ်ထုတ်ဆိုအပ်၏။ ။

အောက်အစဆုံးဖြစ်သော ပုဂ္ဂလောဥပလဗ္ဘတိသစ္စိကဋ္ဌပရမတ္ထေနာတိ

အစရှိသော သကဝါဒီ ပရဝါဒီ ဆိုပုံ အသုံးရုံ၏ ဗျဉ္ဇန အဓိပ္ပါယ်နှင့်။ ဤ ပရိနိဗ္ဗုတောပုဂ္ဂလောအတ္ထတ္ထမှိ စသောပါဌ်၏အဓိပ္ပါယ်သွားပုံနည်းတူပင် သိကြကုန်၊ ။ထိုဌ္ဌအဓိပ္ပါယ် ဗျဉ္ဇနကား။ပုဂ္ဂိုလ်ဟူသည် အဟုတ်အမှန် အားဖြင့် ရှိ၏ဆိုသော်လည်း သမ္မုတိ ပညတ်အားဖြင့်သာ မှန်နိုင်သည်၊ ပရမတ္ထအားဖြင့်ကား မမှန်နိုင်။ အဟုတ်အမှန်အားဖြင့် ပုဂ္ဂိုလ်မရှိဆိုသော် လည်း ပရမတ္ထအားဖြင့်သာမှန်နိုင်သည်။ ပညတ်အားဖြင့် မမှန်နိုင်ဟုလို သတည်း။ ဤနည်းအတူ ဤပရိနိဗ္ဗုတကထာ၌လည်း ပရိနိဗ္ဗုတပုဂ္ဂိုလ် သည် နိဗ္ဗာန်၌ရှိ၏ဆိုသော်။ ရုပ်နာမ်မှတပါး တဒုံတရာဂန္တိရသဘော အားဖြင့်ရှိနေသည်ကိုရည်၍ဆိုသော်သာမှန်နိုင်သည်၊ သဿတအားဖြင့် ရုပ်နာမ်နှင့်တကွရှိနေသည်ဆိုသော် မမှန်၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ မရှိဆိုသော်၊ ရုပ်နာမ်အားဖြင့် မရှိသည်ကိုရည်၍ဆိုသော်သာ မှန်နိုင်၏။ တဒုံတရာအဘယ်ဂန္တိရသဘောတရမျှကျန်ပျောက်ကွယ်ပြတ်သွားလေ တော့သည်ဟု ဥစ္ဆေဒအယူအားဖြင့်ဆိုသော် မမှန်ဟုလိုသတတ်။ ။ ဤအဘိဓမ္မာဂန္တိရဋ္ဌာဓိပ္ပါယများကိုများများကြီးသတိရှိကြကုန်။ ။

အနက်ကား။ ။ပရိနိဗ္ဗုတော၊နိဗ္ဗာန်ရွှေဘုံ ခိုလှုံ၍နေသော။ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။အတ္ထိ၊နိဗ္ဗာန်တွင်း၌၊အတ္ထိ၊ရှိပါသလော။ဣတိ၊ဤသို့သကဝါဒီ ပုဂ္ဂိုလ်မေးဆိုလာသည်ရှိသော်၊ အာမန္တာ၊ ဩ ရှိပါ၏။ ဣတိ၊ ဤသို့ပရဝါဒီ ပုဂ္ဂိုလ်ဖြေဆိုရာဝယ်၊ ပရိနိဗ္ဗုတောပုဂ္ဂလော၊နိဗ္ဗာန်ရွှေနန်းစံမြန်း၍နေသော ပုဂ္ဂိုလ်သည်။သဿတော၊ထိုနိဗ္ဗာန်ထဲ၌ ရုပ်ရောနာမ်ပါမြဲ၍နေပါသလော။ ဣတိ၊ဤသို့သကဝါဒီပုဂ္ဂိုလ်မေးဆိုပြန်သည်ရှိသော်၊ဇေဝံ၊ဤသို့မူကား။ နဟိ ဝတ္တဗ္ဗေ၊မဆိုသင့်သလျှင်ကတည်း။ ဣတိ၊ဤသို့ပရဝါဒီဆရာဖြေဆိုလာပြန် ရာဝယ်၊ ရေ၊ဒိုပရဝါဒီဆရာ။ တံ၊ သင်ပရဝါဒီဆရာကို။ နိဂ္ဂဟံ၊ နှိပ်ထိုက် သည်၏အဖြစ်ကို။အာဇာနာဟိ၊အသင်သိပေဝန်ခံပေလော့၊ကထံ၊အဘယ် သို့သောအကြောင်းဖြင့် အဘယ်လိုနှိပ်မည်နည်းဟူမူကား။ ရေ၊ဒိုပရဝါဒီ ဆရာ။ ဟဉ္စိ၊ အကယ်၍လျှင်။ပရိနိဗ္ဗုတောပုဂ္ဂလောအတ္ထတ္ထမှိတိ၊ပရိနိဗ္ဗာန် ပြုသောပုဂ္ဂိုလ် ထိုနိဗ္ဗာန်၌ရှိ၏ဟူ၍။ ဝတ္တဗ္ဗေခေါ၊ ဆိုအပ်ဆိုထိုက်သည် ဖြစ်ငြားအံ့၊ ။ထပနာ၊ ။ဇေဝံ၊ဤသို့ပရိနိဗ္ဗုတပုဂ္ဂိုလ်နိဗ္ဗာန်၌ရှိ၏ဟူ၍ဆိုလို သည်ရှိသော်၊တေန၊ထိုသို့သောစကားကြောင့်ပင်။ဝတ၊စင်စစ်။ပရိနိဗ္ဗုတော ပုဂ္ဂလော၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်သည်။ သဿတော၊ ရုပ်ရောနာမ်ပါ ထိုနိဗ္ဗာန်၌ အမြဲရှိ၍နေ၏။ ဣတိ၊ဤသို့သောစကားကိုလည်း။ ဝတ္တဗ္ဗေ၊ဆိုသင့်ဆိုထိုက်

တော့သလျှင်ကတည်း။ဝါ၊ဆိုရာရောက်တော့သလျှင်ကတည်း။ ။ပါပနာ။ ။
အထ၊ထိုသို့ဖြစ်ပါလျက်၊တတ္ထ၊ထိုပရိနိဗ္ဗုတပုဂ္ဂိုလ် ထိုနိဗ္ဗာန်ဝယ်ရှိပါ၏ဆို
လျှင်ပင် ထိုပရိနိဗ္ဗုတပုဂ္ဂိုလ် ထိုနိဗ္ဗာန်၌ ရုပ်ရောနာမ်ပါရှိ၏ ဆိုရာရောက်
သည်အချက်၌။ ပရိနိဗ္ဗုတောပုဂ္ဂလော၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်သည်။ အတ္ထမှိ၊
နိဗ္ဗာန်တွင်း၌။ အတ္ထိ၊ရှိ၏။ ဣတိ၊ဤသို့သော်ကား။ ဝတ္တဗ္ဗော၊ ဆိုသင့်၏။
ပရိနိဗ္ဗုတောပုဂ္ဂလောသဿတောတိ၊ ပရိနိဗ္ဗာန်ပြုသောပုဂ္ဂိုလ် ထိုနိဗ္ဗာန်၌
ရုပ်နာမ်နှင့်တကွရှိ၏ဟူသော စကားကိုမူကား။ နောဝတ္တဗ္ဗော၊ မဆိုသင့်။
ဣတိ၊ ဤသို့၊ ယံဝစနံ၊ အကြင်စကားကို။ ဝဒေသိ၊ သင်ပရဝါဒီဆိုဘိ၏။
တံ၊ထိုစကားသည်။မိစ္ဆာ၊ အမှားတည်း။ ။အနုလောမရောပနာ။ ။
ပန၊ ထိုသို့မဟုတ်။ပရိနိဗ္ဗုတောပုဂ္ဂလောသဿတောတိ၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်
ထိုနိဗ္ဗာန်၌ ရုပ်နာမ်နှင့်တကွ ရှိနေ၏ဟူသောစကားကို။ နောစေဝတ္တဗ္ဗော၊
အကယ်၍မဆိုလိုသည်ဖြစ်ငြားအံ့။ ။ထပနာ။ ။ရေ၊အိုပရဝါဒီဆရာ။
တေန၊ ထိုသို့မဆိုလိုသော အကြောင်းဖြင့်ပင်လျှင်။ ပရိနိဗ္ဗုတောပုဂ္ဂလော
အတ္ထတ္ထမှီတိ၊ ပရိနိဗ္ဗုတပုဂ္ဂိုလ် ထိုနိဗ္ဗာန်၌ရှိ၏ ဟူသောစကားကိုလည်း။
နောစဝတ္တဗ္ဗော၊ မဆိုသင့် မဆိုထိုက် သလျှင်ကတည်း။ ဝါ၊ မဆိုလိုရာ
ရောက်တော့သလျှင်ကတည်း။ ။ပဋိလောမပါပနာ။ ။အထ၊ ထိုသို့
ဖြစ်ပါလျက်၊တတ္ထ၊ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်ထိုနိဗ္ဗာန်၌ရုပ်နာမ်နှင့်တကွအမြဲရှိ၏
မဆိုလိုခဲ့လျှင် ထိုပုဂ္ဂိုလ်ထိုနိဗ္ဗာန်၌မရှိဟူ၍ပင်ဆိုရာရောက်သည့်အချက်၌။
ပရိနိဗ္ဗုတော ပုဂ္ဂလော အတ္ထတ္ထမှီတိ၊ ပရိနိဗ္ဗုတပုဂ္ဂိုလ် ထိုနိဗ္ဗာန်၌ရှိ၏
ဟူသော စကားကိုကား။ ဝတ္တဗ္ဗော၊ ဆိုသင့်၏။ ပရိနိဗ္ဗုတော ပုဂ္ဂလော
သဿတောတိ၊ ပရိနိဗ္ဗာန်ပြုသည့်ပုဂ္ဂိုလ်ထိုနိဗ္ဗာန်၌ရုပ်ရောနာမ်ပါအမြဲရှိ၍
နေ၏ဟူသောစကားကိုမူကား။နောဝတ္တဗ္ဗော၊မဆိုသင့်။ ဣတိ၊ဤသို့။ယံဝစနံ၊
အကြင်စကားကို။ဝဒေသိ၊သင်ပရဝါဒီဆိုဘိ၏။ တံ၊ထိုစကားသည်။ မိစ္ဆာ၊
ပုဗ္ဗာပရဝိရောဓိဒေါသအားဖြင့်အမှားပင်တည်း။ ။ပဋိလောမရောပနာ။ ။
အနုလောမပဉ္စကတ္ထ။ ။

အဓိပ္ပါယ်ကား။ သကဝါဒီဆရာက ပရိနိဗ္ဗုတပုဂ္ဂိုလ်သည် ထိုနိဗ္ဗာန်၌
ရုပ်နာမ်နှင့်တကွမရှိသော သဘောကိုရည်၍ မရှိဟု ဆိုစေလိုသော နှလုံး
ထားဖြင့်၊ ပရိနိဗ္ဗုတောပုဂ္ဂလော အတ္ထတ္ထမှီဟု မေးလေရာဝယ်။ ပရဝါဒီ
ဆရာကလည်း ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်သည် ရုပ်နာမ်နှင့်တကွ ထိုနိဗ္ဗာန်၌
မရှိသော်လည်းမည်သို့အခြင်းအရာဖြင့်ရှိနေသည်ဟုမဆိုနိုင်အောင်လွန်စွာ

ထူးကဲ နက်နဲ၍ နေသောအားဖြင့် ဘုရားသျှင် ဟောတော်မူသည့်အရာကို ရည်၍ အာမန္တာဟုပဋိညာဏ်ပြုသည်တွင်။ သကဝါဒီဆရာက ရုပ်နာမ်မရှိ ဂမ္ဘီရတ္ထ သဘောတရအားဖြင့်သာ ရှိနေသောအနက်, ရုပ်နာမ်နှင့်တကွ ရှိနေသောအနက်,အားဖြင့်နှစ်ပါးလုံးနှင့်ဆက်ဆံသောအတ္တိသဒ္ဒါသာမညနှင့် မေးသည်ကို၊ ပရဝါဒီဆရာက အာမန္တာဟု လက်ခံကြီးအုပ် သာမည ဝန်ခံသည့် အလိုအားဖြင့် ပရိနိဗ္ဗုတပုဂ္ဂိုလ် ထိုနိဗ္ဗာန်၌ ရုပ်နာမ်နှင့်တကွ သဿတဖြစ်၍ နေသည်ဟု ဝန်ခံရာ ရောက်လေသည်ကို ရည်သဖြင့် ပရဝါဒီအား သူ့စကားအရ စကားကျဘမ်းလို၍။ ပရိနိဗ္ဗုတောပုဂ္ဂလော သဿတောတိ ဟု တက်မေးရပြန်သည်တွင်။ ထိုသကဝါဒီဆရာစကား ဘမ်းသည်ကို အဘမ်းမခံလိုသဖြင့်။ နဟေဝံ ဝတ္တဗ္ဗေ ဟု ပရဝါဒီဆရာ ပယ်လှန်သည့်အခါ။ သကဝါဒီဆရာကပင် အသင်၏စကားကျနှင့်သင့်ကို ငါဆိုပါလျက်အချက်မတန်ပယ်လှန်ဘိသောအသင့်ကိုနှိပ်နင်း၍သာဆိုစရာ ရှိတော့သည်ဟုဆိုပြန်လိုရကား၊ အာဇာနာဟိနိဂ္ဂဟံ ဟု သကဝါဒီဆရာ မိန့်သတည်း။တဘန်ပင် သို့နှိပ်ဟန်အခြင်းအရာကိုပြလိုရကား၊ဟဉ္စိဟိ စရှိ သည်ကို မိန့်ဆိုတော် မူသတည်း။ ။ထိုစကားဝယ် အဓိပ္ပါယ်ကား။ အိုပရဝါဒီဆရာ အကယ်၍ ပရိနိဗ္ဗုတပုဂ္ဂိုလ် ထိုနိဗ္ဗာန်၌ရှိ၏ဟု သာမည စကားဝန်ခံဘိ၏၊ ။အနုလောမထပနာ။ ။ထိုသို့ဝန်ခံချေသော်ထိုပရိနိဗ္ဗုတ ပုဂ္ဂိုလ် ထိုနိဗ္ဗာန်၌ ရုပ်နာမ်နှင့်တကွ သဿတဖြစ်၍ရှိနေသည်ဟူသော အနက်သည်မရောက်ပြီလော။ ။အနုလောမပါပနာ။ ။ထိုသို့ဖြစ်လျက် ပရိနိဗ္ဗုတပုဂ္ဂိုလ်သည် ထိုနိဗ္ဗာန်၌ရှိ၏ဟု သာမညဆိုပြီးလျှင်။ရုပ်နာမ်နှင့် တကွရှိသည်မဆိုလိုဟုမိမိစကားကိုနုတ်ပြန်သောသင်ပရဝါဒီအားပုဗ္ဗာပရ ဝိရောဓိဒေါသအားဖြင့်အမှားမဟုတ်ပါလော။ ။အနုလောမရောပနာ။ ။ ယင်းသို့မဟုတ် အကယ်၍ပရိနိဗ္ဗုတပုဂ္ဂိုလ်ထိုနိဗ္ဗာန်၌ ရုပ်နာမ်ခန္ဓာနှင့်တကွ သဿတဖြစ်၍ရှိနေသည်ဟုမဆိုလိုငြားအံ့။ ။ပဋိလောမထပနာ။ ။ထိုသို့ မဆိုလိုသော် ထိုပရိနိဗ္ဗုတပုဂ္ဂိုလ် ထိုနိဗ္ဗာန်၌ရှိ၏လောဟု အမေးစကားကို ဝန်ခံသဖြင့်ပင် ရုပ်နာမ်နှင့်တကွရှိ၏ဝန်ခံရာရောက်တော့၏။ ။ပဋိလောမ ပါပနာ။ ။ထိုသို့ပရိနိဗ္ဗုတပုဂ္ဂိုလ်သည် ထိုနိဗ္ဗာန်၌ရုပ်နာမ်နှင့်တကွရှိနေ သည်ဟုမဆိုလိုဘဲလျက်ပင်။ ယင်းအနက်နှင့်ဆက်ဆံသော အတ္ထိဟူသော အမေးသာမညကို၊ အာမန္တာဟုဝန်ခံသဖြင့်။ ရုပ်နာမ်နှင့်တကွ ထိုနိဗ္ဗာန်၌ ထိုသူရှိ၏ဟုဝန်ခံရာရောက်သဖြင့်၊ အသင်ပရဝါဒီဆရာ၏စကား ပုဗ္ဗာပရ

ဝိရောဓိဒေါသအားဖြင့်ဤလည်းအမှားတချက်မဟုတ်ပါလောဟုလိုသည်။ ။ ပဋိလောမ ရောပနာ။ ။ဤကား သကဝါဒီ ဆရာမေး၍ ပရဝါဒီ ဆရာ ဖြေရာတွင်။ သကဝါဒီဆရာက ပရဝါဒီကိုနှိပ်၍ ဆိုအပ်သော ထပနာ၊ အနုလောမပါပနာ၊ရောပနာ၊ပဋိလောမပါပနာ၊ရောပနာအားဖြင့် အနုလောမ ပဉ္စကနှင့်အဓိပ္ပါယ်တည်း၊ ။နိဂ္ဂဟပဉ္စ၊ ။ပဋိကမ္မပဉ္စလည်းနည်းတူ ပင်တည်း။ ။အဓိပ္ပါယ်ဖျဉ်ကား။ပရိနိဗ္ဗာန်စံနေသောပုဂ္ဂိုလ် ထိုနိဗ္ဗာန်၌ ရှိ၏ဆိုသော် သဿတဒိဋ္ဌိ၊ မရှိဆိုသော် ဥစ္ဆေဒဒိဋ္ဌိ၊ မလွတ်နိုင်ဟုလို သတည်း။ ။ယင်းသို့ဖြစ်လျှင် အဘယ်ကိုဆိုရပါမည်နည်းဟုမြွာအံ့၊ ။ နိဗ္ဗာန်အရဟတောဂတိဟူသောပရိဝါပါဠိတော်။ကာယဿဘေဒါမြွှေဒွာ၊ သဉ္ဇီနောပေတိ ဝေဒဂူ ဟူသော သဋ္ဌာသုတ်ပါဠိ။ ။မြွှေဒွာတိ အသေကမြွှေသုနိဗ္ဗာနေဝေ ဝိမိတောဟူသောဋီကာအဋ္ဌကထာတို့နှင့်အညီ။ ပရိနိဗ္ဗာန်ပြုသော ဝေဒဂူသည် ထိုနိဗ္ဗာန်၌ အမြဲတည်နေသည်ဟုဆိုသော် ထိုဒိဋ္ဌိနှစ်ပါးလုံးလွတ်၏မှတ်။ ။

ဤယခုအခါ ပရဝါဒီပုဂ္ဂလ သကဝါဒီပဋိညာအားဖြင့် ဟောကြား အပ်သော ပဋိကမ္မစတုက္ကဿကိုပြဆိုလတ္တံ့။ ။ပရိနိဗ္ဗုတောပုဂ္ဂလော၊ နိဗ္ဗုသာခေါင် ဘေးမဲ့တောင်သို့ ရောက်အောင်သွားသော ပရိနိဗ္ဗုတ ရဟန္တာအသျှင်သည်။ အတ္ထမှိ၊ ထိုမိမိရောက်ရာ နိဗ္ဗာန်သာခေါင် ဘေးမဲ့ တောင်၌။ နတ္ထိ၊မရှိပါသလော။ ဝါ၊ မရှိဟူ၍ပင် အသင်သကဝါဒီဆိုတော့ မည်လော။ ဣတိ၊ ဤသို့ပရဝါဒီဆရာမေးပြန်လာသည်ရှိသော်။ အာမန္တာ၊ အိမ်းမရှိဘူး။ ဣတိ၊ဤသို့သကဝါဒီက မိမိလိုအပ်သော ရုပ်နာမ်မရှိသော သဘောကိုရည်၍ သန္တာယဘာသိတအားဖြင့် ဝန်ခံရာဝယ်၊ ပရိနိဗ္ဗုတော ပုဂ္ဂလော၊ ပရိနိဗ္ဗာန်ပြုသဖြင့် ငြိမ်းကြီးငြိမ်းလေပြီးသော ရဟန္တာသည်။ ဥစ္ဆိန္နော၊ အလုံးစုံ ကုန်ပျောက် အဘယ်တခုမျှကျန် ပြတ်တောက်၍ သွားသလော။ ဝါ၊ သွားသည်ဆိုတော်မူမည်လော၊ ဣတိ၊ ဤသို့ပရဝါဒီ ဆရာက ပြန်လှန်မေးပြန်သည်ရှိသော်။ ဧဝံ၊ ဤသို့မူကား။ နဝတ္တဗ္ဗေဧဝ၊ မဆိုသင့်သလျှင်ကတည်း၊ ဣတိ၊ဤသို့သကဝါဒီဆရာ ဖြေဆိုပြန်ရာဝယ်။ ရေ၊သူ့ကိုနိုင်လို မျက်နှာချိုသော ဒိုသကဝါဒီဆရာ။တံ၊အသင်သကဝါဒီ သခင်ကို။ ပဋိကမ္မံ၊ အစားပြန်၍နှိပ်အပ်သည်ကို။ အာဇာနာဟိ၊သိတော် မူဦးလော့။ကထံ၊အဘယ်လိုပြန်၍နှိပ်မည်နည်းဟုမူကား။ ရေ၊ဒိုသူ့အပြစ် သာထင်၍ မိမိအပြစ်ကို မမြင်သော အသျှင် သကဝါဒီဆရာ။ ဟဉ္စိ၊

အကယ်၍လျှင်။ ပရိနိဗ္ဗုတောပုဂ္ဂလော၊နိဗ္ဗာန်သောင်ကမ်း ထိုမှာဘက်သို့ လှမ်းရောက်သွားသောသူသည်။ အတ္ထမှိ၊မိမိရောက်ရာထိုမှာဘက်ကမ်း၌။ နတ္ထိ၊ ရောက်ပြီးသည့်နောက် မရှိခြင်းသို့ရောက်လေတော့၏။ ဣတိ၊ဤသို့။ ဝတ္တဗ္ဗော၊ဆိုသင့်ဆိုထိုက်သည်ဖြစ်ငြားအံ့။ ။အနုလောမထပနာ။ ။ရှေ၊ အိုသကာ ဒိသခင်။ တေန၊ ထိုပရိနိဗ္ဗာန် ပြုပြီးသည့်နောက် မရှိခြင်းသို့ ရောက်လေတော့သည်ဟူသောဝန်ခံခြင်းဖြင့်ပင်။ဝါ၊အချို့အားဖြင့်မရှိခြင်း အလုံးစုံအားဖြင့်မရှိခြင်း နှစ်ပါးနှင့်ဆက်သံ၍ မေးအပ်သော နတ္ထိဟူသော စကားကို အာမန္တာဟုဝန်ခံခြင်းဖြင့်ပင်။ ပရိနိဗ္ဗုတောပုဂ္ဂလော၊ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်သည်။ ဥစ္ဆိန္နော၊ ပြတ်စဲပျောက်ပျက် သွားလေပြီ။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗော၀တ၊စင်စစ်ဆိုရာမရောက်ခဲ့ပါလော။ ။အနုလောမပါပနာ။ ။အထ၊ ထိုသို့ဖြစ်ပါလျက်၊ တတ္ထ၊ ထိုပရိနိဗ္ဗုတပုဂ္ဂိုလ် ထိုနိဗ္ဗာန်၌မရှိဆိုသဖြင့် အလုံးစုံပျောက်ပျက်၍ သွားလေသည်ဟု ဆိုရာရောက်သည် အချက်၌။ ပရိနိဗ္ဗုတောပုဂ္ဂလော၊ နိဗ္ဗာန်ရောက်သွားသော ရဟန္တာ သခင်သည်။ အတ္ထမှိ၊နိဗ္ဗာန်အောင်ချာမြို့ခမာ၌။နတ္ထိ၊နိဗ္ဗာန်မြို့ကြီးရောက်ပြီးသည့်နောက် မရှိခြင်းသို့ ရောက်လေတော့၏။ ဣတိ၊ဤသို့မှုကား၊ ဝတ္တဗ္ဗော၊ ဆိုသင့်၏၊ ပရိနိဗ္ဗုတောပုဂ္ဂလော၊ မြို့ကြီးခမာ နိဗ္ဗုတာသို့ ရောက်လေ ပြီးသော အသျှင်သည်။ ဥစ္ဆိန္နော၊ အလျှင်းပြတ်တောက် မြို့ကြီးထဲ၌ ပျောက်ကြီး ပျောက်လေပြီ၊ ဣတိ၊ဤသို့မှုကား။ နောဝတ္တဗ္ဗော၊ မဆိုသင့်။ ဣတိ၊ဤသို့။ ယံဝစနံ၊ အကြင်ဝန်ခံပြီးသည့်နောက် ပယ်ရာရောက်ပြန်သောစကားကို။ ဝဒေသိ၊အသင်သကာ ဒိဆရာဆိုပြန်ခဲ့၏။တံဝစနံ၊ထိုစကားသည်။ မိစ္ဆာ၊ အမှားမဟုတ်ပါလော။ ။အနုလောမရောပနာ၊ ။ပန၊ယင်းသို့မဟုတ်။ ပရိနိဗ္ဗုတောပုဂ္ဂလောဥစ္ဆိန္နောတိ၊ ဥစ္ဆိန္နော ဟူသောစကားကို။ နောစေ ဝတ္တဗ္ဗော၊ အကယ်၍ မဆိုလိုသည် ဖြစ်ငြားအံ့။ ။ထပနာ။ ။ရှေ၊ အို ရှေ့စကား နောက်စကား တသားဘည်းနေအောင်မဆိုမိဘဲ ဆိုချင် မက်မော ဆိုအားသဲသော အသျှင်သကာ ဒိဆရာ၊တေန၊ ထိုသို့ ပရိနိဗ္ဗုတ ပုဂ္ဂလ၏ ဥစ္ဆိန္နဖြစ်၍ သွားသည်ဟု မဆိုလိုသော အားဖြင့် ပင်လျှင်။ ပရိနိဗ္ဗုတောပုဂ္ဂလော နတ္ထတ္ထမှိတိ၊ နတ္ထတ္ထမှိဟူသော စကားကိုလည်း။ နောစဝတ္တဗ္ဗော၀တ၊စင်စစ်မဆိုံ့စရာကောင်းပါသည်မဟုတ်တုံလော။ ။ ပါပနာ။ ။အထ၊ထိုသို့ဖြစ်လျက်၊ တတ္ထ၊ ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်ဥစ္ဆိန္နဖြစ်၍ သွား၏ဟုမဆိုလိုသဖြင့်ပင် ထိုပရိနိဗ္ဗုတပုဂ္ဂိုလ် ထိုနိဗ္ဗာန်၌မရှိဟူသော

စကားကိုလည်း မဆိုလိုရာရောက်သောအချက်၌ပင်လျှင်။ ပရိနိဗ္ဗုတော ပုဂ္ဂလောနတ္ထတ္ထိမှိတိ၊နတ္ထတ္ထိမှိဟူသောစကားကိုကား။ ဝတ္တဗ္ဗော၊ဆိုသင့်၏။ ပရိနိဗ္ဗုတောပုဂ္ဂလော ဥစ္ဆိန္နောတိ၊ ဥစ္ဆိန္နောဟူသော စကားကိုမူကား။ နောဝတ္တဗ္ဗော၊ မဆိုသင့်။ ဣတိ၊ဤသို့။ ယံဝစနံ၊အကြင် ရှေ့နောက်နှစ်ရပ် မစပ်သောစကားကို။ဝါ၊ဟုတ်ဘူးဟုတ်ကဲ့ ရှေ့နောက်မတွဲ့သော စကားကို။ ဝဒေသိ၊အသျှင်သကဝါဒီဆိုတော်မူဘိ၏။ တံဝစနံ၊ ထိုဟုတ်ကဲ့ဟုတ်ဘူး အလုံးလုံးဆိုအပ်သော အသျှင်စကားသည်။ မိစ္ဆာ၊ မမှားတန်ဘဲမှားအား သဲသောစကားမဟုတ်ပါလော။ ။ပဋိလောမဋ္ဌာပနာ။ ။

အဓိပ္ပါယ်ကား။ ပရိနိဗ္ဗုတပုဂ္ဂိုလ် ခန္ဓာကိုယ်ကြီးနှင့်တကွ နိဗ္ဗာန်၌မရှိသော်လည်း။ ဂမ္ဘီရအပ္ပမေယျ ဒုပ္ပရိယောဂါဟ ဖြစ်၍နေသော အနက်သဘောတရရှိသည့် အခြင်းအရာဖြင့်။ သဠာယတန သံယုတ်ပါဠိတော်စသည်တို့၌လာသည့်အတိုင်းရှိသင့်သည်ကိုရည်၍၊ ရှိ၏ဟုဆိုစေလိုသော နှလုံးထားဖြင့်။ ပရိနိဗ္ဗုတောပုဂ္ဂလော နတ္ထတ္ထိမှိ ဟု ပရဝါဒီက မေးဆိုရာ။ ထိုပရိနိဗ္ဗုတပုဂ္ဂလ၏ ရုပ်နာမ်ခန္ဓာနှင့်တကွ ထိုနိဗ္ဗာန်၌မရှိသည်ကိုရည်၍ သန္ဓာယဘာသိတစကားဖြင့်။ အာမန္တာဟု သကဝါဒီဆရာ ပဋိဇာနနာပြုရာဝယ်၊ ပရဝါဒီပုဂ္ဂိုလ်က ထိုသကဝါဒီ၏သန္ဓာယဘာသိတစကားကို မိမိနှလုံး၌ သိထားမိရိပ်မိသော်လည်း။ ထိုသကဝါဒီအဆိုနှုတ်ထွက်စကားမျှကိုဘမ်း၍ နှိပ်စားနှိပ်ခြင်း ပဋိက္ကမကို ပြုလိုသောကြောင့်။ ပရိနိဗ္ဗုတောပုဂ္ဂလောဥစ္ဆိန္နောတိ ဟု ပရဝါဒီဆရာမေးပြန်ရာဝယ်၊ ယင်းသို့ပရိနိဗ္ဗုတပုဂ္ဂလ၏ဥစ္ဆိန္နဖြစ်သည်ဆိုလို၍၊အာမန္တာဟုငါဝန်ခံသည်မဟုတ်၊ ရုပ်နာမ်ခန္ဓာကိုယ်ကြီးနှင့်တကွ မရှိသည်ကိုသာရည်၍ ငါဝန်ခံပါသည်ဟူသော နှလုံး ထားဖြင့်။ နဟေဝံ ဝတ္တဗ္ဗေ ဟု သကဝါဒီဆရာ မိန့်ဆိုရာတွင်။ ယင်းသကဝါဒီဆရာ၏ သန္ဓာယဘာသိတနှလုံးထားကို ရိပ်မိသော်လည်း။ ထိုသကဝါဒီနှုတ်ထွက်စကားမျှကိုဘမ်း၍၊အာဇာနာဟိပဋိက္ကမံ ဟု ပရဝါဒီဆရာမိန့်ဆိုပြီးလျှင်။ ထိုမိမိနှိပ်စားပြန်၍ နှိုင်ပုံကိုပြလိုရကား။ ။ဟဉ္စိ ဝတ္တဗ္ဗေ ခေါ ပရိနိဗ္ဗုတော ပုဂ္ဂလော နတ္ထတ္ထိမှိတိ၊ နောဝတရေ ဝတ္တဗ္ဗေ ပရိနိဗ္ဗုတောပုဂ္ဂလောဥစ္ဆိန္နောတိ အစရှိသောစကားကို မိန့်သတည်း။ ။

ထို၏အဓိပ္ပါယ်ကား။ ဒိုသကဝါဒီဆရာ ပရိနိဗ္ဗုတပုဂ္ဂလ၏နိဗ္ဗာန်၌ နတ္ထိဘာဝကို ဆရာဝန်ခံတော်မူ၏၊ ။အနုလောမထပနာ။ ။ထိုသို့ဝန်ခံခဲ့သော် ထိုစကားဖြင့်ပင် ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်ကား ဥစ္ဆိန္နဖြစ်၍သွားသည်

ဆိုရာမရောက်ပါလော။ ။အနုလောမပါပနာ။ ။ထိုသို့ဖြစ်လျှက် ပရိနိဗ္ဗုတ ပုဂ္ဂလ၏နိဗ္ဗာန်၌နတ္ထိဘာဝကိုသာဆိုသင့်သည်၊ ဥစ္ဆိန္နဘာဝကိုကား မဆို သင့်ဟုဆိုပြန်သော အသင်သကဝါဒီဆရာအား၊ ပုဗ္ဗာပရဝိရောဓိဒေါသ အားဖြင့် အမှားကြီးတခု မဟုတ်ပါလော။ ။အနုလောမရောပနာ။ ။ ယင်းသို့မဟုတ်၊အကယ်၍ပရိနိဗ္ဗုတပုဂ္ဂလ၏ ဥစ္ဆိန္နဘာဝကိုမဆိုလိုသည် ဖြစ်ငြားအံ့။ ။ပဋိလောမထပနာ။ ။ထိုသို့ မဆိုလိုခဲ့လျှင် ပရိနိဗ္ဗုတ ပုဂ္ဂလ၏နတ္ထိဘာဝကိုလည်း မဆိုလိုရာမရောက်ပြီလော။ ။ပဋိလောမ ပါပနာ။ ။ထိုသို့ဖြစ်ပါလျှက် ပရိနိဗ္ဗုတပုဂ္ဂလ၏ ဥစ္ဆိန္နဘာဝကိုကား မဆိုလို၊ထိုပုဂ္ဂိုလ်၏နတ္ထိဘာဝကိုကားဆိုလိုသော အသျှင်သကဝါဒီဆရာ စကားအမှားကြီးမဟုတ်ပါလော။ ။ပရဝါဒီပဋိလောမရောပနာ။ ။ဤပရဝါဒီ ပက္ခ၌ အနုလောမပါပနာ၊အနုလောမရောပနာ၊ပဋိလောမပါပနာ၊ ပဋိလောမ ရောပနာ၊ဤလေးချက်ကိုရည်၍ ပဋိက္ကမစတုက္ကအမည်တပ်သတည်း။ ။ အနုလောမထပနာ, ပဋိလောမထပနာ, နှစ်ချက်မူကား အစားနှိုပ်လို၍ တိုင်ဆိုကာမျှသာ ဖြစ်သဖြင့်၊ တကယ်ပြန်နှိပ်သောစကား မဟုတ်သေး သောကြောင့်၊ ပဋိက္ကမအတွင်း မသွင်းအပ်သတည်း၊ ။နှိပ်လို၍စကား တိုင်ထားရုံမျှ နှင့်ပင် ပြန်နှိပ်သည်ဟု မဆိုလောက်ပေသေး ဟူလို သတတ်။ ။ဤသကဝါဒီ ပရဝါဒီ ပုဂ္ဂိုလ်နှစ်ပါးတို့၏ အချင်းချင်းမေးပုံ ဖြေပုံဘို့ကိုပြခြင်းသည်၊ပရိနိဗ္ဗုတပုဂ္ဂလ၏ နိဗ္ဗာန်တွင်း၌ရုပ်နာမ်ခန္ဓာနှင့် တကွ သဿဘာဖြစ်၍ရှိနေသည်ဟူ၍လည်းမဆိုသင့်၊ အဘယ်ဘဝုံတရာ ဝဋ္ဋိ၍ အပ္ပမေယျ သဘာဝတခုမျှမကျန် အလုံးစုံ အစဉ် သန္တာန် ကွယ် ပျောက် ဥစ္ဆိန္နအဖြစ်သို့ ရောက်လေတော့သည် ဟူ၍လည်း မဆိုသင့်။ ဤသို့သောစကားသည် သကဝါဒီပရဝါဒီနှစ်ပါးလုံး သဘောတူစကားပင် တည်းဟု သူအများအထင်အရှားသိရခြင်းအကျိုးရှိသတည်း။ ။ယင်းသို့ သောအကျိုးကိုရည်၍ ဤသကဝါဒီပရဝါဒီပုစ္ဆာဝိဿဇ္ဇနာဖြစ်ကြပုံတို့ကို အသျှင်မောဂ္ဂလိပုတ္တတိဿမထေရ် ဟောပြတော် မူသည်ဟူ၍ မှတ် အပ်၏။ ။ဤကထာဝတ္ထု ပါဠိတော်သည်ကား ပကတိအခြားအခြား နေရာဘို့၌ပင် အလွန်နက်နဲခက် ရှုပ်ထွေး ရှိတတ်သည်ချည်း ဖြစ်၍၊ ဤပရိနိဗ္ဗုတကထာ၌မူ ဆိုဘွယ်မရှိ အလွန်နက်နဲ ခဲခက် ရှုပ်ထွေးစရာ စာသင်ငယ်ဘို့အလွန်မသိနိုင်စရာဖြစ်သော်လည်း၊ အခြေခံပြီးဉာဏ်ကြီး ကြပြီးသော စာသင်သားကြီးတို့ ဤကထာဝတ္ထု ပါဠိတော်။ ပုဂ္ဂလော

ဥပလက္ခဏတိ သင်္ဂြိုဟ်ကမ္မပရမတ္ထဒီပနာတိ အစရှိသောအရာတို့၌လည်း နည်းယူနိုင်ကြစေရန်၊ ဤပရိနိဗ္ဗုတကထာအရာ၌လည်း အထူးသဘောကျကြစေရန် အကျယ်ဝေဘန် ထုတ်ဆောင် လိုက်သတည်း။ ယင်းအကျယ်အရာကို မလိုက်နိုင် နားမလည်နိုင်သော ပုဂ္ဂိုလ်တို့မှာ။ ယခင်အကျဉ်းမျှကိုသာ နာနာကြည့်ရှုမှတ်သားအားထုတ်ကြစေကုန်သတည်း။ ။ထပနာဟူရာ၌ အဖြစ်ဘင်လို၍တိုင်တန်တိုင်ထားသည်ဆိုလိုသတည်း။ ။ပါပနာဟူရာ၌ တိုက်ရိုက်မဆိုသော်လည်း ဆိုရာစကားကျ အဓိပ္ပါယ်ရောက်သည်ဆိုလိုသည်။ ။ရောပနာဟူရာ၌တဘက်သားကိုနှိပ်လို၍အဖြစ်ရှာတင်သည်ဆိုလိုသည်။ ။ဤကား ကထာဝတ္ထုအဋ္ဌကထာ၌လာသောအကျယ်စကားကိုအကျဉ်းအမြွက်မျှဆိုထားအပ်သည့်စကားချပ်။ ။

ဤဆိုလတ္တံ့သည်ကား အောက်၌ဆိုအပ်ခဲ့ပြီးသောနိဗ္ဗာန်ရောက်သွားကြသူ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ အလုံးစုံ ပြတ်တောက် ဥစ္ဆိန္န အဖြစ်သို့မရောက်၊ ဂန္ထိရအပ္ပမေယျသဘောအားဖြင့်ဖြစ်၍ နိဗ္ဗာန်၌တည်နေကြသော အဖြစ်ကို ပြဆိုရာပြဆိုကြောင်းဖြစ်သော သဋ္ဌာယတနသံယုတ်ပါဠိတော် အဋ္ဌကထာဋီကာ၊မဇ္ဈိမပဏ္ဏာသပါဠိတော်အဋ္ဌကထာဋီကာ၊နေတ္တိပါဠိတော် အဋ္ဌကထာ၊ ကထာဝတ္ထုပါဠိတော် အဋ္ဌကထာစသည်တို့နှင့် အညီမညွတ် သံသန္ဒနဖြစ်၍။ အဓိပ္ပါယ တပြေးတည်းလာသော ဇာတိဝုတ် ပါဠိတော် အဋ္ဌကထာ၊ စူဠနိဒ္ဒေသ ပါဠိတော် အဋ္ဌကထာ၊ သဠာယတန သံယုတ် ယမကသုတ်ပါဠိတော်စသည်တို့တည်း။ ။

နသောပမာတာမေတိဘိဇ္ဇိဝံဘူတောသောအရဟာဘဝ်နံပမာဏာခုဟာမွှာနံအဝ္တနှမေဝအဋ္ဌဂ်ဘတ္တာအဋ္ဌဂ်တော။ တတောဇ္ဇဝသီလာဒိမွေကွန္တပါရိပူရိယာစ ဇဒီသော သီလေန သမာဓိနာ ပညာသာတိ ကေနစိ ပမိဏိတုံ အသက္ကုဏောယျတ္တာပမာဏံနဇ္ဇတိ။အထဝါ အနုပါဒိသေသနိဗ္ဗာနသခ်ါတံ အတ္တံဂတော သောအရဟာ ဇာမာယနာမဂတိယာ ဌိတော ဇဒီသောနာမ ဂေါတ္တေနာတိပမိဏိတုံ အသက္ကုဏောယျတ္တာ ပမာဏံ နဇ္ဇတိနဥပဂစ္ဆတိ။ တကောဇ္ဇေအမောဟယိမဓ္ဓုရာဇ၊ တေနအနုဇ္ဇဗ္ဗတုံအသက္ကုဏောယျာတိ ဝဒါမီတိ။ ။ဇာတိဝုတ်အဋ္ဌကထာ။

နသောပမာဏမေတိတိ၊ဟူသောပါဠိတော်၌။ဇ္ဇိဝံဘူတော၊ဤသို့ပရိနိဗ္ဗာန်ပြုသောအားဖြင့်ဖြစ်၍ဖြစ်သော။သောအရဟာ၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ ပမာဏာခုဟာမွှာနံ၊ နှိုင်းရှည့်ခြင်း၌ ထိုက်သော သဘောရှိကုန်သော။

ဘာဝါနံ၊ဘာဝသုံးပါးတို့၏။ အစ္စန္တမေဝ၊ စင်စစ်သာလျှင်၊ အတ္ထင်္ဂတတ္တာ၊
ချုပ်ခြင်းသို့ရောက်သောကြောင့်၊အတ္ထင်္ဂတော၊ အတ္ထင်္ဂတမည်၏။ တတော
ဧဝ၊ထိုသို့နှိုင်းချင့်ထိုက်သောဘာဝခန္ဓာတို့၏ချုပ်လေခြင်းကြောင့်သာလျှင်။
သီလာဒိခန္ဓတ္တယပါရိပူရိယာစ၊သီလအစရှိသောခန္ဓာတို့ကိုပြည့်ကျင့်ရာ၌
လည်း။သီလေန၊သီလအားဖြင့်။သမာဓိနာ၊သမာဓိအားဖြင့်၊ပညာယ၊ ပညာ
အားဖြင့်။ ဧဒိသော၊ ဤသူကဲ့သို့သဘောရှိ၏။ဇာတိ၊ ဤသို့။ကေနစိ၊ တစုံ
တယောက်သောခန္ဓာရှိသူနှင့်။ပမိဏိတုံ၊ နှိုင်းချင့်ခြင်းငှါ။ အသက္ကုဏေ
ယျတ္တာ၊ မတတ်နိုင်စကောင်းသောကြောင့်။ပမာဏံ၊ နှိုင်းချင့်အပ်သည်၏
အဖြစ်သို့။နဧတိ၊မရောက်။အထဝါ၊တနည်းကား။အနုပါဒိသေသနိဗ္ဗာနသင်္ခါ
တံ၊ အနုပါဒိသေသနိဗ္ဗာန်ဟု ဆိုအပ်သော၊ အတ္ထံ၊ နိဗ္ဗာန်သို့၊ ဂတော၊
သွားရောက်လေသော။သောအရဟာ၊ထိုရဟန္တာ ပုဂ္ဂိုလ်သည်။ ဣမာယ
နာမဂတိယာ၊ဤမည်သောဂတိ၌။ဌိတော၊တည်၏။ဂေါတ္တေန၊အမျိုးအနွယ်
အားဖြင့်။ဧဒိသောနာမ၊ ဤအမည်ရှိသော သူနှင့်တူ၏။ဝါ၊ ဤသို့သဘောရှိ
သည်မည်၏။ဇာတိ၊ဤသို့။ပမိဏိတုံ၊နှိုင်းချင့်ခြင်းငှါ။ အသက္ကုဏေယျတ္တာ၊
မတတ်စကောင်းသောကြောင့်။ပမာဏံ၊ နှိုင်းချင့်အပ်သည်၏ အဖြစ်သို့။
နဧတိ နဥပဂစ္ဆတိ၊ မရောက်။ တတောဧဝ၊ထိုသို့ အမျိုးအနွယ်အားဖြင့်
နှိုင်းချင့်ထောက်ဆစရာ မရှိသောကြောင့်သာလျှင်။မစ္စုရာဇံ၊ အဘယ်တုံ
မလပ် လူကိုလိုက်၍သတ်တတ်သော သျှင်သေမင်းကို။ အမောဟယိ၊ရှာ၍
မတွေ့ မေ့ကြီးမေ့စေနိုင်၏။ တေန၊ ထိုသျှင်သေမင်းသည်။ သော၊ထိုနိဗ္ဗာန်
ရွှန်းစံမြန်း၍နေသော ရဟန္တာ အသျှင်ကို။အနုဗန္ဓိတုံ၊ လိုက်၍ဘမ်းခြင်း
ငှါ။အသက္ကုဏေယျော၊မတတ်နိုင်။ဇာတိ၊ဤသို့။ဝဒါမိ၊ ငါဘုရားဟောတော်
မူ၏။ဇာတိ၊ဤကားအနက်။ ။

၎င်းအဋ္ဌကထာတို့၌ ပရိနိဗ္ဗာန်ပြုပြီးနောက် အဘာဝ.သို့ရောက်၍ သွား
သည်မှန်လျှင်။ ဤသို့သော-နသော ပမာဏမေတိ စသည်ဖြင့် အကျယ်
စကားများဘွယ်မရှိရကား။ယင်းနိဗ္ဗာန်ရောက်သွားသောသူသည် ထိုနိဗ္ဗာန်
၌အပ္ပမေယျဖြစ်၍ တည်နေသည်ဟူ၍လာသော ဤဇာတိဝတ်ပါဠိတော်အဋ္ဌ
ကထာတို့ဖြင့်လည်း။ နိဗ္ဗာန်ရောက်သွားသူတို့ အဘာဝတ္တ အဖြစ်သို့
မရောက်ဟူသောအနက်၊ထိုနိဗ္ဗာန်၌ အပ္ပမေယျဂုဏ်နှင့်ပြည့်စုံစွာ ငြိမ်းအေး
ချမ်းသာစွာတည်နေရသည်ဟူသောအနက် အလွန်ထင်ရှားသည်သာဖြစ်၏။ ။
ထိုကြောင့် အမျိုး အနွယ် သီလ သမာဓိ သုံးခုသမ္ပတ္တိစသော အရာတို့ဖြင့်

အဘယ်တရုံတယောက်သူတို့နှင့်မနိုင်းကောင်းစရာ လွန်စွာသိမ်မွေ့နက်နဲ ထူးကဲ့ဆန်းပြားသောဝိဏာသဝသခင် ဘေးပေါင်းကင်းစင် ရန်မျိုးကြဉ် သောပရိနိဗ္ဗုတအသျှင်မြတ်၏ အဖြစ်သို့ လျှင်မြန်စွာရောက်၍ ဘေးတကာ ကုန်ပျောက်ရာ နိဗ္ဗုတာသောင်ကမ်း ခေမာနန်း၌ဆောလျှင်စွာစံမြန်းကြရ အောင် နီဝရဏ ခြောက်မျိုး လှိုင်းရေဆိုးတို့ကို တိုက်ချိုးပယ်လှဲလျက် ငါပါးကာမဂုဏ်အာရုံဝဲကြမ်း ဥပါဒါန် ငါးမကန်းတို့ကို လွန်စွမ်းနိုင်ကြစေ ခြင်းငှါ။ သမ္မာဒိဋ္ဌိ စရိမဂ္ဂင် ဘောင်တော်ကြီးကို မြန်မြန်ကြီးနှင်နိုင်ကြစေ ကုန်သတည်း။ ။

ရှေ့အောက်ကထုတ်ပြအပ်ပြီးသော နေတ္တိပါဠိတော်ဝယ်၊ ရူပသဉ်ယေ ဝိမုတ္တောခေါ တထာဂတော အတ္ထိတိပိ နဥပေတိ နတ္ထိတိပိ နဥပေတိ ဟူ သောပါဌ်။မဇ္ဈိမပဏ္ဏာသပါဠိတော်ဝယ်၊ ရူပသင်္ခါယဝိမုတ္တောခေါဝစ္ဆ။ပ။ ဥပပဇ္ဇတိတိနဥပေတိ နုပပဇ္ဇတိတိပိနဥပေတိ ဟူသောပါဌ်။ သဠာယတန သံယုတ်ပါဠိတော်ဝယ်၊ရူပသင်္ခါယဝိမုတ္တောခေါမဟာရာဇတထာဂတော ဂမ္ဘီရောအပ္ပမေယျောဒုပ္ပရိယောဂါဟော စသောပါဌ်။ ။အတ္တဂ်တသ နပမာဏမတ္ထိတိ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတဿ ရူပ ပမာဏံနတ္ထိ။ဝေဒနာ ပမာဏံ နတ္ထိ စသည်ဖြင့် လာသော ဗုဒ္ဓနိဒ္ဒေသ ပါဠိတော်။ ။နသောပမာဏမေတီတိအနုပါဒိသေသနိဗ္ဗာနသင်္ခါတံအတ္ထံ ဂတောသောအရဟာရူပမာယနာ၊မဂတိယာဌိတော ဖေဒိသော နာမငေါတ္တေ နာတိ ပမိဏိတုံအသက္ကုဏေယျတ္တာ ပမာဏံ နဇေတိနဥပဂစ္ဆတိ စသော ဤဋ္ဌကထာ။ ။ဤသို့လာသော ပါဠိတော် အဋ္ဌကထာတို့သည် အညမည သံသန္ဒနဖြစ်၍ နိဗ္ဗာန်ရောက်သူတို့ အလုံးစုံပျောက်၍ ပြတ်၍ မသွားသည်ကိုပြတော်မူသောပါဌ်ပါဠိချည်းတည်း။မဇ္ဈိမပဏ္ဏာသပါဠိတော် ၌ကား သဠာယတန သံယုတ် ပါဠိတော်၌ကဲ့သို့ ပရမ္မရဏာဟု မလာ။ သက်သက်ဥပပဇ္ဇတိဟူ၍လာသောကြောင့်။ ရူပသင်္ခါယဝိမုတ္တောတထာ ဂတောကတ္တားကိုလည်း ဥပပဇ္ဇတိစသော ဂုဏ်ပုဒ်တို့၌သာ စပ်အပ်သည် ဖြစ်၍ဂုဏ်ပုဒ်၏အရကို ပရိနိဗ္ဗာန်မပြုသေးခင်ရဟန္တာကိုမယူသင့်။ပရိနိဗ္ဗာန် ပြုပြီးသော နိဗ္ဗာန်၌ လွတ်၍နေသောရဟန္တာအသျှင်ကိုသာ ယူအပ်သော အနက်၏ အလွန်ထင်ရှားရကား။ယခင်သဠာယတနသံယုတ်လာ ရူပသင်္ခါ ဝိမုတ္တအရကိုလည်း ဤမဇ္ဈိမပဏ္ဏာသပါဠိတော်အတိုင်းသာလျှင်ဟု ဧကန္တ သိကြမှတ်ကြစေကုန်သတည်း။

အစ္စိယထာ ဝါတဝေဂေန ခိတ္တာ၊ ဥပသိဝါတိ ဘဂဝါ၊ အတ္ထံ ပလေတိ နဥပေတိ သင်္ခံ။ ။အတ္ထင်္ဂတော သော ဥဒဝါ နတ္ထိ၊ ဥဒါဟု ဝေ သဿတိယာ အရောဂေါ။ တံ မေ မုနိ သာဓု ဝိယာကရောဟိ၊ တထာ ဟိ တေ ဝိဒိတော ဧသ ဓမ္မောတိ။ ။အတ္ထင်္ဂတော သော ဥဒဝါ နတ္ထီတိ အတ္ထင်္ဂတော သော နတ္ထိ သော နိရုဒ္ဓေါ ဥစ္ဆိန္နော ဝိနဋ္ဌောတိ အတ္ထင်္ဂတော သော ဥဒဝါ နတ္ထီတိ။ ဥဒါဟု ဝေ သဿတိယာ အရောဂေါတိ ဥဒါဟု နိစ္စော ဓုဝေါ သဿတော အဝိပရိဏာမဓမ္မော သဿတိသမံ တထေဝ တိဋ္ဌေယျာတိ ဥဒါဟု ဝေ သဿတိယာ အရောဂေါ။ တံ မေ မုနိ သာဓု ဝိယာကရောဟီတိ တံ ယံ ပုစ္ဆာမိ ယံ ယာစာမိ ယံ အဇ္ဈေသာမိ ယံ ပသာဒေမိ၊ မုနီတိ မောနံ ဝုစ္စတိ ဉာဏံ။ပ။ တေနာဟ သော ဗြာဟ္မဏော။ ။အတ္ထင်္ဂတော သော ဥဒဝါ နတ္ထိ၊ ဥဒါဟု ဝေ သဿတိယာ အရောဂေါ။ တံ မေ မုနိ သာဓု ဝိယာကရောဟိ၊ တထာ ဟိ တေ ဝိဒိတော ဧသ ဓမ္မောတိ။ ။အတ္ထင်္ဂတဿ န ပမာဏမတ္ထိ၊ ဥပသိဝါတိ ဘဂဝါ။ ယေန နံ ဝဇ္ဇုံ တံ တဿ နတ္ထိ၊ သဗ္ဗေသု ဓမ္မေသု သမူဟတေသု၊ သမူဟတာ ဝါဒပထာပိ သဗ္ဗေ။ ။အတ္ထင်္ဂတဿ န ပမာဏမတ္ထီတိ အတ္ထင်္ဂတဿ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတဿ ရူပပမာဏံ နတ္ထိ ဝေဒနာပမာဏံ နတ္ထိ သညာပမာဏံ နတ္ထိ သင်္ခါရပမာဏံ နတ္ထိ ဝိညာဏပမာဏံ နတ္ထိ၊ နတ္ထိ န သန္တိ န သံဝိဇ္ဇန္တိ နုပလဗ္ဘန္တိ ပဟီနံ သမုစ္ဆိန္နံ ဝူပသန္တံ ပဋိပဿဒ္ဓံ အဘဗ္ဗုပ္ပတ္တိကံ ဉာဏဂ္ဂိနာ ဒဍ္ဎန္တိ အတ္ထင်္ဂတဿ န ပမာဏမတ္ထိ ဥပသိဝါတိ ဘဂဝါ။ ယေန နံ ဝဇ္ဇုံ တံ တဿ နတ္ထီတိ ယေန ရာဂေန ဝဒေယျုံ ယေန ဒေါသေန ဝဒေယျုံ ယေန မောဟေန ဝဒေယျုံ ယေန မာနေန ဝဒေယျုံ ယာယ ဒိဋ္ဌိယာ ဝဒေယျုံ ယာယ ဝိစိကိစ္ဆာယ ဝဒေယျုံ ယေဟိ အနုသယေဟိ ဝဒေယျုံ ရတ္တောတိ ဝါ ဒုဋ္ဌောတိ ဝါ မူဠှောတိ ဝါ ဝိနိဗဒ္ဓေါတိ ဝါ ပရာမဋ္ဌောတိ ဝါ ဝိက္ခေပဂတောတိ ဝါ အနိဋ္ဌင်္ဂတောတိ ဝါ ထာမဂတောတိ ဝါ။ တေသံ အဘိသင်္ခါရာနံ ပဟီနတ္တာ ဂတိယာ ယေန ဝဒေယျုံ နေရယိကောတိ ဝါ တိရစ္ဆာနယောနိကောတိ ဝါ ပေတ္တိဝိသယိကောတိ ဝါ မနုဿောတိ ဝါ ဒေဝေါတိ ဝါ ရူပီတိ ဝါ အရူပီတိ ဝါ သညီတိ ဝါ အသညီတိ ဝါ နေဝသညီနာသညီတိ ဝါ သော ဟေတု နတ္ထိ ပစ္စယော နတ္ထိ ကာရဏံ နတ္ထိ ယေန ဝဒေယျုံ ကထေယျုံ ဘဏေယျုံ ဒီပေယျုံ ဝေါဟရေယျုန္တိ ယေန နံ ဝဇ္ဇုံ တံ တဿ နတ္ထိ။ သဗ္ဗေသု ဓမ္မေသု သမူဟတေသူတိ သဗ္ဗေသု ဓမ္မေသု သဗ္ဗေသု ခန္ဓေသု သဗ္ဗေသု အာယတနေသု သဗ္ဗာသု ဓာတူသု သဗ္ဗာသု ဂတီသု သဗ္ဗာသု ဥပပတ္တီသု သဗ္ဗာ

သုပဋိသန္ဓီသု သဗ္ဗေသုဘာဝေသု သဗ္ဗေသုသံသာရေသု သဗ္ဗေသု ဝဋ္ဋေသု
ဥပဟတေသုသမုဟတေသုဥဒ္ဓတေသု သုဥဒ္ဓတေသု ဥပ္ပါဋိတေသု သမုပ္ပါဋိ
တေသု ပဟီနေသု သမုစ္ဆိန္နေသု ဝူပသန္တေသု ပဋိပဿဒ္ဓေသု အဘဗ္ဗုပ္ပတ္တိ
ကေသု ဉာဏဂ္ဂိနာ ဒဍ္ဎေသူတိ သဗ္ဗေသု သမုဟတေသု။ သမုဟတာဝါ
ဒသဓာပိသဗ္ဗေတိ ဒသဓာ ဝုတ္တန္တိ ကိလေသာစ ခန္ဓာစ အဘိသင်္ခါရာစ။
တဿဝါဒါစ ဝါဒပထာစ အဓိဝစနာစ အဓိဝစနပထာစ နိရုတ္တိစ နိရုတ္တိ
ပထာစပညတ္တိစပညတ္တိပထာစ သမုဟတာဥဒ္ဓတာဥပ္ပါဋိတာသမုပ္ပါဋိတာ
ပဟီနာသမုစ္ဆိန္နာဝူပသန္တာပဋိပဿဒ္ဓါအဘဗ္ဗုပ္ပတ္တိကာဉာဏဂ္ဂိနာဒဍ္ဎာတိ
သမုဟတာဝါ ဒသဓာပိ သဗ္ဗေတိ။ တေနာဟ ဘဂဝါ။ ။အတ္ထင်္ဂတဿ
နပမာဏမတ္ထိ၊ ဥပသိဝါတိ ဘဂဝါ။ယေန နံ ဝဇ္ဇုံ တံ တဿ နတ္ထိ၊ သဗ္ဗေသု
ဓမ္မေသု သမုဟတေသု၊သမုဟတာဝါ ဒသဓာပိ သဗ္ဗေတိ။ ။စူဠနိဒ္ဒေသ
ပါဠိတော်။ ၁။အတ္ထံပလေတိနဥပေတိသင်္ချံ အတ္ထံပလေတီတိ အနုပါဒိ
သေသာယနိဗ္ဗာနဓာတုယာပနပရိနိဗ္ဗာယနတ္ထံ၊ နဥပေတိသင်္ချံ အနုပါဒိ
သေသာယနိဗ္ဗာနဓာတုယာပရိနိဗ္ဗုတဿသင်္ချံ နဥပေတိ ဥဒ္ဒေသံနဥပေတိ
ဂဏံ နဥပေတိ ပဏ္ဏတ္တိံ နဥပေတိ ခတ္တိယောတိဝါ ဗြာဟ္မဏောတိဝါ
ဝေဿာတိဝါ သုဒ္ဒေါတိဝါ ဂဟဋ္ဌောတိဝါ ပဗ္ဗဇိတောတိဝါ ဒေဝေါတိဝါ
မနုဿောတိဝါ ရူပီတိဝါ အရူပီတိဝါ သညီတိဝါ အသညီတိဝါ နေဝသညီ
နာသညီတိဝါ သောဟေတုနတ္ထိ ပစ္စယောနတ္ထိ ကာရဏံနတ္ထိ ယေနသင်္ချံ
ဂစ္ဆေယျာတိ အတ္ထံပလေတိ နဥပေတိသင်္ချံ။ ။စူဠနိဒ္ဒေသပါဠိတော်
ရင်းတည်း။ ။

အနက်ကား။ ။ဥပသိဝ၊ဥပသိဝမည်သောပုဏ္ဏား။ သော၊ထိုရဟန္တာ
ပုဂ္ဂိုလ်ဖြစ်ပြီးသည်နောက် ပရိနိဗ္ဗာန်ပြုခြင်းသို့ရောက်သောသူသည်။ ဝါတ
ဝေဂေန၊လေအဟုန်သည်။ခိတ္တာ၊ပစ်လွှင့်တိုက်ခတ်အပ်သော။အစ္စိယထာ၊
မီးလျှံကဲ့သို့။ အတ္ထံ၊ချုပ်ခြင်းသို့။ဝါ၊နိဗ္ဗာန်သို့၊ ပလေတိ၊ရောက်လေ၏။သင်္ချံ၊
ရုပ်နာမ်ခန္ဓာကို စွဲ၍ဖြစ်သော လူနတ်စသော ခေါ်ဝေါ်ပညတ်ခြင်းသို့။
နဥပေတိ၊မရောက်။ ဣတိ၊သို့။ ဘဂဝါ၊ငါဘုရားသည်။ အာဟ၊ဟောတော်
မူ၏၊ ဣတိ၊ သို့၊ ဝုတ္တေ၊ ဘုရားသျှင် မိန့်ကြားတော် မူအပ်သည်ရှိသော်။
ဥပသိဝေါ၊ဥပသိဝမည်သော။သော၊ဗြာဟ္မဏော၊ထိုပုဏ္ဏားသည်။ဘဂဝန္တံ၊
ဘုရားသျှင်ကို ဧဝံ၊ဤသို့။အဝေါစ၊နားတော်လျှောက်လေ၏။ ။အတ္ထင်္ဂတော၊
ချုပ်ခြင်းသို့ရောက်သော။ ဝါ၊ နိဗ္ဗာန်သို့ရောက်သော။ သော၊ ထိုပရိနိဗ္ဗုတ

ရဟန္တာသည်။ ဥဒဝါ၊စင်စစ်မူလည်း။ နတ္ထိ၊အစဉ်သန္တာန်ကွယ်ပျောက်
အလုံးစုံမရှိခြင်းသို့ရောက်သလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ သော၊ ထိုနိဗ္ဗာန်
ရောက်သွားသောရဟန္တာသည်။ဝေ၊စင်စစ်။ သဿတိယာ-သဿတဘာ
ဝေန၊ရုပ်နာမ်ခန္ဓာမပြိုမကွဲမြဲသောအဖြစ်ဖြင့်။ အရောဂေါ၊ ပျက်စီးခြင်းမရှိ
နေရဘိသလော။ ရုနိ၊မြတ်စွာဘုရား။ သာဓု၊အကျွန်ုပ်တောင်းပန်ပါ၏။ တံ၊
ထိုသို့သောအရာကို။ မေ၊အကျွန်ုပ်အား။ ဗိယာကရောဟိ၊ဟောကြားတော်
မူပါဘုရား။ ဟိ၊ လျှောက်ထားသင့်ပါ၏။ တေ၊ ကိုယ်တော်ဘုရားသည်။
တထာ၊ထိုသို့သောအခြင်းအရာအားဖြင့်။ ဧသဓမ္မော၊ ဤသို့သောသဘော
အရာကို၊ ဝိဒိတော၊ သိတော်မူအပ်ပါ၏။ ဣတိ၊ ဤသို့ ဥပသိဝပုဏ္ဏား
လျှောက်ထားရာဂါထာ၌။ အတ္ထင်္ဂတောသောဥဒဝါ နတ္ထိတိ၊ နတ္ထိဟူရာဝယ်။
အတ္ထင်္ဂတော၊နိဗ္ဗာန်သို့ရောက်လေသော။သော၊ထိုပရိနိဗ္ဗုတရဟန္တာသည်။
နတ္ထိ၊ နိဗ္ဗာန်၌မရှိသလော။ သော၊ ထိုနိဗ္ဗာန်ဝင်သွားသော ရဟန္တာသည်။
နိရုဒ္ဓေါ၊အစဉ်သန္တာန်ချုပ်၍သွားသလော။ ဥစ္ဆိန္နော၊ နောက်သံသရာက
လိုက်၍လာသော ပုဂ္ဂိုလ်အစဉ် ဤနိဗ္ဗာန်တွင်ပြတ်၍ သွားသလော၊ဝိနဋ္ဌော၊
နိဗ္ဗာန်ရောက်သည်နောက်အလုံးစုံကွယ်ပျောက်၍သွားသလော။ဣတိအတ္ထံ၊
ဤသို့မေးလျှောက်လိုသောအနက်ကို။ သန္ဓာယ၊ရည်ရွယ်၍။ အတ္ထင်္ဂတော
သောဥဒဝါနတ္ထိတိ၊နတ္ထိဟူသောစကားကို။အာဟ၊ဥပသိဝပုဏ္ဏား လျှောက်
ထားလေ၏။ ဥဒါဟု သဿတိယာ အရောဂေါတိ၊ အရောဂေါဟူရာဝယ်၊
ဥဒါဟု၊ ထိုသို့နိဗ္ဗာန်ရောက်သည့်နောက် ပျောက်၍သွားသည်မဆိုလိုသည့်
ရှိသော်။ သော၊ထိုနိဗ္ဗာန်ရောက်သွားသောသူသည်။ နိစ္စော၊ ရုပ်နာမ်ခန္ဓာ
မကွာမကွဲ ထိုနိဗ္ဗာန်၌အမြဲတည်သလော။ ဓုဝေါ၊ သံသရာမှအစဉ်တစိုက်
လိုက်၍လာသော ခန္ဓာအစဉ်ကိုမလွှတ် မချွတ်မယွင်း ရှိပါသေးသလော။
သဿတော၊ ဧဿဘာဝကအတ္တဟူသော အသက်ဝိညာဏ် ထိုနိဗ္ဗာန်သို့
ရောက်သဖြင့်မြဲ၍နေသလော။ အဝိပရိဏာမဓမ္မော၊ ရုပ်ရေနာမ်ပါ ရုံခါ
မပျောက် မဘောက်မပြန် ထိုနိဗ္ဗာန်၌စံ၍ နေရပါသလော။ သဿတိသမံ၊
ကမ္ဘာကမ္ဘာ အမြဲတည်၍နေသော လနေတို့လို မြေကြီးမြင့်မိုရ်တောင်တို့
နှင့်လည်းမခြား။ တတ္ထေဝ၊ ထိုမိမိရောက်ရာနိဗ္ဗာန်၌သာလျှင်။ တိဋ္ဌေယျ၊
ရုပ်ရေနာမ်ပါ အမြဲတည်နေရပါသလော။ ဣတိအတ္ထံ၊ဤသို့ အကျယ်မေး
လျှောက်လိုသောအနက်ကို၊သန္ဓာယ၊ရည်ရွယ်၍။ ဥဒါဟုဝေသဿတိယာ
အရောဂေါတိ၊ အရောဂေါ ဟူသော စကားကို။ အာဟ၊ ဥပသိဝပုဏ္ဏား

လျှောက်ကြား၏။ ။သမ္ဘန်။ ။တံမေရ နိသား ရဝိယာကရောဟိတိ၊ ကရောဟိ ဟူရာဝယ်။ ယံ၊ အကြင်နိဗ္ဗာန်ရောက်သူပျောက်၍သွားသည်မသွားသည်နှင့် စပ်သောအရာကို။ ပုစ္ဆာမိ၊ အကျွန်ုပ်ဥပသီဝပုဏ္ဏားလျှောက်ထားပါ၏။ ယံ၊ အကြင်ပုစ္ဆာစကားကို။ ဝေဒမိ၊ ဆိုပါ၏။ ယံ၊ အကြင်နိဗ္ဗာန်ရောက်သူတို့၏ အကြောင်းခြင်းရာ သိလိုပါသည့်အရာကို။ အဇ္ဈေသာမိ၊ ဟောကြားစိမ့်ငှါ တိုက်တွန်းပါ၏။ ယံ၊ အကြင်နိဗ္ဗာန်ရောက်သူတို့နှင့်စပ်သောအရာကောင်းစွာ ကြားနာချပ်လိမ့်မည်ကို။ ဥပါဒါယ၊ စွဲ၍။ တံ၊ အသျှင်ဘုရားကို။ ။ထည့်။ ။ ပသာဒေမိ၊ အကျွန်ုပ်ကြည်ညိုရင်းဖြစ်ပါ၏။ ပ။ ဥပသိဝ၊ ဥပသီဝအမည်ရသော ဒိုပုဏ္ဏား။ အတ္ထင်္ဂတသော၊ နိဗ္ဗာန်သို့ရောက်သွားသော ပရိနိဗ္ဗုတရဟန္တာ ပုဂ္ဂိုလ်အား။ ပမာဏံ၊ တစုံတယောက်သောသူတို့နှင့် နှိုင်းရှည့်စရာချပ်ဝေဒနာ သညာသင်္ခါရဝိညာဏ်တရားသည်။ နတ္ထိ၊ မရှိ။ ကသ္မာ၊ အဘယ်ကြောင့် နည်းဟူမူကား။ ယသ္မာ၊ အကြင်ကြောင့်။ ယေန၊ အကြင်ရာဂဒေါသမောဟ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ အနုသယဖြင့်။ နံ၊ ထိုပရိနိဗ္ဗုတသခင် နိဗ္ဗာန်ဝင်သော ရဟန္တာအသျှင်ကို။ ဝဇ္ဇုံ-ဝဒေယျုံ၊ တပ်စွန်းဖြစ်မှားတတ်သောသူ အစရှိ သည်ဖြင့် ဆိုကြကုန်ရာ၏။ တံ၊ ထိုသို့ဆိုကြောင်းဖြစ်သော ရာဂ ဒေါသ အစရှိသောတရားယုတ်သည်။ တဿ၊ ထိုပရိနိဗ္ဗာန် စံ၍နေသောသူအား။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထိုသို့တပ်သောသူ ဖြစ်မှားတတ်သောသူ စသည်ဖြင့် ဆိုရကြောင်း ကိလေသာ အပေါင်းတို့ မရှိခြင်းကြောင့်။ ပမာဏံ၊ တစုံ တယောက်သောသူတို့နှင့် နှိုင်းရှည့်စရာ ပမာဏသည်။ နတ္ထိ၊ မရှိ။ ဝါ၊ တနည်းလည်း။ သဗ္ဗေသုဓမ္မေသု၊ အလုံးစုံကုန်သော ခန္ဓာငါးပါးကိလေသာ အယုတ်တရားဟူသမျှတို့ကို။ သမူဟတေသု၊ နုတ်အင်ကုန်ပြီးသည်ရှိသော်။ ဝါ၊ နုတ်၍ကုန်ကတဲကပင်။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သောခေါ်ဝေါ်ခြင်း ပညတ်ဝေါဟာရ ဟူသမျှတို့ကိုလည်း။ ဒသဓာ၊ ဆယ်ပါးသော အပြား အားဖြင့်။ သမူဟတာ၊ နုတ်ပယ်ကုန်ပြီ။ တသ္မာ၊ ထိုသို့ခေါ်ဝေါ်ပညတ်စရာ ဟူသမျှတို့ကိုနုတ်အင်ပြီးသောကြောင့်။ တဿ၊ ထိုပရိနိဗ္ဗုတသခင်နိဗ္ဗာန် ဝင်သောရဟန္တာအသျှင်မြတ်အား။ ပမာဏံ၊ ဘယ်သည်ပုဂ္ဂိုလ်ဘယ်ဟာ လိုဟုနှိုင်းရှည့်စရာပမာဏသည်။ နတ္ထိ၊ မရှိ။ ။အကြွင်းပါဌ်တို့ကားအနက် လွယ်ပြီ။

ဤ၌ ပမာဏံနတ္ထိ ဟူသောစကားသည်။ ပြဆိုအပ်ခဲ့ပြီးသော ဂန္ထိရော အပ္ပမေယျာ ဟူ၍လာသော နေတ္တိပါဠိ သဒ္ဒာယတနသံယုတ်ပါဠိ မဇ္ဈိမ

ပဏ္ဏတ္တိသပါဠိတော်တို့နှင့် ထင်တူထင်မျှ သံသန္ဒနဖြစ်သည်သာလျှင်တည်း။ ထို့ကြောင့် ထိုထိုအရာဘို့၌ဂန္ဓဗ္ဗရအပ္ပမေယျဟူ၍လာသမျှသည် အဘာဝ မဟုတ်။ဘာဝချည်းသာဖြစ်သကဲ့သို့၊ဤ၌လည်းဂန္ဓဗ္ဗရအပ္ပမေယျအပ္ပမာဏ ဆိုသည့်အရာဖြစ်၍အဘာဝမဟုတ်ဘာဝသာတည်းဟုကြောန်သိအပ်၏။ ။ ဤစူဠနိဒ္ဒေသပါဠိတော်၌ဂန္ဓဗ္ဗရအပ္ပမေယျအသင်္ချေယျဟူ၍မလာ။အပ္ပမာဏံ ဟူ၍သာ လာသော်လည်း။ အပ္ပမာဏ ဟူသည် အပ္ပမေယျပင်တည်း။ အပ္ပမေယျဖြစ်လျှင်လည်း ဂန္ဓဗ္ဗရအသင်္ချေယျ ဖြစ်တော့သည်သာတည်း။ ထို့ကြောင့် ဤစူဠနိဒ္ဒေသပါဠိတော်၌ နိဗ္ဗာန်ရောက်သွားပြီးသော အဂ္ဂဂ်တ ပုဂ္ဂိုလ်ကိုပင် အပ္ပမာဏအပ္ပမေယျဆိုသည်ဟု တိုက်ရိုက်သိအပ်သကဲ့သို့။ သဒ္ဓာယတနသံယုတ်နေတ္တိပါဠိတော် မဇ္ဈိမပဏ္ဏာသပါဠိတော်တို့၌လာသော အပ္ပမေယျဂန္ဓဗ္ဗရဟူသော အရာတို့ကိုလည်း။ ပရိနိဗ္ဗုတအဂ္ဂဂ်တပုဂ္ဂိုလ် ကိုပင်ဆိုသည်။ အပရိနိဗ္ဗုတ သဖိဝ ရဟန္တာကို ဆိုသည်မဟုတ်ဟူ၍ ကြောန္တမှတ်ကြကုန်။ ။ထိုသို့နိဗ္ဗာန်ရောက်သွားသောအဂ္ဂဂ်တပရိနိဗ္ဗုတ ပုဂ္ဂိုလ်၏ အပ္ပမေယျ ဂန္ဓဗ္ဗရ ဖြစ်၍ နေသည် အဖြစ်ကို ယုံကြည်ကြ သဖြင့်လည်း၊အပ္ပမေယျဂန္ဓဗ္ဗရဟူကအဘာဝမဟုတ်ဘာဝသာလျှင်ဖြစ်သင့် သောကြောင့်၊ထိုနိဗ္ဗာန်သို့ ရောက်သွားသူတို့ အလုံးရုံပြတ်တောက် ဥစ္ဆိန္န အဖြစ်သို့ရောက်သွားလေကုန်သည်ဟူသော ဥစ္ဆေဒဒိဋ္ဌိကိုပယ်ပျောက်၍။ ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်တို့ ထိုမိမိတို့စံရာနိဗ္ဗာန်၌ဂျပ်နာခြင်းမရှိသဖြင့် အဘယ်ပုံ အခြင်းအရာ အမျိုးအမည် အားဖြင့် အဘယ်လိုဟာဟု မနှိုင်းရှည့်နိုင်၊ အပ္ပမေယျဂန္ဓဗ္ဗရသဘောအားဖြင့်ဖြစ်၍ ချမ်းမြေ့သာယာစံနေတည်နေကြ ရသည်ဟူ၍ကြောန္တနိသံသယနိဒ္ဒေ့ဋ္ဌကအမြဲမှတ်ကြကုန်။ ။ယင်းပရိနိဗ္ဗာန် စံသွားသော ပုဂ္ဂိုလ်တို့ ပျောက်၍ပြတ်၍ သွားသည် မဆိုထိုက်သည်၏ အဖြစ်သည် ဤဆိုလတ္တံ့သောပါဠိတော်ဖြင့်လည်းအလွန်ထင်ရှားလတ္တံ့။ ။

ကော်သမယံ အာယသ္မာသာရိပုတ္တော သာဝတ္ထိယံဝိဟာရတိဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ၊ တေနခေါ ပန သမယေန ယမကဿ နာမဘိက္ခုနော ဧဝရူပံပါပကံဒိဋ္ဌိဂတံဥပ္ပန္နံဟောတိ၊ တထာဟံဘဂဝတာ ဓမ္မံဒေသိတံ အာဇာနာမိ၊ ယထာ ခီဏာသဝေါ ဘိက္ခု ကာယဿဘေဒါ ဥစ္ဆိဇ္ဇတိဝိနဿတိ၊ နဟောတိပရမ္မရဏာတိ။ အဿောသုံခေါသမ္ဗဟုလာ ဘိက္ခူ ယမကဿကိရနာမဘိက္ခုနောဧဝရူပံပါပကံဒိဋ္ဌိဂတံဥပ္ပန္နံဟောတိ၊ တထာဟံဘဂဝတာ ဓမ္မံဒေသိတံအာဇာနာမိ၊ ယထာခီဏာသဝေါဘိက္ခု

ကာယဿဘေဒါ ဥစ္ဆိဇ္ဇတိဝိနဿတိ၊နဟောတိပရမ္မရဏာတိ။ အထခေါ တေဘိက္ခူ ယေနာယသ္မာယမကော၊ တေနုပသင်္ကမိံသု။ ဥပသင်္ကမိတွာ အာယသ္မတာယမကေနသဒ္ဓိံသမ္မောဒိံသု။ သမ္မောဒနီယံကထံသာရဏီယံ ဝီတိသာရေတွာ ဧကမန္တံ နိသီဒိံသု။ ဧကမန္တံ နိသိန္နာခေါတေဘိက္ခူ အာယသ္မန္တံယမကံဧတဒဝေါစုံ၊ သစ္စံကိရတေ အာဝုသောယမက ဧဝရူပံ ပါပကံဒိဋ္ဌိဂတံဥပ္ပန္နံ၊ တထာဟံဘဂဝတာဓမ္မံဒေသိတံအာဇာနာမိ၊ယထာ ခီဏာသဝေါဘိက္ခုကာယဿဘေဒါဥစ္ဆိဇ္ဇတိဝိနဿတိ၊ နဟောတိပရမ္မရဏာတိ။ ဧဝံခွါဟံအာဝုသောဘဂဝတာဓမ္မံဒေသိတံအာဇာနာမိ၊ ယထာ ခီဏာသဝေါဘိက္ခုကာယဿဘေဒါဥစ္ဆိဇ္ဇတိဝိနဿတိ၊ နဟောတိပရမ္မရဏာတိ။မာအာဝုသောယမကဧဝံအဝစ။မာဘဂဝန္တံအဗ္ဘာစိက္ခိ။နဟိသာဓု ဘဂဝတော အဗ္ဘာစိက္ခနံ။ နဟိ ဘဂဝါ ဧဝံဝဒေယျ၊ ခီဏာသဝေါဘိက္ခု ကာယဿဘေဒါဥစ္ဆိဇ္ဇတိဝိနဿတိ၊ နဟောတိပရမ္မရဏာတိ။ ဧဝံပိခေါ အာယသ္မာ ယမကော ဘိက္ခူဟိဝုစ္စမာနော တထေဝတံပါပကံ ဒိဋ္ဌိဂတံ ထာမသာပရာမာသာ အဘိနိဝိဿဝေါဟရတိ၊ တထာဟံဘဂဝတာဓမ္မံ ဒေသိတံအာဇာနာမိ၊ယထာခီဏာသဝေါဘိက္ခုကာယဿဘေဒါဥစ္ဆိဇ္ဇတိ ဝိနဿတိ၊ နဟောတိပရမ္မရဏာတိ။ ယတောခေါတေဘိက္ခူနာသက္ခိံသု အာယသ္မန္တံယမကံ ဧတသ္မာဒိဋ္ဌိဂတာ ဝိဝေစေတုံ။ အထခေါ တေဘိက္ခူ ဥဋ္ဌာယာသနာယေနာယသ္မာသာရိပုတ္တော၊ တေနုပသင်္ကမိံသု။ ဥပသင်္ကမိတွာ အာယသ္မန္တံ သာရိပုတ္တံ ဧတဒဝေါစုံ၊ ယမကဿ နာမ အာဝုသော သာရိပုတ္တဘိက္ခုနော ဧဝရူပံပါပကံဒိဋ္ဌိဂတံဥပ္ပန္နံ၊ တထာဟံဘဂဝတာဓမ္မံ ဒေသိတံအာဇာနာမိ၊ယထာခီဏာသဝေါဘိက္ခုကာယဿဘေဒါဥစ္ဆိဇ္ဇတိ ဝိနဿတိ၊ နဟောတိပရမ္မရဏာတိ။ သာဓာယသ္မာ သာရိပုတ္တော ယေန ယမကောဘိက္ခု၊တေနုပသင်္ကမတု အနုကမ္ပံဥပါဒါယာတိ။အဓိဝါသေသိခေါ အာယသ္မာသာရိပုတ္တော တုဏှီဘာဝေန၊အထခေါအာယသ္မာသာရိပုတ္တော သာယနှသမယံ ပဋိသလ္လာနာဝုဋ္ဌိတော ယေနာယသ္မာယမကော၊ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ အာယသ္မတာယမကေနသဒ္ဓိံသမ္မောဒိ။လ။ ဧကမန္တံ နိသိန္နောခေါအာယသ္မာသာရိပုတ္တော အာယသ္မန္တံယမကံဧတဒဝေါစ၊ သစ္စံကိရတေအာဝုသော ယမက ဧဝရူပံပါပကံ ဒိဋ္ဌိဂတံဥပ္ပန္နံ၊ တထာဟံ ဘဂဝတာဓမ္မံဒေသိတံ အာဇာနာမိ၊ယထာခီဏာသဝေါဘိက္ခုကာယဿ ဘေဒါ ဥစ္ဆိဇ္ဇတိ ဝိနဿတိ၊န ဟောတိ ပရမ္မရဏာတိ။ တံ ကိံ မညသိ

အာဝုသောယမက ရူပံနိစ္စံဝါအနိစ္စံဝါတိ။အနိစ္စံအာဝုသော။ဝေဒနာ။သညာ။ သင်္ခါရာ။ ဝိညာဏံနိစ္စံဝါအနိစ္စံဝါတိ။အနိစ္စံအာဝုသော။ပ။ တသ္မာတိဟာဝံ ပဿံ။ လ။နာပရံဣတ္ထတ္တာယာတိ ပဇာနာတိ။ တံကိံမညသိအာဝုသော ယမက ရူပံတထာဂတောတိသမနုပဿသီတိ။ နောဟေတံအာဝုသော။ ဝေဒနံတထာဂတောတိသမနုပဿသီတိ။ နောဟေတံအာဝုသော။သညံ။ သင်္ခါရေ။ ဝိညာဏံတထာဂတောတိသမနုပဿသီတိ။ နောဟေတံအာဝု သော။ တံကိံမညသိအာဝုသောယမက ရူပသ္မိံတထာဂတောတိသမနု ပဿသီတိ။ နောဟေတံ အာဝုသော၊ အညတြ ရူပါ တထာဂတောတိ သမနုပဿသီတိ။နောဟေတံအာဝုသော။ဝေဒနာယ၊ အညတြဝေဒနာယ။ လ။ သညာယ။ အညတြသညာယ။ သင်္ခါရေသု။ အညတြသင်္ခါရေဟိ။ ဝိညာဏသ္မိံတထာဂတောတိသမနုပဿသီတိ။ နောဟေတံအာဝုသော။ အညတြဝိညာဏာတထာဂတောတိ သမနုပဿသီတိ။ နောဟေတံအာဝု သော။တံကိံမညသိအာဝုသောယမကရူပံဝေဒနာသညာသင်္ခါရာဝိညာဏံ တထာဂတောတိသမနုပဿသီတိ။ နောဟေတံအာဝုသော။ တံကိံမညသိ အာဝုသောယမက အယံသောအရူပီ အဝေဒနော အသညီ အသင်္ခါရော အဝိညာဏကောတထာဂတောတိသမနုပဿသီတိ။နောဟေတံအာဝုသော။ ဧတ္တာဝတေအာဝုသောယမက ဒိဋ္ဌေဝဓမ္မေ သစ္စတောတထတော တထာဂတေ အနုပ လဗ္ဘိယမာနေ၊ ကလ္လံနုဟေတံဝေယျာကရဏံ၊ တထာဟံဘဂဝတာဓမ္မံ ဒေသိတံအာဇာနာမိ၊ယထာခီဏာသဝေါဘိက္ခုကာယဿဘေဒါဥစ္ဆိဇ္ဇတိ ဝိနဿတိ၊နဟောတိပရမ္မရဏာတိ။ အဟုခေါမေတံအာဝုသောသာရိပုတ္တ ပုဗ္ဗေအဝိဒ္ဒသုနောပါပကံဒိဋ္ဌိဂတံ၊ ဣဒဉ္စပနအာယသ္မတော သာရိပုတ္တဿ ဓမ္မဒေသနံသုတွာတဉ္စေဝပါပကံဒိဋ္ဌိဂတံပဟီနံ၊ ဓမ္မောစမေအဘိသမိတော တိ။ သစေတံအာဝုသောယမက ဧဝံပုစ္ဆေယျုံ၊ ယောသောအာဝုသော ယမက ဘိက္ခုအရဟံခီဏာသဝေါ၊သောကာယဿဘေဒါပရမ္မရဏာကိံ ဟောတီတိ၊ ဧဝံပုဋ္ဌော တွံအာဝုသောယမက ကိန္တိ ဗျာကရေယျာသီတိ။ သစေမံအာဝုသောဧဝံပုစ္ဆေယျုံ၊ရူပံ ဝေဒနာ သညာ သင်္ခါရာ ဝိညာဏံ အနိစ္စံ၊ ယဒနိစ္စံ တံဒုက္ခံ၊ ယံဒုက္ခံ တံနိရုဒ္ဓံ တဒတ္ထင်္ဂတံ၊ ဧဝံပုဋ္ဌောအဟံ အာဝုသော ဧဝံဗျာကရေယျန္တိ။ သာဓုသာဓုအာဝုသောယမကာတိ။ ။ သဋ္ဌာယတနသံယုတ်ပါဠိတော်။ ။

ဧကံသမယံ၊ တရံရောအခါ၌။ အာယသ္မာ သာရိပုတ္တော၊ အသျှင်

သာရိပုတြာသည်။ သာဝတ္ထိယံ၊ သာဝတ္ထိ ပြည်၌။ ပ။ ဇေတဝနေ၊ ဇေတဝန် ကျောင်းတော်ကြီး၌။ ဝိဟရတိ၊ သီတင်းသုံးနေတော်မူ၏၊ ပ။ ဒီဃာာသဝေါ၊ ရဟန္တာ ဖြစ်သော။ ဘိက္ခု၊ ရဟန်းသည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ပျက်သည်မှ။ ပရံ၊ နောက်၌။ဥစ္ဆိဇ္ဇတိ၊ အစဉ်သန္တာန် ပြတ်လေ၏။ဝိနဿတိ၊ ပျောက်၍သွား၏။ ဝါ၊ မရှိခြင်းအဘာဝသို့ရောက်၏။ ပရမ္မရဏာ၊သေသည်မှနောက်၌။နဟောတိ၊မဖြစ်။ဣတိ၊ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ယထာ၊အကြင်အခြင်းအရာအားဖြင့်။ဝုတ္တံ၊ဟောတော် မူအပ်၏။တထာ၊ထိုဘုရားဟောတော်မူတိုင်း။အဟံ၊ ယမကအမည်ရသော ငါသည်။အာဇာနာမိ၊သိကြီးသိပါ၏။ပ။တံ၊ထိုဒိဋ္ဌိဒိဋ္ဌိအယူကို။ ထာမသာ၊ အားရှိသောအားဖြင့်။ပရာမာသာ၊မှားသောသုံးသပ်ခြင်းဖြင့်။ အဘိနိဝိဿ၊ အလွန်အကဲ နှလုံးစွဲသည်ဖြစ်၍၊ ဝေါဟရတိ၊ ပြောဆို၏။ပ။ ဧတသ္မာ၊ ထိုဒိဋ္ဌိဒိဋ္ဌိ ယုတ်မာသောအယူမှ။ ဝါ၊အယူကို။ ဝိဝေစေတုံ၊ ကင်းစေ ကြဉ်စေခြင်းငှါ။ပ။ မေ၊ယမကမည်သောအကျွန်ုပ်သည်။ တဗ္ဗ၊ ထိုရဟန္တာ ပုဂ္ဂိုလ်ဝုတေသည်မှနောက် ပျောက်၍သွားသည်ဟု ယူမိသောဉစ္ဆေဒဒိဋ္ဌိ ဟူသော ယုတ်မာသောအယူကိုလည်း။ ပဟီနံ၊ ပယ်အပ်ပေပြီ။ ဓမ္မောစ၊ သောတာပတ္တိမဂ်ဖိုလ်ဘရားတော်ကိုလည်း။ အဘိသမိတော၊ ထိုးထွင်း၍ သိရပေပြီ။ ။၎င်းပါဠိတော်ဂဏ္ဌိပဒအနက်။ ။

ဤပါဠိတော်၌ပိဏ္ဍတ္ထအဓိပ္ပါယ်ကား။ယမကမည်သောရဟန်းတပါးသည် ဘုရားသျှင်တရားကို ဘုရားဟောတိုင်း ငါသိပါ၏။ ရဟန္တာပုဂ္ဂိုလ်ဝုတေ ပြီးနောက် ပျောက်၍ သွားသည် အလုံးစုံမရှိ ပြတ်တောက်၍ သွားသည် ဘုရားဟောတော်မူသည်မှန်၏ဟုပြောဟောလေ့ရှိရာ များစွာသောရဟန်း တို့က အသင်သည် ဤသို့မဟောပြောပါလင့်။ ငါတို့မြတ်စွာဘုရားဤသို့ မဟောပါဟု အခါခါ ဆိုဆုံးမကြသော်လည်း မရ နားမထောင်ဘဲ ရှိရာ အသျှင်သာရိပုတြာမထေရ်အား ဤယမကရဟန်း၏ယုတ်မာသောအယူရှိ သည်၏အဖြစ်ကိုရဟန်းများလျှောက်ထားကြရာဝယ်၊ အသျှင်သာရိပုတြာ မထေရ်မြတ်ကိုယ်တိုင်ကြွသွားဆုံးမသည်အခါမှ။ မိမိအယူဝါဒကိုစွန့်နိုင် လေသည်။ ဆုံးမပုံကား။ ငါ့သျှင်ယမက ရုပ်ဝေဒနာစသော တရားသည် နိစ္စလော, အနိစ္စလော, ဟုမေးရာ၊ အနိစ္စဖြစ်ကြောင်းနှင့်၎င်းယမကရဟန်း လျှောက်ထားရာဝယ်၊၎င်းရုပ်ဝေဒနာစသည်တို့ကိုသတ္တဝါဆိုမည့်လောဟု မေးပြန်ရာ။ သတ္တဝါမဆိုပါဟု လျှောက်ထားပြန်သည်အခါ။ ရုပ်ဝေဒနာ

စသည်တို့ကိုကြည့်၍ သတ္တဝါခေါ်ဆိုသလော မေးပြန်ရာ။ ယင်းသို့လည်း မဟုတ်ပါဟုလျှောက်ထားပြန်သည်တွင်။ငါ့သျှင်သည်ရုပ်လည်းမရှိဝေဒနာ စသည်လည်း မရှိသော ဝတ္ထုကို သတ္တဝါဟု ဆိုမည်လော မေးပြန်ရာ။ ဤသို့လည်း မဆိုပါဟု လျှောက်သော အခါဝယ်၊ ဤသို့ ငါ့သျှင်တရား သဘောကို သိမြင်ပါတပြီးလျှက်။ သတ္တဝါဟု ရချဆိုစရာ မရှိပါဘဲလျှက် ရဟန္တာ ဖြစ်သော ရဟန်းဟူသော သတ္တဝါသည် ကိုယ်ခန္ဓာ ပျက်စီး သည်နောက် အလုံးစုံ ပျောက်၍ ပြတ်၍ သွားသည်ဟူသော စကားကို တရားတခု ပြုလုပ်ပြောဆိုခြင်းငှါ လျှောက်ပတ် ခံ့ကျန်းပါမည်လောဟု အသျှင်သာရိပုတြာ ဆိုဆုံးမသည်အတွင်း။ ယင်းယမက ရဟန်းသည် သောတာပန်တည်သည့်ဖြင့် မိမိ၏ပါပကဥစ္ဆေဒအယူကိုစွန့်၍၊ အသျှင်ဘုရား အသျှင်ဘုရားတရားတော်ကို ကြားနာရပေသဖြင့် ယုတ်မာသော ဥစ္ဆေဒ ဒိဋ္ဌိအယူကိုလည်း စွန့်ရပေသည်။ တရားအထူးကိုလည်း သိမြင်ရပေ သည်ဟု လျှောက်ထားရာဝယ်၊ နောက်နောင် သူတပါးတို့က အသင့်အား ဤအကြောင်းနှင့်စပ်၍မေးမြန်းလာသည်ကာလအသင်အဘယ်သို့ဖြေကြား မည်နည်းဟု အသျှင်သာရိပုတြာကမေးပြန်သည့်အခါ။ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် တရားသည် အနိစ္စသာတည်း။ အနိစ္စဟူသမျှလည်း ဒုက္ခ ချည်းတည်း။ ထိုအနိစ္စဒုက္ခဖြစ်သော ရုပ် ဝေဒနာ စသော ခန္ဓာငါးပါးတို့၏ ချုပ်ခြင်းသို့ ရောက်လေသည်ဟူ၍သာ ထိုမေးလာသူတို့အား ဖြေကြားပါ အံ့ဟုလျှောက်ထားသည်တွင်။အသျှင်သာရိပုတြာမထေရ်က သာဓုငါ့သျှင် သာဓုဟု ကောင်းချီးပေးတော်မူသည်ဟူလိုသတတ်။ ။ပိဏ္ဍတ္ထ။ ။ ဤယမကအမည်ရသော ရဟန်းကဲ့သို့၊ ရဟန္တာပုဂ္ဂိုလ်သည် သေသည့် မှနောက်အလုံးစုံပျောက်၍ပြတ်၍သွားလေတော့သည်ဟုဥစ္ဆေဒဒိဋ္ဌိအယူကို မယူမိကြစေလင့်ဟုလိုသတတ်။ ။အနွယဗျဉ္ဇနတ္ထ၊ ။ရုပ်နာမ်ခန္ဓာသာ ပျောက်၍ပြတ်၍သွားသည်။ ထိုရဟန္တာပုဂ္ဂိုလ်၏ကား ပျောက်၍ ပြတ်၍ မသွားမှတ်ကြရမည်ဟုလိုသတတ်။ ။ဗျတိရေကဗျဉ္ဇနတ္ထ။ ။ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်ပြုပြီးသည်နောက်အစဉ်သန္တာန်ပျောက်၍ပြတ်၍မသွားဆိုသော်။ ထိုပရိနိဗ္ဗုတရဟန္တာပုဂ္ဂိုလ်သည် အဘယ်သို့သွားပါသနည်း။ အဘယ်၌ တည်နေပါသနည်းဟူငြားအံ့၊ ။နိဗ္ဗာနံအရဟတောဂတိ၊ပရိဝါပါဠိတော်။ ။ သောဝေဒနာပရိညာယ၊ဒိဋ္ဌေဓမ္မေအနာသဝေါ။ ကာယဿဘေဒါဓမ္မဋ္ဌော၊ သင်္ချံနောပေတိဝေဒဂူ ဟူသောသဠာယတနသံယုတ်ပါဠိတော်တို့နှင့်အညီ၊

ထိုပရိနိဗ္ဗုတရဟန္တာအသျှင်သည်နိဗ္ဗာန်သို့ရောက်သွားလေသည်။နိဗ္ဗာန်၌ တည်နေသည်ဟူ၍မှတ်။ ။ထိုနိဗ္ဗာန်၌ထိုပရိနိဗ္ဗုတရဟန္တာသည် လူဖြစ်၍ တည်သလော၊နတ်ဖြစ်၍တည်သလောဟူငြားအံ့၊ ။ဇိဝံဂုဏောအရဟာ ဘာဝါဒီသု ကတ္တစိ ပုနုဗ္ဘဝါဘာဝတော မနုဿဒေဝါတိ သင်္ချံ နဥပေတိ၊ အပညတ္တိကသဘာဝမေဝ ဂစ္ဆတိ။ ။ဇာတိဂုတ်အဋ္ဌကထာစသည်တို့နှင့် အညီ။လူဟူ၍နတ်ဟူ၍ရေတွက်အပ်သည်၏ အဖြစ်သို့မရောက်။ လူနတ်စ သည်ဖြင့်ပညတ်အပ်သည့်သဘောကိုလွန်၍ လူနတ်စသည် မခေါ်ဆိုနိုင်၊ အလွန်နက်နဲသောဂန္ဓိရသဘောသို့ရောက်၍တည်၏ဟုမှတ်အပ်၏။ ။

အပ္ပဋိသန္ဓိကဿခီဏာသဝဿ မရိမကစိတ္တံနိရုပါဒါနတော အနုပါဒါ နော၀ိယ ဇာတဝေဒေါ ပရိနိဗ္ဗုတံ ဇာဒံနာမ နိဿိတန္တိ နပညာယတိတိ ဝဒန္တော ကိမေတ္တာဝတာ ဥစ္ဆေဒဝါဒီ ဘဝတိ။ နာဟံကဒါစိပိ အတ္တာနာမ ကောစိ အတ္ထိတိ ဝဒါမိ။ဇိဝံသန္တေ ကိံ နိဿာယ ဝဒန္တိ မောဃပုရိသာ။ သတောသတ္တဿ နာမဘာဝေယျာတိအယမေတ္ထာဓိပ္ပါယော။

အပ္ပဋိသန္ဓိကဿ၊ပဋိသန္ဓေ တဘာန်နေစရာမရှိသော။ ခီဏာသဝဿ၊ ရဟန္တာပုဂ္ဂိုလ်၏။ စရိမကစိတ္တံ၊စုတိစိတ်သည်။ ဝါ၊စုတိစိတ်ဖြင့်မှတ်အပ် သောခန္ဓာငါးပါးအပေါင်းသည်။နိရုပါဒါနတော၊လောင်စရာဝတ္ထု မရှိသော ကြောင့်။အနုပါဒါနော၊လောင်စရာကိုမရသော။ ဇာတဝေဒေါ၀ိယ၊တောမီး ကဲ့သို့။ပရိနိဗ္ဗုတံ၊ငြိမ်းလေတော့၏။ဇာဒံနာမ၊ ဤမည်သောဘာဝကို။နိဿိတံ၊ မှီလေသေး၏။ဝါ၊ဘဝဘပါးရောက်သွားလေသေး၏။ ဇာတိ၊ ဤသို့ဆိုစရာ သည်။ နပညာယတိ၊ မထင်။ဇာတိ၊ ဤသို့။ ဝဒန္တော၊ ဆိုတော်မူသော ငါဘုရားသည်။ဝါ၊ ဆိုသောသူဟူသမျှသည်။ ဧတ္တာဝတာ၊ ဤမျှလောက် သောစကားဖြင့်။ဥစ္ဆေဒဝါဒီ၊ဥစ္ဆေဒဝါဒီရှိသောသူသည်။ ကိံဘဝတိ၊အသို့ ဖြစ်နိုင်ပါအံ့နည်း။ အဟံ၊ ငါဘုရားသည်။ ကဒါစိပိ၊တရံ တခါ မျှလည်း။ အတ္တာနာမ၊အတ္တမည်သော။ကောစိ၊တစုံတခုသည်။အတ္ထိ၊ ရှိသေး၏။ဇာတိ၊ ဤသို့။နဝဒါမိ၊ဟောတော်မမူ။ဇိဝံသန္တေ၊ဤသို့ဖြစ်ပါလျက်။ကိံ၊အဘယ်သို့ သောအရာကို။ နိဿာယ၊ မှီကြကုန်၍။ မောဃ ပုရိသာ၊ မဂ်ဖိုလ်မဖြိုး အချည်းနှီးသောတိတ္ထိတို့သည်။ဝဒန္တိ၊ ဥစ္ဆေဒဝါဒအားဖြင့် ငါ့အား စွပ်စွဲ ပြောဆိုကြကုန်ဘိသနည်း။သတော သတ္တဿနာမ၊သတ္တ ဇီဝ အတ္တအယူ မည်သည် ငါ့အားရှိသော်သာလျှင်။ဘဝေယျ၊ယင်းသို့ဥစ္ဆေဒဝါဒဖြင့်စွပ်စွဲ

ခြင်းဖြစ်သော်ဖြစ်ခဲ့ရာ၏။ ဇာတိအယ်၊ ဤသည့်လျှင်။ ဧတ္ထ၊ ဤကိ ဧတ္ထာဝတာ ဥစ္ဆေဒဝ်ဒိဘဝတိ-ဟူသောစကား၌။ အဓိပ္ပါယော၊ အဓိပ္ပါယ်တည်း။

ဤသို့မူလပဏ္ဏာသဋီကာ။ ၁ ၁၆။ ဒါအဂ်ါတွင်လာရှိသည့်အတိုင်း။ ရဟန္တာအသျှင်တို့ စုတိကျသည့်အခါ ရုပ်နာမ်ခန္ဓာ တဘန်အသစ် မဖြစ် ငြိမ်းကြီးငြိမ်းလေတော့၏ ဟူ၍သာ ပြောဆို သူတို့အားကား ဥစ္ဆေဒဒိဋ္ဌိ မဖြစ်။ ထိုရဟန္တာများ လုံးလုံးပျောက်သွားပြတ်သွားကြလေတော့သည်ဟု ယူမှဟောပြောမှသာလျှင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သည်မှတ်။ ။ဤဋီကာ၌။ သတော သတ္တဿ ဥစ္ဆေဒံ ဝိနာသံ ဝိဘဝံ ပညပေန္တိ ဟူသော နောက်ပါဠိတစိတ်ကိုသာ ထောက်မိသဖြင့်။ သတ္တဟူသောအတ္တရှိ၏၊ ထိုသတ္တဝ်အတ္တသည်ပြတ်၏ ပျောက်၏ ဟူ၍ယူမှသာ ဥစ္ဆေဒဒိဋ္ဌိဖြစ်သည်။ နိဗ္ဗာန်ရောက်သူတို့ ပျောက်၍ပြတ်၍ သွားလေတော့၏ဟုယူကာမျှဖြင့် ဥစ္ဆေဒဒိဋ္ဌိမဖြစ်ဟုမမှတ်အပ်။ ယင်းဋီကာဖြင့် ယင်းအနက်ကို မပြသောကြောင့်တည်း။ အကယ်၍ ယင်းအနက်ကို ပြခဲ့လျှင်။ ။အတ္ထင်္ဂတောသောဥဒဝါနတ္ထိ၊ ဥဒါဟုဝေသဿတိယာအရောဂေါ ဟူ၍ ဥပသိဝ ပုစ္ဆားလျှောက်ထားသောအချက်၌။ အတ္ထင်္ဂတဿနပမာဏမတ္ထိဟု ဘုရားသျှင်မိန့်ကြားတော်မူအပ်သော ရုဇ္ဈနိဒ္ဒေသပ်ဋ္ဌိကို ဘွင့်ဆိုသော ၎င်းရုဇ္ဈနိဒ္ဒေသအဋ္ဌကထာ၌။ ။အထဿဘဂဝါတဿအတ္ထိတာယသဿတောနတ္ထိတာယဥစ္ဆေဒေါ၊ တဒုဘယံအနိစ္ဆန္တော အာဟ အတ္ထင်္ဂတဿနပမာဏမတ္ထိတိ ဟူ၍ ဘွင့်ဆိုသော နိဗ္ဗာန်ရောက်၍နေသူ သာမညနှင့်စပ်သော ၎င်းပ်ဋ္ဌိတော် အဋ္ဌကထာတို့ လှလှသား ဆန့်ကျင်ခဲ့တော့မည်မှတ်။ ၎င်းပ်ဋ္ဌိအဋ္ဌကထာတို့ကို ပါဠ်အနက် အကျယ်နှင့်တကွ အောက်၌ အတန်တန်ပြခဲ့ပြီးသလျှင်ကတည်း။ ။

နိဿရဏန္တိ ဟိ နိဗ္ဗာနဿေတံ နာမံ။ တယောခေါ မေ ဘိက္ခဝေ ဓမ္မာ ဒုပ္ပဋိဝိဒ္ဓါ။ ကာဘေမာဘေယော။ ကာမာနမေတံ နိဿရဏံ၊ ယဒိဒံ နေက္ခမ္မံ။ ရူပါနမေတံ နိဿရဏံ၊ ယဒိဒံ အရူပံ။ ယံ ခေါ ပန ကိဉ္စိ ဘူတံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ၊ နိရောဓော တဿ နိဿရဏန္တိ ဝုတ္တံ။ ဧဝံ ဝုတ္တဿ နိဿရဏဿ အဘာဝါပတ္တိ ဒေါသတော ပထမဇ္ဈာန အာကာသာနဉ္စာယတနာဒီနံ ပိ အဘာဝေါ ဘဝေယျ။ တသ္မာ အယုတ္တံ အကြွယသနိဗ္ဗာနဿ ခယဒေါသာ ပဋ္ဌနန္တိ။

ဟိ၊ သိုသင့်စွ။ နိဿရဏန္တိ ဧတံ၊ နိဿရဏံဟူသော ဤအမည်သည်။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ နာမံ၊ အမည်တည်း။ ဟိ၊ သင့်စွ။ ဘိက္ခဝေ၊ ရဟန်းတို့။

တယော၊သုံးပါးကုန်သော။ဣမေဓမ္မာ၊ ဤတရားတို့ကို။ဒုပ္ပဋိဝိဇ္ဈါ၊ ထိုးထွင်း၍
သိနိုင်ခဲကုန်၏။ကတမေတယော၊ အဘယ်သုံးပါးတို့နည်းဟူမူကား။ ယဒိဒံ
နေက္ခမ္မံ၊အကြင်ပဌမဈာန်သည်။အတ္ထိ၊၏။ကာမာနံ၊ကာမဂုဏ်ကာမတဏှာ
တို့၏။ဝါ၊တို့မှ။နိဿရဏံ၊ ထွက်မြောက်ခြင်းဟု ဆိုအပ်သော။ ဝါ၊ ထွက်
မြောက်ကြောင်းဖြစ်သော။ဧတံနိဿရဏံ၊ဤပဌမဈာန်ဟူသောနိဿရဏ
ဓမ္မလည်းတပါး။ယဒိဒံအရုပ္ပံ၊ အကြင်အရူပဈာန်သည်။အတ္ထိ၊ ရှိ၏။ရူပါနံ၊
ရုပ်တရားတို့၏။ဝါ၊ရုပ်တရားတို့မှ။နိဿရဏံ၊ ထွက်ခြင်းဟု ဆိုအပ်သော။
ဧတံနိဿရဏံ၊ဤအရူပဈာန်ဟူသော နိဿရဏဓမ္မလည်းတပါး။ ခေါပန၊
စင်စစ်အားဖြင့်။ဘူတံ၊ထင်ထင်ရှားရှားကြီးဖြစ်သော။သင်္ခတံ၊သင်္ခတတရား
ဟုဆိုအပ်သော။ပဋိစ္စသမုပ္ပန္နံ၊အကြောင်းတရားတို့ကိုစွဲမှီ၍ဖြစ်သော။ယံကိဉ္စိ
ဘူတံ၊အကြင်ခန္ဓာငါးပါးသည်။ ။ဘူတံတရတည်းလျက် နှစ်ချက်ရအနက်
ပေးသည်မှာသိလေသနည်းတည်း။ ။အတ္ထိ၊ရှိ၏.တဿ၊ထိုခန္ဓာကိုယ်ကောင်
ဝါ၊၏။ထိုကိုယ်ကောင်ဒြဗ်မှ။နိဿရဏံ၊ ထွက်မြောက်ခြင်းဟုဆိုအပ်သော။
ဝါ၊ထွက်မြောက်ရာဖြစ်သော။နိရောဓော၊ နိဗ္ဗာန်ဟူသော နိဿရဏလည်း
တပါး။ဣတိ၊ဤကားသုံးပါးတည်း။ဣတိ၊ ဤသို့။ဝုတ္တံ၊ ဘုရားသျှင်ဟောတော်
မူအပ်ပြီ၊ ဧဝံ၊ဤသို့။ ဝုတ္တာသော၊ ဟောတော်မူအပ်သော။ နိဿရဏာသော၊
နိဿရဏသုံးပါးတွင် တပါးအဝင်ဖြစ်သော နိဗ္ဗာန်ဟူသော နိဿရဏ
တရား၏။အဘာဝါပတ္တိဒေါသတော၊အကယ်လုံးလုံးမရှိသောတုစ္ဆအဘာဝ
အဖြစ်သို့ရောက်သောဒေါသကြောင့်။ပဌမဈ္ဈာန အာကာသာနဉ္စာယတနာ
ဒိနံပိ၊ပဌမဈာန်အာကာသာနဉ္စာယတနဈာန်အစရှိသည်တို့၏လည်း။အဘာ
ဝေါ၊အချည်းနှီးတုစ္ဆအဘာဝဖြစ်ခြင်းသည်။ ဘဝေယျ၊ဖြစ်ခဲ့ရာ၏။ တသ္မာ၊
ထိုကြောင့်။အက္ခယသော၊မိမိဖြစ်ပေါ်လာပြီးနောက် ဘယ်လောက်ပင်ကာလ
ကြာသော်လည်းမကုန်နိုင်သောသဘောရှိသော။နိဗ္ဗာနသော၊နိဗ္ဗာန်၏။ ခယ
ဒေါသာပတ္တနံ၊ ခယဟူသောအပြစ်သို့ ရောက်ခြင်းသည်။ ဝါ၊ ရုပ်နာမ်ခန္ဓာ
ကုန်သွားရခြင်းမျှ၏နိဗ္ဗာန်မည်ရသောအပြစ်သို့ရောက်ခြင်းသည်။အယုတ္တံ၊
မသင့်ပေ။ ။ဤသို့အဘိဓမ္မာဝတာရ။ ဋီ ပေ။ဃုအင်္ဂါတွင်ထာသည်စကား
ရပ်သည်လည်း။ နိဗ္ဗာန်၏ အဘာဝမဟုတ်သည်၏ အဖြစ် ဘာဝစင်စစ်
ဖြစ်သောအဖြစ်ကို ပြကြသော အဋ္ဌကထာဋီကာကျမ်း ဟူသမျှတို့ထက်
အလွန်ထင်ရှားသိသာသောယုတ္တိစကားပေဟူ၍မှတ်အပ်၏။

အပိစ၊တနည်းသော်ကား။ကိလေသက္ခယောနာမ၊ ကိလေသာကုန်ခြင်း

ဟူသောခယမည်သည်ကို။သပ္ပုရိသေဟိ၊သူတော်ကောင်းဖြစ်သူ လောကီ
ဈာန်ရပုဂ္ဂိုလ် မဂ်ပုဂ္ဂိုလ် ဖိုလ်ပုဂ္ဂိုလ်တို့သည်၊ ကရိယတိ၊ ပြုပြင်နိုင်၏။
ယထာနုရူပါ၊ယပဒိုပဗ္ဗိယာ၊ ထိုက်လျောက်ပတ်သော သမထဝိပဿနာ
ဈာန်မဂ်ဖိုလ်ဟူသောအကျင့်မြတ်ဖြင့်။ဥပ်၊ဒိယတိ၊ဖြစ်စေနိုင်၏။ နိဗ္ဗာနံပန၊
နိဗ္ဗာန်ကိုကား။ကေနစိ၊တစုံတယောက်သောသူသည်။ နဥပါဒိယတိ၊ မဖြစ်
စေနိုင်၊ဇာတိတသ္မာ၊ထိုကြောင့်၊တံ၊ထိုနိဗ္ဗာန်သည်၊အခတံ၊အမတမည်၏။အ
သင်္ခတံ၊အသင်္ခတလည်းမည်၏။ ။ဤသို့ရင်းအဘိဓမ္မာဝတာရအဋ္ဌကထာ။
ဇ်ပေ။ဃုအဂ်ါတွင်လာသော စကားသည်လည်း။နိဗ္ဗာန်၏ အသင်္ခတမည်
ခြင်းအကြောင်းကိုပြဆိုသောစကားအရပ်ရပ်တို့တွင်အလွန်ပေါ်ထင်သော
စကားပေတည်းဟု သိအပ်၏။ ။ဤပါဠိ အဋ္ဌကထာတို့၌။ အတ္ထင်္ဂတော၊
နိဗ္ဗာန်ရောက်သွားသော။သော၊ထိုရဟန္တာသည်။ ဥစ္ဆိန္နော၊ ပျက်စီးပြတ်
တောက်အချည်းနှီးသို့ရောက်သွားလေသလော။ဥဒါဟု၊ထိုသို့မဟုတ်။သော၊
ထိုနိဗ္ဗာန်ရောက်သွားလေသောသူသည်။တတ္ထ၊ ထိုနိဗ္ဗာန်၌။ သဿတိယာ၊
မြဲ၍နေသောအားဖြင့်။ အရောဂေါ၊ ရုပ်နာမ်ခန္ဓာမပျက်မစီးပကတိအတိုင်း
တည်လေသလော ဟု ဥပသိဝ ပုဏ္ဏား တဲ့တဲ့ကြီး လျှောက်ထားရာဝယ်။
အတ္ထင်္ဂတဿ၊နိဗ္ဗာန်ရောက်သွားလေသောသူအား။ပမာဏံ၊ ဘုရားပစ္စေက
ဗုဒ္ဓါသာဝကစသည်တို့ဖြင့်ခေါ်ဆိုနိုင်ကြောင်းနှင်းရှည့်ကြောင်းသည်။နတ္ထိ၊
မရှိ။ ဤသို့သာမိန့်ဆိုဖြေတော်မူသည်။ နိဗ္ဗာန်ရောက်သူတို့၏ အတ္တသည်
ထိုနိဗ္ဗာန်၌ပြတ်၍သွားသလောစသည်ဖြင့် အတ္တကိုထုတ်ဘော်၍ မေးခြင်း
ဖြေခြင်းမရှိ။ ယင်းစကားကို ဘွင့်ဆိုသောအဋ္ဌကထာ၌လည်း။ ။အယံ၊
ထိုသို့ ဥပသိဝ ပုဏ္ဏားက နိဗ္ဗာန်ရောက်သွားသူ ပျောက်၍ သွားသလော၊
ထိုနိဗ္ဗာန်၌ သဿတဖြစ်၍ နေသလောဟု မေးလျှောက်သောအခါဝယ်။
အဿ၊ထိုနိဗ္ဗာန်ရောက်သွားသောသူ၏၊အတ္ထိတာယ၊ထိုနိဗ္ဗာန်ဝယ် မကွယ်
ရုပ်နာမ် အမှန်ထင်ရှား ရှိသောအားဖြင့် ဖြေကြားခဲ့ရာ၌။ သဿတတာ၊
သဿတဖြစ်ခဲ့ရာ၏။နတ္ထိတာယ၊တစုံတရာ ဘယ်ဟာတခုမျှမရှိ ဖြေကြား
ခဲ့သော်။ဥစ္ဆေဒေါ၊ ဥစ္ဆေဒဝါဒ ဖြစ်ခဲ့ရာ၏။ တဒုဘယံ၊ ထိုနှစ်ပါးလုံးကို။
အနိစ္ဆန္တော၊အလိုတော်မရှိသည်ဖြစ်၍ဘဂဝါ၊ဘုရားသျှင်သည်။ အတ္ထင်္ဂ
တဿနပမာဏမတ္ထိတိ၊ မတ္ထိစသော စကားကို။ အာဟ၊ မိန့်တော်မူ၏။
ဟူ၍သာ ဘွင့်ဆိုတော်မူသည်။ နိဗ္ဗာန်ရောက်သူတို့၏ အတ္တပြတ်သည်
မြဲသည် စသည်နှင့် စပ်သော စကားတို့ကို ဘွင့်ဆိုသည့် အချက်မရှိ။

ထို့ကြောင့်နိဗ္ဗာန်ရောက်သူတို့၏အတ္တပြတ်သည်ဆိုမှုယူမှု ဥစ္ဆေဒဒိဋ္ဌိဖြစ်သည်မဟုတ်၊ နိဗ္ဗာန်ရောက်သူတို့အလုံးစုံပျောက်သွားပြတ်သွားလေတော့သည်ဟု ယူမှားကြလျှင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ကြရမည်ကေန်မှတ်ကြကုန်။ ။ ဤပါဠိတော်သာ။ အတ္တဂ်တသာနုပဿနာမတ္တိ စသောစကား။ နုသောပဿနာမေတိ စသော အောက်၌ညွှန်းပြအပ်ခဲ့ပြီးသော ဇာတိဂုတ် ပါဠိတော်။ ရူပသနိဒ္ဓိမုတ္တော ခေါ် မဟာရာဇ တထာဂတော ဂန္ထိရော အပ္ပမေယျော စသော ရှေး၌ညွှန်းပြအပ်ခဲ့ပြီးသော သဠာယတနသံယုတ်ပါဠိတော်။ ရူပသနိဒ္ဓိမုတ္တောခေါ်ဝစ္ဆ တထာဂတော ဂန္ထိရော အပ္ပမေယျော စသော ယခင်ညွှန်းပြအပ်ခဲ့ပြီးသောမဇ္ဈိမပဏ္ဏာသပါဠိတော်၊ ရူပသင်္ခယေဝိမုတ္တော တထာဂတောအတ္တိတိနုဥပေတိ စသော အောက်၌ ထုတ်ဆောင်အပ်ခဲ့ပြီးသော နေတ္တိပါဠိတော်စကားအလုံးစုံတို့သည်။ ယမုနေဒကေနဂင်္ဂါဒကံ သံသန္ဒန နိဗ္ဗာန်ရောက်သွား ထိုထိုနိဗ္ဗာန်၌ အပ္ပမေယျအပ္ပမာဏဂန္ထိရဖြစ်၍နေသည်ကို ပြဆိုတော် မူသော ပါဠိတော်ချည်းဟု နိသံသယ မှတ်ကြကုန်။ ။

ပုတိဗန္ဓနာဝါယ အနုပုဗ္ဗေနဘိင္ဂိတ္ဝာ အပဏ္ဏတ္တိကဘာဝူပဂမောဝိယ ဓိဏာသဝဿဥပါဒိန္နကခန္ဓဘေဒေန အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတဿ အပဏ္ဏတ္တိကဘာဝူပဂမောတိ။ ။ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာ။ ။အဖွဲ့ပုပ်ဆွေးပျက်ပြားတခြားစီမျောသွားသောပျဉ်ချင်ပျဉ်ပြားတို့၏လှေဟူသောအမည်ပညတ်မရှိခြင်းသို့ရောက်သည်နှင့်အတူ၊ ပရိနိဗ္ဗာန်ပြုပြီးသော ရဟန္တာပုဂ္ဂိုလ်၏ ဥပါဒိန္နကခန္ဓာ ပျက်ချုပ်သဖြင့် အနုပါဒိသေသနိဗ္ဗာန်၌ တည်နေသည်အခါ၊ လူဟူ၍ နတ်ဟူ၍ ပညတ်အပ်သော သဘောမရှိ။ ယင်းပညတ်အပ်သောသဘောကို လွန်၍ နေသည် ဟူလိုသတတ်၊ ။ဤခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ၌ အပဏ္ဏတ္တိကဘာဝူပဂမော ဟူသည်နှင့်။ သန္တိနုဥပေတိ၊ ဂဏာန်နုဥပေတိ၊ ဥဒ္ဒေသံနုဥပေတိ စသော ရှဋ္ဌနိဒ္ဒေသပါဠိတော်။အသင်္ချေယျောနိဗ္ဗုတောတွေ့ဝသန္တိ ဂစ္ဆတိ ဟူသော နေတ္တိပါဠိတော် စသည်တို့ကား အဓိပ္ပါယ်တချက်တည်းပင်တည်း။ ။ ခေါ်ဝေါ်ပညတ်စရာ မရှိသော အဖြစ်သို့ ရောက်သည်ဟူသော စကား, ပညတ်အပ်သည်သို့မရောက်ရေတွက်အပ်သည်အဖြစ်သို့မရောက်ဟူသော စကားတို့သည် စကားဆိုပုံပရိယာယ်သာထူးခြားသည်။ အဓိပ္ပါယ်အားဖြင့်ကား။ တသားတည်းပင် ဟူလိုသတည်း။ ။ဤပရိနိဗ္ဗုတပုဂ္ဂိုလ်တို့

ပရိနိဗ္ဗာန်ပြုပြီးသည်နောက် အလျှင်းကွယ်ပျောက်ပြတ်တောက် အချည်းနှီး အဘာဝအဖြစ်သို့ရောက်တော့သည်ဟု ဆရာကြီးဆရာငယ် ကျမ်းတတ် ကျမ်းမတတ် အရပ်ရပ် တပြည်လုံး အယူဝါဒ ပြောကြ ဆိုကြသော အရာသည်။ မင်းအဆက်ဆက် ဆရာစဉ်ဆက် ရှေးပဝေဏီကြီးအထက် ကပင် များသောအားဖြင့်ဖြစ်၍လာသောကြောင့်ရင်း။ ယင်းအရာနှင့်စင်၍ လာသော ပါဠိအဋ္ဌကထာဋီကာတို့၏ အမှန်အကန် သိနိုင်ကြမည့်အရာ အလွန်ခက်ခဲသောကြောင့်ရင်း။ ယင်းအရာနှင့်စင်၍ စကား စပ်မိတိုင်း စပ်မိတိုင်း သာဓကပါဌ် အတံအရာဆိုပြီးမှ သောတုဇနတို့ နှစ်မြို့နားလည် နိုင်ကြစရာရှိသည် ဖြစ်၍။ ရှေးထုတ်ဆို အပ်ခဲ့ပြီးသော ပါဠိ အဋ္ဌကထာ သာဓကများကို ထပ်၍ပြဆိုရသောအရာလည်းရှိသည်။ ယင်းသို့ပြဆိုရာ ပညာရှိအများ ယုံကြည်ဘွယ်ဖြစ်စေခြင်းငှါ။ အသုံးထူးသော ဂန္ထန္တရ တို့နှင့် နှီးနှော၍ ပြဦးမှ ယုတ္တာဘရဒဥ္စတရ ဖြစ်မည် ဖြစ်သောကြောင့်။ အထူးထူးသော ဂန္ထန္တရတို့ကို ထုတ်ဆိုရာဝယ်၊ ရှေ့ဆိုအပ်ပြီးသည်ကို အထပ်ထပ်ဆို၍နေသကဲ့သို့ ထင်စရာ အောက်မေ့စရာ အရာများလည်း ရှိသည်။ ရှေးဆိုအပ်ခဲ့ပြီးသောစကား၏ အလွန်အဆက်ဝေး၍ နေသော ကြောင့်။ ထိုစကားကို သတိမရမရှုမိကြသောသူတို့အား နားလည်စေလို လှ၍၊အချို့အရာ၌ထပ်မံပြဆိုရသောအရာလည်းပိုးစဉ်းရှိသည်။ထိုကြောင့် ယင်းသို့ ပုနရုတ္တိဒေါသအရာ ထင်တိုင်းထင်တိုင်း ပညာခေါင်ဘိ သတိ ဝေပုလ္လ ကျမ်းတတ်သခင် ပညာသျှင်တို့။ဘဂုဏာယောဝါယံပရာဓော ဟု အဓိဝါသနပြုတော်မူကြပါစေကုန်သတည်း။ ။သမုဒ္ဒေါပမာ ဂန္ထိ ရဂေါစရာ ကျမ်းဂန်အရာ လွန်စွာနက်နဲ ခက်ခဲလှသည်နှင့်လျော်စွာ။ ရဟန္တာသော် မှလည်း လေခယွင်းယိုရှိတတ်ချေ၏ဟု ဥဒါန်းပြုကြသည်အတိုင်း။ နိဗ္ဗာန် အခြင်းအရာ နိဗ္ဗာန်ရောက်သူပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ အခြင်းအရာမှတပါး။ လိုရင်းမဟုတ်လှသော ဝစနာလင်္ကာရအရာများတို့၌ ပမာဒလေခ ဒုရုတ္တ ဝစနအရာ စဉ်းငယ်ထင်တော် မူလာကြ၍ ရှိလျှင်လည်း။ အနုတိက္ကမန သဘာဝေါ သမ္မောဟသောဝါယံဒေါသော ဟုံ အဓွှုပေက္ခနပြုတော်မူနိုင် ကြပါစေကုန်သတည်း။ ။

ဒိဗျံသုခံဥပလဗ္ဘာဘိ ဒိဗျသသုခသပဒိုသံဝေဒိဥပလဗ္ဘတိဘိ နဟောဝံ ဝတ္တဗ္ဗေ့ ဟူ၍ လာသော ကထာဝတ္ထု ပါဠိတော်ဝယ်၊ နတ်ချမ်းသာသာ ရှိသည်။နတ်ချမ်းသာကိုခံစားရသောသူကားမရှိဆိုသောအချက်၌။ပရမတ္ထ

သဘောအားဖြင့်လူနတ်ပုဂ္ဂိုလ်သတ္တဝါဟူသည်ထင်ရှားမရှိသည်ကိုရည်၍ ဟောတော်မူသည်။ ခံစားခြင်းဝေဒနာမရှိ ဆိုလိုသည်မဟုတ်။ ။ဝုဂ္ဂလ ဝသေနသကဝါဒီပဋိက္ခိပေါပေဒီတဗ္ဗော၊ နဝေဒယိတဝသေန။ ။၎င်းအဋ္ဌကထာကိုထောက်၊ ။ဒိဗ္ဗံသုခံ ဥပလဗ္ဘတိ ဒိဗ္ဗသဿသုခဿပဋိသံဝေဒီ ဥပလဗ္ဘတိတိ အာမန္တာ ဟု လာပြန်သော ၎င်းကထာဝတ္ထု ပါဠိတော်၌၊ နတ်ချမ်းသာလည်းရှိ၏, နတ်ချမ်းသာကို စံစားရသော သူလည်းရှိ၏,ဟု မိန့်ဆိုတော်မူသော အချက်၌။ သမ္မုတိပညတ်အားဖြင့် ပုဂ္ဂိုလ်သတ္တဝါ ရှိသည်အဖြစ်ကို ရည်၍ မိန့်တော်မူသဘည်း။ ။မာနုဿကဿသုခဿ ပဋိသံဝေဒီဥပလဗ္ဘတိတိအာမန္တာဟူသောအချက်၌လည်း၌နည်းအတူပင်။ သမ္မုတိပညတ်အားဖြင့် လူချမ်းသာကိုခံစားရသောသူရှိ၏ဟူသောအနက်ကို ရည်တော်မူ၍ပင် ဟောတော်မူသည်။ ။နိဗ္ဗာနံဥပလဗ္ဘတိ နိဗ္ဗာနဿ ပဋိသံဝေဒီဥပလဗ္ဘတိတိ နဟေဝံဝတ္တဗ္ဗေ ဟူသော ၎င်းကထာဝတ္ထု ပါဠိတော်ဖြင့်၊ နိဗ္ဗာန်သာရှိသည်၊ နိဗ္ဗာန်ကိုခံစားရသောသူမရှိဟုဟောတော်မူရာ၌။ ပရမတ္ထသဘောအားဖြင့် လည်းကောင်း သမ္မုတိပညတ်အရာအားဖြင့်လည်းကောင်း နိဗ္ဗာန်ကို ခံစားရသောသူ ဟူသည် မရှိဟူ၍ ဟောတော်မူသည်မှတ်၊ အဘယ်ကြောင့်နည်းဟူမူကား။နိဗ္ဗာန်သို့ရောက်၍ နေသော ရူပသင်္ခါရမှတ္တ ဝေဒနာသင်္ခါရမှတ္တ သညာသင်္ခါရမှတ္တ သင်္ခါရသင်္ခါရမှတ္တ ဝိညာဏသင်္ခါရမှတ္တ ပရိနိဗ္ဗုတခီဏာသဝ အသျှင်တို့အား။ယင်းရုပ်ဝေဒနာသညာသင်္ခါရဝိညာဏ်တို့မှ လွတ်နေသည်ဖြစ်၍ ပရမတ္ထအားဖြင့်လည်း နိဗ္ဗာန်ကို ခံစားရသူရှိသည် မဆိုထိုက်။ ထိုသို့ ရုပ်ဝေဒနာစသည်မရှိသည်ဖြစ်၍ ယင်းရုပ်ဝေဒနာစသည်ကို စွဲ၍ဖြစ်သော လူနတ်စသောပညတ်မျိုးမှလည်းလွတ်၍နေသောကြောင့်။ သမ္မုတိပညတ် အရာအားဖြင့်လည်း နိဗ္ဗာန်ကို ခံစားရသူ ရှိသည်ဟူ၍ မဆိုထိုက်သော ကြောင့်တည်း။ ယင်းသို့ဖြစ်လျှင် ယင်းနိဗ္ဗာန်ကို ခံစားရသူ မရှိရကား။ ယင်းနိဗ္ဗာန်ဖြင့် ယင်းနိဗ္ဗာန်ရောက်သူ ဝေနေယျတို့အားအဘယ်အကျိုးရှိပါ တော့အံ့နည်းဟူငြားအံ့၊ အကျိုးအနန္တအသင်္ချေယျ ရှိလှတော့သည်ကေန် မှတ်ကြအပ်၏။ အဘယ်ကြောင့် နည်းဟူမူကား၊ ယင်းသို့ပရမတ္ထနည်း ပညတ်နည်းနှစ်ပါးတို့ဖြင့်သာ ယင်းနိဗ္ဗာန်ကို မခံစားရသည်။ ယင်းနည်း နှစ်ပါးတို့မှအလွတ် ရူပါဒိသင်္ခါရမှတ္တ ခီဏာသဝ ပရိနိဗ္ဗုတ အသျှင်၏ အဖြစ်ဖြင့်၊ယင်းနိဗ္ဗာန်ချမ်းသာကိုခံစား၍နေရသည်ကေန်ဖြစ်သောကြောင့်

တည့်။ယင်းပရိနိဗ္ဗုတပုဂ္ဂိုလ်ဟူသည် ပရိနိဗ္ဗာန်ပြုကတည်းကပင် အလုံးစုံ ပြတ်တောက် ဥစ္ဆိန္နအဖြစ်သို့ရောက်၍သွားပြီမဟုတ်ပါလော၊ယင်းသို့ဥစ္ဆိန္န အဘာဝသို့ ရောက်လေပြီးသော သူအား။ အဘယ်သို့လျှင် ယင်းနိဗ္ဗာန် ချမ်းသာကို ခံစားရသည် ဆိုနိုင်ပါအံ့နည်း ဟူငြားအံ့။ ယင်းသို့ နိဗ္ဗာန်၌ တည်ရောက်၍နေသော ပရိနိဗ္ဗုတအသျှင်တို့ ဥစ္ဆိန္နအဘာဝ အဖြစ်သို့ ရောက်၍ မသွားကြေန် ဖြစ်သောကြောင့်တည်း။ ၎င်းအကြောင်းများကို ယုံကြည်လောက်သော အထောက်သာဓကပါဠိတော်များစွာ အဋ္ဌကထာ ဋီကာအစောင်စောင်တို့ဖြင့် အောက်၌အတန်တန် ထုတ်ပြအပ်ခဲ့ပြီးသည် ဖြစ်၍ ပုနရုတ္တိ ဒေါသ အခါခါ ရောက်မည်ကြောင့်။ ဤ၌ တဘန် အကျယ် မဝေဘန်။အကျဉ်းအားဖြင့်သော်ကား။ ။နသောပမာဏမေတိတိ၊နသော ပမာဏမေတိဟူသော ဣတိဝုတ်ပါဠိတော်၌။ ပမာဏကရာနံ၊ နှိုင်းရှည့် စရာကိုပြုတတ်ကုန်သော။ ဘဝါနံ၊ ရုပ်နာမ်ခန္ဓာဟူသောဘဝတို့၏။အတ္ထံ၊ ချုပ်ခြင်းသို့။ဝါ၊တဘန်မဖြစ်နိုင်ခြင်းသို့။ ဂတော၊ရောက်သွားလေပြီးသော။ သောအရဟာ၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ သီလေနဝါ၊သီလအားဖြင့်လည်း ကောင်း။ သမာဓိနာဝါ၊ သမာဓိအားဖြင့်လည်းကောင်း။ ပညာယဝါ၊ပညာ အားဖြင့်လည်းကောင်း။ ကေနစိ၊ တစုံတယောက် ပရိနိဗ္ဗုတ မဟုတ် သေးသောသူနှင့်။ပမိဏိတုံ၊နှိုင်းရှည့်ခြင်းငှါ။ အသက္ကုဏေယျော၊ မတတ် စကောင်း။ အထဝါ၊ တနည်းကား။အနုပါဒိသေသနိဗ္ဗာနသင်္ခါတံ၊ အနုပါဒိ သေသနိဗ္ဗာန်ဟုဆိုအပ်သော။အတ္ထံ၊နိဗ္ဗာန်သို့၊ ဂတော၊ ရောက်သွားသော။ သောအရဟာ၊ထိုပရိနိဗ္ဗုတရဟန္တာအသျှင်သည်။ ဣမာယနာမဂတိယာ၊ ဤမည်သောလူနတ်ဘဝစသောဂတိ၌။ ဌိတော၊ တည်၍နေ၏။ ဝေါတ္တနှ၊ အမျိုးအနွယ်အားဖြင့်။ဤဒိသော၊ဤသို့သဘောရှိ၏။ဣတိ၊ဤသို့။ ပမိဏိတုံ၊ နှိုင်းရှည့်ခြင်းငှါ။ အသက္ကုဏေယျော၊ မတတ်နိုင်စကောင်း။ ။ဤသို့ လာသောဣတိဝုတ်အဋ္ဌကထာ။ ။အတ္ထင်္ဂတဿ၊နိဗ္ဗာန်သို့ရောက်သွားသော ပုဂ္ဂိုလ်အား။ ယေန၊ အကြင်ရုပ်ဝေဒနာအစရှိသည်ကြောင့်။ ဘဂဝါဒိနာ၊ ဘုရားအစရှိသောအားဖြင့်။ ဝဇ္ဇံ-ဝဒေယျုံ၊ ဆိုကုန်ရာ၏။ ။နိဒ္ဒေသဘွင့် အတိုင်းအနက်။ ။တံ၊ ထိုဘုရားစသည့် ခေါ်ဝေါ်ကြောင်း ဖြစ်သော ရုပ်ဝေဒနာစသောပမာဏသည်။ နတ္ထိ၊မရှိ။ ။ဤသို့စသည်ဖြင့်လာသော စူဠနိဒ္ဒေသပါဠိတော်စသော စကားတို့သည်။ ယင်းနိဗ္ဗာန်၌တည်ရောက်၍ နေသူ ပရိနိဗ္ဗုတအသျှင်တို့၏ အသုံးစုံကွယ်ပျောက် ရိတ္တတုစ္ဆအဘာဝ

အဖြစ်သို့ရောက်၍မသွားသည်ကို ပြဆိုရာ၌ အလွန်သိသာထင်ရှားသော ပါဠိတော်အဋ္ဌကထာဋီကာတို့တည်း။ ။၎င်းတို့၏ ပါဠိပါဠိအစဉ်အဓိပ္ပါယ်များကို။ ဤထက်အကျယ်အသေအချာသိလိုကြလျှင်။ယခင်အောက်စကားကိုလည်း၍ရှုကြလေဦး။ ။

ယင်းသို့အတန်တန်ထုတ်ပြအပ်ခဲ့ပြီးသော ပါဠိတော်များစွာအဋ္ဌကထာ ဋီကာ အချပ်ရပ် တို့ကို ထောက်ထားသဖြင့်။ နိဗ္ဗာန်ရောက်သွားကြသူ ပရိနိဗ္ဗုတအသျှင်တို့အလုံးစုံကွယ်ပျောက်ပြတ်တောက်အချည်းနှီးအဘာဝ အဖြစ်သို့မရောက်မသွားသည်ကို ကေန်သိသင့်သိထိုက်လျက်။ ယင်းပါဠိ အဋ္ဌကထာ ဋီကာတို့၏ အနက်အဓိပ္ပါယ် အလွန်ကွယ်ဝှက်သည်ဖြစ်၍။ ဆရာစဉ်ဆက် နက်နက်စိစိ မိမိကြီးမကြံမိ သတိမရကြသည်အတွက်။ နိဗ္ဗာန်ရောက်သူတို့ အလုံးစုံကွယ်ပျောက်ပြတ်တောက် ရိတ္တတုစ္ဆအဘာဝ အဖြစ်သို့ ရောက်သွားကြလေတော့သည်ဟု အပြောအဆို အလွန်များ၍ နေကြရာ။ ဆရာတို့ငယ်ရွယ်စဉ် ပဋ္ဌင်းပျိုဖြစ်တုန်းအခါ။ပညာနက်နဲတော်မူလှသောကျမ်းတတ်ခေါင်ထိကဝိအကျော်ခင်မကန်ဆရာတော်ဘုရားကြီးက။နိဗ္ဗာန်ရောက်သူ ဘုရားပစ္စေကဗုဒ္ဓါသာဝကဟူသမျှတို့ကိုပျောက်ပျက်လျော့ပါး ကုန်သွားလေသည် မဆိုသင့်ကြောင်းနှင့် အထက် နတ်ရွာစံ မင်းတရားကြီးအား မိန့်ကြားတော်မူရာ။ ၎င်းမင်းတရားကြီးအလွန်သဘောကျကြောင်း ကြိုက်နှစ်သက်တော် မူလှကြောင်းနှင့်။ ကျမ်းတတ်ခေါင်ထိ ကဝိအကျော် တောင်သာအဘိုးသူတော်ကြီးပြောကြားဘူးသည်အတိုင်း။ ဆရာလည်း ၎င်းဆိုအပ်ခဲ့ပြီးသော ပါဠိအဋ္ဌကထာ ဋီကာအချပ်ရပ်တို့ကို နှံ့စပ်အောင် အထပ်ထပ်ကြည့်ရှုပြီးခါ။ ကာလရှည်ကြာ နှစ်လများစွာ စိန္တာနုစိန္တနပြုသဖြင့်သဘောလှလှကြီးကျသည်အခါမှ။ယခင်ငယ်စဉ်အခါ တောင်သာဆရာကြီး ပြောကြားဘူးသည် အတိုင်း။ အထက်နတ်ရွာစံ မင်းတရားကြီးအား ခင်မကန်ဆရာတော်ဘုရား မိန့်ကြားဘူးသည်ဆိုသော စကားကို အထူးယုံကြည်သင့်လှပေတော့သည်။ ၎င်းဆရာတော် ဘုရားကြီးလည်း၎င်းဆိုအပ်ခဲ့ပြီးသောပါဠိတော်အဋ္ဌကထာဋီကာတို့ကိုသေချာစွာ သဘောထိထိ မိမိရရ ကြံစည်တော်မူမိသည်အတိုင်း မိန့်တော်မူသည် ဖြစ်ပေလိမ့်မည်ဟု ယခုကြီးပြင်းအိုမင်းသည့်အခါမှ ၎င်းဆရာတော်ဘုရား ကြီး၏အလွန်နက်နဲသောဉာဏ်သွားကိုအထူးအားဖြင့်ထပ်မံကြည်ညိုရပြန် ပေသတည်း။ ။(ဤကား ဂန္ဓာရဂန္ဓာရကျမ်းဂနိနည်းမှတပါး ဆရာနည်း

အားဖြင့်လည်း သူအများတို့ ကိုးစားယုံကြည်ဘွယ်ရာ ညွှန်းပြအပ်သော
အာစရိယလဒ္ဓေါပဒေသနယအဖွင့်စကားချပ်)။ ။

ဆက်ဦးအံ့။ယင်းဆိုအပ်ခဲ့ပြီးသည့်အတိုင်းနိဗ္ဗာန်၌မပျောက်မပျက်အမြဲ
တည်နေကြရသော ပရိနိဗ္ဗုတဘုရားရဟန္တာတို့ ထိုနိဗ္ဗာန်၌ သုခဝေဒနာ
ဟူသော နာမ်တရားလည်းမရှိဘဲလျက် အဘယ်သို့ချမ်းသာကိုခံစား၍နေပါ
သနည်း။ သုခဝေဒနာရှိမှသာ မိမိချမ်းသာသည်ကို ချမ်းသာမှန်းသိရသော
စိတ်ရှိမှသာ ချမ်းသာကို ခံစားရသည်ဆိုကောင်းပါသည်မဟုတ်တုံလော
ဟူပြန်ငြားအံ့၊ မဟုတ်။ အဘယ်ကြောင့်နည်း ဟူမူကား။နိရောဓသမာပတ်
ချမ်းသာကိုခံစားခြင်းအကျိုးငှါ နိရောဓသမာပတ်ကိုဝင်စား၍နေကြသော
အနာဂါမ် ရဟန္တာအသျှင်တို့ ထိုဝင်စားစဉ် ခုနစ်ရက်အတွင်း၌ စိတ်
စေတသိက်လုံးလုံး မရှိသဖြင့် သုခဝေဒနာမရှိဘဲလျက်ပင် မိမိချမ်းသာ
သည်ကို ချမ်းသာမှန်းမသိဘဲလျက်ပင် အလွန်ချမ်းသာ၍ နေတော်မူကြ
ရသည့်အရာကို ထောက်စရာကောင်းကောင်းကြီး ရှိသောကြောင့်တည်း။
အိပ်ခင်းနေရာ နူးညံ့စွာ၌ အိပ်ပျော်ခိုက်ယောကျ်ား ယင်းသို့အိပ်ကြူးစဉ်
ဘဝင်ကျတုန်းအခါ။ မိမိအိပ်ပျော်ရခြင်း ချမ်းသာကို မသိဘဲလျက်ပင်
ယင်းအိပ်ပျော်ရခြင်းချမ်းသာကို လွန်စွာတောင့်တ၍ သူငါကစ လူဟူသမျှ
အခါခါအိပ်ပျော်လိုကြအိပ်ချင်ကြသည်ကိုလည်း ထောက်ကြကုန်။ ။
ဤကား လောကူပမာမျှတည်း။ ။မိမိချမ်းသာသည်ကို ချမ်းသာမှန်းသိ
သဖြင့် အလွန်နှစ်သက်ခြင်းပီတိနှင့်ယှဉ်သော တတိယဈာန်သုခထက်ပင်
ပီတိနှင့်မယှဉ်သောစတုတ္ထဈာန်သုခချမ်းသာလှသည်ဟု စတုတ္ထဈာန်ချမ်း
သာကိုရအောင်အားထုတ်ခြင်း၊ ရပြီးသည့်အခါ အကြိမ်ကြိမ်ဝင်စား၍
နေကြခြင်းအရာများကိုလည်းကောင်း၊သုခဝေဒနာရှိသောစတုတ္ထဈာန်ချမ်း
သာထက်ပင်သုခဝေဒနာမရှိသောပဉ္စမဈာန်ချမ်းသာသည်အလွန်ချမ်းသာ
သေးသည်ဟုပဉ္စမဈာန်တိုင်အောင်ဈာန်ဝင်စား၍နေတော်မူကြသော ဈာန
လာဘီသခင်ဖလသမာပတ္တိပုဂ္ဂိုလ်အသျှင်တို့ကိုလည်းကောင်း၊ထောက်ကြ
ကုန်။ ။ဤကားသာသနူပမာတည်း။ ။ထို့ကြောင့် သုခဝေဒနာဖြစ်မှသာ
ချမ်းသာသည်မမှတ်အပ်။သုခဝေဒနာရှိသည်ထက်ပင် ဥပေက္ခာဝေဒနာနှင့်
ယှဉ်သည်အခိုက် အလွန်ချမ်းသာသည်ဟုသိကြကုန်။ ။ဥပေက္ခာပိစေတ္ထ
သုခမိစ္စေဝ ဝေဒိတဗ္ဗာ။တထာဟိဝုတ္တံ သမ္မောဟဝိနောဒနိယံ ဥပေက္ခာပန
သန္တတ္တာ၊သုခမိစ္စေဝ ဘာသိတာတိ။ ။ဧတ္ထ၊ဤအခုဟတ္တပလစတုတ္ထဈာန

ဝိမုတ္တိသုခဟူရာ၌။ ဥပေက္ခာပိစ။ ဥပေက္ခာကိုပင်လျှင်။ သုခမိစ္စေဝ၊ သုခဟူ၍ သာလျှင်။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ တထာဟိ၊ ထိုကြောင့်ပင်လျှင်။ သမ္မောဟ ဝိနောဒနိယံ၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌။ ဥပေက္ခာပန သန္တတ္တာ, သုခမိစ္စေဝဘာသိတာတိ၊ ဘာသိတာဟူ၍၊ ဝုတ္တံ၊ မိန့်တော်မူအပ်ပြီ။ ။ (ဤသို့လာသော တေရသကဏ် ဋီကာ၌လည်း သမ္မော အဋ္ဌကထာကို သာဓကပြု၍ ဥပေက္ခာ ဝေဒနာကိုပင် သုခဝေဒနာ အရာ၌ မိန့်အပ် သည်မှတ်)။ ။ဥပေက္ခာပန၊ ဥပေက္ခာကိုကား။ သန္တတ္တာ၊ ငြိမ်သက်လှသောကြောင့်။ သုခမိစ္စေဝ၊ သုခဟူ၍သာလျှင်။ ဘာသိတာ၊ ဟောတော်မူအပ်ပြီ၊ ။ဤကားသာဓကအဋ္ဌကထာ၏အနက်။

ထိုကြောင့် သုခဝေဒနာထက်ဥပေက္ခာဝေဒနာချမ်းသာသည်၏အဖြစ်။ ဥပေက္ခာဝေဒနာထက် ဘယ်ဝေဒနာတခုမျှမရှိဘဲလျက် ခနစ်ရက်ပတ်လုံး နိရောဓသမာပတ်ကို ဝင်စား၍နေရသောချမ်းသာ၏ အလွန်ချမ်းသာသည် ၏အဖြစ်ကိုလည်းကောင်း။ ထိုခုနစ်ရက်နာမ်တရားသာမရှိ၍ရုပ်တရားရှိသေး သောချမ်းသာထက်ဘယ်သည့်ကာလမျှရုပ်နာမ်မရှိပကတိအမြဲချမ်းသာ၍ နေရသော ရူပါဒိသင်္ခါရဝိမုတ္တ ပရိနိဗ္ဗုတ အသျှင်တို့၏ အတုမရှိအလွန် ချမ်းသာ၍နေတော်မူကြရသည့်၏အဖြစ်ကိုလည်းကောင်း၊ နှစ်နှစ်နယ်နယ် သဘောကျကြကုန်သဖြင့်။ နိဗ္ဗာနသုခတောအညံ့ဥတ္တရိတရံသုခံနာမနတ္ထိ။ ယခင်အောက်၌ညွှန်းပြအပ်ခဲ့ပြီးသောအဋ္ဌကထာ။ အောက်၌ညွှန်းပြအပ်ခဲ့ ပြီးသော၊ နိဗ္ဗာနံပရမံသုခံ စသော ပါဠိတော်။ ပဏ္ဍာနံအစလံသုခံ စသော ပါဠိတော်မြတ်အတိုင်းအထူးယုံကြည်ကြကုန်သည်ဖြစ်၍။ ယင်းသို့အနုတ္တရသုခ, ပရမသုခ, အစလသုခ, ဖြစ်သော နိဗ္ဗာနသုခဖြင့် အတုမရှိချမ်းသာ ရ၍နေသော ပရိနိဗ္ဗုတ အသျှင်အဖြစ်သို့ မြန်မြန်ကြီးရောက်ကြရအောင် များများကြီး ကြံဆောင်ကြိုးကုတ် အားထုတ်သင့်လှတော့၏။ အားထုတ် နိုင်ကြပါစေကုန်သတည်း။

ဆက်ဦးအံ့။ ယင်းသို့ အောက်၌ ပြဆိုအပ်ခဲ့ကုန်ပြီးသောနည်းဖြင့်။ သဠာယတနသံယုတ် ကောသလရာဇပုစ္ဆာ။ မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဝစ္ဆပရိဗိုဇ်ပုစ္ဆာ။ နသော ပမာဏမေတိ စသော ဇာတ်ဝတ် ပါဠိတော် ၎င်းအဋ္ဌကထာ စသည်တို့ လာရှိသည့်အတိုင်း။ နိဗ္ဗာန်၌ တည်ရောက်၍ နေသော ရူပါဒိသင်္ခါရဝိမုတ္တပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ ထိုမိမိတို့၏တည်နေရာ နိဗ္ဗာန်၌ အတ္တိနတ္တိစသည်ဖြင့်ဆိုနိုင်စရာမရှိ၊ ဒိဋ္ဌိအဇ္ဈာသယအရာအားဖြင့်

လည်းကောင်း။ အဘယ်မျှလောက်ဂုဏ်ရှိမည်ဟုဆိုနိုင်စရာမရှိ၊ ဂုဏ်အရာ
အားဖြင့် လည်းကောင်း။ ဂမ္ဘီရ အပ္ပမေယျ ဖြစ်၍နေခဲ့သည် ဟူသော်။
ထိုပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့ အခြင်းအရာကို ဘုရားသျှင်တို့မှ မပိုင်းခြားနိုင်
မသိနိုင်အောင် ဂမ္ဘီရ အပ္ပမေယျ ဖြစ်နေသလော ဟူငြားအံ့။ ယံအတ္ထိ
တံဝေနေယျာနံအပ္ပမေယျမ္ပိ ဗုဒ္ဓါနံပနပမေယျံ၊ နေတ္တိအဒ္ဓကထာနှင့်အညီ။
ယာဝတ္တကံဉေယျံ၊ တာဝတ္တကံဉာဏံ။ ယာဝတ္တကံဉာဏံ၊ တာဝတ္တကံ
ဉေယျံ ဟူသော ပဋိသမ္ဘိဒါမဂ်ပါဠိတော်အတိုင်း ဘုရားသျှင်တို့အားကား
ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ အခြင်းအရာအလုံးစုံကို ပြဲ့ပြဲ့ထင်ထင်မြင်သည်
သာဟူ၍မှတ်။ ။ဘုရားသျှင်တို့မှတပါးအခြားသူတို့အရာကားမဟုတ်သည်
စင်စစ်ဟူ၍လည်းမှတ်။ ။ဤကိုရည်တော်မူ၍ ဝိသုဒ္ဓိမဂ်မဟာဋီကာ၌။ ။
ဆိန္နဝဋုမကာပန သဗ္ဗေဝ အနုပါဒိသေသာယနိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတာ။
တေသံအနုဿရဏံနာမတေသံပဋိပတ္တိယာအနုဿရဏံ။ သာပနပဋိပတ္တိ
သင်္ခေပတော ဆဠ္ဌာရမ္မဏဂဟဏလက္ခဏာတိ တာနိ ရူပပရိဉ္ဉာဏ
ဝိညာတဂဟဏေနဂဟိတာနိ။တေပနေတေသမ္မာသမ္ဗုဒ္ဓါနံယေဝဝိသယော
နအညေသန္တိ အာဟဗုဒ္ဓါနံယေဝလဗ္ဘန္တီတိ။နဟိအတီတေဗုဒ္ဓါဘဂဝန္တော
ဧဝံဝိပဿိံသု၊ ဧဝံမဂ္ဂံဘာဝေသုံ၊ ဧဝံဖလနိဗ္ဗာနာနိ သစ္ဆာကံသု၊ ဧဝံ
ဝေနေယျေဝိနေသုန္တိ ဧတ္ထသဗ္ဗဒါ အညေသံ ဉာဏဿ ဂတိအတ္ထိဘိ-ဟု
မိန့်ပြီ။ ။၁ဝ်ပေ။နှုချပ်။ ။ပန၊ဆိန္နဝဋုမကပုဂ္ဂိုလ်သရုပ်ကိုထုတ်ပြဦးအံ့။
သဗ္ဗေဝ၊အလုံးစုံသာလျှင်ဖြစ်ကုန်သော။အနုပါဒိသေသာယနိဗ္ဗာနဓာတုယာ၊
အနုပါဒိသေသ အသင်္ခတဓာတ် နိဗ္ဗာန်ဖြင့်၊ ပရိနိဗ္ဗုတာ၊ နိဗ္ဗာန်စံ၍နေကြ
ကုန်သောပုဂ္ဂိုလ်တို့သည်။ဆိန္နဝဋုမကာ၊ ပြတ်ပြီးသောသံသရာဝဋ်ခရီးခဲ
ရှိသူတို့မည်ကုန်၏၊ တေသံ၊ ထိုပြတ်ပြီးသော ဝဋ်ဆင်းရဲ ရှိကုန်သော
ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့ကို။အနုဿရဏံနာမ၊အောက်မေ့ခြင်းမည်သည်ကား။
တေသံ၊ ထိုဆိန္နဝဋုမက ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့၏၊ ပဋိပတ္တိယာ၊ အကျင့်
ပဋိပတ်ကို။ဝါ၊ဖြစ်ဟန်အခြင်းအရာကို။အနုဿရဏံ၊အောက်မေ့ခြင်းတည်း။
သာပနပဋိပတ္တိ၊ ထိုပဋိပတ္တိသည်ကား။ သင်္ခေပတော၊ အကျဉ်းအားဖြင့်၊
ဆဠ္ဌာရမ္မဏ ဂဟဏ လက္ခဏာ၊ အာရုံ ခြောက်ပါးလျှင် မှတ်ကြောင်း
လက္ခဏာရှိ၏၊ ဣတိ၊ထိုကြောင့်၊ တာနိ၊ ထိုအာရုံခြောက်ပါးတို့ကို။ ရူပ၊
ဤပုဗ္ဗေနိဝါသာနုဿတိဉာဏ်အရာ၌။ ပရိဉ္ဉာဏ ဝိညာတ ဂဟဏေန၊
ပရိဉ္ဉာဏဝိညာတသဒ္ဒါဖြင့်။ ဂဟိတာနိ၊ ယူအပ်ကုန်၏။ တေပနေတေ၊

ထိုပရိနိဗ္ဗုတဆိန္နဝဋုမကပုဂ္ဂိုလ်တို့၏ ဖြစ်နေပုံ အာရုံခြောက်ပါးတို့သည်။ သမ္မာသမ္ဗုဒ္ဓါနံယေဝ၊ ဘုရားသျှင်တို့၏သာလျှင်။ ဝိသယော၊အရာတည်း။ နအညေသံ၊ ဘုရားမှတပါး အခြားသူတို့အရာမဟုတ်။ ဣတိ၊ ထိုကြောင့်။ ဗုဒ္ဓါနံယေဝ လဗ္ဘန္တီတိ၊ ဟူ၍။ အာဟ၊ အဋ္ဌကထာဆရာအသျှင်မဟာဗုဒ္ဓဃောသမိန့်တော်မူ၏။ ။ဟိ၊မှန်၏၊ အတီတေ၊လွန်လေပြီးသောကာလ၌။ ဘဂဝန္တော ဗုဒ္ဓါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားသျှင်တို့သည်။ ဧဝံ၊ဤသို့၊ ဝိပဿိံသု၊ဝိပဿနာစီးဖြန်းကြကုန်၏။ ဧဝံ၊ဤသို့သောအခြင်းအရာအားဖြင့်။ မဂ္ဂံ၊မဂ်လေးတန်ကို။ ဘာဝေသုံ၊ ပွါးကုန်ဖြစ်စေကြကုန်၏၊ ဧဝံ၊ ဤသို့သောနည်း ဤသို့သောအခြင်းအရာ အာကာရဖြင့်။ ဖလနိဗ္ဗာနာနိ၊အရိယဖိုလ်နိဗ္ဗာန်တို့ကို။ သစ္ဆိကာကံသု၊မျက်မှောက်ပြုတော်မူကြကုန်၏၊ ဧဝံ၊ ဤသို့သောဥဒ္ဒေသနိဒ္ဒေသစသောအားဖြင့်။ ဝေနေယျေ၊ ဝေနေယျတို့ကို။ဝိနေသုံ၊ဘုရားမြွက်ဟ ဆုံးမဟောကြားတော်မူကြကုန်၏။ ဣတိဧတ္တ၊ ဤသို့ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ ဝိပဿနာစီးဖြန်းပုံမှစ၍ နိဗ္ဗာန်မျက်မှောက် ဝင်ရောက်၍နေသည်တိုင်အောင် ဖြစ်ပုံပျက်ပုံ အလုံးစုံအခြင်းအရာကို ဆင်ခြင်သည့်အရာ၌။ သဗ္ဗဒါ၊အချင်းခပ်သိမ်း။အညေသံ၊ဘုရားမှတပါးသော ပစ္စေကဗုဒ္ဓါသာဝကစသည်တို့၏၊ ဉာဏဿ၊ဉာဏ်၏၊ ဂတိ၊ ရောက်နိုင်ရာသည်။ နအတ္ထိ၊ မဖြစ်နိုင်။ ။ဤကား ဝင်းဝိသုဒ္ဓိမဂ်ဋီကာယောဇနာ။ ။ဆိန္နဝဋုမကာနုဿရဏာဒိသုတေဗုဒ္ဓါနံယေဝလဗ္ဘန္တိ။ မဟာနိဒ္ဒေသ အဋ္ဌကထာ၊ ။အဋ္ဌသာလိနီမှာလည်း ဝင်းနည်း။ ။ဤသို့လာသောအဋ္ဌကထာဋီကာတို့၌ ဆိန္နဝဋုမကဟုဆိုအပ်သော ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏နိဗ္ဗာန်၌တည်ရောက်၍နေကြပုံအခြင်းအရာတို့ကို ဘုရားသျှင်တို့သာသိနိုင်ရာ၏။ သူတပါးတို့အရာမဟုတ်ဟူသောအချက်ဝယ်။ဧဝံဖလနိဗ္ဗာနာနိသစ္ဆိကာကံသု ပါဠိဖြင့်။ ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်တို့နိဗ္ဗာန်မစံသေးခင်ဖြစ်ပုံအခြင်းအရာ၊နိဗ္ဗာန်စံသည်အခါ ထိုနိဗ္ဗာန်၌စံနေပုံအခြင်းအရာတို့ကို ဘုရားသျှင်တို့သာသိနိုင်ရာသည်ဟု နိဗဒ္ဓပြတော်မူသည်။ ။ထိုကြောင့်။ ရူပသင်္ခါဝိမုတ္တောခေါ မဟာရာဇ တထာဂတော ဂမ္ဘီရော ဟု လာသော သဠာယတနသံယုတ်ပါဠိတော် စသည်တို့၌။ နိဗ္ဗာန်ဝယ် တည်ရောက်၍နေသော ပရိနိဗ္ဗုတရူပါဒိသင်္ခါဝိမုတ္တအသျှင်တို့၏ဂမ္ဘီရအပ္ပမေယျအဖြစ်ကို ဟောတော်မူရာဝယ်၊ ဘုရားသျှင်မှ တပါးသောသူတို့၏အရာမဟုတ်သည်ကိုရည်၍ဟောတော်မူသည်။ ဝိနည်းမဟာဝါပါဠိတော်စသည်တို့၌။

ဂန္ဓိရုံဒုဗ္ဗသံအသုံ စသည်ဖြင့် နိဗ္ဗာန်၏ဂန္ဓိရအဖြစ်ကို ဟောတော်မူရာ၌ကား။ ပုထုဇန်တို့သာ သိမြင်နိုင်ရာမဟုတ်သည်ကိုရည်၍ ဟောတော်မူသည်ဟုသေသေချာချာကွဲကွဲပြားပြားမှတ်ကြကုန်။ ထိုနိဗ္ဗာန်တရားတော်မြတ်၏ ဂန္ဓိရအဖြစ်ကိုဟောတော်မူရာဝယ်၊ ထိုနိဗ္ဗာန်၏အဘာဝမဟုတ်သည့်အဖြစ်ကို ဆိုအပ်ခဲ့ပြီးသော ပါဠိတော်အဋ္ဌကထာဋီကာတို့ဖြင့် ကောင်းစွာ ယုံကြည်အပ်သကဲ့သို့၊ ထိုဂန္ဓိရဖြစ်သော နိဗ္ဗာန်၌ ဂန္ဓိရဖြစ်၍နေသော ရူပါဒိသင်္ခါရစိရတ္တပရိနိဗ္ဗုတပုဂ္ဂလတို့၏လည်းအဘာဝဟုမဆိုသင့်သည်၏ အဖြစ်ကို ဆိုအပ်ခဲ့ပြီးသော ပါဠိအဋ္ဌကထာဋီကာများစွာတို့ကို ထောက်သဖြင့် ကောင်းစွာယုံကြည်ကြအပ်၏။ ယင်းသို့ ယုံကြည်သဖြင့်သည်း အလွန်နက်နဲလှသောဘေးပေါင်းကင်းစင်ရန်မျိုးကြဉ်ရသည့်ပရိနိဗ္ဗုတပုဂ္ဂလအဖြစ်သို့ လျင်မြန်စွာရောက်ကြရအောင် ဒါန သီလ ဘာဝနာ ကုသိုလ်တရားကို ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။ ။

နယိဒံ သီလဝတ မာရဗ္ဘ၊ နယိဒံ အပ္ပေန ထာမသာ။
နိဗ္ဗာနံ အဓိဂန္တဗ္ဗံ၊ သဗ္ဗဂန္ထပ္ပမောစနံ။ ။

သဗ္ဗဂန္ထပ္ပမောစနံ၊ အလုံးစုံသော ဘေးရန်အနှောင်အဖွဲ့ တကာယ့်ဒုက္ခဟူသမျှ လွတ်ကြီးလွတ်ရအောင် ကယ်ဆောင်ဖျည်ယူတော်မူပေတတ်သော။ ဣဒံနိဗ္ဗာနံ၊ဤတဆဲ့တသိီး မီးအပေါင်းတို့မှ ငြိမ်းကြီးငြိမ်းရာ နိဗ္ဗုတာသောင်ကမ်း ရွှေမြို့နန်းကို၊ သီလဝတံ၊ဒါနသီလပေါ်ဖျင်း ဘာဝနာလွတ်ကင်းနေထိုင်ခြင်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ နအဓိဂန္တဗ္ဗံ၊မရောက် မရအပ်။ အပ္ပေန ထာမသာ၊ အနည်းငယ်သော သဒ္ဓါ ပညာ ဝီရိယအားအစွမ်းဖြင့်။ နအဓိဂန္တဗ္ဗံ၊မရောက် မရနိုင်။ ။

ဤသို့ဟောကြား မြတ်ဘုရားတရားတော်မြတ်ကို ကြပ်ကြပ်ယုံကြည်ကြကုန်သဖြင့်၊ တကာယ့်သမုဒြာပင်လယ်ကြီးကို တကာယ့်သင်္ဘောကြီးဖြင့်သာ လိုရာသောင်ကမ်း ကူးခပ်နိုင်မည့်အရေး၊ ငှက်ပျောဖက်ဘောင်ပရိသာယ်လှေယောင်ဖြင့် လိုရာသောင်ကမ်း မလှမ်းမခင်နိုင်မည့်အရေးကို မြော်တွေးစဉ်းစား များများကြီးနှလုံးထားကြကုန်သဖြင့်၊ သုံးရုံရတနာ သဒ္ဓါလူလူ သီလဖြူဖြူ အလှူရဲရဲ ဘာဝနာတွင်စိတ်ဝင်စွဲ၍ တကာယ့်သံသရာဤသည့်ဝဲမှ ခွါရှဲထွက်မြောက်ကြရအောင် ကောင်းကောင်းကြီး သတိဆောင်နိုင်ကြပါစေကုန်သတည်း။ ။

ယခုအခါ ယခင်နိဗ္ဗာန် တရားမြတ်၏ ဒါန် သီလ ဘာဝနာ စသော အကြောင်းတရားတို့နှင့် ကင်း၍ မဖြစ်ပေါ်လာ နိုင်သည်ကို အသေအချာ သဘောသင်မြင်ကြစေခြင်းငှါ။ ယင်းနိဗ္ဗာန်တရား၏ အဇာတ, အဘူတ, အကတ, အသင်္ခတ, အပ္ပစ္စယ, မည်ရာ၌ ယထာဓမ္မဝိနိစ္ဆယကိုအကျဉ်းမျှ ပြဆိုလတ္တံ့။ ။ယင်းနိဗ္ဗာန်တရား၏ အဇာတ,အဘူတ,အကတ,အသင်္ခတ, အပ္ပစ္စယ,အမည်ရသည်တို့တွင် အဇာတမည်ရာ၌၊အကြောင်းတရားတို့ကို စွဲ၍ဖြစ်သော်လည်း ဥပါဒ်ပေါ်အောင်မဖြစ်သောကြောင့်ဇာတမဆိုလောက် သဖြင့် အဇာတ ဆိုရသည်အချက်၊ ။အခြားပရမတ္ထတရားများကဲ့သို့ အခါခါဖြစ်ချည်ပျက်ချည်မနေ။ တရံတခါ ခွင့်ကြီးသာမှ တခါတည်းသာ ဖြစ်လာတတ်သောကြောင့် အဇာတဆိုရသည်အချက်၊ ။ဥပါဒ်အားဖြင့် မဖြစ်သော်လည်း သဘောအားဖြင့် ဖြစ်ပေါ်လာခြင်း။ သဘောအားဖြင့်ပင် ဖြစ်ပေါ်လာသော်လည်း ဥပါဒ်အားဖြင့်မဖြစ်သောကြောင့် ဖြစ်သော်လည်း ဖြစ်သည်မမည်။ မဖြစ်သော်လည်း ဖြစ်သည်ပင်ဖြစ်၍၊တန္တိနည်းအားဖြင့်။ ဝိန္ဒိယံနဝိန္ဒတိ, အဝိန္ဒိယံ ဝိန္ဒတီတိအဝိဇ္ဇာ။ နေတ္တိအဋ္ဌကထာ မိန့်မှာသည် အတိုင်း။ဇာတမ္ပိအဇာတံ,အဇာတမ္ပိဇာတန္တိ အဇာတံ ဟူသော ဝစနတ္ထနှင့် အညီ အဇာတ မည်ရသည့် အချက်။ ၃ ။အဘူတ မည်ရာ၌လည်း၊ အကြောင်းတရားတို့နှင့်ကင်း၍ ဥပါဒ်အားဖြင့် မဆိုထားဘိ။ ငြိမ်းအေးခြင်း သဘာဝအားဖြင့်ပင် မထင်ရှားလာနိုင်သောကြောင့် အဘူတ မည်ရသည် အချက်။ ။ပဋိလောမနည်းအရများစွာသောအကြောင်းတို့လည်းကောင်းစွာ လှလှထိထိခိုက်ခိုက်မပြုကြနိုင်၊တခုသောအကြောင်းတရားမျှလည်းမပြုပြင် နိုင်၍ အသင်္ခတအကတဆိုရသော်လည်း အကြောင်းတို့နှင့်ကင်း၍လည်း ဖြစ်သည်မဟုတ်ဟုသိစေခြင်းငှါအဘူတဆိုရသည်အချက်။ ။ဥပါဒ်အားဖြင့် မထင်ရှားသော်လည်း သဘောအားဖြင့် ထင်ရှားသည်အမှန်။ သဘော အားဖြင့် ထင်ရှားသော်လည်း ဥပါဒ်အားဖြင့် မထင်ရှားသည် အမှန်ဖြစ်၍။ အဘူတံပိဘူတံ, ဘူတံပိအဘူတန္တိ အဘူတံ ဟူသော ဝစနတ္ထအရ တန္တိ နည်းအားဖြင့် အဘူတမည်ရသည်အချက်၊ ၃ ။အကတမည်ရာ၌လည်း၊ အကြောင်းတရားတို့ကို စွဲ၍ဖြစ်သော်လည်း ဥပါဒ်ပေါ်အောင် မဖြစ်သည် ဖြစ်၍ ဇာတ မဆိုထိုက်သဖြင့် အကြောင်းတရားတို့ ပြုအပ်သော်လည်း ပြုအပ်သည်မမည်သောကြောင့်အကတဆိုရသည်အချက်။ ။များစွာသော အကြောင်းတို့ကြောင့်သာ ထင်ရှား ပေါ်လာနိုင်သည်ဖြစ်၍။ တခုသော

အကြောင်းတရားကြောင့်' ထင်ရှားပေါ်လာနိုင်သော တရားမဟုတ်သဖြင့်။ တခုသောအကြောင်းတရားသည်မပြုပြင်နိုင်သောကြောင့်လည်း အကတ ဆိုရသည် အချက်။ ။အကြောင်းတရားတို့သည် ပြုအပ်သော်လည်း ဥပါဒ်ပေါ်အောင်မပြုနိုင်သောကြောင့်ကတပင်ဖြစ်သော်လည်း မချအားဖြင့် ကတမဆိုသင့်။ မချအားဖြင့် ကတမဆိုသင့်သော်လည်း အကြောင်းရင်း တရားတို့နှင့်မကင်းကောင်းသဖြင့် ကတပင်ဖြစ်၍နေသောကြောင့်။ ကတမှ နကတံ, အကတံပိကတန္တိအကတံ ဟူသည်နှင့်အညီ ကတမည်သည် ဟူသောနည်းအချက်။ ၃ ။အသင်္ခတမည်ရာ၌လည်း၊ ယင်းနိဗ္ဗာန်တရားကို ဒါနသီလဘာဝနာစသောအကြောင်းတရားတို့သည်ပြုပြင်အပ်သော်လည်း ဥပါဒ်ဖြစ်ပေါ်အောင် မပြုနိုင်သောကြောင့် ပြုပြင်အပ်သည်ဟု မချမဆို ထိုက်သည်ဖြစ်၍ အသင်္ခတဆိုရသည်နည်းအချက်။ ။အကြောင်းတရားတို့ ပြုပြင်အပ်ရင်းပင်မှန်သော်လည်း ယင်းအကြောင်းတရားတို့ ယင်းနိဗ္ဗာန် ပေါ်လာသည်တိုင်အောင် ကပ်ရောက်၍ ထိထိခိုက်ခိုက် မပြုပြင်နိုင်သော ကြောင့်လည်း အသင်္ခတ ဆိုရသည်ဟူသော နည်းအချက်။ ။သင်္ခတ အကြောင်းတရားတို့ ပြုပြင်အပ်ရင်း ဖြစ်သော်လည်း ယင်းပြုပြင်အင်ပုံ သင်္ခတ လက္ခဏာမထင်၊ အကြောင်းပုံနှင့် အကျိုးပုံ အလွန်ကွာလှမ်း၍ နေသောကြောင့် သင်္ခတမဆိုထိုက်သည်ဖြစ်၍ အသင်္ခတအမည်ရသည် ဟူသောနည်းအချက်။ ။ဥပါဒ်ပေါ်အောင်မဖြစ်သော်လည်း ငြိမ်းဇေးခြင်း သဘောအားဖြင့်ထင်ရှားပေါ်လာအောင်ပြုပြင်အပ်သည်အဖြစ်။ သဘော အားဖြင့် ထင်ရှားပေါ်လာအောင် ပြုပြင်အပ်သော်လည်း ဥပါဒ်ပေါ်အောင် မပြုနိုင်သည်အဖြစ်ကြောင့်။ နသင်္ခတမှ သင်္ခတံ, သင်္ခတံပိ နသင်္ခတန္တိ အသင်္ခတံဟူသည်နှင့်အညီ အသင်္ခတမည်သည်ဟူသောနည်းအချက်။ ၄ ။ အပ္ပစ္စယမည်ရာ၌လည်း အကြောင်းတရားတို့ကြောင့် ယင်းနိဗ္ဗာန်ဖြစ်ပေါ် လာရရင်းမှန်သော်လည်း။ ယင်းအကြောင်းတရားတို့သည် ရဟန္တာဒတိ ခန္ဓာရောက်ရုံမျှသာ လိုက်နိုင်၍ ယင်းနိဗ္ဗာန်ပေါ်လာအောင် မလိုက်သည် ဖြစ်၍။ အကြောင်းတပါး အကျိုးတခြားကဲ့သို့နေသဖြင့် အကြောင်းတရား တို့နှင့် မစပ်မယှက် နေသောကြောင့် အပ္ပစ္စယဆိုရသည်။ စင်စစ်ယင်း အကြောင်းရင်းနှင့်ကင်း၍လျောက်လျားဘာသာဖြစ်သောကြောင့်အပ္ပစ္စယ ဆိုရသည် မဟုတ်ဟူသောအချက်။ ။ဤအလွန်နက်နဲ့ကွယ်ဝှက်သော အချက်အရာတို့ကိုလည်း အချက်ကျကျ သတိရှိကြ စေကုန်သတည်း။

ဤဂန္ဓိရဋ္ဌအရာဝယ် ခက်ခဲစွာသော။ အဋ္ဌိဘိက္ခဝေ အဇာတံ စသော ဥဒါန်းပါဠိတော်ကို နက်နက်ကြီးဘွင့်ဆိုသော ရင်းဥဒါန်းအဋ္ဌကထာ အနုဋီကာ မနည်း ပဒိုလောမနည်းတို့၌ များများကြီး စိတ်ဝိုက်ကြံစည်မိသော ကျမ်းတတ်ကဝိပညာရှိအသျှင်တို့မှလှလှကြီးသဘောထင်မြင်နိုင်ကြမည်။ ။ ယင်းသည့်အရာ ခက်ခဲစွာကို ကောင်းစွာလှလှ သဘောကျနိုင်ကြမှလည်း။ နိဗ္ဗာန်ရောက်သည်ဟူရာ၌သူဘပါးရောက်နှင့်ပြီးသောသူတပါးတို့ငြိမ်းခြင်း နိဗ္ဗာန်သို့ရောက်သည်မဟုတ်။ မိမိရဟန္တာဖြစ်၍ ရတိပြီးနောက် မိမိရှေး ပါရမီကံအကြောင်းရင်းနှင့်မကင်း မိမိတို့ဌါယင်းရတိစိတ်အခြားမဲ့၌ ဥပါဒ်ဖြဗ်ကင်းလျက်အလွန်သိမ်မွေ့စွာပေါ်ရောက်လာသောယင်းနိဗ္ဗာန်ရတနာ၌ ချမ်းမြေ့သာယာဘည်စံနေရသည်ကို နိဗ္ဗာန်ရောက်သည်ဆိုသည်ဟူသော စကား၌ အထူးအားဖြင့်သဘောကျနိုင်ကြမည်။ ယင်းသို့ သဘောကျကြအောင်လည်း ဆိုအပ်ခဲ့ပြီးသော ဥဒါန်းပါဠိတော် အဋ္ဌကထာပါဌ် အနက်တို့၌ အခါခါ စဉ်းစား များများကြီး နှလုံးထားတော် မူကြ ပါစေကုန်သတည်း။ ။

# သင်္ခေပ၊ ဝိတ္ထာရ၊ နှစ်ကဏ္ဍမှ အရည်စစ်

# ကောက်နုတ်ချက်။

ဤဆိုလတ္တံ့သည်ကား ဤဂန္ထိ ရာဂန္ထိ ရမဟာနိဗ္ဗုတဒိပနီကျမ်းသင်္ခေပကဏ္ဍ ဝိတ္ထာရကဏ္ဍ နှစ်ခန်းလုံးမှ နိဂုံးချုပ်အရည်စစ် ဝိသေသအားဖြင့် ထုတ်နုတ်ကောက်ယူအပ်သော အလွန်ထူးဆန်းသော အချက်အပေါင်းတို့တည်း။ ။

## သေသျှထိဒ်ိ။

နိဗ္ဗာန်ဟူသည်ရုပ်နာမ်ခန္ဓာကွယ်ချုပ်ပျောက်ပျက်၍သွားသောအဘာဝမျှမဟုတ်။ ယင်းရုပ်နာမ်ကွယ်ချုပ်သည့်အခိုက်၌ ဖြစ်ပေါ်လာသောအလုံးစုံသောဘေးအပေါင်းတို့မှတပေါင်းတည်းငြိမ်းခြင်းပရိနိဗ္ဗာယနသိတိဘာဝသဘောအားဖြင့် ထင်ရှားဧကန်ရှိသည်ဟူသောအချက်။ ။နိဗ္ဗာန်ဟူသည် အချို့လူမသိလှသူတို့ မှတ်ထင်ကြသည့်အတိုင်း လူ့ပြည် နတ်ပြည်များကဲ့သို့ အလွတ်သက်သက်၌ သတ္တဝါအများရောက်သွားရာအားဖြင့်ထာဝရဖြစ်နေသောဘုံဌာနမဟုတ်။ရဟန္တာပုဂ္ဂိုလ်တို့စုတိကျရောက်သည့်အခိုက်၌ ထိုရဟန္တာတို့စုတိရာအရပ်တွင်ပင်ထိုရဟန္တာတို့ပုန်းအောင်းရာ တည်နေရာဘုံငှါ ထိုခဏခြင်း ဝင်းဝင်းတောက်အရောင်နှင့်တကွ ထင်ရှားပေါ်လာသည်ဟူသောအချက်။ ။စုတိကျရောက် သွားသော ရဟန္တာပုဂ္ဂိုလ်တို့လည်း အသီးအသီးမိမိတို့ထံငယ် ဖြစ်ပေါ်လာသောယင်းနိဗ္ဗာန်ရတနာထူးမြတ်စွာ၌ ဘယ်သည်ကာလမှဘုံတပါးသို့ရွေ့သွားခြင်းမရှိ။ယင်းနိဗ္ဗာန်ရတနာဘုံမြတ်စွာ၌သာ အမြဲတည်နေကြရသည် ဟူသောအချက်။ ။ ယင်းနိဗ္ဗာန်၏နိစ္စဓုဝသဿတဆိုရာ၌လည်းအစမရှိကမ္ဘာကမ္ဘာအကြောင်းကင်း၍အစဉ်ထာဝရဖြစ်နေသည်ကို နိစ္စဓုဝသဿတဟုဆိုလို။ရဟန္တာတို့စုတိနောက်တွင် ထိုရဟန္တာအသျှင်တို့ ပုန်းအောင်းရာ တည်ရာအားဖြင့်ဖြစ်ပေါ်လာသည့်မှစ၍ ဘယ်သည်ကာလမှပျောက်ပျက်ခြင်းမရှိအမြဲတည်နေသည်ကို နိစ္စဓုဝသဿတဆိုသည်ဟူသောအချက်။ ။စကြာမင်းကြီးက

စကြာရတနာထံသွားရသည်မဟုတ်။ စကြာမင်းကြီး၏ ကုသိုလ်ဘုန်းကံကြောင့်သာ ထိုစကြာရတနာ ထိုခဏခြင်း ဖြစ်ပေါ်လာ၍ ထိုမင်းကြီးထံရောက်လာသကဲ့သို့။ ထိုစုတိကျရောက်သော ပရိနိဗ္ဗာနဓာတ်ရဟန္တာပုဂ္ဂိုလ်၏ ပါရမီဘုန်းကံအစွမ်းကြောင့်သာ ထိုရဟန္တာပုဂ္ဂိုလ်တည်စံစရာ ထိုခဏခြင်း ယင်းနိဗ္ဗာန်ရတနာဆိုက်ရောက်ဖြစ်ပေါ်လာသည်ဟူသောအချက်။ ။ ယင်းနိဗ္ဗာန်ကိုအပ္ပစ္စယဆိုရာ၌။ လုံးလုံးနိဗ္ဗာန်ရမည်သူ ဆည်းပူးအင်သော ပါရမီအကြောင်းကင်း၍ဖြစ်သောကြောင့် ယင်းနိဗ္ဗာန်ကိုအပ္ပစ္စယဆိုသည်မဟုတ်။ ထိုနိဗ္ဗာန်ပေါ်လာကြောင်း ပါရမီအပေါင်းများစွာ ရှိပါသော်လည်း။ ထိုအကြောင်းများစွာတို့သည် ထိုရဟန္တာပုဂ္ဂိုလ် စုတိခန္ဓာရောက်ရုံမျှသာ လိုက်နိုင်ကြ၍။ စုတိနောက်ပရိနိဗ္ဗုတပုဂ္ဂိုလ်အဖြစ်သို့ရောက်သဖြင့် နိဗ္ဗာန်ရတနာ ပေါ်လာသည့် တိုင်အောင် မလိုက်နိုင်သောကြောင့်။ ထိုနိဗ္ဗာန်ဟူသောအကျိုးတရားသည်. ထိုမိမိအကြောင်းရင်းတရားတို့နှင့်မစပ်မယှက် သက်သက်တည်နေသည်ကိုရည်၍သာ၊ ယင်းနိဗ္ဗာန်ကို အပ္ပစ္စယကေဝလ ဆိုရသည်ဟူသောအချက်။ ။၍အတူ ယင်းနိဗ္ဗာန်ကို အသင်္ခတဆိုရာ၌လည်း။ထိုရဟန္တာပုဂ္ဂိုလ်၏ ပါရမီအကြောင်းရင်းကံတို့သည် ထိုနိဗ္ဗာန်အား လုံးလုံးကြီးမပြုပြင်အပ်ဆိုလိုသည်မဟုတ်။ ထိုပါရမီအကြောင်းရင်း ကုသိုလ်သင်္ခါဇာတတို့သည် ထိုရဟန္တာပုဂ္ဂိုလ် စုတိကျရုံလောက်မျှသာ လိုက်နိုင်၍၊ ထိုရဟန္တာပုဂ္ဂိုလ်စုတိခန္ဓာနောက် နိဗ္ဗာန်ရတနာဖြစ်ပေါ်လာအောင်မရှိသဖြင့်။ထိုအကြောင်းပါရမီတို့သည် ထိုနိဗ္ဗာန်သို့ထိထိခိုက်ခိုက်ရောက်၍ကျေးဇူးမပြုနိုင်သည်ကိုသာရည်၍ ထိုနိဗ္ဗာန်ကို အသင်္ခတဆိုရသည်ဟူသောအချက်။ ။တနည်းလည်း၊ ယင်းနိဗ္ဗာန်ကို အကြောင်းများစွာတို့ ပြုပြင်အပ်သော်လည်း ရှန့်ကြမ်းစွာ ဥပါဒ်ဖြဲပေါ်လာအောင် မပြုပြင်နိုင်သည်ဖြစ်၍။ပြုပြင်အပ်သော်လည်းပြုပြင်အင်ရာမထင်အသင်္ခတ အရိပ်နိမိတ်လက္ခဏာကင်း၍နေသောကြောင့်။ ယင်းနိဗ္ဗာန်ကို အသင်္ခတ ဆိုရသည်စသောအချက်။ ။ယင်းနိဗ္ဗာန်ကိုအဇာတဆိုရာ၌လည်း၊ဥပါဒ်ဖြဲအားဖြင့်ရှန့်ကြမ်းစွာမဖြစ်သည်ကိုသာရည်၍အဇာတဆိုရသည်။ စင်စစ် လုံးလုံးမဖြစ်သောကြောင့်အဇာတဆိုသည်မဟုတ်။ဥမင်လိုဏ်ဂူကြီးတူးပြီး အဆုံးမြေကြီးလုံးလုံးကုန်သည့်အခါ၊ ဝိဝရာကာသဟူသော ကောင်းကင် ဟင်းလင်းဥပါဒ်ဖြဲကင်းလျက်ဖြစ်ပေါ်လာသောနည်းမျိုးဖြင့်ရဟန္တာပုဂ္ဂိုလ် ရုပ်နာမ်ခန္ဓာကုန်သည်အဆုံးတွင် ယင်းနိဗ္ဗာန်ရတနာ၏ ရှန့်ကြမ်းစွာသော

ဥပါဒ်ကင်းလျက်။အလွန်ဆိမ်မွေ့လှစွာဖြစ်ပေါ်လာသည်ဟူသောအချက်။ ။ပုထုဇန်သေက္ခပုဂ္ဂိုလ်တို့စုတိအခြားမဲ့၌ တစဉ်တစပ်တည်းစင်၍ပဋိသန္ဓေစိတ္တုပ္ပါဒ်ဖြစ်လာသကဲ့သို့၊ ရဟန္တာပုဂ္ဂိုလ် စုတိအခြားမဲ့၌ တစဉ်တည်းတစပ်တည်းစင်၍ ယင်းနိဗ္ဗာန်ဟူသောသဘောတရား ဖြစ်ပေါ်လာသည်ဟူသောအချက်။ ။ပုထုဇန်သေက္ခပုဂ္ဂိုလ်တို့ စုတိစိတ်သည် ပဋိသန္ဓေစိတ်အား အနန္တရပစ္စည်း တပ်သကဲ့သို့၊ ရဟန္တာတို့ စုတိစိတ်သည် နိဗ္ဗာန်အား သင်္ခတအသင်္ခတဓာတ်မတူသည်ဖြစ်၍ အနန္တရပစ္စည်းမတပ်သည်တမည်မျှသာ။ ထိုရဟန္တာပုဂ္ဂိုလ် စုတိစိတ်နှင့် တစဉ်တည်းတစပ်တည်းပင် ယင်းနိဗ္ဗာန်ဟူသော ပရမတ္ထတရား ထင်ရှားဖြစ်ပေါ်လာသည်အမှန်ဟူသောအချက်။ ။အရဟတ္တဖိုလ်ဟူသောသဥပါဒိသေသနိဗ္ဗာန်ကို ထိုအရဟတ္တဖိုလ် ရကြသူတို့အားလျော်စွာ သူ၏အရဟတ္တဖိုလ် ငါ၏အရဟတ္တဖိုလ်ဆိုအပ်သည်နှင့်အတူ။ ထိုအသင်္ခတဓာတ်ဟူသောအနုပါဒိသေသနိဗ္ဗာန်ကိုလည်း သူ၏နိဗ္ဗာန် ငါ၏နိဗ္ဗာန်ဟု စင်စစ်ဆိုထိုက်သည်ဟူသောအချက်။ ။စုတိကျရောက်သော ရဟန္တာပုဂ္ဂိုလ်ဟူသမျှ မိမိတို့ဘုန်းကံကြောင့် မိမိတို့စံနေစရာ ဖြစ်ပေါ်လာသော ထိုနိဗ္ဗာန် ရတနာ၌ မပျောက်မပျက်မအိုမသေ အမြဲတည်စံ နေကြသည်ဟူသောအချက်။ ။ထိုရဟန္တာပုဂ္ဂိုလ်တို့စုတိပြီးနောက် ရူပါဒိသင်္ခါဝိမုတ္တပုဂ္ဂိုလ် အဖြစ်ဖြင့် ထိုနိဗ္ဗာန်၌အမြဲတည်ရောက်၍နေသည်ကိုအကြောင်းပြုသဖြင့်။ထိုပရိနိဗ္ဗုတရဟန္တာပုဂ္ဂိုလ်တို့အလုံးစုံပြတ်တောက်ဥစ္ဆိန္နအဖြစ်သို့ရောက်သည်မဆိုရဟူသောအချက်။ ။အကယ်၍ရဟန္တာပုဂ္ဂိုလ်တို့စုတေပြီးနောက်အလျှင်းကွယ်ပျော်ပြတ်တောက်၍သွားသည်ဆိုခဲ့လျှင်ထိုရဟန္တာတို့နိဗ္ဗာန်ရောက်သွားသည်မဟုတ်။ ထိုရဟန္တာတို့မအိုမသေအမြဲနေရာနိဗ္ဗာန်နှင့်အဝေးကြီးအလုံးစုံ အပြီးသတ် ပြတ်တောက်၍ သွားလေတော့သည်ဟု ရဟန္တာပုဂ္ဂိုလ်တို့အားကဲ့ရဲ့ခြင်းနှင့်တကွ ဥစ္ဆေဒဒိဋ္ဌိဝါဒ လှလှကြီးဖြစ်တော့မည်အမှန်ဟူသောအချက်။ ။ထိုရဟန္တာပုဂ္ဂိုလ်တို့စုတိပြီးနောက် ရူပါဒိသင်္ခါဝိမုတ္တပုဂ္ဂိုလ်အဖြစ်ဖြင့် ထိုနိဗ္ဗာန်၌တည်နေသည့်အခါ ယင်းရူပါဒိသင်္ခါဝိမုတ္တအဖြစ်၌တည်သော ယင်းပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ အဘယ်မျှလောက်သောဂုဏ်ရှိသည်ဟုဝေနေယျဉာဏ်ဖြင့်မပိုင်းခြားနိုင်အောင်ဂုဏ်အားဖြင့်အလွန်နက်နဲခြင်း။ ထိုပုဂ္ဂိုလ်ထိုနိဗ္ဗာန်၌ အတ္ထိနတ္ထိစသည်ဆို၍ မသင့်နိုင်မလျော်နိုင်အောင်ဒိဋ္ဌိဇာလသယအရာအားဖြင့်အလွန်နက်နဲခြင်း။ဤသို့နက်နဲ

ခြင်းနှစ်ပါးတို့ဖြင့်လွန်စွာနက်နဲ၍နေတော်မူကြသည် ဟူသောအချက်။ ယင်းပရိနိဗ္ဗုတပုဂ္ဂိုလ်တို့ ယင်းနိဗ္ဗာန်၌ တည်ရောက်၍ နေသည်အခါ သတ္တဝါဒေါ်ဝေါ်ကြောင်း ရုပ်နာမ်မှလွတ်၍နေသဖြင့်။ ယင်းရုပ်နာမ်ကိုစွဲ၍ ဖြစ်သော လူဟူသော နတ်ဟူသော မင်းပုဏ္ဏားဟူသောဘုရားပစ္စေကဗုဒ္ဓါ ဟူသော ဤသို့အစရှိသော ပညတ်မျိုးဖြင့် မခေါ်ဆိုထိုက်သည့်တမည် မျှသာ။ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်တို့ ထိုမဒိုမသေအမြဲတည်နေရာဂန္ဓိရနိဗ္ဗာန်၌ မပျောက်မပျက် မအိုမသေအမြဲတည်စံနေကြရသည်ဟူသောအချက်။ ။ ထိုရုပ် ကျရောက်သော ရဟန္တာပုဂ္ဂိုလ်ဟူက အရပ်ဆယ်မျက်နှာ၌ပင် ဖြစ်သင့် သောကြောင့်။ နိဗ္ဗာန်ဟူကလည်း ယင်းရုပ် ကျရောက်သော ပရိနိဗ္ဗုတ ရဟန္တာတို့ရှိရာထိုရဟန္တာပုဂ္ဂိုလ်တို့နှင့်စင်၍သာပေါ်လာရသည် ဖြစ်၍။ထိုနိဗ္ဗာန်ကို ထိုထိုရဟန္တာတို့ရုပ်ကျရောက်ရာအရပ်ဆယ်မျက်နှာ တို့၌ပင် ထင်ရှားမရှိ မဆိုသင့်ဟူသောအချက်။ ။နိဗ္ဗာန်ကိုအရပ်အားဖြင့် မညွှန်ကြားအင်ဟူရာဝယ်လည်း။ထိုထိုနိဗ္ဗာန်၏ထိုထိုမိမိရောက်ရာအရင်၌ စွဲ၍ မှီ၍ ကပ်၍ မတည်သဖြင့် ထိုထိုမိမိရောက်ရာအရပ်နှင့် မစင်မယှက် နေသောကြောင့်သာဆိုသည်။ ထိုထိုအရပ်ဆယ်မျက်နှာတို့၌ ထိုနိဗ္ဗာန်မရှိ သောကြောင့်ဆိုသည်မဟုတ်ဟူသောအချက်။ ။ယင်းနိဗ္ဗာန်ကိုအနိမိတ္တပစ္စု ပဋ္ဌာန်ဆိုရာ၌လည်းယင်းနိဗ္ဗာန်၏အကြောင်းကင်း၍ လျောက်လျားဘာသာ ဖြစ်သည်ကို ဆိုသည် မဟုတ်။ ယင်းဖြစ်ကြောင်း ပစ္စယ ရှိသော်လည်း အလွန်သိမ်မွေ့စွာဖြစ်သဖြင့်ယင်းအကြောင်းတရားတို့ကြောင့်ဖြစ်ပုံအရိပ် နိမိတ်မထင် အလွန်ထင်ရှားစွာဝင်းဝင်းတောက်တည်လျက် နေသည်ဖြစ် လျက်၊ ထိုထင်ရှားရှိပုံကိုသိရကြောင်း အရိပ်နိမိတ်မထင် အလွန်လျှင်သိမ် မွေ့စွာ တည်နေသည်ကိုစွဲ၍သာ ယင်းနိဗ္ဗာန်ကို အနိမိတ္တဆိုရသည်ဟူ သောအချက်။ ။ဒိပင်္ကရာ,သရဏင်္ကရာ,စသောဆိန္နဝဋ္ဋမပရိယာဒိဏ္ဏဝဋ္ဋ ပရိနိဗ္ဗုတဘုရားသျှင်ဟူသမျှတို့သည် အသုံးရုံကွယ်ပျောက်ပြတ်တောက် ၍မသွား။ ကိုယ်တော်မြတ်တို့ ရုပ်တော်အခြားမဲ့၌ ကိုယ်တော်မြတ်တို့ ချမ်းမြေ့သာယာ ပန်းအောင်းလည်းလျောင်းစရာ ကိုယ်တော်မြတ်တို့ထံ၌ ဝင်းဝင်းတောက်ပေါ်ရောက်လာသောယင်းနိဗ္ဗာန်ရတနာ၌ မအိုမသေယာရ ထက်ထိ အမြဲတည်စံနေကြရသည်။ နောင်လည်း ဘယ်သည် ကာလမှ ပျောက်ပျက်တော့မည် မဟုတ်ဟူသော အချက်။ ။ဤအချက် တို့သည် ထူးခြားနက်နဲသောအချက်တို့တည်း။ဤအချက်တို့မှာ ဤမျှလောက်ပိဋကတ်

သုံးသွယ် နိကာယ်ငါးဖြာ ပ်ိဋ္ဋအဋ္ဌကထာ ဋီကာကျမ်းဂန်တို့ကို နေ့ရက်ရှည်ကြာ နှစ်လများစွာ အခါခါမွေ့နှောက် အခေါက်ခေါက်ကြည့်ရှုစိစ္စာနှစိစ္စနပြုသဖြင့် ဆုံးဖြတ်အပ်သော ဝိနိစ္ဆယသည်။ ကေနွယထာဘူတ, ယထာဝမ္မဝိနိစ္ဆယဖြစ်ပေလိမ့်မည်ဖြစ်ပေသော်ကောဟု နှလုံးပြုနိုင် ဆရာအားကိုးယုံကြည်နိုင်သော ပုဂ္ဂိုလ်တို့ မှတ်သားစဘွယ် အလွယ် တကူကောက်ယူကျက်မှတ်ကြရန် စီမံအပ်သော တကျမ်းလုံးညွှန်းပြခဲ့သော ပ်ိဋ္ဋအဋ္ဌကထာဋီကာတို့မှ အချည်စစ် အဆီညှစ် ရအပ်သော အတိုကောက်စကားပြေသက်သက်တို့တည်း။ ။ဤအတိုကောက်စကားပြေသက်သက်အကျဉ်းအမြွက်တို့ဖြင့် တင်းမတိမ်နိုင်ရှိကြသော ကျမ်းတတ်ကဝိ ပညာရှိပုဂ္ဂိုလ်တို့မှာ။ ရှေးကပြဆိုအပ်ခဲ့ပြီးသော သခေ်ပကထ္ဆာ, ဝိတ္ထာရကထ္ဆာ, နှစ်ရပ်လုံးအရှိ ပ်ိဋ္ဋ အဋ္ဌကထာ ဋီကာတို့ကို။ အခါခါ အထက်အောက်မွေ့နှောက်ကြည့်ရှု အကြိမ်ကြိမ်စိစ္စာနှစိစ္စနပြုတော်မူကြလျှင်။ ကေနိပင်ဤအတိုင်းသာတင်းတိမ်အားရ သဘောကျကြကုန်လတ္တံ့။ ကျကြအောင်လည်း ဤဒုလ္လဘကထာ ဂန္တိရဉာဏဝိသယာ ခက်ခဲစွာ၌ များများကြီးနှလုံးစိုက်ထူ အခါခါစိစ္စာနှစိစ္စနပြုတော်မူကြပါစေကုန်သတည်း။

ဤဝိသေသစကား ထူးခြားသော အရာများတို့တွင်။ နိဗ္ဗာန်ဟူကာဥပါဒ်အားဖြင့်ရှန့်ကြမ်းစွာမဖြစ်သော်လည်း သိမ်မွေ့သော ဖြစ်နည်းမျိုးတို့ဖြင့်ဖြစ်ပေါ်လာရသေးသည်ဟူသောအချက်၌။ ။နိဗ္ဗာနသအနုပ္ပါဒေယေဝပုဂ္ဂလဿ နိရောဓော ဟူသော ဝိသုဒ္ဓိမဂ် ဋီကာပါဌ်၌ အနုပ္ပါဒေယေဝဟူသောပုဒ်။ သဥပါဒိသေသ အနုပါဒိသေသ နိဗ္ဗာနပ္ပဝတ္တိယာ ဟူသောဇာတိဝတ်အဋ္ဌကထာ၌ ပဝတ္တိဟူသောပုဒ်။သမ္ဗရာယိကာတိ သမ္ဗရာယေခန္ဓဘေဒတော ပရဘာဂေဘာဝံ ဟူသော ဇာတိဝတ်အဋ္ဌကထာ၌ ဘာဝံဟူသောပုဒ်။အဘူတံအဇာတံဟုတွာအတ္ထိဘိ အဘူတံ ဟူသော သဋ္ဌာယတနသံယုတ်အဋ္ဌကထာ၌ ဟုတွာအတ္ထိတိဟူသောပုဒ်။တဿဘိက္ခုနော ဇရာဓေဝသမ္ဘဝေဒယိတာနိအနဘိနန္ဒိတာနိသီတိဘဝိဿန္တိ။ အယံဘိက္ခဝေအနုပါဒိသေသာ နိဗ္ဗာန ဓာတု ဟူသော ဇာတိဝတ် ပ်ိဋ္ဋတော်၌ သီတိဘဝိဿန္တိဟူသောပုဒ် အယံဟူသောပုဒ်တို့မှ ရဟန္တာပုဂ္ဂိုလ် ရတိကျရောက်သည်အခါဖြစ်ပေါ်လာသော သီတိဘာဝ သဘောတရားသည် အနုပါဒိသေသနိဗ္ဗာန်မည်၏ဟု အနက်ထွက်သောအချက်။ အဇာတံအဘူတံ ဟူသောဥဒါန်းပါဠိတော်ကို နက်နက်ကြီးအနည်းနည်း တွင့်ဆိုသောဥဒါန်း

အဋ္ဌကထာပါဠိ၌။ ဤခြောက်ရပ်ခြောက်ဌာနတို့၌များများကြီးစိတ်ဝိုက်၍ကြံမိကြလျှင်။ ဂမ္ဘီရဉာဏအသျှင်တို့ ကေန်ပင်ယခင်ပိနိဗ္ဗယအတိုင်းသဘောထင်မြင်ကြကုန်လတ္တံ့။ ။

ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့ ပြတ်၍ပျောက်၍မသွား။ ထိုမိမိတို့ရောက်ရာနိဗ္ဗာန်၌ မဒိုမသေ အမြဲတည်နေရသည်ဟူသော အချက်၌လည်း၊ ။ယထာဟိ ဝိဇ္ဇမာနော ဝေဓာတဝေဒေါ ဗျတ္တနပုရိသေန နိယမာနော ပုရတ္ထိမာဒိဒိသံ ဂတောတိဝုစ္စေယျ၊ နနိဗ္ဗုတော။ ဧဝမေဝံ ခီဏာသဝေါပိ စသော မဇ္ဈိမပဏ္ဏာသဋီကာ။ ။အနုပါဒိသေသ နိဗ္ဗာနသင်္ခါတံ အစ္စန္တံဂတော သော အရဟာ ရူပမာယနာမဂတိယာ ဋ္ဌိတော ဤဒိသောနာမဂေါတ္တဝသေနာတိ ပမိဏိတုံနသက္ကာတိ ဟူသော ဣတိဝုတ်အဋ္ဌကထာ။ နသောပမာဏမေတိ ဟူသော ဣတိဝုတ် ပါဠိတော်။ ။အစ္စန္တံပသေတိ နဥပေတိသင်္ခံ စသော စူဠနိဒ္ဒေသပါဠိတော်။ ။ကာယဿဘေဒါဓမ္မဋ္ဌော၊သင်္ချံ နောပေတိဝေဒဂူ ဟူသော သဠာယတန သံယုတ် ပါဠိတော်။ ။ပရိနိဗ္ဗုတော ပုဂ္ဂလော ဥဒ္ဒိဋ္ဌောတိ နဟေဝံဝတ္တဗ္ဗေ ဟူသော ကထာဝတ္ထုပ္ပါဠိတော်။ ။ရူပသင်္ခယေ ဝိမုတ္တော တထာဂတော အတ္ထီတိပိ နဥပေတိ၊ နတ္ထီတိပိ နဥပေတိ၊ သ။ အထခေါ ဂမ္ဘီရော အပ္ပမေယျော အသင်္ချေယျော နိဗ္ဗုတောတွေဝ သင်္ချံ ဂစ္ဆတိ ဟူသော နေတ္တိပါဠိတော်။ ။ရူပသင်္ခါယ ဝိမုတ္တော ခေါ မဟာရာဇ တထာဂတော ဂမ္ဘီရော အပ္ပမေယျော ဒုပ္ပရိယောဂါဟော သေယျထာပိ မဟာသမုဒ္ဒေါ စသော သဠာယတနသံယုတ်ပါဠိတော်။ ။ရူပသင်္ခါဝိမုတ္တော ခေါ ဝစ္ဆ တထာဂတော ဂမ္ဘီရော စသော မဇ္ဈိမပဏ္ဏာသ ပါဠိတော်။ ။အတ္ထင်္ဂတဿနပမာဏမတ္ထိ စသော စူဠနိဒ္ဒေသပါဠိတော်။ ရင်းပါဠိတော်တို့၏ အဋ္ဌကထာဋီကာတို့၌ အခါခါစိတ်ဝိုက်၍ အတန်တန် စိန္တာနုစိန္တနပြုမိကြလျှင်။ ဂမ္ဘီရဉာဏအသျှင်တို့ ကေန်ပင် ဤအတိုင်း သဘောထင်မြင်ကြပေကုန်လတ္တံ့။ ။ဤဆိုအပ်ခဲ့ပြီးသောလိုရင်းစကားနှစ်ဌာနကိုကောင်းစွာလှလှသဘောကျကြ၍ရှိလျှင်လည်း။ ကြွင်းသောအချက်တို့မှာ အန္တောဂတကဲ့သို့ဖြစ်၍ သဘောကျကြတော့မည်ကေန်သာတည်း။ ။

ဤသို့လျှင်အလွန်နက်နဲ ထူးကဲခွဲဆန်းကြွယ်စွာ စီရင်အပ်သော ပဏာမကဏ္ဍပထမတွဲ၊ သင်္ခေပကဏ္ဍဒုတိယတွဲ၊ ဝိတ္ထာရကဏ္ဍ တတိယတွဲတို့ဖြင့် တန်းဆာ ဆင်အပ်သောကြောင့် လည်းကောင်း။ အကျယ်, အကျဉ်း, အရှည်ကောက်, အတိုကောက်, နည်းများစွာတို့ဖြင့် တန်းဆာဆင်အပ်

သောကြောင့်လည်းကောင်း။ ပိဋကတ္ထာဓိပ္ပါယ, ဗျဉ္ဇနတ္ထာဓိပ္ပါယ, တို့ဖြင့် သောတုဇန,ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်တို့ နားလည်မှတ်သားဘွယ် တကယ် စင်စစ်ဖြစ်သောကြောင့်လည်းကောင်း။ များစွာသော ပိဋကတ်သုံးသွယ် နိကာယ်ငါးဖြာပါဠိအဋ္ဌကထာဋီကာတို့ကို အတန်တန်မွှေနှောက် အထက် အောက်နှိုးနှောခြင်း၊ ပါဠိသဘော တခုနှင့် ပါဠိသဘောချင်း နှိုးနှောခြင်း။ ယင်းပါဠိဘို့နှင့် အဋ္ဌကထာဋီကာနှိုးနှောခြင်း။ ယင်းအဋ္ဌကထာဋီကာဘို့ချင်း နှိုးနှောခြင်း၊ ယင်းအဋ္ဌကထာဋီကာတို့ကို ပါဠိတော်တို့၌ ချသွင်းခြင်းကို ပြု၍၊ ကျမ်းတတ်ကဝိပညာရှိပုဂ္ဂိုလ်တို့ သဘောအထူးကျလောက်ဘွယ်၊ တကယ်ကျယ်ဝန်းစွာ အနက်အဓိပ္ပါယ်များစွာတို့နှင့်တကွ ပြဆိုရေးသား အပ်သောကြောင့်လည်းကောင်း၊ အလွန်နက်နဲကွယ်ဝှက်လှသော ဂမ္ဘီရ ကထာ ဖြစ်သည်နှင့်လျော်စွာအသင့်အလျော်ကြားကာမျှဖြင့်နားမလည်နိုင် လတ္တံ့ကုန်သောသူတို့အား အထူးသဖြင့် နားသည်ကြားစေခြင်းငှါ မဟာ အဋ္ဌကထာကြီးများကဲ့သို့ ပုနရုတ္တိ ဂဏ္ဍဂါရကို နှလုံးမထား သောတုဇနတို့ သဘောလှလှကျကြစေခြင်းကိုသာ နှလုံးထားသဖြင့် လျှော့ပါးစရာ အရာ ရောက်တိုင်းရောက်တိုင်း ရှေးညွှန်းကြားအပ်ခဲ့ဘူးသော သာဓကပါဠိတို့ကို လည်းကောင်း ယထာရဟာအထပ်ထပ်ထုတ်ဆောင်ညွှန်းကြားသည်ဖြစ်၍၊ အများဉာဏ်ငယ်သူတို့နှင့်တကွ သဘောလှလှကျလောက်ကြေလောက် ဘွယ် အသွယ်သွယ် အနည်းနည်း စီရင်ညွှန်းပြအပ်သောကြောင့်လည်း ကောင်း၊ အထူးထူးအထွေထွေ ပါဠိတော်များစွာ အဋ္ဌကထာအချပ်ရပ် ဋီကာအထပ်ထပ် တို့ဖြင့် သောတုဇနတို့ အလွန် ကြည်ညို လေ မြတ် ဝမ်းမြောက်လောက်ဘွယ် တကယ်များပြားသောကြောင့် လည်းကောင်း။ ကြားကြားသမျှရဟန်းသျှင်လူသူတော်ကောင်းအပေါင်းတို့ ဧကကောလာ ဟလံ သာဓုကာရံ ကောင်းချီးညံလောက်စဘွယ်အလွန်ဆန်းကြယ် နက်နဲ ထူးကဲကျယ်ဝန်းစွာစီမံအပ်သော ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗုဘာဒီပနီကျမ်း ဤသည်အခါ ဘဝဂ်တိုင်အောင် အောင်စည် ရွမ်း၍ နိဗ္ဗာန် အောင်ခန်း ဝင်လတ်ပြီ။ ။

# မေတ္တာ-အာသီသ။

ဤသို့လျှင် ပိဋကတ်သုံးသွယ် နိကာယ်ငါးတန် ပါဠိအဋ္ဌကထာဋီကာ ကျမ်းဂန်တို့ကို အဘန်ဘန်မွှေနှောက် အထက်အောက်ကြည့်ရှု အခါခါ စိန္တာနုစိန္တန ပြုသဖြင့် ယထာဓမ္မ ယထာသဘာဝ နေရာကျကောင်းစွာ ရေးသားဆုံးဖြတ်အပ်သော ဤ"ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗုတဒီပနီကျမ်း"ကို ဝတံသာနတ်နန်းဝယ် အာသာဝတီ နွယ်နီနတ်ပန်းကို နတ်ဒေဝါတို့သူ့ ထက်ငါဆွတ်လှမ်းပန်ဆင်ကြဘိသည်အတူ။ သူ့ထက်ငါဂိုင်းယူပူဇော်ကြ ပြီးခါ အတိဒုလ္လဘကထာ တကယ်နက်နဲ ထူးကဲလှသည့် ဤဒေသနာကို တကယ် သမ္ပတ္တိစက်အလာ တကယ် အခွင့်ကြီးသာလှ၍ ကောင်းမွန်စွာ နာကြားမှတ်သား ကြရသူ တကယ်သမ္ပတ္တိ ပုဂ္ဂိုလ်ဖြူတို့။ ။ဧဝံဝိမုတ္တ စိတ္တောခေါဝစ္ဆတထာဂတော ဂမ္ဘီရောအပ္ပမေယျောစသည်ဖြင့် ဝိမုတ္တ စိတ္တရဟန္တာ နောင်အခါအဘယ်မှာဖြစ်ပါလိမ့်ဦးမည်နည်းဟုဝစ္ဆပရိဗိုဇ် လျှောက်ထားရာ။ အဘယ်မှာမှဖြစ်လေဦးမည်ဟု- ငါဘုရား မဟောကြား ကြောင်းနှင့်မိန့်တော်မူရာတွင်။ သို့ဖြစ်လျှင်အဘယ်တွင်မှ မဖြစ်ပေဘူးလား ဘုရားလျှောက်ထားပြန်ရာဝယ်၊ ဤသို့အဘယ်တွင်မှ မဖြစ်ပေဘူး ဟူ၍ လည်းငါဘုရားမဟောကြားဟုမိန့်တော်မူပြန်သည်တွင်။ အဘယ်ကြောင့် ဤကဲ့သို့ဖြစ်သတ္တံ့, မဖြစ်သတ္တံ့, တခုခုကိုမျှမဟောခုပါသနည်းဟု ဝစ္ဆ ပရိဗိုဇ်လျှောက်ထားပြန်ရာ။ နိဗ္ဗာန်၌ရောက်၍နေသူ ပရိနိဗ္ဗုတရဟန္တာများ ၏ ရုပ်စသည် မရှိသဖြင့် ရုပ်စသည်နှင့် စင်သော ပညတ်မျိုးမှ လွတ်၍ နေသောကြောင့် ထိုနိဗ္ဗာန်၌ ရူပါဒိသင်္ခါဝိမုတ္တအဖြစ်ဝယ်တည်နေသော ထိုရဟန္တာအား ရုပ်နာမ်တရားပင်မရှိသော်လည်း အသုံးရုံကွယ်ပျောက်၍ မသွား။ တရုံတရာဂမ္ဘီရသဘောအားဖြင့် ထိုသူထိုနိဗ္ဗာန်ဝယ်တည်ရှိနေ သည်ကိုရည်၍ထိုသူထိုနိဗ္ဗာန်၌ဖြစ်၍နေ၏ဟုငါဟောတော်မူသည်ရှိသော် ရုပ်နာမ်နှင့်ဘကွဖြစ်နေသည်ဟုဝေနေယျတို့ထင်မှားဘွယ်ရှိသောကြောင့် လည်းကောင်း။ ရုပ်နာမ် မရှိသည်ကို ရည်၍ ထိုသူ ထိုနိဗ္ဗာန်၌ မရှိ ငါဟောတော်မူခဲ့သော်။ အသုံးရုံအဘယ်ဂမ္ဘီရသဘောတခုမျှမရှိပျောက်၍ ပြတ်၍သွားသည်ကို ဆိုလေသလောဟု ဝေနေယျတို့ ယုံမှားဘွယ်ရှိသော ကြောင့်လည်းကောင်း။ ထိုနိဗ္ဗာန်၌တည်၍နေသူထိုနိဗ္ဗာန်၌ဖြစ်၍ နေ၏,ဖြစ်၍

မနေ့, ဤသို့တခုခုကိုမျှငါဟော၍မတော်မလျော်နိုင်သောကြောင့်။ထိုနိဗ္ဗာန်သို့ရောက်လတ္တံ့သော ဝိမုတ္တစိတ္တရဟန္တာပုဂ္ဂိုလ်အားလည်း ထိုနိဗ္ဗာန်သို့ရောက်လတ္တံ့,ထိုနိဗ္ဗာန်၌တည်လတ္တံ့,ဟူ၍သာဟောသင့်ရကား။ထိုနိဗ္ဗာန်၌ဥပပဇ္ဇိဿတိ၊ဖြစ်လတ္တံ့။နုပပဇ္ဇိဿတိ၊မဖြစ်လတ္တံ့ ဟု တခုခုကိုမျှငါဟော၍မတော်နိုင်။ဝေနေယျတို့ညဏ်မနိုင်ဘွယ်ရှိသောကြောင့်။ အဘယ်ဘခုခုကိုမျှငါဟောတော်မမူသည်ဟုဝစ္ဆပရိဗိုဇ်အား ဘုရားသျှင်မိန့်ကြားတော်မူသည့်အရာ ဗျံကြွတ္တာဝိပ္ပါယဖြင့် မဇ္ဈိမပဏ္ဏာသ ပါဠိတော်လာသည်ကိုထောက်သဖြင့်လည်းကောင်း။ ရူပသင်္ခြာဝိရုဗ္ဗောခေါ် မဟာရေဇ တထာဂတောဂန္ဓာရေအပ္ပမေယျော စသည်ဖြင့် ကောသလမင်းကြီးအားလည်းယင်းဝစ္ဆပရိဗိုဇ်အားဟောကြားတော်မူသည့်အတိုင်းပင်ဟောကြားတော်မူသည်ဟု သဠာယတနသံယုတ် ပါဠိတော် လာသည်ကို ထောက်သဖြင့်လည်းကောင်း။အတ္ထင်္ဂတောသောဥစ္ဆိန္နောဝိနဗ္ဗောစသည်ဖြင့်နိဗ္ဗာန်ရောက်သွားသည့်သူများအလုံးစုံပြတ်တောက်ကွယ်ပျောက်၍သွားသလောဘုရားဟုဥပသိဝပုဏ္ဏားလျှောက်ထားရာ။ အတ္ထင်္ဂတဿနပမာဏမတ္ထိစသည်ဖြင့်နိဗ္ဗာန်ရောက်သူများအလုံးစုံကွယ်ပျောက်၍သွားသည်မဆိုသင့်။ရုပ်ဝေဒနာစသော ပမာဏတရားသာမရှိသည်ဟု ဘုရားဟောကြားတော်မူကြောင်းနှင့် ဗုဒ္ဓနိဒ္ဒေသပါဠိတော် လာသည်ကို ထောက်သဖြင့် လည်းကောင်း။ပရိနိဗ္ဗုတော ပုက္ကုသော ဥစ္ဆိန္နောတိ နဟေဝံဝတ္တဗ္ဗေ ဟူသောပါဌ်ဖြင့်ပရိနိဗ္ဗုတရဟန္တာပုဂ္ဂိုလ်များ အလုံးစုံပြတ်တောက်ကွယ်ပျောက်၍ သွားသည် မဆိုသင့်ကြောင်းနှင့် ကထာဝတ္ထုပါဠိတော်လာသည်ကို ထောက်သဖြင့်လည်းကောင်း။ နသောပမာဏမေတိ စသည်ဖြင့် ပရိနိဗ္ဗာန်ပြုသွားကြသောပုဂ္ဂိုလ်တို့ ထိုနိဗ္ဗာန်၌ သီလ သမာဓိ ပညာအမျိုးအနွယ်အားဖြင့်အဘယ်သူလိုတည်းဟု မနှိုင်းယှဉ့်နိုင်ဘွယ် တကယ်ဂန္ဓာရ အပ္ပမာဏအပ္ပမေယျ ဖြစ်၍နေကြောင်းနှင့် ဟောတော်မူအပ်သော ဇာတဝတ်ပါဠိတော်၎င်းအဋ္ဌကထာတို့ကိုထောက်သဖြင့်လည်းကောင်း ရဟန္တာပုဂ္ဂိုလ်သေပြီးသည်နောက် ပြတ်တောက်ကွယ်ပျောက်၍သွားကြောင်းနှင့်ဟောပြောလေ့ရှိသောယမကမည်သောရဟန်းအား ဤကဲ့သို့ ပါပိကံဒိဋ္ဌိဂတဒိဋ္ဌိစကားမဟောကြားရမည်အကြောင်းနှင့် အသျှင်သာရိပုတြာကိုယ်တိုင် ဆုံးမရသည်ဟု သဠာယတနသံယုတ်ပါဠိတော်လာသည်များကိုထောက်သဖြင့်လည်းကောင်း။ ယထာပနဝိဇ္ဇမာနဿေဝဇာတဝေဒေါ ဗျွတ္တေန ပုရိသေန

နိယျာနော ပုရတ္တိမာဒိဒိသံဂတောတိဝုစ္စေယျ၊ နိဗ္ဗုတော၊ ဇိဝံခိဏာ
သဝေါပိ စသည်ဖြင့် ပရိနိဗ္ဗုတပုဂ္ဂိုလ် ရုပ်နာမ်ခန္ဓာငြိမ်းပျောက်၍သွားရာ
အဘယ်အရပ်၌ ရုပ်နာမ်ခန္ဓာနှင့်တကွ ဖြစ်၏ရောက်၏ဟု မဆိုထိုက်သည်
ကိုသာပြသည်။ စင်စစ်နိဗ္ဗာန်သို့ မရောက်ဟု ဆိုလိုသည်မဟုတ်ဟူသော
မဇ္ဈိမပဏ္ဏာသဋီကာလာသည်ကိုထောက်သဖြင့်လည်းကောင်း။ဤသို့စသော
ပါဠိတော်များစွာ အဋ္ဌကထာ ဋီကာအရပ်ရပ်တို့ကို ထောက်သဖြင့် နိဗ္ဗာန်
ရောက်သွားကြသူတို့ အလုံးစုံ ကွယ်ပျောက် ပြတ်တောက် ရိတ္တတုစ္ဆ
အဘာဝသို့ရောက်သွားကြလေတော့သည်ဟု ဥစ္ဆေဒဝါဒစကားပြောကြား
ယူမှားခြင်းကိုမဖြစ်စေရ။ထိုနိဗ္ဗာန်ရောက်သူတို့သိုနိဗ္ဗာန်၌အဘယ်ပုံခြင်းရာ
အားဖြင့်တည်နေသည်ဟုဝေနေယျတို့ဉာဏ်ဖြင့်မတိုင်းထွာနိုင်မပိုင်းခြားနိုင်
ဘွယ် တကယ်နက်နဲခြင်း ဂမ္ဘီရအပ္ပမေယျသဘောအားဖြင့်ဖြစ်၍။အဘယ်
ဘေးဘရမျှမတွေ့မငြိ ချမ်းမြေ့သာသာအမြဲတည်စံနေကြရသည်ဟူ၍သာ
နှလုံးနှစ်မြိုက်ပိုက်ထားကြကုန်သည်ဖြစ်၍၊ ယင်းသို့ဂမ္ဘီရဖြစ်သောနိဗ္ဗာန်၌
ဂမ္ဘီရအပ္ပမေယျပရိနိဗ္ဗုတပုဂ္ဂလဖြစ်၍ တခါတည်းမျှ မပျောက်မပျက် မအို
မသေ အမြဲတည်စံနေရာ နိဗ္ဗူအောင်ခန်း တကယ်ဘေးမသန်းသည် ရွှေမြို့
နန်း၌ ဆောလျင်စွာစံမြန်းကြရပါစေကုန်သတည်း။ ။ဤကား အောက်က
အကြိမ်ကြိမ်အခါခါ မေတ္တာဝေဌခဲ့သော ဩဒိဿမေတ္တာ ဘာဝနာ
အဆုံး အာသိသဘာဝနာနိဂုမ်းချုပ်စကားတည်း။ ။ဤနိဗ္ဗုတဒီပနီကျမ်း
အားလုံး၌ အခါခါစိတ်ပိုက် အကြိမ်ကြိမ်မလိုက်နိုင်သဖြင့် လိုရင်းအကျဉ်း
၌သာ ဘဝင်မြိုက်လိုကြသောပုဂ္ဂိုလ်တို့မှာ။ဤနိဗ္ဗုတဒီပနီကျမ်း သင်္ခေပ
ကဏ္ဍအဆုံး နိဂုမ်းချုပ်တရပ်၊ဝိတ္ထာရကဏ္ဍ နိဗ္ဗာနကထာအဆုံးနိဂုမ်းချုပ်
တရပ်၊ ဝိတ္ထာရကဏ္ဍ နိဗ္ဗုတကထာအဆုံး နိဂုမ်းချုပ်တရပ်၊ ၎င်းနိဂုမ်း
အနီးတွင် ယင်းနိဗ္ဗာန်တရား၏အခြား ပရမတ္ထတရားတို့နှင့် တူပုံတူချက်
ထူးပုံထူးချက် နိဂုမ်းချုပ်တခုင်၊ ဤအာသိသမေတ္တာ ဘာဝနာအဆုံး
နိဂုမ်းချုပ်တရပ်၊ ဤငါးရပ်ငါးဌာန အတိုကောက်တို့၌ အခါခါစိတ်ပိုက်
မှတ်သား တပေါင်းတည်းဝါရဂ္ဂတပြုအားနိုင်ကြလျှင်။ နိဗ္ဗာန်အခြင်းအရာ
နိဗ္ဗာန်ရောက်သူတို့ အခြင်းအရာဝယ်၊ အရိယာတို့ဉာဏ်ဂေါစရအရာကို
လှမ်းထား၍ ပုထုဇန်တို့ဉာဏ်အရာအားဖြင့်ပါရဂ်တာရောက်သွားပြီဆိုရမည်
လောက် ခရီးရောက်ကြကုန်လတ္တံ့။ရောက်ကြပါစေကုန်သတည်း။ ။

# နိဂုမ်း ။ ဆုတောင်းခန်း။

ယခုအခါကျမ်းအားလုံးအပြီး နိဂုမ်းချုပ်ဆုတောင်းခန်းကို ပါဌ်ဂါထာ အကျယ်တန်း၍ ဆန်းကြယ်စွာညွှန်းပြလတ္တံ့။ ။ယင်းသို့ညွှန်းပြရာ၌လည်း ယင်းနိဗ္ဗာန်, နိဗ္ဗာန်ရောက်သူ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့ တရားဝယ် လွန်စွာ တွေဝေသူ များလှသောကြောင့်။ ယင်းနိဗ္ဗာန်, နိဗ္ဗာန်ရောက်သူတို့ အခြင်း အရာ၏ လွန်စွာထင်သည်ထက် ထင်စေခြင်းငှါ။ ယင်းနှစ်ရပ်တို့၏အခြင်း အရာကိုပင်ထင်စွာပြလျက်သာပြဆိုပေလတ္တံ့။ ။ယင်းသို့ညွှန်းပြရာ၌လည်း အလွန်နက်နဲလှစွာသောနိဗ္ဗာန်,နိဗ္ဗာန်ရောက်သူ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့အခြင်း အရာကိုပြလျက် ညွှန်းပြရသည်နှင့် လျော်စွာ။ ယင်းနိဂုမ်း ဂါထာတို့၏ ဂမ္ဘီရတ္ထဖြစ်စေခြင်းငှါလည်းကောင်း။ သောတုဇနတို့ ပဟေဠိအလင်္ကာရ နည်းအရာ နည်းယူလိမ္မာကြ စေခြင်းငှါ လည်းကောင်း။ ယင်းပဟေဠိ လက္ခဏာသောဋ္ဌသဂါထာမျိုးတို့ဖြင့်ပြဆိုလတ္တံ့။ ။ဤဆိုလတ္တံ့သည်ကား အလင်္ကာဋီကာကျမ်းလာယင်းပဟေဠိလက္ခဏာတို့တည်း။ ။

၁။ (သန္ဓိပုဒ်စပ်၊ဝှက်တုံလတ်၊မှတ်လေ့သမာဂတာတည်း)။ ။
သမာဂတာနာမသိယာ၊ ဂုဠှတ္ထာပဒသန္ဓိနာ။ ။ပဒါဝါနတ
ဝိဋ္ဌိဏ္ဏာကား ပြယုဂ်တည်း။ ။

၂။ (သဒ္ဒါအနက်၊ နှစ်ချက်သင့်ရာ၊ မလိုသာကို၊ လိုသာထင်မှတ်၊
ဝှက်တုံလတ်၊မှတ်လေ့ဝဉ္စိတာ)။ ။
ဝဉ္စိတာညတ္ထရုဠှေန၊ ယတ္ထ သဒ္ဒေန ဝဉ္စိတာ။ ။နာဂသဒ္ဒါ
ရဟန္တာ,ဆင်,အနက်နှစ်ချက်ဆိုသင့်ရာ။ဆင်ကိုထင်မှားအောင်
ဝှက်သကဲ့သို့တည်း။ ။အကတညူ၊ သူ့ကျေးဇူးကိုမသိတတ်
ဟူသောအနက်၌ယောင်အောင်။အကတညူ၊နိဗ္ဗာန်ကိုသိတတ်၏
ဟူသောအနက်ကို ဝှက်သကဲ့သို့လည်းမှတ်။ ။

၃။ (မစပ်သင့်ရာ၊ ပုဒ်များစွာ၊ လယ်မှာခြား၍ထား။ ။ပုဒ်စပ်မသိ၊
ဝှက်ထားဘိ၊သိလေ့ဗျုက္ကန္တာ)။ ။

ဥက္ကဋ္ဌာတိဇ္ဈဝဟိတာ၊ပဝယောဂါမောဟ.ကာရိနီ။ ။သမ္မာသမ္ဗုဒ္ဓ
ဘာသိဿံ အဘိဝန္ဒိယကဲ့သို့တည်း။ ။

၄။ (တိမ်မြုပ် လှဘိ၊ ပညတ္တိသဒ္ဒါ၊ ပုဒ်စဉ်လာ၊ ပရသိတာ
မှတ်လေလော့)၊ ။
သိယာပရသိတာယဿာ၊ ဒုဗ္ဗောဓတ္ထာပဒါဝဋ္ဌိ၊ ။ရမ္မဏာကံ၊
ဖန်ပြာသာဒ်။ သဒ္ဒါမတ္တကံ၊ ငွေပြာသာဒ်။ ဒုဘကံ၊ ပတ္တမြား
ပြာသာဒ်စသည်ကဲ့သို့တည်း။ ။

၅။ (အရိုးမဟုတ်၊ ပုဒ်အနည်းနည်း၊ ပစ္စည်းအင်ဒသ၊ ဇုက်တုံက၊
မှတ်ကြဖရှသာ)။ ။
ဖရှသာပစ္စယာဒိဟိ၊ဓာတုသဒ္ဒါကထဋ္ဌိပိ။ ။ဥပေါ်သထော၊ဥပုသ်
သုံးခြင်းရှိသည်ဟု တဒ္ဓိတ်ဏာပစ္စည်းကိုဇုက်သကဲ့သို့တည်း။ ။

၆။ (အရိုးနာမပညတ္တ၊အဆန်းနက်တူသဒ္ဒတ္ထဖြင့်ဇုက်၊မပျက်သမာန
သဒ္ဒါပဟောဋ္ဌိမှတ်လေလော့)။ ။
သမာနသဒ္ဒါသာရုဋ္ဌ၊သဒ္ဒပရိယာယသဒ္ဒိတာ။ ။ပဒုမုတ္တရကို
ဇလဇုတ္တရ။ယသောဓရာကို ကိတ္တိမဟိဆိုသကဲ့သို့တည်း။ ။

၇။ (ဆဋ္ဌိသမာသ်၊ ထပ်ခါထပ်ခါ၊ တပုဒ်တည်းလျက် အများလာ၊
ယှုပါ ပါရိဟာရိနီ)။ ။
ယဿာသမ္ဗန္ဓဗဟုလ္လာ၊နာမံသာပါရိဟာရိနီ၊ ။ပုညာရိက္ခယ
ဂေါစရေ၊ ကုသိုလ်တို့၏ရန်သူတို့၏ ကုန်ရာမဂ်ဖိုလ်တို့၏အာရုံ
ဟူသကဲ့သို့ဘည်း။ ။

၈။ (မုချတ္ထကို၊ယောင်စေလို၊ဇုက်သိုသမာနရှုပ်ါတည်း)။ ။
သမာနရှုပ်ါမုချတ္ထာ၊ ရောပါဝိတပဒါသိယာ။ ။အမိစသော
မုချတ္ထ၌ ယောင်အောင် တင်ထားအပ်သော ပရိယာယသဒ္ဒါ
ရှိသော တဏှာစသည်ကိုဟောသော၊ မာတရံ ပိတရံ ဟတွာ
စသည်ကဲ့သို့တည်း။ ။

သဒ္ဒပဟောဋ္ဌိ (၇) ခုနစ်မျိုး။

---

၉။ (သင်္ချာရေတွက်၊ ယှုခက်စရာ၊ ယောင်ဘွယ်သာ၊ ဇုက်ခါသင်္ချာ
တာမျိုးတည်း)။ ။

သချ်ာတာနာမသချ်ာနံ၊ယတ္တဗျာမောဟာကာရဏံ၊ ။ဂိတသဒ္ဒေ
သရာဒွေ့ဒွေ့ စသည်ကဲ့သို့တည်း။ ။ဤ၌သရနှစ်လုံးကိုမယူ
မိအောင်၊အသံနှစ်ခုကိုထင်အောင်၊ယောင်အောင်ဖွက်သည်။ ။

၁၀။ (ကြိယာကာရက၊ဝ်ကျအနေ၊နှစ်ထွေအနက်၊ထွက်၍နေအောင်၊
လှည့်ပတ်ဆောင်၊မြဲခါင်မှတ်လေ ပကပ္ပိတာတည်း)။ ။
အညထာ ဘာသတေယတ္ထ၊ ဝ်ကျတ္ထေဿဘပကပ္ပိတာ။ ။
ပါတုဝေါ ဥဒိတောရာဇာဘ၌၊ထွက်တော်မူလာသော ပြည့်ရှင်မင်း
ဟူသောအနက်တပါး၌ ယုံမှားစေ၍၊ တက်လတ်သော လမင်း
ဟူသော လိုအပ်သောအနက်ကို ဖွက်သကဲ့သို့တည်း။ ။

၁၁။ (အမည်ကိုဖွက်၊ ဆိုသည်ချက်တွင်၊ အနက်တပါး၊ ထူးခြား
ထွေလာ၊ယောင်အောင်သာ၊ဖွက်ခါနာမန္တရိက)။ ။
သာနာမန္တရိကာယတ္ထ၊ နာမေနာနတ္ထကပ္ပနာ။ ။ဋ္ဌသိပတန
တော၏နာမည်ကိုမသိရအောင် ရသေ့စသော အနက်တပါး၌
ကြံမှားအောင် ဖွက်သကဲ့သို့တည်း။ ။

၁၂။ (သည်လိုဖြင့်လျှင်၊ သည်ဟာပင်ဟု၊ ထင်မှတ်စရာ၊ နှိုရာရာ၊
မြစ်ခါမြစ်ခါဖွက်။ ။ယင်းထင်ဘွယ်ကို၊ နမြစ်ဆို၊ ဖွက်သို
နိဘူတာ၏အချက်တည်း)။ ။
နိဘူတာဝဋ္ဌိတာညတ္ထာ၊တုလျတ္ထသုတိပောတုတော။ ။အဝ
ဋ္ဌိတာညတ္ထာ၊သူထင်ဘွယ်အနက်တပါးကိုတားမြစ်၍တည်သော
ပဟေဠိသည်။အနက်ပေး။ ။ဓာဝန္တံဥဒယာအတ္တံ စသည်၌၊
နစန္ဒမဏ္ဍလံ စသည်ဖြင့် သူထင်ရာကိုနမြစ်ဆို၍ ဖွက်သကဲ့သို့
တည်း။ ။ဝနံသိန္ဒထမာရက္ခံ စသည်ကိုယူ။ ။

၁၃။ (တိုက်ရိုက်စကား၊ပြောတုံခြားလျက်၊အနက်မထင်၊တွေဝေလျှင်၊
မှတ်ရှင်သံမုဋ္ဌာ။ ။စကားပိုးဝ်း ရီးတီးရာတား နေအောင်
ပြောသည်ဟူလို)။ ။
သံမုဋ္ဌာသံမုဠ္ဌတ္ထာစ၊နိဋ္ဌဋ္ဌတ္ထာပိသာရကံ။ ။အရင်လေးမျက်နှာ
သို့သည့်၍ မြင်းလေးကောင်ကိုချည်ထားပြီးလျှင် အလယ်ခေါင်
တွင်မြက်ကိုထား၍ကျွေးသည့်အခါ မြင်းလေးကောင်လုံးစားနိုင်
သည်ဆိုသကဲ့သို့တည်း။ ။

၁၄။ (သမာသ်ပုဒ်နက်၊ ဋ္ဌေပုဒ်ဇကတ်၊ မပျက်ဇကေ္တာနွာတည်း။ ။
နောက်ပုဒ်မျက်ကိုတော်၍ ဋ္ဌေပုဒ်ကိုဖုံးထားသည်ဟုလို)။ ။
ဇကေ္တာနွာ သမာသသည၊ ပုဗ္ဗပဒံဝဂေါပနာ။ ။ကာကဇယ
ဟူသည်၌ ကာကကိုခသိရအောင် ဇယဟူ၍သားဆိုသကဲ့သို့
တည်း။ ။ဇယ၊ကျိုးသာသည်။ ။အကြင်ဇက်ဖြင့်၊အဝေး
သွားသူပြန်လာခါနီးတွင် ဇယဟူ၍ဆိုအင်၏။ဝါ၊သာသည်ဟူ၍
ဆိုအင်၏။ ထိုဇက်သားကို သင်စားဘူး၏လားဟု မေးသကဲ့
သို့မှတ်။ ။

၁၅။ (အရိပ်အမြွက်၊ အနက်ခြင်းရာ၊ ဆိုပြီးခါ၊ နှစ်ဖြာလုံးကိုဇက်၊
ဥဘယနွာ ယင်းအချက်)၊ ။
အာကာရံ ဗျဥ္ဇနျဘယနွာ၊ ယသာ သကလဂေါပနာ။ ။
ကြွက်နှင့် ကြောင်ပါး၊ကျားနှင့် သမင်၊မြင်ကာမတ္တ၊ကိုက်ပြေးကြ
လျက်၊အကြင်အသံကိုကြားလျှင် မပြေးမကိုက်ကြ။ထိုအသံကို
သင်ကြားဘူး၏လား-မေးသကဲ့သို့တည်း။ ။ကရဝိက်ဇက်မင်း
သံပေါ်။ ။ကရဝိကသဒ္ဒါနှင်ပုဒ်လုံးကိုဇက်သည်။ ။

အတ္တူပဟေဠိ (ဂ) ရှစ်။

---

၁၆။ (ပဟေဠိလက္ခဏာ၊ပေါင်းမျှားစွာ၊တဂါထာတည်း၌။ ။ရော၍
ယှက်ခါ၊ယင်းဂါထာ၊သံကိဏ္ဏာဟု နှလုံးပိုက်)။ ။
သံကိဏ္ဏာနာမသာယသာ၊နာနာလက္ခဏာသင်္ကရော။ ။ဤမဟာ
နိဗ္ဗုတိကထာဝယ် ဂန္ထိရဂန္ထိရံစသည်ကဲ့သို့တည်း။ ။

သဒ္ဒတ္တူပဟေဠိ (၁) တစ်။

---

**ယခုအခါ ယင်းပဟေဠိလက္ခဏာတို့နှင့်အညီ ကျမ်းပြုရကျိုး
နိဂုမ်းပါဌ်တန်း ဆုတောင်းခန်းဆိုပေအံ့။**

(၁) အဘူတအဘူတဒ္ဒာနံ၊အာကာရံဒုဗ္ဗိနိဓ္ဓယံ။
ဝိနိစ္ဆယံသုကရောဇ္ဇော၊ကရောဇ္ဇောအနဝဇ္ဇယံ။ ။

(၂) မဏ္ဍနာဗာဟတောလောကော၊ယတ္တဌ္ဌတောနဗာဟဇော။
အကတံသိဿံအာယာမ၊သုဇ္ဇောနေတေနတံမယံ။ ။

(၁) အဘူတအဘူဘဉ္ဒာနံ၊နိဗ္ဗာန်,နိဗ္ဗာန်၌တည်နေကုန်သောပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏၊ အာကာရံ၊ သဘောခြင်းရာဖြစ်ပုံနေပုံအလုံးစုံကို။ဒုဗ္ဗိနိဋ္ဌ ယံ၊ ဆုံးဖြတ်နိုင်ခဲသောအရာကို၊ သုဒိနိဋ္ဌယံ၊ ကောင်းကောင်းကြီး ဆုံးဖြတ်ခြင်းကို။ ဝါ၊ဟုတ်မှန်သေချာ၊ ကောင်းစွာဆုံးဖြတ်ခြင်းကို၊ သုကရောန္တော၊ ကျယ်ကျယ်ဝင်းဝင်း ခင်းခင်းကျင်းကျင်း လွှန်မင်းစွာ ပြုသည်ဖြစ်၍၊ ယံအနဝဇ္ဇံ၊အကြင်ကုသိုလ်ကောင်းမှုကို။ကရောန္တော၊ကြည်လင်ရွှင်လန်းသဒ္ဓါစွမ်းဖြင့် ဝမ်းမြောက်ဝမ်းသာ ပြုရပါ၏၊

(၂) လောကော၊သုံးခွင်ဝေနေများတတွေကို။မစ္ဆုနာ၊သျှင်သေမင်းသည်။ ဗာဟတော၊ညှဉ်းဆဲတိုက်ဖြတ် ခါခါသတ်အင်၏။ ယတ္ထ၊အကြင်အရပ်၌။ ဌိတော၊တည်သောသူကို။တေနမစ္ဆုနာ၊ထိုသျှင်သေမင်းသည်။နဗာဟတော၊မညှဉ်းဆဲမသတ်ဖြတ်နိုင် ဖေတေနသုကြေန၊ ဤနိဗ္ဗာန်, နိဗ္ဗာန်၌တည်နေကုန်သူတို့၏အခြင်းအရာကို သေချာစေ့စပ် ဆုံးဖြတ်ရေးသား တရားစည်ကြီး ရိုက်တီးရသောကောင်းမှုဖြင့်။ဝါ၊ကောင်းမှုကြောင့်၊တံအကတံ၊ ထိုသေမင်း မညှဉ်းဆဲနိုင်ရာ နိဗ္ဗုတာအရင်သို့၊ ဝါ၊ နိဗ္ဗုသာခေါင် လူမနီးသည့် ဘေးမဲ့တောင်သို့၊ မယံ၊ အကျွန်ုပ်တို့သည်။ သိဃံအာယာမ၊ လျင်စွာထုတ်ချောက် ဆောစွာရောက်ချပါလိုကုန်၏၊ ။

ဤဂါထာတို့ကား၊နိဗ္ဗာန်ဟောအရာ၌လွှန်စွာကွယ်မြုပ်သော အဘူဘာသဒ္ဒါ အကတသဒ္ဒါဟူသော ပဉ္စတ္တိသဒ္ဒါတို့ဖြင့်ဆိုအပ်သောကြောင့်၊ပရသိတာပပောဋ္ဌဘစိတ်နှင့်ရေးသောဂါထာ၊ ။သုကရောန္တော၌၊ သုကို ဝိနိဋ္ဌယဟူသောရှေ့ပုဒ်၌လည်း ယူ၍ယှဉ်ရသည်ကား၊ ကာကော လောကနနည်း။အနဝဇ္ဇ၌ နိဂ္ဂဟိတ်ကျေ၊ ။ကုသိုလ်ဟော အရာ၌၊ကွယ်ဖျက်သော အနဝဇ္ဇသုက္ကသဒ္ဒါတို့ဖြင့်ဆိုခြင်းသည်လည်း၊ပရသိတာလက္ခဏာပင်တည်း။ ။

(၃) ဓာတံပိအဓာတံယောဝ၊အဓာတံပိဓာတံဘာဝေ။
ကတံပိအကတံယောဝ၊အကတံပိကတံဘာဝေ။ ။

(၄) ဇောဒိသံဓာဘာဓာတံ၊ကဘာကတံပုဂ္ဂျကျမံ။
သုခံသုခံသုဝဇ္ဇေန္တံ၊သိဃာမေတုဘာဘဝံ။ ။

(၃) ယံ၊အကြင်မြို့သည်၊ ဓာတံပိ၊ဖြစ်ပါလျက်လည်း။အဓာတံယောဝ၊

မဖြစ်သည်သာလျှင်တည်း။ အဇာတံပိ၊ မဖြစ်ပါဘဲလျက်လည်း။ ဇာတံ၊ ဖြစ်သည်ပင်။ဘဝေ၊ဖြစ်၏၊ ကတံပိ၊ပြုအပ်ပါလျက်လည်း။ အကတံယေဝ၊ မပြုအပ်သည်သာဖြစ်၏။အကဘံပိ၊မပြုအပ်ပါဘဲလျက်ဘည်း။ကတံ၊ပြုအပ်သည်ပင်။ဘဝေ၊ဖြစ်၏။ ။

(၄) တေဒိသံ၊ ဤသို့သော သဘောရှိသော။ ဇာတာဇာတံ၊ ဖြစ်ပါလျက်နှင့် ဖြစ်သည်မမည်၊မဖြစ်ပါလျက်လည်း ဖြစ်၍နေသော။ကတာကတံ၊ ပြုအပ်ပါလျက်လည်းမပြုအပ်၊ မပြုအပ်ပါဘဲလျက်လည်း ပြုအပ်သည်ပင်ဖြစ်သော။ ဥတ္တမံ ဥတမံ၊ ကိုင်းပြည်တပါး မြို့ဘခြားများကဲ့သို့ အမိုက်တိုက်သည်းမရှိထသော။ သုခံသုခံ၊အတုမရှိသောချမ်းသာကို။ သုဝဇေနန္တံ၊ ကောင်းကောင်းကြီး ပွါးစေတတ်သော။ ဘဝါဘဝံ၊ ထင်ရှားရှိလျက်ရှိရာမထင်၊ ရှိရာမထင်သော်လည်း ထင်ရှားရှိသည်ပင် ဖြစ်ထသော။ ပဂုဏ္ဏမံ၊ ပြည်သူး ပြည်မြတ် ပြည် အထွတ်သည်။ မေ၊ ငါ၏ ထံသို့။ သီဃံ၊ ဆောလျှင်စွာ။ဧတု၊တည်ရောက်လာပါစေသတည်း။

တဲ့တဲ့ဆိုလျက် အသိခက်အောင် ဖက်သော သံမုဋ္ဌာပပေါဟ္ဒိ။ ။နိဗ္ဗာန်ကိုဖက်သည်။ ။ဖြစ်ပါလျက်နှင့်ဖြစ်သည်မမည်။မဖြစ်ဘဲလျက်လည်းဖြစ်သည် ဆိုသည့်အရာသည်။ အဘယ်လိုဟာဖြစ်ပါလိမ့်မည်နည်းဟု တွေဝေရသည်ကို သံမုဋ္ဌာဆိုသည်။ ။ကမ္ဘာမီးလောင် မြေကြီးဘက်ဘက်ပြောင်သည့်အခါ။ထိုမြေကြီးနေရာ၌ကောင်းကင်ဟင်းလင်းဖြစ်သည်ဖြစ်၍။ ထိုကောင်းကင် ဖြစ်လာပြီ ဟူ၍လည်း ဆိုသင့်ပါလျက် ဥပါဒ်ဒြဗ်အားဖြင့် ဖြစ်သည်မဟုတ်ရကား ဖြစ်သည်မဆိုလောက်။ ဖြစ်သည်မဆိုလောက်သော်လည်း ထိုအခုပ်၌ ကောင်းကင် ဖြစ်လျက်ပင် နေသောကြောင့်။ ထိုကောင်းကင်ကို မြေကြီးပျောက်သည်နောက်ဖြစ်ရောက်လာသည် ဟူ၍လည်း ဆိုသင့်သည် ဖြစ်သကဲ့သို့။ အခုပတ္တမဂ် အခုပတ္တဖိုလ် ဟူသော ကမ္ဘာမီးသတ္တဖြင့် အကြောင်းအဘိသင်္ခါရမာရ်ကုန်၍၊ ဂုပ်နာမ်ခန္ဓာမြေကြီး ကုန်ပျောက် တဘန် အသစ်မရောက်ရှိသည့်အခါ။ ယင်းနိဗ္ဗာန်ခုတနာ ပေါ်ပေါက်လာသည်ဖြစ်၍ ထိုနိဗ္ဗာန်ကို မဖြစ်

လာဟူ၍လည်း၊မဆိုသင့်။ယခင်ကောင်းကင်ကဲ့သို့ပင် ဥပါဒ်
အထင်အရှားအထည်ဖြစ်အားဖြင့် မဖြစ်လာသောကြောင့်
ဖြစ်သည်ဟူ၍လည်းမဆိုလောက်သည်ကိုရည်၍၊ ဇာတံပိ
အဇာတံ ယောဝ စသည်ကို ဆိုသတည်း။ ။ဤသို့
ဗှက်သည်ကိုပေါ်။ ။

(၅) သမ်ဘာသမ်ဘာဝါညော၊ဇာတာဇာဘာဘာထေဝတော၊
နယောခမ္မောဘထာဟောတိ၊သိစ်သံလဘာမတံမယံ။ ။

(၅) အညော၊ တပါးကုန်သော တရားတို့မှာ။ သမ်ဘာ၊ ပြုပြင်အပ်
ကုန်သည်ရှိသော်။ သမ်ဘာဝ၊ ပြုပြင်အပ်ရာလက္ခဏာထင်သဖြင့် ပြုပြင်
အပ်သည်မည်သည်သာဖြစ်ကုန်၏၊ဇာတာ၊ဖြစ်ပေါ်လာကုန်သည်ရှိသော်။
တော၊ ထိုတရားတို့သည်။ တထေဝဇာကာ၊ ထိုဖြစ်ပေါ်လာသည့်လက္ခဏာ
ထင်သဖြင့် ဖြစ်ပေါ် လာသည်ပင် မည်ကုန်၏။ ယောခမ္မော၊ အကြင်
တရားသည်၊ တထာ၊ ထိုသို့ ပြုပြင်အပ်သည်အတိုင်း ပြုပြင်အပ်သည်
မည်သောဖြစ်လာသည်အတိုင်းဖြစ်လာသည်မည်သောအားဖြင့်။နဟောတိ၊
မဖြစ်။ တံမယံ၊ ထိုသို့သောလက္ခဏာအားဖြင့်ပြီးသော။မတံ၊ စင်စစ်အလို
ရှိအပ် အလိုရှိထိုက်သော။ အမတံ၊ အမြိုက်သဘွယ်ဖြစ်သော။ တံခမ္မံ၊
ထိုဘရားထူးဘရားမြတ်ကို။မယံ၊ငါတို့သည်။သိစ်သံ၊ဆောလျင်စွာ။လဘာမ၊
ဤကျမ်းပြုရ ကုသလကြောင့် ကောင်းကောင်းကြီးရပါလိုကုန်၏။ဝါ၊ရပါစေ
ကုန်သော။ ။

လဘာမတံမယံ၌။မတံဘချက်၊ဇွှေပုဒ်ဝယ် အအက္ခရာ
ကျေစေ၍အမတံတချက်၊ တံမယံတချက်၊ တံတချက်၊မယံ
တချက်အားဖြင့် သဒ္ဒသတ္တိအများထွက်ရကား ဘိန္နသတ္တိ
သမဝေတနည်းမှတ်။ ။နိဗ္ဗာန်ကိုဆိုသည် အခြင်းအရာ
မထင်မထွက် နှစ်ဘက်အစွန်း ဖုံးလွှမ်း ကွယ်ဗှက်သော
ဥဘယစ္ဆန္နာပဟောဠိဂါထာ။ ။

(၆) ယန္တံပဒံဒုဒ္ဒိခံပိ၊နေဝဟောတိဂတာဂဝင်။
နေဝဌိတံအနာသမ္ဘံ၊သိစ်သံဂစ္ဆာမတံပဒံ၊ ။

(၆) ယန္တံ၊ ရောက်ရာစင်စစ်ဖြစ်သော၊ ယံတံပဒံ၊ အကြင်အရပ်

ဌာနသည်။ဒုတ္ထိခ္ခြါ၊နှစ်ပါးအပြားပင်ရှိသော်လည်း။ဂတဂတံ၊သွားရာလာရာ အရပ်သည်။နေဝဟောတိ၊မဟုတ်။ နေဝဌိတံ၊ တည်နေရာလည်းမဟုတ်။ အနာလမ္ဗံ၊ဆွဲ၍ရာထောက်တည်ရာလည်းမရှိ။ အာမတံ၊လွန်စွာလိုအပ်ရာ ဖြစ်သော၊ အမတံ၊သေတတ်သူများလည်းမရှိသော။ ပဒံ ပကာဠံ ဒေသ္သံ၊ မြတ်သောချမ်းသာကိုလည်းပေးတတ်သော၊ တံပဒံ၊ထိုအရပ်ကို။ မယံ၊ ငါတို့သည်။ သိဿံ၊အလျင်တဆော၊ ဂစ္ဆာမ၊ ရောက်ရပါလိုကုန်၏။ ဝါ၊ ဤနိဒ္ဒေသကထာ ကျမ်းမြတ်စွာကို သေချာပြုဗြမြတ်ကောင်းမှုကြောင့် ယခု ဆောစွာရောက်ရပါစေကုန်သော။ ။

ရောက်ရာလည်းဖြစ်၊ သွားရာလာရာလည်း မဟုတ်၊ ထောက်တည်ရာ ဆွဲ၍ရာလည်းမရှိ၊ လွန်စွာအလိုရှိအပ် သည်လည်းဖြစ်၊ သေသည့်သူများလည်း မရှိသောအရပ် ဟူသည်။ အဘယ်အရပ် ဖြစ်လိမ့်မည်နည်းဟု တွေဝေ အောင်ဖှက်သော သံမုဠ္ဌာပဟောဠိဂါထာ။ ။နှစ်ပါးအပြား ဟူရာ၌၊ သဉပါဒိသေသနိဗ္ဗာန် အနူပါဒိသေသ နိဗ္ဗာန် ကိုယူ။ ။ယန္တံ၏အရ ရောက်ရာဟူသည်၌။ ပရိနိဗ္ဗာန် မပြုရသေးခင် အာရုံပြုသောအားဖြင့်ရောက်ရာ၊ ပရိနိဗ္ဗာန် ပြုသည်အခါ ထက်ကြပ် တွေ့ရောက်ရာကိုယူ။ သွားရာ လာရာမဟုတ်ဟူရာ၌။ ဤနိဗ္ဗာန်သို့ရောက်ပြီးသည်နောက် အဘယ်ဘဝတပါး သွားရသည် မရှိ။ ဘုံတပါးကလည်း ကိုယ်ခန္ဓာအတ္တဘောနှင့်တကွလာရာမဟုတ်သည်ကိုယူ။

နေဝဌိတံအရ၊ တည်ရာမဟုတ် ဟူရာ၌။ ပဋိသန္ဓေ တည်နေရာမဟုတ်သည်ကိုယူ၊ အနာလမ္ဗံ၏အရ၊ ဆွဲရာ ထောက်တည်ရာ မရှိဟူရာ၌။မှီရာမဟာဘုတ် ရုပ်အထည် ဒြဗ်မရှိသည်ကိုယူ။သေတတ်သူတို့မရှိဟူရာ၌၊မသေတတ် သူ မသေနိုင်သူ ပရိနိဗ္ဗုတအသျှင်တို့၏သာတည်နေရာကို ယူ။ ။ဘိန္နသတ္တိနည်းမှာ ရှေးအတိုင်းကြံကြလေ။ ။

(၇) နနရာနရဇာတာပိ၊ဒေဝဇာပိနဒေဝတာ။
ဇဂဇာအဇဂါယေဝ၊သိဿံဘာဝါမတာဒိသား ။

(၇) ယေ၊အကြင်သူတို့သည်။ နရဇာတာပိ၊ လူ၏သို့ပင် ဖြစ်ကုန်

သော်လည်း။ဝါ၊လူကပင်ဖြစ်သွားကုန်သော်လည်း။ နနရာ၊လူလည်းမဟုတ်ကုန်။ ဒေဝဇာဝိ-ဒေဝဇာတာဝိ၊ နတ်၏သို့ပင် ဖြစ်ကုန်သော်လည်း။ ဝါ၊ နတ်ကပင်ဖြစ်သွားကုန်သော်လည်း။ နဒေဝတာ၊ နတ်လည်းမဟုတ်ကုန်။ ဇဂဇာဝိ၊ သတ္တဝါတို့မှ ဖြစ်သွားပါကုန်သော်လည်း။ အဇဂါဝေ၊သတ္တဝါ မဟုတ်ကုန်သည်သာလျှင်။ ပဟာန္တိ၊ ဖြစ်ကုန်၏။ မ-မယံ၊ ငါတို့သည်။ အမတာ၊မသေနိုင်ကုန်သော။ အဘာဝါ၊ ဘဝသုံးပါးလည်း မရှိကုန်သော၊ အဘာဝါ၊ ဘုံသုံးပါး၌မရှိကုန်သော်လည်း။ ဘာဝါ၊ ဂန္တိ ရသဘောအားဖြင့် နိဗ္ဗာန်၌တည်ရှိသည်ပင် ဖြစ်ကုန်သော။ တာဒိသာ၊ ထိုသို့ အံ့ဩစဖွယ် တကယ်ထူးဆန်းသည့်သူ လူမတူနတ်မမျှ နိဗ္ဗုတပုဂ္ဂလ ဝိသေသတို့သည်။ သိဿံ၊မနှေးမကြာဆောလျင်စွာ။ဘာဝါမ၊နိဗ္ဗုတပုဂ္ဂလတို့၏ဝိသေသဖြစ်ပုံကို အကုန်ညွှန်းရမြတ်ပညာကြောင့်ကောင်းကောင်းကြီးဖြစ်ရပါစေကုန်သော။ ။

ဝင်းသံရဋ္ဌာပင်။ ။ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့ကိုဖွက်သည်။ ။ နိဗ္ဗာန်အရဟာတောဂတိ။ ပရိဝါပါဋ္ဌိတော်။ ။ကာယဿ ဘေဒါဓမ္မဋ္ဌော၊သချံနောပေတိဝေဒဂူဟူသောသဋ္ဌာယတန သံယုတ်ပါဠိတော်။ ။တာသံပရာဘာဂေ နိဗ္ဗာနေတိဋ္ဌေသျှ ဟူသော နေတ္တိ အဋ္ဌကထာတို့ လာတိုင်း။ ဘုံသုံးပါး၏ ပြင်ဘက်နိဗ္ဗာန်၌ တည်နေသည့်သခင် ပရိနိဗ္ဗုတအသျှင် များကိုရည်၍ဖွက်သည်ဟူလို။ ။နိဗ္ဗာန်၌တည်နေသည်ကို ရည်၍။ ဘာဝါ၊ ရှိသည်ပင်ဖြစ်ကုန်သောဟု အနက်ပြန်ဆို သတည်း။ ။

(ဂ) ဥဿိန္နာဝိအနုဿိန္နာ၊အနုဿိန္နာဝိဆိန္နကာ။ နုဿန္တေနတ္ထိနတ္ထိတိ၊လဟုံဘာဝါမတာဒိသာ။ ။

(ဂ) ယေ၊အကြင်သူတို့သည်။ဥဿိန္နာဝိ၊ပြတ်သွားပါကုန်လျက်လည်း။ အနုဿိန္နာ၊ ပြတ်သည်မဟုတ်ကုန်။ အနုဿိန္နာဝိ၊ ပြတ်သည်မဟုတ်ကုန် သော်လည်း၊ ဆိန္နကာ၊ပြတ်အောင်ပြုနိုင်ကုန်၏၊ နတ္ထိ၊မရှိသည်ဖြစ်ပါကုန် လျက်၊နတ္ထိတိ၊မရှိဟူ၍လည်း၊နုဿန္တေ၊မဆိုအပ်ကုန်။အမတာ၊တရံတခါမျှ လိုချင်တောင့်တမင့်ကုန်သော။ အမတာ၊ တရံတခါမျှ မသေနိုင်ကုန်သော၊ အမတာ၊သေတတ်သောသူတို့နှင့်မတူ အမူထူးလျက် ဆန့်ကျင်ဘက် ဖြစ် ကုန်သော။ အမတာ၊ လွန်စွာအလိုရှိအပ်အလိုရှိထိုက်ကုန်သော၊ တာဒိ

သာ၊ ထိုသို့သောသဘောရှိသော သုတ်၌သည်။ ဧဟို၊ အလျင်တဆော။
ဘဝါမ၊ဤကျမ်းပြုရကုသလကြောင့်ကောင်းကောင်းကြီးဖြစ်ရပါသို့ကုန်၏။

ပရိနိဗ္ဗုတပုဂ္ဂိုလ်အရာကို၊ သဒ္ဒါမခက် အနက်ပေါ်စွာ
ဆိုပါလျှင်လည်း၊ သည်ပင်သည်လို သည်ကိုဆိုသည်ဟု
မသိနိုင်အောင်တွေဝေဘွယ် ဖြစ်သော သံမုဋ္ဌာပဟောဋ္ဌိ
ပင်တည်း။ ။ရုပ်နာမ်ခန္ဓာ ရွံစရာပေါင်း ထောင်းထောင်း
ပြတ်သွား ဖြစ်တုံငြားလည်း ဤကားလူနတ် ၎ မဆိုအပ်ရုံ
လုံးဝမပြတ် နိဗ္ဗာန်ခေမာမြတ်၌ တည်နေသည်ကိုရည်၍၊
ဥစ္ဆိန္နာဂါအနုစ္ဆိန္နာဟုဆိုအပ်သတည်း။ ။နိဗ္ဗာန်သာခေါင်
ဘေးမဲ့ တောင်တွင် သူမြင်ကောင်း နက်တုံ ချောင်း၍
ကောင်းကောင်းကြီး တည်နေကြသဖြင့် ဥစ္ဆိန္နမဆိုရသော်
လည်း၊သခ်ဘဆိုး ရုပ်နာမ်မျိုးမရှိဒုက္ခကြီးမဘိနိုင်သည်ကို
ရည်၍၊အနုစ္ဆိန္နာပိဆိန္နကာဟုဆိုသတည်း။ ။

တဆဲ့ဘသီး မီး၏လောင်စာ ကိုယ်ခန္ဓာဆိုးဒုက္ခအိုးသာ
မရာမရေ မရှိပေသည် ရွှေနန်းနိဗ္ဗု၊ သူမဟုတန် ဝင်းဝင်း
လျှံ၌ ဘုဂန္ဓာရဖြစ်၍။မငွေ့ဆင်းရဲ တချမ်းသာတဲတည်နေ
လျက်ရှိပေသည်ကိုရည်၍၊ နုစ္စတ္တေနဋ္ဌိနဋ္ဌိတိကို ဆိုသ
တည်း။ ။ဆိန္နကာ၊ပြတ်သည်ဖြစ်ကုန်၏အနက်ပေးလျှင်၊
ကအကွဲရာ၌ အနဋ္ဌက ဒေါသ ဝင်မည်ကြောင့်။ ဆိန္န
ကရေန္တိတိဆိန္နကာ၊ ဝစနဋ္ဌပြု၍။ ပြတ်အောင်ပြုတတ်
သည်ဟုအနက်ပေးရသည်ကိုလည်းသိ။ ။

(၉) နေဝယဋ္ဌမဟာဘူတံ၊နာဘူတံနနဘံဘဝံ။
နာရူပံနနာယတနံ၊သိဗ္ဗံအာယာမတံဒိသံ။ ။

(၉) ယဋ္ဌ၊အကြင်ဘုံအရပ်၌။မဟာဘူတံ၊ မဟာဘုတ်လေးပါးသည်။ နေဝ၊မရှိသည်သာအမှန်။နာဘူတံ၊ထင်ရှားမရှိသည်လည်းမဟုတ်၊ နနဘံ၊ ကောင်းကင်လည်းမဟုတ်။ ဘဝံ၊ ချမ်းသာကိုလည်း ပွါးစေနိုင်၏။ နာရူပံ၊ အရူပလေးဘုံလည်းမဟုတ်၊ နာယတနံ၊ ဘုံတည်ရာ အာယတနမဟုတ်သည်လည်း၊နှ၊မဟုတ်၊အခတံ၊မသေနိုင်ရာဖြစ်သော။အာမတံ၊အလွန်အလို ရှိအပ်တောင့်တအပ်သော။တံဒိသံ၊ထိုထူးဆန်းလှစွာ၊ မသေနိုင်ရာအရပ်သို့၊

မယံ၊ငါတို့သည်။သိဿံ၊စွစ။ အာယာမ၊ရှေးရှုမျက်မှောက် တခေါက်မပြန်
ခါမလှန်ရ ရောက်ကြီးရောက်ရပါလိုကုန်၏။ ။

ဧတေနသုဘေနဆိုလိုသည်။ ။သုဘာန္တပုဂ္ဂိုလ်တို့က
မဟာဘုတ်လေးပါးမရှိလျှင်ဤသည်ဤသည်များပင်ဖြစ်လေ
သလောဟုထင်ဘွယ်ရှိရာထင်ဘွယ်ရှိရာကိုလိုက်၍လိုက်၍
မြစ်သဖြင့် နိဗ္ဗာန်ကို၄က်ဆိုသောနိဘူတာပဟော်ဂါထာ။ ။
ဤဂါထာကား။ "အဇ္ဈတ္တိကာ္ဘေဝ တဒါယတနံ ယတ္ထနေဝ
ပထဝီ"စသောဥဒါန်းပါဠိတော်နှင့်အညီတည်း၊ ။နိဗ္ဗာန်၏
အပရိယာပန္န ဘုံအရာကို ရည်၍၊ ဘုံတည်ရာ မဟုတ်
သည်မဟုတ်ဟုဆိုသတည်း၊ ။

(၁၀) ဝုဋ္ဌာဘာဒါဒိနိက္ခန္တာ၊နနိက္ခန္တောနနိက္ခမော၊
နိဗ္ဗုတာမဥ္ဇောမဥ္ဇိမော၊နနိဗ္ဗုတောနနိဗ္ဗုတော။ ။
(၁၁) ယန္တေယန္တောသုဂတိတော၊နသောသဗ္ဗောနသောဘဏော။
ဗျာဘိကိတ္တိတမေတေဟိ၊ သိဿံအာယာမတံဒိသံ။ ။

(၁၀) ယံ ယဿ၊အကြင်အရပ်အား။အာဒေါ၊အစ၌၊နိက္ခန္တာ၊နိက္ခန္တာ
ပုဒ်မှ။အာဒိ၊အစဖြစ်သောအက္ခရာကို၊ ဝုဋ္ဌတော၊ရွတ်ဆိုအပ်၏။ နိက္ခန္တာ၊
နိက္ခန္တပုဒ်လုံးကို။နဝုဋ္ဌတော၊မရွတ်ဆိုအပ်။ တထာပိ၊ ထိုသို့နိက္ခန္တပုဒ်လုံးကို
မရွတ်ဆိုအပ်သော်လည်း။ သော၊ ထိုအရပ်သည်။ နော အနိက္ခမော၊
ထွက်မြောက်ရာ မဟုတ်သည်လည်းမဟုတ်၊ မဇ္ဈေ၊အလယ်၌။ နိဗ္ဗုတာ၊
နိဗ္ဗုတသဒ္ဒါမှ၊ မဇ္ဈိမော၊ အလယ်အက္ခရာကို။ ဝုဋ္ဌတော၊ ရွတ်ဆိုအပ်၏။
နိဗ္ဗုတော၊နိဗ္ဗုတပုဒ်လုံးကို။နဝုဋ္ဌတော၊မရွတ်ဆိုအပ်။ သော၊ ထိုအရပ်သည်။
နော အနိဗ္ဗုတော၊ငြိမ်းရာမဟုတ်သည်လည်းမဟုတ်။

(၁၁) အန္တေ၊အဆုံး၌။ သုဂတိတော၊သုဂတိပုဒ်မှ၊ အန္တော၊အဆုံး
ဖြစ်သောအက္ခရာကို။ ဝုဋ္ဌတော၊ ရွတ်ဆိုအပ်၏။ ။နောက်သအက္ခရာမှာ
အာဂုမ်၊ ။သောသဗ္ဗော၊ထိုအလုံးစုံသောသုဂတိပုဒ်ကို။နဝုဋ္ဌတော၊ မရွတ်
ဆိုအပ်။သော၊ထိုသုဂတိပုဒ်လုံးကို အဆုံး၌မရွတ်ဆိုအပ်သောအရပ်သည်။
တထာ၊ ထိုကောင်းသောသူတို့၏ ကောင်းကောင်းကြီးရောက်ရာ မဟုတ်
သောအားဖြင့်၊ န၊မဖြစ်။ဧတေဟိ၊ ဤသုံးလုံးသောအက္ခရာတို့ဖြင့်၊ ဗျာဘိ
ကိတ္တိတံ၊သုံးဘုံလူပေါ် လွှမ်း၍ကျော်သော။ တံဒိသံ၊ထိုအရပ်ကို။ မယံ၊ငါ

တို့သည်။သီဟံ၊မြန်မြန်ကြီး။အာယာမ၊ဤအံ့ရပ်ကိုဿွန်းဆိုရေးသားကုသိုလ်အားဖြင့် ဘဝမခြား ရောက်ရပါစေကုန်သော။

နိဗ္ဗာန်၏နိဗ္ဗုတိဟူသောနာမံကို ဇုက်သော နာမန္တရိက ပဟောဋ္ဌိဂါထာ။ ။ဝုဋ္ဌတာဒါဒိန္ဒြ၊ဝုဋ္ဌတေ အာဒေါ အာဒိ ဟု ဋ္ဌိသန္နိမှတ်။ ။

(၁၂) ယံတံပဒံဒုဗ္ဗိဓဒ္ဓိ၊ကော်ယေဝဋ္ဌိတံသဒါ။
နေဝါနဠံနာပျပဒံ၊သီဟံဇာနေမုတံပဒံ။ ။

(၁၂) ယံတံပဒံ၊အကြောင်ပုဒ်သည်။ဒုဗ္ဗိဓဒ္ဓိ၊နှစ်ပုဒ်ပင်အပြားရှိသော်လည်း။ ကော်ယေဝ၊ တပုဒ်သည်သာလျှင်။ ဟုဘွာ၊ဖြစ်၍၊ သဒါ၊ အခါခပ်သိမ်း။ ဋ္ဌိတံ၊တည်၏။နေဝါနဠံ၊အနက်မရှိသည်လည်း မဟုတ်။နာပျပဒံ၊ ပုဒ်မဟုတ်သည်လည်းမဟုတ်။ဘံပဒံ၊ ထိုနှစ်ပုဒ်ဖြစ်လျက်တပုဒ်တည်းဖြစ်၍ နေသော ပုဒ်ကို။သီဟံ၊သောလျှင်စွာ။မယံ၊ငါတို့သည်။ဇာနေမ၊သိရပါလိုကုန်၏။

ဤသို့သောအနက်ကို ပေးမှား ယောင်မှား အောင် သင်္ချာ အယူခက်ဘွယ် ဇုက်ထားသော သင်္ချာတာ ပဟောဋ္ဌိ၊ ။ ဤအနက်ကိုဤအရာ၌မလို။လိုအပ်သော အနက်ကိုဘော်၍ ပေးသော်ကား။

(*၁၂) ယံပဒံ၊အကြောင်နိဗ္ဗာန်သည်။ဒုဗ္ဗိဓဒ္ဓိ၊ သဥပါဒိသေသနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန်ဟူ၍ ပရိယာယ်အားဖြင့်နှစ်ပါးအပြားရှိသော်လည်း။ကော်ယေဝ၊ အသင်္ခတဓာတ် ကေန္တ ရချအားဖြင့် တပါးတည်းသာ ဖြစ်၏။ တထာပိ၊ထိုသို့တပါးတည်းပင်ဖြစ်သော်လည်း။နေဝါနဠံ၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်း ချုပ်ပျောက်ရာ မဟုတ်သည်လည်းမဟုတ်။ တထာပိ၊ ထိုသို့ ချုပ်ပျောက်ရာ မဟုတ်သည် မဟုတ်သော်လည်း။ ဝါ၊ချုပ်ပျောက်ရာပင် ဖြစ်သော်လည်း။ နာပဒံ၊ မြတ်သောချမ်းသာကို မပေးတတ်သည်လည်း မဟုတ်။ ။(ပသဒ္ဒါပုပဒ ဒါဓာတ်။ပကား ပကဋ္ဌ အနက်ဟော)။ ။ တနည်းကား၊အပဒံ၊အတုမရှိသောချမ်းသာ၏တည်ရာမဟုတ်သည်လည်း။ နာမဟုတ်။ ။ဌာနဠ။ ။အပဒံ၊ပရိနိဗ္ဗုတပုဂ္ဂလတို့၏ ရောက်ရာကောဋ္ဌာသ အရတကွက်တဒေသမဟုတ်သည်လည်း။နာမဟုတ်။ ။ကောဋ္ဌာသဠ။ ။ အပဒံ၊ သင်္ခတဆိုး ဒုက္ခဒိုးမှ တမျိုးတပါး ကင်္ဂြားခြားရာ မဟုတ် သည်လည်း။နာမဟုတ်။ ။ပရိတ္တာဘာဠ။ ။အပဒံ၊နိဗ္ဗာန်ရောက်သွားကြသူ

ပုဂ္ဂိုလ်ဖြူတို့၏ ဘေးမှ လွှတ်ကြောင်းမဟုတ်သည်လည်း။နှ၊ မဟုတ်။ ။ကာရဏာဋ္ဌ။ ။အပဒံ၊ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ မှီရာမဟုတ်သည်လည်း။နှ၊ မဟုတ်။ ။ဝတ္ထုဋ္ဌ။ ။အပဒံ၊ သတ္တဝါတို့မရှိရာမဟုတ်သည်လည်း။ နှ၊ မဟုတ်။ ။(သတ္တဝါဟူသော ရေတွက်ခြင်းဖြင့် မရှိသော်လည်း သတ္တ ပညတ်ကိုလွှန်၍ နေသော ရူပါဒိသင်္ခါရမဂ္ဂ အဖြစ်ဖြင့် တည်ရှိသည်ကိုယူ)၊ ။အပဒံ၊ဘေးခပ်သိမ်းတို့၏ကင်းငြိမ်းရာနိဗ္ဗာန်မဟုတ်သည်လည်း။ နှ၊မဟုတ်။ ။နိဗ္ဗာနဋ္ဌ။ ။တံတာဒိသံ၊ ထိုသို့သဘောရှိသော။ တံပဒံ၊ ထိုသည်ဌာန ကောဋ္ဌာသဟူ သူမတူရ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့၏ ဘေးမှ လွှတ်ကြောင်း ကောင်းကောင်းကြီးမှီရာ နိဗ္ဗုတာအချပ်ကို။သီဃံ၊ ကာလ မထောင့် ဘေးမမှောင့်ဘဲ ဖြောင့်ဖြောင့် တန်းတန်း ချမ်းမြေ့ သာယာ လျင်မြန်စွာ။ဇာနေမု၊ယခုပြုရ ဤပုညကြောင့်လှလှကြီး ထိုးတွင်းမြင်သိရပါစေကုန်သော။ ။

ပဒံ ဌာနေ ပရိက္ခာယော၊ နိဗ္ဗာနမှိစကာရဏော။ သဒ္ဒေ ဝတ္ထုမှိကောဋ္ဌာသေ၊ ပါဒေတံလညာနေမတံ။ ။ဟူသော အဘိဓာန်ကျမ်းလာ ပဒတ္ထတို့နှင့်အညီတည်း။ ။သတ္တဝါတို့ ရူပါဒိသင်္ခါရမဂ္ဂအဖြစ်ဖြင့် နိဗ္ဗာန်၌ တည်ရှိသည်ဟူရာ ဝယ် အကျယ်ကို သိလိုကြလျှင် :အောက်ကျမ်းရင်း စာကိုယ်ကိုသေချာစွာသည်၍ရှုကြကုန်။ ။

(၁၃) မာတရံပိတရံဟာတွံ့၊သညာတိကံသရဋ္ဌကံ။
ဒွိရဇာနံအပ္ပမေယျာ၊သီဃံဘာဝါမဘူပတိ။ ။

(၁၃) မာတရံ၊ အမိကိုလည်းကောင်း။ပိတရံ၊ အဘကိုလည်းကောင်း။ သညာတိကံ၊ဆွေမျိုးတသင်း မိတ်ဆွေရင်းတို့နှင့် တကွသော။ သရဋ္ဌကံ၊ တိုင်းသူပြည်သား လူအများနှင့်တကွသော။ဒွိရဇာနံ၊ မင်းကြီးနှစ်ယောက် ကိုလည်းကောင်း။ဟာတွံ့၊ သတ်ပိုင်သတ်နိုင်ကုန်သည်ဖြစ်၍၊ အပ္ပမေယျာ၊ သူမတူနိုင်သူ့ ကိုနိုင်ရကုန်သော၊ဘူပတိ၊ ပြည်ထဲသဉ္ဇနင်း လူဟူသမျှကို အကုန်နင်းနိုင်သည့် ပြည့်ရှင်မင်း တို့သည်။ သီဃံ ဘာဝါမ၊ သုဂန္ဓိရာ ကျမ်းရှေ့စာကို သေချာပြုရ ဤကောင်းမှုကြောင့် ယခုလျင်စွာ ဖြစ်ရပါစေကုန်သော။ ။

ပညာရှိသူ ကဝိဟူသမျှ ကြံပုံထွက်ကြံ ကြံမိကြံအောင်
ကြံဆောင်ဖွက်ထား ရေးသားအပ်သည့် အားလျော်စွာ။
ဂန္ဓာရဋ္ဌဖြစ်စေခြင်းငှါ ဖွက်သည့်အတိုင်း ပေးအပ်သော
အနက်။ ။မသိနိုင်လူ သိလိုသူ တို့အား။ ထင်ရှား စိမ့်ငှါ
ဖွက်ရာကိုဘော်၍ပေးသော်ကား။ ။

(*၁၃) မာတရံ၊ မိခင်ပမာ သာယာပျောင်းပြော့ လူကိုချော့ပုံ မယုံ ရသည့် ကာမဇစွာ သုံးတဏှာကိုလည်းကောင်း။ ပိတရံ ရာဇာနံဗိ၊ ဤမှ တပါးလည်းဖြစ်သော။ ပိတရံ၊ အဘပုံနှယ် ဘေးရန်ကွယ်ပုံ မယုံရသည့် မာနကိုလည်းကောင်း။ သညာတိကံ၊ ဆွေမျိုးယောင်ယောင် ဟန်ဆောင် လှည့်ပတ် လူကိုသတ်ဘတ်သည့် သဟဇာတ်မျိုး အကုသိုလ်တပျိုးနှင့် တကွသော။ သရဋ္ဌကံ၊ ပြည်သား တိုင်းသူ ကုလားပုံ လူတို့နှင့်မခြား သံယောဇဉ်တရား ရုပ်နာမ်များနှင့်တကွသော။ ဋ္ဌိရာဇာနံ၊ ပြည်ထဲသဲ့နှင်း အိမ်ရှေ့မင်းလို လူကို စောင့်ပုံ မယုံရသည့် မောဟာဝိဇ္ဇာ ပဋ္ဌဇ္ဇိကမင်း နှစ်ယောက်ကို လည်းကောင်း။ ဟတွာ၊ တဘာနိမလူ တက်တက်ပြုအောင် သတ်ကုန်ပယ်ကုန်စွန့်ကုန်ပြီး၍၊ အပ္ပမေသျာ၊ ရုပ်နာမ်ရှိသူ သုံးဘုံလူတို့နှင့် အတူနှင်းယှဉ် ဘက်မြင်စရာမရှိကုန်သော။ ဘူပတိ၊ သုံးဘုံသူတို့ မပြုံ့ရာ ကြီးကျယ်စွာသော ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့သည်။ ဃီစံ ဘဝါမ၊ ဘေးပေါင်း ကာဟန့် ရန်မျိုးလှန့်လျက် ရင်တုံ့မကြာ လျှင်စွာဖြစ်ရပါစေကုန်သော။ ။ ဤသို့ဘော်။

အမိအဘစသည့်တို့နှင့် တူသော တဏှာ မာနစသည်
တို့ကိုရည်၍။ အမိစစ်အဘစင်စသောရဇ္ဇဋ္ဌဥ္ဋယောင်မှား
ယိုးမှားရှိစေခြင်းငှါ။ ရုပ်ပုံတူနှင့်ဖွက်သော သမာနရူပါ
ပဟေဠိဂါထာ။ ။

(၁၄) ပုညာရရိသတ္တိဗလာ၊ တဏှာသဒိသဒိကွယာ။
ပုညပ္ပလဖလိဘူတံ၊သုဒ္ဓါဝါသံဂတာမယံ။ ။

(၁၄) ပုညာရရိသတ္တိဗလာ၊ ကုသိုလ်တို့၏ ရန်သူတို့၏ ရန်သူတို့၏ သတ္တိ၏အစွမ်းဖြင့်။ဝါ၊ကုသိုလ်တို့၏ရန်သူဖြစ်သောအကုသိုလ်တို့၏ ရန်သူ ဖြစ်သော မဂ်ဒိုလ်တို့၏သတ္တိ၏ အားအစွမ်းဖြင့်။ တဏှာသဒိသဒိကွယာ၊ တဏှာ၏ အဆွေခင်ပွန်း၏ အဆွေခင်ပွန်းတို့၏ ကုန်ခြင်းကြောင့်။ ဝါ၊ တဏှာ၏ အဆွေခင်ပွန်း ဖြစ်သော အဝိဇ္ဇာ၏ အဆွေခင်ပွန်းဖြစ်ကုန်သူ

ကိလေသာရန်သူ ဟူသ်မျှတို့၏ ကုန်ခြင်းကြောင့်။ ပုညပ္ပလဖလိဘူတံ၊ ကုသိုလ်တို့၏ အကျိုးတို့၏အကျိုးသဖွယ် ဖြစ်၍ဖြစ်သော။ ဝါ၊ လောကီကုသိုလ်တို့၏ ဥပနိဿယအကျိုးဖြစ်သောမဂ်ဖိုလ်တို့၏အကျိုးကဲ့သို့ဖြစ်၍ဖြစ်သော၊ သုဒ္ဓါဝါသံ၊ စင်ကြယ်သူသူ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ စံနေရာနိဗ္ဗုတာရွှေနန်းသို့။မယံ၊ငါတို့သည်။ဂတာ၊ရောက်ကြီးရောက်ရပါလိုကုန်၏။ ဝါ၊ ဤဖြစ်တုံခဲလှ မြတ်ပုညကြောင့် ရောက်ရခဲစွာ နိဗ္ဗုတာသို့ လျင်စွာ ထုတ်ချောက် ရောက်ရပါစေကုန်သော။

အနက်ပေးအလွန်ခက်အောင် ဆဋ္ဌိတပ္ပုရိသ်သမာသ်အဆက်ဆက်ဖြင့် ဖွက်ထားသော ပ်ရိဟာရိနိပဟေဠိဂါထာ၊ ။

ပုညာနံအရယော ပုညာရိ၊ ပုညာရိနံအရယော ပုညာရာရိ၊ပုညာရာရိနံသတ္တိပုညာရာရိသတ္တိ၊ ပုညာရာရိသတ္တိယာဗလံ ပုညာရာရိသတ္တိဗလံ၊ ။တဏှာယသခိတဏှာသခိ၊ တဏှာသခိနော သခါရော တဏှာသခိသခါရော၊ တဏှာသခိသခိနံ ခယော တဏှာသခိသခိက္ခယော။ ။ ပုညာနံဖလာနိပုညပ္ပလာနိ၊ ပုညပ္ပလာနံဖလံပုညပ္ပလဖလံ၊ အပုညပ္ပလဒ္ဓိပုညပ္ပလဖလံဒိယ ဘဝတီတိ ပုညပ္ပလ ဖလိဘူတံ။ ၊ဝစနတ္တပြု။ ။အဘူတ တဒ္ဘာဝေ ဘူ ကရာသ သံယောဂေ ဝိကာရာ စိဟူသော မောဂ္ဂလ္လာန်ကျမ်းသုတ်ဖြင့်။အဘူတတဒ္ဘာ အနက်၌စိပစ္စည်းသက်။ဤကို ရသပြု။ ၊မဂ်ဖိုလ်တို့ကြောင့် ပရိနိဗ္ဗာန် ပြုပြီးသည့် အခုံး၌ ပရိနိဗ္ဗုတပုဂ္ဂိုလ်သန္တာန်ကိုတည်ရာဝိသယကဲ့သို့ပြု၍ ဖြစ်ပေါ်လာသော နိဗ္ဗာန်ဟူသော ပရမတ္ထတရားသည်။မဂ်ဖိုလ်တို့၏ ဥပနိဿယအကျိုးဆိုရန်ရှိသော်လည်း၊ ထိုနိဗ္ဗာန်၏ ဥပါဒ်ဖြစ်အားဖြင့် ထင်ရှားစွာ ဖြစ်လာသည်မဟုတ်သဖြင့် အကျိုး မုချ မဆိုထိုက်သောကြောင့်၊ သုတ္တန်ပရိယာယ်အားဖြင့်သာအကျိုးဆိုသင့်သည်ကိုရည်၍၊ဖလဘူတံ မဆိုဘဲလျက် ဖလိဘူတံဟုဆိုရသတည်း။ ။

(၁၅) ဂန္တိရံနဘာယံဠာနံ၊နုတ္တာနဋ္ဌံနိဝါနကံ။
နိဗ္ဗာနာနံသုနိဗ္ဗာနံ၊မဧယသျာခမဟာာလဟုံ၊ ။

(၁၅) ဂန္ဓိရံ၊ နက်နဲလှသူ ပရိနိဗ္ဗုတပုဂ္ဂိုလ် တို့သည် မွေ့လျော်ရာ ဖြစ်ထသော။ ။(ဂန္ဓိရာရမန္တိ ဧတ္ထာတိ ဂန္ဓိရံ။ ဝစနတ္ထပြု။ရတလုံးကျေ)။ ။ နဘယံ၊ဒြဗ်မထင် အထည်မမြင် မိုဃ်းကောင်းကင်ကဲ့သို့ဖြစ်၍နေထသော။ ။ (နဘံဝိယယာတိပဝတ္တတီတိနဘယံ)။ ။အဓွာနံ၊ တရံတရသောအရပ်၌ မှီကပ်တည်နေခြင်းလည်း မရှိထသော၊ ။(နတ္ထိဓွာနံဧတဿာတိအဓွာနံ၊ ဘယံပုဒ်နှောင်အကျေ)။ ။နုတ္တာနစ္ဆံ၊ မနက်သည့်လူ တိမ်သည့်သူ ဘို့၏ တည်နိုင်ရာလည်း မဟုတ်ထသော။ ။(ဥတ္တာနာနတိဋ္ဌန္တိ ဧတ္ထာတိ နုတ္တာနစ္ဆံ)၊ ။နိဝါနကံ၊ဘုံသုံးပါးဟူ ရန်သူလေးရှပ်တောချုံပုတ်တို့မှ လှလှကြီး ထွက်မြောက်အောင် ပြုတတ်သော။ (ဝါနဘော နိက္ခမနံ ကရောတီတံ နိဝါနကံ)။ ။နိဗ္ဗာနနံ၊ဘေးရန်ထူပြော တောကြီးသုံးတန်တို့မှ ထွက်မြောက် ပြီးသူတို့သည် လွန်စွာ ညွတ်ရောက်နိုင်ရာ ဖြစ်ထသော။ ။(နိဝါနာ ဝါန နိက္ခန္တာယေဝ အဘာဘုသော နမန္တိ ဂစ္ဆန္တိ ဧတ္ထာတိ နိဗ္ဗာနနံ)။ သုနိဗ္ဗာနံ၊ ဝါနဟူသမျှကို တဝတည်း။ကောင်းကောင်းကြီးနှင်ထုတ် ထွက်ပြေးစေနိုင် ထသော၊ ။(ဝါနာနိသုဋ္ဌုနိက္ခာမေတီတိ သုနိဗ္ဗာနံ)။ ။မယံ မဟန္တယံ၊ များမြတ်သော သီလသမာဓိမဂ်ဖိုလ် တရားရှိသူတို့သာ ရောက်နိုင်ရာဖြစ် ထသော၊ ဝါ၊ မြတ်လှသည့်သူ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့သာ ရောက်နိုင်ရာ ဖြစ်ထသော။ ။(မဟန္တာဂုဏာဧတေသန္တိမာ၊ မာယေဝယန္တိဧတ္ထာတိ မယံ)။ ။အမယံ၊ မမြတ်သောသူ သုံးဘုံလူတို့ ရောက်နိုင်ရာလည်း မဟုတ် ထသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန် သာခေါင် ဘေးမရှိသည့် ခေမာ တောင်သို့၊ အာလဟုံ၊ အလွန်လျင်စွာ။ ဧယျာမ-ဣ အ ဧယျာမ၊ ဤသို့ပြုရ မြတ်ပုည ကြောင့် လှလှကြီးရောက်ရပါလိုကုန်၏၊ ။

အရိုးမဟုတ်ဘဲ အလွန်ထူးကဲ့သော ကာရိယ လောပ
အာဒေသတို့ဖြင့်၊ ပုဒ်အနက်အလွန်ခက်အောင်ဖွက်သော
ဖဍသာပဟေဠိဂါထာ။ ။

(၁၆) နောကတ္တာဒ္ဓိနောပဝတ္တံ၊နောတသံ နောကုတောတသံ။
နောဥတ္တာနံ နောသုပဿိ၊နောသဏိကံဂတာမယံ။ ။

(၁၆) နောကတ္တာဒ္ဓိ အကတံ၊အကြောင်းတရားတို့ ပြုအပ်သော်လည်း ပြုအပ်သည်မမည်ထသော။ နောပဝတ္တံ အဇာတံ၊ ဖြစ်လာသော်လည်း ဖြစ်ရာမထင်ထသော။နောဘသံ နိဝါနံ၊ဝါနမှထွက်မြောက်ရာလည်း ဖြစ်ထ

သော။နေ့ာကုတောတသံ နကုတောဘယံ၊အဘယ်ဘရံတချမှ ဘေးမလာနိုင်ရာဖြစ်ထသော။ နေ့ာဥတ္တာနံ ဂမ္ဘီရံ၊နက်ကြီးနက်၍နေထသော။ နေ့ာသုပဿံ သုဒုဒ္ဒသံ၊အလွန်မြင်နိုင်ခဲထသော။ နေ့ာဘသံ နိပ္ပဘာနံ၊နိပ္ပါန်ရွှေမြို့သို့၊ နေ့ာသဏိကာံ သိဝံ၊အလျင်တဆော။မယံ၊ငါတို့သည်။ဂတာ ဂန္တ္တာမ၊ဤသို့ကြီးပမ်း ကုသိုလ်စွမ်းကြောင့် ဘေးဘျမ်းမထောင့် ဖြောင့်ဖြောင့်ကြီးရောက်ရပါလိုကုန်၏။ ။

ပဒုမုတ္တရကို ဇလဇုတ္တရ၊ ယသောရောကို ကိတ္တိသမန္တာဂတာဟုဆိုအပ်သကဲ့သို့၊ချင်း၏အနက်ကိုဟောပြနိုင်သောအရိုးမဟုတ်သောသဒ္ဒါဆန်းဖြင့် သိခက်အောင်ဖွက်သောသမာနသဒ္ဒါပဟောဠိ။ ။

(၁၇) ဝေရိဟိသန်တံဌာနံ၊သုသန်တာသုတေဇဝါ။
သန်ဘာပျုသန်တာဝ၊သိဝံဟောမသုဒေဝတာ။ ။

(၁၇) ဝေရိဟိ၊သူပုန်ရန်သူတို့သည်။ သန်တံ၊ ပြုပြင်တည်ထောင်အပ်သော။ဌာနံ၊သစ်တပ်မြို့ကျောက်မြို့မြေကတုတ်သူရဲခိုအရပ်ကို။သုသန်တာ၊အလွယ်ဘကူ ဖြိုဖျက်နိုင်ကုန်သည်ဖြစ်၍၊ သုတေဇဝါ သုတေဇဝန္တာ၊အရှိန်အဝေ် အာနုဘော်ကြီးကုန်သော၊ သန်တာပိ၊ ရန်သူတို့ ဖြိုဖျက်တိုက်ခိုက်လာကုန်သော်လည်း။ အသန်တာဝ၊မဖြိုဖျက်နိုင်သည်သာလျှင်ဖြစ်ကုန်သော။ သုဒေဝတာ၊မင်းကောင်းမင်းမြတ်တို့သည်။ သိဝံ၊အလျင်တဆော၊ ဟောမ၊ဤသို့ပြုရ မြတ်ကောင်းမှုကြောင့် ယခုဘဝ ဖြစ်ရပါလိုကုန်၏။ ။(ဖွက်သည်အတိုင်းပေးသည်အနက်)။ ။

(*၁၇) တနည်းကား။ဝေရိဟိ၊ ကိလေသာမာရ် အဘိသင်္ခါရရန်သူတို့သည်။သန်တံ၊ပြုပြင်စီမံအပ်သော။ဌာနံ၊ခန္ဓာကိုယ်ဆိုးဒုက္ခအိုးအရပ်ကို။သုသန်တာ၊ ကောင်းကောင်းကြီး ဖျက်ဆီးဖြတ်တောက်နိုင်ကုန်ထသော။သု တေဇဝါ၊ ခန္ဓာကိုယ် ရှိသူတို့ကို လွှမ်းမိုးနိုင်သော တန်းခိုး ရှိန်ဝေ်အာနုဘော်ရှိကုန်ထသော။သန်တာပိ၊ဒါနသီလစသောအကြောင်းတရားတို့ပြုပြင်အပ်ကုန်သော်လည်း။အသန်တာဝ၊ပြုအပ်သည်မမည်သည်သာလျှင်ဖြစ်ကုန်ထသော။ သုဒေဝတာ၊နတ်လူဘို့ထက် ကဲလွန်ကုန်သူ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့သည်။ သိဝံ ဟောမ၊ ဤသို့ပြုရ ကုသလကြောင့် ယခုဘဝ လျှင်မြန်စွာဖြစ်ပါစေကုန်သော်။ ။

ဤကား ဖွက်သည့်ကိုဘော်၍ပေးသောအနက်။ ။ဤကို လိုလျက် ဟိုအနက်၌ယောင်အောင် ကြံဆောင်ဖွက်ထား သော ပကပ္ပိတာပဟေဠိ။ ။

(၁၈) ယာခေတုစက္ခုသံယုတ္တာ၊သဘာယာဘာသဇာတကာ။
ယေနယုတ္တာနိဗ္ဗာယာဝ၊သီဃံဘုဥ္ဇမာဘံမယံ။ ။

(၁၈) ယာခေတု၊ အကြင်ခေတုသဉ္ဇါသည်။ ဝါ၊အကြင်ခေတ်သည်။ စက္ခုသံယုတ္တာ၊ စက္ခုသောတစသည်နှင့် ယှဉ်သည်ရှိသော်။ သဘာယာ၊ ဥပါဒ်ဌီဘင်တည်းဟူသောဘေးရှိ၍။ ဝါ၊ ဇာတိ ဇရာ ဗျာဓိ မရဏာ ဘေး လေးဝရှိ၍။ ဘယဇာတကာ၊ အပါယ်ဘေးကြီးစသည်ကိုလည်း ဖြစ်စေတတ်၍။ ယေန၊အကြင်သဉ္ဇါနှင့်။ ယုတ္တာ၊ယှဉ်သည်ရှိသော်။ နိဗ္ဗာယာဝ၊ ဘေးမရှိသည်သာဖြစ်၍။ အမတံ၊သုခဘုတ်သဘွယ်ဖြစ်သော၊ အာမတံ၊ လွန်စွာအလိုရှိအပ် တောင့်တအပ်သော၊ တံခေတုံ၊ထိုခေတ်ထူးခေတ်မြတ်ကို။သီဃံ ဘုဥ္ဇမ၊ဤသို့ယာစ ပြုဗအားသန် ကုသိုလ်ကံကြောင့် မြန်မြန်ကြီး သုံးဆောင်ရပ်လိုကုန်၏။ ။

အသင်္ခတဟူသော ဈေးတပုဒ်ကိုဖွက်ဆိုသော ဧကန္တနာ ပဟေဠိတည်း။ ။

ဤသည်လျှင်ဆုတောင်းခန်းအပြီးသတ်။

(၁၉) ယောကတောကျင်ရှုနာမေန၊တလေမဟိကဍောသုပ။
ကာရေသိသုဂဏ္ဍနာနာ၊တေနထေရောအယံဍာဝ။ ။

နုခသမ္ဗန္ဓပိပရိတပဒက္ခရာ တို့ဖြင့် ဖွက်သော ဥက္ကန္တာ ပဟေဠိ၊ ။ဉာဏ်ရှိသူတို့ဘော်ကြရန်။ ။သံကိဏ္ဏာ ပဟေဠိမှာ အသူးဆိုဘွယ်မရှိ။ ဂန္ထိရုံဂန္ထိရုံ စသော အသူးထူးသော ပဟေဠိလက္ခဏာတို့ အတွင်းဝင်သော ပဏ္ဏာမဂါထာတို့ပင်တည်း။ ။သမာဂတာပဟေဠိမှာလည်း အထူးပြဆိုဘွယ်မရှိ။ ထိုထိုအရာတို့၌ သင့်ပုဒ်စပ်မြှုပ် အောင်ထားသောပညာရှိစသောပုဒ်ဂါထာတို့ပင်တည်း။

(၂၀) ယာနေဟိနိဗ္ဗုတောယန္တာ၊ယန္တာယန္တာအယာနကာ။
ဧကယန္တာအနာယန္တာ၊အာယာမတံကုဒါမယံ။ ။

(၂၀) နိဗ္ဗုတော၊ ဒိုနိဗ္ဗာန်သာခေါင် မြင့်ကြီးမြင့်လျက်ကြည့်မမြင်သည့် ဘေးခဲ့တောင်။ အမတံ၊ အခါခါ သေကြလိုသူ လူမလိမ္မာအပေါင်းတို့ကို ကြည့်၍။ မဝဇ္ဇဘာဿတံ မတာဇ္ဇတ္တသတ္တာတိ မတာ။ ။နှစ်ချက်ရ ပဒ်ပနည်း။ ။ မတေ ပရိဝဇ္ဇိတွာတိ အမတံ။ အတဝေတုနာဒိသုစကဲ့သို့၊ အအဂ္ဂရာ ပရိဝဇ္ဇနတ္ထုအ်းမေ အမတံ၊ မသေလိုသူ ပုဂ္ဂိုလ်ဖြူတို့၏ မသေရာဖြစ်ကော် မူပေထသော။ ။(အမတာနံ အမတန္တိ အမတံ။ ။အမတာတပုဒ်ဂျော။ ပဒ်ပနည်းထည့်ဖွေသင့်၏)။ ။အမတံ အဂဒံ၊ မြွေကြီးလေးမျိုးတို့ထက် မကကာသနဂါးကြီးတွေပေါက်သော်လည်း အဆိပ်အတောက်မတက်နိုင်ရာ လည်းဖြစ်ထသော။ ။(ကိလေသာအဆိပ်မရောက်နိုင်ရာဆိုလိုသည်)။ ။ အမတံ တုဓံ သိကြားမင်းတို့သုံးဆောင်ရာနတ်သုဓာသြဇာကိုသော်လည်း။ အမတံ အလိုထိုဝသဖြင့် အလိုမရှိရာလည်း ဖြစ်ထသော။ အမတံ၊ အမြိုက်သုဓာ နတ်သြဇာကို သော်လည်း။ အမတံ၊ တခါတည်းမျှအလိုမရှိ သော်လည်း။ဝါ။သုံးဆောင်သော်လည်း။အမတံ၊ဘယ်သည်ကာလမျှမသေ နိုင်ရာဖြစ်ထသော။တံ တုဝံ၊အသျှင်မြတ်ထံတော် ဘေးမရှိသည့်တောင်ကြီး ပေါ်သို့ ထန္တာ ရောက်လိုကြ ကုန်သည်ဖြစ်၍၊ ယန္တာ၊ သွားကြကုန် သူတို့သည်။ ဝါ။ သွားကြပါ ကုန်လျက်။ အယာနေဟိ၊ အသျှင်မြတ်ထံ ရောက်ကြောင်း မဟုတ်ကုန်သော။ ယာနေဟိ၊ ဆင်ယာဉ် မြင်းယာဉ် ရထားယာဉ်တို့ဖြင့်။ဝါ။ ကာမဂုဏ်ယာဉ်တို့ဖြင့်။ ယာယန္တာ၊ သွားများကြ ကုန်သည်ဖြစ်၍ ။(နိဗ္ဗာန်ကိုအလိုရှိလျက် ကာမဂုဏ်ကို မစွန့်ရက်သူ တို့ကိုယူ ။ယာခေတ် အန္တပစ္စည်း။ အာကိုအာယပြု)။ ။အာယန္တံ၊ လွန်စွာရောက်သင့်ရာဖြစ်သော၊ ။(အာပုဗ္ဗ ဣခေတ် အန္တပစ္စည်း)။ ။ တံ တုဝံ၊အသျှင်မြတ်ထံတော်သို့၊ အနာယန္တာ၊ မရောက်နိုင်ကြကုန်သည် ဖြစ်၍။အယန္တေ၊ မရောက်သင့်ရာ ကြောက်အပ်စွာသည့် အပါယ်ရွာတို့သို့ သာလျှင်။ ယန္တာယန္တာ၊ ချာချာချစ်ပတ် ချားရဟတ်ကဲ့သို့ အထင်ထပ် ရောက်နေကြရကုန်၏၊ ။(နိဗ္ဗာန်ကိုအလိုရှိကြလျက် ကာမဂုဏ်ငဲ့ဂရက်မှ မထွက်နိုင်ကြသည်အရေးကြောင့် အပါယ်ဘုံ၌သာ အခါခါဆွေး၍နေကြ ရသည်ဟုလို)။ ။အယာနကာ၊ လက္ခဏာတ္တယ ယာဉ်သုံးဝ မရှိကြ ကုန်သော။ အယာနကာ၊ အသျှင်မြတ်နှင့်ဆန့်ကျင် အတ္တကိုထမထယာဉ် တို့ကိုသာ တည်ထောင်ပြုလုပ်ကြ ကုန်သူတို့သည် လည်းကောင်း။ ။ (အယာနာဒိနိဂ္ဂဟယာနာနိကရောန္တီတိအယာနကာ။ အကာရပိဂ္ဂဟ္ဂ။ ။

အဏ္ဏကိလမထာနုယောဂ အကျင့်နောက် မှောက်မှား လိုက်သွားသူတို့ကိုယူ)၊ ။အယန္တေ၊မရောက်သင့်ရာပါယ်လေးရွာတို့သို့သာလျှင်။ယန္တာယန္တာ၊ လျှာတလျားလျား ဆိဆုံနွားမျိုးသဘွယ် တလယ်လယ်ရောက်ကြရကုန်သည်ဖြစ်၍၊ အာယန္တံ၊ လွန်စွာချမ်းသာရာဖြစ်သော။ ။(အာယံသုခမေတ္တာတိအာယံ၊ အာယမေဝအာယန္တံ။ ။အနွယ် အနက်မရှိ)။ ။ အာယန္တံ၊ လွန်စွာ ရောက်သင့် ရောက်ထိုက်သော။ ။(အာဂစ္ဆသောယာဘာဇ္ဇန္တိအာယံ၊အာယမေဝအာယန္တံ)။ ။တံတုဝံ၊အသျှင်မြတ်ဖြစ်တော်ပါးသို့။ အနာယန္တာ၊ မရောက်နိုင်ကြကုန်။ အယန္တံ၊ မရောက်သင့်ရာကာမဂုဏ်နောက် အဏ္ဏကိလမထအကျင့်နောက်သို့။အနာယန္တာ၊မရောက်ကြကုန်သူတို့သည်။ ကေယန္တာ၊ မြတ်လှစွာသော သစ္စာလေးပါးနှင့် လမ်းမှန်လမ်းကောင်းသို့ ရောက်ကြကုန်ပြီးရကား။ ကေယန္တာ၊ မြတ်လှစွာသောအရိယာပုဂ္ဂိုလ်တို့၏ မဂ်ဖိုလ်လမ်းသို့ လှမ်းရောက်နိုင်ကြကုန်ပြီးသည်ရှိသော်။ကေယန္တာ၊ မြတ်လှစွာသောပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏တည်နေရာမျိုးဒုက္ခဒိုးဟူသမျှတို့၏ တဝတည်းငြိမ်းဇရာ နိဗ္ဗုတာအရပ်သို့ ရောက်ကြကုန်ရကား။ အယန္တံ၊ မရောက်သင့်ရာ ဤလူ့ဘုံရွာသို့။အနာယန္တာ၊တခါတည်းမှ မပြန်မရောက်လာကုန်ဘဲ။ တံ တာဒိသံ၊ ထိုသို့သောခါရောက်ပြီးသည်နောက် တခေါက်မပြန်ရာဖြစ်သော။တံ တုဝံ၊ အသျှင်နိဗ္ဗုတ်မြတ်ကျော်ဘေးမရှိသည့်တောင်ကြီးပေါ်သို့။အာယန္တာ၊ကောင်းကောင်းကြီးရောက်ကြကုန်၏။ တံ တာဒိသံ၊ ထိုသို့ကာမဂုဏ်ပဲ့ကြဉ် အဏ္ဏကိလမထ မယှဉ်ယာနတ္တယသုံးခွင်သတိပဋ္ဌာန်ယာဉ်တို့ဖြင့်သာရောက်နိုင်ရာသောအသဘောရှိသော။တံ တုဝံ၊ အသျှင်မြတ်ထံ တုမရှိသည့်မြို့နိဗ္ဗာန်သို့၊ မယံ၊ အကျွန်ုပ်တို့သည်။ ကုဒါ၊ ဘယ်သည့်ကာလမှ။ ကုဒါ၊ စက်ဆုပ်အပ်စွာ ကိလေသာကာမဂုဏ်ကို ဖြတ်တောက် နိုင်ကုန် ပြီးသည်ရှိသော်။ ။(ကုပုဇ္ဇ ဒါဆေဒနေ)။ ။ကုဒါ၊လွန်စွာစက်ဆုပ် ဤရုပ်နာမ်အကောင်ပုပ်ပါ ဖြတ်တောက်နိုင်ပြန်ကုန်သည်ဖြစ်၍၊ ကုဒါ ကံဥဒါ၊ အတုမရ ဘက်မမျှသည့် အစလချမ်းသာကို လွန်စွာပွါးစေနိုင်ကုန်လျက်။ အာသာသမ၊ ရောက်ကြီးရောက်ရပါကုန်အံ့နည်း။ဝါ၊မြန်မြန်ကြီးရောက်ရပါစေကုန်သော်။ ။ဗျာဂျွတ္တ။ ။

အလွန် ထူးဆန်းသော ကာရိယ အာဒေသ တို့ဖြင့်ပြီးသောကြောင့်၊ ဖရုသာပဟေဠိ လက္ခဏာရှိသော များစွာ

သောသိလေသာ၊လက်ာရတို့ဖြင့် တန်းဆာဆင်အပ်သော
အလွန်လျှို့ဝှက်သောပုဒ်အနက်ရှိသောကြောင့်၊ပမှာသိတာ
ပဟောဋ္ဌိလက္ခဏာစသည်လည်းရောယှက်သော ဝိစိတြာ့ထ္ထ
သံကိဏ္ဏာပဟောဋ္ဌိဂါထာ။

ဤသည်လျှင် ဂန္ဓိရာဂန္ဓိရ မဟာနိဗ္ဗုတဒိပနီကျမ်း ဆုတောင်းခန်း
နိဂုမ်းနှင့်တကွ အလုံးစုံအပြီးသတ် နတ် လူ သာဓု သာဓု ကောင်းချီးပြုကြ
ပါစေကုန်သော။ ။ယင်းသို့ပြုသူ ပုဂ္ဂိုလ်ဖြူတို့ ယင်းနိဗ္ဗူပြည်ကျော်
ဂန္ဓိရဘုံနန်းတော်၌ ဂန္ဓိရာဂန္ဓိရ ပရိနိဗ္ဗုတအကျော်ဖြစ်၍ မြန်မြန်ကြီး
စံပျော်ကြရပါစေကုန်သတည်း။ ။ပု၊ဒိ၊အာ။ ။နိဗ္ဗာနပစ္စယော ဟောတု။

နိဂမကထာဉ္စုံး ပြီး၏။

ဤမျှလောက် ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို ကာလရှည်ကြာ
အခါခါ မွှေနှောက် ထက်အောက် ပြန်ပြန် တန်တန်ရှုစမ်း တကျမ်းနှင့်
တကျမ်း နှိုးနှော၍ စီရင်ဆုံးဖြတ်အပ်သော ဝိနိစ္ဆယသည်။ ယထာဘူတ,
ယထာဓမ္မ, ဝိနိစ္ဆယ ဖြစ်ပေလိမ့်မည်ဟု သောတုဇန ဓမ္မပဋိဂ္ဂါဟက
ပုဂ္ဂိုလ်တို့ အထူးယုံကြည်ကိုးစား မှတ်သားနိုင်ကြစေခြင်းငှါ။ ဤပါဠိတော်
အဋ္ဌကထာဋီကာတို့ကိုဤကျမ်းအဆုံး၌ရဂုံးပေါင်းထား ရေးသားညွှန်ကြား
အပ်သတည်း။ ။


၁-ပဌမဥဒါန်းပါဠိတော်
၂-နေတ္တိပါဠိတော်
၃-သဠာယတနသံယုတ်ပါဠိတော်
၄-စူဠနိဒ္ဒေသပါဠိတော်
၅-မဟာနိဒ္ဒေသပါဠိတော်
၆-မဇ္ဈိမပဏ္ဏာသပါဠိတော်
၇-ကထာဝတ္ထုပါဠိတော်
၈-ဇာတ်ဝတ်ပါဠိတော်
၉-ထေရဂါထာပါဠိတော်
၁၀-ပရိဝါပါဠိတော်
၁၁-သဠာယတနသံယုတ်ပါဠိတော်
၁၂-ဒုကအင်္ဂုတ္တရပါဠိတော်
၁၃-သံယုတ်ပါဠိတော်
၁၄-ဒုတိယဥဒါန်းပါဠိတော်
၁၅ တတိယဥဒါန်းပါဠိတော်
၁၆-စတုတ္ထဥဒါန်းပါဠိတော်
၁၇-စူဠနိရုတ္တိပါဠိတော်
၁၈-ပဋိသမ္ဘိဒါမဂ်ပါဠိတော်
၁၉-ဓမ္မသင်္ဂဟပါဠိတော်
၂၀-စူဠနိရုတ္တိပါဠိတော်

၂၁-ပဋ္ဌာနမှတ်ဒါမြက်ပါဠိတော်
၂၂-ဓမ္မသင်္ဂဏီပါဠိတော်
၂၃-ဝိဘင်းပါဠိတော်
၂၄-အဂုံတ္တရပါဠိတော်
၂၅-မူလပဏ္ဏာသပါဠိတော်
၂၆-နေတ္တိအဋ္ဌကထာ
၂၇-သမ္မောဟဝိနောဒနီအဋ္ဌကထာ
၂၈-ဇာတိဝုတ်အဋ္ဌကထာ
၂၉-ပရိဝါအဋ္ဌကထာ
၃၀-ပဋ္ဌာနမှတ်ဒါမြက်အဋ္ဌကထာ
၃၁-ထေရဂါထာအဋ္ဌကထာ
၃၂-မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ
၃၃-ဥဒါန်းအဋ္ဌကထာ
၃၄-ဓမ္မပဒအဋ္ဌကထာ
၃၅-ဗုဒ္ဓဝင်အဋ္ဌကထာ
၃၆-မူလယမိုက်အဋ္ဌကထာ
၃၇-သုတ်ပါထေယျအဋ္ဌကထာ
၃၈-အဋ္ဌသာလိနီအဋ္ဌကထာ။
၃၉-သုတ္တနိပါတ်အဋ္ဌကထာ
၄၀-ဇာတ်အဋ္ဌကထာ
၄၁-ဒုကနိပါတ်အင်္ဂုတ္တရအဋ္ဌကထာ
၄၂-အဋ္ဌအင်္ဂုတ္တရအဋ္ဌကထာ
၄၃-ပဉ္စအင်္ဂုတ္တိုရ်အဋ္ဌကထာ
၄၄-စတုက္ကအင်္ဂုတ္တိုရ်အဋ္ဌကထာ
၄၅-ဝိသုဒ္ဓိမဂ်အဋ္ဌကထာ
၄၆-ခုဒ္ဒကပါဌအဋ္ဌကထာ
၄၇-မဟာနိဒ္ဒေသအဋ္ဌကထာ
၄၈-ဧကင်္ဂုတ္တရအဋ္ဌကထာ
၄၉-သစ္စသံခိပ်အဋ္ဌကထာ
၅၀-စရိယာပိဋကအဋ္ဌကထာ
၅၁-သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ
၅၂-သုတ္တသင်္ဂဟအဋ္ဌကထာ
၅၃-ကထာဝတ္ထုအဋ္ဌကထာ
၅၄-မူလပဏ္ဏာသအဋ္ဌကထာ
၅၅-ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ
၅၆-တိကနိပါတ်အင်္ဂုတ္တရအဋ္ဌကထာ
၅၇-သဠာယတနသံယုတ်အဋ္ဌကထာ
၅၈-အသနိဒာသံယုတ်ဘွင့်
၅၉-သဠာယတနသံယုတ်အဋ္ဌကထာအဘွင့်
၆၀-ဝိသုဒ္ဓိမဂ်မဟာဋီကာ
၆၁-သီလက္ခန်ဋီကာ
၆၂-မူလဋီကာ
၆၃-အနုဋီကာ
၆၄-ဝိမတိဋီကာ
၆၅-ဝဇိရဗုဒ္ဓိဋီကာ
၆၆-မဇ္ဈိမပဏ္ဏာသဋီကာ
၆၇-သဂါထာဝဂ္ဂသံယုတ်ဋီကာ
၆၈-မဟာဝဂ္ဂသံယုတ်ဋီကာ
၆၉-ခန္ဓဝဂ္ဂသံယုတ်ဋီကာ
၇၀-အဘိဓာန်ဋီကာ
၇၁-မူလပဏ္ဏာသဋီကာ
၇၂-ဥပရိပဏ္ဏာသဋီကာ
၇၃-နေတ္တိဋီကာ
၇၄-အဘိဓမ္မတ္ထဋီကာသစ်
၇၅-အဘိဓမ္မတ္ထဋီကာဟောင်း
၇၆-သာရတ္ထဒီပနီဋီကာ
၇၇-အဘိဓမ္မာဝတာရသံဝဏ္ဏနာဋီကာကြီး
၇၈ အလင်္ကာဋီကာသစ်
၇၉-သခ်ေပဝဏ္ဏနာဋီကာ
၈၀-အဘိဓမ္မတ္ထဝိဘာဝနီဋီကာ
၈၁ ဝဇိရသင်္ဂဟကျမ်း
၈၂-သဒ္ဒနီတိကျမ်း
၈၃-မိလိန္ဒပဉှာ
၈၄-မဏိဒီပ
၈၅-မဏိမဉ္ဇူ။
၈၆-နေတ္တိဝိဘာဝနီ
၈၇-ပဋ္ဌာနသာရ
၈၈-အနာဂတဝံသ
၈၉-သက္ကတကျမ်းသဒ္ဒတ္ထမုတ္တာဝလိ
၉၀-သက္ကတကျမ်းကဗျာဒသ

၎င်းကျမ်းတို့တွင် ဝဇိရဗုဒ္ဓိဋီကာ, ဝဇိရဗုဒ္ဓိသင်္ဂဟကျမ်း,' အလင်္ကာဋီကာတို့မှာ၊ အနည်းငယ် အဖွဲ့ဟာရိကဖြစ်၍၊ ပါဠိအစဉ်ကိုမထုတ်ပြ၊ အဓိပ္ပါယ်မျှကိုသာယူ၍ဆိုလိုက်အပ်သတည်း။ ။

ဤမျှလောက်သော ပိဋကတ်သုံးသွယ် နိကာယ်ငါးဖြာ ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန် အရပ်ရပ်တို့ကို၊ ကာလရှည်ကြာ နှံ့စပ်အောင် ကြည့်ရှု အခါခါစိန္တာနုစိန္တနပြုသဖြင့် ဆုံးဖြတ်ရေးသားအပ်သော ဝိနိစ္ဆယသည်။ ကေနစ္ဆယထာဘူတ ယထာဓမ္မဝိနိစ္ဆယ ဖြစ်ပေရာ၏, ဖြစ်ပေလိမ့်,ဖြစ်ပေသော်ကော,ဟု သောတုဇနတို့ ယုံကြည်စွာ ကိုးကား မှတ်သားနိုင်ခြင်း ဖြစ်ကြစေရန်၊ ဤကျမ်းဂန်များစွာကို ဤဂန္ထိရာဂန္ထိရ မဟာနိဒ္ဒေသကျမ်း အဆုံး၌ တလုံးတဝတည်းစုပေါင်းရေးသားညွှန်ကြားအပ်သောကျမ်းပေါင်း ဗုတည်း။ ။

---

ဤ "ဂန္ထိရာ ဂန္ထိရ မဟာနိဒ္ဒေသ ဒီပနီကျမ်း"ကို ကျနမှန်ကန်အောင် နေ့နေ့ညည ကာလအရှည် ပြင်ဆင်သုတ်သင်ကြသော ပိဋကတ်ကြင်မ စာပြင် စာတည်းဆရာတော်တို့စာရင်း။

၁-ဆရာတော်ဘုရားကြီး၏တပည့်ကြီး ကျိုက်လတ်ဆရာတော် ဦးသောမ
၂-မဟာဝိသုဒ္ဓါရာမဆရာတော်
၃-မောင်းထောင်ဆရာတော် ဦးဝိမလ
၄-မုံရွာ သိမ်တော်ဆရာတော် ဦးသီလဝံသ
၅-မိတ္ထီလာဘုန်းကြီး ဦးအာဒိစ္စဝံလ
၆-၎င်း ဦးပဏ္ဏဝံသ

၎င်းပုဂ္ဂိုလ်သူမြတ်ခြောက်ပါးတို့ အားထုတ်ပြင်ဆင် သုတ်သင်တော်မူကြပြီးမှုကို "ဇမ္ဗူမိတ်ဆွေပိဋကတ်ပုံနှိပ်တိုက်"၌ စာအုပ်ရေ (၅၀၀) ပုံရိုက်လုပ်ကိုင်ပြီးစီးပါကြောင်း။